NYI SAY
MYANMAR EBOOK CREAT

သခင်သန်းထွန်း၏
နောက်ဆုံးနေ့များ

ပထမတွဲ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အလုပ်သမား + လယ်သမား
လူမျိုးစုများသွေးစည်းရေး

မြရာပင်စာပေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မြရာပင်စာပေ စာစဉ်-၁

သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ

ပထမတွဲ

ပြုစုသူများ

၁။ ရဲဘော်မြ
၂။ ရဲဘော်ဘခက်
၃။ ဗိုလ်မင်းဒင်
၄။ ရဲဘော်စောလှ
၅။ ဗိုလ်တင်ရှိန်

မြရာပင်စာပေ

[၁၊ မေလ၊ ၁၉၆၉]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပထမအကြိမ် ပုံနှိပ်ခြင်း
အုပ်ရေ(၂၅၀၀၀)

၁၉၆၉-ခု၊ မေလ(၁)ရက်

ထုတ်ဝေသူ
ဦးပေါဦး
ထုတ်ဝေသူ ယာယီမှတ်ပုံတင်အမှတ်(၀၁၂၀၃)
မြရာပင် စာပေတိုက်
အမှတ်-၂၂၀၊ ဆိပ်ကမ်းသာ(လှူစွ)လမ်း၊ ရန်ကုန်မြို့၊

ပုံနှိပ်သူ
ဦးအုန်းစိန်
ပုံနှိပ်သူ မှတ်ပုံတင်အမှတ်(၀၇၀၈)
အောင်မိတ်ဆက်စာပုံနှိပ်တိုက်
အမှတ်-၅၀၊ ဗိုလ်ချုပ်လမ်း
ရန်ကုန်မြို့။

နိုင်ငံရေး၊ဆိုင်ရာစာပေ ခွင့်ပြုချက်အမှတ်(၄၁၄)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စာရေးသူများ
၏
ပန်ကြားချက်

၁။ ကျွန်တော်တို့သည် ဗမာပြည် ကွန်မြူနစ်ပါတီတွင် နှစ်ပေါင်းမြောက်မြားစွာ တာဝန်ထမ်းဆောင်ခဲ့ရသူများ ဖြစ်ပါသည်။

ရဲဘော်မြသည် ဗဟိုကော်မတီ အဖွဲ့ဝင်ဖြစ်ပြီး ပဲခူးရိုးမတိုင်း ကော်မတီအတွင်းရေးမှူးလည်းဖြစ်သည်။

ရဲဘော်ဘခက်သည် ဗဟိုစခန်းပါတီ ကော်မတီဖြစ်ပြီး ဗဟိုဌာနချုပ် ရုံးအုပ်လည်း ဖြစ်သည်။

ဗိုလ်မင်းဒင်သည် တောင်ငူခရိုင် ကော်မတီနှင့် ခရိုင်စစ်ရေးတာဝန်ခံ ဖြစ်သည်။

ဗိုလ်စောလင်းသည် တောင်ငူခရိုင် ကော်မတီဖြစ်သည်။

ဗိုလ်တင်ရှိန် (ပီကင်းပြန်)သည် သာယာဝတီခရိုင် ကော်မတီနှင့် ခရိုင်စစ်ရေးတာဝန်ခံဖြစ်သည်။

ဤရဲဘော်များသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖွဲ့အစည်း၏ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးတာဝန်များကိုလည်းကောင်း၊ တိုင်းခရိုင်ဒေသ အသီးသီး၏ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး တာဝန်များကိုလည်းကောင်း ကိုယ်တိုင်ကိုယ်ကျ တိုက်ရိုက်ရွှေဆောင်၍ တာဝန်ယူခဲ့ကြသူများဖြစ်ပါသည်။

၂။ ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အတိတ်မှ အင်္ဂလိပ် နယ်ချဲ့ဆန့်ကျင်ရေး၊ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေး အစဉ်အလာနှင့် သမိုင်း၊ တနည်းအားဖြင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ အစဉ်အလာနှင့် သမိုင်းတို့ကိုလည်း ကျွန်တော်တို့သည် တစုံတရာ သိရှိနားလည်ခဲ့ကြပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ မာ့က်စ်ဝါဒ လီနင်ဝါဒ ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ဝါဒ ဆန့်ကျင်ရေး စသည်တို့ကိုလည်း ကျွန်တော်တို့သည် အလေး အနက်ပင် သိရှိနားလည်ခဲ့ကြပါသည်။

သို့သော်လည်း ကျွန်တော်တို့သည် ဤစာအုပ်၌ **ဗမာပြည် ကွန်မြူနစ် ပါတီ၏သမိုင်းကို** တင်ပြထားခြင်း မဟုတ်ပါ။

ဗမာပြည် ကွန်မြူနစ်ပါတီ၏ နောက်ဆုံး အခြေအနေများကိုသာ တင်ပြ ထားခြင်းဖြစ်ပါသည်။

အထူးသဖြင့် ၁၉၆၃-ခုနှစ်၊ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး ပွဲ ကာလမှ အစပြု၍ တင်ပြထားပါသည်။

၃။ ဤစာအုပ်၏ အမည်ကိုလည်း **"သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ"** ဟူ၍ အမည်ပေးထားပါသည်။

ဗမာပြည် ကွန်မြူနစ်ပါတီနှင့် သခင်သန်းထွန်း ဆိုသည်မှာ ဒင်္ဂါးပြား တပြား၏ ခေါင်းနှင့် ပန်းနည်းတူပင် ဖြစ်ပါသည်။

ဤစာအုပ်မှာ **"သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ"**၏ **"ပထမတွဲ"**သာ ဖြစ်ပါသည်။ **"ဒုတိယတွဲ"**ကိုလည်း ဆက်လက်၍ တင်ပြသွားမည် ဖြစ်ပါသည်။

၄။ ဤစာအုပ်ရေးသားရခြင်း၏ ရည်ရွယ်ချက်မှာလည်း –

(က) သမိုင်းကို ပြည်သူလူထုက အမှန်အတိုင်းသိရှိပြီး၊ အဆုံး အဖြတ် ပေးနိုင်ရေး။

(ခ) ကိုယ်ထူကိုယ်ထမူဖြင့် နေထိုင်စားသောက်ရေး။

စသည်တို့အတွက် ဖြစ်ပါသည်။

၅။ ကျွန်တော်တို့သည် စာရေးဆရာများ မဟုတ်ကြပါ။ စာရေးကောင်း သူများ မဟုတ်ကြပါ။ ကျွန်တော်တို့၏ အရေး အသားများသည် ချောမွေ့မှု ပြေပြစ်မှုများ ဖြစ်မည်မဟုတ်ပါ။ သို့ပါ၍အားနည်း ချတ်ယွင်း မှုများသည်လည်း အမြောက်အမြား ပါရှိမည်မှာ မုချပင်ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်း

(၁၉၁၁-၁၉၆၈)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် ကျွန်တော်တို့၏ ဘဝ အတွေ့အကြုံများမှ ကျွန်တော်တို့ အနေနှင့် တတ်အားသမျှကို ကြိုးစား၍ တင်ပြခြင်းသာ ဖြစ်ပါသည်။

ယင်းသို့တင်ပြရာ၌ အရေးအသားတွင်လည်းကောင်း၊ အခြားသော အရာများတွင် လည်းကောင်း ချွတ်ယွင်းမှုများ၊ မှားယွင်းမှုများ တွေ့ရှိပါက ခွင့်လွှတ်ကြပါရန် အနူး အညွတ်ပင် ပန်ကြားအပ်ပါသည်။

စာရေးသူများ

ရက်စွဲ။ ။၁၃၃၁-ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့
၁၉၆၉-ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမှာ

သခင်သန်းထွန်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး လှုပ်ရှားမှုသမိုင်းတွင် လွန်ခဲ့သော ၃၃ နှစ်အတွင်း ထင်ရှားခဲ့သော နိုင်ငံရေးခေါင်းဆောင်တဦး ဖြစ်ခဲ့ပေသည်။ အထူးသဖြင့် လွန်ခဲ့သော ၂၄ နှစ်အတွင်းတွင် သခင်သန်းထွန်းသည် "ဗမာပြည် ကွန်မြူနစ်ပါတီ"၏ခေါင်းဆောင်ကြီးတဦးအဖြစ်ထင်ပေါ်ကျော်ကြားခဲ့ပေသည်။ သခင်သန်းထွန်း၏နာမည်ကို ကမ္ဘာ့ကွန်မြူနစ်ပါတီများ၏ နယ်ပယ်တွင်လည်း တော်တော်များများက ကြားဘူး သိဘူးကြပေသည်။

သခင်သန်းထွန်းသည် အဘယ်ကြောင့် ဤမျှထင်ရှားကျော်ကြားခဲ့သနည်း။

သခင်သန်းထွန်းသည် နိုင်ငံရေးသမိုင်း အစဉ်အလာ ကြီးမားခဲ့သူတယောက်ဖြစ်သည်။ မြန်မာ့တော်လှန်ရေး သမိုင်းအဆက်ဆက်တွင်လည်း သခင်သန်းထွန်းသည် ရှေ့တန်းကပါခဲ့သည်သာ များပေသည်။

တို့ဗမာအစည်းအရုံးခေါင်းဆောင်သခင်သန်းထွန်းအဖြစ် (၁၃၀၀ ပြည့်) ရေနံမြေအလုပ်သမားအရေးနှင့် ကျောင်းသားအရေးတော်ပုံတို့တွင် တက်တက်ကြွကြွဦးစီးခဲ့သလို တောင်သူလယ်သမားတို့၏ အရေးကိုလည်း ဗမာနိုင်ငံ တောင်သူလယ်သမားသမဂ္ဂ၏ဥက္ကဋ္ဌကြီးအဖြစ် မရပ်မနားရှေ့ဆောင်လုံးပန်းခဲ့သည်သာဖြစ်သည်။

ဗမာ့လွတ်လပ်ရေး (အင်္ဂလိပ် နယ်ချဲ့ဆန့်ကျင်ရေး) တိုက်ပွဲတွင် ရှေ့တန်းကပါဝင်ခဲ့သလို ဖက်ဆစ်ဂျပန် တိုက်ဖျက်ရေး၊ ပြောက်ကျား စစ်ပွဲတွင်လည်း ဇွဲကောင်းကောင်းဖြင့် ဦးစီးခဲ့သူတဦးဖြစ်သည်။

ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖ-ဆ-ပ-လ) ကြီးကို ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌအဖြစ် ဦးစီးပဲ့ကိုင်ခဲ့သလို သခင်သန်းထွန်းကလည်း အထွေထွေအတွင်းရေးမှူးအဖြစ် ထက်ထက်မြက်မြက်စည်းရုံးတည်ဆောက်ခဲ့သည်။

ဖ-ဆ-ပ-လနှင့် ကွန်မြူနစ်ပါတီအကွဲတွင်ရင်း၊ ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲရာတွင်ရင်း၊ မြန်မာ့ကွန်မြူနစ်ပါတီ လှုပ်ရှားမှုအရေးတွင်ရင်း ကွန်မြူနစ်အင်အားစုအများစုကြီးကို စည်းရုံးပြီး အဓိက ဇာတ်ကောင်အဖြစ် ဦးစီးရှေ့ဆောင်ခဲ့သူမှာလည်း သခင်သန်းထွန်းပင်ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤမျှနိုင်ငံရေးသမိုင်း အစဉ်အလာကြီးမားခဲ့ခြင်းကြောင့်လည်း သခင်သန်းထွန်းမှာ တိုင်းပြည်တွင် ထင်ရှားသော ပုဂ္ဂိုလ်ကြီး တယောက်အဖြစ်၊ ကွန်မြူနစ်ရင့်မကြီးတဦးအဖြစ် ပြည်တွင်း ပြည်ပ ထင်ပေါ်ကျော်ကြားခဲ့ခြင်း ဖြစ်သည်။

ဤလို ပုဂ္ဂိုလ်ကြီးတဦးလုပ်ကြံခံရပြီးကျဆုံးသွားကြောင်းသတင်းကို မမြော်လင့်ပဲ ကြားသိရသောအခါ ကြားသိရသူတိုင်း စိတ်မဝင်စားပဲ မနေနိုင်၊ မအံ့ဩပဲ မနေနိုင် ဖြစ်ကြရသည်။

အဖြစ်အပျက်များကား ဆန်းကျယ်လှသည်။ အပြောင်းအလဲများကား မြန်ဆန်လွန်းလှသည်။ ထို့ကြောင့်ပင် ပြည်သူ့အစိတ်အပိုင်းအချို့ကမူ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်ကြရသည်။

ထို့ကြောင့် "သခင်သန်းထွန်း လုပ်ကြံခံရပြီး ကျဆုံးသွားပြီ" "ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းမှာလည်း အချင်းချင်းသတ်ဖြတ်ပြီး သွေးချောင်းစီးကုန်ပြီ" စသည့်သတင်းများ ထွက်ပေါ်လာလျှင်ပင် ပြည်သူများအတွင်းမှ—

+ ဒီသတင်းတွေဟာဟုတ်ရဲ့လား....?

+ သခင်သန်းထွန်းသေတယ်ဆိုတာ အမှန်တကယ်ဘဲလား ....?

+ သခင်သန်းထွန်းတို့ သူတို့အချင်းချင်း ခေါင်းဖြတ်ပြီး လည်ချောင်းသွေးနဲ့ ခြေဆေးတဲ့အထိ ဖြစ်ကုန်ကြပြီဆိုတာကော အမှန်ဘဲလား ....?

+ ကျောင်းသားလေးတွေကို မတရားရက်ရက်စက်စက် သတ်ပစ်တယ်ဆိုတာ ကကော ဘယ်လိုလဲ၊ အဟုတ်ဘဲလား ....?

+ သားက အဖေအရင်းကို လည်ပြတ်ပြီး သတ်ပစ်ကြတယ်ဆိုတဲ့ သတင်း မျိုးကကော အမှန်ပဲလား ....? စသည် စသည် "လား" ပေါင်းများစွာ ပေါ်ထွက်လာခဲ့ပေသည်။

ဤအခြေအနေတွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ နောက်ဆုံး အရေးအခင်းများကို ကိုယ်တိုင်ထိတွေ့ခဲ့ရသော ကျွန်တော်တို့ အနေနှင့် ဖြစ်ရပ်များကို အမှန်အတိုင်း အတတ်နိုင်ဆုံး စုဆောင်းတင်ပြရန် တာဝန်ကျရောက်လာပြီဟု ယူဆပါသည်။

+ သခင်သန်းထွန်း သေဆုံးသွားပြီဆိုတာ တကယ်ဘဲလား ....?

သခင်သန်းထွန်းလုပ်ကြံခံရပြီး ကျဆုံးသွားရခြင်းမှာ အမှန်ပင်ဖြစ်ပါသည်။ တကယ်ပင် သခင်သန်းထွန်း သေဆုံးသွားပါပြီ။ ၁၉၆၈ ခု၊ စက်တင်ဘာလ ၂၄ ရက်နေ့၊ ညနေ ၅ နာရီ မိနစ် ၂၀ အချိန်၊ တောင်ငူခရိုင် အုတ်တွင်း

၄

မြို့နယ်အနောက်ခြမ်း ပဲခူးရိုးမ အရှေ့စောင်း၊ ကျောက်ချောင်း ကမ်းပါးရှိ တောင်ကြောလေးပေါ်တွင်၊ ကြံ့တိတ် (ခ) လုံတိတ် (ခ) ရဲဘော် မြကြီး ဆိုသူက ရိုင်ဖယ်သေနတ်ဖြင့် အနီးကပ် ပစ်ခတ်သော ဒဏ်ရာကြောင့် သခင် သန်းထွန်းသည် ပွဲချင်းပြီးပင် ကျဆုံးသွားခဲ့ပါသည်။

ယင်းသို့ သေနတ်ပစ်မခံရမီ နာရီပိုင်း လောက်တွင် စကားဝိုင်းဖွဲ့ရင်း သခင်သန်းထွန်းက "ကိုမြ၊ ဒီနေရာဟာ ဟိုဂျပန် တော်လှန်ရေး တုန်းက ခင်ဗျား စခန်းကို မေဂျာ ကရူးနဲ့ ကျွန်တော်လာတုန်းက စခန်းချတဲ့နေရာလေး မဟုတ်လား၊ ဒီနေရာလေးဟာ တော်တော်သာယာတဲ့နေရာကလေးဗျ၊ အေးအေး ဆေးဆေး အတည်တကျ စခန်းချနေဘို့ တကယ်ကောင်းတဲ့ နေရာလေးပဲဗျ" ဟူ၍ ပြောသွားသည်ကို ကျွန်တော် မှတ်မိပါသေးသည်။

မှန်ပါသည်၊ သူတကယ်နှစ်ခြိုက်လှသော နေရာကလေး (ကျောက်ချောင်း ကမ်းပါးဘေး) တွင် သခင်သန်းထွန်း တကယ် အေးအေးဆေးဆေးပင် အတည် တကျ စခန်းချနေခဲ့ချေပြီ။ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်ပင် စခန်းချနေခဲ့ ပေပြီ။

၁၉၆၈ ခု၊ စက်တင်ဘာလ ၂၄ ရက်၊ ညနေ ၅ နာရီ မိနစ် ၂၀၊ ကျောက်ချောင်းစခန်း စသည်တို့ကား သခင်သန်းထွန်း ဘဝနိဂုံးချုပ် ရသော သမိုင်းတွင်မည့်နေ့ရက်၊ အချိန်နာရီနှင့် နေရာအမှတ်အသားတို့ပင် ဖြစ်တော့သည်။

မည်မျှပင် ထင်ရှားကျော်ကြားခဲ့စေကာမူ သခင်သန်းထွန်းသည် နောက်ဆုံး တွင် ဘဝဇာတ်သိမ်းမကောင်းခဲ့။ သူတပါး၏ လုပ်ကြံခြင်းခံရပြီး အသေဆိုးဖြင့် သေဆုံးခဲ့ရချေပြီ။

အဘယ့်ကြောင့် သခင်သန်းထွန်း ဘဝဇာတ်သိမ်း မကောင်းဘဲ နိဂုံးချုပ် ခဲ့ရသနည်း။

သခင်သန်းထွန်းနည်းတူ ဗမာပြည် ကွန်မြူနစ်ပါတီသည်လည်း၊ အဘယ့် ကြောင့် ကျဆုံးပျက်စီးနေရသနည်း။

ယင်းကား ယနေ့ပြည်သူလူထု၏ ဆန္ဒနှင့် အမေးပုစ္ဆာကြီးများပင် ဖြစ် တော့သည်။

ယင်းအမေးပုစ္ဆာများကို ပြေလည်အောင်ဖြေကြားရန်မှာ သခင်သန်းထွန်း၏ သမိုင်း (ဗမာပြည်ကွန်မြူနစ်ပါတီ၏သမိုင်း) ဆိုင်ရာ အဖြစ်အပျက်အချက်အလက် များကသာ စွမ်းဆောင်နိုင်ပေလိမ့်မည်။

တိုတိုနှင့်လိုရင်းကိုရေးရသော်၊ သခင်သန်းထွန်း နောက်ဆုံးခံယူကျင့်သုံးခဲ့ သော အတွေးအခေါ်နှင့် ဝါဒလမ်းစဉ်တို့ကသာ သခင်သန်းထွန်း ကျဆုံးခြင်းကို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဓိကစေ့ဆော်ဖန်တီးခဲ့ခြင်းဖြစ်၏။ ။"သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ" အတွင်း၊ အခြေအနေ အဖြစ်အပျက်နှင့် အချက်အလက်များကသာလျှင် သခင်သန်းထွန်း ဘာကြောင့်ကျဆုံးရသည်ဆိုခြင်းကို ဖြေရှင်းပေးနိုင်ပေလိမ့်မည်။

ထို့ကြောင့် "သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ" အမည်ဖြင့် ဤစာအုပ်ကို ကျွန်တော်တို့ငါးဦးက အတတ်နိုင်ဆုံး ကြိုးပမ်းပြုစုပြီး ပြည်သူလူထု၏ ရှေ့မျှောက်သို့ တင်ပြခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ တင်ပြရာ၌ ကျွန်တော်တို့၏ အဓိကရည်ရွယ်ချက်မှာ—

သမိုင်းကို အမှန်အတိုင်း ပြည်သူလူထုက သိရှိပြီး အဆုံးအဖြတ်ပေးနိုင်ရန်အတွက်သာဖြစ်ပါသည်။

စာရေးသူများ အနေနှင့် မည်သို့မျှ ကောက်ချက်လည်းမချ။ အဆုံးအဖြတ်ပေးရန်လည်း မရည်ရွယ်။ စာဘတ်ပရိသတ် ပြည်သူအများကိုယ်တိုင် ဘတ်ရှုလေ့လာပြီး အဆုံးအဖြတ်ပေးရန်သာဖြစ်ပါသည်။ ။ဤသို့ အဆုံးအဖြတ်ပြုရာတွင် အထောက်အကူ ဖြစ်နိုင်စေရန် အတွက်သာ အဖြစ်အပျက် အချက်အလက်များကို ဖြစ်ရပ်အမှန်အတိုင်း (မူရင်းအတိုင်း) အစီအစဉ်တကျ တတ်နိုင်သမျှ တင်ပြထားခြင်းဖြစ်ပါသည်။

စာဘတ်ပရိသတ် ပြည်သူအများက ဤစာအုပ်ပါ အချက်အလက်များကို လေ့လာသိရှိပြီးပါက သခင်သန်းထွန်း ဘာကြောင့် ကျဆုံးသွားရသည်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဘာ့ကြောင့် ပျက်စီးနေရသည်ဆိုသည်တို့ကို အမှန်အတိုင်း ကောက်ချက် ချနိုင်ကြမည်ဆိုပါက ဤစာအုပ်ကို ရေးသားပြုစုရကျိုးနပ်ပြီဟု ယူဆရမည်သာဖြစ်ပါသည်။

မာ့က်စ်လီနင်ဝါဒကို ယုံကြည်ပါသည်ဆိုပြီး မိမိတိုင်းပြည်၏ ထူးခြားသော အခြေအနေများနှင့် လိုက်လျောညီစွာ ဆက်စပ်မကျင့်သုံးပဲ နိုင်ငံခြားကို ပုံတူကူးချလျှင် သို့မဟုတ် နိုင်ငံခြားဩဇာကို ခံယူကျင့်သုံးလျှင် မည်သို့ဖြစ်ပျက်တတ်သည်ဆိုသည်ကို သခင်သန်းထွန်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ဆုံးအဖြစ်အပျက်များက မာ့က်စ်လီနင်ဝါဒ လိုလားသူတိုင်း၊ နိုင်ငံရေးသမားတိုင်းကို သတိသံဝေဂရစေနိုင်မည်ဆိုပါက ဤစာအုပ်ကို ရေးသားပြုစုရခြင်းအတွက် တဆင့်တက်၍ ကျေနပ်ရမည်သာဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

မောင်မြ

ရက်စွဲ။ ။၁၃၃၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့၊
၁၉၆၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မာတိကာ

— စာရေးသူများ၏ ပန်ကြားချက် .... ဂ
— ရဲဘော်မြ၏ အမှာ .... ဈ

၁

၁၉၆၃-ခုနှစ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလ

(၁) ၁၉၆၃-ခုနှစ် ဇွန်လ (၁၁)ရက်နေ့ ၁
(၂) နဂါးချစ်သော တရုတ်ဘုရင်ကြီး သခင်သန်းထွန်း ၅
(၃) ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက်ရဲဘော်များ ၆
(၄) ပီကင်းပြန်များ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်းသို့ ရောက်ခြင်း ၁၃
(၅) ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ ၂၇
(၆) ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှုများ ၃၄

× × ×

၂

၁၉၆၄-ခုနှစ် ဗဟိုကော်မတီ နိုင်ငံရေးလမ်းစဉ်၏ မူလအစ

(၁) ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ခြင်းအပေါ် ပီကင်း၏ သဘောထား ၅၃
(၂) ၁၉၆၄-ခုနှစ် ဗဟိုကော်မတီ အစည်းအဝေးသို့ ပီကင်း၏ အကြံပေးချက် ၆၀
(၃) ၁၉၆၄-ခုနှစ် ဗဟိုကော်မတီ အစည်းအဝေး ၇၁
(၄) ၁၉၆၄-ခုနှစ် ဗဟိုကော်မတီ နိုင်ငံရေးလမ်းစဉ်၏ အဓိပ္ပာယ် ၇၀
　(၁) တော်လှန်ရေးကောင်စီအပေါ် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လူတန်းစားလက္ခဏာသတ်မှတ်ချက် ၇၀
　(၂) ငြိမ်းချမ်းရေးလော အပြုတ်တိုက်ရေးလော ၈၁

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၃

ဗဟိုကော်မတီ၏ တာဝန်ခွဲဝေမှုနှင့် ပီကင်းပြန်တို့၏ နေရာယူမှု

(၁) ဗဟိုကော်မတီတွင်း စည်းရုံးရေးပြဿနာများ ၈၅
(၂) ပီကင်းပြန်တို့၏ နေရာယူမှု ၉၁

× × ×

၄

ပထမပတ်-ဗဟိုမှာက်စ် လီနင်ဝါဒကျောင်း

(၁) ပထမပတ် ဗဟိုမှာက်စ် လီနင်ဝါဒကျောင်း သင်တန်းသားများ ၉၇
(၂) သခင်သန်းထွန်း၏ ကျောင်းဖွင့်မိန့်ခွန်း ၁၀၀
(၃) အဘိဓမ္မာဘာသာရပ် ၁၀၃
(၄) ဘောဂဗေဒ ဘာသာရပ် ၁၀၅
(၅) ပါတီတည်ဆောက်ရေး ဘာသာရပ် ၁၀၇
(၆) စစ်ရေးဘာသာရပ် ၁၀၉
(၇) သခင်သန်းထွန်း၏ ကျောင်းဆင်းမိန့်ခွန်း ၁၂၉

× × ×

၅

၁၉၆၅-ခုနှစ် နိုင်ငံရေး ဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်

(၁) နိုင်ငံရေး ဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက် ၁၄၃
(၂) ရဲဘော်ဘတင် (ဂိုရှယ်)၏ ကန့်ကွက်ချက် ၁၅၆
(၃) သခင်သန်းထွန်းမှ ရဲဘော်ဘတင်သို့ ပြန်ကြားချက် ၁၈၈

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၆

ပဲခူးရိုးမတိုင်းနှင့် သခင်သန်းထွန်းဂိုဏ်း

(၁) ပဲခူးရိုးမတိုင်း ၂၀၁
(၂) သခင်သန်းထွန်း၏(၄)နှစ်စီမံကိန်း ၂၀၆
(၃) ပဲခူးရိုးမတိုင်း၏ (၂)နှစ်စီမံကိန်း ၂၁၅
(၄) ပဲခူးရိုးမတိုင်းအတွင်း၌ ဗိုကင်းပြန်တို့နှင့် သခင်သန်းထွန်း ဂိုဏ်း၏ နေရာယူမှု ၂၂၁
(၅) ပါတီတည်ဆောက်ရေး တပ်တည်ဆောက်ရေးများ ၂၂၄

× × ×

၇

ဘဝဟာစ်တိုင် လှုပ်ရှားမှု

(၁) ဘဝဟာစ်တိုင် လှုပ်ရှားမှု၏ လမ်းညွှန်ပေါ်လစီ ၂၅၃
(၂) ဘဝဟာစ်တိုင် လှုပ်ရှားမှု၏ ခွဲချက်များ ၂၆၀
(၃) ဘဝဟာစ်တိုင် လှုပ်ရှားမှုမှ သင်္ခန်းစာအမိဋ္ဌာန်များ ၂၀၉
(၄) ဘဝဟာစ်တိုင် လှုပ်ရှားမှုမှ သခင်သန်းထွန်း၏ နိဂုံးချုပ်မိန့်ခွန်းများ ၃၁၃

× × ×

၈

ကျောရိုးတပ်နီ လူငယ်များ

(၁) တပ်နီလူငယ်၏ ခေါင်းဆောင်များ ၃၂၇
(၂) တပ်နီလူငယ်အဖွဲ့ ၃၃၁
(၃) တပ်နီလူငယ် စံပြကျောရိုး ရဲဘော်ထွန်းကျော်၏ လမ်းကြောင်းအတိုင်းလိုက်ကြ ... ၃၄၀
(၄) ရဲဘော်ထွန်းကျော်၏ သင်္ခန်းစာအမိဋ္ဌာန် ၃၆၀

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၉

ဒုတိယပတ် မဟိုမဒုက်စ် လီနင်ဝါဒကျောင်း

(၁) ကျောင်း၏ ရည်ရွယ်ချက် ၃၆၇
(၂) ရန်ကုန်တက္ကသိုလ် ကျောင်းသားများ ၃၇၂
(၃) ကျောင်း၏ ဘာသာရပ်များ ၃၇၄
(၄) ပါတီတွင်း သဘောတရားရေးတိုက်ပွဲများ ၃၀၅
(၅) အခြေခံလုပ်ငန်း၊ စည်းမျဉ်းဥပဒေ အစည်းအဝေးနှင့်
ပါတီကွန်ဂရက်အခွင့်အာဏာ ၄၁၀

× × ×

၁၀

ပါတီတွင်းလုပ်ကြံမှုကြီး

(၁) ဧပြီလ (၂၇) ရက်နေ့ ၄၃၁
(၂) စိန်-ဖိန်-ခက် ၄၅၉
(၃) "တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့"၏အကျဉ်းသမားများ ၄၇၀
(၄) စိန်-ဖိန်-ခက်-စွဲချက်တင်တိုက်ပွဲ ၄၉၀
(၅) ရဲဘော်ဌေးနှင့် ရဲဘော်ဘတင်တို့၏ နောက်ဆုံးနေ့ ၅၂၀

× × ×

၁၁

ဖြုတ် ထုတ် သတ် မဟာစီမံကိန်း

(၁) စိန်-ဖိန် အငုတ်အတက် သုတ်သင်မှု ၅၂၉
(၂) မိုလ်ရန်အောင် သို့မဟုတ် ဦးဗိုင် ၅၄၇
(၃) မိုလ်ရန်အောင်အပေါ်စွဲချက်များ ၅၇၁
(က) မိုလ်တင့်ဆန်း (အောင်သိန်းလွင်) ၅၉၇
(ခ) ရဲဘော်တင်ဟန် (အောင်သိန်းနိုင်) ၆၁၀
(ဂ) သခင်ပု ၆၁၄
(ဃ) မိုလ်ဇေယျ ၆၂၃
(င) သခင်ဇင် ၆၃၃
(စ) သခင်သန်းထွန်း ၆၃၆
(ဆ) ရဲဘော်စောမင်း (ဇေလတ်) ၆၄၃
(၄) မိုလ်ရန်အောင်၏နောက်ဆုံးနေ့ ၆၄၆

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဓာတ်ပုံနှင့် လက်ရေးမူများ စာရင်း

၁။ ရန်ကုန်ရောက် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ (ဗိုလ်ဘဖြူ၊ ရဲဘော်ဘခက်၊ ရဲဘော်ညို၊ ရဲဘော်ထွန်းရီ) ၁၁

၂။ ပီကင်းမှတဆင့် ရန်ကုန်ရောက် ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့ဝင် အချို့ (မတင်ဝေနှင့် မမျိုးသန့်) ၁၂

၃။ ရန်ကုန်ရောက် ပီကင်းပြန်တို့အား ဗဟိုဌာနချုပ်သို့ ပြန်ခေါ်ရန် ရန်ကုန်သို့ ရောက်ရှိလာသော ဗဟိုကော်မတီကိုယ်စားလှယ် ဗိုလ်ပုနှင့် ရဲဘော်ဘခက် ၁၇

၄။ ဗဟိုဌာနချုပ် ကင်းတပ်က ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့ကို လိုက်လံပို့ဆောင်စဉ် ၁၈

၅။ ရန်ကုန်မှတဆင့် ဗဟိုဌာနချုပ်သို့ ပြန်လည်ရောက်ရှိလာသော သခင်ဘသိန်းတင် ၂၁

၆။ ရန်ကုန်ရောက် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ဝင် ပီကင်း ပြန်များ ဌာနချုပ်သို့ ခရီးထွက်ရန် လေဆိပ်သို့ တပ်မတော် အရာရှိများက လိုက်လံပို့ဆောင်စဉ် ၂၅

၇။ ဗဟိုကော်မတီ၏ ပထမ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ၂၆

၈။ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် သခင်ချစ်၏ သားသမီးများ ၂၉

၉။ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ အခါဇာနည်ကုန်းတွင် လွမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ် ၃၀

၁၀။ ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့က ဗဟိုကော်မတီဝင်တို့အား ဗ-က-ပ ၏ သဘောထားကို တင်ပြရှင်းလင်းနေစဉ် ၃၅

၁၁။ ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့က မြို့ပေါ်ရောက်ရဲဘော်များအား ဗ-က-ပ ၏ နောက်ဆုံးသဘောထားကို တင်ပြရှင်းလင်း နေစဉ် ၃၆

၁၂။ ရဲဘော်အောင်ကြီး၏ ဖခင်တည်ခင်းကျွေးမွေးသောထမင်းစား ပွဲသို့ တက်ရောက်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ ၄၁

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၃။ ငြိမ်းချမ်းရေး ကိုယ်စားလှယ် မ ဒ ည တ အဖွဲ့ဝင်များ ၄၂

၁၄။ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီကို ဖူးမြော်ပြီးနောက် တွေ့ရစဉ် ၄၇

၁၅။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှတ်တမ်းများကို လက်ခံရယူနေသော ရဲဘော်ညိုနှင့် ရဲဘော်ခင်ကြီး ၄၈

၁၆+၁၇။ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ရဲဘော်ငွေး၊ ဗိုလ်ဇေယျ၊ ရဲဘော်အောင်ကြီးနှင့် ယင်းကိုယ်စားလှယ်အဖွဲ့ ငြိမ်းချမ်းရေးကို ကျောခိုင်းပြန်သွားစဉ် ၅၁

၁၈။ သခင်ဘသိန်းတင်နှင့် သမီး ၃-ဦး ရန်ကုန်တွင်တွေ့ဆုံစဉ် ၅၂

၁၉။ သခင်သန်းထွန်းလက်ရေးမူ (ရဲဘော်ခင်မောင်၏စွဲချက်) ၂၆၃-၇

၂၀။ ၎င်း (ရဲဘော်ငွေသိန်း၏ စွဲချက်) ၂၇၁-၂

၂၁။ တပ်နီလူငယ် ခင်လေးမြင့် (ခေါ်) မဝင်းမြင့်၏ သစ္စာအဓိဋ္ဌာန် လက်ရေးမူ ၂၉၀

၂၂။ တော်လှန်သော အမျိုးသမီးအဖွဲ့ဝင် ရဲဘော် မခင်ပု (ခေါ်) မလှကြည်၏ သစ္စာအဓိဋ္ဌာန်လက်ရေးမူ ၂၉၄

၂၃။ ပီကင်းပြန် ရဲဘော်ညို၏ သစ္စာအဓိဋ္ဌာန်လက်ရေးမူ ၂၉၆

၂၄။ ရဲဘော်ထွန်းမြင့် (ခေါ်) ခင်ရွှေ၏သစ္စာအဓိဋ္ဌာန် လက်ရေးမူ ၃၀၀-၁

၂၅။ ပီကင်းပြန်ရဲဘော်ထွန်းရှိန် (ခေါ်) ဖေငြိမ်း၏လက်ရေးမူ ၃၀၆-၇

၂၆။ မမြဝင်း (သခင်သန်းထွန်း၏နှမ) ၏ သစ္စာအဓိဋ္ဌာန် လက်ရေးမူ ၃၀၉-၁၀

၂၇။ တပ်နီလူငယ်အတွက် တော်လှန်သောအတွေးအခေါ် ခံယူချက်နှင့် လမ်းညွှန် (ရဲဘော်ထွန်းရှိန် (ခေါ်) ဖေငြိမ်း၏လက်ရေးမူ) ၃၃၀

၂၈။ တပ်နီလူငယ်များအား ဩဝါဒပေးနေသော သခင်သန်းထွန်း ၃၃၁

၂၉။ ဗဟိုစခန်းမှ ကျောရိုး တပ်နီလူငယ်များ ၃၄၃

၃၀။ ဗဟိုစခန်းမှ ကျောရိုး တပ်နီအမျိုးသမီးများ ၃၄၄

၃၁။ ရဲဘော်ထွန်းကျော် (ခ) မောင်စိုးဝင်းနှင့်သူ၏ မိမိကိုယ်ကို စိစစ်ချက်လက်ရေးမူ ၃၁၅-၂

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၃၂။ ရဲဘော်ထွန်းကျော် (ခ) မောင်စိုးဝင်း၏ ပါတီဝင် သိမ်းသွင်းရေးအဆို လက်ရေးမူ ၃၅၆-၉
၃၃။ ရဲဘော်ထွန်းကျော်(ခ) မောင်စိုးဝင်း၏ သစ္စာအဓိဋ္ဌာန်လက်ရေးမူ ၃၆၁-၂
၃၄။ ဒုတိယပတ်ဗဟို မဂ္ဂက်စ် လီနင်ဝါဒကျောင်း သင်တန်းသားများ ၃၇၁
၃၅။ ရဲဘော်ငွေး၏ လက်မှတ် ၃၉၄
၃၆။ သခင်ချစ် လက်ရေးမူ (စိန်-ပိန်-ခက် အရေး) ၄၃၃
၃၇။ ၎င်း ၄၃၇-၉
၃၈။ မိုးတူးရေးဆွဲသော အားသစ်စာစောင် ၄၅၀
၃၉။ ရဲဘော်ဘတင် (ခ) ဂိုရှယ်မှ သခင်သန်းထွန်းသို့ ပေးစာ လက်ရေးမူ ၄၇၉-၀၀
၄၀။ ကရင်ဆင်ဆွဲရွာမှ ကရင်အမျိုးသမီးများ ၄၀၃
၄၁။ ဖညက် ၄၀၉
၄၂။ မခင်လေးမြင့် (ခ)မဝင်းမြင့် ၅၀၁
၄၃။ တပ်နီလူငယ်မိုးငွေး (ခ) လှငွေး ၅၀၅
၄၄။ ရဲဘော်ငွေး၊ ရဲဘော်ဘတင်၊ ရဲဘော်ဘခက်တို့အား အမြန်ဆုံးသတ်ပစ်ရန် ကြွေးကြော် တောင်းဆိုနေသော မိုလ်ရန်အောင်နှင့် တပ်နီလူငယ်များ ၅၀၇
၄၅။ စိန်၊ ပိန်၊ ခက်တို့အား သေဒဏ်ပေးရန် တောင်းဆိုသော မိုလ်ဘုန်းကျော်၏ လက်ရေးမူ ၅၁၂
၄၆။ ဖခင်အား အမြန်ဆုံးသတ်ပစ်ရန် ကြွေးကြော်တောင်းဆိုနေသော ရဲဘော်ငွေး၏သား မိုးတူး ၅၁၄
၄၇။ ရဲဘော်ငွေး (ခ) ဦးစိန် ၅၂၂
၄၀။ ရဲဘော်ဘတင် (ခ) ဂိုရှယ် (ခ) ဦးပိန် ၅၂၅
၄၉။ ဗဆွေလေး (တ-က-သ) ရေးဆွဲသော ပြည်သူ့အာဏာဂျာနယ် ၅၂၇
၅၀။ မိုလ်ရန်အောင် (ခ) ဦးပိုင် ၅၄၀
၅၁။ မိုလ်ရန်အောင် နှင့် ဇနီး ၅၇၀

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၅၂။ မိမိဖြားသေဒဏ်ပေးရန် ဗိုလ်ရန်အောင်၏ တောင်းဆိုချက် လက်ရေးမူ ၅၇၇-၀
၅၃။ ဗိုလ်တင့်ဆန်း (ခ) အောင်သိန်းလွင်၏ ဗိုလ်ရန်အောင်အပေါ် စွဲချက် လက်ရေးမူ ၅၉၀-၆၀၃
၅၄။ သခင်ပု (ခ) ဦးထွန်းဝေ၏ ဗိုလ်ရန်အောင်အပေါ် စွဲချက် လက်ရေးမူ ၆၂၁-၂
၅၅။ ဗိုလ်ဇေယျရေးသော "တောင်လှန်သော လေးချိုးကြီး" (လက်ရေးမူ) ၆၂၄
၅၆။ ဗိုလ်ဇေယျ၏ ဗိုလ်ရန်အောင်အပေါ်စွဲချက် လက်ရေးမူ ၆၃၂
၅၇။ သခင်ဇင်၏ ဗိုလ်ရန်အောင်အပေါ် စွဲချက်လက်ရေးမူ ၆၃၅
၅၈။ ဗိုလ်ရန်အောင် မိသားစု ၆၄၅
၅၉။ ဗိုလ်ရန်အောင်ကို သေဒဏ်ပေးရန် တိုက်ပွဲ ဦးစီးကော်မတီ၏ တောင်းဆိုချက် ၆၄၉
၆၀။ ဗိုလ်ရန်အောင်နှင့် ချစ်သမီးများ ၆၅၁
၆၁။ ဗိုလ်ရန်အောင်၏လည်မျိုကို ခြေဖြင့်နင်းသတ်သူ အမြင့် ၆၅၂

× × ×

၁

၁၉၆၃-ခုနှစ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလ

(၁) ၁၉၆၃ - ခုနှစ် ဇွန်လ(၁၁)ရက်နေ့။

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုဌာနချုပ်သည်၊ တောင်ငူခရိုင် ရေတာရှည်မြို့နယ်မှတဆင့်၊ ပဲခူးရိုးမကိုဖြတ်ကျော်၍၊ ပြည်ခရိုင်မြောက်ပိုင်းမှ အလယ်နဝင်းချောင်းဖျားတွင် စခန်းချထားလေသည်။ ပဲခူးရိုးမ၏တောင်ခြေတွင်ပင်အခြေစိုက်ထားခြင်းဖြစ်၏။ ဗဟိုဌာနချုပ်စခန်း၏ အနီး ပတ်ဝန်းကျင်တွင်ကျေးရွာဟူ၍၊ တရွာမျှမရှိချေ။ တောင်ကျောကြီးများ၊ တောင်စွယ်ကြီးများသာ ဝိုင်းရံ၍နေလေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်း၌ လူဦးရေမှာ (၁၅) ဦးခန့်သာ ရှိလေသည်။ ဗဟိုကော်မတီဥက္ကဌ သခင်သန်းထွန်း၊ ဗဟိုကော်မတီအတွင်းရေးမှူး ရဲဘော်ဌေးနှင့် ပေါ်လစ်ဗြူရိုလူကြီး ရဲဘော် ဘတင်(ဂိုရှယ်)တို့ (၃)ဦးသာလျှင် ဗဟိုကော်မတီ၏ နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးတို့ကိုဦးဆောင်ရာတွင် ပါတီ၏ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အဖြစ်ဖြင့် ရှိလေသည်။

ယင်း ဗဟိုဌာနချုပ်စခန်း၌ပင်၊ ဗဟိုရုံးအဖွဲ့၊ ဗဟိုကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးအဖွဲ့၊ ဗဟိုဆေးအဖွဲ့နှင့် ဗဟိုလုံခြုံရေးအဖွဲ့ (ဗဟိုကင်းတပ်ဖွဲ့) စသည်ကိုကို ဖွဲ့စည်း၍ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၃ - ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့တွင်ဖြစ်၏။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်သော သဘောထားတရပ်ကို၊ တိုင်းပြည်သို့ ထုတ်ပြန်ကျေညာလိုက်လေသည်။

တောတွင်း လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသို့
တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်။

၁။ တော်လှန်ရေးကောင်စီသည်၊ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ခြင်းကို လှိုက်လှဲစွာ လိုလား တောင့်တလျက် ရှိသည့်အလျောက်၊ ပြည်ထောင်စုအတွင်း၌၊ နိုင်ငံရေးအရင်း၊ လူမျိုးရေးအရင်း၊ လက်နက်ကိုင်တိုက်ခိုက်နေကြသောတောတွင်းအဖွဲ့အစည်းအားလုံးတို့သို့၊ ပြည်တွင်းငြိမ်းချမ်းရေးကို၊ လက်တွေ့တည်ဆောက်ကြရန်အတွက်၊ အောက်ပါကမ်းလှမ်းချက်တရပ်ကို ထုတ်ပြန်လိုက်ပါသည်။

၂။ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် တော်လှန်ရေးကောင်စီနည်းတူ၊ ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည် တည်ဆောက်လိုကြသည်ဆိုပါက၊ ဤသို့တည်ဆောက်လိုပါလျက်နှင့် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်သည် မလုံလောက်ဟုဆိုလျှင်၊ သို့မဟုတ် အခြားအကြောင်းများရှိနေကြသေးလျှင်၊ တော်လှန်ရေးကောင်စီသည် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဤပြဿနာအဝဝကို ကူညီဖြေရှင်းလိုကြောင်း ကမ်းလှမ်းလိုက်ပါသည်။

၃။ ထိုသို့ တွေ့ဆုံဆွေးနွေးရေးတွင်၊ ၂-ဘက်လုံးက မည်သည့် အချက်များကို အခြေခံ၍ ဆွေးနွေးလိုသည်ဟူသော ကြိုတင်စည်းကမ်းသတ်မှတ်ချက်မျိုးသည် မတွေ့ဆုံရမီကပင် တဘက်နှင့်တဘက် တင်းမာမှုသဘောကိုပြခြင်း၊ ဆွေးနွေးပွဲ၏ နယ်နမိတ်ဘောင်ကို အသေတုတ်ချီ၍ ကျဉ်းမြောင်းသွားစေရာ ရောက်ခြင်းတို့ကြောင့်၊ ငြိမ်းချမ်းရေးတည်ဆောက်မှုကို၊ လက်တွေ့အားဖြင့် အကျိုးပြုနိုင်သည်ထက်၊ အဟန့်အတား ဖြစ်စေသည်ဟု တော်လှန်ရေး ကောင်စီက ထင်မြင်သဘောရရှိပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၄။ ဤသို့ တဘက်နှင့်တဘက် ကြိုတင်စည်းကမ်း သတ်မှတ်ချက်မျိုး အလျဉ်းမပါဘဲ၊ တိုင်းပြည်၏ ပကတိ အခြေအနေကို မျက်မှောက်ပြု၍ လက်တွေ့ကျကျ ဆွေးနွေး ဖြေရှင်းသောနည်းကို၊ လက်နက်ကိုင် တောတွင်းအင်အားစုများက၊ သဘောတူလက်ခံကြမည် ဆိုပါက၊ တော်လှန်ရေးကောင်စီသည် နိုင်ငံရေး ကြောင့်ဖြင့်၊ လူမျိုးရေး ကြောင့်ဖြင့်၊ မည်သည့် အကြောင်းနှင့်ပင် ဖြစ်စေ၊ တောတွင်း၌ ရောက်ရှိနေကြသော မည်သည့်လက်နက်ကိုင် အဖွဲ့အစည်းများနှင့် မဆို တွေ့ဆုံဆွေးနွေးဘို့ အသင့်ရှိကြောင်း ထုတ်ပြန် ကြေညာအပ်ပေသည်။

၅။ တွေ့ဆုံဆွေးနွေးကြရာဝယ် တော်လှန်ရေးကောင်စီက ထားရှိမည့် အခြေခံ ပင်မစိတ်ထားမှာ အတိတ်၏အကြောင်းအရာများနှင့် ပတ်သက်၍ တဦးနှင့်တဦး အပြစ်ဖို့ခြင်းမျိုးကို ရှောင်ကြဉ်ပြီး၊ အမြတ်ထွက်မှုဟူသော သဘောမျိုးမထားဘဲ၊ အလုပ်သမား၊ လယ်သမားနှင့် လုပ်သားပြည်သူတို့၏ အကျိုးကိုသာ အာရုံစူးစိုက် လုပ်ကိုင်သွားဘို့ပင် ဖြစ်ပါသည်။

၆။ ဤသို့ လက်ခံတွေ့ဆုံ ဆွေးနွေးရန်အတွက်၊ တောတွင်းအဖွဲ့အစည်းများက အလိုရှိပါလျှင်၊ ၎င်းတို့ကိုယ်စားလှယ်များ၏အသွားအပြန် ခရီးစဉ်တလျှောက် လုံခြုံရေး အတွက်၊ တော်လှန်ရေးကောင်စီက တာဝန်ယူပါမည်။ အကယ်၍ ဆွေးနွေးပွဲမအောင်မြင်သဖြင့်၊တောတွင်းသို့ ပြန်လိုကြပါလျှင် သွားလိုရာဒေသအထိ လိုက်ပို့ပေးမည် သာမက၊ ၁-ရက်အတွင်း ဖမ်းဆီးခြင်း၊ တိုက်ခိုက်ခြင်း လုံးဝပြုလုပ်မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ထိုသို့ တော်လှန်ရေးကောင်စီ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်သောသဘောထားကို ရေဒီယိုမှ ကြားသိရသည့်အခါတွင်ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်စခန်း၌ အထူးပင် လှုပ်ရှားသွား၏။ အနောက်အရပ်မှ နေထွက်သည်ကိုရင်း၊ တောင်ထိပ်၌ကြာပေါက်သည်ကိုရင်း၊ မြင်တွေ့ကြရဘိသို့၊ အလွန်ပင် တအံ့တသြ၊ အထူးအဆန်းပင် ဖြစ်ကြရလေသည်။

ဤသို့တအံ့သြသြ၊ တထူးဆန်းဆန်းဖြစ်ကြရသည်မှာ အကြောင်းရှိ၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"....ဒီနေ့၊ ဗမာပြည်မှာ ဒီမိုကရေစီ မိုးမှောင်ကြီးဟာ ကျနေပြီ။ ဒီလိုဖြစ်တာဟာ၊ စစ်တပ်ကအာဏာသိမ်းထားလို့ပဲ။ ပြီးတော့၊ ဗမာပြည် အုပ်စိုးသူ ဓနရှင် လူတန်းစားမှာ အုပ်စုကြီး (၃) စုရှိတယ်။ ပထမအုပ်စုကတော့၊ သန့်ရှင်းဖြစ်တယ်။ ဒုတိယအုပ်စုကတော့ တည်မြဲဖြစ်ဘယ်။ တတိယ အုပ်စုကတော့ စစ်တပ်အုပ်စုဖြစ်တယ်။ ဒီမှာအဆိုးဆုံးကတော့ တတိယအုပ်စုပဲ။ ပါတီအနေနဲ့ တတိယအုပ်စုဖြစ်တဲ့၊ စစ်တပ်ကို အဓိက ဦးတည်တိုက်ခိုက်ရမယ်။ ချေမှုန်းရမယ်။ လူတန်းစားလက္ခဏာအရ သတ်မှတ်ရင်၊ စစ်တပ်အုပ်စုဟာ "ဖေါက်ပြန်တဲ့ အမျိုးသား ဓနရှင်ကြီး လူတန်းစား"ဖြစ်တယ်။

အခုလို လက္ခဏာ သတ်မှတ်ချက်တွေအရပဲ - ပြည် တွင်း ငြိမ်း ချမ်း ရေး ကို စေ့စပ်ဆွေးနွေးတဲ့နည်းနဲ့ရဘို့ဆိုတာကတော့။ ဘယ်နည်းနဲ့မှမဖြစ်နိုင်တော့ဘူး။ ကနေ့ဗမာပြည်မှာ ငြိမ်းချမ်းရေးအလားအလာဟာ အ လွန် ကို နည်း သွားပြီ ဖြစ်တယ်။.... ဒါကြောင့် ဒီအချက်ကို အထူးလေးနက်ထားဘို့လိုတယ်။"

ယင်းသို့ပင်၊ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း သည်၊ ၁၉၆၃-ခုနှစ်၊ ဇွန်လပထမပတ်အတွင်း၊ ဗဟိုဌာနချုပ်စခန်းတွင် " ပဲခူး ရိုးမတိုင်း ၅-ခရိုင်ကွန်ဖရင့် အတွေ့အကြုံ"ကို နိဂုံးချုပ်သော အစည်းအဝေး၌ "ကနေ့ ဗမာပြည်မှာငြိမ်းချမ်းရေးအလားအလာဟာ၊ အလွန်ကိုနည်းသွားပြီဖြစ်တယ်" ဟူ၍၊ အလေးအနက် ဖေါ်ထုတ်၍ ဆွေးနွေးပညာပေးထားသောကြောင့် ဖြစ်လေသည်။

ဤသို့ သခင်သန်းထွန်းသည်၊ တော်လှန်ရေးကောင်စီ၏ ပြည်တွင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်သော သဘောထားကို ကြားသိရသောအခါတွင်၊ ဂဏာမငြိမ်ဖြစ်နေ၏။ တလှုပ်လှုပ်တရွရွဖြစ်နေ၏။ ထို့မှဤမှ ခေါက်တုန့် ခေါက်ပြန် ဖြစ်နေ၏။ ရဲဘော်တဦးစီထံသို့သွား၍လည်း သဘောထားထင်မြင်ချက်များကို လေ့လာ၍ နေလေသည်။

ထို့နောက်တွင် သခင်သန်းထွန်းသည်၊.... ဗဟိုဌာနချုပ်စခန်းတွင် တော်လှန်ရေးကောင်စီ၏ ပြည်တွင်းငြိမ်းချမ်းရေး သဘောထားနှင့်ပတ်သက်၍ ဤသို့ ဆွေးနွေးရှင်းလင်းပြလေသည်။

"အခုရန်သူက ငြိမ်းချမ်းရေးစကားလုံးကိုသုံးပြီး ကျေညာလာရတာဟာ ကွန်မြူနစ်ပါတီရဲ့ အားကြီးမှုကို ဖေါ်ပြလိုက်တာဖြစ်တယ်။

ဒါဟာ ကွန်မြူနစ်ပါတီဥက္ကဋ္ဌက မိုလ်နေဝင်းဆီကို ဧပြီလ (၁၀) ရက်နေ့စွဲနဲ့ ပို့လိုက်တဲ့ပေးစာရဲ့ ရလဒ်ဖြစ်တယ်။ အောင်ပွဲဖြစ်တယ်၊ ဒါတော့အထူး ဂရုပြုဘို့လိုမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကနေ့ ရန်သူဟာ၊ သူ့ဖောက်ပြန်တဲ့ အမျိုးသားခနရှင်ကြီး လူတန်းစား လက္ခဏာအရ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို ဘယ်နည်းနဲ့မှ လုပ်မှာမဟုတ်ဘူး။ အခု ရန်သူရဲ့ငြိမ်းချမ်းရေးအတွက်၊ တွေ့ဆုံဆွေးနွေးရေးဆို တာဟာ၊ တွေ့ဆုံဆွေးနွေးရေး"အတုအလိမ်"သာဖြစ်မယ်။ ဒါကိုအသေအချာ လေ့လာပြီး၊လူထုတွင်းမှာ အစွမ်းကုန်ဖွင့်ချသွားရမယ်။ ပြီးဘော့ ရန်သူက ဘာ လုပ်တယ်ဆိုတာလဲ စောင့်ကြည့်ရဦးမယ်။ တွေ့ဆုံဆွေးနွေးရေးဆိုဘာ ဘယ်လို တွေ့ဆုံဆွေးနွေးရေးလဲဆိုတာကို၊အတိအကျရှင်းလင်းအောင်လုပ်ရဦးမယ်".... ဟူ၍တည်း။

(၂) နဂါးချစ်သောတရုပ်ဘုရင်ကြီး သခင်သန်းထွန်း။

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းသည် "ဗမာပြည်မှာ ပြဿနာအားလုံးရဲ့ တခုတည်းသော ဖြေရှင်းရေးနည်းလမ်းဟာ၊ ပြည်တွင်း ငြိမ်းချမ်းကို တွေ့ဆုံဆွေးနွေးရေးနည်းနဲ့ ဖြေရှင်းဘို့ပဲ"ဟု လွန်ခဲ့သော ၁၉၅၁-ခုနှစ်ကပင် စတင်၍၊ အစဉ်အစိုက် ကြွေးကြော်တောင်းဆိုခဲ့ပေသည်။

"တွေ့ဆုံ ဆွေးနွေးရေးသည်၊ ပထမ။ တွေ့ဆုံ ဆွေးနွေးရေးသည်၊ ဒုတိယ။ တွေ့ဆုံဆွေးရေးသည်တတိယ"ဟူသော သခင်သန်းထွန်းသည် တော်လှန်ရေး ကောင်စီ၏ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်း ချက်ကို ကြားသိရလျှင် ကြားသိရခြင်းပင်၊ ဤသို့ မှတ်ချက်ချလိုက်၏။ "ကနေ့၊ ရန်သူဟာ သူ့ဖောက်ပြန်တဲ့ အမျိုးသားခနရှင်ကြီး လူတန်းစား လက္ခဏာအရကိုက၊ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို ဘယ်နည်း နဲ့မှ လုပ်မှာမဟုတ်ဘူး"ဟူ၍တည်း။

အမှန်စင်စစ်အားဖြင့်၊ ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီး သခင်သန်းထွန်း သည်၊ နဂါးချစ်သော တရုပ်ဘုရင်ကြီးပင် ဖြစ်လာလေတော့သည်။

တရံရောအခါက၊ တရုပ်ပြည်တွင် နဂါးကိုအလွန်ချစ်သော၊ အလွန်မြတ်နိုး သော ဘုရင်ကြီးတပါးသည်ရှိ၏။ ထိုဘုရင်ကြီးသည် နန်းတွင်း-နန်းပြင်အရပ် လေးမျက်နှာ၌၎င်း၊ မိမိ၏အသုံးအဆောင် ဟူသမျှ၌၎င်း၊နဂါးရုပ်များဖြင့်သာ အတည့်ပြီးစေ၏။ သလွန်ညောင်စောင်း၌လည်း နဂါးရုပ်ဖြစ်၏။ ဝတ်လဲ တော်များသည်လည်း နဂါးရုပ်များသာဖြစ်၏။ မိဖုရားခေါင်ကြီးနှင့် ခြွေရံ သင်းပင်းများလည်း၊ နဂါးရုပ်များဖြင့်သာ နေထိုင်ကြရ၏။ စားတော်ခေါ် ကြရ၏။ နန်းရင်ပြင်တော်တခုလုံးတွင်လည်း၊ နဂါးမာန်ဖိဟန်၊ နဂါးခြောင်း မြောင်းဟန် စသည့်....အမျိုးမျိုးသော ပန်းချီများဖြင့်လည်း ပုံဖော်ထား၏။ ပန်းပုများဖြင့်လည်း သွန်းလောင်းထုလုပ်ထား၏။ ထို့ပြင် "မှန်ပါ့ဘုရား" ဟူ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သည်ကိုပင် "မှန်ပနဂါး" ဟူ၍ ထီးသုံးနန်းသုံး "တော်" သုံးအဖြစ်ဖြင့်၊ အမိန့်တော်တရပ်ကို၊ ဘုရင်ကြီး ကိုယ်တိုင်ပင်မိန့်မှတ်ထားလေသည်။

ဤမျှပင်၊ နဂါးချစ်သော တရုပ်ဘုရင်ကြီးပါပေ။

တနေ့သ၌၊ နဂါးကို အလွန်ချစ်မြတ်နိုးတော်မူသော ဘုရင်ကြီးသည် လေသာဆောင်၌၊ နဂါးရုပ်ကြီးများကိုကြည့်မဝ၊ ရှုမဝဖြင့်၊ ရှုစားတော်မူ၍ ပီတိများပင် ဖြစ်၍ နေလေသည်။ ထိုအချိန်၌၊ အလွန်လှပသော တကဲ့သက်ရှိ နဂါးကြီးတကောင်သည်၊ ဘုရင်ကြီးအနီးသို့ ရုတ်တရက်ရောက်ရှိလာတော့၏။ ထိုအခါတွင်၊ နဂါးများကို အလွန်ပင် ချစ်မြတ်နိုးသောဘုရင်ကြီးသည်၊ တုန်လှုပ်နေ၏။ ခြောက်ခြားနေ၏။ တောင်ပြေးမြောက်ပြေးဖြစ်နေ၏။ အသံကုန် အော်ဟစ်၍လည်းနေ၏။ ဆောက်တည်ရာမရတော့ချေ။

ထို့နောက်—နဂါးကို အလွန်ချစ်သော တရုပ်ဘုရင်ကြီးသည်၊ နန်းတော် အတွင်းသို့ရောက်ရှိလာသော တကဲ့နဂါးကြီးကို အကြောက်ကြီးကြောက်၍ အမုန်းကြီးမုန်းကာ၊ ချက်ခြင်းပင်၊ သုတ်သင်ပစ်ရန်အတွက်၊ အစွမ်းကုန် ကြိုးစားလေတော့သည်။

ဤသည်ကား၊ နဂါးချစ်သောတရုပ်ဘုရင်ကြီး၏ အကြောင်းပင်တည်း။

(၃) ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက်ရဲဘော်များ။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက် ပါတီဆိုသည်မှာ၊ တရုပ်ပြည်သို့ ရောက်ရှိနေကြသော.... ဗမာပြည် ကွန်မြူနစ်ပါတီဝင်များကို စုစည်း၍ ဖွဲ့စည်း ထားခြင်းဖြစ်၏။ အဝေးရောက် ပါတီ၏၊ ဗဟိုကော်မတီကိုလည်း ဖွဲ့စည်း ထား၏။ ယင်းအဖွဲ့၏ ဥက္ကဋ္ဌမှာ၊ သခင်ဘသိန်းတင်ဖြစ်၏။ အတွင်းရေးမှူးမှာ၊ သခင်သန်းမြိုင်ဖြစ်၏။ အဝေးရောက် ဗဟိုကော်မတီ အဖွဲ့ဝင်များမှာ (၁) ရဲဘော်အောင်ကြီး (၂) သခင်ပု (၃) ဗိုလ်ဇေယျ (၄) ဗိုလ်သန်းရွှေတို့ ဖြစ်၏။ အဝေးရောက် ဗဟိုကော်မတီ၏ လက်အောက်တွင် "အဝေးရောက်ပါတီကော်မတီ" ဟူ၍ ဖွဲ့စည်းထား၏၊ ယင်းကော်မတီ၏ လက်အောက်တွင် ကလပ်စည်း (၅) ခုကိုလည်း ဖွဲ့စည်း၍ထားလေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုကော်မတီသည်၊ တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ ညွှန်ကြားမှုအောက်တွင်သာ လှုပ်ရှားရ၏။ ပြုမူရ၏။ ကိုယ်ပိုင်လမ်းစဉ် ပေါ်လစီဟူ၍ သီးခြားမရှိချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၃ - ခုနှစ်၊ဇွန်လ (၁၁) ရက်နေ့ပင်ဖြစ်၏။ ထိုအချိန်တွင်၊ သခင်ဘသိန်းတင်သည်၊ ပီကင်းဆေးရုံကြီးတွင်၊ ဆေးကုသလျက်ရှိ၏။ သခင်သန်းမြိုင်နှင့် ဗိုလ်သန်းရွှေတို့သည်း၊ဆိုဗီယက်ယူနီယံ မော်စကိုမြို့သို့ ရောက်ရှိနေကြ၏။ ဗိုလ်ဇေယျနှင့် အဖွဲ့မှာမူ၊ အရှေ့တောင်အာရှမှ တိုင်းပြည်အချို့သို့ ခရီးလွန်နေကြ၏။ ရဲဘော်အောင်ကြီးသည်လည်း၊ တရုပ်ပြည် အနောက်တောင်ပိုင်း ဖြစ်သည့် ဇီချွမ်ပြည်နယ်၏ စက်မှုဌာနတွင်၊ ဒု ဌာနမှူးအဖြစ်ဖြင့် တာဝန်ယူနေ၏။ ထို ကြောင့်၊ ပီကင်းမြို့တွင်ရှိသော——အဝေးရောက် ဗဟိုကော်မတီ၏ ဗဟိုဌာနချုပ်တွင်၊ သခင်ပု တဦးတည်းသာလျှင် ရှိလေသည်။

ထို့ပြင် အခြားသော အဝေးရောက် ပါတီဝင်များသည်လည်း တရုပ်ပြည် ပြည်နယ်ဒေသ အသီးသီးတွင် ဖြန့်ခွဲ၍ လက်တွေ့ လုပ်ငန်းများနှင့် လှုပ်ရှားမှုများတွင် ပါဝင်နေကြရလေသည်။

အဝေးရောက် ပါတီဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၏ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းချက်ကို ကြားသိရသောအခါတွင် ပါတီကလပ်စည်း အစည်းအဝေးများကို ချက်ခြင်းပင် ပြုလုပ်ကြ၏။ သုံးသပ်ကြ၏။ ဆွေးနွေးကြ၏။

"ဒါဟာ မင်္ဂလာအခွင့်ကောင်းဖြစ်တယ်။ ပါတီက တက်ရောက် ဆွေးနွေးသင့်တယ်။"

"တကဲ့ ငြိမ်းချမ်းရေးတော့ ဖြစ်မှာမဟုတ်ဘူး။ စစ်အစိုးရရဲ့ နိုင်ငံရေးလှည့်စားချက်ပဲဖြစ်တယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်၊ အမြတ်ရအောင်၊ အစိုးရနဲ့ ဆွေးနွေးသင့်တယ်" "အစိုးရနဲ့ ဆွေးနွေးတာကို မလုပ်ရင်၊ ဗမာပြည်ကိုပြန်ရောက်နိုင်ဘို့ မလွယ်တော့ဘူး။ ဒါကိုအခွင့်ကောင်း ယူတတ်ရင်တော့၊ လေယာဉ်ပျံနဲ့ကို ပြန်ကြရမှာဖြစ်တယ်" စသည်ဖြင့် ထိုထိုသော ထင်မြင်ချက်များ၊ သုံးသပ်ချက်များကို ဆွေးနွေးကြ၏။ ပီကင်းမြို့၌ရှိသော အဝေးရောက်ဗဟိုဌာနချုပ်သို့လည်း တင်ပြကြလေသည်။

ပီကင်းမြို့၌ရှိသော အဝေးရောက် ဗဟိုဌာနချုပ်တွင်လည်း၊ သခင်ဗသိန်းတင်နှင့် သခင်ပုတို့သည်၊ တရုပ်ပြည်ကွန်မြူနစ်ပါတီ၏၊ ညွှန်ကြားချက်အရ "ကနေ့ ဗမာပြည်မှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့၊ နိုင် ငံ ရေး အ ခြေအ နေ ကို အ ခွင့်ကောင်းယူသင့်တယ်၊ ယူရမယ်" ဟုဆုံးဖြတ်လိုက်၏။ ယင်းသို့ဆုံးဖြတ်ပြီးနောက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခရီးလွှန်နေကြသော၊ ဗဟိုကော်မတီများကိုလည်း၊ အမြန်ဆုံးပင် ခေါ်ယူ၍ စုစည်းလိုက်လေသည်။

၁၉၆၃-ခုနှစ်၊ ဇူလိုင်လ(၇)ရက်နေ့တွင်၊ ပီကင်းသို့ရဲဘော်တင်ရှိန်အားခေါ်ယူ၍၊ သခင်ဘသိန်းတင်နှင့် သခင်ပုတို့သည်၊ အဝေးရောက် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ကိုဆွေးနွေးလေသည်။

> "အခုဗမာပြည်စစ်အစိုးရရဲ့ ငြိမ်းချမ်းရေး ကမ်းလှမ်းချက် အကြောင်းပြုပြီး တော့၊ ရဲဘော်အောင်ကြီးနဲ့ ရဲဘော်တင်ရှိန်တို့ကို၊ ဗမာပြည်မှာရှိတဲ့ ဗဟိုဌာနချုပ်ကို ပြန်လွှတ်မယ်။ ဒီလိုဗမာပြည်ကို ပြန်လွှတ်တာဟာ ဗမာပြည်ငြိမ်းချမ်းရေးကိစ္စအတွက် ပြန်လွှတ်တာမဟုတ်ဘူး။ ဗမာပြည်မှာရှိတဲ့ ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်ကို အဆက်အသွယ်ပြန်ရအောင် လွှတ်တာဖြစ်တယ် ဒါပေမဲ့ အပြင်ဆက်သွယ်ရေးတွေမှာတော့၊ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် ပြန်လာတယ်ဆိုတာမျိုး ဖြစ်စေရမယ် ဒီမှာအထူးလေးနက်ဘို့လိုတဲ့ ရပ်တည်မှုကတော့ အခုစစ်အစိုးရက ငြိမ်းချမ်းရေး ခေါ်တယ် ဆိုတာဟာ၊ တကယ်ကတော့၊ ဆိတ်ခေါင်းကိုချိတ်ပြီး ခွေးသား ရောင်းတယ် ဆိုတာကို နားလည်ဘို့ပဲ။"

ဤသို့ပင်၊ ဗမာပြည်သို့ ပြန်ရမည့်အဖွဲ့အား၊ သခင်ဘသိန်းတင်နှင့် သခင်ပုတို့သည်၊ အသေးစိတ် ညွှန်ကြားချက်များကိုပေး၍၊ ဆွေးနွေးလိုက်လေသည်။

ထို့နောက်တွင်၊ ပြောင်းလဲလာသော အခြေအနေများအရ၊ ဗမာပြည်သို့ ပြန်ရမည့်အဖွဲ့ဝင်ဦးရေကို လည်းတိုးဖြည့်ခဲ့ပြန်လေသည်။

၁၉၆၃-ခုနှစ်၊ ဇူလိုင်လ(၁၀)ရက်နေ့တွင်၊ ဗမာပြည်သို့ပြန်ကြရမည့်ရဲဘော်များအား၊ တရုပ်ပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များနှင့် တရုပ်ပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ တပ်ပေါင်းစုဌာန တာဝန်ခံလီဝေဟန်တို့မှအတွေးအခေါ်လမ်းညွှန်နှင့်ညွှန်ကြားချက်များကိုပေးအပ်ကြလေသည်။

> "ဓနရှင်အစိုးရတွေနဲ့ပတ်သက်ရင် အမြဲတန်းလက်ဦးမှုရှိအောင် လုပ်ထားရမယ်။အသင့်ပြင်ထားရမယ်။ သတိကိုလုံးလုံးမပေါ့ရဘူး၊ ခါးခါးချင်း၊ လှံလှံချင်း ရင်ဆိုင်တတ်ဘို့လိုတယ်။ အရေးကြီးဆုံးကတော့၊ အခုငြိမ်းချမ်းရေး ဆွေးနွေးပွဲကိစ္စမှာ၊ စစ်အစိုးရရဲ့ မျက်ခုန်းမွေးပေါ် စကြွန်လျှောက်နိုင်ဘို့လိုတယ်"
>
> ....ဟူ၍ဖြစ်လေသည်။

ယင်းသို့ အကျွေးအခေါ် လမ်းညွှန်စိတ်ဓာတ်နှင့် အသေးစိတ်ညွှန်ကြားချက်များကို ပေးပြီးနောက်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အား၊ တရုပ်ပြည်သူ့ သမတနိုင်ငံ၏ နိုင်ငံတော်ခြေ့သည်တော်များအဖြစ်ဖြင့် ဂုဏ်ပြု ညစာစားပွဲကြီးတရပ်ကို ခင်းကျင်း၍ တည်ခင်းကျွေးမွေး၏။ ထို့နောက်၊ တရုပ်ကွန်မြူနစ်ပါတီ၏ ထိပ်တန်း ခေါင်းဆောင်ကြီးများသည် "မောင့်ထိုင်" အရက်ခွက်များကို၊ အသီးသီး ပင့်လျက် မြှောက်လျက်ဖြင့် **"လွတ်မြောက်လာမည့် နေပြည်တော် ရန်ကုန်တွင်၊ သင်တို့နှင့် ကျွန်ုပ်တို့မကြာမီ တွင်ပြန်လည်တွေ့ဆုံကြပါစို့။"** ဟုဆုတောင်းထောပနာကို အကြိမ်ကြိမ်ပြုကြလေသည်။

၁၉၆၃ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့ နံနက် (၇) နာရီတွင်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊အဝေးရောက်ပါတီမှ ပထမအသုတ်သည်၊ပီကင်းမြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ပျံဖြင့် ထွက်ခွာခဲ့ကြ၏။ ခေါင်းဆောင်လာသူမှာ၊ ရဲဘော်အောင်ကြီးဖြစ်၏။ အဖွဲ့ဝင်များမှာ (၁) သခင်ပု (၂) ရဲဘော်ချစ်မောင် (၃) ရဲဘော်မောင်ညို (၄) ရဲဘော်ခင်ကြီး (၅) ရဲဘော်တင်ရှိန် (၆) ရဲဘော်အောင်ငြိမ်းတို့ ဖြစ်ကြ၏။ ယင်းအဖွဲ့သည် ရန်ကုန်မြို့တော်သို့ ဇူလိုင်လ (၁၂) ရက်နေ့တွင် ရောက်ရှိ၍လာကြလေသည်။

ရန်ကုန်မြို့သို့ ရောက်ရှိလာသော၊ အဝေးရောက်ပါတီ၏ ပထမအသုတ်သည်၊ တရုပ်သံရုံးနှင့် ပထမဦးဆုံးပင် အဆက်အသွယ်ယူရ၏။ တရုပ်သံရုံးမှလည်း၊ ဗမာပြည်၏ နောက်ဆုံး စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးအခြေအနေများကို ရှင်းလင်းပြ၏၊ ထိုအချိန်တွင် ပီကင်းမှလည်း နေ့စဉ်ပင် ကြိုးမဲ့ကြေးနန်းဖြင့် လောလောဆယ် လုပ်ဆောင်ရမည့် အလုပ်လမ်းညွှန်များနှင့် ညွှန်ကြားချက်များကို ပေးနေလေသည်။

> "အထူးသဖြင့် လက်ဝဲနိုင်ငံရေးပါတီများနဲ့ တွေ့ဆုံဆွေးနွေးရမယ်။ဆရာကြီး သခင်ကိုယ်တော်မှိုင်းအဖွဲ့နှင့် တွေ့ရမယ်။ အခြေအနေပေးလျှင် ရန်ကုန်မှာပဲ၊ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ဆိုင်းဘုတ်ကိုချိတ်ပြီး အတိအလင်းလှုပ်ရှားရမယ်။ ရန်သူကို အမျိုးမျိုးဖွင့်ချနိုင်ဘို့လဲ အသင့်ပြင်ဆင်ထားရမယ်။ အခြေအနေ အရ အခွင့်အလမ်းနဲ့ အခွင့်ကောင်းကို လက်ဦးမှုရှိရှိနဲ့ လုပ်ဆောင်ဘို့အရေးကြီးတယ်။

ဤသည်တို့မှာ ပီကင်း၏ တိုက်ရိုက် ညွှန်ကြားချက်များဖြစ်၏။ ယင်းညွှန်ကြားချက်အရပင်၊ အဝေးရောက်ပါတီ၏ ပထမအသုတ်မှ ရဲဘော်အောင်ကြီး၊ သခင်ပုနှင့် အခြားသောအဖွဲ့ဝင်တို့သည်၊ အလုပ်သမားပါတီ၊ ပြည်သူ့တိုးတက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရေးပါတီနှင့်အခြားသော လက်ဝဲအင်အားစုများမှ တသီးပုဂ္ဂလ များ နှင့် ပါ တွေ့ဆုံ၍ ဆွေးနွေးကြ၏။ အဝေးရောက်ပါတီမှ အခြေအနေများကိုလည်း၊ ရှင်းလင်းတင်ပြကြလေသည်။

ထို့ပြင်၊ အဝေးရောက် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပထမအသုတ်သည်၊ တော်လှန်ရေးကောင်စီအစိုးရအား လက်ဦးမှုရှိရှိ ဖွင့်ချနိုင်ရန်အတွက် ကျေညာ ချက် တစောင်ကိုလည်း ကြိုတင်၍ရေးသားထားခဲ့၏။ ယင်းမှာ "စစ်အစိုးရသည် ပီကင်းပြန်ငြိမ်းချမ်းရေးစေတမန် ရဲဘော် (၇) ဦးအား လုပ်ကြံ၍ ရဟန်းရှင်လူ ပြည်သူအများ လိုလားတောင့်တနေသော၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖျက်ဆီး သောတရားခံဖြစ်သည်။" ဟူ၍ဖြစ်၏။ ထိုကျေညာချက်များကို၊ ရန်ကုန်မြို့တွင် ရှိသော၊ လက်ဝဲ နိုင်ငံရေးပါတီများသို့ပင် ကြိုတင်၍ဖြန့်ချိထားလိုက်လေသည်။

အကယ်၍လုပ်ကြံခံရလျှင် ယင်းကျေညာချက်များကို၊ လိုအပ်သည့်အချိန်၌၊ ကမ္ဘာသို့ရင်း၊ ဗမာပြည်၌ရင်း၊ တချိန်တည်း ဖြန့်ချိနိုင်ရန်အတွက် စီစဉ်ထား ၏။ ယင်းကိုထုတ်ပြန် ကျေညာရမည့်အချိန်ကိုမူ၊ ပီကင်းရေဒီယိုမှ အချက်ပေး သည့်အခါ၌၊ ပီကင်းရေဒီယိုနှင့်အတူ၊ ထုတ်ပြန်ကျေညာကြရန်ဖြစ်လေသည်။

ထို့နောက်တွင်၊ တရုပ်ပြည်ပါတီနှင့် သခင်ဘသိန်းတင်တို့သည်၊ "မိမိတို့ အတွက်၊ အကျိုးရှိသောပတ်ဝန်းကျင် အခြေအနေများရှိလျှင်၊ ယင်းကိုအခွင့် ကောင်းယူ၍၊ အဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီဝင်များအား၊ ဗမာပြည် သို့ အသုတ်လိုက်ပြန်လွှတ်ရမည်"ဟူသော သဘောထားနှင့် ဆုံးဖြတ်ချက်များ အရ၊ အဝေးရောက်ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဒုတိယအသုတ်သည် ဗမာပြည် သို့၊ ၁၉၆၃-ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် ရောက်ရှိလာလေသည်။

ယင်းအဝေးရောက် ပါတီ၏ ဒုတိယအသုတ်ကို ခေါင်းဆောင် လာသူမှာ၊ ဗိုလ်ဇေယျဖြစ်၏။ အဖွဲ့ဝင်များမှာ (၁) ဗိုလ်ထွန်းငြိမ်း (၂)ဗိုလ်စံဖေ (၃) ဗိုလ်ဘညွန့် (၄) ဗိုလ်ဘဖြူ (၅) ရဲဘော်သက်တင် (၆) ရဲဘော်စိုးဝင်း (၇) ရဲဘော်မောင်ရှိန် (၈) ရဲဘော်အောင်ခင် (၉) ရဲဘော်ဇော်လေး (၁၀) ရဲဘော်မင်းအောင် တို့ဖြစ်ကြလေသည်။

ထိုသို့ဖြင့်၊ ပီကင်းသို့ရောက်ရှိနေခဲ့ကြသော၊ ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက်ပါတီဝင်များသည်၊ အသုတ်လိုက်၊ အသုတ်လိုက်ပင်၊ ရန်ကုန်မြို့ သို့ ရောက်ရှိ၍လာကြလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ၏ ပဉ္စမ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့မှ ရှေ့ပြေးအဖွဲ့ဖြစ်သော ဗိုလ်ဘမြို၊ ရဲဘော် ဘခက်၊ ရဲဘော်ညို နှင့် ရဲဘော် ထွန်းရီတို့သည် မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တရုပ်ပြည် ဗိကင်းမြို့မှတဆင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသော မတင်ဝေ (ခ) မစိန်လှ (ခ) မခင်ဆွေနှင့် ခင်ခင်ကြည် (ခ) မမျိုးသန့် (ခ) မစိန်ဝင်းတို့ ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) ပီကင်းပြန်များဗမာပြည်ကွန်မြူနစ်ပါတီဗဟိုစခန်းသို့ရောက်ခြင်း။

အဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဖွဲ့နှစ်ဖွဲ့သည် ရန်ကုန်တွင် ပြန်လည်ပေါင်းဆုံမိကြ၏။ ယင်းတို့သည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့အမြန်ဆုံးသွားရောက်နိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးစားကြလေသည်။

ပီကင်းမှလည်း၊ ဗမာပြည်ဆိုင်ရာတရုပ်သံရုံးမှတဆင့်၊ ရဲဘော်အောင်ကြီး တို့အား၊ တောတွင်းသို့ အမြန်ဆုံးဖြစ်သည့်နည်းနှင့် သွားရေးကိုသာ၊နေ့စဉ် နှင့်အမျှညွှန်ကြားနေလေသည်။

ဗဟိုဌာနချုပ်သို့ ပထမဦးဆုံးနှင့် အမြန်ဆုံး သွားရမည့် သူများမှာ (၁) ရဲဘော်အောင်ကြီး (၂) သခင်ပု (၃) ဗိုလ်ဇေယျ (၄) ရဲဘော်ခင်ကြီး (၅) ရဲဘော်တင်ရှိန်တို့ဖြစ်၏။ ယင်းရဲဘော်များနှင့်အတူ၊ ပီကင်းမှဗမာပြည် ကွန်မြူနစ်ပါတီအတွက်၊ အသေးစိတ် ညွှန်ကြားချက်များကိုလည်း ယူဆောင် ခဲ့ကြ၏။ ထို့ကြောင့်ပင်၊ ဖြစ်သည့်နည်းဖြင့် အမြန်ဆုံး ဗဟိုဌာနချုပ်သို့ သွား ရေးဖြစ်လေသည်။

၁၉၆၃-ခုနှစ်၊ ဇူလိုင်လ(၂၀)ရက်နေ့တွင်၊ တော်လှန်ရေးအစိုးရ၏စီစဉ် ပေးချက်အရ--ရန်ကုန်မြို့တွင် ရောက်ရှိနေသော၊ ပီကင်းပြန်များနှင့်ဗမာပြည် ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်သည်၊ အဆက်အသွယ်ရရှိကြ၏။ ထို့ကြောင့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ပီကင်းပြန်များကိုအဆောတလျင်၊ ချက်ခြင်း ခေါ်ယူရေးကို၊ ဗဟိုကော်မတီမှဆုံးဖြတ်၍ အပူတပြင်းစီစဉ်၏။ ပီကင်းပြန် များကို ဗဟိုဌာနချုပ်သို့လျှို့ဝှက်၍ ခေါ်ယူရန်ဖြစ်၏။ ယင်းတာဝန်ကို ထမ်း ဆောင်ရန်အတွက်ဗဟိုကော်မတီမှ ကိုယ်စားလှယ်နှစ်ဦးကို ရွေးချယ်၍ ရန်ကုန် သို့လွှတ်လိုက်၏။ ထိုသူတို့မှာ၊ ဗမာပြည်ကွန်မြူနစ်ပါတီရှမ်းပြည်နယ်မှ ဗိုလ်ပုနှင့် ဗဟိုဌာနချုပ်မှ ရဲဘော်ဘခက်တို့ဖြစ်ကြသည်။

ဗိုလ်ပုနှင့်ရဲဘော်ဘခက်တို့သည်၊ ပြည်မြို့--ခလရ(၂၃)မှဗိုလ်ကြီးဘုန်းကျော် နှင့်အတူ၊ ရန်ကုန်သို့လာခဲ့ကြ၏။ ရန်ကုန်သို့ရောက်သောအခါ၊ ပီကင်းပြန် များနှင့်တွေ့ဆုံ၍ ဗဟိုဌာနချုပ်သို့သွားရေးအတွက်၊ အသေးစိတ်အစီအစဉ် များကို ရေးဆွဲကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၃-ခုနှစ်၊ဩဂုတ်လ(၉)ရက်နေ့ညတွင်မူ ရန်ကုန်မြို့တွင်ရှိသော၊မြန်မာပြည်ဆိုင်ရာ တရုပ်ပြည်သူ့ သမတနိုင်ငံသံရုံးမှ၊ တည်ခင်းသော အထူးညစာစားပွဲသို့လည်း၊ တက်ရောက်ခဲ့ကြရလေသည်။

၁၉၆၃-ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့တွင်၊ ရန်ကုန်မြို့မှပြည်မြို့သို့ နံနက်(၇)နာရီတွင် စတင်ထွက်ခွာခဲ့၏။ အဖွဲ့နှစ်ဖွဲ့ခွဲ၍သွားကြရ၏။ မူလကတဖွဲ့တည်း၊ စုစုစည်းစည်းသွားကြရန် စီစဉ်ထားပြီးဖြစ်၏။ သို့သော်လည်း တဖွဲ့တစုတည်းသွားခြင်းမှာ၊ အလွန်အန္တရာယ်ရှိသည့်အတွက်၊ နှစ်ဖွဲ့ခွဲ၍သွားရန်ကို တရုပ်သံရုံးမှ ညွှန်ကြားသဖြင့်၊ နှစ်ဖွဲ့ခွဲ၍ သွားကြရခြင်းဖြစ်လေသည်။

တဖွဲ့မှာတပ်မတော် ဒါကိုတာလေယာဉ်ဖြင့် သွားရ၏။ တဖွဲ့မှာမူ၊ ဘားတောရဟာပ်ယာဉ်ဖြင့်သွားရ၏၊ ပီကင်းပြန်အဖွဲ့သည်၊ ပြည်မြို့လေယာဉ်ကွင်းမှတဆင့်ပြည်ခရိုင်၊ပေါက်ခေါင်းမြို့နယ်-ပဲခူးရိုးမပေါ်မှ၊ရွှေတောင်ငွေတောင်(ကရင်ရွာ)သို့ရဟာပ်ယာဉ်ဖြင့် သွားကြရလေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ၊ ဗဟိုဌာနချုပ်စခန်းသည်၊ ရွှေတောင်ငွေတောင်ရွာ၏၊ မြောက်ဘက်တွင်ရှိ၏။ ရွှေတောင်ငွေတောင်ရွာမှ (၁၂) မိုင် ခန့် ဝေးကွာ၏။

ထိုအချိန်က၊ ပဲခူးရိုးမ၏မိုးသည်၊ သည်းထန်လှ၏။ သဲသဲမဲမဲရွာသွန်းနေ၏။

တောင်ကျရေများသည်လည်း၊ ဝါးလုံးထိုး ဒလဟောစီးဆင်းနေ၏။ လမ်းခရီးသည် အလွန်ပင်ကြမ်းတမ်း ခက်ခဲလှပေသည်။

ပီကင်းပြန်များသည် ရွှေတောင်ငွေတောင်ရွာတွင်၊ တညခိုနားပြီးနောက်၊ ခရီးဆက်ရေးအတွက်၊ အသေးစိတ်အစီအစဉ်များကို၊ ဆွေးနွေး၍ပြင်ဆင်ကြ၏။ ဗဟိုဌာနချုပ်သို့၊ ပထမဆုံးနှင့် အမြန်ဆုံးသွားရမည့် အဖွဲ့ကို၊ ဦးစွာသွားရန်ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် (၁) ရဲဘော်အောင်ကြီး (၂) သခင်ပု (၃) ဗိုလ်ဇေယျ(၄) ရဲဘော်ခင်ကြီး (၅) ရဲဘော်တင်ရှိန်တို့ သွားကြ၏။ ယင်းအဖွဲ့ကို ရဲဘော်ဘခက်မှ တာဝန်ခံ၍၊ ဗဟိုဌာနချုပ်သို့ ခရီးထွက်ခွာခဲ့ကြ၏။ ရွှေတောင် ငွေတောင် စခန်းသို့ လာရောက်ကြိုဆိုနေကြသော၊ ဗဟိုကင်းတပ်မှ ဗိုလ်တင်မောင်(ခေါ်)လှဟန်(ခေါ်) သိန်းထွန်းနှင့် အဖွဲ့သည်လည်း နောက်တနေ့တွင် ဆက်လက်လိုက်ပါခဲ့လေသည်။

၁၉၆၃-ခုနှစ်၊ ဩဂုတ်လ(၁၃)ရက်နေ့ညနေတွင်၊ပီကင်းပြန်ပထမ အဖွဲ့သည်၊ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် စခန်းသို့ရောက်ကြ၏။ သခင်သန်းထွန်းသည်၊ ဗဟိုစခန်းသို့ ဝင်ရောက်လာကြသော၊ ပီကင်းပြန်များအား၊ ဗဟိုစခန်း အနီး၌ရှိသော လမ်းခုလတ် တောင်ကျောပေါ်မှ အလွန်အမင်း အားရဝမ်းသာ ဖြစ်လျက်၊ တဦးချင်းကို ဖက်ရမ်းနမ်းရှုပ်၍၊ ဆီးကြိုနှုတ်ဆက်၏။ သခင်သန်းထွန်းသည် ဝမ်းသာလွန်း၍ မျက်ရည်များပင် စီးကျ၍နေလေသည်။

ထိုအချိန်က၊ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ဗဟိုဌာနချုပ် စခန်းတွင် လူဦးရေ (၁၅)ဦးသာရှိ၏။ ဗဟိုစခန်းသည်၊ တိတ်ဆိပ်ငြိမ်သက်၍သာနေ၏။ စကားကိုပင် တိုးတိုးသာပြောကြ၏။ ကျယ်ကျယ်မပြောကြပေ။ သို့သော်လည်း၊ ပီကင်းပြန် များရောက်သည့် အချိန်တွင်မူ၊ ဗဟိုဌာနချုပ်စခန်းသည်၊ ဆူညံ၍နေ၏။ ထိုမှ ဤမှ စကားပြောသံများသည်၊ ဗဟိုစခန်းပတ်ဝန်းကျင် တခုလုံးတွင်ပြန့်နှံ့နေ၏။ လွှမ်းမိုးနေ၏။ မကြာခဏပင်၊ ဉက္ကဋ္ဌကြီး သခင်သန်းထွန်း ၏ ဟားတိုက်၍၊ ရယ် သံများသည်လည်း၊ ဗဟိုစခန်းတခုလုံးကို ပဲ့တင်ထပ်၍ ထပ်၍ သွားလေသည်။

> "ရဲဘော်တို့ အခုအချိန် ရောက်လာကြတာဟာ၊ ပါတီ တရပ်လုံးနဲ့တော်လှန် ရေးကို ကယ်လိုက်တာဖြစ်တယ်။ ကျွန်တော်တို့ကိုလဲ ကယ်လိုက်တာပဲ။ ကျွန် တော်တို့ဟာ ဇက်ကြိုးသလိုဖြစ်နေတာကြာပြီ။ ကြိမ်စာခိနေတဲ့ လူလိုဖြစ်နေပြီး ခေါင်းမထောင်နိုင်အောင် ဖြစ်နေရတယ်။ အခုလဲပါတီတွင်းမှာ အကွဲကွဲအစိတ် စိတ် မဖြစ်ရအောင်လို့ ကျွန်တော်ပဲထိန်းနေရတယ်။ ကျွန်တော်သာမထိန်းရင် အလံနီပါတီလို ဖြစ်နေတာကြာပြီပေါ့။ အခုတော့ ရဲဘော်တို့ရောက်လာတာ ဟာ ကျွန်တော်တို့အတွက် အားဆေးကြီးကို စားလိုက်ရသလိုပါပဲဗျာ။"

ဤသို့ဖြင့်- သခင်သန်းထွန်းသည်၊ ပီကင်းပြန်များအား၊ ဗဟိုစခန်းသို့ရောက် လျှင်ရောက်ခြင်းပင် ပြောကြားလိုက်ခြင်း ဖြစ်လေသည်။

၁၉၆၃-ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့တွင်ဖြစ်လေသည်။ ဤနေ့သည်၊ ဗမာ ပြည်ကွန်မြူနစ်ပါတီတည်ထောင်သည့် (၂၄) နှစ်မြောက် ပါတီနေ့ဖြစ်၏။ ဗဟို ဌာနချုပ်စခန်းတွင်၊ ပါတီနေ့ကို၊ အခမ်းအနားကြီးဖြင့် ဝှဲချီးကျင်းပလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဉက္ကဋ္ဌကြီးသခင်သန်းထွန်းသည်၊ ဗဟိုကော်မတီ၏ ကိုယ်စား မိန့်ခွန်းပြောကြားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ကျွန်တော်တို့ ဒီနေ့ဒီနေရာမှာ ပါတီရဲ့ (၂၄)နှစ်မြောက်နေ့ကို ကျင်းပတာဖြစ်တယ်။ ဗမာလူမျိုးတွေရဲ့ အယူအဆအရ ပြောရမယ်ဆိုရင်၊ လူတယောက်ဘဝမှာ အပျော်ဆုံးနေ့သုံးနေ့ရှိတယ်။ ရှင်လောင်းပြန်တဲ့နေ့၊ အိမ်ထောင်ကျတဲ့နေ့နဲ့ ထောင်ကလွတ်တဲ့နေ့လို့ဆိုတယ်။ ဒါပေမဲ့ ကျွန်တော့အဘို့ပြောရင် ဒီနေ့ဟာ ပါတီရဲ့သမိုင်းတလျှောက်လုံးမှာ ကျွန်တော့ဘဝ တလျှောက်လုံးမှာ အထူးခြားဆုံး အပျော်ဆုံးနေ့ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ဟာ ကျက်သရေမင်္ဂလာ နှစ်ထပ်ကွမ်း၊ ပေါင်းဆုံတဲ့ နေ့ဖြစ်လို့ပဲ။ ပါတီရဲ့ (၂၄) နှစ်မြောက် နေ့နဲ့ ပီကင်းပြန် ရဲဘော်တွေကို၊ အလှိုက်လှဲတကာ့ အလှိုက်လှဲဆုံး ကြိုဆိုနေရတာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်ဟာ ပါတီဥက္ကဋ္ဌ အနေနဲ့ အဝေးရောက် ပါတီခေါင်းဆောင်တွေကို မိဘတဦးက ကျောင်းတော်ကြီးမှာ အောင်လက်မှတ်တွေ ဒီဂရီတွေကို ထူးချွန်စွာ ရလာကြတဲ့ သားတွေ သမီးတွေကို ကြိုဆိုရတဲ့အနေနဲ့၎င်း၊ နှစ်ပေါင်းများစွာ ကွဲကွာ နေခဲ့ကြတဲ့၊ ညီငယ်ကလေးတွေကို လုံးဝမမြော်လင့်ပဲ၊ ပြန်ရောက်လာလို့ အကိုကြီးတယောက်အနေနဲ့ လှိုက်လှဲစွာ ကြိုဆိုတဲ့အနေနဲ့၎င်း၊ မဖော်ပြနိုင်တဲ့ ဝမ်းသာမှုနဲ့ အလှိုက်လှဲဆုံး ကြိုဆိုကြောင်းကို အူလှိုက်၊ အသဲလှိုက် ပြောလိုတယ်၊ အခုလို ပါတီအတွင်းမှာ ဘက်ပေါင်းစုံက အကြပ်အတည်းတွေ တွေ့နေတဲ့ အချိန်မှာ ရဲဘော်တို့တတွေ ပြန်ရောက်လာကြတာဟာ၊ ပါတီနဲ့ ဗမာပြည်တော်လှန်ရေးကြီးကို ကယ်တင်လိုက်တာဖြစ်တယ်။ ရဲဘော်တို့ဟာ အကြီးမြတ်ဆုံးဖြစ်တဲ့ ဥက္ကဋ္ဌကြီး မော်စီတုန်း ရှေ့ဆောင်တဲ့ တရုပ်ပြည် ကွန်မြူနစ်ပါတီက အထူးလေ့ကျင့် မွေးမြူပေးလိုက်တဲ့ အဘိုးတန်ဆုံး မျိုးစေ့ ရတနာတွေဖြစ်တယ်။ ရဲဘော်တို့ အထူးသင်ကြားလာခဲ့ရတဲ့၊ စစ်မှန်တဲ့ မာ့က်စ်လီနင်ဝါဒနဲ့၊ မဟာမော်စီတုန်း အတွေးအခေါ်ဖြစ်တဲ့၊ တိုက်တိုင်းအောင် အတွေးအခေါ် တွေကို ပါတီအတွက် တော်လှန်ရေးအတွက် ဗမာပြည်လွတ်မြောက်ရေး အရေးတော်ပုံအတွက် လက်တွေ့ကျကျ အသုံးချသွားနိုင်လိမ့်မယ်လို့လဲ၊ ကျွန်တော်လုံးဝယုံကြည်ပါတယ်။

ယင်းသို့ သခင်သန်းထွန်းမှ မိန့်ခွန်းပြောပြီးနောက်တွင် ပီကင်းပြန်ရဲဘော်များကိုယ်စား၊ ရဲဘော်ချစ်မောင်ကလည်း၊ နှုတ်ခွန်းဆက် မိန့်ခွန်းကို ဤသို့ပင်ပြန်လည်၍ ပြောကြားလေသည်။

"ကြီးမြတ်သော ဥက္ကဋ္ဌကြီးနဲ့အတူ၊ ပါတီရဲ့ (၂၄)နှစ်မြောက် အခမ်းအနားကို တက်ရောက်ရလို့ အတိုင်းမသိဝမ်းသာလှပါတယ်။ ပြီးတော့ ဥက္ကဋ္ဌကြီးအနေနဲ့ ကျွန်တော်တို့ ပီကင်းပြန်ရဲဘော်တွေကို၊ အမြင့်မားဆုံးတန်ဘိုးဖြတ်ပြီး၊ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုလို့လဲ၊ အလွန်ပဲ ဝမ်းသာအားတက်မိပါတယ်။ ကျွန်တော်တို့ ပီကင်းပြန်တွေဟာ၊ ဖလ်ဘူးထဲမှာ ထည့်သိမ်းထားတဲ့။ အလွန်အဘိုးတန်တဲ့ မျိုးစေ့တွေဖြစ်ပါတယ်။ အခုအခါမှာ၊ အဲဒီမျိုးစေ့တွေဟာ၊ အပြင်ကို ရောက်လာပြီးတော့၊ အစို့အညှောင့်ကလေးတွေဟာ မကြာမီမှာ

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com



ရန်ကုန်မြို့သို့ရောက်ရှိနေသော ဗိုကင်းပြန်တို့အား ဗမာ
ပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ အမြန်ဆုံးခေါ်ယူ
ရန်အတွက် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ
ကိုယ်စားလှယ် အဖြစ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာ
သော ဗိုလ်ပုနှင့် ရဲဘော်ဘခက်တို့ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည် ကွန်မြူနစ် ပါတီ ဗဟိုဌာနချုပ် ကင်းတပ်မှ ရဲဘော်များသည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပဏာမ ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့အား လိုက်လံပို့ဆောင်ရန် အတွက် စုဝေးနေခြင်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဥက္ကဋ္ဌကြီး သခင်သန်းထွန်းနဲ့ ပါတီအတွက်၊ ပင်စည် ပင်မကြီးတွေ မှုချဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့၊ဥက္ကဋ္ဌကြီးသခင်သန်းထွန်းအတွက်ဖြစ်ဖြစ်၊ ပါတီအတွက်ဖြစ်ဖြစ်၊ ကျွန်တော်တို့ကို ပစ်တိုင်းယောင်လို့-လိုရာအသုံးပြုဘို့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းနဲ့ ပါတီကို ပုံအပ်ပါတယ်။"

ဤသို့ဖြင့် (၂၄)နှစ်မြောက် ပါတီနေ့ကို ကြွေးကြော်သံများဖြင့် အဆုံးသတ်လိုက်လေသည်။

၁၉၆၃-ခုနှစ်၊ ဩဂုတ်လ (၁၆)ရက်နေ့မှစပြီး ပီကင်းပြန် ဗဟိုကော်မတီများနှင့် ဗဟိုဌာနချုပ်ရှိ ဗဟိုကော်မတီများသည်ပြည်တွင်းပြည်ပအခြေအနေများကို အပြန်အလှန် အစီရင်ခံသော အစည်းအဝေးပွဲကို ပြုလုပ်ကြ၏။

ယင်းအစည်းအဝေးပွဲကို ဆက်လက်ကျင်းပ၍ ၁၉၆၃-ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့တွင် ရဲဘော်အောင်ကြီး၊ သခင်ပုနှင့် ဗိုလ်ဇေယျတို့၏ တင်ပြချက်များအရ၊ ပေါလစ်ဗျူရိုအဖွဲ့ အစည်းအဝေးမှ လောလောဆယ်လုပ်ငန်းတာဝန်များနှင့် ပတ်သက်သော ဆုံးဖြတ်ချက်တရပ်ကို ဤသို့ချမှတ်လိုက်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့(နိုင်ငံရေး ဦးဆောင်အဖွဲ့)၏ ဆုံးဖြတ်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ပေါလစ်ဗျူရိုအစည်းအဝေး၊ ၁၈-၈-၆၃ ရက်
ဆုံးဖြတ်ချက်

၁။ ရဲဘော်အောင်ကြီး၊ သခင်ပုနှင့် ဗိုလ်ဇေယျတို့တင်ပြသော အစီရင်ခံစာကို ပေါလစ်ဗျူရိုအဖွဲ့က တညီတညွတ်တည်း ယေဘုယျအားဖြင့် လက်ခံသည်။

ဤအစီရင်ခံစာ သဘောထားကို ပေါလစ်ဗျူရိုအဖွဲ့ မျက်နှာစုံညီအစည်းအဝေးတွင်တင်ပြ၍ အဆုံးအဖြတ်ကိုခံယူရန်။

ဗဟိုကော်မတီအစည်းအဝေးက ဆုံးဖြတ်ချက်မချမီ၊ ၅၅-ခုနှစ်၊ ဗဟိုကော်မတီဆုံးဖြတ်ချက်များပေါ် အခြေခံသည့် ၆၂-ဗဟိုကော်မတီဆုံးဖြတ်ချက်များ၏ ဘောင်အတွင်း၌ ယခုအစီရင်ခံစာပါ သဘောတရားအရ ပေါလစ်ဗျူရိုအဖွဲ့က တာဝန်ခံလုပ်ဆောင်သွားရန်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂။ ရဲဘော် အောင်ကြီး၊ သခင်ပု၊ ဗိုလ်ဇေယျတို့ ရန်ကုန်တွင် ရှိနေစဉ် **(informally)** တော်လှန်ရေးကောင်စီနှင့်၎င်း၊ ဥပဒေတွင်း ဒီမိုကရေစီအဖွဲ့ အစည်းများနှင့်၎င်း တွေ့ဆုံဆွေးနွေးပြီး၊ ဆောင်ရွက်ခဲ့သည်များကို ပေါလစ် ဗြူရိုအဖွဲ့က တာဝန်ယူလုပ်ကိုင်သွားရန်။

၃။ ဇွန်လ (၂၂) ရက်နေ့က၊ ပါတီဗဟိုကော်မတီ၏ တင်ပြထားသော ပဏာမဆွေးနွေးပွဲပြုလုပ်ရန် အကြံပေးချက်ကိုလက်ခံပြီး၊ ပါတီမှစေလွှတ်သည့် ပဏာမကိုယ်စားလှယ်အဖွဲ့ကို ကြိုဆိုပါကြောင်း၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ ပြန်စာအရ၊ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများပြုလုပ်ရန် ဆွေးနွေးမည့် အခြေခံများ သတ်မှတ်ရန်၊ ဗဟိုကော်မတီ၏ ပဏာမ ဆွေးနွေးပွဲ ကိုယ်စားလှယ် အဖွဲ့တခုကို တော်လှန်ရေးကောင်စီသို့ စေလွှတ်ရန်ဆုံးဖြတ် သည်။

၄။ ပဏာမဆွေးနွေးပွဲ၏ ရည်မှန်းချက်မှာ။—

(က) တွေ့ဆုံဆွေးနွေးရေး အရေးကိစ္စပေါ်ပေါက်လာပြီးနောက် ဖြစ် ပေါ်လာသော ပြည်သူ့လှုပ်ရှားမှုနှင့် လက်နက်ကိုင်အဖွဲ့အ စည်းများ၏ ကြီးပမ်းမှုမှရရှိသော ရလဒ်များကို၊ စုစည်းခိုင် မာစေရန်တဆင့် မြင့်အောင်တိုးချဲ့ရန်။

(ခ) အခါအခွင့်ကို အသုံးပြု၍ ရသမျှအချိန်ကို အသုံးပြု၍ ပါတီ စုစည်းရေးလက်နက်ကိုင် တော်လှန်ရေးအင်အားစုများ၏ စည်း လုံးညီညွတ်ရေးဥပဒေတွင်း ဒီမိုကရေစီအင်အားစုများ၏ စည်း လုံးညီညွတ်ရေးကို ကြိုးပမ်းသွားရန်။

၅။ ပဏာမဆွေးနွေးပွဲကိုယ်စားလှယ်အဖွဲ့၏ တာဝန်များမှာ။ –

(က) တော်လှန်ရေးကောင်စီနှင့်တွေ့ဆုံပြီး ကြိုတင်သဘောတူညီချက်- များ ရနိုင်သမျှယူရန်။

မျက်နှာစုံညီအစည်းအဝေးအတွက်၊ စဉ်းစားရမည့်နိုင်ငံရေးအခြေခံများ သတ်မှတ်ရန်။

—အတိုက်အခိုက်ရပ်စဲရေးနှင့်သဘောတူညီချက်ရယူရန်။

အတိုက်အခိုက် ရပ်စဲရေးဆိုရာ၌ ထိုးစစ်များ ရပ်စဲရေး သာမက၊ အန္တရာယ်ပြုနိုင်သော တပ်စခန်းများကိုပါရုပ်သိမ်းစေရန်။

ဗမာပြည် ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ ပထမ/
ဒုတိယဥက္ကဋ္ဌ သခင်ဘသိန်းတင်သည် မဂ်လာဒုံလေဆိပ်
မှတဆင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့
ခရီးထွက်ခွာလာခြင်းဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

—အမြင့်ဆုံးတတိုင်းပြည်လုံးအတွက် အတိုက်အခိုက်ရပ်စဲရေး။

— ၎င်းမှမဖြစ်လျှင် မဒညတ အလံနီတို့ပါ အကြိုးဝင်သော ဒေသများ အတွက် အတိုက်အခိုက်ရပ်စဲရေး။

— ၎င်းမှမဖြစ်လျှင် ပါတီ၏သြဇာသက်ရောက်သော နယ်များအတွက် သဘောတူညီချက်ယူရန်။

— ဗဟိုကော်မီတီ၏ စည်းအဝေး ကျင်းပနိုင်ရေးအတွက် လိုအပ်သော အကူအညီနှင့် လုံခြုံမှုကိုအာမခံရန်။

— မဒညတနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းရေးအတွက် အကူအညီတောင်းရန်။

— ရှမ်း၊ ကချင်စသည်တို့နှင့်ဆက်သွယ်ရေး၊ ဖြစ်နိုင်ပါက ဆက်သွယ်ရန်။

— ဖြစ်နိုင်သော အခြားသော သဘောတူညီချက် သို့မဟုတ် နားလည်မှုများရယူရန်။

— ရရှိသော သဘောတူညီချက်ကို တိုင်းပြည်သို့ ပူးတွဲကြေညာချက် ထုတ်နိုင်ရေးအတွက် ကြိုးစားရန်။

သဘောတူညီချက်ယူရမည့်၊ ပျက်နှာစုံညီအစည်းအဝေးသတ်မှတ်ရမည့် **အခြေခံများမှာ။ ---**

(က) ပမာပြည်၏ ပကတိပျက်ပြောက်အခြေအနေဆန်းစစ်ချက်။

ဤသို့သုံးသပ်ရာတွင် အတိတ်မှ သင်ခန်းစာများကို လိုအပ်သလောက် ဖော်ထုတ်ရန်ဖြစ်သည်။ အထူးသဖြင့်သတိပြုရန်မှာ အတိတ်ထက် ပစ္စုပ္ပန်နှင့် အနာဂါတ်အတွက်ကိုသာ ပိုမိုအလေးတင်းရန်ဖြစ်သည်။

(ခ) လက်ငင်း လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းများ။
ဤနေရာတွင် ဗဟိုကော်မီတီ၏အချက်(၄)ချက်ကို တင်ပြရန်ဖြစ်သည်။

(ဂ) ပြည်တွင်းငြိမ်းချမ်းရေး ကည်ဘောက်ရေးဆိုင်ရာ ပြဿနာများ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပဏာမကိုယ်စားလှယ်အဖွဲ့၏အခွင့်အာဏာများမှာ---

(က) မျက်နှာစုံညီ အစည်းအဝေးအတွက် အခြေခံများသတ်မှတ်နိုင်ခွင့်။

(ခ) အတိုက်အခိုက်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်လုပ်နိုင်ခွင့်။

(ဂ) ရရှိသော သဘောတူညီချက်နှင့် ပတ်သက်၍ တော်လှန်ရေးကောင်စီနှင့်ပူးတွဲ၍သော်၎င်း၊ ပါတီအနေနှင့်၎င်း၊ ကြေညာချက်ထုတ်ပိုင်ခွင့်။

အတိုက်အခိုက်ရပ်စဲရေးနှင့်ပတ်သက်၍ ပြည်သူ့တပ်မတော်နှင့် ပြည်သူ့ပြောက်ကျားတပ်များသို့ အမိန့်ပြန်တမ်း ထုတ်ပိုင်ခွင့်။

(ဃ) အခြားသော သဘောတူညီချက်နှင့် နားလည်မှုများရယူနိုင်ခွင့်။

၆။ ပဏာမကိုယ်စားလှယ်အဖွဲ့၏ ဥပဒေတွင်း ဒီမိုကရေစီ အဖွဲ့အစည်းများနှင့် ပတ်သက်၍ တာဝန်မှာ—

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပါတီ၏လမ်းစဉ်ကို ရှင်းလင်းခြင်း၊ ၎င်းအဖွဲ့အစည်းများ၏ အကြံပေးချက်များကို ခံယူခြင်း ၎င်းအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုကို စွမ်းဆောင်နိုင်သမျှကို ကူညီခြင်းဖြစ်သည်။

အခြေအနေကခွင့်ပြုပါက ၎င်းအဖွဲ့အစည်း များနှင့် ပူးတွဲ ကြေညာချက်ထုတ်ပိုင်ခွင့်ရှိသည်။

၇။ ပါတီစည်းရုံးရေးနှင့် ပတ်သက်၍ ပဏာမ ကိုယ်စားလှယ် အဖွဲ့၏ တာဝန်များမှာ—

(က) အဝေးရောက် ရဲဘော်များကိစ္စ။

(ခ) မြေအောက်ပါတီ စည်းရုံးရေး ကိစ္စများကို ဆောင်ရွက်ရန်ဖြစ်သည်။

၈။ ပဏာမကိုယ်စားလှယ်အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်။

(က) ရဲဘော်ဌေး–ဗဟိုကော်မတီ၊ အတွင်းရေးမှူး (ပဏာမ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်)။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ခ) ရဲဘော်အောင်ကြီး— ဗဟိုကော်မတီအဖွဲ့ဝင်။

(ဂ) ရဲဘော်ဗိုလ်ဇေယျ— ဗဟိုကော်မတီအဖွဲ့ဝင်နှင့် စစ်ဦးစီးဌာန ချုပ်မှူး— ဗဟိုစစ်ဦးစီးဌာနချုပ်။

(ဃ) ရဲဘော်ဗိုလ်စိုးမောင်— တပ်မှူးကြီး—ဗဟိုစစ်ဦးစီးဌာနချုပ်။

(င) ရဲဘော်ဗိုလ်ပု— တပ်မှူးကြီး- ဗဟိုစစ်ဦးစီးဌာနချုပ်။

(စ) ရဲဘော်သက်တင်—ပါတီဗဟိုဌာနချုပ်။

လိုအပ်သောရှေ့အဖွဲ့၊ ဆက်သားအဖွဲ့၊ ကာကွယ်ရေးအဖွဲ့တို့ကို ခေါ်သွားရန်။

၉။ အောက်ပါစာတမ်းများ၊ စာများကို ရေးသားပြုစုရန်။

(က) တော်လှန်ရေးကောင်စီ။

—ပဉ္စမ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ကြောင်း ပေးစာ။

—တော်လှန်ရေး ကောင်စီထံ တင်ပြမည့် စာတမ်း (အစည်းအဝေး အခြေခံသတ်မှတ်ချက်)

—ဗိုလ်နေဝင်းထံ ပုဂ္ဂိုလ်အရပေးစာ။

(ခ) ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့။

—ဆရာကြီးထံ ပုဂ္ဂိုလ်အရပေးစာ။

—ဗိုလ်ကျော်ဇောထံ ပုဂ္ဂိုလ်အရပေးစာ။

—ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့သို့ပေးစာ။

(ဂ) ပြည်တွင်းငြိမ်းချမ်းရေးကြိုဆိုမှု၊ ပြည်သူ့ကော်မတီသို့ပေးစာ။

(ဃ) ဗိုလ်ချုပ်အောင်ဆန်းထံ အမိန့်ခံပြုချက်။

(င) တိုင်းပြည်သို့ ကျေညာချက်။

(စ) သတင်းစာကွန်ဖရင့်တွင် ပေါ်ပေါက်စရာရှိသည့် မေးခွန်းများ၊ ကြိုတင်ပြုစုထားရန်။

(ဆ) ယခုဆွေးနွေးချက်များကို အခြေခံ၍၊ နိုင်ငံရေး ဆုံးဖြတ်ချက်များကိုပြုစုရန်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်ကုန်မြို့သို့ရောက်ရှိနေသောပီကင်းပြန်များ ဗမာပြည်
ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ ခရီးထွက်ရန်အတွက်
မင်္ဂလာဒုံလေဆိပ်တွင် တပ်မတော်အရာရှိများမှ လိုက်
လံ ပို့ဆောင်နေခြင်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပဏာမ ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့ဝင်များ ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၀။ သခင်ဘသိန်းတင်ကိစ္စ။

- ပမာပြည်သို့ ပြန်ခေါ်ရန်။

သူ့ကိစ္စနှင့် ပတ်သက်၍၊ တော်လှန်ရေးကောင်စီနှင့် သဘောတူညီချက်ယူရန်။

၁၁။ ဗဟိုကော်မီတီ အစည်းအဝေးကို မူလသတ်မှတ်ထားသည့် နေရာတွင် ကျင်းပရန်။

၁၂။ ကိုငွေသိန်း (သခင်ချစ်)၏ စာအပေါ် ဆုံးဖြတ်ချက်။

(က) ဗဟိုကော်မီတီ အစည်းအဝေးပြီးမှ သခင်စိုး၊ ကေ အဲန်ယူပါတီ တို့နှင့် တွေ့ဆုံဆွေးနွေးရန်။

(ခ) အကယ်၍ သခင်စိုးသည် သူ့ပါသာသူ ရောက်လာပါက သူ၏ တင်ပြချက်ကို နားထောင်ရန်။

(ဂ) ကိုငွေသိန်း (သခင်ချစ်)နှင့် ပါခြား ဗဟိုကော်မတီ ပဲဘော်များကို ဗဟိုဌာနချုပ်သို့ ခေါ်ယူရန်။

၁၃။ ချင်းအမျိုးသားအဖွဲ့များနှင့် တော်လှန်ရေးကောင်စီ တွေ့ရေးကိစ္စ။

—ရင်းတို့ပါသာ သီးခြားကမ်းလှမ်းစေရန်။

— သီးခြားလိုက်လာစေရန်။

—ရင်းတို့အားခေါ်ယူ၍ ရှင်းပြရန်။

ဤသည်တို့မှာ ၁၉၆၃-ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင် ကျင်းပသော အရေးပေါ် ပေါလစ်ဗျူရိုအဖွဲ့ (နိုင်ငံရေးဦးဆောင်အဖွဲ့)၏ ဆုံးဖြတ်ချက်ပင် ဖြစ်လေသည်။

(၅) ပဏာမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့

၁၉၆၃-ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပဏာမပြောင်ဆင်ရေးကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်သို့စေလွှတ်ရန်ဆုံးဖြတ်လိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပထမ ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်မှာ၊ ရဲဘော်ငွေး ဖြစ်၏။ ရဲဘော်ငွေးသည်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၏ အတွင်းရေးမှူး လည်းဖြစ်၏။

ပထမကိုယ်စားလှယ်အဖွဲ့၏ အဖွဲ့ဝင်များမှာ—

(က) ရဲဘော်အောင်ကြီး.... ဗဟိုကော်မတီ။

(ခ) ဗိုလ်ဇေယျ .... ဗဟိုကော်မတီနှင့်စစ်ဦးစီးဌာနချုပ်မှူး။

(ဂ) ဗိုလ်စိုးမောင် .... တပ်မှူးကြီး၊ ဗဟိုစစ်ဦးစီးဌာနချုပ်။

(ဃ) ဗိုလ်ပု .... တပ်မှူးကြီး၊ဗဟိုစစ်ဦးစီးဌာနချုပ်။

(င) ရဲဘော်ဘက်တင် .... ပါတီဗဟိုဌာနချုပ်

တို့ဖြစ်ကြလေသည်။

ပထမကိုယ်စားလှယ်အဖွဲ့အတွက်၊ အဖွဲ့ဝင်များကို ရွေးချယ်ရာတွင်၊ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့ကသာ တာဝန်ခံ၍ ရွေးချယ်ကြခြင်းဖြစ်လေသည်။

ယင်းသို့ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ပထမကိုယ်စားလှယ်အဖွဲ့ကို ရွေးချယ်ရာတွင် ကြီးမားသော အကြပ်အတည်းနှင့် တွေ့ကြုံရ၏။ အဘယ်ကြောင့်ဆိုသော်၊ဖြစ်ချင်သည်ကိုမဖြစ်ရ၍ဖြစ်၏။ပထမကိုယ်စားလှယ်အဖွဲ့၏ခေါင်းဆောင်တာဝန်ကို သခင်ချစ်အားပေးလိုကြ၏၊ သို့သော်လည်း သခင်ချစ်သည် ဗဟိုဌာနချုပ်တွင် မရှိဖြစ်နေ၏။ ရခိုင်ပြည်နယ်သို့ရောက်နေ၏။ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ရဲဘော်ငွေးအား ပထမကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်တာဝန်ကို မည်သို့မျှမပေးလိုကြပေ။

အမှန်စင်စစ်အားဖြင့် ပထမကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် တာဝန်ကို၊ ရဲဘော်ငွေးကိုသာ ပေးရမည်ဖြစ်၏။ ရဲဘော်ငွေးသည် ဗဟိုကော်မတီ အတွင်းရေးမှူးဖြစ်၏။ ရဲဘော်ငွေးအား၊၁၉၆၂-ခုနှစ်၊ ဇွန်လတွင်ကျင်းပသော ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီအစည်းအဝေးမှ ဗဟိုကော်မတီအတွင်းရေးမှူးအဖြစ်ဖြင့် တညီတညွတ်တည်းတင်မြှောက်ခြင်းကို ခံရသူဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ၊ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ဗဟိုကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ကြမည်သာဖြစ်၏။ သို့ရာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်ကုန်မြို့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ဝင်တို့သည် ပြည်သူ့ကော်မတီ ဗဟိုကော်မတီအဖွဲ့ဝင်တို့အား ဗမာပြည်ကွန်မြူနစ်ပါတီ၏ သဘောထားများကို တင်ပြရှင်းလင်းနေခြင်း ဖြစ်ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ပထာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် မြို့ပေါ်တွင်ရောက်ရှိ နေကြသော ရဲဘော်များအား ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ဆုံးသဘောထားများကို ရှင်းလင်းတင်ပြနေခြင်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် အချိန်မရသည့်အခြေအနေကြောင့်သာလျှင် ရဲဘော်ဌေးအား၊ ပဏာမပြင်ဆင်ရေး ကိုယ်စားလှယ်အဖွဲ့၏ခေါင်းဆောင်အဖြစ် တာဝန်ပေးလိုက်လေသည်။

ထို့ပြင် ပဏာမကိုယ်စားလှယ်အဖွဲ့ဝင် ရွေးချယ်ရေးနှင့် ပတ်သက်၍လည်း သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့၏ အဆုံးအဖြတ်အရသာဖြစ်ရ၏။ ရဲဘော်ဘတင် (ဂိုရှယ်)အနေနှင့် ဗမာပြည်တွင်းမှ အတွေ့အကြုံရှိ၍ ရင့်ကျက်မှုရှိသော ဗဟိုကော်မတီအချို့ကို ထည့်သွင်းလို၏။ ဗဟိုဌာနချုပ်၏ ပတ်ဝန်းကျင်တွင်ရှိသော၊ ပဲခူးရိုးမတိုင်း ဥက္ကဋ္ဌဗဟိုကော်မတီရဲဘော်မြအား၊ ပဏာမကိုယ်စားလှယ်အဖွဲ့တွင် ထည့်သွင်းရန် ရာထားခဲ့ပြီးဖြစ်၏။ သို့သော်လည်း သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့က၊ အပြင်းအထန်ကန့်ကွက်၍ ပယ်ချခဲ့ကြ၏။ "တရုပ်ပြည်က ပြန်လာတဲ့ ခေါင်းဆောင်များကို ဗမာပြည်သူလူထုက အထင်ကြီးတယ်။ စိတ်ဝင်စားနေကြတယ်။ စစ်အစိုးရနဲ့ သူ့ရဲ့တပ်မတော်အတွင်းကလဲ ပီကင်းပြန်တွေကိုသာ လေးစားကြတယ်။ တန်ဘိုးထားကြတယ်။ ဒါကြောင့်-ပါတီရဲ့ အကျိုးအမြတ်ကိုကြည့်ပြီး ပီကင်းပြန် ဗဟိုကော်မတီများကိုသာ ထည့်ရမယ်"ဟူ၍ ဖြစ်လေသည်။

ပဏာမကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်သော ဗိုလ်ပုနှင့် ဗိုလ်စိုးမောင်တို့နှင့် ပတ်သက်၍လည်းအခြေအတင် ဖြစ်ကြရ၏။ အချို့က ပီကင်းပြန် ဗိုလ်ထွန်းငြိမ်းအား ထည့်သွင်းလိုကြ၏။ ဗိုလ်ပုနှင့် ဗိုလ်စိုးမောင်တို့နှင့် ပတ်သက်၍မူ၊ သခင်သန်းထွန်း ကိုယ်တိုင်ကပင် ရွေးချယ်သင့်သည်ဟု သဘောထားပေး၏။ "ဗိုလ်ပုနဲ့ ဗိုလ်စိုးမောင်တို့ဟာ ရန်သူ့စစ်တပ်ထဲမှာ ရင်းနှီးတဲ့သူတွေရှိတယ်။ သူတို့ဩဇာလဲသက်ရောက်နိုင်တယ်။ ပြီးတော့-သူတို့ကိုယ်တိုင်ကလဲ ရန်သူ့စစ်တပ်ကလာကြသူတွေဆိုတော့ ပိုပြီးမျက်နှာပန်းလှမယ်။ ရန်သူ့စစ်တပ်ကလာတဲ့လူတွေကိုလဲ ကျွန်တော်တို့က နေရာပေးထားတယ်ဆိုတာ မြင်အောင်ပြရာရောက်တယ်"ဟူ၍ဖြစ်၏။ ထို့ကြောင့်ပင်၊ သခင်သန်းထွန်းသည်၊ ဗိုလ်ပုနှင့် ဗိုလ်စိုးမောင်တို့အား၊ ချက်ခြင်းကောက်ခါငင်ကာပင် **"တပ်မှူးကြီး၊ ဗဟိုစစ်ဦးစီးဌာနချုပ်"**ဟူ၍ ခန့်အပ် တာဝန်ပေးလိုက်၏။ အမှန်စင်စစ် အားဖြင့် ဗိုလ်ပုနှင့် ဗိုလ်စိုးမောင်တို့သည်၊ ဗဟိုဌာနချုပ်မှမဟုတ်ပေ။ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ရှမ်းပြည်နယ်ကော်မတီဝင်များသာဖြစ်၏။ ဗဟိုဌာနချုပ်သို့ ဆွေးနွေးရန်အတွက် ယာယီရောက်နေသူများသာ ဖြစ်၏။ **"ဗိုလ်ပု၊ တပ်မှူးကြီး၊ ဗဟိုစစ်ဦးစီးဌာနချုပ်"**နှင့် **"ဗိုလ်စိုးမောင်၊ တပ်မှူးကြီး၊ ဗဟိုစစ်ဦးစီးဌာနချုပ်"** စသည့်ရာထူးကြီးများမှာ သခင်သန်းထွန်းအနေနှင့် အရေးပေါ်ခန့်အပ်လိုက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခြင်းသာဖြစ်၏။ ထို့ကြောင့်ပင်၊ "တပ်မှူးကြီး ဗိုလ်ပု နှင့် တပ်မှူးကြီး ဗိုလ်စိုးမောင်"တို့အား၊ ၁၉၆၃-ခုနှစ်တွင်ရသည့် "နဝင်းချောင်းဖျား ကော်မရှင်များ" ဟု ခေါ်ကြလေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် "ဗဟိုစစ်ဦးစီးဌာနချုပ်" ဟူ၍ ဖွဲ့စည်းထားခြင်း၊ တည်ထောင်ထားခြင်းလည်း မရှိခဲ့ပေ။ ၁၉၅၅-ခုနှစ်နောက်ပိုင်း၌၊ ဗဟိုစစ်ဦးစီးဌာနချုပ်ကို ဖျက်သိမ်းခဲ့ပြီးဖြစ်၏။ သို့ရာတွင်၊ သခင်သန်းထွန်းသည် ၁၉၆၃-ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့စွဲဖြင့်၊ "ဗိုလ်ချုပ်ကြီးနေဝင်းထံသို့ ပေးပို့သည့် "ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့် ပဏာမဆွေးနွေးရန်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခြင်း" ဟူသော၊ ပေးစာပေါ်တွင်သာ ဗိုလ်ဇေယျအား ဗဟိုစစ်ဦးစီးဌာနချုပ်မှူးအဖြစ် ခန့်ထားလိုက်ပြီး "ဗဟိုစစ်ဦးစီးဌာနချုပ်" ကိုလည်း၊ ယင်းပေးစာ ပေါ်တွင်ရေး၍ တည်ထောင်လိုက်ခြင်းဖြစ်လေသည်။

> **"ရန်သူနဲ့တွေ့ရ၊ ရင်ဆိုင်ရတဲ့အခါမှာ၊ ပါတီဟာ အစစအရာရာမှာ အဘက်ဘက်မှ၊ ခန့်ညားဘို့လိုတယ်။ ထယ်ဝါဘို့လိုတယ်။ မရှိတာကို ရှိအောင်လုပ်ရမယ်။ ဖန်တီးရမယ်။ ဒါမှ ရန်သူက၊ လေးစားလာမှာဖြစ်တယ်။"**

ထို့ကြောင့်ပင် သခင်သန်းထွန်းသည် "ဗဟိုစစ်ဦးစီးဌာနချုပ်" ဆိုသည်ကို၊ စာရွက်ပေါ်တွင် တည်ထောင်လိုက်ပြီးနောက် "နဝင်းချောင်းဖျားကော်မရှင်များ"ကို၊ ပေးလိုက်ခြင်းဖြစ်လေသည်။

ရဲဘော်ကြီး ဦးသက်တင်ကိုလည်း၊ ပဏာမကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ်ဖြင့်၊ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့မှ ထည့်သွင်းလိုက်ခြင်းမှာလည်း အကြောင်းရှိ၏။ ရဲဘော်ဦးသက်တင်သည် အလံနီကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ကိုယ်စားလှယ်အဖြစ်ဖြင့်၊ တရုပ်ပြည်သို့ ရောက်နေသူဖြစ်၏။ တရုပ်ပြည်တွင် တရုပ်ကွန်မြူနစ်ပါတီ၏ ညွှန်ကြားမှုအရ.... ဗမာပြည်ကွန်မြူနစ်ပါတီသို့ ကူးပြောင်းလာခဲ့သူဖြစ်၏။ ထို့ကြောင့် သခင်သန်းထွန်းသည် ရန်ကုန်မြို့နှင့် ဗမာပြည်အနှံ့အပြားတွင်ရှိသော အလံနီအနွယ်များကို စည်းရုံးသိမ်းသွင်းရန်အတွက် ရည်ရွယ်ခြင်းဖြစ်၏။ ထို့ပြင်၊ ပီကင်းပြန်ဖြစ်၍လည်း အရှိန်ဩဇာသည် ပို၍ကြီးမားမြင့်တက်လာမည်ဟုတွက်ဆထားခြင်းကြောင့် ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက်တွင် ပဏာမကိုယ်စားလှယ်အဖွဲ့၏ ရုံးအဖွဲ့ကိုလည်း ရွေးချယ်လိုက်၏။ ရုံးတာဝန်ခံမှာ ပီကင်းပြန်ရဲဘော်ခင်ကြီးဖြစ်၏။ ရုံးအဖွဲ့ဝင်များမှာ ပီကင်းပြန်ရဲဘော်ညိုနှင့် ရဲဘော်ထွန်းရီ(ခေါ်)ထွန်းသာဖြစ်၏။ ပဏာမကိုယ်စားလှယ်အဖွဲ့၏ကာကွယ်ရေးတာဝန်ခံမှာပီကင်းပြန် ဗိုလ်ဘဖြူဖြစ်၏။ အဖွဲ့ဝင်မှာ ပီကင်းပြန် ရဲဘော်မင်းအောင် ဖြစ်၏။ ရဲဘော်ဘခက်ကိုမူ ဗမာပြည်ကွန်မြူနစ်ပါတီ၏ မြေအောက်လုပ်ငန်းများနှင့် ပဏာမကိုယ်စားလှယ်အဖွဲ့၏ မြေအောက် လုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် အထူးရွေးချယ်လိုက်ခြင်းဖြစ်လေသည်။

၁၉၆၃-ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့တွင်ဖြစ်၏။ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် အလုပ်များနေကြ၏။ မနေမနား နေ့ညမအားဖြစ်နေ၏။ ပဏာမကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှုများအတွက် စီစဉ်နေရခြင်း ဖြစ်၏။ သခင်သန်းထွန်းတို့သည် ပဏာမ ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှုများကို ရန်ကုန်မြို့တွင် ကြိုတင်၍ လျှို့ဝှက်ဆက်သွယ်ရေးများကို ပြုလုပ်နိုင်ရန်အတွက်၊ ပဏာမကိုယ်စားလှယ်အဖွဲ့၏ရှေ့ပြေးအဖွဲ့တဖွဲ့ကို ဖွဲ့စည်းလိုက်၏။ ယင်းအဖွဲ့တွင် (၁) ပီကင်းပြန်ရဲဘော်ညို (၂)ပီကင်းပြန်ဗိုလ်ဘဖြူ (၃) ရဲဘော်ဘခက် (၄) ရဲဘော်တွန်းရီတို့ဖြစ်ကြ၏။ ရှေ့ပြေးအဖွဲ့၏ တာဝန်များကိုလည်း သီးသန့်ပေးလိုက်၏။ ရှေ့ပြေးအဖွဲ့သည် ၁၉၆၃-ခုနှစ်ဩဂုတ်လ(၁၉)ရက်နေ့တွင်၊ ဗဟိုဌာနချုပ်စခန်းမှ ပဲခူးရိုးမရွှေတောင်ငွေတောင်စခန်းသို့ ရောက်၏။ ဩဂုတ်လ(၂၄)ရက်နေ့တွင် ရွှေတောင်ငွေတောင်စခန်းမှ ဘားတောရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆိုက်ရောက်ခဲ့ကြလေသည်။

ယင်းသို့ ပဏာမကိုယ်စားလှယ်အဖွဲ့၏ ရှေ့ပြေးအဖွဲ့သည် ရန်ကုန်သို့ရောက်လျှင်ရောက်ခြင်းပင် အထူးတာဝန်များကို ခံ့ဝေ၍ဆောင်ရွက်ကြရ၏။ ပီကင်းပြန်ဗိုလ်ဘဖြူနှင့် ရဲဘော်ညိုတို့မှာ၊ပဏာမကိုယ်စားလှယ်အဖွဲ့၏ တည်းခိုရိပ်သာအတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် ဆွေးနွေးတင်ပြတောင်းဆို၏။ ပဏာမကိုယ်စားလှယ်အဖွဲ့၏ တည်းခိုရိပ်သာ အဆောက်အဦကို ရန်ကုန်မြို့တွင်းတွင်သာ ထားရန်ဖြစ်၏။ ယင်းကို အခွင့်အရေးတရပ်အနေဖြင့် ဖြစ်သည့်နည်းနှင့်ရယူရန်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ရန်ကုန်မြို့တွင်းတွင်သာ နေ့ညမဟူပင်ဒေသအသီးသီးနှင့် ဆက်သွယ်နိုင်ရေးအတွက်အခွင့်သာမည် ဖြစ်လေသည်။

အထူးသဖြင့် မြေပေါ်လက်ဝဲနိုင်ငံရေးအဖွဲ့အစည်းများကိုလည်း လျှိုက်၍တွေ့ဆုံဆွေးနွေးနိုင်မည်ဖြစ်၏။ ညှန်ကြားနိုင်မည်ဖြစ်၏။ စုစည်းနိုင်မည်ဖြစ်၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပဏာမကိုယ်စားလှယ်အဖွဲ့၏ မြေအောက်လျှို့ဝှက် ဆက်သွယ်ရေးနှင့် စည်းရုံးရေးလုပ်ငန်းများကို လုပ်ကိုင်ရန်အတွက် အထူးတာဝန်ကို ပေးအပ်ခြင်း ခံရသော ရဲဘော်ဘခက်သည်လည်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ မြေအောက် စည်းရုံးရေးလုပ်ငန်းများကို အကောင်အထည်စတင်၍ ဖော်ရလေတော့သည်။

ရဲဘော်ဘခက်သည်၊ —“ပြည်သူ့ကော်မတီ”အတွင်းမှ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကိုယ်စားလှယ်များနှင့် အဆက်အသွယ်ရရေးကို ပထမဦးဆုံး ကြိုးစားရ၏။ ၁၉၆၃-ခုနှစ်၊ ဩဂုတ်လ(၂၄)ရက်နေ့တွင်၊ ဗမာပြည် ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုလူကြီး သခင်ချစ်၏ဇနီး ဒေါ်ခင်သန်း(ခေါ်) ဒေါ်အမာသည် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သွား၏။ သခင်ချစ်၏ဇနီး ဒေါ်အမာ၏ စျာပနတွင်၊ နိုင်ငံရေးသမားပေါင်းစုံကို တွေ့ရမည်ဖြစ်၏။ ဒေါ်အမာ၏ စျာပနသည်ဗမာပြည်ကွန်မြူနစ်ပါတီ၏ မြေအောက် လျှို့ဝှက်လုပ်ငန်းများကို အသုံးချရန်အတွက် အခါအခွင့်ကောင်းတရပ်ပင်ဖြစ်၏။ ထို့ကြောင့်၁၉၆၃-ခုနှစ်ဩဂုတ်လ(၂၅)ရက်နေ့တွင်—ဒေါ်အမာ၏စျာပနသို့ သွားလိုကြောင်းကို သက်ဆိုင်ရာကိုတင်ပြ၏။ ဒေါ်အမာ၏ စျာပနသို့ ရောက်သောအခါတွင်၊ တွေ့ဆုံဆွေးနွေးလိုသည့်ပုဂ္ဂိုလ်များကို တွေ့ဆုံဆွေးနွေး၏။ညွှန်ကြားချက်များကိုလည်း ပေး၏။ သခင်သန်းထွန်းနှင့်ရဲဘော်အောင်ကြီးတို့၏ ညွှန်ကြားချက်အရ၊ ရဲဘော်ဘခက်သည် ပြည်သူ့ကော်မတီမှ အချို့သော ကိုယ်စားလှယ်များနှင့်တွေ့၍ “ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါ၏။”ဟူသော ကြေညာချက်မူကြမ်းကို ရေးပေးရလေသည်။

အမှန်စင်စစ်အားဖြင့်၊ စျာပနအခမ်းအနားကို၊ မိမိတို့အကျိုးအတွက်၊ အသုံးပြုလိုက်ခြင်းပင်ဖြစ်သည်။

(၆) ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှုများ။

၁၉၆၃-ခုနှစ်၊ ဩဂုတ်လ (၂၆)ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ဗဟိုဌာနချုပ်စခန်းမှ ပြည်ခရိုင် ပေါက်ခေါင်းမြို့သို့ ထွက်ခွါလာခဲ့ကြလေသည်။

အမှန်စင်စစ်အားဖြင့် ပဏာမကိုယ်စားလှယ်အဖွဲ့သည် ပေါက်ခေါင်းမြို့မှ တဆင့်လာရန် အစီအစဉ်မရှိချေ။ နောက်မှပင် ပေါက်ခေါင်းမြို့သို့ သွားရန်အတွက် အပူတပြင်းစိုင်းပြင်း ပြင်ဆင်ရခြင်းဖြစ်၏။ အကြောင်းမှာ ပေါက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပဏာမ ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့သည်၊ ဗမာပြည် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗြူရိုအဖွဲ့ဝင် သခင်ချစ်၏ သားနှင့်သမီးများ ကို တွေ့ဆုံ၍ အားပေးစကား ပြောကြားနေခြင်းဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် အာဇာနည်ကုန်းသို့ သွားရောက်ပြီး၊ လွမ်းသူ့ပန်းခွေ ချ၍ အလေးပြုနေခြင်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခေါင်းမြို့သို့ ဗဟိုဌာနချုပ်မှသွားလျှင် ပေါက်ခေါင်းဒေသ၏ လူထုကို ဗမာပြည်ကွန်မြူနစ်ပါတီ၏ အင်အားပြနိုင်မည်ဖြစ်၏။ အင်အားဖြင့်စည်းရုံးနိုင်မည်ဖြစ်၏။

သို့ရာတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် ကင်းတပ်ဟူ၍လည်း ဖွဲ့ဖွဲ့စည်းစည်းမရှိချေ။ ထို့ကြောင့် ဗဟိုဌာနချုပ်အတွက် ဗဟိုကင်းတပ်ကို နေ့ချင်းညချင်းပင် တည်ဆောက်ကြရ၏။ ဖန်တီးကြရ၏။ ဗမာပြည် ကွန်မြူနစ်ပါတီ ပြည်ခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်တို့မှ ရဲဘော်များကို စုစည်းလိုက်၏။ အကောင်းဆုံးလက်နက်များကိုလည်း တောင်းလိုက်၏။ ဤသို့စုပေါင်းစပ်ပေါင်းဖြင့် ဗဟိုကင်း တပ် ဆိုသည် ကို ဖန်တီး၍ တည်ဆောက်လိုက်ကြလေသည်။

၁၉၆၃-ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့တွင် ပဏာမကိုယ်စားလှယ်အဖွဲ့သည် ပြည်မြို့မှတဆင့် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြ၏။ဩဂုတ်လ(၂၉)ရက်နေ့တွင် ရန်ကုန်မြို့တွင်ရှိသော မိဘဆွေမျိုးများနှင့် တွေ့ဆုံရေးအစီအစဉ်ကို ကြိုတင်၍ အကောင်အထည်ဖော်ကြသည်။

ယင်းသို့ မိဘဆွေမျိုးများနှင့် ပထမဦးဆုံး တွေ့ဆုံရေးအတွက် စီစဉ်ခြင်းမှာ တချက်ခုတ် နှစ်ချက်ပြတ်စေခြင်းပင် ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ၊ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ၁၉၆၃-ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ အိမ်တွင်ပင် ရန်ကုန်မြို့မှ ဗမာပြည်ကွန်မြူနစ်ပါတီ မြေအောက်ပါတီ တာဝန်ခံ၏ ဆက်သားနှင့်တွေ့ဆုံ၍၊ ဗဟိုဌာနချုပ်၏ လတ်တလောမြေအောက် လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်ချားကို ပေးလိုက်လေသည်။

ထို့နောက်တွင် ဗိုလ်ချုပ်အောင်ဆန်းဂူ၌ လွမ်းသူပန်းခွေကိုချ၍၊ ဗဟိုဌာနချုပ်မှ အသင့်ရေးယူလာသော "ဗမာပြည်ကွန်မြူနစ်ပါတီ၏ အမိဌာန်ချက်" ဆိုသည်ကို ဘတ်ကြား၍ အလေးပြုကြသည်။

ဗမာပြည် ကွန်မြူနစ်ပါတီသည် ဗိုလ်ချုပ်အောင်ဆန်းဂူရှေ့တွင် လွမ်းသူ့ပန်းခွေချ၍ အလေးပြုခြင်းမှာ ပြည်သူလူထုတရပ်လုံးအား၊ ဝါဒဖြန့်ချိရန်အတွက် သက်သက်သာဖြစ်၏။ ယင်းကိုဝါဒ ဖြန့်ချိရေးစင်မြင့်အဖြစ် အသုံးချခြင်းပင်ဖြစ်၏။ သခင်သန်းထွန်းနှင့် ပီကင်းပြန် ရဲဘော်အောင်ကြီး သခင်ပု

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တို့ကဆိုလျှင် "အောင်ဆန်းဟာ ဗမာပြည်မှာအကြီးဆုံး သစ္စာဖောက်ပဲ။ တိုင်းပြည်ကို ရောင်းစားတဲ့ ဖက်ဆစ်ကြီးပဲ။ ဒါက-အောင်ဆန်းနဲ့ ပတ်သက်တဲ့ ပစ္စည်းမဲ့လူတန်းစား ရပ်တည်မှုအမြင်အရ မျဉ်းပြတ်ထားရမှာ ဖြစ်တယ်။ ဒါပေမဲ့ တဘက်က အောင်ဆန်းရဲ့ အမျိုးသားရေး မှိုင်းဝင်နေသေးတဲ့ အောင်ဆန်းကို လေးစားတဲ့ ထုကြီးကလဲ ရှိသေးတယ်ဆိုတာမြင်ရမယ်။ ဒါကြောင့် မို့ အောင်ဆန်းနဲ့ သက် ပစ္စည်းမဲ့လူတန်းစား ရပ်တည်မှုကို မထိခိုက်တဲ့ လုပ်ဆောင်မှုတွေကို စနစ်တကျ လုပ်ဆောင်သွားဘို့လိုတယ်" ဟူ၍ ပြောကြားလိုက်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ပဏာမကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့တွင် အဓိကလုပ်ငန်း တာဝန်ကြီး နှစ်ရပ်ကို တပြိုင်တည်း ပြုလုပ်နေရ၏။ ပထမမှာ ရန်ကုန်မြို့တွင်ရှိသော တရုပ်သံရုံးနှင့် ဆက်သွယ်၍ ပီကင်းနှင့်တရုပ်သံရုံးမှ ညွှန်ကြားချက်များကို အဆက်မပြတ် ရယူနေရခြင်းဖြစ်၏။ ဒုတိယမှာ ဗမာပြည် ဒေသအသီးသီးမှ မြေပေါ်မြေအောက် အဆက်အသွယ် များကို ယူ၍ စည်းရုံးရေး ဒေသများကို တိုးချဲ့ရန်တို့အတွက် ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ပဏာမကိုယ်စားလှယ်အဖွဲ့သည် ၁၉၆၃-ခုနှစ် စက်တင်ဘာလ (၄)ရက် နေ့လည် (၁)နာရီ(၁၅)မိနစ် အချိန်တွင်၊ ပြည်သူ့ကော်မတီနှင့် တွေ့ဆုံ၏။ စက်တင်ဘာလ (၅)ရက် နေ့တွင် ပမညတ-သဘာပတိအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး၏။ စက်တင်ဘာလ (၆)ရက်နေ့တွင် ပြည်သူ့တိုးတက်ရေး ပါတီနှင့် တွေ့ဆုံဆွေးနွေး၏။ နေ့လည်(၁)နာရီတွင် ကရင် အမျိုးသားအဖွဲ့၊ (အေဘီကေအို)နှင့် တွေ့ဆုံဆွေးနွေး၏။ စက်တင်ဘာလ(၁၁)ရက်နေ့တွင်မူ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောနှင့် တွေ့ဆုံဆွေးနွေးလေသည်။

ဤသို့ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့တွင်ရှိသော ထင်ရှားသည့်၊ လက်ဝဲနိုင်ငံရေး ပါတီအဖွဲ့အစည်း များကို ကြိုတင်၍ စီစဉ်ထားသော အစီအစဉ်များဖြင့် စနစ်တကျ တွေ့ဆုံခြင်းဖြစ်၏။ ထိုသို့ တွေ့ဆုံခြင်းမှာလည်း မြေပေါ်တွင်ရှိနေသော လက်ဝဲနိုင်ငံရေး ပါတီအဖွဲ့အစည်းများကို စည်းရုံးရေးအရ၊ နိုင်ငံရေးအရ၊ တစုတစည်း တည်း ဖြစ်လာစေရန်အတွက် ဖြစ်၏။ ထို့ပြင် တော်လှန်ရေး ကောင်စီနှင့် တွေ့ဆုံဆွေးနွေးရာတွင် အကြပ်ကိုင်နိုင်ရန် အတွက်အားပြုခြင်း၊ တနည်း အားဖြင့် ဖိအားပေးရန်အတွက် ဖြစ်လေသည်။

ယင်းကဲ့သို့ ဗမာပြည် ကွန်မြူနစ်ပါတီ ပဏာမကိုယ်စားလှယ် အဖွဲ့သည် မြေပေါ်၌ရှိသော နိုင်ငံရေးပါတီများနှင့် လက်ရှိနိုင်ငံရေး၊ စည်းရုံးရေး အ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခြေအနေများအရ၊ ပထမဦးဆုံး တွေ့ဆုံရန်လိုကြောင်းကို ပီကင်းမှညွှန်ကြား လိုက်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့သည် ရန်ကုန်မြို့တွင် မြေပေါ်လက်ဝဲ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေး၍၊ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ စုစည်းနေဆဲတွင် ပီကင်းမြို့မှ အပေါ်ရောက် ဗဟိုကော်မတီ၏ ဥက္ကဋ္ဌ သခင် ဘသိန်းတင် ခေါင်းဆောင်သော အဖွဲ့သည် ၁၉၆၃ - ၁၁နှစ်စက်တင်ဘာလ (၃) ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိလာကြ၏။ ယင်းအဖွဲ့တွင် အထူးလက်ရွေးစင် ကေဒါများကို စုစည်း၍ ခေါ်ဆောင် လာခဲ့ခြင်းဖြစ်လေသည်။

ယင်းအဖွဲ့တွင်ပါဝင်ခဲ့သူများမှာ —

(၁) သခင်ဘသိန်းတင်

(၂) ဗိုလ်တိုက်အောင်

(၃) ရဲဘော်မျိုးတင့်

(၄) ရဲဘော်သန်းဝင်း

(၅) ရဲဘော်မောင်ကို

(၆) ရဲဘော်ညဏ်ကျော်

(၇) ရဲဘော်ထွန်းရှိန် (ခေါ်) ပေငြိမ်း

(၈) ရဲဘော်သိန်းထိုက်

(၉) ရဲဘော်ဖေသောင်း

(၁၀) ခင်ခင်ကြည် (ခေါ်) မမျိုးသန့်

(၁၁) မတင်ဝေ - တို့ဖြစ်ကြလေသည်။

ဤပီကင်းပြန် တတိယ အဖွဲ့သည်....

ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံရေးနှင့်၊ စည်းရုံးရေးလုပ် ငန်းများအတွက် အားဖြည့်ပေးလိုက်ခြင်းပင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၃ - ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင်ဖြစ်၏။ နံနက်ပိုင်းတွင် ပြည်သူ့တိုးတက်ရေး ပါတီခေါင်းဆောင်များနှင့် ဆွေးနွေးပြီးနောက်၌ ပဏာမငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့သည် .. နေ့လည်စာအတွက် ပန်းဆိုးတန်းတွင်ရှိသော ဂရင်းဟော်တယ် .. သို့သွားကြ၏။ ဂရင်းဟော်တယ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ အလင်းဝင်ထားသော ဗိုလ်အောင်မင်းနှင့် ဗိုလ်ရဲမောင်တို့အားတွေ့ကြရ၏။ ဗိုလ်အောင်မင်းနှင့် ဗိုလ်ရဲမောင်တို့မှာ ဗိုလ်ဇေယျ၊ ရဲဘော်ထွေး ရဲဘော်ဘခက်တို့နှင့် ရင်းနှီးသူများဖြစ်ကြ၏။ ရဲဘော်ထွေးနှင့် ရဲဘော်ဘခက်တို့မှာ ဗိုလ်အောင်မင်းနှင့် ဗိုလ်ရဲမောင်တို့အား နှုတ်ဆက်ရန် အတွက် ထမည်အပြုတွင် ရဲဘော်အောင်ကြီးနှင့် ရဲဘော်ခင်ကြီးတို့က နှုတ်မဆက်ရန် အတွက်တားမြစ်ကြ၏။ ထို့ပြင် .. ဗိုလ်ရဲထွဋ်ကိုလည်း၊ ဗိုလ်ပုနှင့် ရဲဘော်ဘခက်တို့က လမ်းသွားရင်းတွေ့၍ နှုတ်ဆက်သည်ကို ပီကင်းပြန်များက တွေ့ရှိ၍ အပြင်းအထန်ပင် ပစ်တင်ဝေဖန်ခြင်းကိုခံကြရလေသည်။

ထို့နောက်တွင် ရဲဘော်အောင်ကြီးနှင့် ရဲဘော်ခင်ကြီးတို့သည် အလင်းဝင်များနှင့်ပတ်သက်၍ထားရှိရမည့် သဘောထားကို ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဆွေးနွေးကြသည်။

"လက်နက်ချတွေဟာ ပါတီရဲ့ သစ္စာဖောက်တွေဖြစ်တယ်။ ဘယ်အသွင်နဲ့ပဲချချ လက်နက်ချဟာ သစ္စာဖောက်ပဲ။ လက်နက်ချတွေကို လက်နက်ကိုင်တိုက်နေရတဲ့ ရန်သူထက်တောင်ပြတ်ဘိုလိုတယ်။ ကုန်ကုန်ပြောရရင် ဗိုလ်နေဝင်းဟာ သူ့အလိုအလျောက် ပြောင်းလဲလာရင်တောင် ပါတီဝင် အဖြစ်ပေးနိုင်တယ်။ ဒါပေမဲ့ လက်နက်ချ တယောက်ဟာ သူတတ်နိုင်လို့ နိုင်ငံတော်အာဏာကို လာအပ်တာတောင်မှ အာဏာကိုသာ ယူထားလိုက်ပြီးတော့ အဲဒီလက်နက်ချကိုတော့ သစ္စာဖောက်အဖြစ်နဲ့ပဲအရေးယူရမှာပဲ"

ဤသည်မှာ အလင်းဝင်များနှင့် ပတ်သက်သော ပီကင်းပြန် ရဲဘော်အောင်ကြီးတို့၏သဘောထားပင်ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမကိုယ်စားလှယ် အဖွဲ့သည်၊ ၁၉၆၃-ခုနှစ် စက်တင်ဘာလ (၁၇) ရက်နေ့လည်ပိုင်းတွင် ဆူးလေဘုရားလမ်း အမှတ်-၂၂၂ အပေါ်ဆုံး အထပ်တွင်နေထိုင်သော ဦးချစ်ဖေ (သခင်ချစ်၏ အကို)၏ အိမ်၌ ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင်တွင်ရှိသော ဗမာပြည် ကွန်မြူနစ်ပါတီ၏ အနွယ်များကို စုပေးသည့် ဆွေးနွေးပွဲတရပ်ကိုပြုလုပ်၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဗမာပြည် ကွန်မြူနစ် ပါတီ ဗဟိုကော်မတီ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ဝင်တို့သည် စမ်းချောင်း၊ ရှမ်းလမ်း၌ရှိသော ရဲဘော် အောင်ကြီး၏ ဖခင် ဦးသိန်းဟန် အိမ်တွင် တည်ခင်းသော ထမင်းစားပွဲသို့ တက်ရောက်ရန်ရောက်ရှိနေခြင်းဖြစ်ပါသည်။

ပဒညက (အမျိုးသားဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု)
ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့ဝင်များ။

ရှေ့တန်း .... ရဲဘော်ငွေး၊ စကောလယ်ဘော၊ သခင်တင်ထွန်း၊ မန်းဘဇံ၊ နိုင်ရွှေကျင်၊ ဗိုလ်ကျင်ဖေ။

နောက်တန်း .... ဗိုလ်ဇေယျ၊ စောခမော်ရယ်၊ ဗိုလ်ဘဖြူ၊ ဆလိုင်းစံအောင်၊ ဗိုလ်စံလင်း၊ ဗိုလ်သန်းအောင်၊ ရဲဘော်ညို၊ နိုင်တက်ထွန်း။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းသို့ပြုလုပ်ခြင်းမှာ ဗမာပြည် ကွန်မြူနစ်ပါတီ၏ မြေအောက်လှုပ်ရှားရေးလုပ်ငန်းများကို တိုးချဲ့ရန်ဖြစ်၏။ ထို့ပြင်- ဗမာပြည် ကွန်မြူနစ် ပါတီ၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော သဘောထား အနှစ်သာရကို ရှင်းလင်းတင်ပြထားရန်လည်းဖြစ်၏။ အဘက်ဘက်တွင် အသင့်ဖြစ်နေစေရန် အတွက်လည်းဖြစ်၏။ တနည်းဆိုရသော်၊ အချက်ပေး၍ထားခြင်းဖြစ်လေသည်။

ယင်းဆွေးနွေးပွဲတွင် "အခုငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် လာတာဟာ ပါတီအကျိုးအတွက် ပြည်သူတွေရဲ့ အကျိုးအတွက် လာတာဖြစ်တယ်။ ပါတီနဲ့ ပြည်သူအတွက် အကျိုးမရှိတဲ့ ငြိမ်းချမ်းရေးကို ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး။ တော်လှန်ရေးအတွင်း အသတ်ခံရတဲ့ ရဲဘော်တွေရဲ့ မျက်နှာကို အိုးမဲ သုတ်မှာ မဟုတ်ဘူး။ တော်လှန်ရေးရဲ့ အောင်သီး အောင်နှံတွေနဲ့ အသီး အပွင့်တွေကို အစွမ်းကုန် ထိန်းသိမ်းသွားမယ်။ ရှင်သန်ကြီးထွားအောင်လဲ ဆက်လက် လုပ်သွားမှာဖြစ်တယ်။ ဒီအခြေအနေမှာ မြို့ပေါ်မှာရှိတဲ့ ပါတီရဲ့ အင်အားစုတွေဟာ တညီတညွတ်ထဲနဲ့ စုစုရုံးရုံး ညီညွတ်နေဘို့လိုတယ်" စသည်ဖြင့် ရဲဘော်ဌေးနှင့် ရဲဘော်အောင်ကြီးတို့သည် အကျယ်တဝင့်ပင် ရှင်းလင်းပြလေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ပဏာမ ကိုယ်စားလှယ်အဖွဲ့သည် တဘက်က တော်လှန်ရေးကောင်စီနှင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေး စာပွဲဝိုင်းတွင်ထိုင်၍ ဆွေးနွေးနေ၏။ အခြားတဘက်၌မူ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏နယ်မြေတိုးချဲ့ရေးနှင့် စည်းရုံးရေး အင်အားတောင့်တင်းရေး" အတွက် အစွမ်းကုန်ပင် လုံးပမ်း၍နေကြရလေသည်။

ယင်းသဘောထားအရပင် ဗမာပြည် ကွန်မြူနစ်ပါတီသည် မဒညတ (ဗဟို) အနေနှင့် ဆွေးနွေးရန်အတွက် မဖြစ်မနေ လုံးပမ်းကြခြင်းဖြစ်၏။ မဒညတအနေနှင့် ဆွေးနွေးပွဲပျက်ပြားလျှင် လူမျိုးစုများအပေါ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုနှင့် အရှိန်ဩဇာ သက်ရောက်မှုသည် ထာဝရ ရရှိလိမ့်မည်ဟု တွက်ဆ၍ ထားကြလေသည်။

ထို့ကြောင့်ပင် သခင်ဘသိန်းတင် ရဲဘော်အောင်ကြီးနှင့် သခင်ချစ်တို့သည် ယင်းသို့သော အခြေအနေ အခွင့်ကောင်းများကို တွက်ချက်၍ ရန်ကုန်မြို့တွင်ရှိနေကြသော ဗတိုကော်မတီအဖွဲ့ဝင် ဗိုလ်မျိုးမြင့်နှင့် ရဲဘော်ညို (ပီကင်းပြန်) တို့အား ကေ-အင်န်-ယူပါတီ ဥက္ကဋ္ဌ မန်းဘဇံထံသို့ အပူတပြင်းပင် အထူးအစီအစဉ်ဖြင့်လွှတ်၍ မန်းဘဇံတို့အားခေါ်စေခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သို့ဖြစ်၍ ကေ-အင်န်-ယူပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ကေ-အင်န်-ယူပါတီ အတွင်းရေးမှူး စကောလယ်တော၊ ပေါလစ်ဗြူရိုအဖွဲ့ဝင် ဗိုလ်ကျင်ဖေ ဗဟိုကော်မတီအဖွဲ့ဝင် ဗိုလ်သန်းအောင်နှင့် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ဘလှိုင် (နိုင်ရွှေကျင်)ကရင်နီ အမျိုးသားတိုးတက်ရေးပါတီအတွင်းရေးမှူး စောမော်ရာယ်၊ ဗဟိုကော်မတီအဖွဲ့ဝင် ဗိုလ်ငံလင်းတို့သည် ၁၉၆၃ - ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။

ထို့နောက် ၁၉၆၃-ခုနှစ်၊ အောက်တိုဘာလ (၂)ရက်နေ့တွင် မင်္ဂလာဒုံ၌ရှိသော အထူးဧည့်ဂေဟာ၌ သုံးပါတီကိုယ်စားလှယ်များနှင့် ရဲဘော်အောင်ကြီး၊ ရဲဘော်ဌေး၊ ဗိုလ်ဇေယျ တို့သည် အထူးလျှို့ဝှက်သော ဆွေးနွေးပွဲတရပ်ကို ပြုလုပ်ကြလေသည်။

"ကနေ့ဗမာပြည်တော်လှန်ရေးရဲ့ အခြေအနေဟာ သိတ်ကောင်းနေတယ်။ ရင့်မှည့်နေပြီဖြစ်တယ်၊ အထူးသဖြင့် ဗိုလ်နေဝင်းအစိုးရမှာ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအကြပ်အတည်းကြီးတွေ ဖြစ်နေတယ်။ ဒါကို သူတို့အနေနဲ့ ဘယ်နည်းမှ မဖြေရှင်းနိုင်ဘူး။ ကျွန်တော်တို့ ခင်ဗျားတို့နဲ့ ပူးပေါင်းမှသာဖြေရှင်းနိုင်မှာဖြစ်တယ်။

သူရဲ့တခုတည်းသော ထွက်ရပ်လမ်းကလဲဒါပဲ။

ဒါတွေနဲ့ ပတ်သက်လို့ အသေးစိတ် အစီအစဉ်တွေကိုလဲ တရုပ်ပြည်က မော်စီတုံးတို့၊ လျူရှောက်ချီတို့ကိုယ်တိုင် ကျွန်တော်တို့ကို အလေးအနက် မှာလိုက်တာတွေရှိတယ်။

ဒါတွေကြောင့်မို့ ကျွန်တော်တို့ ခင်ဗျားတို့ဟာ ဒီအခြေအနေတွေကို နားလည်ပြီးတော့ အခွင့်ကောင်းကိုလက်မလွှတ်ဘို့ဟာသိပ်ကိုအရေးကြီးနေတယ်။ အထူးသဖြင့် ကျွန်ပော်တို့ ခင်ဗျားတို့ဟာ တစုတစည်းထဲဖြစ်မှ ပိုပြီးအောင်မြင်မှာ ဖြစ်တယ်။

လက်ရှိအခြေအနေအရ ကျွန်တော်တို့နဲ့ ခင်ဗျားတို့ဟာ အစိုးရနဲ့ တကွဲတပြားစီဆွေးနွေးဘို့ လုပ်နေတာတွေကို ရပ်လိုက်ပြီးတော့ ကျွန်တော်တို့အတွက် အဘက်ဘက်က အခွင့်သာမဲ့ မဒ္ဒညာတအဖွဲ့အစည်းအနေနဲ့ တွေ့ဆွေးနွေးဘို့ ဆိုတာကိုပဲ ဆက်လက်ပြီး လုပ်သွားဘို့ လိုတယ်၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါဟာ ခင်ဗျားတို့အတွက်ရော ကျွန်တော်တို့အတွက်ရော၊ အလွန်ကောင်းမွန်တဲ့အခွင့်ကောင်းတွေကို မုချရလာမှာဖြစ်ပါတယ်။

ဤသို့ ရဲဘော်အောင်ကြီးနှင့် ဗိုလ်ဇေယျတို့သည် သုံးပါတီ ခေါင်းဆောင်များအား အကျယ်တဝင့်ပင် ရှင်းလင်း၍ တင်ပြလေသည်။

ထို့ကြောင့်ပင် ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့ ညနေ (၄)နာရီ (၄၅)မိနစ်မှစ၍ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပဏာမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် သုံးပါတီအဖွဲ့တို့သည် မဒညတ ဗဟိုကိုယ်စားလှယ်အဖွဲ့အဖြစ်ဖြင့် တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့နှင့် ပထမအကြိမ်တွေ့ဆုံဆွေးနွေးကြလေသည်။

၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ပထမအပတ်အတွင်းမှစ၍ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗြူရိုလူကြီးနှင့် ဗဟိုကော်မတီ၏ မြေအောက်စည်းရုံးရေးတာဝန်ခံဖြစ်သော သခင်ချစ်သည် ရန်ကုန်မြို့တွင် အထူးလျှို့ဝှက်နေထိုင်ပြီး မြေအောက်အဖွဲ့အစည်းများနှင့် မြေအောက် လုပ်ငန်းများကို ရှေ့ဆောင်ညွှန်ကြားနေ၏။ အထင်အရှားပင် တရားဝင်လှုပ်ရှားနေသော ပဏာမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ဆက်စပ်၍ လှုပ်ရှားနေခြင်းဖြစ်၏။ တချိန်တည်းတွင် (၆)ခရိုင်ငြိမ်းချမ်းရေး ဆန္ဒပြပွဲပြုလုပ်ရေးအတွက် ပဲခူးရိုးမတိုင်းအတွင်း၌ရှိသော ခရိုင်များသို့လည်း ညွှန်ကြားလိုက်၏။ အထက်ဗမာပြည်တွင်လည်း မန္တလေးကိုဗဟိုပြု၍ ဆန္ဒပြပွဲကြီးတခုကိုပြုလုပ်ရန်လည်း ညွှန်ကြားလိုက်၏။ ထိုဆန္ဒပြပွဲကြီးများနှင့် လှုပ်ရှားမှုများကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် ပြည်သူ့ကော်ခတီနှင့် ဗ-က-သ(ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ)တ-က-သ(တက္ကသိုလ်ကျောင်းသားသမဂ္ဂ)ရ-က-သ(ရန်ကုန်ခရိုင်လုံးဆိုင်ရာကျောင်းသားများသမဂ္ဂ)တို့သည် ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့၏ မြေအောက်လျှိုက်ဝှလှုပ်ရှားမှုများအတွက် ယန္တရားများဖြစ်ကြလေသည်။

ယင်းယန္တရားများမှတဆင့် ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဖျားဒေသတိုင်း ရှမ်းပြည်၊ အလယ်ပိုင်း ဗမာပြည်(မသုံးလုံးဒေသ)မင်းဘူး၊ ပခုက္ကူ (ရောဝတီမြစ်အနောက်ဖက်ခြမ်းဒေသ) ရခိုင်ပြည်နယ်မှသည် ပဲခူးရိုးမ၊ မြစ်ဝကျွန်းပေါ်တိုင်း၊ တနင်္သာရီသို့ပင် အချိန်မှန်ဆက်သွယ်ရေး စနစ်များကို စီစဉ်နိုင်ခဲ့၏။ ဆက်သွယ်နိုင်ခဲ့၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ် ပါတီဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်သော သခင်ဇင်၊ ရဲဘော်မြနှင့်ဗိုလ်ရန်အောင်တို့သည် ပဲခူးရိုးမတိုင်းမှတဆင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြ၏။ ထို့ပြင် မြစ်ဖျားဒေသတိုင်းမှ ဗဟိုကော်မတီအဖွဲ့ဝင်ဝင်များဖြစ်သော ဗိုလ်မျိုးမြင့်နှင့် ရဲဘော်တုတ်တို့ကမူ ရန်ကုန်မြို့သို့စောစောကပင်ရောက်ရှိနေကြလေသည်။

ထို့နောက်တွင် မြစ်ဝကျွန်းပေါ်တိုင်းမှ ဗဟိုကော်မတီဖွဲ့အဝင်ဖြစ်သော ရဲဘော်စိုးသန်း၊ တနင်္သာရီတိုင်းမှ ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်သော ရဲဘော်ထွန်းစိန်၊ ရခိုင်တိုင်းနှင့် အနောက်မြောက်တိုင်းတို့မှ ဗဟိုကော်မတီ အဖွဲ့ဝင်များဖြစ်သော ရဲဘော်ကျော်မြ ရဲဘော်ထွန်းမောင် (ဒေါက်တာနတ်)နှင့် အလယ်ဗမာပြည်တိုင်းမှ သခင်ဖေတင့်တို့သည်လည်း ရန်ကုန်မြို့သို့ ရောက်ရှိ၍ လာကြလေသည်။

ဤသို့ဒေသအသီးသီး၊ တိုင်းအသီးသီးမှ ဗဟိုကော်မတီအဖွဲ့ဝင်များသည် နည်းမျိုးစုံဖြင့် ရန်ကုန်မြို့သို့လာရောက်၍ စုဝေးနေကြခြင်းမှာ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြောင်းပြု၍ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အကျိုးအတွက်“ရသမျှအခွင့်အရေး”ကို ထုတ်ယူကြရန်အတွက်ဖြစ်လေသည်။

ယင်းဗဟိုကော်မတီအဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့တစုံတဝေးတည်း စုစည်းနေကြသည်မှာ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေး ကျင်းပရာဒေသသို့ ရန်ကုန်မြို့မှတဆင့် ဖြတ်သန်းသွားရောက်ရန် ဖြစ်သည်ဟု အကြောင်းပြ၍ထားလေသည်။

အမှန်စင်စစ်အားဖြင့် ထိုဗဟိုကော်မတီ အဖွဲ့ဝင်များသည် ရန်ကုန်မြို့တွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ မြေအောက်ကလပ်စည်းများကို ဖော်ထုတ်ရေးနှင့် ဆက်သွယ်ရေးဗဟိုများကို တည်ဆောက်ထားရေးတို့အတွက် ဖြစ်လေသည်။

ထို့ပြင် တော်လှန်ရေးကောင်စီ အစိုးရထံမှ ရသမျှသော အကူအညီများကိုရသည့်နည်းများဖြင့်ယူ၍ ဗမာပြည် ကွန်မြူနစ်ပါတီအကျိုးအတွက် အသုံးပြုရန်ဖြစ်လေသည်။

ဥပမာအားဖြင့် ကုန်း-ရေ-လေ-ခရီးသွားလာရေး အတွက် အကူအညီများ ဆေးဝါးအကူအညီများ၊ ဆေးကုသရေး အကူအညီစသည်များကိုလည်း အစွမ်းကုန်ရယူသွားရန် အတွက်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပထမ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်ကြီးကို ဖူး မြော်ပြီးနောက် လက်ျာရစ်သို့ လှည့်လည်နေခြင်းဖြစ် သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့မှ ဗိုလ်ကင်းမြန်္ ရဲဘော်ညိုနှင့် ရဲဘော်ခင်ကြီးတို့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မှတ်တမ်းများကို လက်ခံနေခြင်းဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တို့ကြောင့်ပင်ယင်းဗဟိုကော်မတီအဖွဲ့ဝင်များသည်၊ရန်ကုန်မြို့တွင်အချိန်အတော်ကြာပင်နေထိုင်၍ အစီအစဉ်များအတိုင်း လှုပ်ရှားခဲ့ကြခြင်းဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် အချို့သောတိုင်းများ၊ခရိုင်များနှင့် အဆက်အသွယ်ပြတ်၍ နေခဲ့သည်မှာ (၂) နှစ်မှ (၃)နှစ်ကျော်ပင်ကြာခဲ့ကြ၏။ ယခုကဲ့သို့ အဆက်အသွယ်များကို ပြန်လည်ရရှိလာခြင်းမှာ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့၏ လျှို့ဝှက်ဆက်သွယ်ရေးကို စံနစ်တကျစီစဉ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်လေသည်။

ထိုသို့ စံနစ်တကျစီစဉ်နိုင်ခဲ့ခြင်းကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်အတွက် ဗမာပြည်ဒေသအသီးသီးမှ အခွန်တော်ငွေ စုစုပေါင်း တသိန်းနီးပါးမျှပင် ပဏာမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သို့ ပေးပို့နိုင်ခဲ့ကြလေသည်။

ထို့ပြင် ဗမာပြည် ကွန်မြူနစ်ပါတီ ပဏာမ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ကချင်ပြည်နယ်အား အခြေစိုက်နိုင်ရေး အတွက်လည်း၊ တရုပ်ပြည်တွင် ခိုလှုံနေသော နော်ဆိုင်း၏ အဆက်အသွယ်များကိုလည်း၊ ရှာဖွေ၍ရယူလိုက်လေသည်။

၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့ညနေ (၅) နာရီတွင်ဖြစ်၏။ မဒညတ ဗဟိုကိုယ်စားလှယ်အဖွဲ့နှင့် တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့တို့သည် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးကြ၏။ ထိုနေ့တွင်ပင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့တွင်ရှိသော မြေအောက် အဖွဲ့အစည်းများနှင့် မြေပေါ် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲ အခြေအနေ အလားအလာ မကောင်းကြောင်းကို အသိပေး၍ လက်တွေ့တွင်ပင် ပြင်ဆင်လုပ်ဆောင်ကြရမည့် ညွှန်ကြားချက်များကိုလည်း ပေးလိုက်လေသည်။

၁၉၆၃-ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့တွင် ပြည်သူ့ကော်မတီမှ ငြိမ်းချမ်းရေး ရံပုံငွေအတွက် ပြသသော....“ရေစီးတခါ ရေသာတလှည့်” ရုပ်ရှင်ကို၊ သီရိရုံ (ဂျူတီရုံ)သို့ မဒညတ ကိုယ်စားလှယ်အဖွဲ့သည် သွားရောက်ကြည့်ရှုကြသည်။

ယင်းသို့ ရုပ်ရှင်ကြည့်ကြခြင်းမှာ ရန်ကုန်မြို့၌ရှိသော ဗမာပြည်ကွန်မြူနစ်ပါတီ မြေအောက်တာဝန်ခံ၏ အထူးအစီအစဉ်အရ ဖြစ်သည်။

ထိုရုပ်ရှင်ရုံတွင် မြေအောက် ကွန်မြူနစ်ပါတီ၏ ကျောင်းသားပါတီစိတ်မှ ခေါင်းဆောင်ဖြစ်သော မောင်သက်နှင့် လျှို့ဝှက်တွေ့ဆုံပြီး၊ ရဲဘော်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ရဲဘော်ငွေး၊ ဗိုလ်ဇေယျနှင့် ရဲဘော်အောင်ကြီး တို့ ဖြစ်ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ငြိမ်းချမ်းရေးကို ကျောနိုင်း၍ နဝင်းချောင်းကို ဖြတ်ကျော်နေကြခြင်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပထမ
ဒုတိယ ဥက္ကဋ္ဌ သခင် ဘသိန်းတင်သည် ရန်ကုန်မြို့တွင်
သမီး (၃) ဦးအား တွေ့ဆုံနေခြင်းဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အောင်ကြီးနှင့် ရဲဘော်ဌေးတို့သည် (၆) ခပိုင် ငြိမ်းချမ်းရေး ဆန္ဒပြပွဲနှင့် ပတ်သက်သော နောက်ဆုံး အခြေအနေများနှင့် အသေးစိပ် ညွှန်ကြားချက်များကို ပေးလေသည်။ ထို့ပြင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသည်လည်း၊ ရက်ပိုင်းအတွင်းတွင် ပျက်တော့မည်ဖြစ်၍ မြေအောက်ပါတီမှ အစစအရာရာတွင် အသင့်ဖြစ်နေစေရန်နှင့် မိမိတို့၏ လက်ဦးမှုများကို မဆုံးရှုံးစေရန် အတွက်လည်း မြေအောက်ပါတီသို့ အသေးစိပ်ပင် ညွှန်ကြားခဲ့ကြလေသည်။

ထိုရုပ်ရှင်ပွဲ၌ပင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖွဲ့ဝင်ဖြစ်သော မဒညက(ဗဟို) အတွင်းရေးမှူး သခင်တင်ထွန်းသည် ပြည်သူ့ကော်မတီအတွက် ရံပုံငွေ ၁၀၀၀-ကျပ်(တထောင်ကျပ်တိတိ)ကို ဦးတင်မောင်လက်သို့ ပေးအပ်လိုက်လေသည်။

၁၉၆၃-ခုနှစ်၊ နိုဝင်ဘာ (၁၄)ရက်နေ့တွင် ဖြစ်လေသည်။

တော်လှန်ရေး ကောင်စီနှင့် မဒညတ ဗဟိုကိုယ်စားလှယ်တို့၏ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲသည်၊ လုံးဝပျက်ပြားသွားပြီဖြစ်၏။ အဆုံး သတ်၍ သွားပြီ ဖြစ်လေသည်။

ယင်းသို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ပျက်ပြားသွားသော်လည်း ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တွင် မည်သည့် အခက်အခဲမျှ မဖြစ်ပေ။ အစစအရာရာတွင်ပင် အသင့်ဖြစ်နေပြီ ဖြစ်သည်။

ထို့ပြင် ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့၏ လတ်တလော လိုက်နာကျင့်သုံးရမည့် အသေးစိတ် ညွှန်ကြားချက်များကိုပင် တရုပ်ပြည်သံရုံးမှ ညွှန်ကြားချက်များကို ရရှိပြီးဖြစ်လေသည်။

ထို့ကြောင့်၊ ၁၉၆၃-ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက် နေ့စွဲဖြင့်၊ မဒညတ ဗဟိုကိုယ်စားလှယ်အဖွဲ့၏ ထုတ်ပြန်ကျေညာချက်ဖြစ်သော **"အပစ်အခတ် ရပ်စဲရေး ဆွေးနွေးပွဲနှင့် ပတ်သက်၍ မဒညတ ဗဟိုကိုယ်စားလှယ်အဖွဲ့မှ ပြည်သူလူထုသို့တင်ပြချက်"** ဟူသောကျေညာချက်သည်ပင် ပီကင်း၏ သဘောထားများကိုအခြေခံ၍ရေးခြင်းဖြစ်လေသည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂

၁၉၆၄-ခုနှစ်-ဗဟိုကော်မတီ နိုင်ငံရေးလမ်းစဉ်၏ မူလအစ။

(၁) ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ခြင်းအပေါ် ပီကင်း၏သဘောထား။

တော်လှန်ရေးကောင်စီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့၏ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲသည် လုံးဝပင် ပျက်ပြားသွားပြီဖြစ်၏။ ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပဏာမငြိမ်း ချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ၁၉၆၃-ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျောခိုင်း၍ တောတွင်းသို့ ပြန်ခဲ့ကြလေသည်။

၁၉၆၃-နှစ်၊ နိုဝင်ဘာလ (၁၆)ရက်နေ့မှစ၍ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေး ကျင်းပရန်အတွက် ဗဟိုဌာနချုပ်သို့ တော်လှန် ရေးကောင်စီအစိုးရ၏ အကူအညီဖြင့် ရောက်နေကြသော တိုင်းအသီးသီးမှ ဗဟိုကော်မတီ အဖွဲ့ဝင်တို့မှာလည်း တိုင်းအသီးသီးသို့ တော်လှန်ရေးကောင်စီ အစိုးရ၏အကူအညီဖြင့် ထွက်ခွါသွားကြ၏။ ထို့ပြင် တော်လှန်ရေးကောင်စီ အစိုးရနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ ပဏာမ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တို့၏၊ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့ညနေတွင် ဆွေးနွေးသည့်အခါ ၌ ဗိုလ်မှူးကြီးလှဟန်နှင့် ရဲဘော်ဌေးတို့ဆွေးနွေးကြသည့် "အထူးကိစ္စ" ဖြစ် သော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပထမ—ဒုတိယ ဥက္ကဋ္ဌ သခင်ဘသိန်းတင်အား ပီကင်းမြို့သို့ ပြန်လည်၍ပို့ပေးရန်အတွက်လည်း စီစဉ်ရ တော့၏။ ယင်းသို့စီစဉ်ပြီးနောက် သခင်ဘသိန်းတင်အား ဗမာပြည်ကွန်မြူနစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီ ဗဟိုဌာနချုပ်စခန်းအနီးတွင်တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် လာရောက်၍ ရန်ကုန်မြို့သို့ ခေါ်ဆောင်သွား၏။ သခင်ဘသိန်းတင်နှင့်အတူ ပီကင်းမှပါလာသော ရဲဘော်သိန်းထိုက်ကိုလည်း လျှို့ဝှက် ဆက်သွယ်ရေး တာဝန်များကို ထမ်းဆောင်ရန်အတွက် ခေါ်ယူသွားစေ၏။ သခင် ဘသိန်းတင်နှင့် ရဲဘော်သိန်းထိုက်တို့သည် ရန်ကုန်မြို့မှတဆင့် ပီကင်းမြို့သို့ စီ-အေ-အေ-စီ လေယာဉ်ပျံဖြင့် ပြန်လည်၍ထွက်ခွာသွားကြလေသည်။

၁၉၆၃ ခုနှစ် ဒီဇင်ဘာလ (၂၅) ရက်နေ့တွင်ဖြစ်၏။ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ဘော်ဘင်ချောင်း၏လက်တက်ဖြစ်သော တုံးမြောင်စခန်းတွင် အခြေစိုက်၍နေလေသည်။

ယင်းဗဟိုဌာနချုပ်စခန်း၌ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားရခြင်းနှင့်ပတ်သက်၍ သုံးသပ်ချက်တရပ်ကို ပေါလစ်ဗြူရို အစည်းအဝေးတွင် ဆွေးနွေးကြ၏။ ထိုပေါလစ်ဗြူရို အစည်းအဝေးတွင် (၁) သခင်သန်းထွန်း၊ (၂) ရဲဘော်ဘတင်၊ (ဂိုရှယ်)၊ (၃) သခင်ချစ်၊ (၄) ရဲဘော်ဌေးတို့ တက်ရောက်ကြ၏။ ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်သော (၁) ရဲဘော်အောင်ကြီး၊ (၂) သခင်ပု၊ (၃) ဗိုလ်ဇေယျတို့လည်း တက်ရောက်ကြရလေသည်။

ယင်းပေါလစ်ဗြူရိုဆွေးနွေးပွဲတွင် သခင်သန်းထွန်းက "ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ရတာဟာ စစ်အစိုးရက အကြပ်ကိုင်ပြီးတော့ အတင်းအဓမ္မအညံ့ခံခိုင်းလို့ဖြစ်တယ်။ ဒါပေမဲ့ ပါတီအတွက် အမြတ်တွေ အများကြီးတော့ရလိုက်တယ်။ "ဟူ၍ သုံးသပ်ချက်တရပ်ကို တင်ပြလေသည်။

ထိုအခါတွင် ရဲဘော်ဘတင် (ဂိုရှယ်) ကလည်း ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ရခြင်းနှင့် ပတ်သက်၍ သုံးသပ်ချက်တစောင်ကိုရေး၍ သခင်သန်းထွန်း၏ သုံးသပ်ချက်နှင့် စင်ပြိုင်တင်သွင်းလေသည်။

> "အခု-ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ခဲ့ရတာဟာ ပါတီကြောင့်ဖြစ်တယ်။ ဘာဖြစ်လဲဆိုတော့ကိုယ်စားလှယ်အဖွဲ့ဟာ ရန်ကုန်ကိုသွားပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် လုံးပမ်းတာမဟုတ်ပဲနဲ့ မြေအောက်စည်းရုံးရေးတွေ တိုးချဲ့ဘို့ ဆန္ဒပြပွဲကြီးတွေနဲ့ အစိုးရကို အကြပ်ကိုင်ဘို့ဆိုပြီး၊ ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေကိုလုပ်ပြီးအခွင့်အရေးမယူသင်တာတွေကိုယူပြီး လုပ်ခဲ့ကြတယ်။ ဒီအခြေအနေမှာ ဒါမျိုးတွေကို လုံးလုံး မလုပ်သင့်ဘူး။ ဒါတွေပဲဆက်တိုက်လုပ်တော့ နားလည်မှု

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

> မလွဲသင့်တာတွေဟာ ပိုပိုပြီးလွဲကုန်တာ ဖြစ်လာတယ်။ ဒါတွေကြောင့် တကယ်ကတော့ အခုငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ရတာကို အဓိက တာဝန်ယူရမှာကတော့ ပါတီကယူရမှာပဲ။ ဒါတွေကို မလေးနက်ရင် ပါတီရဲ့ရှေ့မှာ ချမှတ်မဲ့လမ်းစဉ်ပေါ်လစီတွေဟာလဲ ဘယ်နည်းနဲ့မှကို မှန်ကန်မှာ မဟုတ်ဘူး။ အထူးသဖြင့် အခုလိုမဖြစ်သင့်တာတွေ ဖြစ်လာရတာဟာ သခင်သန်းထွန်းနဲ့ ကိုအောင်ကြီးတို့မှာ အလွန်ကြီးမားတဲ့ တာဝန်တွေရှိတယ်။ ပြီးတော့ ရန်ကုန်ကို သွားပြီးတော့ လက်ဝဲ အလွန်အကျွံသဘောထားတွေနဲ့မြေအောက်လုပ်ငန်းတွေကိုရှေ့ဆောင် ပြီး ညွှန်ကြားတဲ့သခင်ချစ်ရဲ့တာဝန်ကလဲ မသေးငယ်ဘူးဆိုတာတွေ ရမယ်။

....ဟူ၍ဖြစ်လေသည်။

ဤသို့ဖြင့် ရဲဘော်ဘတင်(ဂိုရှယ်)က ပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ရခြင်းနှင့် ပတ်သက်သော သုံးသပ်ချက်ကို သခင်သန်းထွန်းနှင့် ဇင်ပြိုင် တင်သွင်းပြီးနောက် ပေါလစ်ဗျူရိုအစည်းအဝေးတွင် အပြန်အလှန်အပြင်း အထန်ပင် ဆွေးနွေးကြ၏။ ရဲဘော်ဗွေးနှင့် ဗိုလ်ဇေယျတို့မှာ တွေဝေ၍နေကြ လေသည်။

ထိုပေါလစ်ဗျူရိုအစည်းအဝေးသည် ရက်အတန်ကြာသော်လည်း ဆုံးဖြတ် ချက်တရပ်ကို တညီတညွတ်တည်း ချမှတ်နိုင်ခြင်းမရှိချေ။

ထို့ကြောင့် ယင်းသုံးသပ်ချက်များနှင့် ပတ်သတ်၍ ပီကင်း၏ အဆုံး အဖြတ်ကို ခံယူရန်အတွက် တရုပ်ပြည်သို့ ပို့ပေးလိုက်လေသည်။

ယင်းသို့ ပေးပို့ပြီးနောက် တရုပ်ပြည်၏ အဆုံးအဖြတ်ကိုသာ နေ့စဉ်နှင့် အမျှ စောင့်မျှော်၍ နေခဲ့ကြရ၏။ ကမ္ဘာဦးသူတို့သည် နေနှင့်လကို မျှော်ကြရ သည်သို့ဖြစ်လေသည်။

၁၉၆၄-ခုနှစ်၊ ဖေဖော်ဝါရီလလည်တွင်ဖြစ်၏။

တရုပ်ပြည်ကွန်မြူနစ်ပါတီမှ ဗမာပြည်ကွန်မြူနစ်ပါတီသို့....။

"စေ့စပ်ဆွေးနွေးရေးနှင့် ပတ်သက်သော မိမိတို့၏ တင်ပြချက်" ဟူသော ခေါင်းစဉ်ဖြင့် ပေးပို့သော စာတမ်းကို ရရှိကြတော့၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းစာတမ်းကို ""ဗဟိုကော်မတီများအတွက်သာ" "ထိပ်တန်းလျှို့ဝှက်" အဖြစ်သတ်မှတ်ထား၏။ ပါတီတွင်းတွင်လုံးဝ အသိမပေးရ။ လုံးဝပေါ်ထုတ် ခြင်းမပြုရဟုလည်း တင်းကြပ်စွာ တားမြစ်ထား၏။ ထို့ကြောင့်ဗဟိုကော်မတီ များအတွင်းသို့ ဖြန့်ချိရာတွင်ပင် လျှို့ဝှက်ရေး ကျင့်သုံးသည့် အနေဖြင့် တရုပ်ပြည်မှ ပေးပို့သည့် စာတမ်းအား "စေ့စပ်ဆွေးနွေးရေးနှင့် ပတ်သက် သော ဥက္ကဋ္ဌ၏ မူလတင်ပြချက်" ဟူ၍အမည်လွှဲပြောင်း လိုက်လေတော့သည်။

ယခုမူ—"စေ့စပ်ဆွေးနွေးရေးနှင့် ပတ်သက်သော မိမိတို့၏ တင်ပြချက်" ဟူသည့်ပိကင်းမှ ဗမာပြည်ကွန်မြူနစ်ပါတီသို့ပေးပို့သော စာတမ်း၏ မူရင်းကို အောက်ပါအတိုင်း ဖော်ပြလိုက်ပေသည်။

" စေ့စပ်ဆွေးနွေးရေးနှင့် ပတ်သက်သော ဥက္ကဋ္ဌ၏ မူလတင်ပြချက်။ "

၁။ ကျွန်ုပ်တို့သည်၊ အတိတ်နှင့် ပတ်သက်၍ မှန်ကန်သော ကောက်ချက် များ ချနိုင်ရန် လိုပေသည်။ သို့ရာတွင် အတိတ်အပေါ် အာရုံစိုက်လွန်းခြင်း၊ အနာဂါတ် အလားအလာနှင့် တာဝန်များကို အလေးထားခြင်းက ပိုပြီး ကောင်းမွန်ပေသည်။

ဥပမာ အားဖြင့် နိုဝင်ဘာလ (၁၀) ရက်နေ့ လူထုအစည်း အဝေး လုပ် ခြင်းသည် မှန်မမှန်၊ မဒညတအနေနှင့် စေ့စပ်ဆွေးနွေးခြင်းသည်၊ မှန်မမှန် ဆိုသော ကိစ္စများအပေါ် အချိန်များစွာ ဖြုန်းနေခြင်းဖြင့် ပါတီညီညွတ်ရေး အတွက် အကျိုးမရှိပေ။

ယခုအားလုံး သဘောတူညီချက် မရသေးလျှင် ရွှေ့ဆိုင်းထားပြီး နောက် မှပင် ဆွေးနွေးသင့်ပေသည်။ အချိန်နှင့်ဘဝဖြစ်ရပ်များက ဤပြဿနာကိုအ ဖြေပေးသွားပေလိမ့်မည်။

၂။ စေ့စပ်ရေးအတွင်း ပါတီ၏ ရပ်တည်မှု နည်းပရိယာယ်နှင့် လုပ်ရပ် များကို ယေဘုယျအားဖြင့် ကျွန်ုပ်တို့အတည်ပြုပေသည်။ စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားရခြင်းအတွက် အုပ်စိုးသောလူတန်းစားအပေါ်၌သာ တာဝန်လုံးလုံး ကျရောက်ပေသည်။

စေ့စပ်ဆွေးနွေးပွဲအကွင်း ပါတီသည် ရန်သူအပေါ်ကြီးမားသောအောင် မြင်မှုများရလိုက်သည်။ စေ့စပ်ဆွေးနွေးပွဲ၏ရလဒ်အားလုံးကို ခြုံကြည့်လျှင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်ုပ်တို့၏ အမြတ်သည် ကျွန်ုပ်တို့ဆုံးရှုံးမှုထက် များစွာပင် အလေးသာပေသည်။

စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားရခြင်းအတွက် အဓိက အကြောင်းရပ်မှာ။....

(၁) အုပ်စိုးသော လူတန်းစားအတွင်း ငြိမ်းချမ်းရေးဆန့်ကျင်သော အင်အားစုများက ယာယီအပေါ်စီးရလာခြင်းနှင့်။

(၂) အုပ်စိုးသောလူတန်းစားက၊ လူထုအား ကြောက်လန့်ခြင်း.... တို့ဖြစ်သည်။

ပါတီခေါင်းဆောင်မှုနှင့် ပါတီတရပ်လုံးသည် စစ်တခုလုံးကို မည်ကဲ့သို့ ခေါင်းဆောင်ရမည်ဟူသော အချက်နှင့် ခြေမှုန်းရေးတိုက်ပွဲများ မည်ကဲ့သို့ ဆင်နွှဲရမည် ဟူသော အချက်များကို လေ့လာရန်လိုပေသည်။

၃။ စေ့စပ်ဆွေးနွေးပွဲမတိုင်မီ၊ ဆွေးနွေးနေစဉ် အတွင်းနှင့် ဆွေးနွေးပွဲ အပြီးတွင် ကျွန်ုပ်တို့ပါတီ၌ချွတ်ယွင်းချက်အချို့ရှိချင်ရှိမေမည်။ သို့ရာတွင်တခုလုံး ခြုံကြည့်လျှင် ပါတီ၏ ရပ်တည်မှုနည်းပေါ်လစီနှင့် လုပ်ဆောင်ချက်များသည် အခြေခံအားဖြင့် မှန်ကန်ပေသည်။

စေ့စပ်ဆွေးနွေးပွဲ ပျက်ရခြင်းအတွက် အထက်တွင် ဖော်ပြခဲ့သော ပြည်တွင်းအကြောင်း (၂)ရပ်အပြင်၊ ပြည်ပအကြောင်းရင်းအနေနှင့် နိုင်ငံတကာ ပြန်ပြင်ရေးများပါဝင်သည့်အခဏ်းကိုလည်း ထည့်တွက်ရမည်ဖြစ်သည်။

အတိုချုပ်အားဖြင့်ဆိုပါမူ၊ နယ်ချဲ့သမားများ ပြည်တွင်းဖောက်ပြန်ရေး သမားများနှင့်၊ ပြန်ပြင်ရေးသမားများ၏ ပူးပေါင်းကြံစည်မှုဖြင့် ရန်သူ သည် စေ့စပ်ဆွေးနွေးပွဲကို တမင်ဖျက်ဆီး ပစ်လိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ရန်သူက စေ့စပ်ဆွေးနွေးပွဲဖျက်ပစ်ခြင်းကို မူများမစွန့် လွှတ်ရဘဲ တားဆီးနိုင်ရန် အစွမ်းကုန်ကြိုးပမ်းခဲ့ကြပေသည်။

၄။ အောက်ပါတို့ကား ကျွန်ုပ်တို့၏ အောင်မြင်ချက်တချို့နှင့် ကောက်ချက်အချို့ပင်တည်း။

(၁) ကျွန်ုပ်တို့တွင် ဆုံးရှုံးမှုအချို့ပင်ရှိလင့်ကစား၊ တခုလုံးခြုံပါက အလွန်ကြီးမားသော အောင်မြင်ချက်ပင် ဖြစ်ပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ကျွန်ုပ်တို့၏ အဝေးရောက်တပ်အား၊ အချို့ကို ပြန်ခေါ်နိုင်ခဲ့ပေသည်။

(၃) ကျွန်ုပ်တို့သည် အကောင်းဘက် အဆိုးဘက် အတွေ့အကြုံများပါရရှိခဲ့သည်။

(၄) နေဝင်း၏ အတုအယောင်ငြိမ်းချမ်းရေးကို ဖွင့်ချနိုင်ခဲ့သည်။

(၅) နေဝင်း၏ အတုအယောင်ဆိုရှယ်လစ်စနစ်ကို ဖွင့်ချနိုင်ခဲ့သည်။

(၆) ကျွန်ုပ်တို့သည် ပြည်တွင်း ပြည်ပပြန်ပြင်ရေးဝါဒကို ပြန်လည်တိုက်ခိုက်နိုင်ပြီး ကျော်လွှန်နိုင်ခဲ့သည်။

(၇) ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးတကယ်လိုလားပြီး ငြိမ်းချမ်းရေးအတွက် ရိုးရိုးသားသား ဆောင်ရွက်ခဲ့ကြောင်း ပြည်သူများအားပြသနိုင်ခဲ့သည်။

(၈) ကျွန်ုပ်တို့သည် ပါတီ၏ ငြိမ်းချမ်းရေး ကြေးကြော်သံအောက်တွင် ရန်သူနယ်မြေရှိ လက်ဝဲအင်အားစုများကို စုစည်းနိုင်ခဲ့သည်။

(၉) ကျွန်ုပ်တို့သည် ရန်သူ နှင့် ဆက်ဆံရာတွင် ရဲ တင်း ရန် လို အပ်သည်။ အရေးအကြီးဆုံးမှာ အခွင့်ကောင်းများကို ရယူရန်နှင့် ရန်သူ၏အားနည်းချက်များကို အသုံးချရန် လုံလောက်သောရဲရင့်ပြတ်သားမှုရှိရမည်။

(၁၀) ကျွန်ုပ်တို့သည်၊ ပြောင်းလုပ်ငန်း နှင့် မြေ အောက် လုပ် ငန်း ကို ကျွမ်းကျင်စွာ ပေါင်းစပ်တတ်ရန် လေ့ကျင့်ရမည်။

(၁၁) ရန်သူနှင့် ဆက်ဆံမှုတွင် လိမ်မာကျွမ်းကျင်ရမည်။ တခါတရံတွင် လူထုလှုပ်ရှားမှုကို အသုံးပြုရန်နှင့် ကြိုး ကိုင် ရန် လိုအပ်သည်။

(၁၂) တခါတရံတွင်မူ လူထုလှုပ်ရှားမှုကို ပြောင်းလုပ်ဆောင်ရန် မလိုအပ်ဘဲ၊ လူထုများကို လျှို့ဝှက်စည်းရုံးရန် သာ လိုအပ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁၃) ကျွန်ုပ်တို့သည် ရန်သူက မဒညတကိုဖြိုခွဲပစ်ရန် ကြိုးပမ်းချက်ကို တားဆီးနိုင်ခဲ့သည်။ မဒညတက ပါတီနှင့်အတူ ရပ်တည်ခြင်းသည် ပါတီအတွက် သော်၎င်း၊ လူမျိုးစုများ အတွက်သော်၎င်း၊ ကြီးမားသောအောင်မြင်ချက်ကြီးဖြစ်ပေသည်။

(၁၄) တခါတရံတွင် ကျွန်ုပ်တို့အနေနှင့် ပထမစေ့စပ်ဆွေးနွေးပြီးနောက်မှပင် မဒညတသို့ တိုးချဲ့ယူသင့်သည်။

တခါတရံတွင် ပြောင်းပြန်လုပ်လင့်သည်။

ကျွန်ုပ်တို့၏မှန်းချက်သည် စေ့စပ်ဆွေးနွေးရေးအောင်မြင်ရန်အတွက် ကောင်းမွန်သော အခြေအနေကို ဖန်တီးပေးရန်ဖြစ်ပြီး၊ ဤမှန်းချက် ရောက်ရန်အတွက် တိကျသော သီးခြားအခြေအနေများနှင့် ဘယ်ပုံသဏ္ဍာန်များသည် အဆီလျော်ဆုံးဖြစ်သည်ကို သိရမည်။

(၁၅) ရန်သူသည် ကျွန်ုပ်တို့ထံမှ ငြိမ်းချမ်းရေးအလံတော်ကို လုမယူနိုင်ခဲ့ပေ။ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးအလံတော်ကို မြင့်မားစွာ လွှင့်ထူနိုင်ခဲ့သည်။

(၁၆) စေ့စပ်ဆွေးနွေးရေးကာလ (၅) လကို အသုံးပြုပြီး၊ ကျွန်ုပ်တို့သည် လူထုကို၎င်း၊ ပါတီ လက်နက်ကိုင် အင်အားစုများလူထုအဖွဲ့ အစည်းများကို၎င်း၊ စုစည်းနိုင်ခဲ့ပြီး၊ ပါတီညီညွတ်ရေးကိုလည်း တစုံတရာထိ တည်ဆောက်နိုင်ခဲ့သည်။

(၁၇) ယနေ့လက်ငင်း အခြေအနေများအရ ဗမာပြည်တွင် ဆိုရှယ်လစ်စနစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းရန်မဖြစ်နိုင်ပေ။

(၁၈) ရန်သူအပေါ် အောင်ပွဲခံနိုင်ရန်အတွက် ကျွန်ုပ်တို့၏ လက်နက်ကိုင်အင်အားစုများကို တိုးချဲ့ရန် အကြွင်းမဲ့လိုအပ်သည်။

(၁၉) ပစ္စပ္ပုန်အတွက်ရော၊ အနာဂါတ်အတွက်ပါ၊ ကျွန်ုပ်တို့တွင် အခက်အခဲများရှိနိုင်ပေသည်။ သို့ရာတွင် ဗမာပြည်တွင် ကျန်မုချ တော်လှန်ရေးအောင်ပွဲခံရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤတကြိမ် ရန်သူက စေ့စပ်ရေးကို ဖျက်လိုက်သဖြင့်၊အနာဂါတ်တွင် ငြိမ်းချမ်းရေး အလားအလာမရှိတော့ဟု ကောက်ချက်ချပါက မှားယွင်းလိမ့်မည်။

တချိန်တည်းမှာပင် ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေး စိတ်ကူးယဉ်မှု မရှိသင့်ပေ။

အနာဂါတ် စေ့စပ်ဆွေးနွေးပွဲများ အောင်မြင်ဘို့ အာမခံချက်ရှိစေရန် ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးအလံကို မြင့်မားစွာ လွှင့်ထူခြင်းနှင့် တပြိုင်တည်း နိုင်ငံရေးရော၊ စစ်ရေးရော ထိုးစစ်ဆင်ရမည်။

ပါတီသည် အခွင့်ကြုံတိုင်း၊ အကြိမ်ကြိမ်ငြိမ်းချမ်းရေးခေါ်သင့်ပေသည်။

ဤသည်တို့ကား "စေ့စပ်ဆွေးနွေးရေးနှင့်ပတ်သက်သော မိမိတို့၏ တင်ပြချက်"ခေါင်းစဉ်တပ်ထားပြီး၊ ပီကင်းမှ၊ ဗမာပြည် ကွန်မြူနစ်ပါတီသို့ ပေးပို့ခဲ့သော စာတမ်းမူရင်းအတိုင်းပင်ဖြစ်သည်။

(၂) ၁၉၆၄ ခုနှစ်၊ ဗဟိုကော်မတီအစည်းအဝေးသို့ ပီကင်း၏အကြံပေးချက်။

၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့တွင်၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားပြီးနောက် ဗမာပြည် ကွန်မြူနစ်ပါတီတွင် တိကျသော လမ်းစဉ်တရပ် ဟူ၍မရှိတော့ချေ။ လမ်းစဉ်မရှိသော ကွန်မြူနစ်ပါတီဖြစ်နေ၏။ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားရသည်မှာ "သူ့ကြောင့်၊ ငါ့ကြောင့်" ဟူ၍ တရားခံရှာပွဲကြီးကို သူ့ထက်ငါအပြိုင်ပင် ဆွေးနွေးငြင်းခုံနေကြလေသည်။

ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗြူရို အနေနှင့် နိုင်ငံရေး လမ်းစဉ်တရပ်ကို ချမှတ်နိုင်ရန်အတွက်၊ အပူတပြင်းလိုအပ်နေပေသည်။ သို့သော်လည်း ဗမာပြည် ကွန်မြူနစ်ပါတီ ပေါလစ်ဗြူရိုအဖွဲ့ (နိုင်ငံရေးဦးဆောင်အဖွဲ့) အနေနှင့်မူ ပါတီ၏နိုင်ငံရေးလမ်းစဉ်တရပ်ကို ခိုင်မာစွာချမှတ်နိုင်စွမ်းမရှိပေ။

ဗမာပြည် ကွန်မြူနစ်ပါတီသည် နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေး တို့တွင် ချွတ်ခြုံကျ၍ နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့သော အခြေအနေတွင် ပီကင်းမှလည်း နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးလမ်းစဉ်တို့ကို ရေးဆွဲ၍ ပေးပို့မည်ဖြစ်ကြောင်းကို အကြောင်းကြားလိုက်လေသည်။

ထိုနောက် ၁၉၆၄-ခုနှစ်၊ ဧပြီလ စတုတ္ထပတ်အတွင်းမှစ၍၊ ပီကင်းမှ ဗမာပြည် ကွန်မြူနစ်ပါတီ အတွက် နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေး လမ်းစဉ်တို့ကို ပို့ပေးလေသည်။

ဤသို့ပီကင်းမှ နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးလမ်းစဉ်တို့ကို ရရှိလိုက်သည်နှင့်တပြိုင်နက် ဗမာပြည် ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့(နိုင်ငံရေးဦးဆောင်အဖွဲ့)သည် ဗဟိုကော်မတီ အစည်းအဝေးကို အဆောတလျင် ကျင်းပရန် စီစဉ်တော့သည်။

၁၉၆၄-ခုနှစ်၊ ဇွန်လ အတွင်းတွင် ဗဟိုကော်မတီ အစည်းအဝေး အတွက် ကြိုတင်ပြင်ဆင်သည့် နိုင်ငံရေးဦးဆောင်အဖွဲ့၏ အစည်းအဝေးကို ကျင်းပ၏။ အမှန်စင်စစ်အားဖြင့် နိုင်ငံရေး ဦးဆောင်အဖွဲ့၏ အစည်း အဝေးဟု ဆိုသော်လည်း ပီကင်းပြန် ဗဟိုကော်မတီ အဖွဲ့ဝင်များပါ တက်ရောက်ရသော အစည်းအဝေးဖြစ်၏။ ထိုအစည်းအဝေးသို့ ဒေသအသီးသီးမှ ဗဟိုကော်မတီများမှာမူ တက်ရောက်ရခြင်းမရှိချေ။ ဤနိုင်ငံရေး ဦးဆောင်အဖွဲ့ အစည်း အဝေးတွင် ပီကင်းမှ ပေးပို့သော လမ်းစဉ်ပေါ်လစီဆိုင်ရာ ပြဿနာများကို ကြိုတင်ညှိနှိုင်းရခြင်းဖြစ်၏။ ယင်းသို့ဖြင့် မကြာမီတွင် ကျင်းပမည့် ဗဟိုကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ သခင်သန်းထွန်း အနေနှင့် နိုင်ငံရေးအစီရင်ခံစာကို တင်သွင်းရန်အတွက် ဝိုင်းဝန်းဆွေးနွေး၍ ပြင်ဆင်ပေးကြလေသည်။

ထိုနောက် သခင်သန်းထွန်းသည် ပီကင်းမှပေးပို့သည့် လမ်းစဉ် ပေါ်လစီများကို "ဥက္ကဋ္ဌ၏ မူလတင်ပြချက်" ဟူသောအမည်ဖြင့် ဗဟိုကော်မတီ အစည်းအဝေးသို့ အစီရင်ခံရန် အတွက် ဆုံးဖြတ်လိုက်လေသည်။

ယင်း "ဥက္ကဋ္ဌ၏ မူလတင်ပြချက်" စာတမ်းများကို ဗဟိုကော်မတီ အဖွဲ့ဝင်များသာ ဘတ်ရှုလေ့လာရ၏။ ဗဟိုကော်မတီ၏ထိပ်တန်း လျှို့ဝှက်ချက် အဖြစ်သဘောထားရန်လည်း ဆုံးဖြတ်ထားလေသည်။

သို့ဖြစ်၍ ပီကင်းမှ ပေးပို့သော လမ်းစဉ် ပေါ်လစီများသည် "ဥက္ကဋ္ဌ၏ မူလတင်ပြချက်" စာတမ်းများအနေဖြင့်သာ အသုံးပြုရလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဥက္ကဋ္ဌ၏မူလတင်ပြချက်"ဆိုသည်များကိုအမျိုးအစားအားဖြင့် (၃)မျိုးခွဲခြားထားလေသည်။

(၁) ဥက္ကဋ္ဌ၏ .... နိုင်ငံရေးလမ်းစဉ်မူလတင်ပြချက်။
(၂) ဥက္ကဋ္ဌ၏ .... စည်းရုံးရေးလမ်းစဉ်မူလ တင်ပြချက်။
(၃) ဥက္ကဋ္ဌ၏ .... စစ်ရေးလမ်းစဉ်မူလတင်ပြချက်။

စသည်တို့ဖြစ်လေသည်။

"ဥက္ကဋ္ဌ၏ နိုင်ငံရေးလမ်းစဉ်မူလတင်ပြချက်" ကိုမူ၊ ၁၉၆၄-ခုနှစ် ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အဖြစ်ဖြင့် အကျယ်တဝင့်ပင် ဖော်ပြထားပြီးဖြစ်၏။ ထို့ကြောင့် ယခုဥက္ကဋ္ဌ၏မူလတင်ပြချက် စာတမ်းများဖြစ်သည့် စည်းရုံးရေးလမ်းစဉ်နှင့် စစ်ရေးလမ်းစဉ်တို့၏ မူရင်းစာတမ်းများကို အောက်ပါအတိုင်း ဖော်ပြလိုက်ပေသည်။

"ဥက္ကဋ္ဌ၏စည်းရုံးရေး မူလတင်ပြချက်"

(အပိုင်း-၁)

စည်းရုံးရေး

၁။ အမြင့်ဆုံး ပါတီ စည်းရုံးရေး မူဖြစ်သည့် ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုစနစ်ကို ပါတီတွင်းကျေညက်အောင် ပညာပေးပြီး တင်းကြပ်စွာလိုက်နာရမည်။

ပါတီတွင်း ဒီမိုကရေစီကိုအားပေးခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးခြင်းရှိမရှိကို ပါတီခေါင်းဆောင်မှုက ဂရုစိုက်ရမည်။

သို့မှသာ ကျွန်ုပ်တို့သည် စုပေါင်းအသိဉာဏ်ကိုရရှိနိုင်မည်။ တပြိုင်တည်းမှာပင် ဗဟိုချုပ်ကိုင်မှုကိုလည်း မြင့်မြင့်မားမားကျင့်သုံးသင့်သည်။

မည်သည့်လက်အောက် အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်သည်ပင်မဆို၊ အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို အကြွင်းမဲ့လိုက်နာရမည်။ အထက်အဖွဲ့အစည်း၏ဆုံးဖြတ်ချက်များကို လက်အောက်အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်တဦးဦးသည် သဘောမတူပါက မိမိတို့ထင်မြင်ချက်ကို ကွန်ဂရက်အထိ တင်ပြနိုင်ရန်အခွင့်အရေးအားလုံးရှိသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂။ ၆၂-ဆုံးဖြတ်ချက်အရ၊ ပေါလစ်ဗြူရို (နိုင်ငံရေးဦးဆောင်အဖွဲ့) သည် ခြေလက်တုတ်နှောင်ခြင်းခံထားရပေသည်၊ ၎င်းကိုပြင်ပစ်သင့်သည်။

ဗဟိုကော်မတီများတွင် အတိတ်က ပေါ်လစ်ဗြူရို (နိုင်ငံရေးဦးဆောင်အဖွဲ့)ပေါ်တရားသော မကြေနပ်ချက်မှာ အချို့အမှန်ပင်ရှိသည်။

အနာဂါတ်တွင် ဗဟိုကော်မတီ၏ ဆန္ဒနှင့်ဆုံးဖြတ်ချက်ကို ဖောက်ဖျက်ခြင်းနှင့် ဘေးချိတ်ခြင်းမရှိစေရန် ဂရုပြုရမည်။

သို့ရာတွင် ကြပ်တည်းသောစစ်ရေး အခြေအနေများအောက်တွင် ဖြစ်ပေါ်လာသောအခြေအနေများနှင့် ကိုက်ညီစေရန် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များကို ပေါလစ်ဗြူရို (နိုင်ငံရေးဦးဆောင်အဖွဲ့)က ပြန်စဉ်းစားပြီး ပြင်ဆင်ရသည့်အချိန်လည်းရှိနိုင်ပေသည်။

ဤအခြေအနေမျိုးတွင် —

(က) အချိန်ရှိပါက စုပေါင်း အကြံဉာဏ်နှင့် ဗဟိုကော်မတီ၏ သဘောတူညီချက်ကို ကြိုတင်ရရှိရန်ကြိုးစားရမည်။

(ခ) အချိန်မရနိုင်ပါက အရေးပေါ် ဗဟိုကော်မတီအစည်းအဝေး ခေါ်သင့်ပေသည်။

(ဂ) အထက်ပါ ၂-နည်း စလုံးမဖြစ်နိုင်က၊ ပေါလစ်ဗြူရို (နိုင်ငံရေးဦးဆောင်မှုအဖွဲ့) သည် တာဝန်ယူပြီး အခြေအနေသစ်များနှင့် ကိုက်ညီအောင် ခန့်ခွဲလုပ်ဆောင်သွားသင့်သည်။

ဤကဲ့သို့လုပ်ဆောင်ပါက ပေါ်လစ်ဗြူရို (နိုင်ငံရေးဦးဆောင်အဖွဲ့)သည် ဗဟိုကော်မတီအားလုံးသို့ မိမိလုပ်ဆောင်ခဲ့သည်များ၊ အစောဆုံးအစီရင်ခံရမည်။ နောက်ကျင်းပမည့် ဗဟိုကော်မတီက ပေါ်လစ်ဗြူရို (နိုင်ငံရေးဦးဆောင်အဖွဲ့) ဆုံးဖြတ်ချက်ကို အတည်ပြုချင်ပြု၍ ပယ်ချချင်လျှင် ပယ်ချလိမ့်မည်။

၃။ ဗမာပြည်ကွန်မြူနစ်ပါတီ ဟူသော အမည်နှင့် ပါတီ၏ ပထမ ခေါင်းဆောင်ကို ပါတီဥက္ကဋ္ဌအဖြစ် ထားရှိခြင်းမှာ ပြည်တွင်းရော-ပြည်ပတွင်ပါအခိုင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမာအသိအမှတ်ပြုပြီးဖြစ်နေပေသည်။ သို့ဖြစ်၍ ပါတီအမည်နှင့်ဥက္ကဋ္ဌ တာဝန်ကို မပြောင်းသင့်ပေ။

၄။ နိုင်ငံခြားတွင် ရောက်ရှိနေသော ဗဟိုကော်မတီများ၏အမည်ကို ပါတီ၏ တရားဝင်စာရင်းတွင် မဖော်ပြဘဲ ဖြုတ်ထားခြင်းမပြုသင့်ပေ။

၅။ ဗိုလ်ဇေယျအား ဗဟိုကော်မတီ အပြည့်အဖြစ် မြှင့်တင်ရန်နှင့် ဗိုလ်သန်းရွှေနှင့် ရဲဘော်သက်တင်တို့အား အရံဗဟိုကော်မတီအဖြစ် မြှင့်တင်ရန် လိုအပ်ပေသည်။

(အပိုင်း-၂)
ညီညွတ်ရေး

၁။ ပါတီညီညွတ်ရေး အထူးသဖြင့် (ဗဟိုကော်မတီအတွင်း ညီညွတ်ရေး) နှင့်ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရို (နိုင်ငံရေးဦးဆောင်အဖွဲ့) အကြား ညီညွတ်ရေးမှာ သိပ်မကောင်းလှပေ။

ဗဟိုကော်မတီတိုင်းသည် ပါတီညီညွတ်ရေးကို မျက်လုံးအိမ်သဘွယ် စောင့်ရှောက်ကြရန် အထူးလိုပေသည်။

ကျွန်တော် (မှတ်ချက်။ မူရင်းတွင်သခင်သန်းထွန်းဟု ဖော်ပြထားသည်။ **စာရေးသူ**)နှင့် ရဲဘော်ဘတင်(၂)ဦးတို့တွင် ပါတီညီညွတ်ရေး ထိန်းသိမ်းရန် အထူးတာဝန်ရှိပေသည်။

ပြည်တော်ပြန်ဗဟိုကော်မတီများနှင့် ပြည်တွင်းရှိရင်းစွဲ ဗဟိုကော်မတီများ ညီညွတ်စွာ စုစည်းပြီး ပါတီညီညွတ်ရေးကို ခိုင်မာအောင်လုပ်ကြရန် လိုအပ်ပေသည်။

ရန်သူအပေါ် အောင်ပွဲရဘို့အာမခံချက်ရှိစေရန် ယနေ့တွင် မည်သည့်အခါထက်မဆို ပါတီညီညွတ်ရေး အလိုအပ်ဆုံးအခါဖြစ်ပေသည်။

သို့ဖြစ်၍ ပါတီညီညွတ်ရေးရရှိရန်အတွက်၊ ဗဟိုကော်မတီများသည်၊ အားသွန်ကြိုးပမ်း လုပ်ဆောင်ကြရမည်။

ပါတီညီညွတ်ရေးအား ထိပါးစေသော မည်သည့်အသုံးအနှုန်း မည်သည့် လုပ်ဟန်လုပ်ရပ်ကိုမဆို ရှောင်ကြဉ်သင့်ပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယနေ့အထိ ပါတီဝင်တယောက်၏ ပါတီအပေါ် သစ္စာရှိမှုကို တိုင်းတာရန် ဂိုက်တန်မှာ ပါတီညီညွတ်ရေးအပေါ် သူမည်ကဲ့သို့ သဘောထားသလဲဟူသော အချက်ပင်ဖြစ်သည်။

၂။ ပါတီညီညွတ်ရေး အာမခံချက်ရှိစေရန်အတွက် အောက်ပါတို့ကို လိုက်နာသင့်ပေသည်။

(၁) မည်သည့် ပြဿနာကိုမဆို ကျွန်ုပ်တို့သည် မာက်စ်လီနင်ဝါဒကို အခြေခံ၍ ချဉ်းကပ်ရမည်။

(၂) ကျွန်ုပ်တို့၏ ချဉ်းကပ်မှုအားလုံးသည် တိကျသော ပြည်တွင်း ပြည်ပ အခြေအနေပေါ်တွင် အခြေခံရမည်။

(၃) မည်သည့် ပြဿနာကိုမဆို ပါတီညီညွတ်ရေးရှုဒေါင့်မှ ချဉ်းကပ်ရမည်။

(၄) ပထမအားဖြင့် ပေါ်လစ်ဗြူရို (နိုင်ငံရေး ဦးဆောင်အဖွဲ့) ကို ညီညွတ်စုစည်းမိအောင် ကြိုးစားရမည်။

၃။ ပါတီညီညွတ်ရေးတည်ဆောက်ရန် တိကျသောနည်းနာများ။

(က) မူနှင့်ညီညွတ်ရေး။

ရဲဘော်အချို့သည် မူ ထိန်းသိမ်းရန်ကိုသာ စဉ်းစားပြီး၊ နည်းလမ်းမကျသော တိုက်ပွဲဆင်ခြင်းဖြင့်၊ ပါတီညီညွတ်ရေး အတွက်သာ စဉ်းစားပြီး မူထိန်းသိမ်းရန် ပျက်ကွက်ကြသည်။

ဤနည်း (၂)ခုစလုံး မှားယွင်းပေသည်။

"မူ" နှင့် "ညီညွတ်ရေး" တို့သည် ခွဲ၍မရပေ။ ပါတီတွင်း တိုက်ပွဲသည် မိမိအတွင်း တိုက်ပွဲဖြစ်သောကြောင့် ရန်သူနှင့် မိမိအကြား တိုက်ပွဲနှင့် ကွဲပြားခြားနားရန် လိုအပ်သဖြင့် မူ နှင့် ညီညွတ်ရေးသည်ပို၍ပင် ခွဲမရခြင်းဖြစ်ပေသည်။

"ညီညွတ်ရေး တိုက်ပွဲ ညီညွတ်ရေး" ဟူသော ရဲဘော် မော်၏ သွန်သင်ချက်ကို ကျွန်ုပ်တို့ အမြဲတစေသတိရနေရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ခ) အများတရပ်ကို သုံးသပ်သောအခါတွင် ကျွန်ုပ်တို့သည် တရားခံရှာရန်ဟူသော သဘောထားဖြင့် အစမပြုသင့်ပေ။

ကျွန်ုပ်တို့သည် မိမိကိုယ်ဝေဖန်ရေးနှင့် အစပြုပြီး အခြားသူအား သင့်တော်သလို ဝေဘန်မှုကို နောက်မှလိုက်သင့်ပေသည်။

(ဂ) ကျွန်ုပ်တို့သည် စည်းရုံးရေးဘောင်အတွင်း၌သာ လုပ်ဆောင်သင့်သည်။

(ဃ) မိမိအဖွဲ့အစည်းအတွင်း၌သာ လုပ်ဆောင်ပြောဆိုသည့် အကျင့်ကို အမြဲတမ်း ကိုင်စွဲရမည်။

(င) ကွယ်ရာတွင် အတင်းပြောခြင်း၊ အခြားရဲဘော်များ နောက်ကွယ်တွင် ဂိုဏ်းသိက္ခာပျက်စီးအောင် လုပ်ခြင်းနှင့် အစုအအုပ်များကို တားမြစ်ပိတ်ပင်ရမည်။

၄။ အမည်ဆိုးတပ်ခြင်း (သို့မဟုတ်) ဆိုင်းဘုတ်ကြီးကြီး တပ်ခြင်းများကို ရှောင်ကြဉ်သင့်သည်။

ပါတီဝင်အဖြစ်နှင့် တည်ရှိနေသမျှ ကျွန်ုပ်တို့ပါတီ တပ်သားများ အတွင်း "ပြင်မရသော အချောင်သမား" (သို့မဟုတ်) ပြင်မရသော ဂိုဏ်းခွဲရေးသမား တရားသေဝါဒသမား" ဟူ၍မရှိဟု ကျွန်ုပ်တို့သဘောထားပေသည်။

၅။ ပါတီတွင်း၌ ပြင်းထန်ပြီး ကျယ်ပြန့်သော အယူဝါဒရေးတိုက်ပွဲများ အကြိမ်ပေါင်းများစွာ ရှိခဲ့သော်လည်း ၁၉၄၆-ခုနှစ်၊ ပါတီကွဲခြင်းမှတပါး၊ တခြားပါတီကွဲခြင်း မရှိခဲ့ဘူးပေ။ ဤသည်မှာ ပါတီ၏အလွန်ကောင်းသော အစဉ်အလာပင်ဖြစ်သည်။

ဤအစဉ်အလာကောင်းကို ဆုပ်ကိုင်ပြီး ပါတီညီညွတ်ရေးကို ထိန်းသိမ်းကာ အောင်ပွဲဆီသို့ ချီတက်ရန် ဗဟိုကော်မတီ အားလုံး ခေါင်းဆောင်ကေဒါအားလုံးသည် အစွမ်းကုန် ကြိုးပမ်းကြလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပေသည်။

အထက်ပါတို့မှာ ဥက္ကဋ္ဌ၏ စည်းရုံးရေး မူလတင်ပြချက်ခေါင်းစဉ် တပ်ထားသော ပီကင်းမှ ပေးပို့ခဲ့သည့် စည်းရုံးရေးလမ်းညွှန်များဖြစ်ပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဥက္ကဋ္ဌ၏ မူလစစ်ရေး တင်ပြချက်ဟူ၍ ခေါင်းစဉ် တပ်ထားပြီး ပီကင်းမှ ရောက်ရှိလာသော စစ်ရေးလမ်းညွှန်မှာ အောက်ပါအတိုင်းဖြစ်သည်။

''ဥက္ကဋ္ဌ၏ မူလစစ်ရေးတင်ပြချက်''

၁။ စစ်ရေး။

(၁) ကျွန်ုပ်တို့သည် ၁၆-နှစ်နီးနီး စစ်ကိုတိုက်ခဲ့ကြသော်လည်း ပါတီတခုလုံးတွင် စစ်ရေးချွတ်ယွင်းချက် အတော်များများ ရှိနေသည်။

ဤချွတ်ယွင်းချက်များကို စုပေါင်းဖော်ထုတ်ပြီးစုပေါင်း ပြင်ဆင်ရန် လိုအပ်သည်။

(၂) ၅၅-ခုနှစ်၊ စစ်ရေးလမ်းစဉ်သည် အခြေခံအားဖြင့် မှန်ကန်သေးသည်။

၎င်းကိုဆက်လက်ပြီး အကောင်အထည် ဖော်နိုင်အောင် ကြိုးစားကြရမည်။

၂။ သီးခြားပြဿနာများနှင့် ပတ်သက်၍ အောက်ပါအတိုင်း တင်ပြလိုသည်။

(က) အယူဝါဒရေး။

ကျွန်ုပ်တို့ပါတီ ခေါင်းဆောင်မှုနှင့်တကွ ပါတီတရပ်လုံး အား စစ်ရေး ပြဿနာများ ဖြစ်သည့် တပ်မတော်တည် ဆောက်ရေးနှင့် နည်းနာဆိုင်ရာများတွင် အယူဝါဒအရ ညီညွတ်ရေး တည်ဆောက်နိုင်ရန်မှာ အရေးကြီးဆုံးဖြစ်ပေသည်။

(ခ) ကျွန်ုပ်တို့သည် စစ်ရေးစစ်ရာတွင် ပြင်ပစ်ရန် လိုအပ်သော အောက်ပါမှားယွင်းသည့် တိမ်းစောင်းမှုများကို တွေ့ရှိရသည်။

၁။ ရန်သူချေမှုန်းရေးနှင့် မိမိအားထိန်းသိမ်းရေးတွင် ငါတို့တပ်များသည် မိမိအား ထိန်းသိမ်းရေးကိုသာ ပိုကျင့်သုံးလိုကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်ုပ်တို့သည်၊ ဤ ၂-ချက်ကို ပေါင်းစပ်ပြီး အခွင့်သာမှုအားလုံးကို အသုံးချကာ ရန်သူအားချေမှုန်းနိုင်ရန် ကြိုးစားသင့်သည်။

၂။ တိုက်ခိုက်ခြင်းနှင့် တိမ်းရှောင်ခြင်းအနက် တိမ်းရှောင်ခြင်းကိုသာ ငါတို့တပ်များက ပိုကျင့်သုံးကြသည်။ ၎င်းကို ရပ်ပစ်ရမည်။

၃။ စုစည်းခြင်းနှင့် ဖြန့်ခွဲခြင်းတွင်လည်း ကျွန်ုပ်တို့တပ်များသည် အလွန်ခွဲဖြန့်နေပေသည်။

ဤအချက်ကြောင့် ကျွန်ုပ်တို့၏ ရန်သူချေမှုန်းရေးမှန်းချက်ကို အောင်မြင်စေနိုင်မည်မဟုတ်ပေ။

၄။ ပါတီတပ်သားများသည် ချေမှုန်းရေးနှင့် ချွေစစ်တွင် ဘယ်ဟာက အဓိကအသွင်ဖြစ်သည်ကို ဆွေးနွေးနေကြဆဲဖြစ်သည်။ ကျွန်ုပ်တို့သည် ချေမှုန်းရေးက အဓိကဖြစ်ပြီး၊ ချွေစစ်က အရံသာဖြစ်သည်ဟု ခိုင်ခိုင်မာမာပင် ကိုင်စွဲရမည်။

ပါတီခေါင်းဆောင်မှုသည်၊ ဤအချက်များကိုပြင်ပေးနိုင်ရန် ကူညီရမည်။

၅။ အကျဉ်းချုပ်ပါက ပါတီတရပ်လုံးသည် သေနင်္ဗျူဟာနှင့် နည်းပရိယာယ်တို့၏ဆန့်ကျင်ဘက်ဖြစ်မှုနှင့် ပေါင်းစပ်မှုများကို လေ့လာရန်လိုအပ်ပေသည်။

ဥပမာအားဖြင့် ရေရှည်စစ်ပွဲနှင့် အချိန်တိုတိုနှင့်လျင်မြန်သော တိုက်ပွဲများ ရန်သူအား ချေမှုန်းရေးနှင့်မိမိအင်အားကို ထိန်းသိမ်းရေး စသည်များဖြစ်သည်။

၃။ နည်းနာဆိုင်ရာ

(က) ချေမှုန်းရေးတိုက်ပွဲများ၊ တိုက်နိုင်ရေးအတွက် ကျွန်ုပ်တို့သည် ရန်သူအား ထိုးစစ်ဆင်ရေးအတွက်၊ စုစည်းခြင်းနှင့် သာမန်အခြေအနေတွင် လူထုစည်းရုံးရန်ခွဲဖြန့်ခြင်း (သို့မဟုတ်) ရန်သူ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၏ ချေမှုန်းမှုကို ရှောင်ရှားရန်ခွဲဖြန့်ခြင်းတို့ကို မှန်ကန်စွာကျင့်သုံးရမည်။

(ခ) ရန်သူ့အပေါ် အင်အားသာလွန်မှုရနိုင်ရန်အတွက် အခြေအနေကောင်းများဖန်တီးရန် ရန်သူ့အင်အားထက် - ၃ - ဆမှ - ၆ - ဆအထိ ကျော်လွန်အောင် မိမိအင်အားများကိုစုစည်းရမည်။

အချို့အခြေအနေ များတွင် မိမိအတွက် အခွင့်သာပြီး ရန်သူ့အတွက် အခွင့်မသာသော ပထဝီ အနေ အထားများကို အသုံးချရမည်။

ကျွန်ုပ်တို့သည် မိမိ၏လှုပ်ရှားနိုင်မှုအပေါ်ပို၍ အားပြုရမည်။

သို့ဖြင့် ကျွန်ုပ်တို့သည် တစုံတရာသော အခြေအနေ တစုံတရာသောနေရာတွင်၊ ရန်သူ့အပေါ်သာ လွန်မှုရရှိနိုင်ပေသည်။

(ဂ) ချေမှုန်းရေးတိုက်ပွဲများကို တိုက်နိုင်ရန် ကျွန်ုပ်တို့သည် လုံလောက်စွာ ပြင်ဆင်ရမည်။ မှန်ကန်သောတိုက်ကွက်ကို အသေအချာရွေးချယ်ရမည်။ ၎င်းပြင် အလစ်အငိုက်တိုက်ခြင်း၊ ခြုံခိုတိုက်ခိုက်ခြင်းများကို၊ ကျင့်သုံးရမည်။

(ဃ) ရန်သူကိုတိုက်ခိုက်ရာ၌ ကျွန်ုပ်တို့သည် ရန်သူ၏ စစ်သား အမြောက်အများအား ဒဏ်ရာမျှသာရစေခြင်းထက် တပ်စုတစု (သို့မဟုတ်) တပ်စိပ်တစိပ် (သို့မဟုတ်) ရန်သူ - ၃ - ၄ - ဦး မျှပင်ဖြစ်စေ ချေမှုန်းနိုင်ရန်ကြိုးစားရမည်။

(င) အချိန်တိုနှင့် လျင်မြန်သောတိုက်ပွဲများသည် ကျွန်ုပ်တို့၏အဓိကတိုက်ခိုက်ရေး၌ ပုံသဏ္ဍာန်ဖြစ်သင့်သည်။

(စ) ကျွန်ုပ်တို့သည် တိုက်ပွဲတခုကို (၁၀) မိနစ်ခန့်မျှအတွင်း ပြီးဆုံးစေသင့်သည်။

အချိန်တိုနှင့် လျင်မြန်သော တိုက်ပွဲများ တိုက်ခိုက်နိုင်ရန် ကျွန်ုပ်တို့သည် အနီးကပ်တိုက်ခိုက်မှုများလုပ်ရန်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်ုပ်တို့သည် ရန်သူအနားသို့ မီတာ တရာ (သို့မဟုတ်) နီးနိုင်သမျှနီးအောင် တိတ်တဆိတ်ချဉ်းကပ်နိုင်အောင် ကြိုးစား၍ အနီးကပ်တိုက်ပွဲများကို ဆင်သင့်သည်။

(ဆ) ကျွန်ုပ်တို့သည် အရပ်လုပ်ဗုံးများ၊ လက်ပစ်ဗုံးများကို ကျယ်ကျယ်ပြန့်ပြန့်သုံးသင့်သည်။

မိုင်းစစ်ပွဲကို ကျယ်ပြန့်စွာဆင်နွှဲသင့်သည်။

လုံ့စွပ်ထိုးစီးနင်းမှုများလုပ်ရမည်။

ကျွန်ုပ်တို့ တပ်များကို လှံစွပ်အသုံးပြု၍ တိုက်ခိုက်နိုင်အောင် လေ့ကျင့်ပေးသင့်သည်။

(ဇ) ထိုးစစ်တိုက်ပွဲတွင်ဖြစ်စေ၊ ခံစစ်တိုက်ပွဲတွင်ဖြစ်စေ၊ ကျွန်ုပ်တို့သည် ကတုတ်ကျင်းများကို သုံးသင့်သည်။ ၎င်းမှာအလွန်ပင် အရေးကြီးလှသည်။

(ဈ) မိမိလက်ထဲတွင်ရှိသောလက်နက်ကို အကောင်းဆုံးအသုံးချနိုင်ရန် ကြိုးပမ်းသင့်သည်။

မိမိလက်နက်များကို အသုံးချနိုင်မည့် နည်းလမ်းသစ်များ ဖန်တီးရန် ကြံဆသင့်သည်။

(ည) တိုင်းတိုင်းတွင် အနည်းဆုံးတပ်စု တစုရှိသော အဓိကတပ်ကို စုစည်းနိုင်ရန်ကြိုးစားသင့်သည်။

၄။ နည်းနာနှင့် ပတ်သက်လျှင် ၅၅-လမ်းစဉ်ကို ပြန်ကြည့်သင့်သည်။

၅။ တပ်တွင်းပါတီခေါင်းဆောင်နှင့် ပတ်သက်လျှင် ၅၅/လမ်းစဉ်အတိုင်း ဖြစ်သင့်သည်။

၆။ သို့ပန်းကိစ္စ ၅၅-လမ်းစဉ်ပြန်ကြည့်ရန်။

၇။ အသေးစိတ်များအတွက် စစ်ရေး-တပ်သားများနှင့် ညှိနှိုင်းသင့်သည်။

ဤသည်တို့မှာ– ပီကင်းမှ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသို့ပေးပို့သော စည်းရုံးရေးနှင့် စစ်ရေးလမ်းညွှန် ပေါ်လစီများပင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီအစည်းအဝေး။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် စခန်းသည်၊ သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ၊ ကြပ်ညိုရွာ၏အရှေ့ဘက်တွင် (၂)မိုင်ခန့်ကွာသော ဆင်သေချောင်းနှင့် ဝါးနက်ချောင်းတို့၏၊ ရေဝေကုန်းတန်းတောင်ကြောပေါ်တွင် တည်ဆောက်၍ထားလေသည်။

ယင်း ဗဟိုဌာနချုပ်စခန်း၌ပင် ၁၉၆၄-ခုနှစ်၊ စက်တင်ဘာလ(၉)ရက် (၉)နာရီအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးကို စတင်၍ကျင်းပလေသည်။ ယင်းအစည်းအဝေးစတင်ဖွင့်လှစ်သည့်အချိန်မှာ ၉-လပိုင်း၊ ၉-ရက်၊ ၉-နာရီဖြစ်သည်။

ထို့ကြောင့်ပင် သခင်သန်းထွန်းနှင့် ပေါလစ်ဗျူရို အဖွဲ့ဝင် ဖြစ်သော သခင်ချစ်တို့က "တို့ရဲ့၊ ၆၄ ခုနှစ်၊ လမ်းစဉ်ဟာ ၉ လ၊ ၉ ရက်၊ ၉ နာရီမှာ စတင်ကျင်းပပြီး ချမှတ်တဲ့လမ်းစဉ်ဖြစ်တယ်။ ဒါကြောင့်တိုက်တိုင်းအောင်တဲ့ (၉) နဝင်းကြေလမ်းစဉ်ဖြစ်တယ်။" ဟူ၍ပင် ပြောကြလေသည်။

၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်သည့်၊ ဗဟိုကော်မတီအဖွဲ့ဝင်များမှာ အောက်ပါပုဂ္ဂိုလ်များသာဖြစ်၏။

(၁)	သခင်သန်းထွန်း	....	ဗဟိုဌာနချုပ်။
(၂)	သခင်ချစ်	....	ဗဟိုဌာနချုပ်။
(၃)	ရဲဘော်ဘတင်(ဂိုရှယ်)	....	ဗဟိုဌာနချုပ်။
(၄)	ရဲဘော်ငွေး	....	ဗဟိုဌာနချုပ်။
(၅)	သခင်ဇင်	....	မဒညတ-ဗဟို။
(၆)	သခင်တင်ထွန်း	....	မဒညတ-ဗဟို။
(၇)	ရဲဘော်အောင်ကြီး	...	ပီကင်းပြန်။
(၈)	သခင်ပု	....	ပီကင်းပြန်။
(၉)	ဗိုလ်ဇေယျ။	....	ပီကင်းပြန်။
(၁၀)	ရဲဘော်မြ	...	ပဲခူးရိုးမတိုင်း။
(၁၁)	ရဲဘော်ကိုးသန်း	....	မြစ်ဝကျွန်းပေါ်တိုင်း။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်ခြင်းမပြုနိုင်သည့် ဗဟိုကော်မတီအဖွဲ့ဝင်များမှာ—

(၁)	သခင်ဘသိန်းတင်		ပီကင်း။
(၂)	သခင်သန်းမြိုင်		ပီကင်း။
(၃)	သခင်ဖေတင့်		အလယ်ပိုင်းဗမာပြည်။
(၄)	ရဲဘော်ထွန်းမောင် (ခေါ်) ဒေါက်တာနတ်	....	အနောက်မြောက်တိုင်း။
(၅)	ဗိုလ်မျိုးမြင့်	....	မြစ်ဖျားဒေသတိုင်း။
(၆)	ရဲဘော်တုတ်	....	မြစ်ဖျားဒေသတိုင်း။
(၇)	ရဲဘော်ကျော်မြ	....	ရခိုင်တိုင်း။
(၈)	ရဲဘော်ထွန်းစိန်	....	တနင်္သာရီတိုင်း။
(၉)	ဗိုလ်ရန်အောင်	....	ဗဟိုဌာနချုပ် တို့ဖြစ်ကြလေသည်။

ဤဗဟိုကော်မတီ အစည်းအဝေးသို့ ဗမာပြည်တွင်းမှ တိုင်းတာဝန်ခံနှစ်ဦးသာ တက်ရောက်ကြရ၏။ တိုင်းအသီးသီးတွင် ရှိနေကြသော ဗဟိုကော်မတီများမှာ တက်ရောက်ခြင်းမပြုကြရပေ။ ယင်းသို့တက်ရောက်ရသော ဗဟိုကော်မတီနှစ်ဦးမှာလည်း ပဲခူးရိုးမတိုင်းကော်မတီ ဥက္ကဋ္ဌ ရဲဘော်မြနှင့် မြစ်ဝကျွန်းပေါ် တိုင်းကော်မတီဥက္ကဋ္ဌ ရဲဘော်စိုးသန်းတို့သာဖြစ်၏။ ထို့ကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ယင်းဗဟိုကော်မတီ အစည်းအဝေးသည် တကယ့်အနှစ်သဘောအရ ဗဟိုကော်မတီမျက်နှာစုံညီ၏ အစည်းအဝေးမဟုတ်တော့ချေ။ ဤသို့ဖြင့် ၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီအစည်းအဝေးတွင် မျက်မှောက်ကာလ၏ ပြည်တွင်း အခြေအနေများကိုင်း၊ ပါတီတွင်းအခြေအနေများကိုင်း၊ အလေးအနက် သိရှိနားလည်ကြသည့် တိုင်းတာဝန်ခံများ ဖြစ်သော တိုင်းပါတီဥက္ကဋ္ဌ (ဗဟိုကော်မတီအဖွဲ့ဝင်)များ အားလုံး တက်ရောက်ခြင်း မပြုနိုင်စေရန်အတွက်လည်း သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီး တို့သည် အထူးအစီအစဉ်ဖြင့် အကောင်အထည် ဖော်လိုက်ကြခြင်းဖြစ်ပေသည်။

အထူးသဖြင့် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ဗမာပြည်တွင်းမှ တိုင်းအသီးသီးတွင် တာဝန်ယူနေကြသော ဗဟိုကော်မီတီ အဖွဲ့ဝင်

တို့အား တစုတစည်းတည်း စုစုရုံးရုံး မျက်နှာစုံညီ တွေ့ဆုံကြမည်ကို လိုလားခြင်း မရှိဆုံးပင်ဖြစ်၏။ ထို့ကြောင့် ယင်းဗဟိုကော်မတီအဖွဲ့ဝင်များ အားလုံး စုစည်းတွေ့ဆုံခြင်း မပြုနိုင်စေရန်အတွက် အစွမ်းကုန် နည်းမျိုးစုံဖြင့် ဟန့်တားခဲ့ကြ၏၊ ပိတ်ပင်ခဲ့ကြ၏၊ လုံးဝပင် ဟန့်တားပိတ်ပင်ခဲ့ကြလေသည်။

ထို့ပြင် ဗဟိုဌာနချုပ်မှ ဗဟိုကော်မတီ အဖွဲ့ဝင်တဦးဖြစ်သော ဗိုလ်ရန်အောင်သည် ဗဟိုဌာနချုပ်၏ တာဝန်ပေးချက်အရ သရက်ခရိုင် အရှေ့ခြမ်းတွင်ရှိသော အောင်လံမြို့နယ်တွင် ရောက်ရှိနေ၏။ ဗဟိုဌာနချုပ်စခန်းနှင့် ဝေးကွာလှမ်းခြင်း မရှိပေ။ သို့ရာတွင် ဗိုလ်ရန်အောင်အား ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်နိုင်ရန်အတွက် မည်သို့သော အစီအစဉ်ကိုမျှ ပြုလုပ်ပေးခြင်းမရှိခဲ့ချေ။ ထို့ကြောင့်ပင် ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်ရန်အတွက် အာသာငမ်းငမ်းဖြင့် ဆန္ဒပြင်းပြနေသော ဗိုလ်ရန်အောင်မှာလည်း လုံးဝပင်တက်ရောက်ခြင်း မပြုခဲ့ရတော့ပေ။

ဤသို့ဖြင့် ၁၉၆၄-ခုနှစ် ဗဟိုကော်မတီ အစည်းအဝေးကို ဗဟိုဌာနချုပ်မှ အဖွဲ့ဝင်များနှင့် ပီကင်းပြန်များသာ ပူးပေါင်း၍အပေါ်စီးယူကာ ကျင်းပခြင်း ဖြစ်လေသည်။

အမှန်စင်စစ်အားဖြင့် ဗဟိုကော်မတီအစည်းအဝေး၏ နိုင်ငံရေး၊ စည်းရုံးရေး၊စစ်ရေးနှင့် ပတ်သက်သော ဥက္ကဋ္ဌ၏ အစီရင်ခံစာများ ဆိုသည်မှာလည်း ပီကင်း၏ လမ်းညွှန်ပေါ်လစီများသာ ဖြစ်ရုံမကသေး အစည်းအဝေးကို ရှေ့ဆောင် ရှေ့ရှုက်ပြု၍၊ ခေါင်းဆောင် ဆွေးနွေးကြရသူများမှာလည်း ပီကင်းပြန် ရဲဘော်အောင်ကြီး၊ သခင်ပုနှင့် ဗိုလ်ဇေယျတို့သာလျှင် ဖြစ်ကြပေသည်။

၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးတွင် သဘာပတိမှာ သခင်သန်းထွန်းဖြစ်၏။ အတွင်းရေးမှူးမှာမူ၊ ရဲဘော်ဌေးဖြစ်၏။ ဗဟိုကော်မတီ အစည်းအဝေး၏ အစီအစဉ်တွင် အစီအစဉ် (၁၇) ခုပါဝင်ပေသည်။

၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးအစီအစဉ်။

(၁) အလံတော်အလေးပြု။ ကျဆုံးလေပြီးသော ရဲဘော် များအား အလေးပြု။

(၂) နိုင်ငံတကာသီချင်းဖြင့် အစည်းအဝေးဖွင့်။

(၃) ဗဟိုကော်မတီ ဥက္ကဋ္ဌ၏အစည်းအဝေးဖွင့် မိန့်ခွန်း။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) နိုင်ငံရေးအမှုဆောင်အဖွဲ့ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဥက္ကဋ္ဌ၏ အစီရင်ခံစာ (သခင်သန်းထွန်း)။

(၅) လမ်းစဉ် လုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍ ကာလလိုက် ဆွေးနွေး လေ့လာရရှိချက်များအစီရင်ခံစာ (ရဲဘော်အောင်ကြီး)။

(၆) မျက်မှောက် ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုနှင့် ပတ်သက်သော အစီရင်ခံစာ(ရဲဘော်ဗိုလ်ဇေယျ)။

(၇) ဥက္ကဋ္ဌအစီရင်ခံစာအပေါ် ဆွေးနွေးခြင်းနှင့်ဆုံးဖြတ်ခြင်း။

(၈) ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှုဆိုင်ရာ ပြဿနာများ ဆွေးနွေးဆုံးဖြတ်ခြင်း။

(၉) စစ်ရေးဆွေးနွေးဆုံးဖြတ်ခြင်း။

(၁၀) မြေယာဆွေးနွေးဆုံးဖြတ်ခြင်း။

(၁၁) လူမျိုးစုပြဿနာဆွေးနွေးဆုံးဖြတ်ခြင်း။

(၁၂) ပါတီစည်းရုံးရေးဆွေးနွေးဆုံးဖြတ်ခြင်း။

(၁၃) ရန်သူဒေသပါတီ စည်းရုံးရေး။

(၁၄) ဘဏ္ဍာရေးအစီရင်ခံစာနှင့်ရှင်းတမ်းဆွေးနွေးခြင်း။

(၁၅) ဗဟိုကော်မီတီပြဿနာများနှင့် တာဝန်ခွဲဝေမှု။

(၁၆) အထွေထွေ။

(၁၇) နိုင်ငံတကာသီချင်းဖြင့် အစည်းအဝေးရုပ်သိမ်းခြင်း။ စသည်တို့ဖြစ်လေသည်။

ယင်းသို့သော ၁၉၆၄ - ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေး၏ အစီအစဉ် (၁၇)ခုတွင် အရေးကြီးသောအစီအစဉ် နံပါတ်(၃)နှင့်(၄)ကို သခင်သန်းထွန်းမှ တာဝန်ယူ၍ တင်ပြဆွေးနွေး၏။ အစီအစဉ်နံပါတ် (၅) နှင့် (၆) ကိုမူ ပီကင်းပြန်များဖြစ်သော ရဲဘော်အောင်ကြီး၊ သခင်ပုနှင့် ဗိုလ်ဇေယျတို့ကသာ လျှင် အဓိကတာဝန်ယူ၍ ဦးဆောင်တင်ပြ ဆွေးနွေးကြလေသည်။

ထိုသို့ဖြင့် ၁၉၆၄ - ခုနှစ်၊ ဗဟိုကော်မတီအစည်းအဝေးကို ကျင်းပခဲ့ကြခြင်း ဖြစ်၏။ ဥက္ကဋ္ဌ သခင်သန်းထွန်း၏ ပီကင်းမှ တိုက်ရိုက်လာသည့် "ဥက္ကဋ္ဌ၏မူလ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တင်ပြချက်များ" ဟူသော နိုင်ငံရေးအစီရင်ခံစာကို ဗဟိုကော်မတီအစည်းအဝေးမှ ယေဘုယျအားဖြင့် လက်ခံ၍ အတည်ပြုလိုက်လေသည်။

သို့ရာတွင် နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်ဖြစ်သော ရဲဘော်ဘတင် (ခေါ်) ဂိုရှယ်မှာ "**ဥက္ကဌ၏ နိုင်ငံရေး အစီရင်ခံစာသည် ရောကျော်ဝါဒ၊ စုပေါင်းစပ်ပေါင်းဝါဒဖြစ်သည်**" ဟုဆိုကာ အတိအလင်းပင် အခိုင်အမာကန့်ကွက်ခဲ့၏။ ရဲဘော်ဘတင်မှာ ဥက္ကဌ၏ နိုင်ငံရေးအစီရင်ခံစာကို ဆန့်ကျင်ကန့်ကွက်သည့် တဦးတည်းသောသူပင်ဖြစ်လေသည်။

ထို့ပြင် ရဲဘော်အောင်ကြီး တင်သွင်းသော "**လမ်းစဉ်လုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍ ကာလအလိုက် ဆွေးနွေးလေ့လာရရှိချက်များ အစီရင်ခံစာ**" ကို ဗဟိုကော်မတီအနေနှင့် ကိုးကားရည်ညွှန်းရန် စာတမ်းအဖြစ် အစည်းအဝေးက အတည်ပြုခဲ့သည်။ ယင်းအစီရင်ခံစာတွင် အပိုင်းကြီးအားဖြင့် (၃) ပိုင်းကို ခွဲခြား၍တင်ပြထား၏။ ပထမပိုင်းတွင် ၁၉၅၅-ခုနှစ်မတိုင်မီ နိုင်ငံတကာနောင်တော်ကွန်မြူနစ်ပါတီများ၏ ဗမာပြည် ကွန်မြူနစ်ပါတီသို့ အကြံပေးချက်များဖြစ်၏။ ဒုတိယပိုင်းတွင် ၁၉၅၅-ခုနှစ်က၊ ဗမာပြည်ကွန်မြူနစ်ပါတီအတွက် ရေးဆွဲပေးသည့် ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ်ကို ဆိုဗီယက်ရုရှားကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များနှင့် တရုပ်ပြည်ကွန်မြူနစ်ပါတီကိုယ်စားလှယ်များနှင့် အတူတကွ ရေးဆွဲစဉ်က ပါဝင်ဆွေးနွေးခဲ့သူများ၏မူလခံယူချက်နှင့် နားလည်မှုများဖြစ်၏။ တတိယပိုင်းတွင်မူ တရုပ်ပြည်သို့ရောက်ရှိနေသော "**အဝေးရောက်ရဲဘော်များ**"၏ ၁၉၅၅-ခုနှစ်နောက်ပိုင်းကာလတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လှုပ်ရှားမှုများနှင့် ဗမာပြည်၏နိုင်ငံရေးအဖြစ်အပျက်များအပေါ် ထင်မြင်ချက်များ....ဟူ၍ ဖြစ်လေသည်။

ထို့နောက်ဗိုလ်ဇေယျတင်သွင်းသော "**မျက်မှောက်ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုနှင့်ပတ်သက်သော အစီရင်ခံစာ**" ပါသဘောထားများကို အစည်းအဝေးက ယေဘုယျအားဖြင့်လက်ခံပြီး ထိုအဖွဲ့၏ဆောင်ရွက်ချက်များကိုအတည်ပြုသည့် ယင်းအစီရင်ခံစာတွင်လည်း အပိုင်းကြီးအားဖြင့်(၄)ပိုင်းကို ခွဲခြား၍တင်ပြထား၏။ ပထမပိုင်းတွင် မျက်မှောက်ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုအတွင်း ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးဝါဒ ပေါ်ပေါက်လာခြင်းနှင့်ပတ်သက်သည့် သုံးသပ်ချက်ကို ဖော်ပြထား၏။ ဒုတိယပိုင်းမှာ မာ့က်စ်ဝါဒနှင့် ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးဝါဒ၏ တိုက်ပွဲဖြစ်စဉ်ဖြစ်ပြီး၊ တတိယပိုင်းမှာ ငါတို့ပါတီနှင့် ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှုအတွင်း ကြိုးပမ်းဆောင်ရွက်ချက်များအပိုင်း ဖြစ်၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စတုတ္ထပိုင်းတွင်မူ တိုက်ပွဲ၏အလားအလာနှင့် ငါတို့၏ တာဝန်.... ဟူ၍ ဖြစ်လေသည်။

အမှန်စင်စစ်အားဖြင့်၊ ဗိုလ်ဇေယျတင်သွင်းသော **"မျက်မှောက် ကမ္ဘာ့ ကွန်မြူနစ်လှုပ်ရှားမှုနှင့်ပက်သက်သော အစီရင်ခံစာ"** ဟူသည်မှာ ပီကင်းတွင် ရောက်ရှိနေသော အဝေးရောက်ပါတီ၏ နိုင်ငံတကာ့ လှုပ်ရှားမှုအတွေ့အကြုံ များနှင့်သဘောထားများကို ဖော်ပြထားခြင်းဖြစ်လေသည်။

ဗိုလ်ဇေယျ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်များမှ အချို့ကိုမူရင်း အတိုင်းပင်ထုတ်နှုတ်၍ ဖော်ပြလိုပေသည်။

"ပါတီဗဟိုကော်မတီက နိုင်ငံခြား ဆက်သွယ်ရေး လုပ်ငန်းအဝဝကို လုပ် ဆောင်ရန် ကျွန်တော်တို့အဖွဲ့ဟာ တာဝန်နဲ့အာဏာ အပ်နှင်းချက်အရ၊ နိုင်ငံ ခြားရောက် ကိုယ်စားလှယ်အဖွဲ့ဟာ ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှုအကျိုး၊ ဗမာ့ အလုပ်သမားလူတန်းစား အကျိုးအတွက် အခြေအနေပေးတဲ့အောက်မှာ အ စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ (၁၀)နှစ်ကျော် ကာလအတွင်းမှာ ကမ္ဘာ့ တော်လှန်ရေးအကျိုးနဲ့ဆိုင်တဲ့ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ ပါတယ်"။

နိုင်ငံခြားသို့ ခုလို များများသွား၊ ကြာကြာနေ၊ ကျယ်ကျယ်လုပ်၊ ကြီးကြီး လုပ်ဘက်ကကြည့်ရင် ပါတီသမိုင်းမှာသာမက ဗမာ့သမိုင်းတခုလုံးမှာ မကြုံ ဘူးသေးတဲ့ ပါတီရဲ့အတွေ့အကြုံတခု လုပ်ရပ်တခု၊ အောင်မြင်ချက်တခုဖြစ်ပါ တယ်။"

(ဗဟိုကော်မတီ အစည်းအဝေးသို့ ဗိုလ်ဇေယျ၏ အစီရင်ခံစာ၊ ဗမာပြည် ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်မှထုတ်ဝေသော မူရင်းစာမျက်နှာ (၂၆) မှ-)

"၁၉၅၇-ခုနှစ်၊ အစည်းအဝေးလုပ်ပြီး ၂၀-ကြိမ်မြောက်က အတိအလင်း ဖော်ထုတ်လာတဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒကို ပြန်လှန်တိုးစစ်အနေနဲ့ စတင် ထားနိုင်ခဲ့တာ ဖြစ်တယ်။ ဒါကြောင့် ဒီအစည်းအဝေးဟာ အရေးကြီးတယ်။ ဒါ့အပြင်၊ ဒီအစည်းအဝေးကို ကမ္ဘာ့ ကွန်မြူနစ် လှုပ်ရှားမှုအတွင်း ထူးချွန်တဲ့ မာ့က်စ်ဝါဒီတယောက်ဖြစ်တဲ့ ရဲဘော်မော်စီတုန်းကိုယ်တိုင် တက်ရောက်လာတဲ့ အတွက် ကျနော်ညီနောင်ပါတီတွေအတွက် အားတက်စရာတခုဖြစ်ခဲ့တယ်။ ကျွန်တော်တို့ ပါတီကိုယ်စားလှယ် ရဲဘော် ဘသိန်းတင် တက်ခဲ့တယ်။"

(ဗိုလ်ဇေယျ၏ အထက်ပါအစီရင်ခံစာ စာမျက်နှာ (၂၀) မှ)

"၎င်းတို့ရဲ့အမြင်ကတော့"နေဝင်းဟာ ကာစထရိုဖြစ်နိုင်တယ်။ ဒါကြောင့် ပေါင်းလုပ်ရမယ်။ အကယ်၍ ကာစထရိုလို မဖြစ်ရင် ဗမာပြည်ပါတီ ညွှံ့လို့၊ ဗမာပြည်ပါတီရဲ့ တာဝန်ပဲဖြစ်ရမယ်"တဲ့။ သို့သော် နေဝင်း ကာစရိုဖြစ်အောင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သွားပေါင်းရမဲ့နည်းက လက်နက်ချရေးပဲ။ ပြည်သူ့ရဲဘော်တွေ လက်နက်ချစဉ်က အဟုလက်နက်မချလို့ အပြစ်တင်တဲ့သေသံမျိုးလဲ ကြားခဲ့ရသေးတယ်။

လက်နက်ချပြီးဝင်၊ တချို့မြေအောက်လက်နက်ကိုင်အနေနဲ့ ထားချင်ထားဘို့တဲ့။

လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲနေတာကိုပင် လက်ဝဲတရားသေဝါဒလို့ ယူဆကြတယ်။ ကျနော်တို့ စစ်ရေးကိုသဲ အထင်မကြီး နိုင်ငံခြားဌာန တိုက်ရိုက်ဆက်သွယ်ရေး တာဝန်ခံ ရဲဘော်မားလော့မ်ဆိုသူက "မင်းဘို့ စစ်တိုက်နေတာ အမြောက်ရှိလို့လား"တဲ့။

အမြောက်ရှိမှ စစ်တိုက်လို့ဖြစ်နိုင်မယ်လို့ ယူဆတဲ့လူဖြစ်တယ်။"

(ဗိုလ်ဇေယျ၏ အထက်ပါအစီရင်ခံစာ-စာမျက်နှာ (၃၁) မှ-)

ရဲဘော်အောင်ကြီးတို့ ဘူးလ်ဂေးရီးယားသွားစဉ်ကပဲ ဘူးလ်ဂေးရီးယားပါတီ နိုင်ငံခြားရေး ဆယ်သွယ်ရေးဌာနကလဲ ဒီအထက်ပါ လုပ်ငန်းအတိုင်း လက်နက်ချပြီး မြေပေါ် မြေအောက် လုပ်ရေးကို ဆွေးနွေးလိုက်ဘာရှိတယ်။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ အမြင်၊ ပါတီနဲ့ပတ်သက်တဲ့ အမြင်လဲ တထပ်တည်းပဲဖြစ်တာကို တွေ့ရတယ်။

ပညာရှိချင်း အမြင်တူတာလား၊ သို့မဟုတ် အခြားအကြောင်း ရှိသလားတော့မသိရ။

(ဗိုလ်ဇေယျ၏ အထက်ပါအစီရင်ခံစာ-စာမျက်နှာ (၃၃)မှ-)

"မာ့က်စ်ဝါဒကို ပြင်ဆင်ဘို့ကြိုးစားတဲ့ ပြန်လည်ပြင်ဆင်ရေးသမားများဟာ အဖြစ်မှန်ကို မသိရုံမက အဖြစ်မှန်ကိုလဲ ကြောက်ဘယ်။ ဒီတော့ ဗိဇ္ဇာနည်းကျ တရားတွေ၊ ပကတိဘာဝတရားတွေကို ဆန့်ကျင်ပြီး၊ စိတ်ဆန္ဒအရလုပ်သမျှလုပ်ရင်းမှား မှားရင်းလုပ်နဲ့ နောက်ဆုံး ကျဆုံးမှုနဲ့နိဂုံးချုပ်ရမှာဖြစ်တယ်။ ယနေ့ လက်တွေ့အဖြစ်အပျက်တွေကလဲ သက်သေပြလာနေပြီ။"

(ဗိုလ်ဇေယျ၏ အထက်ပါ အစီရင်ခံစာ-စာမျက်နှာ (၃၇)မှ")

ထို့သို့ဖြင့် ဗိုလ်ဇေယျသည် "မျက်မှောက် ကမ္ဘာ့ ကွန်မြူနစ်လှုပ်ရှားမှုနှင့် ပတ်သက်သော အစီရင်ခံစာ"ကို ၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးသို့အကျယ်တဝင့်ပင် တင်သွင်းခဲ့လေသည်။

ထို့နောက် ဗိုလ်ဇေယျသည် ယင်းအစီရင်ခံစာ နိဂုံးချုပ်၏ အဆုံးသတ်တွင်....

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

'ဒီတော့၊ ပိဋကနည်းကျ တရားတွေ ပကတိဘာဝ တရားတွေကို ဆန့်ကျင်ပြီး စိတ်ဆန္ဒအရ လုပ်သမျှ လုပ်ရင်းမှားမှားရင်းလုပ်နဲ့ နောက်ဆုံးကျဆုံးမှုနဲ့ နိဂုံးချုပ်မှာဖြစ်တယ်။ ယနေ့ လက်တွေ့ အဖြစ် အပျက်တွေကလဲ သက်သေပြလာနေပြီ။''

ဟူ၍ ဖော်ပြထားလေသည်။

၁၉၆၄-ခုနှစ်တွင် ကျင်းပသော ဗမာပြည် ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ချက် (၃၂) ခုကိုဆုံးဖြတ်ခဲ့ပြီးနောက် ဗဟိုကော်မတီအစည်းအဝေးကို အောက်တိုဘာလ (၁၄) ရက်နေ့၌ နိုင်ငံတကာ လူမျိုးစုံ ချစ်ကြည်ရေးသီချင်းဖြင့် အဆုံးသတ်လိုက်လေတော့သည်။

(၄) ၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ နိုင်ငံရေးလမ်းစဉ်၏ အဓိပ္ပါယ်။

၁။ တော်လှန်ရေး ကောင်စီအပေါ် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လူတန်းစားလက္ခဏာသတ်မှတ်ချက်။

၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးတွင် အတည်ပြုလိုက်သော ဥက္ကဋ္ဌ၏ နိုင်ငံရေးအစီရင်ခံစာတွင် အပိုင်းကြီး (၅) ပိုင်းကို ခွဲခြား၍ ဖော်ပြထား၏။ ယင်းဗဟိုကော်မတီဥက္ကဋ္ဌ၏ အစီရင်ခံစာသည် လက်နှိပ်စက်ဖြင့် စာမျက်နှာ (၈၂) မျက်နှာပင်ရှိလေသည်။

ပထမ ပိုင်းတွင် ဗမာပြည်တော်လှန်ရေး၏ အရေးကြီးသော ထူးခြားချက်များဖြစ်၏။ ဒုတိယပိုင်းတွင် နိုင်ငံတကာ အခြေအနေဖြစ်၏။ တတိယပိုင်းတွင် အလံနီကွန်မြူနစ်ပါတီပြဿနာဖြစ်၏။ စတုတ္ထပိုင်းတွင် တော်လှန်ရေးတိုက်ပွဲများဖြစ်၏။ ပဉ္စမပိုင်းတွင်မူ ပါတီ၏ အခက်အခဲပင်ဖြစ်လေသည်။

၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ ဥက္ကဋ္ဌ၏ နိုင်ငံရေး အစီရင်ခံစာတွင် ဗမာပြည်၏ လက္ခဏာကို ဤသို့ဖော်ပြထားလေသည်။

"၁၉၄၈-ခုနှစ်မှာ၊ဗမာပြည်ဟာ အင်္ဂလိပ်ကိုလိုနီဘဝက လွတ်မြောက်လာတယ်။နိုင်ငံတနိုင်ငံအနေနဲ့ လွတ်လပ်တဲ့နိုင်ငံတနိုင်ငံဖြစ်လာခဲ့ဘယ်။ ဒါပေမဲ့ ဗမာပြည်ရဲ့ စီးပွားရေးအချက်အချာတွေကို အင်္ဂလိပ်နယ်ချဲ့သမားက လွှမ်းမိုးထားဆဲပဲဖြစ်တယ်။ အမေရိကန် နယ်ချဲ့သမားဟာစစ်ရေးအရ မြိမ်းခြောက်တာ အထောက်အပံ့ ချေးငွေဆိုတာတွေနဲ့ချော့မြှူတာ၊ အဲဒီလိုနည်းအမျိုးမျိုးနဲ့ တိုးလို့တိုးလို့ ဝင်ရောက်လာနေတယ်။ ဗမာပြည်မှာ ပဒေသရာဇ်စနစ် အကြွင်းအကျန်တွေဟာလဲ တည်ရှိဆဲဖြစ်တယ်။ ဗမာပြည်ရဲ့ လူ့အဖွဲ့အစည်းဟာ ပဒေသရာဇ်တပိုင်းကိုလိုနီတပိုင်း လက္ခဏာဆောင်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့် ဗမာပြည်သူတွေရဲ့ တော်လှန်ရေးဟာ လက်ရှိအဆင့်မှာ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်တဲ့တော်လှန်ရေး၊ တနည်းအားဖြင့် အမျိုးသားဒီမိုကရေစီတော်လှန်ရေးဖြစ်မြဲဖြစ်နေသေးတယ်။ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်တဲ့ တော်လှန်ရေးပြီးဆုံးမှသာ ဆိုရှယ်လစ်စနစ်ကို တက်လှမ်းနိုင်မှာဖြစ်တယ်။

လွတ်လပ်ရေးရပြီးတဲ့နောက်၊ ဗမာပြည်ကို အုပ်စိုးတဲ့လူတွေဟာ ဗမာပြည်ဓနရှင်လူတန်းစားဖြစ်တယ်။ဗမာပြည် ဓနရှင်လူတန်းစားဟာ နယ်ချဲ့ပဒေသရာဇ်စနစ်နဲ့ စေ့စပ်ပြီး နယ်ချဲ့ပဒေသရာဇ်စနစ်ကို ထိန်းသိမ်းထားတဲ့အတွက် ဗမာပြည်သူတွေက ဗမာပြည်အုပ်စိုးသူ ဓနရှင်လူတန်းစားကိုပဲ ကျေနပ်အောင်ဆန့်ကျင်ရတယ်။"

(ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှ ထုတ်ဝေသော ဗဟိုကော်မတီ ဥက္ကဋ္ဌ၏နိုင်ငံရေးအစီရင်ခံစာ မူရင်းစာမျက်နှာ (၁)မှ-)

ထို့ပြင် တော်လှန်ရေးကောင်စီ၏ လူတန်းစား လက္ခဏာ သတ်မှတ်ချက်နှင့် ပတ်သက်၍လည်း၊ ဤသို့ဖော်ပြထားလေသည်။

"ဗိုလ်နေဝင်းအစိုးရကို အကဲဖြတ်ရာမှာ သူ့ရဲ့အနေအထား ပြောင်းလဲမှု၊ သူ့ရဲ့လက်ငင်းပေါ်လစီနဲ့ ရွေ့ရှားမှုကိုအခြေခံပြီး အကဲဖြတ်ဘို့ဖြစ်တယ်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲမလုပ်ခင်ကာလ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ လုပ်နေတဲ့ ကာလနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုဖျက်ပြီး စစ်တိုက်နေတဲ့ ကာလရယ်လို့မတူ ခြားနားတဲ့ ကာလ၊ မတူခြားနားတဲ့ အခြေအနေတွေနဲ့ သူကျင့်သုံးတဲ့ မတူခြားနားတဲ့ ပေါ်လစီတွေအရ ဗိုလ်နေဝင်း အစိုးရကို အကဲဖြတ်ရမယ်။"

ဗိုလ်နေဝင်းအစိုးရရဲ့ ပေါ်လစီများကို အားလုံး ခြုံပြီး စိစစ်ရမယ် ဆိုရင် ဗိုလ်နေဝင်းအစိုးရဟာ ဓနရှင် အာဏာရှင် အစိုးရသာဖြစ်တယ်။

ဗိုလ်နေဝင်းအစိုးရဟာ ပါတီနဲ့ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို လုပ်ခဲ့တယ်။ ဒီအချိန်အခါက ဗိုလ်နေဝင်းအစိုးရဟာ အမျိုးသားဓနရှင်ကို တစုံတရာ ကိုယ်စားပြုတယ်လို့ သတ်မှတ်နိုင်တယ်။

ဗိုလ်နေဝင်းအစိုးရဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖျက်ပြီးတဲ့နောက် ကွန်မြူနစ် ဆန့်ကျင်ရေး၊ ပြည်သူ့ဆန့်ကျင်ရေး၊ ပြည်တွင်းစစ်ကို တိုက်နေတယ်။ အခုအချိန်မှာ အမျိုးသားဓနရှင်ကို ကိုယ်စားပြုတယ်လို့ မသတ်မှတ်နိုင်တော့ဘူး။

ဒီနေရာမှာ ပြည်တွင်းစစ်ကို ဆန့်ကျင်တာဟာ အမျိုးသားဓနရှင်ရဲ့ အဓိကအမှတ်လက္ခဏာလို့ သဘောထားတယ်။ ဘာ့ကြောင့် ဆိုတော့ ပြည်တွင်းစစ်တိုက်တာဟာ အမျိုးသားစည်းလုံးမှုကို ပြိုကွဲစေတယ်။ ပြည်သူ့ ဆန့်ကျင်ရေး၊ အမျိုးသားဆန့်ကျင်ရေး လက္ခဏာဆောင်တယ်။ လက်ငင်း အခြေအနေမှာ

နယ်ချဲ့ပေါ်မှီခိုမှုလက္ခဏာဆောင်တယ်၊ ပြည်တွင်းစစ် ဆန့်ကျင်ခြင်းဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးလက္ခဏာဆောင်တယ်။

ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြီးတဲ့နောက် ဗိုလ်နေဝင်း အစိုးရရဲ့ ပြည်တွင်း ပြည်ပ ပေါ်လစီကို ဆန်းစစ်ကြည့်ရင် ဗိုလ်နေဝင်းအစိုးရဟာ လက်ျာဘက်ကို တိမ်းလာနေတယ်။

လက်ရှိအခြေအနေအရ ပြည်တွင်း-ပြည်ပ ပေါ်လစီများမှာ (နယ်ချဲ့စနစ်ပေါ်မှီခိုတဲ့ အလားအလာဟာ ပိုများတယ်)။

ဒီနေရာမှာ ဖြစ်ပေါ်တိုးတက်မှုတရားကို အခိုင်အမာ ကိုင်စွဲရန်လိုတယ်။ ပစ္စည်းမဲ့လူတန်းစားဟာ ဖြစ်ပေါ်တိုးတက်မှုကို ကြည့်ရာမှာ ဖြစ်နိုင်စရာနှစ်ခု ရှိတယ်လို့ မြင်ရမယ်။ အကောင်းဆုံးကို မြှော်မှန်း၊ အဆိုးဆုံးအတွက် ပြင်ဆင်ရမယ်။ အဆိုးဆုံးအတွက် ပြင်ဆင်ရေးအပေါ်မှာ အဓိကအာရုံပြုရမယ်။ အဆိုးဆုံးအတွက်၊ ပြင်ဆင်တာဟာ အကောင်းဆုံးဖြစ်ရေးအတွက် အကျိုးပြုတယ်။

ဒီအခြေအနေတွေအရ၊ ဗိုလ်နေဝင်းအစိုးရဟာ၊ လက်ျာဘက်တိမ်းနေတဲ့၊ ဓနရှင်အစိုးရလို့ သတ်မှတ်သင့်တယ်။

(အထက်ပါ-ဗဟိုကော်မတီ ဥက္ကဋ္ဌ၏ အစီရင်ခံစာ၊ စာမျက်နှာ ၃၅-၃၆-၃၇ မှ)

"ဘယ်သူဟာ အဓိကရန်သူလဲ၊ ဘယ်သူ့ကိုအဓိက ဦးတည်တိုက်ခိုက်ရမလဲ။ ဒါရွေးချယ်ဘို့ဟာ အင်မတန်အရေးကြီးပါတယ်။

ပြည်တွင်းစစ်ဖြစ်နေသမျှကာလပတ်လုံး၊ ပြည်တွင်းစစ်ကို တိုက်ခိုက်နေတဲ့ အာဏာလက်ရှိအုပ်စုကိုပဲ စစ်ရေးအရ၊ နိုင်ငံရေးအရ ဒအဓိက ဦးတည်တိုက်ခိုက်ရမယ်။

လက်ရှိအခြေအနေမှာ အာဏာလက်ရှိ၊ ဗိုလ်နေဝင်းအစုဟာ ပြည်တွင်းစစ်ကိုတိုက်နေတယ်။ သူ့ကိုပဲစစ်ရေးအရရော၊ နိုင်ငံရေးအရပါ၊ အဓိကဦးတည်တိုက်ခိုက်ရမယ်။"

(အထက်ပါ-ဗဟိုကော်မတီ၊ ဥက္ကဋ္ဌ၏ အစီရင်ခံစာ၊ စာမျက်နှာ ၄၅ မှ)

ဤသည်တို့မှာ ၁၉၆၄-ခုနှစ်၊ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးမှဆုံးဖြတ်လိုက်သည့် တော်လှန်ရေးကောင်စီအစိုးရ၏ လူတန်းစား လက္ခဏာ သတ်မှတ်ချက်ပင်ဖြစ်လေသည်။

နောက်ဆုံး၌ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ အစီရင်ခံစာ၏ နိဂုံးချုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည်သူတို့ရဲ့ ရေရှည်လက်နက်ကိုင်တိုက်ပွဲ။

ပြည်သူတွေရဲ့အုံကြွမှု။

ရန်သူရဲ့ မဖြေရှင်းနိုင်တဲ့ ပဋိပက္ခပေါင်းစုံနဲ့ အထွေထွေ ကပ်ဆိုက်မှု။

အခွင့်သာတဲ့ နိုင်ငံတကာ့အခြေအနေတွေကြောင့်၊ ကျွန်တော်တို့ **ကေန်** မုချ အောင်ပွဲခံနိုင်ရမယ်။

ကျွန်တော်တို့ပါတီဟာ ဗမာပြည်မှာ အာဏာသိမ်းနိုင်တဲ့ ပါတီ၊ အောင်ပွဲခံနိုင်တဲ့ပါတီ၊ အောင်ပွဲခံမဲ့ပါတီဖြစ်တယ်။

ဒါပေမဲ့ ကျွန်တော်တို့ ချီတက်ရမဲ့လမ်းကြောင်းကတော့ ဖြောင့်ဖြူးတာ မဟုတ်ဘူး၊ အကောက်အကွေ့ အတက်အဆင်းတွေများလှတယ်။ မရေမတွက် နိုင်တဲ့ အခက်အခဲတွေလဲ ရင်ဆိုင်ရဦးမှာဖြစ်တယ်။

ကျွန်တော်တို့ဟာ ပါတီ၊ တပ်မတော်-တပ်ပေါင်းစုဆိုတဲ့ ပြဒါးရှင်သုံးလုံးကို မလွှတ်တန်းဆုတ်ကိုင်ထားပြီး ပြည်သူလူထုကို အစဉ်ထာဝရ အားကိုးရင်း ဘယ်ပြဿနာကိုမဆို ဖြေရှင်းနိုင်တယ်။ ဘယ်အခက်အခဲမဆို ကျော်နင်းနိုင် တယ်။ ကျွန်တော်တို့ဟာ အယူဝါဒရေး၊ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးအရ အဘက်ဘက်က အဆင်သင့် ဖြစ်အောင် ပြင်ဆင်ရမယ်။ ကျွန်တော်တို့ပါတီ တပ်မတော်၊ တပ်ပေါင်းစုကို အားကြီးသထက်ကြီးအောင် လုပ်ရမယ်။

ဒီလိုပြင်ဆင်ထားရင် ဘယ်အခြေအနေမဆို ကျွန်တော်တို့ဟာ ရဲရဲတင်းတင်း ရင်ဆိုင်နိုင်တယ်။

ဒီလိုနဲ့ ကျွန်တော်တို့ဟာ ဒီမိုကရေစီတော်လှန်ရေးကို အောင်မြင် ပြီးဆုံးစေ ကာ ဆိုရှယ်လစ်စနစ်ကို တက်လှမ်းပြီး နောက်ဆုံးအောင်ပွဲကို ကေန်မုချခံယူမှာ ဖြစ်တယ်။"

(၂) ငြိမ်းချမ်းရေးလော အပြုတ်တိုက်ရေးလော။

၁၉၆၄-ခုနှစ်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ၏ အစီရင်ခံ စာတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ နည်းပရိယာယ်ဆိုင်ရာ လမ်းညွှန်များကို လည်း အောက်ပါအတိုင်းပင် ဖော်ပြထားပေသည်။

(က) ဗမာပြည်သူတို့ဟာ အမျိုးသားဒီမိုကရေစီ၊ တော်လှန်ရေးကိုလက်နက် ကိုင်တိုက်ပွဲအသွင်နဲ့ ဆင်နွဲနေတာဖြစ်တယ်။

(၁) ဒီကနေ့ အခြေအနေအရ လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲရင်း အမျိုးသား လွတ်လပ်ရေးအလံ ပြည်သူ့ဒီမိုကရေစီရေးအလံတို့သာမက ပြည်တွင်း ငြိမ်းချမ်းရေးအလံကိုပါ ကိုင်စွဲသွားရမယ်။

(၂) ဒီအလံ ၃-ခုကို ကိုင်စွဲထားတဲ့အတွက် တိုးတက်တဲ့ အင်အားစုတွေကို ပိုပြီး ကြီးထွားစေလိမ့်မယ်။ ကြားအင်အားစုတွေကို သိမ်းသွင်းနိုင်ပေ လိမ့်မယ်။ ဖောက်ပြန်တဲ့အင်အားစုတွေကို ဖိုင်းပယ်နိုင်ပေလိမ့်မယ်။

ကျွန်တော်တို့ ခုခံရေးစစ်ရဲ့ တရားတဲ့လက္ခဏာကို ပိုမို ထင်ရှားစေ လိမ့်မယ်။ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်အင်အားစုကို ပိုပြီးကြီးထွား စေလိမ့်မယ်။ ရန်သူ့ဒေသရှိ လူထုလှုပ်ရှားမှု၊ အထူးသဖြင့် လယ် သမားလှုပ်ရှားမှုတို့နဲ့ ပေါင်းစပ်ပေးနိုင်လိမ့်မယ်။

လက်နက်ကိုင်တိုက်ပွဲကို ဆင်နွှဲရင်း တခြားတိုက်ပွဲတွေနဲ့ ပေါင်း စပ်ပြီး ငြိမ်းချမ်းရေး အခွင့်အလမ်းပေါ်လာခဲ့ရင် စစ်ရပ်စဲရေး၊ ငြိမ်း ချမ်းရေးကိုလုပ်သွားဘို့သာဖြစ်ပြီး၊ ငြိမ်းချမ်းရေးရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ၊ လက်နက်ကိုင်တိုက်ပွဲနဲ့ အာဏာသိမ်းရေး အခြေခံ ရည်မှန်း ပြီးလုပ်သွားဘို့ဖြစ်တယ်။ လက်နက်ကိုင်အင်အားစု ကြီး ထွား ရေး၊ လယ်သမားလှုပ်ရှားမှု ကြီးထွားရေးတို့ကို အဓိကလုပ်ငန်းအဖြစ် လုပ် သွားရမယ်။"

"ဗမာပြည်မှာ လက်နက်ကိုင်တော်လှန်ရေးနဲ့ လက်နက်ကိုင် တော်လှန်မှု ဆန့်ကျင်ရေးတို့ တိုက်ခိုက်နေတဲ့ ပြည်တွင်းစစ် အခြေ အနေမှာ လက်နက်ကိုင်တိုက်ပွဲဟာ အဓိကတိုက်ပွဲသဏ္ဍာန်ဖြစ်တယ်။

လက်နက်ကိုင်တိုက်ပွဲကို တခြားတိုက်ပွဲသဏ္ဍာန်နဲ့ ပေါင်းစပ်ပေးရ မယ်။ အထူးသဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးတိုက်ပွဲနဲ့ ပေါင်းစပ်ပေးရ မယ်။

ဒီနေရာမှာ ဖြစ်နိုင်တဲ့သွေဖီရေးနှစ်ခုကို ကျွန်တော်ဘို့ဂရုပြုရမယ်။

ပထမသွေဖီရေးကတော့ လက်နက်ကိုင်တိုက်ပွဲဟာ အဓိကတိုက်ပွဲ သဏ္ဍာန်တွေ အထူးသဖြင့် ပြည်တွင်းငြိမ်းချမ်းရေးတိုက်ပွဲစတဲ့ တိုက်ပွဲ သဏ္ဍာန်တွေကိုပစ်ပယ်တဲ့ သွေဖီရေးဖြစ်တယ်။

ဒုတိယသွေဖီရေးကတော့ ပြည်တွင်းငြိမ်းချမ်းရေးအလံကို မြင့်မား စွာထူရမယ်။ ငြိမ်းချမ်းရေးရဘို့ အစွမ်းကုန် ကြိုးစားရမယ်ဆိုတဲ့အတွက် ကြောင့် လက်နက်ကိုင်တိုက်ပွဲရဲ့ အခရာကို သေးသိမ်ပစ်တာ ပြည်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွင်းငြိမ်းချမ်းရေးကို ဘယ်နည်းနဲ့ဖြစ်ဖြစ် အရယူဖို့ မူအားလုံးကိုစွန့်ပစ်ပြီး ဥပဒေတွင်းဝင်ဘို့ကို အလေးအနက်ပြုတဲ့ သွေဒီရေးဖြစ်တယ်။"

(ဗဟိုကော်မတီ၊ ဥက္ကဋ္ဌ၏ နိုင်ငံရေးအစီရင်ခံစာ၊ မူရင်းစာမျက်နှာ ၄၂–၄၃ ပု။)

ထို့နောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီသည် "၁၉၆၄-ခုနှစ် စက်တင်ဘာလ ဗဟိုကော်မတီ အစည်းအဝေးက ချမှတ်လိုက်သော အခြေအနေ၊ နိုင်ငံရေးပေါ်လစီနှင့် ပတ်သက်သည့် တိုင်းပြည်သို့ ထုတ်ပြန်ကြေညာချက်"ဟူသော ခေါင်းစဉ်ဖြင့် ကြေညာချက်ထဲောင်ကို ၁၉၆၄-ခုနှစ်၊ စက်တက်လာလ(၂၅)ရက်နေ့တွင် တိုင်းပြည်သို့ ထုတ်ပြန်ကြေညာလိုက်ပေသည်။

ယင်းကြေညာချက်တွင် ဖော်ပြထားသည်မှာ ဤသို့ပင်ဖြစ်လေသည်။

"ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြန်လည်တည်ဆောက်ရေးကို အဓိကထားသည့် အချက်(၀)ချက်ကို သဘောတူမည့် အင်အားစုများ၊ အတန်းအစားများ၊ အလွှာများ၊ လူမျိုးစုများ၊ ပြည်ချစ်ပုဂ္ဂိုလ်များ၊ ဗမာ့တပ်မတော်အတွင်းမှ ပြည်ချစ်စိတ်ရှိသော တပ်မတော်သားများ၊ တပ်မှူးများအပါအဝင် ပြည်ချစ်အင်အားစုများနှင့် ပူးပေါင်းတိုက်ပွဲဝင်သွားရင်း ညီညွတ်ရေး တည်ဆောက်သွားမည်ဖြစ်ပေသည်။

ဗမာပြည်တွင် ယခုတိုင်(၁၇)နှစ်ကြာအောင် ပြည်တွင်းစစ် ဖြစ်နေသဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေးများတွင် ပြည်သူ့ အကျိုးရှိရေးအတွက် အခက်အခဲတွေ့နေရလေသည်။ ဗမာပြည်လက်ငင်းပြဿနာများ ဖြေရှင်းရာ၌ ပြည်တွင်းစစ်ရပ်စဲ၍ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည် တည်ဆောက်ရေးသည် သော့ချက်ပြဿနာပင်ဖြစ်ပေသည်။

ပြည်သူ့အကျိုးဖြစ်ထွန်းစေမည့် ပြည်တွင်းငြိမ်းချမ်းရေးရစေရန်မှာ နိုင်ငံရေး စီးပွားရေးအရ တကဲ့လွတ်လပ်ရေး၊ ဒီမိုကရေစီပြည့်ဝရေး၊ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းလူမျိုးစုများနှင့် ချစ်ကြည် စည်းလုံး ညီညွတ်ရေးကို ပြည့်စွမ်းပေးနိုင်မည့် အချက်များကိုအခြေခံ၍ ဆွေးနွေးရန်လိုအပ်သည်ဟု ဗမာပြည် ကွန်မြူနစ်ပါတီက ယူဆပေသည်။"

စသည်ဖြင့် အကျယ်တဝင့်ပင် တင်ပြ၍ထားလေသည်။

နောက်ဆုံးတွင်မူ၊ ယင်းကြေညာချက်၏ ကြွေးကြော်သံများ အဖြစ်ဖြင့်လည်း ဤသို့ပင်ဖော်ထုတ်ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ပြည်တွင်းငြိမ်းချမ်းရေး၊ ပြန်လည်တည်ဆောက်ရန်အတွက် ဒီမိုကရေစီကျကျ ပြန်လည်တွေ့ဆုံဆွေးနွေးပွဲများ ပြန်လုပ်ရန်တိုက်ပွဲဝင်ကြ။"

"စစ်အစိုးရက ပြည်သူတို့အပေါ် မတရားစစ်ဆင်နေခြင်းကို ခုခံကိုက်ခိုက်နေကြသော ဗမာပြည်ကွန်မြူနစ်ပါတီနှင့် တော်လှန်ရေး အင်အားစုများ၏ လက်နက်ကိုင်တိုက်ပွဲကို အားပေးကူညီကြ။"

ဤသည်တို့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ကြေညာချက်၏ ကြွေးကြော်သံများပေတည်း။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၇

ဗဟိုကော်မတီ တာဝန်ခွဲဝေမှုနှင့် ဗိုကင်းပြန်တို့၏ နေရာယူမှု

(၁) ဗဟိုကော်မတီတွင်း စည်းရုံးရေးပြဿနာများ။

၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီအစည်းဝေးတွင် ဗဟိုကော်မတီတွင်း စည်းရုံးရေး ပြဿနာများကိုလည်း ဆွေးနွေး၍ ဆုံးဖြတ်ကြ၏။ ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၂၄) တွင် ဗဟိုကော်မတီအဖွဲ့ဝင်တဦးစီနှင့် ပတ်သက်သော စည်းရုံးရေးပြဿနာများကို ဤသို့ဆုံးဖြတ်ကြလေသည်။

၁။ ရဲဘော် ချစ်ကောင်းကိစ္စ။ ။ရဲဘော်ချစ်ကောင်း သည် သမတထံ အသနားခံပြီး တဦးချင်းလွတ်ငြိမ်းခွင့်အရ လွတ်မြောက်ရန် စာရေးပြီးလွတ်မြောက်ခဲ့သည်။ ယင်းသည် လက်တွေ့အားဖြင့် လက်နက်ချခြင်းပင်ဖြစ်ခဲ့သည်။ ဤအချက်ကို ၆၂ - ခုနှစ်ဗဟိုကော်မတီ အစည်းအဝေး ပြီးသည့် နောက်မှ ရဲဘော်ချစ်ကောင်းကိုယ်တိုင် ပြောပြသဖြင့် သိရသည့်အချက်သစ်ဖြစ်သည်။

ရဲဘော်ချစ်ကောင်း ဤကဲ့သို့ လုပ်ဆောင်သော ကာလအတွင်း ပါတီပေါ်လစီတွင် အချို့သော ရှုတ်ထွေးမှုများရှိခဲ့သည်။ ရဲဘော်ချစ်ကောင်း၏ လုပ်ရပ်များ၌လည်း အချို့သော စည်းကမ်းဖောက်စည်းမှုများ ရှိခဲ့သည်။ သို့ရာတွင် ရဲဘော်ချစ်ကောင်း၏ အခြေခံ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရပ်တည်မှုတွင် နိုင်ငံရေး အယူဝါဒရေးတို့တွင် ပျော့ညံ့လာခြင်း ရပ်တည်မှု ပျော့ညံ့လာခြင်း၊ ပင်ကိုယ်အယူဝါဒရေး ခိုင်မြဲမှုနိမ့်ကျလာခြင်းဖြင့် လက်တွေ့တွင် ဤကဲ့သို့ လက်နက်ချခြင်း အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ဤသည်မှာ အဓိကအချက်ဖြစ်သည်။

သို့ဖြစ်၍ ဗဟိုကော်မတီ အစည်းအဝေးက လက်နက်ချခြင်းဟူသော ကြီးလေးသော မူပြဿနာတွင် ကျူးလွန်မှုအတွက် မှန်ကန်စွာ သင်ခန်းစာ ယူနိုင်စေရန်နှင့် ပါတီတည်ဆောက်ရေးမှုတွင် မှန်ကန်သော ပညာပေးမှုဖြစ်နိုင်စေရန် ရဲဘော်ချစ်ကောင်းအား ပါတီဝင်အဖြစ်မှ ထုတ်ပစ်လိုက်သည်။

၂။ ရဲဘော်အုန်းမောင်အားလည်း ရဲဘော်ချစ်ကောင်းအပေါ် သဘောထားအတိုင်း လုပ်ရန်ဆုံးဖြတ်သည်။

၃။ ရဲဘော်အောင်နိုင် (ရာဂျုန်) ကိစ္စကိုစုံစမ်း၍ အထက်ပါနှစ်ဦးနှင့် သဘောချင်းတူညီပါက ပေါလစ်ဗြူရိုက အထက်ပါနှစ်ဦးအပေါ် သဘောထားအတိုင်း၊ ဆုံးဖြတ်ဆောင်ရွက်ရန် လွှဲအပ်သည်။

(၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၂၄-မှ)

ဤသို့ ဗဟိုကော်မတီအစည်းအဝေးမှ ဗဟိုကော်မတီအဖွဲ့ဝင် တဦးစီ၏ ပြဿနာကိုဆုံးဖြတ်ပြီးနောက် ဗဟိုကော်မတီ တာဝန်ခွဲဝေရေးကိုလည်း ဆွေးနွေး၍ ဆုံးဖြတ်ကြလေသည်။

ဗဟိုကော်မတီတာဝန်ခွဲဝေရေး

(က) ပေါလစ်ဗြူရိုအဖွဲ့ကိုပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း မပြုလုပ်ပဲ အရေးယူအပစ်ပေးလိုက်သည့် ရဲဘော်သန်းမြိုင်မှအပ မူလအတိုင်းထားရန်။

ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို ယခင်အတိုင်းထားရန်။

(ခ) ဒု-ဥက္ကဋ္ဌအဖြစ် သခင်ဇင်အား နောက်ထပ်တင်မြှောက်ရန်။

(ဂ) ပါတီဗဟိုဌာနချုပ်၌ ဥက္ကဋ္ဌ-သခင်သန်းထွန်း၊ အတွင်းရေးမှူးရဲဘော်ဌေးနှင့် ရဲဘော် ဘတင်တို့ပင် ဗဟိုဌာနချုပ်၏ ပေါလစ်ဗြူရိုအဖွဲ့ဝင်များ အဖြစ်တာဝန်ယူရန်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ဇင်အား မဒညတ (ဗဟို) တွင် သွားရောက်တာဝန်ယူစေရန်။

သခင်ချစ်အားရခိုင်တိုင်းနှင့် အနောက်မြောက်တိုင်းတို့တွင် အထူးတာဝန်များထမ်းဆောင်စေရန်။

(မှတ်ချက် ။အထူးတာဝန်ဆိုသည်မှာ ၁၉၆၇-ခုနှစ်၊ စက်တင်ဘာလတွင် ဗဟိုကော်မတီ အစည်းအဝေးကျင်းပနိုင်ရန်အတွက် ပြင်ဆင်ရန်ဖြစ်သည်။ ။စာရေး သူ)

(ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက် အမှတ်- ၂၀ မှ)

ထို့ပြင် ၁၉၆၃-ခုနှစ်၊ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရေး ကာလအတွင်းတွင်ဗမာပြည်သို့ ပြန်လည်ရောက်ရှိလာကြသော ပီကင်းပြန်ဗဟိုကော်မတီအဖွဲ့ဝင်ရဲဘော်အောင်ကြီး · သခင်ပု · ဗိုလ်ဇေယျတို့ (၃) ဦးနှင့် ပတ်သက်၍လည်း ဆုံးဖြတ်ချက်တရပ်ကို ဤသို့ချမှတ်လေသည်။

"တရုပ်ပြည်မှပြန်လာသော ဗဟိုကော်မတီ (၃) ဦးအား ပါတီဗဟိုဌာနချုပ်တွင် တည်ဆောက်ရေးလုပ်ငန်းများနှင့်အတွေးအခေါ်လှုပ်ရှားမှုစသည်တို့အတွက် စုပေါင်းပုပ်ဆောင်ရန်အတွက် ပါတီဗဟိုဌာနချုပ်တွင် တာဝန်ယူစေရန်။

ဤကိစ္စကို စိမ်ကိန်းနှင့်ဆောင်ရွက်ပြီး၊ ပြီးဆုံးက ပေါလစ်ဗျူရိုအဖွဲ့မှ သင့်လျော်သော နေရာများကို တာဝန်ချထားရန်-"

(ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက် အမှတ် ၂၉ မှ)

ဗဟိုကော်မတီ အဖွဲ့ဝင်တို့နှင့် ပတ်သက်သော နေရာချထားမှုနှင့် တာဝန်များကိုလည်း ဆုံးဖြတ်လေသည်။

(၁) ဗိုလ်မျိုးမြင့် }	....	မြစ်ဖျားဒေသတိုင်း
(၂) ရဲဘော်တုတ် }		
(၃) ရဲဘော်ထွန်းမောင်	....	အနောက်မြောက်တိုင်း
(၄) ရဲဘော်ကျော်မြ	....	ရခိုင်ပြည်နယ်
(၅) ရဲဘော်မြ	....	ပဲခူးရိုးမတိုင်း
(၆) ရဲဘော်စိုးသန်း	....	မြစ်ဝကျွန်းပေါ်တိုင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၇) ရဲဘော်ထွန်းစိန် .... တနင်းသာရီတိုင်း

(၈) ရဲဘော်သခင်ဖေတင့် .... အနားပေးရန်

(၉) ရဲဘော်သခင်တင်ထွန်း .... ရှမ်းပြည်၊ အထက်ဗမာပြည်၊ အလယ်ပိုင်း ဗမာပြည်။

(၁၀) ဗိုလ်ရန်အောင် အား၊ ၎င်းကျန်းမာရေး အခြေအနေကို အထူး အလေးထား ကုသစီစဉ်ပေးရန်အတွက် ခွင့်ပေးခြင်းများမှအပ အခြားအလွဲအပြောင်းများ မလုပ်ရန် ဆုံးဖြတ်သည်။

(ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက် အမှတ်-၃၁ မှ)

ထို့နောက် ပီကင်းပြန်ရဲဘော်များနှင့် ပတ်သက်၍လည်း ဗဟိုကော်မတီ အစည်းအဝေးမှ ဤသို့ဆုံးဖြတ်လေသည်။

ဤကိစ္စကို ပါတီဗဟိုဌာနချုပ်မှ တာဝန်ယူ ခန့်ခွဲရန်ဖြစ်သော်လည်း ဗဟို ကော်မတီများနှင့် ညှိနှိုင်းရာထားသည်။ ၎င်းကို ရဲဘော်များနှင့် ထပ်မံညှိနှိုင်း ပြီး ပေါ်လစ်ဗျူရိုအဖွဲ့က အတည်ပြုရန်ဖြစ်သည်။

ထိုရဲဘော်များကို ပါဘီတည်ဆောက်ရေး အယူဝါဒအတွေးအခေါ် တည် ဆောက်ရေးတို့တွင် အဓိကအသုံးချသွားရန်ဖြစ်သည်။

(ဗဟိုကော်မတီ ဆုံးဖြတ်ချက် အမှတ် - ၃၂ မှ)

ထို့ပြင် ဗဟိုစစ်ကော်မတီအဖွဲ့ကိုလည်း တိုးချဲ့၍ ဖွဲ့စည်းလိုက်လေသည်။

(၁) ဗဟိုစစ်ကော်မတီ .... ဥက္ကဋ္ဌ သခင်သန်းထွန်း

(၂) ဗဟိုစစ်ကော်မတီ .... အတွင်းရေးမှူး သခင်ချစ်

(၃) ဗဟိုစစ်ကော်မတီ .... အဖွဲ့ဝင် ရဲဘော်အောင်ကြီး

(၄) ဗဟိုစစ်ကော်မတီ .... အဖွဲ့ဝင် ရဲဘော်ဗိုလ်ဇေယျ

တို့ (၄)ဦး ဖြစ်ကြလေသည်။

၁၉၆၁ - ခုနှစ် ဗဟိုကော်မတီ အစည်းအဝေးမှ ဗဟိုစစ်ကော်မတီ အဖွဲ့ဝင် အဖြစ် ရွေးချယ်ခဲ့သော ရဲဘော်ဌေးကိုမူ ထည့်သွင်း ဖွဲ့စည်းခြင်းမပြုကြတော့ ချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းသို့ဖြင့် ၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီအဖွဲ့ဝင်တို့၏ တာဝန်ခွဲဝေမှုနှင့် နေရာချထားမှုများကို ဆုံးဖြတ်ခဲ့လေသည်။

သို့သော်လည်း ဗဟိုကော်မတီ အစည်းအဝေး၏ နောက်ပိုင်းတွင်မူ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ဗဟိုကော်မတီအဖွဲ့ဝင်တို့၏ တာဝန်ခွဲဝေမှုများကို ပြင်ဆင်လိုက်ကြလေသည်။

ဗဟိုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အမှတ် (၂၀) တွင် ဆုံးဖြတ်ထားသည့် "သခင်ချစ်အား၊ ရခိုင်တိုင်းနှင့် အနောက်မြောက်တိုင်းတို့တွင် အထူးတာဝန်များ ထမ်းဆောင်ရန်" ဟူ၍ ဆုံးဖြတ်ခဲ့၏။ သို့ရာတွင် ယင်းဆုံးဖြတ်ချက်ကို ၁၉၆၅-ခုနှစ်၊ ဒီဇင်ဘာလတွင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့၏ တင်ပြချက်အရ ပေါလစ်ဗျူရိုအဖွဲ့ (နိုင်ငံရေး ဦးဆောင်အဖွဲ့)မှ ပြင်ဆင်လိုက်ရလေသည်။

ယင်းဆုံးဖြတ်ချက်ကို ပြင်ဆင်လိုက်သည့်အကြောင်းမှာ ဤသို့တည်း။....

"သခင်ချစ်ကို ပါတီဗဟိုဌာနချုပ်ကလွဲပြီး ဘယ်နေရာကိုမှ တာဝန်မပေးသင့်ဘူး။ သခင်ချစ်ဟာ လက်နက်ကိုင်တိုက်ပွဲ အတွေ့အကြုံတွေ ရှိပြီးတော့ လုပ်ရဲ ကိုင်ရဲ ဆုံးဖြတ်ရဲတဲ့သူဖြစ်တယ်။ ပြီးတော့ ရန်သူ့နယ်မြေ မြေအောက်လုပ်ငန်းအတွေ့အကြုံတွေလဲ အများကြီးရှိတယ်။ ဒါတွေကြောင့်မို့ သခင်ချစ်ကို ရခိုင် နဲ့အနောက်မြောက်တိုင်းကို တာဝန်ပေးတယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပြီးတော့ သခင်ချစ်ရဲ့အစား အခြားတယောက်ယောက်ကိုလွှတ်သင့်တယ်"ဟူ၍ဖြစ်၏။

ထို့ကြောင့်ပင် နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်ဖြစ်သော သခင်ချစ်၏ နေရာတွင် ပီကင်းပြန် ဗိုလ်ဇေယျအား လွှဲပြောင်း၍ ရခိုင်တိုင်းနှင့် အနောက်မြောက်တိုင်းသို့ တာဝန်ပေးလိုက်၏။ ယင်းဆုံးဖြတ်ချက်အရ ဗိုလ်ဇေယျခေါင်းဆောင်သော ဗိုလ်ဘဖြူ၊ ရဲဘော်သက်တင်တို့သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ ဆင်သေရွာအနီးမှ ၁၉၆၄-ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ပြည်ခရိုင်သို့ စတင်၍ ခရီးထွက်သွား၏။ ပြည်ခရိုင်မှ တဆင့် သရက်ခရိုင် အရှေ့ခြမ်းသို့ သွားလေသည်။

ဗိုလ်ဇေယျသည် သရက်ခရိုင်ကော်မတီများဖြစ်သော-ဗိုလ်နေဝင်း၊ ဆလိုင်းစံအောင် (ချင်းဦးစီး) ရဲဘော်မြင့်နိုင်တို့နှင့် အခြားသော အဆင့်မြင့်ကေဒါများကိုလည်း စုစည်းလိုက်၏။ ယင်းသို့ စုစည်းပြီးနောက် ၁၉၆၄ - ခုနှစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာ အတွေ့အကြုံများကို ရှင်းလင်းတင်ပြ၏။ ထို့နောက်မှ သရက်ခရိုင်၊ ဆင်ပေါင်ဝဲ မြို့နယ် အနီးမှ ဧရာဝတီမြစ်ကို ဖြတ်ကူး၍ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်သို့ သွားလေသည်။

ထို့နောက်တွင်ဗဟိုဌာနချုပ်၏"ဗဟိုအလုပ်ဖွဲ့"ဆိုသည်ကိုဖွဲ့စည်းလိုက်၏။ ယင်းအဖွဲ့၏ ခေါင်းဆောင်မှာ... ရဲဘော်အောင်ကြီးဖြစ်၏။ ဗဟိုအလုပ်အဖွဲ့ဝင်တို့မှာမူ (၁) ပီကင်းပြန် ရဲဘော်အောင်သိန်း (ခေါ်) အောင်ငြိမ်း။ (၂) ပီကင်းပြန် ဗိုလ်ဘည့်နု။ (၃) မောင်ဘက် (ရန်ကုန်တက္ကသိုလ်တပ်ဦးကျောင်းသားခေါင်းဆောင်)တို့ ဖြစ်ကြလေသည်။

ယင်း ဗဟိုအလုပ်အဖွဲ့သည် ၁၉၆၅-ခုနှစ်၊ ဖေဖော်ဝါရီလဆန်းတွင်"ပြည်ခရိုင်စုစည်းရေးနှင့် တိုးချဲ့ရေးစီမံကိန်း"ကို စနစ်တကျလက်တွေ့ အကောင်အထည်ဖော်ရန်အတွက် ပြည်ခရိုင်သို့သွားကြ၏။ ထိုစဉ်က ပြည်ခရိုင် ကွန်မြူနစ်ပါတီခရိုင်ရုံးသည်၊ ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် လက်ကြီးရွာတွင် အခြေစိုက်၍ထား၏။ ဤစခန်းတွင်ပင် ပြည်ခရိုင်အတွင်းတွင်ရှိသည့်အဆင့်ဆင့်သော ကော်မတီများနှင့် လက်နက်ကိုင်အင်အားစုများကိုပါ စုစည်းစေလေသည်။

ထိုသို့စုစည်းပြီးနောက် ၁၉၆၄-ခုနှစ်၊ နိုင်ငံရေးလမ်းစဉ်ကို ရဲဘော်အောင်ကြီးသည် အကျယ်တဝင့်ပင် ရှင်းလင်းတင်ပြ၏။ ထို့ပြင်၊ ၆၄-ခုနှစ် နိုင်ငံရေးလမ်းစဉ်ကို အလေးအနက်အကောင်အထည်ဖော်နိုင်ရေးအတွက် "ပဉ္စမအဝ ဟစ်တိုင်လှုပ်ရှားမှု"ကို ပြုလုပ်လေသည်။

တချိန်တည်းတွင် နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်ဖြစ်သော သခင်ချစ်ခေါင်းဆောင်သည့် ဗဟိုအလုပ်အဖွဲ့ တဖွဲ့သည်လည်း သာယာဝတီခရိုင် ကွန်မြူနစ်ပါတီရုံးသို့သွားကြ၏။ ယင်းဗဟိုအလုပ်အဖွဲ့တွင် ပီကင်းပြန်ရဲဘော်မျိုးတင့်၊ ပီကင်းပြန် ရဲဘော်စိုးဝင်း (ခေါ်) ငွေးအောင်၊ ရဲဘော်ဘခက်နှင့် ရဲဘော်စိုးဝင်း (ခေါ်) ထွန်းကျော် (လူထုဦးလှ-ဒေါ်အမာတို့၏သား) တို့ ပါဝင်ကြလေသည်။

သာယာဝတီခရိုင် ကွန်မြူနစ်ပါတီရုံးသည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် ဝေါင်ညိုဒေသ မကြီးပင်ရွာ၏အနီးတွင်အခြေစိုက်ထား၏။ ယင်းစခန်းတွင်ပင် သာယာဝတီခရိုင်မှ အဆင့်ဆင့်သော ကော်မတီများကို စုစည်းစေ၏။ ယင်းသို့စုစည်းပြီးနောက်တွင် ၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ၏ နိုင်ငံရေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အစီရင်ခံစာကို တင်ပြဆွေးနွေးကြ၏။ ထို့နောက်၊ သဘာဝတိခရိုင်မှ "၆၄-လမ်းစဉ်၏ကျောရိုးများ" ကို ရွေးထုတ်ခဲ့ကြလေသည်။

၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ပဲခူးရိုးမတိုင်း ဥက္ကဋ္ဌ ရဲဘော်မြနှင့် မြစ်ဝကျွန်းပေါ်တိုင်းဥက္ကဋ္ဌ ရဲဘော်စိုးသန်း တို့သည်လည်း မိမိတို့သက်ဆိုင်ရာ ဒေသတို့တွင် ဗဟိုကော်မတီ၏ ၆၄-လမ်းစဉ်ကိုပြန်လည် အစီရင်ခံ၍နေကြ၏။ သို့ရာတွင် ဘဝဟစ်တိုင် လှုပ်ရှားမှုနှင့် ၆၄-လမ်းစဉ်၏ ကျောရိုးများမွေးမြူရေး လှုပ်ရှားမှုများကိုမူ.... ပြုလုပ်စီစဉ် ခြင်းမရှိကြချေ။

ဤသို့ဖြင့် ၁၉၆၄-ခုနှစ် လမ်းစဉ်ချမှတ်ပြီးနောက် ဗဟိုကော်မတီအဖွဲ့ဝင် များနှင့် ဗဟိုဌာနချုပ်မှ ပီကင်းပြန်တို့သည် ပါတီဗဟိုဌာနချုပ်အနီးပတ်ဝန်း ကျင်တွင်ရှိသော ခရိုင်များသို့ စနစ်တကျအကွက်ချ၍ စုစည်းရေးနှင့် တည် ဆောက်ရေးများကို ရေရှည်စီမံကိန်းဖြင့် အကောင်အထည် ဖော်ခဲ့ခြင်းဖြစ် လေသည်။

ဤသည်တို့မှာ ၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီအစည်းအဝေး၏ တာဝန်ခွဲဝေ မှုနှင့် ဗဟိုကော်မတီတွင်း စည်းရုံးရေးပြဿနာများပေတည်း။

(၂) ပီကင်းပြန်တို့၏ နေရာယူမှု။

၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်အမှတ်(၃၂)မှာ ပီကင်းပြန်တို့အား တာဝန်ပေးရေးနှင့် ပတ်သက်သော ဗဟိုကော်မတီ၏ ဆုံး ဖြတ်ချက်ပင်ဖြစ်၏။ ယင်းဆုံးဖြတ်ချက်မှာလည်း ဗဟိုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များ၏ နောက်ဆုံး ဆုံးဖြတ်ချက်ဖြစ်၏။ သို့ရာတွင် ဗဟိုကော် မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက် အမှတ် (၃၂)ကို ပယ်ဖျက်၍၊ သခင်သန်း ထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ပီကင်းပြန်များနှင့် တွေ့ဆုံသည်။ "အတူး လျှို့ဝှက် အစည်းအဝေး"၏ ဆုံးဖြတ်ချက်များကိုသာလျှင် တရားဝင်လက်တွေ့ အကောင်အထည် ဖော်လေသည်။

၁၉၆၄-ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့တွင်ဖြစ်၏။ ဗဟိုဌာနချုပ်စခန်းသည် ပဲခူးရိုးမတောင်ခြေ၏ အနောက်ဖက် ဘော်ဘင်ချောင်းဖျားတွင်ရှိသော ရေ နောက်-ရန်ချောင်း ကရင်ရွာလေး၏ အရှေ့မြောက်ဖက် (၄) မိုင်ကျော်ကွာ တွင် အခြေစိုက်၍ ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းစခန်း၌ ပီကင်းပြန်တို့ကိုစုဝေး၏။ ပီကင်းပြန်တို့သာလျှင် တက်ရောက်ရသည့် အထူးလျှို့ဝှက်သော အစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်၏။ ဤအစည်းအဝေး၌ ပီကင်းပြန် ဗဟိုကော်မတီ အဖွဲ့ဝင်များဖြစ်သော ရဲဘော်အောင်ကြီး၊ သခင်ပုနှင့် ဗိုလ်ဇေယျတို့မှ ခေါင်းဆောင်ဆွေးနွေး၏။ သခင်သန်းထွန်းမှာမူ ပါဘီ ဥက္ကဋ္ဌ အဖြစ်ဖြင့် တက်ရောက်လေသည်။

ယင်းပီကင်းပြန်တို့၏ အထူးလျှို့ဝှက် သောအစည်း အဝေးတွင် ၁၉၆၄-ခုနှစ်၊ စက်တဘ်ာလတွင် ကျင်းပခဲ့သော ဗဟိုကော်မတီ အစည်း အဝေး၏ လမ်းစဉ် ပေါ်လစီတို့ကို ပီကင်းပြန်တို့ အနေနှင့် လက်တွေ့စည်းရုံးရေးအရ အ ကောင် အထည်ဖော်ရန် အတွက် အသေးစိတ် အစီ အ စဉ် များ ကို ရေး ဆွဲ ခြင်း ဖြစ်၏။ ထို့ပြင်ရေရှည် အတွက် စီမံကိန်းများကိုလည်း ချမှတ်ကြလေသည်။

ပီကင်းပြန်တို့၏အထူးလျှို့ဝှက်အစည်းအဝေးမှအရေးကြီးသော အောက်ပါ စည်းရုံးရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်လိုက်လေသည်။

(၁) ပါတီကိုအတွေး အခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေး အရ ဘက် (၃)ဘက်က တည်ဆောက်၍ ပါတီအား အဘက်ဘက်မှ ပုံသစ်လောင်းရေးအတွက် ဗဟိုမာ့က်စ်၊ လီနင်ဝါဒကျောင်းကို ဖွင့်ရမည်။

ထိုဗဟိုကျောင်း၌ ကျောင်းအုပ်အဖြစ်၊ ပေါလစ်ဗျူရို အဖွဲ့မှ တဦးဦးကိုထားရန်ဖြစ်သည်။ သို့သော်လည်း ကျောင်း၏ သင်ရိုးညွှန်းတမ်းများကို တကယ်တန်းအာမခံ၍ တာဝန်ခံကြရမည့် သူများမှာ၊ ရဲဘော်အောင်ကြီးနှင့် ရဲဘော်မျိုးတင့်တို့ ဖြစ်သည်။ ထို့ကြောင့် ရဲဘော်အောင်ကြီးနှင့် ရဲဘော်မျိုးတင့်တို့ အနေနှင့် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ တာဝန်ခံများ အဖြစ် ထမ်းဆောင်ကြရမည်။

(၂) ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း၌ပီကင်းပြန်များမှ ပထမအမျိုးအစားများကို "ကျောင်းဆရာအဖွဲ့" အဖြစ်၊ ဖွဲ့စည်းပေးရမည်။ သင်ကြားရမည့်ဘာသာရပ်များကိုလည်း တဦးစီအား သတ်မှတ်ပေးထားရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျောင်းဆရာအဖွဲ့တွင် ပါဝင်သူများနှင့် သင်ကြားရမည့် ဘာသာရပ်များမှာ —

(က) ရဲဘော်မျိုးတင့် .... အဘိဓမ္မာဘာသာရပ်။

(ခ) ရဲဘော်ရှိန် .... ဘောဂဗေဒဘာသာရပ်။

(ဂ) ရဲဘော်စိုးဝင်း ....ပါတီတည်ဆောက်ရေးဘာသာရပ်။

(ဃ) ဗိုလ်စံဖေ .... စစ်ရေးဘာသာရပ်။

(င) ဗိုလ်ထွန်းငြိမ်း .... စစ်ရေးဘာသာရပ်။

(၃) ဗိုလ်ဇေယျနှင့်အဖွဲ့သည် အနောက်မြောက်တိုင်း (သရက်ခရိုင် အနောက်ခြမ်း၊ မင်းဘူးခရိုင်၊ ပခုက္ကူခရိုင်)နှင့် ရခိုင်ပြည်နယ် သို့သွားရမည်။ ထိုအဖွဲ့၏ လုပ်ငန်းတာဝန်မှာ ၆၄ - ခုနှစ်၊ လမ်းစဉ်ကို အကောင်အထည် ဖော်ရေးနှင့် ဗဟိုဌာနချုပ်၏ ယာယီသေနင်္ဂဗျူဟာအခြေခံစခန်းကို တည်ဆောက်ရန်ဖြစ် သည်။

အဖွဲ့ဝင်များမှာ....

(က) ဗိုလ်ဇေယျ .... (အဖွဲ့ခေါင်းဆောင်)

(ခ) ဗိုလ်ဘဖြူ

(ဂ) ဦးသက်တင်

(မှတ်ချက်။ ။ဤအဖွဲ့တွင် ဦးသက်တင်အား ရွေး၍ထည့်လိုက်ခြင်းမှာ သခင်သန်းထွန်း၏တိုက်တွန်းချက်အရဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ဦးသက်တင်သည် ဗိုကင်းသို့ရောက်ရှိနေသော အလံ နီကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ်မှ ဗမာပြည် ကွန်မြူနစ်ပါတီ သို့ တဆင့်ကူးပြောင်းခဲ့သူဖြစ်၏။ ထို့ပြင် အလံ နီပါတီတွင်လည်း အစဉ်အလာကြီးမားသူဖြစ်၏။ ဗမာပြည် ကွန်မြူနစ်ပါတီ၏ အနောက်မြောက်တိုင်း ဒေသအတွင်းတွင် အလံနီ ကွန်မြူနစ်ပါတီ ဌာနချုပ်နှင့် အလံနီအဖွဲ့အစည်းများ ၏ အခြေစိုက်ရာဖြစ်၍ အလံနီကွန်မြူနစ်ပါတီအား ဖြိုခွဲရေးနှင့် ချေမှုန်းနိုင်ရေးအတွက် ယခုကဲ့သို့ ဦးသက်တင်အားအထူးရွေး ချယ်၍ ထည့်သွင်းလိုက်ခြင်းဖြစ်သည်။ စာရေးသူ)။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) ဗဟိုဌာနချုပ်အခြေခံသည့် ပဲခူးရိုးမတိုင်းကို အထူးအာရုံစိုက်ရမည်။ လောလောဆယ်တွင် ပဲခူးရိုးမတိုင်း ကော်မတီအား ရှေ့ဆောင်ရန်အတွက် ရဲဘော်ညိုကို ပဲခူးရိုးမတိုင်း ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းထားရမည်။ ထို့ပြင်- ပဲခူးရိုးမတိုင်း အတွင်းမှ ခရိုင်များသို့လည်း လိုအပ်သလို လှည့်လည်လုပ်ရှား ရှေ့ဆောင်သွားနိုင်ရန်အတွက် "ဗဟိုအလုပ်အဖွဲ့" ကိုလည်း အမြဲတန်း ဖွဲ့စည်းထားရမည်။

ဗဟိုအလုပ်အဖွဲ့တွင် ပါဝင်သူများမှာ....

(က) ရဲဘော်အောင်ငြိမ်း (ခေါ်) အောင်သိန်း။

(ခ) ဗိုလ်ဘညွန့်။

(ဂ) မမျိုးသန့် (ခေါ်) မစိန်ဝင်း။

(ဃ) ဗိုလ်တင်ရှိန်။

(မှတ်ချက်။ ။နောက်ပိုင်းတွင် ဗဟိုအလုပ်အဖွဲ့မှ မမျိုးသန့်နှင့် ဗိုလ်တင်ရှိန် တို့အား၊သာယာဝတီခရိုင်သို့ အမြဲတန်း ခရိုင်ကော်မတီများ အဖြစ် တာဝန်ပေးအပ်လိုက်သည်။ စာရေးသူ။)

(၅) ရှမ်းပြည်သည် ပါတီ၏ရေရှည် အခြေခံစခန်းအတွက် အလွန် အရေးကြီးသော လူမျိုးစုဒေသဖြစ်သည်။ ထိုဒေသကို အခြေခံ စခန်း တည်ဆောက်ရေး၏ သေနင်္ဂဗျူဟာ အမြင်အရ အထူး အာရုံစိုက်ရမည်။ အထူးသဖြင့်ပါတီ၏ ထိပ်တန်းလျှို့ဝှက် ဖြစ် သော အထူးဆက်သွယ်ရေးဌာနကို ဖွင့်လှစ်ထားရမည်။ ထို့ ကြောင့် ရှမ်းပြည်၌"ဗဟိုဌာနခွဲ"ကိုဖွဲ့စည်းထားရမည်။

ရှမ်းပြည်အဖွဲ့တွင် ပါတီဝင်သူများမှာ....

(က) ဗိုလ်တိုက်အောင် (ခေါ်) တင်အေး။

(ခ) မောင်ကို (ခေါ်) မောင်ခင်။

ဤအဖွဲ့၏ အဓိကတာဝန်မှာ ပါတီ၏ ထိပ်တန်း လျှို့ဝှက် သော အထူးဆက်သွယ်ရေး တာဝန်များကို ယူရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၆) မြစ်ဖျားဒေသတိုင်းမှာလည်း ပါတီ၏ သေနင်္ဂဗျူဟာ အခြေခံစခန်းဖြစ်သည်။ ကချင်ပြည်နယ်၏ အလွန်ထူးခြားသော အရေးကြီးမှုကို အထူးလေးနက်ရမည်။ ထိုဒေသသည် ချင်းတောင်တန်းနှင့်လည်း ကဆက်တစပ်တည်းဖြစ်နေသည်။ ထို့ကြောင့်လူမျိုးစုများကို ကိုးခွဲစည်းရုံးရေးနှင့် အခြေခံရေးအတွက် အချက်အခြာ ဗဟိုချက်မဖြစ်သည်။

မြစ်ဖျားဒေသတိုင်း အဖွဲ့တွင် ပါဝင်သူများမှာ။—

(က) ရဲဘော်ဖေသောင်း (ခေါ်) တင်မြင့်။

(ခ) ရဲဘော်မင်းအောင်။

(၇) မြစ်ဝကျွန်းပေါ်တိုင်း အတွက်မူ လောလောဆယ်၌ မတင်ဝေ (ခေါ်)မစိန်လှ (ခေါ်) မခင်ဆွေ တဦးတည်းသာ တာဝန်ယူရမည်။နောက်မှလိုအပ်သလို ဗဟိုအလုပ်အဖွဲ့ကို လွှတ်ပေးမည်။

(၈) အလယ်ပိုင်းဗမာပြည်နှင့် အထက်ဗမာပြည်သည် အခြေခံမှစ၍ တည်ဆောက်ရမည် ဖြစ်သည်။ ထို့ကြောင့် အဘက်ဘက်တွင် အထူးဂရုစိုက်၍ တာဝန်ယူရှေ့ဆောင်သွားကြရမည်။ အလယ်ပိုင်းဗမာပြည်အဖွဲ့တွင် ပါဝင်သူများမှာ—

(က) ရဲဘော်အောင်ခင် (ခေါ်) ထွန်းမင်း။

(ခ) ရဲဘော်ဇော်လေး (ခေါ်) မောင်ညွန့်။

(၉) ဗဟိုဌာနချုပ်တွင်။ ....

(က) ရဲဘော်ညဏ်ကျော်။

အထူးထိပ်တန်းလျှို့ဝှက် ဆက်သွယ်ရေးကို တာဝန်ယူရမည်။

(ခ) ရဲဘော်ထွန်းရှိန် (ခေါ်) ဖေငြိမ်း။

ရဲဘော်ထွန်းရှိန်သည် ဗဟိုဌာနချုပ်၏ ဆေးတာဝန်ခံအဖြစ် တာဝန်ယူရမည်။ ထို့ပြင် ဗမာပြည်လုံးအတွက် "ဆေးစည်းရုံးရေး အဖွဲ့"ကို ဦးစီးဖွဲ့စည်း၍ တာဝန်ခံအဖြစ် ဆောင်ရွက်သွားရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ဂ) ရဲဘော်သန်းဝင်း။

ဗဟိုဌာနချုပ် ရန်သူ့ဒေသ မြေအောက်စည်းရုံးရေးလုပ်ငန်းများကို ရှေ့ဆောင်ရမည်။ တချိန်တည်းတွင် ပါတီဗဟို၏ ပညာရေးနှင့် စည်းရုံးရေးဌာနတို့တွင် တာဝန်ယူရမည်။

(၁၀) ဒေသအသီးသီးတို့တွင် တာဝန်ယူကြသူများသည်—

(က) ပါတီဗဟိုဌာနချုပ်နှင့် ဆက်သွယ်ရေးစနစ်ကို စနစ်တကျစီစဉ်ပြီး၊ အမြဲတန်း ဆက်သွယ်နေရမည်။

(ခ) ဒေသအခြေအနေများကို အမြဲတန်းအပြည့်အစုံ အစီရင်ခံနေရမည်။

(၁၁) ဒေသအသီးသီးတွင် တာဝန်ယူနေကြသူအားလုံးသည်။ (၂) နှစ်ကြာသောအခါတွင် ဗဟိုဌာနချုပ်သို့ အားလုံးပြန်လည်၍ စုဝေးရမည်။ တပြည်လုံး၏ အခြေအနေများကို ပြန်လည် စုစည်းရန်အတွက် အလွန်အရေးကြီးသည့် အချိန်ကာလဖြစ်လာလိမ့်မည်။

ဤကိစ္စနှင့်ပတ်သက်၍ ဗဟိုဌာနချုပ်မှလည်း လိုအပ်သလို အကြောင်းကြား၍ ညွှန်ကြားသွားမည်။

(၁၂) တနင်္သာရီတိုင်းသို့ ကေဒါပို့ရေးအတွက်လည်း ဗဟိုဌာနချုပ်မှ လိုအပ်သလို စီစဉ်ပေးသွားမည်။

အထက်ပါတို့မှာ ပီကင်းပြန်တို့၏ အထူးလျှို့ဝှက် ဆွေးနွေးပွဲမှ အရေးကြီးသော ဆုံးဖြတ်ချက်များပင်ဖြစ်လေသည်။

ယင်းသို့ အထူးလျှို့ဝှက်စွာပင် ဆွေးနွေးဆုံးဖြတ်ပြီးနောက် ဗမာတပြည်လုံးတွင် ပီကင်းပြန်တို့သည် အထူးအစီအစဉ်များဖြင့် စနစ်တကျဖြန့်ခွဲ၍ နေရာယူထားကြလေတော့သည်။

ဤသည်တို့မှာ ဗဟိုကော်မတီ အစည်းအဝေးမှ ဗဟိုကော်မတီ၏ စည်းရုံးရေးပြဿနာများနှင့် ပီကင်းပြန်တို့၏ နေရာယူမှုပင်တည်း။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၄

ပထမပတ် ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်း။

(၁) ပထမပတ်-ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်း သင်တန်းသားများ။

၁၉၆၅-ခုနှစ်၊ မတ်လ (၂၅)ရက်နေ့တွင် ပထမပတ် ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်းကို စတင်၍ဖွင့်လှစ်လိုက်၏။ ပထမပတ် ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်း၏ ဖွင့်လှစ်ရာဒေသမှာ သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ ဆင်သေရွာ၏ အရှေ့ဘက် (၂) မိုင်ခန့်အကွာတွင် ဖြစ်လေသည်။

ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်း၏ "ကျောင်းဆရာအဖွဲ့"ကိုမူ၊ ၁၉၆၄-ခုနှစ်၊ နိုဝင်ဘာလ(၅)ရက်နေ့တွင် ကျင်းပသည့် ပါကင်းပြန်များ၏ အထူး လျှိုဝှက် အစည်းအဝေးမှ ရွေးချယ်၍ သတ်မှတ်လိုက်ခြင်းဖြစ်၏။ ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်း၏ ကျောင်းအုပ်အဖြစ်ဖြင့် ဗဟိုကော်မတီ အတွင်းရေးမှူး ရဲဘော်ဌေးကို တရားဝင်တာဝန်ပေးထား၏။ ကျောင်းတခုလုံး၏ တာဝန်ခံအဖြစ် တာဝန်ပေးခြင်းခံရသူမှာ ပါကင်းပြန်ရဲဘော်မျိုးတင့် ဖြစ်လေသည်။

အမှန်စင်စစ်အားဖြင့် ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်း၏ ကျောင်းအုပ်အဖြစ်ဖြင့် လက်တွေ့ဝင်ရောက် ဆောင်ရွက်သူမှာ ရဲဘော်အောင်ကြီးဖြစ်၏။ ထို့ကြောင့်ပင် ရဲဘော်အောင်ကြီးအား တရားဝင် ကျောင်းအုပ်ဖြစ်သော ရဲဘော်ဌေး၏အထက်မှ "ဂုဏ်ထူးဆောင်နာယက ကျောင်းအုပ်ကြီး" အဖြစ်ဖြင့် အမည်မှည့်ခေါ်ခဲ့ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းတွင် ဘာသာရပ် (၄)ခုကို သင်ကြားရန်အတွက် ဆုံးဖြတ်ခဲ့သည်။

(က) အဘိဓမ္မာဘာသာရပ်။

(ခ) ဘောဂဗေဒဘာသာရပ်။

(ဂ) ပါတီတည်ဆောက်ရေး ဘာသာရပ်။

(ဃ) တပ်မတော်တည်ဆောက်ရေး ဘာသာရပ်တို့ဖြစ်လေသည်။

ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းသို့ တက်ရောက်ရမည့် သင်တန်းသားများကိုလည်း ပေါလစ်ဗျူရိုအဖွဲ့မှပင် အသေးစိတ် စီစစ်၍ ရွေးချယ်ခြင်းဖြစ်လေသည်။

ဤဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းကို တက်ရောက်ကြမည့် သင်တန်းသားများ၏ ပါတီသက်တန်း နိုင်ငံရေး အတွေ့အကြုံ ခေါင်းဆောင်မှု အစဉ်အလာများအရ ရွေးချယ်ရန် သတ်မှတ်ခဲ့၏။ ဗဟိုကော်မတီများ တိုင်းကော်မတီများ၊ ခရိုင်ကော်မတီများသာ တက် ရောက် ရန် အ တွက် ဆုံး ဖြတ် ထား လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ သမိုင်းတလျှောက်လုံးတွင် ယခုအကြိမ်ဖွင့်လှစ်သည့် ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းကဲ့သို့ စနစ်ကျသော အဆင့်မြင့်သော နိုင်ငံရေးကျောင်းဟူ၍ တခါဘူးမျှမရှိခဲ့ဘူးကြောင်းကိုလည်း သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့မှ မကြာခဏပင် ဖော်ထုတ်ပြောဆိုကြလေသည်။

ထို့ပြင် ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းကို "ဗမာပြည်၏ သမိုင်းသစ်အတွက် အလှည့်အပြောင်းနှင့်ဆက်ထုံး" ဟူ၍ပင် ဖော်ပြကြလေသည်။

ထို့ကြောင့် ဤပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းကို ပထမဦးဆုံးအကြိမ် တက်ရောက်သင်ကြားခွင့်ရရေး အတွက် အခွင့်အရေးမှာ အလွန်ပင် ရတောင့်ရခဲလှပေသည်။

အထူးသဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ အခြေစိုက်ရာဖြစ်သော ပဲခူးရိုးမတိုင်းမှ တိုင်းကော်မတီများနှင့် အရေးကြီးသော ခရိုင်ကော်မတီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

များ၊ ခရိုင်စစ်ရေး ခေါင်းဆောင်များကိုသာ တက်ရောက်ရန်အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်လေသည်။

ယင်းပထမပတ် ဗဟိုမာ့စ်က် လီနင်ဝါဒကျောင်းသို့ တက်ရောက်ကြရသည့် သူများမှာ အောက်ပါအတိုင်းဖြစ်လေသည်။

(၁) ဗိုလ်ရန်အောင် .... ဗဟိုကော်မတီ။
(၂) ဗိုလ်ဘုန်းကျော် .... ပဲခူးရိုးမတိုင်း စစ်ရေးတာဝန်ခံ။
(၃) ရဲဘော်လှကြည် .... ပဲခူးရိုးမတိုင်း ကော်မတီနှင့် ပြည်ခရိုင် ပါတီအတွင်းရေးမှူး။
(၄) ရဲဘော်ဗိုလ်အေး .... ပြည်ခရိုင်ကော်မတီ။
(၅) ဆလိုင်းသာဦး .... ပြည်ခရိုင်ကော်မတီ။
(၆) ရဲဘော်ကျော်ညွန့် .... သာယာဝတီခရိုင် ပါတီအတွင်းရေးမှူး။
(၇) ရဲဘော်ဗိုလ်စိန်မင်း.... သာယာဝတီခရိုင် စစ်ရေးတာဝန်ခံ။
(၈) ဗိုလ်ရဲလွင် .... သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်။
(၉) ရဲဘော်ဘခက် .... ဗဟိုဌာနချုပ်-ပါတီကော်မတီ။
(၁၀) ဗိုလ်တင်မောင် .... ဗဟိုဌာနချုပ် ပါတီကော်မတီ။
(၁၁) ဗိုလ်သန်းနေ့ခင် .... ဗဟိုဌာနချုပ်။
(၁၂) ရဲဘော်အေးလွင် .... ဗဟိုဌာနချုပ်။
(၁၃) မရင်ရင်(ခေါ်)မစိန်အေး-ဗဟိုဌာနချုပ် စသည်တို့ဖြစ်ပေသည်။

ထိုနောက်တွင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးတို့သည် ၁၉၆၄-ခုနှစ် ဦးတွင် ရန်ကုန် တက္ကသိုလ်မှ တောခိုလာပြီးနောက် ဗဟိုဌာနချုပ်သို့ ရောက်ရှိနေကြသော ရန်ကုန် တက္ကသိုလ်ဘပ်ဦး ကျောင်းသား ခေါင်းဆောင်များ ဖြစ်သော မောင်သက် (ခေါ်)မင်းနွယ်၊ မောင်စိုးဝင်း (ခေါ်) ရဲဘော်ထွန်းကျော် (လူထုဦးလှ-ဒေါ်အမာ၏သား)နှင့် မောင်အောင်ဝင်း (ခေါ်) စိုးနိုင် (ရှမ်းကျောင်းသား) တို့ (၃) ဦးအားလည်း ပါတီ၏ အထူး မြေအောက်လုပ်ငန်း တာဝန်များကို ထမ်းဆောင်စေရန်အတွက် ပထမပတ် ဗဟိုမာ့စ်က်လီနင်ဝါဒ ကျောင်းသို့ တက်ရောက်သင်ကြားလေ့လာရန် ရတ်တရက်ပင် ဆုံးဖြတ်၍ စီစဉ်လိုက်ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမှန်စင်စစ်အားဖြင့် ယင်းတက္ကသိုလ်တပ်ဦး ကျောင်းသားခေါင်းဆောင် (၃) ဦးမှာ ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ တက်ရောက်ခွင့်မရှိချေ။ သို့ရာတွင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် သခင်ချစ်တို့၏ အစီအစဉ်အရသာ တက်ခွင့်ရခဲ့ကြခြင်းဖြစ်လေသည်။

ထို့နောက်တွင် ယင်းတက္ကသိုလ်တပ်ဦး ကျောင်းသားခေါင်းဆောင် (၃) ဦးသည် ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းတွင် "ဖ၄-လမ်းစဉ်၏ ကျောရိုးသူရဲကောင်းများ" အဖြစ်ဖြင့် ပေါ်လွင်ထင်ရှား၍ လာခဲ့ကြလေသည်။ ဤပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းတွင် "ကျောင်းကလပ်စည်း ကော်မတီ" ဆိုသည်ကို ပေါလစ်ဗြူရိုအဖွဲ့မှပင် ဖွဲ့စည်း၍ပေးလေသည်။

ကျောင်းကလပ်စည်း ကော်မတီတွင် အတွင်းရေးမှူးမှာ ရဲဘော်မျိုးတင့်ဖြစ်၏။ ကော်မတီအဖွဲ့ဝင်များမှာမူ၊ (၁) ဗိုလ်ဘုန်းကျော်၊ (၂) ရဲဘော်လှကြည်၊ (၃) ရဲဘော်ကျော်ညွန့် တို့ဖြစ်ကြလေသည်။

ထို့ပြင် ဤသင်တန်းသားများကိုလည်း ကျောင်းကလပ်စည်း ကော်မတီမှ ရှေ့ဆောင်ပြီး အဖွဲ့နှစ်ဖွဲ့ကိုခွဲ၍ "လေ့လာရေးအဖွဲ့ (၁) နှင့် လေ့လာရေးအဖွဲ့ (၂) "ဟူ၍ ဖွဲ့စည်းထား၏။ လေ့လာရေးအဖွဲ့ (၁) ၏ အဖွဲ့ခေါင်းဆောင်မှာ ဗိုလ်ဘုန်းကျော်ဖြစ်၏။ လေ့လာရေးအဖွဲ့ (၂) ၏ အဖွဲ့ခေါင်းဆောင်မှာမူ ရဲဘော်လှကြည်ဖြစ်လေသည်။

၁၉၆၅-ခုနှစ်၊ မတ်လ (၂၅) ရက်နေ့တွင် ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ ကျောင်းဖွင့်မိန့်ခွန်းကိုပြောကြား၍ ဖွင့်လှစ်လိုက်လေတော့သည်။

(၂) သခင်သန်းထွန်း၏ ကျောင်းဖွင့်မိန့်ခွန်း။

"ဒီနေ့ ဗမာပြည်ရဲ့သမိုင်းရေးဖြစ်ပေါ်တိုးတက်မှုကိုအဆုံးအဖြတ်ပေးနေတဲ့ အကြောင်းခြင်းရာဟာ ကျွန်တော်တို့ပါတီက ရှေ့ဆောင်နေတဲ့ ပြည်သူတွေရဲ့ တော်လှန်တဲ့စစ်ဖြစ်တယ်။

အဲဒီလိုအတွေ့အကြုံများပြီး ပြည်သူလူထုအတွင်းမှာ ဩဇာကိတ္တိမ ကြီးမားတာအမှန်ဖြစ်ပေမဲ့ ဒီကနေ့ ဗမာပြည်ရဲ့ သမိုင်းကို အဆုံးအဖြတ် ပေးတဲ့ အခဏ်းမှာ ရောက်နေတဲ့ ပါတီပင်ဖြစ်ပေမဲ့ ကိုယ့်ကိုယ်ကို မညှာတမ်းပြောရရင် အတွေးအခေါ်ပိုင်းမှာတော့ အားနည်းတာအမှန်ပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်တော်တို့အနေနဲ့ အတွေးအခေါ်ပိုင်းမှာ အားထုတ်တာ အတော်ပဲ နည်းတယ်။ အတွေ့အကြုံပေါ်မှာအားသန်တယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရခဲ့တဲ့ အတွေ့အကြုံတွေကို သဘောတရား ဖြစ်လာအောင်အထိ ကျွန်တော်တို့ရဲ့ အသိပညာကိုမတိုးမြှင့်နိုင်ခဲ့ဘူး။

ဒါကို ကျွန်တော်တို့ ပေါ့ပေါ့တန်တန်စဉ်းစားလို့ မဖြစ်ပါဘူး။ ဒါဟာ မနေ့ရှင်အတွေးအခေါ် လွှမ်းမိုးမှုတမျိုးပဲလို့ အလေးအနက်မြင်ဘို့ လိုပါတယ်။ ပစ္စည်းမဲ့လူတန်းစားပါတီနဲ့ မအပ်စပ်ပါဘူး။

ဒီလိုဖြစ်တဲ့အတွက်ကြောင့်လဲ ကျွန်တော်တို့ဟာ တရားသေဝါဒရဲ့ သားကောင်ဖြစ်လိုက်၊ ပြန်လည်ပြင်ဆင်ရေးဝါဒရဲ့ အလှည့်စားခံရလိုက် ဖြစ်တာတွေရှိပါတယ်။ တရားသေဝါဒရဲ့ သားကောင်ဖြစ်တဲ့ အတွေ့အကြုံ၊ ပြန်လည်ပြင်ဆင်ရေးဝါဒရဲ့ အလှည့်စားခံရတဲ့ အတွေ့အကြုံတွေ ကျွန်တော်တို့ပါတီသမိုင်းမှာ မနည်းပါဘူး။

ဒီအတွေးအခေါ်အခြေအနေကို ပြောင်းပြန်လှန်ပစ်ဘို့ ကျွန်တော်တို့ မနားမနေ အားထုတ်ရပါ့မယ်။”

(ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်း၏ ကျောင်းဖွင့်မိန့်ခွန်း
ဗဟိုဌာနချုပ်မှ ထုတ်ဝေသောမှုရင်း၊ စာမျက်နှာ ၈ မှ)

“....ရရှိတဲ့ အတွေ့အကြုံတွေက၊ အဆီအနှစ်တွေထုတ်၊ သဘောတရားဖြစ်အောင်ပြုစု၊ အဲဒီသဘောတရားကိုပဲ၊ လမ်းညွှန်အဖြစ်အသုံးပြု၊ လက်တွေ့ထပ်လုပ်၊ အဲဒီလက်တွေ့ကတခါ ပိုပြီးထက်မြက်တဲ့ သဘောတရားအဖြစ် မြှင့်တင်၊ အဲဒီလိုနဲ့ ကျွန်တော်တို့ရဲ့ အသိပညာဟာ တဆင့်ပြီးတဆင့် တိုးတက်လာရမှာဖြစ်တယ်။

ကျွန်တော်တို့ဟာ အတွေ့အကြုံ ဝါဒသမားတွေ အဖြစ်နဲ့ ကျဉ်းမြောင်းတဲ့ လက်တွေ့ ဘဝထဲမှာ နစ်မြုပ်မနေပဲ၊ အတွေ့အကြုံကနေ သဘောတရားတွေ ဖော်စပ်နိုင်သူတွေဖြစ်လာအောင် နိုင်ငံရေးပညာပေးဘို့လိုတာပဲ။”

(အထက်ပါသခင်သန်းထွန်း၏ ကျောင်းဖွင့်မိန့်ခွန်း၊ စာမျက်နှာ ၁၁-မှ)

ထို့နောက် ဥက္ကဋ္ဌ သခင်သန်းထွန်းသည်၊ ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း၏ ရည်ရွယ်ချက်ကိုလည်းဤသို့ဖော်ပြသွားလေသည်။

“ထိုးထွင်းတီထွင်မှု” ဆိုတဲ့ စကားလုံးကို အသုံးချပြီး၊ မာ့က်စ်ဝါဒကို ပြင်ဆင်တာကို ဆန့်ကျင်ရမယ်။ တချိန်တည်းမှာ မာ့က်စ်ဝါဒ လီနင်ဝါဒကို အခြေခံတဲ့ ထိုးထွင်းတီထွင်မှုကို အားပေးရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့် ကျွန်တော်တို့ကျောင်းရဲ့ ရည်ရွယ်ချက်က....

မာက်စ်ဝါဒ၊ လီနင်ဝါဒ အခြေခံမူတွေကို ပိုင်နိုင်အောင်လေ့လာရေး။ ဗမာပြည် တော်လှန်ရေးပြဿနာတွေကို အကောင်အထည်ရှိရှိ လေ့လာရေးဖြစ်တယ်။

(အထက်ပါ သခင်သန်းထွန်း၏ ကျောင်းဖွင့်မိန့်ခွန်း စာမျက်နှာ ၂၂-မှ)

ဆက်လက်၍ သခင်သန်းထွန်းသည် မာ့က်စ်ဝါဒ လီနင်ဝါဒ လေ့လာရေးနှင့်ပတ်သက်၍ လေ့လာနည်း (၂) မျိုးကိုလည်း ဖော်ထုတ်၍ သွားလေသည်။

(က) ပထမမှားယွင်းတဲ့လေ့လာနည်းကတော့၊ သိန်းဖေ လေ့လာနည်းပဲ၊ သိန်းဖေအနေနဲ့ ဒီကနေ့မာ့က်စ်ဝါဒကို သစ္စာဖောက်တဲ့လူဖြစ်ပေမဲ့ တချိန်တုံးက ပါတီမှာ ကြီးစိုးခဲ့ဘူးတဲ့လူဖြစ်တော့ သူ့လေ့လာနည်းကိုပြောရမှာပဲ။

သူ့လေ့လာနည်းကတော့ အခြေခံကျမ်းရင်းတွေ လေ့လာစရာမလိုဘူးဆိုတာပဲ။

ပေါပင် အရေးကိစ္စတွေ အကြောင်း ရေးသားတာတွေလောက် လေ့လာရင်ပြီးတယ်ဆိုတာပဲ။ နေ့ရှင်သတင်းစာတွေမှာ ကွန်မြူနစ်အကြောင်းရေးတဲ့ဆောင်းပါးတွေဟာ သူ့ရဲ့ဗိဋ္ဋကတ်သုံးပုံပဲ။ အင်္ဂလိပ်စနီးတို့လိုသတင်းထောက်တွေဟာ သူ့ရဲ့ဘုရားပဲ။

ပါတီမှာ သိန်းဖေ မရှိတော့ပေမဲ့ သိန်းဖေရဲ့ လေ့လာဟန်ကျန်နေသေးတယ်။ ဒါကြောင့် သိန်းဖေရဲ့လေ့လာနည်းကိုပါတီမှာ ရှင်းပစ်ရမယ်။

(ခ) ဒုတိယမှားယွင်းတဲ့လေ့လာနည်းကတော့ သခင်စိုးလေ့လာနည်းပဲ။

သခင်စိုးကတော့ စာအုပ်ထဲလေ့လာပြီး လူ့ဘဝကိုမလေ့လာဘူး။ မာ့က်စ်လီနင်တို့က ဒီလိုဆိုတယ်။ ဒါကြောင့် ဒီလိုဖြစ်ရမယ်ဆိုပြီး နိဂုံးချုပ်တာပွဲ။ ဗမာပြည်ရဲ့ အခြေအနေလူတန်းစားအသီးသီးရဲ့ လှုပ်ရှားမှုဘာမျှမပါဘူး။

(အထက်ပါသခင်သန်းထွန်း၏ကျောင်းဖွင့်မိန့်ခွန်း စာမျက်နှာ ၃၀-၃၁-မှ)

ထို့ပြင် သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်သည့် "ဗမာပြည်တော်လှန်ရေး အောင်မြင်ရေး၏ အာမခံချက်" ဆိုသည်ကိုလည်း ဤသို့ပင်ဖော်ထုတ်၍သွားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဂျပန်ဆန့်ကျင်တဲ့ ခုခံစစ်အတွင်းက ရဲဘော်မော်စီတုန်းက ဒီလို ပြောဘူးတယ်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒအသေအချာ နားလည်တဲ့လူ (၁၀၀) က (၂၀၀)အထိသာ ရအောင်လုပ် အောင်ပွဲရနိုင်တယ် လို့ပြောတယ်။

ကျွန်တော်တို့တိုင်းပြည်က တရုပ်ပြည်ထက် အများကြီးငယ်တာ ပဲ။ တရုပ်ပြည်ဟာ သန်း ၆၅၀)တောင်ရှိတယ်။ ကျွန်တော်တို့က သန်းအစိတ်တောင်မပြည့်ဘူး။

ဒီလို ခြားနားပေမဲ့ ကျွန်တော်က ရဲဘော်မော်စီတုန်း ပြောတဲ့ ဂဏန်းအချိုးအစားအထိမလျှော့ချင်ဘူး။ နဲနဲတောင်ပိုချင်တယ်။

ကျွန်တော်တို့ဆီမှာ မာ့က်စ်ဝါဒ လီနင်ဝါဒပိုင်တဲ့လူ ငါးဆယ် သာရအောင် ကြိုးစားတော်လှန်ရေးအောင်နိုင်တယ်။"

(အထက်ပါ သခင်သန်းထွန်း၏ ကျောင်းဖွင့် မိန့်ခွန်းမှူရင်းစာမျက်နှာ ၃-၄ မှ)

ဗမာပြည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် ပထမပတ် ဗဟို မာ့က်စ် လီနင်ဝါဒကျောင်းဖွင့် မိန့်ခွန်းကို နံနက် (၈) နာရီ မှ နေ့လည် ၁၂း၃၀ - နာရီအထိ ပြောဆို၍ ဤပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းကို စတင်၍ ဖွင့်လှစ်လိုက်လေသည်။

သခင်သန်းထွန်း၏ ယင်းကျောင်းဖွင့် မိန့်ခွန်းကို ဗဟိုမာ့က်စ်၊ လီနင်ဝါဒ ကျောင်း၏ လေ့လာရေး လမ်းညွှန်အဖြစ်ဖြင့် (၃) ရက်တိုင် အသေးစိတ် လေ့ လာဆွေးနွေးကြရသည်။

(၃) အဘိဓမ္မာဘာသာရပ်။

အဘိဓမ္မာ ဘာသာရပ်ကိုစတင်၍ သင်ကြားပို့ချ၏။ အဘိဓမ္မာ ဘာသာ ရပ်ကို သင်ကြားပို့ချသူမှာ ရဲဘော် မျိုးတင့်ဖြစ်၏။ ရဲဘော် မျိုးတင့်သည် တရုပ်ပြည်၌ "အရှေ့တိုင်း နိုင်ငံရေးတက္ကသိုလ်"တွင် အဘိဓမ္မာဘာသာရပ်ကို အထူးလေ့လာခဲ့သူဖြစ်လေသည်။

ဤမာ့က်စ် လီနင်ဝါဒ၊ အဘိဓမ္မာ ဘာသာရပ်တွင် ဟောပြောချက် များ မှာ ၁၂ - ခု ရှိသည်။ ယင်းဟောပြောချက်၏ ခေါင်းစဉ်များမှာ—

(၁) နိဒါန်းဟောပြောချက်။

(၂) ကမ္ဘာကြီး၏ ရုပ်လက္ခဏာ ဆောင်မှု၊ ရုပ်ဝတ္ထု တည်ရှိနေမှု သဏ္ဌာန်နှင့် ၎င်း၏တရားဆောင်မှုများ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ရုပ်ဝတ္ထုနှင့် အသိ၏ ဆက်ဆံမှုပြဿနာ။

(၄) အမှန်တရား (သစ္စာတရား) နှင့်ပတ်သက်၍ မာ့က်စ် လီနင်ဝါဒ အဘိဓမ္မာ၏ ခံယူချက်။

(၅) အနုပဋိလောမ၏ အခြေခံတရားများ။

(၆) ရုပ်ဝါဒ အနုပဋိလောမ၏ အယူအဆ (ပညတ်) များ။

(၇) သမိုင်းရုပ်ဝါဒအပိုင်း။

(၈) လူမှုရေးအခြေခံ အုတ်မြစ်နှင့် အပေါ်ယံ အဆောက်အအုံ။

(၉) လူတန်းစားနှင့် လူတန်းစားတိုက်ပွဲ။

(၁၀) အမျိုးသားနှင့် အမျိုးသားလွတ်မြောက်ရေး စစ်ပွဲ။

(၁၁) သမိုင်းတွင် လူထုပါတီနှင့် ခေါင်းဆောင် ပုဂ္ဂိုလ်တို့ အကြားရှိ ဆက်ဆံမှုပြဿနာ။

(၁၂) ကြံ့ခိုင်ပြတ်သားသည့် ပစ္စည်းမဲ့ လူတန်းစား ရပ်တည်မှုရှိရန် သိပ္ပံနည်းကျ အနုပဋိလောမရုပ်ဝါဒအမြင်နှင့် လုပ်နည်း လုပ်ဟန်များရှိရန် မိမိတို့ကိုယ်ကို မိမိအမြဲမပြတ် မွေးမြူသွားကြရမည်။

ဤသည်တို့မှာ မာ့က်စ် လီနင်ဝါဒ အဘိဓမ္မာဘာသာရပ်၏ ဟောပြောချက်ခေါင်းစဉ်များပင် ဖြစ်လေသည်။

မာ့က်စ်ဝါဒ လီနင်ဝါဒ၊ အဘိဓမ္မာဘာသာရပ်ဟောပြောချက် အမှတ်(၆) သည် "အခြေခံနှင့် အပေါ်ယံအဆောက်အအုံ" ဖြစ်၏။ ဤဟောပြောချက်တွင် ဘာသာရေးယုံကြည်မှုနှင့်ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီမှထားရှိရမည့်သဘောထားကိုလည်း ဤသို့ပင် အတိအလင်း ဖော်ပြထားလေသည်။

"ဘာသာရေးသည် မာ့က်စ် အဘိဓမ္မာ၏ ရန်သူဖြစ်၏။ ဘာသာရေးနှင့် မာ့က်စ်အဘိဓမ္မာသည် မည်သည့်နည်းနှင့်မျှ ပေါင်းစပ်မရပေ။ ဘာသာရေးသည်သွေးစုတ်သောလူတန်းစား၏ လက်နက်ဖြစ်၏။ ပြည်သူ့တော်လှန်ရေးကို ဖျက်ဆီးသည့် ဘိန်းငွေ့ဖြစ်၏။ ထို့ကြောင့် ကွန်ုပ်တို့သည် ဘာသာရေးကို ဆန့်ကျင်ရပေမည်။"

(အထက်ပါဟောပြောချက် အမှတ်-၆ စာမျက်နှာ-၁၀ မှ)။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤမာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ အဘိဓမ္မာဘာသာရပ်ကိုသင်ကြားပို့ချသည်မှာ နှစ်လကျော်ကြာ၏။ အဘိဓမ္မာဘာသာရပ်ကို သင်ကြားပို့ချပြီးနောက်တွင် သင်တန်းသားများသည် အဘိဓမ္မာဘာသာရပ် ရရှိချက်ဆိုသည်ကို ရေးကြရ၏။ တနည်းအားဖြင့် ရရှိချက်ဆိုသည်မှာ အဘိဓမ္မာဆိုင်ရာ စစ်ဟမ်းတစောင်ကိုပြုစု၍ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြရခြင်းဖြစ်လေသည်။

(၄) ဘောဂဗေဒဘာသာရပ်။

၁၉၆၅-ခုနှစ်၊ မေလဆန်းတွင်....မာ့က်စ်လီနင်ဝါဒ ဘောဂဗေဒ ဘာသာရပ်ကို ဆက်လက်၍ လေ့လာသင်ကြားရ၏။ ဘောဂဗေဒ ဘာသာရပ်တွင် ဟောပြောချက် (၁၂) ခုရှိ၏။ ဘောဂဗေဒဘာသာရပ်၏ သင်တန်းဆရာမှာ ရဲဘော်ရှိန်ဖြစ်၏။ ရဲဘော်ရှိန်မှာ.... တရုပ်ပြည်တွင် "အရှေ့တိုင်းနိုင်ငံရေးတက္ကသိုလ်"၌၊ မာ့က်စ်လီနင်ဝါဒ ဘောဂဗေဒ ဘာသာရပ်ကို အထူးပြု၍ လေ့လာခဲ့ရသူဖြစ်လေသည်။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ဘောဂဗေဒ ဘာသာရပ်၏ ဟောပြောချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) နိုင်ငံရေးဘောဂဗေဒနိဒါန်း။
(၂) အရင်းရှင် စနစ်မတိုင်မီ ထုတ်လုပ်နည်းများ။
(၃) ကုန်စည်ထုတ်လုပ်ရေးနှင့် အရင်းရှင်ထုတ်လုပ်ရေး၏ မူလအစ။
(၄) ဖလှယ်ရေးနှင့် တန်ဘိုးသဏ္ဌာန်များဖြစ်ပေါ်တိုးတက်ပုံ။
(၅) အရင်းရှင် သွေးစုတ်မှု၏အနှစ်သာရ။
(၆) အရင်းရှင် လုပ်ခစနစ်နှင့် အလုပ်သမားလူတန်းစား မွဲပြာကျခြင်း။
(၇) သွေးစုတ်သော လူတန်းစားများအကြား အစွန်းထွက် တန်ဘိုး ခွဲဝေခြင်းနှင့် အမျိုးသားဝင်ငွေ။
(၈) မြေယာလုပ်ငန်းအတွင်းရှိ အရင်းရှင်စနစ်။
(၉) ပြန်လည်ထုတ်လုပ်ရေးနှင့် အရင်းရှင်စနစ်၏ ကြပ်တည်းမှု။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁၀) နယ်ချဲ့အရင်းရှင်စနစ် အမြင့်ဆုံးအဆင့်၊ ပစ္စည်းမဲ့လူတန်းစား၏ ဆိုရှယ်လစ်တော်လှန်ရေးအကြိုကာလ။

(၁၁) နယ်ချဲ့ကိုလိုနီစနစ်ဟောင်း ပြိုကွဲခြင်းနှင့် ကိုလိုနီစနစ်သစ်။

(၁၂) သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒနှင့်အတုအယောင်ဆိုရှယ်လစ်ဝါဒ။

ဤသည်တို့မှာ မာ့က်စ်လီနင်ဝါဒ ဘောဂဗေဒ ဘာသာရပ်၏ ဟောပြောချက်များပင်ဖြစ်လေသည်။

ဤမာ့က်စ်ဝါဒ၊ လီနင်ဝါဒ ဘောဂဗေဒ ဘာသာရပ်တွင် အဓိကထား၍ အထူးပြုပြီး သင်ကြားပို့ချခဲ့သည်များမှာ မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ အစိုးရ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစရှိသည့်ဘက်ပေါင်းစုံအား ဒေါင့်အသီးသီးမှ ဆန်းကျင် တိုက်ခိုက်ထားခြင်းဖြစ်လေသည်။

ဤသို့ဆန့်ကျင် တိုက်ခိုက်ရာတွင်လည်း မာ့က်စ်က မည်သို့သင်ကြားသည်။ လီနင်က မည်သို့သင်ကြားသည်။ ယနေ့ခေတ် မာ့က်စ်ဝါဒ လီနင်ဝါဒ၏ အထွဋ်အထိပ်ဖြစ်သော မဟာမော်စီတုန်း အတွေးအခေါ်အရ မည်သို့ကောက်ချက်ချရမည်စသည်ဖြင့်သာ သင်ကြားပို့ချခြင်းဖြစ်လေသည်။

အချို့သော ဟောပြောချက်များကို ဟောပြောပို့ချပြီးသည့် အခါတွင် သင်တန်းသား အားလုံးသည် တဦးစီ၏ အမြင်နှင့် ထင်မြင်ချက်များကို ဆန်းစစ်၍ တင်ပြကြရ၏။ ထိုအခါတွင် သခင်သန်းထွန်း၊ ရဲဘော်ဌေး၊ သခင်ချစ်၊ ရဲဘော်အောင်ကြီး၊ သခင်ပုစသော ဗဟိုခေါင်းဆောင်များပါ တက်ရောက်၍ လေ့လာကြ၏။ မှတ်သားကြ၏။ ယင်းသို့တက်ရောက် လေ့လာကြခြင်းမှာ သင်တန်းသားများ၏ ပစ္စည်းမဲ့ လူတန်းစား ရပ်တည်မှုကို အကဲဖြတ်ရန် အတွက်ပင်ဖြစ်လေသည်။

ယင်းသို့ဖြင့် မာ့က်စ်ဝါဒ လီနင်ဝါဒဘောဂဗေဒဘာသာရပ် ဟောပြောချက်များကို တလခွဲခန့် သင်ကြားပို့ချပြီးနောက် ယင်းကို အဆုံးသတ်လိုက်လေသည်။ ထိုနောက်တွင် မာ့က်စ်ဝါဒ-လီနင်ဝါဒဘောဂဗေဒ ဟောပြောချက် အားလုံးကို စုစည်း၍ မာ့က်စ်ဝါဒ၊ လီနင်ဝါဒဘောဂဗေဒ စစ်တမ်းတစောင်ကိုလည်း သင်တန်းသား အသီးသီးမှ ရေးသားကြရလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၅) ပါတီတည်ဆောက်ရေး ဘာသာရပ်။

ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ တတိယဘာသာရပ်ဖြစ်သော မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပါတီတည်ဆောက်ရေး ဘာသာရပ်ကို ၁၉၆၅-ခုနှစ်၊ ဇူလိုင်လဆန်းတွင် ဆက်လက်၍ သင်ကြားပို့ချလေသည်။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပါတီတည်ဆောက်ရေး ဘာသာရပ်ကို သင်ကြားပို့ချသည့် သင်တန်းဆရာမှာ ရဲဘော်စိုးဝင်း(ခေါ်)ဌေးအောင်ဖြစ်၏။ရဲဘော်စိုးဝင်းသည်လည်း တရုပ်ပြည်တွင် ဖွင့်လှစ်သည့် "အရှေ့တိုင်း နိုင်ငံရေးတက္ကသိုလ်"တွင်ပင် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပါတီတည်ဆောက်ရေးဆိုင်ရာ သဘောတရားများကို အထူးလေ့လာ သင်ကြားခဲ့ရသူဖြစ်လေသည်။

မာ့က်စ်ဝါဒ လီနင်ဝါဒ ပါတီတည်ဆောက်ရေး ဘာသာရပ် ဟောပြောချက်များမှာ (၉) ခုရှိ၏။ ယင်းဟောပြောချက်မှာ အောက်ပါ အတိုင်းဖြစ်လေသည်။

(၁) မာ့က်စ် လီနင်ဝါဒပါတီ၏ ကြွန်အင်လက္ခဏာများ။

(၂) ဗမာပြည် ကွန်မြူနစ်ပါတီသည် ဗမာပြည်တွင် တခုတည်းသော စစ်မှန်သည့် မာ့က်စ် လီနင်ဝါဒ ပါတီ(ဝါ) တခုတည်းသော အလုပ်သမား လူတန်းစား တပ်ဦး ပါတီဖြစ်သည်။

(၃) ပါတီတည်ဆောက်ရေးတွင် ပစ္စည်းမဲ့ လူတန်းစား အတွေးအခေါ် တည်ဆောက်ရေးသည် ထိပ်တန်းကျသော လုပ်ငန်းဖြစ်သည်။

(၄) ပါတီတွင်း ဒီမိုကရေစီအရ ဗဟိုချုပ်ကိုင်မှုစနစ်။

(၅) ပါတီဝင်တယောက်၏ ဝတ္တရားနှင့် အခွင့်အရေး။

(၆) ပါတီ၏ အခြေခံ အဖွဲ့အစည်း။

(၇) ပါတီ၏ ကေဒါ ပြဿနာ။

(၈) ပါတီ၏ လူထုလမ်းစဉ်။

(၉) ပါတီတွင်းတိုက်ပွဲ ပါတီတွင်းဝေဘန်ရေးနှင့် မိမိကိုယ်ကို ဝေဘန်ရေး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်တို့မှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပါတီတည်ဆောက်ရေး ဘာသာရပ်မှ ဟောပြောချက်များပင်ဖြစ်လေသည်။

ဤပါတီ တည်ဆောက်ရေး ဘာသာရပ်တွင် ဟောပြောချက်အမှတ် (၂) ဖြစ်သည့် "ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်တွင် တခုတည်းသောစစ်မှန်သည့် မာ့က်စ် လီနင်ဝါဒပါတီ (ဝါ) တခုတည်းသော အလုပ်သမားလူတန်းစား၏ တပ်ဦးပါတီဖြစ်သည်" ဟူသော ဟောပြောချက်သည် ပါတီတည်ဆောက်ရေးဘာသာရပ်၏ ဟောပြောချက်များတွင် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ဟောပြောချက်ပင်ဖြစ်လေသည်။

ယင်းဟောပြောချက်ကိုမူ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌ သခင်သန်းထွန်းကိုယ်တိုင်ပင် အထူးအလေးထား၍ သင်ကြား ပို့ချခဲ့ခြင်း ဖြစ်လေသည်။

ဤဟောပြောချက်တွင် သခင်သန်းထွန်းသည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ အစဉ်အလာများကို ဤသို့ပင်ဖော်ထုတ်၍ ဟောပြောခဲ့လေသည်။

"ဗမာပြည်ကွန်မြူနစ်ပါတီသည်....

ကြီးမြတ်သော ဗမာပြည်သူများ၏ သစ္စာအရှိဆုံး၊ အထက်မြက်ဆုံး၊ သတ္တိအရှိဆုံး၊ အကြံခိုင်ဆုံး သားကောင်းရတနာများ၊ သမီးကောင်း ရတနာများ စုဝေးရာ အမျိုးသား အမွေအနှစ်များနှင့် တော်လှန်ရေး အစဉ်အလာများ ဆက်ခံရာ ကြီးမြတ်သောပါတီဖြစ်ပေသည်။

အချုပ်အားဖြင့် ငါတို့ပါတီသည် ပြည်တွင်းပြည်ပ သမိုင်းရေးအခြေအနေများနှင့် သမိုင်းရေး ဖြစ်ပေါ်တိုးတက်မှု၏ တောင်းဆိုချက်အရ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ငါတို့ပါတီက ခံယူကျင့်သုံးသော လမ်းညွှန်သဘောတရား၊ ပါတီ၏ နိုင်ငံရေးတိုက်ပွဲများနှင့် နိုင်ငံရေးဘဝ၊ ပါတီ၏ အတွေးအခေါ် ပညာပေးရေး အတွေးအခေါ်နှင့် နိုင်ငံရေးအရ ခေါင်းဆောင်မှု၊ ငါတို့ပါတီ၏ စည်းရုံးရေးမှုနှင့် လုပ်ဟန်များက ငါတို့ပါတီ၏လက္ခဏာကို ပြဋ္ဌာန်းသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်တွင် တခုတည်းသော စစ်မှန်သည့် မာ့က်စ်ဝါဒ၊ လီနင်ဝါဒပါတီဖြစ်သည်။"

ထို့နောက်တွင် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပါတီတည်ဆောက်ရေးဘာသာရပ်၏ အခြားသောဟောပြောချက်များကို ရဲဘော်စိုးဝင်းမှပင် ဆက်လက်၍ ဟောပြော ပို့ချလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမှန်စင်စစ်အားဖြင့် ရဲဘော်စိုးဝင်း၏ ပါတီ တည်ဆောက်ရေး ဆိုင်ရာ ဟောပြောပို့ချချက်များသည် တရုပ်ပြည်ကွန်မြူနစ်ပါတီမှ ရဲဘော်လျူရှောချီ ၏ ပါတီတည်ဆောက်ရေး အခြေခံမူများကိုသာ အခြေခံ၍ ထားခြင်း ဖြစ် လေသည်။ တနည်းအားဖြင့် ရဲဘော်လျူရှောချီ၏ "ကွန်မြူနစ်ကောင်း ဖြစ် မြောက်ရေး""ပါတီ ""ပါတီတွင်းတိုက်ပွဲ"နှင့် အခြားသောဆောင်းပါးများမှ ကောက်နှုတ်၍သင်ကြားခြင်း ဖြစ်လေသည်။

ထို့ကြောင့်ပင် ရဲဘော်စိုးဝင်းက "ရဲဘော်လျူရှောချီသည် ကမ္ဘာ့ ကွန်မြူ နစ် လှုပ်ရှားမှုအတွင်းမှ ကွန်မြူနစ်ပါတီ တည်ဆောက်ရေးဆိုင်ရာ ပီသုကာကြီး နှင့် ပါရဂူကြီးတဦးဖြစ်သည်"ဟု ဖော်ထုတ်၍သင်ကြားခဲ့သေသည်။

ယင်းသို့ဖြင့် မာ့က်စ်လီနင်ဝါဒ ပါတီတည်ဆောက်ရေး ဘာသာရပ်၏ ဟောပြောချက်များကို ပို့ချပြီးဆုံးသွားသောအခါတွင် ပါတီတည်ဆောက်ရေး ဘာသာရပ်နှင့် ပတ်သက်သည့် စစ်ဘမ်းကို ပြုစုရေးသားကြရလေသည်။

ယင်းစစ်တမ်း၏အမည်မှာ "တခုတည်းသော အလုပ်သမားပါတီ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်မှုနှင့် ဗမာပြည် တော်လှန်ရေးအောင်ပွဲ"ဟူ၍ ဖြစ်လေသည်။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပါတီတည်ဆောက်ရေး ဘာသာရပ်၏ စစ်တမ်း ကိုပြုစုရေးသားပြီးသောအခါတွင် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ နောက် ဆုံးဘာသာရပ်ဖြစ်သည့် စစ်ရေးဘာသာရပ် တနည်းအားဖြင့် တပ်မတော် တည်ဆောက်ရေးဘာသာရပ်ကို သင်ကြားပို့ချလေသည်။

(၆) စစ်ရေးဘာသာရပ်။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ စစ်ရေးဘာသာရပ်၏သင်တန်းဆရာမှာ ဗိုလ်ထွန်း ငြိမ်းဖြစ်၏။ ဗိုလ်ထွန်းငြိမ်းသည် တရုပ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အနောက်တောင်ပိုင်း စစ်ဒေသကြီး၏ ဗီချွမ်းပြည်နယ် ချုံကင်းမြို့တွင် ဖွင့်လှစ် သော စစ်တက္ကသိုလ်တွင် မာ့က်စ်လီနင်ဝါဒ၊ စစ်ရေးစစ်ရာများကို အထူးလေ့ လာသင်ကြားခဲ့ရသူဖြစ်၏။ မဟာမော်စီတုန်း၏စစ်ရေးသေနင်္ဗျူဟာပြဿနာ များနှင့် စစ်ရေးနည်းပရိယာယ် ပြဿနာများကိုလည်း အထူးကျွမ်းကျင်စွာ လေ့ကျင့်ခဲ့ရသူဖြစ်၏။ ထို့ပြင် ချင်ထူးမြို့ စစ်ဒေသတွင် ရှိသော ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်တပ်မကြီး(၉၁၃၁) တပ်မဟာ(၁)တွင် ဒု-တပ် မဟာမှူးကြီးတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤမာ့က်စ်လီနင်ဝါဒ စစ်ရေးဘာသာရပ်တွင် ဟောပြောချက် (၆) ခုရှိလေသည်။

(၁) နိဒါန်းဟောပြောချက်နှင့်ချေမှုန်းရေးစစ်။

(၂) တော်လှန်သောစစ်အတွေးအခေါ်များထွန်းကားရေး။

(၃) ပါတီက လုံးဝခေါင်းဆောင်ထားသည့် အမျိုးအစားသစ်ဖြစ်သော လက်နက်ကိုင်ပြည်သူ့တပ်မတော်တရပ် တည်ဆောက်ရေး။

(၄) တပ်မတော်အတွင်း နိုင်ငံရေးလုပ်ငန်း။

(၅) တပ်မတော်ရဲ့ လုပ်ငန်းတာဝန်သုံးရပ်။

(၆) တပ်မတော်ရဲ့ စည်းလုံးမှုစည်းကမ်းတည်ဆောက်ရေး။

စသည်တို့ဖြစ်လေသည်။

မာ့က်စ်လီနင်ဝါဒ စစ်ရေးဘာသာရပ်တွင် အဓိကမှီငြမ်းပြုရသည့် စစ်ရေးစစ်ရာကျမ်းများတွင် တရုပ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ လင်ပြောင်၊ ဟိုလုံ၊ လိုရွှေချင်၊ လူပိုချန်၊ ရှောင်ဝါ စသည်တို့၏ စစ်ရေးအတွေးအခေါ်များသာ ဖြစ်လေသည်။

မာ့က်စ်လီနင်ဝါဒ၊ စစ်ရေးဘာသာရပ်၏နိဒါန်း ဟောပြောချက်တွင် စစ်ရေးဘာသာရပ် လေ့လာရေးနှင့်ပတ်သက်သည့် လမ်းညွှန်ကိုလည်း ဗိုလ်ထွန်းငြိမ်းသည် ဤသို့တင်ပြထားလေသည်။

"ရဲဘော်တို့....ဒီကျောင်းမှာ မာ့က်စ်လီနင်ဝါဒ စစ်ရေးဘာသာ ရပ်ကို လေ့လာကြမှာဖြစ်တယ်။ လေ့လာရေးနယ် **"မာ့က်စ်လီနင်ဝါဒသဘောတရားများနှင့် ဥက္ကဋ္ဌမော်တို့၏အတွေးအခေါ်များ"**ကို လေ့လာပြီးနောက် မိမိတို့ရဲ့ သဘောတရား ရေချိန်နှင့်အတွေးအခေါ်ရေချိန်ကို မြှင့်တင်ရန်ဖြစ်တယ်။

ဒီကျောင်းမှာ မာ့က်စ်လီနင်ဝါဒရဲ့ အခြေခံသဘောတရားရေးရာများကို လေ့လာဘဲအခါ၊ မိမိ၏ပါတီရဲ့ ရောက်ရှိတဲ့ ပတ်ဝန်းကျင်အခြေအနေနှင့်ပါတီတွင်း ပါတီပ အခြေအနေရဲ့ တောင်းဆိုချက်အရ အထူးသဖြင့် ၁၉၆၄ - ခုနှစ်စက်တင်ဘာလ နိုင်ငံရေးလမ်းစဉ်ဆုံးဖြတ်ချက်ရဲ့ လမ်းညွှန်မှုအရ ဒီစစ်ရေးဘာသာရပ်ကို အထူးဂရုတစိုက်လေ့လာသင့်တယ်။ ကျိုးစားသင့်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဓိကလေ့လာရမဲ့ ပြဿနာရပ်များ။

အချုပ်အားဖြင့် အောက်ပါအတိုင်းဖြစ်တယ်။

(၁) ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုရဲ့ စစ်ရေး ဆုံးဖြတ်ချက်များကို လေ့လာရန် အထူးသဖြင့်"ဟောပြောချက်(၂)"ကို အာရုံစိုက် လေ့လာရန်။

(၂) ပါတီခေါင်းဆောင်တဲ့ တပ်မတော်တည်ဆောက်ရေး ဟောပြောချက်(၁)မှ ဟောပြောချက်(၆)အထိလေ့လာရန် အထူးသဖြင့် တပ်တွင်းပါတီရဲ့"အကြွင်းမဲ့နှင့် တိုက်ရိုက်ခေါင်းဆောင်မှုပြဿနာ ပါတီခေါင်းဆောင်တဲ့ အမျိုးအစားသစ်ဖြစ်တဲ့ တပ်မတော်ရဲ့ အနှစ်သာရလက္ခဏာနှင့် အင်္ဂါရပ်တို့ဆက်ဆံမှု၊ တပ်မတော်ရဲ့ တပ်တွင်းနိုင်ငံရေးလုပ်ငန်းစတဲ့ ဟောပြောချက် သုံးစောင်ကို အလေးထားချက်ရှိစွာ လေ့လာရန်။

(၃) စစ်ရေးစစ်ရာ။

—ပြောက်ကျားစစ် ဟောပြောချက်(၁)။

—ချေမှုန်းရေးစစ် ဟောပြောချက်(၂)စသည်တို့ဖြစ်တယ်။

—ထိုးစစ်၊ ခံစစ်နဲ့ ခံစစ်ရှင်ပြဿနာ ဟောပြောချက်(၃)။

—ကိုးကားရန် ရဲဘော်မော်ရဲ့ ရေးသားချက်များ။

—ရေရှည် လေ့လာသင့်တဲ့ပြဿနာရပ်များ၊ များပြားသော်လည်း လေ့လာရေး နယ်ပယ်မှာ လက်တွေ့လုပ်ငန်း ရဲ့ အရေးတကြီး ဖြေရှင်းရန်ပြဿနာများရဲ့ အချုပ်သဘောမှာ အောက်ပါ"**စကားနှစ်ခွန်း**" တည်းဖြင့် ဖြေကြားနိုင်တယ်။

—တပ်မတော် "**တည်ဆောက်ရေး**"

—ရှေ့တန်းစစ်မြေပြင်မှာ စစ်ရေးအရ "**တိုက်ပွဲဝင်ရေး**" စသည်ပင်ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"အဘယ်ကဲ့သို့သောစစ်ကို ဦးစီးရှေ့ဆောင်တဲ့ စစ်ဦးစီးသူ (ဗိုလ်ချုပ် ဝ ယောက်)ပင်ဖြစ်စေ၊ အသက်ပါလုပ်ငန်းများကိုဆောင်ရွက်နေခြင်းဖြစ်တယ်။"

ရိုးရိုး စကားအရပြောရသော် "မွေးမြူရေး" နှင့် "အသုံးပြုရေး"ပြဿနာ ပင်ဖြစ်၏။ **လက်တွေ့အရ တည်ဆောက်ရေးလုပ်ငန်း** သည် ပါတီရဲ့ရှေ့ဆောင် ပညာပေးမှုအောက်မှာ **တပ်မတော်တရပ်ကို** နိုင်ငံရေးအရ (အဓိက) အတွေး အခေါ်အရ၊ စည်းရုံးရေးအရ၊ (ဘက်သုံးဘက်)မှ **မွေးမြူပေးခြင်း** ပင်ဖြစ်၏။ ထိုအခြေခံပေါ်မှ ရှေ့တန်းစစ်မြေပြင်သို့ သွားရောက်ပြီး စစ်ရေးအရ **အသုံးပြု ခြင်း** ပင် ဖြစ်သည်။

(မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ စစ်ရေးဘာသာရပ် နိဒါန်းဟောပြောချက် စာမျက်နှာ ၁ မှ ၇ ထိ။)

ဤမာ့က်စ်ဝါဒ၊ လီနင်ဝါဒ စစ်ရေးဘာသာရပ်၏ ဟောပြောချက် အမှတ် (၂)သည် စစ်ရေးဘာသာရပ်တခုလုံးတွင် အရေးအကြီးဆုံးလည်းဖြစ်၏။အဓိ က အကျဆုံးလည်းဖြစ်၏။ အခြေခံအကျအဆုံးလည်းဖြစ်လေသည်။

"တော်လှန်သော စစ်အတွေးအခေါ်များ ထွန်းကားရေး" ခေါင်းစဉ်တပ် ထားသော ယင်းဟောပြောချက်ကို ဗဟိုစစ်ကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်း ကိုယ်တိုင် တက်ရောက်၍ အထူးလေးနက်စွာပင် သင်ကြားပို့ချလေသည်။

သခင်သန်းထွန်း၏ ဟောပြောချက်မှာ၊ ဤသို့တည်း။....

"ဒီသင်တန်းမှာတော့ ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ ပြည်သူ့တပ်မ တော် တည်ဆောက်ရေးကိုပဲ စူးစူးစိုက်စိုက် လေ့လာသွားမှာ ဖြစ်တယ်။

ဒီမှာ အပိုင်း ၃ ပိုင်းရှိမယ်။

(က) တော်လှန်တဲ့စစ်အတွေးအခေါ်တွေ ထွန်းကားရေး။ ဒါဟာ ပါတီခေါင်းဆောင်တဲ့ တပ်မတော် တည်ဆောက်ရေးအတွက် အယူဝါဒရေး အုတ်မြစ် ဖြစ်တယ်။

(ခ) ပြည်သူ့ တပ်မတော်မှာ ပါတီ ခေါင်းဆောင်မှု အကြွင်းမဲ့ ရရှိရေးကို ဘယ်လို တည်ဆောက်မလဲ။

(ဂ) ရန်သူ ချေမှုန်းရေး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီဟောပြောချက်ကတော့ ပထမပိုင်းဖြစ်တဲ့ တော်လှန်တဲ့စစ် အတွေး အခေါ် ထွန်းကားရေးကိုပဲ ပြောသွားမှာဖြစ်တယ်။

ပါတီတွင်း၊ တော်လှန်တဲ့စစ်ကို ဆန့်ကျင်တဲ့ အတွေးအခေါ်တွေ၊ တော်လှန်တဲ့စစ်ကို ဖျက်သိမ်းပစ်ချင်တဲ့ အတွေးအခေါ်တွေ၊ တိုက်ဖျက်ပစ်ရေးဟာ ဒီကနေ့ အရေး အကြီးဆုံး အလုပ်။

၁။ ဗမာပြည်တော်လှန်ရေး စစ်ကို စီ စစ်ကြည့်တဲ့အခါမှာ ထူးထူး ခြားခြား ပေါ်လွင်တာ တခုကို ပြောချင်တယ်။

စစ်ရေးအရ အင်မတန် အင်အား ကြီးမားတဲ့ ရန်သူကို (၁၇) နှစ်ကျော် ရှုတ်ရှုတ်ချွန်ချွန်ခုခံ တိုက်ခိုက်ပြီး ကမ္ဘာ့ ဗိုလ်ပုံအလယ်မှာ မားမား ရပ်တည်နိုင်ကာ တဖြေးဖြေး အင်အား ကြီးမားနေတာ ဒီအတွက် ကျွန်တော်တို့ ကွန်မြူနစ် ပါတီဟာ ဂုဏ်ရောင် ပြောင်တဲ့ ကြီးမြတ်တဲ့ ပါတီ၊ ကျွန်တော်တို့ တပ်မတော်ဟာ ဂုဏ်ရောင် ပြောင်တဲ့ ကြီးမြတ်တဲ့ တပ်မတော်၊ ကျွန်တော်တို့ ပြည်သူတွေဟာ ဂုဏ်ရောင် ပြောင်တဲ့ ကြီးမြတ်တဲ့ ပြည်သူတွေ ဖြစ်တယ်။ ဒါက တော့ ထင်ရှားတယ်။

၂။ ဒါပေမဲ့ ၁၉၅၁-ခုနှစ်မှာ ငြိမ်းချမ်းရေး ညွှန့်ပေါင်းအစိုးရ လမ်းစဉ်ပေါ် လာတယ်။ "စစ်ရေးချို"ဆိုတာ ပေါ်လာတယ်။ ဒါတွေကြောင့် ကျွန်တော်တို့ လက်နက်ကိုင် အင်အားစုတွေ အကြီးအကျယ် ဆုတ်ယုတ်ခဲ့ရတယ်။

၅၅-ခုနှစ်နောက်ပိုင်း အင်မတန် တိုတောင်းတဲ့ ကာလကလေးမှာ တော်လှန် တက်ကြွတာတွေဖြစ်ပြီး နောက်ပိုင်းမှာ ငြိမ်းချမ်းရေး စိတ်ကူးယဉ်တာ တွေ၊ မနေရှင် နောက်မြီးဆွဲဖြစ်တာတွေ၊ ဗိုလ်ရဲထွန်ဋ္ဌေးစာအရ လက်နက်အပ်ရေး မိမိဘာသာ အတိုက်အခိုက် ရပ်စဲထားရေး ချုပ်လိုက်ရင် "စစ်မတိုက်ရေး" အတွေးအခေါ်တွေကြောင့် လက်နက်ကိုင် တော်လှန်ရေး အင်အားစုတွေ အကြီးအကျယ် ဆုတ်ယုတ်ခဲ့ရတယ်။

အမှန်စင်စစ်အားဖြင့် ၅၁-ခုနှစ် ငြိမ်းချမ်းရေး ညွှန့်ပေါင်း အစိုးရလမ်း စဉ် "စစ်ရေးချို"တို့နဲ့၊ ၅၅-ခုနှစ်နောက်ပိုင်း ငြိမ်းချမ်းရေး စိတ်ကူးယဉ်တာ လက်နက်အပ်ရေး စစ်မတိုက်ရေးတို့ကြောင့် ဆုံးရှုံးနစ်နာမှုဟာ ၅၀-၅၁ ခုနှစ် **နှစ်နှစ်အတွင်း စစ်နိုင်ရေးတိုး**က လက်ဝဲစွန်းစားရေး အမှားထက်ပိုပြီး ကြီးမား တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၃။ ၄၅-ခုနှစ်တုံးကဂျပန်ဆန့်ကျင်တဲ့ တော်လှန်ရေးအပြီးမှာ ဘာရောက်ဒါဝါဒ ပေါ်လာတာကိုဒီနေရာမှာ ထည့်မပြောသေးဘူး။ (၁၇)နှစ်လုံးလုံး တော်လှန်တဲ့ စစ်အပြင်းအထန်တိုက်နေရတဲ့ထဲက "စစ်မတိုက်ရေး"ဖြစ်တဲ့ တော်လှန်တဲ့စစ်ကို ဆန့်ကျင်တဲ့၊ တော်လှန်တဲ့စစ်ကို ဖျက်သိမ်းဘိုကြံရွယ်တဲ့ အတွေးအခေါ်ဟာ ဘာကြောင့် အဖန်တလဲလဲ ပါတီရဲ့ ခေါင်းဆောင်ပိုင်းမှာ ပေါ်ရသလဲ။အကယ်လို့ တော်လှန်တဲ့စစ်သာ လက်တွေ့တိုက်မနေရရင် အင်မတန်ကို ဆိုးဝါးတာတွေဖြစ်နိုင်တယ်ဆိုတာ သေချာတယ်။

အချောင်သမားဝါဒဟာ လူတဦးတယောက်ရဲ့ ချွတ်ချော်မှု၊ မတော်တဆဖြစ်မှု၊ တိမ်းပါးမှု၊ သစ္စာဖောက်မှုမဟုတ်ဘူး။ လူမှုရေးဇာစ်မြစ်က ပေါက်ဖွားလာတာဖြစ်တယ်လို့ လီနင်ပြောဘူးတယ်။

ဒါကြောင့် ကျွန်တော်တို့ ပါတီခေါင်းဆောင်ပိုင်းမှာ ဒီလိုတော်လှန်တဲ့စစ်ကို ဆန့်ကျင်တဲ့၊ တော်လှန်စစ်ကို ဖျက်သိမ်းချင်တဲ့ အတွေးအခေါ် ပေါ်ပေါက်ရတာရဲ့ လူမှုရေး အကြောင်းရင်းတွေကို ရှာဖွေရမယ်။

ရန်သူကနေပြီး ဒလစပ်စစ်တိုက်နေတာနဲ့ ငြိမ်းချမ်းရေး လှည့်စားမှုတွေ လုပ်နေတာ ဒါဟာ ကျွန်တော်တို့အတွင်းမှာ လက်ျာအချောင်သမားဝါဒ ဖြစ်စေတာရဲ့ ပြင်ပအကြောင်းဖြစ်တယ်။

နောက်အကြောင်းတခုကတော့ ကျွန်တော်တို့ပါတီနဲ့ တရုပ်ပြည်ပါတီနဲ့ မတူတဲ့ အခြေအနေတခုရှိတယ်။ တရုပ်ပြည် ကွန်မြူနစ်ပါတီအနေနဲ့ လီနင်စတာလင်တို့ရဲ့ တိုက်ရိုက်ခေါင်းဆောင်မှုရရှိခဲ့ပြီး စစ်မှန်တဲ့ မာ့က်စ်ဝါဒ လီနင်ဝါဒနဲ့ ကြီးပြင်းခဲ့ရတယ်။ ။ကျွန်တော်တို့ ပါတီအနေနဲ့တော့ အင်္ဂလန်ပါတီ အိန္ဒိယ ပါတီတို့ဆီကတဆင့် မာ့က်စ်ဝါဒကို သင်အံလာခဲ့ရတယ်။ ဒီလိုကျွန်တော်တို့ရတဲ့ မာ့က်စ်ဝါဒဟာ ဆိုရှယ်ဒီမိုကရေစီဝါဒတို့ အမျိုးသားပြုပြင်ရေးဝါဒတို့နဲ့ ရောစပ်ပီးလာခဲ့တာကို တွေ့ရမယ်။ မျိုးသိပ်မစစ်ဘူးလို့ ပြောရမယ်။

ဒီပြည်တွင်း စစ်ကာလမှာလဲ ကရူးရှော့ဖ်ဝါဒရဲ့ ဩဇာဟာ အတော်ပဲ ဝယက်ရိုက်ခတ်ခဲ့တယ်။ ဒါတွေကတော့ ပြင်ပအကြောင်းပဲ။

အဓိကအကြောင်းကတော့ အတွင်းအကြောင်းပဲ။ ။ပါတီခေါင်းဆောင်တွေအနေနဲ့ ဓနရှင်ပေါက်စလက္ခဏာတွေ အကုန်အစင် မစွန့်လွှတ်နိုင်သေးတာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပစ္စည်းမဲ့လူတန်းစားဘဝနဲ့ အတွေးအခေါ်ကို အပြည့်အဝမခံယူနိုင်သေးတာ ဖြစ်တယ်။

၄။ ပါတီခေါင်းဆောင်တွေရဲ့ အတွေးအခေါ်နဲ့ ဘဝပြုပြင်ရေးဟာ အရေးအကြီးဆုံး လုပ်ငန်းတာဝန်ဖြစ်တယ်ဆိုတာကို ဗမာပြည် တော်လှန်ရေးစစ်က ထူးထူးခြားခြား ဖော်ထုတ်လိုက်တယ်။

ဒါကြောင့် ပါတီတရပ်လုံး အထူးသဖြင့် ခေါင်းဆောင်ပိုင်းမှာ တော်လှန်တဲ့စစ်ကိုဆန့်ကျင်တဲ့ တော်လှန်တဲ့စစ်ကို ဖျက်သိမ်းပစ်ချင်တဲ့ အတွေးအခေါ်တွေကို အကြွင်းမဲ့တိုက်ဖျက်ပစ်ရေး တော်လှန်စစ် အတွေး အခေါ်ထွန်းကားရေးဟာ ဒီကနေ့ ကျွန်တော်တို့ အားလုံးရဲ့ အရေးအကြီးဆုံး အလုပ်ဖြစ်တယ်။ ဒါမှသာ ပစ္စည်းမဲ့ နိုင်ငံရေးလွှမ်းမိုးတဲ့တပ်မတော် ပါတီခေါင်းဆောင်မှုရှိတဲ့ တပ်မတော်ကို တည်ဆောက်နိုင်မယ်။

ဒါမှသာ တော်လှန်တဲ့စစ်ကို အနိုင်တိုက်နိုင်မယ်။

ဒါမှသာ ပစ္စည်းမဲ့လူတန်းစားနဲ့ လုပ်သားပြည်သူတွေက အာဏာ သိမ်းနိုင်မယ်။

တော်လှန်တဲ့စစ်အတွေးအခေါ်များ ထွန်းကားရေး။

၁။ တော်လှန်သောစစ်၏ ရည်ရွယ်ချက်။

—အာဏာသိမ်းရေး။

၅၁-ခုနှစ်ကျတော့ ငြိမ်းချမ်းရေးညွန့်ပေါင်း အစိုးရလမ်းစဉ်ချမှတ်ခဲ့တယ်။ ရန်သူလူတန်းစားနဲ့ ပူးပေါင်းပီး အာဏာယူဘို့ ကြံစီအားထုတ်ခဲ့တယ်။ ဒါဟာအာဏာသိမ်းရေးအမြင်ကို စွန့်လိုက်တာဖြစ်တယ်။

၅၅-ခုနှစ်ကျတော့ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ်ဆိုတာပေါ်လာတယ်။ ဥပဒေတွင်းဝင်ရေးဆိုတာတွေဖြစ်လာတယ်။ တဘက်ကတော့ အာဏာသိမ်းရေးကို မျှော်မှန်းနိုင်တဲ့ကာလအထိ ရွှေ့ပစ်လိုက်တာဘဲ။

"ပြည်တွင်းစစ်ရပ်စဲရေး" ဆိုတာရဲ့နောက်မှာ စကားနောက်တရားပါဆိုတာလို စစ်မတိုက်ရေးဖြစ်လာတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

“ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးသည် ဗမာပြည်ပြဿနာ အရပ်ရပ်ဖြေရှင်းရေး၏ အဓိကသော့ချက်ဖြစ်တယ် ဆိုတာတွေ ပေါ်လာတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမှတပါး ကိုးကွယ်ရာမရှိဆိုတာပါဘဲ။ အာဏာသိမ်းရေးဟာ လုံး ၀ ပျောက်သလောက် ဖြစ်သွားတယ်။ တကယ်ကတော့ အာဏာသိမ်းရေး သာလျှင် ဗမာပြည်ပြဿနာအရပ်ရပ် ဖြေရှင်းရေးရဲ့ သော့ချက်ဖြစ်တယ်။”

မနရှင်လူတန်းစားအတွင်း အကြပ်အတည်းတွေဖြစ်ပြီး တစုကတစု ဖြုတ်ချလုပ်နေကြတဲ့အချိန်မှာတောင် ကျွန်တော်တို့ပါတီဟာ ဒီအခြေအနေကို အာဏာသိမ်းရေးအတွက် ဘယ်လိုလုပ်မလဲ မစဉ်းစားခဲ့ဘူး။ ငြိမ်းချမ်းရေးပဲ ပြောခဲ့တယ်။

ကျွန်တော်တို့ရဲ့အတွေးအခေါ်က “တို့တော့အာဏာသိမ်းဘို့အားမရှိဘူး။ မနရှင်အစိုးရပဲတည်မြဲနေမှာပဲ။ ဒါကြောင့်လက်ရှိအစိုးရကို ကာကွယ်ဘို့လုပ်ကြ။ ဒါမှမဟုတ်အာဏာလုနေတဲ့ မနရှင်အစုတွေထဲက ကိုယ်နဲ့နီးစပ်မယ်ထင်တဲ့ အစုအာဏာရဘို့သာလုပ် ” ဆိုတာပဲဖြစ်တယ်။

ကျုပ်တို့တော့အာဏာသိမ်းနိုင်တဲ့အားမရှိဘူး။ တိုးတက်ဘဲ့မနရှင်အစုကိုပဲ ခွေးကတက်က နေရနေရ အလုပ်အကျွေးပြုသွားမယ်လို့” သခင်ချစ်မောင်က ပြောလေ့ရှိတယ်။

ခွေးကတက်ကနေပြီး မနရှင်လူတန်းစားကိုအလုပ်အကျွေးပြုရေးဆိုတဲ့ သခင်ချစ်မောင်ရဲ့ဝါဒဟာ ကျွန်တော်တို့ပါတီထဲမှာ မသေးငယ်တဲ့ အတိုင်းအတာအထိအားရှိခဲ့ဖြစ်တယ်။

ရန်သူအုပ်စိုးတဲ့ မနရှင်လူတန်းစားနဲ့ပူးပေါင်းပြီး အာဏာယူချင်တဲ့အတွေးအခေါ်တွေ မနရှင်လူတန်းစား အစုတခုခုက အာဏာယူစေပြီး ကိုယ်ကခွေးကတက်ကနေပြီး အလုပ်အကျွေးပြုချင်တဲ့ အတွေးအခေါ်တွေကို ပါတီတွင်းမှာ အကြွင်းမဲ့သုတ်သင်ရှင်းလင်းပစ်ဘို့လိုမယ်။

“အာဏာသိမ်းရေး ” အတွေးအခေါ် ပါတီတွင်းလွှမ်းမိုးလာမှသာ တော်လှန်တဲ့ စစ်အလံဟာတလူလူလွင့်နေမှာဖြစ်တယ်။

ဒါမှမဟုတ်ရင် တက်လာတဲ့အညွန့်အတက်တွေ ခဏခဏအချိုးခံရလို့ အပင်ဟာ ညှိုးနွမ်းသွားသလို တော်လှန်တဲ့စစ်ဟာ ဆုတ်ယုတ်ပျက်စီးသွားနိုင်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂။ စစ်အနိုင်တိုက်ရေး။

စစ်အနိုင်တိုက်ရေးဆိုတာနဲ့ အာဏာသိမ်းရေးဆိုတာ တကယ်ကတော့ အတူတူပါပဲ။

နိုင်ငံရေးအရပြောရင်အာဏာသိမ်းရေးပဲ၊စစ်ရေးအရပြောရင်တနည်းအားဖြင့် စစ်ကာလနိုင်ငံရေး အရပြောရင် စစ်နိုင်ရေး ပါပဲ။

၆၄-ခုနှစ် ဗဟိုကော်မတီဆုံးဖြတ်ချက်ရဲ့ အရေးကြီးတဲ့အပိုင်းတခုဟာ "ရပ်တည်ရေး" သက်သက်အမြင်ကို ဆန့်ကျင်တိုက်ခိုက်ပြီး စစ်အနိုင်တိုက်ရေး အမြင်ကို ဖော်ထုတ်လိုက်ခြင်းဖြစ်တယ်။

၄၇-ခုနှစ်ကစပြီး စစ်နိုင်ရေးအမြင်ဟာ ပါတီတရပ်လုံးလွှမ်းမိုးခဲ့တယ်။

၅၁-ခုနှစ်ကစပြီး နှစ်နှစ်အတွင်းစစ်နိုင်ရေးလမ်းစဉ်ကို သွေးလန့်ပြီး စစ်နိုင်ရေးအမြင်ဟာ ပပျောက်ခဲ့တယ်။

၅၅-ခုနှစ်နောက်ပိုင်းမှာ ပိုဆိုးတယ်။ "တော်လှန်ရေးရှုံးပြီ" ဆိုတဲ့အမြင်ဆိုးဟာ ပါတီထဲမှာ ကြီးကြီးမားမားဖြစ်ပေါ်ခဲ့တယ်။ "ငါတို့မရပ်တည်နိုင်တော့ဘူး" လို့ ပါတီတွင်းတချို့အစိတ်အပိုင်းတွေဟာ ဆောက်တည်ရာမရ ဖြစ်ခဲ့ကြတယ်။ လက်နက်ချမှုကြီးတွေဖြစ်ခဲ့တယ်။

"ငါတို့ရပ်တည်နိုင်တယ်" လို့ ကြွေးကြော်ပြီး ပါတီဗဟိုခေါင်းဆောင်အဖွဲ့အစည်းဟာ "ငါတို့မရပ်တည်နိုင်တော့ဘူး"ဆိုတဲ့ ဆောက်တည်ရာမရတဲ့ အမြင်ဆိုးကိုတိုက်ခိုက်ခဲ့တယ်။ "ငါတို့ရပ်နိုင်တယ်" ဆိုတဲ့ တောက်ပတဲ့အမြင်ကောင်းဟာ "ငါတို့မရပ်တည်နိုင်ဘူး" ဆိုတဲ့ အမြင်ဆိုးအပေါ် အနိုင်ရခဲ့တယ်။ ဒီအတိုင်းအတာအထိ "ငါတို့ရပ်တည်နိုင်တယ်" ဆိုတဲ့ အမြင်ဟာ တော်လှန်တဲ့သဘောရှိတယ်။ ဒါပေမဲ့ဒီအတိုင်းအတာအထိပဲ။

"ငါတို့ရပ်တည်နိုင်တယ်" ဆိုတဲ့အမြင်ဟာ "စစ်နိုင်ရေး"အမြင်မဟုတ်ဘူး။ "ရပ်တည်ရေး" သက်သက်အမြင်နဲ့ တော်လှန်တဲ့စစ်ကို အောင်ပွဲခံနိုင်အောင်တိုက်လို့မရဘူး။ ဒီဘက်ကကြည့်ရင် "ရပ်တည်ရေး" အမြင်ဟာ တော်လှန်စစ်အနိုင်တိုက်ရေးအတွက် အတားအဆီးဖြစ်တယ်။ တနည်းအားဖြင့်ပြောရင် "ရပ်တည်ရေး" အမြင်ဟာ "ဘယ်တော့မှစစ်မနိုင်ရေး" အမြင်ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရပ်တည်ရေး သက်သက်အမြင်ဟာ ခံစစ်သေအမြင်ဖြစ်တယ်။ ။တော်လှန်ရေးအင်အားစုတွေရဲ့ ထိုးစစ်စိတ်ဓာတ်ကို ပျက်စီးစေတယ်။ ရန်သူရဲ့ ထိုးနှက်ချက်တွေ ရှေ့မှောက်မှာ ငုတ်တုတ်ခံရေး ဖြစ်တယ်။ ရပ်တည်ရေး သက်သက်အမြင်ရှိနေရင် တော်လှန်ရေး အင်အားစုတွေဟာ ဘယ်နည်းနဲ့မှ မကြီးထွားနိုင်ဘူး။

ပစ္စည်းမဲ့လူတန်းစားပါတီရဲ့ တာဝန်ဟာ ရပ်တည်ရေးအမြင်နဲ့ ထိုင်စားမနေဘဲ အခြေအနေကို ပြောင်းလဲပစ်ရေး ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်အင်အားစုတွေဟာ တိုးပွားပြီးရင်း တိုးပွားရမယ်။

ကျွန်တော်တို့ဟာ ရပ်တည်ရေး သက်သက်အမြင်ကို ဆန့်ကျင်ရမယ်။ ရပ်တည်ရေး သက်သက်အမြင်ဟာ ကိုယ့်အင်အားကြီးထွားရေးကို အားမထုတ်ပဲ ရှိတာကလေးနဲ့ တင်းတိမ်ပြီး၊ လူထုအပေါ် မင်းမူနေတဲ့ ဒေသန္တရ စစ်ဘုရင်ဝါဒကို မွေးထုတ်တယ်။ ဒေသန္တရ စစ်ဘုရင်ဝါဒဟာ တော်လှန်ရေး လက်နက်ကိုင်တပ်တွေ ကြီးထွားရေး အတွက် ကြီးမားတဲ့ အတားအဆီး တခုဖြစ်တယ်။ ကျွန်တော်တို့ "ရပ်တည်ရေး" သက်သက် အမြင်က မွေးထုတ်လိုက်တဲ့ လေးငါးဆယ်ယောက်အစုကလေးနဲ့ ခွဲဖြန့်နေပြီး တော်လှန်တဲ့ စစ်အနိုင်တိုက်ရေးကိုအားမထုတ်တဲ့ ဒေသန္တရ စစ်ဘုရင်ဝါဒကိုပါ တိုက်သွားရမယ်။

ကျွန်တော်တို့ဟာ ရပ်တည်ရေးသက်သက်အမြင်၊ခံစစ်သေအမြင် ဒေသန္တရ စစ်ဘုရင်ဝါဒဆိုတဲ့ **စစ်မနိုင်ရေး** အမြင်ဆိုးတွေကို တိုက်ခိုက်ချေမှုန်းပြီး ပါတီ့တရပ်လုံးမှာ "**စစ်နိုင်ရေး**" အမြင်လွှမ်းမိုးအောင် မနားမနေ အားထုတ်သွားရမယ်။

ဒါကြောင့်—ကျွန်တော်တို့အဘို့။

— စစ်နိုင်ရေးဟာ .... ပထမ။

— စစ်နိုင်ရေးဟာ .... ဒုတိယ။

— စစ်နိုင်ရေးဟာ .... တတိယ .... ဖြစ်တယ်။

၃။ "လက်နက်ကိုင် တော်လှန်ရေး(သို့မဟုတ်)တော်လှန်သောစစ်သည် ပစ္စည်းမဲ့တော်လှန်ရေး၏ ယေဘုယျတရား"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အကြမ်းဖက် တော်လှန်ရေး၊ လက်နက်ကိုင် တော်လှန်ရေး၊ တော်လှန်တဲ့စစ် (ဒါတွေဟာအတူတူဘဲ) ဒါကို ကေန်မုချ လုပ်ရမယ်ဆိုတာဟာ မာ့က်စ်တို့ အိန်ဂဲလ်တို့ သင်ကြားချက် အားလုံးရဲ့ အရင်းခံပဲ။

အကြမ်းဖက် တော်လှန်ရေးဟာ လက်နက်ကိုင်တော်လှန်ရေးအပြင် လက်နက်မကိုင်တဲ့ အကြမ်းဖက်တော်လှန်ရေး ရှိနိုင်တယ်လို့ ခေတ်သစ် ပြန်လည်ပြင်ဆင်ရေးဝါဒသမားတွေကပြောတာရှိတယ်။ ပါတီထဲမှာလဲ ဒီလိုခံယူတာတွေ ဖြစ်ပေါ်ဘူးတယ်။

ဒါပေမဲ့၊ ၅၈-ခုနှစ်တုံးက မိုးကုတ်ဘက်မှာ ကျင်းပတဲ့ ပေါလစ်ဗျူရို အစည်းအဝေးက "လက်နက်ကိုင်တော်လှန်ရေး ဒါမှမဟုတ် တော်လှန်တဲ့စစ်ဟာ ယေဘုယျ တရားမဟုတ်တော့ဘူး"လို့ ဆုံးဖြတ်ခဲ့တယ်။ ဒီဆုံးဖြတ်ချက်ဟာ၊ **တကယ်ကတော့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒရဲ့ အခြေခံအကျဆုံးတရားကို စွန့်လွှတ်လိုက်တာဖြစ်တယ်။**

ဒီလိုဆုံးဖြတ်ချက်မျိုးကို ဘာကြောင့် ပါတီခေါင်းဆောင် အဖွဲ့အစည်းက ချမှတ်သလဲ၊ဆိုဗီယက်ပါတီ နှစ်ဆယ်ကြိမ်မြောက် ကွန်ဂရက်ရဲ့ ဩဇာကြောင့်လို့ တချို့ကပြောနိုင်တယ်။ကရူးရှော့ဖ်ဝါဒဟာ ဗမာပြည်ကွန်မြူနစ် လှုပ်ရှားမှုကို ဂယက်ရိုက်တာအမှန်ဘဲ။ ဒါပေမဲ့ လူတင်ပါလို့ နွားကျားကိုက်ဆိုတာလို တော်လှန်တဲ့စစ်အပေါ်မှာ ပါတီခေါင်းဆောင်တွေအနေနဲ့ ပင်ကိုယ်က မခိုင်မြဲတာဟာ အဓိကအကြောင်းဖြစ်တယ်။

လက်နက်ကိုင်တော်လှန်ရေး ဒါမှမဟုတ် တော်လှန်တဲ့စစ်ဟာ ယေဘုယျတရားဖြစ်တယ်လို့ (၆၂)ခုနှစ် ဗဟိုကော်မတီက ဆုံးဖြတ်ခဲ့တယ်။ **ဒါဟာ ကျွန်တော်တို့ပါတီရဲ့ ရင့်ကျက်လာမှုကို ပြရုံမက အနိုင်နိုင်ငံကွန်မြူနစ် လှုပ်ရှားမှုကို အလုပ်အကျွေးပြုလိုက်ခြင်းလဲဖြစ်တယ်။**

ဒါပေမဲ့ ဒါနဲ့ကျွန်တော်တို့ နှစ်သိမ့်လို့မဖြစ်ဘူး။ ပါတီရဲ့သမိုင်းကိုသုံးသပ်ကြည့်ရင် လက်နက်ကိုင်တော်လှန်ရေးနဲ့ ပတ်သက်တဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒအပေါ် မခိုင်မြဲသေးဘူးလို့တွေ့ရမယ်။

တရုပ်ပြည် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ရဲ့ သမိုင်းကိုကြည့်ရင် ဒီတရားအပေါ်မှာ အခိုင်အမာတည်ဆောက်ထားတယ်လို့တွေ့ရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗီယက်နမ် ပြည်သူ့တပ်မတော်ရဲ့ သမိုင်းကို လေ့လာကြည့်တဲ့အခါမှာ ဒီလိုပဲတွေ့ရတယ်။

"လက်နက်ကိုင်တော်လှန်ရေး ဒါမှမဟုတ် တော်လှန်စစ်ဟာ ယေဘုယျ တရား"ဆိုတာကို ဘယ်လိုမှ ဖြိုဖျက်လို့မရအောင် ခိုင်ခိုင်မာမာ ကျွန်တော်တို့ ပါတီမှာတည်ဆောက်ကြရမယ်။

ဒါမှသာ တော်လှန်တဲ့တပ်မတော်ကိုတည်ဆောက်နိုင်မယ်။

တော်လှန်စစ်ကို အနိုင်တိုက်နိုင်မယ်။ အာဏာသိမ်းနိုင်မယ်။

၄။ ဗမာပြည်မှာ ငြိမ်းချမ်းစွာ အာဏာသိမ်းရေးမဖြစ်နိုင်ဘူး။ လက်နက်ကိုင် တိုက်ပွဲနဲ့သာ အာဏာသိမ်းနိုင်တယ်။

လက်နက်ကိုင်တော်လှန်ရေး ဒါမှမဟုတ်၊ တော်လှန်တဲ့စစ်ဟာ ယေဘုယျ တရားဖြစ်တယ်ဆိုတာကို လက်ခံယုံကြည်ရုံနဲ့မလုံလောက်သေးဘူး။

ဗမာပြည်မှာ ငြိမ်းချမ်းစွာ အာဏာသိမ်းရေးမဖြစ်နိုင်ဘူး။ လက်နက်ကိုင် တိုက်ပွဲနဲ့သာ အာဏာသိမ်းနိုင်တယ်ဆိုတာကို ခိုင်ခိုင်မာမာ ယုံကြည်ဘို့ လို တယ်။

၄၈-ခုနှစ်တုံးကလက်နက်ကိုင် တိုက်ပွဲကို တရားအနေနဲ့ ယုံကြည်တယ်။ ဒါ ပေမဲ့လက်ရှိဆင်နွဲနေတဲ့ ဗမာပြည်လက်နက်ကိုင်တော်လှန်ရေးတော့ မယုံဘူးဆို တာမျိုးတွေလဲပေါ်ခဲ့ဘူးတယ်။

ဗမာပြည်မှာ လက်နက်ကိုင်တော်လှန်ရေးနဲ့သာ အာဏာသိမ်းနိုင်တယ်ဆို တာဟာ ၄၈-ခုနှစ်တော်လှန်ရေးရဲ့အခြေခံအုတ်မြစ်ဖြစ်တယ်။ ဒါကို ၅၅-ခုနှစ် ဗဟိုကော်မတီက အတည်ပြုခဲ့တယ်။

ဒါပေမဲ့ ပြည်တွင်းစစ်ရပ်စဲပြီးတဲ့နောက် လက်နက်ကိုင် အာဏာသိမ်းတဲ့ အလားအလာတခုတည်းသာမက ငြိမ်းချမ်းစွာ အာဏာသိမ်းနိုင်တဲ့ အလား အလာလည်းရှိနိုင်တယ်လို့ ၅၆-ခုနှစ် စက်တင်ဘာလ ပေါလစ်ဗျူရိုက ဆုံးဖြတ် ခဲ့တယ်။

ကျွန်တော်တို့ပါတီတွင်းမှာ ပေါ်ပေါက်တတ်တဲ့အချောင်သမားဝါဒဟာ အတော်ကလေး သိမ်မွေ့တယ်လို့ သတိပြုရပါမယ်။ အဲဒီဆုံးဖြတ်ချက်မှာဆိုရင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လက်နက်ကိုင် အာဏာသိမ်းရေးကို တိုက်ရိုက်ပယ်ထားသလားဆိုရင် မပယ်ထားဘူး။

ဒါပေမဲ့ (က) ပြည်တွင်းစစ်ရပ်စဲရေးဟာ ကေန်မုချဖြစ်တော့မလိုလို စိတ်ကူးယဉ်ထားတာ။

(ခ) ငြိမ်းချမ်းရေးရပြီးတဲ့နောက် အလားအလာ ၂-ခုရှိလိမ့်မယ်လို့ စိတ်ကူးယဉ်ထားတာကို တွေ့ရမယ်။

ဘယ်လိုပဲဖြစ်ဖြစ် လက်နက်ကိုင်တော်လှန်ရေးနဲ့ အာဏာသိမ်းရမယ်ဆိုတဲ့ ယုံကြည်ချက်ကို ပျက်စေတဲ့ဆုံးဖြတ်ချက်ဖြစ်တယ်။

ဒီဆုံးဖြတ်ချက်ကို ၆၂-ခုနှစ်ဗဟိုကော်မတီက ပယ်ဖျက်ခဲ့တယ်။ "ဗမာပြည်မှာ ငြိမ်းချမ်းစွာ အာဏာသိမ်းရေး မဖြစ်နိုင်ဘူး။ လက်နက်ကိုင်တိုက်ပွဲ၊ ဒါမှမဟုတ် တော်လှန်တဲ့ စစ်နဲ့သာ အာဏာသိမ်းနိုင်တယ်" ဆိုတာကို အခိုင်အမာ ထူထောင်ခဲ့တယ်။

ဒီကနေ့ကြည့်ရင် ပါတီဟာ လက်နက်ကိုင်တော်လှန်ရေးဆိုတဲ့ မှန်ကန်တဲ့ လမ်းစဉ်ပေါ်မှာ လျှောက်နေပြီလို့ ပြောနိုင်တယ်။ ဒါကိုခိုင်မာအောင် ကျွန်တော်တို့ဆက်လက်ကြိုးပမ်းရအုံးမယ်။

တော်လှန်တဲ့စစ်ဖွံ့ဖြိုးတိုးတက်ဘို့ဆိုရင် ရန်သူအုပ်စိုးတဲ့လူတန်းစားကို တော်လှန်ရေးဖျက်ဆီးတဲ့ အင်အားစုလို့ သဘောမထားတဲ့အတွေးအခေါ်ကို ကျူပင်ခုတ်ကျူငုတ်မကျန်အောင် တိုက်ဖျက်ပစ်ဘို့လိုတယ်။

၄၈-ခုနှစ်က ကနေ့အထိ ဗမာပြည်မှာ လက်နက်ကိုင်တိုက်ပွဲဟာ အဓိက တိုက်ပွဲ ပုံသဏ္ဍာန်ဖြစ်ပြီး လက်နက်ကိုင်စည်းရုံးရေးဟာ အဓိကစည်းရုံးရေး ပုံသဏ္ဍာန်ဖြစ်တယ်။

ဒီအမြင်ဟာ ၄၈-ခုနှစ် လက်နက်ကိုင်တော်လှန်ရေး စကတည်းက ပါတီရဲ့ အခြေခံအမြင်ဖြစ်တယ်။

ပါတီဟာ ၄၈-ခုနှစ်က ၅၅-ခုနှစ်အထိ လက်နက်ကိုင် တိုက်ပွဲကိုအဓိကတိုက်ပွဲ အဖြစ်နဲ့ဆင်နွှဲခဲ့တယ်။ တော်လှန်တဲ့တပ်မတော်တည်ဆောက်ရေးနဲ့ ပြည်သူ့စစ် ဖွဲ့စည်းရေးကို အဓိကစည်းရုံးရေးအဖြစ် လုပ်ခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်တော်တို့ပါတီမှာ တော်လှန်ရေး ဆန့်ကျင်တဲ့အတွေးအခေါ်တခုဟာ ကာလကြာရှည်စွာ အခိုင်အမာ လွှမ်းမိုးနိုင်တယ်ဆိုတာ လေးလေးနက်နက် စီစစ်ရမဲ့ကိစ္စဖြစ်တယ်။ ပါတီတွင်းမှာ မာ့က်စ်ဝါဒ လီနင်ဝါဒတကဲ့ကို အားနဲ့နေမှုကိုပြတယ်။ ပါတီတွင်းမှာကို တော်လှန်ရေး ဆန့်ကျင်တဲ့ လူမှုရေး အခြေခံတွေ တစုံတရာ ရှိနေတယ်ဆိုတာကိုပြတယ်။ ပါတီတွင်းက တော်လှန်တဲ့ အတွေး အခေါ်ရှိတဲ့ အင်အားစုတွေဟာ ဆထက်ထမ်းပိုး ပြင်းပြင်း ထန်ထန်တိုက်ဘို့ လိုအပ်နေပြီဆိုတာကိုပြတယ်။

လက်နက်ကိုင် တိုက်ပွဲနဲ့ လက်နက်ကိုင်တပ် စည်းရုံးရေးဟာ အဓိကဖြစ်တယ်လို့ ပါတီဗဟိုခေါင်းဆောင် အဖွဲ့အစည်းက ဆုံးဖြတ်လိုက်လို့ ဒီစစအရာရာ ချောမောသွားပြီလို့ ထင်ရင် မှားမယ်။ လက်နက်ကိုင် တိုက်ပွဲဟာ အဓိက မဟုတ်ဆိုတဲ့ အတွေး အခေါ်ဟာ တချို့လူတွေအဖို့ သည်းခြေကြိုက်ဖြစ်တဲ့အပြင် ကာလကြာရှည်စွာ စွဲကပ်နေတာမို့ နေရာအမျိုးအပြားမှာ အခိုင်အမာ တပ်စွဲနေတုံးပဲဖြစ်တယ်ဆိုတာ ဂရုပြုရမယ်။ အတွေးအခေါ်ဆိုင်ရာက ခုခံနိုင်အား နဲ့သွားပေမဲ့ စည်းရုံးရေး ခံကတုတ်ကနေပြီး ခုခံမှာတွေ၊ လက်တွေ့လုပ်ငန်းဆိုင်ရာကနေ ခုခံမှာတွေ၊ အသွင်အမျိုးမျိုးနဲ့ ခုခံမှာတွေကို ကျွန်တော်တို့ ကြုံတွေ့ရအုံးမယ်။

၅။ တော်လှန်တဲ့လက်နက်ကိုင် တိုက်ပွဲနဲ့ တော်လှန်တဲ့ ငြိမ်းချမ်းရေး။

ကျွန်တော်တို့ရဲ့ တော်လှန်တဲ့ ငြိမ်းချမ်းရေးတိုက်ပွဲဟာ စစ်ရှုံးလို့ လက်နက်ချ အညံ့ခံဘို့အတွက်မဟုတ်ဘူး။ ရန်သူအောက်ကို ခေါင်းလျှိုဝင်ဘို့အတွက်မဟုတ်ဘူး။ စစ်ရေး ထိုးနှက်ချက်တွေကို အထောက်အကူ ဖြစ်စေဘို့ ငြိမ်းချမ်းရေး ထိုးစစ်သာ ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေး တိုက်ပွဲဟာ ထာဝစဉ် ငြိမ်းချမ်းရေးအတွက် တိုက်နေတဲ့ တော်လှန်တဲ့ လက်နက်ကိုင်တိုက်ပွဲကို အထောက်အကူ ဖြစ်စေတဲ့ ငြိမ်းချမ်းရေးတိုက်ပွဲ တော်လှန်တဲ့ငြိမ်းချမ်းရေးတိုက်ပွဲသာ ဖြစ်တယ်။

၅၁-ခုနှစ် မတိုင်ခင်က ကျွန်တော်တို့ ပါတီဟာ တော်လှန်တဲ့ လက်နက်ကိုင် တိုက်ပွဲကို ပြတ်ပြတ်သားသား တိုက်ခဲ့တယ်။ ဒါပေမဲ့ အုပ်စိုးသူ လူတန်းစား တော်လှန်ရေး ဖျက်ဆီးတဲ့ ဖောက်ပြန်တဲ့ ငြိမ်းချမ်းရေး နည်းပရိယာယ်ကို လစ်လျူရှုခဲ့တယ်။ ဒါကြောင့် အုပ်စိုးတဲ့ လူတန်းစားရဲ့ ဖောက်ပြန်မှုကို အလုံအလောက် ဖွင့်မချနိုင်ခဲ့ဘူး။ ရန်သူကို ထိထိရောက်ရောက် ဝိုင်းမပယ်နိုင်ခဲ့ဘူး။ ရန်သူက နိုင်ငံရေး လက်ဦးမှုရသွားခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၅၁-ခုနှစ်မှာ ပါတီက ငြိမ်းချမ်းရေးညွှန့်ပေါင်း အစိုးရလမ်းစဉ်ကို ချမှတ်ခဲ့တယ်။ ငြိမ်းချမ်းရေးအလံကို ကိုယ့်လက်ထဲရဘို့ ကြိုးစားတာဖြစ်ပေမဲ့ လမ်းစဉ်က ရန်သူနဲ့ပူးပေါင်းရေး လမ်းစဉ်ဖြစ်နေတယ်။ ဒါကြောင့် တော်လှန်ရေး အင်အားစုတွေကို အတော်ဘဲ ကျဆင်းစေခဲ့တယ်။

၅၅-ခုနှစ်မှာ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေး အချက် အလက်တွေအရ ငြိမ်းချမ်းရေးလုပ်ဘို့ ပါတီက အစိုးရကို ကမ်းလှမ်းခဲ့တယ်။ ရန်သူနဲ့ ပူးပေါင်းရေး မဟုတ်ဘဲ လူတန်းစားမူတွေအရ ကမ်းလှမ်းတာဖြစ်တယ်။ တော်လှန်တဲ့ လက်နက်ကိုင်တိုက်ပွဲနဲ့ တော်လှန်တဲ့ ငြိမ်းချမ်းရေးတိုက်ပွဲကို တစုံတရာ ပေါင်းစပ်နိုင်တာကြောင့် ၅၅-နောက်ပိုင်းမှာ ကာလအပိုင်းအခြား တခုမှာ တော်လှန်တဲ့စစ်ဟာ ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ ပါတီလက်ထဲမှာ နိုင်ငံရေး လက်ဦးမှုရရှိခဲ့တယ်။ ကျယ်ပြန့်တဲ့ လူထုအုံကြွမှု ဖြစ်ပေါ်စေခဲ့တယ်.၊ အုပ်စိုးသူ လူတန်းစားအတွင်း အကြပ် အတည်းဆိုက်ပြီး အစိတ်စိတ် အမွှာမွှာ ကွဲသွားခဲ့တယ်။

ဒါပေမဲ့ "ဥပဒေတွင်းဝင်ရေး" "အတိုက် အခံ အဖြစ်နေရေး" "ဗိုလ်ရဲထွန့် ပေးစာအရလက်နက်အပ်ရေး " ချုပ်လိုက်ရင် "စစ်မတိုက်ရေး"နဲ့ " ခွေးကတက်ကနေပြီး ရန်သူကို အလုပ်အကျွေးပြုရေး" ဆိုတာတွေကြောင့် တက်လာတဲ့ အင်အားစုတွေကိုလဲ မစုစည်းနိုင်ဘူး။ ပေါ်ပေါက်လာတဲ့ အခွင့် အလမ်းကောင်းတွေကိုလဲ အသုံးမချနိုင်ဘူး။ ။ပိုဆိုးတာက ကိုယ့်အင်အားတွေကို တောင် မထိန်းသိမ်းနိုင်ပဲ ၅၈-ခုနှစ်နောက်ပိုင်းမှာ အထွေထွေလက်နက်ချမှုကြီး တွေဖြစ်ခဲ့တယ်။

၆၂-ခုနှစ်၊ ဗဟိုကော်မတီက ဒီအတွေ့ အကြုံတွေကို စိစစ်ပြီး ငြိမ်းချမ်းရေး တိုက်ပွဲနဲ့ ပတ်သက်တဲ့ တော်လှန်ဘဲ့မူတွေကိုပြန်လည်ထူထောင်ခဲ့ဘယ်၊ ဒါပေမဲ့ ၆၃-ခုနှစ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေဖြစ်လာတဲ့အခါမှာ အစောပိုင်းမှာ ပါတီ ခေါင်းဆောင်တွေဟာ အစိုးရနဲ့ မတွေ့ရဲ မဆုံရဲဖြစ်ခဲ့တယ်။ ။ဒီအခါမှာ ပါတီ ဟာ နိုင်ငံရေးလက်ဦးမှု ဆုံးလှူဆဲဆဲဖြစ်ခဲ့တယ်။ ဒီလိုဖြစ်ရတာဟာ ရန်သူ လူတန်းစားနဲ့ ပတ်သက်ပြီးတော့ရော၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ရော၊ တရားသေဝါဒ လွှမ်းမိုးနေလို့ဖြစ်တယ်။

နောက်ပိုင်းကျတော့ ပါတီဟာ မှန်ကန်တဲ့ရပ်တည်မှုနဲ့ နည်းပရိယာယ်တွေကိုအခြေခံပြီး၊ အစိုးရနဲ့တွေ့ဆုံဆွေးနွေးခဲ့တယ်။ အစိုးရက မရေရာတဲ့ အကြောင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြချက်တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ဖျက်ပစ်လိုက်တယ်။ ။အစိုးရဟာ လူထုရဲ့ဆန္ဒကျင်တာ၊ ဝိုင်းပယ်တာခံခဲ့ရတယ်။ ပါတီအနေနဲ့ ငြိမ်းချမ်းရေးအလံကို ဆုပ်ကိုင်မြဲဆုပ်ကိုင်ထားနိုင်ခဲ့တယ်။

— ၆၄-ခုနှစ်ဗဟိုကော်မတီက....

— အာဏာသိမ်းရေးကိုဦးတည်ပြီး လက်နက်ကိုင်တိုက်ပွဲကို ဆင်နွှဲသွားရမယ်ဖြစ်ကြောင်း။

— ငြိမ်းချမ်းရေး အခွင့်အလမ်းပေါ်လာက ငြိမ်းချမ်းရေး လုပ်သွားမယ်ဖြစ်ကြောင်း။

— ငြိမ်းချမ်းရေးရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာဏာသိမ်းရေးကို ဦးတည်ရမည်ဖြစ်ကြောင်းဆုံးဖြတ်ခဲ့တယ်။

ဒါဟာ လွန်ခဲ့တဲ့(၁၆)နှစ်ကျော် တော်လှန်တဲ့ စစ်အတွေ့အကြုံတွေကိုပေါင်းချုပ်ပြီး တော်လှန်တဲ့လက်နက်ကိုင်တိုက်ပွဲနဲ့ တော်လှန်တဲ့ငြိမ်းချမ်းရေးတိုက်ပွဲကို ပေါင်းစပ်လိုက်ခြင်းဖြစ်တယ်။

၆၄-ခုနှစ်လမ်းစဉ်ဟာ ငြိမ်းချမ်းရေးလမ်းစဉ် မဟုတ်ဘူး။ ။အာဏာသိမ်းရေး စစ်နိုင်ရေးလမ်းစဉ်ဖြစ်တယ်။

လမ်းစဉ်ဆိုတာ ဦးတည်ချက်တခုရောက်အောင် ကောန်မုချမဖြစ်မနေ ကြိုးပမ်းအားထုတ်ခြင်းဖြစ်တယ်။

ငြိမ်းချမ်းရေး လမ်းစဉ်လို့ဆိုရင် ငြိမ်းချမ်းရေးမရ၊ ရအောင် မဖြစ်မနေ ကြိုးပမ်းအားထုတ်ရမှာဖြစ်တယ်။ ၆၄ - ခုနှစ်လမ်းစဉ်အရဆိုရင် ငြိမ်းချမ်းရေး မရမနေ ကြိုးပမ်းအားထုတ်ရမှာမဟုတ်ဘူး။ အာဏာသိမ်းရေးကို ဦးတည်ပြီး၊ လက်နက်ကိုင်တိုက်ပွဲကိုဆင်နွှဲရင်း၊ ငြိမ်းချမ်းရေးအခွင့်အလမ်းပေါ်လာရင်သာ လုပ်သွားဘို့ဖြစ်တယ်။

၆၄-ခုနှစ်လမ်းစဉ်မှာပါတဲ့ တော်လှန်တဲ့လက်နက်ကိုင်တိုက်ပွဲနဲ့ တော်လှန်တဲ့ငြိမ်းချမ်းရေး တိုက်ပွဲပေါင်းထားတဲ့ အနှစ်သဘောကို နားလည်မှသာ တော်လှန်တဲ့စစ်ကိုဆင်နွှဲလို့ရမှာဖြစ်တယ်။ တော်လှန်တဲ့တပ်မတော်ကို တည်ဆောက်လို့ရမှာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ငြိမ်းချမ်းရေးလမ်းစဉ်ရဲ့ အတွေးအခေါ်တွေ ကြွင်းကျန်နေသေးရင် တော်လှန်တဲ့စစ်ဟာ ဖွံ့ဖြိုးတိုးတက်သင့်သလောက် ဘယ်နည်းနဲ့မှ ဖွံ့ဖြိုးတိုးတက်မှာ မဟုတ်ဘူး။

တော်လှန်ရေးနယ်မြေတခုမှာ အခွန်ကောက်ခံရေးသက်သက်၊ အုပ်ချုပ်ရေးလုပ်ငန်းသက်သက် စီးပွားရေးပြုပြင်မှုလုပ်ငန်းသက်သက်ဟာ စီးပွားရေး ဝါဒဖြစ်တယ်။ ဒါကိုဆန့်ကျင်တိုက်ဖျက်ရမယ်။ တကဲ့နိုင်ငံရေး အလုပ်ဟာ လူထုတရပ်လုံးကို တော်လှန်တဲ့စစ်အတွက် စည်းရုံးရေး တော်လှန်ရေးအာဏာကို တည်ဆောက်ရေး၊ ခိုင်မြဲရေး၊ တိုးချဲ့ရေးဖြစ်တယ်။ ဒါတွေကို အစီအစဉ်နဲ့လုပ်သွားရမယ်။

ရန်သူကိုသေနင်္ဗျူဟာအရ အထင်သေးရမယ်။ နည်းပရိယာယ်အရ အလေးဂရုပြုရမယ်။ တနည်းအားဖြင့်ဆိုရင် ရန်သူကိုမကြောက်ရဘူး ပေါ့လဲမပေါ့ရဘူး။

၅၂- ခုနှစ် နောက်ပိုင်းကျတော့ ရန်သူအပေါ် သေနင်္ဗျူဟာအမြင်ဟာ ပြောင်းလဲသွားတယ်။ ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရလမ်းစဉ်နဲ့ အတူ "စစ်ရေးချီ"ဆိုတဲ့ စစ်ရေးလမ်းစဉ်ဟာ တွဲဘက်ပြီး ပေါ်လာခဲ့တယ်။ ဒီလမ်းစဉ်ရဲ့ သဘောက "မိမိအင်အားထိန်းသိမ်းရေး" လို့ စစ်ဆန်ဆန် စကားသုံးစွဲထားပေမဲ့ တကယ်ကတော့ ရန်သူကို သေနင်္ဗျူဟာအရ အထင်ကြီး၊ အကြောက်ကြီးကြောက်၊ အကြီးအကျယ်သွေးလန့်ပြီး စစ်မတိုက်ရေးပဲဖြစ်တယ်။ အောက်ခြေတပ်မှူး၊ တပ်သားတွေကတော့ ဒီကာလအတွင်းမှာ ရန်သူကို ရွတ်ရွတ်ချွန်ချွန်တိုက်ခဲ့ကြတယ်။ ဒါပေမဲ့ ပါတီတရပ်လုံးကို လွှမ်းခြုံထားတဲ့ သဘောထားလမ်းစဉ်ကတော့ စစ်မတိုက်ရေး၊ စစ်တိုက်လို့ မဖြစ်သည်အထိ တပ်တွေကိုခွဲဖြန့်ရေး ဗဟိုဦးစီးမှုကိုဖျက်ပစ်သလောက် နီးနီးအထိ ချုပ်ကိုင်မှုကို လျှော့ပစ်ရေးတို့ဖြစ်တယ်။

၅၅-ခုနှစ်၊ ပါဘီ ဗဟိုကော်မတီဟာ ပြည်တွင်းစစ် ရပ်စဲရေး လမ်းစဉ်နဲ့အတူ၊ ရန်သူကိုပြတ်ပြတ်သားသား တိုက်ခိုက်ရေး၊ စစ်ရေးလမ်းစဉ်နဲ့ စီမံကိန်းတို့ကိုချမှတ်ခဲ့တယ်။ ။ဒါပေမဲ့ ရန်သူကို နည်းပရိယာယ်အရ အလေးဂရုပြုရေးကို အကြောင်းပြုပြီး သေနင်္ဗျူဟာအရ အထင်ကြီးနေတဲ့ အမြင်ဟာ လွှမ်းမိုးဆဲဖြစ်တယ်။ ။"တော်လှန်ရေး ကျဆင်းနေတယ်။" "တော်လှန်ရေး ရှုံးပြီ". ဆိုတဲ့အမြင်တွေဟာ လွှမ်းခဲ့တယ်။ ဒါကြောင့် ၅၅-ခုနှစ်၊ ချမှတ်ခဲ့တဲ့ စစ်ရေးလမ်းစဉ်နဲ့ စစ်ရေးစီမံကိန်းတို့ဟာ စက္ကူပေါ်မှာပဲ တည်ရှိခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"စစ်ရေးချို" လမ်းစဉ်နဲ့ အမှာညီနေ၁င်ဖြစ်တဲ့ "မိမိဘာသာ အတိုက်အခိုက် ရပ်စဲရေး" သဘောထားဟာ ဒီကာလအတွင်းမှာ တကြိမ်မက ဖြစ်ပေါ် ခဲ့တယ်။

၆၂-ခုနှစ်၊ ဗဟိုကော်မတီဟာ ထွက်ပြေးရေး၊ ရှောင်တိမ်းရေး၊ အလွန် အကျုံ ဖြန့်ခွဲရေးဆိုတာတွေကို တိုက်ခိုက်ခဲ့တယ်။ ဒါဟာ တော်လှန်တဲ့စစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစုံတရာ အကျိုးပြုခဲ့တယ်။ ဒါပေမဲ့ ရန်သူကို သေနင်္ဂဗျူဟာအရ အထင်ကြီးနေတာကို အတွေးအခေါ်အရ တိုက်ခိုက်ခြင်း မရှိသေးဘူး။

ရန်သူကို သေနင်္ဂဗျူဟာအရ အထင်ကြီးနေတာဟာ ၆၄-ခုနှစ်၊ ဗဟို ကော်မတီ အထိပဲဖြစ်တယ်။

ရန်သူကိုအစွမ်းကုန်ချေမှုန်းရေး။

ပြီးခဲ့တဲ့အချိန်က ရန်သူကိုချေမှုန်းရေး အမြင်ဟာ ပါတီမှာပဲ အလွန်ခေါင်း ပါးခဲ့တယ်။ "ပစ်ပြေးရေး" "အမှည့်ချွေရေး" "ရှောင်တိမ်းရေး" ဆိုတဲ့အမြင် တွေသာ လွှမ်းမိုးခဲ့တယ်။

ချေမှုန်းရေး အမြင်ခေါင်းပါးတာဟာ စစ်နိုင်ရေး အမြင် ခေါင်းပါးတာ ကနေပြီး ပေါက်ဖွားတာဖြစ်တယ်။

ကျွန်တော်တို့ဟာ ရန်သူကို စစ်ရေးအရ အနိုင်တိုက်ရမယ်။

ကျွန်တော်တို့ဟာ ရန်သူထက် အင်အားသေးငယ်ရာက ရန်သူနဲ့ ပုခုံးချင်း ယှဉ်နိုင်တဲ့ အနေအထား၊ အဲဒီကနေပြီး ရန်သူထက် အင်အားသာလွန်တဲ့ အနေ အထား အဲဒီလို အင်အားတိုးတက်ကြီးထွားပြောင်းလဲပစ်ရမယ်။

ရန်သူနဲ့ ကျွန်တော်တို့အင်အား နှိုင်းယှဉ်ချက်မှာ ပြောင်းပြန်လှန်ပစ်ရေး တနည်းအားဖြင့် ရန်သူထက် ကျွန်တော်တို့က အင်အားသာလွန်လာရေးဟာ ကျွန်တော်တို့ရဲ့ သေနင်္ဂဗျူဟာ ဦးတည်ချက် ဖြစ်တယ်။

ရန်သူနဲ့ ကျွန်တော်တို့ အကြားအင်အားနှိုင်းယှဉ်ချက် ပြောင်းပြန်လှန်ပစ် ရေးအတွက် သော့ချက်လုပ်ငန်းဟာ ရန်သူကို အစွမ်းကုန် ချေမှုန်းရေးဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ချေမှုန်းရေးကိစ္စကို သေနင်္ဂဗျူဟာ အမြင်အရ ရှင်းပြချင်တယ်။ ၅၅-၅၆-တုံးက တနှစ်အတွင်းမှာ ကျွန်ုပ်တို့တော်လှန်ရေးအင်အားစုတွေက တိုက်လို့ ရန်သူတပ်သား (ကျဆုံး-ဒဏ်ရာရ-ဖမ်းမိ-တောခို)စုစုပေါင်း (၂၃၀၀) ယောက်ရှိတယ်လို့ ဗိုလ်အောင်ကြီးက ၅၆-ခုနှစ် စက်ဘင်ဘာလ တပ်မှူးကွန်ဖရင့်မှာ အစီရင်ခံတယ်။ ရန်သူတပ်ရင်း(၄)ရင်း ပြုတ်သွားတယ်ဆိုနိုင်တယ်။ကျွန်တော်တို့ကသာ၅၅ - ၅၆ - ကတဲက အ စီ အစဉ်နဲ့ ချေမှုန်းရေးလုပ်ခဲ့ရင် အခုဆိုရင် ရန်သူရဲ့အင်အားဟာအကြီးအကျယ်ပြုတ်သွားပီလို့ ခန့်မှန်းနိုင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ မလုပ်ခဲ့ကြဘူး ရေစုန်မျှောလိုက်ခဲ့ကြတယ်။

၆၄-ခုနှစ်အတွင်းမှာ ရန်သူအင်အား (၂၀၀၀) လောက် (ကျဆုံး-ဒဏ်ရာရ ဖမ်းမိ-တောခို) အောင် လုပ်နိုင်ခဲ့တယ်။ ကျွန်တော်တို့ အနေနဲ့ အစီအစဉ်နဲ့ ချေမှုန်းရေး လုပ်သွားရင် အချိန်ပိုင်း တခုအတွင်းမှာ ရန်သူနဲ့ ကျွန်တော်တို့ အကြားအင်အားနှိုင်းယှဉ်ချက်ကို ပြောင်းပြန်လှန်ပစ်နိုင်တယ်။

ချေမှုန်းရေးကိစ္စကို တိုက်ပွဲအရ ရှင်းပြချင်တယ်။ မကြာသေးခင်က အထိ "ရန်သူကို သုံးဘက်ပိတ်ပီးတိုက် တပေါက်ဖွင့်ပေးရမယ်။ အလုံပိတ်တိုက်ရင် ခွေးတောင်ကိုက်မိကိုက်ရာ ပြန်ကိုက်တတ်တယ်"ဆိုတဲ့ စစ်အတွေးအခေါ်ဟာ ကျွန်တော်တို့ တပ်တွေမှာ လွှမ်းမိုးခဲ့တယ်၊ ဒါဟာ ဓနရှင်လူတန်းစား စစ်ရေး အမြင်ဖြစ်တယ်။

ပစ္စည်းမဲ့ လူတန်းစား အမြင်က ရန်သူဟာ သေနင်္ဂဗျူဟာအရ အားသာလွန်တယ်။ ကျွန်တော်တို့က နည်းပရိယာယ်အရ တိုက်ပွဲအရ အင်အားသာလွန်အောင်လုပ်ရမယ်။ ရန်သူကိုအပိုင်းပိုင်း တပိုင်းစီ ချေမှုန်းသွားရမယ်။ ရန်သူရဲ့ အသက်ရှိ အင်အားကို ဖျက်ဆီးပစ်ရေးဖြစ်တယ်။ တိုက်ပွဲတခုချင်းမှာ ထွက်ပေါက်ပေးလို့မဖြစ်ဘူး။ ဒါကြောင့်အဘက်ဘက်က ဝိုင်းတိုက်ရေးအထပ်ထပ် ဝိုင်းတိုက်ရေး အလုံပိတ်တိုက်ရေးပဲ။

ရန်သူကို ချေမှုန်းရေးဆိုတာ တကယ်ကတော့ ကျွန်တော်တို့ အင်အားကြီးထွားရေးပဲ၊ ခေါင်းနဲ့ပန်းပဲ။

ဒါကြောင့် ကျွန်တော်တို့ဟာ ရန်သူကိုချေးမှုန်းပြီးရင်း ချေမှုန်းသွားရမယ်။

(မာက်စ်ဝါဒ၊ လီနင်ဝါဒ စစ်ရေးဘာသာရပ် ဗဟိုစစ်ကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်း၏ ဟောပြောချက်မှုရင်း)။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ပင် သခင်သန်းထွန်းသည် တော်လှန်သည့် စစ်အတွေးအခေါ်များ ထွန်းကားရေးနှင့် ပတ်သက်၍ အကျယ်တဝင့်ပင် ဟောပြောပို့ချ၍ သွားလေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မတီ ဥက္ကဋ္ဌ သခင်သန်းထွန်းသည် " တော်လှန်သောစစ်အတွေးအခေါ်များထွန်းကားရေး " ဟောပြောချက်၏ အခဏ်း (၄)ဖြစ်သည့် နိဂုံးချုပ်တွင် ဤသို့ပင်အလေးအနက်ပြု၍ ဟောပြော၍ပို့ချသွားလေသည်။

"ဗမာပြည်ပစ္စည်းမဲ့လူတန်းစားဟာ အာဏာသိမ်းရေးအတွက် တနည်းအားဖြင့် စစ်နိုင်ရေးအတွက် စစ်ရေးအရ သတ္တိဗျတ္တိပြရမယ်။"

"ဒါဟာကျွန်တော်တို့ရဲ့အခြေခံအကျဆုံး ရပ်တည်မှုဖြစ်တယ်။"

ကျွန်တော်တို့ ဆင်နွှဲနေတဲ့ တော်လှန်တဲ့စစ်ဟာ ပါတီရဲ့အသက်ဖြစ်တယ်။ဗမာပြည်မှာ တော်လှန်တဲ့စစ်မရှိရင် ဗမာပြည် ကွန်မြူနစ်ပါတီလဲမရှိနိုင်ဘူး။ ပြည်သူလူထုလဲမရှိနိုင်ဘူး။

"တော်လှန်တဲ့စစ်သားလျှင်အမိ၊တော်လှန်တဲ့စစ်သားလျှင်အဖ၊တော်လှန်တဲ့စစ်သားလျှင် အလုံးစုံသော တန်ခိုးတော်အနန္တနဲ့ပြည့်စုံတဲ့အရာဖြစ်တယ်။"

ထို့နောက်တွင် မော်ကစ်စ်ဝါဒ လီနင်ဝါဒ၊ စစ်ရေးဘာသာရပ် ဟောပြောချက်များကို ဗိုလ်ထွန်းငြိမ်းသည် ဆက်လက်၍ သင်တန်းပို့ချလေသည်။

မော်ကစ်စ်ဝါဒ လီနင်ဝါဒ၊ စစ်ရေးဘာသာရပ်ကို ၁၉၆၅ - ခုနှစ်၊ နိုဝင်ဘာလ ပထမ ပတ်တွင်အဆုံးသတ်လေသည်။

ယင်းစစ်ရေးဘာသာရပ်အတွက်လည်း သင်တန်းသားများသည် မော်ကစ်စ် လီနင်ဝါဒ စစ်ရေးဆိုင်ရာစစ်တမ်းကိုလည်း ပြုစုရေးသားကြရ၏။ ယင်းစစ်တမ်း၏အမည်မှာ "အလုံးစုံသော တန်ခိုးတော်အနန္တနှင့် ပြည့်စုံသော အရာသည် ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်သော တော်လှန်စစ်ဖြစ်သည်" ဟူ၍ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၇) သခင်သန်းထွန်း၏ ကျောင်းဆင်းမိန့်ခွန်း။

မဲ့ကွက်စ်ဝါဒ၊ လီနင်ဝါဒ စစ်ရေးဆိုင်ရာ စစ်တမ်းကို ပြုစုရေးသားပြီးနောက် တွင် ပထမပတ် ဗဟိုမဲ့ကွက်စ်လီနင်ဝါဒကျောင်း၏ ကျောင်းဆင်း မိန့်ခွန်းကို ဗမာပြည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်းသည် ဤသို့ပြောကြားလေ တော့သည်။

"ကျွန်တော်တို့က ကျောင်းဖွင့်နေတဲ့အချိန်မှာ ရန်သူစစ်အစိုးရကလဲ ဗမာပြည်တော်လှန်ရေးကိုဖျက်ဆီးဘို့ "ကေဒါ" လို့တံဆိပ်တပ်ထားတဲ့ လက်မရွေး အာဏာသားတွေကိုလေ့ကျင့်နေတာဖြစ်တယ်။ တနည်းအား ဖြင့်ပြောရင် ကျွန်တော်တို့ဟာ ရန်သူလူတန်းစားနဲ့ နင်လားငါလား အပြိုင်တိုက်ပြီး တော်လှန်ရေး ကေဒါတွေကို မွေးမြူနေတာဖြစ်တယ်။

ချုပ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ကျောင်းဟာ နိုင်ငံတကာမှာ ရော၊ ပြည်တွင်းမှာရော လူတန်းစားတိုက်ပွဲဟာ မကြုံစဘူးပြင်းထန်နေတဲ့ အခြေအနေပြင်းထန်နေတဲ့ အချိန်အခါမှာ ဖွင့်လှစ်လိုက်တာဖြစ်တယ်။

၆၄ - ခုနှစ် ဗဟိုကော်မတီက ချမှတ်လိုက်တဲ့ နိုင်ငံရေးလမ်းစဉ်ဟာ ကျွန်တော်တို့ပါတီရဲ့ သမိုင်းမှာ အရေးကြီးတဲ့ အလှည့်အပြောင်း တခုဖြစ်တယ်။

၆၄-ခုနှစ်လမ်းစဉ်က ကျွန်တော်တို့ပါတီဟာ အာဏာသိမ်းရဲတဲ့ ပါတီဖြစ်ကြောင်း အောင်ပွဲခံမဲ့ပါတီဖြစ်ကြောင်း၊ အာဏာသိမ်းရဲတဲ့ အာဏာသိမ်းမဲ့ အောင်ပွဲခံရတဲ့ အောင်ပွဲခံမဲ့ပါတီဟာ ကျွန်တော်တို့ ပါတီမှတပါး၊ အခြားမရှိကြောင်း အတိအလင်း ကြေညာလိုက်တာ ဖြစ်တယ်။ ကျွန်တော်တို့ပါတီရဲ့လမ်းစဉ်ဟာ အာဏာသိမ်းရေး၊ စစ် နိုင်ငံရေးလမ်းစဉ်ဖြစ်ကြောင်း ကျွန်တော်တို့ပါတီဟာ ဗမာပြည်မှာ တခု တည်းသော မဲ့ကွက်စ်ဝါဒလီနင်ဝါဒ ပါတီဖြစ်ကြောင်း အခိုင်အမာ ကြေညာလိုက်တာဖြစ်တယ်။

၆၄-ခုနှစ်လမ်းစဉ်ဟာ ၄၈-ခုနှစ်လမ်းစဉ်ကို အခြေခံထားတာဖြစ် တယ်။ ၅၅-ခုနှစ်လမ်းစဉ်ရဲ့ တော်လှန်တဲ့မူတွေကို ထိန်းသိမ်းထားတာ ဖြစ်တယ်။ ၆၂-ခုနှစ်လမ်းစဉ်ရဲ့ အဆိုးပိုင်းတွေကိုပယ်ပြီး၊ အကောင်း ပိုင်းတွေကို ထိန်းသိမ်းထားတာဖြစ်တယ်။

၆၄-ခုနှစ်လမ်းစဉ်ဟာ၊ ၆၄-ခုနှစ်မတိုင်ခင်က ပါတီတွင်းမှာ ပေါ် ပေါက်ခဲ့တဲ့ အာဏာမသိမ်းရဲတဲ့ အတွေးအခေါ်တွေ၊ ဓနရှင်လူတန်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စားကို ခွေးကတက်ကနေပြီး၊ အလုပ်အကျွေးပြုချင်တဲ့အတွေးအခေါ်တွေ၊ တော်လှန်တဲ့စစ်မတိုက်ရဲတဲ့ အတွေးအခေါ်တွေ၊ပါတီဖျက်သိမ်းရေးအတွေးအခေါ်တွေ၊ ကိုယ့်ခေါင်းဆောင်မှုကို မယုံကြည်တဲ့၊ ကိုယ့်ပါတီကို မယုံကြည်တဲ့ တော်လှန်ရေးအလားအလာပေါ် မယုံကြည်တဲ့ အမြင်ဆိုးတွေ၊ စိတ်ပျက်အားငယ်မှုတွေကို တိုက်ဖျက်လိုက်တဲ့ လမ်းစဉ်ဖြစ်တယ်။ **ဒါဟာ ၆၄-ခုနှစ်လမ်းစဉ်ရဲ့ အဓိက ထူးခြားချက်ဖြစ်တယ်။**

တော်လှန်ရေးတက်နေသလား၊ ကျနေသလားဆိုတာမှာ တော်လှန်ရေးဟာ တက်နေတယ်လို့ ၆၄-ခုနှစ်လမ်းစဉ်က အတိအကျ ဖြေလိုက်တာဖြစ်တယ်။

ရန်သူဟာလက်နက်ကိုင်ပြီး၊ တော်လှန်ရေးကို ဖျက်ဆီးနေတဲ့ အင်အားစုဖြစ်တယ်။ မိမိဟာ လက်နက်ကိုင် တော်လှန်ရေးဖြစ်တယ်လို့ ရန်သူနဲ့မိမိအကြား မျဉ်းကို ထင်ထင်ရှားရှား သားလိုက်တာ ဖြစ်တယ်။

လက်နက်ကိုင်တိုက်ပွဲနဲ့ လက်နက်ကိုင်တပ်စည်းရုံးရေးဟာ အဓိကဖြစ်တယ်ဆိုတာဟာ တော်လှန်တဲ့စစ်ကို ဆုံးခန်းတိုင်တိုက်ပြီး၊အာဏာသိမ်းမယ်လို့ အဓိဋ္ဌာန်ပြုလိုက်တာဖြစ်တယ်။

အလံနီနဲ့ ပြန်လည်ညီညွတ်ရေးဟာ တော်လှန်ရေး အောင်ပွဲရဲ့ သော့ချက်ဆိုတဲ့သဘောထားကို ၆၄-ခုနှစ် ဗဟိုကော်မတီဟာ ပယ်ဖျက်လိုက်တာဟာ တော်လှန်ရေးအောင်ပွဲကို အလုံပိတ်ထားတဲ့သော့ကိုရိုက်ချိုးပြီး၊ တော်လှန်ရေးအောင်ပွဲခံရေးအတွက် တကဲ့သော့ချက်ကိုဖွင့်လိုက်တာဖြစ်တယ်။

(လမ်းစဉ်တခု ချတယ်ဆိုတာဟာ ရှေ့ဘာလုပ်မယ်ဆိုတာကို ဆန္ဒပြုတာသာ ဖြစ်တယ်။ အဓိဋ္ဌာန်ပြုတာသာဖြစ်တယ်။ အကောင်အထည်ဖော်သေးတာမဟုတ်ဘူး။

၆၄-ခုနှစ် လမ်းစဉ် အကောင်အထည် ဖော်ဘို့ဆိုရင် ပထမဦးဆုံးအနေနဲ့ ပါတီတရပ်လုံး လမ်းစဉ်အတိုင်း လှည့်ပြောင်းလာအောင် ကြိုးစား အားထုတ်ရအုံးမယ်။ ပါတီ တရပ်လုံးအနေနဲ့ ၆၄ - ခုနှစ်လမ်းစဉ်ရဲ့ စိတ်ဓာတ်ကို ဆုပ်မိကိုင်မိအောင် ရောမကြီးမာတဲ့ လုံးပမ်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အားထုတ်မှု လုပ်ရအုံးမယ်။ ဗြဂ-ခုနှစ် လမ်းစဉ်နဲ့ အရင်လမ်းစဉ် အချို့ဟာ "ထူးမခြားနား"လို့ ထင်မြင်တာကို ရှင်းလင်းပစ်ဘို့ အများကြီး လုပ်ရအုံးမယ်)။

ခုကျွန်တော်တို့ ဖွင့်ခဲ့တဲ့ကျောင်းဟာ ဗြဂ-ခုနှစ် စိတ်ဓာတ် အပြည့်အဝနဲ့ ဖွင့်လိုက်တဲ့ကျောင်းဖြစ်တယ်။ ဒီကျောင်းဖွင့်လိုက်တဲ့အတွက်လဲ ဗြဂ-ခုနှစ် စိတ်ဓာတ်ဟာ ပိုပြီးတော့ ဖွံ့ဖြိုး ဝေဆာလာတယ်။ ဗြဂ-ခုနှစ် လမ်းစဉ်ကို ပိုပီး တောက်ပြောင်လာစေခဲ့တယ်။

ဒီကျောင်းဟာ ပါတီတရပ်လုံး အတွေးအခေါ် လှည့်ပြောင်းရေး အတွက် အရေးကြီးတဲ့ ကွင်းဆက်ဖြစ်တယ်။

ဒီကျောင်းဟာ ကျွန်တော်တို့ပါတီ ဗိုလ်ရှီဗစ် ပိုပီသရေးအတွက် ကြီးမားစွာ အကျိုးပြုလိုက်တာဖြစ်တယ်။

ပစ္စည်းမဲ့လူတန်းစား ရပ်တည်မှု ရပ်ဝါဒအမြင် အနုပဋိလောမ နည်းနာဆိုတဲ့ ပစ္စည်းမဲ့ နိုင်ငံရေးဟာ ပါတီတရပ်လုံး လွှမ်းမိုးအောင် လုပ်ဘို့ ဗြဂ-ခုနှစ် ဗဟိုကော်မတီက ဆုံးဖြတ်ခဲ့တယ်။

ဒီကျောင်းဟာ ပစ္စည်းမဲ့ လူတန်းစား ရပ်တည်မှု ရပ်ဝါဒအမြင် အနုပဋိလောမ နည်းနာတွေစိုက်ထူဘို့ ဗြဂ-ခုနှစ် ဆုံးဖြတ်ချက်နဲ့ အညီဖွင့်တာဖြစ်တယ်။

ဒါကြောင့် ဒီကျောင်းဟာ ဒီပြည်တွင်းစစ်(၁၇)နှစ် အတွင်းမှာပဲ ဖြစ်ဖြစ်၊ ပါတီရဲ့ သက်တမ်း(၂၆)နှစ်အတွင်းမှာပဲဖြစ်ဖြစ်၊ အရင်တုံးက ဖွင့်ခဲ့တဲ့ကျောင်းတွေနဲ့ မူအရရော နည်းနာအရရော ခြားနားတယ်။

ဒီကျောင်းမှာဆိုရင် သဘောတရားတွေကို အကောင်အထည်မဲ့ သင်တာမဟုတ်ပဲ လက်တွေ့နဲ့ ပေါင်းစပ်သင်တာဖြစ်တယ်။

ဒီကျောင်းဟာ ဗြဂ-ခုနှစ် လမ်းစဉ်ကို အကောင်အထည် ဖော်ရုံသာ မကဘူး။ ဗြဂ-ခုနှစ် လမ်းစဉ်ကို ပိုမိုဖွံ့ဖြိုးစေတဲ့ ကျောင်းဖြစ်တယ်။

ဒီကျောင်းဟာ ပါတီတရပ်လုံး အတွေးအခေါ် ပုံသစ်လောင်းရေးအတွက် အစပြုလိုက်တာဖြစ်တယ်။ ဗဟိုကော်မတီနဲ့ တခြား

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခေါင်းဆောင် အဖွဲ့အစည်းတွေ အတွေးအခေါ် ပုံသစ်လောင်းရေး အတွက်ကြီးမားစွာ အကျိုးပြုလိုက်တာဖြစ်တယ်။

မာ့က်စ် လီနင်ဝါဒသဘောတရားဟာ အဖိနှိပ်ခံ လူတန်းစားတွေရဲ့ လွတ်မြောက်ရေး သဘောတရားဖြစ်တယ်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒသဘောတရားတွေဟာ သေနတ်အမြောက်တို့ထက် အဆပေါင်းများစွာ တန်ခိုးကြီးတယ်။ အတိုင်းမသိတဲ့ တန်ခိုးနဲ့ ပြည့်စုံပြီး ရန်တကာကို အောင်နိုင်စွမ်းရှိတယ်။

မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးက တရုတ်ပြည်တော်လှန်ရေးကို အောင်ပွဲခံနိုင်တဲ့ လက်နက်တွေပေးလိုက်တယ်။ အဲဒီလက်နက်တွေကတော့ မာ့က်စ်ဝါဒ၊လီနင်ဝါဒပဲလို့ ရဲဘော်မော်စီတုန်းက ပြောဘူးတယ်။

အဲဒီလိုပဲ ဒီကျောင်းကနေပြီး ဗမာပြည်တော်လှန်ရေး အောင်ပွဲခံဘို့ လက်နက်တွေပေးလိုက်တယ်။ အဲဒါတွေကတော့ ဗမာပြည်တော်လှန်ရေး လက်တွေ့နဲ့ ပေါင်းစပ်ထားတဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒတရားတွေပဲ။

ကျောင်းဖွင့်တဲ့အခါတုံးက ကျွန်တော်ဒီလိုပြောခဲ့ပါတယ်။

"ကျွန်တော်တို့ဆီမှာ မာ့က်စ်ဝါဒ၊လီနင်ဝါဒပိုင်တဲ့ လူငါးဆယ်ရအောင်သာကြိုးစား တော်လှန်ရေးအောင်နိုင်တယ်။"

(ကျောင်းဖွင့်မိန့်ခွန်းမှ)

ဒီကျောင်းဟာ ဗမာပြည်မှာ မာ့က်စ်ဝါဒ လီနင်ဝါဒ ပိုင်နိုင်သူတွေ မွေးထုတ်ရေးအတွက် အရေးကြီးတဲ့ အစပြုချက်ဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ဒါကြောင့် ဒီကျောင်းဟာ တော်လှန်ရေး တဆင့်တက်ရေးအတွက် အာမခံလိုက်တာဖြစ်တယ်။ တော်လှန်ရေးအောင်ပွဲခံရေးအတွက် အာမခံလိုက်တာဖြစ်တယ်။

ဒါဟာ ဒီကျောင်းရဲ့ လေးနက်တဲ့ နိုင်ငံရေး အဓိပ္ပာယ် ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီကျောင်းမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့တရားကိုယ်တွေကို ပို့ချ နိုင်ခဲ့တယ်။ ပြန်လည်ပြင်ဆင်ရေးဝါဒနဲ့ စာရင်းရှင်းနိုင်ခဲ့တယ်။

မာ့က်စ်ဝါဒအတုနဲ့ မာ့က်စ်ဝါဒအစစ်ကို ခွဲခြားနိုင်ခဲ့တယ်။ မာ့က်စ်ဝါဒရဲ့ အမှန်တရားဆိုတာလဲ ရှာဖွေတွေ့ရှိခဲ့တယ်။

ကျွန်တော်တို့ကိုယ်ကို ပြန်သုံးသပ်ရင် ကျွန်တော်တို့ဟာ မာ့က်စ်ဝါဒ လေ့လာတဲ့အခါမှာ မာ့က်စ်ဝါဒ အတုတွေနဲ့လဲ ရောနှောလေ့လာခဲ့ ရတယ်။

ဥပမာ—၁၉၃၇-ခုနှစ်ကုံးက သခင်စိုးရေးတဲ့ "ဆိုရှယ်လစ်ဝါဒ" ကျမ်းဆိုပါတော့၊ ဒီစာအုပ်ဟာဟိုတုံးကဆို အခြေအနေအရ ဗမာပြည် တော်လှန်ရေးကို အကျိုးပြုခဲ့တာရှိပါတယ်။ နိုင်ငံရေး နိုးကြားလာတဲ့ လူတွေ၊ တော်လှန်တက်ကြွတဲ့ လူတွေကို ဆိုရှယ်လစ်ဝါဒ လေ့လာဖို့ လှုံ့ဆော် အားပေးခဲ့တာအမှန်ပဲ၊ ဒါပေမဲ့ ဒီကျမ်းကို ဒီကနေ့ ကျွန် တော်တို့ပြန်ပြီး စီစစ်ကြည့်ရမယ်။ သခင်စိုးရေးတုံးက ဟိုတုံးက လက်ဝဲ ဂိုဏ်းစာအုပ်အသင်း အမှုဆောင်တယောက်ဖြစ်တဲ့ ဂျွန်စတရတ်ချီ ရေး တဲ့ ဆိုရှယ်လစ်ဝါဒရဲ့ သဘောတရားနဲ့လက်တွေ့ဆိုတဲ့ကျမ်းကို မကျိုင် ပြုပြီးရေးသားခဲ့တာပဲ၊ တော်တော်များများက အဲဒီအထဲက ဘာသာ ပြန်ထည့်ခဲ့တာပဲ။ အဲဒီတုန်းက ဂျွန်စထရတ်ချီဟာ ဘာမှန်းမသိဘူး။ ကွန်မြူနစ်လို့တောင် ထင်ကြတာရှိတယ်။ အခုကျတော့ ဂျွန်စထရတ်ချီ ဟာ အင်္ဂလန်ပြည် လေဘာပါတီရဲ့ အရေးကြီးတဲ့ ခေါင်းဆောင် တယောက်ဖြစ်တဲ့အပြင် ခေတ်သစ်နယ်ချဲ့စနစ်ရဲ့ မကျိုင်တခု ဖြစ်တဲ့ ဒုတိယလူမျိုးစုံအဖွဲ့ချုပ် (အခုတော့ ကမ္ဘာ့ဆိုရှယ်လစ် အဖွဲ့ချုပ်လို့ ခေါ်တယ်)ရဲ့ အဓိပတိသဘောတရားရေးဆရာကြီး ပါကလား။

နောက်တခုပြောရအုံးမယ်။ သခင်စိုးရေးတဲ့ "ဗမာ့တော်လှန်မှု" ဆိုတဲ့စာအုပ်မှာ ကိုဘဟိန်းရေးတဲ့ အမှာကိုဖတ်ဘူးကြလိမ့်မယ်။ အဲဒီ မှာ သခင်စိုးဟာ မာ့က်စ်ဝါဒကို ဘယ်လောက် ကြိုးစား လေ့လာ တယ်ဆိုတာကို ဖော်ပြထားတယ်။ သခင်စိုးဟာ စကော့ဈေးထဲက (အခုတော့—ဗိုလ်ချုပ်ဈေးလို့ခေါ်ကြတယ်)စာအုပ်ရောင်းတဲ့ကုလား ဆိုင်တဆိုင်မှာ စာအုပ် သွားဖတ်တဲ့အကြောင်း ဖွဲ့နွဲ့ရေးထားတယ်။ စာအုပ်လဲ မဝယ်နိုင်တော့ စာအုပ် ဝယ်မလိုလိုနဲ့ ခဏထိုင်ကြည့်ပြီး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပီးသလောက်ဖတ်တယ်။ နောက်ပီးတော့ ကုလားကိုစာအုပ်ပြန်ပေးပီး ထွက်လာတယ်။ အဲဒီလိုနဲ့နေ့တိုင်း စာအုပ်သွားဖတ်တာ စာအုပ်ရောင်းတဲ့ကုလားကရိပ်မိပီး စာအုပ်ဆွဲသွားပြီး နောက်မပေးတော့တဲ့ အကြောင်းတွေရေးထားတယ်။ သခင်စိုးရဲ့လေ့လာလိုတဲ့ စိတ်ဓာတ် တခမ်းတနား ရေးထားတာဖြစ်တယ်။ သခင်စိုးအနေနဲ့ အတုမရှိတဲ့ မာ့က်စ်ဝါဒ သဘောတရားဆရာကြီးအဖြစ် ဟိုးဟိုးကျော်ကြားခဲ့တယ်။ ဒါပေမဲ့ အဲဒီတုံးက သခင်စိုး သွားသွားဖတ်တဲ့စာအုပ်ဟာ ဘာစာအုပ်လဲ ဘူခါရင်ရေးတဲ့ "သမိုင်းရေးရုပ်ဝါဒ" ဆိုတဲ့ စာအုပ်ပါကလား။ ဘူခါရင်ဆိုတာ ဆိုဗီယက်ပါတီက လက်ျာအချောင်သမား သဘောတရားရေးဆရာကြီးဖြစ်ပြီး၊ ၁၉၃၇-ခုနှစ်တုံးက ဆိုဗီယက်နိုင်ငံတော်ကို သစ္စာဖောက်မှုနဲ့ သတ်ပစ်ရတဲ့လူပါကလား၊ သခင်စိုး အဲဒီတုံးက ဘူခါရင်ကိုလေ့လာတာဟာ ရန်သူကိုလေ့လာနည်းအရလေ့လာတာ မဟုတ်ပါဘူး။ဆရာအနေနဲ့ လေ့လာတာဖြစ်ပါတယ်။

ဒါတွေကိုကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ဗမာပြည် ကွန်မြူနစ်လှုပ်ရှားမှုရဲ့ သန္ဓေဆင့်ကထဲက ဆိုရှယ်ဒီမိုကရေစီဝါဒတို့၊ လက်ျာအချောင်သမားဝါဒတို့ဟာ ရောနှောပီး ပါလာတာတွေ တွေ့ရပါမယ်။

ကဲ ဒီပြည်တွင်းစစ်ကာလကြည့်အုံး၊ လိနင်တို့ စတာလင်တို့ မော်တို့ ရေးသားတာတွေကို လေ့လာခဲ့တာ တွေကတော့ တော်လှန်ရေးကို တကယ်ဘဲအကျိုးပြုခဲ့တာဘဲ။

၅၆-ခုနှစ်၊ နောက်ပိုင်းမှာ ကရူးရှော့ဖ်ဝါဒဟာ ကျွန်တော်တို့ ပါတီထဲမှာသာ တော်တော်ကြီးကြီးမားမားရှိခဲ့တယ်။ ဒါတွေကတော့ အများတကာသိပြီးသားမို့ မပြောတော့ဘူး။

ပြောချင်တာတခုကတော့ ကျွန်တော်တို့ရဲ့အဖြစ်ဆိုးပုံကတော့ ပြန်လည်ပြင်ဆင်ရေးဝါဒရတာတောင် စစ်စစ်နဲ့တိုက်ရိုက်လေ့လာခဲ့ရတာ မဟုတ်ဘူး။အိန္ဒိယပြန်လည်ပြင်ဆင်ရေး သမားတွေက ဖောက်သည်ချပေးတာကို လေ့လာခဲ့ရတာဖြစ်တယ်။ အိန္ဒိယပြန်လည်ပြင်ဆင်ရေးသမားတွေက မော်စကိုသွားလိုက် ကရူးရှော့ဖ် တို့နဲ့ဆွေးနွေးလိုက် အပြန်ကျတော့ နေရူးအလုပ်အကျွေးပြုတဲ့လမ်းစဉ်ကိုမွမ်းမံလိုက်လုပ်ကြတယ်။ ပြည်တွင်းစစ်လုပ်တဲ့ ကျွန်တော်တို့ပါတီက ကိုယ့်ဟာကိုယ်မစဉ်းစားဘဲ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဲဒါတွေကူးချတာ အများကြီးဖြစ်ခဲ့တယ်။ ၅၆-ခုနှစ်နောက်ပိုင်း ပါတီကထုတ်ပြန်တဲ့ ခေရှင်လူတန်းစားနဲ့ ပတ်သက်တဲ့သဘောတရားတွေဟာ အိန္ဒိယပြန်လည်ပြင်ဆင်ရေးသမားတွေရဲ့ ခေရှင်လူတန်းစားဆိုင်ရာသဘောတရားတွေကို ဗမာအဝတ်အစားဝတ်ပေးထားတာသာဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ လေ့လာမှုတွေထဲမှာ မာ့က်စ်ဝါဒအတုနဲ့ အစစ်ဟာ ဘယ်လောက်ရောထွေး နေတယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။

ဒါကြောင့် အခု ကျွန်တော်တို့ဖွင့်တဲ့ ကျောင်းဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒ ရောထွေးနေတာကို အရင်းအမြစ်ကနေပြီး စာရင်းရှင်းပစ်လိုက်တာ ဖြစ်တယ်။

ဒါဟာ ကျွန်တော်တို့ပါတီ ဗိုလ်ရှီဗစ်ဖြစ်ရေး အတွက်ရော တော်လှန်ရေး အောင်ပွဲခံရေးအတွက်ရော အဆုံးအဖြတ် အခဏ်းက ပါဝင်လိုက်တာဖြစ်တယ်။

ကျွန်တော်တို့ပါတီဟာ ပြန်လည်ပြင်ဆင်ရေးဝါဒကို အကောင် အထည်မဲ့ ဆန့်ကျင်တိုက်ခိုက်နေတာ မဟုတ်ဘူး။ ဗမာပြည်ရဲ့အကောင် အထည် အခြေအနေအရ ဆန့်ကျင်တိုက်ခိုက်နေတာဖြစ်တယ်။

ဗမာပြည် လွတ်လပ်ရေးရပြီးတဲ့နောက် လက်နက်ကိုင်တိုက်ပွဲ မလိုတော့ဘူးလို့ ၁၉၅၅ - ခုနှစ် ဒီဇင်ဘာတုံးက ဗမာပြည်လာရင်း ကရူးရှော့ဖ်က ပြောသွားတယ်။ ဒီဆယ်နှစ်အတွင်းမှာ ကျွန်တော်တို့ ပါတီအနေနဲ့ တော်လှန်တဲ့စစ်ကို ကြံ့ကြံ့ ခိုင်ခိုင် တိုက်ခိုက် နေခြင်းဟာ၊ ကရူးရှော့ဖ်ဝါဒကို လက်တွေ့အကျဆုံး ဆန့်ကျင်တိုက်ခိုက် နေခြင်း ဖြစ်တယ်။

သဘောတရားရေးဘက်ကဆိုရင် ဒီကျောင်းမှာ သိန်းဖေဝါဒ၊ ချမ်းအေးဝါဒတို့ကို ကွက်ကွက် ကွင်းကွင်း ဖော်ထုတ် တိုက်ခိုက် ခဲ့တယ်။ ဒါတွေကတော့ ပါတီ ပက ပြန်လည် ပြင်ဆင်ရေး အနွယ်တွေဖြစ်တယ်။

ပါတီတွင်းမှာလဲရှိနေတဲ့ ပြန်လည်ပြင်ဆင်ရေး ဝါဒအနွယ်တွေကို တိုက်ခဲ့တာဖြစ်တယ်။ ဒီလိုတိုက်ရာမှာလဲ အကောင်အထည်ရှိရှိ တိုက်ခဲ့တာဖြစ်တယ်။ ပြန်လည်ပြင်ဆင်ရေး ဝါဒကို တိုက်ရာမှာ အကောင်အထည်ရှိတဲ့ ဂိုက်တာကတော့ သုံးခုဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နံပါတ် (၁)ကတော့....

အကြမ်းဖက် တော်လှန်ရေး သဘောတရားဟာ မာ့က်စ်ဝါဒရဲ့ အရင်းခံ အကျဆုံးတရားဖြစ်တယ်။ ဒါကိုဗိုကျောင်းမှာ အခိုင်အမာစိုက်ထူ ခဲ့တယ်။ အကြမ်းဖက် တော်လှန်ရေးကို ဆန့်ကျင်တဲ့ အတွေးအခေါ် ကို ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။

အကြမ်းဖက် တော်လှန်ရေးသဘောတရားဟာ တော်လှန်တဲ့လက်နက်ကိုင်တပ်တွေ တည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ် ဖြစ်တယ်။ အကြမ်းဖက် တော်လှန်ရေး သဘောတရားကို အခိုင်အမာစိုက်ထူခြင်းဟာ တော်လှန်တဲ့ လက်နက်ကိုင် တပ်တွေကို ခိုင်ခိုင် မာမာ တည်ဆောက်ခြင်းဖြစ်တယ်။

နံပါတ် (၂) ကတော့

ပစ္စည်းမဲ့အာဏာရှင်စနစ် သဘောထားဟာ မာ့က်စ်ဝါဒ၊လီနင်ဝါဒရဲ့အနှစ်သာရဖြစ်တယ်။ ဒါကိုဗိုကျောင်းမှာ အခိုင်အမာစိုက်ထူခဲ့တယ်။ လူတန်းစား အာဏာထူထောင်ရေး သံသယဖြစ်တာတွေကို ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။ အာဏာမသိမ်းရဲတဲ့အတွေးအခေါ်တွေကို ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။ ကွန်မြူနစ်ပါတီဟာ အာဏာယူရဲသလား၊ မယူရဲဘူးလား၊ အာဏာ ယူမလား မယူဘူးလား ဆိုတာကို ရဲရဲတင်းတင်းအဖြေပေးတာဖြစ်တယ်။

နံပါတ် (၃) ကတော့

ပစ္စည်းမဲ့ပါတီတည်ဆောက်ရေးဟာ အကြမ်းဖက်တဲ့ တော်လှန်ရေး အောင်ပွဲခံရေး ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ် တည်ထောင်ရေး အတွက် အဓိကလက်နက်ဖြစ်တယ်။ ဒါကိုကျောင်းမှာ အခိုင်အမာစိုက် ထူခဲ့တယ်။ ပစ္စည်းမဲ့ လူတန်းစားပါတီရဲ့ အခန်းကို လျှော့ချတဲ့ ပါတီဖျက်သိမ်းရေးအတွေးအခေါ်တွေကို ကျောင်းမှာ ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။

ဒီတရားသုံးခုအပေါ်မှာ ပါတီတရပ်လုံးဟာခိုင်မာမှသာ ပြန်လည်ပြင်ဆင်ရေးဝါဒကိုအပြတ်အသတ်တိုက်ခိုက်နိုင်မယ်။ ကျောင်းအနေနဲ့ ဒီသဘောတရားရေး လက်နက်သုံးခုကို တပ်ဆင်ပေးခဲ့တယ်။ ကျောင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

က ရန်သူနဲ့ မိမိအကြား မျဉ်းကိုပြတ်အောင် လုပ်ပေးခဲ့တယ်။ ဓနရှင်လူတန်းစားနဲ့ ပတ်သက်ပီးတော်လှန်တဲ့ အမြင်ကိုစိုက်ထူပေးခဲ့တယ်။

ပြီးခဲ့တဲ့အချိန်က ပါတီရဲ့ နည်းပရိယာယ်ခေါင်းဆောင်မှုမှာ မှားယွင်းတာတွေရှိခဲ့တော့ ဓနရှင်လူတန်းစားနဲ့ ပတ်သက်ပီး ရှုပ်ထွေးခဲ့တာပဲ။

ဗမာပြည် ဓနရှင်လူတန်းစားနဲ့ပါတ်သက်ပီး ခွဲခြားမှုတွေ ဘယ်လိုဖြစ်ဖြစ်၊ သတ်မှတ်မှုတွေ ဘယ်လိုမှားမှား ဓနရှင်လူတန်းစားဟာ အခြေခံအားဖြင့် ရန်သူလူတန်းစားဖြစ်တယ်။

အမျိုးသား ဓနရှင်လူတန်းစားနဲ့ပတ်သက်ပီး "ပေါင်းတိုက်" နည်းပရိယာယ်ကျင့်သုံးရမှာဖြစ်တယ်။ဒါပေမဲ့အမျိုးသား ဓနရှင်လူတန်းစားဟာလဲ ဓနရှင်လူတန်းစားရဲ့ အစိတ်အပိုင်းဖြစ်တယ်။ ဓနရှင်လူတန်းစားနဲ့ ပတ်သက်ရင် ရန်ဘက်အဖြစ်ရှိရမယ်။ ဓနရှင်လူတန်းစား လက်ထဲက ခေါင်းဆောင်မှုလုယူရမယ်။ ဓနရှင်လူတန်းစား လက်ထဲကအာဏာကို လုယူရမယ်ဆိုတဲ့အမြင်ရှိရမယ်။

ဒီအမြင်ကို ကျောင်းကစိုက်ထူခဲ့တယ်။

နယ်ချဲ့ဆန့်ကျင်ရေးကို အပေါ်ယံပြောတာဟာ ဗမာပြည်ဓနရှင်လူတန်းစားနဲ့ ပတ်သက်တဲ့အမြင်ကို ရှုပ်ထွေးစေတယ်။ ၄၈-ခုနှစ်နောက်ပိုင်း၊ ဗမာပြည်ရဲ့ အခြေအနေမှာ နယ်ချဲ့ဆန့်ကျင်ရေးဆိုရင် ဗမာပြည်အုပ်စိုးတဲ့ ဓနရှင်လူတန်းစားကို ဆန့်ကျင်တိုက်ခိုက်ရေးဖြစ်တယ်ဆိုတာကို ကျောင်းကအခိုင်အမာစိုက်ထူနိုင်ခဲ့တယ်။

ဗမာပြည်အုပ်စိုးတဲ့ ဓနရှင်လူတန်းစားက ပြည်သူတွေကိုသတ်ဖြတ်နေတဲ့အကြားက ဓနရှင်လူတန်းစားဟာ ဘယ်နေရာမှာ တိုးတက်ပါမလဲ၊ ဘယ်လိုထောက်ခံရပါမလဲ၊ကြံစီအားထုတ်နေတာကို ကျောင်းက အခိုင်အမာဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။

ချုပ်ပြောရမယ်ဆိုရင် ကျောင်းအနေနဲ့ ပစ္စည်းမဲ့ လူတန်းစားရဲ့ ရပ်တည်မှုကို အခိုင်အမာစိုက်ထူနိုင်ခဲ့တယ်။"

(ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းတွင်ပြောကြားသော သခင်သန်းထွန်း၏ ကျောင်းဆင်းမိန့်ခွန်းမှုရင်း စာမျက်နှာ ၂-မှ-၁၅)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက်တွင် "မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို အသစ်တဖန်လေ့လာကြစို့" ဟူသောအပိုင်းကို ဆက်လက်၍ အောက်ပါအတိုင်း သခင်သန်းထွန်းက ပြောကြားလေသည်။

"မာ့က်စ်ဝါဒ၊လီနင်ဝါဒအသစ် တဖန်လေ့လာရေးလို့ ပြောတဲ့အခါမှာ မာ့က်စ်၊ အိန်ဂယ်လ်၊ လီနင်၊ စတာလင်တို့ကို လေ့လာရေးသာမက အထူးသဖြင့် ရဲဘော်မော်စီတုန်းကိုလေ့လာရေးဖြစ်တယ်။ ဒီသဘောပဲ ကျောင်းဖွင့်မိန့်ခွန်းမှာ ကျွန်တော်ပြောခဲ့တယ်။

ရဲဘော်မော်စီတုန်းရဲ့ သဘောတရားတွေဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒရဲ့ တလောကလုံးဆိုင်ရာ အမှန်တရားနဲ့ တရုပ်ပြည် တော်လှန်ရေး လက်တွေ့ကို ပေါင်းစည်းထားတာဖြစ်ရုံမကဘူး။ ဒုတိယကမ္ဘာစစ်ပြီး၊ ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေး အဖိနှိပ်ခံပြည်သူတွေနဲ့ အဖိအနှိပ်ခံလူမျိုးတွေရဲ့ အမျိုးသားလွတ်မြောက်ရေး တော်လှန်ရေးအတွေ့အကြုံတွေကို မာ့က်စ်ဝါဒ၊ လီနင်ဝါဒတရားမှန်တွေ အခြေခံပြီး၊နိဂုံးချုပ်ထားတာဖြစ်တယ်။

ဒါကြောင့် ရဲဘော်မော်ရဲ့သဘောတရားတွေဟာ အဖိနှိပ်ခံလူမျိုးတွေနဲ့အဖိနှိပ်ခံပြည်သူတွေအားလုံးအတွက် အကြုံးဝင်တဲ့ ကမ္ဘာ့တရားမှန်တွေဖြစ်တယ်။ ရဲဘော်မော်စီတုန်းရဲ့သဘောတရားတွေဟာ ကျွန်တော်တို့ ခေတ်ရဲ့အထိန်းအမှတ် လက္ခဏာဆောင်တယ်။ တနည်းအားဖြင့် ပြောရင် ကျွန်တော်တို့ခေတ်ဟာ မော်စီတုန်းခေတ်ပဲ၊ ရဲဘော်မော်စီတုန်းရဲ့ သဘောတရားတွေဟာ အဖိနှိပ်ခံပြည်သူတွေ အဖိနှိပ်ခံ လူမျိုးတွေအားလုံးက ဘုံပစ္စည်းအဖြစ် ပိုင်ဆိုင်တဲ့ အဘိုးထိုက် အဘိုးတန်ရတနာတွေဖြစ်တယ်။

မော်စီတုန်းရဲ့ အတွေးအခေါ်ဟာ ကျွန်တော်တို့ခေတ်ရဲ့ မာ့က်စ်ဝါဒ-လီနင်ဝါဒပဲ၊ ဒါကိုကျွန်တော်တို့ အခိုင် အမာ ဆုတ်ကိုင်ထားရမယ်။

ဒါကြောင့်ကျွန်တော်တို့ဟာ ရဲဘော်မော်စီတုန်းရဲ့ သဘောတရားတွေကို အထူးတလည်လေ့လာကြရမယ်။"

(အထက်ပါ-သခင်သန်းထွန်း၏ ကျောင်းဆင်း မိန့်ခွန်းမူရင်း၊ စာမျက်နှာ-၄၅-၄၆-မှ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် သခင်သန်းထွန်းသည် "ရွှေ အလား အလာနှင့် လုပ်ငန်း တာဝန်များ " အပိုင်းကိုလည်း သီးခြားခွဲ၍ ပထမပတ် ဗဟိုမှာကိစ် လီနင်ဝါဒကျောင်း၏ ကျောင်းဆင်း မိန့်ခွန်း နိဂုံးချုပ် အဖြစ်ဖြင့် အောက်ပါ အတိုင်း ပြောဆို၍သွားလေသည်။

"တကယ်ကတော့ ဗိုလ်နေဝင်း စစ်အစိုးရရဲ့ အကြပ်အတည်းဟာ မဖြေရှင်းနိုင်တဲ့ အကြပ်အတည်းဖြစ်တယ်။ ဒီကနေ့သူနဲ့ အဓိကပဋိပက္ခ ဖြစ်နေတာဟာ ပြည်သူတွေနဲ့ ဖြစ်တယ်။ သူရဲ့ ပကတိ လက္ခဏာဟာ ပြည်သူ့ ဆန့်ကျင်ရေးဖြစ်တယ်။ ဒါကြောင့်သူဟာ ပြည်သူတွေနဲ့ ဖြစ်နေတဲ့ ပဋိပက္ခကို ဘယ်နည်းနဲ့မှ မဖြေရှင်းနိုင်ဘူး။ သူ့အကြပ်အတည်းတွေကြောင့် သူဟာတော်လှန်တဲ့ လူထုအုံကြွမှု လှိုင်းတံပိုးတွေ အောက်မှာ စုန်းစုန်းမြုပ်သွားမှာဖြစ်တယ်။

ကျွန်တော်တို့ အခက်အခဲဟာ ရန်သူ အကြပ် အတည်းနဲ့ အခြေခံ လက္ခဏာ အရ ခြားနားတယ်။ ကျွန်တော်တို့မှာ အခက် အခဲတွေကို ကျော်လွှန်နိုင်တဲ့ နည်းလမ်းတွေ အပြည့်အဝရှိဘယ်။ ကျွန်တော်တို့ရဲ့ အခက်အခဲတွေဟာ ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှု လူထုရဲ့ အကူအညီနဲ့ ကျော်လွှန်နိုင်တဲ့ အခက်အခဲတွေဖြစ်တယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ ကေန်မုချအောင်ပွဲခံရမှာ ဖြစ်တယ်။

ဒီကနေ့အခြေအနေကတောင်းဆိုနေတာက ဒီကနေ့အခြေအနေမှာ ဖြစ်နိုင်တာနဲ့ ကျွန်တော်တို့ရဲ့လုပ်နိုင်တဲ့ စွမ်းအားနဲ့နှိုင်းယှဉ်ရင် ကျွန်တော်တို့ဟာ အတော်ပဲနောက်ကျနေတယ်။

အခြေအနေကို အမှီလိုက်ဘို့ ကျွန်တော်တို့ဟာ အများကြီးအားထုတ်ရမယ်။

တချို့က ကျွန်တော်တို့ကို မလောစေချင်ဘူး။ မှန်ပါတယ်။ အခြေအနေနဲ့ ကျွန်တော်တို့လုပ်နေတာနဲ့ တပြေးညီစွာဖြစ်နေရင် လုံးဝ မလောသင့်ဘူး။ လောရင်မှားတယ်။ ဒါပေမဲ့အခြေအနေနဲ့ ကျွန်တော်တို့ဟာ တပြေးညီစွာဖြစ်နေသလား။ ကျွန် တော် တို့က အများကြီး နောက်ကျနေသလား။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီကနေ့အခြေအနေမှာ လောတာမလောတာဟာ ပြဿနာမဟုတ်ဘူး။

ကျွန်တော်တို့အနေနဲ့ပိုင်းဖြတ်ဘို့ကတော့ အခြေအနေရဲ့နောက်က နေပြီး ရှောက်လိုက်မလား။ အခြေအနေကို အမှီလိုက်ဘို့ လုံးပမ်းအား ထုတ်မလား။

ရဲဘော်တို့။

ကျွန်တော်တို့ရဲ့ရှေ့မှာတော့ တော်လှန်ရေး ဒီလှိုင်းကြီးဟာ တက်လာပြီ။

ကျောင်းကတပ်ဆင်ပေးလိုက်တဲ့ မာ့က်စ်ဝါဒ၊လီနင်ဝါဒကိုစွဲစွဲမြဲမြဲ ဆုပ်ကိုင်ပြီး၊ ဒီတော်လှန်ရေး ဒီလှိုင်းကြီးကို ရဲရဲတက်စီးပြီး မြင်နေရတဲ့ **တဖက်ကမ်းကအောင်ပွဲဆီကို အရောက်ကူးမလား။**

တော်လှန်ရေး ဒီလှိုင်းကြီးရဲ့ရှေ့မှာ တွန့်ဆုတ် တွန့်ဆုတ်နဲ့ ၊ လှိုင်း အပုတ်ခံပြီး လှိုင်းအောက်မှာ အမြုပ်ခံမလား။

"ရဲဘော်တို့ဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို စွဲစွဲမြဲမြဲဆုပ်ကိုင်ပြီး၊ ဒီတော်လှန်ရေး ဒီလှိုင်းကြီးကို ရဲရဲတက်စီးပြီး မြင်နေရတဲ့တဖက်ကမ်း ကအောင်ပွဲဆီကို အရောက်ကူးကြလိမ့်မယ်လို့ ကျွန်တော်လုံးဝ ယုံကြည်ပါတယ်။"

(အထက်ပါ သခင်သန်းထွန်း၏ကျောင်းဆင်းမိန့်ခွန်းမှုရင်းစာမျက်နှာ ၅၉-၆၀မှ)။

ဤကဲ့သို့ပင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်း သည် ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း၏ ကျောင်းဆင်းမိန့်ခွန်းကို ပြောကြားလေသည်။

ထို့ပြင် သခင်သန်းထွန်းသည် ၁၉၆၅ - ခုနှစ် နိုဝင်ဘာလ(၇)ရက်နေ့တွင် ကျင်းပသော "၄၈ - နှစ်မြောက် မဟာအောက်တိုဘာ ဆိုရှယ်လစ် တော်လှန် ရေး"နေ့ အခမ်းအနားဌ်လည်း ဗမာပြည် ကွန်မြူနစ်ပါတီ၏ တဖက်ကမ်းက အောင်ပွဲ ဆိုသည်ကို ဤသို့ပင် ထပ်မံ၍ အဓိပ္ပါယ်ဖွင့်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ကနေ့ ဗမာပြည် ကွန်မြူနစ်ပါတီက ခေါင်းဆောင်ပြီး ဆင်နွှဲနေတဲ့ တော်လှန်ရေးရဲ့ အောင်ပွဲဟာ တဖက်ကမ်းမှာ ရှိတယ်ဆိုတာ လက်တကမ်းမှာ ရှိတယ်လို့ ဆိုလိုတာဖြစ်တယ်။

ကနေ့စစ်အစိုးရရဲ့ စီးပွားရေး အဆောက်အအုံ တခုလုံးရဲ့မဏ္ဍိုင်ဟာ စက်မှုထွန်းကားရေး စိုက်ပျိုးရေး ထွန်းကားရေး မဟုတ်ပဲ နိုင်ငံခြား သွင်းကုန်ထုတ်ကုန် ကုန်သွယ်ရေး စီးပွားရေးဖြစ်နေတယ်ဆိုတာ ပြတယ်။ နယ်ချဲ့ပေါ် မှီခိုနေရတဲ့ ကိုလိုနီတပိုင်း စီးပွားရေးဖြစ်တယ်ဆိုတာပြတယ်။

ဗိုလ်နေဝင်း အစိုးရက ပပက ဖျက်သိမ်းလိုက်ရတယ်ဆိုတာ ဘယ်လိုအဓိပ္ပါယ် ရှိသလဲ။

ဒါဟာ သူတို့ ကြွေးကြော်နေတဲ့ ဆိုရှယ်လစ် စီးပွားရေး တည်ဆောက်ရေးတို့ ပြည်သူပိုင် လုပ်ငန်းတို့ဟာ ပျက်တော့မယ် ဆိုတဲ့ မျှောက်မင်း အူသံသာ ဖြစ်တယ်။

၅၆-ခုနှစ်တုံးက ပြည်တော်သာ စီမံကိန်းဟာ ပျက်သွားတယ်။ ဒါဟာ ၅၈-ခုနှစ်မှာ ဖဆပလ အုပ်စိုးမှု ပြိုကွဲသွားရေး အတွက် ရှေ့တော်ပြေးဖြစ်တယ်။

အခုလဲ စစ်အစိုးရဟာ ပြုတ်ခါနီး တဲတဲလေး ဖြစ်နေပြီ။

ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ လက်ငင်း အရေးတကြီးအလုပ်ကတော့ မျှောက်မင်းအူသံကို ဆိုပြီးတော့ ကြေးစည်ကလေးကိုထုပြီး အမျှဝေပေးလိုက်ဘို့ပဲ ကျွန်တော့တယ်။

ဒါကို တွဲတွဲပြောရရင် စစ်အစိုးရကို အဆင်းတွန်းချပေးဘို့ပဲ ဖြစ်တယ်။"

ယင်းသို့ ပြောကြားပြီးနောက် ပထမပတ် ဗဟိုမဉ္စက်စ် လီနင်ဝါဒကျောင်းသည် ၁၉၆၅-ခုနှစ် နိုဝင်ဘာလ ပထမပတ်အတွင်းတွင် ပြီးဆုံးခဲ့လေသည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၅

၁၉၆၅-ခုနှစ် နိုင်ငံရေး ဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်။

(၁) နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်။

ပထမပတ် ဗဟိုမာ့က်စ်၊ လီနင်ဝါဒကျောင်းသည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသမှ သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၌ရှိသော ကွင်းစမ်းစခန်းသို့ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်နှင့်အတူ ပြောင်းရွှေ့ခဲ့လေသည်။

၁၉၆၅-ခုနှစ် ဇွန်လတွင် ဖြစ်လေသည်။

ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းတွင် မာ့က်စ်ဝါဒ လီနင်ဝါဒ ဘောဂဗေဒ ဘာသာရပ်၏ ဟောပြောချက်များကို သင်ကြားပို့ချနေ၏။

> "အာဏာနှင့် ခနပေါင်းစည်းထားသော မြူရိုကရက် အရင်းရှင်များသည် (မှတ်ချက်။ မြူရိုကရက်အရင်းရှင်ဆိုသည်မှာ အစိုးရအာဏာအပိုင်စီး၊ ပြည်သူ့ဓနဥစ္စာလုယူ၊ အရင်းရှင်လမ်းကြောင်းကိုသွားသော အရင်းရှင်များကို ခေါ်သည်။ မြူရိုကရက် လက်ဝေခံဆိုသည်မှာ အစိုးရအာဏာအပိုင်စီး ပြည်သူ့ဓနဥစ္စာလုယူ နယ်ချဲ့အရင်းရှင်ကို လက်ဝေခံ အရင်းရှင်လမ်းကြောင်းကို သွားသော အရင်းရှင်များကိုခေါ်သည်။) အလုပ်သမားများအား လိမ်ညာလှည့်စားသည့်နည်း တဖက်တည်းကိုသာ သုံးသည်မဟုတ်ပဲ လက်နက်အာဏာကို သုံးပြီး အကြမ်းဖက်ရန်လည်း အသင့်ဖြစ်နေပေသည်။"

(မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ဘောဂဗေဒဘာသာရပ် ဟောပြောချက်အမှတ်(၆)စာမျက်နှာ ၉-မှ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ပင် အာဏာနှင့် မနပေါင်းစည်းထားသော အရင်းရှင်သည် ဗြူရိုကရက် အရင်းရှင်ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထား၏။ ယင်းဖွင့်ဆိုချက်ပေါ်တွင် အခြေပြု၍ ဗဟိုမာ့က်စ်၊ လီနင်ဝါဒ ကျောင်းသားများသည် တော်လှန်ရေးကောင်စီ၏ စီး ပွား ရေး ဆိုင် ရာ ပေါ်လစီများကို ဝေဖန်ကြရသည်၊ တိုက်ခိုက်ကြရသည်။

ထို့နောက်တွင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ဗဟိုမာ့က်စ်ဝါဒ၊ လီနင်ဝါဒကျောင်းသားများအား "ယနေ့တော်လှန်ရေးကောင်စီသည် စစ်တပ်ဗြူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင် ဖြစ်သည်" ဟူသော အဆိုပြုချက်ကို ဆွေးနွေးစေ၏။ ယင်းကို ကျောင်းသားတဦးစီပင် အကျယ်အပြန့် ဆွေးနွေး၍ တင်ပြကြရလေသည်။

ထိုအချိန်တွင် နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်များနှင့် ဗဟိုကော်မတီများလည်း တက်ရောက်၍ လေ့လာကြရလေသည်။

ထိုနောက်တွင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီး ခေါင်းဆောင်သော နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်များသည် ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၌ အဘိဓမ္မာ ဘာသာရပ်နှင့် ဘောဂဗေဒ ဘာသာရပ်များကို ပို့ချစေပြီးနောက်တွင် ယင်းဗဟိုမာ့က်စ်ဝါဒ၊ လီနင်ဝါဒကျောင်း၏ "**ရရှိချက်**" တနည်းအားဖြင့် "**အသီးအပွင့်**" အဖြစ်ဖြင့် ၁၉၆၄-ခုနှစ်၊ဗဟိုကော်မတီအစည်းအဝေးမှ ဆုံးဖြတ်ချက်များကို အသစ်တဖန် ပြင်ဆင် ဆုံးဖြတ်ရေးအတွက် ၁၉၆၅-ခုနှစ်တွင် ပေါ်လစ်ဗြူရိုအဖွဲ့ (နိုင်ငံရေး ဦးဆောင်အဖွဲ့)၏ အစည်းအဝေးကို ကျင်းပကြလေသည်။

၁၉၆၅-ခုနှစ် ဇွန်လတွင် ကျင်းပသော ပေါ်လစ် ဗြူရိုအဖွဲ့ (နိုင်ငံရေး ဦးဆောင်အဖွဲ့) အစည်းအဝေး၌ ဗဟိုဌာနချုပ်မှ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များနှင့် ဗဟိုကော်မတီများသာ တက်ရောက်ကြရလေသည်။

ယင်းနိုင်ငံရေး ဦးဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ကြသည့် နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင်များမှာ (၁) သခင်သန်းထွန်း (၂) ရဲဘော်ဌေး (၃) ရဲဘော် ဘတင်(ဂိုရှယ်) (၄) သခင်ချစ်တို့ ဖြစ်ကြ၏။ ဗဟိုကော်မတီအဖွဲ့ဝင်များအဖြစ်ဖြင့် တက်ရောက်ကြရသူများမှာမူ ရဲဘော် အောင်ကြီးနှင့် သခင်ပုတို့သာဖြစ်ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်၌ဗဟိုဌာနချုပ်စခန်းတွင် ရှိနေသည့် ဗဟိုကော်မတီ အဖွဲ့ဝင်ဖြစ်သော ဗိုလ်ရန်အောင်ကိုမူ ယင်းနိုင်ငံရေး ဦးဆောင်အဖွဲ့၏ အစည်းအဝေးသို့ တက်ရောက်စေခြင်း မပြုကြပေ။ အဘယ့်ကြောင့်ဆိုသော် ဗိုလ်ရန်အောင်သည် ပထမပတ် ဗဟိုမှာကင်စ် လီနင်ဝါဒ ကျောင်း၏ သင်တန်းသား ဖြစ်၍ဟု ဆိုကြလေသည်။

၁၉၆၅-ခုနှစ် ဇွန်လတွင် ကျင်းပသော ပေါလစ် ဗျူရိုအဖွဲ့ အစည်းအဝေး အတွင်းတွင် အလွန် ပြင်းထန်သော အယူအဆ တိုက်ပွဲများ ဖြစ်ကြသည်။ တနည်းအားဖြင့် အတွေးအခေါ် နှစ်ရပ် လမ်းစဉ်နှစ်ရပ်၏ တိုက်ပွဲပင် ဖြစ်လေသည်။

ယင်း အစည်း အဝေးတွင် လမ်းစဉ်တရပ်အား ကိုယ်စားပြု၍ ခေါင်းဆောင်သူများမှာ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့ ဖြစ်ကြ၏။ အခြားသော လမ်းစဉ်တရပ်အား ကိုယ်စားပြု၍ တိုက်ပွဲဝင်သူမှာ ရဲဘော် ဘတင်(ဂိုရှယ်)ဖြစ်ပေသည်။

ထိုကဲ့သို့ နိုင်ငံရေး ဦးဆောင်အဖွဲ့အတွင်း လမ်းစဉ်နှစ်ရပ် အတွေးအခေါ် နှစ်ရပ် တိုက်ပွဲတွင် ကြားသမားများအဖြစ် တွေဝေနေသူ နှစ်ဦးရှိ၏။ ယင်းတို့မှာ ဗဟိုကော်မတီ အတွင်းရေးမှူးဖြစ်သော ရဲဘော်ဌေးနှင့် နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်ဖြစ်သော သခင်ချစ်တို့ဖြစ်ကြလေသည်။

ဤသို့ဖြင့် နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းအဝေးတွင် လမ်းစဉ်နှစ်ရပ်၊ အတွေးအခေါ်နှစ်ရပ်တိုက်ပွဲသည် အသံအမဲဖြစ်၏။ အပြင်းအထန်ဖြစ်၏။သူနိုင်ငါနိုင်အကြိတ်အနယ်ဖြစ်၏။ နောက်ဆုံးတွင် တဦးနှင့်တဦးသဘောတူညီမှုကို လုံးဝပင် မရရှိကြတော့ချေ။

ထိုနိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးတွင် သခင်သန်းထွန်းနှင့်အတူ ရှေ့ဆောင်ရှေ့ရွက်ပြု၍ ရပ်တည်တိုက်ပွဲဝင်သူမှာ ရဲဘော်အောင်ကြီးဖြစ်၏။ သခင်ပုမှာလည်း ရဲဘော်အောင်ကြီးနည်းတူပင်ဖြစ်လေသည်။

အထူးသဖြင့် ယင်း ပေါလစ်ဗျူရိုအဖွဲ့ (နိုင်ငံရေး ဦးဆောင်အဖွဲ့) အစည်းအဝေးတွင် သခင်သန်းထွန်းနှင့်ရဲဘော်အောင်ကြီးတို့ ကိုယ်စားပြုသော လမ်းစဉ်သည် ပေါလစ်ဗျူရိုအဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက်အဖြစ် ဘုံမှတ် နိုင်ငံရေးအတွက် အဓိကမဖိအားနှင့်အဓိကတွန်းအားသည် ပထမပတ် ဗဟိုမှာကင်စ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လီနင်ဝါဒကျောင်းမှ သင်တန်းဆရာများနှင့် ယင်းကျောင်း၏ကျောင်းသားများပင်ဖြစ်လေသည်။

နောက်ဆုံးတွင် လမ်းစဉ်နှစ်ရပ်၊ အတွေးအခေါ်နှစ်ရပ် တိုက်ပွဲတွင် တွေ့ဝေနေသော ရဲဘော်ဌေးနှင့် သခင်ချစ်တို့သည် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးကိုယ်စားပြု၍ ခေါင်းဆောင်တင်ပြသော လမ်းစဉ်ကိုထောက်ခံလိုက်ကြ၏။ ထို့ကြောင့်ပင် ၁၉၆၅ - ခုနှစ်၊ ဇွန်လ ပေါလစ်ဗျူရိုအဖွဲ့ (နိုင်ငံရေးဦးဆောင်အဖွဲ့) အစည်းအဝေးဆုံးဖြတ်ချက် ဟူသော လမ်းစဉ်သစ်တရပ်ကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်လေသည်။

၁၉၆၅ - ခုနှစ်၊ ဇွန်လတွင်ကျင်းပသော ပေါလစ်ဗျူရိုအဖွဲ့၏ ဆုံးဖြတ်ချက်မှာ ဤသို့ဖြစ်လေသည်။

၁၉၆၄ - ခုနှစ် စက်တင်ဘာလ၊ ဗဟိုကော်မတီ
အစည်းအဝေးအပြီး
အခြေအနေနှင့် လုပ်ငန်းတာဝန်များ။

"၁၉၆၅ - ခုနှစ် ဇွန်လတွင် ကျင်းပသော ပေါလစ်
ဗျူရိုအဖွဲ့၏ဆုံးဖြတ်ချက်"

ဟူ၍ ဖြစ်လေသည်။

ယင်းပေါလစ်ဗျူရိုအစည်းအဝေး ဆုံးဖြတ်ချက်တွင်အပိုင်းကြီး (၄) ပိုင်းကို ခွဲခြား၍ထားလေသည်။

(၁) နိုင်ငံတကာ အခြေအနေ။

(၂) ပြည်တွင်းအခြေအနေ။

(၃) အခြေအနေက ပေါ်ပေါက်လာသော ပြဿနာများ အပေါ် သဘောထား။

(၄) လုပ်ငန်းများ။ ....

စသည်တို့ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၅-ခုနှစ်၊ ဇွန်လတွင် ကျင်းပသော ပေါလစ်ဗျူရို အစည်းအဝေး ဆုံးဖြတ်ချက်၏ အပိုင်း (၁) တွင် "နိုင်ငံတကာ အခြေအနေ"နှင့် ပတ်သက်၍ — ဤသို့အကဲဖြတ်ထားလေသည်။

"ရှေ့လာမည့်နှစ်များအတွင်း နိုင်ငံတကာလူတန်းစားတိုက်ပွဲသည် ပို၍ပြင်းထန်လာမည်။ ကမ္ဘာ့အရင်းရှင်စနစ်၏ အထွေထွေကပ်ဆိုက်မှုသည် ပို၍ပို၍နက်ရှိုင်းလာခြင်း၊ အမေရိကန်နယ်ချဲ့သမားသည် နေရာတကာတွင် စစ်ရေးအရရှုံးနိမ့်လာခြင်း၊ တော်လှန်သောကမ္ဘာ့ပြည်သူတို့၏ တော်လှန်ရေး တိုက်ပွဲများသည်လည်း ပိုမို၍ မြင့်မားလာခြင်းတို့ကြောင့်ဖြစ်ပေသည်။

(က) အမေရိကန် နယ်ချဲ့သမားသည် အရှေ့တောင် အာရှတွင် ယခုထက်ပို၍ကျူးကျော်ရေး စစ်ကိုတိုးချဲ့လာမည်။ အမေရိကန်နယ်ချဲ့၏ကျူးကျော်ရေးစစ်မီးသည် ဗမာပြည်ကိုပင် ကူးစက်လာမည်။

အမေရိကန် နယ်ချဲ့သမားသည် စစ်ကိုတိုးချဲ့ရာတွင် နှစ်နည်းလုပ်စရာရှိသည်။ တနည်းမှာ ကေအမ်တီများပိုမိုလှုပ်ရှားစေခြင်း၊ ဖောက်ပြန်သော တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များကို အသုံးချကာ တိုင်းပြည်ပြိုခွဲရေးလုပ်ခြင်း၊ အမေရိကန်အလိုတော်ရိ ပြည်တွင်းဖောက်ပြန်ရေးသမားများ (တည်မြဲ)တို့ အသုံးချကာ အမေရိကန်အလိုကျ အစိုးရတည်ထောင်ရေးအတွက် လှုပ်ရှားခြင်းတို့ဖြစ်၏။

အခြားတနည်းမှာ တည်ဆဲဗိုလ်နေဝင်းစစ်အစိုးရကို အသုံးချကာ ကျူးကျော်ရေးစစ်ကို တိုးချဲ့ခြင်းဖြစ်သည်။ တည်ဆဲ စစ်အစိုးရအား လက်နက်ပစ္စည်း ပိုမိုထောက်ပံ့ခြင်း၊ ပြည်သူ့ဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြည်တွင်းစစ်ကို ပြင်းပြင်းထန်ထန်တိုက်ခြင်းတို့သည် ၎င်း၏ကျူးကျော်ရေးစစ် အစီအစဉ်အတွက် အထူးအရေးပါပေသည်။

အမေရိကန် နယ်ချဲ့သမားသည် ဤနှစ်နည်းစလုံးကို လုပ်နေပြီး လက်ရှိ အခြေအနေတွင် ဒုတိယနည်းကိုပိုလုပ်နေပေသည်။အမှန်စင်စစ်အားဖြင့် အမေရိကန် နယ်ချဲ့သမားသည် တည်မြဲ၏ ဗိုလ်နေဝင်းဖြုတ်ချရေး လှုပ်ရှားမှုကို အကြပ်ကိုင်ရေး လက်နက်အဖြစ် အသုံးချပြီး ဗိုလ်နေဝင်း စစ်အစိုးရကာ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ပြည်သူ့ဆန့်ကျင်ရေး၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်ရေး ဖျက်ဆီးရေးဟူသော မိမိ၏ အလိုကျ ပေါ်လစီနှင့် အစီအစဉ်များကို လုပ်နေအောင် လုပ်ထားပေသည်။

(ခ) အခြားသော အလားအလာ တရပ်မှာ အာရှတိုက် အရှေ့တောင်ပိုင်းပြည်သူများ၏ တော်လှန်ရေးသည် ပိုမိုပြင်းထန် ပိုမိုမြင့်မားလာခြင်းဖြစ်ပေသည်။

အရှေ့တောင် အာရှပြည်သူများသည် ဤနှစ်များအတွင်း အမေရိကန်နယ်ချဲ့ သမားများကို မောင်းထုတ်ရေး၊ ပြည်တွင်းဖောက်ပြန်ရေး အစိုးရများကို ဖြုတ်ချရေးအတွက် အစွမ်းကုန် ကြိုးစားအားထုတ်ကြပေလိမ့်မည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်သော ပြည်သူတို့သည် ယခု ဆင်နွှဲလျက်ရှိသော လက်နက်ကိုင် တော်လှန်ရေးက အောင်ပွဲခံရန် အာဏာသိမ်းနိုင်ရန် အစွမ်းကုန် ကြိုးပမ်း အားထုတ်ကြရပေလိမ့်မည်။

ဗမာပြည်သူတို့၏ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ပြည်သူ့ ဆန့်ကျင်ရေး၊ တော်လှန်ရေး၊ ဖျက်ဆီးရေး၊ ဗိုလ်နေဝင်း စစ်အစိုးရအား လက်နက်ကိုင် တော်လှန်ခြင်းသည်ပင် အရှေ့တောင်အာရှတိုက် အမေရိကန်နယ်ချဲ့သမား ကျူးကျော်ရေးနှင့် စစ်ပြုရေးကို ဆန့်ကျင်တိုက်ခိုက်ခြင်း ဖြစ်ပေသည်။

ဤသို့ဆင်နွှဲရာတွင် အရှေ့တောင်အာရှပြည်သူများ တော်လှန်ရေး၏ အစိတ်အပိုင်းအဖြစ် ဆင်နွှဲရပေလိမ့်မည်။ အမေရိကန်နယ်ချဲ့ ဆန့်ကျင်သော ကမ္ဘာလုံးဆိုင်ရာညီညွတ်ရေးတပ်ပေါင်းစု၏ အစိတ်အပိုင်းအဖြစ် ဆင်နွှဲရပေလိမ့်မည်။

ရှေ့လာမည့် အချိန်ကာလတွင် ဗိုလ်နေဝင်း စစ်အစိုးရ၏ တော်လှန်ရေးဖျက်ဆီးနေသော ပြည်တွင်းလက်နက်ကိုင် အင်အားစုများကို သာမက အမေရိကန်နယ်ချဲ့သမားနှင့် နောက်လိုက်တို့၏ လက်နက်ကိုင် တပ်များကိုပါ ရင်ဆိုင်ရစရာရှိပေသည်။

ဘယ်လောက်ကြီးတဲ့ ရန်သူကို ရင်ဆိုင်ရ ရင်ဆိုင်ရ၊ ဘယ်လောက် ကြာကြာ တိုက်ရတိုက်ရ၊ ဘယ်လောက် အခက်အခဲ အကြပ်အတည်းနှင့် တွေ့ရတွေ့ရ၊ ဗမာပြည်သူများအနေနှင့် မကြုံစဘူးသော နစ်နာမှု

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

များ စွန့်စားမှုများကို ရင်ဆိုင်ရန် အသင့်ရှိရမည်ဖြစ်ပြီး ငါတို့ ကေန်မှချ နိုင်ရမည်ဟူသော ယုံကြည်ချက် အပြည့်အဝဖြင့် တိုက်သွားရမည် ဖြစ်ပေသည်။"

(၁၉၆၅-ခုနှစ် ဇွန်လပေါလစ်ဗြူရိုအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက် စာမျက်နှာ ၅-၆-၇-မှ)

ယင်းပေါလစ်ဗြူရိုအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်၏ အပိုင်း (၂) ဖြစ်သည့် ပြည်တွင်း အခြေအနေနှင့်ပတ်သက်၍လည်း ဤသို့ပင် အကဲဖြတ်ထားလေသည်။

"၆၄-၆၅-တွင် အစိုးရပစ္စည်းများ ပပကပစ္စည်းများ သိမ်းယူဝေငှသော လှုပ်ရှားမှုသည် တပြည်လုံး အနှံ့အပြားတွင် ဖြစ်ပေါ်ခဲ့၏။ ဤတိုက်ပွဲများအတွက် လက်နက်ကိုင်တပ်များသာမက ပြည်သူအများအပြားလည်းပါဝင်ပေသည်။ ၄၇-ခုနှစ်ကပေါ်ပေါက်ခဲ့သောဆန်သိမ်းပွဲများထက် အဆင့်လည်းမြင့်ပြီး လူထုလက္ခဏာဆောင်သည့် အစိုးရကို တိုက်ရိုက် တိုက်ခိုက်သည့် လှုပ်ရှားမှုဖြစ်ပေသည်။

၆၄-၆၅-ခုနှစ်၊ တိုက်ပွဲများတွင် ပြည်သူ့စစ် အများအပြား နေရာတကာတွင် ပါလာကြပေသည်။ ဤအချက်သည် ၅၀-ခုနှစ်နောက်ပိုင်း ဗမာပြည်၏ တော်လှန်သော စစ်တွင် အသစ်ဖြစ်ထွန်းချက် ဖြစ်ပေသည်။ ၄၈-လက်နက်ကိုင် တော်လှန်ရေး၏ လက္ခဏာအချို့ ပြန်လည်ရရှိလာခြင်း ဖြစ်ပေသည်။

၆၅-ခုနှစ်အတွင်း ခရိုင်မြို့ကြီးများအတွင်းသို့ ဝင်ရောက် ဟိုက်ခိုက်ခြင်းများပင် ပေါ်လာပေသည်။ (ထားဝယ်မအူပင် မြောင်းမြ)။

၆၅-ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ လမ်းမကြီးပေါ်တွင် တိုက်ပွဲများ ပြန်ပေါ်လာသည်။ ပျဉ်းမနားတွင် မီးရထားလမ်းဖျက်ခြင်း၊ တောင်ငူတွင် ကျဲပွဲဝင်စီးခြင်း ပဲခူးဖက်တွင် ကျောက်တံခါးကို ဝင်စီးခြင်း - မီးရထားလမ်းကင်းကို ဝင်စီးခြင်း၊ ရန်ကုန်မန္တလေးလမ်းတွင် စစ်ရေးတိုက်ပွဲများ ကျဆင်းသွားသည်မှာ ၅၉-လောက်ကတည်းကဖြစ်၏။ ရန်ကုန်-မန္တလေးလမ်းမပေါ်တွင် တိုက်ပွဲများ ပြန်ပေါ်လာခြင်းသည် တပြည်လုံး နိုင်ငံရေးပေါ်တွင် ကြီးမားသော ဂယက်ရိုက်ခတ်မှုရှိပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၆၅ - ခုနှစ်၏ ထူးခြားချက်တရပ်က ရန်ကုန်နေပြည်တော် ကာကွယ်ရေးအတွက် ရန်ကုန်ပတ်ဝန်းကျင်တွင် ရန်သူသည် စစ်ဆင်ရေးများပြုလုပ်လာရခြင်းဖြစ်သည်။ (လှည်းကူး၊ ပေါင်ကြီး၊ လှိုင်၊ ဘောလယ်တွံတေး၊ တောကြီးတန်း၊ ပဲခူးတောင်ပိုင်း၊ အင်းတကော်၊ သဃ်န်းကျွန်းတဝိုက်) ယင်းသည် လွန်ခဲ့သော ၆ - နှစ်အတွင်း အသစ်ဖြစ်ထွန်းချက်ဖြစ်ပေသည်။

ကချင်ပြည်၊ ရှမ်းပြည်၊ ကရင်ပြည်၊ ကယားပြည် စသည်တို့မှလည်း စစ်အစိုးရကို ပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြသည်။ တိုင်းရင်းသားလူမျိုးများ၏ တော်လှန်တိုက်ခိုက်မှုသည် ပစ္စည်းမဲ့လူတန်းစားပါတီနှင့် တိုင်းရင်းသား လူမျိုးများ မဟာမိတ်ပြုနေခြင်းဖြစ်သည်ဟူသော နိုင်ငံရေးသဘောသာမက၊ ငါတို့၏တော်လှန်သောစစ်သည် ကျယ်ပြန့်သော ပြောက်ကျားစစ်လက္ခဏာဆောင်သည်။ တော်လှန်ဒေသ ပြောက်ကျားဒေသများသည် တပြည်လုံးပြန့်လျက်ရှိသည်ဟူသော တော်လှန်စစ်၏နက်ရှိုင်းမှုကျယ်ပြန့်မှုကိုလည်းပြပေသည်။

ဤအချိန်ကာလအတွင်း ငါတို့၏ပါတီအင်အား၊ လက်နက်ကိုင်အင်အားများသည် တိုးပွားလာခဲ့ပေသည်။ တိုးပွားမှုနှုန်းမှာ ဒေသတခုနှင့်တခုမတူပေ။ အချို့ဒေသတွင် ၂၀ - ရာခိုင်နှုန်းခန့်တိုးပြီး၊ အချို့ဒေသများတွင် ၆၀ - ရာခိုင်နှုန်းခန့်အထိတိုးလာပေသည်။ အခြေခံဒေသနယ်မြေသည် ကျယ်ပြန့်လာပြီး တိုက်ခိုက်ရေးဒေသသည် ပိုမိုကျယ်ပြန့်လာပေသည်။"

(အထက်ပါ ပေါလစ်ဗြူရိုအစည်းအဝေးဆုံးဖြတ်ချက် စာမျက်နှာ ၉-၁၀ မှ)

ထို့နောက် ဤအပိုင်းတွင် "စစ်အစိုးရဆန့်ကျင်ရေး လူထုတိုက်ပွဲများ" ဟူ၍လည်း ဤသို့ဖော်ပြထားလေသည်။

"စစ်အစိုးရဆန့်ကျင်ရေး လူထုတိုက်ပွဲများ"

အစိုးရအုပ်ချုပ်သည့်ဒေသမှ လူတန်းစားအသီးသီးသည် အစိုးရအား ဆန့်ကျင်တိုက်ပွဲဝင်နေကြပေသည်။

စစ်အစိုးရသည် မိမိ၏စီးပွားရေးအကြပ်အတည်း၏ ဝန်ထုပ်ဝန်ပိုးများကို လူထုအပေါ်သို့ပုံချနေပေသည်။ စစ်အစိုးရက ငွေစက္ကူအသစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

များထုတ်လာသဖြင့် ငွေ၏တန်ဘိုးပိုလျော့လာသည်။ ပြည်သူလူထု အနေဖြင့် ပို၍သွေးစုတ်ခံနေကြရပေသည်။

တောင်သူလယ်သမားများအနေဖြင့် လယ်ထွက်သီးနှံများ လက်ဝါးကြီးအုပ် သိမ်းယူအဝယ်ခံရခြင်း၊ အမတော်ကြေးနှင့် အစိုးရကြေးများ အစမှအဖြတ်ခံရခြင်း၊ စားသုံးကုန်ပစ္စည်းများ လုံလုံလောက်လောက် မရရှိခြင်း၊ ဝမ်းစာမလုံလောက်ခြင်း၊ ဆန်ဈေးနှုန်းတိုးမြှင့်လိုက်ခြင်း၊ ကုန်ဈေးနှုန်းများ မိုးထိုးမတတ် မြင့်မားနေခြင်းတို့ကြောင့် မကြုံစဘူး ကြပ်တည်းကြပေသည်။ ထို့ကြောင့်လည်း တောင်သူလယ်သမားများ အထူးသဖြင့် ဆင်းရဲသားလယ်သမားများသည် အစိုးရဆန့်ကျင်ရေး တိုက်ပွဲအတွင်းသို့ ကိုယ်ထိလက်ရောက် ပါဝင်လာကြပေသည်။ ဤသည်ပင်တော်လှန်သော စစ်အတွင်းသို့ ပြည်သူ့စစ်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာခြင်း၏ ပကတိရုပ်ဘဝအကြောင်းရင်းဖြစ်ပေသည်။

အလုပ်သမားများသည်လည်း လုပ်ခနည်းခြင်း၊ အလုပ်အပြင်းခိုင်းခြင်း၊အခမဲ့လုပ်အားပေးကြရခြင်း တို့ကြောင့် တိုက်ပွဲဝင်လာကြသည်။ အလုပ်နှောင့်နှေးအောင် လုပ်သည်မှအစ သပိတ်မှောက်ခြင်းများအထိ အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် တိုက်ပွဲဝင်နေကြပေသည်။

စစ်အစိုးရ၏ ပေါ်လစီများမှားယွင်းခြင်းနှင့် အာဏာလက်ရှိအုပ်စုဝင်များကအုပ်စားနေကြသဖြင့် လူသုံးပစ္စည်းများဈေးကြီးရှားပါးပြီး လူထုလက်ထဲမရောက်ပဲနှင့် လူထုအများ အလွန်အမင်းကြပ်တည်းကျဉ်းမြောင်းကြသည်။ ထို့ကြောင့်လည်း လူတန်းစားအသီးသီးသည် အစိုးရ၏ ကုန်စည်ဖြန့်ဖြူးရေးစနစ်ကိုပုံသဏ္ဍာန်အမျိုးမျိုးဖြင့်တိုက်ပွဲဝင်နေကြသည်။ စစ်အစိုးရက အဓိကရန်သူ တဦးအဖြစ်တိုက်နေသော တန်းစီတိုးစားလုပ်နေးသည် အစိုးရ၏ မှားယွင်းသော ပေါ်လစီကြောင့် မရှောင်မလွှဲသာ ပေါ်ပေါက်လာခြင်းဖြစ်ရာ အမှန်စင်စစ်အားဖြင့် မြို့နေ ဆင်းရဲသားများ၏ ဘဝသက်သာချောင်ချိရေးတိုက်ပွဲ၏ အသွင်တရပ်သာဖြစ်ပေသည်။

ဘတ်စ်ကားသပိတ်များလည်း မကြာခဏဖြစ်ပေါ်နေပေသည်။

လူထုကြီးမကျေနပ်မှုသည် မကြာခဏ ပေါက်ကွဲ၍ ထွက်လာပေသည်။ ရန်ကုန်မြို့လည်ခေါင်တွင် မကြာခဏ အဓိကရုဏ်းများပင်ဖြစ်ပွားခဲ့ပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သပိတ်များအဓိကရုဏ်းများသည်လက်နက်ကိုင်ပုန်ကန်မှု၏ရှေ့တော်ပြေးဖြစ်သည်ဟု လီနင်က ၁၉၀၅-ခုနှစ် ပထမရုရှားတော်လှန်ရေးနှင့်ပတ်သက်၍ ဖော်ပြခဲ့ဘူး၏။ တပြည်လုံးတွင် လက်နက်ကိုင်တော်လှန်ရေးဖြစ်နေသော အခြေအနေတွင် အစိုးရပစ္စည်းများကိုပြည်သူ့တော်လှန်ရေးလက်နက်ကိုင်တပ်နှင့် လူထုက ပူးပေါင်းပြီးသိမ်းယူဝေငှနေသည်။ တပြည်လုံးအခြေအနေတို့တွင် ရန်ကုန်နေပြည်တော်၌ အလုပ်သမားတိုက်ပွဲများကို အပြင်းအထန် ဖိနှိပ်နေသည့်အကြားမှ အလုပ်သမားသပိတ်များ တစွန်းတစပေါ်ပေါက်လာနေခြင်း၊ အဓိကရုဏ်းများပေါ်ပေါက်ခြင်းသည် တော်လှန်ရေး အုံကြွမှုအဆင့် မြင့်မားလာနေခြင်း၊ ၄၈-ခုနှစ် တော်လှန်ရေးအခြေအနေသို့ ဦးတည်ဖြစ်ပေါ်နေခြင်းတို့ကို ပြပေသည်။”

(အထက်ပါ ပေါလစ်ဗြူရိုအစည်းအဝေးဆုံးဖြတ်ချက် စာမျက်နှာ ၁၂-၁၃ မှ)

ထို့နောက် ပြည်တွင်းအခြေအနေနှင့် ပတ်သက်၍ “အခြေအနေတခုလုံး၏အချုပ်”ဟူ၍လည်း ဤသို့ဖော်ပြထားလေသည်။

“အခြေအနေတခုလုံး၏အချုပ်”

- တော်လှန်ရေးသည် တက်လျက်ရှိကြောင်း။
- တော်လှန်သော လက်နက်ကိုင်တိုက်ပွဲ တိုးတက်သည်နှင့်အမျှ လူတန်းစားအသီးသီးသည် စစ်အစိုးရအား အဖက်ဖက်မှ ဆန့်ကျင်တိုက်ခိုက်နေကြပြီဖြစ်ကြောင်း။
- စစ်အစိုးရသည် တကောင်ကြွက်ဖြစ်လာနေပြီး၊ ပေါက်ကွဲလုဆဲဆဲမိုင်းဗုံးကဲ့သို့ ဖြစ်နေပြီဖြစ်ကြောင်း။
- စစ်အစိုးရနှင့်မဖြစ်တော့၊ အစိုးရသစ်နဲ့မှဖြစ်မည်ဟု ပြည်သူများကသိမြင်လာနေကြောင်း။
- စစ်အစိုးရသည် ၎င်း၏အခြေအနေကို ထိန်းသိမ်းရန် နယ်ချဲ့အကူအညီဖြင့် အစွမ်းကုန်ကြိုးစားမည်ဖြစ်ကြောင်း။

စစ်အစိုးရ ဖြုတ်ချရေး၊ အမေရိကန်အစိုးရအလိုကျ အစိုးရကည်ထောင်ရေးဟူသော အသံနောက်တွင် တည်မြဲကိုဗဟိုပြု၍ရင်း၊ စစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အာဏာရှင်စနစ်ကို တိုက်ဖျက်ရေး၊ ပြည်သူ့အစိုးရ တည်ထောင်ရေး၊ တနည်းအားဖြင့် အမျိုးသားဒီမိုကရေစီ အစိုးရတည်ထောင်ရေး ဟူသော အလံအောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီကို ဗဟိုပြု၍ရင်း၊ နိုင်ငံရေးအင်အားသည် စုစည်းလာကြပြီဖြစ်ကြောင်း။

တော်လှန်သော စစ်ရေးဖက်တွင် တိုးတက်မှုများ ရှိစေကာမူ ဗဟိုမှ စနစ်တကျ ဦးစီးကြီးကြပ်နည်းပရိယာယ် ထိုးစစ်များ ဆင်ရေး ပစ္စည်းမှု လူတန်းစား နိုင်ငံရေး လွှမ်းမိုးသော တပ်မတော် တည်ဆောက်ရေး ပြောက်ကျားစစ် ဒေသများ တိုးချဲ့ရေးနှင့် အသစ်ဖွင့်ရေးတို့အတွက် များစွာ လုံးပမ်းရန် လိုနေသေးကြောင်း လူထုကြီး၏ အုံကြွလာမှုမှာ အလိုအလျောက် လက္ခဏာဆောင်နေဆဲဖြစ်ပြီး ဖောက်ပြန်သောစနစ်ရှင် နိုင်ငံရေး ဩဇာများကို တိုက်ဖျက်ကာ တော်လှန်ရေး လမ်းစဉ်အရ စည်းရုံးမိအောင် များစွာ လုံးပမ်းရဦးမည် ဖြစ်ကြောင်း။

၆၄-ခုနှစ် ဗဟိုကော်မတီက မှန်ကန်သော လမ်းစဉ်ကို ချထားပြီး ဖြစ်စေကာ ပါတီ၏ နိုင်ငံရေးစည်းရုံးရေး လုပ်ငန်းများသည် အခြေအနေ၏ တောင်းဆိုမှုထက် နောက်ကျနေကြောင်း ပါတီအနေနှင့် တော်လှန်ရေးကို ရဲရဲတင်းတင်း ခေါင်းဆောင်သွားရန် တာဝန်ယူထားသည့်အတိုင်း အခြေအနေနှင့် တပြေးညီစွာ ရဲတင်းစွာ ရှေ့ဆောင်သွားရန် အထူးလိုအပ်နေကြောင်း။”

(အထက်ပါ ပေါလစ်ဗျူရိုအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက် စာမျက်နှာ ၁၇ မှ)

ထို့နောက်တွင်—တော်လှန်ရေး ကောင်စီ အစိုးရနှင့် ပတ်သက်သော လူတန်းစား လက္ခဏာ သတ်မှတ်ချက်ကိုလည်း ၁၉၆၄-ခုနှစ် ဗဟိုကော်မတီ အစည်းအဝေးက ဆုံးဖြတ်ထားသည့် သဘောထားကို အောက်ပါအတိုင်း သတ်မှတ်ချက်အသစ်တရပ်ကို ချမှတ်လိုက်လေသည်။

“ဗိုလ်နေဝင်းတို့သည် အစိုးရအာဏာကို အသုံးပြုပြီး တိုင်းပြည်စီးပွားရေးကို လက်ဝါးကြီးအုပ်သောအရင်းရှင်စနစ်ကို လုပ်နေသဖြင့် **အစိုးရ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်** ဟုလည်း ခေါ်နိုင်သည်။ နယ်ချဲ့နိုင်ငံများမှ အစိုးရလက်ဝါးကြီးအုပ် အရင်းရှင်စနစ်နှင့် ထပ်တူမဟုတ်ပဲ ဗမာပြည် အခြေအနေအရ အစိုးရ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ပင် ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်နေဝင်းတို့အစုသည် စစ်တပ်အစုမှ ဖြစ်သဖြင့် ဗိုလ်နေဝင်းတို့ ကျင့်သုံးသော အစိုးရ အရင်းရှင်စနစ်ကို စစ်တပ်မြူရိုကရက် အရင်းရှင်စနစ်ဟု သတ်မှတ်ခြင်းက အသီလျော်ဆုံး ဖြစ်ပေလိမ့်မည်။

စစ်အစိုးရ၏ အစိုးရ အရင်းရှင်စနစ်(ဝါ)စစ်တပ် မြူရိုကရက် အရင်းရှင် စနစ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားရမည်။

* မြူရိုကရက် အရင်းရှင် စနစ်ကို တိုက်ဖျက် ပစ်ရမည်။
* ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်သော အမျိုးသား ဒီမိုကရေစီ အစိုးရက မြူရိုကရက် အရင်းရှင် စနစ် ဆိုင်ရာ ပစ္စည်းများကို သိမ်းယူပြီး တကဲ့ပြည်သူပိုင် လုပ်ငန်းဖြစ်အောင် လုပ်ရမည်။
* စစ်အစိုးရက မသိမ်းသင့်ပဲ သိမ်းယူထားသည်တို့ကို စိစစ်ပြီး ပြန်လည် လုပ်ကိုင်ခွင့်ပေးရမည်။

မနရှင်လူတန်းစားနှင့် ပတ်သက်၍ အလွန်ရှုပ်ထွေးခဲ့သော အတွေ့ အကြုံများ၊ ပါတီတွင်းရှိခဲ့သဖြင့် ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါ အတိုင်း တလှမ်းချင်းလုပ်သွားရန် ဆုံးဖြတ်သည်။

* လက်ငင်းအားဖြင့် ၆၄-ခုနှစ် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်း ဗိုလ်နေဝင်းတို့၏အစိုးရ အရင်းရှင်စနစ်ကို အစိုးရ အရင်းရှင်စနစ်ဟု ဆက်လက်ခေါ်ဝေါ်သုံးစွဲသွားရန်။
* တချိန်တည်းတွင် ဗိုလ်နေဝင်းတို့ ကျင့်သုံးနေသော အစိုးရအရင်းရှင် စနစ်မှာ အနှစ်သဘောအရ မြူရိုကရက် အရင်းရှင်စနစ်ဖြစ်ကြောင်း၊ အစိုးရလက်ဝါးကြီးအုပ် အရင်းရှင်စနစ်ပင်ဖြစ်ကြောင်း သဘောတရား အရ အချက်အလက်အရ ပညာပေးသွားရန်။
* ပါတီတွင်း ပညာပေးမှုလုပ်ပြီးနောက် စစ်တပ်မြူရိုကရက် အရင်း ရှင်စနစ် (သို့မဟုတ်) စစ်အစိုးရ လက်ဝါးကြီးအုပ် အရင်းရှင် စနစ် ဟူသော ဝေါဟာရတခုခုကို ပြည့်စုံသောနားလည်မှုဖြင့် အစိုးရ အရင်းရှင်စနစ်ဟူသော ဝေါဟာရကို အစားထိုးသွားရန်။

(အထက်ပါ ပေါလစ်မြူရိုအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်—
စာမျက်နှာ ၂၅-၂၆-မှ)

ထို့နောက် ဤပေါလစ်ဗြူရိုအဖွဲ့ အစည်းအဝေးတွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ၁၉၆၄-ခုနှစ်၊ နိုင်ငံရေးလမ်းစဉ်သည် ငြိမ်းချမ်းရေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လမ်းစဉ် မဟုတ်ကြောင်းကိုလည်း အတိအလင်း ဖော်ပြပြီး "စစ်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ်" တနည်းအားဖြင့် "အပြုတ်တိုက်ရေးလမ်းစဉ်" ဖြစ်သည်ဟု ဤသို့ အတိအလင်းဆုံးဖြတ်လိုက်လေသည်။

ထို့ပြင် ပြည်တွင်း ငြိမ်းချမ်းရေး အတွေး အခေါ် သမားများကိုလည်း သုတ်သင်ရှင်းလင်းပစ်ရန် အတွက် ဤသို့ဖော်ပြထားသည်။

"ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး ပြန်လည် တည်ဆောက်ရေးသည် ဗမာပြည် ပြဿနာအရပ်ရပ်ကို ဖြေရှင်းရေး အတွက် အဓိကသော့ချက်ဖြစ်သည်ဟူသော အတွေးအခေါ်ကို သုတ်သင်ရှင်းလင်းပစ်ရမည်။ အမှန်စင်စစ်အားဖြင့် ငါတို့ အာဏာသိမ်းရေးသည်သာလျှင် ပြဿနာ အရပ်ရပ်ဖြေရှင်းရေးအတွက် သော့ချက်ဖြစ်သည်။"

(အထက်ပါ-ပေါလစ်ဗြူရိုအဖွဲ့၊ အစည်းအဝေးဆုံးဖြတ်ချက်-စာမျက်နှာ–၃၀=၅)

ယင်းပေါလစ်ဗြူရိုအဖွဲ့၊အစည်းအဝေး၏ နောက်ဆုံးအပိုင်းတွင် ဗမာပြည်၏ ရွှေအလားအလာနှင့် ပတ်သက်၍လည်း ဤသို့ဆုံးဖြတ်ထားလေသည်။

"ရေရှည်စစ် အတွက် ပြင်ဆင်မှု"

အမေရိကန် နယ်ချဲ့သမားသည် ဗမာပြည်ထဲအထိ ကျူးကျော်ရေးစစ်ကို တိုက်ရိုက်တိုးချဲ့လာနိုင်ကြောင်း အဆိုးဆုံးအခြေအနေကို မျှော်မှန်းထားရန်လိုသည်။

ပါတီတရပ်လုံး၊ ပြည်သူတရပ်လုံး၊ အမေရိကန် နယ်ချဲ့သမားကို အနိုင်တိုက်မည်။ တော်လှန်သောစစ်အတွက် အတွေးအခေါ်အရ ပြင်ဆင်ထားရန်လိုသည်။

အမေရိကန်နယ်ချဲ့နှင့် စစ်အင်အားကို မကြောက်ရေး၊ အတွေးအခေါ်ထူထောင်ပေးရန်လိုသည်။လူနှင့် လက်နက်တွင် လူသည် အဓိကဖြစ်ကြောင်း၊ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ အမြင်ကို ပညာပေးထားရမည်။

ဗီယက်နမ်ကဲ့သို့ ကျဉ်းမြောင်းသော တိုင်းပြည် မျိုးတွင် နေရာတကာ၌ ဗုံးမိုးရွာချနိုင်သော အနေအထားတွင် ပထဝီ အနေအထားကို အားကိုး၍မဖြစ်ကြောင်း၊ တော်လှန်သောလူထု ကျယ်ပြန့်သော ပြောက်ကျားစစ်နှင့် ကြံ့ခိုင်သောပါတီသာလျှင် စစ်နိုင်ရေးအတွက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အာမခံချက်ဖြစ်ကြောင်း ငါတို့ပါတီတွင်းမှာလည်း တော်လှန်သော လူထု ကျယ်ပြန့်သော ပြောက်ကျားစစ် ကြံ့ခိုင်သော ပါတီတို့ထက် ပထဝီ အနေအထားကို အားကိုးသည့် မှားယွင်းသော အတွေးအခေါ်များကို ဆန့်ကျင်တိုက်ခိုက်သွားရန် လိုပေသည်။

(အထက်ပါ-ပေါလစ်ဗျူရို အဖွဲ့၊ အစည်းအဝေး ဆုံးဖြတ်ချက်-စာမျက်နှာ-၃၁-၅)

ဤသည်တို့မှာ ၁၉၆၅-ခုနှစ် ဇွန်လတွင် ကျင်းပသောပေါလစ်ဗျူရိုအဖွဲ့ အစည်းအဝေးမှ ဆုံးဖြတ်ချက်များပင်ဖြစ်လေသည်။

(၂) ရဲဘော်ဘတင် (ဂိုရှယ်) ၏ကန့်ကွက်ချက်။

၁၉၆၅-ခုနှစ်၊ ဇွန်လတွင် ကျင်းပသော ပေါလစ်ဗျူရိုအဖွဲ့၏ အစည်းအဝေးတွင် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်သော ရဲဘော်ဘတင် (ဂိုရှယ်) သည် ၁၉၆၄-ခုနှစ် ဗဟိုကော်မတီ၏နိုင်ငံရေးလမ်းစဉ်အား သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ပယ်ဖျက်၍ "လမ်းစဉ်သစ်" တရပ်ဖြင့် အစားထိုး၍ ဆုံးဖြတ်သည်ကို ပြင်းထန်းစွာပင် ကန့်ကွက်လေသည်။

အမှန်စင်စစ်အားဖြင့် ရဲဘော်ဘတင် (ဂိုရှယ်) သည် ၁၉၆၄-ခုနှစ် နိုင်ငံရေးလမ်းစဉ်သည် "ရောကြော်ဝါဒ" "စုပေါင်းစပ်ပေါင်းဝါဒ"ဖြစ်သည်ဟု ဆိုကာ ကန့်ကွက်ခဲ့သူဖြစ်၏။ သို့သော်လည်း ၁၉၆၄-ခုနှစ်၊ နိုင်ငံရေးလမ်းစဉ်ကို သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့မှ ယခုကဲ့သို့ဗဟိုကော်မတီဆုံးဖြတ်ချက်ကို အလွယ်တကူ ပယ်ဖျက်လိုက်သောအခါတွင် ၁၉၆၄ - ခုနှစ်၊ နိုင်ငံရေးလမ်းစဉ်ကို အခိုင်အမာကာကွယ်ခဲ့လေသည်။

ထိုသို့ ၆၄ - ခုနှစ် လမ်းစဉ်ကို ကာကွယ်ခဲ့ခြင်းမှာ ယင်း ၆၄ - ခုနှစ် နိုင်ငံရေးလမ်းစဉ်သည် ဗဟိုကော်မတီ၏ တရားဝင်နိုင်ငံရေးလမ်းစဉ် ဖြစ်နေသောကြောင့် ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီသည် လီနင်၏ ပါတီတည်ဆောက်ရေး အခြေခံမူများအရ စည်းရုံးရေးဆိုင်ရာ ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ထားခဲ့လေသည်။

ထို့ကြောင့် ယင်းမာ့က်စ်လီနင်ပါတီတရပ်၏ စည်းရုံးရေးမူအရင်း၊ ၆၂-ခုနှစ် ဗဟိုကော်မတီ၏ ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့) ၏ အခွင့်အာဏာနှင့် ပတ်သက်သော ဆုံးဖြတ်ချက်အရင်း၊ သခင်သန်းထွန်းတို့ (ပီဘီ) ပေါလစ်ဗျူရိုအဖွဲ့သည် ၆၄-ဗဟိုကော်မတီ၏ နိုင်ငံရေးလမ်းစဉ်ကို ပြင်ဆင်ပြောင်းလဲနိုင်ခွင့်မရှိပေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပီဘီ (ပေါလစ်ပြူရိုအဖွဲ့) ၏ အခွင့်အာဏာနှင့် ပတ်သက်၍ ၆၂-ဗဟိုကော်မတီအစည်းအဝေးမှ ဤသို့ဆုံးဖြတ်ထားလေသည်။

(က) ပီဘီ (ပေါလစ်ပြူရိုအဖွဲ့) သည် အခြေခံသဘောအရ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်များကို မပြင်နိုင်။

(ခ) ပြင်ဆင်ရန်လိုအပ်ပါက အရေးပေါ်ဗဟိုကော်မတီ အစည်းအဝေးကိုခေါ်ယူပြီးမှသာ ပြင်နိုင်ခွင့်ရှိသည်။

(ဂ) အရေးပေါ် ဗဟိုကော်မတီအစည်းအဝေး မခေါ်ယူနိုင်ပါက တိုးချဲ့ပီဘီ (ပေါလစ်ပြူရိုအဖွဲ့) အစည်းအဝေးခေါ်၍ သတ်မှတ်ထားသော မဲအရည်အတွက်ရမှသာ ပြင်သင်နိုင်သည်။

(မှတ်ချက်။ ။သတ်မှတ်ထားသော မဲအရေအတွက်ဆိုသည်မှာ....
— ပီဘီ (ပေါလစ်ဗြူရို) အဖွဲ့ဝင်အများစုလည်းပါပြီး။
— ဗဟိုကော်မတီ (အပြည့်) ၅-မဲ အနည်းဆုံး ရမှဖြစ်နိုင်သည်။ စာရေးသူ)

ယခုမူ သခင်သန်းထွန်းတို့သည် ဗဟိုကော်မတီ၏ သာမန် ဆုံးဖြတ်ချက်တခုကိုပြင်ရန်မဟုတ်ချေ။ အရေးကြီးလှသည့် နိုင်ငံရေးလမ်းစဉ်တရပ်လုံးကို ပြင်ဆင်မည့်ကိစ္စဖြစ်နေသဖြင့် ပီဘီ (ပေါလစ်ပြူရိုအဖွဲ့) သည် မိမိအခွင့်အာဏာဘောင်ကိုကျော်၍ မည်သို့မှမပြုလုပ်နိုင်ပေ။ ယင်း လီနင်၏ပါတီတည်ဆောက်ရေး၊ စည်းရုံးရေးမူကိုလေးစားသင့်ပေသည်။

ထို့ကြောင့် ရဲဘော်ဘတင်က ၆၄-လမ်းစဉ်ကို ကာကွယ်ခြင်းမှာ တရားဝင်ဗဟိုကော်မတီ၏ နိုင်ငံရေးလမ်းစဉ်ကို ကာကွယ်ခြင်းဖြစ်ပြီး ပါတီ၏စည်းရုံးရေးမူကိုလည်း ထိန်းသိမ်းရန်လိုအပ်ခြင်းကြောင့်ဖြစ်ပေသည်။

(မှတ်ချက်။ ။သခင်သန်းထွန်းတို့က ပါတီ၏စည်းရုံးရေးမူကို ပစ်ပယ်လုပ်ကိုင်မှုအား ရဲဘော်ဘတင်သာလျှင်မက ရဲဘော်မြ၊ ရဲဘော်စိုးသန်း၊ ဗိုလ်ရန်အောင် စသည့် ဗဟိုကော်မတီများကလည်း အကြိမ်ကြိမ်ကန့်ကွက်ခဲ့ကြ၏။ ထို့ပြင် ဗဟိုကော်မတီအစည်းအဝေးကို အမြန်ဆုံးခေါ်ပေးရန် ထပ်တလဲလဲတင်ပြခဲ့ကြသည်။ သို့သော် သခင်သန်းထွန်းတို့ကမူ၊ ဗဟိုကော်မတီအစည်းအဝေး ကျင်းပနိုင်သည့် အခြေအနေ မရှိသေးဟု အကြောင်း ပြကာ၊ အစည်းအဝေးကို ခေါ်မပေးပဲထားခဲ့ပါသည် စာရေးသူ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဘတင်(ဂိုရှယ်)သည် ၁၉၆၅-ခုနှစ်၊ ဇွန်လတွင် ကျင်းပသော ပေါ လစ်ဗြူရိုအဖွဲ့ အစည်းအဝေးတွင် သခင်သန်းထွန်း တင်သွင်းသော နိုင်ငံရေး အစီရင်ခံစာတခုလုံးကို အစမှအဆုံးတိုင် လုံးဝနှင့် အကြွင်းမဲ့ပင် ကန့်ကွက် ကြောင်းကို ယင်းအစည်းအဝေး၌ မှတ်တမ်းတင်၍ထားစေခဲ့လေသည်။

ထို့နောက်တွင် ရဲဘော်ဘတင်(ဂိုရှယ်)သည် ယင်းအစည်းအဝေး၌ တင်ပြ ခဲ့သည့်သဘောထားများကိုလည်း စာတမ်းတစောင်အဖြစ် ပြုစုရေးသား၍ တိုင်းအသီးသီးတွင် ခေါင်းဆောင်နေကြသော ဗဟိုကော်မတီ အဖွဲ့ဝင်များသို့ လည်းဗဟိုဌာနချုပ်မှတဆင့် ဖြန့်ချိပေးရန်အတွက် တောင်းဆိုခဲ့လေသည်။

"ဗဟိုကော်မတီအဖွဲ့ဝင် ရဲဘော်များသို့ ၆၅-ခုနှစ်၊ ဇွန်လပေါလစ်ဗြူရို ဆုံးဖြတ်ချက်အပေါ် ကျွန်တော်၏အမြင် တင်ပြချက်"

ဤသည်မှာ ရဲဘော်ဘတင် (ဂိုရှယ်)၏ တင်ပြချက် စာတမ်းပင်ဖြစ်လေ သည်။

ရဲဘော်ဘတင် (ဂိုရှယ်)သည် ယင်းတင်ပြချက်စာတမ်းကို အပိုင်းကြီး (၅)ပိုင်းကို ခွဲခြား၍ တင်ပြထားလေသည်။

(၁) ပီဘီ(ပေါလစ်ဗြူရိုအဖွဲ့) ဆုံးဖြတ်ချက်ပါ ရပ်တည်ချက်နှင့် သဘောထားများကို အခိုင်အမာဆန်းစစ်ဝေဖန်ခြင်း။

(၂) မိမိ၏ရပ်တည်ချက်နှင့် သဘောထားများကို တင်ပြခြင်း။

(၃) ကျွန်ုပ်တို့ကွဲလွဲချက်များ နိုင်ငံရေးနှင့် အယူဝါဒရေးအဓိပ္ပါယ်။

(၄) နိဂုံးချုပ်ချက်များ။

(၅) ကျွန်တော်၏ တောင်းဆိုချက်။

စသည်တို့ဖြစ်ပေသည်။

ရဲဘော်ဘတင်သည် မျက်မှောက်ဗမာပြည်၏ နိုင်ငံရေးအခြေအနေများနှင့် ပတ်သက်သည့် သခင်သန်းထွန်းတို့၏ အကဲဖြတ်ချက်များကို ဤသို့ဝေဖန် ထောက်ပြထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်ုပ်တို့"အပြုတ်တိုက်ရေး" ဝါဒီများက မျက်မှောက် မြန်မာပြည် နိုင်ငံရေးအခြေအနေကို မည်သို့အကဲဖြတ်ပါသနည်း

"ကျွန်ုပ်တို့ အပြုတ်တိုက်ရေး" ဝါဒအမြင်ပေါ်မှ ပီဘီ(ပေါလစ်ဗြူရို)ဆုံးဖြတ်ချက်သည် နိုင်ငံတကာ့အခြေအနေနှင့်ဆက်စပ်ပြီး လက်ရှိ ဗိုလ်နေဝင်း အစိုးရနှင့် ပတ်သက်၍၎င်း၊ ရှေ့အလားအလာနှင့် ပတ်သက်၍၎င်း၊ အခြေအနေကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(မှတ်ချက်။ ။အပြုတ်တိုက်ရေးဝါဒီဟု ရဲဘော်ဘတင်က သုံးနှုန်းထားခြင်းမှာ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့ကို ခေါ်ဆိုသုံးနှုန်းထားခြင်းဖြစ်သည်။ စာရေးသူ)

"အမေရိကန်နယ်ချဲ့သမားသည် အရှေ့တောင်အာရှတွင် ယခုထက်ပို၍ ကျူးကျော်ရေးစစ်ကို တိုးချဲ့လာမည်။ အမေရိကန် နယ်ချဲ့၏ ကျူးကျော်ရေးစစ်မီးသည် ဗမာပြည်ကိုပင်ကူးစက်လာမည်။ (စာမျက်နှာ-၃)

....အမှန်စင်စစ်အားဖြင့် အမေရိကန်နယ်ချဲ့သမားသည် တည်မြဲ၏ ဗိုလ်နေဝင်းဖြုတ်ချရေး လှုပ်ရှားမှုကို အကြပ်ကိုင်ရေး လက်နက်အဖြစ် အသုံးချပြီး ဗိုလ်နေဝင်း စစ်အစိုးရက မိမိအလိုကျ ပေါ်လစီနှင့် အစီအစဉ်များ လုပ်နေအောင် လုပ်ထားပေသည်။ (စာမျက်နှာ-၄)။

"ဗမာပြည်သူတို့က ဗိုလ်နေဝင်း စစ်အစိုးရအား လက်နက်ကိုင်တိုက်ခိုက်ခြင်းသည်ပင် အမေရိကန်နယ်ချဲ့သမား၏ ကျူးကျော်ရေးနှင့် စစ်ပြုရေးကို ဆန့်ကျင်တိုက်ခိုက်ခြင်း ဖြစ်ပေသည်။ (စာမျက်နှာ-၄)

ရှေ့လာမည့် အချိန်ကာလတွင် ဗိုလ်နေဝင်း စစ်အစိုးရ၏ တော်လှန်ရေး ဖျက်ဆီးနေသော ပြည်တွင်းလက်နက်ကိုင်အင်အားစုကိုသာမက အမေရိကန်နယ်ချဲ့သမားနှင့် နောက်လိုက်တို့၏ လက်နက်ကိုင်တပ်များကိုပါ ရင်ဆိုင်စရာရှိပေသည်။ (စာမျက်နှာ-၄)။

" ယခု ဆင်နွှဲလျက်ရှိသော လက်နက်ကိုင် တော်လှန်ရေးက အောင်ပွဲခံရန်၊ အာဏာသိမ်းနိုင်ရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရပေလိမ့်မည်" (စာမျက်နှာ-၄)။

ဟူ၍ ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤစာပိုဒ် ၅-ပိုဒ်၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

မျက်မှောက် မြန်မာပြည်၏ နိုင်ငံရေး အခြေအနေမှာ အမေရိကန် နယ်ချဲ့ကျူးကျော်ရေးစစ်သည် ဗမာပြည်သို့ မုချကူးစက်လာမည်။ ယနေ့ ဖိုလ်နေဝင်းအစိုးရသည် နိုင်ငံရေးအရ ဘာမေရိကန်နယ်ချဲ့၏ ရုပ်သေးအစိုးရ (အမေရိကန် အလိုကျ ပေါ်လစီနှင့် အစီအစဉ်များ လုပ်နေအောင် လုပ်ထားပေသည်) ဖြစ်နေပြီး ၎င်းအား လက်နက်ကိုင် တိုက်နေခြင်းသည်ပင်လျှင် အမေရိကန်နယ်ချဲ့ကို တိုက်ခြင်းနှင့် ထပ်တူဖြစ်သည်။ ယို့ကြောင့် ရှေ့တွင် ဗိုလ်နေဝင်းအစိုးရ၏ တန်ပြန် တော်လှန်ရေးတပ်များ ("တော်လှန်ရေး ဖျက်ဆီးနေသောတပ်များ") ကို သာမက နယ်ချဲ့သမားများ၏ တပ်များကိုပါ တပါတည်း တိုက်လာနိုင်စရာရှိသည်ကို မျှော်မှန်း၍ လက်ရှိလက်နက်ကိုင် တိုက်ပွဲကို ဆုံးခန်းတိုင် အောင်ပွဲရသည့်အထိ တိုက်သွားရမည်ဟူ၍ ဖြစ်ပါသည်။

ဤအခြေ အနေ အကဲဖြတ်ချက်သည် ချန်ကေရှိတ် လက်ထက်က တရုပ်ပြည် အခြေအနေ ယနေ့ တောင်ဗီယက်နမ် အခြေအနေများနှင့် မြန်မာပြည်၏ အခြေအနေကို တိုက်ရိုက်ပုံတူ ဟပ်ထားခြင်း ဖြစ်သည်ကို တွေ့နိုင်သည်။ သို့သော်-ပီဘီ(ပေါလစ်ဗြူရို)သည် မတည်ငြိမ်ပါ။ ဆုံးဖြတ်ချက်၏ အခြားတနေရာတွင် ဤသို့ ဆိုထားပြန်ပါသည်။

> "ဗိုလ်နေဝင်း စစ်အစိုးရက တရုပ်ပြည်နှင့် ငြိမ်းချမ်းရေး ကြားနေရေး အခြေခံဖြင့် **မိတ်ဖြစ်ဆွေဖြစ်** ဆက်ဆံနေသမျှ ဤသို့ ဆက်ဆံသော ဝါဒကို ငါတို့ပါတီအနေနှင့် ထောက်ခံသွားမည်။ (စာမျက်-၁၃) ...,

ဟူ၍ ဖြစ်ပါသည်။

ဗိုလ်နေဝင်းအစိုးရက နိုင်ငံရေးအရ နယ်ချဲ့ ရုပ်သေးအစိုးရသာဖြစ်ပါက အရှေ့တောင်အာရှ၌ ဤသို့သော အမေရိကန် ရုပ်သေးအစိုးရ တရပ်က တရုပ်ပြည်အပေါ် "မိတ်ဖြစ်ဆွေဖြစ်" ဆက်ဆံနေသည်ဟုဆိုခြင်းသည် မျက်မှောက်နိုင်ငံတကာ နိုင်ငံရေး၏ (က) (ခ)ကိုပင် နားမလည်ရာကျသည်။ ၎င်းပြင် ဤသို့သော ရုပ်သေးအစိုးရတရပ်၏ နိုင်ငံခြားရေး ပေါ်လစီဝါဒသည် အခြေခံအားဖြင့် ငြိမ်းချမ်းရေးနှင့် ကြားနေရေး ဝါဒဖြစ်သည်ဟု ဆိုခြင်းသည်လည်း မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို ပင် ဆန့်ကျင်ရာ ရောက်ပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တဖန် ဗမာပြည်သို့ အမေရိကန် ကျူးကျော်ရေး စစ်သည် အမှန် ပင် ကူးစက်လာနိုင်သည့် အန္တရာယ်ကို အဓိကအားဖြင့် ပြည်သူလူထု အား လှုံ့ဆော် စည်းရုံးပြီး ကြိုတင် တားဆီးရန် ကြိုးစားဘို့ စဉ်းစား မည့်အစား "ကျူးကျော်ရေးစစ်မီးသည်" မုချပင် "ကူးစက်လာမည်" ဟု တွက်ချက်နေခြင်းသည် မရဏာ သေခြင်းတရားကို ကိုးကွယ်ရာကျ သည်သာမက ကာယကံမြောက်အားဖြင့် ၄၂ - ခုနှစ် ဂျပန်မဝင်ခင်က ကဲ့သို့ပင် အမေရိကန် မျှော်သည့် လူမှုဆန့်ကျင်ရေး အတွေးအခေါ် ကိုလည်း ကိုယ်စားပြုရာ ကျပေသည်။

ရုပ်ဘဝတွင် ပကတိ တည်ရှိနေသည့် ရုပ်ဝတ္ထုအချက်အလက်များ ကို ငြင်းဆန်၍ စိတ်ကူးဖြင့် အချက်အလက် ဖန်တီးကာ အပြုတ်တိုက် ရေးအမြင် အပေါ်ကအခြေအနေကိုသုံးသပ်ခြင်းဖြင့် ဤသို့သော ဗရုပ် သုက္ခ နိဂုံးချုပ်ချက်များသို့ ဆိုက်ရောက်စေသည်မှာ ဓမ္မတာအရပင် ဖြစ်ပါသည်။

(ဗဟိုကော်မတီအဖွဲ့ဝင် ရဲဘော်များသို့ ရဲဘော်ဘတင်၏
တင်ပြချက် မှုရင်း စာမျက်နှာ ၈-၉ မှ)

ရဲဘော်ဘတင်သည် ဆက်လက်၍ ဤသို့ဖော်ပြထားလေသည်။

"ကျွန်ုပ်တို့" "အပြုတ်တိုက်ရေး" ဝါဒီများသည် လက်ရှိ လူတန်း စား အင်အား အချိုးအစား နှိုင်းယှဉ်ချက်ကို မတွက်ချက်ပဲ ရှောင်ကွင်း နေကြသည်။

တတိယအားဖြင့် ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒီများသည် အထက်ပါအတိုင်း နိုင်ငံရေး အခြေအနေကို မမှန်မကန် သုံးသပ်ထား သည်သာမက မျက်မှောက် လူတန်းစား အင်အား အချိုးအစား နှိုင်း ယှဉ်ချက်ကို မတွက်ချက်ပဲ ရှောင်ကွင်းထားသည်ကိုလည်း အောက်ပါ အတိုင်း တွေ့ရှိနိုင်ပါသည်။

လက်နက်ကိုင် တိုက်ပွဲနှင့် ပတ်သက်၍ ပီဘီဆုံးဖြတ်ချက်က ဤသို့ ဆိုထားသည်။

"၆၄-ခုနှစ်တွင်ပြည်သူ့ တပ်မတော်က-ရန်သူ ၅၀၀- (ကူဆုံး- ဒဏ်ရာရ-ဖမ်းမိ) ချေမှုန်းနိုင်ခဲ့ပြီး တော်လှန်ရေး အင်အားစု အားလုံး (တနည်း လူနည်းစု အမျိုးသားများမှ ပေါက်ပြန်သော့ ရှမ်း၊ ကချင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခွဲထွက်ရေး သမားများ အပါ အဝင်-ဘကင်) အနေနှင့် ရန်သူ-၂၀၀၀ ကျော် ချေမှုန်းနိုင်ခဲ့သည်ဟု ခန့်မှန်းတွက်ချက် ရရှိပေသည်။" (စာမျက်နှာ-၅-)

ဟူ၍ ဖြစ်ပါသည်။

မည်သည့် စာရင်းဇယားများအရဤသို့ "ခန့်မှန်း တွက်ချက်ရရှိပေသည်"ကို မသိရပါ။ ဤသည် မှန်သည်ထားဦး မိမိနှင့် ထို"တော်လှန်ရေးအင်အားစု"တို့၏ ကျဆုံး၊ ဒဏ်ရာရ၊ ဖမ်းမိ၊ လက်နက်ချ၊ ထွက်ထိုင်သူများ၏ စုစုပေါင်းကိုမည်သို့ "ခန့်မှန်းတွက်ချက်"ပါသလဲ။

ထိုနည်းအတူ မိမိအင်အားတိုးတက်လာမှုကို တွက်ချက်ရာ၌"အချို့ဒေသတွင် (၂၀) ရာခိုင်နှုန်းတိုးပြီး အချို့ဒေသတွင် (၆၀) ရာခိုင်နှုန်းခန့်အထိ တိုးလာပေသည်။" (စာမျက်နှာ-၅-) ဟူ၍သာဆိုထားသည်။ ဤနေရာတွင်လည်းမည်မျှရှိ၍မည်မျှတိုးလာသည့်အတွက် ဤရာခိုင်နှုန်းရရှိပါသလဲ။အင်အားတိုးပွားလာမှု၏ စုစုပေါင်းမည်မျှလဲ။

ရန်သူ့အင်အား ဆုံးရှုံးမှုနှင့် မိမိအင်အား ဆုံးရှုံးမှုကိုငင်း၊ မိမိအင်အားတိုးတက်မှုနှင့် ဆုံးရှုံးမှုကိုငင်း၊ မနိူင်းယှဉ်ပြနိုင်ပဲနှင့်မည်သည့်နည်းဖြင့် "အခြေအနေ တခုလုံးကို ခြုံကြည့်ပါမူကား တော်လှန်သောစစ်ရေးဖက်တွင် တိုးတက်လာသည်ကား အမှန်ဖြစ်ပေသည်။ (စာမျက်နှာ-၆) ဟူ၍ငင်း၊.... လက်နက်ကိုင်တော်လှန်ရေးအင်အားစုများတိုးတက်နေခြင်းသည် အဓိကလက္ခဏာဆောင်ပေသည်" (စာမျက်နှာ ၇) ဟူ၍ငင်း၊ ကောက်ချက်ချနိုင်ပါသလဲ။

ဤနေရာတွင် ထိုကောက်ချက်များ မှန်သည်၊ မှားသည်ကို ကျွန်တော် စောဒကတက်နေခြင်းမဟုတ်ပါ။ (အမှန်စင်စစ်၌ "ဤအချိန်ကာလအတွင်း တော်လှန်ရေး အင်အားစုများအတွင်းမှ လက်နက်ချမှုများရှိသည်" စာမျက်နှာ-၇) ဟူ၍ ဝန်ခံပြီးမှ တခုလုံးခြုံ၍ "တော်လှန်ရေးတက်နေသည်" ဟူ၍ ကောက်ချက် ချမှတ်ခြင်းသည် မာ့က်စ်ဝါဒ၊လီနင်ဝါဒ လောဂျစ်အရ လုံးဝမှားယွင်းပေသည်)။ ပီတီ (ပေါလစ်ဗြူရိုအဖွဲ့)ဆုံးဖြတ်ချက်၌ အင်အားအချိုးအစား နှိုင်းယှဉ်ချက်အနေအထားကို မတွက်ချက်ပဲ ရှောင်ကွင်းထားကြောင်းကိုသာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထောက်ပြနေခြင်းဖြစ်သည်။ ရန်သူနယ်မြေ လှုပ်ရှားမှုနှင့်ပတ်သက်၍ ပီဘီ (ပေါလစ်ဗြူရိုအဖွဲ့)၏ ဖော်ပြချက်၌ ဤအချက်သည် ပို၍ပင် ထင်ရှားပါသည်။

အစိုးရဒေသရှိ လယ်သမားလှုပ်ရှားမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်က ဤသို့ဆိုထား၏။

> "အစိုးရအုပ်ချုပ်သည့်ဒေသမှ လူတန်းစားအသီးသီးသည် အစိုးရအား ဆန့်ကျင်တိုက်ပွဲဝင်နေကြပေသည်။ .... တောင်သူလယ်သမားများ အထူးသဖြင့် ဆင်းရဲသားလယ်သမားများသည် အစိုးရဆန့်ကျင်ရေးတိုက်ပွဲအတွင်းသို့ ကိုယ်ထိလက်ရောက် ပါဝင်လာကြ ပေသည်။ ဤသည်ပင် တော်လှန်ရေးစစ်ပွဲအတွင်းသို့ ပြည်သူ့စစ်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာခြင်း၏ ပကတိ ရုပ်ဘဝအကြောင်းရင်းဖြစ်ပေသည်။ " (စာမျက်နှာ-၇)

ဟူ၍ ဖြစ်ပေသည်။

ယင်းဖော်ပြချက်၏ အဓိပ္ပာယ်မှာ "ပြည်သူ့စစ်များက ကျယ်ကျယ်ပြန့်ပြန့် တော်လှန်ရေးစစ်ပွဲအတွင်းသို့ ပါဝင်လာခြင်း" သည် ကျွန်ုပ်တို့၏ ပြောက်ကျား အခြေခံဒေသနှင့် ကြားဒေသ များတွင်သာမက ရန်သူ့ နယ်မြေမှာလည်း ဖြစ်သည်။ တနည်းအားဖြင့် ယနေ့ ပြောက်ကျား အခြေခံဒေသဟူ၍ သီးခြားမရှိတော့။ တောနယ်ဒေသ တခုလုံးသည် တော်လှန်ရေးဒေသအဖြစ်သို့ ပြောင်းလဲသွားပြီ ဟူ၍သာ အဓိပ္ပာယ်ထွက်သည်။ ဆုံးဖြတ်ချက် ကိုယ်၌လည်း တပြည်လုံးတွင် လက်နက်ကိုင်တော်လှန်ရေး ဖြစ်နေသော အခြေအနေတွင် — (စာမျက်နှာ-၈)ဟု ဆိုထား၏။

သို့သော် ဆုံးဖြတ်ချက်၏အခြားတနေရာတွင် —

> "ပြောက်ကျားစစ်ဒေသများ တိုးချဲ့ရေးနှင့် အသစ်ဖွင့်ရေး တို့အတွက် များစွာလုံးပမ်းရန် လိုနေသေးကြောင်း ..."စာမျက်နှာ ၁၀)

ဟူ၍ ပထမဖော်ပြချက်ကို ချေဖျက်ထားပြန်သည်။

တဖန် မြို့နေအလုပ်သမားနှင့် ဆင်းရဲသားလူထု၏ တိုက်ပွဲအခြေအနေကိုဖော်ပြရာ၌ ဆုံးဖြတ်ချက်က ဤသို့ဆို၏။

> "....အလုပ်သမားသပိတ်များ၊ တစ္စန်းတစပေါ်ပေါက်လာနေခြင်း၊ အမိကရုဏ်းများ ပေါ်ပေါက်ခြင်းသည် တော်လှန်ရေး အုံကြွမှု အဆင့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

> မြင့်မားလာနေခြင်း၊ ၄၀-ခုနှစ် တော်လှန်ရေး အခြေအနေသို့ ဦးတည်ဖြစ်ပေါ်လာနေခြင်း တို့ကိုပြပေသည်" (စာမျက်နှာ-၀)

ဟူ၍ဖြစ်ပါသည်။

သို့သော်ဤစာပိုဒ်ဆုံးလျှင်ဆုံးခြင်း ဆက်လက်၍....

> "သို့စေကာမူ လူထု၏တိုက်ပွဲများသည် အလိုအလျောက် ဖြစ်ပေါ်သော လက္ခဏာကိုသာဆောင်လျက် ရှိသေးပေသည်။ ပစ္စည်းမဲ့လူတန်းစားပါတီက တော်လှန်ရေးနည်းအရ စည်းရုံးတိုက်ပွဲဝင်သည့်လက္ခဏာ မဆောင်သေးပေ" (စာမျက်နှာ-၀)

ဟုဆိုကာ ပထမဖော်ပြချက်ကို ချေဖျက်ထားပြန်သည်။

"ချေဖျက်ထားပြန်ပါသည်" ဟု အဘယ့်ကြောင့် ပြောနေရပါသလဲ။....

အချက်အလက်အရဆိုရလျှင် "၄၀-ခုနှစ် တော်လှန်ရေး အခြေအနေ"သည် အလိုအလျောက် ဖြစ်ပေါ်ခဲ့သည် မဟုတ်ပါ။ ဤအခြေအနေသို့ "ဦးတည်ဖြစ်ပေါ် ခဲ့သော" ၄၇-ခုနှစ်နှင့် ၄၀-ခုနှစ်အစပိုင်း ဆက်တိုက် အလုပ်သမား လှုပ်ရှားမှုသည် ပါတီ၏တိကျသော ခေါင်းဆောင်မှုအောက်၌သာ ဖြစ်ခဲ့သည်။ ထိုနည်းအတူ လယ်သမားများ၏ လက်နက်ကိုင် လက်နက်မဲ့လှုပ်ရှားမှုကိုလည်း ပါတီကသာခေါင်းဆောင်ခဲ့သည်။ ထို့ပြင် သဘောတရားအရဆိုရလျှင် "အလိုအလျောက်လှုပ်ရှားမှု"တရပ်သည် ပြည်သူများက အာဏာသိမ်းရေးအတွက် လက်နက်ကိုင်ပုန်ကန်ထကြွမှုအဆင့်သို့ တနည်း "၄၀-ခုနှစ် တော်လှန်ရေးအခြေအနေသို့" ဦးတည်ဖြစ်ပေါ်လာနေသည်ဟု ဆိုခြင်းသည် မာ့က်စ်လီနင်ဝါဒသဘောတရားအရ "အလိုအလျောက် ဖြစ်ပေါ်မှုအား ကိုးကွယ်သော အချောင်သမားဝါဒ" သာ ဖြစ်သည်ဟူသော အကြောင်းနှစ်ကြောင်းကြောင့် "ချေဖျက်ထားပြန်ပါသည်"ဟု ပြောနေရခြင်းဖြစ်ပါသည်။

ထို့နောက်တဖန် အစိုးရဒေသ၌ လူထုလှုပ်ရှားမှုအပေါ် နိုင်ငံရေးခေါင်းဆောင်မှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်က ဤသို့ဆို၏။....

> "ပါတီ၏ တော်လှန်ရေး စည်းရုံးမှုသည် နောက်ကျလျက် ရှိနေကြောင်း၊ သံဃာတော်များ၏ စစ်အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှု ကျယ်ပြန့်လာခြင်းက ပြပေသည်။ (စာမျက်နှာ-၀)။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"တည်မြဲ လှုပ်ရှားမှုသည် .... သံသာတော်များ၏ လှုပ်ရှား မှုကို ဖောက်ပြန်ရေးလမ်းကြောင်းအတိုင်း ဖြစ်ပေါ်စေရန် နောက်မှ ကြိုးကိုင် နေကြ၏။ (စာမျက်နှာ-၉)။

" မြို့နေလူထု အစိတ်အပိုင်းများသည် တည်မြဲတို့၏ ဖောက်ပြန်သော ဩဇာအောက်သို့ ယာယီကျရောက်နေပေသည်။...." (စာမျက်နှာ-၉)။

ဟူ၍ဖြစ်ပါသည်။

ဤစာပိုဒ်များ၏အဓိပ္ပါယ်မှာ ပါတီ၏စည်းရုံးရေး နောက်ကျနေသောကြောင့် "အမေရိကန်အလိုကျအစိုးရတည်ဆောက်ရေးအတွက်" (စာမျက်နှာ–၉)ကြိုးပမ်းနေသော တည်မြဲသည် သံဃာလှုပ်ရှားမှုကို ကြိုးကိုင်ကာ၊ မြို့နေလူထု အစိတ်အပိုင်းကို သိမ်းသွင်း ထားသည်။ တနည်းအားဖြင့် အစိုးရဒေသလူထု၏"အလိုအလျောက်" လှုပ်ရှားမှုအပေါ် တည်မြဲကသာ၊ နိုင်ငံရေးခေါင်းဆောင်မှုရရှိပြီး၊ ပါတီ၏ခေါင်းဆောင်မှုမရှိကြောင်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။

သို့သော် အခြားတဖက်တွင် "....ပါတီ၏ နိုင်ငံရေး၊ စည်းရုံးရေးလုပ်ငန်းများသည် အခြေအနေ တောင်းဆိုမှုထက် နောက်ကျနေကြောင်း...."(စာမျက်နှာ-၁၀)ဖြစ်နေသည့် အချိန်အခါ၌ပင် "....စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ပြည်သူ့အစိုးရတည်ဆောက်ရေး ဟူသော အလံအောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီကို ဗဟိုပြု၍ရင်း၊ နိုင်ငံရေးအင်အားများသည် စုစည်းလာကြပြီဖြစ်ကြောင်း...." (စာမျက်နှာ-၁၀)ဟုဆိုခြင်းသည် လုံးဝအမြီးအမောက် မတည့်ခြင်းမျှသာ ဖြစ်ပေသည်။

ယခုနောက်ဆုံး "စစ်အစိုးရ၏ အခြေအနေ" ကိုဆုံးဖြတ်ချက်က ဤသို့သုံးသပ်ထား၏။

"စစ်အစိုးရသည် တကောင်ကြွက်ဖြစ်လာနေပြီ စစ်အစိုးရ၏ အခြေအနေတခုလုံးမှာ ပေါက်ကွဲလှဆဲဆဲမိုင်းဗုံးကဲ့သို့ဖြစ်နေတော့သည်။" (စာမျက်နှာ-၁၀)

ဟူ၍ဖြစ်ပါသည်။ သို့သော် အခြားဖက်၌။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

> "... လူထုကြီး၏ အုံကြွလာမှုမှာ အလိုအလျောက် လက္ခဏာဆောင်နေဆဲဖြစ်၍ ဖောက်ပြန်သော မနေရှင်နိုင်ငံရေးသြဇာများကိုတိုက်ဖျက်ကာ တော်လှန်ရေးလမ်းစဉ်အရ စည်းရုံးမိအောင်များစွာလုံးပမ်းရဦးမည်ဖြစ်ကြောင်း" (စာမျက်နှာ-၁၀)။

ဟူ၍ဆိုထားပြန်ပါသည်။

ဤအတိုင်းဆိုသော် လူထုအပေါ် ဖောက်ပြန်သောမနေရှင်နိုင်ငံရေးသြဇာ "လွှမ်းနေသောအခါ" စစ်အစိုးရက တကောင်ကြွက်ဖြစ်လာနေပြီ ဟူ၍"သာမန်ဆင်ချင်တုံတရား"အရပင် မပြောနိုင်ပေ၊ တဖန်ဤ "ဖောက်ပြန်သော မနေရှင်နိုင်ငံရေးသြဇာ" လူထုအပေါ်လွှမ်းနေသမျှ အစိုးရ၏အခြေအနေသည် "ပေါက်ကွဲလုဆဲဆဲ မိုင်းဗုံးကဲ့သို့ဖြစ်နေသည်" ဟူ၍ ပြောခြင်းသည်လည်း ပို၍ပင်မှားယွင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် လူထုက ဖြုတ်မချပဲ အစိုးရက အလိုလို ပြုတ်ကျမည်မဟုတ်သောကြောင့်ဖြစ်ပါသည်။

အခြေအနေအကဲဖြတ်ချက်နှင့် ပတ်သက်၍ ပီဘီ(ပေါလစ်ဗျူရိုအဖွဲ့)ဆုံးဖြတ်ချက်ပါ အချက် တိုင်း လိုလို၌ အဖွင့်အပိတ်နှင့် ဖော်ထားသလို ရှိ၍ကြည့်လျှင်လည်း တဖက်တွင် ဆုံးဖြတ်ချက်က ပြည်သူများ၏အာဏာသိမ်းပွဲသည် မနက်ဖြန် သဘက်ခါအောင်ပွဲခံရမည်ကဲ့သို့ ဖော်ထားပြီး အခြားတဖက်တွင် စာဖတ်သူက ဤအတိုင်း နားလည်သွားမည်ကို စိုးရိမ်ပြီး "... ရေရှည်တိုက်ပွဲ ဖြစ်လိမ့်မည်...." (စာမျက်နှာ - ၁၉)ဟု သတိပေးနေပြန်သည်။ ဤသည်များကိုကြည့်သော် အခြေအနေကိုအကဲဖြတ်ရာ၌ ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့)၏ မခိုင်မာမှု အစဉ်တစိုက်တွေဝေ ယိမ်းယိုင်မှုတို့ကို ပြသခြင်းသာဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။

ဝင်းပြင် အထက်ပါဆန်းစစ်ချက်အရ ပကတိရုပ်ဝတ္ထု အချက်အလက်ပေါ်အခြေခံ၍ ကွန်မြူနစ်အင်အား စုများနှင့် ဗိုလ်နေဝင်း အစိုးရအကြား တည်ရှိနေသည့် လူတန်းစား အင်အားအချိုးအစား နှိုင်းယှဉ်ချက်ကို မာ့က်စ်၏ တော်လှန်သော အနုပဋိလောမနည်းအရ တွက်ချက်ရန်မကြိုးစားပဲ "မာ့က်စ်ဝါဒ နှင့် မာ့က်စ်ဝါဒ နည်း ပရိယာယ်၏ထိုအမိကအချက်"ကို ကွေ့ကောက်ရှောင်ကွင်းပြီး တပိုင်းတစမှန်သည့် အချက်အလက်ပေါ်မူတည်၍ တားမရသော မိမိစိတ်ကူးယဉ်သည့်အတိုင်း အခြေအနေကို "ဖန်တီးရန်" ကြိုးစားနေသောကြောင့်သာလျှင် ပီဘီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ပေါလစ်ဗျူရိုအဖွဲ့) ဆုံးဖြတ်ချက်တွင် အခြေအနေသုံးသပ်ရာ၌ တချက်နှင့်တချက်ဆန့်ကျင်ကာ ပဋိပက္ခပြွမ်းတီးနေပြီး အမြီးအမောက်မတည့် ပြဒါးတလမ်း သံတလမ်းဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

(ဗဟိုကော်မတီအဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏
တင်ပြချက်မှုရင်းစာမျက်နှာ ၁၀-၁၃မှ)

ထို့နောက် ရဲဘော်ဘတင်က သခင်သန်းထွန်း တို့သည် "နိုင်ငံရေး ကလေးကလားဆန်သူများ"ဖြစ်သည်ဟူ၍လည်း ဤသို့ပင်တင်ပြထားလေသည်။

"ကျွန်ုပ်တို့ အပြုတ်တိုက်ရေး" ဝါဒီများ၏ နိုင်ငံရေး နည်းပရိယာယ်

ဤသို့သော အခြေအနေ အကဲဖြတ်ချက်အရပင် ကျွန်ုပ်တို့အပြုတ်တိုက်ရေးဝါဒီများသည် "တော်လှန်ရေးတက်နေသည်" ဟုဆိုကာ ဤသည်"…. ၅၅-ခုနှစ်၊ အကဲဖြတ်ချက် ၆၂-ခုနှစ် အကဲဖြတ်ချက်တို့နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သည်" ဟုဆိုထား၏။

ထို့ကြောင့်…. ၅၅-ခုနှစ် အခြေအနေ အကဲဖြတ်ချက်သည် ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လမ်းစဉ်ကို ဖြစ်ပေါ်စေသည်၊ ၆၄-ခုနှစ် အကဲဖြတ်ချက်သည်၊ အာဏာသိမ်းရေး စစ်နိုင်ရေးကို ရည်ရွယ်သော လက်ရှိလမ်းစဉ်ကို ဖြစ်စေသည်။ "စာမျက်နှာ ၁၀-၁၁)ဟု ဆိုကာ ဗိုလ်နေဝင်း အစိုးရဖြုတ်ချပြီး၊ ပြည်သူ့ ဒီမိုကရေစီ အစိုးရ ထူထောင်ရေးကို "လက်ငင်းတိုက်ပွဲ ကြွေးကြော်သံ အဖြစ်" ဖော်ထုတ်ရန် နိဂုံးချုပ်ထားပေသည်။

၆၄-ခုနှစ်တွင် တော်လှန်ရေး တပ်မတော် အင်အား ပါတီအင်အား၊ ၆၃-ခုနှစ်ကထက် တစုံတရာတိုးလာသည်ကားမှန်၏။ သို့သော် ဤအကြောင်းကြောင့် ၎င်းပီဘီ (ပေါလစ်ဗျူရိုအဖွဲ့) ဆုံးဖြတ်ချက်ပါ "ယနေ့အခြေအနေတွင် ဗိုလ်နေဝင်းစစ်အစိုးရကို လူတန်းစား အသီးသီးက ဆန့်ကျင်တိုက်ခိုက်နေသည်။ ဗိုလ်နေဝင်း စစ်အစိုးရသည် "**တကောင်ကြွက် ဖြစ်လာနေသည်**" နှင့် "လက်ရှိအစိုးရနှင့် မဖြစ်တော့ဘူး ဟူသော အမြင်သည် လူထုတွင်း ကျယ်ပြန့်စွာ **ဖြစ်ပေါ်လာနေသည်**" ဟူသော အကြောင်းများကြောင့်၎င်း၊ ဤအချက်များသည် မှန်သည်ထားဦး လက်ရှိလူတန်းစား အင်အားအချိုးအစား နိူင်းယှဉ်ချက်သည် မိမိဖက်မှ သာလွန်နေပြီဟု ဆုံးဖြတ်နိုင်ပါသလား၊ လုံးဝ မဆုံးဖြတ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ဗိုလ်နေဝင်း ဒအစိုးရအပေါ် ယနေ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမှန်ပင် ပြင်းထန်စွာ မကျေမနပ် ဖြစ်လာသော်လည်း လူထုက ကွန်မြူနစ်ပါတီနောက်ကို ပါလာသည်ကား မဟုတ်သေးပေ။ (ဤအချက်ကို ပီဘီ(ပေါလစ်ဗြူရိုအဖွဲ့) ဆုံးဖြတ်ချက်၌လည်း ဝေ့လည်ကြောင်ပတ် ဝန်ခံထားသည်) ဤအကြောင်း ကြောင့်သာလျှင် ပီဘီဆုံးဖြတ်ချက် သည် လက်ရှိလူတန်းစားအင်အားအချိုးအစားနှိုင်းယှဉ်ချက် နှင့် ပတ်သက်၍ လုံးဝရေငုံနှုတ်ပိတ်ဖြစ်နေရသည် မဟုတ်ပါလော။

ထို့ပြင် "တော်လှန်ရေးတက်နေသည်" ဟူသည်၏ အဓိပ္ပါယ်က မည်သို့နည်း၊ တော်လှန်ရေးဒီရေသည် အမြင့်ဆုံးအဆင့်သို့ရောက်ရှိနေပြီလော၊ တနည်း တော်လှန်ရေး၏ ပကတိအခြေအနေသည် ရင့်မှည့်နေပြီလော၊ ပီဘီ(ပေါလစ်ဗြူရိုအဖွဲ့)ဆုံးဖြတ်ချက်ကိုယ်၌ပင် ၄၇-ခုနှစ်အခြေအနေသို့မရောက်ရှိသေးပဲ တနည်း အခြေအနေသည် မရင့်မှည့်သေးပဲ "၄၇-ခုနှစ်အခြေအနေသို့ ဦးတည်ဖြစ်ပေါ်နေသည်"ဟူ၍သာ အတိအလင်းဝန်ခံထားသည်။ သို့သော် "၄၇-ခုနှစ်အခြေအနေသို့ မရောက်ရှိမီပင် ၄၇-ခုနှစ်၊ အခြေအနေ"၏ နည်းပရိယာယ်ကို ကျင့်သုံးနေပါသည်။

ဤသည်လီနင်ဝါဒနှင့် လုံးဝဆန့်ကျင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် စတာလင်ရေးသည့် လီနင်ဝါဒအခြေခံဟူသော ကျမ်း၌ "တော်လှန်ရေးအခြေအနေ"တရပ်၌သာ တနည်း ပကတိအခြေအနေက ရင့်မှည့်လာပြီး "တော်လှန်ရေး ဒီရေသည် အမြင့်ဆုံးအဆင့်သို့" ရောက်ရှိမှသာလျှင် "အစိုးရဖြုတ်ချလော့"ဟူ၍ လက်တွေ့ကြွေးကြော်သံကိုဖော်ထုတ်ပြီး တပြည်လုံး၌လက်နက်ကိုင် ထကြွမှုဖြင့် ကွန်မြူနစ်များက အာဏာသိမ်းရန်ဖြစ်သောကြောင့် ဖြစ်ပါသည်။

တဖန်"ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးဆိုသည်ထက် အစိုးရအပြောင်းအလဲကို ပြင်းပြစွာအလိုရှိနေကြသည်" (စာမျက်နှာ ၁၇) ဟု ပီဘီ(ပေါလစ်ဗြူရိုအဖွဲ့) ဆုံးဖြတ်ချက်ကဆိုသည်။ ဤအကဲဖြတ်ချက်သည်လည်း မှန်သည်ထားဦး သို့သော် ကွန်မြူနစ်များက "တော်လှန်ရေးအခြေအနေတရပ်" မရှိသေးမီ လူထုနောက်မြီးစွဲကာ မာ့က်စ်၏စကားအသုံးအနှုန်းအရ "တော်လှန်ရေးနှင့် ကစားနေရမည်လော"။

အမှန်စင်စစ်၌ လူထု၏ဆန္ဒနှင့်ပတ်သက်၍ပီဘီ(ပေါလစ်ဗြူရိုအဖွဲ့) ဆုံးဖြတ်ချက်ပါ ထိုအကဲဖြတ်ချက်သည် ၁၈-နှစ်တိုင် တည်ရှိနေသည့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည်တွင်း ... အလုပ်အလိမ့်ခံနေရသော ပြည်သူ လူထုတရပ်လုံး ... ခေါင်းဆောင်မှုက ယနေ့လုံးဝကင်း ကွာလာကြောင်း ... သည်။

သို့သော် ကျွန်ုပ်တို့ ... ချက်ရေး" ဝါဒီများက ဤအချက်၌ လည်း မဟာ ... (ပေါလစ်ပြူရို အဖွဲ့) ဆုံးဖြတ်ချက် (ပါတီ တွင်း စာပေ ... ၌ ဤသို့ဆိုထား၏။

"... သည် လူထုအား လှုံ့ဆော်စည်း ရုံးရေး ... ။ ..."

... ပြည်သူလူထုက အကယ်၍လာ "ငြိမ်းချမ်းရေးဆို သည်ထက် ... လိုရှိသည်"မှာ မှန်သည်ဖြစ်ပါက မည်သည့် ... ပြည်သူတို့အား "လှုံ့ဆော် စည်းရုံး"၍ ...

တိုနေ ... "... စစ်အစိုးရကို ဖြုတ်ချရေး အာဏာသိမ်းရေး ... ကို ရဲရဲတင်းတင်း မဖော်ထုတ်ပါက စစ်အစိုးရ ... ချိုင်တိုက်ခိုက်လိုသော လူထု အစိတ် အပိုင်းများသည် ... ယောင်များ လိုက်သွားကြပေလိမ့် မည်" (... ပေကိုရှိအစိုးရ ဖြုတ်ချပြီး ပြည်သူ့ ဒီမိုကရေစီ အစိုးရ ... ကြွေးကြော်သံကို ရဲရဲတင်းတင်းထုတ် ပြန်လိုက်လျှင်။...

"ပြည်မြန်မာ ... နိုင်ငံရေး ဩဇာအောက် လွှမ်းမိုး ရောက် နေသော အစိပ် ... များသည်ပင်၊ ပါတီ၏ အလံနောက်သို့ ရောက် လာပေလိမ့်မည်။" (အလေးထားပါ ...)။

ဟူ၍ရှင်း၊ ပီဘီ (ပေါလစ်ပြူရိုအဖွဲ့) ဆုံးဖြတ်ချက်က ဆိုထား သည်။

ဤ ... ပြူရိုအဖွဲ့) ဆုံးဖြတ်ချက်၏ ဆိုလို ချက်ကို ကျွန်ုပ်တို့ ... ။ မည်သို့ပင်ဖြစ်စေ လူထု အစိတ် အပိုင်းများက ... ဩဇာအောက်သို့ ရောက်ရှိနေပြီးဖြစ်၍ ဤကြေးကြော်သံ ... ကျန်လူထုအစိတ်အပိုင်းများက

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လည်း တည်မြဲနောက်သို့ ပါသွားလိမ့်မည်။ တနည်း လူထုတရပ်လုံးက တည်မြဲဩဇာခံ ဖြစ်သွားလိမ့်မည်ဟူ၍သာ အဓိပ္ပါယ်ထွက်နေပါသည်။

ဤ "တည်မြဲအန္တရာယ်"ဟူသော အကြောင်းပြချက်ဖြင့် ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒီများသည် ကျွန်ုပ်တို့အား တကယ်ပင်ကြောက်စရာကောင်းလောက်အောင် ခြောက်လှန့်နေ၏။ ဤသည် "ဗိုလ်နေဝင်း အစိုးရ လက်ငင်းဖြုတ်ချရေး" ကြွေးကြော်သံ ဖော်ထုတ်ရေးအတွက် ၎င်းတို့၏ အဓိက အကြောင်းပြချက်လည်း ဖြစ်၏။ သို့သော်-ဤအကြောင်းပြချက်သည် ၎င်းတို့ အခြေခံတခုလုံး၏ ယုတ္တိမတန်မှု "ကလေးကလားဆန်မှု"နှင့် နိုင်ငံရေးအမြင်ခေါင်းပါးမှုတို့ကို စုစုစည်းစည်း ဖော်ပြနေသော အကြောင်းပြချက်သာဖြစ်ပါသည်။

(ဗဟိုကော်မတီအဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏ တင်ပြချက်မူရင်း၊ စာမျက်နှာ ၁၃-၁၄ မှ)

ယခုတဖန် ရဲဘော်ဘတင်သည် သခင်သန်းတွန်းတို့၏ တော်လှန်ရေးကောင်စီအစိုးရ၏ နိုင်ငံခြားရေးဝါဒသည် " ယေဘုယျအားဖြင့် ဖောက်ပြန်သည်"ဟူသော အကဲဖြတ်ချက်ကိုလည်း ဤသို့ပင်ချေပ၍ထားလေသည်။

"ကျွန်ုပ်တို့ အပြုတ်တိုက်ရေး" ဝါဒီများက ဗိုလ်နေဝင်းအစိုးရ၏ နိုင်ငံခြားရေးပေါ်လစီပေါ် ထားရှိသည့်သဘောထား"

ကျွန်တော်တို့ " အပြုတ်တိုက်ရေး " ဝါဒီများသည် ဗိုလ်နေဝင်း အစိုးရ၏ နိုင်ငံခြားရေးပေါ်လစီအပေါ် အောက်ပါအတိုင်း သဘောထားလာသည်ကိုတွေ့ရမည်ဖြစ်ပါသည်။

> "ဗိုလ်နေဝင်းစစ်အစိုးရ၏ နိုင်ငံခြားရေးပေါ်လစီသည် ယေဘုယျအားဖြင့် ဖောက်ပြန်သည်ဟူ၍ သဘောထားသော်လည်း လက်ငင်းအားဖြင့် ဖော်ထုတ်ဦးမည်မဟုတ်ပေ။အခြေအနေအချက်အလက် ဖြစ်ထွန်းမှုအပေါ်တည်၍သာဖော်ထုတ်သွားမည်ဖြစ်သည်။" (စာမျက်နှာ-၁၃)။

ဟူ၍ဖြစ်ပါသည်။

ယင်း ဖော်ထုတ်ချက်သည်ပင်လျှင် ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒီများ၏ လုံးဝအခြေမခိုင်မှုကို ကွက်ကွက်ကွင်းကွင်း ပြသလျက်ရှိသည်။ အကြောင်းမှာ....

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ယေဘုယျဖောက်ပြန်သည်"ဟု သဘောထားလာရာ၌ "အခြေအနေအချက်အလက်ဖြစ်ထွန်းမှုအပေါ်မူတည်၍" မဟုတ်ပဲ ဖြစ်သည့်အတွက်သာလျှင်"လက်ငင်းအားဖြင့်"ဤသည်ကို မဖော်ထုတ်ဝံ့ဖြစ်နေသည်ဟူသောအကြောင်းကြောင့်ပင်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒီများ၏ အကြောင်းပြချက်များကို တခုစီ၊ စိစစ်ရန်လိုအပ်သည်။ ရှေးဦးစွာ ယင်းသဘောထားက အခြေခံသည့်အချက်အလက်များကို ဆန်းစစ်ကြပါစို့။

၆၄ - ဗဟိုကော်မတီဆုံးဖြတ်ချက်၌ ဗိုလ်နေဝင်းအစိုးရ၏ နိုင်ငံခြားရေးပေါ်လစီသည် လက်ျာဖက် တိမ်းနေသည်ဟူသော ကောက်ချက်အတွက် ထောက်ပြခဲ့သည့်အထောက်အထားများမှာ "တရုပ်ပြည်နှင့် ဆက်ဆံရေး၌ သာမန်ဖြစ်လာခြင်း၊ ဆိုရှယ်လစ်တိုင်းပြည်များအပေါ် သဘောထားပြောင်းလာခြင်း၊ အာရှ-အာဖရိကကွန်ဖရင့်နှင့် ဘက်မလိုက်နိုင်ငံကွန်ဖရင့်မတက်ဟု ကျေညာခြင်း၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကို အားမပေးခြင်း၊ အိန္ဒိယအစိုးရအပေါ် သဘောထားပြောင်းလာခြင်း၊အမေရိကန်အထောက်အပံ့လက်ခံရေးကိုသဘောတူလာခြင်း၊ အမေရိကန်လက်နက်လက်ခံခြင်း"ဟူသည်တို့ ဖြစ်ပါသည်။ "ယေဘုယျဖောက်ပြန်သည်" ဟူသော သဘောထားအတွက် ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့) ဆုံးဖြတ်ချက်၌ အထောက်အထား ပြုသည့် အချက်အလက်များသည် မူလသဘောအရ ဤသည်များထက် တချက်မျှ အသစ်မဟုတ်ပေ။ ဗဟိုကော်မတီ အစည်းအဝေး ကျင်းပစဉ်က မထင်ရှားခဲ့သည့် အချက်အလက်များသည် နောက်ပိုင်း၌ ထင်ရှားလာခြင်းကို ပြသနေခြင်းသာဖြစ်ပါသည်။

အုတ်ကျင်းသစ်စက် တည်ဆောက်ရေးအတွက် အမေရိကန် အကူဒေါ်လာသုံးကုဋေယူခြင်းကို ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့) ဆုံးဖြတ်ချက်၏ အဓိက အထောက်အထားအဖြစ် ဖော်ထုတ်ထားသည်။ ၎င်းနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်၌....

> "၆၄-ခုနှစ် ဆုံးဖြတ်ချက်တွင် ဗိုလ်နေဝင်း စစ်အစိုးရသည် အကြပ်အတည်း တွေ့သထက်တွေ့ပြီး နယ်ချဲ့သမားအပေါ် မှီခိုသောလမ်း၊ သို့မဟုတ် ပြည်သူတွေကို အားကိုးသောလမ်း၊ တလမ်းလမ်းကို ရွေးချယ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

> လိမ့်မည်ဟု ဖော်ပြထားပေသည်။ ယခုကဲ့သို့ အမေရိကန် အထောက်အပံ့ယူလိုက်ခြင်းသည် အမေရိကန် နယ်ချဲ့ပေါ် မှီခိုသောလမ်းကို လိုက်နေပြီဖြစ်ကြောင်း ပြပေသည်။"(စာမျက်နှာ-၁၃)

ဟူ၍ ဆိုထားပါသည်။

ဤအချက်နှင့် ပတ်သက်၍ မဆန်းစစ်မီ ပြဿနာတရပ်ကို ထောက်ပြလိုပါသည်။"ဗိုလ်နေဝင်းအစိုးရသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဖျက်လိုက်သောအခါ ၎င်း၏ ဦးတည်ချက်သည် တဆစ်ချိုး ပြောင်းသွားပီး နယ်ချဲ့အပေါ် မှီခိုသော လက်ျာလမ်းကြောင်းအတိုင်း ပဒေသရာဇ် လက်ဝေခံအဖြစ်သို့ ဦးတည်သွားနေသည်"ဟု ၆၄-ဗဟိုကော်မတီက သဘောထား ဆုံးဖြတ်ခဲ့သည်။ (ဥက္ကဋ္ဌ၏ နိုင်ငံရေး အစီရင်ခံစာတွင် နောက်ဆုံး စာချော်ပါတီတွင်း ဖြန့်ချိရာ၌ ဤသို့ထည့်မထားခြင်းကား ပြဿနာ တခြားဖြစ်သည်။ သို့သော် ပါတီတွင်း ရှင်းလင်းချက်များတွင် အထက်ပါအတိုင်းသာ ရှင်းပြခဲ့၏)။ ယနေ့၌မူ ပီဘီ (ပေါလစ်ဗြူရိုအဖွဲ့)က မသိမသာ ဤအချက်ကို လျှော့ချပြီး ဒေါ်လာ သုံးကုဋေယူသည်ကစပြီးသာလျှင်"နယ်ချဲ့အပေါ်မှီခိုသောလမ်း"လိုက်နေသလို ဖော်ပြထားကြောင်းကို ထောက်ပြလိုခြင်းသာ ဖြစ်ပါသည်။ ဤသည်ကို လောလောဆယ် အသာထားကြပါဦးစို့။

ပီဘီ (ပေါလစ်ဗြူရိုအဖွဲ့) ဆုံးဖြတ်ချက်၏ ထိုအဓိကအထောက်အထားနှင့် ပတ်သက်၍ ပြောရလျှင် ဗိုလ်နေဝင်းအစိုးရက ဒေါ်လာငွေ သုံးကုဋေ အကူယူသည်ကား မှန်၏။ သို့သော် ဤအကူအရ ဗိုလ်နေဝင်းအစိုးရသည် ပြည်တွင်းပြည်ပ ပေါ်လစီများတွင် အမေရိကန်အပေါ် "မှီခိုစေပြီးဖြစ်ကြောင်း"ကို ထောက်ပြနိုင်ရန် မည်သို့သော အထောက်အထားကို ပြနိုင်ပါသနည်း တချက်မျှမပြနိုင်ပါ။ ဤသို့ ထောက်မပြနိုင်ခြင်းမှာလည်း ဤအချက်နှင့်ပတ်သက်၍ ဖြစ်ရပ်အမှန်သည် ပီဘီ (ပေါလစ်ဗြူရိုအဖွဲ့)ဆုံးဖြတ်ချက်က ချဲ့ကားပြီး ဖော်ပြထားသကဲ့သို့ မဟုတ်ပဲ အောက်ပါအတိုင်းဖြစ်သောကြောင့် ဖြစ်ပါသည်။

> "ယခု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့က ချေးသည့် ငွေမှာ ၁၉၅၇-ခုနှစ်က ပေးရန်သတ်မှတ်ထားပြီးဖြစ်သော ဒေါ်လာ ၂၅-သန်း စီးပွားရေး ဖွံ့ဖြိုးမှုချေးငွေား ထောက်ပံ့ငွေထဲမှ နောက်ဆုံးချေးငွေဖြစ်၏။ ဤချေးငွေကို မြန်မာနိုင်ငံက ဒေါ်လာငွေဖြင့်ဖြစ်စေ၊ ကျပ်ငွေဖြင့်ဖြစ်စေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကြိုက်သလိုနှစ် ၄၀-လီ၌ ဆပ်နိုင်၏။ (လုပ်သားနေ့စဉ် ၁၆-၆-၆၅)
ဟူ၍ ဖြစ်ပါသည်။

(ဗဟိုကော်မတီအဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏တင်ပြချက် စာမျက်နှာ ၁၀-၁၉-မှ)

ထို့နောက်— ရဲဘော်ဘတင်သည် သခင်သန်းထွန်းတို့၏ တော်လှန်ရေးကောင်စီအစိုးရ၏ စီးပွားရေးလုပ်ရပ်များအပေါ် ထားရှိသည့် သဘောထားကိုလည်း ဤသို့ပင် ထောက်ပြဝေဖန်ထားလေသည်။

ကျွန်ုပ်တို့"အပြုတ်တိုက်ရေး"ဝါဒီများက ဗိုလ်နေဝင်းအစိုးရ၏
စီးပွားရေးလုပ်ရပ်များအပေါ် ထားရှိသည့်သဘောထား။

ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒီများက ဗိုလ်နေဝင်းအစိုးရ၏ စီးပွားရေးလုပ်ရပ်များအပေါ် မည်သို့သဘောထားသည်ကို နောက်ဆုံး လေ့လာကြပါစို့။

ပီဘီ (ပေါလစ်ဗြူရိုအဖွဲ့) ဆုံးဖြတ်ချက်သည် ဗိုလ်နေဝင်းအစိုးရ၏ စီးပွားရေးလုပ်ရပ်များ၊ တနည်း နိုင်ငံခြားနှင့်ပြည်တွင်း အရင်းအနှီး နိုင်ငံပိုင်လုပ်ခြင်းနှင့် ဥပဒေအရ သိုးစားခစနစ်ဖျက်သိမ်းခြင်းတို့နှင့် ပတ်သက်၍ "စစ်အစိုးရအရင်းရှင်စနစ် (ဝါ) စစ်တပ်ဗြူရိုကရက်အရင်းရှင်စနစ်" (စာမျက်နှာ ၁၅-) တည်ဆောက်နေခြင်းဖြစ်သည်ဟု သတ်မှတ်ကာ ၎င်းအပေါ် အောက်ပါအတိုင်း သဘောထားပါသည်။

" ဗြူရိုကရက် အရင်းရှင်စနစ်ကို တိုက်ဖျက်ပစ်ရမည်။"

" ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်သော အမျိုးသား ဒီမိုကရေစီအစိုးရက ဗြူရိုကရက်အရင်းရှင်စနစ်ဆိုင်ရာ ပစ္စည်းများကိုသိမ်းယူပြီး တကဲ့ပြည်သူပိုင်လုပ်ငန်းဖြစ်အောင် လုပ်ရမည်။"

" စစ်အစိုးရက မသိမ်းသင့်ပဲ သိမ်းယူထားသည့်တို့ကို စီစစ်ပြီး ပြန်လည်လုပ်ကိုင်ခွင့်ပေးရမည်" (စာမျက်နှာ ၁၁-)

ဟူ၍ ဖြစ်ပါသည်။

ဤသဘောထားအရ "ဗြူရိုကရက် အရင်းရှင် စနစ်ကို တိုက်ဖျက်ပစ်ရမည်"ဟူသော စကားစု၏ တခုတည်းသော အဓိပ္ပါယ်မှာ အစိုးရက"မသိမ်းသင့်ပဲ" နယ်ခဲ့ အရင်းအနှီး၏ အပေါင်းပါဖြစ်သည့် တိုင်းရင်းသား မနရှင်အထက်လွှာများ၏ စက်မှုလုပ်ငန်းအချို့ လက်ကား

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည်တွင်း လုပ်ငန်းနှင့် ပြည်ပကုန်သွယ်ရေး လုပ်ငန်းများအား ယနေ့ နိုင်ငံပိုင်လုပ်ထားသည်ကို ပြည်သူ့ဒီမိုကရေစီအစိုးရ ထူထောင်သောအခါ ၎င်းတို့အား "စိစစ်ပြီး ပြန်လည် လုပ်ကိုင်ခွင့်ပေးရမည်" ဟူ၍ တိုင်းရင်းသား ဓနရှင်ကြီးများအား ပါတီက ကတိပေး ကျေညာနေခြင်းမျှသာ ဖြစ်သည်။ အဘယ့်ကြောင့်ဟူမူ ဤကိစ္စနှင့် ပတ်သက်၍ ပါတီ၏ အထက်ပါ လုပ်ငန်းစဉ် နှစ်ရပ်အနက်က ပြည်သူ့အာဏာ တည်ဆောက်နိုင်သောအခါ လက်ရှိအစိုးရပိုင် ပစ္စည်းအားလုံးသည် အလိုလို ပြည်သူ့အစိုးရပိုင် ပစ္စည်းဖြစ်လာမည်ဖြစ်၍ "....တကဲ့ပြည်သူပိုင် လုပ်ငန်းဖြစ်အောင် လုပ်ရမည်" ဟူသည်ကို လုပ်ငန်းစဉ်အဖြစ် ဖော်ထုတ် ကျေညာရန်ပင်မလိုသောကြောင့် ဖြစ်ပါသည်။

သို့သော် ဤသဘောထားသည် နယ်ချဲ့အရင်းအနှီး၏ အပေါင်းပါ တိုင်းရင်းသား ဓနရှင်ကြီးများ၏ အရင်းအနှီးကို အစိုးရက ကန့်သတ်ခြင်းအား ဆန့်ကျင်ခြင်းဖြစ်၍ အမျိုးသားရေးကို ဆန့်ကျင်ရာရောက်သည်ဟူသည်ကိုမဆိုထားဘဲ၊ ဤသည်ကွန်မြူနစ်များ၏ အခြေခံအတွေးအခေါ် ရပ်တည်ချက်အရပင် မှားယွင်းနေပေသည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့ နိုင်ငံပိုင် လုပ်ငန်းများသည် ပြည်သူ့ အစိုးရလက်ထက်၌ အလိုလို ဆိုရှယ်လစ်လက္ခဏာဆောင်သော ပြည်သူပိုင် လုပ်ငန်းဖြစ်လာပြီး ၎င်းအား "တိုက်ဖျက်ခြင်း"သည် ပြည်သူတရပ်လုံး၏ အခြေခံ အကျိုးစီးပွားကို ချိုးဖောက်ရာ ရောက်မည်ဖြစ်သောကြောင့်ဖြစ်ပါသည်။

ဤနေရာတွင် ပြည်သူ့တရပ်ပြည်သည် ချန်ကေရှိတ်လက်ထက်က ပုဂ္ဂလိက မြူရိုကရက် အရင်းကို ပြည်သူပိုင်လုပ်ရာ၌ ၎င်းအရင်းအတွင်းရှိ အမျိုးသား ဓနရှင်များ၏ အစုရှယ်ယာများကို ပိုင်ရှင်များအား ဆက်လက်၍ ပိုင်ဆိုင်ခွင့် ပြုခဲ့ခြင်းနှင့် ပုံတူ ဟပ်နေခြင်းသည် လုံးဝ မှားယွင်းပါသည်။

ဤသည်သာမက ကျွန်ုပ်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ အစိုးရက သိမ်းသင့်သည်ဖြစ်စေ၊ မသိမ်းသင့်သည်ဖြစ်စေ၊ ယနေ့ ပုဂ္ဂလိက တိုင်းရင်းသား အရင်းအချို့သာ လက်ရှိ ဓနရှင်အစိုးရက နိုင်ငံပိုင်လုပ်ပြီးဖြစ်၍ ဤသည်အစိုးရ အရင်းရှင်စနစ်(၀၁)အစိုးရ လက်ဝါးကြီးအုပ် အရင်းရှင် စနစ်အဖြစ်သို့ ပြောင်းလဲသွားပြီးဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤအစိုးရလက်ဝါးကြီးအုပ်အရင်းရှင်စနစ်သည် ယနေ့ဖောက်ပြန်သည်ဖြစ်စေ၊ တိုးတက်သည်ဖြစ်စေ၊ နေ့ခင်းတွင် ပေါ်ပေါက်မည့်ပြည်သူ့အစိုးရအဘို့ လုံးဝပြဿနာမဟုတ်ပါ။ မာ့က်စ်ဝါဒလီနင်ဝါဒအရ ဓနရှင်အစိုးရ လက်အောက်ရှိ အစိုးရ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ပြည်သူ့အစိုးရ လက်ထက်၌ "တိုက်ဖျက်"ရန်မဟုတ်ပဲ ပြည်သူ့အစိုးရက ထိုစနစ်ကို လူတန်းစား အနှစ်သာရ ပြောင်းကာ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းနိုင်ရန်အတွက် အသုံးချမည်သာ ဖြစ်သောကြောင့်ဖြစ်ပါသည်။

လက်ရှိ ဗိုလ်နေဝင်းအစိုးရ လက်ထက်က နိုင်ငံပိုင်လုပ်ငန်းကို (ဝါ) အစိုးရလက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ပြည်သူ့အစိုးရက "တိုက်ဖျက်ပစ်ရမည်" ဟူသော ပီဘီ (ပေါလစ်ဗြူရိုအဖွဲ့)သဘောထားသည်။ မာ့က်စ်ဝါဒ ဘောဂဗေဒ၌ ခွင့်မလွှတ်နိုင်သော အမှားကို ကျူးလွန်နေခြင်းသာဖြစ်ပါသည်။

ဤသည်နှင့်အတူ "စစ်တပ်ဗြူရိုကရက်အရင်းရှင်စနစ်" ဟုပင် ခေါ်နေစေကာမူ ဤအရင်းရှင်စနစ်သည် "လက်ဝေခံလက္ခဏာမဆောင်" သောကြောင့် "ဗြူရိုကရက်အရင်းရှင်စနစ် တိုက်ဖျက်ပစ်ရမည်" ဟူသော ကြွေးကြော်သံကို ယနေ့ဖော်ထုတ်ခြင်းသည် အမျိုးသားဒီမိုကရေစီတော်လှန်ရေး၌ ဆိုရှယ်လစ်ကြွေးကြော်သံကို ဖော်ထုတ်နေခြင်းဖြစ်၍ ဤသည် လီနင်ဝါဒမဟုတ်ပဲ ထရော်စကီဝါဒသာဖြစ်ပါသည်။ ဤအချက်အရလည်း ဗိုလ်နေဝင်းအစိုးရ၏ စီးပွားရေးစနစ်ကို လက်ဝေခံလက္ခဏာဆောင်သည့် တရုပ်ပြည်၏ ပုဂ္ဂလိကဗြူရိုကရက်အရင်းရှင်စနစ် တိုက်ဖျက်ရေးဖြင့် ပုံတူဟပ်နေခြင်းသည် လုံးဝမှားယွင်းပါသည်။

(ဗဟိုကော်မတီအဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏
တင်ပြချက် မူရင်းစာမျက်နှာ ၂၁-၂၂-၂၃ မှ)

ထို့ပြင် သခင်သန်းထွန်းတို့၏ တော်လှန်ရေးကောင်စီအစိုးရအပေါ် အကဲဖြတ်ချက်များသည် "နိုင်ငံခြားမှ ပုံတူကူးချနေခြင်းသာဖြစ်သည်" ဟူ၍ ဤသို့ပင် ဝေဖန်တင်ပြထားလေသည်။

နိုင်ငံခြားအတွေ့အကြုံများက မည်သို့ပင်ရှိစေ မည်သည့်အထောက်အထားကိုပြပြီး ပီဘီ (ပေါလစ်ဗြူရိုအဖွဲ့) ဆုံးဖြတ်ချက်သည် –

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

> " စစ်အစိုးရ၏ အရင်းရှင် စနစ်မှာ အာဏာရ လူတစုကပြည်သူ လူထုကို အစွမ်းကုန်သွေးစုပ် အကျိုးအမြတ်များကို သူတို့လိုလူကသာ အုပ်စားနေသဖြင့်" (ဂျာမျက်နှာ ၁၅-)

ဟူ၍၎င်း။

> "ဗိုလ်နေဝင်းတို့ ကျင့်သုံးသော အစိုးရအရင်းရှင်စနစ်ကို စစ်တပ်မြူရိုကရက်အရင်းရှင်စနစ်ဟု သတ်မှတ်ခြင်းက အဆီလျော်ဆုံး ဖြစ်ပေလိမ့်မည်" (ဂျာမျက်နှာ ၁၅)....

ဟူ၍၎င်း။

သတ်မှတ်နိုင်ပါသလဲ။ မည်သည့်တရားဝင် အထောက်အထားကိုမျှ မပြနိုင်ပါ။

အစိုးရအရာရှိ စစ်ဗိုလ်အ[illegible]နှံ့အပြား၌ တရားမဲ့ပုဂ္ဂလိက စီးပွားရှာကြသည်မှာအမှန်ပင်ဖြစ်သည်။ ဤသို့ပြုလုပ်ရာ၌ အဓိကအားဖြင့် ဥပဒေကိုချိုးဖောက်ပြီး လာဘ်စားဖြုတ်စား အကျင့်ပျက်မှု အသွင်များဖြင့်သာ ပြုလုပ်ကြသည်။ ဤနည်းများဖြင့် ပုဂ္ဂလိက ဘဏ္ဍာဥစ္စာပစ္စည်း အတော်အသင့်ကို စုဆောင်းကြသည်မှာလည်း အမှန်ပင်ဖြစ်သည်။ သို့သော်....ဥပဒေက ဤသို့ပုဂ္ဂလိက စီးပွားရှာခွင့်လုံးဝအခွင့်မပြုပေ။ ဥပဒေချိုးဖောက်မှု ပေါ်လျှင်လည်း အရေးယူခံရသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ဤစနစ်ကို "စစ်တပ်ဗြူရိုကရက်အရင်းရှင်စနစ်" ဟု ခေါ်ခြင်းသည် သဘောတရားအရရော၊ လက်တွေ့အရပါ လုံးဝမှားယွင်းပါသည်။ ဤစနစ်သည် ဗို-ဇတ်ကော်မတီက သတ်မှတ်ထားသည့်အတိုင်းပင် "အစိုးရအရင်းရှင်စနစ်" (ဝါ) အစိုးရလက်ဝါးကြီးအုပ် အရင်းရှင်စနစ်သာဖြစ်သည်။ နိုင်ငံတော်အာဏာသည် ဓနရှင်လူတန်းစား၏ အာဏာဖြစ်သောကြောင့် ဤသို့သဘောထားခြင်းဖြစ်ပါသည်။ အုပ်စိုးသော ဓနရှင်လူတန်းစားကို နိုင်ငံရေးအရဦးတည်ရမည်ဖြစ်သော်လည်း ၎င်း၏စီးပွားရေးအခြေခံကို ဖိုက်ဖျက်ပစ်ရမည်ဟု ဆိုခြင်းသည် လုံးဝမှားယွင်းပါသည်။

ဤသည်များကိုကြည့်သော် ဗိုလ်နေဝင်းအစိုးရ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ မည်သည့်သုတေသနကိုမျှ မပြုလုပ်ပဲ၊ ကျွန်ုပ်

တို့ "အပြုက်တိုက်ရေး" ဝါဒီများသည် နိုင်ငံခြားအရေး [illegible] အထူးသဖြင့် ချန်ကေရှိတ်သက်ယက်ဟာ တရုပ်ပြည်၏ အရေး [illegible] ကိုသာ ဗမာပြည်တွင် ပုံတူကူးချနေခြင်း၊ ဤသို့ကူးချရာ၌ [illegible] မချပဲ မိမိကလိုသလိုသာ ကူးချနေခြင်းတို့ကို ပြုလုပ်နေကြ [illegible] ထင်ရှားစွာတွေ့နိုင်ပါသည်။

(ဗမာ့ကော်မတီအဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏ တင်ပြချက်မှတ်တမ်း စာမျက်နှာ ၂၆-[illegible])

ထို့ပြင်...ရဲဘော်ဘတင်သည် "မျက်မှောက်မြန်မာပြည်၏ ပကတိနိုင်ငံရေး အခြေအနေ" အပိုင်းတွင်လည်း ဤသို့ပင်ဆက်လက်၍တင်ပြထားလေသည်။

ယခင်က ဖဆပလအဖွဲ့အစည်းသည် တနည်း ၎င်းအဖွဲ့အစည်း [illegible] ဖြစ်လာသော တည်မြဲ-ပထစအဖွဲ့အစည်းများသည် မိမိတို့အုပ်ချုပ်စဉ်က နယ်ချဲ့ပဒေသရာဇ်စနစ်ကို ဖိနှိပ်၍ထိန်းသိမ်းကာကွယ်သော ပေါ်လစီ ကို ကျင့်သုံးခဲ့၍ လူထု၏ရှုတ်ချမှုန်းတီးမှုကိုသာခံခဲ့ရ၏။ အာဏာ [illegible] ရှားခြင်းခံရပြီးနောက် ၎င်းတို့သည် လူထုနည်းဖြင့် အာဏာရရေးကို လုံးဝမမြော်လင့်နိုင်တော့ပေ။

ထို့ကြောင့် ၎င်းတို့သည် ယနေ့နယ်ချဲ့အကူအညီဖြင့် အထူးသဖြင့် အမေရိကန်နယ်ချဲ့၏အကူအညီဖြင့် တန်ပြန်တော်လှန်ရေး [illegible] မှုအရ နိုင်ငံရေးအာဏာရရှိရေးအတွက် ကြိုးပမ်းနေကြ၏။ [illegible] ၌ အခြေခံစခန်း တည်ဆောက်ခြင်း တော်နက်ကိုင်အစုများဖွဲ့စည်းခြင်း နှင့်ဥပဒေတွင်း၌ မန္တလေးသံဃာလှုပ်ရှားမှုကိုကြိုးကိုင်ပြီး လှုပ်ရှားခြင်း၊ အစိုးရ၏ စီးပွားရေးနှင့် လူမှုရေးလုပ်ရပ်များကို အတွင်းကဖျက်ဆီး ခြင်း၊ ကုန်ထုတ်လုပ်ရေးကို နည်းမျိုးစုံဖြင့် နည်းလာစေကာ နှောင့်နှေး လုပ်ခြင်း စသည့် နည်းများဖြင့်လှုပ်ရှားနေကြ၏။

ဖဆပလ၊ ပထစခေါင်းဆောင်များသည် ယနေ့နယ်ချဲ့ [illegible] အထူးသဖြင့် အမေရိကန်နယ်ချဲ့သမား၏ အားအကြီးဆုံး [illegible] နိုင်ငံရေးအင်အားစုဖြစ်လာသည်။ သူတို့သည် ယနေ့ [illegible] ၏ အစီအစဉ်ဖြင့်လှုပ်ရှားနေကြပါသည်။

အထက်ပါအကြောင်းများကြောင့် ဖြတ်ကျနယ်ချဲ့ [illegible] ကျန်ရှိနေသေးသောကြောင့် ၎င်းသည်မြန်မာပြည်၏ ရန် [illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆက်လက်၍တည်ရှိနေစေကာမူ၊ ကျွန်ုပ်တို့နိုင်ငံရေးလွတ်လပ်မှုကို တိုက်ရိုက် ခြိမ်းခြောက်နေသည့် အမေရိကန်နယ်ချဲ့စနစ်သည်ယနေ့ မြန်မာပြည်၏ အဓိကပြည်ပအန္တရာယ်ဖြစ်လာပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏အမျိုးသား ဒီမိုကရေစီ လှုပ်ရှားမှုသည် ယနေ့ စိုးရိမ်စရာကောင်းသော အခြေအနေတွင်ရှိနေသည်။ သို့သော် ဗမာပြည်ကွန်မြူနစ်ပါတီသည် မိမိ၏လက်ရှိမှားယွင်းသော ပေါ်လစီများကို ပြင်ပြီး မှန်ကန်သော ပေါ်လစီများကို ကျင့်သုံးလာပါက ဤသည် မြန်မာပြည်နိုင်ငံရေးဖြစ်ပေါ်တိုးပွားမှုကို အကောင်းဖက်သို့ လှည့်ပြောင်းစေနိုင်မည်ဖြစ်ပါသည်။

ဤသည်သာမက၊ ယနေ့တောင်ဗီယက်နမ်ပြဿနာသည်အရှေ့တောင်အာရှတွင် အဓိကအားဖြင့် ပဋိပက္ခဆုံစည်းရာ ပြဿနာဖြစ်လာသော်လည်း ဗမာပြည်တွင် ပြည်တွင်းစစ်ရပ်စဲ၍ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည် တည်ဆောက်ရေး ပြဿနာဖြေရှင်းရေးသည်လည်း ယနေ့တိုင် အရှေ့အာရှတောင်ပိုင်းတခုလုံး၏ အခြေအနေက အကောင်းဖက်သို့ ဖြစ်ပေါ်တိုးပွားရေးအတွက် သေနင်္ဗျူဟာပြဿနာတရပ်နှင့် အဓိကဂွင်းဆက်ပြဿနာတရပ်ဖြစ်နေပေသေးသည်။ ယနေ့တိုင် ဤပြဿနာအား ကျွန်ုပ်တို့ဖြေရှင်းနိုင်လျှင် နိုင်ငံရေးလက်ဦးမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပေါ်လစီမှန်ကန်ရေးသည် အရှေ့တောင်အာရှတခုလုံးအတွက်လည်း အလွန်ပင်အရေးကြီးပေသည်။

(ဗဟိုးကော်မတီအဖွဲ့ဝင်များသို့ရဲဘော်ဘတင်၏တင်ပြချက်မှုရင်းစာမျက်နှာ ၃၂-၃၃-မှ)၊

ထို့နောက် ရဲဘော်ဘတင်သည် ပြည်တွင်းငြိမ်းချမ်းရေး၏ အရေးကြီးမှုကိုလည်း ဤသို့ပင် ဖော်ပြထားလေသည်။

ဤအခြေအနေတွင် ပြည်ချစ်နှင့် ဒီမိုကရေစီ အင်အားစုများအား စုစည်းနိုင်ရေးအတွက် ဒီမိုကရေစီအခွင့်အရေးများ ရရှိရေးသည်လည်း ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာနှင့် ခွဲမရသော ပြဿနာဖြစ်လာပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ ရုပ်ဘဝ၌ ပကတိတည်ရှိနေသည့် ပဋိပက္ခများအရ တပြည်လုံးရှိ ပြည်သူတို့က အခက်အခဲများမှ ထွက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပေါက် ရရှိရေးအတွက်သော်၎င်း၊ နယ်ချဲ့ဆန့်ကျင်ရေး အထူးသဖြင့် အမေရိကန်နယ်ချဲ့အန္တရာယ်ကိုခုခံကာကွယ်ရန်နှင့် ပဒေသရာဇ်ဆန့်ကျင်ရေးတာဝန်ကို ပိုမိုပြတ်သားစွာ ထမ်းဆောင်ရေးတို့ အတွက်သော်၎င်း ယနေ့ ဒီမိုကရေစီအပေါ် အခြေခံသော ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေး ပြဿနာသည် မျက်မှောက် မြန်မာပြည် နိုင်ငံရေး အခြေအနေ၏ သော့ချက်ပြဿနာဖြစ်ပါသည်။

(ဗဟိုကော်မတီအဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏ တင်ပြချက်မှုရင်းစာမျက်နှာ ၃၄ မှ)

ရဲဘော်ဘတင်သည် သခင်သန်းထွန်းတို့နှင့် အခြေခံကွဲလွဲချက် များလည်း မတူသော အတွေးအခေါ်နှစ်ရပ် မတူသော လမ်းစဉ်နှစ်ရပ်တို့၏ ကွဲလွဲချက် ဖြစ်သည်ဟူ၍ ဤသို့ပင် တိကျရှင်းလင်းစွာ ဖော်ပြထားလေသည်။

"အထက်ပါ ကွဲလွဲချက်များကို ဆန်းစစ်ကြည့်သော် ၎င်းတို့သည် သီးခြား လူတန်းစား ရပ်တည်ချက်နှစ်ရပ်၊ လူတန်းစားအမြင် နှစ်ရပ်နှင့် လူတန်းစား နည်းပရိယာယ် နှစ်ရပ်တို့၏ ကွဲလွဲချက် တနည်း ဆန့်ကျင်သော နိုင်ငံရေးလမ်းစဉ်နှစ်ရပ်၏ ကွဲလွဲချက်ဖြစ်ကြောင်းကို ထင်ရှားစွာ တွေ့ရှိနိုင်ပါသည်။

ထိုလမ်းစဉ်နှစ်ရပ်က လမ်းစဉ်တရပ်မှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒအပေါ် မူတည်၍ ချမှတ်ထားသည့် ၅၅ လမ်းစဉ်နှင့် ၆၄-လမ်းစဉ်မှတော်လှန်သောမူများအပေါ်အခြေစိုက်၍ မျက်မှောက် မြန်မာပြည်၏ နိုင်ငံရေး အခြေအနေနှင့် လူတန်းစားအင်အားအချိုးအစားနှိုင်းယှဉ်ချက် အနေအထားနှင့်လည်း ကိုက်ညီသောလမ်းစဉ်ဖြစ်၏။ ဤလမ်းစဉ်အရ ပါတီ၏ နိုင်ငံရေးလက်ဦးမှုကို ထိန်းထားနိုင်ပြီး ပါတီအင်အားကို ကြီးထွားစေကာတော်လှန်ရေးကို ရှေ့တဆင့်တွန်းဆော်ပေးနိုင်မည် ဖြစ်၏။ ဤလမ်းစဉ်ကို ကျွန်တော့်အနေဖြင့် ကိုယ်စားပြုနေခြင်း ဖြစ်ပါသည်။

အခြားလမ်းစဉ်တရပ်မှာ လက်ရှိပီတီ (ပေါလစ်ဗျူရိုအဖွဲ့) ဆုံးဖြတ်ချက်ဖြစ်သည့် ဤ "အပြုတ်တိုက်ရေး" ဝါဒလမ်းစဉ် ဖြစ်၏။ ဤလမ်းစဉ်သည်၊ ၅၅-လမ်းစဉ်ကို ငြင်းပယ်သော ၆၄-လမ်းစဉ်မှ တော်လှန်သော မူများကို ဆန့်ကျင်သော လမ်းစဉ်ဖြစ်ပါသည်။

အခြေခံ လူတန်းစား ရပ်တည်ချက်ဖက်က ကြည့်လျှင် ဤလမ်းစဉ်သည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ အခြေခံမူများကိုရင်း၊ မြန်မာပြည်၏

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခိုင်အမာ အခြေအနေနှင့် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပေါင်းစပ်ရေးကို ၎င်း၊ ဆန့်ကျင်သော လမ်းစဉ်ဖြစ်ကြောင်းကို တွေ့ရှိနိုင်ပါသည်။

စီးပွားရေး ပေါ်လစီဖက်က ကြည့်လျှင် ဤလမ်းစဉ်အရ ဗိုလ်နေဝင်း အစိုးရ၏ စီးပွားရေးလုပ်ရပ်မှန်သမျှ အထူးအဖြင့် အစိုးရ၏ ပြည်တွင်း၌ ကုန်အရောင်းအဝယ်လုပ်ငန်းကို တိုက်ဖျက်ပစ်ရန်ဖြစ်၏။ လက်တွေ့အားဖြင့် ပပက၊ လလသသ စသည်များကို တိုက်ဖျက်ပစ်ရန်ဖြစ်၏။ သို့သော် လက်ရှိ အခြေအနေမှာ ပါတီကလည်း မည်သို့မျှအစား မထိုးနိုင်ဘဲဖြစ်နေ၏။ ဤသို့အားဖြင့် ဤပေါ်လစီအရ လူထုအား အထူးသဖြင့် ရန်သူဒေသနှင့် ကြားဒေသရှိ လယ်သမားလူထုအား ကာယကံမြောက်အားဖြင့် ကုန်မှုနစ်ခေါင်းဆောင်မှုဖြင့် သမဝါယမနည်းအရ မြေရှင် အတိုးကြီးစားသမားနှင့် ပုဂ္ဂလိက မှောင်ခိုဈေးသမား မနရှင်တို့၏ သွေးစုတ်မှုကို နည်းသွားစေပီး ကုန်ထုတ်ရေးမြင့်တက်လာစေရန်အတွက် တနည်း၊ မိမိဘဝ သက်သာစေရေးအတွက် မည်သို့မျှ တိုက်ပွဲမဆင်နွှဲရန် တောင်းဆိုခြင်းမျှသာဖြစ်၏။

ထို့ကြောင့် ဤပေါ်လစီဖက်က ကြည့်သော် ဤလမ်းစဉ်သည် လူထုကို အလုပ်အကျွေးပြုရာ မရောက်ပဲ ကာယကံမြောက်အားဖြင့် ပြည်တွင်း မနရှင်ကြီး မြေရှင်လူတန်းစားနှင့် ပြည်ပ နယ်ချဲ့ သမားကိုသာ အကျိုးပြုရာရောက်သော လမ်းစဉ်ဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။

နိုင်ငံရေးပေါ်လစီဖက် ကကြည့်လျှင် ဤလမ်းစဉ်သည် ဥပဒေတွင်းတိုက်ပွဲ သဏ္ဍာန်သို့ ကူးပြောင်းရေးကို ငြင်းပယ်သော်လည်း ဤလမ်းစဉ်အရ အစိုးရကို အပြုတ်တိုက်ပြီး ပြည်သူတို့က အာဏာသိမ်းရေးသည်လည်း လုံးဝမဖြစ်နိုင်ပေ။

(ဗဟိုကော်မတီ အဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏ ဘင်ပြချက်မှုရင်း-စာမျက်နှာ-၄၉-မှ)။

ထိုနောက်တွင် ရဲဘော်ဘတင်က သခင်သန်းထွန်းတို့၏ အမှားဇာစ်မြစ်သည် ဗမာပြည် လက်တွေ့ အခြေအနေများတွင် လေ့လာခြင်းမပြုသည့် အတွက်ကြောင့်ဖြစ်သည် .. ဟူ၍ပင် ဖော်ထုတ်ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မည်သည့်အခြေခံအမှားများကြောင့် ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒီသည် ကာလရှည်ကြာစွာ ပါတီတွင်း၌ စိုးမိုးနေနိုင်ပါသနည်း။

ဤသို့သော ကျွန်ုပ်တို့"အပြုတ်တိုက်ရေး"ဝါဒီသည် ပါတီတွင်း၌ စိုးမိုးနေနိုင်ခြင်း၏ အဓိကအကြောင်းများမှာ ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒီများသည် လက်ျာပြန်လည်ပြင်ဆင်ရေးဝါဒ၏ အမြစ်ကိုတူးဖော်၍ မဖယ်ရှားပဲ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၏ တရားကိုယ်များကိုရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မာ့က်စ် လီနင်ဝါဒ၏ တရားကိုယ်များကို ဗမာပြည်တော်လှန်ရေး၏ လက်တွေ့နှင့်ပေါင်းစပ်ရန် မကြိုးစားခြင်းတို့ဖြစ်သည့်အပြင် အခိုင်အမာအားဖြင့် အောက်ပါအခြေခံ အမှား(၄)ရပ်ကိုလည်း ကျူးလွန်နေသောကြောင့် ဖြစ်ပါသည်။

(၁) အခိုင်အမာအခြေအနေကို အခိုင်အမာသုံးသပ်ရေးမှုကိုပစ်ပယ်ခြင်း။

(၂) မိမိတိုင်းပြည်၏ အခြေအနေနှင့်မကိုက်ညီသော နိုင်ငံခြားတိုင်းပြည်များ၏ အတွေ့အကြုံများ အထူးသဖြင့် ချန်ကေရှိတ် လက်ထက်က တရုပ်ကွန်မြူနစ်ပါတီ အတွေ့အကြုံများကို မြန်မာပြည် အခြေအနေ၌ ပုံတူကူးချနေခြင်း ဤသို့ကူးချရာ၌ပင် ပုံမှန်ကူးမချပဲ မိမိကလိုသလိုကူးချနေခြင်း။

(၃) အုပ်စိုးသော ရန်သူလူတန်းစားအတွင်း တည်ရှိနေသည့် ပဋိပက္ခကို တော်လှန်ရေးအကျိုးအတွက် အသုံးချရေးမှုကို ငြင်းပယ်ခြင်း။

(၄) "လက်ဝဲ"သူငယ်နာစွဲကပ်ပြီး မိုလ်နေဝင်းအစိုးရ၏ တစုံတရာ နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေးအခက်းကို လုံးဝအသိအမှတ် မပြုခြင်း တနည်း အမျိုးသားဒီမိုကရေစီ တော်လှန်ရေး၌ ဓနရှင် နှင့် တပ်ပေါင်းစုဖွဲ့ရေးမှုကို လုံးဝစွန့်ပယ်၍ ပစ္စည်းမဲ့ လူတန်းစားခေါင်းဆောင်မှု ထူထောင်ရေးကို ပစ်ပယ်နေခြင်း။

ဟူသော အခြေခံအမှား(၄)ရပ်ပင် ဖြစ်ပါသည်။

လက်ရှိ ပေါလစ်ဗျူရို ဆုံးဖြတ်ချက်သည် အထက်ပါ အခြေခံ အမှားလေးရပ်လုံးကို တစုတစည်းတည်း ဖော်ပြထားသော ဆုံးဖြတ်ချက်ပင် ဖြစ်ပါသည်။ ထို့ကြောင့်သာလျှင် "ဒါတွေဟာ မှုပဲ"ဟုဆိုကာ ထို နိုင်ငံခြား အတွေ့အကြုံများ အထူးသဖြင့် ချန်ကေရှိတ် လက်ထက်က

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အတွေ့အကြုံများကို မြန်မာပြည် အခြေအနေ၌ ပုံတူ ကူးချနေကြ၏။ ဤသို့ကူးချရာ၌ပင် ပုံမှန်ကူးမချပဲ မိမိက လိုသလိုကူးချနေကြပေသည်။

လက်ရှိ ပေါလစ်ဗျူရို ဆုံးဖြတ်ချက်၏ အခဏ်းတိုင်းလိုလို၌ အထူးသဖြင့် ဗိုလ်နေဝင်းအစိုးရ၏ စီးပွားရေးလုပ်ရပ်များအပေါ် ပါတီ၏ သဘောထားကို ဖော်ပြသည့်အခဏ်း၌ ဤအချက်အား အထင်ရှား ဆုံးတွေ့ရပြီး ဖြစ်ပါသည်။

(ဗဟိုကော်မတီအဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏ တင်ပြချက်မူရင်း စာမျက်နှာ ၅၀-၅၁-၅၂-၅၃)

ထို့ပြင် .... ရဲဘော်ဘတင်သည် သခင်သန်းထွန်းတို့၏ "ရောကြော်ဝါဒ" များကိုလည်း ဤသို့ပင် ဖော်ထုတ် ဝေဖန်ထားလေသည်။

"ဒင်းပြင် ဤရောကြော်ဝါဒကို ကျင့်သုံးသော ရဲဘော်များ က သကြန်အမြောက်ကဲ့သို့ အဆံမပါသော အသံမြည်ရေးကို ဝါသနာကြီးစွာပင် လိုလားကြ၏။ ပါတီတပ်သားထုက ယာယီအားဖြင့် "တက်ကြွမည်" ဆိုလျှင် မည်သည့် စကားလုံးကိုပင်မဆို အသုံးပြုမည်ဖြစ်၏။ ဤစကားလုံးများ၏ အနှစ်သာရကင်းမဲ့မှုကို တပ်သားထုက မြင်လာလျှင် ထိုစကားလုံးများကို မသိမသာစွန့်ပြီး စကားလုံးအသစ်များကို အသုံးပြုလာကြမည်သာဖြစ်သည် ဟူသည်ကိုလည်း တွေ့နိုင်ပါသည်။

ဤရောကြော်ဝါဒ၏ အန္တရာယ်ကိုပိုပြီး လေးနက်စွာ မြင်နိုင်ရန် အတွက် ဤသည်ကို ခနရှင်ပေါ်ကစလူတန်းစား၏နိုင်ငံရေးအရ မတည်ငြိမ်မှု တွေဝေယိမ်းယိုင်မှု အခြေမခိုင်မှုတို့နှင့် ပေါင်းစပ်၍ လေ့လာအပ် ပါသည်။ သို့မှသာလျှင် သမိုင်းစဉ်တလျှောက် လွှမ်းမိုးခဲ့သည့် ထို ရောကြော်ဝါဒများအတွင်း၌ပင် ခနရှင်ပေါက်စ လူတန်းစား၏ နိုင်ငံရေးအရ မတည်ငြိမ်မှုသည်လည်း အစဉ်တစိုက် ပေါ်လွင်ခဲ့သည်ကို ထင်ရှားစွာ တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

သို့သော် ဤသည်ကိုဤနေရာတွင်မဆန်းစစ်တော့ပဲ လက်ရှိ ကျွန်ုပ် တို့ "အပြုတ်တိုက်ရေး" ဝါဒီများ၏ ရောကြော်ဝါဒအတွင်း၌ပင် နိုင်ငံ ရေးအရ မတည်ငြိမ်မှုကိုသာ တနည်း အချိန်တချိန်တည်း၌ လက်ျာ လက်ဝဲဖက်သို့ ယိမ်းယိုင် တွေဝေနေမှုကိုသာ အောက်ပါ သာဓက အချို့အရ ထောက်ပြမည်ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(က) ဗိုလ်နေဝင်း အစိုးရ၏ စီးပွားရေး အခြေခံသည့် နယ်ချဲ့ လက်ဝေခံ စီးပွားရေး မဟုတ်ဟု တဖက်၌ ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒီများက ဝန်ခံထား၏။ အခြား တဖက်၌ တဖန် ဗိုလ်နေဝင်းအစိုးရသည် နိုင်ငံရေးအရအမေရိကန်နယ်ချဲ့သမား၏ ရုပ်သေးအစိုးရ ဖြစ်သည်ဟု ပြန်လည်၍ သဘောထား ပြန်၏။

မာ့က်စ်အဘိဓမ္မာအရ နိုင်ငံရေးသည် စီးပွားရေး အခြေခံ အုတ်မြစ်ပေါ်က အဆောက်အအုံသာဖြစ်၏။ တစုံတရာ "လွတ်လပ်သော" စီးပွားရေး အဆောက်အအုံပေါ်က လုံးဝနီးပါးမှီခိုသော နိုင်ငံရေးလွတ်လပ်ရေးသည် မဖြစ်နိုင်ပေ။

ထို့ကြောင့် ဤသဘောထားသည် "လက်ဝဲ" အချောင်သမား သဘောထားတရပ်သာဖြစ်ပါသည်။

(ခ) ဗိုလ်နေဝင်း အစိုးရ၏ နိုင်ငံခြားရေး ပေါ်လစီနှင့် ပတ်သက်၍၊ "ဗိုလ်နေဝင်းအစိုးရက တရုပ်ပြည်နှင့် ငြိမ်းချမ်းရေး ကြားနေရေး အခြေခံဖြင့် မိတ်ဖြစ် ဆွေဖြစ် ဆက်ဆံနေသမျှ ဤသို့ဆက်ဆံသော ဝါဒကို ငါတို့ ပါတီအနေဖြင့် ထောက်ခံသွားမည်" ဟု မှန်ကန်စွာ ဆုံးဖြတ်ထားသည်နှင့် တပြိုင်တည်း ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒီများသည် ဗိုလ်နေဝင်းအစိုးရ၏ ပြည်ပ ပေါ်လစီသည် "ယေဘုယျအားဖြင့် ဖောက်ပြန်သည်" ဟု ပြန်လည်၍ ဆုံးဖြတ်ထားပြန်၏။

လက်တွေ့တွင် ဗိုလ်နေဝင်း အစိုးရရဲ့ နိုင်ငံခြားရေး ပေါ်လစီမယ် တရုပ်ပြည်က ထားရှိတဲ့ သဘောထားကို ငါတို့က ထောက်ခံတယ်။ ဒါပေမဲ့ ဗိုလ်နေဝင်း အစိုးရက ထားရှိတဲ့ သဘောထားကိုတော့ မထောက်ခံဘူး "တနည်း ၎င်းပေါ်လစီအား လုံးဝကန့်ကွက်သည်" ဟု ဆိုကာ ပါတီတွင်း၌ ရှင်းပြနေ၏။ ဤသည်လည်း စင်စစ်၌ "လက်ဝဲ" အချောင်းသမား ဝါဒသဘောထားတရပ်သာဖြစ်ပါသည်။

(ဗဟိုကော်မတီအဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏ တင်ပြချက်စာမျက်နှာ ၅၄-၆၀)

ရဲဘော်ဘတင်၏ ဗဟိုကော်မတီအဖွဲ့ဝင်များသို့ တင်ပြချက် နိဂုံးချုပ်ချက်များ၏ 'နိဂုံးချုပ်" တွင် သခင်သန်းထွန်းတို့အား ဤသို့ပင် အလေးအနက်သတိပေး၍ ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"တက်ကြွသော စိတ်ဓာတ် တခုတည်းဖြင့်သာလျှင် တော်လှန်ရေးကို ခေါင်းဆောင်၍မရနိုင်ပါ။ အကယ်၍ ပါတီသည် လက်ရှိကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ပေါ်လစီဝါဒကို မပြင်နိုင်ပါက အထက်၌ ဖော်ပြခဲ့သည့်အတိုင်းပင် ယင်းအောင်မြင်ချက်များသည် ဝိသာယီသာဖြစ်ပြီး ရေရှည်တွင် ပါတီသည် မိမိ၏ အင်အားများကို ကြီးစွာ ဆုံးရှုံး နစ်နာမည်သာဖြစ်ပါသည်။"

(ဗဟိုကော်မတီအဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏တင်ပြချက် စာမျက်နှာ ၆၇)

ဤသို့ဖြင့် ရဲဘော်ဘတင်သည် ပေါလစ်ဗျူရိုအဖွဲ့အစည်းအဝေး၌ အတွေးအခေါ် နှစ်ရပ်တိုက်ပွဲ လမ်းစဉ်နှစ်ရပ်တိုက်ပွဲတွင် မိမိ၏သဘောထားများနှင့် အကဲဖြတ်ချက်များ ဝေဖန်ချက်များကို အခိုင်အမာထင်ရှား ပြတ်သားစွာပင် ဖော်ထုတ်၍ တင်ပြခဲ့လေသည်။

ရဲဘော်ဘတင်၏ "ဗဟိုကော်မတီအဖွဲ့ဝင်များသို့ ရဲဘော်ဘတင်၏ တင်ပြချက်" ဟူသော စာတမ်း၏ နောက်ဆုံးပိုင်းဖြစ်သည့် အပိုင်း(၅)သည် "**ကျွန်တော်၏တောင်းဆိုချက်**"ပင် ဖြစ်ပေသည်။

ယင်း "ကျွန်တော်၏တောင်းဆိုချက်"ကို အောက်ပါအတိုင်း အပြည့်အစုံ ဖော်ပြလိုပေသည်။

"အပြုတ်တိုက်ရေး" ပေါ်လစီကို အချိန်မှီပြင်နိုင်ရန်အတွက် အရေးပေါ် မျက်နှာစုံညီ ဗဟိုကော်မတီအစည်းအဝေးကို အမြန်ဆုံးခေါ်ပါ။

ယနေ့ပါတီတွင်း၌ အပေါ်စီးရနေသော ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒသည် ၆၂-ခုနှစ် ဗဟိုကော်မတီအစည်းအဝေးမှ အစပြုခဲ့သည်။

၅၀-၆၂-ခုနှစ်အကြား လက်ျာပြန်လည်ပြင်ဆင်ရေးဝါဒကို ကိုယ်စားပြုခဲ့သော ရဲဘော်များက ၆၂-ခုနှစ် ဗဟိုကော်မတီအစည်းအဝေး၏ ပထမပိုင်း၌ ၅၅-လမ်းစဉ်ကို လက်ျာဘက်က ခုခံခဲ့သည်။ အစည်းအဝေး ဒုတိယပိုင်း၌ ဗိုလ်နေဝင်းအစိုးရတက်လာသောအခါ ထိုရဲဘော်များသည် "တော်လှန်ရေးတက်နေပြီ၊ ဒါကြောင့် ၅၅-လမ်းစဉ် ခေတ်မမှီတော့ဘူး၊ ဗိုလ်နေဝင်းအစိုးရဟာ ငါမြင်းငါချင်း အစိုးရဖြစ်ပီး၊ ရင်းလက်ထက် ဒီမိုကရေစီ အခွင့်အရေးလုံးဝမရှိတဲ့အတွက် ဒီအစိုးရ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကို ဖြုတ်ချရမယ်”ဟုဆိုကာ ၅၅-လမ်းစဉ်ကို လက်ဝဲဖက်က ခုခံလာခဲ့ပြန်သည်။

ဗဟိုကော်မတီအစည်းအဝေး၌ပြင်းထန်သောအယူဝါဒရေးတိုက်ပွဲကြောင့် ၅၅-လမ်းစဉ်၏အခြေခံများကို လကျ်ာလက်ဝဲခုခံမှုမှ တစုံတရာကာကွယ်နိုင်ခဲ့သည်။ ဤသည်ကိုဗဟိုကော်မတီ အစည်းအဝေး၏ကြီးမားသော အောင်မြင်ချက်ဖြစ်ပေသည်။ သို့သော် နိုင်ငံရေး နည်းပရိယာယ်၌ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် အခြေခံများချမှတ်ရာတွင် ထိုဗဟိုကော်မတီသည် ကာယကံမြောက်အားဖြင့် စေ့စပ်ဆွေးနွေးခြင်းဖြင့် ဗိုလ်နေဝင်းအစိုးရကို ဖြုတ်ချပြီး၊ ပြည်သူ့ဒီမိုကရေစီအစိုးရထူထောင်ရေးကို တောင်းဆိုရန်ဟူသော အဓိပ္ပါယ်ကို ရောက်စေသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။ ထိုစဉ်ကစ၍ ပါတီပေါ်လစီတွင် အမှန်စင်စစ်၌ “အပြုတ်တိုက်ရေး”ဝါဒသည် အပေါ်စီးရလာခဲ့ပါသည်။

ဤဖြစ်ရပ်များသည် ပြည်တွင်းရှိ ဗဟိုကော်မတီအဖွဲ့ဝင်အားလုံး၏ အသိပင်ဖြစ်ပါသည်။

၆၃-ခုနှစ်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြစ်လာသောအခါ ၆၂-ဗဟိုကော်မတီ၏ “ထိုအပြုတ်တိုက်ရေး” ပေါ်လစီသည် ပါတီနှင့်တော်လှန်ရေး၏ ရှေ့တဆင့်တိုးတက်ရေးကို မည်သို့အဟန့်အတားပြုခဲ့သည်ကိုလည်း ဗဟိုကော်မတီအဖွဲ့ဝင်အားလုံး၏ အသိပင်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြီးနောက် ၆၄-မေလ ပေါလစ်ဗျူရို အစည်းအဝေး၌ ကျွန်ုပ်တို့၏လက်ရှိအသွင်ဖြင့် “အပြုတ်တိုက်ရေး” ဝါဒသည်ထင်ထင်ရှားရှား ခေါင်းထောင်လာသည်။ ထိုစဉ်က ပီဘီ (ပေါလစ်ဗျူရို) အဖွဲ့ဝင်နှစ်ဦး၏ ခုခံမှုကြောင့် ကျွန်ုပ်တို့ “အပြုတ်တိုက်ရေး” ဝါဒသည် တရားဝင်ပါတီပေါ်လစီအဖြစ် ဆုံးဖြတ်ချက်မချခဲ့ပေ။

၆၄-ဗဟိုကော်မတီ အစည်းအဝေး၌ တဖန် “ ပြည်တွင်းစစ်ရပ်စဲ၍ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေး ” လမ်းစဉ်နှင့် ထိုကျွန်ုပ်တို့ “ အပြုတ်တိုက်ရေး” ဝါဒသည် တရားဝင်ပါတီပေါ်လစီအဖြစ်ဆုံးဖြတ်ချက်မကျခဲ့ပေ။

၆၄-ဗဟိုကော်မတီ အစည်းအဝေး၌တဖန် “ ပြည်တွင်းစစ်ရပ်စဲ၍ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေး ” လမ်းစဉ်နှင့် ထို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ပေါ်လစီဝါဒလမ်းစဉ်တို့၏ ပြင်းထန်သောအယူဝါဒရေး တိုက်ပွဲဖြစ်လာခဲ့သည်။ မေလ ပီဘီ (ပေါလစ်ဗြူရို) အစည်းအဝေး၌ ငြိမ်းချမ်းရေးလမ်းစဉ်ဖက်က ရပ်တည်ခဲ့သည့် ပီဘီ (ပေါလစ်ဗြူရို) အဖွဲ့ဝင်နှစ်ဦးအနက်က တဦးကပင် ဤအစည်းအဝေး၌ ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒဖက်က ရပ်တည်လာသည်။

"အပြုတ်တိုက်ရေး " လမ်းစဉ်၏ အထင်ရှားဆုံး ဖော်ပြချက်ဖြစ်သည့် " ဗိုလ်နေဝင်း အစိုးရဖြုတ်ချလော့ " ဟူသောကြွေးကြော်သံကို လက်ငင်း လက်တွေ့ ကြွေးကြော်သံ အဖြစ် ဖော်ထုတ်ရေးသည် လုံလောက်သော မဲဆန္ဒမရရှိမှုကြောင့် (ဗဟိုကော်မတီ ၅-ဦးက ကန့်ကွက်ခဲ့သောကြောင့်) ရှုံးနိမ့်ခဲ့ရသည် ၎င်းပြင် ၆၄-ဗဟိုကော်မတီ အစည်းအဝေးက ယခင်ကလက်ျာအမှား အကြွင်းအကျန်များကို ပို၍ပြတ်သားစွာတိုက်ခိုက်ပြီး မှန်ကန်သော ရပ်တည်ချက်အချို့ အထူးသဖြင့် စစ်ရေးဖက်၌ ပိုမိုပြတ်သားသော လမ်းစဉ်ကို ချမှတ်နိုင်ခဲ့သည်။ သို့သော် ၆၄-ဗဟိုကော်မတီက ချမှတ်လိုက်သော နိုင်ငံရေး ပေါ်လစီသည်လည်း အထက်၌ ဖော်ပြပြီးဖြစ်သည့်အတိုင်း ကာယကံမြောက်အားဖြင့် "အပြုတ်တိုက်ရေး" ပေါ်လစီသာဖြစ်ပါသည်။

လက်ရှိကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" ဝါဒ တနည်း လက်ရှိ ပီဘီ (ပေါလစ်ဗြူရို) ဆုံးဖြတ်ချက်သည် အယူဝါဒရေးအရ ထင်ရှားသော ယခင်က လမ်းစဉ်များထက် ပိုမိုရှုပ်ထွေးသော ဝါဒလမ်းစဉ်ပင်ဖြစ်သော်လည်း ၎င်းသည် ၆၄-ဗဟိုကော်မတီ၏ "အပြုတ်တိုက်ရေး" ဝါဒ၏ အမြစ်ကို ဖယ်ရှားနိုင်မည်မဟုတ်ပါ။

၎င်းပြင် လက်တွေ့အရကြည့်သော် တဖက်က စေ့စပ်ဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေး တည်ဆောက်၍ အတိုက်အခံ ပါတီအဖြစ် ဖြစ်စေ၊ ထောက်ခံ ပူးပေါင်းဆောင်ရွက်ရေးပါတီအဖြစ်ဖြစ်စေ ကြိုးပမ်းရန်ဟု လမ်းညွှန်ပြီး တပြိုင်တည်းလောလောဆယ် တောင်းဆိုချက် ၈-ချက်မှ အချက် ၂ ချက်နှင့် ၃-တို့အရ၊ အစိုးရအား ဖြုတ်ချပြီး ပြည်သူ့ ဒီမိုကရေစီအစိုးရထူထောင်ရေး "ဗြူရိုကရေစီအုပ်ချုပ်ရေး ယန္တရားဖျက်သိမ်းရေး" ကို "မနေရှင်အစိုးရလက်ထက်၌ ပြုလုပ်နိုင်သည်ဟု မှားယွင်းစွာ နားလည်နေကြသော ရဲဘော်များအား လီနင်၏ "အစိုးရနှင့်တော်လှန်ရေး"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နှင့်"သစ္စာဖောက်ကောက်စကီ"ဟူသော ကျမ်းများကို ပြန်ဖတ်ရန်လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်"ကို ကြိုးပမ်းရန်ဟူသော ၆၄-ဗဟိုကော်မတီ၏စဉ်ပြိုင်လမ်းညွှန်မှု တနည်း တခုကိုတခုကချေဖျက်ထားသည့် နိုင်ငံရေးလမ်းညွှန်မှုနှစ်ရပ်အရ ပါတီဗဟိုကော်မတီ အဖွဲ့ဝင်များလည်း မည်သည့်နည်းနှင့်မျှ ဗဟိုကော်မတီဆုံးဖြတ်ချက်ကိုသော်၎င်း၊ လက်ရှိ ပေါလစ်ဗြူရိုဆုံးဖြတ်ချက်ကိုသော်၎င်း၊ကွန်မြူနစ်ရိုးသားမှုဖြင့်ကိုယ်စား ပြု၍မရနိုင်ကြောင်းကိုလည်း တွေ့ရှိနိုင်ပါသည်။

၆၃-ခုနှစ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလ၌ ၆၂-ဗဟိုကော်မတီ၏ "အပြုတ်တိုက်ရေး" ပေါ်လစီမှ ဒဏ်ရာဒဏ်ချက်ကို ပါတီက ခံခဲ့ရပြီး ဖြစ်သည်။ ဤသည်ကို သင်္ခန်းစာမယူပဲ သက်တန်း ၃-နှစ်ကျော် ၄-နှစ် နီးပါးရှိခဲ့ပြီဖြစ်သော ဤ "အပြုတ်တိုက်ရေး" ပေါ်လစီဝါဒကို ပါတီတွင်း၌ ဆက်လက်၍ အပေါ်စီးရစေနေဦးမည်ဆိုပါက ရေရှည်တွင် ပါတီနှင့် တော်လှန်ရေး၏ ဆုံးရှုံးနစ်နာမှုသည် အဖတ်ဆယ်မရလောက်အောင်ပင် ကြီးမားလာမည်မှာ မြေကြီးလက်ခတ်မလွဲပေ။

နောက်ဆုံးအားဖြင့် မိမိအနေဖြင့် စာရေးပြီး ပြောလိုစိတ် လုံးဝမရှိစေကာမူ မိမိစိတ်ထဲ၌ မသိုးမသန့်ဖြစ်မှုကို အဖြစ်မခံလိုသဖြင့် ဗဟိုကော်မတီသို့ အောက်ပါအချက်ကို တင်ပြအပ်ပါသည်။

"မိမိအနေဖြင့် အခြားအကြောင်းများနှင့်အတူ တောင်းဆိုချက် ၈-ချက်မှ အထူးသဖြင့် အချက်(၂-၃)တို့အရ လက်ရှိအစိုးရကို ဖြုတ်ချပြီး ပြည်သူ့ဒီမိုကရေစီအစိုးရထူထောင်ရေးဟု အဓိပ္ပါယ်သက်ရောက်သည်ကို အသိနှင့်ယှဉ်၍နားလည်ခဲ့သောကြောင့် ၆၄-ဗဟိုကော်မတီ၏ နိုင်ငံရေးလမ်းစဉ်ကို နောက်ပိုင်း၌ ကန့်ကွက်ခဲ့ရ၏။ ဗဟိုကော်မတီအများစုကမူ "လက်ငင်း၌အစိုးရဖြုတ်ချရေး"ကြွေးကြော်သံဖော်ထုတ်ရေးအဆိုကို ပယ်ချနိုင်ခဲ့သည့်အတွက် ၆၄-လမ်းစဉ်ကို ငြိမ်းချမ်းရေးလမ်းစဉ်ဟူ၍ပင် နားလည်နေကြ၏။ ဤအကြောင်းကြောင့် ပေါလစ်ဗြူရိုအဖွဲ့သည် ဤနားလည်မှုကိုသာ ဗဟိုကော်မတီဆုံးဖြတ်ချက်ဟူ၍ လက်ခံရမည်ဖြစ်၏။ ဒီမိုကရေစီဗဟိုကြိုးကိုင်မှုစနစ်အရ ဤနားလည်မှုအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်၏။ ထို့ကြောင့် ၆၄-လမ်းစဉ်ကို ကျွန်ုပ်တို့ "အပြုတ်တိုက်ရေး" လမ်းစဉ်ဟု အဓိပ္ပါယ်ဖွင့်ဆိုပြီး၊ လက်တွေ့၌ ဆောင်ရွက်နေခြင်းသည် ဗဟိုကော်မတီတွင်းညီညွတ်ရေးကိုပျက်ပြားစေလျက်ရှိ၏။ဤသို့ဆက်လက်၍ ပြုလုပ်နေဦးမည်ဆိုပါက သက်ရောက်မည့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အကျိုးအတွက်မိမိအနေဖြင့် လုံးဝတာဝန်ယူမည် မဟုတ်'' ဟူ၍ မိမိက ပေါလစ်ဗျူရိုအစည်းအဝေးများ၌ အဖန်တလဲလဲသတိပေးခဲ့သည်။

သို့သော် ပေါလစ်ဗျူရိုအဖွဲ့သည် စကားလုံးအချို့ကို တရားဝင်ဖြစ်စေရန် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တိုင်ပင်ညှိနှိုင်းနေစေကာမူ၊ စင်စစ်၌ ကျွန်ုပ်တို့၏ သတိပေးချက်ကို ဥပက္ခာပြုကာ ကျွန်ုပ်တို့''အပြုတ်တိုက်ရေး''ပေါ်လစီဝါဒကိုသာ ပိုး၍ပိုး၍ကဲပြီး အကောင်အထည်ဖော်မြဲဖော်လျက်ရှိသည်ဟူသောအချက်ကို မလွှဲသာ၍ အသိပေးတင်ပြအပ်ပါသည်။

ဤအကြောင်းများကြောင့် ယင်းမှားယွင်းသော ''အပြုတ်တိုက်ရေး''ပေါ်လစီဝါဒကို အချိန်မှီပြင်နိုင်ရန်အတွက် အမြန်ဆုံးအရေးပေါ်မျက်နှာစုံညီ ဗဟိုကော်မတီအစည်းအဝေး ကျင်းပရေးကိုတောင်းဆိုအပ်ပါကြောင်း။

''မာ့က်စ်ဝါဒ၊ လီနင်ဝါဒအပေါ် အခြေခံပြီး၊ ဗဟိုကော်မတီ၏ ညီညွတ်ရေးကိုရှေ့ရှုလျက်''

အလေးနီဖြင့်

ဘတင်

၂၅-၇-၆၅။

(၃) သခင်သန်းထွန်းမှ ရဲဘော်ဘတင်သို့ပြန်ကြားချက်။

ရဲဘော်ဘတင်သည်''ဗဟိုကော်မတီအဖွဲ့ဝင်ရဲဘော်များသို့ ၆၅-ခုနှစ်၊ ဇွန်လ ပေါလစ်ဗျူရို အဖွဲ့ဆုံးဖြတ်ချက်အပေါ် ကျွန်တော်၏ အမြင်တင်ပြချက်'' ဟူသောစာတမ်းကို ပြုစုရေးသား၍ ၁၉၆၅-ခုနှစ် အောက်တိုဘာလ တတိယပတ်အတွင်းတွင် တိုင်းအသီးသီးတွင်ရှိသော ဗဟိုကော်မတီ အဖွဲ့ဝင်များသို့ ပေးပို့ရန်အတွက် သခင်သန်းထွန်းနှင့် ပေါလစ်ဗျူရိုအဖွဲ့သို့ တင်ပြလိုက်လေသည်။

ယင်းသို့ ရဲဘော်ဘတင်မှ စာတမ်းအဖြစ်ပြုစု၍ တင်ပြလိုက်သောအခါ သခင်သန်းထွန်းသည် ရဲဘော်ဘတင်၏တင်ပြချက်အား ဗဟိုကော်မတီအဖွဲ့ဝင်များသို့ ချက်ခြင်းဖြန့်ချိရန် ခွင့်မပြုတော့ချေ။ ပေါလစ်ဗျူရိုအဖွဲ့၏မှတ်ချက်နှင့်သာ ပူးတွဲ၍ ဖြန့်ချိရန်ဆုံးဖြတ်လိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုဆုံးဖြတ်ချက်အရ သခင်သန်းထွန်းသည် "ရဲဘော်ဘတင်၏ တင်ပြချက်နှင့် ပတ်သက်၍ ပေါလစ်ဗြူရို၏ မှတ်ချက်" ဆိုသည်ကို တာဝန်ခံ၍ ရေးလေသည်။

သခင်သန်းထွန်းသည် ယင်းစာတမ်းကို ၁၉၆၆-ခုနှစ်၊ မတ်လ(၂၇)ရက်နေ့တွင်မှ အပြီးသတ်လေတော့သည်။

သခင်သန်းထွန်းသည် "ရဲဘော်ဘတင်၏ တင်ပြချက်နှင့် ပတ်သက်၍ ပေါလစ်ဗြူရို၏ မှတ်ချက်"၏ အမှာစာတွင် ဤသို့ဖော်ပြထားသည်။

"ရဲဘော်ဘတင်၏ တင်ပြချက်နှင့် ပတ်သက်၍ ပေါလစ်ဗြူရို၏-မှတ်ချက်"

၁၉၆၅-ခုနှစ်၊ ဇွန်လက ဗဟိုကော်မတီရဲ့ ပေါလစ်ဗျူရိုအဖွဲ့ အစည်းအဝေးကို ကျင်းပခဲ့တယ်။ အဲဒီအစည်းအဝေးမှာ ပေါလစ်ဗျူရိုအဖွဲ့ဝင် လေးဦးနဲ့ ဗဟိုဌာနချုပ်မှာ တာဝန်ယူတဲ့၊ ဗဟိုကော်မတီလူကြီး နှစ်ဦးတို့တက်ရောက်ခဲ့တယ်။ ပေါလစ်ဗျူရို အဖွဲ့အနေနဲ့ "၁၉၆၄-ခုနှစ်၊ စက်တင်ဘာလ ဗဟိုကော်မတီ အစည်းအဝေးအပြီး အခြေ အနေနှင့် လုပ်ငန်းတာဝန်များ" ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါတယ်။

အဲဒီ ဆုံးဖြတ်ချက်မှာပါတဲ့ (၁) ဗိုလ်နေဝင်း စစ်အစိုးရရဲ့ နိုင်ငံခြားရေးပေါ်လစီဟာ ယေဘုယျအားဖြင့် တိုးတက်တယ်ဆိုတဲ့ ၆၄-ခုနှစ်၊ ဗဟိုကော်မတီရဲ့ ဆုံးဖြတ်ချက်ကို ပြင်ဆင်ဘို့ (၂) ဗိုလ်နေဝင်း စစ်အစိုးရကို ဖြုတ်ချပြီး ပြည်သူ့ဒီမိုကရေစီအစိုးရကို တည်ထောင်ဘို့၊ ဒါကို လက်ငင်းကြွေးကြော်သံ အဖြစ်နဲ့ ထုတ်ပြန်ဘို့ ဒီနှစ်ချက်နဲ့ ပတ်သက်ပြီး ဗဟိုကော်မတီရဲ့ သဘောထားကို တောင်းယူဘို့လဲ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်တခုလုံးကို ဗဟိုကော်မတီတွင်းမှာ ဖြန့်ချိပြီး ဖြစ်ပါတယ်။

ဗဟိုကော်မတီရဲ့ သဘောထား တောင်းဆိုနေတဲ့ အဲဒီနှစ်ချက်က လွဲရင် ကျန်တဲ့ ပေါလစ်ဗျူရိုရဲ့ ဆုံးဖြတ်ချက် တခုလုံးကိုလဲ ပါတီတွင်းကို ဖြန့်ချိခဲ့ပါတယ်။

ဇွန်လ ပေါလစ်ဗျူရိုရဲ့ အဲဒီဆုံးဖြတ်ချက်ကို ပေါလစ်ဗျူရို အဖွဲ့ဝင်ဖြစ်တဲ့ ရဲဘော်ဘတင်က သဘောမတူခဲ့ပါ။ သူ့ရဲ့သဘောထားကို ဗဟိုကော်မတီကို ဖြန့်ချိပေးမယ်လို့ ဇွန်လ ပေါလစ်ဗျူရို အစည်းအဝေးမှာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လဲပြောပြီးဖြစ်တယ်။ ဗဟိုကော်မတီ အဖွဲ့ဝင်များကိုလဲ အကြောင်းကြားပြီးဖြစ်တယ်။

သူရဲ့တင်ပြချက်ကို အောက်တိုဘာလ အကုန်မှာ ရပါတယ်။

ပါတီဗဟိုက အပြင်ကို ထုတ်သမျှ စာစောင် စာတမ်းတိုင်းဟာ ပါတီ ဗဟိုရဲ့ မှတ်ချက်၊ ပါတီဗဟိုရဲ့ သဘောထားတို့ ပူးတွဲပါဘို့ လိုအပ်တဲ့အတွက် ရဲဘော်ဘတင်ရဲ့ စာတမ်းကို လေ့လာနေရတာက တကြောင်း၊ သူ့အရင်ပြန်ကြားဘို့လိုအပ်တဲ့ ဗဟိုကော်မတီတွင်းဆိုင်ရာစာများရှိနေတာက တကြောင်း၊ ရဲဘော်ဘတင်ရဲ့ စာတမ်းကို ဖြန့်ချိဘို့ အခုထက်စောပြီး မလုပ်နိုင်ခဲ့ပါ။ ပါတီဗဟိုရဲ့ မှတ်ချက်နဲ့အတူ အခုဖြန့်ချိလိုက်ပါတယ်။

ရဲဘော်ဘတင်အနေနဲ့ ၆၅-ခု၊ ဇွန်လ ပေါလစ်ဗျူရို ဆုံးဖြတ်ချက်ကိုဝေဖန်ဆန်းစစ်ထားပေမဲ့ ၆၄-ခုနှစ်၊ ဗဟိုကော်မတီရဲ့ဆုံးဖြတ်ချက်နဲ့ပတ်သက်တဲ့ ပြဿနာတချို့ကို မလွှဲမရှောင်သာ ဖော်ထုတ်သွားမယ်လို့ဆိုထားပါတယ်။ ရဲဘော်ဘတင်က သူဟာ ၆၄-ဗဟိုကော်မတီဆုံးဖြတ်ချက်ကို မူအားဖြင့်ကန့်ကွက်တယ် လို့ဆိုထားပါတယ်။ (ရဲဘော်ဘတင်ရဲ့တင်ပြချက် စာမျက်နှာ ၂) တချိန်တည်းမှာ ၆၄-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးဘုံးက ရဲဘော်ဘတင်ကတင်ပြပြီး အဲဒီဗဟိုကော်မတီအစည်းအဝေးက လက်မခံပယ်ချလိုက်တဲ့ သဘောထားများကိုလဲ အခုတင်ပြချက်မှာ ရဲဘော်ဘတင်အနေနဲ့ တင်ပြထားတာတွေကိုလဲ တွေ့ရပါတယ်။

ဒါကြောင့် ရဲဘော်ဘတင်ရဲ့စာတမ်းကို ဖြန့်ချိတဲ့အခါမှာ ပူးတွဲထည့်လိုက်တဲ့ မှတ်ချက်က အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) ၆၄-ခုနှစ်၊ ဗဟိုကော်မတီရဲ့ဆုံးဖြတ်ချက် ၆၅-ခုနှစ်ပေါလစ်ဗျူရိုရဲ့ ဆုံးဖြတ်ချက်တို့နဲ့ ပတ်သက်ပြီး သူရဲ့နားလည်မှုအတိုင်း ရေးထားတဲ့အတွက် အဲဒီဆုံးဖြတ်ချက်တွေဟာ ပုံပျက်ပန်းပျက်ဖြစ်အောင် လုပ်ထားတာတွေ့ရပါတယ်။ ။ဒါကြောင့် ၆၄ ဆုံးဖြတ်ချက်ဟာ ဘာလဲ ၆၅ ဆုံးဖြတ်ချက်ဟာ ဘာလဲ ပထမရှင်းဘို့ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ပေါလစ်ဗြူရိုရဲ့ဆုံးဖြတ်ချက်ကို ဆန့်ကျင်ဖက်ပြုပြီး သူ့အနေနဲ့ လမ်းစဉ်တရပ်ကို တင်ပြထားပါသည်။ ဒီလမ်းစဉ်ဟာ တကယ်ကတော့ ၆၄-ခုနှစ် ဗဟိုကော်မတီက ပယ်ချခဲ့ပြီးဖြစ်ပါတယ်။ သူကအခုတဖန် ထပ်တင်ပြလာတဲ့အတွက် အဲဒီအပေါ်မှာမှတ်ချက်ရေးသွားဘို့ဖြစ်တယ်။

(၃) တတိယပိုင်းအနေနဲ့ ၆၅-ပေါလစ်ဗြူရိုနဲ့ ရဲဘော်ဘတင်ကွဲလွဲချက် ၆၄-ဗဟိုကော်မတီနဲ့ ရဲဘော်ဘတင်ကွဲလွဲချက် အချက်အချာပြဿနာတွေကို ချုပ်ပြီးဖော်ပြသွားမှာဖြစ်တယ်။

(၄) အထွေထွေ။

(၅) ဗဟိုကော်မတီအစည်းအဝေးခေါ်ရေးကိစ္စ။

(ရဲဘော်ဘတင်၏ တင်ပြချက်နှင့်ပတ်သက်၍ ပေါလစ်ဗြူရို၏ မှတ်ချက်အတွက် သခင်သန်းထွန်း၏ ရေးသားချက် စာမျက်နှာ(၁)၊၂)

သခင်သန်းထွန်းသည် တော်လှန်ရေးကောင်စီ၏ ကြားနေရေးဝါဒနှင့် ပတ်သက်၍ ဤသို့ပင်ဖော်ပြထားလေသည်။

“ဗိုလ်နေဝင်းအစိုးရဟာ နိုင်ငံခြားရေးမှာ အမေရိကန် နယ်ချဲ့သမားအလိုကျ လုပ်ခဲ့တာတွေရှိပါတယ်။ အခိုင်အမာအားဖြင့် ဆိုရင် ဗီယက်နမ်အရေးကိစ္စမှာ ဖြစ်ပါတယ်။

အမေရိကန်နယ်ချဲ့သမားဟာ ၆၄-ခုနှစ် အကုန်လောက်မှာ ဗီယက်နမ်မှာ ကျူးကျော်ရေးစစ်ကို တိုးချဲ့တာနဲ့ တပြိုင်တည်းမှာ ငြိမ်းချမ်းရေးလိမ်တခုကို လုပ်ခဲ့ပါတယ်။ အမေရိကန်သံရုံးရော ဗီယက်နမ်သံရုံးရောရှိတဲ့နေရာမှာ သံအရာရှိချင်း ငြိမ်းချမ်းရေး ဆွေးနွေးမယ်ဆိုတာပါပဲ။ ကမ္ဘာ့သတင်းစာတွေမှာတော့ “ရန်ကုန်” မှာဆိုပြီး ပြောကြပါတယ်။ ဒါကို ဗိုလ်နေဝင်းအစိုးရက ပထမအုပ်ထားပါတယ်။

လျူရှော့ချီအနေနဲ့ ဗိုလ်နေဝင်းကို နာမယ်မဖော်ပေမဲ့ ဗိုလ်နေဝင်းရဲ့ အလုပ်မျိုးဟာ အမေရိကန် ကျူးကျော်ရေးစစ်ကို ကူတာဖြစ်ကြောင်း ပြောခဲ့တယ်။

ဗိုလ်နေဝင်းအနေနဲ့ တိတ်တိတ်ပုန်း အကူအညီပေးခဲ့တဲ့ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့်က လျှောက်လုပ်တဲ့ အမေရိ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကန် နယ်ချဲ့အလိုကျ ဗီယက်နမ်ငြိမ်းချမ်းရေး စေ့စပ်ရေးနဲ့ပတ်သက်ပြီး တရုပ်ပြည်က ဒီလိုပြောဘူးပါတယ်။

"ဘယ်သူပဲဖြစ်ဖြစ် ငြိမ်းချမ်းရေး စေ့စပ်ရေးဆိုတဲ့ အမေရိကန်နယ်ချဲ့သမားရဲ့ စိမ်ကိန်းအောင်မြင်ဘို့ အမေရိကန် နယ်ချဲ့သမားကို အလုပ်အကျွေးပြုရင် ကေန်မုချ ရှုံးရမှာပဲ။"

"ဒုက္ခရှာမနေပါနဲ့လို့ ဦးသန့်ကို ကွန်တော်တို့က အကြံပေးချင်ပါတယ်။ ခင်ဗျားအဘို့ ကုလသမဂ္ဂမှာ ခေါင်းပူစရာတွေ တပုံတခေါင်းကြီးရှိနေပါတယ်။

(ဦးသန့်ကို အလေးအနက် အကြံပေးခြင်းဆိုတဲ့ ၁၉၆၅-ခုနှစ် ဧပြီလ ၁၂-ရက် ပြည်သူ့နေ့စဉ်ခေါင်းကြီးမှ)

ဦးသန့်ကို တရုပ်ပြည်က ဒီလိုပြောတာဟာ ဗိုလ်နေဝင်းအတွက်ပါ အကြုံးဝင်ပါတယ်။

(အထက်ပါ မှတ်ချက်အတွက် သခင်သန်းထွန်း၏ ရေးသားချက် စာမျက်နှာ ၁၅-၁၆-မှ)

ထို့နောက် သခင်သန်းထွန်းသည် ရဲဘော်ဘတင်၏ တော်လှန်ရေးကောင်စီ အစိုးရ၏ စီးပွားရေးပေါ်လစီအပေါ် သဘောထားများကိုလည်း ဤသို့ပင် ဆန့်ကျင်တိုက်ခိုက်ထားလေသည်။

"ရဲဘော်ဘတင်ရဲ့အလိုအရ ဗိုလ်နေဝင်းရဲ့ စီးပွားရေး ပေါ်လစီဟာ "တိုင်းရင်းသား ဓနရှင်ကြီး"တွေရဲ့ ပစ္စည်းတွေ သိမ်းတာ ဖြစ်တယ်။ ပါတီရဲ့ပေါ်လစီဟာ " တိုင်းရင်းသား ဓနရှင်ကြီး " တွေကို ပစ္စည်းပြန်ပေးရေးဖြစ်တယ်လို့ ပါတီရဲ့ ပေါ်လစီကို သရုပ်ဖျက်ထားတယ်။

ဗိုလ်နေဝင်းရဲ့ ပေါ်လစီကိုကာကွယ်ရာမှာ အလှချယ်ပေးရာမှာပဲ ဖြစ်ဖြစ်၊ ပါတီရဲ့ ပေါ်လစီကို သရုပ်ဖျက်ရာမှာပဲ ဖြစ်ဖြစ်၊ ရဲဘော်ဘတင်ရဲ့အပေါ်က စာပိုဒ်ကတော့ စံတင်လောက်ပါပေတယ်။

ဗိုလ်နေဝင်းရဲ့ပေါ်လစီဟာ "တိုင်းရင်းသား အရင်းရှင်ကြီး" တွေ တိုက်တာဖြစ်တယ်လို့ ရဲဘော်ဘတင်က ဖွင့်ဆိုချင်ပေမဲ့ ဗိုလ်နေဝင်းရဲ့ စီးပွားရေးလုပ်ငန်းတွေဟာ သန်းပေါင်းများစွာသော ဆင်းရဲသား

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွေကိုပိုပြီး မွဲပြာကျစေကာ အလုပ်လက်မဲ့ ဖြစ်စေတာတွေ ကတော့ အမှန်ပါပဲ။

၆၅-ခုနှစ်အကုန်မှာ လုပ်လိုက်တဲ့ ဗျတ်ထိုး ခေါင်းရှက်တွေရဲ့ အလုပ်ကို သိမ်းပိုက်တဲ့လုပ်ငန်းဟာ၊ လူ(၂)သန်းကျော် အလုပ်လက်မဲ့ဖြစ်စေခဲ့တယ်။ အရောင်းအဝယ်လုပ်နေတဲ့ လူ(၂)သန်းနေရာမှာ လူ(၈)သောင်းနဲ့ လုပ်နေတယ်လို့ ကုန်သွယ်ရေးတာဝန်ခံ တဦးဖြစ်တဲ့ ဒုဗိုလ်မှူးကြီးရဲမြင့်က ၆-၁-၆၆ မှာ ပြောပါတယ်။ ဒီ(၂)သန်းကျော်ဟာ တိုင်းရင်းသား ဓနရှင်ကြီးတွေမဟုတ်ပါ။ ဒီလိုအခြေအနေမျိုးမှာ သန်းပေါင်းများစွာသော ဗျက်ထိုးခေါင်းရှက် ဈေးသည်တွေ ဖက်က ရပ်တည်မလား။

လက်ဝါးကြီးအုပ် သိမ်းပိုက်နေတဲ့ အခွင့်ထူးခံ စစ်ဗိုလ်တွေဖက်က ရပ်တည်မလား။

ပါတီကတော့ အခွင့်ထူးခံ စစ်ဗိုလ်တွေကိုဆန့်ကျင်ပြီး သန်းပေါင်းများစွာသော လက်လုပ်လက်စားတွေဖက်က ရပ်တည်ပါတယ်။

ရဲဘော်ဘတင်ရဲ့ ရပ်တည်မှုကတော့ ပါတီရဲ့ရပ်တည်မှုနဲ့ ဆန့်ကျင်ဖက်ဖြစ်ပါတယ်။

(အထက်ပါမှတ်ချက်အတွက်သခင်သန်းထွန်း၏ရေးသားချက် စာမျက်နှာ ၁၉-မှ)

ဆက်လက်၍ သခင်သန်းထွန်းသည် ရဲဘော်ဘတင်၏ နိုင်ငံပိုင်လုပ်ငန်းများနှင့် ပတ်သက်သည့် သဘောထားကိုလည်း ဤသို့ပင် တိုက်ခိုက်ထားလေသည်။

"ဗိုလ်နေဝင်းအစိုးရရဲ့ နိုင်ငံပိုင် လုပ်ငန်းဆိုတာဟာ ဆိုရှယ်လစ်နိုင်ငံပိုင်လုပ်ငန်းတွေ မဟုတ်ပါဘူး။ ဒီလုပ်ငန်းတွေမှာ အုပ်ချုပ်စီမံသူတွေ ဒီလုပ်ငန်းတွေက အကျိုးအမြတ်အများဆုံး ခံစားနေသူတွေဟာ စစ်ဗိုလ်တွေဖြစ်ပါတယ်။ ဒီစစ်ဗိုလ်တွေဟာ ဗမာပြည်ရဲ့ဓနရှင်လူတန်းစားအသစ်ဖြစ်ပါတယ်။

စစ်ဗိုလ်တချို့က ဥပဒေဖောက်ပြီး စီးပွားရှာတာကို အစိုးရက ခွင့်မပြုဘူး။ ဥပဒေချိုးဖောက်ရင် အရေးယူတာဘဲလို့ (ရဲဘော်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဘတင် စာတမ်း စာမျက်နှာ ၂၇) စစ်အစိုးရရဲ့ အစိုးရအရင်းရှင်စနစ်ကို ဒီလို ကာကွယ်လို့ မဖြစ်ပါ။ ဓနရှင်နိုင်ငံလုပ်ငန်း ပင်ကိုယ်သဘာဝအရ ဓနရှင်လူတန်းစား အသစ်ကို မွေးထုတ်နေတာ ဖြစ်ပါတယ်။"

(အထက်ပါ မှတ်ချက်အတွက် သခင်သန်းထွန်း၏ ရေးသားချက် စာမျက်နှာ ၁၃-မှ)

ထို့နောက် သခင်သန်းထွန်းသည် ရဲဘော်ဘတင်၏ ၁၉၆၂-ခုနှစ် တွင် တော်လှန်ရေး ကောင်စီအစိုးရက အာဏာသိမ်းခြင်းသည် အမျိုးအစားသစ်ဖြစ်သည်ဟူသော တင်ပြချက်နှင့် ပတ်သက်၍လည်း ဤသို့ပင်ဖော်ထုတ်ထားလေသည်။

"ဗိုလ်နေဝင်းတို့ ၆၂-က အာဏာသိမ်းတာကောင်းတယ်"

ရဲဘော်ဘတင်အနေနဲ့ ဗိုလ်နေဝင်းအစိုးရဟာ အရင် ဖဆပလ၊ သန့်ရှင်း၊ ပထစတို့နဲ့ မတူတဲ့အစိုးရ အမျိုးအစားအသစ်ဖြစ်တယ်ဆိုတာ ၆၄-ခုနှစ် ဗဟိုကော်မတီမှာတင်ပြခဲ့ပါတယ်။ ဒါကို ၆၄-ခုနှစ်ဗဟိုကော်မတီက ပယ်ခဲ့ပြီးဖြစ်ပါတယ်။ကွန်မြူနစ်တွေသတ်တဲ့၊ပြည်သူတွေသတ်တဲ့၊တိုင်းရင်းသားလူမျိုးတွေသတ်တဲ့၊ တော်လှန်ရေးဖျက်ဆီးတဲ့ ပြည်တွင်းစစ်ကို ဆက်တိုက်နေတာမို့ ဗိုလ်နေဝင်းအစိုးရရဲ့ လက္ခဏာဟာ အရင်အစိုးရတွေနဲ့ အခြေခံလက္ခဏာအရ အတူတူဘဲ။ အမျိုးအစား အသစ်အစိုးရမဟုတ်ဘူးလို့ ၆၄-ဗဟိုကော်မတီက ပြန်ကြားပြီးဖြစ်တယ်။ အခုတခါ ပြန်တင်ပြတာဖြစ်ပါတယ်။

(အထက်ပါ မှတ်ချက်အတွက် သခင်သန်းထွန်း၏ ရေးသားချက် စာမျက်နှာ ၂၀-မှ)

သခင်သန်းထွန်းသည် ရဲဘော်ဘတင်အား လူတန်းစား ရပ်တည်မှု လုံးဝလွဲမှားနေပြီဖြစ်ကြောင်းကို ဤသို့ပင် ဖော်ထုတ်ထားလေသည်။

"ဗိုလ်နေဝင်းဟာ ကွန်မြူနစ်ဝါဒကိုမတိုက်"

ဓနရှင်တွေဟာ ကွန်မြူနစ်ဝါဒကို ယေဘုယျ ကျကျတိုက်တာတို့ ဒါမှမဟုတ် နိုင်ငံခြားက ကွန်မြူနစ်တွေကို တိုက်တာတို့ထက် ပြည်တွင်းကွန်မြူနစ်တွေကိုသာ တိုက်တတ်တယ်ဆိုတာ တော်ရုံတန်ရုံ အတွေ့အကြုံရှိတဲ့ လူတိုင်းသိတဲ့ ကိစ္စပဲ။ ဦးနုတို့က "ကွန်မြူနစ်ဝါဒအောင်ပါစေ၊ ဗမာပြည် ကွန်မြူနစ်ပါတီ ကျဆုံးပါစေ" ကြွေးကြော်ဘူးတာပဲ။ ဗိုလ်နေဝင်းက **"ကွန်မြူနစ်ဝါဒကိုမတိုက်ဘူး" "ကွန်မြူနစ်ပါတီထဲက လက်ဝဲတရားသေသမားတွေ အဖျက်သမားတွေကိုသာ တိုက်နေတယ်"** လို့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော် ဘတင် ပြောတာ အတော်ပဲ အံ့ဩစရာ ကောင်းပါတယ်။ ဗိုလ်နေဝင်း လုပ်နေတဲ့ လုပ်နည်းဟာ အနိုင် နိုင်ငံ က ပြည်တွင်း ဖောက်ပြန်ရေးသမားတိုင်း လုပ်တဲ့ လုပ်နည်းပါပဲ။ ကွန်မြူနစ်ပါတီကို ချေမှုန်းဖို့ စစ်ရေးထိုးစစ်ကြီးတွေ ဗိုလ်နေဝင်းက လုပ်နေပါလျက် ဗိုလ်နေဝင်းဟာ ကွန်မြူနစ်ဝါဒကို မတိုက်လို့ ရဲဘော်ဘတင်ဆိုတာဟာ လူတန်းစား ရပ်တည်မှု လွဲမှားနေပါတယ်။ ကွန်မြူနစ်ဝါဒ နဲ့ ကွန်မြူနစ်ဝါဒ အောင်ပွဲခံဖို့လုပ်နေတဲ့ ကွန်မြူနစ်ပါတီကို ခွဲခြားစဉ်းစားတာ ဟာလဲလုံးဝလွဲမှားနေပါတယ်။

"ကွန်မြူနစ်ပါတီကို စစ်ရေးအရ အဓိက ဦးတည်မတိုက်"

ပါတီဗဟိုကို ၆၄ - ခုနှစ်အတွင်း ၃ - ရင်းအားနဲ့ ထိုးတဲ့ထိုးစစ်ကြီး ငါးကြိမ် လုပ်ခဲ့တာရယ်၊ ၆၅-ခုနှစ်အတွင်း(၁၀၀၀)ကျော်အားနဲ့ ထိုးစစ်ကြီး (လေး ခု)ထိုးစစ်ငယ်(၁၂၀)ကျော် မြစ်ဝကျွန်းပေါ်မှာလုပ်ခဲ့တာရယ်၊ ပဲခူးရိုးမတိုင်းမှာ ၆၅-ခုနှစ်အတွင်း ထိုးစစ်ပေါင်း(၃၀) လုပ်ခဲ့တာရယ်တို့လောက်ကို စဉ်းစားရင် ရဲဘော်ဘတင်ရဲ့ ဒီကောက်ချက်ဟာ တော်လှန်စစ်ဘဝနဲ့ တခြားစီဖြစ်တယ်ဆိုဘာ သိနိုင်ပါတယ်။

"ကွန်မြူနစ်ပါတီကို နိုင်ငံရေးအရ တိုက်ရာမှာ နာမည်မတပ်ပဲ လက်ဝဲတရားသေသမားတွေအဖျက်သမားတွေလောက်နဲ့ ပဲတိုက်တယ်"

သက်သာအောင် ကြံဖန်စဉ်းစားလို့ မဖြစ်ပါဘူး။ ပါတီရဲ့ပေါ်လစီကို"လက်ဝဲတရားသေ"ဖြစ်တယ်။ "အဖျက်ဝါဒ"ဖြစ်တယ်လို့ ရဲဘော်ဘတင်အနေနဲ့ သဘောထားတော့ ဒီအတိုင်းပဲ စဉ်းစားတာပါပဲ။ "လက်ဝဲတရားသေ"တို့ "အဖျက်သမား"တို့ဆိုတာ ငါတို့ကို ရှုတ်ချနေတာပဲဆိုတဲ့ လူတန်းစားအသိရှိဖို့ လိုပါတယ်။

(အထက်ပါ မှတ်ချက်အတွက် သခင်သန်းထွန်း၏ ရေးသားချက် စာမျက်နှာ ၃၀)

ထို့နောက် ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာနှင့်ပတ်သက်၍လည်း သခင်သန်းထွန်းသည် ရဲဘော်ဘတင်အား ဤသို့ပင် ထိုးနှက်၍ တိုက်ခိုက်ထားလေသည်။

"ပြည်တွင်းငြိမ်းချမ်းရေးဟာ သော့ချက်ပြဿနာ"

ပြည်တွင်းငြိမ်းချမ်းရေးဆိုတာနဲ့ ဗမာပြည်ရဲ့ပြဿနာတွေ မဖြေရှင်းနိုင်ကြောင်း ဒီဆယ်နှစ်အတွင်း အတွေ့အကြုံကပြခဲ့ပြီး ပြည်သူတွေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အတွက်တခုတည်းသော တွက်ရာလမ်းကတော့ ဗိုလ်နေဝင်းအစိုးရကို ဖြုတ်ချပြီး ပြည်သူ့ဒီမိုကရေစီ အစိုးရတည်ထောင်ရေးဘဲ။ တနည်းအားဖြင့် စစ်နိုင်ရေး အာဏာသိမ်းရေးဟာ ဗမာပြည်ပြဿနာတွေ ဖြေရှင်းရေးအတွက် သော့ချက်ဖြစ်တယ်။

ပျက်မှောက်အခြေအနေကို အကဲဖြတ်ရမှာတော့ ပေါလစ်ဗျူရိုနဲ့ ရဲဘော်ဘတင်ဟာ တောင်နဲ့မြောက်ဖြစ်နေတယ်။

ရဲဘော်ဘတင်ရဲ့ အကဲဖြတ်ချက်ဟာ ဗိုလ်နေဝင်းအစိုးရကို အလှချယ်ပေးတာဖြစ်တယ်။ အခြေအနေဆိုးနေတာဟာ ပါတီရဲ့မှားယွင်းတဲ့ပေါ်လစီကြောင့်ဆိုပြီး ပါတီကိုတရားခံအဖြစ် စွဲချက်တင်ထားတာ ဖြစ်တယ်။ ပါတီကို လူတန်းစားအသိ တော်လှန်ရေးအသိကင်းမဲ့စေပြီး တော်လှန်စစ်ကို အနိုင်မတိုက်ဘဲ ရန်သူအောက်ကို ခေါင်းလျှိုဝင်ရေးအတွက် ဦးတည်ထားဘဲ့ အကဲဖြတ်ချက်သာဖြစ်တယ်။

(အထက်ပါမှတ်ချက်အတွက် သခင်သန်းထွန်း၏ ရေးသားချက် စာမျက်နှာ ၃၁ - မှ)

သခင်သန်းထွန်းသည် ရဲဘော်ဘတင်၏ နည်းပရိယာယ်ဆိုင်ရာသဘောထားများနှင့် ပတ်သက်၍လည်း ဤသို့ပင် ဖော်ပြထားလေသည်။

ချုပ်လိုက်မယ်ဆိုရင် ရဲဘော်ဘတင် တင်ပြတဲ့နည်းပရိယာယ်ဟာ

(၁) အမိကရန်သူဖြစ်တဲ့ ဗိုလ်နေဝင်းအစိုးရကို အမိကရန်သူအဖြစ် သဘောမထားတဲ့နည်းပရိယာယ်ဖြစ်တယ်။

(၂) အမိကရန်သူနဲ့ပူးပေါင်းလုပ်ရေးလမ်းစဉ်ဖြစ်တယ်။

(၃) အမိကရန်သူကိုဆန့်ကျင်တိုက်ခိုက်ရေးမဟုတ်ပဲ အမိကရန်သူကို ထောက်ခံရေးပေါ်မှာ အလေးတင်းထားတဲ့လမ်းစဉ်ဖြစ်တယ်။

(၄) အမိကရန်သူနဲ့ သေရေးရှင်ရေး တိုက်နေတဲ့အခါမှာ အမိကရန်သူလုပ်နေတာကို စောင့်ကြည့်နေရမဲ့ ပါတီနဲ့ပြည်သူတွေဟာ မလှုပ်မယှက်အသောကောင်ဖြစ်နေရမဲ့ ပါတီနဲ့ပြည်သူတွေကိုလက်နက်မဲ့စေတဲ့လမ်းစဉ်ဖြစ်တယ်။

(၅) ပြည်သူတွေရဲ့အမိကတိုက်ပွဲဖြစ်တဲ့ တော်လှန်တဲ့လက်နက်ကိုင်တိုက်ပွဲကိုဖျက်သိမ်းပြီး အမိကရန်သူဆီမှာ ကွန်ခံရေးလမ်းစဉ်ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၆) ရဲဘော်ဘတင်ရဲ့လမ်းစဉ်အရဆိုရင် ပါတီအနေနဲ့ ပြည်သူတွေနဲ့အတူ တော်လှန်စစ်ကို ဆင်နွှဲနေစရာမလိုတော့ဘူး။ ပါတီအနေနဲ့ လက်နက်ကိုင်တိုက်ပွဲ ရပ်စဲလိုက်ပြီဖြစ်ကြောင်း ဗမာပြည်ကွန်မြူနစ်ပါတီကို ဖျက်သိမ်းလိုက်ကြောင်း ကြေညာပြီး မဆလပါတီမှာ လက်ခံဘို့တဦးချင်း လျှောက်လွှာတင်ကြဘို့ဘဲ ရှိတယ်။ ဒါကတော့ ပါတီ တ ရပ် လုံး ဟာ ဘယ် နည်း နဲ့ မှ မလုပ်ဘူး။

ရဲဘော်ဘတင်ရဲ့ နည်းပရိယာယ် လမ်းစဉ်အရဆိုရင် ရန်သူကို တော်လှန်စစ်တိုက်ရေးမဟုတ်ဘူး။ ရန်သူနဲ့ ငြိမ်းချမ်းရေးလုပ်ရေးဖြစ်တယ်။ (ရဲဘော်ဘတင် စာတမ်း—စာမျက်နှာ—၄၇) ဗိုလ်နေဝင်း အစိုးရကို အတိုက်အခံပြုရေး မဟုတ်ဘူး။ ဗိုလ်နေဝင်း အစိုးရနဲ့ ပူးပေါင်းရေးဖြစ်တယ်။ (ရဲဘော်ဘတင် စာတမ်း—စာမျက်နှာ—၄၇) ဗိုလ်နေဝင်းအစိုးရရဲ့ စီးပွားရေးလုပ်ငန်းနဲ့ တခြားလုပ်ငန်းတွေကို တိုက်ဖျက်ရေးမဟုတ်ဘူး။ ထောက်ခံရေး ဖြစ်တယ်။ အသုံးချရေး ဖြစ်တယ်။ (ရဲဘော်ဘတင်စာ စာမျက်နှာ—၄၈) အတိုချုပ်လိုက်မယ်ဆိုရင် ရဲဘော်ဘတင်ရဲ့ နိုင်ငံရေးလမ်းစဉ်နဲ့ အတွေးအခေါ်ဟာ ငြိမ်းချမ်းစွာ အာဏာယူရေး၊ ငြိမ်းချမ်းရေးကူးပြောင်းရေး ဝါဒအရ ဖြစ်တယ်။

၅၁-ခုနှစ်ဟုန်းက ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရ လမ်းစဉ်ပေါ်ခဲ့ဘူးတယ်။ ဒီလမ်းစဉ်ဟာ တော်လှန်စစ်ကိုရပ်စဲပြီး ရန်သူနဲ့ပူးပေါင်းကာအာဏာယူဘို့ ကြံစီတဲ့လမ်းစဉ်ဖြစ်တယ်။ ဒီလမ်းစဉ်ဟာ ရန်သူကို အလုပ်အကျွေးပြုခဲ့တဲ့ လမ်းစဉ်ဖြစ်တယ်။ ပြည်သူ့ တော်လှန်ရေးကို အကြီးအကျယ်နစ်နာဆုံးရှုံးစေတဲ့ လမ်းစဉ်ဖြစ်တယ်။

ခုအခါမှာ ရဲဘော်ဘတင်အနေနဲ့ တော်လှန်စစ်ကိုရပ်ပြီး ရန်သူနဲ့ ပူးပေါင်းဘို့ ရန်သူကို အလုပ်အကျွေးပြုမဲ့ လမ်းစဉ်တရပ်ကို တင်ပြလာပြန်တယ်။

ရဲဘော်ဘတင် တင်ပြလာတဲ့ လမ်းစဉ်ဟာ ၅၁-ခုနှစ် တုံးက ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရနဲ့ တူတဲ့အပြင် ၄၈-ခုနှစ်တုံးက ပေါ်ခဲ့တဲ့ မိမိကအင်အားနည်းပေမဲ့ အင်အားကြီးမားတဲ့ရန်သူကို ကျေးလက်ဒေသကိုအခြေစိုက်၊ မြို့တွေကိုဝိုင်း၊ တပြည်လုံး အာဏာသိမ်းဆိုတဲ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည်သူ့စစ်လမ်းစဉ်ကို ဆန့်ကျင်ဖက်ပြုခဲ့ဘူးတဲ့ လမ်းစဉ်နဲ့လဲ အနှစ်သဘော အတူတူပဲဖြစ်တယ်။ အခြေအနေသစ်မှာ အချက်အလက်အသစ်တွေ မွမ်းမံထားတာသာဖြစ်တယ်။

ရဲဘော်ဘတင်ရဲ့ နည်းပရိယာယ်တွေကို လေ့လာပြီးတဲ့နောက် ရဲဘော်ဘတင်ရဲ့ တင်ပြချက်ကို ဗဟိုကော်မတီတဖွဲ့လုံးဟာ တခဲနက်ပယ်ချလိမ့်မယ်လို့ ပေါလစ်ဗျူရို အဖွဲ့အနေနဲ့ အပြည့်အဝယုံကြည်ပါတယ် ”

(အထက်ပါမှတ်ချက်အတွက် သခင်သန်းထွန်း၏ ရေးသားချက်စာမျက်နှာ-၃၅ မှ)

ဤသို့ဖြင့် သခင်သန်းထွန်းသည် ရဲဘော်ဘတင်အား **“တော်လှန်စစ် ဆန့်ကျင်ရေးသမား”** **“ငြိမ်းချမ်းရေးသမား”** **“ရန်သူကို အလုပ်အကျွေးပြုသူ”** စသည်....စသည်ဖြင့် စွပ်စွဲ၍ ဆန့်ကျင်တိုက်ခိုက် ထားလေသည်။

နောက်ဆုံးတွင် သခင်သန်းထွန်းသည် “ရဲဘော်ဘတင်၏ တင်ပြချက်နှင့်ပတ်သက်၍ ပေါ်လစ်ဗျူရို၏ မှတ်ချက်” ဟူသော စာတမ်း၏ နောက်ဆုံးအပိုင်း၌ “အရေးပေါ် ဗဟိုကော်မတီ အစည်းအဝေးကိစ္စ” ဟူသောခေါင်းစဉ်ဖြင့် ဤသို့ပင် ဖော်ပြထားလေသည်။

“ပထမအချက်က ၆၄-ခုနှစ်၊ ဗဟိုကော်မတီတုံးက ၆၇-ခုနှစ်မှာ ပုံမှန် ဗဟိုကော်မတီ အစည်းအဝေးကျင်းပဘို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီ ဗဟိုကော်မတီ အစည်းအဝေးမှာ ရဲဘော်ဘတင်က အခုစာတမ်းပါ အဓိက အချက်များကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးက ရဲဘော်ဘတင်ရဲ့ အယူအဆနဲ့ လမ်းစဉ်ကို ပယ်ချခဲ့ပါတယ်။ ဗဟိုကော်မတီ ဥက္ကဋ္ဌ တင်ပြတဲ့ အစီရင်ခံစာကို အတည်ပြုခဲ့ပါတယ်။

အခုဗဟိုကော်မတီ အစည်းအဝေးခေါ်ဖို့ တောင်းဆိုတာဟာ အခြေခံအားဖြင့် ဟိုတုံးက ပယ်ပြီးသားဖြစ်တဲ့အတွေးအခေါ်နဲ့ လမ်းစဉ်ကို ပြန်စဉ်းစားဖို့ ဖြစ်ပါတယ်။ ဒါကြောင့် အရေးပေါ် အစည်းအဝေးခေါ်ဖို့ မလိုပါဘူး။ ရဲဘော်ဘတင်က သူ့ရဲ့လမ်းစဉ်ကိုတင်ပြချင်သေးတယ်ဆိုရင် ပုံမှန်ကျင်းပခဲ့ အစည်းအဝေးကျရင် တင်ပြဘို့ အခွင့်အရေး အပြည့်အစုံ ရှိပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒုတိယအချက်က ၁၉၆၅-ခုနှစ်၊ ဇွန်လ ပေါလစ်ဗြူရို ဆုံးဖြတ်ချက်ဟာ ၆၄-ဗဟိုကော်မတီရဲ့ ဆုံးဖြတ်ချက်ကို ဖြတ်ကျော်လို့ ဒါကို စဉ်းစားဖို့ တောင်းဆိုမယ်ဆိုရင် တောင်းဆိုနိုင်ပါတယ်။

ရဲဘော်ဘတင် အနေနဲ့တော့ ၆၄-ဗဟိုကော်မတီ ဆုံးဖြတ်ချက်နဲ့ ၆၅-ဇွန်လ ပေါလစ်ဗြူရို ဆုံးဖြတ်ချက်ဟာ အနှစ်သာရအားဖြင့် မကွာခြားလို့ ဆိုပါတယ်။

"လက်ရှိ ပီဘီဆုံးဖြတ်ချက်သည် အယူဝါဒရေးအရ ထင်ရှားသော ယခင်လမ်းစဉ်များထက် ပိုမိုရှုတ်ထွေးသော ဝါဒလမ်းစဉ်ပင် ဖြစ်သော်လည်း ၎င်းသည် ၆၄-ဗဟိုကော်မတီ၏ အပြုတ်တိုက်ရေး လမ်းစဉ်နှင့် ကာယကံမြောက်အားဖြင့် အနှစ်သာရအားဖြင့် မကွာခြားပါ။ ဤအကြောင်းကြောင့် ၆၄-လမ်းစဉ်ကိုမပြင်ပဲ၊ လက်ရှိကျွန်ုပ်တို့၏ အပြုတ်တိုက်ရေးဝါဒ၏ အဖြစ်ကို ပယ်ရှားနိုင်မည် မဟုတ်ပါ။"

ရဲဘော်ဘတင် တင်ပြတဲ့ အပြုတ်တိုက်ရေး ပေါ်လစီကို ပြင်ဘို့ (ဆိုလိုတာက ၆၅-ဇွန်လ ပေါလစ်ဗြူရို ဆုံးဖြတ်ချက်သာမက ၆၄ ဗဟိုကော်မတီရဲ့ ဆုံးဖြတ်ချက်ပါပြင်ဖို့) အရေးပေါ် ဗဟိုကော်မတီ အစည်းအဝေး ခေါ်ပေးဖို့ မလိုဘူးလို့ ပေါလစ်ဗြူရိုက ဆုံးဖြတ်ပါတယ်။

ရဲဘော်ဘတင် တင်ပြလိုတာကို ၆၇-ခုနှစ်၊ ပုံမှန်ဗဟိုကော်မတီ အစည်းအဝေးမှာ တင်ပြနိုင်တဲ့ အခွင့်အရေးအပြည့်အစုံ ရှိပါတယ်။

၁၇-၃-၆၇
ပေါလစ်ဗြူရိုအဖွဲ့
ဗဟိုကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

ဗဟိုကော်မတီအဖွဲ့ဝင်အားလုံးသို့။

(အထက်ပါမှတ်ချက်အတွက် သခင်သန်းထွန်း၏ ရေးသားချက် စာမျက်နှာ ၄၃-၄၄ မှ)

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၆

ပဲခူးရိုးမတိုင်းနှင့် သခင်သန်းထွန်းဂိုဏ်း

(၁) ပဲခူးရိုးမတိုင်း

ဗမာပြည် ကွန်မြူနစ်ပါတီသည် ၁၉၅၅-ခုနှစ်မှစ၍ ဗမာပြည်ကိုစည်းရုံးရေးဒေသကြီးအားဖြင့် တိုင်းကြီး (၁၁) တိုင်းကိုခွဲ၍ စည်းရုံးခဲ့လေသည်။

(၁) မြစ်ဖျားဒေသတိုင်း။
(၂) အထက်ဗမာပြည်တိုင်း။
(၃) အလယ်ဗမာပြည်တိုင်း။
(၄) အနောက်မြောက်တိုင်း။
(၅) ရှမ်းပြည်တိုင်း။
(၆) အောက်ဗမာပြည်တိုင်း။
(၇) အနောက်တိုင်း။
(၈) မြစ်ဝကျွန်းပေါ်တိုင်း။
(၉) ရခိုင်တိုင်း။
(၁၀) တနင်္သာရီတိုင်း။
(၁၁) ရန်ကုန်နှင့် ရန်သူဒေသ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အထက်ပါအတိုင်း တိုင်းကြီးများကို ခွဲ၍ စည်းရုံးခဲ့ပြီး သခင်သန်းထွန်းနှင့် ပါတီဗဟိုဌာနချုပ်ကမူ ပဲခူးရိုးမကိုပင် ၁၉၄၇-ခုနှစ်က တည်းကပင် အခြေပြုခဲ့ကြလေသည်။

ပဲခူးရိုးမသည် ရန်ကုန်မြို့တော်နှင့် ဆက်စပ်လျက်ရှိပြီး ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည် ဆက်သွယ်ရေးလမ်းမကြီး နှစ်သွယ်အကြားတွင် တည်ရှိသည်။ ဤသို့လမ်းမကြီးနှစ်သွယ်အကြားတွင် တည်ရှိနေခြင်းကိုပင် သခင်သန်းထွန်းတို့သည် နှစ်ခြိုက်ကြပေသည်။

ပဲခူးရိုးမ၏အရှေ့ဖက်စောင်းတွင်ပျဉ်းမနားခရိုင်၊ တောင်ငူခရိုင်၊ပဲခူးခရိုင်တို့ တည်ရှိပြီးအနောက်ဖက်စောင်းတွင်မူ သရက်ခရိုင်၊ပြည်ခရိုင်၊သာယာဝတီခရိုင်၊ မှော်ဘီခရိုင်တို့သည် ဆက်စပ်တည်ရှိလျက်ရှိပေသည်။

ပဲခူးရိုးမသည် အရှေ့ရိုးမ၊ အနောက်ရိုးမများကဲ့သို့ မြင့်မားမှုမရှိသော်လည်း သက်နုပ်သုမြေဖြစ်ခြင်းကြောင့် စွတ်စိုသည်၊ တောထူထပ်သည်၊ရွှံ့မြောင်စိမ့်စမ်းများလည်း ပေါများလှပေသည်။ အသွားအလာ လွယ်ကူသော လမ်းကောင်းများ ရှားပါးပြီး အသွားခက်-အတက်အဆင်းခက်သော လူသွားလမ်းတောတိရစ္ဆာန်သွားလမ်းများသာ ပေါများလှသည်။ ထို့ကြောင့်လည်း လူသူအသွားအလာနည်းပြီး လျှို့ဝှက်ခိုအောင်းရန် ကောင်းလှသော တောတောင်လည်းဖြစ်ပေသည်။

ပဲခူးရိုးမပေါ်တွင် နေထိုင်သူများမှာ (ရဘီးအနွယ်အချို့ရှိသော်လည်း) အများစုကြီးမှာ ကရင်အမျိုးသားများ ဖြစ်ကြသည်။ တောင်ပေါ်ကရင်အမျိုးသားများမှာ တောင်ယာခုတ် လုပ်ငန်းသာလျှင် အဓိကအလုပ်အဖြစ် လုပ်ကိုင်စားသောက်ကြပြီး ခေတ်နောက်ကျသည်။ ရိုးသားလွန်းလှသည်။ သို့သော် ပဲခူးရိုးမကရင်လူထုမှာ တော်လှန်ရေးအစဉ်အလာ အလွန်ကြီးမားသည်။ အထူးသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်မှုအောက်တွင်တော်လှန်ရေးအဆက်ဆက်တွင် အားတက်သရော ပါဝင်သည့်အတွေ့အကြုံ ရှိကြသူများဖြစ်သည်။ ဖက်ဆစ်ဂျပန်တော်လှန်စဉ်က သူမတူအောင် သတ္တိပြောင်သော (စောဘိုးစော)နှင့် တော်လှန်ရေးအဆက်ဆက်တွင် သူရဲကောင်းပီသစွာ အသက်စွန့်သွားကြရှာသော (ဖအိုဆဲ) (စောထူးကေး) တို့ကဲ့သို့သော ကရင်အာဇာနည်သူရဲကောင်းများထွက်ပေါ်ရာဒေသလည်း ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် ပဲခူးရိုးမ၏ အရှေ့နှင့်အနောက်၌ရှိသော (ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ သရက်၊ ပြည်၊ သာယာဝတီ၊ မှော်ဘီ စသည့်) ခရိုင်များမှ တောင်သူလယ်သမားကြီးများမှာလည်း ဗမာပြည်နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်သည့် တော်လှန်ရေးအဆက်ဆက်တွင် ရှေ့တန်းကပါဝင်ခဲ့ကြသည်ချည်းဖြစ်သည်။ ဆရာစံလယ်သမားသူပုန်၊ သခင်ခေတ်လူတန်းစားတိုက်ပွဲ (၁၃၀၀-ရေနံမြေအရေးတော်ပုံ) ဂျပန်ခေတ်ဖက်ဆစ်တော်လှန်ရေးပြောက်ကျားစစ်ပွဲ (တောင်ငူပြောက်ကျား) တို့မှာ သမိုင်းတွင်ထင်ရှားသော ပဲခူးရိုးမ၏ သမိုင်းဝင်သာဓကများ ဖြစ်ပေသည်။

ဤမျှတော်လှန်ရေးအစဉ်အလာ ကောင်းခြင်းကြောင့်ပင် သခင်သန်းထွန်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်သည် ၁၉၄၇-ခုနှစ်တွင် ပဲခူးရိုးမဒေသကိုပြန်လည်အခြေခံခဲ့ကြလေသည်။

သို့သော်လည်း နောက်ပိုင်းတွင် သခင်သန်းထွန်း တို့၏ စိတ်ကူးတမျိုးပေါက်လာပြန်သည်။ ဗဟိုဒေသကို အစိုးရတပ်များက အပြင်းထိုးစစ်ဆင်လာသောအခါ ပဲခူးရိုးမတွင် ဆက်လက်ရပ်တည်နေရန် မရဲတော့ပဲ ဖြစ်လာသည်။ ထို့ပြင်တရုပ်ပြည်နယ်စပ်ကို ကျောချင်းကပ်ကာ လွတ်မြောက်သည့်သေနင်္ဗျူဟာ အခြေခံဒေသတည်ဆောက်ရန်ကိုလည်း ထိုစဉ်က အစီအစဉ်ရှိခဲ့သည်။ ထို့ကြောင့်ပင် ၁၉၅၂-ခုနှစ်တွင် ပါတီဗဟိုဌာနချုပ်နှင့် သခင်သန်းထွန်းတို့သည် ပဲခူးရိုးမကို စွန့်ခွာပြီး၊ အထက်ဗမာပြည်ဖက်သို့ သွားရောက်အခြေစိုက်ခဲ့သည်။

အစိုးရတပ်များသည်လည်း ပါတီဗဟိုဌာနချုပ်ရှိရာ အထက်ဗမာပြည်သို့ ထိုးစစ်ကြီးများဖြင့် ဆက်တိုက်ထိုးနှက်ခဲ့ရာ သခင်သန်းထွန်းတို့မှာ အထက်ပိုင်းတွင်လည်း အခြေမခံနိုင်၊ တရုပ်ပြည်နယ်စပ်တွင်လည်း လွတ်မြောက်သည့် ဒေသကိုမတည်ဆောက်နိုင်ပဲ၊ ဆောက်တည်ရာမရဖြစ်ခဲ့ရသည်။ ထို့ကြောင့် ၁၉၅၈ - ခုနှစ်နောက်ပိုင်းတွင် သခင်သန်းထွန်းတို့သည် လူအသုတ်လိုက်ခွဲကာ နည်းပေါင်းစုံဖြင့် ပဲခူးရိုးမသို့ပြန်လည်၍ ရွှေ့ပြောင်းလာကြပြန်လေသည်။

သခင်သန်းထွန်းသည် စစ်ကိုင်းခရိုင် မြောင်မြို့နယ် ရွှေပေါက်ပင်ရွာမှ တဆင့် ရောဝတီမြစ်ကြောင်းအတိုင်း လျှို့ဝှက်၍ လှေဖြင့်စုန်ဆင်းခဲ့၏။ သခင်သန်းထွန်းသည် ကိုယ်ရောင်ပျောက်စေရန်အတွက် ဘုန်းကြီးဝတ်ခဲ့၏။ ဘွဲ့မှာ ဆရာတော်ဦးသုရိယဖြစ်၏။ အညာမှပြည်ရွှေဆံတော်သို့ ဘုရားဖူးကြွလာတော်မူသည့် ဘုန်းတော်ကြီးအသွင်ကို ဖန်ဆင်းခဲ့ခြင်းဖြစ်၏။ သခင်သန်းထွန်းနှင့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အတူ၊ ကပ္ပိယအဖြစ်ဖြင့် ဗိုလ်မှူးတုတ်ရွှေနှင့် စစ်ကိုင်းခရိုင်ကော်မတီ ရဲဘော်မင်းသန်းတို့ ပါလာခဲ့လေသည်။

ဤသည်မှစ၍ ပဲခူးရိုးမသည် မိမိတို့၏အဓိကအခြေခံရမည့်ဒေသဖြစ်ကြောင်း သခင်သန်းထွန်းတို့သည် ပြောင်းလဲ၍ ခံယူလာတော့သည်။

ဤသို့သဘောထားလာသည့်အတိုင်း၊ ပဲခူးရိုးမဒေသကို ခိုင်မာသထက် ခိုင်မာအောင် တည်ဆောက်ရန်အတွက် သခင်သန်းထွန်းကိုယ်တိုင်ပင် ကိုယ်ဖိရင်ဖိအားထုတ်လာတော့သည်။

ပဲခူးရိုးမကိုယင်းတို့ကိုယ်တိုင် တစုတစည်းတည်းစုပီးချုပ်ကိုင်တည်ဆောက်သွားရန် အစွမ်းကုန်ကြိုးပမ်းလာလေသည်။

ယခင်က ပဲခူးရိုးမ၏အနောက်ခြမ်း၌ရှိသော မော်ဘီခရိုင် သာယာဝတီခရိုင်၊ ပြည်ခရိုင်၊ သရက်ခရိုင်များ ပါဝင်သော ဒေသကို"အနောက်တိုင်း"ဟူ၍ သီးခြားဖွဲ့စည်းထားခဲ့၏။ ပဲခူးရိုးမအရှေ့ခြမ်း၌ရှိသော တောင်ငူခရိုင်၊ပဲခူးခရိုင်၊ ဟံသာဝတီခရိုင်များ ပါဝင်သည့်ဒေသကို "အောက်ဗမာပြည်တိုင်း"ဟူ၍ သီးခြားဖွဲ့စည်းခဲ့လေသည်။

ယခုမူ ပဲခူးရိုးမကို အခြေအနေအရ တစုတစည်းတည်းအဖြစ် စုစည်းရန်လိုအပ်လာသဖြင့် ၁၉၆၂-ခုနှစ်၊ နှစ်ကုန်တွင် ပဲခူးရိုးမတိုင်းဖွဲ့စည်းရေး ကွန်ဖရင့်ကို သခင်သန်းထွန်းနှင့် ဗဟိုဌာနချုပ်မှ တိုက်ရိုက်ဦးစီးကျင်းပခဲ့ပေသည်။ ယင်းကွန်ဖရင့်တွင် အနောက်တိုင်းနှင့် အောက်ဗမာပြည်တိုင်း (၂) တိုင်းကို ပေါင်းစီးလိုက်ပြီး "ပဲခူးရိုးမတိုင်း"အဖြစ် တပေါင်းတစည်းတည်းပြန် လည်၍ဖွဲ့စည်းလိုက်လေသည်။

ယင်းကွန်ဖရင့်တွင်ပင်"၁၉၆၃ - ၆၄ (၂) နှစ်လုပ်ငန်းစီမံကိန်း" ကိုချမှတ်ခဲ့လေသည်။

ယင်းစီမံကိန်းတွင်——

> အမျိုးသား ဒီမိုကရေစီ တော်လှန်ရေးကို လက်နက်ကိုင် တိုက်ပွဲအသွင်ဖြင့် ဆင်နွှဲရေး။
>
> လက်နက်ကိုင် တိုက်ပွဲဆင်နွှဲရင်း အလံ(၃)ခု (အမျိုးသားအလံ ဒီမိုကရေစီအလံ ငြိမ်းချမ်းရေးအလံ)ကို ကိုင်စွဲရေး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လက်နက်ကိုင် တိုက်ပွဲကို အဓိက ဆင်နွှဲရင်း အခြားတိုက်ပွဲများနှင့် ပေါင်းစပ်ရေး။

ငြိမ်းချမ်းရေး ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လက်နက်ကိုင် တိုက်ပွဲနှင့် အာဏာသိမ်းရေးမှာ အခြေခံရည်မှန်းချက်ဖြစ်ရေး။

လက်နက်ကိုင်အင်အားကြီးထွားရေး၊ လယ်သမား လှုပ်ရှားမှု ကြီးထွားရေး၊ ပါတီအင်အားကြီးထွားရေးတို့သည်အဓိကလုပ်ငန်းဖြစ်ရေး။

စသော လမ်းစဉ်ကို သခင်သန်းထွန်းက လှုံ့ဆော်ရှေ့ဆောင်ပြီး ချမှတ်စေခဲ့လေသည်။

ယင်းကွန်ဖရင့်ကပင် ပဲခူးရိုးမတိုင်းကော်မတီကို ရွေးကောက်တင်မြှောက်ခဲ့လေသည်။ ။ပဲခူးရိုးမတိုင်း ကော်မတီဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ရဲဘော်မြ .... (ဥက္ကဋ္ဌ)

(၂) ရဲဘော် ဗိုလ်ရန်အောင် .... (အတွင်းရေးမှူး)

(၃) ရဲဘော်သက် .... (တိုင်းကော်မတီဝင်)

(၄) ရဲဘော် ဘုန်းကျော် .... (တိုင်းကော်မတီဝင်)

(၅) ရဲဘော် လှကြည် .... (တိုင်းကော်မတီဝင်)

(၆) ရဲဘော် မောင်မောင်သန်း .... (အရံတိုင်းကော်မတီဝင်)

(၇) ရဲဘော် အောင်ဒင် .... (အရံတိုင်းကော်မတီဝင်)

ယင်းပဲခူးရိုးမတိုင်း ဖွဲ့စည်းရေးကွန်ဖရင့်မှစ၍ သခင်သန်းထွန်းနှင့် ပါတီဗဟိုဌာနချုပ်သည် ပဲခူးရိုးမတိုင်းကို ပူးပူးကပ်ကပ်ရှေ့ဆောင်ပြီး ပြန်လည်တည်ဆောက်လာတော့သည်။ ဤသည်ကား အစီအစဉ်မဲ့မဟုတ်ချေ။ အစီအစဉ်ရှိရှိ စီမံကိန်းရှိရှိဖြင့် တည်ဆောက်ရန် လုံးပမ်းလာခြင်းဖြစ်၏။ ပဲခူးရိုးမတွင်ရင်း၊ တပြည်လုံးတွင်ရင်း စနစ်ကျသောစီမံကိန်းများကို ရေးဆွဲ၍ တည်ဆောက်လာကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) သခင်သန်းထွန်း၏ (၄)နှစ်စီမံကိန်း

၁၉၆၅-ခုနှစ် ဒီဇင်ဘာလ (၆)ရက်နေ့တွင် ဖြစ်လေသည်။ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မတီ ဥက္ကဋ္ဌ သခင်သန်းထွန်းသည် "(၄) နှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်း"မူကြမ်းတစောင်ကို ရေးဆွဲခဲ့လေသည်။

ယင်းစီမံကိန်း၏ ခေါင်းစဥ်မှာ "**စစ်နိုင်ရေး တပြည်လုံးအတွက် ပုံကြမ်းနှင့် ပဲခူးရိုးမတိုင်းအတွက်**"ဟူ၍ ဖြစ်လေသည်။

ဤစီမံကိန်းသည် ဗမာပြည်တပြည်လုံးအတွက် သေနင်္ဂဗျူဟာဆိုင်ရာ စစ်ရေးစီမံကိန်းအဖြစ် ရေးဆွဲထားခြင်းဖြစ်၏။ ထို့ကြောင့် ယင်းစီမံကိန်းမူကြမ်းကို ဗဟိုနိုင်ငံရေး ဦးဆောင်အဖွဲ့အတွင်း၌သာ ထားရှိရမည့် "**စစ်ရေးဆိုင်ရာ ထိပ်တန်းလျှို့ဝှက်ချက်**" အဖြစ်ဖြင့် သတ်မှတ်၍ ထားလေသည်။

ယင်းစစ်ရေးစီမံကိန်း၏ "**မိမိအား တည်ဆောက်ရေး ရည်မှန်းချက်**"အပိုင်းတွင် ဤသို့ ဖော်ပြထားလေသည်။

> "ရန်သူတွင် လက်နက်ကိုင်တပ် တသိန်းရှိသည်။ ဤနေရာတွင် ပုလိပ်တပ်များကို ထည့်မထား။ ရန်သူ၏တသိန်းတပ်ကို ချေမှုန်းပစ်ရေးသည် ငါတို့စစ်တခုလုံး၏ ရည်ရွယ်ချက်ဖြစ်သည်။
>
> ဤရန်သူတသိန်းတပ်ကို ချေမှုန်းနိုင်သော ငါတို့၏ လက်နက်ကိုင်အားကို တည်ဆောက်ခြင်းသည် ငါတို့၏ ရည်ရွယ်ချက်ဖြစ်သည်။
>
> ပထမအဆင့်တွင် သေနင်္ဂဗျူဟာ သဘောအရ ရန်သူအား ထိုးစစ်ဆင်နိုင်သောအားကို တည်ဆောက်ပြီး ထိုအင်အား တည်ဆောက်မိသည့်အခါ ထိုးစစ်ဆင်ရန်ဖြစ်သည်။
>
> တရုပ်ပြည် တော်လှန်ရေး အတွေ့အကြုံအရ ရန်သူ (၄)သန်း မိမိက တသန်းကျော် ရန်သူ၏ လေးချိုးတချိုး အင်အား တည်ဆောက်နိုင်သည့်အခါ ထိုးစစ်ဆင်သည်။ (သေနင်္ဂဗျူဟာ သဘောပြောခြင်းဖြစ်သည်။)
>
> "ရန်သူအနေနှင့် လက်ရှိတသိန်းရှိသည် ရန်သူအနေနှင့် နှစ်သိန်းခန့်အထိ စုဆောင်းနိုင်သည်ဟု ခန့်မှန်းထားသင့်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လက်ရှိအခြေအနေတွင် ရှိသည့်အတိုင်း မတည့်တွက်ချက်ရမည်။

ရန်သူ၏ တကဲ့တိုက်အားမှာ ငါးသောင်းရာခိုင်နှုန်းသာရှိသည်။ ရန်သူတွင် လက်ရှိတိုက်ခိုက်ရေး တပ်ရင်း (၁၀၅) ရင်းရှိသည်။ ဖျမ်းမျှခြင်း တရင်းလျှင် (၅၀၀) စုစုပေါင်း (၅၂၅၀၀)ရှိသည်။ ၎င်းမှာ စစ်မြေပြင်တွင် တကယ်သုံးနိုင်သော အားဖြစ်သည်။

တရုပ်ပြည်တော်လှန်ရေးနှင့် အခြားတော်လှန်ရေးများ နောက်ဆုံး တောင်ဗီယက်နမ်အတွေ့အကြုံအရ ရန်သူ၏အင်အား လေးချိုးတချိုး တည်ဆောက်နိုင်လျှင် သေနင်္ဂဗျူဟာ သဘောဆောင်သော ထိုးစစ်ကို ပြုလုပ်နိုင်သည်။

ဗမာပြည်တွင် ငါတို့ပါတီက တိုက်ရိုက်ရွှေဆောင်သော လက်နက်ကိုင် တပ်အင်အား တသောင်း တည်ဆောက်လျှင် သေနင်္ဂဗျူဟာ သဘောဆောင်သော ထိုးစစ်ပြုလုပ်နိုင်သည်။

ငါတို့ အနေနှင့် နိုင်ငံရေး စစ်ရေးတပ်ဆင်ထားသော တသောင်း တပ်ဖွဲ့ရေးကို ဦးတည်ကြိုးပမ်းရမည်။

(သခင်သန်းထွန်း၏"(၄)နှစ် အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်း" စာမျက်နှာ-၁-၂-မှ)၊

ဗဟိုစစ်ကော်မတီ ဥက္ကဋ္ဌ သခင်သန်းထွန်းသည်၊ "(၄) နှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်း" မူကြမ်း၏ "ချေမှုန်းရေး ရည်မှန်းချက်"အပိုင်းတွင်လည်း ဤသို့ပင်ရေးဆွဲ၍ ချမှတ်လေသည်။

"တနှစ်လျှင် ရန်သူအင်အား (တသောင်း) အထိ ချေမှုန်းနိုင်ရန် ကြိုးပမ်းရမည်။

လက်ရှိ အနေအထားအရပြောလျှင် တော်လှန်ရေးအင်အားစုအားလုံးအနေနှင့် ချေမှုန်းနိုင်စွမ်း လေးဆ-ငါးဆ အထိ မြှင့်တင်ရမည်။

၎င်းမှာ-ယေဘုယျသာဆိုခြင်းဖြစ်သည်။

ပါတီအနေနှင့် ဒီထက်မက ကြိုးစားရမည်။

၆၄-ခုနှစ်တွင် ပါတီ၏ ချေမှုန်းနိုင်အားမှာ၊ (၅၀၀) ခန့် သာ ရှိသည်။ ပါတီအနေနှင့် တနှစ်လျှင် သီးခြားအားဖြင့် (၄၀၀၀)ခန့် အထိ ချေမှုန်းနိုင်ရန် ဦးတည် ကြိုးပမ်းရမည်။ ဤဖက်မှ ကြည့်လျှင် ပါတီ၏ ချေမှုန်းနိုင်စွမ်းကို ရှစ်ဆအထိမြှင့်ရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီ၏ ချေမှုန်းနိုင်စွမ်းဆိုရာ၌ **လက်နက်ရရေး** အကျုံးဝင်သည်။ သို့မှသာငါတို့မျှော်မှန်းသော တသောင်းတပ်ကို ဖွဲ့စည်းတည်ဆောက်နိုင်မည်”

(သခင်သန်းထွန်း၏ “၄-နှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်း” စာမျက်နှာ ၃-မှ)

ယင်း **“၄ နှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်း”** တွင် **“ပါတီ၏အင်အားတိုးမြှင့်ရေး”** အပိုင်း၌ ကွန်မြူနစ်ပါတီ၏ လက်ရှိအင်အားအခြေအနေနှင့် တိုးချဲ့စည်းရုံးရန် ရာထားချက်တို့ကိုလည်း ဤသို့ပင်ဖော်ပြထားလေသည်။

ပါတီ၏အင်အားတိုးမြှင့်ရေး

လက်ရှိအခြေအနေတွင်....

ပါတီဝင်	....	၁၅၀၀	.... (ချိန်ပြည့်)
လက်နက်ကိုင်တပ်	....	၂၅၀၀	....
ချိန်ပြည့်တပ်သား	....	၄၅၀၀	....

ခန့်ရှိသည်ဟု တွက်ချက်ရသည်။

၆၄-ခုနှစ်၊ နိုဝင်ဘာလ ပေါလစ်ဗျူရိုဆုံးဖြတ်ချက်အရ ၆၇-ခုနှစ်တွင် **လာမည့်နှစ်နှစ်အတွင်း အင်အားကို တပြန်စီတိုးရန်** ဆုံးဖြတ်ပြီးဖြစ်သည်။

ပါတီဝင်	....	၃၀၀၀	.... (ချိန်ပြည့်)
တပ်	....	၄၀၀၀ နှင့် ၅၀၀၀	
ချိန်ပြည့်	....	၈၀၀၀ နှင့် ၉၀၀၀	

နောက်ထပ်နှစ်နှစ်အတွင်း ဆိုလိုသည်မှာ လေးနှစ်အတွင်း နောက်တပြန်တိုးရေးကို ကြိုးပမ်းရန်ဖြစ်သည်။

ရည်မှန်းချက်မှာ

ပါတီဝင် (ချိန်ပြည့်)	၆၀၀၀
လက်နက်ကိုင်တပ်	၁၀၀၀၀
ချိန်ပြည့်	၁၅၀၀၀

(သခင်သန်းထွန်း၏ “၄-နှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်း” စာမျက်နှာ ၃-မှ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် သခင်သန်းထွန်းသည် "အခြေခံစခန်း" နှင့် ပတ်သက်၍လည်း ဤသို့ပင် ရေးဆွဲ၍ ချမှတ်ထားလေသည်။

"ကျေးလက် တောရွာပိုင်းတွင် ကျွန်တော်တို့ ဩဇာ အာဏာ အောက်တွင် ရွာ(၄,၀၀၀)ခန့်ရှိသည်ဟု ခန့်မှန်းသည်။

လာမည့် နှစ်နှစ်အတွင်း။

လက်ရှိကျေးလက်တောရွာ(၄,၀၀၀)တွင် ပြည်သူ့အာဏာ ခိုင်ခန့်အောင် တည်ဆောက်၊(၇,၀၀၀)အထိ တိုးချဲ့ရန်။

လာမည့်လေးနှစ်အတွင်း။

ဩဇာအာဏာအောက်ရောက်ပြီး ရွာ(၇,၀၀၀)တွင် ပြည်သူ့အာဏာကို ခိုင်ခန့်အောင် တည်ဆောက်ပြီး ရွာ(၁၅,၀၀၀)အထိ တိုးချဲ့ရန်။"

ဒေသများကို အောက်ပါအတိုင်း သတ်မှတ်သွားရန်။

(၁) အဓိကဒေသများ။

ပဲခူးရိုးမ။

မြစ်ဝကျွန်းပေါ်။

အနောက်မြောက်တိုင်း - ရခိုင်ပြည်။

၎င်းနေရာတွင်ပင် ပဲခူးရိုးမကို အဓိကထဲမှ **အဓိက** ထားပြီး လုပ်သွားရန်။

(အနောက်မြောက်တိုင်း ဒေသကို နံပါတ် (၁) ထားသော မူလဆုံးဖြတ်ချက်ကိုပြင်ဆင်ရန်။)

(၂) ပြောက်ကျားဒေသများ။

တနင်္သာရီ၊ သီးခြားကင်းလွတ်သော ပြောက်ကျား ဒေသအဖြစ် ဆက်လက်ကြီးထွားစေရန်။

ဗမာပြည်အလယ်ပိုင်း၊ ဗမာပြည်အထက်ပိုင်း ပြောက်ကျား ဒေသအသစ်ဖွင့်လှစ်ရန်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ရေရှည် အခြေခံစခန်း။

မြစ်ဖျားဒေသ ကချင်ပြည်နယ်။

ရှမ်းပြည်။

၎င်းနှစ်နေရာတွင် ရှမ်းပြည်ကို နံပါတ်(၁)ထားရန် ၆၄ - ဆုံးဖြတ်ချက်အတိုင်း အတိအကျဖြစ်သာစေရန်။

(၄) ရန်သူ့ဒေသ စည်းရုံးရေး။

ရန်သူ့ဒေသ လူထုတိုက်ပွဲများသည် လက်နက်ကိုင် တိုက်ပွဲအား အထောက်အကူပြုသည့်အတိုင်း သီးခြားစီမံကိန်းများဖြင့် ဆင်နွှဲသွားရန်ဖြစ်သည်။”

(သခင်သန်းထွန်း၏ “(၄)နှစ်အတွင်းစစ်အနိုင်တိုက်ရေး စီမံကိန်း”စာမျက်နှာ-၄ မှ)

သခင်သန်းထွန်းသည် “ (၄)နှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်း”၏ “ပန်းတိုင်များ”ကိုလည်း ဤသို့ပင် ရေးဆွဲ၍ ချမှတ်ထားလေသည်။

ပန်း တိုင် များ

၁။ (က) ပါတီလက်ရှိ(၁၅၀၀)၊ လာမဲ့နှစ်နှစ် (၃၀၀၀)၊ လာမဲ့လေးနှစ်(၆၀၀၀)။

(ချိန်ပြည့် ပါတီဝင်ကိုသာဆိုသည်။ ချိန်ပိုင်းကိုသတ်သတ်ပြုစုရမည်)။

(ခ) တပ်၊လက်ရှိ(၂၅၀၀)၊လာမဲ့ နှစ်နှစ်(၅၀၀၀)၊ လာမဲ့လေးနှစ်(၁၀၀၀၀)။

(ဂ) ချိန်ပြည့်တပ်သား၊လက်ရှိ(၄၅၀၀)၊လာမဲ့နှစ်နှစ်(ဂ၀၀၀) မှ(၉၀၀၀)၊ လာမဲ့လေးနှစ်(၁၅၀၀၀)။

၂။ ရန်သူချေမှုန်းရေး

လက်ရှိတနှစ်(၅၀၀)၊လာမဲ့လေးနှစ်ကြာလျှင်တနှစ်(၄၀၀၀)

လက်ရှိတပ်စိတ်လိုက်ချေမှုန်းရေး လာမဲ့နှစ်နှစ်တပ်စုလိုက်ချေမှုန်းရေး လာမဲ့လေးနှစ် တပ်ခွဲလိုက်ချေမှုန်းရေး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၃။ ပြည်သူ့အာဏာ။

ဆင်းရဲသားသမဂ္ဂ ပြည်သူ့စစ်ကို အကျုံးဝင်ပြီးဖြစ်။

လက်ရှိကျေးရွာ-၄၀၀၀၊ လာမဲ့နှစ်နှစ်(၈၀၀၀) လာမဲ့လေးနှစ်(၁၅၀၀၀)။

၄။ အာဏာလွှမ်းမိုးရာဒေသ။

လက်ရှိ တောင်ပေါ်နှင့်တောင်ခြေဒေသများ။

လာမဲ့နှစ်နှစ်အတွင်း အဓိကဒေသများတွင် လမ်းမကြီးဘေးအထိရောက်ပြီး မြို့ကလေးများကို ဝိုင်းရံထားရန်။

လာမဲ့လေးနှစ်အတွင်းတပြည်လုံးတွင်ကျေးလက်ဒေသပိုင်းကိုစီးမိရန် မြို့များကို ဝိုင်းရံထားရန် လမ်းများကို ဖြတ်တောက်ထားရန် ရန်ကုန်ကိုဝိုင်းထားရန်။

(သခင်သန်းထွန်း၏"(၄) နှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်း" စာမျက်နှာ-၆-မှ)။

ဆက်လက်၍ သခင်သန်းထွန်းသည် "နှစ်နှစ်အတွင်းပန်းတိုင်များ"ကိုလည်း ဤသို့ပင် ရေးဆွဲ၍ ထားလေသည်။

"နှစ်နှစ်အတွက်ပန်းတိုင်များ"

(၁) (က) ပါတီ(ချိန်ပြည့်)လက်ရှိ(၁၅၀၀)၊ လာမဲ့နှစ်နှစ်အတွင်း (၃၀၀၀)။

(ခ) လက်နက်ကိုင်တပ်လက်ရှိ(၂၅၀၀)၊လာမဲ့နှစ်နှစ်အတွင်း (၅၀၀၀)။

(ဂ) ချိန်ပြည့် တပ် သား လက် ရှိ (၄၅၀၀)၊ လာ မဲ့ နှစ် နှစ် (၈၀၀၀-နှင့်-၉၀၀၀-ကြား)။

(ဃ) ချိန်ပိုင်း ပါတီဝင်စာရင်းမရှိ၊ စာ ရင်း စ နစ် တကျ ကောက်ခံပြီး ရာထားချက်များလုပ်ရန်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) တတိုင်းလျှင် ၂-စုမှ တခွဲရှိသော တိုင်းတပ်။
တခရိုင်လျှင် ၂-စုမှ တခွဲရှိသော ခရိုင်တပ်။
တမြို့နယ်လျှင် ၁-စုမှ တခွဲရှိသော မြို့နယ်တပ်။
များကို လာမဲ့ နှစ်နှစ်အတွင်း ဦးဘည့်ဖွဲ့စည်းရန်။
(သခင်သန်းထွန်း၏ "(၄)နှစ် အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်း" စာမျက်နှာ-၇-မှ)။

သခင်သန်းထွန်းသည် "(၄)နှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်း"၏ နောက်ဆုံးအပိုင်းဖြစ်သည့် "ပဲခူးရိုးမတိုင်း"အတွက် စီမံကိန်းကို သခင်သန်းထွန်းကိုယ်တိုင်ပင် အထူးအလေးထား၍ ဤသို့ပင် ရေးဆွဲ၍ပေးလေသည်။

"ပဲခူးရိုးမတိုင်း"

၁။ ပဲခူးရိုးမတိုင်းကို ဗဟိုက အဓိက အာရုံစိုက်ရာ ဒေသအဖြစ် အတိအကျသတ်မှတ်ရန်။

(အနောက်မြောက်တိုင်းသို့ ရွှေ့ရေးဟူသော ၆၄ ဗဟိုကော်မတီ ဆုံးဖြတ်ချက်ကို ပြန်စဉ်းစားရန်။)

၂။ ပဲခူးရိုးမတိုင်းအတွင်း၌ ဗဟိုတည်ရာဒေသကို အတိအကျ သတ်မှတ်ရန်။

သာယာဝတီမြောက်၊ ပြည်အရှေ့၊ တောင်ငူအနောက်ခြမ်းကို သတ်မှတ်ထားရန်။

တောင်ငူမြောက် ရေတာရှည်ဒေသကို ဗဟို၏ အရံဒေသအဖြစ် သတ်မှတ်ထားရန်။

၎င်းဒေသတွင် အထူး လက်နက်ကိုင် စည်းရုံးရေး အဖွဲ့ တခု ထားရန်။

၃။ ဗဟိုနိုင်ငံရေးကျောင်း။

၆၆ -ခုနှစ်အတွင်း နှစ်ကျောင်းဖွင့်နိုင်ရေး ကြိုးပမ်းရန်။

ဒုတိယပတ်ကျောင်း ၆၆ -ခုနှစ်ဦးကျောင်းတွင် သာယာဝတီ ပြည်မှခရိုင်ကော်မတီအားလုံးသင်တန်း တက်ပြီး ဖြစ်မည်။
ပဲခူး၊တောင်ငူ၊သရက်မှတဝက်စီသင်တန်းတက်ပြီးဖြစ်မည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တတိယပတ် ၆၆-ခုနှစ် ဒုတိယပိုင်းကျောင်းတွင် ပဲခူးရိုးမတိုင်း
တခုလုံး ခရိုင်ကော်မတီအားလုံး သင်တန်းတက်ပြီးဖြစ်မည်။

(သခင်သန်းထွန်း၏"(၄)နှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်း" စာမျက်နှာ ၈-မှ)။

ဤသို့ဖြင့် သခင်သန်းထွန်းသည် ပဲခူးရိုးမတိုင်းတခုလုံး၏စီမံကိန်းကိုချမှတ်ပေးပြီးနောက် လက်တွေ့ဆိုင်ရာအသေးစိတ်လုပ်ငန်းအစီအစဉ်များကိုပါ ရေးဆွဲပေးလေသည်။

ထို့ပြင် ဤအပိုင်းတွင်ပင် ဗဟိုကော်မတီ အဖွဲ့ဝင်များအား အပြောင်းအလဲလုပ်ရေး၊ အရေးယူရေး စသည်တို့အတွက်လည်း သခင်သန်းထွန်းသည် ကြိုတင်၍ စီစဉ်ထားပြီးဖြစ်ကြောင်းကို ဤသို့ဖော်ပြထားလေသည်။

" ၆၇-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးအချိန်တွင်။

ဗဟိုကော်မတီအတွင်း အလုည့်အပြောင်း လုပ်ပီးခြင်း။

ပဲခူးရိုးမတိုင်းတွင် ပါတီ-တပ်- အခြေခံ စခန်းများကို အတော်အတန်ခိုင်မာအောင် တည်ဆောက်ပြီးခြင်း။

ပါတီ တရပ်လုံးတွင် အတွေး အခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ အခြေခံအားဖြင့် တည်ဆောက်ပြီး ဖြစ်မည်ဟု ခန့်မှန်းသည်။ "

(သခင်သန်းထွန်း၏ "(၄)နှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်း" စာမျက်နှာ ၉-၁၀-မှ)

ဤသို့ဖြင့် သခင်သန်းထွန်းသည် ဗမာပြည်တပြည်လုံးအား "(၄)နှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်း" ကိုရေးဆွဲ၍ ပေါလစ်ဗျူရိုအဖွဲ့(နိုင်ငံရေးဦးဆောင်အဖွဲ့) အစည်းအဝေးသို့ တင်ပြလေသည်။

သခင်သန်းထွန်းသည် ယင်းစီမံကိန်းကို ၁၉၆၆-ခုနှစ် ဇန္နဝါရီလ ဒုတိယအပတ်တွင် တင်ပြခဲ့ခြင်းဖြစ်လေသည်။

ယင်းပေါလစ်ဗျူရိုအဖွဲ့အစည်းအဝေးတွင် ရဲဘော်ဘတင် (ဂိုရှယ်)က သခင်သန်းထွန်း၏ "(၄)နှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်း "ကို ဤသို့ပင် ပြင်းပြင်းထန်ထန် ဆန့်ကျင်၍ကန့်ကွက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"အခု ပေါလစ်ဗြူရို အစည်းအဝေးမှာ တင်ပြထားတဲ့ ဦးသောင်း (**မှတ်ချက်**။ ထိုစဉ်က ဥက္ကဋ္ဌသခင်သန်းထွန်း၏ အမည်ကိုလျှို့ဝှက်ရေး ကျင့်သုံးသည့် အနေဖြင့် "ဦးသောင်း" ဟုမှည့်ခေါ်ထားပါသည်။ **စာရေးသူ**) ရဲ့ ဗမာတပြည်လုံးကို (၄) နှစ်အတွင်း အာဏာသိမ်းရေး ဆိုတဲ့ တင်ပြချက်ဟာ ကနေ့ဗမာပြည်ရဲ့ အခြေအနေနဲ့ ပြောရရင် ဘယ်လိုမှမဖြစ်နိုင်တာကြီးပဲ။ ဦးသောင်းက ဘိုးဘိုးအောင်– "ဝ" တိုးသလို နှစ်ဆတိုးလိမ့်မယ်။ လေးဆတိုးလိမ့်မယ်။ ဆိုတာမျိုး ဖော်ပြ ထားတယ်။ ကွန်မြူနစ်ပါတီဟာ ဘိုးဘိုးအောင်ပါတီ မဟုတ်ဘူးဆိုတာ နားလည်ဘို့လိုတယ်။

တကယ်ကတော့ အဲဒီစီမံကိန်းဟာ ၅၀-ခုနှစ်က ချမှတ်ခဲ့တဲ့ နှစ် နှစ်အတွင်း အပြုတ်တိုက်ရေးနဲ့ ဘာမှမထူးဘူး။ နှစ်နှစ်အတွင်း အ ပြုတ်တိုက်ရေးရဲ့ မွေးစားသားလေးပဲ။ ခင်ဗျားတို့ အဲဒီအတိုင်းသာ ဆက်ပြီးလုပ်ကြည့်၊ ကွန်မြူနစ်ပါတီဟာ မပျက်စီးဘူးဆိုရင် ကျွန်တော့် ကို လုပ်ချင်တိုင်းသာလုပ်ကြပေတော့။

အခုဦးသောင်း တင်ပြထားတဲ့စီမံကိန်းကို မညှာတမ်း ပြောရမယ် ဆိုရင် "အရူးအိပ်မက်-မက်နေတာပဲ" လို့ ပြောရင် အမှန်ဆုံးဖြစ်လိမ့် မယ်ထင်တယ်။

ခင်ဗျားတို့ဟာ လုပ်ချင်ပြီဆိုရင် ဟုတ်ဟုတ်–မဟုတ်ဟုတ်၊ အတင်း လုပ်ဘို့ပဲ ကြိုးစားကြတယ်။ ခင်ဗျားတို့ရဲ့ (၄) နှစ် အပြုတ်တိုက်ရေး ကြီးဟာ ခဏတော့အောက်ခြေကိုတက်ကြွအောင်လုပ်လို့ ရချင်ရမယ်။ ဒါပေမဲ့ချက်ခြင်းပဲ ခင်ဗျားတို့ကို ပြန်ထိမှာသေချာတယ်။

ခင်ဗျားတို့က ကြီးကြီးကျယ်ကျယ် ဘယ်နှစ်နှစ်အတွင်းမှာ အပြုတ် တိုက်မယ်လေး ဘာလေးနဲ့။

တကယ်ကတော့ ကျွန်တော်တို့မှာ အေးအေးဆေးဆေးနဲ့ တညဝင် ပြီး အိပ်နိုင်တဲ့ရွာ ဘယ်မှာရှိသေးလို့လဲ။

ကိုယ့်အခြေအနေတွေကိုလဲ ကိုယ်မှန်မှန်ကန်ကန် နားလည်မှ ဖြစ် မယ်။ ကိုယ့်အမျိုးအကြောင်းလဲ ကိုယ်သိမှဖြစ်မယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်တော်အခုလိုပြောနေတာက စီမံကိန်းနဲ့ ချပြီး မလုပ်ရဘူးလို့ ပြောနေတာ ဟုတ်ပါဘူး။ ဖြစ်နိုင်တဲ့ အခြေအနေမှာ ဖြစ်နိုင်တာက စပြီး လုပ်ဘို့ကိုသာ တင်ပြနေတာဖြစ်ပါတယ်။

နောက်ပြီးတော့ ဦးသောင်းက ပဲခူးရိုးမတိုင်းအတွက် လုပ်ငန်းတွေ ကိုလဲ အသေးစိတ်တွေပါလိုက်ပြီး ချေးကစ သေးကစချပေးနေတယ်။ တကယ်က အဲဒါတွေကို ကိုမြလုပ်နိုင်ပါတယ်၊ ကိုမြဟာ ဒီတိုင်းရဲ့ ဗဟိုကော်မတီခေါင်းဆောင်ပဲ၊ အခုတော့ ကိုမြတောင် လုပ်စရာမရှိ တော့ဘူး။ ဒါကတော့လုပ်နည်းကိုသာ ကျွန်တော်ကပြောတာဖြစ်ပါ တယ်။

ကျွန်တော် နောက်ဆုံးပြောချင်တာက ဘယ်လိုပဲဖြစ်ဖြစ်၊ ကနေ့ အခြေအနေနဲ့ လုံးဝမကိုက်ညီတဲ့ ခင်ဗျားတို့ရဲ့ (၄)နှစ်အပြုတ်တိုက်ရေး စီမံကိန်းကိုတော့ ပေါလစ်ဗျူရိုအနေနဲ့ ဘယ်နည်းနဲ့မှ ဆုံးဖြတ်ချက် မချဘို့ ကျွန်တော် အလေးအနက်တင်ပြလိုပါတယ်....။"

ဟူ၍ ရဲဘော်ဘတင်သည် အပြင်းအထန်ပင်တင်ပြကန့်ကွက်သွားလေသည်။

ထိုသို့ရဲဘော်ဘတင်သည် အပြင်းအထန် ကန့်ကွက်နေသဖြင့် အခြားသော ပေါလစ်ဗျူရို အဖွဲ့ဝင်များသည်လည်း ယင်းစီမံကိန်းကို ကန့်ကွက်ခြင်း၊ ထောက် ခံခြင်း မပြုကြပေ။

သို့သော်လည်း သခင်သန်းထွန်းသည် ယင်း၏ "(၄)နှစ်အတွင်း စစ် အနိုင်တိုက်ရေး စီမံကိန်း"ကို ပေါလစ်ဗျူရို အဖွဲ့၏ ဆုံးဖြတ်ချက်ဟုဆိုကာ ထိုစီ မံကိန်းအတိုင်းပင် ဗမာပြည် တပြည်လုံးနှင့် ပဲခူးရိုးမတိုင်းအား တိုက်ရိုက်ဦးစီး ကွပ်ကဲ၍ အစွမ်းကုန် အကောင်အထည်ဖော်လေတော့သည်။

(၃) ပဲခူးရိုးမတိုင်း၏ နှစ်နှစ်စီမံကိန်း။

၁၉၆၅-ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် ဖြစ်လေသည်။

ပဲခူးရိုးမတိုင်း ကော်မတီ အစည်းအဝေးကို ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟို ဌာနချုပ် စခန်းဖြစ်သော သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ကွင်းစမ်းစခန်း တွင်ကျင်းပလေသည်။

ယင်းတိုင်းကော်မတီ အစည်းအဝေးအား ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်း ထွန်းနှင့် ရဲဘော်အောင်ကြီးတို့၏ ရှေ့ဆောင်မှုအောက်တွင် ပြုလုပ်ရခြင်းဖြစ်၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အစည်းအဝေးကို တိုက်ရိုက် ဦးစီးသူများမှာလည်း သခင်သန်းထွန်းနှင့် ရဲဘော် အောင်ကြီးတို့သာလျှင် ဖြစ်ကြလေသည်။

ဤတိုင်းကော်မတီ အစည်းအဝေးသို့ တိုင်းကော်မတီ အစုံအညီပင် တက်ရောက်ကြရသည်။ ထို့ပြင် ဗဟိုမာ့က်စ်၊ လီနင်ဝါဒကျောင်း ကျောင်းဆရာအဖွဲ့ အဖွဲ့ဝင်တို့သည်လည်း တက်ရောက်၍ ဆွေးနွေးလေသည်။

ပဲခူးရိုးမတိုင်းကော်မတီ အစည်းအဝေးတွင် သဘာပတိ အဖြစ်ဖြင့် သခင်သန်းထွန်းသည် "အစည်းအဝေး၏ အရင်းခံ စိတ်ဓာတ်"ဆိုသည်ကို ဤသို့ပြောကြားလေသည်။

> "အခုအစည်းအဝေးမှာ ၆၅-ပေါလစ်ဗြူရို အစည်း အဝေးရဲ့ စိတ်ဓာတ်အောက်မှာ ကျင်းပရတာဖြစ်တယ်။"
>
> "ကွန်မြူနစ်တို့ လမ်းစဉ်ရဲ့ ရည်ရွယ်ချက်ဟာ စစ်နိုင်ရေး၊ အာဏာသိမ်းရေး ဖြစ်တယ်။ ဒါကြောင့် -ဒီနေ့ အဓိကလုပ်ငန်းဟာ ရန်သူ ချေမှုန်းရေးဖြစ်တယ်။ ဒါဟာ သေနင်္ဂဗျူဟာ လုပ်ငန်းရဲ့ အဓိကဦးတည်ချက်ပဲ။ ရန်သူကိုချေမှုန်းရင်း ကိုယ့်အားကို ရန်သူအားထက်သာအောင် အစွမ်းကုန်တည်ဆောက်ရမယ်"

ဤသည်မှာ အစည်းအဝေး၏ ရည်ရွယ်ချက်နှင့်အဓိကထားရှိရမည့် အခြေခံ စိတ်ဓာတ်ပင်ဖြစ်လေသည်။

ထို့နောက်တွင် သခင်သန်းထွန်းတို့သည် ဗဟိုဌာနချုပ်၏"(၄)နှစ်အတွင်း **စစ်အနိုင်တိုက်ရေးစီမံကိန်း**"အရ ပဲခူးရိုးမတိုင်း၏သေနင်္ဂဗျူဟာ ဆိုင်ရာတာဝန်နှင့်အလုပ်လမ်းညွှန်ကို အသေးစိတ်ပင်ချမှတ်၍ ပေးလေသည်။

"၆၆-၆၇-ခုနှစ် ပဲခူးရိုးမတိုင်း ၂-နှစ် စီမံကိန်း"

(၁) ရန်သူစစ်အင်အားကို များများချေမှုန်းပစ်ရမည်။

(၂) ရန်သူ၏ ဆက်သွယ်ရေးလမ်းကြောင်းမှန်သမျှကို ဖြတ်တောက် ဖျက်ဆီးပစ်ရမည်။

(၃) ရန်ကုန်မြို့တော်၏ ပတ်ဝန်းကျင်၌ အခါအားလျော်စွာလှုပ်ရှား ပြီး ခြိမ်းခြောက်မှုများကို ပြုလုပ်ပေးရမည်။

(၄) အခြားသောတိုင်းများနှင့် ဆက်စပ်မိရေးအတွက် လမ်းဖွင့်ပေး ရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၅) ပဲခူးရိုးမ ပြောက်ကျားအခြေခံစခန်းကို ပိုမိုကြံ့ခိုင်ရေး၊ ပိုမိုကျယ်ပြန့်သော ပြောက်ကျား စစ်ဆင်ရေးဒေသနှင့် ပြောက်ကျားဒေသသစ်များဖွင့်ပြီး၊ ရန်သူ့ ဒေသကို ကြုံ့ဝင်သွားအောင်လုပ်ရမည်။

(၆) မိမိအင်အားကို စီမံကိန်းအရ တိုးချဲ့တည်ဆောင်ရမည်။

(၇) တိုင်းရင်းသားလူမျိုးများနှင့် ညီညွတ်ရေးကို ပိုမိုခိုင်ခန့်အောင် တည်ဆောက်ရမည်။

စသည်တို့ဖြစ်သည်။

ထို့ပြင် ပဲခူရိုးမတိုင်း၏ဗဟိုပြုရမည့်ကြွေးကြော်သံကိုလည်း ဤသို့ပင် ဖော်ထုတ်၍ပေးလေသည်။

> "အတွေးအခေါ်ကို လှည့်ပြောင်းပြီး မိမိအင်အားကို ရဲရဲကြီးတိုးချဲ့ တည်ဆောက်ကြ"

ဟူ၍ဖြစ်လေသည်။

ထို့နောက်တွင်သခင်သန်းထွန်းတို့သည် ယင်းအစည်းအဝေး၌ ပဲခူးရိုးမတိုင်း စီမံကိန်း၏(၁)စီမံကိန်းရည်ရွယ်ချက် (၂) စီမံကိန်း အကောင်အထည်ဖော်ရေး ပေါ်လစီ။ (၃) စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် လုပ်ဟန်....စသည့် သေနင်္ဂဗျူဟာ တာဝန်ကြီး(၃)ရပ်ကို အတိအကျပင်ချမှတ်၍ ပေးလေသည်။

" ၁ ။ **စီမံကိန်း၏ရည်ရွယ်ချက်**

(၁) ၆၄-ခုနှစ် လမ်းစဉ်အပေါ်တွင် အတွေးအခေါ် လှည့်ပြောင်းရေးလုပ်ရမည်။

(၂) ရန်သူကို တဆင့်တက်ပြီး ချေမှုန်းရမည်။ ဖြိုခွဲရမည်။

(၃) မိမိအင်အားကို နှစ်ဆတိုးချဲ့ပြီး တည်ဆောက်ရမည်။

(၄) ပဲခူးရိုးမတိုင်း၏ အခြေခံစခန်းကို ပိုမိုတောင့်တင်းစေရမည်။

(၅) ရန်သူ၏ ဆက်သွယ်ရေးလမ်းကြောင်း အသွယ်သွယ်ကို တဆင့်တက်ပြီး ဖျက်ဆီးဖြတ်တောက်ပစ်ရမည်။ ရန်ကုန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မြို့ကို ဝယက်ရိုက်နေစေရအောင် ခြိမ်းခြောက် ထားရမည်။

(၆) ပဲခူးရိုးမတိုင်းအတွင်း၌ရှိသော မြို့ကြီး-မြို့လေးများကို နိုင်ငံရေး စစ်ရေး စည်းရုံးရေးအရ ထိုးဖောက်၍ ဝိုင်းရံထားစေရမည်တို့ဖြစ်သည်။”

ယင်းပဲခူးရိုးမတိုင်းသေနင်္ဂဗျူဟာ စီမံကိန်း၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် “စီမံကိန်းအကောင်အထည်ဖော်ရေးပေါ်လစီ” ကိုလည်း ဤသို့ပင် ချမှတ်၍ပေးလေသည်။

၂။ စီမံကိန်းအကောင်အထည်ဖော်ရေးပေါ်လစီ။

ပဲခူးရိုးမတိုင်း တခုလုံးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်တွင်။....

* မြေယာတိုက်ပွဲလုပ်ငန်းများကို အခြေခံလုပ်ရင်းဖြင့်၊
* လက်နက်ကိုင် တပ်မတော်တည်ဆောက်ရေးကို အဓိက ပြုလုပ်သွားရန်ဖြစ်သည်။

ဤသည်မှာ မြေယာတိုက်ပွဲနှင့် စစ်ရေးတိုက်ပွဲဟူသော ခြေ ၂-ချောင်းနှင့် လမ်းလျှောက်သော ပေါ်လစီပင်ဖြစ်သည်။

ထို့နောက်တွင် သခင်သန်းထွန်းတို့သည် ပဲခူးရိုးမတိုင်း၏ စီမံကိန်းကိုစနစ်တကျဖြင့် လက်တွေ့ အကောင်အထည်ဖော်ရေးအတွက် “လုပ်နည်းလုပ်ဟန်” ကိုလည်း အောက်ပါအတိုင်းပင် ချမှတ်ပေးလေသည်။

၃။ စီမံကိန်းအကောင် အထည်ဖော်ရေးအတွက် လုပ်နည်းလုပ်ဟန်။

(၁) ပိုင်းဖြတ်မှုနှင့် လုပ်ရမည်။

(၂) အခိုင်အမာစူးစမ်းလေ့လာပြီးမှ လုပ်ရမည်။

(၃) လူထုလှုပ်ရှားမှုနှင့် လုပ်ရမည်။

(၄) ယေဘုယျနှင့် တိကျသောခေါင်းဆောင်မှုတို့ ပေါင်းစပ်လုပ်ရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၅) စမ်းသပ်ကွက် အလေးထားကွက် တို့ကိုသတ်မှတ်လုပ်ရမည်။

(၆) ကျောင်းရိုးများကို မွေးမြူပြီး လုပ်ရမည်။

(၇) မြေရှင်းရာ၌ အချက်အခြာကိုရှာပြီး မြေရှင်းရမည်။

(၈) အောက် ခြေ၏ အတွေ့ အကြုံကို အသုံးချပြီးလုပ်ရမည်။" စသည်တို့ ဖြစ်လေသည်

ဆက်လက်၍ သခင်သန်းထွန်းတို့သည် ပဲခူးရိုးမတိုင်း၏သေနင်္ဗျူဟာ စီမံကိန်းကို လက်တွေ့ အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်း အသီးသီး၏ ဦးတည်ချက်နှင့် လမ်းညွှန်ကိုလည်း ဤသို့ပင် ချမှတ်၍ပေးလေသည်။

"၁။ စစ်ရေး၊

(၁) အရင်းရှင် စစ်ရေးအတွေးအခေါ် မှန်သမျှကို တိုက်ဖျက်ပြီး ပစ္စည်းမဲ့ပါတီက အကြွင်းမဲ့ ခေါင်းဆောင်သည့် တပ်မတော်ကို တည်ဆောက်ရမည်။

(၂) တပ်စိတ်လိုက် ချေမှုန်းရေးကို ဖြိုင်ဖြိုင်ဆင်နွှဲရင်းတပ်စုလိုက် ချေမှုန်းရေးကို တက်လှမ်းကြရမည်။

"၂။ မြေယာ။

(၁) ကျေးလက်မှာ ဆင်းရဲခေါင်းဆောင်မှု ထူထောင်ပြီး ကျေးလက်လူတန်းစားပေါ်လစီကိုကျင့်သုံးကြရမည်။

(၂) မြေဝေရေးအတွက် သတ်မှတ်ချက်နှင့် ကြိုးပန်းကြရမည်။

(၃) စစ်နိုင်ရေးအတွက် လယ်သမားတိုက်ပွဲတွေ လှုပ်ရှားမှုတွေကို တိုးချဲ့စည်းရုံးကြရမည်။

"၃။ ပါတီ။

(၁) ပါတီကို ဗိုလ်ရှီဗစ် ပါတီပီသအောင် တည်ဆောက်ကြရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ရာသက်ပန် တော်လှန်ရေး သမားများဘဝကို ခံယူကြရမည်။

(၃) ပါတီတည်ဆောက်ရေးအတွက် လုပ်ရှားမှုကြီး (၃) ခုကို လုပ်ရမည်။

(က) ဘဝဟစ်တိုင်လှုပ်ရှားမှု။

(ခ) ပါတီအသိ မြှင့်တင်ရေးလှုပ်ရှားမှု။

(ဂ) ဒီမိုကရေစီလှုပ်ရှားမှုတို့ဖြစ်သည်။

(၄) တပ်တွင်း၌ အမျိုးသမီးများနှင့် လူငယ်မျိုးဆက်များကို စမ်းသပ်မွေးမြူရမည်။ စနစ်တကျတိုးချဲ့ပေးရမည်။

"၄။ တပ်ပေါင်းစု။

(၁) ညီညွတ်နိုင်သမျှသော မဟာမိတ်များကိုတိုးချဲ့စည်းရုံးရမည်။

(၂) တော်လှန်ရေးထဲသို့ ကျောင်းသားများ အမျိုးသမီးများ လူငယ်များ မြို့နေဓနရှင် ပေါက်စများ အားလုံးပါလာရန် နည်းအမျိုးမျိုးဖြင့် စည်းရုံးသွားရမည်။

(၃) မဒညတအတွင်းတွင် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုကို နည်းမျိုးစုံဖြင့် ထူထောင်ရမည်။

"၅။ ရန်သူ့ဒေသစည်းရုံးရေး။

(၁) ရန်သူ့ဒေသလူထုတိုက်ပွဲများသည် စစ်နိုင်ရေးအတွက် ဖြစ်စေရမည်။

"စစ်အစိုးရကို အပြုတ်တိုက်ကြ" ဟူသော ကြွေးကြော်သံဖြင့် စည်းရုံးသွားရမည်။

(၂) မြို့ကြီး-မြို့လေးများတွင် ပါတီကလပ်စည်းများကို ဖြစ်နိုင်သည့်နည်း၊ ဖြစ်နိုင်သည့်ပုံစံများဖြင့် ဖော်ထုတ်သွားရမည်။

စသည်တို့ဖြစ်လေသည်။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်တို့မှာ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့ကိုယ်တိုင် ဦးစီး၍ ရေးဆွဲချမှတ်ပေးလိုက်သော ပဲခူးရိုးမတိုင်း၏ သေနင်္ဂဗျူဟာဆိုင်ရာစီမံကိန်းနှင့် အလုပ်လမ်းညွှန်ပင်ဖြစ်လေသည်။

ယင်းတိုင်းကော်မတီ၏ အစည်းအဝေးကို ၁၉၆၅-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့တွင် အဆုံးသတ်လိုက်လေသည်။

သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် အစည်းအဝေး၏ နိဂုံးချုပ်တွင် ဤသို့သော ကြွေးကြော်သံကိုလည်း ဖော်ထုတ်လိုက်လေသည်။

"ပဲခူးရိုးမသည် ရန်သူအမျိုးမျိုးကို မြေမြှုပ်သင်္ဂြိုဟ်မည့် အောင်မြေဒေသ ဖြစ်စေရမည်" ဟူ၍တည်း။

(၄) ပဲခူးရိုးမတိုင်းအတွင်း၌ ပီကင်းပြန်တို့နှင့် သခင်သန်းထွန်း ဂိုဏ်း၏နေရာယူမှု။

၆၄ - လမ်းစဉ်၏ အလုပ်ကြွေးကြော်သံများမှာ....

စစ်ရေးကိုဗဟိုပြု။
လယ်သမားကိုအခြေခံ။
တိုင်းရင်းသား လူမျိုးစုများနှင့် မဟာမိတ်ဖွဲ့။
တစ်ပေါင်းစုကိုတိုးချဲ့။
ပါတီတည်ဆောက်ရေးသည် သော့ချက်။

ဟူ၍ဖြစ်သည်။

ဆိုလိုသည်မှာ ၁၉၆၄ - ခုနှစ် စက်တင်ဘာလ ဗဟိုကော်မတီ အစည်းအဝေးက ချမှတ်ခဲ့သော လုပ်ငန်းအားလုံး အောင်မြင်ရေး၏ သော့ချက်သည် ပါတီတည်ဆောက်ရေးပင် ဖြစ်သည်။ သို့အတွက် ဗမာပြည် ကွန်မြူနစ်ပါတီကို လီနင်ပါတီ အမျိုးအစားဖြစ်သော ဗိုလ်ရှီဗစ်ပါတီဖြစ်လာအောင် တဆင့်တိုးတည်ဆောက်သွားရမည်။ ပါတီကိုတည်ဆောက်ရာတွင် အတွေးအခေါ်အရ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ ဖက်(၃)ဖက်မှ တည်ဆောက်ရမည်ဖြစ်သော်လည်း အထူးသဖြင့် အတွေးအခေါ်အရ တည်ဆောက်ရေးကို အဓိက ထားလုပ်ရမည်။ သော့ချက်ကျသော ပါတီတည်ဆောက်ရေး လုပ်ငန်း၌ပင်လျှင် အတွေးအခေါ် တည်ဆောက်ရေးလုပ်ငန်း၏ အဓိကကျပုံကို သခင်သန်းထွန်းက ဤသို့ပင်အဓိပ္ပာယ် ဖွင့်ဆိုထားပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အတွေးအခေါ် လှည့်ပြောင်းရေး (ဝါ) အတွေးအခေါ် ပုံသစ်လောင်းရေး(ဝါ) မာ့က်စ်လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ကို အသစ်တဖန် ပြန်လည် လေ့လာရေးအလုပ်ကို ပါတီတည်ဆောက်ရေး၏ အဓိက အလုပ် အဖြစ်သဘောထားသည်။ ထို့ကြောင့်လည်း ဗဟိုမာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် နိုင်ငံရေးကျောင်း ဖွင့်လှစ်ရေးကို ဗဟိုဌာနချုပ်၏ အရေး အကြီးဆုံးသော အလုပ်အဖြစ် သခင်သန်းထွန်းတို့က သဘောထားကြ၏။ ယင်းသို့ သဘောထားသည့်အတိုင်းလည်း "ဗဟိုမာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် နိုင်ငံရေးကျောင်း" ကိုမဖြစ်မနေ ဖွင့်လှစ်ရန် ကြိုးပန်းခဲ့သည်။ ယင်းကျောင်းသို့လည်း (အထူးသဖြင့်၊ ပဲခူးရိုးမတိုင်း) တိုင်း ကော်မတီ များ၊ ခရိုင်ကော်မတီများကို အစီအစဉ်ဖြင့် အသုတ်လိုက် တက်ရောက်စေသည်။ မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို အသစ်တဖန် လေ့လာစေသည်။ အထူးသဖြင့် ပဲခူးရိုးမတိုင်း၌ရှိသော အချက်အခြာကျသောတိုင်းခရိုင် ခေါင်းဆောင် ကေဒါများ၏ ဦးဏှောက်ကို ဆေးကြောစေသည်။ အတွေးအခေါ်အဟောင်းကို စွန့်လွှတ်ပြီး အတွေးအခေါ် အသစ်ကို ခံယူလာစေသည်။

ဤသည်ကို"ခေါင်းကိုင်သည်""အလှည့်အပြောင်းပြုလုပ်သည်"ဟုခေါ်ဝေါ်ကြသည်။ ဤနည်းဖြင့်အတွေးအခေါ် လှည့်ပြောင်းရေးကို သခင်သန်းထွန်းကိုယ်တိုင် ဦးစီးပြီးအစွမ်းကုန်ကြိုးပန်းနေကြတော့သည်။

ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒ နိုင်ငံရေး ကျောင်းကို ၁၉၆၅ ခုနှစ် မတ်လ(၃)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့၏။ ယင်းကျောင်းသို့ ပဲခူးရိုးမတိုင်းမှ တိုင်းကော်မတီများ ခရိုင်ကော်မတီများကို အလေးထားတက်စေခဲ့သည်။ အချို့ မြို့နယ်ကော်မတီများကိုပင် အထူးအခွင့်အရေးကို ပေး၍တက်ရောက်စေခဲ့လေသည်။

၁၉၆၅-ခုနှစ်၊ မတ်လတွင်ဖွင့်လှစ်သော ပထမပတ်ကျောင်းသို့ ပဲခူးရိုးမတိုင်း၌ရှိသော တိုင်းကော်မတီ(၃)ဦး ခရိုင်ကော်မတီ(၅)ဦး မြို့နယ်ကော်မတီ (၁)ဦး တက်ရောက်ခဲ့ရသည်။

၁၉၆၆-ခု၊ မတ်လတွင် စတင်ဖွင့်သော ဒုတိယကျောင်းသို့ နောက်ထပ် တိုင်းကော်မတီ(၂)ဦး ခရိုင်ကော်မတီ(၁၇)ဦး မြို့နယ်ကော်မတီ(၈)ဦး တက်ရောက်စေခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တတိယပတ်ဖွင့်မည့်ကျောင်းသို့ ကျန်တိုင်းကော်မတီနှင့် ခရိုင်ကော်မတီအား လုံးနှင့် မြို့နယ်ခေါင်းဆောင်အချို့ကိုပင် တက်ရောက်စေခဲ့လေသည်။

ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းဆင်းများမှ ထူးချွန်သူများ ရွေတန်းရောက်၍ အတော်ဆုံးသူများကိုရွေးချယ်ပြီး စိတ်ကြိုက်ရဲဘော်များကို တိုင်း၊ ခရိုင်၊ မြို့ နယ်နှင့်တပ်ဖွဲ့အသီးသီး၏ အချက်အခြာတာဝန်များကိုပြန်ပေးသည်။ ကျောင်း တွင် အတွေးအခေါ် တိုးတက်မှုတွင် အားရလောက်အောင် မရှိသူများကို “မလှည့်ပြောင်းနိုင်သူများ” ဟု အမည်တပ်ကာ ကိုယ်စီ၏အတွေးအခေါ်များ ကို ထပ်ဖန်တလဲလဲပြန်လည်စီစစ်စေလေသည်။ ထို့နောက် တာဝန်ပြန်ပေးရေး ကိုဆိုင်းငံ့ထားသေတော့သည်။ အတွေးအခေါ် မလှည့်ပြောင်းနိုင်သူဟုယူဆရ သူများကို မူလတာဝန်များပြန်မပေးပဲ ထားလိုက်လေတော့သည်။

ဤသို့ဖြင့်အတွေးအခေါ်အရ လှည့်ပြောင်းရန်အတွက် မာ့က်စ်ဝါဒ၊လီနင် ဝါဒပညာပေးမှုကို အသစ်တဖန်ပြန်လည် ပြုလုပ်ရုံမျှမကသေး လိုအပ်မည်ဟု ယူဆသော ပါတီအဆင့်ဆင့် ယူနစ်များသို့ ပီကင်းပြန်များ(သို့မဟုတ်)စိတ်ချ ရသူများကို ထပ်ဖြည့်ပြီးဖွဲ့စည်းခြင်းကိုလည်း ပြုလုပ်လေသည်။ ပီကင်းပြန် ရဲဘော်ညိုကို တိုင်းကော်မတီတွင်းသို့ထပ်ဖြည့်၍ဖွဲ့စည်းခဲ့လေသည်။ သာယာဝတီ ခရိုင်ကော်မတီတွင်းသို့ ပီကင်းပြန်(၂)ဦး ထပ်ဖြည့်ပြီး တိုးချဲ့ဖွဲ့စည်းခဲ့လေသည်။ သာယာဝတီခရိုင် တည်ဆောက်ရေးအတွက်ပီကင်းပြန် ဗိုလ်ထွန်းငြိမ်း၊ဗိုလ်တင် ရှိန်နှင့် ရဲဘော်ထွန်းရှိန် (ခေါ်) ဖေငြိမ်းတို့အား စေလွှတ်ခဲ့ပြီးနောက် ပြည် ခရိုင်ကိုမူ ပီကင်းပြန် ရဲဘော် အောင်ကြီး၊ ဗိုလ်ဘညွန့်၊ ရဲဘော်အောင်ငြိမ်းနှင့် မောင်သက်(ရန်ကုန်တက္ကသိုလ် ကျောင်းသား တပ်ဦးခေါင်းဆောင်)တို့ ကိုယ် တိုင်ဆင်းပီး တိုက်ရိုက်ခေါင်းဆောင်ကာ တပ်တည်ဆောက်ရေးကို ပြုလုပ်ကြ လေသည်။

တချိန်တည်းတွင် ပီကင်းပြန် ရဲဘော်မျိုးတင့်နှင့် ဗိုလ်တိုက်အောင်တို့ကို လည်း ထပ်မံ၍လွှတ်ခဲ့သေးသည်။ ပဲခူးခရိုင်ကိုမူ ပီကင်းပြန် ဗိုလ်စံဖေနှင့် ရဲဘော်သန်းဝင်းတို့ကို စေလွှတ်ခဲ့သည်။ သရက်ခရိုင်သို့လည်း ပီကင်းပြန် ရဲဘော် စိုးဝင်းနှင့် ရဲဘော်ချစ်မောင်တို့ကို အထူးစေလွှတ်ပီး ခေါင်းဆောင်စေ ခဲ့လေသည်။ ထိုမျှသာမကသေးချေ။ ဗိုလ်ဇေယျ ကိုယ်တိုင်ပင် လျှင် သရက်ခရိုင် သို့ဝင်ရောက်၍ စုစည်းမှုကို ပြုလုပ်ခဲ့လေသည်။

ထို့နောက် တောင်ငူခရိုင်တပ်ကိုမူ ပီကင်းပြန် ရဲဘော်မင်းအောင်ကို ရှေ့ဦး စွာ စေလွှတ်ပြီး တိုက်ရိုက်ဝင်ရောက် ချုပ်ကိုင်စေသည်။ တိုင်းတပ်နှင့် တောင်ငူ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခရိုင်တပ် တည်ဆောက်ရေးအတွက် ပီကင်းပြန်များဖြစ်သော ဗိုလ်ထွန်းငြိမ်း ရဲဘော် အောင်ငြိမ်း၊ ဗိုလ်ဘညွန့်နှင့် တိုင်းကော်မတီ ဗိုလ်ဘုန်းကျော်တို့ကို စေလွှတ်၍ တည်ဆောက်ရေးကို ပြုလုပ်ခဲ့ပေသည်။ ထိုမျှမကသေး တောင်ငူခရိုင် အရှေ့ခြမ်း၌ ရှိသော ပါတီအဖွဲ့ အစည်းများကို မဒညတ ပါတီစိတ်မှ ပီကင်းပြန် ရဲဘော်ချစ်မောင်၊ ရဲဘော်ခင်ကြီးတို့သည် တိုက်ရိုက်ရှေ့ဆောင်၍ အတွေးအခေါ် ပုံသစ်များကို သွန်းလောင်းကြလေသည်။

အထူးသဖြင့် သခင်သန်းထွန်းသည် ဗိုလ်ထွန်းငြိမ်းကို **စစ်ရေးပါရဂူ**အဖြစ် သဘောထားခဲ့၏။ ကိုးကွယ်ခဲ့၏။ မြှောက်စားခဲ့၏။ ပဲခူးရိုးမတိုင်းအတွင်း၌ ရှိသော တိုင်းတပ်-ခရိုင်တပ်အသီးသီးကိုပင် ဗိုလ်ထွန်းငြိမ်းလက်သို့ လုံးဝပုံ၍ အပ်ထားခဲ့၏။ မည်သည့် ဗဟိုကော်မတီ တဦးတယောက်ကိုမျှ ပေးအပ်ခြင်းမပြုခဲ့သော အခွင့်အာဏာနှင့် လက်နက်ကိုင် တပ်အားလုံးကို သခင်သန်းထွန်းသည် ဗိုလ်ထွန်းငြိမ်း၏ လက်သို့စိတ်ချ လက်ချပင် လွှဲအပ်၍ ပေးခဲ့လေသည်။

ယင်းသို့ဖြင့် ပီကင်းပြန်များနှင့် သခင်သန်းထွန်းတို့သည် ပါတီဗဟိုဌာနချုပ်တွင်ရှင်း၊ တိုင်းကော်မတီတွင်းနှင့် ခရိုင်-မြို့နယ်အားလုံးတွင်ရှင်း၊ အနှံ့အပြားဖြန့်ခွဲ၍ အတွေးအခေါ်ပုံသစ်သွန်းလောင်းမှုကို အားသွန်ခွန်စိုက်ပြုလုပ်ခဲ့ကြသည်။ ၆၅-ခုနှစ် စစ်နိုင်ရေး အာဏာသိမ်းရေး လမ်းစဉ်ကို မရပ်မနားပင် ဝါဒဖြန့်၍ စည်းရုံးကြ၏။ ထို့နောက် ယင်းတို့အားလုံးသည် အချက်အခြာကျသော နေရာများတွင် အခြေစိုက်၍ တာဝန်ယူလိုက်လေတော့သည်။

(၅) ပါတီတည်ဆောက်ရေး၊ တပ်တည်ဆောက်ရေးများ။

(က) သာယာဝတီခရိုင် ပါတီတည်ဆောက်ရေး တပ်တည်ဆောက်ရေး။

၁၉၆၅ - ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်တွင်ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ဗဟိုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်း၍ သာယာဝတီခရိုင် တပ်တည်ဆောက်ရေးအတွက် အထူးတာဝန်ကို ပေး၍လွှတ်လိုက်၏။ ဗဟိုတည်ဆောက်ရေးအဖွဲ့၏ ခေါင်းဆောင်မှာ ဗိုလ်ထွန်းငြိမ်းဖြစ်၏။ အဖွဲ့ဝင်များမှာ ဗိုလ်တင်ရှိန်နှင့် ရဲဘော်ထွန်းရှိန်(ရဲဘော်ဖေငြိမ်း) တို့ဖြစ်ကြလေသည်။

ဗိုလ်ထွန်းငြိမ်းခေါင်းဆောင်သောဗဟိုတည်ဆောက်ရေးအဖွဲ့သည် သာယာဝတီခရိုင်တပ်ကို စတင်၍စနစ်တကျတည်ဆောက်ကြ၏။ အထူးသဖြင့် စစ်နိုင်

ရေး၊ အာဏာသိမ်းရေးအတွေးအခေါ်ကိုသာ နေ့စဉ်နှင့်အမျှ သင်ကြားလေ့ကျင့်စေခဲ့၏။ ထို့ကြောင့် သာယာဝတီခရိုင်တပ်၏ အရည်အချင်းသည် အဖက်ဖက်မှပင် ထူးထူးခြားခြားတိုးတက်လာ၏။အောင်မြင်လာ၏။ ဤအတွက် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် အထူးပင်ဂုဏ်ယူ၍ နေကြလေသည်။

ထို့ပြင် သခင်သန်းထွန်းက ဗဟိုစစ်ကော်မတီဥက္ကဋ္ဌအနေဖြင့် ဗမာပြည်တပြည်လုံးမှလက်နက်ကိုင်တပ်ဖွဲ့အသီးသီးသည် **"စစ်နိုင်ငရေး အာဏာသိမ်းရေးလမ်းစဉ်၏ စံပြတပ်ဖြစ်သော သာယာဝတီခရိုင်တပ်၏ လမ်းကြောင်းအတိုင်းလိုက်ကြ"** ဟူသော ကြွေးကြော်သံကိုပင်ထုတ်ပြန်ခဲ့လေသည်။

ထိုအချိန်မှစ၍ ဗိုလ်ထွန်းငြိမ်းသည် သာယာဝတီခရိုင်တခုလုံး၌ အလွန်ပင်ဩဇာအာဏာ ကြီးမားသူတဦး ဖြစ်လာပြီး ပို၍ပို၍ပင် ထင်ရှားကျော်ကြား၍လည်း လာတော့သည်။

ထို့နောက် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် သာယာဝတီခရိုင်အား နိုင်ငံရေးအရ၊ အတွေးအခေါ်အရ၊ စည်းရုံးရေးအရ အခြေခံမှစ၍ လှည့်ပြောင်းရန်အတွက် နည်းမျိုးစုံဖြင့် စီစဉ်၍ပြုလုပ်ကြလေသည်။

၁၉၆၆-ခုနှစ် ဖေဖော်ဝါရီလတွင်ဖြစ်သည်။ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ် ကွင်းစမ်းစခန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ စခန်းဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် သာယာဝတီခရိုင် ကော်မတီ၏ စတုတ္ထအကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပကြရလေသည်။

ယင်း အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌသခင်သန်းထွန်းသည် သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်လေသည်။

> "ဒီအစည်းအဝေးဟာ သာယာဝတီခရိုင်ရဲ့သမိုင်းမှာ အရေးပါပြီး မှတ်တမ်းတင်ရမဲ့အစည်းအဝေးဖြစ်တယ်၊ ဒါနဲ့ပတ်သက်လို့ အချက် ၃-ချက်ကို ပြောချင်တယ်။
>
> ပထမအချက်ကတော့ ၆၄-ခုနှစ် လမ်းစဉ်ချပြီးတဲ့နောက်မှာ သာယာဝတီခရိုင်အနေနဲ့ စစ်ရေးနဲ့ မြေယာဖက်မှာ အလွန်ကြီးမားတဲ့ အောင်ပွဲတွေရခဲ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တယ်။ အဲဒီအောင်ပွဲတွေအပေါ်မှာ အခြေခံပြီးတော့ အခု ခရိုင်ကော်မတီ အစည်းအဝေးကို လုပ်တာဖြစ်တယ်။

ဒုတိယအချက်ကတော့ ဒီအစည်းအဝေးမှာ သက်ဆိုင်ရာခရိုင်ကော်မတီတွေ ချည်းပဲမဟုတ်ဘူး။ ဗဟိုဌာနချုပ်ကရော၊ တိုင်းကရော၊ ဗဟိုမာ့က်စ် လီနင်ဝါဒ ကျောင်းဆရာတွေရော အားလုံးပဲတက်ကြတယ်။ ဒါဟာ တပါတီလုံးကိုအကျိုး ပြုမဲ့ အစည်းအဝေးဖြစ်တယ်။

တတိယအချက်ကတော့ ပါတီရဲ့သမိုင်းမှာ အတောက်ပြောင်ဆုံးနဲ့ အမှန် ကန်ဆုံးဖြစ်တဲ့ ၆၄-ခုနှစ်၊ လမ်းစဉ်ရဲ့မှုအညွှန်းတွေနဲ့ကိုက်ညီတဲ့ခရိုင်ရဲ့ရှေ့လုပ် ငန်းစဉ်ပေါ်လစီတွေကို အသစ်ချမှတ်မှာဖြစ်တယ်။

ဒါကြောင့် ရဲဘော်တို့ဟာ ၆၄-ခုနှစ်၊ လမ်းစဉ်စိတ်ဓာတ်အရ လေးလေး နက်နက် ဆွေးနွေးကြဖို့လိုတယ်။ တဦးနဲ့တဦးလဲ ပြတ်ပြတ်သားသား ဝေဖန် ထောက်ပြကြဖို့လိုတယ်။ ပြီးတော့အမှားကိုလဲ ပြင်ဆင်သွားဖို့လိုတယ်။ ဒီမှာ နောက်ဆုံးပြောချင်တာက အောင်ပွဲသစ်တွေဆီကို ရဲရဲကြီးချီတက်သွားနိုင် အောင် အဖက်ဖက်က အစွမ်းကုန်ကြိုးစားကြဖို့လိုတယ်။”

ဤသည်မှာ သာယာဝတီခရိုင် ကော်မတီအစည်းအဝေးတွင် ပြောကြား သော သခင်သန်းထွန်း၏ သဘာပတိမိန့်ခွန်းဖြစ်သည်။

ယင်းအစည်းအဝေးတွင် နိုင်ငံရေးအရ၊ အကွေ့အခေါ်အရ၊ စည်းရုံးရေးအရ လက်တွေ့ဆိုင်ရာလုပ်ငန်းများကို ဆွေးနွေး၍ ဆုံးဖြတ်ကြ လေသည်။

ထို့နောက်တွင် သာယာဝတီခရိုင် ကော်မတီ၏ စည်းရုံးရေးဆိုင်ရာပြဿနာ များကို ဆွေးနွေးကြ၏။ ယင်းသို့ဆွေးနွေးရာတွင် ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကို ဝေဖန်ရေးမှ အစပြုစေလေသည်။

ဤဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကိုဝေဖန်ရေးအပိုင်းတွင် သာယာဝတီခရိုင် ကော်မတီအတွင်းရေးမှူးဖြစ်သော ရဲဘော်ကျော်ညွှန့်ကိုသာ အဓိကထား၍ ဝေဖန်ကြလေသည်။

သာယာဝတီခရိုင် ကော်မတီအစည်းအဝေး၏ သဘာပတိဖြစ်သော သခင် သန်းထွန်းသည် ရဲဘော်ကျော်ညွှန့်နှင့် ပတ်သက်၍ ဤသို့ဝေဖန်၍ အဆုံးဖြတ် လိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"အခုရှိနေတဲ့ ရဲဘော် ကျော်ညွန့်ရဲ့ အတွေးအခေါ်ဟာ အလွန်ပဲဆိုးဝါး ဖောက်ပြန်နေတာတွေ့ရတယ်။ ရဲဘော်ကျော်ညွန့်က ဒီလိုပြောတယ် "ပျဉ်းမနား ခရိုင်နဲ့ ပခုက္ကူခရိုင်တွေဟာ ဗဟိုဌာနချုပ်အခြေစိုက်ခဲ့တဲ့အတွက် ပျက်စီးခဲ့ကြ ရတယ်"လို့ပြောတယ်။ ပြီးတော့ "အခု သာယာဝတီခရိုင်လဲ အဲဒီခရိုင်တွေလို ဖြစ်မှာစိုးရိမ်တယ်"လို့ပြောပြန်တယ်။ ဒါဟာ ဗဟိုဌာနချုပ်ကို မယုံတာဖြစ် တယ်။ တကယ်တန်းပြောရင် ဗဟိုဌာနချုပ်ကိုဆန့်ကျင်တာဖြစ်တယ်။

ပြီးတော့ ရဲဘော်ကျော်ညွန့်ဟာ ၆၄-လမ်းစဉ်ကိုလဲ လေးလေးနက်နက် လက်မခံဘူး။ ပါလီမန်ဒီမိုကရေစီကို လိုလားသူဖြစ်တယ်။ ဒါဟာ လက်ျာအ ချောင်သမားဝါဒပဲ။ ပြန်ပြင်ရေးဝါဒပဲ။ အဲဒီအတွေးအခေါ်ကို မတိုက်နိုင်ဘူး ဆိုရင် အန္တရာယ်များတယ်။

ဒါကြောင့် ရဲဘော် ကျော်ညွန့်အနေနဲ့ ပစ္စည်းမဲ့မဟုတ်တဲ့ မှားယွင်းတဲ့ အတွေးအခေါ်တွေကို အလေးအနက်ရှာဖွေ စိစစ်ပြီးတော့ အကုန်အစင် ရှင်း သွားဘို့လိုတယ်ဆိုတာကို ထောက်ပြချင်တယ်။"

ထို့နောက်တွင် သာယာဝတီခရိုင်ကော်မတီအတွင်း တာဝန်ခွဲဝေမှုကိုလည်း ဆွေးနွေးဆုံးဖြတ်ကြ၏။ သာယာဝတီခရိုင်အတွင်းရေးမှူး ရဲဘော်ကျော်ညွန့် ကိုမူ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် လုံးဝပင် လိုလားခြင်းမရှိ ကြချေ။ ထို့ကြောင့် ရဲဘော်ကျော်ညွန့်အား ရဲဘော်မစိန်ဝင်း၏တွဲဖက်အဖြစ် ဖြင့် လေ့လာရေးတာဝန်ကိုယူရန် ဆုံးဖြတ်လိုက်လေသည်။

သာယာဝတီခရိုင်ပါတီ၏ အတွင်းရေးမှူး အဖြစ်ဖြင့် ဗိုလ်စိန်မင်းအား သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ရွေးချယ်၍ တာဝန်ပေးခဲ့သည်။

ထို့ပြင် သာယာဝတီခရိုင်၏ နှစ်နှစ်စီမံကိန်းကိုလည်း ချမှတ်ပေးလိုက်လေ သည်။

ယင်းနှစ်နှစ် စီမံကိန်းအချုပ်မှာ ဤသို့ဖြစ်လေသည်။

(၁) "တနှစ်အတွင်း တပ်စိတ်လိုက်ချေမှုန်းရေးတိုက်ပွဲကို (၆)ကြိမ်တိုက်ရ မည်။

ရန်သူ၏ ဆက်သွယ်ရေး လမ်းကြောင်းများကို နည်းမျိုးစုံဖြင့် ဖျက် ဆီးပစ်ရမည်။

(၂) မိမိအားကို အဖက်ဖက်မှ တည်ဆောက်ရမည်။

(၃) သာယာဝတီခရိုင်အတွင်းမှ အခြေခံစခန်းများကို တိုးချဲ့ရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) မဒညတကို တိုးချဲ့စည်းရုံးရမည်။ မဒညတကို ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်သို့ ရောက်အောင် နည်းမျိုးစုံဖြင့် အစွမ်းကုန်ကြိုးစားရမည်။

(၅) အမျိုးသမီးတပ်ဖွဲ့များကိုဖွဲ့ပြီး စနစ်တကျ မွေးမြူတည်ဆောက်ပေးရမည်။

(၆) အထောက်တော်များကို ပြတ်ပြတ်သားသား ရှင်းလင်း သုတ်သင်ပစ်ရမည်။"

ဤသည်မှာ သာယာဝတီခရိုင်၏ နှစ်နှစ်စီမံကိန်းပင်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် သာယာဝတီခရိုင်၏ စီမံကိန်းသည် အဆုံးအဖြတ် အောင်ပွဲများအတွက် အလှည့်အပြောင်း လုပ်လိုက်ခြင်းဖြစ်လေသည်။

၁၉၆၆-ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်တွင်ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှ တိုက်ရိုက်ဦးစီး၍ သာယာဝတီခရိုင် တည်ဆောက်ရေး လှုပ်ရှားမှုကို ပြုလုပ်နေလေသည်။

ယင်းခရိုင်တည်ဆောက်ရေးလှုပ်ရှားမှုသို့ သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အနောက်ခြမ်းမှ ရဲဘော်လှကြည်သည် တက်ရောက်နေရ၏။ ရဲဘော်လှကြည်၏ဇနီးမှာ မခင်အေး ဖြစ်၏။ မခင်အေးသည် အသက် ၂၄-နှစ်ခန့်သာရှိသေး၏။ ရဲဘော်လှကြည်မှာမူ အသက် ၃၀-ခန့်ရှိ၏။ မခင်အေးသည် ကွန်မြူနစ်ပါတီအတွင်းသို့ ဝင်ရောက်ခဲ့သူမဟုတ်ချေ၊ ရဲဘော်လှကြည်၏ သံယောဇဉ်ကြောင့်သာ ခရိုင်စခန်းသို့ တခါတခေါက်လာရောက်လေ့ရှိ၏။ ထိုသို့လာရောက်နေသောအခါတွင် ပဲခူးရိုးမတိုင်း အတွင်းရေးမှူး ဖြစ်သော ရဲဘော်မြသည် မခင်အေး၏ရိုးသားမှု တည်ကြည်မှုကို တွေ့ရသဖြင့် အချို့သောတာဝန်များကို ပေးအပ်၏။ မခင်အေးသည် ရဲဘော်မြ၏ တာဝန်ပေးအပ်ချက်များကို အစွမ်းကုန်ကြိုးစား၍ဆောင်ရွက်ပေးနေသူဖြစ်လေသည်။

အောက်တိုဘာလ၏ တနေ့တွင်ဖြစ်၏။ ရဲဘော်လှကြည်သည် အပြင်းဖျားတော့၏။ သတိလစ်၍နေ၏။ လူမှန်းသူမှန်းပင်မသိချေ။ ထိုအချိန်တွင် မခင်အေးသည် ရဲဘော်လှကြည်ကို တွေ့ရန်အတွက် ခရီးအဝေးကြီးမှလာခဲ့ရ၏။ မခင်အေးသည် ခရိုင်စခန်းအနီးသို့ ရောက်သောအခါတွင် စခန်းအတွင်းသို့ မဝင်ရဟု ခရိုင်ကော်မတီ ရဲဘော်ကျော်ညွန့်နှင့် မစိန်ဝင်းတို့မှ တားမြစ်လိုက်၏။ မခင်အေးအား စခန်းအတွင်းသို့ ဝင်ခွင့်မပြုခြင်းမှာ ပါတီ၏ ချိန်ပြည့်တပ်သား မဟုတ်၍ဟု ဆိုကြ၏။ အပြင်းဖျားနေသော ရဲဘော်လှကြည်ကိုလည်း ဂရုစိုက်ခြင်းမရှိ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကြချေ။ ထို့နောက် ရဲဘော်လှကြည်သည် မခင်အေး၏ သတင်းကိုကြား သိရပြီး အလွန်ပင်စိတ် မကောင်းဖြစ်နေ၏။ ထိုကြောင့် ရဲဘော်လှကြည်သည် အနည်းငယ် အဖျားသက်သာသောအခါတွင် စခန်းအနီးမှ ယာတဲတွင် စောင့်နေသော ဇနီးသည် မခင်အေးအား သွားရောက်၍ ခေါ်ယူခဲ့၏။ ထိုသို့ ရဲဘော်လှကြည်သည် မခင်အေးအား စခန်းတွင်းသို့ ခေါ်ခဲ့သဖြင့် အပြင်းအထန် ဝေဖန်ခြင်းကို ခံခဲ့ရလေသည်။

ရဲဘော်လှကြည်သည် နလံထ၍လာ၏။ စခန်းတွင် ဆေးလည်း မသောက်ရ၊ အစားလည်း မှန်မှန်မစားရဖြစ်နေ၏။ ရဲဘော်လှကြည်သည် နလံထစဖြစ်သဖြင့် ပို၍ စားချင်သောက်ချင်ဖြစ်နေသည်။ ထို့ပြင် ခရိုင်ခေါင်းဆောင် ဖြစ်သော ရဲဘော်မစိန်ဝင်း၏ ဝေဖန်ခြင်း၊ ငြူစူခြင်းကို အမြဲတန်းပင် ခံနေရသဖြင့် စိတ်ပျက်၍လာ၏။ စိတ်ဆင်းရဲလာ၏။ ထို့ကြောင့် ရဲဘော်လှကြည်သည် ခရိုင်ခေါင်းဆောင်များသို့ပေးရန် စာတိုလေးတစောင်ကိုရေးခဲ့ပြီးနောက်တွင် မိမိတို့၏ရွာဖြစ်သော ဇီးကုန်းမြို့နယ်မှ နွားတဲကုန်းရွာသို့ အေးဆေးစွာပင် ပြန်ခဲ့ကြလေသည်။

"ခရိုင်ခေါင်းဆောင်များခင်ဗျား။

ကျွန်တော်ဟာ ပါတီထဲကို ရောက်ခဲ့တာ (၂) နှစ်ခန့်ရှိခဲ့ပြီဖြစ်ပါတယ်၊ပါတီက ပေးတဲ့တာဝန်မှန်သမျှကိုလဲ ကျွန်တော်မတွန့်မဆုတ် လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ပါတီခေါင်းဆောင်အချို့က ကျွန်တော်တို့နဲ့ပတ်သက်ပြီး သဘောထားမမှန်တာကို တွေ့လာရပါတယ်။ ဒါအတွက် စိတ်မကောင်းဖြစ်လာရပါတယ်။

ကျွန်တော့ဇနီးမှာလဲ တိုင်းက အချို့သောတာဝန်များကို ပေးအပ်လို့ တာဝန်ယူနေရသူဖြစ်ပါတယ်။ ဒါလဲခရိုင်ခေါင်းဆောင်တွေ သိကြပါတယ်။ ကျွန်တော့ဇနီးဟာ ကျွန်တော့ဆီလာတွေ့တာကို အပြင်လူတွေကို စခန်းထဲသွင်းတယ်ဆိုပြီးတော့ ဆူပူကြိမ်းမောင်းတာကို ခံရပါတယ်။ ငြူစူတာကိုလဲ ခံရပါတယ်။

မြို့ပေါ်မှ နေနေကြတဲ့ ခရိုင်ခေါင်းဆောင်တွေရဲ့ သားမယားတွေကိုတော့ တံခါးမရှိ ဓားမရှိ စခန်းထဲ ဝင်ထွက်သွားလာခွင့်ကို အမြဲတန်းခွင့်ပြုထားတယ်။ အောက်ခြေက ရဲဘော်တွေနဲ့ ခွဲခြားပြီး ကျွေးမွေးထားပါတယ်။

အဲဒီလိုအဆင့် ခွဲခြားဆက်ဆံတာကို ကျွန်တော်မှာ အထူးစိတ်မကောင်း ဖြစ်ရပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ရွာကို ကျွန်တော်တို့ပြန်သွားကြပါတယ်။ ကျွန်တော်တို့ကို ပါတီက လိုအပ်ပါတယ်ဆိုရင်တော့ ပြန်ပြီးခေါ်စေလိုပါတယ်။ ကျွန်တော်တို့ပြန်လာခဲ့ပါမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်တော်တို့အတွက်တော့ စိတ်ချစေလိုပါတယ်။
ကျွန်တော်တို့ဟာ ရန်သူ့ဆီကိုလက်နက်လဲမချဘူးဆိုတာကတိပေးပါတယ်။
ပါတီကလက်နက်နဲ့ပစ္စည်းအားလုံးကိုလဲ ကျွန်တော်တို့ ထားခဲ့ပါတယ်။

တော်လှန်ရေးအောင်ရမည်။
(လှကြည်)

ဤသည်မှာ ရဲဘော်လှကြည်၏ သာယာဝတီ ခရိုင်ခေါင်းဆောင်များထံသို့ ရေးထားခဲ့သည့် စာပင်ဖြစ်လေသည်။

ထိုသို့ ရဲဘော်လှကြည်နှင့် မခင်အေးတို့သည် မိမိတို့အိမ်သို့ပြန်သွားကြခြင်းကို မည်သူမျှအရေးမထားကြပေ။ ပါတီကို အန္တရာယ်ပေးလိမ့်မည် ဟူ၍လည်း မယူဆကြ။ သာယာဝတီခရိုင်ကော်မတီသည်ပင် အရေးကြီးသည်ဟု သဘောမထားကြပေ။ ကိုယ်ရေးကိုယ်တာအကြောင်းများကြောင့် အိမ်သို့ပြန်သွားကြခြင်းဖြစ်သည်ဟုသာ သဘောထားကြလေသည်။

ထို့နောက် နှစ်ရက်ကြာသောအခါတွင် ဗဟိုဌာနချုပ်မှ ဗဟိုစစ်ကော်မတီ၏ ကိုယ်စားလှယ်အဖြစ်ဖြင့် ဗိုလ်ထွန်းငြိမ်းအား အာဏာကုန်လွှဲအပ်၍ သာယာဝတီခရိုင်သို့လွှတ်လိုက်၏။ သခင်ဘန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့မှ ဗိုလ်ထွန်းငြိမ်းအား တိုက်ရိုက်တာဝန်ပေးအပ်လိုက်ခြင်းဖြစ်လေသည်။

ဗိုလ်ထွန်းငြိမ်းသည် သာယာဝတီခရိုင်သို့ ရောက်လျှင်ရောက်ခြင်းပင် ခရိုင်ကော်မတီများနှင့် ဇီးကုန်းမြို့နယ် ကော်မတီများကို စုဝေးစေ၏။ ထို့နောက် အရေးပေါ်ခရိုင်ကော်မတီ အစည်းအဝေးကို ကျင်းပစေလေသည်။

ယင်းအစည်းအဝေးတွင် ဗိုလ်ထွန်းငြိမ်းသည် ဗဟိုစစ်ကော်မတီ ဥက္ကဋ္ဌသခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့၏ တိုက်ရိုက်ညွှန်ကြားချက်နှင့် သဘောထားကို ရှင်းလင်း၍တင်ပြလေသည်။

"တနေ့က-လှကြည်တို့လင်မယား ထွက်ပြေးတာနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌကြီးတို့က သိတ်စိုးရိမ်နေကြတယ်။

သူတို့ဟာဗဟိုဌာနချုပ်စခန်းကိုတိုက်ရိုက်မရောက်ဘူးဘူး။ဒါပေမဲ့ ခရိုင်စခန်းမှာတော့ ခဏနေဘူးကြတယ်၊အဲဒီကနေပြီးတော့ ဗဟိုစခန်းအကြောင်းကို တစွန်း တစတော့ သိနိုင်တယ်၊အဲဒီအခါ သိတယ်ဆိုရင်ပဲ ပါတီနဲ့ တော်လှန်ရေးကို အလွန်ကြီးမားတဲ့ အန္တရာယ်ပြုနိုင်တယ်၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သူတို့ကိုလဲ ရန်သူက အသုံးချနိုင်တယ်။ ဒါကြောင့် သူတို့ကို ရန်သူက အသုံးမချနိုင်အောင် သူတို့"လှေ"ကို ငါတို့အနေနဲ့ အမြန်ဆုံးရအောင် ယူဘို့လိုတယ်။ ဒါဟာ "ရန်-ငါ"ပြဿနာပဲ ပြတ်သားရမယ်။ ဒါကိုချက်ခြင်းအကောင်အထည် ဖော်ကြရမယ်။ ဒါဟာ နောက်ဆုံး ညွှန်ကြားချက်ပဲ"

ဗိုလ်ထွန်းငြိမ်းသည် ဤသို့ တိုတိုတုတ်တုတ်ပင် ညွှန်ကြားချက်နှင့် သဘောထားကို ပေးလိုက်လေသည်။

ထိုအခါတွင် - ရဲဘော် မြစိုး(ခေါ်) ရဲဘော် အုန်းသီးသည်ဗိုလ်ထွန်းငြိမ်း၏ ညွှန်ကြားချက်အား သဘောမတူကြောင်းကို ဆန္ဒပေးလေသည်။

ရဲဘော်မြစိုးသည် ရဲဘော်လှကြည်နှင့် မခင်အေးတို့အား သံယောဇဉ်ကြီး၏။ ရဲဘော်မြစိုး၏ လက်ပေါ်တွင်ပင် ကြီးပြင်းခဲ့ရသူများဖြစ်၏။ ရဲဘော်မြစိုးအပေါ် ပုဂ္ဂိုလ်ခင်မင်မှုမှတဆင့်သာ ကွန်မြူနစ်ပါတီအတွင်းသို့ လိုက်ပါလာခဲ့သူများဖြစ်လေသည်။

အထူးသဖြင့် ရဲဘော် မြစိုးသည် ရဲဘော်လှကြည် နှင့် မခင်အေး တို့အား "သတ်ပစ်ရမည်"ဟူသော သဘောထားကိုမူ လုံးဝပင် လက်ခံနိုင်ခြင်းမရှိချေ။ ရဲဘော် လှကြည် နှင့် မခင်အေးတို့၌ သတ်ပစ်ရမည့် ပစ်မှုဟူ၍လည်းမရှိ။ တလျှောက်လုံးပင် ကွန်မြူနစ်ပါတီအတွက်သာ အသက်ပေး၍ဆောင်ရွက်ခဲ့သူများဖြစ်သည်။

ယင်း အရေးပေါ် အစည်း အဝေးတွင်ပင် ဗဟိုကုန်းမြို့နယ် ကော်မတီအဖွဲ့ဝင်ဖြစ်သော ရဲဘော်စံဝင်းသည် ဥက္ကဋ္ဌကြီးနှင့် ဗိုလ်ထွန်းငြိမ်းတို့၏ ညွှန်ကြားချက်နှင့် သဘောထားကို အကြွင်းမဲ့နှင့် လုံးဝထောက်ခံကြောင်းကို တင်ပြ၏။ ထို့နောက် အစည်းအဝေးတွင် တက်ရောက်သူများသည် ရဲဘော်လှကြည်နှင့် မခင်အေးတို့အား ချက်ခြင်းပင် အရေးယူရန်အတွက် ဆုံးဖြတ်လိုက်၏။အသေးစိတ် အစီအစဉ်များကိုလည်း ရေးဆွဲကြလေသည်။

၁၉၆၆-ခုနှစ် နှိုဝင်ဘာလ(၉)ရက်နေ့တွင်ဖြစ်လေသည်။

သာယာဝတီခရိုင် ကော်မတီအရေးပေါ် အစည်းအဝေးမှအရေးပေါ်လုပ်ကြံရေးအဖွဲ့ကို ဖွဲ့စည်းလိုက်၏။ ယင်းအဖွဲ့၏ ခေါင်းဆောင်အဖြစ်ဖြင့် ရဲဘော်စံဝင်းအား ဗိုလ်ထွန်းငြိမ်းက တိုက်ရိုက်တာဝန်ပေးလိုက်၏။ အဖွဲ့ဝင်(၅)ဦးပါ၏။ လူငယ်လေးများပါ ထည့်သွင်း၍ဖွဲ့စည်းပေးလိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(မှတ်ချက်။ ။ရဲဘော်မြစိုးသည် သာယာဝတီခရိုင်တွင် အဆင့်မြင့်သော ခေါင်းဆောင်တဦးဖြစ်သည်။ အမှန်စစ်စစ်အားဖြင့် ယင်းအဖွဲ့တွင် တာဝန်ခံအဖြစ်ပေးရမည်မှာ ရဲဘော်မြစိုးသာဖြစ်သည်။ သို့ရာတွင် ဗိုလ်ထွန်းငြိမ်းသည် ရဲဘော်မြစိုးအား ရန်သူ့အပေါ်တွင် မျဉ်းမပြတ်သားသူဖြစ်၍ ခေါင်းဆောင် တာဝန်မပေးသင့်။ ရဲဘော်စံဝင်းသာ အဖွဲ့ခေါင်းဆောင်ဖြစ်ရမည်ဟူ၍ဆိုကာ အဖွဲ့ခေါင်းဆောင်အဖြစ် တိုက်ရိုက်တာဝန်ပေးလိုက်ခြင်းဖြစ်သည်။ ရဲဘော်မြစိုးကိုမူ လမ်းပြအဖြစ်သာထည့်လိုက်ခြင်းဖြစ်ပါသည်။ စာရေးသူ)

× × ×

၁၉၆၆-ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့တွင်ဖြစ်သည်။

သာယာဝတီခရိုင်၏ အရေးပေါ်လုပ်ကြံရေးအဖွဲ့သည် ခရီးပြင်းချီတက်လာရာမှ ငဲးကုန်းမြို့အနီး၌ရှိသော ထန်းရှစ်ပင်ရွာသို့ရောက်ရှိခဲ့ကြ၏။ ထန်းရှစ်ပင်ရွာသို့ရောက်သောအခါ ရွာတွင်းမှ ပါတီ၏ ကျောရိုးများကိုခေါ်၍ ရဲဘော်လှကြည်နှင့် မခင်အေးတို့ အကြောင်းကို မေးမြန်းစုံစမ်း၏။ ထို့နောက် ရဲဘော်လှကြည်နှင့် မခင်အေးတို့၏ ရွာဖြစ်သော နွားတဲကုန်းရွာသို့လည်း ဆက်သွားကြို၍ လွှတ်ရန်စီစဉ်လေသည်။

ထိုအချိန်တွင် ရဲဘော်လှကြည်နှင့် မခင်အေးတို့သည် နွားတဲကုန်းရွာမှ ထန်းရှစ်ပင်ရွာသို့ ရောက်လာကြ၏။ ရဲဘော်လှကြည်နှင့် မခင်အေးတို့ရောက်လျှင်ရောက်ခြင်းပင် ရဲဘော်စံဝင်းတို့အဖွဲ့သည် ရဲဘော်လှကြည်တို့ ဇနီးမောင်နှံအား သေနတ်နှင့်ချိန်၍ ချက်ခြင်းပင်ဖမ်းဆီးလိုက်၏။ ရွာထဲ၌ပင် လက်ပြန်ကြိုးတုတ်လိုက်လေသည်။

"အကိုကြီးတို့ရယ် ဘယ်လိုဖြစ်ကြတာတုန်း ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့ပါလဲ။ ကျွန်တော်တို့ဟာ လက်နက်ချတာမဟုတ်ပါဘူး။ အခုလဲကျွန်တော်တို့ တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးမြအတွက် စာလာပို့တာပါ"စသည်ဖြင့် ရဲဘော်လှကြည်က ပြန်၍ဖြေရှင်းပြောလသည်။

ရဲဘော်စံဝင်းတို့အဖွဲ့သည် ရဲဘော်လှကြည်နှင့် မခင်အေးတို့အား စစ်ဆေးရန်အတွက်အချိန်မရချေ။ ထို့ကြောင့် ထန်းရှစ်ပင်ရွာ၏အပြင်၌ရှိသော လယ်ကွင်းသို့ အတင်းဆွဲထုတ်၍သွားခဲ့ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထန်းရှစ်ပင်ရွာ၏ လယ်ကွင်းအနီးတွင် တမံတခုရှိ၏။ ထိုတမံတွင် ရေအနည်းငယ်ရှိသည်။

ယင်းလယ်ကွင်းသို့ ရောက်သောအခါတွင် ရဲဘော်လှကြည်နှင့် မခင်အေးတို့အား လက်ပြန်တုတ်ထားသောကြိုးများအပြင် ခြေထောက်ကိုပါထပ်၍ ချီကြတုတ်ကြတော့၏။ ထိုနောက်တွင် ရဲဘော်စံဝင်းက ပါတီ၏အမိန့်ကိုပြောလိုက်လေသည်။

"အကိုကြီးတို့ရယ် ကျွန်တော်တို့ကို မသတ်ပါနဲ့ခင်ဗျား။ ကျွန်တော်တို့ပါတီကိုလဲသစ္စာမဖောက်ပါဘူး။ ပါတီကကျွန်တော်တို့ကို ခိုင်းချင်ရာခိုင်းပါ၊ လုပ်ပါမယ်။ အခုမသတ်ကြပါနဲ့အုန်း၊ ကျွန်တော်တို့ကို ခရိုင်ခေါင်းဆောင်တွေဆီကို ခေါ်သွားပြီးမှ သတ်ကြပါခင်ဗျာ။ ကျွန်တော်တို့ ရှင်းပြပရစေအုန်း.... ခင်ဗျား"

ရဲဘော်လှကြည်သည် ငိုရှိုက်တောင်းပန်နေ၏။ မခင်အေးမှာမူ သတိလစ်လုမတတ်ဖြစ်နေရှာသည်။

ထိုအချိန်တွင် ရဲဘော်စံဝင်းတို့အဖွဲ့တွင် ပါလာသော ရဲဘော်တင်နှင့် လူငယ်အဖွဲ့ဝင်ဖြစ်သော မောင်တင်စိုးတို့သည် ရဲဘော်လှကြည်နှင့် မခင်အေးတို့အား တုတ်နှင့်ရိုက်သတ်ရန်အတွက် တုတ်ချိုးကြ၏။ ယင်းနေရာတွင် သစ်ပင်ကြီးကြီးဟူ၍မရှိချေ။ ထို့ကြောင့် လက်မခန့်ရှိသော သစ်ပင်လေးများကိုသာ လက်နှင့်ချိုးကြရ၏။ ဓါးကြီးကြီးလည်း မပါခဲ့ကြပေ။

"ပါတီရဲ့ဆုံးဖြတ်ချက်ဟာ ဆုံးဖြတ်ချက်ပဲ။ အမိန့်ဟာအမိန့်ပဲ။ ပြင်လို့မဖြစ်ဘူး။ အမိန့်ကို အပြတ်ပေးလိုက်တယ်။ အချိန်မရှိဘူး၊ လူတွေရောက်လာတော့မယ်။ မြင်ကုန်လိမ့်မယ် အမြန်လုပ်ကြ...."
ထိုသို့အဖွဲ့ခေါင်းဆောင် ရဲဘော်စံဝင်းက အမိန့်ပေးလိုက်သည်။

ရဲဘော်စံဝင်းတို့သည် ရဲဘော်လှကြည်အား မြေကြီးတွင် ဒရွတ်တိုက်ဆွဲ၍ တမံအနီးသို့ဆွဲခေါ်သွားလေသည်။

"အကိုကြီးတို့ရယ်၊ ကျွန်တော့ကိုတော့ သတ်ချင်သတ်ကြပါတော့၊ ဒါပေမဲ့ ကျွန်တော့ မိန်းမ မခင်အေးတော့ မသတ်ကြပါနဲ့ခင်ဗျာ၊ သူဟာ ဘာမှသိရှာတာ မဟုတ်ပါဘူး။ ကျွန်တော့ကြောင့် ပါလာခဲ့တာပါ။ ဒါတော့ ကျွန်တော်အသက်မသေခင် နောက်ဆုံးတောင်းပန်"....

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်စံဝင်းသည် ရဲဘော်လှကြည်၏ နောက်ဆုံး တောင်းပန်သည့်စကား မဆုံးခင်မှာပင် မြေကြီးပေါ်သို့တွန်းလှဲချလိုက်၏။ ထို့နောက် ရဲဘော်လှကြည်၏လည်မျိုကို လက်မလုံးခန့်ရှိသော တုတ်များဖြင့် အချက်ပေါင်းများစွာ ရိုက်သတ်၍နေလေသည်။

ထိုအချိန်တွင် ရဲဘော်လှကြည်၏ဇနီးမခင်အေးသည် ရဲဘော်လှကြည်အား ရိုက်နှက်၍သတ်နေသည့်နေရာနှင့် ကိုက်(၃၀)ခန့်သာကွာ၏။မခင်အေးကိုလည်း ရဲဘော်လှကြည်အား ရိုက်သတ်နေသည့်ဖက်သို့ကြည့်၍ နေစေ၏။ မခင်အေးသည် မိမိ၏ချစ်လင်အား ကြမ်းကြုတ်ရက်စက်စွာ ရိုက်သတ်နေသည်ကို မည်သို့မျှမကြည့်ရက်နိုင်ရှာတော့ချေ။ ထို့ကြောင့် မျက်စေ့ကိုသာ စုံမှိတ်၍ထားတော့သည်။ ရူးမတတ်ဖြစ်နေရှာ၏။ အသက်ထွက်လုမတတ်ပင် ဖြစ်နေရှာလေသည်။

ရဲဘော်လှကြည်သည် မခံနိုင်လွန်း၍ မချိမဆန့်အော်၏။ ထိုအခါ ရဲဘော်စံဝင်းသည် ရဲဘော်လှကြည်၏ပုဆိုးကိုချွတ်၍ ရဲဘော်လှကြည်၏ပါးစပ်ကို အတင်းပိတ်ဆို့၍ထားလိုက်၏။ ရဲဘော်စံဝင်းနှင့် မောင်တင်စိုး- မောင်တင်အုန်းတို့သည် ရဲဘော်လှကြည်၏ ဘယ်ဖက်ရင်အုံအား ဓါးဖြင့်ဆက်၍ဆက်၍ ထိုးစိုက်ကြ၏။ သို့သော်လည်း ရဲဘော်လှကြည်မှာ ချက်ခြင်းအသက်မထွက်ချေ။ရဲဘော်စံဝင်းတို့ ယူဆောင်လာသည့်ဓါးများသည် ငယ်၍နေသောကြောင့် ဖြစ်သည်။

နောက်ဆုံးတွင် ရဲဘော်စံဝင်းနှင့် မောင်တင်စိုးတို့သည် ဓားဒဏ်ရာ တုတ်ဒဏ်ရာများဖြင့် အသက်ငင်နေသော ရဲဘော် လှကြည်အား လည်ပင်းကို ကြိုးဖြင့်ဆွဲ၍ တမံတွင်းသို့ချလိုက်၏။ တမံအတွင်းမှရေထဲတွင် လည်ပင်းကို ခြေဖြင့်နင်း၍ နှစ်သတ်လိုက်ကြလေသည်။

ထိုသို့ရဲဘော်လှကြည် အား သတ်ပြီးသောအခါတွင် ရဲဘော်စံဝင်းတို့သည် မခင်အေးဆီသို့ ထပ်၍သွားကြသည်။

မခင်အေးသည် ရဲဘော်စံဝင်းနှင့် ရဲဘော်မြစိုးတို့အား ဦးအကြိမ်ကြိမ်ချ၍ တောင်းပန်၏၊ အသနားခံ၏။

"အကိုကြီးတို့ရယ် ကိုလှကြည်ကိုတော့ သူ့အကြောင်းနဲ့သူ သတ်ချင်သတ်ပါတော့။ ဒါပေမဲ့ ကျွန်မကိုတော့ အသက်ချမ်းသာပေးကြပါ။ နောက်တော့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်မကိုသတ်ချင်လဲသတ်ပါ။ ဒါပေမဲ့တိုင်းက ဗိုလ်မှူးမြဆီတော့ ရောက်အောင် ပို့ပေးကြပါ အကိုကြီးတို့ရယ်....”

ဤသို့ပင် မခင်အေးသည် ရဲဘော်စံဝင်းနှင့် ရဲဘော်မြစိုးတို့အား အကြိမ်ကြိမ် ဦးချ၍ ရှိခိုးဦးတင် တောင်းပန်နေရှာလေသည်။ သို့သော် မခင်အေးမှာ မည်သို့မျှ အသနားခံ၍ မရတော့ချေ။

ရဲဘော်စံဝင်းသည် မခင်အေးအား ပဲခူးရိုးမတိုင်းကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးမြဆီကိုလည်း မပို့နိုင်ကြောင်းကို ပြောလိုက်၏။ ထိုအခါတွင် မခင်အေး သည် ထိုနေရာမှ ရုတ်တရက်တုန်၍လဲကျသွားတော့၏။ ချက်ခြင်းပင် မခင်အေး သည် တခုခုကိုသတိရသည့် အနေဖြင့် လဲနေရာမှ ပြန်၍ထလိုက်၏။ ထို့နောက် မိမိနားတွင် ဝတ်ဆင်ထားသော နားကပ်ကိုဖြုတ်၍ ရဲဘော်စံဝင်း၏လက်သို့ အပ်လိုက်လေတော့သည်။

“ဆရာရယ်....ကျွန်မကို မကယ်နိုင်တော့ဘူးလား”ဟု မခင်အေးက ရဲဘော် မြစိုး၏ ခြေထောက်ကို ပြေးဖက်ရင်း အသနားခံသေး၏။ ရဲဘော်မြစိုးကား မည်သို့မျှ မပြောနိုင် လည်ချောင်းတွင် တစ်ဆို့၍သာ နေလေသည်။

ချက်ချင်းပင် မောင်တင်စိုးနှင့် မောင်တင်အုန်းတို့သည် မခင်အေးကိုလည်း ရဲဘော်လှကြည်အား ရိုက်သတ်သည့်နေရာသို့ပင် ဒရွတ်ဆွဲ၍ ခေါ်သွားကြ၏။ ထို့နောက် ရဲဘော်လှကြည်၏ ပုဆိုးနှင့်ပင် မခင်အေး၏ ပါးစပ်ကို ပိတ်ဆို့၍ ထားလိုက်၏။ မခင်အေးအား လည်ပင်းကို အမောင့်ခိုင်း၍တုတ်ဖြင့် တအားလွှဲ၍ ရိုက်လိုက်၏။ မခင်အေးသည် မြေကြီးပေါ်သို့ ခွေခွေလေး ကျသွားရှာသည်။ ထိုအခါတွင်မှ ဓားမြှောင့် မခင်အေး၏ ရင်အုံကို ထိုးကြသည်။ ယင်းသို့ ဓားဖြင့် ထိုးသော်လည်း မခင်အေး၏ အသက်မှာ မထွက်သေးချေ။ ထို့ကြောင့် မခင် အေးကိုလည်း ရဲဘော်လှကြည်နည်းတူ လည်ပင်းကိုကြိုးဖြင့်ဆွဲ၍ တဲအတွင်း သို့ချလိုက်၏။ တဲအတွင်းတွင် မခင်အေး၏ လည်ပင်းအား ကြိုးဖြင့်ချည်၍ ရေထဲတွင်ပင် နှစ်သတ်လိုက်ကြလေသည်။

ထိုနောက် ရဲဘော်လှကြည်နှင့် မခင်အေးတို့၏ အလောင်းများကိုလည်း ထန်းရှစ်ပင် ရွာအနီး၌ရှိသော တမံလေး အတွင်းတွင်ပင် မဖုံးမအုပ် ထားပစ်ခဲ့ ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်တွင် ရဲဘော်လှကြည်နှင့် မခင်အေးတို့ ဇနီးမောင်နှံ၏ သွေးတို့သည် ထန်းရှစ်ပင်ရွာအနီးမှ တမံလေး၏ ရေပြင်၌ ချင်းချင်းနီ၍ ကျန်နှံ့ခဲ့လေတော့သည်။

× × ×

၁၉၆၇-ခုနှစ်၊ မတ်လပထမပတ်အတွင်းတွင်ဖြစ်လေသည်။

သာယာဝတီခရိုင် တိုက်ခိုက်ရေးတပ်ဖွဲ့ အမျိုးသမီးတပ်ဖွဲ့နှင့် နတ္တလင်းမြို့နယ် တပ်ဖွဲ့တို့သည် နတ္တလင်းမြို့နယ် တောင်ညိုဒေသ မကျည်းပင်ရွာအနီး၌ရှိသော ထူးကွေ့ကြီးစခန်းတွင် အခြေစိုက်၍နေကြ၏။ တပ်ဖွဲ့ ၃-ဖွဲ့၏ ခေါင်းဆောင်မှာ မစိန်ဝင်း ဖြစ်လေသည်။

ကျေးရွာ ကျောရိုးတဦးသည် နေ့လည်တွင် အပြေးအလွှားနှင့် တပ်စခန်းရောက်လာ၏။ အကြောင်းမှာ တောင်ညိုဒေသ သဖန်းချောင်းရွာမှ ဒေါ်လှညွန့်သည် မကျည်းပင်ရွာသို့ရောက်နေကြောင်းကို လာရောက်၍ သတင်းပို့ခြင်းဖြစ်၏။

ဒေါ်လှညွန့်သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ သဖန်းချောင်းရွာမှ ဖြစ်၏ ဈေးတောင်းခေါင်းရွက်၍ လုပ်ကိုင်စားသောက်ရသူဖြစ်၏။ အသက်မှာ ၅၀-ကျော်ပြီဖြစ်၏၊ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်သူ ဖြစ်လေသည်။

ဒေါ်လှညွန့်ဟာ ရန်သူ့တပ်နဲ့ ဆက်သွယ်နေတယ်။ ရန်သူ့တပ်အတွက် ပစ္စည်းတွေလဲဝယ်ပေးတယ်။ အထူးသဖြင့် စိန်ကန့်လန့်မှာရှိတဲ့ တပ်ရင်း ၅၀ စခန်းကိုလဲ ခဏခဏသွားနေတယ်” ဟူသော သတင်းများကို သူတို့ကရထား၏၊ ထို့ကြောင့် ခရိုင်ကော်မတီ မစိန်ဝင်းသည် ဒေါ်လှညွန့်အား “သုတ်သင်ရှင်းလင်းပစ်ရမည်” ဟု ဆုံးဖြတ်ခဲ့၏၊ ယင်းဆုံးဖြတ်ချက်အရ ဒေါ်လှညွန့်အား တွေ့လျှင် ပါတီသို့အမြန်ဆုံး သတင်းပို့ရန်အတွက် ကျေးရွာကျောရိုးများသို့ ညွှန်ကြား၍ ထားခဲ့လေသည်။

မစိန်ဝင်းနှင့် တပ်နီအမျိုးသမီးလေးများသည် ဒေါ်လှညွန့်၏ သတင်းကို ရလျှင်ရခြင်းပင် မြူးတူး၍ အော်ဟစ်နေကြသည်။

“ဒီတခါတော့ အမဲပေါ်ရတော့မယ်ဟေ့” ဟု မစိန်ဝင်းကကြွေးကြော်၍ နိုးဆော်လိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက် မစိန်ဝင်းသည် တပ်နီအမျိုးသမီးများကို ဦးဆောင်၍မကျည်းပင်ရှာသို့လာခဲ့ကြ၏။ အမျိုးသမီးများကိုမူ မောင်းပြန်သေနတ်များဖြင့် တတ်ဆင်၍ထား၏။ အမျိုးသမီးများမှာမူ တက်ကြွ၍သွေးမြောက်နေကြလေတော့သည်။

“ဟေ့.... သစ္စာဖောက်မကြီး အခုဘယ်ပြေးမလဲ မိပြီမဟုတ်လား....”ဟူ၍ မစိန်ဝင်းသည် ဒေါ်လှည့်နှံအား ဒေါမာန်ပါပါဖြင့် ပြောလိုက်သည်။ ထိုအခါတွင် အမျိုးသမီးလေးများသည် ကြိုတင်စီစဉ်ထားသည့်အတိုင်း ဒေါ်လှည့်နှံအား ဝိုင်း၍ဖမ်းဆီးလိုက်ကြ၏။ ကြိုးများဖြင့်လည်း တင်းတင်းပါအောင်တုတ်နှောင်လိုက်ကြလေသည်။

ဒေါ်လှည့်နှံသည် အလွန်ပင် အံ့အားသင့်၍နေရှာသည်။

“ကဲ.... ဒီသစ္စာဖောက်မကြီးကို အမြန်ဆုံးခေါ်သွား၊ စခန်း ရောက်မှ စစ်ဆေးမယ်....”ဟု မစိန်ဝင်းက အမိန့်ပေးလိုက်သည်။ ထိုအခါတွင် တပ်နီအမျိုးသမီးများကလည်း ကြိမ်းမောင်းကြ၏၊ ဆဲဆိုကြ၏။

“သေနာမကြီး မြန်မြန်သွား၊ အခုမှကြောက်မနေနဲ့ နင့် လင် တွေ ဆီ ကို သတင်းတွေပေးတဲ့အတွက် နင့်ကိုဆုလာဘ်ပေးမလို့....”

တပ်နီအမျိုးသမီးများသည် ဒေါ်လှည့်နှံအား တွန်းထိုး၍ စခန်းသို့ဆွဲခေါ်ကြသွား၏။ အမျိုးသမီးတဦးက ရှေ့မှကြိုးဖြင့်ဆွဲ၍သွား၏။ နွားမကြီးကိုကြိုးဖြင့်ချည်၍ဆွဲသွားသကဲ့သို့ဖြစ်လေသည်။

“နင်ဟာလေ.... သေခါနီး (၆၀)ကျော်မှ ခေတ်သစ်အပျိုကြီးလုပ်နေတာကို တို့မသိဘူးမှတ်လို့လား။ နင့်လင်ရန်သူတွေနဲ့ အလေလိုက်နေတယ်မဟုတ်လား၊ မိန်းမကိုက နိုင်လွန်လက်ပြတ်ဇတ်လို့ နင့်လင်တွေက နင့်ကို ငွေ - ၁၂ဝိ ပေးတယ် မဟုတ်လား။ နင်နဲ့အတူ သစ္စာဖောက်ဂိုဏ်းဝင်တွေ ဘယ်သူတွေပါသလဲ....အခုဖော်ရမယ်....”စသည် စသည်ဖြင့် ခရိုင်ကော်မတီ မစိန်ဝင်းသည် မနားတမ်းပင်မေး၍ နေလေသည်။

ထိုအခါ ဒေါ်လှည့်နှံက“မဟုတ်၊ မဟုတ်ပါဘူး ဆရာမရယ်၊ ဘေးကမလိုတဲ့လူတွေက ဆရာမတို့ကိုပြောတာဖြစ်ပါလိမ့်မယ်။ ကျုပ်ကတော့ ဘာမှကိုမဟုတ်ပါဘူး။ပေးချင်တဲ့သစ္စာကိုပေးပါဆရာမရယ်....”ဟု ကြောက်ကြောက်လန့်လန့်နှင့်ဖြေ၏။ တဆတ်ဆတ်လည်းတုန်၍နေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"အောင်မယ် ငါတို့ကိုမလိမ်နဲ့၊ ငါတို့ကို ဘယ်တော့မှ လိမ်လို့ညာလို့မရဘူး။ နင်ဟာ သိတ်ကိုခေါင်းမာပါလား-ဟင်"ဟု မစိန်ဝင်းက၊ ဒေါသသံဖြင့် အော်ဟစ်၍ပြောသည်။ မစိန်ဝင်းသည် ဆက်လက်၍ "ဟေ့-မေးတာကို မြန်မြန်ပြောမလား မပြောဘူးလား၊ အချိန်မရှိဘူး" ဟုပြောလိုက်ပြန်လေသည်။

"ကျုပ်ဘာမှမပြောတတ်ပါဘူး ဗိုလ်မကြီးရယ်....ဘာမှလဲ ကျုပ်မလုပ်ပါဘူး"....ဟု ဒေါ်လှညွန့်ကပြန်၍ပြောလေသည်။

ထိုအခါတွင် တပ်နီအမျိုးသမီးများက "မေးမနေပါနဲ့တော့၊ ဒီကောင်မကြီး သိတ်ခေါင်းမာတယ်။ ကျွန်မတို့ချလိုက်တော့မယ်"ဟု ပြောလေသည်။

"သနားကြပါ သမီးတို့ရယ်....အမေဘာမှမသိပါဘူး။ အမေ့ကို လမ်းတို့ခိုင်းချင်တာခိုင်းပါ၊ အမေလုပ်ပါ့မယ်"....ဒေါ်လှညွန့်သည် မျက်ရည်စက်လက်ဖြင့် အသနားခံနေ၏။ ရှိကျိုးဝပ်တွားရှ်တောင်းပန်နေ၏။

"အောင်မယ်.... အောင်မယ်....ဒီကောင်မကြီးက ငါတို့ကိုစော်ကားလိုက်တာ.... တို့ကိုသမီးလေး ဘာလေးနဲ့ တို့ကို အမေ၊ အမေလို့မပြောနဲ့။ နင်က ခွေးတွေကို လင်လုပ်နေတဲ့သစ္စာဖောက်မကြီး....ဟဲ့"ဟူ၍ ပြောဆိုကြိမ်းမောင်းကြသည်။

သာယာဝတီခရိုင် ထူးကျွေကြီးစခန်းသည် တပ်နီအမျိုးသမီးများ၏ ဆူသံ၊ ဆဲသံ၊ အော်ဟစ်သံများဖြင့်သာ ဖုံးလွှမ်း၍နေလေသည်။

"အားလုံးနားထောင်ကြ။ဒီကောင်မကြီးဟာ ငါတို့မေးတာတွေအားလုံးကို ငြင်းကွယ်နေတယ်။ ဒါကိုကြည့်ရင်ပဲ ရန်သူကစနစ်တကျ လေ့ကျင့်ထားတဲ့ လခစားအထောက်တော်ဆိုတာ ရှင်းနေပြီ။ ဒီကောင်မကြီးဟာ သူ့အသက်သေတဲ့အထိ၊ ရန်သူကို သစ္စာရှိသွားလိမ့်မယ်။ ဒါကြောင့် ငါအနေနဲ့ပါတီရဲ့ ကိုယ်စား ဒီကောင်မကြီးကို မသေမချင်းသတ်ဖို့ တပ်နီအမျိုးသမီး တပ်ဖွဲ့ကို တာဝန်ပေးလိုက်တယ်။"

ဤသို့ မစိန်ဝင်းသည် ဒေါ်လှညွန့်အား သေဒဏ်အမိန့်ကို ပေးလိုက်၏။ ထိုအခါတွင် တပ်နီလူငယ်အမျိုးသမီးများသည် "သတ်မယ်-သတ်မယ်-အခုသတ်မယ်"ဟုအော်ဟစ်ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒေါ်လှည့်န်သည် မတ်တတ်ရပ်နေရာမှ တဆတ်ဆတ်တုန်၍ နေ၏။ အကြောက်ကြီးကြောက်လွန်းသဖြင့် ကြောက်သေးများပင်ပါ၍ နေလေသည်။

"ကဲ....ဆွဲသွားကြတော့"ဟု မစိန်ဝင်းက အမိန့်ပေးလိုက်သည်။

"အမယ်လေး သမီးတို့ရယ်၊ ဗိုလ်မကြီးတို့ရယ်၊ အမေ့ကိုသနားကြပါအုံး။ အမေ့ကိုတကယ်သတ်ကြတော့မှာလား"ဟု အော်ရင်းဟစ်ရင်းပင် သတိလစ်သွားလေသည်။

ထိုအခါတွင် တပ်နီအမျိုးသမီးများသည် ဒေါ်လှည့်န်၏ မျက်နှာအား တံတွေးများနှင့် ဝိုင်း၍ထွေးကြသည်။

တပ်နီအမျိုးသမီး တဦးသည် ပထမဦးဆုံးစတင်းဂန်းနှင့်ကပ်၍ ဦးခေါင်းကို တချက်ပစ်လိုက်၏။ ဒေါ်လှည့်န်သည် မြေကြီးပေါ်သို့ လဲကျသွားတော့၏။ ထို့နောက်တွင်ဝါးရင်းတုတ်များနှင့် တယောက်တချက်ပင် မသေမချင်းတအုံးအုံး ရိုက်သတ်ကြလေသည်။

ဒေါ်လှည့်န်၏ ကိုယ်ခန္ဓာမှဖြာ၍ထွက်လာသော သွေးနီနီတို့သည် တပ်နီအမျိုးသမီးများ၏ ကိုယ်ခန္ဓာတို့တွင်စွန်းထင်း၍နေလေတော့သည်။

နောက်ဆုံးတွင် "**သူပုန်ထတယ်ဆိုတာဟာ လူသတ်တာဖြစ်တယ်။ ရက်စက်တာဖြစ်တယ်**"ဟူ၍ မဟာအတွေးအခေါ် ဩဝါဒများကို သင်ကြားပို့ချခဲ့သော မစိန်ဝင်းသည် ဒေါ်လှည့်န်၏သွေးများဖြင့် ပေကျံ၍ အောင်ပွဲခံလာသော တပ်နီအမျိုးသမီးများအား စခန်းထိပ်မှနေ၍ ခရီးဦးကြိုပြုလျက် ဂုဏ်ပြုနေလေတော့သည်။

(၁) ပြည်ခရိုင်တည်ဆောက်ရေး

ဗမာပြည် ကွန်မြူနစ်ပါတီသည် ၆၄-ခုနှစ်လမ်းစဉ်အား စစ်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ် တနည်းအားဖြင့် အပြုတ်တိုက်ရေး လမ်းစဉ်အဖြစ်ဖြင့် ဗမာပြည် တပြည်လုံးတွင်ရှင်း၊ တိုင်းအသီးသီးတွင်ရှင်း လှုံ့ဆော်နေ၏။ ဝါဒ ဖြန့်နေ၏။

"ဝါးရှုံခုတ်လိုလျှင်၊ ဝါးတက်ကို ပထမရှင်းရမည်" ဟူသော ပေါ်လစီကို ချမှတ်ထား၏။ ယင်းအခိပ္ပါယ်မှာ "နေဝင်းကြီးကို အပြုတ်တိုက်နိုင်ရေး အ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွက် ကျေးလက်နေ့ဝင်းလေးများကို အပြုတ်ရှင်းလင်းရမည်” ဟူ၍ဖြစ်လေသည်။

ထိုပေါ်လစီအရပင် ကျေးရွာများတွင် ဖွဲ့စည်းထားသော လလသသများ မယကများ၊ ရလကများကို အလစ်ဝင်ရောက်၍ သတ်ဖြတ်နေကြခြင်းဖြစ်၏။ ထို့ပြင်....ကျေးရွာများတွင်ရှိသည့် ပါတီကို တက်ကြွစွာ ထောက်ခံခြင်းမပြု သူများကိုလည်း အာဏာနိ တည်ဆောက်ရေး၏ အန္တရာယ်များ အဖြစ်ဖြင့် လည်းကောင်း၊ အတားအဆီးများ အဖြစ်ဖြင့်လည်းကောင်း သတ်ဖြတ် အရေးယူကြလေသည်။

အမှန်စင်စစ်အားဖြင့် တောနယ် ကျေးရွာများတွင်ရှိကြသော တောင်သူ လယ်သမား ကြီးများသည် ၆၄ - လမ်းစဉ် အကြောင်းကိုလည်း နားမလည်။ ၅၅ - လမ်းစဉ် အကြောင်းကိုလည်း မသိကြပေ။

သို့သော်လည်း ဗမာပြည်ကွန်မြူနစ်ပါတီနှင့် နီးစပ်ရာဒေသများတွင်မူ ကွန်မြူနစ်ပါတီမှ အကြီးအကျယ် လှုံ့ဆော်ဝါဒ ဖြန့်ထားသဖြင့် “၆၄ - လမ်းစဉ်က တော့ပြတ်ပြတ်ပဲ” ဟူ၍လည်းကောင်း “၅၅ - လမ်းစဉ် သမားကတော့၊ ညံ့ ညံ့ ပဲ”ဟူ၍လည်းကောင်း နားလည်ထားကြ၏။ အခါအခွင့် သင့်တိုင်းလည်း ပြောဆိုကြသည်။

အချို့သော လယ်သမားများသည် မိမိနွားကို မိမိရိုက်ရာ၌ပင် “တယ်.... ဒီနွား၊ ငါ ၆၄-စိတ်ဓာတ်နဲ့ ရိုက်လိုက်ရ ခါးကော့သွားတော့မယ်”ဟူ၍လည်း ပြောကြ၏။ အချို့မှာမူ လင်မယားအချင်းချင်း ရန်ဖြစ်လျှင်ပင် “ဒီ မိန်းမ တော့၊ ၆၄-စိတ်ဓာတ်နဲ့ ဆော်လိုက်ရရင် သေသွားတော့မယ်” ဟူ၍လည်း ပြောဆိုကြသည်။

ထို့ပြင် ကျေးရွာတွင်းတွင် အေးအေး ဆေးဆေး နေသူများကို “၅၅ သမား”ဟူ၍ ခေါ်ကြ၏။ အချို့မှာမူ မိမိ၏ ဇနီးသည်အား ရှုတ်ချလိုလျှင်ပင် “ဒီမိန်းမကတော့ ၅၅ ပဲ”ဟုပင် ပြောဆိုကြသည်။

ဤသို့ပင် ပဲခူးရိုးမ တိုင်းအတွင်း၌လည်းကောင်း ဗမာပြည် တပြည်လုံး၌ လည်းကောင်း ကွန်မြူနစ်ပါတီနှင့်နီးစပ်ရာဒေသများတွင် “၆၄-လမ်းစဉ်” နှင့် “၅၅-လမ်း စဉ်” တို့၏ အဓိပ္ပါယ်ကို ဗဟိုဌာနချုပ်မှ ဝါဒဖြန့်ချိထားသကဲ့သို့ပင် ပြောဆိုသုံးနှုန်း၍နေကြ၏။ တနည်းအားဖြင့်ဆိုရသော် ရေပန်းစား၍နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆက်လက်၍ပင် ပဲခူးရိုးမတိုင်း၏ " နှစ်နှစ်စီမံကိန်း " အရ ကျေးလက်အာဏာနီတည်ဆောက်ရေး စီမံကိန်းကို ခရိုင်အသီးသီးတွင် အကောင်အထည်ဖော်ကြသည်။ အပြိုင်အဆိုင်ပင်ဖြစ်လေသည်။ ယင်းကိုပင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် အာဏာနီ တည်ဆောက်ရေးနှင့် ပတ်သက်သည့် " ဆိုရှယ်လစ်ပြိုင်ဆိုင်မှု " ဖြစ်သည်ဟူ၍ပင်ဖော်ထုတ်ထားလေသည်။

ထို့ကြောင့်ပင် တခရိုင်နှင့် တခရိုင်သည် ပို၍ပို၍ ကဲ၍ကဲ၍သာ ကျေးလက်အာဏာနီကိုပြိုင်၍ အစွမ်းကုန်တည်ဆောက်ခဲ့ကြလေသည်။

၁၉၆၇-ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့တွင်ဖြစ်လေသည်။

ဗိုလ်ထွန်းငြိမ်းသည် ပြည်ခရိုင်တွင် ကျေးလက်အာဏာနီ တည်ဆောက်ရေးအတွက် စီမံကိန်းတရပ်ကိုချမှတ်ပေးသည်။

> " ကျေးလက်မှာ အာဏာနီတည်ဆောက်တာဟာ လူတန်းစားတိုက်ပွဲကိုဆင်တာပဲ၊ ဒါကိုတနည်းပြောရရင် လူသတ်တာပဲ၊ ကနေ့ဗမာပြည်မှာ သမိုင်းအလှည့်အပြောင်းကြီးဟာဖြစ်နေပြီ။ ဒါကိုရဲရဲမြင်ပြီးတော့ ခေါင်းဆောင်မလား၊ မဆောင်ဘူးလား၊ ကနေ့ရန်သူနဲ့ ငါတို့အပြင်းအထန်တိုက်ပွဲဖြစ်နေတယ်။ သူသေငါရှင်တိုက်နေတာပဲ၊ ဒါအတွက် အရင်းအနှီးကတော့ ကိုယ်ကသဲပေးရမှာပဲ။ ဒါကိုနားလည်ထားဘို့လိုတယ်။ အောင်ပွဲနီးလေ အကျအဆုံးဟာလဲများလေဖြစ်မှာပဲ။ ဒါကတော့ ဓမ္မတာတရားပဲ။ မဟာမော်စီတုန်းရဲ့အတွေးအခေါ်လဲဖြစ်တယ်။
>
> အခုအချိန်ကစပြီးတော့ ပြည်ခရိုင်မှာ အာဏာနီကို အကျယ်အပြန့်ဆုံးတည်ဆောက်ပြီးတော့ အာဏာနီကိုလဲ လက်တွေ့အစွမ်းကုန်ကျင့်သုံးသွားဖို့ဟာ အလွန်ကိုအရေးကြီးတယ်။
>
> ဒါကြောင့် အာဏာနီကိုတည်ဆောက်မလား၊ မတည်ဆောက်ဘူးလား ဆိုတာဟာ ဗမာပြည်ကို အာဏာသိမ်းမလား၊ မသိမ်းဘူးလား ဆိုတာရဲ့အဖြေပဲဖြစ်တယ်။"

ဤသည်မှာ သခင်သန်းထွန်းက အာဏာကုန်လွှဲအပ်၍ စေလွှတ်လိုက်သောဗိုလ်ထွန်းငြိမ်း၏ ကျေးလက်အာဏာနီ တည်ဆောက်ရေးနှင့် ပတ်သက်သောသဘောထားနှင့် လမ်းညွှန်ပေါ်လစီပင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းဗိုလ်ထွန်းငြိမ်း၏လမ်းညွှန်ပေါ်လစီများအရ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်တွင် ကျေးလက်အာဏာနိ တည်ဆောက်ရေးကို လက်တွေ့အကောင်အထည်ဖော်ကြလေတော့သည်။

ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ် မှတ်တိုင်ရွာမှ ဘုန်းတော်ကြီး ဦးသူရိယ (လူအမည်မှာ ဦးစိန်ကုလား ဖြစ်သည်) နှင့် အသက် (၆၀) ကျော်သည့် ဒါယကာတဦးအား ဗိုလ်ငြိမ်းတို့သည် အာဏာနိတည်ဆောက်ရေး၏ အတားအဆီးများအဖြစ်ဖြင့် သတ်မှတ်၍ ဖမ်းဆီးလိုက်လေသည်။

ထို့နောက် ဘုန်းတော်ကြီးနှင့် ဒါယကာကြီးအား ပြည်ခရိုင် ပေါင်းတည်မြို့နယ် ငါးရှဉ့်ကွင်းရွာအနီးတွင် လက်ပြန်ကြိုးတုတ်၍ ဝါးရုံတွင် ကပ်ချည်သား၏။ ဘုန်းတော်ကြီး၏ဝတ်ရုံတော်ကို ဝိုင်း၍ချွတ်ယူကြ၏။ ယင်းသို့ချွတ်ယူပြီးနောက်"ပဒေသရာဇ်စနစ်၏ သားကောင်" ဟူ၍လည်းကောင်း၊ "သွေးစုတ်ကောင်များ" ဟူ၍လည်းကောင်း၊ သမုဒ်ကြ၏၊ စွပ်စွဲ၏။ သို့ဖြစ်၍ "ပဒေသရာဇ်စနစ်၏ သားကောင်" သို့မဟုတ် "သွေးစုတ်ကောင်" ကိုချေမှုန်း သုတ်သင်ရေးအတွက် ဗိုလ်ငြိမ်းသည် ပြည်ခရိုင်ပေါက်ခေါင်းမြို့နယ် လက်ကြီးရွာမှ မမြသန်းခေါင်းဆောင်သော တပ်နီအမျိုးသမီး တပ်ဖွဲ့အား တာဝန်ပေးလိုက်သည်။

တပ်နီအမျိုးသမီးများသည် ဆရာတော်ဘုန်းတော်ကြီးနှင့် ဒါယကာကြီးတို့၏အသားများကို ဓားနှင့်ပါးပါးလှီး၍မွမ်းကြ၏။ ထို့နောက်မှ တယောက်တလက် ကုတ်တချက်စီဖြင့် မသေမချင်း ရိုက်သတ်လိုက်ကြလေတော့သည်။

ယင်းသို့ ဆရာတော်ဘုန်းတော်ကြီးအား သတ်ဖြတ်ပြီးနောက် မမြသန်းခေါင်းဆောင်သော တပ်နီအမျိုးသမီးများသည် ဆရာတော်၏ ဝတ်ရုံတော်ကောသီနှင့် သင်းပိုင်တို့အားအမျိုးမျိုးချုပ်၍ဝတ်ဆင်ကြ၏။အချို့သောအမျိုးသမီးများကမူ အတွင်းခံဘောင်းဘီများပင် ချုပ်၍ဝတ်ဆင်ကြ၏။ အချို့မှာမူ အင်္ကျီများချုပ်၍ဝတ်ဆင်ကြသည်။

ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ပြည်ခရိုင် အာဏာနိတည်ဆောက်ရေးစခန်းဦးရှိသော တပ်နီအမျိုးသမီးများသည် ဝါဝါဝင်း၍ နေကြလေသတည်း။

ပြည်ခရိုင် ပေါင်းတည်မြို့နယ် သိမ်ကုန်းရွာတွင် ကိုညွန့်တင်ဆိုသူရှိ၏။ ၎င်းသည်မှာ မအုန်းလှဖြစ်၏။ လယ်ကူလီသုရင်းငှါးဘဝဖြင့် လုပ်ကိုင်စားသောက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သူဖြစ်၏။ ကိုညွန့်တင်မှာကွန်မြူနစ်ပါတီ၏ ကျောရိုးတဦးဖြစ်၍ အစိုးရတပ်၏ ဖမ်းဆီးခြင်းကိုခံထားရလေသည်။

ထိုအချိန်တွင် ကိုညွန့်တင်၏ဇနီး မအုန်းလှသည် သိမ်ကုန်းရွာ၌ပင် နေထိုင်ခဲ့၏။ ပေါင်းတည်မြို့နယ် ကွန်မြူနစ်ပါတီမှ ရဲဘော်များသည် မအုန်းလှအား အာဏာပိုင်တည်ဆောက်ရေး၏ ရန်သူဖြစ်သည်ဟု သတ်မှတ်ပြီး မအုန်းလှအား ဖမ်းဆီးလိုက်၏။ ထိုအချိန်တွင် မအုန်းလှသည် ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်နေလေသည်။

ပေါင်းတည်မြို့နယ် ကွန်မြူနစ်ပါတီမှ ဘိုးစောနှင့် အောင်ထွန်းတို့သည် မအုန်းလှအား စားမြောင်နှင့်ဆွ၍ စစ်ဆေးကြသည်။

"ဗိုလ်ကြီးတို့ရယ် ကျွန်မဘာမှ မလုပ်ပါဘူး။ ကျွန်မယောကျ်ား ကိုညွန့်တင် တောင်....ပါတီအတွက် အဖမ်းခံရတာပါ" ဟူ၍ အမျိုးမျိုးပြောကာ တောင်းပန်၏။ ရှစ်ခိုးဦးတင် ပြု၍ အသနားခံရှာ၏။ သို့သော်လည်းမရချေ။

နောက်ဆုံးအနေနှင့် မအုန်းလှသည်၊ ဤသို့တောင်းပန်ရှာပေသည်။

"ဗိုလ်ကြီးတို့ရယ်ကျွန်မကိုတော့ သတ်ချင်သတ်ကြပါ။ ဒါပေမဲ့ ကျွန်မဝမ်းထဲကကလေးတော့ မသေစေချင်ပါဘူး။ မကြာခင်မှာပဲ ကျွန်မဟာမွေးတော့မှာပါ။အဲဒီကလေးကိုမွေးပြီးမှပဲသတ်ကြပါ ဗိုလ်ကြီးတို့ရယ်။ကျွန်မကိုဘယ်မှမသွားနဲ့ဆိုရင်လဲ ကျွန်မ မသွားပါဘူး။ အဖမ်းခံနေရတဲ့ ကိုညွန့်တင်ရဲ့ မျက်နှာကို ထောက်ပြီးတော့ ဒါလေးတော့ ခွင့်ပြုကြပါ ဗိုလ်ကြီးတို့ရယ်...."

ဤသို့ပင် မအုန်းလှသည် မိမိရင်သွေးလေးကို မျက်နှာမြင်ပြီးမှမိမိကိုသတ်ပါ ရန်အတွက် ရဲဘော်ဘိုးစောတို့အား အမျိုးမျိုးတောင်းပန်ပြီး ဦးအကြိမ်ကြိမ် ချ၍ အသနားခံလေသည်။

"ဟေ့-ဒီကောင်မ သိတ်စကားကြောရှည်တယ်ကွာ မြန်မြန်လုပ်လိုက်" ဟူသော ရဲဘော်အောင်ထွန်း၏ အမိန့်သံနှင့်အတူ မျှင်ဝါးကို ခုတ်ထားသည့် ဝါးရင်းတုတ်ဖြင့် မအုန်းလှ၏ ဦးခေါင်းအား ရိုက်လိုက်လေသည်။

မအုန်းလှ၏ "ကယ်ကြပါ-ကယ်ကြပါ"ဟူသော အသံသည် တတောလုံး ပျံ့၍ နေလေတော့သည်။ သို့သော်လည်း မအုန်းလှ၏ အသံသည် တိမ်၍ တိမ်၍ ဝင်သွားရာမှ တိတ်ဆိတ်၍ ငြိမ်ကျသွားလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည် ကွန်မြူနစ်ပါတီ ပြည်ခရိုင် ပုတီးကုန်းမြို့နယ် ကော်မတီကလည်း အာဏာနီ တည်ဆောက်ရေး၏ ရန်သူကို ရှာကြလေသည်။

ထိုအခါတွင်ပြည်ခရိုင် ပါတီရုံးမှ လယ်သမား အတွေ့အကြုံကို လေ့လာရန် အတွက် ပုတီးကုန်းမြို့နယ်သို့ စေလွှတ်ထားသော ကချင်အမျိုးသား တဦးရှိ၏။ ယင်းကချင် အမျိုးသားသည် ၁၉၆၆-ခုနှစ်ဦးတွင် ပေါင်းတည်မြို့မှတဆင့် ပြည်ခရိုင်ပါတီသို့ တောခိုလာသူဖြစ်၏။ ကချင်အမျိုးသား အမည်မှာ ကွာရင်တန် (ခေါ်)မင်းသိန်းဖြစ်လေသည်။

ကွာရင်တန်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှဖြစ်၏။ ရန်ကုန်မြို့ စိန်ပေါလ်ကျောင်းမှ(၁၀)တန်းအောင်ပြီး ရန်ကုန် တက္ကသိုလ်သို့ တက်ရောက်သင်ကြားခဲ့၏။ နောက်ဆုံးတွင် ဗိုလ်တထောင်သတင်းစာ၌ လက်ထောက် အယ်ဒီတာ အဖြစ်ဖြင့် လုပ်ခဲ့လေသည်။

ဤသို့ ကချင်အမျိုးသား ပညာတတ်တဦးသည် ဗမာပြည် ကွန်မြူနစ်ပါတီသို့ ရောက်လာသည့်အတွက် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီး တို့ သည် ခရီးဦးကြိုပြုကြ၏၊ ဂုဏ်ပြုကြ၏။ ထို့ပြင်ဗဟိုကော်မတီ အဖွဲ့ဝင် ရဲဘော်အောင်ကြီး ကိုယ်တိုင်ပင် ပြည်ခရိုင်သို့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့လေသည်။

ရဲဘော်အောင်ကြီးသည် ရဲဘော်ကွာရင်တန်အား ကချင်ပြည်နယ် စည်းရုံးရေးနှင့် ကေအိုင်အေအား ဖြိုခွဲရန်အတွက် အသေးစိတ် အစီ အစဉ်များကို ဆွေးနွေးလေသည်။

ထို့နောက် ကွာရင်တန်(ခေါ်)မင်းသိန်းအား ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ စေလွှတ်ခဲ့၏။ ကွာရင်တန်သည် ရဲဘော်အောင်ကြီး၏ ညွှန်ကြားချက်များ အရ မြစ်ကြီးနားသို့သွား၍ ကချင်ပြည်နယ်စည်းရုံးရေးနှင့် ကေအိုင်အေအတွင်း ထိုးဖောက် စည်းရုံးရေးကို စီစဉ်ခဲ့ပြီးနောက် ပြည်ခရိုင်သို့ ပြန်လာခဲ့၏။ ကွာရင်တန်သည် ကချင်ပြည်နယ်မှ ပြန်လာသော အခါတွင် ဥက္ကဋ္ဌကြီး သခင်သန်းထွန်းအတွက် ကချင်လုံချည်တထည်နှင့် ကချင်လွယ်အိတ် တလုံးကိုပင် ကချင်ပြည်နယ်၏ လက်ဆောင် အဖြစ် ယူဆောင်ခဲ့လေသည်။

သခင်သန်းထွန်း နှင့် ရဲဘော်အောင်ကြီးတို့သည် ရဲဘော်ကွာရင်တန်အား ပြည်ခရိုင်တွင်းမှ ဘဝဟစ်တိုင်လှုပ်ရှားမှုများတွင် တက်ရောက်လေ့လာစေခဲ့၏။ ရဲဘော်ကွာရင်တန်သည် ဘဝဟစ်တိုင် လှုပ်ရှားမှုများ တွင် ကချင်ပြည် နယ် ကိုယ်စားလှယ် အဖြစ်ဖြင့် "ပေါက်ကွဲ"ခဲ့သူတဦး ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၇-ခုနှစ် ဇွန်လ (၁၀)ရက်နေ့တွင် ဖြစ်သည်။

ပြည်ခရိုင် ပုတီးကုန်းမြို့နယ် ကော်မတီသည် ရဲဘော်ကွာရင်တန်၏ လှုပ်ရှားမှု အမူအရာ အပြောအဆိုတို့အား "လူပါးဝသောကချင်"ဟူ၍ ပြောဆို သတ်မှတ်လာကြသည်။

ထိုမှတဆင့် "ဒီကချင်ကောင်ဟာ စိတ်မချရ"ဟူအ ကဲ ဖြတ် လိုက် ကြ လေ သည်။

ထို့ကြောင့် ကွာရင်တန်အား အာဏာနီ တည်ဆောက်ရေး၏ ရန်သူအဖြစ် သတ်မှတ်လိုက်၏။ ယင်းသို့ သတ်မှတ်ပြီးနောက် ရဲဘော်ဟန်စိန် ခေါင်းဆောင် သော အဖွဲ့အား တာဝန်ပေးလိုက်လေသည်။

ရဲဘော်ဟန်စိန် ခေါင်းဆောင်သော အဖွဲ့သည် ရဲဘော်ကွာရင်တန်(ခေါ်) မင်းသိန်းအား ဖမ်း၍ ကြိုးနှင့်တုတ်ကြ၏။ ထိုအခါတွင် ရဲဘော်ကွာရင်တန် သည် အလွန်ပင် အံ့ဩသွား၏။ ဒေါသလည်း ထွက်သွားလေသည်။

"ဟေ့ကောင်....ခွေးကချင် မင်းကိုသတ်မလို့ကွ"ဟု ပြောပြော ဆိုဆိုပင် ရဲဘော်ဟန်စိန်နှင့် ကျောရိုးများသည်ကွာရင်တန်အား ဝါးရင်းတုတ်ဖြင့်ဝိုင်း၍ ရိုက်သတ်ကြ၏။ ထို့နောက် ဝါးခုတ်သည့် ဓားမဖြင့် လည်ပင်းကို အပြီးသတ် ပိုင်းဖြတ်လိုက်လေတော့သည်။ ရဲဘော်ကွာရင်တန်၏ ငုံး တိ တိ ပြတ် နေ သော လည်ပင်းမှ ပန်း၍ပန်း၍ ထွက်နေသော သွေးတို့သည်ချင်းချင်းနီလျက် ရှိလေ တော့သည်။

× × ×

သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့က ဗမာပြည်တွင် "**အာဏာနီ တည်ဆောက်ရေး၏ ပြယုဂ်သည် ပေါက်ခေါင်း**" ဖြစ်သည်ဟု အမြဲတန်းပင် ညွှန်ပြခဲ့လေသည်။

ထို့ကြောင့်ပင် သခင်သန်းထွန်းတို့သည် ဗမာပြည်တပြည်လုံးမှ လျှောက်ရ မည့် လမ်းကြောင်းသည် "**ပေါက်ခေါင်းထမ်းကြောင်းအတိုင်း မုချချီတက်ရ မည်**"ဟု အလေးအနက် လမ်းညွှန်၍ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်းသည် ပြည်ခရိုင်သို့ ပေးစာတွင် "ပေါက်ခေါင်းလမ်းကြောင်း"နှင့် ပတ်သက်၍ ဤသို့ပင် ဖော်ပြထားလေသည်။

" ရွာပုတိုက်ပွဲဆိုတဲ့ စစ်ရေးအောင်ပွဲကြီးရဲ့ ဩဇာဝယက်အောက်မှာ ပြည်ခရိုင် လယ်သမားလူထုကြီးဟာ မကြုံစဖူး အုံကြွလာပြီး နေဝင်းရဲ့ အထောက်တော်တွေကိုဖမ်း သတ်၊ နေဝင်းရဲ့ဒေါက်တိုင်တွေဖြုတ်၊ မြေရှင် ချမ်းသာတွေရဲ့ ဩဇာကိုဖြိုချ ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်မှုအောက်မှာ ဆင်းရဲအခြေခံပြီး အလတ်နဲ့ခိုင်မြဲစွာ မဟာမိတ် ဖွဲ့ထားတဲ့အာဏာနိုကို အနိုင်အမာ တည်ဆောက်လာကြတယ်။

ဒီလိုနဲ့ ပေါက်ခေါင်းလယ်သမားလှုပ်ရှားမှုဆိုတာ ကမ္ဘာမှာ ဟိုးဟိုးကျော်ခဲ့တယ်။ ရန်သူ့တစ်ကိုချေမှုန်း၊ ဖောက်ပြန်တဲ့အာဏာကိုဖြိုချ၊ တော်လှန်တဲ့ အာဏာနိုတည်ထောင်၊ ဒါဟာ ပေါက်ခေါင်းလမ်းဆိုပြီး တပြည်လုံးအတွက် လမ်းညွှန်ဖြစ်ခဲ့တယ်။"

(ပြည်ခရိုင်သို့ သခင်သန်းထွန်း၏ပေးစာ လက်ရေးမူမှ)

(ဂ) တောင်ငူခရိုင်တည်ဆောက်ရေး။

ပဲခူးရိုးမ၏ အရှေ့ခြမ်းဖြစ်သော တောင်ငူခရိုင်တွင်လည်း အာဏာနိုတည်ဆောက်ရေးကို အကောင်အထည်ဖော်ကြလေသည်။

၁၉၆၆--ခုနှစ်၊ မတ်လ ဒုတိယပတ်တွင်ဖြစ်၏။

တောင်ငူခရိုင်တွင် လူတန်းစားအသိ မြှင့်တင်ရေးလှုပ်ရှားမှုကို တောင်ငူတခရိုင်လုံးမှ လက်နက်ကိုင်တပ်ဖွဲ့များ၊ ဒေသဆိုင်ရာ စည်းရုံးရေး မှူးများ အားလုံးကို စုစည်း၍ ပြုလုပ်လေသည်။

ယင်းလှုပ်ရှားမှု၏ ခေါင်းဆောင်မှာ ဗိုလ်ဟုန်းငြိမ်းဖြစ်၏၊ အဖွဲ့ဝင်များမှာမူ ရဲဘော်အောင်ငြိမ်း(ခေါ်)ရဲဘော်အောင်သိန်း၊ ဗိုလ်ဘညွန့် (ခေါ်) ရဲဘော်စိန်ဝင်း၊ ပဲခူးရိုးမတိုင်း စစ်ရေးတာဝန်ခံ ဗိုလ်ဘုန်းကျော်တို့ ဖြစ်ကြသည်။

ဤအဖွဲ့သည် "ဗဟိုအလုပ်အဖွဲ့"ပင် ဖြစ်လေသည်။

အမှန်စင်စစ်အားဖြင့် ဗဟိုအလုပ်အဖွဲ့သည် ၁၉၆၅-ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့တွင် သခင်သန်းထွန်းကိုယ်ကိုင် ရေးဆွဲချမှတ်ပေးသော"ပဲခူးရိုးမ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိုင်း နှစ်နှစ်စီမံကိန်း”၏ လမ်းညွှန်သဘောတရားများကို အကောင်အထည် ဖော်ခြင်းဖြစ်လေသည်။

၁၉၆၆ - ခုနှစ်၊ ဇွန်လ တတိယပတ်တွင်ဖြစ်လေသည်။

တောင်ငူခရိုင်တွင် ပြုလုပ်သော အတန်း အစား မြှင့် တင် ရေး လှုပ် ရှား မှု တနည်းအားဖြင့် တဝဟစ်တိုင်လှုပ်ရှားမှုတွင် တောင်ငူခရိုင်၏ အာဏာနိုတည် ဆောက်ရေး စီမံကိန်းကို ပဲခူးရိုးမတိုင်း စစ်ရေးတာဝန်ခံ ဗိုလ်ဘုန်း ကျော်မှ တင်ပြ၏။ ယင်းကိုဖြည့်စွက်၍ ဗိုလ်ထွန်းငြိမ်းနှင့် ရဲဘော်အောင်ငြိမ်း တို့မှ ထပ်မံတင်ပြကြလေသည်။

အထူးသဖြင့် ဗိုလ်ထွန်းငြိမ်းတို့သည် တောင်ငူခရိုင်ပါတီအတွင်းတွင် ပါတီ တွင်း အလှည့်အပြောင်းကို ပထမဦးဆုံးနှင့် အရေးအကြီးဆုံး လုပ်ငန်းအဖြစ် သတ်မှတ်ထား၏။ ထို့ကြောင့်ပင် ဗိုလ်ထွန်းငြိမ်းက ဤသို့မိန့်ခွန်းပြောလေ သည်။

“ကနေ့ဗမာပြည်ရဲ့ အခြေအနေအရ သမိုင်းပေးတာဝန်ကို ထမ်းဆောင်ဖို့ အတွက် အခုလက်ရှိပါတီရဲ့ အခြေအနေနဲ့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ ပါတီထဲမှာ အရင်ကတလျှောက်လုံးရှိခဲ့တဲ့ အတွေးအခေါ်ဟောင်းတွေကို လုံး ဝပြောင်းလဲပစ်ရမယ်။ တဆစ်ချိုးကို ပြောင်းရမယ်။

အခုမင်းတို့ တောင်ငူခရိုင်မှာ မင်းရဲကျော်စွာတပ်ဆိုတာ ဖွဲ့ထားတယ်။ တ ကယ်က အဲဒီတပ်ဟာ အတွေးအခေါ် မှန်မှန်ကန်ကန်နဲ့ ဖွဲ့ထားတာမဟုတ်ဘူး။ တပ်ဟောင်းပဲ။ အခုမှ တို့အနေနဲ့ တောင်ငူခရိုင်တပ်ကို တပ်သစ်အဖြစ်နဲ့ ပြန် လည်တည်ဆောက် ပေးသွားမယ်။ ဒါအတွက် မဟာမော်စီတုန်း စစ်ရေး အ တွေးအခေါ်တွေကို ဦးထိပ်ထားကြရမယ်၊

ဒီမှာ ပါတီဝင်ကေဒါတွေက ရှေ့တန်းကျဖို့ဟာ အလွန်အရေးကြီးတယ်။

တရုပ်ပြည်မှာဆိုရင် ဆောင်းတွင်းမှာ ရေထဲဆင်းဖို့ဆိုရင် လူဝိုင်းဘာအောင် မတန် ဝန်လေးကြတယ်။ ဒါကြောင့် ပါတီကေဒါ လုပ်တဲ့လူက ဆောင်းဘီ ချွတ်ပြီး၊ အရင်ဆုံး ရေထဲခုန်ဆင်းပြရတယ်။ ဒါမှ ကေဒါကောင်း ပီသတယ်လို့ အသိအမှတ်ပြုကြတယ်။

ကနေ့ ဗမာပြည်မှာလဲ လှည့်ပြောင်းထားတဲ့ ကေဒါတွေဟာ ရေထဲကိုအရင် ဆုံး ခုန်ဆင်းပြကြရမယ်။ ဒါဟာ သိတ်အရေးကြီးတယ်။ ဆိုလိုတာကတော့ ဘာပဲလုပ်လုပ် ရှေ့ကချည်းပဲ လုပ်ကြရမယ်ဆိုတာပဲ”

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်မှာ ဗဟိုအလုပ်အဖွဲ့ ခေါင်းဆောင် ဗိုလ်ထွန်းငြိမ်း၏ မိန့်ခွန်းပင် ဖြစ်လေသည်။

ဗိုလ်ထွန်းငြိမ်းနှင့် ရဲဘော် အောင်ငြိမ်းတို့သည် ပီကင်းပြန် ဆိုင်းဘုတ်ကို ချိတ်ကာ တောင်ငူခရိုင်တွင် အထူးပင် ခေါင်းဆောင်မှုကို စိုက်ထူနေကြ၏။ ဗိုလ်ထွန်းငြိမ်းတို့၏ မိန့်ခွန်းနှင့် ပြောဆိုချက်များကို ပါတီ၏ ပေါ်လစီများ ညွှန်ကြားချက်များ အဖြစ်ဖြင့် ပါတီဝင်ထုကလည်း သဘောထားကြ၏။ လိုက်နာကြ၏။ တဦးနှင့်တဦးကိုလည်း ထိုအတိုင်းပင် လိုက်နာစေကြလေသည်။

တောင်ငူခရိုင် တည်ဆောက်ရေး စခန်းတွင်ဖြစ်၏။ ယင်းစခန်းတွင် အုတ်တွင်းမြို့နယ်ပါတီ၏ တွဲဘက်အတွင်းရေးမှူး ရဲဘော်ဦးမင်းရောင်ရှိ၏။ ရဲဘော် ဦးမင်းရောင်မှာ အသက် (၆၅)နှစ်ရှိပြီဖြစ်၏။ ၁၉၄၀ - ခုနှစ်မှစ၍ လက်နက်ကိုင်တိုက်ပွဲတွင် ပါဝင်ခဲ့သူဖြစ်၏။ ပါတီမှပေးအပ်သော တာဝန်များကိုလည်း တက်ကြွစွာပင် ထမ်းဆောင်ခဲ့၏။ ရဲဘော် ဦးမင်းရောင်တွင် မျက်စေ့ တဘက်မရှိ ကျန်မျက်စေ့တလုံးကလည်း ကောင်းစွာမမြင်ချေ။ သို့သော်လည်း ၆၄ ခုနှစ်လမ်းစဉ် စိတ်ဓာတ်အရ ရဲဘော် ဦးမင်းရောင်ကိုလည်း ဆန်ထမ်း စေပါသည်။ အကယ်၍ ရဲဘော် ဦးမင်းရောင်သည် ဆန်မထမ်းလျှင်လည်း အတွေးအခေါ် မလှည့်ပြောင်းသူအဖြစ်ဖြင့် ဝေဖန်ခြင်းကို ခံရမည်ဖြစ်၏။

ထို့ကြောင့် မျက်စေ့တလုံးမရှိသော ရဲဘော်ဦးမင်းရောင်သည် မြောင်ကြိုမြောင်ကြားသို့သွား၍ ဆန်ထမ်းရ၏။ ကျောက်ဆောင်ကျောက်ဖျာတို့ကိုလည်း ကုတ်ကုတ်ကပ်ကပ်ဖြတ်ကျော်၍ စွန့်စားသွားရ၏။ ဤသည်မှာဘောင်းဘီချွတ်၍ ရေထဲသို့အရင်ဆင်းရခြင်းပင်ဖြစ်သည်ဟုဆို၏။ ဦးမင်းရောင်သည် အလွန်ပင် မောပမ်းနေရှာ၏။ ဝေဖန်ခံရမည်စိုး၍သာ ယခုကဲ့သို့ ဆန်ထမ်းခြင်းဖြစ်၏။ နောက်ဆုံးတွင် အဘိုးကြီးသည် မောပမ်းလှသည့်ဒဏ်ကို မခံမရပ်နိုင်ဖြစ်လွန်းသဖြင့် မြေကြီးပေါ်သို့လှဲချလိုက်ပြီး၊ ဤသို့ပြောလိုက်လေသည်။

"ကျုပ်တော့ နွားအို နွားသတ်ရုံကို အပို့ခံရသလိုပါပဲဗျာ"ဟူ၍ ဖြစ်လေသည်။

ထို့နောက် တောင်ငူခရိုင်တွင် လူတန်းစား အသိ မြှင့်တင်ရေးလှုပ်ရှားမှုအပြီးတွင် ဗဟိုအလုပ်အဖွဲ့သည် တောင်ငူမြို့နယ်ပါတီကော်မတီအား တော်လှန်စစ်ကို ဦးစီးနိုင်သည့်အရည်အချင်းမရှိဟုဆိုကာ ဖျက်သိမ်းလိုက်ပြီး၊ တော်လှန်သော ကော်မတီအသစ်တရပ်ကို ဖွဲ့စည်းလိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တောင်ငူမြို့နယ် ပါတီကော်မတီတွင် မူလကရှိခဲ့သော ကော်မတီများမှာ ဗမာပြည် ကွန်မြူနစ်ပါတီ အတွင်းတွင် နှစ်ပေါင်းနှစ်ဆယ်ကျော် တာဝန်ယူခဲ့သူများဖြစ်၏။ လူထုအတွင်းတွင်လည်း အစဉ်အလာရှိ၍ ဩဇာညောင်းသူများ ဖြစ်လေသည်။

တော်လှန်သောပါတီကော်မတီတွင် ထည့်သွင်း၍ဖွဲ့စည်းပေးခြင်းခံရသူများ မှာ အစဉ်အလာနု၏။ လူထု၏ချစ်ခင်လေးစားခြင်းမခံကြရချေ။ သို့သော်လည်း သတ်ရဲဖြတ်ရဲကြသူများဖြစ်ကြသည်။

တောင်ငူမြို့နယ်တွင် တော်လှန်သော ပါတီကော်မတီကိုဖွဲ့စည်း၍ ပြီးပြီးခြင်းပင် အာဏာနိတည်ဆောက်ရေးနှင့် တိုးချဲ့ရေးကို အကောင်အထည် ဖော်ကြ၏။ မူလက တောင်ငူမြို့နယ် ပါတီကော်မတီ၏ ကျောရိုးများကို အာဏာနိ တည်ဆောက်ရေး၏ ရန်သူများအဖြစ်ဖြင့် ပထမဦးဆုံးပင် ရှင်းလင်းသုတ်သင် ကြလေသည်။

တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် ရှမ်းစုရွာဟူ၍ရှိ၏။ ရှမ်းစုရွာသည် ပဲခူးရိုးမခြေတွင် တည်ရှိ၏။ ယင်းရှမ်းစုရွာသို့ ဗမာပြည် ကွန်မြူနစ်ပါတီမှ ရဲဘော်များသည် ဝင်ထွက်၍နေကြ၏။ တရွာလုံးနှင့်ပင် ရင်းနှီး နေကြ၏။ အထူးသဖြင့် ထိုရွာတွင် ဦးတင့်ကြီးဆိုသူနှင့်ပို၍ ရင်းနှီးကြ၏။ ဦးတင့်ကြီးသည် အသက် (၅၀) ကျော်ခန့်ရှိ၍ သန်မာ ဖြတ်လတ်မှု ရှိ၏။ ဦးတင့်ကြီးသည် တောင်ငူခရိုင် တပ်မှူး - ဗိုလ်ထွန်းတင် (ခေါ်) ကိုထွန်းအောင်၏ ဦးလေးဖြစ်၏။ထို့ပြင် ကွန်မြူနစ်ပါတီ အတွင်းမှ ပါတီဝင်များနှင့် လက်နက်ကိုင်တပ်သား အတော် များများမှာလည်း ဦးတင့်ကြီးနှင့် သွေးသားတော်စပ်နေသူများသာဖြစ်၏။ ထို့ကြောင့် ဦးတင့်ကြီးသည် ပါတီမှ ရဲဘော်များနှင့်အထူး တလည်ရင်းနှီး၏။ အပြန်အလှန် ပြောမနာ၊ဆိုမနာပင်ဆက်ဆံ၏။ တနည်းဆိုသော် ရဲဘော်များသည် ဦးတင့်ကြီးအား မိဘသဘွယ်ပင် သဘောထားကြလေသည်။

ဦးတင့်ကြီးသည် ရှမ်းစုရွာတွင် ခေါင်းဆောင်ဖြစ်၏။ ရွာလူထု၏ယုံကြည်ကိုးစားမှုကိုခံရသူလည်းဖြစ်၏။ ထို့ကြောင့်ပင် ယင်းဒိုင်နယ်၏ လလသသအဖွဲ့၏ အမှုဆောင်အဖြစ် စိုင်းဝန်းတင်မြှောက်ထားကြလေသည်။

ထိုသို့ဦးတင့်ကြီးအား ဒိုင်နယ်လလသသအဖွဲ့၏ အမှုဆောင်အဖြစ် တင်မြှောက်ထားသော်လည်း ဦးတင့်ကြီးသည် ကွန်မြူနစ်ပါတီ၏ စားသောက်နေထိုင်ရေးအစရှိသည်တို့ကိုပင် အမြဲတန်းစီစဉ်ပေးနေသူ ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်သောပါတီ ကော်မတီသည် တောင်ငူခရိုင်တွင် အာဏာနိတည်ဆောက်ရေး၏ ရန်သူများအား ရှင်းလင်းသုတ်သင်ရေး လှုပ်ရှားမှုဆိုသည်ကို အကောင်အထည်ဖော်ကြလေသည်။

ထို့ကြောင့်ပင် ဒိုင်နယ်လူသတ်သမား အဖွဲ့၏အမှူးဆောင်ဖြစ်သော ဦးတင့်ကြီးအား အမြန်ဆုံးရှင်းလင်းသုတ်သင်ရန်အတွက် ဆုံးဖြတ်ချက်ချလိုက်သည်။

ယင်းဆုံးဖြတ်ချက်ကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် တောင်ငူခရိုင်ကော်မတီ ဗိုလ်နေဒွန်း ခေါင်းဆောင်သောအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်။

ဗိုလ်နေဒွန်းနှင့်အဖွဲ့သည် ရှမ်းစုရွာထဲတွင်ပင် ဦးတင့်ကြီးအားဖမ်း၍ ကြိုးများဖြင့်တုတ်နှောင်ကြ၏။ ထိုအခါတွင် ဦးတင့်ကြီး၏ဇနီးနှင့် သားသမီးများမှာ ငိုယို၍အမျိုးမျိုးတောင်းပန်ရှာ၏။ ရှိခိုး၍လည်း အသနားခံကြ၏။ သို့သော်လည်း မရချေ။

ရှမ်းစုရွာ၏ တောစပ်အနီးသို့ ဦးတင့်ကြီးအားအမြဲဆွဲ၍ခေါ်သွားကြ၏။ ထိုနေရာတွင် ဦးတင့်ကြီးသည် တောင်းပန်စကားပြောသေး၏။ "ငါ့ကိုဘာဖြစ်လို့ သတ်မှာလဲကွာ၊ ဘာအပြစ်ရှိလို့တုန်း၊ မင်းတို့အတွက်လဲ ငါလုပ်ပေးနေတာပဲ၊ အပြစ်ရှိရင်တော့ သတ်ပေါ့ကွာ။ ဒါပေမဲ့ အပြစ်လဲငါ့မှာမရှိတော့ မင်းတို့ မှားကုန်ကြပါအုန်းမယ်" ဟူ၍ ရှင်းလင်းပြ၏။

ထိုအချိန်တွင် ဗိုလ်နေဒွန်းက "နေဝင်းဒေါက်တိုင် သတ်သတ်" ဟု ကြွေးကြော်လျက် ဦးတင့်ကြီး၏ ခေါင်းကိုရိုက်လိုက်၏။ ဦးတင့်ကြီးသည် ချက်ခြင်း လဲကျမသွားချေ။

"ဟေ့... နေဒွန်း မင်းတို့ ငါ့ထမင်းကျွေးပြီးတော့ ငါ့ကိုမတရားသတ်ကြတာပါလားကွ" ဟု ပြောပြောဆိုဆိုပင် ဦးတင့်ကြီးသည် ဗိုလ်နေဒွန်းအား ခြေဖြင့်ကန်တော့၏။ ထိုအခါတွင် ဗိုလ်နေဒွန်း၏ တပည့်တဦးက ဦးတင့်ကြီး ကျောပြင်အား ဓားမြှောင်နှင့် ထိုးစိုက်လိုက်၏။ ဦးတင့်ကြီးသည် မြေကြီးပေါ်သို့လဲကျသွားတော့၏။

ထိုသို့လဲကျသွားသောဦးတင့်ကြီးအား ဓါးရင်းတုတ်များဖြင့် မသေမချင်း ဝိုင်းရိုက်ကြ၏။ ဦးတင့်ကြီးသည် အံကိုကြိတ်လျက်ပင် အသက်ထွက်၍သွားလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းသို့ပင် တော်လှန်သောပါတီကော်မတီသည် ကျေးရွာခေါင်းဆောင်များအား အာဏာနီ တည်ဆောက်ရေး၏ ရန်သူများဟု သတ်မှတ်၍ နေ့စဉ်နှင့် အမျှပင် သုတ်သင် ရှင်းလင်းနေကြလေသည်။

ထို့နောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် တောင်ငူခရိုင်ကော်မတီများကိုလည်း"၅၅-လမ်းစဉ်သမားများ" "ပြည်တွင်းငြိမ်းချမ်းရေးသမားများ" "ပြန်လည်ပြင်ဆင်ရေးသမားများ"ဟုဆိုကာ တာဝန်များမှချထားခြင်းနှင့် လွှဲပြောင်းခြင်းများကို ပြုလုပ်နေလေသည်။

တောင်ငူခရိုင် စစ်ရေးတာဝန်ခံ ဗိုလ်မင်းဒင်ကိုလည်းဓနရှင်စစ်ရေး အတွေးအခေါ်သမားဟုဆိုကာ အရေးယူရန် ပြင်ဆင်ကြသည်။

ဒုတိယပတ် ဗဟိုမဲ့ကစ်၊ လီနင်ဝါဒကျောင်းတွင် ဗဟိုဌာနချုပ်၏ ကျောင်းရိုးဖြစ်ခဲ့သော ဗိုလ်မင်းမောင်အား တောင်ငူခရိုင်သို့ ပြန်ရောက်သောအခါတွင် ခရိုင်ပါတီ၏ အတွင်းရေးမှူးတာဝန်မှ ဖြုတ်ပစ်လိုက်သည်။ မိမိအတွေးအခေါ်ကို အလေးအနက် ပြန်လည်၍ စိစစ်နေရပြီဖြစ်၏။

ထို့ပြင် တောင်ငူခရိုင် ကော်မတီများ ဖြစ်သော ဗိုလ်နေဒွန်းနှင့် ရဲဘော်ထွန်းတင်တို့အား ပြန်လည်ပြင်ဆင်ရေးသမားများဟုဆိုကာ ပထမဆင့်တွင် ခရိုင်ကော်မတီမှ ဖြုတ်ထားလိုက်၏။

ထိုနောက်တွင် တောင်ငူခရိုင် ကော်မတီ၏ ပါတီအတွင်းရေးမှူးအဖြစ်ဖြင့် ဗဟိုဌာနချုပ်မှ တိုက်ရိုက်တာဝန်ပေးအပ်ခြင်းခံရသော ရဲဘော်ဦးမင်းအောင်ကိုလည်း ဗဟိုကော်မတီအဖွဲ့ဝင် ရဲဘော်အောင်ကြီးက "ဒီ ဦးမင်းအောင်ဆိုတဲ့လူကလဲ မနိပ်ဘူးဗျ လူမရှိလို့သာ သူ့ကိုတင်ထားရတာ ထနေတော့ သူ့လဲ ကိုင်ရမှာပဲ"ဟု ပြောဆိုနေလေသည်။

အုတ်တွင်းမြို့နယ် ပါတီအတွင်းရေးမှူးဖြစ်သော ရဲဘော်အောင်မြင့်ကိုလည်း ချမ်းသာသော လယ်သမား၏ ကိုယ်စားလှယ်ဖြစ်သည်ဟု သတ်မှတ်ထားကြ၏။ ထို့ကြောင့် ပါတီအတွင်းရေးမှူးမှ ဖြုတ်ရန် စီစဉ်ကားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယခုအခါတွင် တောင်ငူခရိုင်မှ ခေါင်းဆောင်များသည် တကွဲတပြားစီဖြစ်နေကြ၏။ ဗဟိုဌာနချုပ်သည် တောင်ငူခရိုင် ခေါင်းဆောင်တဦးစီအား သီးခြားခွဲ၍ချုပ်ကိုင်ထားကြ၏။သို့သော်လည်း တောင်ငူခရိုင် ပါတီတွင်း၌ အရင်းခံအလှည့်အပြောင်းကို ပြုလုပ်ရန်အတွက် ဖြုတ် ထုတ် သတ် ပေါ်လစီကိုကျင့်သုံးရန်ပင် ဗဟိုဌာနချုပ်မှ ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

× × ×

၇

ဘဝဟစ်တိုင်လှုပ်ရှားမှု

၁။ ဘဝဟစ်တိုင်လှုပ်ရှားမှု၏ လမ်းညွှန်ပေါ်လစီ

> "ဘဝဟစ်တိုင် လှုပ်ရှားမှုဆိုသည်မှာ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီသည် မိမိ၏ပါတီဝင်များကို အသိပညာပေးရာ၌ အခြေခံအကျဆုံး၊ လူတန်းစား အသိပညာပေးရေးဖြစ်သည်။
>
> တနည်းအားဖြင့် ဘဝဟစ်တိုင်လှုပ်ရှားမှုသည် မော်စီတုန်း အတွေးအခေါ်၏ ဖန်တီးမှုတခုပင်ဖြစ်၏။ ထို့ပြင် မာ့က်စ်လီနင်ဝါဒသမိုင်း ရုပ်ဝါဒအမြင်နှင့် လူတန်းစားပညာပေးရေး လှုပ်ရှားမှုတခုပင်ဖြစ်သည်။"
>
> (ဘဝဟစ်တိုင် လှုပ်ရှားမှု လမ်းညွှန်ပေါ်လစီစာတမ်းမှ)

ဤသည်မှာ ဘဝဟစ်တိုင်လှုပ်ရှားမှုနှင့် ပတ်သက်၍ အဓိပ္ပါယ် ဖွင့်ဆိုချက် ပင်ဖြစ်လေသည်။

အမှန်စင်စစ်အားဖြင့် "ဘဝဟစ်တိုင်လှုပ်ရှားမှု" ဆိုသည်မှာ ဗမာပြည် ကွန်မြူနစ်ပါတီ၏ သမိုင်းတွင် မည်သည့်အခါမှမရှိခဲ့ဘူးချေ။ ယင်း၏ဝေါဟာရ ကိုပင် သိရှိနားလည်ခြင်း မရှိခဲ့ကြပေ။

တရုပ်ပြည်တွင် ရောက်ရှိနေကြသည့် အဝေးရောက် ပါတီဝင်များသည် တရုပ်ပြည်တွင် ဘဝဟစ်တိုင် လှုပ်ရှားမှုများ၌ ပထမဦးဆုံးပါဝင်၍ လေ့ကျင့်ခဲ့ ကြရလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်အောင်ကြီးနှင့် ပီကင်းပြန်များဖြစ်သော ရဲဘော်ထွန်းရှိန် (ခေါ်) ဖေငြိမ်း၊ ဗိုလ်ထွန်းငြိမ်း၊ ရဲဘော်မျိုးတင့်တို့သည် လက်ရှိဗမာပြည်ကွန်မြူနစ်ပါတီ အလှည့်အပြောင်း ကာလအခြေအနေအရ "ဘဝဟစ်တိုင်လှုပ်ရှားမှု" ကို ဗမာပြည်ကွန်မြူနစ်ပါတီ၏ လုပ်ငန်းအားလုံး၏ အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးလုပ်ရမည့် အလုပ်အဖြစ်ဖြင့် သတ်မှတ်လိုက်ကြလေသည်။

ထို့ကြောင့် ဘဝဟစ်တိုင်လှုပ်ရှားမှုကို ဗမာပြည်တပြည်လုံး၏ "စံပြလှုပ်ရှားမှု" အဖြစ်ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင်စတင်၍ ပြုလုပ်ရန်အတွက် သတ်မှတ်လိုက်လေသည်။

ယင်းသို့ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် ပထမဦးဆုံး ဘဝဟစ်တိုင်လှုပ်ရှားမှုကို "စံပြလှုပ်ရှားမှု" အဖြစ် သတ်မှတ်လိုက်ခြင်းမှာ ဤသို့ဖြစ်လေသည်။

၁၉၆၆-ခုနှစ်၊ ဇန္နဝါရီလတွင်ဖြစ်၏။ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် ပဲခူးရိုးမတောင်ခြေ၌ရှိသော သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ကွင်းစမ်းစခန်းတွင် အခြေစိုက်၍ထားလေသည်။

ယင်းဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် သစ်ထုတ်လုပ်ရေး တပ်မတော် ကင်းစခန်းနှစ်ခု၏အကြားတွင် အလစ်ဝင်၍ လျှို့ဝှက်စွာ အခြေစိုက်ထားခြင်းဖြစ်၏။

ဗဟိုဌာနချုပ်၏ အရှေ့တောင်ဘက်တွင် ဘော်ဘင် ကင်းစခန်းသည် တည်ရှိ၏။ ဗဟိုဌာနချုပ်သည် ယင်းစခန်းနှင့် နှစ်မိုင်ခန့်သာကွာ၏။ ဗဟိုဌာနချုပ်၏ အနောက်မြောက်ဖက်တွင်လည်း အိမ်ကုန်းကြီး ကင်းစခန်းသည် ရှိ၏။ ဗဟိုဌာနချုပ်သည် ယင်းစခန်းနှင့် နှစ်မိုင်ခွဲခန့်သာဝေး၏။

ဗဟိုဌာနချုပ်တွင်လည်း ပဲခူးရိုးမတိုင်း အတွင်းမှ ဒုတိယပတ် ဗဟိုမာ့က်စ်၊ လီနင်ဝါဒကျောင်းသို့ တက်ရောက်ရန် အတွက် သင်တန်းသားများလည်း ရောက်ရှိနေပြီဖြစ်၏။ ရန်ကုန်တက္ကသိုလ်မှ တောခိုလာကြသော ကျောင်းသားများနှင့် အမှုထမ်းများသည်လည်း ဗဟိုဌာနချုပ်သို့ မြစ်ဝကျွန်းပေါ်တိုင်းမှတဆင့် ရောက်နေကြ၏။ မြစ်ဝကျွန်းပေါ်တိုင်းမှ ဗဟိုဌာနချုပ်ကင်းတပ်သို့ တာဝန်ပေးလိုက်သော ရဲဘော်များသည်းရှိနေကြ၏။ ထို့ကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် နယ်ပေါင်းစုံမှ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်များနှင့် ရဲဘော်သစ်များသည် စုစုစည်းစည်းပင် ရှိနေကြပြီဖြစ်လေသည်။

"ဗမာပြည်ကွန်မြူနစ်ပါတီဟာ စပြီးတည်ထောင်ကတည်းကပဲ၊ မျိုးစေ့ဟာ မမှန်ခဲ့ဘူး။ အဲဒီလို မျိုးစေ့ကိုကမမှန်ခဲ့တော့ ကွန်မြူနစ်ပါတီထဲက အသီးအပွင့်တွေဟာလဲ မဖွံ့ဖြိုး မသန်စွမ်း ဖြစ်ခဲ့ရတယ်။ အထူးသဖြင့် မျိုးစေ့ကိုက ဖောက်ပြန်တဲ့ အိန္ဒိယကွန်မြူနစ်ပါတီနဲ့ ဖောက်ပြန်တဲ့ အင်္ဂလန်ကွန်မြူနစ်ပါတီတို့ဆီက တဆင့်ကူး ယူဆောင်လာတာဖြစ်တော့ လက်နက်ကိုင်တော်လှန်ရေးကို မလုပ်ရေး ဖြစ်လာတာပဲ။ ပိုပြီးဆိုးတာက ပါလီမန် ဒီမိုကရေစီကိုပဲ အားကိုးအားထားရာ အဖြစ်သဘောထားပြီး အုပ်စိုးသူတွေကို ကျားကန်ပေးနေတဲ့ ပါတီတွေဖြစ်တယ်ဆိုတာပဲ၊ ဒါတွေကြောင့် ပိုပြီးတော့ မျိုးစေ့မမှန်တာပဲ၊ အဲဒီပါတီတွေဟာ အုပ်စိုးသူမနေရှင်တွေနဲ့ စေ့စပ်ပြေလည် ငြိမ်းအေးချင်တဲ့ ပါတီတွေဖြစ်တယ်။ အုပ်စိုးသူတွေကို အလှုချယ်ပေး၊ သနပ်ခါးလိမ်းပေးတဲ့ ပြန်လည်ပြင်ဆင်ရေး ပါတီတွေပဲဖြစ်တယ်။

အခု ကျွန်တော်တို့ပါတီထဲမှာလဲ အဲဒီလိုမျိုးစေ့တွေကလာတဲ့ လူတွေ အများကြီးရှိတယ်။ ဒါကြောင့်မို့ . . .အဲဒီမျိုးစေ့တွေကို ပါတီထဲမှာ ထပ်ပြီးတော့ရှင်သန်ကြီးထွားခွင့်မရအောင် ကျွန်တော်တို့အားလုံးလုပ်ကြရမယ်။

ဒီမှာ အရေးအကြီးဆုံးကတော့ အခု ပါတီထဲမှာ ရောက်လာတဲ့ သွေးသစ်သားသစ်တွေကို မျိုးစေ့မှန်တဲ့ မဟာမော်စီတုန်း အတွေးအခေါ်နဲ့ ရှင်သန်ကြီးထွားလာစေရမယ်။ ဒါဟာ ကျွန်တော်တို့ အားလုံးရဲ့ အဓိကတာဝန်နဲ့ ဘုံတာဝန်ပဲဖြစ်တယ်။ ဒါကို အထူးလေးနက်ကြဘို့လိုတယ်။"

ဤသည်မှာ ဗဟိုဌာနချုပ်စခန်းတွင် ပထမဦးဆုံးအကြိမ် ပြုလုပ်သည့် ဘဝဟာစ်တိုင် လှုပ်ရှားမှု၏အစတွင် ရဲဘော်အောင်ကြီး၏ ပြောကြားချက်ပင် ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် ပြုလုပ်သည့် "**စံပြဘဝဟာစ်တိုင် လှုပ်ရှားမှု**"ကို ဦးစီးခေါင်းဆောင်၍ ညွှန်ကြားသူများမှာ ပီကင်းမှ ပြန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လာသော ရဲဘော်အောင်ကြီး၊ရဲဘော်ထွန်းရှိန်(ခေါ်)ဖေငြိမ်း၊ ဗိုလ်ထွန်းငြိမ်း၊ ရဲဘော်မျိုးတင့်တို့ ဖြစ်ကြလေသည်။

ဗဟိုဌာနချုပ်စခန်း၏စံပြဘဝဟစ်တိုင်လှုပ်ရှားမှုအတွက် လမ်းညွှန်ပေါ်လစီ နည်းနာများကို အသေးစိတ်ညွှန်ကြားသူများမှာလည်း ရဲဘော်အောင်ကြီးနှင့် ရဲဘော်မျိုးတင့်တို့ပင်ဖြစ်ကြ၏။ ထို့ပြင် ဗမာပြည် တပြည်လုံးအတွက် ဘဝ ဟစ်တိုင်လှုပ်ရှားမှု၏ လမ်းညွှန်ပေါ်လစီမျ .ကို အသေးစိတ်ရေးဆွဲ၍ ညွှန် ကြားချက်ပေးသူများမှာလည်း ရဲဘော်အောင်ကြီး၊ ဗိုလ်ထွန်းငြိမ်းနှင့် ရဲဘော် မျိုးတင့်တို့ပင် ဖြစ်ကြလေသည်။

"လှုပ်ရှားမှု၏ လုပ်ငန်းလမ်းညွှန်"

သဘောတရားနှင့် လက်တွေ့ပေါင်းစပ်ခြင်း တဖန် ဘဝမှ အသိသို့ မြှင့်ယူခြင်းအားဖြင့် မိမိတို့၏ ဘဝဆင်းရဲခြင်း ဒုက္ခအဝဝ ဖြစ်ရမှု၏ အကြောင်းရင်းစနစ်ကို ရှာဖွေပြီး၊ ၎င်းစနစ်၏ နောက်ကွယ်မှ လူတန်း စား ရန်သူကို ထောက်ပြ စွဲချက်တင် တိုက်ပွဲဝင်ခြင်း ရန်-ငါ-စည်း ကြောင်းကို မှန်ကန်စွာရွေးချယ်စေခြင်း၊ မိမိ၏"ဘဝထွက်လမ်း"အမှန် ကို ရှာဖွေစေပြီး ပါတီ၏ခေါင်းဆောင်မှုအောက်မှ လက်နက်ကိုင်တော် လှန်ရေးလမ်းကြောင်းအတိုင်း မှန်ကန်သော ရည်ရွယ်ချက်ဖြင့် ချီတက် ရန်ဖြစ်သည်။

လှုပ်ရှားမှု၏ ခြေလှမ်း(၃)လှမ်း(အဆင့် ၃-ဆင့်)

(က) မိမိတို့ကိုယ်တိုင်၏ ဘဝထဲမှ ဖိနှိပ်သွေးစုတ်ခံရမှုများကို ရိုးရိုးကလေးအားဖြင့် ပြန်လည်၍ စဉ်းစားစေခြင်း။

(ခ) မိမိ၏ ဘဝ ဒုက္ခရောက်ခဲ့ရသည့် အကြောင်းရင်း စနစ် ကို ရှာဖွေစေခြင်း၊ ၎င်းစနစ်ကို ကိုယ်စားပြုနေသော လူတန်းစားရန်သူနှင့် အုပ်စိုးမှုစနစ်အပေါ် စွဲချက်တင် တိုက်ပွဲဝင်ခြင်း။

(ဂ) ဖိနှိပ်သွေးစုတ်ခံရမှုများကို ပြန်လည်၍ စာရင်းတွက် စေခြင်းအားဖြင့် ရန်သူကို တဆင့်တိုး၍ ခွဲခြမ်းစိပ်ဖြာ ခြင်း၊ဖွင့်ချစွဲချက်တင် တိုက်ပွဲဆင်ခြင်း၊ မိမိတို့၏အတွေး အခေါ် အယူအဆ အဟောင်းများကို ဝေဖန်ပြုပြင် စေခြင်း။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

“ဓာရင်းတွက်” သောအဆင့်တွင် တော်လှန်ရေးလုပ်ငန်းအပေါ် တရားနည်းလမ်းကျကြောင်း တဆင့်တိုး၍ သိနားလည်စေပြီး အာဏာသိမ်းရေး၊စစ်နိုင်ရေးအတွက် မျက်မှောက်လုပ်ငန်း တာဝန်များနှင့် ပေါင်းစပ် ပေးရမည်။

နိဂုံးချုပ်တွင် မိမိဘဝထွက်လမ်းကို မှန်ကန်စွာ ညွှန်ပြပေးရမည်။ အထူးသဖြင့် သမိုင်းရပ်ဝါဒအမြင်ကို ခိုင်မြဲစွာ စိုက်ထူပေးရမည်။

အချုပ်အားဖြင့် မိမိ၏ မှန်ကန်သော ခေါင်းဆောင်မှုအောက်တွင် ဘဝတူအဖိနှိပ်ခံသူများကို စည်းရုံးညီညွတ်ပြီး လက်နက်ကိုင် တပ်မတော်ကို တည်ဆောက်သွားရမည်။ တော်လှန်ရေးကို အဆုံးတိုင် လုံးပမ်းတိုက်ခိုက်သွားရန် စိတ်ဆုံးဖြတ်ချက် ချမှတ်စေရမည်။

တော်လှန်ရေးလုပ်ငန်းတာဝန်နှင့် ရည်ရွယ်ချက်အပေါ် ရှင်းလင်းပြတ်သားစေရမည်။ တော်လှန်ရေးလုပ်ငန်းတာဝန်သည် မွန်မြတ်သည့် သမိုင်းပေး တာဝန်တရပ် ဖြစ်သည်။ ဤတိုက်ပွဲ လမ်းကြောင်း သည် ရေရှည် ကြမ်းတမ်းရက်စက်သည့် တိုက်ပွဲဖြစ်ကြောင်း အတွေးအခေါ် အရ မှန်ကန်စွာ ပညာပေး မွေးမြူပေးရမည်။

(မှတ်ချက်။ ။ရန်-ငါစည်းကြောင်းဆိုသည်မှာ ရန်သူနှင့်မိမိ အကြားတွင် ခွဲခြားထားသည့် စည်းကြောင်းကိုဆိုလိုပါသည်။ စာရေးသူ)

(ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှ ထုတ်ဝေသော ဘဝဟစ်တိုင် လှုပ်ရှားမှု ၏လမ်းညွှန်စာတမ်း စာမျက်နှာ-၂၁-၂၂ မှ)"

ယင်းသို့ ရဲဘော်အောင်ကြီးနှင့် ရဲဘော်မျိုးတင့်တို့သည် ဘဝဟစ်တိုင်လှုပ်ရှားမှု၏ လမ်းညွှန်ပေါ်လစီကို တင်ပြကြသည်။

ဘဝဟစ်တိုင် လှုပ်ရှားမှုသို့ တက်ရောက်ကြသူ များ မှာ လည်း ရဲဘော်သစ်များသာများ၏၊ ယင်းရဲဘော်သစ်များသည် ရန်သူကြီး (၃) ဦးနှင့်ပတ်သက်၍ ရှင်းလင်းစွာ သိမြင်ခြင်း မရှိကြသေးပေ။ ထို့ကြောင့် ဘဝဟစ်တိုင်လှုပ်ရှားမှု၏ ဟောပြောချက် (၄) စောင်ကို ပြုစု၍ ထိုဟောပြောချက်များကို ပထမ ဦးဆုံး ပေးရလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်၏ ရန်သူကြီး (၃) ဦးဆိုသည်မှာ....

(၁) အမေရိကန် နယ်ချဲ့စနစ်။

(၂) ပဒေသရာဇ် မြေရှင်စနစ်။

(၃) လက်ရှိအုပ်စိုးသူ စစ်တပ်မြူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်တို့ဖြစ်လေသည်။

ဘဝဟာစ်တိုင် လှုပ်ရှားမှု၏ ဟောပြောချက် (၄) စောင်မှာအောက်ပါအတိုင်းဖြစ်သည်။

(၁) ကိုလိုနီခေတ်၊ ဗမာပြည်သူများ၏ ဘဝနှင့် တိုက်ပွဲသမိုင်း။

(၂) ဗမာပြည် အလုပ်သမားလူတန်းစား၏ ဘဝနှင့် တိုက်ပွဲသမိုင်း။

(၃) ၁၀ - နှစ် ပြည်တွင်းစစ်ကာလ မြို့နေဆင်းရဲသားပြည်သူများနှင့် ကျောင်းသားလူငယ်များ၏ ဘဝနှင့်တိုက်ပွဲသမိုင်း။

(၄) ၁၀ - နှစ် ပြည်တွင်းစစ်ကာလနှင့် အစဉ်အဆက် အာဏာရ မြေရှင်များ အုပ်စိုးမှုအောက်ရှိ ပြည်သူများ၏ဘဝနှင့် တိုက်ပွဲသမိုင်း စသည်တို့ဖြစ်လေသည်။

ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ ပထမဟောပြောချက်ဖြစ်သည့် "**ကိုလိုနီခေတ် ဗမာပြည်သူများ၏ ဘဝနှင့် တိုက်ပွဲသမိုင်း**"ဟူသော ဟောပြောချက်ကို နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်ဖြစ်သော သခင်ချစ်မှ တာဝန်ခံ၍ ပြုစုရေးသားခြင်းဖြစ်သည်။

"**ဗမာပြည် အလုပ်သမားလူတန်းစား၏ ဘဝနှင့် တိုက်ပွဲသမိုင်း**"ဟူသော ဒုတိယဟောပြောချက်ကို ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်သော ဗိုလ်ရန်အောင်မှ တာဝန်ခံ၍ ပြုစုရေးသားရခြင်းဖြစ်၏။ယင်းဟောပြောချက်ကို ဗိုလ်ရန်အောင်အား ပြုစုရေးသားစေခြင်းမှာ ဗိုလ်ရန်အောင်သည် ဗမာပြည် အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် ရှေ့တန်းမှ ပါဝင်ခဲ့သူတဦးဖြစ်ပြီး ဗမာပြည် အလုပ်သမားတိုက်ပွဲများ၌လည်း ကိုယ်တိုင်ခေါင်းဆောင်ခဲ့ရသူဖြစ်၏။ ထို့ပြင်ဗမာပြည်အလုပ်သမားလှုပ်ရှားမှု အတွေ့အကြုံများလည်း အထူးကြွယ်ဝခဲ့သူဖြစ်သောကြောင့်ပင် ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဘဝဟာစ်တိုင် လှုပ်ရှားမှု၏ တတိယ ဟောပြောချက်ဖြစ်သော "(၁၈)နှစ်ပြည်တွင်းစစ်ကာလ မြို့နေဆင်းရဲသား ပြည်သူများနှင့် ကျောင်းသား လူငယ်များ၏ ဘဝနှင့် တိုက်ပွဲသမိုင်း"ဟူသော ဟောပြောချက်ကို ရန်ကုန်တက္ကသိုလ်ကျောင်းသား တပ်ဦး ခေါင်းဆောင်ဖြစ်သော ရဲဘော်တင်ထွန်း (ခေါ်) မြမောင်နှင့် ဘုတ်နှင့် ကော်ပီရေးရှင်း အမှုထမ်းပေါင်းစုံ အဖွဲ့ချုပ်မှ ခေါင်းဆောင်တဦးဖြစ်သော ရဲဘော်ခင်ရွှေ(ခေါ်)ရဲဘော်ထွန်းမြင့်တို့က တာဝန်ခံ၍ ပြုစုရေးသားကြရခြင်းဖြစ်၏။ အထူးသဖြင့် ဤဟောပြောချက်တွင် ကျောင်းသားလူငယ်တို့၏ အကြောင်းကိုမူ ရဲဘော်တင်ထွန်းမှ ရေးသားရ၏။ မြို့နေဆင်းရဲသားများ၏ အကြောင်းနှင့် နေထိုင်မှုဘဝပေါင်းစုံကို ရဲဘော်ခင်ရွှေ(ခေါ်)ရဲဘော်ထွန်းမြင့်မှ အဓိကထား၍ တာဝန်ယူ ရေးသားရခြင်းဖြစ်၏။ ရဲဘော်ခင်ရွှေမှာ ၁၉၆၃-၆၄-ခုနှစ်များတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ ရန်ကုန်မြို့တွင် ဖွဲ့စည်းထားသော မြေအောက်ဆက်သွယ်ရေး အဖွဲ့၏ တာဝန်ခံတဦးဖြစ်၏။

ထို့ကြောင့် ဤဟောပြောချက်ကို ပြုစုရေးသားရန် အတွက် ရဲဘော်တင်ထွန်းနှင့် ရဲဘော်ခင်ရွှေတို့အား အထူးရွေးချယ်ခဲ့ခြင်းဖြစ်လေသည်။

ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ စတုတ္ထဟောပြောချက်ဖြစ်သည့် "(၁၈) နှစ်ပြည်တွင်းစစ်ကာလနှင့် ဘဝဉ်ဘထက် ဘာကာရစနေ့ရှင်များ ဘပ်စိုးမှုအောက်ရှိ ပြည်သူများ၏ ဘဝနှင့် တိုက်ပွဲသမိုင်း" ဟူသော ဟောပြောချက်ကိုမူ ဗဟိုကော်မတီအတွင်းရေးမှူး ရဲဘော်ဌေးအား ပြုစုရေးသားရန်အတွက် တာဝန်ပေးအပ်လိုက်၏။ ထို့ကြောင့်ပင် ယင်းဟောပြောချက်အား ရဲဘော်ဌေးမှပင် တာဝန်ခံ၍ ပြုစုရေးသားရခြင်းဖြစ်လေသည်။

ယင်း ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ ဟောပြောချက်များကို ရေးသားရာတွင် ၁၉၆၄-ခုနှစ်၊ ဗဟိုကော်မတီနိုင်ငံရေးလမ်းစဉ်၏ စိတ်ဓာတ်ကို အခြေခံ၍ရှင်း၊ ၁၉၆၅-ခုနှစ် နိုင်ငံရေးဦးဆောင်အဖွဲ့ ဆုံးဖြတ်ချက်၏ စိတ်ဓာတ်ကိုအခြေခံ၍ရှင်း ပြုစုရေးသားကြရခြင်းဖြစ်လေသည်။

ထိုနောက်တွင် ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ ပညာပေး ဟောပြောချက်များကို ဟောပြောချက် ပြုစုရေးသားသူများကိုယ်တိုင်ပင် ဘဝဟာစ်တိုင်လှုပ်ရှားမှု၌ ဟောပြောပို့ချကြရ၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် ယင်းဟောပြောချက်များကိုလည်း စာတမ်းများအဖြစ် စနစ်တကျ ပြုစု၍ ဗမာပြည်တပြည်လုံး ဘာဝဟစ်တိုင်လှုပ်ရှားမှုများ၏ အခြေခံပညာပေးရေးအတွက် အကောင်းဆုံးသော လက်စွဲဟောပြောချက် မူရင်းများဖြစ်သည် ဟူ၍လည်း ဗဟိုဌာနချုပ်မှ ဆုံးဖြတ်လိုက်လေသည်။

ဤကဲ့သို့ ဟောပြောချက် (၄) စောင်ကို ဟောပြော ပို့ချခြင်းသည် ဘာဝဟစ်တိုင် လှုပ်ရှားမှု၏ ပထမအဆင့်ပင်ဖြစ်၏။ ဤပထမအဆင့်တွင် ဘာဝဟစ်တိုင်လှုပ်ရှားမှု၏ ကျောရိုးများကို ရွေးချယ်ရလေသည်။ ယင်းသို့ ဘာဝဟစ်တိုင်လှုပ်ရှားမှု၏ ကျောရိုးများကို ရွေးချယ်ရာတွင်။....

(၁) ဘာဝနာကျည်းမှုအရှိဆုံး သူများဖြစ်ရမည်။

(၂) လူတန်းစားအသိနိုးကြားမှုရှိပြီး တစုံတရာခွဲခြမ်းစိတ်ဖြာနိုင်သူ ဖြစ်ရမည်။

(၃) မိမိ၏ရှေ့ရေး ဆုံးဖြတ်ချက်အပေါ် ရှင်းလင်းပြတ်သားသူ ဖြစ်ရမည်။

ဟူ၍ ဖြစ်လေသည်။

(၂) ဘာဝဟစ်တိုင်လှုပ်ရှားမှု၏စွဲချက်များ။

ဘာဝဟစ်တိုင်လှုပ်ရှားမှု၏ စွဲချက်တင်တိုက်ပွဲသည် ဘာဝဟစ်တိုင်လှုပ်ရှားမှု၏ ဒုတိယအဆင့်ပင်ဖြစ်လေသည်။

ဤဒုတိယအဆင့်သည် ရဲဘော်တဦးစီ၏ မိမိဘာဝအတွင်းမှ ရန်သူကို နက်နက်ရှိုင်းရှိုင်း အမြစ်တူးရှာဖွေ၍ စွဲချက်တင် တိုက်ပွဲဆင်ရခြင်းဖြစ်၏။ တနည်းဆိုရသော် ရန်သူနှင့် မိမိတို့၏ စည်းကြောင်းကို ရှင်းလင်းစွာ ခွဲခြားရခြင်းဖြစ်လေသည်။

ဘာဝဟစ်တိုင် လှုပ်ရှားမှု၏ ဤဒုတိယအဆင့်သည် မိမိ၏ဘာဝအတွင်းမှ ရန်သူကို ဘက်ပေါင်းစုံမှ အပြင့်လင်းဆုံး အရက်စက်ဆုံး စွဲချက်တင်တိုက်ပွဲကိုဆင်ရခြင်းဖြစ်၏။ ထို့ကြောင့် ဤကာလအတွင်းတွင် ဘာဝဟစ်တိုင် လှုပ်ရှားမှု၏ အခမ်းအနားကို အနီရောင်များအနက် ရောင်များဖြင့် အထူးပင် ရွေးချယ်၍ ပြင်ဆင်ထားရ၏။ အလွန် ဝမ်းနည်းဘွယ်ရာ ကြေကွဲဘွယ်ရာများဖြစ်နေစေရန် အတွက်လည်း ပြုပြင်မွမ်းမံထားရ၏၊ ဖန်တီးထားရ၏၊ ဘာဝဟစ်တိုင်လှုပ်ရှားမှု၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခန်းမဆောင်အတွင်း၌၎င်း၊ အရပ်လေးမျက်နှာ ပတ်ဝန်းကျင်၌၎င်း ကြေးကြော်သံအမျိုးမျိုးကိုလည်း ရေးဆွဲ၍ကပ်ထားရသည်၊ ချိတ်ထားရသည်။

"အမေရိကန်နယ်ချဲ့သမားကိုချေမှုန်းပစ်"

"ပဒေသရာဇ် မြေရှင်စနစ်ကိုချေမှုန်းပစ်"

"စစ်တပ်မြူရိုကရက်လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ကိုချေမှုန်းပစ်"

"နေဝင်းစစ်အာဏာရှင်အစိုးရကိုတိုက်ဖျက်ပစ်"

"ဖက်ဆစ်စစ်တပ်ကိုချေမှုန်းပစ်"

"ဥက္ကဋ္ဌကြီး မဟာမော်စီတုန်း သက်တော်ရာကျော်ရှည်ပါစေ"

"ဗမာပြည်ကွန်မြူနစ်ပါတီအဓွန့်ရှည်ပါစေ"

"ဥက္ကဋ္ဌကြီးသခင်သန်းထွန်း သက်တော်ရာကျော်ရှည်ပါစေ"

စသည်တို့ပင်တည်း။

ဤဘဝဟစ်တိုင် လှုပ်ရှားမှု၏ ဒုတိယအဆင့်တွင် စခန်းအတွင်း၌ ရေဒီယိုနားထောင်ခြင်းမပြုရ၊ သီချင်းမဆိုရ။ လေချွန်ခြင်း မပြုရဟုတားထား၏။ ထို့ပြင် အမျိုးသမီးများကိုလည်း ပန်းမပန်ရ။ သနပ်ခါးလိမ်းခြင်းမပြုရ။ အလှပြင်ခြင်း မပြုရဟုပင် တင်းကြပ်စွာ ပညတ်၍ထား၏။ ပျော်ရွှင်မှုအားလုံးကိုမူ လုံးဝပင် ခွင့်မပြုချေ။ ရဲဘော်အားလုံး၏ အမူအရာများသည်လည်း ဝမ်းနည်းခြင်း၊ နာကျည်းခြင်း စသည့်အမူအရာဖြင့်သာလှုပ်ရှားနေကြလေသည်။

ထို့ကြောင့် အမျိုးသမီးလေးများ၏ ဆံပင်များသည်လည်း ဖွာလံကြဲ၍ နေ၏။ ပွပွံပွားနေကြရ၏။ ဒေါသမျက်ရည်များကြောင့်ဟုဆိုကာ မျက်လုံးအစုံတို့သည်ပင် လျှင် မို့မောက်၍အစ်၍နေကြလေသည်။

ဗဟိုဌာနချုပ်စခန်းတွင် ပြုလုပ်သော ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဘဝဟစ်တိုင် လှုပ်ရှားမှုများတွင် ဗဟိုဌာနချုပ် ကင်းတပ်မှ ရဲဘော် ခင်မောင် (မြစ်ဝကျွန်းပေါ်တိုင်း)သည် ပထမဦးဆုံး စနက်တန်ဖြစ်၏။ ဖောက်ခွဲရသူ ဖြစ်လေသည်။

"ရဲဘော်ခင်မောင် အနေနဲ့ဆိုရင် သိတဲ့အတိုင်းဘဲ သူဟာ ကုလားလူမျိုးဖြစ်တယ်။ သူ့အဖိုးက အိန္ဒိယပြည်ကလာတယ်။ လယ်ကူလီလုပ်တယ်။ မြေရှင်တွေရဲ့ သွေးစုတ်မှုခံရတာရှိတယ်။ သူ့အဖေလက်ထက်ကျ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော့လဲ မြေရှင်တွေနဲ့နယ်ချဲ့သမားရဲ့ သွေးစုတ်ခံရတယ်။ နောက်ပြုရို ကရက်အရင်းရှင်လူတန်းစားလက်ထက်မှာ သူ့အဖေမိဘတွေ အရိုက်အနှက်ခံရတာ သူ့အဖေဆိုရင် လုံးလုံးရူးသွားတဲ့အထိ ဖြစ်တာတွေ၊ဒါတွေကို သူ့ဘဝထဲကပြောသွားတယ်။ ရဲဘော်တွေအားလုံး ကြားပြီးသားဖြစ်တယ်။

ရဲဘော်ခင်မောင်ရဲ့တင်ပြချက်ထဲက တချို့ကိုဖတ်ပြမယ်။

"ကျနော်ဟာ မိဘများနဲ့ခွဲခွာပြီး ကျနော့်ဦးလေးများရှိတဲ့ပါတီထဲကိုလာခဲ့တယ်။ ကျနော်ဟာနေဝင်းရဲ့ ဖိနှိပ်မှုအောက်မှာ မခံနိုင်လို့ ပါတီထဲရောက်တဲ့ အချိန်ကစပြီး ကျနော့်ဘဝဟာ လူ့အဖွဲ့အစည်းဟောင်းထဲက နေဝင်းအောက်က ညှဉ်းပမ်းမှု အမျိုးမျိုး အောက်ကလွတ်မြောက်လာပေမဲ့ ကျနော့်မိခင်နဲ့ဖခင် ကျနော့်ညီလေးတွေ ညီမလေးတွေ ဆွေမျိုးသားချင်းတွေ ဘဝတူပြည်သူတွေဟာ ရန်သူ့အောက်မှာ ညှဉ်းပမ်းမှု ဆက်ခံနေရတုံးဘဲ။

ကျနော် ပါတီထဲရောက်ပီးနောက် ၅၈-ခုနှစ်၊ နေဝင်းအိမ်စောင့်အစိုးရလက်ထက်မှာ ပြည်သူတွေပိုလို့သာ အနှိပ်စက်အညှဉ်းပမ်းခံရပြန်တယ်။ တောထွက်လူထုအားလုံးကို သတ်မှတ်ထားတဲ့နေရာကိုချက်ချင်းပြောင်းရင်ပြောင်း မပြောင်းရင်သူပုန်တွေဖြစ်တယ်။ တွေ့ရင်သတ်မယ်ဆိုလို့ အားလုံးတောကွက်ထဲက ထွက်ခဲ့ကြရပြန်တယ်။

ဒီမှာလဲ လူထုကိုနည်းမျိုးစုံနဲ့ ထပ်မံနှိပ်စက်ပြန်တယ်။ ကျနော့်မိဘဆိုရင် အိန္ဒိယအမျိုးသားဖြစ်တယ်။ မှတ်ပုံတင်ကြေး ဆောင်မှ နေရမယ်လို့၊ ရန်သူက ပြင်းပြင်းထန်ထန် နှိပ်ကွပ်လာပြန်တယ်။ ကျနော့်မိဘများဟာ ဆင်းရဲကြပ်တည်းနေလို့ ဘာမှမရှိပါ။ ကျနော့် ဖခင်က ဆင်းရဲ ကြပ်တည်းနေလို့ ငွေရှာပရစေအုံးလို့ ပြောတာ မင်းခပ်မြန်မြန်ရှာပီး ငွေ ၅၀-နဲ့လာပီး မှတ်ပုံတင်ရမယ်၊ မှတ်ပုံတင်ရင်တင် မတင်ရင် ဗမာပြည်မှာ မနေရဘူးလို့ ပြောတယ်၊ ဒီအချိန်မှာ ဆင်းရဲကြပ်တည်းနေတော့ ငွေ ၅၀ - သည်ပင်လျှင် ပေးရန် မလွယ်ကူ လှပါဘူး။ စားစရာလဲ မရှိတော့ ဘယ်နည်းနဲ့ ဖြေရှင်းရမယ်ဆိုတာ အကြပ်ရိုက်ခဲ့ပါတယ်။ ကျေးရွာကော်မတီများနဲ့ ပြောတော့လဲ၊ ငါတို့လဲ မတတ်နိုင်ဘူး၊ မင်းခတ်မြန်မြန် ဆောင်လိုက်လို့ ပြောလွှတ်လိုက်တယ်။ ကျနော့်

ဗဟိုစခန်း ဘဝဟစ်တိုင်လှုပ်ရှားမှုတွင် ရဲဘော်ခင်မောင်၏ ဒွဲချက်အား သခင် သန်းထွန်း ရေးထားသည့် လက်ရေးမူ ဖြစ်ပါသည်။

[illegible]

[illegible]

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမေဟာမျက်ရည်ကျခဲ့တယ်။ ဒီအချိန်မှာ ပါတီကငွေ ၁၀၀ ထောက်ပံ့တယ်။ အဲဒီငွေနဲ့သွားပြီးရန်သူ့ဆီမှာ မှတ်ပုံတင်လုပ်ရတယ်။

ရဲဘော်တို့ ရန်သူ နေဝင်းဟာ ဖိနှိပ်သွေးစုတ် ညှင်းပမ်း နည်းဟာ လူမျိုးရေးဖက်ကလဲ အမျိုးမျိုး ဖိနှိပ်တယ်။ လူခွန်ဆိုတဲ့ ပဒေသရာဇ်တွေ လုပ်တဲ့နည်းနဲ့လဲ လူခွန်တောင်းပြီး သွေးစုတ်ပြန်တယ်။

ဒီ နေဝင်းဟာ အကြီးဆုံး သွေးစုတ်ကောင်ကြီး မဟုတ်ပါလား။

ဒါတင်မကဘူး နေဝင်းဟာ လူထုကို တိရစ္ဆာန်လို သဘောထားခဲ့တယ်။ အိမ်ခြေ-၁၀၀၀ လောက်ကို ခြံခတ်ပြီး ဂိတ်တွေညှပ်စစ် ထားတယ်၊ အဲဒီမှာ ရန်သူဟာ နည်းမျိုးစုံနဲ့ နှိပ်စက်တယ်၊ သူပုန်နဲ့ဆက်သွယ်တယ်ဆိုပြီး ရိုက်သေးတယ်၊ ကျနော့်မိခင်ဆိုရင် သူပုန်ရဲ့ အမေဆိုပြီး ခွေးကုလား မင်းရဲ့သားကို ခေါ်ပေးရမယ်လို့ ကြိမ်းမောင်းပြန်တယ်၊ ဒီလိုဖိနှိပ်နေတဲ့အချိန်မှာ ကျနော့်ညီလေးတွေ၊ ညီမလေးတွေဟာ ကျောက်ပေါက်ပါတယ်။ စားစရာလဲမရှိတော့ ဆေးလဲမကုသနိုင်ခဲ့ပါဘူး၊ ကျနော့် ညီလေးတွေ၊ ညီမလေးတွေဟာ ဆေးမကုနိုင်ဘဲ ၃ - ယောက်ဆက်ကာ ဆက်ကာသေဆုံးခဲ့တယ်။ ကျနော့်အမေဟာရူးခဲ့ရတယ်။ ခုထက်ထိ ရူးနေတုံးဘဲ၊ ဒါဟာ နေဝင်းစနစ်အောက်မှာ အမျိုးမျိုးခံစားခဲ့ရတယ်၊ နေဝင်းဟာ လက်နက်အားကိုး အာဏာနဲ့ ဖိနှိပ်ခဲ့တယ်။ နည်းမျိုးစုံနဲ့ညှဉ်းပမ်းခဲ့တယ်။ လူမျိုးရေးအရ ဖိနှိပ်တယ်၊ သွေးစုတ်ခံခဲ့ရတယ်၊ ငတ်အောင် နေဝင်းလုပ်ခဲ့တယ်။ ဒီလို ငတ်နေတဲ့အထဲမှာ ဆေးမကုနိုင်လို့ ညီလေးတွေ ညီမလေးတွေ သေဆုံးခဲ့ရတယ်၊ ကျနော့်မိခင် ရူးခဲ့ရတယ်။ ခံစားခဲ့ရတဲ့ဘဝဟာ နေဝင်းဖောက်ပြန်မှု မဟုတ်ပါလား။ ရဲဘော်တို့ နေဝင်းကို ပြတ်ပြတ်သားသား ကျနော် ဂလဲ့စားချေရလိမ့်မယ်၊ နေဝင်းနဲ့ သွေးစာရင်း၊ ချွေးစာရင်း ရှင်းရလိမ့်မယ်။ နေဝင်းဟာ ကျနော်ရဲ့အဓိကရန်သူဖြစ်တယ်။

ရဲဘော်တို့ ကျနော့်ဘဝ ဖြစ်စဉ်တခုလုံးဟာ နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်၊ ဗြူရိုကရက်လက်ဝါးကြီးအုပ် ဓနရှင်စနစ်၊ ဖိနှိပ်မှုဘဝဖြစ်စဉ်ဖြစ်တယ်။ အထူးသဖြင့် ဒီနေ့ဒီစနစ်ကြီး ၃-ခုကို ကိုယ်စားပြုတဲ့ အုပ်စိုးတဲ့နေဝင်း ဖက်ဆစ်အာဏာရှင်စနစ်လက်အောက်မှာ ဖိနှိပ်ညှဉ်းပမ်းသွေးစုတ်မှုကိုခံရတဲ့ ဘဝဖြစ်စဉ်ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့် နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နဲ့ ပြုရိုကရက်ဓနရှင်စနစ်ကိုကိုယ်စားပြုထားတဲ့ နေဝင်းကိုစွဲချက်တင်ပါမယ်။

ချုပ်ပြီးတင်မယ်ဆိုရင်....

(၁) စီးပွားရေးအရ အကုန်အစင်သွေးစုတ်ခံရတယ်။

(၂) သွေးစုတ်လို့ ဘာမှမရှိတဲ့ အလားအလာ ကုန်ဆုံးတဲ့အချိန်မှာ လက်နက်နဲ့ နိုင်ငံရေးအရ အကြမ်းဖက်ဖိနှိပ်ခဲ့တယ်။

(၃) လူမှုရေးအရ၊ အဖက်ဖက်က ဝိုင်းပယ်ခံခဲ့ရတယ်။ ငတ်အောင်လုပ်ခဲ့တယ်။

ဒါကို ကျနော်ချုပ်ပြီးတင်ပါအုံးမယ်။

(၁) အတိုးကြီးစား၊ အမြတ်ကြီးစားစနစ်အောက်မှာ နလံမထူနိုင်အောင်သွေးစုတ်ခံခဲ့ရတယ်။

(၂) နိုင်ငံရေးအရ ဖိနှိပ်မှုမှာ အိမ်ကိုမီးရှို့ပြီး၊ လူကိုအရိုက်ခံခဲ့ရတယ်။ ကျနော့်ညီလေးတွေ၊ ညီမလေးတွေ သေအောင်လုပ်ခဲ့တာ၊ကျနော့်အမေကိုရူးအောင်လုပ်ခဲ့တာ လူမျိုးရေးအရလဲဖိနှိပ်ခဲ့တယ်။ ငတ်အောင်လုပ်ခဲ့တယ်။

(၃) လူမှုရေးအရ ကျနော်နဲ့မကို နေဝင်းစစ်တပ်က မုဒိမ်းကျင့်ခဲ့တာ၊ လူ့လောကမှာ လူညွှန့်တုံးအောင် လုပ်ခဲ့တာ၊ လူစဉ်မမှီအောင် လုပ်ခဲ့တာ နေဝင်းဖြစ်တယ်။ ဒီရန်သူနေဝင်းဟာကျနော့်တသက်တာမှာ ဘယ်တော့မှ မကြေနိုင်တဲ့ရန်သူဖြစ်တယ်။ ဒါကြောင့် နေဝင်းကိုသွေးစာရင်း၊ ချွေးစာရင်းရှင်းမယ်။

နေဝင်း....မင်းကို ငါမုချ ကလဲ့စားချေမယ်။"

(ဗဟိုစခန်းဘဝဟာစိတ်ကူးလှုပ်ရှား မှုနိဂုံးချုပ်ဒွိဗဟိုကော်မတီဥက္ကဋ္ဌသခင်သန်းထွန်း၏ မိန့်ခွန်း။ သခင်သန်းထွန်း၏လက်ရေးမူရင်း၊ စာမျက်နှာ ၆၇-၇၃-မှ)။

ဤသို့ဖြင့် ရဲဘော်ခင်မောင်သည် ဘဝဟာစိတ်ကူး လှုပ်ရှားမှု၏ စနက်တန်အဖြစ်ဖြင့် စတင်၍ ဖောက်ခဲ့လေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ခင်မောင်အနေနှင့် စွဲချက်တင်အပြီးတွင် လက်သီးလက်မောင်းကို တန်း၍ အသံကုန်အော်ဟစ်ပြီး။

''နေဝင်း မင်းကို ငါမုချဂလဲ့စားချေမယ် အပြုတ်တိုက်မယ်'' ဟု ပြော လိုက်သောအခါတွင် ဘဝဟစ်တိုင်လှုပ်ရှားမှုတွင် တက်ရောက်နေသူ အားလုံးက လည်း ရဲဘော်ခင်မောင်နှင့်အတူဝိုင်း၍ ''အပြုတ်တိုက်မယ် အပြုတ်တိုက်မယ်'' ဟု အသံကုန်အော်ဟစ်ကြရ၏။ အချို့ကလည်း ရန်သူကို ဒေါသအမျက် ခြောင်းခြောင်းထွက်လွန်း၍ဟုဆိုကာ မျက်ရည်များပင် ယိုစီးလျက်အော်ဟစ် ၍ နေကြလေသည်။

မြစ်ဝကျွန်းပေါ်တိုင်းမှ ရဲဘော်ငွေသိန်းကလည်း စွဲချက်တင်၏။ စွဲချက် တင်နေစဉ်တွင် ရန်သူအပေါ်တွင် ဒေါသများ ပေါက်ကွဲလွန်း၍ဟုဆိုကာ သူ့ ရင်ပတ်ကိုထု၍ရိုက်၍ငိုယိုပြီးအောက်ပါအတိုင်း စွဲချက်တင်လေသည်။

ရဲဘော်ငွေသိန်း။

ရဲဘော်ငွေသိန်းရဲ့ တင်ပြချက်မှာဆိုရင် သူ့ရဲ့ဘဝ သူ့ရဲ့အဖိုး အဖွား သူ့ရဲ့မိဘဘဝ ဒါတွေကိုပြောသွားတယ်။

သူ့ရဲ့ဘဝတည်းမှာဆိုရင်။

ကျွန်တော်ရဲ့အရီးတယောက်ဟာ မြေရှင်တွေရဲ့မုဒိမ်းကျင့်ခံခဲ့ရတဲ့ အတွက် ထွက်ပေါက်မရလို့ မယ်သီလရှင်လုပ်သွားခဲ့တယ်။

ကျွန်တော်ဖခင်ဟာ ပုလိပ်ကိုလှံနဲ့ထိုးလို့ နယ်ချဲ့သမားရဲ့ဖမ်းဆီး မှု ခံခဲ့ရတယ်။ နှိပ်စက်ခံခဲ့ရတယ်။

မိခင်နဲ့အတူ မောင်နှမကလေးတွေမှာ မြေရှင်ဆီမှာ ကျွန်ခံခဲ့ရ တယ်။

စားရမဲ့ သောက်ရမဲ့ ဝတ်စရာမရှိ ဖြစ်ရတယ်။ အလုပ်နဲ့ လက်နဲ့ မပြတ်အောင် လုပ်ခဲ့ရပေမဲ့ ထမင်းမဝခဲ့ရဘူး။ ဆန်ကွဲစားပြီး နေခဲ့ရ တယ်။

နောက် မတရားပုဒ်မတပ်ပြီးတော့ အစ်ကိုတယောက် အဖမ်းခံရ အရိုက်ခံရ၊ နှမတယောက် အနှိပ်စက်ခံရ၊ စားစရာမရှိ။ ဒီအထဲက လာဘ်ထိုးရ၊ အစ်ကိုတယောက် ဆေးမကုနိုင်ပဲ အသေခံခဲ့ရ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်း၏ လက်ရေးမူ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဗဟိုစခန်း ဘဝဟာန်တိုင်လှုပ်ရှားမှုတွင် ရဲဘော် ငွေသိန်း၏ စွဲချက်အာ သခင် သန်းထွန်း ရေးထားသည် လက်ရေးမူ ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက် ဖခင်နဲ့အတူ တောထဲရောက်သူများ ကောက်ရိုးစင်မှာနေရ စားစရာမရှိ။ ညီအစ်ကိုသုံးယောက် မျက်ရည်ပေါက်ကြီးငယ်တွေနဲ့ နေခဲ့ရတာရှိတယ်။

နှမဝမ်းကွဲတယောက် မုဒိမ်းကျင့် ခံရလို့ ဆေးသောက်သေတယ်။ ရဲဘော်ငွေသိန်းရဲ့ ဇနီးဆိုရင်လဲ အဖမ်းခံထောင်ချခံရပြီး ၆-လသားလေးဟာ နေလှမ်းခံခဲ့ရတယ်။ ကလိုရီဒိုင်တင်ဇွန်းတိုက်လိုက်တာ မေ့နေလို့ နို့မစို့နိုင်ဖြစ်ခဲ့ရတယ်။

ဒီလိုဘဝတွေကို ရဲဘော်ငွေသိန်းဟာ ခံစားခဲ့ရတယ်။

(သခင်သန်းထွန်း၏ ဘဝဟန်တိုင်နိဂုံးချုပ်မိန့်ခွန်း လက်ရေးမူရင်း စာမျက်နှာ ၇၆-၇၇ မှ)

ဤသို့ရဲဘော်အသီးသီးသည် စွဲချက်များကို တင်ကြလေသည်။

ထို့နောက်တွင် အမျိုးသမီးများကလည်း စနက်တန်များအဖြစ်ဖြင့် ပင်ဆက်လက်၍ ဖောက်ခွဲကြရပြန်လေသည်။

ပထမဦးဆုံး ရန်သူကိုစွဲချက်တင်ရသူမှာ မခင်ဝင်းဖြစ်၏။ မခင်ဝင်းသည် မြစ်ဝကျွန်းပေါ်တိုင်းမှဖြစ်၏။သခင်သန်းထွန်းနှင့်အလွန်ပင်ရင်းနှီးပြီး"အလွန်ထက်သူကလေး"ဟုသခင်သန်းထွန်းကိုယ်တိုင်က ချီးကျူးခံရသူကလေးဖြစ်လေသည်။

"မခင်ဝင်း"

ကျမအဖေဟာ ကျမကိုယ်ဝန်ရှိတော့ နေ့စေ့လစေ့ဖြစ်လာတော့ ကျမရဲ့လေးလေးအိမ်ရှေ့မှာမကျည်းပင်အောက်မှာပဲ တဲလေးဆောက်ပြီးနေတယ် ကျမကိုမီးဖွားတယ်။

ကျမအမေဟာ ဝါးခုတ်ရအောင်သွားနေတဲ့အချိန်မှာ ကျမရဲ့အမေကို မုဒိမ်းကျင့်ပြီး ထားပစ်ခဲ့တယ်။ ဒီအခါမှာ ကျမရဲ့အမေဟာ သွေးအိုင်ကွက်ထဲမှာ လဲပြီးသေခဲ့ရတယ်။

ဒီအခါမှာ ကျမရဲ့အဖေဟာ ရင်ကွဲပက်လက်ဖြစ်ပြီး ကျမကိုချီပြီးတော့ ကျမအစ်မနဲ့အဖေဟာပြေးခဲ့ရတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအခါမှာကျမဟာ ၂ ရက်သမီးကလေးရှိသေးတယ်။ ၂ ရက်သမီးမှာ အမေဟာ ရန်သူစစ်တပ်က မုဒိမ်းကျင့်ပြီးတော့ သတ်ပစ်လိုက်တာဖြစ်တယ်။

ကျမအစ်မဟာ ကျမနှစ်ခါလည်သမီးမှာ ရန်သူနေဝင်းရဲ့ မုဒိမ်းတပ်ကစော်ကားခဲ့တယ်။ကျမရဲ့အစ်မဟာ ကိုယ်ဝန်ရှိပြီးတော့ကျန်ရစ်ခဲ့တယ်။ မီးမဖွားနိုင်လို့ သေဆုံးခဲ့ရတယ်။ ဒါကအစ်မတယောက်။

နောက်ကျမရဲ့အစ်မ မကြည်သန်းဟာ ရန်သူတပ်က လှည်းလမ်းကြောင်းမှာ နွားလိုက်ရင်း နေဝင်းရဲ့မုဒိမ်းတပ်က မုဒိမ်းကျင့်ပြီးသတ်ပစ်ခဲ့တယ်။

ဒါကိုကျမအနေနဲ့တော့မကျေဘူး၊ ကျမလက်စားချေရမယ်။ ကျမဟာ နေဝင်းရဲ့သည်ချောင်းသွေးကိုခြေဆေးမယ်။ ကမ္ဘာမကြေဘူး။

နောက် ကျမရှစ်နှစ်သမီးမှာ ငှက်ပြောတောက ဦးရှိန်က ကျမကို မုဒိမ်းကျင့်တယ်။ အခုဆိုရင်သူဟာ လလသသလူကြီးပဲ၊ သူကချမ်းသာတဲ့ လယ်သမားတယောက်ဖြစ်တယ်။ ဒီအချိန်မှာ ကျမဟာ မြောနေတယ်။ ကျမအဖေဟာပြန်လာတော့ ရင်ကွဲပက်လက်ဖြစ်ပြီး၊ ကျမကို ရွာထဲထမ်းပြီးသွားတော့ ကျမဟာသတိရတချက် မရတချက်နဲ့ပဲ၊ ဆေးကုခဲ့ရတယ်။

အခုကျမနေခဲ့တဲ့ အိမ်မှာထားခဲ့ပြီး တောင်ယာကိုသွားရပြန်တယ်။ ကျမဟာ ကျန်းမာလာပြီးတော့ ကျမအဖေကို ရန်သူကနှိပ်စက်ပြီးထားခဲ့တယ်။ ဒီမှာဆိုရင် ယာသမားတွေကထမ်းပြီးလာတော့ ကျမဟာ ကျမအဖေရဲ့အသက်ကို မမှီတော့ဘူး။

နေဝင်းဟာ ကျမရဲ့အဓိကရန်သူဖြစ်တယ်။

(သခင်သန်းထွန်း၏ လက်ရေးမှတ်စာမျက်နှာ ၀၃-၀၄-၀၅ မှ)

ယင်းသို့မခင်ဝင်းသည် စွဲချက်တင်ရင်းပင် စကားကိုဆက်၍ ပြောဆိုနိုင်ခြင်းမရှိတော့ပေ။ ရန်သူကို နာကြည်းလွန်း၍ဟုဆိုကာ ဆို့နင့်၍ သွားလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအခါတွင် အမျိုးသမီးတဦးက "နေဝင်းကို ဘယ်လိုလုပ်မလဲ ရဲဘော်တို့" ဟူ၍ လှမ်း၍ ဆော်လိုက်၏။

ရဲဘော်များကလည်း ချက်ခြင်းပင် "သတ်မယ်-သတ်မယ်-အခုသတ်မယ်" ဟု အော်ကြရ၏။ "မခင်ဝင်းရဲ့ ဒေါ်လေးကို မတရားစော်ကားတဲ့၊ မြရှင်တွေကို ဘယ်လိုလက်စားချေမလဲ ရဲဘော်တို့"ဟု အော်၍မေးသော အခါတွင်လည်း "သတ်မယ်-သတ်မယ်"ဟု အော်ကြရ၏။ မခင်ဝင်းသည် ဘဝနာကြည်းလွန်း၍ ဟုဆိုကာ ရှိုက်၍ပင်ငိုနေလေသည်။

ထို့ကြောင့် ဗဟိုဌာနချုပ် စခန်းတခုလုံးသည်လည်း ဆူညံ၍ ပွက်လောရိုက်နေလေတော့သည်။

ဤသည်တို့မှာ ဗဟိုစခန်းတွင်ပြုလုပ်သော ပထမအကြိမ် စံပြဘဝဟန်တိုင်လှုပ်ရှားမှုနှင့် ဒုတိယအကြိမ် ဘဝဟန်တိုင် လှုပ်ရှားမှုတို့မှ ရဲဘော်အချို့၏ အချို့သောစွဲချက်များကိုသာ ဖော်ပြသားခြင်းဖြစ်လေသည်။

ယခုသာယာဝတီခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်တို့တွင် ပြုလုပ်ခဲ့သောဘဝဟန်တိုင်လှုပ်ရှားမှုတို့၏ စွဲချက်တင်တိုက်ပွဲများကိုလည်း ဆက်လက်၍ဖော်ပြလိုပေသည်။

× × ×

၁၉၆၆-ခုနှစ် မေလတွင် ဖြစ်လေသည်။

သာယာဝတီခရိုင်တွင်လည်း ဘဝဟန်တိုင် လှုပ်ရှားမှုကို ပြုလုပ်၏။ယင်းဘဝဟန်တိုင် လှုပ်ရှားမှုကို တိုက်ရိုက်ဦးစီးရွှေဆောင် ညွှန်ကြားသူများမှာ ပီကင်းပြန် မစိန်ဝင်း(ခေါ်)မမျိုးသန့် ဗဟိုစခန်း လုံခြုံရေးမှူးဗိုလ်တင်မောင်(ခေါ်) လှဟန်နှင့် ဗဟိုကင်းတပ်မှ စံပြကျောရိုးကေဒါ အဖွဲ့တို့ဖြစ်ကြ၏။

ယင်းဘဝဟန်တိုင် ဦးစီးအဖွဲ့ကို ဗဟိုဌာနချုပ်မှ တိုက်ရိုက်ဖွဲ့စည်း၍ တာဝန်ပေးလိုက်ခြင်းဖြစ်၏။ ထိုလှုပ်ရှားမှုတွင် တက်ရောက်သူများမှာ ၇၈-ဦးပါဝင်၏။ ရဲဘော်များမှာ ၄၆-ဦးဖြစ်၏။ အမျိုးသမီးများမှာ ၃၂-ဦးဖြစ်လေသည်။

ဤဘဝဟန်တိုင် လှုပ်ရှားမှုတွင် စနက်တန်နှင့် ဖောက်ခွဲသူများမှာ မတင်သန်း၊ မထွေးသီ၊ မစိုးတို့ပင် ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ရွှေဖလားရွာမှ မတင်သန်းသည် "ကျမဟာ ပန်းပဲအလုပ်သမားတယောက်အဖြစ် ဝင်လုပ်နေရင်း ပန်းပဲပိုင်ရှင် အဘိုးကြီးရဲ့ မညှာမတာ မုဒိမ်းကျင့်တာကို ခံခဲ့ရပါတယ်"ဟုဆိုကာ အော်ဟစ်ငိုယိုရှိုက်ရင်း၊ မိမိ၏ခေါင်းနှင့်ရင်ဘတ်ကိုလက်နှစ်ဖက်ဖြင့် ဗျောတီးသကဲ့သို့ တီး၍ရှိုက်ကြီးတငင်ငိုယို၍ သတိလစ်သွားလေတော့သည်။

ထိုအခါတွင် ရဲဘော်မစိန်ဝင်းက ရဲဘော်မတင်သန်းကို မုဒိမ်းကျင့်တဲ့အရင်းရှင်ကြီးတွေကို "ဘယ်လိုလက်စားချေမလဲရဲဘော်တို့"ဟု အော်၍မေးလိုက်သောအခါ "သတ်မယ်....သတ်မယ် အခုသတ်မယ်"ဟု ရဲဘော်အားလုံးကပင် ဒေါကြီး မာန်ကြီးဖြင့် အော်ကြ၏။ ဟစ်ကြ၏။ အချို့သော မိန်းကလေးများသည်လည်း မတင်သန်းကိုကြည့်၍ သတိလစ်သွားတော့၏။ အချို့ကလည်း အနီးအနားဌရှိသော ဟောပြောချက် ခန်းမဆောင်အတွင်းမှ ဝါးစားပွဲနှင့် ဝါးကုလားထိုင်များကို ဖြုတ်ယူ၍ ဖျက်ဆီးပစ်ကြလေသည်။

ယင်းသို့ သတိလစ်သူလစ် ငိုသူငို အော်သူအော် ဖြစ်နေသည့်အခါတွင် အသင့်စောင့်နေကြသော ဆေးအဖွဲ့ဝင်များက သတိလစ်နေသူများကို ပွေ့သူပွေ့ ဖက်သူကိုဖက်၍ ထမ်းကျွတ်နေသူ အမျိုးသမီးများကိုလည်း စောင်ဖြင့်ပတ်၍ ပေးနေကြရလေသည်။

ထိုနေ့တွင် ဘဝဟစ်တိုင် လှုပ်ရှားမှုသည် "အအောင်မြင်ဆုံးနှင့် အပေါက်ကွဲဆုံးနေ့"ဟု အကဲဖြတ်ကာ ရပ်နားထားလိုက်လေတော့သည်။

ထို့ကြောင့် ထူးခြားသော အခြေအနေတွင်ပြုလုပ်သည့် သာယာဝတီခရိုင် ဘဝဟစ်တိုင် လှုပ်ရှားမှုသို့ ဗဟိုဌာနချုပ်မှခေါင်းဆောင်များနှင့် ရဲဘော်များကိုလည်း တက်ရောက်၍ လေ့လာစေ၏။ ထို့ပြင်ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသားများကိုလည်း လူတန်းစားအသိမြှင့်တင်ရေးအတွက် မတက်မနေရဟုဆိုကာ တက်ရောက်လေ့လာစေလေသည်။

နောက်နေ့တွင် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် သင်ကန်းရွာမှ ရဲဘော်မစိုးက—

"၁၉၆၄ ခုနှစ်ထဲမှာ ကျမရဲ့ဒွေးလေးလုပ်သူကို လူစိတ်မရှိတဲ့ ပုလိပ်(၂၅)ယောက်ရဲ့ မုဒိမ်းကျင့်စော်ကားတာကို ခံရတဲ့အတွက် ညတွင်းခြင်းပဲ သွေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အိုင်ထဲမယ် သေပွဲဝင်ခဲ့ရတယ် ရဲဘော်တို့....”ဟု ခုန်ပေါက် အော်ဟစ်ရင်း မေ့မြောသွားလေတော့သည်။

ထိုအခါတွင် ရဲဘော်ထွန်းရှိန် (ခေါ်) ဖေငြိမ်းက “ရဲဘော် အစိုးရဲ့ ဒွေးလေးကို မုဒိမ်းကျင့်သတ်တဲ့ ကောင်တွေကို - အခုချက်ခြင်း သတ်မလား၊ မသတ်ဘူးလားရဲဘော်တို့”

ရဲဘော်မလေးများသည် ချက်ချင်းပင် “အခုသတ်မယ် အခုသတ်မယ်”ဟု အော်ကြ၏။ အချို့လူငယ်လေးများသည် ထောင်ထားသည့် သေနတ်များကို ပြေးဆွဲသူပြေးဆွဲကြ၏။ တယောက်နှင့်တယောက် ထုသူကထုကြ၏။ အချို့မှာမူ ထိပ်ပြဲခေါင်းပေါက်များပင် ဖြစ်ကြရလေတော့သည်။

ချက်ချင်းပင် ရဲဘော်ထွန်းရှိန် (ခေါ်) ရဲဘော်ဖေငြိမ်း ခေါင်းဆောင်သော ဆေးအဖွဲ့ဝင်များသည် သတိလစ်သွားသူများ၊ မေ့မြောနေသူများအား နှာနှပ်ကြရ၏။အချို့ကိုမူကာရမိုက်ထိုး ဆေးများကိုပင် ထိုး၍ပေးရလေသည်။

(မှတ်ချက်။ ။ကာရမိုက်ထိုးဆေးမှာ ဘီပီအိုင်မှထုတ်လုပ်သော ဆေးဖြစ်၏။ ရုတ်တရက် အမောဆို့နေသူများအား သက်သာရာရစေရန် ထိုးပေးရခြင်းဖြစ်သည်။ စာရေးသူ)

ဤနေ့သည် ဘဝဟစ်တိုင်လှုပ်ရှားမှု၏ “ အပေါက်ကွဲတကာ့ အပေါက်ကွဲဆုံးနေ့” “အအောင်မြင်ဆုံး တကာ့ အအောင်မြင်ဆုံးနေ့”အဖြစ် အကဲဖြတ်ကြလေသည်။

ထို့နောက် ဗဟိုဌာနချုပ်မှ ရဲဘော်များသည် သာယာဝတီခရိုင် ဘဝဟစ်တိုင်လှုပ်ရှားမှုမှ ဗဟိုဌာနချုပ်စခန်းသို့ ပြန်၍လာကြ၏။ ဗဟိုဌာနချုပ်သို့ ရောက်သောအခါတွင် ဘဝဟစ်တိုင်လှုပ်ရှားမှု၏ အလွန်ကြီးမားသော အောင်မြင်ချက်များနှင့် အခြေအနေအတွေ့အကြုံများကို နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များနှင့် ဗဟိုကော်မတီများအား တင်ပြအစီရင်ခံကြရလေသည်။

ထိုနေ့ညပိုင်းတွင် ရဲဘော်ဘတင်(ဂိုရှယ်)သည် ရဲဘော်ဘခက်အား ဤသို့ပြောလေသည်။

“ဘခက်ရေ ဘဝဟစ်တိုင်လှုပ်ရှားမှုမှာ ကောင်မလေးတွေ အော်ကြငိုကြ၊ တက်ကြ ဖြစ်ကြတာတွေဟာ ရန်သူမုန်းလို့ဆိုတာ တကယ်ဟုတ်ကော ဟုတ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲ့လားကွ၊ ငါကတော့မယုံဘူး၊ ကောင်မလေးတွေ ဒီလိုဖြစ်တာဟာ အလွန်အကျွံတွေဖြစ်ကြပြီးတော့ (ဟစ်တီးရီးယား Hysteria) ဖြစ်ကုန်တာ ဖြစ်နိုင်တယ်။ အခြေခံကောင်းတဲ့ ကောင်လေးတွေ ကောင်မလေးတွေတော့ မဟုတ်တာတွေလုပ်ပေးနေတာနဲ့ ပျက်စီးကုန်တော့မှာဘဲကွာ” ဟူ၍ ရဲဘော်ဘတင်(ဂိုရှယ်)သည် မှတ်ချက်ချလိုက်လေသည်။

ပဲခူးရိုးမ၏ အနောက်ဖက်ခြမ်းဖြစ်သော သာယာဝတီခရိုင်၌ ဘဝဟစ်တိုင်လှုပ်ရှားမှုကို ပြုလုပ်နေချိန်တွင်ပင် ပဲခူးရိုးမ၏ အရှေ့ဘက်ခြမ်း ဖြစ်သော တောင်ငူခရိုင်၌လည်း ဘဝဟစ်တိုင်လှုပ်ရှားမှုကို ပြုလုပ်၍နေလေသည်။

တောင်ငူခရိုင် ဘဝဟစ်တိုင်လှုပ်ရှားမှုတွင် အဆင့်ဆင့် ကော်မဘီများနှင့် တပ်မှူး- တပ်သားများပါဝင်ရ၏။ ပဲခူးခရိုင်မှတပ်လည်းပါဝင်ကြ၏။ စုစုပေါင်းမှာ ၁၃၂-ဦး ပါဝင်တက်ရောက်ကြရလေသည်။

ယင်းတောင်ငူခရိုင် ဘဝဟစ်တိုင်လှုပ်ရှားမှုကို ဦးစီးကွပ်ကဲ၍ ညွှန်ကြားသူများမှာ ဗဟိုအလုပ်အဖွဲ့ပင်ဖြစ်၏။ ဗဟိုအလုပ်အဖွဲ့တွင်—

(၁) ဗိုလ်ထွန်းငြိမ်း။

(၂) ရဲဘော်အောင်ငြိမ်း (ခေါ်) အောင်သိန်း။

(၃) ဗိုလ်ဘညွန့် (ခေါ်) စိန်ဝင်း။

(၄) ဗိုလ်ဘုန်းကျော် တို့ဖြစ်ကြ၏။

ပီကင်းပြန် (၃) ဦးသည် ဘဝဟစ်တိုင်လှုပ်ရှားမှု တခုလုံးကို ဈေ့ဆောင်ကြလေသည်။

ဤဘဝဟစ်တိုင် လှုပ်ရှားမှုတွင်လည်း ရဲဘော်အသီးသီးသည် သူ့ထက်ငါ အပြိုင်အဆိုင်ပင် ပို၍ပို၍အလွန်အလွန် နာကြည်းဘွယ်ရာကောင်းသော ဘဝခံစားရချက်များကို တိုး၍တိုး၍သာ စွဲချက်တင်ကြလေတော့သည်။

တောင်ငူခရိုင် ဖြူးမြို့နယ် ကြက်ပေါင်ချောင်းရွာမှ မခင်သန်းမြင့်သည် တောင်ငူခရိုင် ဘဝဟစ်တိုင်လှုပ်ရှားမှုတွင် ရှေတန်းအကျဆုံးနှင့် အတက်ကြွဆုံးသော အမျိုးသမီးလေးဖြစ်၏။ ထို့ကြောင့် ဘဝဟစ်တိုင်လှုပ်ရှားမှု၏ စနက်တန်နှင့် ဖောက်ခွဲသူအဖြစ်ဖြင့် လက်ရွေးစင်ပင်ရွေးချယ်ခြင်းကို ခံရလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်မခင်သန်းမြင့်သည် ဘဝဟစ်တိုင်လှုပ်ရှားမှု အစည်းအဝေးကြီးတွင် မိမိ၏ ဘဝနာကြည်းချက်များကို ဤသို့ပင် အလေးအနက် စွဲချက်တင်လေတော့သည်။

"ကျမငယ်ငယ်ကထဲက ကျမရဲ့အမေဟာ မရှုမလှနဲ့ သေဆုံးခဲ့ရပါတယ်။ ကျမရဲ့အဖေဟာ ကလေကချေနဲ့ အလုပ်လဲကောင်းကောင်း မလုပ်ပဲနဲ့ လယ်သမားယောင်ယောင် အရောင်းအဝယ်သမား ယောင်ယောင်ဖြစ်နေတယ်။ ကျမတို့မှာ စားစရာဆိုလို့ ဘာမှမရှိပါဘူး။ အဝတ်ဆိုတာလဲ မရှိပါဘူး။ ကျမအဖေ ကိုအေးမောင်ဟာ ရန်သူစစ်တပ်ထဲကိုလဲ ခဏခဏသွားပြီး ရန်သူနဲ့ပေါင်းနေပါတယ်။ ကျမ (၁၀) နှစ်သမီးလောက်မှာ ကျမအမေဟာ မကျန်းမမာ ဖြစ်ပါတယ်။ ဒါကြောင့် မို့ဆေးဆရာခေါ်ပြီး ဆေးကုသနိုင်ဘို့အတွက် ဆွေမျိုးတွေဆီကို အကူအညီ လိုက်တောင်းပါတယ်။ ဘယ်ဆွေမျိုးကမှ တပြားတချပ်တောင် မပေးပါဘူး။ ဆွေမျိုးတွေက ချမ်းသာတဲ့လူတွေ ဖြစ်တော့ ကျမတို့ကို အဖက်တောင်မလုပ်ပါဘူး။"

ဟူ၍ ပြောရင်းပြောရင်းနှင့် ရဲဘော်မခင်သန်းမြင့်၏ စကားပြောသံသည် နိမ့်၍ နိမ့်၍သွားလေသည်။

ထိုအခါတွင် ပီကင်းပြန်ရဲဘော်အောင်ငြိမ်းက —

"ရဲဘော်တို့-ချမ်းသာတဲ့လူတွေမှာ ဆွေမျိုးဆိုတာမရှိဘူး။ သူတို့ကို ရန်သူလို ချေမှုန်းမလား မချေမှုန်းဘူးလားရဲဘော်တို့"

ဟု အသံကုန်ဟစ်၍ ကြွေးကြော်လိုက်သောအခါ ရဲဘော်အားလုံးကပင် "ချေမှုန်းပစ်မယ် သတ်ပစ်မယ်" ဟု ပဲ့တင်ထပ်မျှ အော်ကြ ကြွေးကြော်ကြလေသည်။

ထိုနောက် ရဲဘော်မခင်သန်းမြင့်က။—

"ကျမအမေဟာ ဒီလိုနဲ့ ဆေးဝါးမကုသနိုင်လို့ ပိုဆိုးလာတယ်။ အစားတောင်-မစားရတော့ပဲနဲ့ သေဆုံးသွားခဲ့ရတယ်။ အမေရဲ့မသာကို ခေါင်းနဲ့ဘာနဲ့တောင်မချနိုင်လို့ ဖျာနဲ့လိပ်ပြီးတော့ ချခဲ့ရတဲ့ အထိ ဖြစ်ခဲ့ရပါတယ်"

ဟု ရိုက်ကြီးတငင်ငိုကြွေး၍ သတိမေ့သွားတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအခါတွင် ဘဝဟစ်တိုင်လုပ်ရှားမှု ခန်းမကြီးတခုလုံး၌ တုတ်ဆွဲသူဆွဲ ဓား ဆွဲသူဆွဲ သေနတ်ပြေးကိုင်သူကိုင်နှင့် ဒေါသအိုးကြီးများပေါက်ကွဲ၍ နေကြလေ သည်။

၁၉၆၆-ခုနှစ်တွင် ဇေယျဝတီမြို့မှ တောခိုလာသော ရဲဘော်မခင်ရီက "ရဲဘော်တို့ အခုလိုရဲဘော်ခင်သန်းမြင့်ရဲ့အမေ ခွေးလိုဝက်လို အသေဆိုးနဲ့သေ ရတာဟာ နေဝင်းစစ်အစိုးရကြောင့်ဖြစ်တယ်။ ဒါကြောင့်မို့ နေဝင်းစစ်အ စိုးရကိုအပြုတ်တိုက်မလား မတိုက်ဘူးလား" ဟုအော်လိုက်သောအခါ "အ ပြုတ်တိုက်မယ် အပြုတ်တိုက်မယ်" ဟူ၍ အသံမစဲအောင်ပင် ဟစ်ကြအော်ကြ လေသည်။

ထို့နောက် ရဲဘော်မခင်သန်းမြင့်ကပင် ဆက်လက်၍ မိမိဘဝအတွင်းမှ လူ တန်းစားရန်သူကို ဤသို့ပြတ်သားစွာပင်စွဲချက် တင်ပြန်လေတော့သည်။

> "ကျမရဲ့အဖေဟာ အမေသေပြီးတော့ မကြာခင်မှာပဲ။ နောက် မယားယူပါတယ်။ ကျမကိုမိထွေးကလဲ အမြဲငြူစူကြိမ်းမောင်းတာပါပဲ၊ နောက်တော့ ကျမအဖေဟာ ရန်သူ့စစ်သားတယောက်နဲ့ စကားများ ပြီးတော့ ပါတီထဲကိုလိုက်သွားပါတယ်။ တနေ့ကျတော့ ကျမရဲ့အဖေ ဟာ ခရီးသွားရာကပြန်လာပါတယ်။အဲဒီအချိန်မှာ ကျမရဲ့မိထွေးကလဲ အိမ်မှာမရှိပါဘူး။"

ဟုပြော၍ ရုတ်တရက်ပင် ရင်ပတ်စည်တီးကာ ရှိုက်ကြီးတငင် ငိုကြွေး တော့၏၊ တားမရဆီးမရဖြစ်နေ၏။ ထို့နောက်အသံပင် ထွက်မလာတော့ချေ။ ထိုအချိန်တွင် ဘဝဟစ်တိုင်လုပ်ရှားမှု ခန်းမဆောင်တခုလုံးသည် ရဲဘော်မခင် သန်းမြင့်ကိုသာတစူးစိုက်စိုက်ကြည့်၍နေကြလေသည်။

ထို့နောက် အတန်ကြာမှ ရဲဘော်မခင်သန်းမြင့်က ဆက်လက်၍–

> "ကျမကို ကျမကို ကျမအဖေရင်းက မုဒိန်းကျင့်ပါတယ်"

ဟုပြောကာ မတ်တတ်ရပ်၍ စကားပြောနေရာမှ မြေကြီးပေါ်သို့လျောခွေ ၍အရုပ်ကြိုးပြတ်သွားဘိသို့ ကျသွားလေတော့သည်။

ထိုအခါတွင် ဘဝဟစ်တိုင်လုပ်ရှားမှု စွဲချက်တင်တိုက်ပွဲတွင်တလျှောက်လုံး ပင် ဒေါနှင့်မာန်နှင့် ကြွေးကြော်သံများကို အသံကုန်အော်ဟစ်ခဲ့ကြသော ရဲ ဘော်အားလုံးသည် "ကျမကို ကျမအဖေရင်းက မုဒိမ်းကျင့်ပါတယ်"ဟုရဲဘော်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မခင်သန်းမြင့်က စွဲချက်တင်လိုက်သောအခါ၌ အလွန်ပင်အံ့အားသင့်သွားကြတော့၏။ မလှုပ်မယှက် မတုန်မလှုပ်ဖြစ်နေကြတော့၏။ မည်သို့ဆက်၍ ကြေးကြော်ကြရမည်ကိုလည်းမသိကြတော့ချေ။ တဦး၏မျက်နှာကိုသာတဦးကြည့်၍နေကြ၏။ထိုအချိန်၌ ဘဝဟစ်တိုင်တလျောက်လုံးတွင် ဒေါ်နှင့်မာန်နှင့်အမျက်ခြောင်းခြောင်းထွက်ခဲ့ကြသော ရဲဘော်များ၏မျက်နှာများ၌ ဝမ်းနည်းခြင်းပေလား။ဒေါသထွက်ခြင်းပေလား၊ အံ့ဩခြင်းပေလား ဟူ၍ပင် ဝေခွဲ၍မရနိုင်တော့ချေ။

ထိုသို့ ဖြစ်နေစဉ်တွင် ပီကင်းပြန် ရဲဘော်အောင်ငြိမ်းက ရုတ်တရက်ပင် မတ်တပ်ရပ်ပြီး ကုန်း၍ ကုန်း၍ညှို့အော်လိုက် ဟစ်လိုက်လေတော့သည်။

> ရဲဘော်တို့ ဒါဟာ ပဒေသရာဇ်စနစ်ရဲ့ အကျင့်ဆိုးဖြစ်တယ် ဒါကြောင့်မို့ ပဒေသရာဇ် မြေရှင်စနစ်ကို ဘယ်လိုလုပ်ကြမလဲ”

ထိုအခါတွင်မှ “ ချေမှုန်းပစ်မယ် သတ်ပစ်မယ် ”ဟူ၍ ထိုမှ၍မှ ကြေးကြော်ကြရလေတော့သည်။

× × ×

၁၉၆၇-ခုနှစ် ဇွန်လတွင်ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ပြည်ခရိုင်ရုံးသည် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ယုတ်ဆိုင်ရွာ၏အနီးတွင် အခြေစိုက်ထားလေသည်။

ထိုစခန်းတွင်ပင် ပြည်ခရိုင်အတွင်းမှ အဆင့်ဆင့်သော ကော်မတီများနှင့် တပ်မှူး တပ်သားများကိုပါ စုစည်းလိုက်၏။ ထိုသို့ စုစည်းပြီးနောက် ပြည်ခရိုင်တွင် ဘဝဟစ်တိုင် လှုပ်ရှားမှုကို စတင်၍ပြုလုပ်လေသည်။

ယင်းပြည်ခရိုင် ဘဝဟစ်တိုင်လှုပ်ရှားမှုတွင်လည်း ဘဝဟစ်တိုင်လှုပ်ရှားမှု၏ ဦးဆောင်အဖွဲ့အစည်းတွင်ပါဝင်သော ရဲဘော်ရွှေ (ခေါ်) ရေချမ်း (ခေါ်) စိန်ထွန်းသည် မိမိဘဝအတွင်းမှ လူတန်းစားရန်သူကို ရှာသည့်စွဲချက်တင် တိုက်ပွဲ၏ စနက်တန်နှင့် ဖောက်ခွဲသူအဖြစ်ဖြင့် စတင်၍ စွဲချက်တင်၍ ဖောက်ခွဲလေတော့သည်။

(မှတ်ချက်။ ။ရဲဘော်စိန်ထွန်းသည် ပြည်မြို့ဇာတိဖြစ်သည်။ ပြည်မြို့တွင်ရှိသော အစိုးရ အထက်တန်းကျောင်းမှ ဆယ်တန်းအောင်၍ ရန်ကုန်တက္ကသိုလ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွင် တက်ရောက်သင်ကြားခဲ့သူ ဖြစ်သည်။ ၁၉၆၀-ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပဲခူးရိုးမတိုင်းမှ ပဲခူးမြို့ပေါ်၌ မြေအောက်စည်းရုံးရေးမှူးအဖြစ် တာဝန်ပေးခံထားရသူဖြစ်သည်။ ပဲခူးမြို့ လိပ်ပြာကန်ရပ်တွင် ဖွင့်လှစ်ထားသော "အောင်" အလွတ်ပညာသင်ကျောင်း၌ ကျောင်းဆရာအဖြစ် လုပ်ခဲ့သူဖြစ်ပါသည်။ စာရေးသူ)

"ကျနော်ဟာ လူရယ်လို့ဖြစ်လာကတည်းက ကျနော့်ရဲ့ တကယ့်အဖေရင်းဟာ ဘယ်သူဘယ်ဝါဆိုတာ မသိအောင်ဖြစ်ခဲ့ရတဲ့ ကျနော့်ရဲ့ဘဝဖြစ်ပါတယ်။

ကျနော်တို့အိမ်က ကိုးကွယ်နေတဲ့ဘုန်းကြီးနဲ့ကျနော့်ကိုမွေးသလား၊ ဒါမှမဟုတ် အခုကျနော့်အဖေလို့ခေါ်နေတဲ့ လူနဲ့မွေးသလားဆိုတာတောင် အသေအချာမသိရတဲ့ကျနော့်ဘဝ ဖြစ်ပါတယ်။

အထက်ကတင်ပြခဲ့တဲ့ ကျနော့်ဘဝနဲ့ဆက်စပ်ပြီးတော့ စွဲချက်တင်ပါဦးမယ်။

ကျနော့်အမေမကြီးဟာ ဘယ်လောက်ထိအောင်ဆိုးတယ်၊ သောင်းကျန်းခဲ့တယ်ဆိုတာလဲ စွဲချက်တင်ချင်ပါတယ်။ ကျနော့်ကိုယ်ဝန်အရင့်အမာကြီး ဖြစ်နေတဲ့အချိန်မှာ ဆေးပြင်း ဆေးပူတွေကို သောက်ပြီးတော့ ကျနော့်ကိုဖျက်ချတယ်။ ဒါပေမဲ့ ကျနော်ဟာ ပျက်မကျခဲ့ဘူး။ အခုကျနော်ဟာ လူဖြစ်လာရတယ်။ ကျနော့်မျက်လုံးတွေဟာ အဲဒီဒဏ်တွေကြောင့် အခုကောင်းကောင်းမမြင်ရတော့ဘူး ရဲဘော်တို့။

ဒါ့အပြင် ကျနော် ဆယ့်လေးငါး နှစ်သားလောက်မှာ မြေရှင်ကြီးတဦးရဲ့အိမ်မှာ ကပ်ရပ်ပြီးနေခဲ့ရပါတယ်။ အဲဒီမြေရှင်ကြီးမှာလဲ သားတယောက်ရှိပါတယ်။ အဲဒီမြေရှင်ကြီးသားရဲ့ ယောက်ျားချင်းမုဒိမ်းကျင့်တာကိုလဲ ကျနော်ဟာအလူးအလဲခံခဲ့ရပါသေးတယ်"

စသည်ဖြင့် ရဲဘော်ရွှေ(ခေါ်) ရေချမ်း(ခေါ်)စိန်ထွန်းသည် အလွန်မခံမရပ်နိုင်သည့် အမူအရာဖြင့် စွဲချက်တင်လေသည်။

ထိုအခါတွင် ရဲဘော်မယ်လုက"ရဲဘော်ရွှေကို မုဒိမ်းကျင့်တဲ့ မြေရှင်တွေကို ဘယ်လိုလုပ်မလဲ"ဟုထ၍အော်ဟစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်များက " သတ်ပစ်ရမယ် ဂါတ်ပစ်ရမယ် " ဟူ၍ အသံကုန်အော်၍ ကြွေးကြော်ကြလေသည်။

ထိုသို့ ရဲဘော်ရွှေသည် မိမိဘဝအတွင်းမှ ရန်သူကို နက်နက် ရှိုင်းရှိုင်းပင် စွဲချက် တင်လိုက်သော အခါ၌ ပြည်ခရိုင် ဘဝဟာစ်တိုင် လှုပ်ရှားမှု ကြီးသည် တားမရ ဆီးမရပင်ပေါက်ကွဲ၍ သွားလေတော့သည်။

ထို့နောက်တွင် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် လက်ကြီးရွာမှ ဦးဘိုးရွှေ၏ သမီးဖြစ်သော မယ်မြသည်လည်း ပြည်ခရိုင်ဘဝဟာစ်တိုင်လှုပ်ရှားမှု၏စနက်တန် နှင့်ဖောက်ခွဲသူအဖြစ် အထူးရွေးချယ်ခြင်းခံရသူ ဖြစ်လေသည်။

ထို့ကြောင့် မယ်မြသည် ဘဝဟာစ်တိုင်လှုပ်ရှားမှု စလျှင်စခြင်းပင် ...

"အခု ပါတီတွင်းကိုရောက်နေတဲ့ လက်ကြီးရွာက ရွှေထွန်း ဟာ ကျမကို ဆိုးဆိုးဝါးဝါး မုဒိမ်းကျင့်သူဖြစ်ပါတယ်။ ပြီးတော့ အခုပါတီ တွင်းမှာပဲ တာဝန်ယူနေတဲ့ ကျမရဲ့ ဦးလေးရင်းဖြစ်တဲ့ ဟန်ရွှေကလဲ ကျမကို မညှာမတာ မုဒိမ်းကျင့်သူဖြစ်ပါတယ် ရဲဘော်တို့။

"ဒါကြောင့်မို့ မုဒိမ်းကောင် ရွှေထွန်းကို အခုသတ်ပစ်ရမယ်"

"မုဒိမ်းကောင် ဟန်ရွှေကို အခုသတ်ပစ်ရမယ်"

ဟု ငိုကြီးချက်မဖြင့် အော်ဟစ်၍ တောင်းဆိုလေ၏။ ထို့နောက် မယ်မြသည် မြေကြီးပေါ်တွင်ပင် လူး၍လှိမ့်၍ နေလေတော့သည်။

ထိုအခါတွင် ဘဝဟာစ်တိုင်လှုပ်ရှားမှု၌ တက်ရောက်နေကြသော ရဲဘော်များ ကလည်း "ရွှေထွန်းနဲ့ ဟန်ရွှေကို ချက်ခြင်းသတ်ရမယ် အခုသတ်ရမယ်" ဟူ၍ အုံးအုံးကြွက်ကြွက်ပင် ကြွေးကြော်လျက် အပြင်းအထန် တောင်းဆို၍ နေကြ လေသည်။

ထို့ကြောင့် ဘဝဟာစ်တိုင် လှုပ်ရှားမှုအတွင်းမှ ရဲဘော်ညဏ်ထွန်း ခေါင်း ဆောင်သောအဖွဲ့သည် လက်ကြီးရွာတွင်ရှိသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကျောရိုးများဖြစ်သည့် ရွှေထွန်းနှင့် ဟန်ရွှေတို့ကို ချက်ခြင်းပင် သွားရောက် ဖမ်းဆီး၍ ကြိုးနှင့်တုပ်လျက် ဘဝဟာစ်တိုင် လှုပ်ရှားမှု ခန်းမဆောင်သို့ ခေါ် သွင်း၍ လာခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကိုရွှေထွန်းနှင့်ကိုဟန်ရွှေတို့ကို ရဲဘော်များသည် မြင်တွေ့ရသည့်အခါ၌ ပြင်းထန်လှသည့်ဒေါသများမှာ ပေါက်ကွဲကြတော့သည်။

"ရွှေထွန်းကိုသတ်ပစ် သတ်ပစ်"

"ဟန်ရွှေကိုသတ်ပစ် သတ်ပစ်"

ဟု ဝိုင်းဝန်းကြွေးကြော်ကြပြီးနောက် ယင်းသို့ ဘဝဟစ်တိုင်လှုပ်ရှားမှု ခန်းမဆောင်၏ အနီး၌ပင် ကိုရွှေထွန်းနှင့် ကိုဟန်ရွှေတို့၏ မျက်နှာများကို အမျိုးသမီးငလေးများက တံတွေးများဖြင့် ဝိုင်း၍ ထွေးကြ၏။ တုတ်များဖြင့်လည်း မသေမချင်းပင် ရိုက်သတ်ကြလေတော့သည်။

ဤသည်ကား ပြည်ခရိုင် ဘဝဟစ်တိုင်လှုပ်ရှားမှု အတွင်းမှ ပစ္စည်းမဲ့ဒေါသနှင့် ပစ္စည်းမဲ့လွှန်ကျူးမှုကို အကောင်းဆုံး လက်တွေ့ပြသလိုက်ခြင်းပင် ဖြစ်လေသည်။

ယင်းသို့ ပြည်ခရိုင်ဘဝဟစ်တိုင်လှုပ်ရှားမှုတွင် ပြင်းပြင်းထန်ထန် လွန်လွန်ကျူးကျူးပြုလုပ်ခြင်းမှာ ဗဟိုဌာနချုပ်၏ ဘဝဟစ်တိုင် လှုပ်ရှားမှုနှင့်ပတ်သက်သော လမ်းညွှန်သဘောထားကို အကောင်းတကာ့ အကောင်းဆုံးနှင့် စံနမူနာပြအဖြစ်ဖြင့် လိုက်နာဆောင်ရွက်ပြခြင်းပင် ဖြစ်လေသည်။

> "ရဲဘော်တွေက ရန်သူကိုဖွင့်ချတိုက်ခိုက်ရာမှာ ပြင်းထန်လေ၊ ကောင်းလေ လွန်ကျူးလေကောင်းလေဖြစ်တယ်။ ဒီအခါမျိုးမှာ လှုပ်ရှားမှုကို ရေအေးနဲ့ ပက်သလို မဖြစ်မိစေအောင် သတိထားဘို့လိုပါတယ်။ ရန်သူကိုဖွင့်ချတိုက်ခိုက်နိုင်လေလေ၊ ဘဝနာကြည်းမှုတွေအပေါ်မှာ ခံစားချက်ပြင်းပြီး ဒေါသမျက်ရည်ကျလေလေ၊ ဘဝဟစ်တိုင်ရဲ့ ရည်ရွယ်ချက်ဟာ ရောက်ရှိလေလေဖြစ်တယ်ဆိုတာ စွဲမှတ်သင့်ပါတယ်။"
>
> (ဗဟိုဌာနချုပ်မှအဘည်ပြုထားသော ဘဝဟစ်တိုင်နိဂုံးချုပ် အစီရင်ခံစာ စာမျက်နှာ ၃၃-မှ)

ဤသည်တို့မှာ ဘဝဟစ်တိုင်လှုပ်ရှားမှု၏ ဒုတိယအဆင့်ဖြစ်လေသည်။

ထို့နောက်တွင် ဘဝဟစ်တိုင်လှုပ်ရှားမှု၏ တတိယအဆင့်သို့ ကူးပြောင်းကြရ၏။ ဤတတိယအဆင့်တွင် ပြုလုပ်ရသောလှုပ်ရှားမှုမှာ ရန်သူအပေါ် သွေး-ချွေးစာရင်းကိုတွက်၍ ရန်သူကို တဆင့်တိုးဖွင့်ချ စွဲချက်တင် တိုက်ပွဲဆင်ရခြင်းပင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းသို့ သွေး-ချွေး စာရင်းတွက်ရာတွင် မိဘများ ခံစားခဲ့ရသော သွေး-ချွေးစာရင်းနှင့် မိမိကိုယ်တိုင်ခံစားခဲ့ရသော သွေး- ချွေးစာရင်းကို ရဲဘော်တိုင်းမှ တွက်ချက်ကြရလေသည်။

ချွေးစာရင်းတွက်ချက်ရာတွင် အဓိကကျသောခေါင်းစီးများမှာ သီးစားခဖြင့် သွေးစုတ်ခံရသောစာရင်း၊ လုပ်အား သွေးစုတ်ခံရသောစာရင်း၊ အတိုးကြီးစားသွေးစုတ်ခံရသောစာရင်း၊ အရောင်းအဝယ် နည်းဖြင့် သွေးစုတ်ခံရသောစာရင်းများကို ထည့်သွင်း၍ တွက်ချက်ရလေသည်။ သွေးစာရင်းတွက်ရာတွင်လည်း နိုင်ငံရေးအရ ဖမ်းဆီးချုပ်နှောင် ခံရမှုများ၊ မီးရှို့ဖျက်ဆီးခံရမှုများ၊ ပစ္စည်းဥစ္စာများ လုယက်ခံရမှုများ၊ လူမှုရေးအရ ရိုက်နှက် ခံရမှုများ၊ မုဒိမ်းကျင့် စော်ကားခံရသူများအားလုံးကို ထည့်သွင်းတွက်ချက်ကြရလေသည်။

ယခုပူးတွဲ၍ ၁၉၆၇-ခုနှစ်၊ မတ်လတွင်ပြုလုပ်သော ဒုတိယအကြိမ် ဗဟိုစခန်း ဘဝဟစ်တိုင် လှုပ်ရှားမှုမှ သွေး-ချွေးစာရင်းများကို ကောက်ယူဖော်ပြထားသည့် "ဘဝဟစ်တိုင်လှုပ်ရှားမှု သွေး-ချွေးစာရင်းပုံစံဇယား" မူရင်းအတိုင်း တဘက်တွင် ဖော်ပြလိုက်ပေသည်။

(မှတ်ချက်။ ဤ "ဘဝဟစ်တိုင်လှုပ်ရှားမှု သွေး ချွေးစာရင်းများကို စာရင်းဇယားများ ရေးသားထားသူမှာ ရဲဘော်အေးလွင် (ခေါ်) ချစ်ဝေဖြစ်၏ ရဲဘော်အေးလွင်သည် တောင်ငူခရိုင် ဖြူးမြို့မှဖြစ်၏။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးတာဝန်ခံနှင့် ဗဟိုကြိုးမဲ့ကြေးနန်းသင်တန်းကျောင်း၏ ကျောင်းတာဝန်ခံလည်းဖြစ်သည်။ စာရေးသူ)

ထို့ပြင် ဘဝဟစ်တိုင် လှုပ်ရှားမှု သွေး ချွေးစာရင်းချုပ်နှင့် ပတ်သက်၍လည်း ဤသို့ပင် ထပ်မံ၍ အကျယ်ရှင်းလင်းထားသည်။

"ဘဝဟစ်တိုင်လှုပ်ရှားမှု သွေး-ချွေးစာရင်းချုပ် ရှင်းလင်းဖော်ပြချက်"

၁။ ဤအကြိမ်ဘဝဟစ်တိုင် လှုပ်ရှားမှုတွင် ရဲဘော်ပေါင်း (၇၃) ဦးပါဝင်ပြီး၊ ထို (၇၃)ဦးတွင် အမျိုးသမီး (၁၆)ယောက်ပါဝင်သည်။

၂။ ဘဝဟစ်တိုင် သွေး-ချွေးစာရင်းတွက်ရာတွင်လည်း (၇၃) ဦးပင် ပါဝင်သည်။ သွေး-ချွေးစာရင်းတွက်ရာတွင်ပါဝင်သည့် ရဲဘော်

“ဘဝဟစ်တိုင် လှုပ်ရှားမှု၊ သွေး-ချွေး စာရင်းချုပ်”

	ပါဝင်သည့်ဦးရေ	ပါဝင်သည့်ဦးရေ (သို့မဟုတ်) ပါဝင်သည့်အိမ်ထောင်ပေါင်း ၇၃	ရာခိုင်နှုန်း ဖော်ပြချက်
သွေးစုတ်ခံရမှု	သီးစား	၁၃၅၂၅၀	၁၁.၂၃ ရာနှုန်း
	လုပ်အား	၅၆၁၉၀၀.၅၀	၄၁.၆၀ ရာနှုန်း
	ကုန်ပစ္စည်း	၀၉၄၄၇:၇၅	၇.၄၃ ရာနှုန်း
	အတိုးကြီး	၃၂၃၆၇၁	၂၆.၇၁ ရာနှုန်း
	လုယက်ရှိ	၂၆၂၁၁၉	၂၁.၃၇ ရာနှုန်း
	အခွန်လာဘ်	၂၂၃၄၀	၁.၃၅ ရာနှုန်း
	လုပ်အားဖျက်	၉၄၇၂	.၇၉ ရာနှုန်း
စုစုပေါင်း		၁၂၀၄၂၀၇.၅၀	တအိမ်ထောင်ဖျမ်းမျှသွေးစုတ်ခံရမှု ၁၆၅၀၄.၄၉
အချိုးအစားဖော်ပြချက်	နယ်ချဲ့	၂၉၅၀၇၉	၂၄.၅၇ ရာနှုန်း
	ပဒေသရာဇ်	၆၆၁၆၄၇.၂၅	၇၅.၄၃ ရာနှုန်း
	မြို့ရှိ/အရင်း	၄၅၃၆၆၁.၂၅	
	၄၀/မတိုင်မီ	၆၃၃၀.၅	၃၆.၁၁ ရာနှုန်း
	၄၀/နောက်	၇၇၀၄၀၉.၅၀	၆၃.၉၇ ရာနှုန်း
ဖိနှိပ်ခံရမှု	မုဒိမ်း	၅၁	၁၁.၅၀ ရာနှုန်း
	အဖမ်းခံ	၁၀၀	၂၄.၃၂ ရာနှုန်း
	အသတ်ခံ	၇၇	၁၅.၆၃ ရာနှုန်း
	ဖျားသေ	၁၁၆	၃၇.၃၉ ရာနှုန်း
	သတ်သေ	၃	.၆၀ ရာနှုန်း
	ရူးသွပ်	၂	.၄၅ ရာနှုန်း
	ကလေးသေ	၁	.၂၃ ရာနှုန်း
	ကလေးရောင်း	၁	.၂၃ ရာနှုန်း
	ကျောင်းထုတ်	၂	.၄၅ ရာနှုန်း
	ရိုက်နှက်	၂၂	၄.၉၅ ရာနှုန်း
	နယ်နှင်	၁၃	၂.၉၃ ရာနှုန်း
	စုစုပေါင်း	၄၄၆	

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၇၃)ဦးသည် မိမိတို့၏ အိမ်ထောင်ပေါင်း (၇၃)အိမ်ထောင်ကို ကိုယ်စားပြုပြီး တွက်ချက်ခြင်းဖြစ်သည်။

၃။ သွေးစာရင်း တွက်ချက်ရာတွင် ရဲဘော် (၇၃)ဦး၏ သွေးစာရင်းအရ နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်၊ ဗြူရိုကရက်အရင်းရှင်စနစ် ရန်သူကြီး (၃) ဦးအပေါ်တင်ရှိသည့် သွေးစာရင်း အရေအတွက်မှာ (၄၄၄) ယောက်ရှိသည်။ (၄၄၄) ယောက်အနက်မှ အရေးကြီးသည့် သွေးစာရင်းမှာ မုဒိမ်းကျင့်ခံရသူ (၄၉)ယောက်ရာခိုင်နှုန်း ၁၁.၀၄၊အဖမ်းခံရသူ(၁၀၈)ဦးရာခိုင်နှုန်း၂၄.၃၂၊အသတ်ခံရသူ(၇၇)ဦးရာခိုင်နှုန်း ၁၅.၆၃၊ ဆေးမကုနိုင်၍ သေဆုံးသူ(၁၆၆) ဦး ရာခိုင်နှုန်း ၃၇.၃၉၊ ဖြစ်သည်။ ဆေးမကုနိုင်၍ သေဆုံးသည့် ရာခိုင်နှုန်းမှာ အများဆုံးဖြစ်သည်။ သွေးစာရင်းတွက်ရာတွင်ပါဝင်သည့် အမျိုးသမီးရဲဘော်မ (၁၆)ယောက် အနက် (၃) ယောက်မှာ ကိုယ်တိုင် မုဒိမ်းကျင့် ခံရပြီး (၁) ယောက်မှာ ၂ - ကြိမ်တိုင် မုဒိမ်းကျင့်ခံခဲ့ရသည်။

၄။ ချွေးစာရင်း တွက်ချက်ရာတွင် ရဲဘော် (၇၃)ဦး၏ စုစုပေါင်းစာရင်းမှာ ကျပ်ငွေ ၁၂၀၄၂၀၇-၅၀ ပြားရှိပြီး တဦးစီ (သို့မဟုတ်) တအိမ်ထောင်စီ၏ ဖျမ်းမျှသွေးစုတ်ခံရမှုမှာ ကျပ်ငွေ ၁၆၅၉၄-၄၉ ပြားဖြစ်သည်။ သွေးစုတ်ခံရမှု သဏ္ဍာန်အမျိုးမျိုးအနက် အတိုးကြီးစား အမြတ်ကြီးစား သွေးစုတ်မှုမှာ ကျပ်ငွေ ၃၂၃၆၇၁-၂၅ ပြား ဖြစ်ပြီး လုပ်အားသွေးစုတ်မှုမှာ ကျပ်ငွေ ၅၆၁၉၀၀-၅၀ ပြားဖြစ်သည်။ လုပ်အား သွေးစုတ်မှုမှာ အများဆုံးဖြစ်ပြီး အတိုးကြီးစား သွေးစုတ်မှုမှာ ဒုတိယအများဆုံးဖြစ်သည်။

ချွေးစာရင်း စုစုပေါင်းအနက်မှ ကျပ်ငွေ ၆၆၁၆၄၇-၂၅ ပြားမှာ ပဒေသရာဇ်စနစ်၏ သွေးစုတ်မှုဖြစ်ပြီး စနစ် ၃-ခုအနက် အများဆုံးဖြစ်သည်။ ဗြူရိုကရက် အရင်းရှင်စနစ် သွေးစုတ်မှုမှာ ကျပ်ငွေ ၄၅၃၆၆ိ-၂၅ ပြားဖြစ်သည်။ ပဒေသရာဇ်စနစ်နှင့် ဗြူရိုကရက် အရင်းရှင်စနစ် သွေးစုတ်မှုမှာ ၇၅.၄၃ ရာနှုန်းရှိသည်။

ခေတ်အပိုင်းအခြားအရဆိုပါက ၁၉၄၀-မတိုင်မီကာလ ချွေးစာရင်းဟောင်းမှာ ကျပ်ငွေ ၆၃၃၀၀၅-ဖြစ်ပြီး ၄၀-နောက်ပိုင်း ချွေးစာရင်းမှာ ကျပ်ငွေ ၇၇၀၄၀၉-၅၀-ပြားဖြစ်သည်။ ချွေးစာရင်းအားလုံး၏ ၆၃.၉၀ ရာနှုန်းရှိသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုဈေးစာရင်းအရ အခြေခံ၍ နှိုင်းယှဉ်ကြည့်လျှင် တအိမ်ထောင် ဖျမ်းမျှ သွေးစုတ်ခံရမှုမှာ ကျပ်ငွေ ၁၆၅၀·၄၉-ပြားဖြစ်ရာ ထိုငွေဖြင့် ဆိုပါက တနှစ်အသုံးစားရိတ် ၁၅၀၀-ကျပ်ကုန်ကျသည်။ အလတ်တန်းစား အိမ်ထောင်တခုအတွက် ၁၁-နှစ်ကျော် အလုပ်မလုပ်ပဲ ထိုင်စားနိုင်သည့် ငွေအရေအတွက်ဖြစ်သည်ကို တွေ့ရသည်။

တဖန် ဈေးစာရင်း စုစုပေါင်းကျပ်ငွေ ၁၂၀၄၂၈၇·၅၀ ပြားကို အဖိနှိပ်ခံ ပြည်သူများ၏ လူမှုရေး ကျန်းမာရေးအတွက် သုံးစွဲမည်ဆိုပါက တနှစ်ကျောင်းနေစရိပ် ၂၀၀-ကျပ်ခန့်ရှိသည့် အထက်တန်း အလယ်တန်း ကျောင်းသားပေါင်း ၆၀၂၄-ယောက် ပညာသင်ကြားနိုင်မည်ဖြစ်သည်။ ကျောင်းသား ၅၀၀·ကျော် စာပေပညာသင်ကြားနိုင်သည်။ (၅၀၀၀၀) ငါးသောင်းတန် အလယ်တန်းကျောင်း ၂၄-ကျောင်း ဆောက်လုပ်နိုင်မည်။ ကျန်းမာရေးဖက်တွင်ဆိုပါက လူနာ ၂၅-ဦးမှ ၃၀-ခန့် ကောင်းစွာ ဆေးကုနိုင်သည့် ၁-သိန်းတန်ဆေးရုံ-၁၂ ခု ဆောက်လုပ်နိုင်ပေသည်။

၅။ ရဲဘော်(၇၃)ဦး၏ သွေးဈေးစာရင်းအရ ကြည့်ပါက အဖိနှိပ်ခံ လုပ်သားပြည်သူများသည် စနစ်ကြီး ၃-ခု ရန်သူကြီး ၃-ဦးအောက်တွင်မည်မျှအစော်ကားအဖိနှိပ်ခံအသတ်ဖြတ်ခံနေရသည်ကိုအခိုင်အမာ တွေ့ရှိရသည်။ အဖိနှိပ်ခံ လုပ်သားပြည်သူများအလုပ်နှင့် လက်မပြတ်အောင် လုပ်ပါလျှက် ဆင်းရဲခြင်းမကဆင်းရဲ မကြုံဘူးအောင်ငတ်ပြတ် မကျန်းမာသည့်တိုင် ဆေး မကုနိုင်၍ သေဆုံးကြသည်မှာ စနစ်ကြီး ၃-ခု ၃န်သူကြီး ၃-ဦး ထိုစနစ်၃-ခုကိုကိုယ်စားပြုထားသည့် နေဝင်းစစ်အာဏာရှင်အစိုးရကြောင့် ဖြစ်ကြောင်း အချက်အလက်အရ ထင်ရှားပေသည်။

၆။ ဤရဲဘော် (၇၃)ဦး၏ သွေးဈေး စာရင်းကို အခြေခံ၍ တပြည်လုံးရှိအဖိအနှိပ်ခံ လုပ်သားပြည်သူများ၏ဘဝမှာ မည်သို့ရှိမည်ကိုတိုးချဲ့၍ကြည့်မြင်နိုင်ပေသည်။

(မှတ်ချက်။ ။အထက်ပါ "ဘဝဟစ်တိုင်လှုပ်ရှားမှု သွေးဈေး စာရင်း ချုပ်ရှင်းလင်းဖော်ပြချက်"ကိုရေးသားထားသူမှာ ရန်ကုန် တက္ကသိုလ် တပ်ဦး ကျောင်းသားခေါင်းဆောင် ဖြစ်သော ရဲဘော်တင်ထွန်း (ခေါ်) မြမောင်၏ လက်ရေးဖြစ်သည်။
စာရေးသူ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်တို့မှာ ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ တတိယအဆင့်ပင်ဖြစ်လေသည်။

ထို့နောက်တွင် ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ စတုတ္ထအဆင့်ကို ကူးပြောင်းကြရ၏။ ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ စတုတ္ထအဆင့်မှာ ဘဝဟာစ်တိုင်လှုပ်ရှားမှုတခုလုံး၏ နောက်ဆုံးအဆင့်ပင်ဖြစ်လေသည်။

ဤစတုတ္ထအဆင့်၌မူ ရဲဘော်တဦးစီ၏ အတွေးအခေါ်နယ်ပယ်တွင် ရန်ငါ (ရန်သူ-မိမိ) စည်းခွဲခြားခြင်းနှင့် လူတန်းစားစိစစ်ရေးတို့ကို ပြုလုပ်ကြရ၏။ နောက်ဆုံးတွင် ရာသက်ပန် တော်လှန်ရေးသမားအဖြစ် အဓိဋ္ဌာန် ပြုခြင်းကို ရဲဘော်တဦးစီမှ ပြုလုပ်ကြရလေသည်။

ဤစတုတ္ထအဆင့်တွင် အဓိကအားဖြင့် ရန်သူအပေါ် မျဉ်းမပြတ်သော စည်းမခွဲသော အတွေးအခေါ်များကို အလေးအနက်စိစစ်၍ ဝေဖန်သုံးသပ်ကြရ၏။ ထို့နောက် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်၌ မိမိကိုယ်ကိုရာသက်ပန် တော်လှန်ရေးသမား တဦးအဖြစ် ပိုင်းဖြတ်ပြီးဖြစ်ကြောင်းကို အလေးအနက်သန္နိဋ္ဌာန်ပြုချက်များကို ချမှတ်ကြရလေသည်။

(၃) ဘဝဟာစ်တိုင်လှုပ်ရှားမှုမှ သစ္စာအဓိဋ္ဌာန်များ။

ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ စတုတ္ထအဆင့်ဖြစ်သော ရာသက်ပန်တော်လှန်ရေးသမားတဦးအဖြစ် အဓိဋ္ဌာန်ပြုပွဲ အခမ်းအနားကိုလည်း ဆက်လက်၍ ကျင်းပရလေသည်။

ထိုအချိန်၌ ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ ခန်းမဆောင်၏စင်မြင့်တွင် တူတံဇဉ်နှင့် ပစ္စည်းမဲ့အလံတော်ကို မြင့်မြင့်မားမားလွှင့်ထူ၍ထားရ၏။ ယင်းစင်မြင့်၏ ပတ်ဝန်းကျင်တွင် ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ ခေါင်းဆောင် အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာပါတီ၏ အကြီးအကဲများသည်လည်း ရှိနေကြရလေသည်။

ယင်းသို့ ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ခမ်းမဆောင်ကို တခမ်းတနားပြင်ဆင်ပြီးနောက် ရဲဘော်တဦးစီသည် မိမိတို့အသင့်ရေးယူလာသော သစ္စာအဓိဋ္ဌာန်များကို ပစ္စည်းမဲ့အလံတော်၏ရှေ့မှောက်တွင် ဖတ်ကြားရလေသည်။

> ''တော်လှန်တဲ့ ပါတီဥက္ကဋ္ဌကြီးနဲ့တကွ နိုင်ငံရေးဦးဆောင်အဖွဲ့ နယ်အသီးသီးက ခေါင်းဆောင်များ၊ ကေဒါများနဲ့ တပ်မတော်သား တပ်နီလူငယ်များနဲ့ အမျိုးသမီးများရှင့် —

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခင်လေးမြင့်၏ လက်ရေးမူ။



ဗဟိုစခန်း ဘဝဟစ်တိုင်လှုပ်ရှားမှုတွင် တောင်ငူခရိုင်မှ ဗဟိုစခန်း တပ်နီလူငယ် ခင်လေးမြင့် (ခ) မဝင်းမြင့်၏ သစ္စာအဓိဋ္ဌာန်မှုရှင်းလက်ရေးမူဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျမအနေနဲ့ ရန်သူကြီး(၃)ဦးနဲ့၊ ဒီရန်သူကြီး(၃)ဦးကို ကိုယ်စားပြုနေတဲ့ နေဝင်းကိုတိုက်ပြီး၊ကျမဟာရာသက်ပန် ပစ္စည်းမဲ့တော်လှန်ရေး သမားဘဝကို ခံယူသွားပါမယ်။ ကျမဟာ ရာသက်ပန် တော်လှန်ရေး သမားလုပ်မှ ကျမပါဝင်တဲ့ အဖိနှိပ်ခံပြည်သူတွေရဲ့ဘဝ လွတ်မြောက်မှာဖြစ်တယ်။ ကျမဟာ ရာသက်ပန် ပစ္စည်းမဲ့တော်လှန်ရေးသမားဘဝကို ခံယူရင်း ပစ္စည်းမဲ့ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ အခက်အခဲ အမျိုးမျိုးကို ကျော်လွှားပီး ကျမအသက်နဲ့ ခန္ဓာကိုယ်တည်သရွေ့ ပါတီဖက်ကရပ်တည်ပီး မာ့က်စ်လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ရဲ့ ခေါင်းဆောင်မှုအောက်မှာ ပြန်လည်ပြင်ဆင်ရေးဆန့်ကျင်တဲ့ တိုက်ပွဲတွင်လဲ အပြတ်သားဆုံးပါဝင်ပီး အဖေပင်ဖြစ်ပါစေ တိုက်မယ်။

မိမိခေါင်းထဲမှာ ပါတီအတွက် အကျိုးမရှိတဲ့ အတွေးအခေါ်ဝင်ရင်လဲတိုက်မယ်။ ဒီလိုနဲ့မာ့က်စ်လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ရဲ့ အကြွင်းမဲ့နဲ့ တိုက်ရိုက်ခေါင်းဆောင်မှုကိုခံယူတဲ့ ကြေးနန်းတပ်သား ကောင်းဖြစ်အောင် တည်ဆောက်သွားပါမယ်။

လက်တွေ့တိုက်ပွဲအတွင်းမှာလဲ (၄) မျိုးကောင်း တပ်သားဖြစ်အောင် လေ့ကျင့်မွေးမြူသွားပါမယ်။ ဒါကိုစိုက်ထူနိုင်ဖို့ဆိုရင် ဒါနဲ့ဆန့်ကျင်ဖက်ဖြစ်တဲ့ မသေရဲ မတိုက်ရဲ အနိုင်မယူရဲတဲ့ အတွေးအခေါ်တွေကိုတိုက်ပီး သေရဲ တိုက်ရဲ အနိုင်ယူရဲတဲ့ အတွေးအခေါ်ကို ခိုင်မာအောင် တဆင့်တိုးစိုက်ထူသွားပါမယ်။

နီလဲနီ ချွန်လဲချွန်တဲ့ ကြေးနန်းတပ်သားကောင်းဖြစ်အောင် တော်လှန်တဲ့ အတတ်ပညာသည်ကောင်းဖြစ်အောင် လက်တွေ့တိုက်ပွဲအတွင်းမှာ လေ့ကျင့်မွေးမြူသွားပါမယ်လို့ လေးလေး နက်နက် အဓိဋ္ဌာန်ပြုပါတယ်။

ကျမဟာ အထက်ကပြုခဲ့တဲ့ အဓိဋ္ဌာန်တွေနဲ့ ကိုက်ညီဘို့ဆိုရင် ဒီနေ့ဖော်ပြလေ့ရှိတဲ့ ကျမရဲ့ အားနည်းချက်တွေကိုလဲ တိုက်ရပါအုံးမယ်။ တဦးချင်းဆန်တာ၊ လစ်ဘရယ်ကျတာ၊ ပြဿနာတခုဖြစ်ရင် သူများနဲ့ မပါချင်တာ၊ အေးအေးနေချင်တာ။ ဒီအတွေးအခေါ်တွေ ကျမမှာ ဖော်ပြလေ့ရှိတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျမဟာ ပါတီနဲ့ပြည်သူကို အလုပ်အကျွေးပြုနိုင်ဖို့အတွက် ကြေးနန်းအတတ်ပညာကိုသင်မှာဖြစ်တယ်၊ ဒီလိုဆိုရင် ပါတီနဲ့ပြည်သူ့အတွက် အကျိုးမရှိတဲ့အတွေးအခေါ်တွေတိုက်ရမယ်၊ တိုက်သွားမယ်၊ ကျမဟာ ကိုယ်ကျိုးနဲ့ပတ်သက်လာရင် လုံးဝမြုပ်နှံသွားမယ်၊ အထူးသဖြင့် အိမ်ထောင်ရေးဖက်မှာဆိုရင် အသိရှိစွာနဲ့ လိုက်နာသွားမယ်။ ဒါလိုက်နာနိုင်ဖို့ဆိုရင် ပစ္စည်းမဲ့နိုင်ငံရေး အတွေးအခေါ် (တနည်း) အနီရောင်မပြောင်းအောင် တည်ဆောက်သွားပါမယ်ဟု လေးလေးနက်နက် သံမဏိသစ္စာအဓိဋ္ဌာန် ပြုပါသည်။

ကျမဟာ ရဲဘော်ကျော်ဟန်ရဲ့လမ်းအတိုင်း လိုက်နိုင်ဖို့ဆိုရင်—

(၁) ရာသက်ပန် တော်လှန်ရေးသမားဘဝကို ခံယူသွားပါမယ်။

(၂) ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ လုပ်ငန်းတာဝန်တွေကို ကျေပြွန်စွာ ထမ်းဆောင်သွားပါမယ်။

(၃) ၄-မျိုးကောင်း ပါတီတပ်သားဖြစ်အောင် တည်ဆောက်သွားပါမယ်။

(၄) နီလဲနီ၊ ချွန်လဲချွန်တဲ့ ကြေးနန်းတပ်သား ကောင်းဖြစ်အောင် တည်ဆောက်သွားပါမယ်။

(၅) ပါတီအတွက်လိုအပ်တဲ့ အကျိုးရှိတဲ့အတွက် လူမှုရေးဖက်မှာဆိုရင် အသိရှိစွာနဲ့ ထိန်းသိမ်း လိုက်နာသွားပါမယ်လို့ လေးလေးနက်နက် အဓိဋ္ဌာန်ပြုပါသည်။

စစ်နိုင်ရေး အာကာသိမ်းရေးသို့-

မဝင်းမြင့်

၎င်းသည်မှာ မဝင်းမြင့်၏ သစ္စာအဓိဋ္ဌာန်ပြုချက် စာတမ်းမူရင်းပင်ဖြစ်လေသည်။

မဝင်းမြင့်မှာ တောင်ငူမြို့မှ ဦးလေးအောင်-ဒေါ်တင်ရီတို့၏ သမီးကြီးဖြစ်သော ခင်လေးမြင့်ဖြစ်၏။ အသက်မှာ ၁၆-နှစ်ဖြစ်၏။ ၁၉၆၅-ခုနှစ်နောက်ပိုင်းတွင် တောခိုလာသူဖြစ်ပြီး၊ ၁၉၆၇-ခုနှစ် မတ်လတွင် ဗဟိုဌာနချုပ်သို့ရောက်ရှိလာခဲ့သူ ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက် ဗဟိုဌာနချုပ်ရုံး လုပ်သားဖြစ်သော ရဲဘော်မခင်ပုကလည်း ဤသို့ပင် သစ္စာအဓိဋ္ဌာန်ပြုလေသည်။

ချစ်ခင်လေးစားအပ်တဲ့ ဥက္ကဋ္ဌနှင့်တကွ တော်လှန်တဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့၊ တော်လှန်တဲ့ နယ်ခေါင်းဆောင်များ၊ တော်လှန်တဲ့ တပ်မတော်သားများ၊ တော်လှန်တဲ့ တပ်နီလူငယ်အမျိုးသမီးများရှင် —

ကျမဟာ ပါတီရဲ့ရှေ့မှောက်မှာ အရောင်မပြောင်းတဲ့ အလံနီရဲ့ရှေ့မှောက်၊ ချစ်ခင်လေးစားတဲ့ ဥက္ကဋ္ဌကြီးရဲ့ရှေ့မှောက်မှာ ကျမတည်ကြည်စွာ သစ္စာအဓိဋ္ဌာန်ပြုပါမယ်။

၁။ ကျမရဲ့ဘဝ၊ မိဘပြည်သူတွေရဲ့ဘဝထဲက ရန်သူကြီး(၃)ဦး၊ စနစ်ကြီး(၃)ခုကိုအကာအကွယ်ပေးထားတဲ့ နေဝင်းကိုတိုက်ခိုက်ပြီး၊ အခက်အခဲမှန်သမျှကို ကျော်နင်းပြီး ရာသက်ပန် ပစ္စည်းမဲ့ တော်လှန်ရေးသမားကောင်းဖြစ်အောင် ကြိုးစားသွားပါမယ်၊ ပစ္စည်းမဲ့အလံနီကြီးရဲ့ရှေ့မှောက်မှာ လေးနက်တည်ကြည်စွာ သန္နိဋ္ဌာန်ချပါတယ်။ ကျမဟာ ပစ္စည်းမဲ့ ရာသက်ပန် တော်လှန်ရေးသမားကောင်းဘဝနဲ့ အသက်ခန္ဓာကိုတည်မြဲသမျှ ဒီရန်သူကြီး(၃)ဦးကို တိုက်ခိုက်သွားမယ်လို့ သစ္စာအဓိဋ္ဌာန်ပြုတယ်။

၂။ ပစ္စည်းမဲ့ရာသက်ပန်တော်လှန်ရေး သမားကောင်းဖြစ်ဖို့ ကျမရဲ့ အတွေးအခေါ် လုပ်ဟန် ပြုမူ လှုပ်ရှားမှုမှန်သမျှကို ပစ္စည်းမဲ့ပါတီအတွက် ဖြစ်စေရမယ်၊ ပါတီရဲ့အကြွင်းမဲ့နဲ့တိုက်ရိုက်ခေါင်းဆောင်မှုကို နာခံသွားပါမယ်၊ တော်လှန်တဲ့ဥက္ကဋ္ဌကြီးနှင့် တော်လှန်တဲ့ဗဟိုကော်မတီများ၊ တော်လှန်တဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ကိုကျမသစ္စာရှိစွာဝိုင်းရံသွားပါမယ်လို့ ခိုင်မြဲတဲ့သစ္စာအဓိဋ္ဌာန်ပြုတယ်။

၃။ မိမိကိုယ်ကို(၄)မျိုးကောင်းဖြစ်အောင်ဆိုရင် သေရဲ တိုက်ရဲအနိုင်ယူရဲတဲ့စိတ်ကို စွဲစွဲမြဲမြဲစိုက်ထူသွားပါမယ်၊စည်းလုံးညီညွတ်အောင်လဲ စိုက်ထူသွားပါမယ်၊ ပါတီရဲ့ စည်းကမ်းတွေကိုလဲ တသွေမတိမ်းတည်ဆောက်သွားပါမယ် တည်ကြည်စွာ သစ္စာအဓိဋ္ဌာန်ပြုတယ်။

၄။ နီလဲနီ ချွန်လဲ ချွန်တဲ့ ကျမဟာ ရုံးတပ်သားကောင်းဖြစ်အောင် ကြိုးစားသွားမယ်ဆိုတဲ့ နေရာမှာ ကိုယ်ကျိုးအတွက် မဟုတ်ပဲ

မခင်ပု(ခ)မလှကြည်၏ လက်ရေးမူ



ဗဟိုစခန်း ဘ၀ဟာ်တိုင်လှုပ်ရှားမှုတွင် သာယာဝတီခရိုင်မှ ဗဟိုစခန်း၏တော်လှန်သော အမျိုးသမီးအဖွဲ့ဝင် ရဲဘော်မခင်ပု (ခ)မလှကြည်၏ သစ္စာအဓိဋ္ဌာန် မူရင်းလက်ရေးမူဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီအကျိုးအတွက် ဖြစ်စေရမယ်။ ပစ္စည်းမဲ့ တော်လှန်ရေးသမား တယောက်ဖြစ်အောင် ကြိုးစားသွားမယ်လို့ သစ္စာအဓိဋ္ဌာန်ပြုပါတယ်၊ ကျမရဲ့ သန္နိဋ္ဌာန်ချချက်တွေကို အကောင်အထည်ဖော်ဖို့ဆိုရင် ကျမ ခေါင်းထဲက ကိုယ်ကျိုးဖြစ်တဲ့ အိမ်ထောင်ရေးစဉ်းစားချက်မှန်သမျှကို ပါတီအကျိုးအောက်မှာ ကိုယ်ကျိုးကို မြှုပ်နှံသွားမယ်။

၅။ ရန်သူကြီး(၃)ဦး၊ စနစ်ကြီး(၃)ခု ကျမအနေနဲ့ ကျေပြွန်းအောင် တိုက်ခိုက်သွားမယ်လို့ နောက်ဆုံး တည်ကြည်စွာ သစ္စာ အဓိဋ္ဌာန်ပြုတယ်။

စစ်နိုင်ငံရေး အာဏာသိမ်းရေးအတွက်
အဓလေးနဲ့ဖြင့်
ရဲဘော်မခင်ပု (ခေါ်) ရဲဘော်မလှကြည်

ရဲဘော်မခင်ပုမှာ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အင်းမတန်းရွာမှ ဦးတင်မောင် (ခေါ်)ဦးနုနှင့် ဒေါ်သန်းကြည်တို့၏ သမီးကြီးဖြစ်၏။ ၁၉၆၆-ခုနှစ်တွင် တောခိုလာခဲ့သူဖြစ်၏။ ၁၉၆၇-ခုနှစ်၊ ဧပြီလအတွင်းတွင် ဗဟိုဌာနချုပ်ရုံးသို့ သာယာဝတီခရိုင်မှ ခေါ်ယူထားသူဖြစ်လေသည်။

ထို့နောက် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်ရုံးအုပ်ဖြစ်သော ဗိုကင်းပြန်ရဲဘော်ညိုကလည်း ဤသို့ပင် သစ္စာအဓိဋ္ဌာန်ပြုသွားလေသည်။

"ကြည်ညိုလေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးသခင်သန်းထွန်းနဲ့ တော်လှန်တဲ့နိုင်ငံရေးဦးဆောင်အဖွဲ့၊ တော်လှန်တဲ့ဗဟိုကော်မတီအဖွဲ့၊ တော်လှန်သောခေါင်းဆောင်များခင်ဗျား....၊ တော်လှန်သောလူငယ်အမျိုးသမီးများနဲ့ ရဲဘော်များခင်ဗျား....

ကျနော့အနေနဲ့ လက်ရှိ ဘဝတစ်တိုင် လှုပ်ရှားမှုမှာ ပါဝင်ရပြီး၊ ရဲဘော်-ရဲဘော်မတွေရဲ့ ဘဝနာကြည်းချက်တွေ၊ စွဲချက်တင်တာကို နားထောင်ရတဲ့အခါမှာ ကျနော်ဟာ မျက်ရည်မဆည်နိုင်လောက်အောင် ရင်နင့် ကြေကွဲရရုံမက၊ ချုပ်တည်းမရနိုင်အောင် ဒေါသထွက်ခဲ့ခြင်း ခံခဲ့ရပါတယ်။ ကျနော်တို့ ဗမာပြည် လုပ်သားပြည်သူ တရပ်လုံးရဲ့ ရန်သူကြီး(၃)ဦးနဲ့ တကွ၊ ဒီစနစ်ကြီး(၃)ခုကို ကိုယ်စားပြုတဲ့ အုပ်စိုးသူ လူတန်းစား နေဝင်းစစ်အစိုးရအပေါ် ခါးခါးသီးသီးမုန်းတီးပြီး ပြတ်ပြတ်သားသား တိုက်ပွဲဝင်ဖို့အတွက် ကျနော့မှာ သေရဲ၊ တိုက်ရဲ၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုကင်းမြန် ရဲဘော်ညို၏ လက်ရေးမူ



ဗဟိုစခန်း ဘဝဟစ်တိုင်လှုပ်ရှားမှုတွင် ဗိုကင်းမြန် ရဲဘော် ထွန်းရှိန် (ခ) ဗေမြင်း (ခ) ကျော်သူ၏ သစ္စာအဓိဋ္ဌာန် မူရင်း လက်ရေးမူ ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အနိုင်ယူရဲတဲ့ စိတ်ဓာတ်များ မြင့်တက်လာပါတယ်။ ကျနော်က အဖိနှိပ်ခံ၊ သွေးစုတ်ခံ လုပ်သားပြည်သူတွေအပေါ် လူတန်းစားချစ်ကြည်စိတ်၊ လူတန်းစားစာနာစိတ်များ၊ ဆတန်ပိုးတိုးများလာပြီး လုပ်သားပြည်သူတွေရဲ့ တကယ့် ဘဝလွတ်မြောက်ရေးအတွက် ဒီရန်သူကြီး (၃)ဦးနဲ့ အုပ်စိုးသူနေ့ဝင်းစစ်အစိုးရကို လုံးဝပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်းပစ်ရမယ်ဆိုတာ ပိုမြင်လာပါတယ်။ ဗမာပြည်မှာ နယ်ချဲ့အရင်းရှင်စနစ်မရှိတဲ့ သွေးစုတ်မှုစနစ် မရှိတဲ့၊ လူတန်းစား ခွဲခြားမှုမရှိတဲ့ လူ့လောကသစ်၊ ကွန်မြူနစ်လူ့အဖွဲ့အစည်း တည်ဆောက်သွားရမယ်ဆိုတာ ပိုမြင်လာပါတယ်။ ဒီတော်လှန်ရေး အရေးတော်ပုံကြီးအတွက် သက်စွန့်ကြိုးပမ်းသွားဖို့ ယုံကြည်ချက်လည်း ပိုမြင့်မား ခိုင်မြဲလာပါတယ်။

ဒါကြောင့်မို့ ကျွန်တော်ဟာ ကြည်ညိုလေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းနဲ့ ပါတီရဲ့ရှေ့မှောက်မှာ လုပ်သားပြည်သူတွေရဲ့ရှေ့မှောက်မှာ အောက်ပါအတိုင်း လေးနက်တည်ကြည်စွာဖြင့် သန္နိဋ္ဌာန်ပြုလိုက်ပါတယ်။

မောင်ညို

ဤသည်မှာ ပီကင်းပြန်ရဲဘော်ညို၏ သစ္စာအဓိဋ္ဌာန်ဖြစ်၏။ ရဲဘော်မောင်ညိုသည် တောင်ငူခရိုင် ဖြူးမြို့မှဖြစ်ပြီး ဒေါ်အေးမေ၏သားဖြစ်၏။ နာမည်ရင်းမှာ မောင်တင်ထွေးဖြစ်၏။ ၁၉၅၀-ခုနှစ်တွင် တရုပ်ပြည်သို့သဘောတရားရေးသင်တန်းများကို တက်ရောက်ရန်အတွက် စေလွှတ်ခြင်းခံခဲ့ရသူဖြစ်၏။ ၁၉၆၃-ခုနှစ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလတွင် ဗမာပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

(၁၉၆၇-ခုနှစ်၊ ဧပြီလ(၂၇)ရက်နေ့တွင် ရဲဘော်ဌေး၊ ရဲဘော်ဘတင်(ဂိုရှယ်)နှင့်ရဲဘော်ဘခက်တို့အား အရေးယူပြီးနောက် ရဲဘော်ညိုအား တော်လှန်သော ဗဟိုဌာနချုပ်ရုံးအုပ်နှင့် တော်လှန်သော ဗဟိုဌာနချုပ်စခန်း ပါတီကော်မတီအဖြစ်ပေးအပ်ခြင်းခံရသူ ဖြစ်လေသည်။

ထို့နောက် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှ “မြေအောက်လျှို့ဝှက်ရေးအထူးအဖွဲ့မှအဖွဲ့ဝင်ဖြစ်သော ရဲဘော်ထွန်းမြင့်(ခေါ်)ထွန်းမောင်ကလည်း ဤသို့ပင်လေးနက်သော သစ္စာအဓိဋ္ဌာန်ကို ပြုသွားလေသည်။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရာသက်ပန်ပစ္စည်းမဲ့တော်လှန်ရေးသမားအဖြစ် လေ့ကျင့်မွေးမြူရန်အမိဋ္ဌာန်ပြုချက်။

(၁)

ချစ်ခင်လေးစားအပ်သော—

တော်လှန်သော ဗဟိုကော်မတီ ဥက္ကဋ္ဌ ရဲဘော်သခင်သန်းထွန်းနဲ့ တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များခင်ဗျား။ တော်လှန်သော ဗဟိုကော်မတီများ၊ ကေဒါများ၊ ပါတီဝင်များ၊ တပ်မတော်သားများ၊ လူငယ်များနဲ့အမျိုးသမီးများ၊ ကျေးရွာကာရင်လူမျိုးစုများ ခင်ဗျား။

ဒီကနေ့ ၁၉၆၈-ခုနှစ်၊ မတ်လ(၅)ရက်နေ့ ဒီသန္နိဋ္ဌာန်ပြုပွဲအခမ်းအနားမှာ ပစ္စည်းမဲ့အောင်လံနိနဲ့ ဥက္ကဋ္ဌကြီးရဲ့ရှေ့မှာ ကျွန်တော့်အနေနဲ့ ရာသက်ပန် ပစ္စည်းမဲ့တော်လှန်ရေးသမား တယောက်အဖြစ် လေ့ကျင့် မွေးမြူသွားပါမယ်လို့ သန္နိဋ္ဌာန်ချမှတ်ဖို့ ဖြစ်ပါတယ်။ ဒီအခမ်းအနား ကျင်းပတဲ့နေရာနဲ့ ပတ်ဝန်းကျင်ကာလဟာ အင်မတန်မှ သမိုင်းရေး အဓိပ္ပာယ်လေးနက်တဲ့ နေရာနဲ့ကာလ ဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်းဘဲ၊ ပါတီနဲ့ တော်လှန်စစ်ရဲ့ သမိုင်းမှာ အလှည့်အပြောင်းကာလဖြစ်တဲ့ ရန်သူရဲ့ဖောက်ပြန်တဲ့ ထိုးစစ်များကို ပါတီရဲ့ တော်လှန်တဲ့ ထိုးစစ်များနဲ့ တုန့်ပြန်ရိုက်ချိုးနေချိန် ဖြစ်လို့ပါဘဲ။ ဒါကြောင့် ဒီနေ့ကို ကျွန်တော်ဘယ်တော့မှ မမေ့ပါ။

(၂)

ကျနော်ရဲ့ သန္နိဋ္ဌာန်ချမှတ်မှုကိုမပြုမီ ဤသန္နိဋ္ဌာန်ပြုပွဲမှာ ပါဝင်လာရခြင်းကို အနည်းငယ်မျှ အစီရင်ခံလိုပါတယ်။

ယခု ဖြတ်သန်းလာခဲ့ပြီးဖြစ်တဲ့ ကျွန်တော်တို့ဗဟိုစခန်းရဲ့ ဒုတိယအကြိမ်မြောက်ဘဝဟစ်တိုင်လှုပ်ရှားမှုမှာကျွန်တော်အပါအဝင်ရဲဘော်အချို့ အမျိုးသမီးအချို့ကို ဝါဒဖြန့်ချိသူများ အဖြစ် ပါတီကတာဝန်ပေးအပ်ခဲ့ပါတယ်။ကျွန်တော်တို့ဟာပေးအပ်တဲ့တာဝန်ကိုထမ်းဆောင်ရင်း အားလုံးသော ရဲဘော်များ ပြည်သူများနဲ့ အတူစနစ်ကြီး (၃)ခု၊ ရန်သူကြီး (၃)ကောင်၊ ဤစနစ် ဤရန်သူများကို ကိုယ်စားပြုထားတဲ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နေဝင်းအစိုးရအပေါ် တဆင့်တိုး၍ မုန်းတီးလာပါတယ်။ ဤမုန်းတီးမှုရဲ့ အကျိုးဆက်အားဖြင့် နေဝင်းအစိုးရနဲ့ စနစ်ဟောင်းမှန်သမျှကို တွန်းလှန်ဖို့ချပြီး သာယာလှပတဲ့ကွန်မြူနစ်လောကကိုပြည်တွင်းမှာသာမက လူ့လောကတရပ်လုံးကိုပါ ထူထောင်လိုစိတ်ဟာ တဆင့်တိုးပွားလာခဲ့ရပါတယ်။ ဤကဲ့သို့ တဆင့်တိုး တိုက်ပွဲဝင်ရန် ဆိုပါကလည်း ကျွန်တော့်တွင်ရှိနေသော အရင်းရှင်လူတန်းစား အတွေးအခေါ်နဲ့ လုပ်ရပ်များ ပြန်လည်ပြင်ဆင်ရေး အတွေးအခေါ်နဲ့ လုပ်ရပ်များ ၅၅-လမ်းစဉ်အတွေးအခေါ်နဲ့ လုပ်ရပ်များကို တိုက်ဖျက်ချေမှုန်းရန်လိုမည်ဟု ယူဆပါတယ်။ဤယူဆချက်အရဘဲ ကျွန်တော်ဟာ(၃)မျိုးဆန်းစစ်၊ (၃) မျိုးစိုက်ထူလှုပ်ရှားမှုထဲမှာ ကျွန်တော့်သဘောဆန္ဒအလျောက်ပါဝင်ခဲ့ပါတယ်။ ဒါကြောင့်လဲဘဲ၊ ယခုသန္နိဋ္ဌာန် ချမှတ်ရာမှာ ပါဝင်လာခြင်း ဖြစ်ပါတယ်။

(၃)

ဥက္ကဋ္ဌ သခင်သန်းထွန်းနဲ့ ရဲဘော်များ အမျိုးသမီးများခင်ဗျား။ ကျနော်ဟာ ရာသက်ပန် ပစ္စည်းမဲ့တော်လှန်ရေး သမားတယောက်အဖြစ် လေ့ကျင့်မွေးမြူသွားမယ်လို့ လေးနက်တည်ကြည်စွာ အဓိဋ္ဌာန်ပြုပါတယ်။ ကျနော့် အနေနဲ့ စီစစ်ရေးလှုပ်ရှားမှုမှာပါတဲ့အခါ ယခင်ယခင်က စီစစ်ခဲ့ချက်များကို တဆင့်တိုးပြီး ခွဲခြမ်း စိပ်ဖြာစီစစ်ခဲ့၊ထပ်မံပေါ်ပေါက်လာသော စီစစ်စရာများကို ထပ်ဖြည့်စီစစ်ခဲ့ပါတယ်။ ယခုလဲ သန္နိဋ္ဌာန်ချမှတ်ရာမှာ ယခင်က ချမှတ်မှုများကို ခိုင်မာအောင် တဆင့်တိုး ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ အသက်ရှင်နေရခြင်းသည် ပြည်သူ့အတွက် အသက်သေရခြင်းသည်လည်း ပြည်သူ့ အတွက်သာ ဖြစ်စေရပါမယ်။

ကျွန်တော်ဟာရာသက်ပန် ပစ္စည်းမဲ့တော်လှန်ရေးသမားတယောက် အဖြစ် လေ့ကျင့် မွေးမြူသွားရန်ဆိုပါက—

(၁) ကျွန်တော့် အတွေးအခေါ်နဲ့ လုပ်ရပ်များအားလုံး ပါတီရဲ့ အကြွင်းမဲ့ တိုက်ရိုက်ခေါင်းဆောင်မှုကို ခံယူသွားရမယ်။ ခံယူသွားမယ်လို့ ကျွန်တော် ကတိပေးအပ်ပါတယ်။

(၂) ရန်သူအပေါ်ရှင်းလင်းပြတ်သား ရေရှည်ဇွဲနဘဲနဲ့လုပ် စည်းရုံးရေးစည်းကမ်းလဲကောင်းပြီး အများနဲ့စည်းလုံး ညီညွတ်စွာနဲ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းမြင့်(ခ)ခင်ရွှေ၏ လက်ရေးမူ

ဗဟိုစခန်း ဘဝဟာစ်တိုင် လှုပ်ရှားမှုတွင် ရဲဘော် ထွန်းမြင့် (ခ)ခင်ရွှေ(အမှုထမ်းပေါင်းစုံ အဖွဲ့ချုပ်မှ တောခိုသူ)၏ အဓိဋ္ဌာန် မူရင်းလက်ရေးမူ ဖြစ်ပါသည်။



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နေ့ထိုင် လုပ်ကိုင်နိုင်တဲ့ (၄) မျိုးကောင်း တပ်သားဖြစ်အောင် လုပ်သွားရမယ်။ လုပ်သွားမယ်လို့ ကျွန်တော် ကတိပေးအပ်ပါတယ်။

(၃) ကျွန်တော်ဟာ ဗဟိုရုံးရဲ့ ရုံးအလုပ်သမား တယောက်ဖြစ်ပါတယ်။ ကျွန်တော့တာဝန်ကျရာရုံးလုပ်ငန်းများကိုလည်း တော်လှန်တဲ့လုပ်ဟန်နဲ့ နှီးလဲနှီးပြီး ချွန်လဲချွန်အောင် ပြုလုပ်သွားပါမယ်လို့ ကတိပေးအပ်ပါတယ်။

(၄) အထက်ပါအများဆိုင်ရာကတိပြုချက်များသာမက ကျွန်တော့တွင်သီးခြားကိုယ်ပိုင်အားနည်းချက်များကိုလည်းအလေးထားပြုပြင်သွားပါမယ်လို့လဲ တင်ပြပါတယ်။ ကျွန်တော့မှာရှိနေတဲ့ အားနည်းချက်များဟာ ယခင်အခါများထက် နှိုင်းယှဉ် ပါက လျော့ပါးစ ပြုလာစေကာမူ ဆက်လက်ပြီးချေမှုန်းသွားရဦးမယ်လို့ ယူဆပါတယ်။ ကျွန်တော့တွင် ရှိနေသော အားနည်းချက်များအနက်ပေါ်လွင်ထင်ရှားပြီးဂွင်းဆက်ကျတဲ့အားနည်းချက်မှာ "ငါတော် ငါတတ် ငါသာအလားအလာရှိ" သည်ဟု ယူဆသော တဦးချင်းဝါဒ မာန်မာနဖြစ်ပါတယ်။ ဒါဟာတနည်းအားဖြင့် ကိုယ်ကျိုးကြည့်ဝါဒလဲ ဖြစ်ပါတယ်။ ဒါကိုမပြုပြင်ပါက သေရဲတိုက်ရဲ အနိုင်ယူရဲသူမဖြစ်နိုင်ပါ။

ကွန်မြူနစ်တယောက်အနေနဲ့ ငါကစတင်ရမည့်နေရာမှာ ၂-ခုသာရှိတယ်လို့ ကျွန်တော်ယူဆပါတယ်။ တခုကတော့ အနစ်နာခံစရာရှိပါက ငါသာ အနစ်နာခံပြီး အခြားတခုကတော့ မှားယွင်းတိမ်းစောင်းချွတ်ချော်မှုများ ပေါ်ပေါက်လာပါက အမှားရဲ့ဇာစ်မြစ်စတင်ရှာဖွေရမည့်နေရာမှာ ငါသာဖြစ်ခြင်းပါဘဲ။ ကျွန်တော့အနေနဲ့ ဒီလိုမှန်ကန်တဲ့ ကြည့်မြင်နည်းကို ကြည့်မြင်မှုများမှာ အားနည်းနေပါသေးတယ်။ ဒါကိုအသိရှိရှိ အလေးထားပီး ပြုပြင်သွားပါမယ်လို့လဲ ကတိပေးအပ်ပါတယ်။

(၄)

အထက်ပါအမိန့်ဌာန်ချချက်များကို စုစည်းပြီးဖော်ပြပါမယ်။

ဥက္ကဌရဲဘော်သခင်သန်းထွန်းနဲ့ အားလုံးသောရဲဘော်များ အမျိုးသမီးများခင်ဗျား။ ဒီကနေ့အခြေအနေဟာ ကျွန်တော်တို့အတွက် ကျွန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော့အတွက် လေ့ကျင့်မွေးမြူရန် အကောင်းဆုံးသော အခြေအနေဟု ယူဆပါတယ်။ဤယူဆချက်အတိုင်းပဲ ဥက္ကဋ္ဌနဲ့ ပါတီက ညွှန်ပြထားတဲ့ ရန်သူရဲ့ ထိုးစစ်များကို ထိုးစစ်နဲ့ တုန့်ပြန်ရင်း မိမိကိုယ်ကိုယ် လေ့ကျင့်မွေးမြူနေပါတယ်။

အစဉ်သဖြင့်လည်း ကျွန်တော်ဟာ မော်စီတုန်း အတွေးအခေါ်ကို လုပ်ငန်းအရပ်ရပ်ရဲ့ လမ်းညွှန်အဖြစ် ခံယူထားနိုင်ပြီဖြစ်တဲ့ ကြီးမြတ်တဲ့ ပါတီနဲ့ ပါတီရဲ့ စုစည်းဖော်ပြရာ ပြယုဂ်ဖြစ်သော ချစ်ခင်လေးစားအပ်တဲ့ ပါတီဥက္ကဋ္ဌရဲ့ ညွှန်ပြချက်နဲ့ ဆုံးဖြတ်ချက်များကို ဂရုပြုအလေးထား လေ့လာသွားပါမယ်၊ ခံယူသွားပါမယ်။ပါတီနဲ့ ဥက္ကဋ္ဌရဲ့ စကားကို နားထောင်သွားပါမယ်၊ ပါတီနဲ့ ဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာလုပ်သွားပါမယ်။ ဒီလိုလုပ်မှသာ ရာသက်ပန်ပစ္စည်းမဲ့တော်လှန်ရေးသမား ဖြစ်နိုင်မယ် ယူဆပါတယ်၊ ဖြစ်နိုင်အောင်လဲ လေ့ကျင့်မွေးမြူသွားပါမယ်လို့ နောက်ဆုံး အလေးအနက် ကတိပေးအပ်ပါတယ်၊ နေ့စဉ်နေ့ထိုင်မှုမှအစ တိုက်ပွဲကြီး (၃) ရပ်အတွင်းမှာ လေ့ကျင့်မွေးမြူသွားပါမယ်၊တိုက်ပွဲမှာ ပျော်မွေ့ပါမယ်။

+ ၅၅-ပြန်လည်ပြင်ဆင်ရေးဝါဒ မုချကျဆုံးမည်။
+ ၆၄-မာ့က်စ်လီနင်ဝါဒ မော်စီတုန်း အတွေး အခေါ် မုချ အောင်ပွဲ ခံရမည်။
+ နေဝင်းနဲ့တကွ ဖောက်ပြန်ရေးသမားများ လုံးဝကျဆုံးရမည်။
+ ဗမာပြည် ကွန်မြူနစ်ပါတီ လုံးဝအောင်ပွဲခံရမည်။
+ ကမ္ဘာတဝှမ်းလုံးမှာ ပစ္စည်းမဲ့အာဏာရှင်စနစ် အောင်လံနီ လွှင့်ထူနိုင်ရမည်။
+ ဥက္ကဋ္ဌကြီး မော်-ဥက္ကဋ္ဌ ရဲဘော်သခင်သန်းထွန်းနှင့်တကွ တော်လှန်သူအားလုံး သက်တော်ရှည်ပါစေ။

ရဲဘော်-ထွန်းမြင့်

ဤသည်မှာ ရဲဘော်ထွန်းမြင့် (ခေါ်) ထွန်းမောင်၏ သစ္စာအဓိဋ္ဌာန်ပြုချက် ဖြစ်၏။ ရဲဘော်ထွန်းမြင့်သည် ၁၉၆၀-ခုနှစ်တွင် ထောင်မှ လွတ်မြောက်ခဲ့ပြီး နောက် ဗမာပြည် ကွန်မြူနစ်ပါတီ၏ မြေအောက်လုပ်ငန်းများကို ရန်ကုန်တွင် လုပ်ဆောင်ခဲ့သူဖြစ်၏။ ၁၉၆၂-၆၃-၆၄ ခုနှစ်တွင် ရန်ကုန်မြို့တွင် မြေအောက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆက်သွယ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်၏။ ၁၉၆၄-ခုနှစ်တွင် ဗဟို ဌာနချုပ်သို့ ဗဟိုကော်မတီဟောင်း ဗိုလ်မှူးချစ်ကောင်းနှင့်အတူ တောခို၍လာ ခဲ့သူဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် ပါတီကော်မတီ အတွင်းရေးမှူးနှင့် ဗဟိုဆေးကျောင်းတာဝန်ခံဖြစ်သော ပီကင်းပြန် ရဲဘော် ထွန်းရှိန်(ခေါ်)ဖေငြိမ်း၏ သစ္စာအဓိဋ္ဌာန်ပြုချက်ပင်ဖြစ်လေသည်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ တော်လှန်တဲ့နိုင်ငံရေး ဦးဆောင်အဖွဲ့၊ တော်လှန်တဲ့ကေဒါများ၊ တော်လှန်တဲ့ တပ်မတော်သားများ၊ တော်လှန်တဲ့အမျိုးသမီးများနဲ့၊ တပ်နီလူငယ်များရှေ့မှာ အဓိဋ္ဌာန်ပြုချက်။

ကျွန်တော်ဟာ တခုတည်းသော မာ့က်လီနင်ဝါဒပါတီဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ ဗမာပြည်သူတွေရဲ့ ဘဝလွတ်မြောက်ရေးအတွက် တော်လှန်တိုက်ခိုက်နေတဲ့ ပြည်သူ့တပ်မတော်သား တယောက်ဖြစ်ပါတယ်။

တချိန်ထဲမှာ ကြီးမြတ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပါတီဝင်တယောက်လဲဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့အဓိဋ္ဌာန်ပြုပွဲမှာ ပါတီအကျိုး တော်လှန်ရေးအကျိုးနဲ့ ပြည်သူလူထုအကျိုးကို ကျွန်တော်သေသည်အထိ အကောင်းဆုံး ထမ်းဆောင်နိုင်တဲ့ ပြည်သူ့တပ်မတော်သားကောင်း ပါတီဝင်ကောင်းတယောက်ဖြစ်ဖို့ အောက်ပါအတိုင်း အဓိဋ္ဌာန် ပြုလိုပါတယ်။

(၁) ကျွန်တော်တို့ပြည်သူတွေဟာ နယ်ချဲ့စနစ် ပဒေသရာဇ် မြေရှင်စနစ်နဲ့ ဗျူရိုကရက် အရင်းရှင် စနစ်ဆိုတဲ့ ရန်သူကြီး (၃)ဦးရှိနေသ၍ သူတို့ရဲ့ဘဝလွတ်မြောက်ရေးမရနိုင်ဘူး။ ဒါကြောင့်ကျွန်တော်အနေနဲ့ ဒီရန်သူကြီး (၃)ဦးကို မပြုတ်မချင်း ကျွန်တော် သေသည်အထိ တော်လှန်တိုက်ခိုက်တဲ့ သေရဲတိုက်ရဲ အနိုင်ယူရဲတဲ့ ရာသက်ပန်တော်လှန်ရေးသမားဖြစ်အောင် အစွမ်းကုန် ကြိုးပမ်းသွားမယ်လို့ အဓိဋ္ဌာန်ပြုပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပီကင်းပြန် ရဲဘော်ထွန်းရှိန် (ခ) ပေဒြိမ်း၏ လက်ရေးမူ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဗဟိုစခန်း ဘဝဟာစ်တိုင်လှုပ်ရှားမှုတွင် ဗိုကင်းပြန် ရဲဘော်ညို၏ သစ္စာအဓိဋ္ဌာန် မူရင်းလက်ရေးမူဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ဓိစနစ်ကြီး (၃)ခုကို ဓိနေ့ကိုယ်စားပြုနေတာကတော့ ဖက်ဆစ် နေဝင်းအစိုးရပဲဖြစ်တယ်။ ဒါကြောင့် ဖက်ဆစ်နေဝင်းဆိုတဲ့ သွေးစုတ်ကောင် လူသတ်ကောင် ခေါးပြကောင် မုဒိမ်းကောင်ကြီးကို ကျွန်တော့အသက်ပေးပြီး အပြုတ်တိုက်သွားမယ်လို့ အဓိဋ္ဌာန်ပြုပါတယ်။

(၃) ကျွန်တော်ဟာ ပြည်သူတွေဘဝ လွတ်မြောက်ရေးအတွက် ရန်သူကြီး(၃)ဦးကို အပြုတ်တိုက်ဖို့ဆိုရင် ပါတီရဲ့ အကြွင်းမဲ့နဲ့ တိုက်ရိုက်ခေါင်းဆောင်မှုကို လုံးဝခံယူရမှာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်အနေနဲ့ ပါတီခေါင်းဆောင်မှုကို ထာဝစဉ်အကြွင်းမဲ့ခံယူသွားမယ်လို့ အဓိဋ္ဌာန်ပြုပါတယ်၊ ပါတီရဲ့အကြွင်းမဲ့နဲ့ တိုက်ရိုက်ခေါင်းဆောင်မှုဆိုတာ ၆၄-၆၅-၆၆-၆၇ ဆုံးဖြတ်ချက်တွေကို ဆိုတာဖြစ်တယ်။

(၄) ဖက်ဆစ် နေဝင်းအစိုးရ ကိုယ်စားပြုနေတဲ့ ရန်သူကြီး (၃) ဦးကို အနိုင်တိုက်ဖို့ဆိုရင် ကျွန်တော်ဟာ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း ညွှန်ပြတဲ့ နိုင်ငံရေးလဲကောင်း၊ ဇွဲသတ္တိလဲကောင်း၊ စည်းကမ်းလိုက်နာမှုလဲကောင်း၊ စည်းလုံးမှုလဲကောင်းတဲ့ (၄)မျိုးကောင်း တပ်မတော်သားတယောက်မုချဖြစ်ရပါမယ်။ ဒါကြောင့် ဒီ(၄)မျိုးကောင်း တပ်မတော်သားတယောက်ဖြစ်ဖို့ ကျားကုပ်ကျားခဲ ကြိုးစားသွားမယ်လို့ အဓိဋ္ဌာန်ပြုပါတယ်။

(၅) ရန်သူကြီး ၃-ဦးနဲ့ဖက်ဆစ်နေဝင်းကို အပြုတ်တိုက်ရင်းနဲ့ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေးဖြစ်တဲ့ပြန်ပြင်ရေးတစ်ဖြစ်တဲ့ ၅၅-လမ်းစဉ်ကိုအသက်ပေးချေမှုန်းသွားပါမယ်။ ၆၄-လမ်းစဉ်ကို အသက်ပေးကာကွယ်သွားပါမယ်လို့ အဓိဋ္ဌာန်ပြုပါတယ်။

(၆) ဥက္ကဋ္ဌကြီး သခင်သန်းထွန်းအမှူးပြုတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်မှုအောက်မှာ ၆၄-လမ်းစဉ်အတိုင်း မော်စီတုန်းအတွေးအခေါ်ကို ဦးထိပ်ထားပြီး၊ အခု တော်လှန်ရေးအောင်ပွဲခံပြီးနောက် ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်ထိ အဆုံးတိုင်ချီတက်ပါမယ်လို့ နောက်ဆုံးအဓိဋ္ဌာန်ပြုပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

* ငါတို့တော်လှန်ရေးမှချအောင်ရမယ်၊
* ဖက်ဆစ်နေဝင်းအစိုးရ မုချကျဆုံးရမယ်။
* မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်မုချအောင်ရမယ်။
* ပြန်ပြင်ရေးဝါဒ၊ မုချကျဆုံးရမယ်။
* ဥက္ကဋ္ဌကြီး သခင်သန်းထွန်းသက်တော် ရှည်ပါစေ။
* ဥက္ကဋ္ဌကြီးမော် သက်တော်ရှည်ပါစေ။

(ပုံ) ဖေငြိမ်း

ရဲဘော်ထွန်းရှိန်(ခေါ်)ဖေငြိမ်းသည် ၁၉၄၀-ခုနှစ်တွင် အိန္ဒိယပြည် ကာလကတ္တားဆေးတက္ကသိုလ်တွင် နောက်ဆုံးနှစ်ဆေးသင်တန်းကို တက်နေစဉ်၌ ဗမာပြည်ကွန်မြူနစ်ပါတီ၏တာဝန်ပေးချက်အရ ကမ္ဘာ့ကျောင်းသားများအဖွဲ့ချုပ်(အိုင်ယူအက်စ်)သို့သွားရောက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကိုယ်စားလှယ်အဖြစ် တာဝန်ယူရသူဖြစ်၏။ ၁၉၅၇–ခုနှစ်တွင် မော်စကိုမြို့မှတဆင့် ပီကင်းသို့ရောက်လာ၏။ ၁၉၆၃-ခုနှစ်ငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလတွင် ဗမာပြည်သို့ပြန်လည်ရောက်ရှိလာသူဖြစ်လေသည်။

ထို့နောက်တွင် ပဲခူးရိုးမဒေသစည်းရုံးရေးအဖွဲ့ဝင်ဖြစ်သော ရဲဘော်မမြဝင်း၏ သစ္စာ အဓိဋ္ဌာန် ဖြစ်လေသည်။

"ရဲဘော်မမြဝင်း၏ အဓိဋ္ဌာန်ပြုချက်"

ကျမသည် ပါတီဝင်တယောက် ဖြစ်တဲ့အတွက် ပစ္စည်းမဲ့လူတန်းစားပါတီရဲ့ အောင်လံနိအောက်မှာ တော်လှန်တဲ့ ဗဟိုပါတီဥက္ကဋ္ဌ ကြီးနဲ့တကွ၊ တော်လှန်တဲ့နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင်များနဲ့တကွ၊ တော်လှန်တဲ့ ဗဟိုကော်မတီများ ဗဟိုစခန်းနှင့် တိုင်းအသီးသီးမှ တော်လှန်တဲ့ ပါတီခေါင်းဆောင်များ၊ ပါတီဝင်များ၊ တော်လှန်တဲ့တပ်မတော်သားများနဲ့ တော်လှန်တဲ့ လူငယ် အမျိုးသမီးများရဲ့ ရှေ့မှောက်မှာ အဓိဋ္ဌာန်ပြုရတဲ့အတွက် အထူးပဲ လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားတက်မိပါတယ်။

ဒါကြောင့် ကျမရဲ့ အဓိဋ္ဌာန်ပြုချက်ကို သံမဏိအဓိဋ္ဌာန် ပြုချက်ဖြစ်အောင် နေ့စဉ်နေ့တိုင်း စိစစ်ပြီးတဆင့်တိုး အဓိဋ္ဌာန် ပြုသွားပါမယ်ဆိုတာကို ပဏာမအနေနဲ့ အဓိဋ္ဌာန်ပြုသွားပါမယ်။

ဗဟိုစခန်း ဘဝဟစ်တိုင် လှုပ်ရှား မှုတွင် မမြဝင်း(သခင်သန်းထွန်း၏နှမ)၏ သစ္စာအဓိဋ္ဌာန် မှုရင်း လက်ရေးမူ ဖြစ်ပါသည်။

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၃/ ပါတီရဲ့ တောင်းဆိုချက်ဖြစ်တဲ့ လေးမျိုးကောင်းကော ဒါဖြစ်ရေးအတွက် နေ့စဉ်နေ့တိုင်း နေထိုင်မှုဘဝ ကိုကာမွဲ့နေ တွေးအခေါ်တိုက်ပွဲ - လူတန်းစားတိုက်ပွဲ လက်နက်ကိုင်တိုက် ပွဲတွေအတွင်း ကလေ့ကျင့်ပျိုးထောင်သွားပါမယ်

၄/ ကျယ်မှာတတ်ထားတဲ့ အတတ်ပညာနဲ့ ပါတီကအခင်း ပေးထားတဲ့ ဆေးပညာကို တော်လှန်တဲ့ ပညာအသုံးတော်ယောက်ဖြစ် အောင်နှောင်းနေ့တကာတ ရွယ်ကို နဲ့ ကြုံရာ ယူပြီး ပါတီနဲ့ ပြည်သူ့ တော် လှန်ရေးကို အလုပ်အကျွေးပြုသွားပါမယ်

၅/ ပြည်သူ့ကျေးကျော်တဲ့ နယ်ခွဲ သားများနဲ့ စနစ်ရှု နဲ့ ရုံးရှုရ စိုးကို အကြောင်းအတွေပေးနေတဲ့ ပြည်သူတွင်း သဘောပေါက် ~~[illegible]~~

ဖက်ဆစ်နေဝင်း အစိုးရနဲ့ တကွ ပါတီတွင်း သဘောပေါက်မြန် လတ်ပြင်ဆင်ရေး သဘောနဲ့ ရုံး ထုအမျိုး ရှိုးကို အပြစ်ပါမ ဖြစ်တျ ပေါ်နိုင် အိုဆိုရပ်စနစ်ဥပဒေတွေ အခေါ်နဲ့ စနစ်ဥပဒေလုပ် မှာနဲ့မှန်ထ ကိုချေမှုန်းတိုက်ခိုက်မစ်ရမယ်

ကျမဟာ အသူ့အိုးနဲ့ ညီး ချက်ဖြစ်တဲ့ ဂိုဏ်းဂဏနဲ့ ပါနဂိုမှု စာနဲ့ ပါနဲ့ အဆိုး မြင်းအယူစာ အတိုက်ကို အဓိကစာအလေး ထား ပြီး ချေမှုန်း တိုက်ခိုက်သွားပါမယ်

ပြည်သူ့ကျေးကျော်ရေး သဘော ချေး ဖြစ်တဲ့ နယ်ခွဲ သဘော ထုံးနဲ့ နယ်ခွဲ စနစ်ကို အသက်နဲ့ ကိုယ်စနှာကညီဖြန့်နေ သရှိအသက်မဖြတ်ချေမှုန်းတိုက်ခိုက်သွားပါမယ်

ပြည်တွင်းသဘောပေါက်သဘော ဖြစ်တဲ့ စနစ်ကြီး ၃ . ၃ နဲ့ ဂျန်သူကြီး ၃ . ဦး ကို အကြောင်းတွေ ပါ ပေးနေတဲ့ ဖက်ဆစ် နေဝင်း အစိုးရကို ချေမှုန်း တိုက်ခိုက်သွားပါမယ်

ပြည်တွင်း ပြည်ပ ဖြစ်ပါတီ တွင်မြန်စညီ မြင် ဆင်ရေး သဘော ချေးကို အ ဖြစ်ပါစေ ဖြစ် ချေမှုန်း တိုက်ခိုက် သွားပါမယ်

ကျမရဲ့ အသက်နဲ့ ကိုယ်စနှာကို ပါတီကို ဝ လှူပါတယ်

ကျမရဲ့ အသက်နဲ့ ကိုယ်စနှာ တည်ဖြစ်နေသရွေ့ ဒုသက် မန်တော်လှန်ရေး သဘော အဝန်းရုန် သူ့မှန်ထမှုကို အသက်မပြတ်တော်လှန်တိုက် ခိုက်သွားပါမယ်လို့ လေးနက် တဲ့ အကြောင်းဓိဋ္ဌာန်ကို ချမှတ်ပါတယ်

၁/ မာဘော ပြည်တွင်း ချစ်ကြည် ပါတီအရွန့်ရှည်ပါစေ
၂/ ဖေါက်မြန်ရေး သဘော တွေ ကျဆုံးရမယ်
၃/ ခုဏ္ဍှစ်ကြီး သွင်းသန့် တွေနဲ့ အ ဘော်တော်ရှည်ပါစေ
၄/ တော်လှန်တဲ့ နိုင်ငံရေး ခို ဆောင်အဖွဲ့ ဝင်များနဲ့ တော်လှန်တဲ့ မာ ဘော်ကော်မတီများ ကျန်းမာပါစေ
၅/ မန်လေးညီ မြင်ဆင်ရေး ဝါဒနဲ့ မြန်လည် မြင် ဆင်ရေး သဘော တွေ ကျဆုံး ရမယ်
၆/ ငါတို့ တော်လှန်ရေး မုချအောင်ရမည်

ဂုဏ်ဘော် ဖြစ်ဝင်
ကိုးလဒေသ စခန်းရဲ့ ရေးအဖွဲ့
၅/၃/၆၈

ဒဲ့ချက်ကျင်းပိုင်နယ် - တပ်ဖွဲ့အားများ
စုရုံးတော် . ၂၉
၄/ အမျိုးသား၊ ၁၄ / ၄၅

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁) စနစ်ကြီး (၃)ခုနဲ့ ရန်သူကြီး (၃)ဦးကို အကာ အကွယ် ပေးနေတဲ့ ပြည်တွင်းသစ္စာဖောက် ဖက်ဆစ်နေဝင်း အစိုးရကို အပြတ် တိုက်ပြီး စံနစ်ဟောင်းတခုလုံးကို တွန်းလှန်ဖြိုဖျက်ကာ စနစ်သစ်ကို ထူ ထောင်၊ ကျမရဲ့ မူလလူတန်းစားဖြစ်တဲ့ ဓနရှင် အတွေးအခေါ် အရ မ တည်ငြိမ်မှု တွေဝေယိမ်းယိုင်မှုတွေကို ချေမှုန်းတိုက်ခိုက်ပြီး၊ ပစ္စည်းမဲ့လူ တန်းစားဘဝကို ခံယူကာ ပစ္စည်းမဲ့လူတန်းစားအတွေးအခေါ်ကို ခိုင်ခိုင် မြဲမြဲ စိုက်ထူပြီး ရာသက်ပန် တော်လှန်ရေးသမားဘဝနဲ့ အဆက်မပြတ် တော်လှန်ရေး လုပ်သွားပါမယ်။

(၂) နယ်ချဲ့စနစ်နဲ့ ပဒေသရာဇ် မြေရှင်စနစ်နဲ့ အရင်းရှင်စနစ် ဖြစ်တဲ့ ရန်သူကြီး (၃)ဦးနဲ့ စနစ်ကြီး (၃)ခုကို အကာအကွယ်ပေးနေ တဲ့ပြူရိုကရက် အရင်းရှင် လက်ဝါးကြီးအုပ် စနစ်ထူထောင်နေတဲ့ နေ ဝင်းအစိုးရကို အမြစ်ပါမကျန် ချေမှုန်းတိုက်ခိုက်နိုင်ဖို့အတွက် မာ့က်စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ကို အခြေခံတဲ့ပစ္စည်းမဲ့ လူတန်း စားပါတီရဲ့ တိုက်ရိုက်နဲ့ အကြွင်းမဲ့ခေါင်းဆောင်မှုကို ထာဝစဉ်ခံယူ ပြီး ကျမရဲ့ ခေါင်းထဲမှာရှိနေတဲ့ ဓနရှင်အတွေးအခေါ် မှန်သမျှကို ချေ မှုန်းတိုက်ခိုက်ပြီး မာ့က်စ် လီနင်ဝါဒ မော်စီတုန်း အတွေး အခေါ်ကို ခိုင်ခိုင်မြဲမြဲ စိုက်ထူသွားပါမယ်။

တော်လှန်တဲ့ ပါတီ ဥက္ကဋ္ဌကြီးနဲ့တကွ တော်လှန်တဲ့ နိုင်ငံရေး ဦး ဆောင် အဖွဲ့ဝင်များ တော်လှန်တဲ့ ဗဟိုကော်မတီများကို ထာဝစဉ် သစ္စာရှိစွာနဲ့ ဝိုင်းရံသွားပါမယ်။

(၃) ပါတီရဲ့တောင်းဆိုချက်ဖြစ်တဲ့ လေးမျိုးကောင်း ကေဒါဖြစ် ရေးအတွက် နေ့စဉ်နေ့တိုင်း နေထိုင်မှု ဘဝတိုက်ပွဲ၊ အတွေး အခေါ် တိုက်ပွဲ၊ လူတန်းစားတိုက်ပွဲ၊ လက်နက်ကိုင် တိုက်ပွဲတွေ အတွင်းက လေ့ ကျင့် မွေးမြူသွားပါမယ်။

(၄) ကျမမှာ တတ်ထားတဲ့ အတတ်ပညာနဲ့ ပါတီက သင်ပေး ထားတဲ့ ဆေးပညာကို တော်လှန်တဲ့ ပညာသည်တယောက်ဖြစ်အောင် နော်မန်ဘက် သရွှန်းကို နမူနာယူပြီး ပါတီနဲ့ ပြည်သူ့တော်လှန်ရေးကို အလုပ် အကျွေးပြုသွားပါမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၅) ပြည်ပကျူးကျော်တဲ့ နယ်ချဲ့သမားများနဲ့ စနစ် (၃)ခုနဲ့ ရန်သူ (၃) ဦးကို အကာအကွယ်ပေးနေတဲ့ ပြည်တွင်း သစ္စာဖောက် ဖက်ဆစ် နေဝင်း အစိုးရနဲ့ တကွ ပါတီတွင်း သစ္စာဖောက် ပြန်လည် ပြင်ဆင်ရေးသမားနဲ့ ရန်သူအမျိုးမျိုးကို အမြစ်ပါ မကျန် တူးဖော် နိုင်ဖို့ဆိုရင် ဓနရှင် အတွေးအခေါ်နဲ့ ဓနရှင်လုပ်ဟန်မှန်သမျှကို ချေ မှုန်းတိုက်ခိုက်ပစ်ရမယ်။

ကျမမှာ အထူးအားနည်းချက်ဖြစ်တဲ့ ဂိုဏ်းဂဏနဲ့ မာနရှိမှု ဆန္ဒစွဲ ဝါဒနဲ့ အဆိုးမြင် အယူ အဆတို့ကို အဓိက အလေးထားပြီး ချေမှုန်း တိုက်ခိုက်သွားပါမယ်။

ပြည်ပကျူးကျော်ရေး သမားများဖြစ်တဲ့ နယ်ချဲ့ သမားများနဲ့ နယ်ချဲ့စနစ်ကို အသက်နဲ့ ကိုယ်ခန္ဓာ တည်မြဲနေသရွေ့ အဆက်မပြတ် ချေမှုန်းတိုက်ခိုက်သွားပါမယ်။

ပြည်တွင်း သစ္စာဖောက် သမားဖြစ်တဲ့ ဓနစ်ကြီး (၃)ခုနဲ့ ရန်သူ ကြီး (၃) ဦးကို အကာအကွယ်ပေးနေတဲ့ ဖက်ဆစ်နေဝင်း အစိုးရကို ချေမှုန်း တိုက်ခိုက်သွားပါမယ်။

ပြည်တွင်းပြည်ပ ပါတီတွင်း ပြန်လည်ပြင်ဆင်ရေး သမားများကို အမြစ်ပါမကျန် ချေမှုန်းတိုက်ခိုက်သွားပါမယ်။

ကျမရဲ့ အသက်နဲ့ကိုယ်ခန္ဓာကို ပါတီကို ပေးလှူပါတယ်။

ကျမရဲ့ အသက်နဲ့ကိုယ်ခန္ဓာ တည်မြဲနေသရွေ့ ရာသက်ပန် တော် လှန်ရေး သမားဘဝနဲ့ ရန်သူမှန်သမျှကို အဆက်မပြတ် တော်လှန် တိုက်ခိုက်သွားပါမယ်လို့ လေးနက်တဲ့ သံမဏိ အဓိဋ္ဌာန်ကို ချမှတ်ပါ တယ်။

(၁) ဗမာပြည် ကွန်မြူနစ်ပါတီ အစွန့်ရှည်ပါစေ။

(၂) ဖောက်ပြန်ရေးသမားတွေ ကျဆုံးရမယ်။

(၃) ဥက္ကဋ္ဌကြီး သခင်သန်းထွန်း သက်တော် ရာကျော်ရှည်ပါစေ။

(၄) တော်လှန်တဲ့ နိုင်ငံရေးဦးဆောင် အဖွဲ့ဝင်များနဲ့ တော်လှန်တဲ့ ဗဟိုကော်မတီများ ကျန်းမာပါစေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၅) ပြန်လည်ပြင်ဆင်ရေး ဝါဒနဲ့ ပြန်လည်ပြင်ဆင်ရေး သမားတွေ ကျဆုံးရမည်။

(၆) ငါတို့တော်လှန်ရေး မုချအောင်ရမည်။

ရဲဘော်မြဝင်း
ရိုးမဒေသစည်းရုံးရေးအဖွဲ့။
၅/၃/၆၀

(၄) ဘဝဟာစ်တိုင်လှုပ်ရှားမှုမှ သခင်သန်းထွန်း၏ နိဂုံးချုပ်မိန့်ခွန်းများ။

ဗဟိုစခန်း ဘဝဟာစ်တိုင်လှုပ်ရှားမှုအတွင်းတွင် ရန်သူနှင့်မိမိအတွင်း၌ ပြတ်သားသောစည်းကြောင်းကို ခြားလာနိုင်သည်တို့နှင့်ပတ်သက်၍ သခင်သန်းထွန်းက ဤသို့ပြောလေသည်။

"ဒီဘဝဟာစ်တိုင် လှုပ်ရှားမှုမှာ ရန်-ငါမျဉ်းဟာ ပြတ်သားလာတယ်။ ကျွန်တော်တို့အားလုံးရဲ့ လူတန်းစားအသိဟာ မြင့်တက်လာတယ်။ လူတန်းစားစာနာမှုတွေဟာ လူတိုင်းလူတိုင်းအဖို့ လိုက်လိုက်လှဲလှဲ ဖြစ်လာတယ်။ ဘဝနာကြည်းမှုတွေကို ကြားနာလာတဲ့အခါမှာ ဝမ်းနည်းရတာ မျက်ရည်ကျရတာတွေ ဖြစ်လာတယ်။ "ရန်သူ-ရန်သူ သတ်-သတ်"လို့ ပေါက်ကွဲတာဖြစ်လာတယ်။ ဝမ်းနည်းရာက ဒေါသအဖြစ် ပြောင်းလဲလာတယ်။ တဦးရဲ့နာကြည်းမှုဟာ အားလုံးရဲ့ နာကြည်းမှုဖြစ်လာတယ်။ တဦးရဲ့ပေါက်ကွဲတဲ့ဒေါသဟာ အားလုံးရဲ့ ပေါက်ကွဲတဲ့ဒေါသဖြစ်လာတယ်။ အားငယ်ရာက အားပြည့်လာတယ်။ ရန်သူကို ဆုံးခန်းတိုင် တိုက်ရမယ်ဆိုတာ လွှမ်းမိုးလာတယ်။

ဒီလှုပ်ရှားမှုဟာ လူထုရဲ့အသည်းနှလုံးကို ဆုပ်ကိုင် လှုပ်ရှားလိုက်တယ်။"

(ဗဟိုစခန်း ဘဝဟာစ်တိုင်လှုပ်ရှားမှုတွင် သခင်သန်းထွန်း၏ နိဂုံးချုပ်မိန့်ခွန်း မှုရင်းစာမျက်နှာ ၄-၅-မှ)

ထို့နောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ နည်းပရိယာယ်ဆိုင်ရာ သဘောထားများနှင့် ပတ်သက်၍လည်း သခင်သန်းထွန်းက ဤသို့ပင် ပြောကြားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"အခု သူသွေးစုတ်တာတွေ၊ ခေါးပြတိုက်တာတွေ၊ လူသတ်တာတွေ မှုဒိမ်းကျင့်တာတွေမပြောတော့ဘူး။ ပြည်သူလူထုကိုဘယ်လောက်အထိ လိမ်တယ်ညာတယ်ဆိုတာပဲ ပြောမယ်။

၁၈-နှစ်ကာလအတွင်း အုပ်စိုးသူဓနရှင်ဟာ ပြည်သူတွေကို ပြုပြင်ရေး၊ ငြိမ်းချမ်းရေးဆိုတာတွေနဲ့ လိမ်ညာခဲ့တယ်။

အထူးသဖြင့် ဗိုလ်နေဝင်းဟာ အရင် အစိုးရတွေထက် ပိုလိမ်ခဲ့တယ်။ လိမ်နိုင်တယ်ဆိုတာ မြင်ဖို့လိုတယ်။

သူလိမ်တာဟာ ပိုကြီးကျယ်တယ်၊ ဘီ-အို-စီကို သိမ်းတယ်ဆိုတယ်။ ပြည်သူတွေအတွင်းမှိုင်းတွေဝင်တယ်။ သီးစားစနစ်ဖျက်တယ်ဆိုတယ်။ ပြည်သူအတွင်း တော်တော်ဂယက်ရိုက်နိုင်တယ်။ ကြားနေရေးဆိုတာတွေနဲ့ လိမ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၊ ဆိုရှယ်လစ်စနစ် တည်ဆောက်မယ်လို့ လိမ်ခဲ့တယ်။

ဗိုလ်နေဝင်းဟာ ဗမာပြည်သူတွေကိုသာမက ကမ္ဘာကိုတောင်လိမ်နိုင်တယ်ဆိုတာ မြင်ဖို့လိုတယ်။ ၆၂-ခုနှစ်ပြီးတဲ့နောက်ဆိုရင် ကြားဘူးလိမ့်မယ်။ ဒါက ကတ်စထရိုဆိုတဲ့ နာမယ်ဟာ ကမ္ဘာမှာ ဟိုးဟိုးကျော်နေတယ်။ ၆၂-ခုနှစ် စစ်အစိုးရ တက်လာပြီးနောက် ဗိုလ်နေဝင်းသည် ပင်လျှင် ကတ်စထရိုလား ဘာလားဆိုတာ တချို့က ယုံထင်ကြောင်ထင်ဖြစ်ကြတယ်။ တကယ်ကတော့ ဘယ်ကလာပြီး ကတ်စထရို ဖြစ်မတုံး။ ဦးပုညစကားလို မိုးကြိုးနဲ့ အီးသံ ကွာခြား သလို အဲဒီတုံးက ကတ်စထရိုနဲ့ ဗိုလ်နေဝင်းဟာ ကွာခြားတာပဲ။ အဲဒီတုံးက ကတ်စထရိုက ကွန်မြူနစ်တွေနဲ့ပေါင်းပြီး နယ်ချဲ့နဲ့ဖောက်ပြန်ရေးသမားတွေကို လက်နက်ကိုင်တိုက်ခဲ့တယ်။ ဗိုလ်နေဝင်းက နယ်ချဲ့သမားတွေ ဖောက်ပြန်ရေးသမားတွေနဲ့ ပေါင်းပြီး ကွန်မြူနစ်တွေနဲ့ ပြည်သူတွေကို လက်နက်ကိုင်တိုက်ခဲ့တယ်။ ဒါလောက်အထိ သူ့အနေနဲ့လိမ်နိုင်တယ်။

ဒါက နိုင်ငံရေးအရ ပြောတာဖြစ်တယ်။ ဒီမှာအရေးကြီးတဲ့ အဖြစ်အပျက်တချို့ကို ပြောချင်တယ်။

၄၈-ခုတုံးက ပါတီခေါင်းဆောင်တဲ့ လက်နက်ကိုင် တော်လှန်ရေးဟာ အဟုန်ကြီးနေတယ်။ အစိုးရစစ်တပ်အတွင်းမှာလဲ ဂယက်ရိုက်ခတ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နေတယ်။ စစ်တပ်အတွင်းက ကွန်မြူနစ်တပ်မှူးတွေ ကွန်မြူနစ်ပါတီ လိုလားတဲ့ တပ်မှူးတွေက ဒီအစိုးရကို တိုက်ဖို့စီစဉ်ကြတယ်။ ဗိုလ်နေဝင်းကလဲ အဲဒီအထဲမှာ ယောင်တောင်တောင် ပါခဲ့တယ်။ အဲဒီသူပုန်ထမဲ့ တပ်မှူးအစည်းအဝေးမှာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တခုချတယ်။ အဲဒါက ရန်ကုန်ကိုသိမ်းမယ်။ ယာယီအစိုးရဖွဲ့မယ်။ အဲဒီယာယီအစိုးရမှာ သခင်သန်းထွန်းက ဝန်ကြီးချုပ် ဖြစ်ရမယ်လို့ နေဝင်းကပြောတယ်။ သူကတော့ သခင်သန်းထွန်း မလာခင် ယာယီအစိုးရ အဖွဲ့မှာ ယာယီဝန်ကြီးချုပ် လုပ်မယ်။ သူကသခင်သန်းထွန်း ပြည်တော်မဝင်ခင် ယာယီဝန်ကြီးချုပ် လုပ်မယ် ပြောတယ်။ ဒါဟာ သူရောယောင်ပီးလုပ်တာကို ပြတာဖြစ်တယ်။

၄၉-ခုတုံးက ကျွန်တော်တို့က မြို့တွေသိမ်းထားတယ်။ အဲဒီတုံးက ဗိုလ်နေဝင်းက အောင်ကြီးကို ပြည်ကိုလွှတ်လိုက်တယ်။ အောင်ကြီးရဲ့ ကမ်းလှမ်းချက်က ကွန်မြူနစ်တွေက လိုလားရင် ဆိုရှယ်လစ် ပါတီဝင်တွေအားလုံး အစိုးရအဖွဲ့ကအားလုံးထွက်ပေးမယ်။ သခင်နုတယောက်တည်း ဝန်ကြီးချုပ်အဖြစ် ချန်ထားပေါ့ ကွန်မြူနစ်တွေအားလုံး ကြိုက်သလိုလုပ်ပါလို့ပြောတယ်။ လက်တွေ့ကလဲ ဆိုရှယ်လစ်တွေက နုတ်ထွက်ကြောင်း ရေဒီယိုက ကြေညာကြတယ်။ ဒီအချိန်တုံး က တခါလုပ်တယ်။

ဒီနောက် ၄၉-ခုနှစ်အကုန်မှာ ကမ်းလှမ်းချက်တခု ထုတ်ပြန်တယ်၊ ကွန်မြူနစ်တွေက အလယ်ဗမာပြည်တခုလုံးကို သိမ်းထားတယ်၊ ဗိုလ်နေဝင်းက ကရင်ကိုချနေစဉ်မှာ ကွန်မြူနစ်တွေက သူတို့ကို မတိုက်ပါနဲ့၊ ကမ်းလှမ်းတယ်၊ ဒါကို "ဝင်းနုစ်ဝင်း"စာချုပ်လို့ ခေါ်တယ်၊ ပြည်သူရဲဘော် ခေါင်းဆောင်တယောက် ယူလာတာဘဲ၊ ပါတီကရော ပြည်သူ့ရဲဘော်တွေကရော အဲဒီလူကိုဝိုင်းပီးဝေဖန်ရှုတ်ချခဲ့တယ်။

ဒီမှာ ဗိုလ်နေဝင်းဟာ သူ့လူတန်းစား အာဏာတည်မြဲရေးအတွက် ဘာမဆိုလုပ်နိုင်တယ်၊ နယ်ချဲ့စနစ် ပဒေသရာဇ်စနစ်နဲ့ အုပ်စိုးသူလူတန်းစားရဲ့ အာဏာကို ထိန်းသိမ်းဖို့ဆိုရင် သူ့လူတန်းစား အာဏာတည်မြဲရေးအတွက် ဘာမဆိုလုပ်နိုင်တယ်ဆိုတာပဲ။ ဦးနု ဝန်ကြီးချုပ်အဖြစ် တည်မြဲမယ် ဆိုရင် အစိုးရအဖွဲ့ကို ထိုးအပ်ဖို့ ကရင်တိုက်ရေးကို ထောက်ခံမယ်ဆိုရင် တိုင်းပြည် တဝက် ခွဲပေးဖို့ ဝန်မလေးဘူးဆိုတာတွေ့ရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဦးနုလက်ထက်က တွေ့ဆုံဆွေးနွေးတာ မလုပ်ခဲ့ပေမဲ့ နေဝင်းက တော့ တွေ့ဆုံဆွေးနွေးတာလုပ်တယ်၊ တွေ့ဆုံဆွေးနွေးတာဟာ တွေ့ဆုံ ဆွေးနွေးတာပဲ၊ဗမာပြည်တော်လှန်ရေးအတွေ့အကြုံအရ တိုင်းပြည်ကို ထက်ဝက်ခွဲယူပါ၊ အစိုးရအဖွဲ့ကို ထက်ဝက်ခွဲယူပါလို့တောင် စေ့စပ်ခဲ့ သူဟာ တွေ့ဆုံဆွေးနွေးတာလောက်တော့ လုပ်နိုင်တယ်လို့မြင်ရမယ်။

သူကတွေ့ရင် ကိုယ်ကတွေ့ရမှာပဲ၊ ရန်သူလူတန်းစားနဲ့ ပတ်သက်ရင် ဒီလိုပဲသဘောထားရမယ်၊ ဓား-ဓားချင်း လှံ-လှံချင်းပဲ၊ သူက စကား ပြောရင် ကိုယ်စကားပြောမယ်၊ သူက တွေ့ဆုံဆွေးနွေးရင် ကိုယ် ကလဲ တွေ့ဆုံဆွေးနွေးမှာပဲ၊ ဒါက သိပ်ခက်တဲ့အလုပ်မဟုတ်ဘူး။

ဒါပေမဲ့ လီနင်သင်ကြားသလို ပစ္စည်းမဲ့လူတန်းစားဟာ ရန်သူရဲ့ မျက်ခုံမွှေးပေါ်မှာ စကြီလျှောက်နိုင်ရမယ်၊ ရန်သူက ကလိမ်ကျရင် ကိုယ်ကလဲ ဒီလိုကလိမ်ကျတာကို ပြန်တုံ့ပြန်နိုင်ရမယ်။

ရန်သူလူတန်းစားအပေါ် အမြင်ပြတ်ရင် ရှင်းတယ်၊ အမြင်မပြတ် ရင် ရှုပ်မှာပဲ။

တခုရှိတယ် ရန်သူက တွေ့ချင်တိုင်းတွေ့ရမယ်လို့ ပြောတာမဟုတ် ဘူး။တကယ်လို့တွေ့မယ်ဆိုရင်ကိုယ်ကအဆင်သင့်ရှိတာကိုပြောတာပဲ။ တွေ့တာမတွေ့တာကတော့ ကိုယ့်အကျိုးရှိမှတွေ့မှာဖြစ်တယ်။ သူလုပ် ချင်တိုင်း ကိုယ်ကလိုက်လုပ်မှာမဟုတ်ဘူး။ကိုယ်လုပ်ချင်တာကို ကိုယ် လုပ်မှာပဲ၊ ပြောက်ကျားစစ်မှာလို သူကလဲ သူ့နည်းနဲ့သူတိုက်၊ ကိုယ် ကလဲ ကိုယ့်နည်းနဲ့ကိုယ်တိုက်ပဲ။

ရန်သူနဲ့ပတ်သက်ရင် ကျွန်တော်တို့က ရိုးသားစရာမလိုဘူး။ ရန်သူ အပေါ်နဲနဲကလေးမှ သစ္စာရှိစရာမလိုဘူး။

သူကငြိမ်းချမ်းရေးနဲ့ လှည့်စားတာကို ပြောခဲ့ပြီ။ ဗိုလ်နေဝင်းလက် ထက် အခြေအနေကိုပြောရင် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်ထက်လဲ ဆိုး တယ်။ အရင်ဖဆပလ ခေတ်တွေထက်လဲဆိုးတယ်။ ဒီမှာပိုင်းပိုင်းဖြတ် ဖြတ်ဖြစ်ဖို့က ရန်သူကို ကမ္ဘာမကြေတိုက်ရမယ်။

(အထက်ပါ သခင်သန်းထွန်း၏ နိဂုံးချုပ်မိန့်ခွန်းမှုရင်း ဝေချက်နှာ ၉-၁၀-၁၁-၁၂ မှ)။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ငြိမ်းချမ်းရေးနှင့်ပတ်သတ်သော သဘောထားကိုလည်း သခင်သန်းထွန်းက ဤသို့ပြောကြားလေသည်။

ဒီမှာရှင်းရှင်းမြင်ဖို့က ငြိမ်းချမ်းရေးဆိုတာ ဖြစ်နိုင်သလား မဖြစ်နိုင်ဘူးလားဆိုတာ တရားအရ ရှင်းရှင်းမြင်ရမယ်။ လူတန်းစားတိုက်ပွဲဆိုတာ ကွန်မြူနစ်လောက မရောက်မချင်းရှိတယ်။ လူတန်းစားငြိမ်းချမ်းရေးဆိုတာ ကွန်မြူနစ်လောက မရောက်မချင်း မရှိနိုင်ဘူး။

ကျွန်တော်တို့ရဲ့ လူတန်းစားတိုက်ပွဲဟာ အဆင့်အမြင့်ဆုံးဖြစ်တဲ့ လက်နက်ကိုင်တိုက်ပွဲအဆင့်ကိုရောက်နေပြီ၊ ၁၈-နှစ်တောင်ရှိနေပြီ။ အုပ်စိုးသူ လူတန်းစားနဲ့ ပြေငြိမ်းရေးဆိုတာကတော့ မဖြစ်နိုင်ဘူးဆိုတာ နားလည်ထားရမယ်။

အခြေအနေတခုမှာ အကြောင်းအမျိုးမျိုးကြောင့် သူ့အကျိုးကိုယ့်အကျိုးကြည့်ပြီး ခဏတဖြုတ် ယာယီ ပြေငြိမ်းရေးတော့ ဖြစ်မယ်။ ဒါပေမဲ့တရားအနေနဲ့တော့ မရှိနိုင်ဘူး။

ယာယီ သဘောအတိုင်းအတာသဘော ခြွင်းချက်သဘော ယာယီပြေငြိမ်းရေးသာဖြစ်ချင်ဖြစ်မယ်။

သူနဲ့စကားပြောတာတွေ ဖြစ်နိုင်တယ်။ ဒါပေမဲ့လူတန်းစား ပြေငြိမ်းရေး မဖြစ်နိုင်ဘူး။

ဒါကြောင့် လက်နက်ကိုင်တော်လှန်ရေးသည်သာ တခုတည်းသော လမ်းဖြစ်တယ်။

လီနင်တို့မော်တို့ပြောတဲ့အတိုင်း ငြိမ်းချမ်းရေးရအောင်ဘယ်လိုလုပ်မလဲ။ စစ်ကိုစစ်နဲ့ပဲ ဆန့်ကျင်ရမယ်။ ဒါရှင်းတယ်။

တောထဲနေတာ ၁၈-နှစ်ရှိပြီ၊ တောဘဝကိုပြောချင်တယ်။ ဆောင်းကုန်ရင် တောမီးလောင်တယ်။ တောမီးလောင်ရင် ငြိမ်းလို့ရသလား၊ မရဘူး။ လှန်ရှို့ရတယ်။ မီးကိုမီးနဲ့လှန်ရှို့ရတယ်။ ကိုယ့်ဖက်ကပိုကြီးတဲ့မီးနဲ့လှန်ရှို့မှ တဖက်မီးဟာငြိမ်းတယ်။

အဲဒီလိုပဲတိုင်းပြည်မှာ ငြိမ်း ချမ်း ရေး လုပ် ချင် ရင် ပိုကြီးတဲ့ တော်လှန်စစ်နဲ့တိုက်ရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဲဒီလိုပြောတော့ တချို့က ဝမ်းနည်းပက်လက်ဖြစ်မယ်။ လူတွေ သေရတယ်လို့ထင်စရာပြောစရာရှိတယ်။

ဒါမတတ်နိုင်ဘူး၊ တောမီးလောင်နေတယ်။ ခင်ဗျား ဘာတတ်နိုင်သလဲ။

တောမီးကို လှန်ရှို့တာဟာ တောမီးကို မြန်မြန်ငြိမ်းအောင် လုပ်တာပဲ။

ရှင်းရှင်းသဘောထားဖို့က ယာတွေမီးရှို့တာဟာဘာလဲ တောမီးရဲ့ပြာတွေဟာ မြေသြဇာဖြစ်သလို ဒီပြည်တွင်းစစ် မီးတောက်မီးလျှံထဲက ဘဝသစ်ထူထောင်မယ်ဆိုတဲ့ပိုင်းဖြတ်မှုရှိရမယ်။

ပြာမရှိပဲ ရှင်းရှင်းကလေး အေးအေးကလေးနဲ့ ဘဝသစ် တည်ဆောက်မယ်လို့ စိတ်ကူးယဉ်တာထက် ဒီပြည်တွင်းစစ်ပြာပုံထဲက ချမ်းမြေ့သာယာတဲ့ ဘဝသစ်ထူထောင်မယ်ဆိုတာ ပိုင်းဖြတ်ရမယ်။

အခုဗီယက်နမ်မှာနယ်ချဲ့သမားက အဆိပ်ရည်တွေဖြန်းတယ်၊အဆိပ်တွေက မြေကြီးထဲဝင်တယ်၊ဒီအဆိပ်တွေက မြေသြဇာတွေဖြစ်ပြီး ပုလောပီနံတွေဟာ ကြီးထွားလာတယ်၊ အဲဒီလိုပဲ တောမီးလောင်တဲ့ပြာတွေဟာ မြေသြဇာတွေဖြစ်သလို တပြည်လုံး ပြည်တွင်းစစ်မီးလျှံထဲက ပြာတွေထဲက ယဉ်ကျေးမှုအသစ် ဘဝသစ် ထူထောင်ရမယ်လို့ ပိုင်းဖြတ်ထားရမယ်။

ရန်သူစစ်တပ်နဲ့ ပတ်သက်ပြီး ပြောချင်တယ်။

ပြည်သူ့တပ်မတော်လို့ လူထုကို လှည့်စားနေတယ်၊ ထိုးစစ်တခုမှာ စစ်သားတယောက်က လယ်သမား တယောက်ကို မြင်ရင် " ဦးကြီး ဦးကြီး"လို့ခေါ်ပြီး အတင်းလိုက်ဖက်တယ်၊ လူထုကိုဘယ်လိုလှည့်စားရမယ်ဆိုတဲ့ သူတို့ရဲ့နောက်ဆုံး နည်းနာဖြစ်တယ်။

ဒါပေမဲ့ မကြာခင်က အဲဒီတပ်သားတွေပဲ ရွာတွေမှာ ရိုက်နှက်ပြီး ရွှေငွေပစ္စည်းတွေယူသွားတာဘဲ။

ပြည်သူတွေကိုလှည့်စားပြီး၊ တဖက်ကနှိပ်စက်နေတဲ့တပ်ကိုတိုက်ဖျက်ပြီး၊ ပြည်သူ့တပ်မတော်ကိုတည်ဆောက်ရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ရန်သူနဲ့ပတ်သက်ရင် ပိုင်းပိုင်းဖြတ်ဖြတ်ထားရမယ်၊ ရန်သူကိုရန်သူလို့မြင်ရမယ်၊ ရန်သူကိုသတ်ချင်တဲ့စိတ်၊ သစ္စာဖောက်တွေကို သတ်ချင်တဲ့စိတ်ရှိရမယ်။

ရန်သူနဲ့ပတ်သက်ရင် လွန်တယ်လို့မရှိဘူး၊ အကြိတ်အနယ်တိုက်ပွဲမှာ လွန်ကျူးတာတွေရှိနိုင်တယ်၊ ဒါပေမဲ့ ဒါဟာလွန်တာမဟုတ်ဘူး၊ ပေါက်ကွဲတာပဲ။

ရုရှားတော်လှန်ရေး အတွင်းမှာ လယ်သမားတွေဟာ အုံကြွပြီး မြို့ပေါ်တက်လာကြတယ်။ ဇာဘုရင်နန်းတော်ထဲဝင်ပြီး လယ်သမားတွေဟာ လုပ်ချင်တာတွေအကုန်ရှောက်ပြီးလုပ်တော့တာပဲ။ အဲဒီတော့ စာရေးဆရာကြီး ဂေါကီက လီနင်ကို "ခက်ကုန်ပြီ၊ ခက်ကုန်ပြီ၊ နန်းတော်ထဲမှာ လုပ်ချင်တာတွေ လုပ်နေကြပြီး ချေးပါချင်သလိုပါနဲ့၊ ယဉ်ကျေးမှုလက်ရာတွေ ပျက်စီးကုန်တော့မယ်"လို့ပြောတော့၊ လီနင်က "နေပါစေ၊ လုပ်ချင်တာလုပ်ပါစေ၊ မနေ့ရှင်ပေါက်စတွေကသာ ဟိုဟာပျက်မှာစိုး၊ ဒီဟာပျက်မှာစိုးဖြစ်တာ"လို့ ပြောဘူးတယ်။ အုပ်စိုးသူနဲ့ပတ်သက်ရင်လွန်တယ် ကျူးတယ်လို့မရှိဘူး။ ဇာဘုရင်ကိုသတ်တာဆိုရင် လူအုပ်ကြီးကသတ်ပစ်တာပဲ။

ရန်သူကိုသတ်မလား၊ မသတ်ဘူးလား၊ ရန်သူကဘာလုပ်နေသလဲ။

၄၇-ခုတုံးက သခင်နုကိုအရှင်ဖမ်းလို့ ကြွေးကြော်တယ်။ ဦးနုကြီးဟာ အဲဒီတုံးက အရှင်လတ်လတ်ဖမ်းပြီး ဘာလုပ်မလဲလို့ကို တွေးကြောက်နေတယ်။ အိပ်တောင်မပျော်ဘူး၊ ဒါမှန်တယ်။ ရန်သူကြောက်စေရမယ်။ အခုဗိုလ်နေဝင်းကိုလဲ သွေးစာရင်း၊ ချွေးစာရင်းရှင်းရမယ်။ ရန်သူနဲ့ပတ်သက်ရင် ဂလဲ့စားချေရေးကို အဓိကအလုပ်အနေနဲ့လုပ်ရမယ်။ အခုဒီလှုပ်ရှားမှုကစပြီး ရန်သူလုပ်ခဲ့တာတွေ၊ သတ်ခဲ့တာတွေ စာရင်းကောက်ရမယ်။ ဒါမှရန်သူကို သတ်ချင်ဖြတ်ချင်ဖြစ်မယ်။"

(အထက်ပါ သခင်သန်းထွန်း၏ နိဂုံးချုပ်မိန့်ခွန်းမှုရင်း စာမျက်နှာ ၁၄-၁၅-၁၆-၁၇ မှ)။

ဒုတိယအကြိမ် ဗဟိုစခန်းဘဝဟာစ်တိုင် လှုပ်ရှားမှုနိဂုံးချုပ်မှာ သခင်သန်းထွန်းက ၁၉၆၆-ခုနှစ်တွင် တိုးတက်လာသော အင်အားသစ်များနှင့်ပတ်သက်၍ ဤသို့ဖော်ထုတ်ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဒီမှာပိုရှင်းအောင် သာယာဝတီခရိုင်မှာ အင်အားတိုးတက်လာပုံကို ကျွန်တော်ပြောမယ်။

၆၄-ခုနှစ်မှာ တခရိုင်လုံးအင်အားဟာ ဘုစုခရုအကုန်ပေါင်း (၅၀) လောက်ရှိတယ်။

၆၅-ခုနှစ်အတွင်းမှာ (၁၀၀)လောက်အထိ တိုးလာတယ်။

၆၆-ခုနှစ်အစပိုင်းမှာ ဖြူန်းကနဲ စုန်းကနဲ (၂၀၀)ကျော်အထိ တက်လာတယ်။

တော်လှန်ရေးအင်အားစု အသစ်တွေဟာ ၆၄-ခုနှစ် နောက်ပိုင်း၊ ၆၅-၆၆ မှာ ခုန်ကူးတက်လာတယ်လို့ တွေ့ရမယ်။

အခြေအနေအသစ်တရပ်ပေါ်ရင် အတွေးအခေါ်နှစ်ရပ်၊ လမ်းစဉ်နှစ်ရပ်တိုက်ပွဲဟာ အစဉ်သဖြင့်ဖြစ်တတ်တယ်။

၆၆-ခုနှစ်ဦးပိုင်းမှာ တော်လှန်ရေးအင်အားစုအသစ်တွေ တဟုန်ထိုး တိုးပွားလာတယ်ဆိုရင် ကျွန်တော်တို့ ပါတီဗဟိုခေါင်းဆောင်ပိုင်းအတွင်းမှာ အတွေးအခေါ်နှစ်ရပ်၊လမ်းစဉ်နှစ်ရပ်တိုက်ပွဲဟာပေါ်ပေါက်ခဲ့တယ်။ ဒါဟာ ပေါ်ကို ပေါ်ပေါက်ရမယ်။ မရှောင်နိုင်ဘူး။ အဲဒါကတော့ ဒီတော်လှန်ရေးအင်အားစုအသစ်တွေအပေါ်မှာ ပါတီက ဘယ်လိုသဘောထားမလဲဆိုတာဖြစ်တယ်။

တော်လှန်ရေးအင်အားစုအသစ်တွေဖြစ်တဲ့တော်လှန်တဲ့လူငယ်တွေ တော်လှန်တဲ့အမျိုးသမီးတွေအပေါ် ဘယ်လိုသဘောထားသလဲဆိုတာဟာ၊ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် သမားနဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒသမားအကြားမှာ စည်းခြားတဲ့အရေးကြီးတဲ့ စည်းခြားချက်လို့ ကျွန်တော်တို့နားလယ်ဖို့လိုတယ်။

တရုပ်ပြည်မှာလဲ ဒီအတိုင်းပဲဖြစ်တယ်။ တရုပ်ပြည်မှာလဲ ၆၆-ခုနှစ်မှာဖြစ်တယ်။ ဒါတော်တော်ထူးခြားတယ်။ သွားတူနေတယ်။ ၆၆-ခုနှစ်ဦးပိုင်းမှာ လူရှောချီရဲ့ဝါဒလမ်းစဉ်ကို ပထမဦးဆုံး အတိအလင်းခေါင်းဆောင်ပီး ပြောင်တိုက်တာက၊ အသက်အစိတ်မပြည့်သေးတဲ့ တပ်နီလူငယ်ကလေးတွေဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီမှာ တော်တော်ထူးခြားတယ်။ တရုပ်ပြည်မှာ လူရှောချီရဲ့ဝါဒ လမ်းစဉ်ကို အတိအလင်းတိုက်တာ အသက်အစိတ်မပြည့်သေးတဲ့ တပ်နီ လူငယ်ကလေး(၃၃)ယောက်ဖြစ်တယ်။

လူရှောချီက ဘယ်လိုပြောသလဲ ၊ ဒီကောင်ကလေးတွေဟာ အလုပ်သမားလူတန်းစားက လာတာမဟုတ်ဘူး။ တော်လှန်ရေး ခေါင်းဆောင်တွေရဲ့ သားသမီးတွေမဟုတ်ဘူး။ ဒီကောင်တွေဟာ အညတြ ကောင်တွေ၊ လူရှုပ်တွေပဲဆိုပြီး၊ လူရှောချီတို့က နှိပ်ကွပ်ခဲ့တယ်။

မော်စီတုန်းကတော့ ဒီလိုမဟုတ်ဘူး။ ဒီလူငယ်တွေကိုအားပေးရမယ်လို့ဆိုတယ်။

မော်စီတုန်းရဲ့ပစ္စည်းမဲ့ တော်လှန်ရေးလမ်းစဉ်နဲ့ လူရှောချီရဲ့ခနှရှင် ဖောက်ပြန်ရေး လမ်းစဉ်တို့ရဲ့ ခြားနားချက်ဟာ ဒီတော်လှန်တဲ့ လူငယ်တွေအပေါ် သဘောထားဖြစ်တယ်။ ဒီလူငယ်ကလေးတွေ အပေါ်သဘောထားဟာ ပထမဦးဆုံးနဲ့ အရေးအကြီးဆုံး စည်းခြားချက်ဖြစ်တယ်။ အသက်အစိတ်မပြည့်သေးတဲ့ မနေ့တနေ့ကမှ တော်လှန်ရေးထဲပါလာတဲ့ လူငယ်လေးတွေအပေါ် ဘယ်လိုသဘောထားမလဲဆိုတာဟာ လူရှောချီနဲ့ မော်စီတုန်းခြားနားချက်ဖြစ်တယ်။

မော်စီတုန်းကတော့ ဒီလူငယ် ကလေးတွေကို အားပေးတယ်။ အသက်အစိတ်မပြည့်သေးတဲ့ လူငယ်ကလေး(၃၃)ယောက်ဟာ ကမ္ဘာကြီးကို သိမ့်သိမ့်တုန်စေတဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီးမှာ ထိပ်ဆုံးကပါနေကြတယ်။

တရုပ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးမှာ အသက်ကြီးတဲ့ လူတွေ တနည်းအားဖြင့် တော်လှန်ရေးသမား လက်ဟောင်းကြီးတွေရဲ့ မာန ကို တော်တော့်ကို ပြင်းပြင်းထန်ထန်တိုက်နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ကြည့်ပုံကြည့်နည်းက ဒီကောင်လေးတွေ ကောင်မလေးတွေဟာ ငယ်ငယ်ကလေးတွေရှိသေးတယ်။ ဒို့ကတော့အံ့ခွနေပြီဆိုပြီး ပါးစပ်ဖြဲပြတာမျိုးတွေရှိတယ်။ ဒီလိုမာနက တော်လှန်ရေးကို အနှောက်အယှက်ဖြစ်နေတယ်။ ဒါကြောင့် တရုပ်ပြည် ယဉ်ကျေးမှု တော်လှန်ရေးမှာ တော်လှန်ရေးသမားလက်ဟောင်းကြီးတွေရဲ့မာနကိုရှေ့တန်းကျကျတိုက်နေရတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တရုပ်ပြည်ယဉ်ကျေးမှုတော်လှန်ရေးမှာ အရေးကြီးတဲ့ပြဿနာက တော်လှန်တဲ့လူငယ်တွေ အမျိုးသမီးတွေ တနည်းအားဖြင့် အသက်အစိတ်မပြည့်သေးတဲ့ တော်လှန်ရေးထဲပါလာတဲ့အင်အားစု အသစ်တွေအပေါ် ဘယ်လိုသဘောထားမလဲဆိုတာဖြစ်တယ်။

ဒီဘဝဟစ်တိုင်လှုပ်ရှားမှုမှာ ပါဝင်သူ(၇၄)ယောက်ထဲမှာအသက်အစိတ်အောက် (၃၄)ယောက်ပါတယ်။ သူတို့ဟာ တော်လှန်ရေးသက်တမ်း (၅)နှစ်အောက်တွေဖြစ်တယ်။ ဒါဟာ ဒီဘဝဟစ်တိုင်ရဲ့ ထူးခြားချက်ဖြစ်တယ်။ ကျွန်တော်တို့အဖို့ အားဖြစ်တယ်။

(ဒုတိယအကြိမ် ဗဟိုစခန်း ဘဝဟစ်တိုင်လှုပ်ရှားမှုနိဂုံးချုပ် သခင်သန်းထွန်း၏မိန့်ခွန်း လက်ရေးမူ စာမျက်နှာ ၃၀-မှ-၃၆။)

ဗမာပြည် ကွန်မြူနစ်ပါတီအတွင်းသို့ အခြားသော နိုင်ငံရေးပါတီ အဖွဲ့အစည်းများမှ ရောက်လာသူများနှင့် ပတ်သက်သော သဘောထားကိုလည်း သခင်သန်းထွန်း၏ မိန့်ခွန်းတွင် ဤသို့ဖော်ပြထားလေသည်။

"ကျွန်တော်တို့အနေနဲ့ ပိုပီးဂရုစိုက်ဖို့ လိုတာကတော့ ရန်သူအဖွဲ့အစည်းကို ဖြတ်သန်းလာတယ်ဆိုရင် အထူးဂရုစိုက်ရမယ်။

ဖဆပလတို့ သန့်ရှင်းတို့က လာတယ်ဆိုရင် အထူး ဂရုစိုက်ရမယ်။ အလံနီပါတီကလာရင်လဲ အထူးဂရုစိုက်ရမယ်။ အလံနီပါတီဟာကွန်မြူနစ်အရေခြုံပီး တော်လှန်ရေးကို ဖျက်ဆီးနေတဲ့ အဖွဲ့အစည်းဖြစ်တော့ အလံနီအတွေးအခေါ်ဖြစ်စဉ်တခုကို ဖြတ်သန်းဘူးတယ်ဆိုရင် မာ့က်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ကိုလက်ခံဖို့ အင်မတန်ကိုခက်တယ်။ ကျွန်တော်တို့ပါတီထဲလာပီး အနှောက်အယှက် ဖြစ်နေတတ်တယ်။

ကျွန်တော်တို့အနေနဲ့ ပစ္စည်းမဲ့လူတန်းစားရဲ့ ရန်သူ အဖွဲ့အစည်းတွေ ဖြတ်သန်းတဲ့သူတွေရဲ့ အတွေးအခေါ်ကို ဂရုစိုက် ပြုပြင်ထားရမယ်။"

(အထက်ပါမိန့်ခွန်း သခင်သန်းထွန်း၏ လက်ရေးမူစာမျက်နှာ ၅၃-မှ)

ရန်သူကြီး(၃)ဦးကို ချေမှုန်း၍ ဗမာပြည်သစ်ကို တည်ဆောက်ရေးနှင့်ပတ်သက်၍လည်း သခင်သန်းထွန်းက ဤသို့ပြောလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီတော့ ကျွန်တော်တို့ ရဲရဲစဉ်းစားရမှာက ရန်သူအသတ်ခံမလား၊ ဒီအတိုင်းသေမလား၊ ဒါမှမဟုတ် ရန်သူကိုသတ်ရင်း သေမလား အောင်ပွဲခံမလား။

မီးကိုတားတဲ့ အကောင်းဆုံးနည်းက မီးကိုလှန်ရှို့ရတယ်။ တောမီးကို တားရုံနဲ့ မရဘူး လှန်ရှို့ရတယ်။ မီးကိုလှန်ရှို့မှ မီး ကိုငြိမ်း စေနိုင်တယ်။ ဒါဟာ ပြည်တွင်းစစ်အတွင်း တောတဲနေရင်းရတဲ့ သင်ခန်းစာဘဲ။

သဘောတရား ကောက်ချက်ဘာလဲ။

စစ်ကို စစ်နဲ့အနိုင်တိုက်ရမယ်။

ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို တော်လှန်တဲ့ ပြည်တွင်းစစ်နဲ့အနိုင်တိုက်ရမယ်။

ဖောက်ပြန်တဲ့ စနစ်ကိုဖြိုချချင်ရင် တော်လှန်စစ်လုပ်တာဟာ အကောင်းဆုံးလမ်းပဲ။ တခုတည်းသောလမ်းပဲ။

တော်လှန်ရေးလုပ်ရင် လူတွေမသေဘူးလား၊ လူတွေဒုက္ခမရောက်ဘူးလား။

ကျွန်တော်က ဒါကောင်းတယ်လို့ပြောချင်တယ်၊ ရဲရဲပဲမြင်ရမယ်။

အလွယ်ဆုံးတခုဘဲပြောမယ်၊ ကျွန်တော်တို့ရောက်တဲ့နေရာဟာပြာပုံချည်းပဲ ၁-ရက် ၂-ရက်နေတော့ ပြာတွေရှင်းသွားပြီး၊ နေချင်စရာကောင်းတဲ့ စခန်းဖြစ်သွားတယ်၊ ဒါကျွန်တော်တို့လက်တွေ့ဖြစ်တယ်။

ရန်သူက ဖောက်ပြန်တဲ့ပြည်တွင်းစစ်လုပ်တဲ့အခါမှာ ဒီအတိုင်းငုံ့ခံနေလို့မဖြစ်ဘူး။ တော်လှန်တဲ့ပြည်တွင်းစစ်လုပ်ရမယ်။ ဖောက်ပြန်တဲ့ပြည်တွင်းစစ်နဲ့ တော်လှန်တဲ့ ပြည်တွင်းစစ်တိုက်ရင်း တပြည်လုံးဟာပြာကျချင်ကျသွားမယ်။

အဲဒီပြည်တွင်းစစ် ပြာပုံထဲက ကျွန်တော်တို့ဟာ တော်လှန်တဲ့ လူ့အဖွဲ့အစည်းအသစ်ကို တည်ဆောက်မယ်ဆိုတဲ့အမြင် ကျွန်တော်တို့မှာရရှိမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်တဲ့ ပြည်တွင်းစစ်ပြာပုံယဲက အင်မတန်ချမ်းမြေ့သာယာ ပျော်ရွှင်ဘွယ်ကောင်းတဲ့ လူ့အဖွဲ့အစည်းအသစ် ဗမာပြည်အသစ်ကို တည်ဆောက်မယ်ဆိုတဲ့ ပိုင်းဖြတ်ချက်ကို ကျွန်တော်တို့ အခိုင်အမာချ ထားရလိမ့်မယ်။

ပြာပုံနဲ့တော့ မဖြစ်ဘူးဆိုရင် မီးတားသွားလိမ့်မယ်။ ပြာပုံကြောက်ရင် မီးတားလိမ့်မယ်၊ သေမှာကြောက်ရင် အသတ်ခံရလိမ့်မယ်။

သေမှာမကြောက်ရင် ကိုယ်ကရန်သူကို သတ်ပီး အနိုင်ရမှာပဲ၊ မီးမကြောက်ရင် ပြာပုံထဲမနေရဘူး၊ မီးကြောက်ရင် ပြာပုံထဲနေရမှာဘဲ။

ရန်သူကြီး(၃)ဦး၊ စနစ်(၃)ခု၊ ဒီရန်သူ(၃)ဦးရဲ့ ကိုယ်စားလှယ် အကြီးဆုံးသွေးစုတ်ကောင်၊အကြီးဆုံးလူသတ်ကောင်၊ အကြီးဆုံးမုဒိမ်းကောင်ဖြစ်တဲ့နေဝင်းကို ကျွန်တော်တို့က တော်လှန်စစ်နဲ့ အနိုင်တိုက်ရမယ်။

(အထက်ပါ မိန့်ခွန်း သခင်သန်းထွန်း၏ လက်ရေးမူ စာမျက်နှာ ၁၁၅ မှ ၁၁၇)

သခင်သန်းထွန်းသည် ဘဝဟစ်တိုင်လှုပ်ရှားမှုနှင့်ပတ်သက်၍လည်း ဤသို့ ဖော်ထုတ်ထားလေသည်။

"ဘဝဟစ်တိုင်လှုပ်ရှားမှုဟာ၊ ဗမာပြည် တော်လှန်ရေးရဲ့အရင်းကျမ်းဖြစ်တယ်"

ဘဝဟစ်တိုင်လှုပ်ရှားမှုထဲကတွေ့ရှိချက်တခုကို ကျွန်တော်ပြောချင်တယ်။

အဲဒါကတော့ ဘဝဟစ်တိုင် လှုပ်ရှားမှုဟာ၊ ဗမာပြည်တော်လှန်ရေးရဲ့ အရင်းကျမ်း ဖြစ်တယ်ဆိုတာပဲ။....

(အထက်ပါ မိန့်ခွန်း သခင်သန်းထွန်း၏လက်ရေးမူ စာမျက်နှာ ၁၆၀-မှ)။

ထို့သို့ဖြင့် ဘဝဟစ်တိုင်လှုပ်ရှားမှု၏ အရေးကြီးဆုံးသော နိဂုံးချုပ်ချက်ဆိုသည်ကို သခင်သန်းထွန်းသည် ဤသို့ပိုချလိုက်လေသည်။

"ဒီနေရာမှာ အရေးကြီးတဲ့ နိဂုံးချုပ်ချက်တခု ချမှတ်ဖို့ လိုတယ်။ အဲဒါက....

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဘဝဟာစ်တိုင်လှုပ်ရှားမှုကို မဖြတ်သန်းရင်၊ ဘဝဟာစ်တိုင် လှုပ်ရှားမှုကို မလေ့လာရင်၊ ကွန်မြူနစ်ပါတီဝင်မဖြစ်နိုင်ဘူး။ တော်လှန်ရေးသမား မဖြစ်နိုင်ဘူး။

ရန်သူကြီး(၃)ဦးကို မမြင်ရင်၊ရန်သူကြီး(၃)ဦးကို တော်လှန်ရမယ်လို့ မမြင်ရင်၊ ဘယ်နှယ်လုပ်ကွန်မြူနစ်ပါတီဝင်ဖြစ်နိုင်မှာလဲ။ ဘယ့်နှယ်လုပ် တော်လှန်ရေးသမားဖြစ်နိုင်မှာလဲ။

ဒါက သူများပြောလို့ မဟုတ်ဘူး၊ ကိုယ့်ဘဝထဲက ရှာဖွေတွေ့ရှိတာဖြစ်တယ်။

(အထက်ပါ မိန့်ခွန်း သခင်သန်းထွန်း၏ လက်ရေးမူစာမျက်နှာ ၁၇၄-မှ)။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၈

ကျောင်းတပ်နီလူငယ်များ

(၁) တပ်နီလူငယ်၏ခေါင်းဆောင်များ။

ဗဟိုစစ်ကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် "(၄)နှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်း"တွင် "စည်းရုံးရေးကိစ္စများ" ဟူသောအပိုင်း၌ လူငယ်များကို ရေရှည်စီမံကိန်းဖြင့် မွေးမြူသွားရန်ဆုံးဖြတ်ထားလေသည်။

သခင်သန်းထွန်းသည် လူငယ်လေးများအား ဗမာပြည်ကွန်မြူနစ် အရေးတော်ပုံ၏ အားသစ်များအဖြစ် သဘောထား၏။ မျိုးဆက်များအဖြစ်လည်း သတ်မှတ်ထား၏။ ဗမာပြည်တော်လှန်ရေး၏ အမြုတေများ မုချဖြစ်လာမည်ကိုလည်း လုံးဝပင်မြှော်လင့်ထားလေသည်။

၁၉၆၆-ခုနှစ် ဩဂုတ်လ(၁၆)ရက်နေ့တွင် ဖြစ်သည်။

သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင်ရှိသော ကွင်းစမ်းစခန်းသည် ဗဟိုစခန်းဖြစ်လေသည်။

ထိုစခန်းတွင် ရဲဘော်အောင်ကြီး၊ သခင်ပု၊ ရဲဘော်တွန်းရှိန်၊ ရဲဘော်မျိုးတင့်တို့သည် သခင်သန်းထွန်း၊ သခင်ချစ်တို့နှင့် စုဝေး၍ဆွေးနွေးကြ၏။ အကြောင်းမှာ ဗဟိုဌာနချုပ်စခန်းတွင်ရှိသောလူငယ်လေးများအားပါတီတွင်းတိုက်ပွဲတွင် "စံပြကျော``များ"အဖြစ် လေ့ကျင့်ရန်ဖြစ်၏။ တနည်းအားဖြင့် "အားသစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

များ" အဖြစ်မွေးမြူရန်ဖြစ်၏။ ဤအတွက် "ရေရှည်စီမံကိန်း"တရပ်ကို တင်ပြ၍ ဆွေးနွေးနေကြခြင်းဖြစ်လေသည်။

ရဲဘော် အောင်ကြီး၊ ရဲဘော်ထွန်းရှိန်၊ ရဲဘော်မျိုးတင့်တို့သည် တရုပ်ပြည်တွင် လူငယ်မျိုးဆက်များ မွေးမြူရေးနှင့် ပတ်သက်သော အတွေ့အကြုံများကို လက်တွေ့ဆည်းပူးလေ့လာခဲ့သူများ ဖြစ်သည်ဟုဆိုကြ၏။ အထူးသဖြင့် ရဲဘော်ထွန်းရှိန်သည် တရုပ်ပြည်၏ လူငယ်မျိုးဆက်များ မွေးမြူလေ့ကျင့်ရေး အတွေ့အကြုံတွင်သာမက ကမ္ဘာ့လူငယ်များလှုပ်ရှားမှု၌ပင် ကိုယ်တိုင်ကိုယ်ကျ ဦးစီးခေါင်းဆောင်ခဲ့သူတဦးဖြစ်သည်။

ထို့ကြောင့် သခင်သန်းထွန်းနှင့် သခင်ချစ်တို့သည် ရဲဘော်အောင်ကြီးတို့၏ လူငယ်မျိုးဆက်များ လေ့ကျင့်မွေးမြူရေး "ရေရှည်စီမံကိန်း"ကို အလွန်စိတ်အားတက်ကြွစွာပင် ထောက်ခံကြ၏၊ အားပေးကြ၏။

ယင်းရေရှည်စီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက်လည်း ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်းခေါင်းဆောင်သည့် ရဲဘော်အောင်ကြီး၊ ရဲဘော်ထွန်းရှိန်၊ ရဲဘော်မျိုးတင့်တို့ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းလိုက်၏။ ထိုအဖွဲ့မှပင် တိကျသောတာဝန်များကို ခွဲဝေကြလေသည်။

ရဲဘော်ထွန်းရှိန် (ရဲဘော်ဖေငြိမ်း)အား ဗဟိုစခန်းတွင်ရှိသော လူငယ်များကို စည်းရုံးရန်အတွက် ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ် လိုက်၏။

ရဲဘော်ထွန်းရှိန်သည် ဗဟိုစခန်းလူငယ်အဖွဲ့တွင် ရဲဘော်ထွန်းကျော်(ခေါ်) ရဲဘော်စိုးဝင်း (လူထုဦးလှ - ဒေါ်အမာ၏သား)နှင့် ရဲဘော်တင်ဟန်(အောင်သိန်းနိုင်)တို့ကိုပါ တာဝန်ပေးအပ်ခဲ့လေသည်။

ဤသို့ဗဟိုစခန်း လူငယ်အဖွဲ့တွင် ရဲဘော်ထွန်းကျော် (ခေါ်) ရဲဘော်မောင်စိုးဝင်း(ခ)ကျော်ထွန်းနှင့် ရဲဘော်တင်ဟန်တို့အား ထည့်သွင်း၍တာဝန်ပေးခြင်းကို သခင်သန်းထွန်းနှင့် သခင်ချစ်တို့ကပါ အထူးထောက်ခံကြလေသည်။

ရဲဘော်ထွန်းကျော်နှင့် ရဲဘော်တင်ဟန်တို့သည် ရန်ကုန်တက္ကသိုလ်ကျောင်းသားများဖြစ်၏။ ကျောင်းသား လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသူများဖြစ်၍ စည်းရုံးရေးစွမ်းရည်ရှိသူများဖြစ်၏။ အလွန်လည်း တက်ကြွသူများဖြစ်၏။ ထို့ကြောင့်ပင် ယင်းလူငယ်အဖွဲ့တွင် အထူးရွေးချယ်၍ တာဝန်ပေးခဲ့ခြင်းဖြစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လေသည်။ ယင်းဗဟိုစခန်း လူငယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ဖြင့် (၁၅) ဦးသာ ရှိ၏။ သို့သော်လည်း အခြားသောတိုင်း-ခရိုင်များနှင့် မြို့နယ်က လက်ရွေးစဉ် လူငယ်များကို ဗဟိုစခန်းသို့ခေါ်ယူရန်အတွက် စီစဉ်ပြီးဖြစ်လေသည်။

ယင်းသို့ ဗဟိုစခန်းလူငယ်အဖွဲ့ကို စနစ်တကျ ဖွဲ့စည်းပြီးနောက် ရဲဘော်ထွန်းရှိန်သည် လူငယ်များအတွက် ရာသက်ပန်ဦးထိပ်ပန်ဆင်ရမည့် "အတွေးအခေါ်ခံယူချက်" မူကြမ်းကို ဤသို့ပင် ရေးဆွဲလေသည်။

" လူငယ်များ "

၁။ ပါတီရဲ့ ခေါင်းဆောင်မှု အကြွင်းမဲ့ခံယူရမယ်။

၂။ အတွေးအခေါ်လုပ်ငန်း နိုင်ငံရေးလုပ်ငန်း ထာဝစဉ် ဦးထိပ်ပန်ရမယ်။

၃။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို ဦးထိပ်ပန်ရမယ်။ အထူးသဖြင့် တရုတ်သုံးသွယ်ကို ဦးထိပ်ပန်ရမယ်။

(က) ပစ္စည်းမဲ့တော်လှန်ရေး။

(ခ) ပစ္စည်းမဲ့ အာဏာရှင်စနစ်။

(ဂ) ပစ္စည်းမဲ့ပါတီ။

၄။ ပါတီရဲ့လုပ်ငန်းစဉ် လမ်းစဉ်ပေါ်လစီတွေကို လက်ခံကျင့်သုံးသူတွေသာမက ဝိုင်းဝန်းတည်ဆောက်သူတွေ ဖြစ်ရမယ်။

၅။ ပါတီရဲ့ လူထုလမ်းစဉ်နဲ့ လူတန်းစားလမ်းစဉ်ကို တင်းကြပ်စွာ ခံယူ ကျင့်သုံးသူသာမက ဝိုင်းဝန်းတည်ဆောက်သူတွေဖြစ်ရမယ်။ (ကျေးလက်လူတန်းစားလမ်းစဉ်—မြို့လူတန်းစားလမ်းစဉ်)

"မိမိကိုယ်ကို လေ့ကျင့် မွေးမြူတဲ့ အခါမှာ—"

(၁) (က) ပါတီရဲ့ အတွေးအခေါ်နှစ်ရပ် လမ်းစဉ်နှစ်ရပ် တိုက်ပွဲထဲမှာ လေ့ကျင့် မွေးမြူသွားရမယ်။ တနည်းဆိုရင် ပါတီတွင်း လူတန်းစားတိုက်ပွဲထဲမှာ လေ့ကျင့် မွေးမြူရမယ်။

ရဲဘော်ထွန်းရှိန်(ခ)ဗေငြိမ်း၏လက်ရေးမူ



ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစခန်းတွင် တော်လှန်သော တစ်နိုင်လူငယ် အဖွဲ့အတွက် တော်လှန်သော အတွေး အခေါ် ခံယူချက်နှင့်လမ်းညွှန်ကို ရေးဆွဲထားသော ဗိုလ်ကင်းပြန် ရဲဘော် ထွန်းရှိန်(ခ)ဗေငြိမ်း၏ လက်ရေးမူဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ခ) ပါတီပ လူတာလူတန်းစားတိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်။

(ဂ) ရန်သူ လူတန်းစားနဲ့ စစ်ရေးတိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်။

(ဃ) ပြည်သူတွေနဲ့ အတူ ထုတ်လုပ်ရေးတိုက်ပွဲ (သဘာဝနဲ့ တိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်။)

(၂) (က) ရိုးရိုးကုတ်ကုတ်နေ၊ ကြိုးကြိုး ပမ်းပမ်းလုပ်၊ ချွေချွေတာတာသုံး။

(ခ) လေ့လာ၊ လေ့လာ၊ ထပ်လေ့လာ။

(မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် ပါတီလမ်းစဉ်၊ လုပ်ငန်းစဉ်၊ ပေါ်လစီ၊ ပါတီတည်ဆောက်ရေး၊ တပ်တည်ဆောက်ရေး၊ ပါတီ-တပ်လူထု) စာပေယဉ်ကျေးမှု သိပ္ပံပညာ။

(၃) (က) ပူတန်းစားရပ်တည်မှု၊ လူတန်းစားအမြင်။

(ခ) ပါတီရပ်တည်မှု ပါတီအမြင်။

(ဂ) တော်လှန်ရေးရပ်တည်မှု တော်လှန်ရေးအမြင်။

၎င်းသည်မှာ-ဗမာပြည် တပြည်လုံး၌ရှိသော လူငယ်မျိုးဆက်များ အတွက် ရဲဘော်ထွန်းရှိန် ကိုယ်တိုင်ရေးပေးသော "အတွေးအခေါ် ခံယူချက်"ပင် ဖြစ်လေသည်။

(၂) တပ်နီလူငယ်အဖွဲ့။

၁၉၆၇-ခုနှစ်၊ ဖေဖော်ဝါရီလ (၂ဂ)ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် လူငယ်အစည်းအဝေးကို ကျင်းပလျက်ရှိ၏။ ယင်းအစည်းအဝေးတွင်အသက် ၁၄-နှစ်နှင့် ၁ဂ-နှစ်အတွင်း

ဦရှိသော လူငယ် (၂၀)ခန့် တက်ရောက်ကြ၏။ ယင်းလူငယ်အစည်းအဝေးတွင် ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့သည် ဗဟိုစခန်းတွင်ရှိသော လူငယ်တို့အား အတွေးအခေါ် လှည့်ပြောင်းရန်အတွက် ဩဝါဒမိန့်ခွန်းကို ပေးကြလေသည်။

ယင်းအစည်းအဝေးသို့ တက်ရောက်နေကြသော လူငယ်များသည် ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့၏ ဩဝါဒမိန့်ခွန်းများကို စူးစိုက်၍ နားထောင်နေကြ၏။ တခါတရံတွင် မျက်တောင်ပင်မခတ်ကြချေ။

"တို့မှာ....ဆွေရယ်မျိုးရယ်ဆိုတာမရှိရဘူး၊ အဖေရယ်၊ အမေရယ်၊ ညီရယ်၊ အကိုရယ်ဆိုတာလဲ မရှိရဘူး။ ပြီးတော့ တို့မှာချစ်ခြင်းမေတ္တာတို့၊ သံယောဇဉ်တို့ သစ္စာတရားတို့ဆိုတာလဲမရှိရဘူး။ တကယ်ကျတော့ ဒါတွေဟာ လူ့ဂရုဏာဝါဒသက်သက် အတွေးအခေါ်ပဲ ဒါကိုတို့အနေနဲ့ အသည်းလှိုက် အူလှိုက် ဆန့်ကျင်ရမယ်။"

တို့မှာ - လူတန်းစား အသိကလွဲပြီး ဘာမှမရှိဘူး၊ ဒါကြောင့်မို့ လူတိုင်းဟာ လိုအပ်လာရင် အဖေရင်းကိုရော၊ အမေရင်းကိုရော၊ အကိုရော၊ ညီကိုပါ သတ်ရဲရမယ်၊ ဆွေမျိုးကိုလဲ သတ်ရဲရမယ်၊ လင်ကိုရော၊ မယားကိုရော၊ သတ်ရဲရမယ်။"

ဒါကတော့ မင်းတို့ငါတို့ မသေမချင်း တို့အသည်းနှလုံးမှာစွဲမြဲထားရမဲ့ အတွေးအခေါ်ပဲ၊ ဒီအတွေးအခေါ်ကို မစွဲမြဲရင် မင်းတို့ဟာလဲ မုချပဲသစ္စာဖောက်တွေ ဖြစ်လာမှာသေချာတယ်၊ ဒါကိုတော့ မင်းတို့ အမြဲတန်းလေးနက် ကြရမယ်။"

နောက်ပြီးတော့ အခုပါတီထဲမှာ ကနေ့ဗမာပြည်မယ်ငြိမ်းချမ်းရေး လိုချင်တယ်လို့ ပြောတဲ့လူဟာ သစ္စာဖောက်ပဲ၊ ဒါနဲ့ပတ်သက်လို့ ဗမာပြည်ကြီးရဲ့ ကံကြမ္မာကို ဖန်တီးမဲ့မင်းတို့ဟာ လေးနက်နေရမယ်၊ ငြိမ်းချမ်းရေးပြောတဲ့လူတိုင်းကို ဘယ်လိုလူကိုပဲဖြစ်ဖြစ်၊ သစ္စာဖောက်အဖြစ်နဲ့ သဘောထားရမယ်၊ ကျေညာရမယ်။"

မင်းတို့အနေနဲ့ အမြဲတန်း ဦးထိပ်ပန်ဆင်ရမဲ့ အတွေးအခေါ်ကတော့ ဉက္ကဋ္ဌကြီး မဟာမော်စီတုန်းရဲ့ အတွေးအခေါ်ပဲ၊ မဟာမော်စီတုန်းဟာ မင်းတို့ရဲ့အသည်းထဲက နေမင်းနီကြီးဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မင်းတို့ဟာ ပဲခူးရိုးမယိပ်က နေမင်းကြီးနဲ့တူတယ်။ အဲဒီနေမင်းကြီးဟာ အမြဲတန်း တောက်ပနေတယ်။ မင်းတို့ကလဲ အမြဲတန်း တောက်ပနေတာပဲ။

မင်းတို့လို လူငယ်တွေကို ပဒေသရာဇ်မြေရှင်တွေက အလှန်ဖောက်ပြန်တဲ့သူတို့အတွက် ကျွန်ခံရေးအတွေးအခေါ်တွေကို စွဲနေအောင်လုပ်ခဲ့ကြတယ်။

အဲဒါကတော့ "ရှင်ရင်ရွှေထီး-သေရင်မြေကြီး"ဆိုတာပဲ။ ဒါဟာတကယ်က တဦးချင်း ကျွန်ခံရေးဝါဒ သက်သက်ကို ထူထောင် ပေးထားတာဖြစ်တယ်။

ဒါနဲ့ပတ်သက်လို့ မင်းတို့စိတ်ထဲမှာ ပိုင်းဖြတ်ပြီးသား ဖြစ်ရမှာက "ရှင်ရင်လဲဘာမှ မဖြစ်ဘူး၊သေရင်တော့ မြေကြီးဖြစ်မယ်"ဆိုတာကိုပဲ။ အလေးအနက် နားလည်ထားကြဖို့ လိုတယ်။

ပြီးတော့ ဗမာပြည်ရဲ့ ယဉ်ကျေးမှုအဟောင်းတွေကို မင်းတို့ဟာ ချေမှုန်းပစ်ကြရမယ်။ ဖျက်ဆီးပစ်ကြရမယ်။ ဒါဟာမင်းတို့တာဝန်ပဲ။

ကနေ့မင်းတို့ လူငယ်တွေဟာ ကမ္ဘာကြီးကိုလဲ ပိုင်တယ်။ ဗမာပြည်ကိုလဲပိုင်တယ်။ ဒါကြောင့် မင်းတို့ဟာ ဘာကိုမှ ဘယ်သူ့ကိုမှကြောက်စရာမလိုဘူး။ မင်းတို့ ဘာကိုဘဲ လုပ်လုပ် ရဲငါး ရဲစိတ်ဓာတ်နဲ့ လုပ်ဖို့လိုတယ်။ မင်းတို့ လုပ်တာတိုင်းဟာ တရားတာချည်းပဲ။ ရဲငါး ရဲစိတ်ဓာတ်ဆိုတာဟာ "ရဲရဲတွေး၊ ရဲရဲပြော၊ ရဲရဲလုပ်၊ ရဲရဲချိုးဖောက်၊ ရဲရဲတော်လှန်" ဆိုတာပဲ။ ဒါကိုမင်းတို့ အသဲထဲမှာ စွဲထားရမယ်။"

ဤသည်တို့မှာ ရဲဘော်အောင်ကြီးနှင့်ရဲဘော်ထွန်းရှိန်တို့၏ ဩဝါဒမိန့်ခွန်းတို့ပင်ဖြစ်လေသည်။

ထိုသို့ ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့၏ ဩဝါဒမိန့်ခွန်းကို လူငယ်များသည် နားထောင်ပြီးနောက် မိမိတို့တဦးစီ၏ ခံယူချက်ကို တင်ပြကြရလေသည်။

ပထမဦးဆုံးပင် အမြင့် (ခေါ်) မစန်းဝင်းက တင်ပြ၏။ အမြင့်မှာ အသက် (၁၄) နှစ်သာရှိ၏။ တောင်ငူခရိုင် ဖြူးမြို့မှ ဦးလှကျော် (ခေါ်) ဆရာလေးအောင်ကြီးနှင့် ဒေါ်အေးတို့၏ သမီးကြီးဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ကနေ့ ဗမာပြည်မှာ ငြိမ်းချမ်းရေးပြောတဲ့လူတိုင်းကို သစ္စာဖောက်အဖြစ်နဲ့ ကျွန်မရဲ့ အသက်ကို အသေခံပြီး တိုက်သွားပါမယ်။ ကျွန်မရဲ့ အဖေနဲ့ အမေကိုပဲဖြစ်ဖြစ် ငြိမ်းချမ်းရေးစကားပြောလာရင် ကျွန်မကိုယ်တိုင်သတ်ပါမယ်။"

ဤသည်မှာ အမြင့် (ခေါ်) မစန်းဝင်း၏ အဓိဋ္ဌာန်ပြုချက်ပင်ဖြစ်သည်။

ထို့နောက် တောင်ငူခရိုင်မှ ဦးလေးအောင်နှင့် ဒေါ်တင်ရီတို့၏ သမီးဖြစ်သော ခင်လေးမြင့်က တင်ပြ၏။ ခင်လေးမြင့်မှာ အသက်(၁၆)နှစ်သာရှိသည်။

"ငြိမ်းချမ်းရေး စကားပြောတဲ့ လူတိုင်းကို သစ္စာဖောက် အဖြစ်နဲ့ သတ်မှတ်သွားပါမယ်။ နောက်ဆုံး ကျွန်မရဲ့အဖေနဲ့-အမေဖြစ်ပါစေ ကျွန်မကိုယ်တိုင်သတ်ပါမယ်။"

ဟူ၍ အဓိဋ္ဌာန်ပြု၍သွားလေသည်။

ဆက်လက်၍ ရဲဘော်ဒွေး၏ သားငယ်ဖြစ်သော ဖိုးတူးကလည်း ဤသို့ပင် အဓိဋ္ဌာန်ပြု၍သွားသည်။

"ပါတီနဲ့ တော်လှန်ရေးကို ဆန့်ကျင်ဖျက်ဆီးသူတွေ ငြိမ်းချမ်းရေး သမားတွေဆိုရင် ဘယ်သူ့ကိုမဆို တိုက်သွားပါမယ်။ ကျွန်တော် အဖေနဲ့ အမေဖြစ်ပါစေ ကျွန်တော်ကိုယ်တိုင်သတ်ပါမယ်။ ကျွန်တော့ဟာ တရုပ်တပ်နီတွေရဲ့ တော်လှန်ဟဲ့ လမ်းကြောင်းအတိုင်း လိုက်မယ်။"

ဟူ၍ ဖြစ်လေသည်။

ထို့နောက် သာယာဝတီခရိုင်တပ်မှူး ဗိုလ်ထွန်းလင်းနှင့် ဒေါ်လုံးတင်တို့၏ သားငယ်ဖြစ်သော ဖိုးဒွေးကလည်း ဤသို့ပင်အဓိဋ္ဌာန်ပြု၍ သွားလေသည်။

"ပါတီနဲ့ ဥက္ကဋ္ဌကြီးကို ထိခိုက်ပြီးပြောလာတဲ့ သူမှန်သမျှဟာ ငြိမ်းချမ်းရေးသမားပဲ။ ငြိမ်းချမ်းရေး သမားဆိုရင် ကျွန်တော့ အဖေနဲ့ အမေကိုပဲဖြစ်ဖြစ် ကျွန်တော်ကိုယ်တိုင်သတ်ပါမယ်။"

ဤသို့ပင် ပြတ်ပြတ်သားသား အဓိဋ္ဌာန်ပြုသွားသော ဖိုးဒွေးသည် အသက် (၁၅)နှစ်ခန့်သာရှိ၏။ ဖိုးဒွေးအား ၁၉၆၆-ခုနှစ်တွင် သူ့မိဘများကဗဟိုဌာန

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ချုပ်၌ ပညာသင်ကြားရန်အတွက်ပို့ထားခြင်းဖြစ်၏။ နောက်ပိုင်းတွင်ဗဟိုဌာန ချုပ်ရုံး၌ ရုံးလုပ်သားလေးအဖြစ်ဖြင့် လက်နှိပ်စက်ရိုက်ရသူဖြစ်သည်။

ဖိုးငွေ၏မိဘများက ဗဟိုဌာနချုပ်မှ ရဲဘော်ငွေးနှင့် ရဲဘော်ဘခက်တို့ အားဆုံးမပဲ့ပြင်ရန်အပ်ထားခဲ့ခြင်းဖြစ်လေသည်။

ဖိုးငွေးမှာ အလွန်ရိုးအသူဖြစ်၏။ အခြေခံအားဖြင့်လည်း ရိုးသား၏။ သာယာဝတီခရိုင်တောတွင်း၌ရှိသော ကွန်မြူနစ်ပါတီစခန်းတွင်မွေးဖွားခဲ့သူဖြစ်၏။ အင်တိုင်းတောတွင်မွေး၍ အင်တိုင်းတောတွင်သာ အနေကြာခဲ့၏။ ရွာကြီး ကြီးပင်ရောက်ဘူးခြင်းမရှိချေ။ တောတွင်းဘဝဖြင့်သာ ကျင်လည်ခဲ့ရသူဖြစ်၏။ နေထိုင်ခဲ့ရသူဖြစ်၏။

လွန်ခဲ့သော (၇)နှစ်ခန့်က ဖိုးငွေးတို့သားအမိအား သာယာဝတီခရိုင် တောင်ညိုဒေသတွင် ဗမာ့တပ်မတော် စစ်ကြောင်းတကြောင်းမှ ဖမ်းမိခဲ့၏။ ထိုအချိန်က ဖိုးငွေး၏ အသက်မှာ(၇)နှစ်ခန့်သာရှိ၏။

တပ်မတော်မှရဲဘော်များသည် ဖိုးငွေးတို့သားအမိအား ဂရုတစိုက်ပြုစု၍ နတ်တလင်းမြို့သို့ ခေါ်ဆောင်ခဲ့၏။ ဖိုးငွေး၏ဘဝတွင် မြို့သို့ ဤအကြိမ်သည် ပထမဦးဆုံးရောက်ခြင်းဖြစ်၏။ ဖိုးငွေးအဖို့ မြင်တွေ့သမျှအစစအရာရာသည် အထူးအဆန်းဖြစ်ရ၏။ အလွန်အံ့သြ၏။

ဖိုးငွေးသည် ပထမဦးဆုံးပင် နတ်တလင်းမြို့အဝင်၌ မြင်းလှည်းကိုတွေ့ရ၏။ ထိုအခါတွင် ဖိုးငွေးအဖို့ အလွန်ပင်အထူးအဆန်းဖြစ်၍ သွားတော့၏။

''အမေ....အမေ ဒီဆိတ်ကြီးက သိပ်ကြီးတာပဲနော်''ဟု တအံ့တသြဖြစ်ကာ တောက်တခေါက်ခေါက်ဖြင့် သူ့အမေအားပြ၍ နေတော့၏။

ထိုအခါတွင် ဒေါ်လုံးဘင်ကလည်း''အဲဒါ ဆိတ်မဟုတ်ဘူး၊ မြင်းလို့ခေါ်တယ်''ဟုပြောပြရ၏။ ထို့ပြင် မော်တော်ကား၊ မီးရထား၊ တိုက်တာအဆောက် အဦစသည်တို့ကိုလည်း လက်ညှိုးထိုး၍သာ မေးနေတော့သည်ဟု ဒေါ်လုံးတင် က သူ့သားဖိုးငွေးအကြောင်းကို မကြာခဏပြောပြတတ်လေသည်။

ဖိုးငွေးသည် ဒုတိယတန်း အထိသာ စာသင်ဘူး၏။ ထိုထက်ပို၍မသင်ဘူး ချေ၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဖိုးငွေးသည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် စခန်းသို့ ရောက်သည်အထိ၊ စကားကို လေးလုံးကွဲအောင်မပြောတတ်သေးချေ။အမေကိုလှမ်း၍ ညတိုင်တွင် ထ၍ငိုတတ်သေးသည်။ တကဲ့ခလေးလေးပင်ဖြစ်လေသည်။

ထိုနောက် သခင်သန်းထွန်း၏သားငယ် မောင်မောင်(ခေT)ညီညီလေးက လည်း ဤသို့ပင် အစီရင်ခံပြု၍သွားသည်။

"ကနေ့ ဗမာပြည်မှာ ငြိမ်းချမ်းရေးကို လိုချင်တယ်လို့ ပြောတဲ့ လူတွေဟာ သစ္စာဖောက်တွေဖြစ်တယ်။ အဲဒီလူတွေကို ကျွန်တော်ကိုယ် တိုင်သတ်ပါ့မယ်။ ကျွန်တော့ အဖေ - အမေဖြစ်ပါစေ၊ အကိုနဲ့ အမဖြစ် ပါစေ၊ ကျွန်တော်ကိုယ်တိုင်သတ်ပါ့မယ်။

ကျွန်တော်ဟာ တရုပ်တပ်နီတွေရဲ့စိတ်ဓာတ်နဲ့ အသက်ပေးပြီးတိုက် သွားမယ်"။

ဤသို့ပင် အခြားအခြားသော လူငယ်များကလည်း အလွန်တက်ကြွသော အမူအရာများဖြင့်၊ အစီရင်ခံများကိုပြုသွားကြလေသည်။

ယင်းသို့ လူငယ်ကလေးများသည် အလွန်တက်ကြွသော အမူအရာများဖြင့်၊ "ငြိမ်းချမ်းရေးသမားတွေကို ကိုယ်တိုင်သတ်ပါ့မယ်"ဟု အစီရင်ခံပြုသွားသည့် အတွက် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် အလွန်ပင် သဘောကျ ကြ၏။

ထို့ပြင် "ရန်သူကို ရန်သူလိုမြင်တဲ့ လူတန်းစား ရပ်တည်မှု" ကို ပြသခြင်း ဖြစ်သည်ဟု ချီးကျူးကြ၏။ ထို့ကြောင့် လူငယ်များသည် အလွန်ပင်အားရ နေကြ၏။ တက်ကြွနေကြ၏။

ထို့နောက် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် လူငယ်များ အား " မင်းတို့ဟာ အသစ်ကို ကိုယ်စားပြုသူတွေ ဖြစ်တယ် " " ကနေ့ပါတီ ထဲမှာရှိနေကြတဲ့ခေါင်းဆောင်တွေ၊ လူကြီးတွေဟာ၊ အဟောင်းသမားတွေဖြစ် တယ်။ အဟောင်းနေရာကို အသစ်တွေနဲ့ အမြန်ဆုံးအစားထိုးရလိမ့်မယ်၊ ဒီ အတွက် အသင့်ပြင်ထားရမယ်။ မင်းတို့ဟာ ပါတီထဲမှာ လင်းယုန်မျက်စေ့နဲ့ လူတိုင်းကို ကြည့်နေကြရမယ်"ဟူ၍လည်း ထပ်မံ၍ပြောကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့်ရဲဘော်ထွန်းရှိန်တို့၏ ပြုပ်ဒ မိန့်ခွန်းများကြောင့် ဗဟိုစခန်း၌ရှိသော လူငယ်လေးများမှာ အထူးပင် တက်ကြွနေကြလေသည်။

× × ×

၁၉၆၇-ခုနှစ်၊ ဧပြီလ (၅)ရက်နေ့တွင် ဖြစ်လေသည်။

သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့်ရဲဘော်ထွန်းရှိန်တို့သည် ဗဟိုစခန်းမှ လူငယ်များ၏ အထူးအစည်းအဝေးတရပ်ကျင်းပ၏။ ယင်းအစည်းအဝေးတွင် သခင်သန်းထွန်းကိုယ်တိုင်ပင် " **တိုက်တိုင်းအောင်** " လက်နက်ဆိုသည့် "**မဟာအတွေးအခေါ်**" ကို အထူးသြဝါဒအဖြစ်ဖြင့် ပြောကြားလေသည်။

"အခု တို့ဗမာပြည်မှာ မဟာယဉ်ကျေးမှု တော်လှန်ရေးကြီး ဖြစ်နေပြီ။ ဒီယဉ်ကျေးမှု တော်လှန်ရေးကြီးမှာ မင်းတို့လူငယ်တွေဟာ ငါတို့ပါတီရဲ့ စံပြကျောရိုးတွေဖြစ်တယ်။ ငါတို့အနေနဲ့ မင်းတို့လူငယ်တွေကိုသာ အဓိကအားထားတယ်။ အခုရှိနေကြတဲ့ လူကြီးတွေဟာ မင်းတို့လောက် မတော်လှန်ကြဘူး။"

"မင်းတို့လူငယ်တွေအားလုံးဟာ အဖေကိုလဲ သတ်ရဲတယ်။ အမေကိုလဲ သတ်ရဲတယ်ဆိုတာကို လုံးဝယုံကြည်တယ်။ ဒါဟာ မဟာယဉ်ကျေးမှုတော်လှန်ရေး အောင်မြင်ဖို့အတွက် အလွန်ခိုင်မာစွာ စိုက်ထူထားတဲ့ အတွေးအခေါ်ပဲ။"

မင်းတို့ဟာ ဒီယဉ်ကျေးမှု တော်လှန်ရေးကြီးထဲမှာ သေရဲရမယ်၊ သတ်ရဲရမယ်၊ အနိုင်ယူရဲရမယ်။ ဒီ"ရဲသုံးရဲ"စိတ်ဓာတ်ဟာ မင်းတို့လုပ်ငန်းအားလုံးရဲ့ လမ်းညွှန်ဖြစ်ရမယ်။ မင်းတို့ရဲ့ နေ့စဉ်လှုပ်ရှားမှုအားလုံးရဲ့ အတွေးအခေါ်ဖြစ်ရမယ်။

ဒီနေ့ကစပြီးတော့ ဗဟိုစခန်းက လူငယ်တွေကို တော်လှန်သော တပ်နီလူငယ်အဖွဲ့အဖြစ် အသိအမှတ်ပြုကြောင်းကို အခုအစည်းအဝေးမှာ ကျေညာလိုက်တယ်။

တော်လှန်သောတပ်နီလူငယ်အဖွဲ့တွေကိုလဲ တခြားတိုင်းတွေခရိုင်တွေမှာ စနစ်တကျနဲ့ မှန်ကန်တဲ့ခေါင်းဆောင်မှုအောက်မှာ တည်ဆောက်သွားရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်း

သခင်သန်းထွန်းသည် ဗဟိုစခန်းမှ တပ်နီလူငယ်များအား သေရဲရမည် သတ်ရဲရမည် အနိုင်ယူရဲရမည် ဟူသောအတွေးအခေါ်ကို ဩဝါဒ ပေးနေခြင်းဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ဖြင့် သခင်သန်းထွန်းသည် ဗဟိုစခန်းတွင် တော်လှန်သော တပ်နီလူငယ်အဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်းကို ကျေညာလိုက်၏။ လူငယ်လေးများသည် အထူးပင် တက်ကြွရှင်လန်း၍နေကြ၏။ သခင်သန်းထွန်း၏ ဩဝါဒ မိန့်ခွန်းပြော၍အပြီးတွင် ကြွေးကြော်သံများကို ဟစ်အော်ကြလေသည်။

"ဥက္ကဋ္ဌကြီး သခင်သန်းထွန်း ကျန်းမာပါစေ"

"ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ"

"ငြိမ်းချမ်းရေးသမားတွေကို ထုတ်ပစ် သတ်ပစ်"

"၅၅-ကို တိုက်ဖျက်ပစ်"

"ဥက္ကဋ္ဌကြီးနောက်မှာ တပ်နီလူငယ်တွေရှိတယ်"

ထို့နောက်တွင် ရဲဘော်ထွန်းရှိန်သည် တပ်နီလူငယ်တို့၏ ဖွဲ့စည်းပုံ အသစ်ကိုတင်ပြ၏။ ယင်းဖွဲ့စည်းပုံအသစ်မှာ လက်ရှိပါတီတွင်း အခြေအနေအရ "ရဲငါးရဲ" စိတ်ဓာတ်နှင့် "ရဲသုံးရဲ" စိတ်ဓာတ်တို့အရတိုက်ပွဲဝင်သွားနိုင်ရန်အတွက် ဖြစ်လေသည်။

ရဲဘော်ထွန်းရှိန်သည် လက်ရှိပါတီတွင်း အလှည့် အပြောင်း ကာလတွင် အားကိုးအားထားပြုရမည့် စံပြကျောရိုးများကို ရွေးချယ်ခဲ့၏။ အထူးသဖြင့် ဖိုးတူးကို ရွေးချယ်ခဲ့၏။ ဖိုးတူးကိုမူ အထူးအစီအစဉ်များဖြင့် မွေးမြူ ခဲ့၏။ လေ့ကျင့်ခဲ့၏။ ထို့ပြင်-ရဲဘော်ထွန်းရှိန်သည် တပ်နီလူငယ်များနှင့် တလျှောက်လုံးပင် "**တူလေးတူစနစ်**" ကိုကျင့်သုံးခဲ့၏။ ယင်း"**တူလေးတူစနစ်**"ဆိုသည်မှာ "အတူနေ-အတူလုပ်-အတူစား-အတူအိပ်"ပင် ဖြစ်လေသည်။

ထို့ကြောင့်ပင် ရဲဘော်အောင်ကြီးနှင့်ရဲဘော်ထွန်းရှိန်တို့သည် ဗဟိုစခန်းမှ တပ်နီလူငယ်များ၏ ယုံကြည်အားထားခြင်းကို အထူးပင်ခံကြရလေသည်။

တချိန်တည်းတွင် သာယာဝတီ ခရိုင်တွင်လည်း ရဲဘော်မစိန်ဝင်းသည် သာယာဝတီခရိုင်၏ တော်လှန်သော တပ်နီ လူငယ် အဖွဲ့ ကို ဖွဲ့စည်း လိုက်၏။ ရဲဘော်မစိန်ဝင်းက တော်လှန်သော တပ်နီ လူငယ်များနှင့် တပ်နီအမျိုးသမီးများကို ဤသို့ပင် ဩဝါဒပေးလေသည်။

"သူပုန်ထတယ်ဆိုတာ ညှော်သည့် ထမင်းဖိတ်ကြွေးတာမ ဟုတ်ဘူး၊ ဇာပန်းထိုးတာ မဟုတ်ဘူး၊ ကဗျာရွတ်တာ မဟုတ်ဘူး။ ပြီးတော့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကတ္တရာစေး လမ်းပေါ်မှာ လမ်းလျှောက်ရတာမျိုး မဟုတ်ဘူး၊ အကြွင်းနာတရား ပွားများရတာမျိုးလဲ မဟုတ်ဘူး၊ လူသတ်တာဖြစ်တယ်"

ဤသည်မှာ ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့၏ မဟာသင်ကြားချက်ကို တဆင့်ပို့ချသည့် ရဲဘော်မစိန်ငင်း၏ မဟာဩဝါဒပင်ဖြစ်လေသည်။

ထို့အတူပင် ပဲခူးရိုးမတိုင်းတွင်လည်း တော်လှန်သောတပ်နီလူငယ် ဖွဲ့ရမည်ဟု သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့မှ ညွှန်ကြားလိုက်၏။

ထို့ကြောင့် ပဲခူးရိုးမတိုင်း အတွင်းရေးမှူး ရဲဘော်မြသည် မျိုးဆက်လူငယ်အဖွဲ့ကို စမ်းသပ်၍ဖွဲ့စည်းကြလေသည်။

ပဲခူးရိုးမတိုင်း၏ မျိုးဆက်လူငယ်အဖွဲ့အတွက် စမ်းသပ်တည်ဆောက်ရာတွင် "စံငါးချက်" ကို အခြေခံ၍ ဖွဲ့စည်းတည်ဆောက်ခဲ့၏။

ယင်း "စံ ငါးချက်" မှာ ဤသို့ဖြစ်လေသည်။

ပဲခူးရိုးမတိုင်း မျိုးဆက်လူငယ်အဖွဲ့၏ "စံ ငါးချက်"

(၁) အချင်းချင်း ဆက်ဆံရာတွင် ရဲဘော်စိတ်ရှိရေး စံ။

(၂) အလုပ်စိတ်ဓာတ်ကောင်းခြင်း စံ။

(၃) လူထု၊ လူကြီးများနှင့် ဆက်ဆံရေးတွင် ကောင်းခြင်း စံ။

(၄) အမိန့်နှင့် စည်းကမ်းလိုက်နာမှုတွင် ကောင်းခြင်း စံ။

(၅) ရှိပြီး ပြည်သူလူထု၏ လက်နက်နှင့် ပစ္စည်းများကို အကောင်းဆုံးအသုံးချခြင်း စံ။

စသည်တို့ ဖြစ်လေသည်။

ယင်းသို့ဖြင့် ပဲခူးရိုးမတိုင်းတွင် တော်လှန်သော တပ်နီလူငယ်အဖွဲ့သည် "စံငါးချက်"ကို အခြေခံ၍ တည်ဆောက်နေလေသည်။

ထိုသို့ ပဲခူးရိုးမတိုင်း တော်လှန်သောမျိုးဆက်လူငယ်အဖွဲ့၏ "စံငါးချက်" နှင့်ပတ်သက်၍ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ရဲဘော်မြအား အပြင်းအထန်ဝေဖန်ကြ၏။ ထို့နောက် ယင်း "စံငါးချက်" ကို ချက်ချင်းပင် ပယ်ဖျက်စေခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အကြောင်းမှာ ဤသို့ဖြစ်၏။ ပဲခူးရိုးမတိုင်း တော်လှန်သော မျိုးဆက်လူငယ်အဖွဲ့၏ "စံငါးချက်"သည် မတော်လှန်သော ဖောက်ပြန်သော အတွေးအခေါ်ဖြစ်သည်။ အထူးသဖြင့် လူရှောချီ၏ "သူတော်စဉ်ဝါဒ" ဖြစ်သည်။ ယင်း "စံငါးချက်" အရဆိုပါလျှင် လူငယ်များသည် သေရဲ သတ်ရဲ အနိုင်ယူရဲ တော့မည်မဟုတ်ဟု ဆိုကြလေသည်။

ထို့ကြောင့်ပင် ပဲခူးရိုးမတိုင်း အတွင်းရေးမှူး ရဲဘော်မြအား အလေးအနက် စီစစ်စေခဲ့ခြင်း ဖြစ်လေသည်။

ထို့နောက်တွင် ပဲခူးရိုးမတိုင်းတွင်ရှိသော မျိုးဆက်လူငယ်များအား "ရဲသုံးရဲစိတ်ဓာတ်" "ရဲငါးရဲ စိတ်ဓာတ်"တို့ဖြင့် ပြန်လည်၍ တည်ဆောက် စေခဲ့၏။ ပဲခူးရိုးမတိုင်းမှ မျိုးဆက်လူငယ်များထံသို့ သခင်သန်းထွန်း၊ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့ကိုယ်တိုင်ပင် တိုက်ရိုက်ချုပ်ကိုင်လာကြလေတော့သည်။

ထိုအချိန်၌ ဗဟိုဌာနချုပ်စခန်းတွင်ရှိသည့် တော်လှန်သော တပ်နီလူငယ်များသည် ထိပ်တန်းသို့ရောက်နေကြ၏။ ပါတီဗဟိုကော်မတီ၏ နိုင်ငံရေးဆိုင်ရာ၊ အတွေးအခေါ်ဆိုင်ရာ စည်းရုံးရေးဆိုင်ရာပြဿနာများတွင်ပင် တော်လှန်သောတပ်နီလူငယ်များကပင် အဆုံးအဖြတ်ပေး၍ နေကြလေတော့သည်။

ဗဟိုစခန်းမှ တော်လှန်သောတပ်နီလူငယ်များသည် "ရဲသုံးရဲ"စိတ်ဓာတ်နှင့် " ရဲငါးရဲ " စိတ်ဓာတ်တို့အရ ဗဟိုစခန်းတွင် "တော်လှန်သောစားသောက်မှု" တရပ်ကို ရဲရဲပင်ပြုလုပ်လာကြ၏။ ယင်း "တော်လှန်သောစားသောက်မှု"ကို တနည်းအားဖြင့် "ဗမာ့ယဉ်ကျေးမှုတော်လှန်ရေး " အဆင့်တဆင့်ကို ခုန်ကူးပြောင်းလဲသည်ဟု ဆိုကြလေသည်။

တပ်နီလူငယ်တို့၏ ခုန်ကူးပြောင်းလဲမှုဆိုသည်ကား ဤသို့တည်း။

ဗဟိုစခန်းတွင်ရှိသည့် တော်လှန်သော တပ်နီလူငယ်တို့သည် ခွေးကြီးတကောင်ကိုဖမ်းဆီး၍ချည်တုပ်ကြ၏။ ယင်းတပ်နီလူငယ်များ၏ခေါင်းဆောင်မှာ ရဲဘော်ထွန်းကျော်(ခေါ်)မောင်စိုးဝင်း(လူထုဦးလှ-ဒေါ်အမာ၏သားဖြစ်၏)။ ပါဝင်ကြသူများမှာ ရဲဘော်မောင်ခိုင်(ခေါ်)ဖိုးမှူး(ရဲဘော်ဌေး၏သားကြီး)။ ရဲဘော်မောင်နိုင် (ခေါ်) ဖိုးတူး (ရဲဘော်ဌေး၏ သားငယ်)။ စောမင်း (ခေါ်)ဇေလတ်(ဗိုလ်ရန်အောင်၏သား)နှင့်ရဲဘော်တင်ကြိုင် (ခေါ်).ဖိုးဌေး (ဗိုလ်ထွန်းလင်း၏သားငယ်)တို့ ဖြစ်ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းတပ်နီလူငယ်တို့သည် ဖမ်းထားသော ခွေးကြီးအား ရှိုထဲမှ အင်ပင်တွင်ကပ်၍ ချည်ထား၏။ ထို့နောက် ခွေးကြီးအားအရှင်လတ်လတ်ပင် လည်ပင်းကိုဓားများနှင့် ဝိုင်း၍လှီးသတ်ကြ၏။ ထိုသို့ခွေးကြီး၏လည်ပင်းကိုလှီးဖြတ်ပြီး မီးမြှိုက်၍ခုတ်ထစ်ကာ ချက်ပြုတ်၍စားသောက်ကြလေသည်။

ထို့နောက်တွင် ရဲဘော်အောင်ကြီး၊ ဗိုလ်ထွန်းငြိမ်းနှင့် ရဲဘော်ထွန်းရှိန်တို့သည် ခွေးသားစားခြင်း၏ အကျိုးအာနိသင်ကို ရှင်းပြကြ၏။ ထို့ပြင်ခွေးသတ်နည်းကိုပါ သင်ကြားကြလေသည်။

"ခွေးကို ချက်ခြင်းသတ်ပြီး စားတာဟာ သိပ် အရသာမရှိဘူး၊ ပထမဦးဆုံး ခွေးကိုဖမ်း၊ တရက်ခွဲလောက် နေပူထဲမှာ ကြိုးချည်ထားရမယ်၊ အဲဒီအခါမှာ ရေသိပ်ငတ်လာလိမ့်မယ်၊ ရေငတ်လာတဲ့ အခါမှာ ဆားများများနဲ့ဖျော်ထားတဲ့ ရေကိုတိုက် ဝမ်းတွေသွားလာလိမ့်မယ်၊ အဲဒီအခါမှာ သောက်လေ သောက်လေငတ်မပြေဖြစ်လာတော့တာပဲ။ နောက်ဆုံးတော့ ဝမ်းတွေလျှောပြီး ခွေးပိုက်ထဲမှာရှိနေတဲ့ အစာအားလုံးကုန်သွားမယ်၊ အဲဒီအခါမှာ ကောက်ညှင်းကိုကျွေးရင် အကောင်းဆုံးပဲ၊ ကောက်ညှင်းကျွေးပြီး ခွေးကြီး ဝလာတဲ့အခါမှာ လည်ပင်းကို ဓားထက်ထက်နဲ့ လှီးဖြတ်ရမယ်။ အဲဒီလိုလုပ်ပြီး ချက်စားတာဟာ သိပ်အရသာရှိတယ်၊ အဲဒါကတော့ အချိန်ယူပြီးလုပ်ရတယ်။ ကယိကထများတယ်၊ အခုသတ်သလိုသတ်ပြီးတော့ မဆလာများများနဲ့ ချက်စားရင်လဲ ကောင်းပါတယ်။"

ဤသည်မှာ ရဲဘော်အောင်ကြီး၊ ဗိုလ်ထွန်းငြိမ်းနှင့် ရဲဘော်ထွန်းရှိန်တို့၏ ခွေးသားစားနည်း ဩဝါဒပင်ဖြစ်လေသည်။

ထိုအချိန်မှစ၍ ဗဟိုဌာနချုပ်စခန်းတွင် ခွေးသားကို အပြိုင်အဆိုင်စားလာကြတော့၏။ ရဲဘော်အောင်ကြီးတို့ကလည်း ဤသို့ပင်အဆိုပြုကြ၏။

"ဗမာပြည်မှာ ခွေးတွေဟာ သိပ်ပေါတယ်၊ ဒါကြောင့် ခွေးသားကို ဗမာလူမျိုးတွေရဲ့ အစာဖြစ်သင့်တယ်၊ ဖြစ်အောင်လဲ လုပ်ယူရမယ်။"

ဟူ၍ ပြောလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗဟိုစခန်းမှ ကျောရိုးတပ်နီလူငယ်များ

ရှေ့တန်း (ဝဲမှ) — ရဲညွှန့်၊ မြင့်အောင်၊ ခင်ကျော်၊ ရွှေကြီး။

နောက်တန်း (ဝဲမှ)— မော်စီကို၊ ဝင်းမောင်၊ ဇော်တုနု၊ အောင်မိုး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗဟိုစခန်းမှ ကျောင်းရိုးတပ်နီအမျိုးသမီးများ

ရှေ့တန်း (ဝဲမှ) — မကြွေ၊ ခင်လေးမြင့်၊ မငြိမ်းအေး၊ အမြင့်။

နောက်တန်း (ဝဲမှ) — မခင်ပု၊ မအေးငြိမ်း၊ မသိန်းကြည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက် ရဲဘော်အောင်ကြီးတို့သည် ခွေးသားကို "ဟောင်ကောင်သား" ဟူ၍ အမည်ပေးထား၏။ တချို့ကလည်း "ဂျီတူး" ဟူ၍လည်း ခေါ်ဆိုကြလေသည်။

ဗဟိုစခန်းတွင်ရှိသည့် တော်လှန်သော တပ်နီလူငယ်များသည် ခွေးသားမစားသော ရဲဘော်များကို "ပြန်လည်ပြင်ဆင်ရေးဝါဒ၏ ရေခံ မြေခံများ" ဟုစွပ်စွဲပြောဆိုကြလေသည်။

ဗဟိုစခန်းမှ တပ်နီလူငယ်များသည် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့၏ မဟာအတွေးအခေါ် ဩဝါဒများကို အထူးလေ့လာကြ၏၊ ထို့ပြင် ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့သည် တပ်နီလူငယ်များအား ပီကင်းရေဒီယိုကို အမြဲတမ်းနားထောင်စေရန်အတွက်လည်း ဤသို့ပင်ညွှန်ကြားထားလေသည်။

"မင်းတို့တော်လှန်သောတပ်နီလူငယ်တွေဟာ တကယ်တော်လှန်တဲ့ တပ်နီလူငယ်တွေဖြစ်ချင်ရင် ပီကင်းရေဒီယိုကို အမြဲတမ်းနားထောင်ကြရမယ်။ ပြီးတော့ စာအုပ်နဲ့လဲလိုက်ပြီးမှတ်ကြရမယ်၊ ပီကင်းရေဒီယိုဟာ မင်းတို့ရဲ့ရှေ့ဆောင်လမ်းညွှန်ဖြစ်တယ်။

ပြီးတော့ မင်းတို့ကို သေရဲ၊သတ်ရဲ၊အနိုင်ယူရဲဖို့အတွက်မဟာအတွေးအခေါ်ကိုပေးတဲ့ကျောင်းအဖြစ် သဘောထားရမယ်၊ တနည်းပြောရင်တော့ ပီကင်းရေဒီယိုဟာ မင်းတို့ရဲ့ပညာသင်ကြားရာမဟာ တက္ကသိုလ်ကြီးဖြစ်တယ်။

မင်းတို့ဟာ ပီကင်းရေဒီယိုကို များများနားထောင်လေ များများပေါက်ကွဲလေဖြစ်လိမ့်မယ်။

ပီကင်းရေဒီယိုဟာ မင်းတို့ ငါတို့ရဲ့ ခေါင်းဆောင်လဲ ဖြစ်တယ်၊ လမ်းညွှန်လဲဖြစ်တယ်ဆိုတာကို အထူးနားလည်ထားဖို့လိုတယ်။"

ဤသည်မှာ ရဲဘော်အောင်ကြီး၏ ပီကင်းရေဒီယိုနှင့်ပတ်သက်သောသဘောထားပင်ဖြစ်လေသည်။

ဗဟိုဌာနချုပ်စခန်းမှ တော်လှန်သော တပ်နီလူငယ်တို့၏ တော်လှန်တက်ကြွပြီး ပေါက်ကွဲသောအရှိန်သည် တောမီးကဲ့သို့ပျံ့နှံ့နေပြီဖြစ်၏။ ထို့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကြောင့် တော်လှန်သောတပ်နီလူငယ်တို့၏ လက်တွေ့လေ့ကျင့်ရာစမ်းသပ်ကွက်သည် ရဲရဲသတ်ရခြင်းပင်ဖြစ်လေသည်။

ယင်းလက်တွေ့စမ်းသပ်ကွက်တွင် ဗဟိုစခန်းမှ တော်လှန်သော တပ်နီလူငယ်တို့သည် အတက်ကြွဆုံး ပါဝင်ကြ၏။ ထိုနည်းအတူ သာယာဝတီခရိုင်မှ တပ်နီလူငယ်တို့သည်လည်း ထိုနည်းအတိုင်းပင်ဖြစ်လေသည်။

ယခုဖော်ပြလိုက်သည်တို့မှာ တော်လှန်သောတပ်နီလူငယ်တို့၏ " လက်တွေ့လေ့ကျင့်ရာ စမ်းသပ်ကွက် " အတွင်း၌ အသတ်ခံကြရသော တောင်သူလယ်သမားကြီးများပင်ဖြစ်လေသည်။

(၁)	တောင်ညိုဒေသ	ဆင်သေရွာမှ	ကိုထွန်းရွှေ
(၂)	တောင်ညိုဒေသ	သဖန်းချောင်းရွာမှ	ဒေါ်လှညွန့်
(၃)	တောင်ညိုဒေသ	ညာဏ်လယ်ရွာမှ	ဦးအေးမောင်
(၄)	နတ္တလင်းမြို့နယ်	ခွေးသေရွာမှ	ကိုကျော်မောင်
(၅)	တောင်ညိုဒေသ	ကွေ့ကြီးရွာမှ	ကိုသိန်းရွှေ
(၆)	တောင်ညိုဒေသ	ကွေ့ကြီးရွာမှ	ဦးသက်ဖိုး
(၇)	တောင်ညိုဒေသ	ကွေ့ကြီးရွာမှ	ကိုကျန်ရစ်
(၈)	တောင်ညိုဒေသ	ဘိုကြီးစခန်းရွာမှ	ဦးဂေါရာ
(၉)	တောင်ညိုဒေသ	သံပုရာခုံရွာမှ	ကိုချစ်လှိုင်
(၁၀)	တောင်ညိုဒေသ	ဆင်ဆွဲတောင်စုရွာမှ	ဦးမြတင်
(၁၁)	တောင်ညိုဒေသ	ဆင်ဆွဲတောင်စုရွာမှ	ဦးထွန်းတင်
(၁၂)	တောင်ညိုဒေသ	ပျဉ်းမခေါင်ရွာမှ	ကိုသန်း
(၁၃)	တောင်ညိုဒေသ	ကွေ့ကြီးရွာမှ	ဦးဖိုးခေါင်း
(၁၄)	တောင်ညိုဒေသ	နတ်စင်စုရွာမှ	ဦးလှမောင်
(၁၅)	တောင်ညိုဒေသ	ကျောက်စောင်းရွာမှ	ဦးပေတိုး
(၁၆)	တောင်ညိုဒေသ	ညောင်လှရွာမှ	ကိုဟန်ရွှေ
(၁၇)	တောင်ညိုဒေသ	ဆင်သေရွာမှ	ကိုအောင်ကြည်
(၁၈)	တောင်ညိုဒေသ	ဆင်သေရွာမှ	ကိုတင်ယု
(၁၉)	တောင်ညိုဒေသ	ကြမ်ညိုရွာမှ	ကိုတင်လှိုင်
(၂၀)	တောင်ညိုဒေသ	ပေပင်ခုန်ရွာမှ	ကိုခေါင်းကြီး
(၂၁)	တောင်ညိုဒေသ	ပျဉ်ပုံရွာမှ	ဦးစံဖေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂၂)	တောင်ညိုဒေသ	ပျဉ်ပုံရွာမှ	ဦးလှ
(၂၃)	တောင်ညိုဒေသ	ပျဉ်ပုံရွာမှ	ဦးကျင်မောင်
(၂၄)	တောင်ညိုဒေသ	ပျဉ်ပုံရွာမှ	ကိုဟန်ထွေး
(၂၅)	တောင်ညိုဒေသ	ပျဉ်ပုံရွာမှ	ကိုရွှေသွယ်
(၂၆)	တောင်ညိုဒေသ	ရွာမရွာမှ	ကိုမြင့်သိန်း
(၂၇)	တောင်ညိုဒေသ	ရွာမရွာမှ	ကိုသန်းမောင်
(၂၈)	တောင်ညိုဒေသ	ဆဲကန်ရွာမှ	ကိုပြေ?
(၂၉)	တောင်ညိုဒေဘ	မကျည်းပင်ရွာမှ	ကိုမှုန်
(၃၀)	တောင်ညိုဒေသ	မကျည်းပင်ရွာမှ	ကိုတာရွှေး
(၃၁)	တောင်ညိုဒေသ	မကျည်းပင်ရွာမှ	ကိုတင်ရှိန်
(၃၂)	တောင်ညိုဒေသ	မကျည်းပင်ရွာမှ	ဦးငြိမ်းမောင်
(၃၃)	တောင်ညိုဒေသ	လယ်မအင်းရွာမှ	ဦးချစ်စိန်
(၃၄)	တောင်ညိုဒေသ	ဘန့်ဘွေးကုန်းမှ	ဦးစိန်မောင်
(၃၅)	နတ္တလင်းမြို့နယ်	ရှားစေးဖိုမှ	ကိုသန်း
(၃၆)	နတ္တလင်းမြို့နယ်	ရှားစေးဖိုမှ	ကိုတင်ငွေ
(၃၇)	နတ္တလင်းမြို့နယ်	ချောင်းခွရွာမှ	ဦးလှအုန်း
(၃၈)	နတ္တလင်းမြို့နယ်	ချောင်းခွရွာမှ	ဦးအုန်းလေး
(၃၉)	နတ္တလင်းမြို့နယ်	ချောင်းခွရွာမှ	ကိုအောင်သိန်း
(၄၀)	ဇီးကုန်းမြို့နယ်	နွားတဲ့ကုန်းရွာမှ	ကိုလှကြည်
(၄၁)	ဇီးကုန်းမြို့နယ်	နွားတဲကုန်းရွာမှ	မခင်အေး

ဤသည်တို့မှာ သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အရှေ့ခြမ်းနှင့် နတ္တလင်းမြို့နယ် တောင်ညိုဒေသတို့မှ စာရင်းရသမျှသာဖြစ်သည်။

အမှန်စင်စစ်အားဖြင့် ပဲခူးရိုးမတိုင်း အတွင်းတွင် ရှိသော (၅) ခရိုင် အတွင်း၌မူ ရာပေါင်းများစွာသော တောင်သူလယ်သမားကြီးများကို တော်လှန်သော တပ်နီလူငယ်တို့သည် အစုလိုက်အပြုံလိုက်ပင် သတ်ဖြတ်ခဲ့ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) တပ်နီလူငယ် စံပြကျောရိုး ရဲဘော်ထွန်းကျော်၏ လမ်းကြောင်းအတိုင်း လိုက်ကြ။

၁၉၆၇-ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်း၌ ဗမာပြည်တပြည်လုံး၏ **"စံပြပါတီဝင် သိမ်းသွင်းရေးလှုပ်ရှားမှု"**ကိုပြုလုပ်၍ နေလေသည်။ ဤ **"စံပြပါတီဝင် သိမ်းသွင်းရေးလှုပ်ရှားမှု"** သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ သမိုင်းတွင် ပထမဦးဆုံးနှင့် စနစ်အကျဆုံးသော လှုပ်ရှားမှုပင်ဖြစ်လေသည်။

ယင်းလှုပ်ရှားမှုကို တိုက်ရိုက် ဦးစီးခေါင်းဆောင် သူများမှာ သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီး၊ ရဲဘော်မျိုးတင့်၊ ရဲဘော်စိုးဝင်းနှင့် ရဲဘော်ထွန်းရှိန်တို့ ဖြစ်ကြလေသည်။

ထိုရဲဘော်များသည် တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ စံပြပါတီဝင် သိမ်းသွင်းရေးလှုပ်ရှားမှုများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ရသူများဖြစ်ကြ၏။ အထူးလေ့လာခဲ့ကြရသူများလည်းဖြစ်၏။ ထို့ကြောင့်ပင် ဗဟိုဌာနချုပ်တွင် ပြုလုပ်နေသည့် "စံပြပါတီဝင် သိမ်းသွင်းရေးလှုပ်ရှားမှု" ကို အထူးအစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်၏။ ဤအခမ်းအနား၏ အဆင်အပြင်ကိုပင် ထူးခြားစွာပြင်ဆင်ထား၏။ အခမ်းအနားသဘာပတိ၏ စင်နောက်တွင် ကပ်၍ တူတံဇဉ် အမှတ်အသားပါသော ပစ္စည်းမဲ့အလံတော်ကို တပ်ဆင်၍ထား၏။ ထိုအလံတော်အနား၏ အောက်ပိုင်းတွင် မာ့က်စ်၊ အိန်ဂဲလ်၊ လီနင်၊ စတာလင်၊ မော်စီတုန်းတို့၏ ရုပ်ပုံကြီးများကို ဆွဲချိတ်ထား၏။ ယင်းရုပ်ပုံကြီးများကိုမူ တရုပ်ပြည်မှ အထူးယူဆောင်၍လာခဲ့ခြင်းဖြစ်လေသည်။

သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် ရဲဘော်တွန်းရှိန်တို့သည် "စံပြပါတီဝင် သိမ်းသွင်းရေးလှုပ်ရှားမှု" အတွက် လက်ရွေးစင် အဖြစ်ဖြင့် ရဲဘော်ထွန်းကျော်ကို ရွေးချယ်ခဲ့ကြလေသည်။

ထိုသို့ရဲဘော်ထွန်းကျော်ကိုလက်ရွေးစင်စံပြပါတီဝင်အဖြစ်ဖြင့်သိမ်းသွင်းရန် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့မှ ရွေးချယ်ခဲ့ခြင်းသည်။အဖက်ဖက်မှလေ့ကျင့်ပညာပေး၍ စမ်းသပ်ပြီးခဲ့သောကြောင့် ဖြစ်လေသည်။

ရဲဘော်ထွန်းကျော်သည် ၁၉၆၄-ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ရန်ကုန်မြို့မှတဆင့် ပဲခူးရိုးမတိုင်းသို့ရောက်ခဲ့၏။ ရဲဘော်ထွန်းကျော်နှင့် အတူ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်တင်ဟန်(အောင်သိန်းနိုင်)နှင့် ရဲဘော်လှဖေ (တ-က-သဥက္ကဋ္ဌ ရဲဘော်ဗဆွေလေး)တို့လည်း ပါခဲ့၏။ရဲဘော်ထွန်းကျော်အား ၁၉၆၄ - ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်နေ့တွင် ရန်ကုန်မြို့၌ပင် မြေအောက်ပါတီ တာဝန်ခံဖြစ်သော ရဲဘော်ထွန်းမြင့်(ရဲဘော်ခင်ရွှေ)မှ ဗမာ့ပြည်ကွန်မြူနစ်ပါတီ၏ အရံပါတီဝင်အဖြစ်ဖြင့် သတ်မှတ်၍ပေးလိုက်လေသည်။

ရဲဘော်ထွန်းကျော်၊ ရဲဘော်တင်ဟန်နှင့်ရဲဘော်လှဖေတို့သည် ၁၉၆၄-ခုနှစ်၊ ဇူလိုင်လ ပထမပတ်တွင် ပဲခူးရိုးမတိုင်းကော်မတီ အတွင်းရေးမှူး ရဲဘော်မြနှင့်အတူ ဗဟိုဌာနချုပ်သို့ ရောက်လာကြ၏။ ရဲဘော်ထွန်းကျော်တို့အား ဗဟိုဌာနချုပ်မှ အမြန်ဆုံးလာရန် ညွှန်ကြား၍လာခဲ့ကြခြင်းဖြစ်လေသည်။

ရဲဘော်ထွန်းကျော်သည် ၁၉၅၈ - နှစ်တွင်စ၍ ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့၏။ အထူးသဖြင့် ၁၉၆၀ - ခုနှစ်နောက်ပိုင်းတွင် မြေအောက်ကွန်မြူနစ်ပါတီနှင့်အဆက်ရခဲ့၏။ ၁၉၆၂ - ခုနှစ်တွင် မြေအောက်ကွန်မြူနစ်ပါတီ၏ အတွင်းပိုင်းသို့ပင် ပါဝင်ခဲ့ရ၏။

၁၉၆၃ - ခုနှစ်တွင်မူ ရဲဘော်ထွန်းကျော်သည် မြေအောက်ကွန်မြူနစ် ပါတီ၏ လှုပ်ရှားမှုများတွင် အတက်ကြွဆုံးပါဝင်ခဲ့၏။ ရှေ့ဆောင်မှုအပိုင်းတွင်ပင် ပါဝင်ခဲ့ရလေသည်။

ထို့ကြောင့်ပင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ရဲဘော်ထွန်းကျော်ကို အလွန်ပင်သဘောကျနေကြလေသည်။

ထိုအချိန်တွင် ရဲဘော်ထွန်းကျော်သည် ဗဟိုဌာနချုပ်သို့ ရောက်ရှိလာခြင်းဖြစ်၏။ ရဲဘော်ထွန်းကျော်သည် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအမှုဆောင်ထဲတွင် အငယ်ဆုံးဖြစ်၏။ အလွန်တက်ကြွ၏။ အတွေ့အကြုံအရလည်း နု၏။ သို့ဖြစ်၍ ရေရှည်လူငယ်မျိုးဆက်အတွက် စနစ်တကျ လေ့ကျင့်ပေးရန် အကောင်းဆုံးဖြစ်မည်ဟု တွက်ဆထားကြ၏။ ထို့ကြောင့် ရဲဘော်ထွန်းကျော်အား ပါတီတွင်းတွင် အရေးကြီးသော တာဝန်များကိုပေး၍ တပူးကပ်ကပ်ပင် လေ့ကျင့်မွေးမြူခဲ့လေသည်။

ဤသို့ဖြင့် နောက်ဆုံးတွင် ရဲဘော်ထွန်းကျော်သည် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့၏ အထူးစိစစ်ရွေးချယ်ခြင်းကို ခံခဲ့ရခြင်းဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ကြောင့်ပင် ရဲဘော်ထွန်းကျော်အား ဗဟိုဌာနချုပ်တွင် ပထမဦးဆုံး အကြိမ်ပြုလုပ်သည့် "စံပြပါတီဝင် သိမ်းသွင်းရေးလှုပ်ရှားမှု"၏ "တဦးတည်းသော စံပြကျော်ရိုးကေဒါ"အဖြစ်ဖြင့် ရွေးချယ်လိုက်ခြင်းဖြစ်လေသည်။

ယင်း"စံပြပါတီဝင် သိမ်းသွင်းရေးလှုပ်ရှားမှု" ၏ အစည်းအဝေး အခမ်းအနားကိုနံနက် (၈)နာရီတွင် စတင်ကျင်းပလေသည်။

သဘာပတိမှာ သခင်သန်းထွန်းဖြစ်၏။ အခမ်းအနားမှူးမှာမူ ရဲဘော်ထွန်းရှိန်ဖြစ်လေသည်။

ထိုအစည်းအဝေးသို့ တက်ရောက်ကြသူများမှာလည်း အစုံအညီပင်ဖြစ်၏။ ပေါလစ်ဗျူရိုအဖွဲ့ဝင်လူကြီးများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းမှ ကျောင်းဆရာများ ကျောင်းသားများနှင့်ဗဟိုဌာနချုပ်စခန်းမှ တပ်နီလူငယ်အားလုံးပင် တက်ရောက်ကြလေသည်။

အစည်းအဝေးအခမ်းအနား အစီအစဉ်အရ ရဲဘော်ထွန်းကျော်သည် ပစ္စည်းမဲ့အလံတော်၏ ရှေ့မှောက်သို့ ထွက်လာခဲ့၏။ ထို့နောက် ပစ္စည်းမဲ့အလံတော်အား အလေးနီပြုလိုက်၏။

(မှတ်ချက်။ အလေးနီပြုသည်ဆိုသည်မှာ လက်ျာဖက် လက်သီးကိုဆုပ်၍ လက်မောင်းကို မြေကြီးနှင့် တပြေးညီထားပြီး ၉၀-ဒီဂရီကွေးရခြင်းဖြစ်သည်။ စာရေးသူ)။

ထိုအခါတွင် ပရိသတ်သည်လက်ခုတ်သြဘာများကိုပေးကြ၏။တပ်နီလူငယ်လေးများမှာမူ ရဲဘော်ထွန်းကျော်အား ဂုဏ်ပြုသည့်ကြွေးကြော်သံများကို မရပ်မနားပင် ဟစ်ကြွေးနေကြလေသည်။

> "ကွန်မြူနစ်ကောင်းတယောက်ရဲ့ စံချိန်ကို သူရဲ့လူတန်းစား ရပ်တည်မှု အမြင်နည်းနာတွေနဲ့ တိုင်းထွာရမယ်၊ကျုန်တော်လဲ ဒီအတိုင်းပဲဖြစ်၊ကျနော့လူတန်းစား ရပ်တည်မှုနဲ့ အမြင်ကို တိုင်းထွာရမှာတော့ ခနရှင်အစိုးရတွေပေါ် သဘောထား၊ ခနရှင်စနစ် ပေါ် သဘောထား၊ ယေဘုယျခနရှင်တွေ အပေါ် သဘောထား သာမက ကျနော့ မိဘဆွေမျိုးတွေအပေါ် ဘယ်လိုသဘောထားသလဲ ဆိုတာနဲ့ ပါ တိုင်းထွာမှ ပြည့်စုံမယ်၊ ဘာလို့လဲဆိုတော့ ကျနော့ မိဘဆွေမျိုးတွေဟာ ခနရှင်တွေ ပစ္စည်းမဲ့ လူတန်းစားနဲ့ ကွန်မြူနစ်ပါတီရဲ့ လူတန်းစား ရန်သူတွေဖြစ်လို့ပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းကျော်(ခ)မောင်စိုးဝင်း



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဗဟိုစခန်း၌ စံပြပါတီဝင် သိမ်းသွင်းရေး လှုပ်ရှားမှုတွင် ရဲဘော်ထွန်းကျော်(ခ)မောင်ဖိုးဝင်း၏ မိမိကိုယ်ကို စိစစ်ချက် လက်ရေးမူ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့် ကျွန်တော့အဖို့ တော်လှန်ရေးသမားကောင်း တယောက် ကွန်မြူနစ်ကောင်းတယောက်ဖြစ်ရေး၊ အသက်ထက်ဆုံး ပြည်သူနဲ့ ကွန်မြူနစ်ပါတီဖက်က ရပ်တည်နိုင်ရေး အတွက်ဆိုရင် ဒီပြဿနာကို အသေအချာဖြေရှင်းနိုင်မှဖြစ်မယ်၊ ပစ္စည်းမဲ့ရပ်တည်မှု ခိုင်ခိုင်မာမာနဲ့ ဖြေရှင်းပစ်ရမယ်လို့ နားလည်။

ဒီပြဿနာရဲ့ တွေးခေါ်ဖြစ်စဉ်။

ကျနော့မိဘတွေဟာ သေးစုတ်သူတွေ မနရှင်တွေဆိုတဲ့ ယေဘုယျ ကျတဲ့အမြင်ကျနော့မှာအစောပိုင်းကတည်းကရှိခဲ့။ သဝဟာစ်တိုင် လှုပ် ရှားမှုမှာလဲ ရန်သူလူတန်းစားဖြစ်တယ်ဆိုတာပြောခဲ့။ ဒါပေမဲ့ ဘဝ ဟာစ်တိုင်ကလဲ ကိုယ့်ဘဝထဲက ရန်သူရှာတာဖြစ်တော့ အုပ်စိုးသူအစိုးရ တွေကိုပဲ ဦးတည်ခဲ့တာဖြစ်တယ်။

ဒီတော့ ဒီပါတီဝင်သိမ်းသွင်းရေး လှုပ်ရှားမှုရောက်မှ မိဘဆွေမျိုး တွေကို သေချာစည်းခြားပြီး ရန်သူလူတန်းစားအဖြစ် မျဉ်းပြတ်ဖို့ ဖြစ်လာခဲ့တယ်၊ ဒီအခါမှာမှ ကျနော့ရဲ့ အားနည်းချက်ကို တွေ့ရှိလာ ခဲ့တယ်။ ဒါက ဘာလဲဆိုတော့ မိဘဆွေမျိုးတွေအပေါ် ထားခဲ့ တဲ့ သဘောထားဟာပါတီဝင်တယောက်အနေနဲ့ ရှိရမယ်၊တင်းကြပ်တဲ့ လူတန်းစားရပ်တည်မှု အမြင်တွေနဲ့ ချဉ်းကပ်တာ သဘောထား တာ အားနည်းတယ် ဆိုတာပဲ၊ လက်တွေ့ ဖော်ပြချက်တွေအနေနဲ့ ဆွေမျိုးတွေ အထူးသဖြင့် မိဘလို့ပြောလိုက်ရင် လူတန်းစား အရ ကြည့်တာထက် သွေးသားသဘော ဆွေမျိုးသဘောကြည့်တာ မိဘကို မိဘသက်သက်အဖြစ်နဲ့သာ ကြည့်တာ။

မိဘကို နိုင်ငံရေးအရ ကြည့်လိုက်ပြန်ရင်လဲ သူ့ရဲ့ပင်ကိုယ် မပြောင်း လဲနိုင်တဲ့ လက္ခဏာဖြစ်တဲ့ ပစ္စည်းမဲ့လူတန်းစားရဲ့ ရန်ဖက်၊ ပါတီရဲ့ ရန်ဖက် ပြည်သူရဲ့ရန်ဖက်ဆိုတဲ့ အမြင်ထက် အဲဒီအခြေခံနဲ့ အဓိက လက္ခဏာကို ဖုံးလွှမ်းပြီး တိုးတက်တယ်ဆိုတာက ကဲနေတာ။

ဆွေမျိုးတွေဆိုရင်လဲ ဒီဖော်ပြချက်မျိုးရှိ၊ ဦးလေးတဦး တောခို ဖူးတာ၊ တဦးပါတီဝင်မြေအောက်ဖြစ်ဖူးတာကို တင်ပြခဲ့တယ်။ ဒါပေ မဲ့ ဒီကနေ့အဲဒီလိုချေဖျက်ခြင်း သူတို့ ၂-ဦးစလုံး လက်နက်ချနေကြပြီ။ အဲဒါကိုတော့ မဖော်ထုတ်ပဲ ဖုံးထားတာ ဒါကဘာလဲဆိုတော့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆွေမျိုးလို့ပြောရင်လဲ သူ့ရဲ့တချိန်က တိုးတက်ခဲ့ဘူး၊ ဒီနေ့ဖောက်ပြန်ပျာတွေအားလုံးကို လွှမ်းခြုံပြီးကြည့်တာမျိုး။

ဒီတွေးခေါ်ကနေလာတာက မိမိအိမ်ထောင်နဲ့ပတ်သက်ရင်ဂုဏ်ယူတာမျိုး တိုးတက်တဲ့မိဘကလာတာပေါ့လေ၊ ဆွေမျိုးထဲမှာ တိုးတက်တဲ့လူရှိတယ်ဆိုပြီး ဂုဏ်ယူလိုတာမျိုး၊ ဒါ့သာမက ရန်သူစစ်တပ်ထဲမှာ ဆွေမျိုး ဗိုလ်မှူးကြီးတွေ ဘာတွေရှိလို့ ကောင်းတယ်ထင်သလိုလိုတွေးခေါ်မျိုးရှိ။

တကယ်က ဒါဟာအင်မတန် ရှက်စရာပဲဖြစ်ရမယ်၊ သွေးစုတ်သူရန်သူမိဘတွေကမွေးလာပြီး၊ဒီအထဲက ကြီးပြင်းလာတယ်ဆိုတာ အားနည်းချက်ပဲ ကျက်သရေယုတ်စေတဲ့အရာပဲ။

ဒီကနေ့ဆိုရင် ပါတီတွင်းတိုက်ပွဲ အတွေးအခေါ်တိုက်ပွဲ ဖြစ်စဉ်ဖြတ်သန်းပြီးနောက် ကျနော့အမြင်တွေ ပိုမိုတိုးတက်လာခဲ့တယ်၊ ကျနော့မိဘ၊ ဆွေမျိုးတွေဟာ မနေရှင်တွေ သွေးစုတ်သူတွေ ပစ္စည်းမဲ့လူတန်းစားရဲ့ရန်သူ၊ ပါတီရဲ့ရန်သူ၊ ကျနော့ရဲ့ရန်သူဖြစ်တယ်ဆိုတာကို တိတိကျကျ စည်းခွဲနိုင်ခဲ့ပြီ၊ ကျနော့မိဘတွေ ဆွေမျိုးတွေရဲ့သွေးစုတ်မှုကိုခံနေကြရတဲ့ အလုပ်သမားတွေ ပြည်သူတွေဖက်က ပြတ်ပြတ်ရပ်တည်ပြီး ကြည့်မြင်စဉ်းစားလာနိုင်ပြီ။

မိဘဆွေမျိုးတွေရဲ့ တိုးတက်တယ်ဆိုတာရဲ့ တကယ့်သရုပ်ကိုလဲမြင်လာပြီ၊ သူတို့ရဲ့တိုးတက်မှု၊ ပါတီလိုလားမှု၊ အစိုးရဆန့်ကျင်မှုဆိုတာတွေဟာ သူတို့မနေရှင်လူတန်းစား အကျိုးစီးပွားပေါ်က ရပ်တည်ပြီး ဖြစ်နေတာဖြစ်တယ်၊ ဒါ့မှာလဲ တော်လှန်ရေးဒီရေ အတက်အကျလိုက်ပြီး သူတို့အကျိုးရှိသလို တက်-ကျနေတာလဲဖြစ်တယ်၊ ဒီလိုသူတို့လူတန်းစား အကျိုးပေါ်က ရပ်တည်တဲ့ တိုးတက်မှုဆိုတာတွေကိုတော်လှန်ရေးအတွက် အကျိုးရှိအောင် အသုံးချတာတွေ ရှိချင်ရှိပေမဲ့ တကယ့်အခြေခံ ရပ်တည်မှုနဲ့အမြင်က ဒီမိဘဆွေမျိုးတွေက အတန်းအစားရန်သူ၊ ပစ္စည်းမဲ့လူတန်းစားရဲ့ ထာဝရရန်သူ၊ ပါတီရဲ့ရန်သူ၊ မိမိရဲ့ရန်သူဆိုတာကို ပြတ်နေရမယ်။ ဒီတိုးတက်တယ်ဆိုတဲ့တစိတ်တပိုင်းကဖောက်ပြန်တဲ့ ပြည်သူဆန့်ကျင်တဲ့ ပါတီဆန့်ကျင်တဲ့ အဓိကနဲ့အခြေခံလက္ခဏာကို ဖုံးကွယ်မပစ်ရဘူး။ ဒါ့သာမက အစောက တိုးတက်မှုဆိုတာမျိုးတွေ တကြိမ်တခါမှာ ရှိပေမဲ့ ဒီဆွေမျိုးတွေ မိဘတွေဟာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သူအတို့ခြေခံ အကျိုးစီးပွားနဲ့ အလုပ်သမား လူတန်းစားနဲ့ ပြည်သူ့ရဲ့ အကျိုးပဋိပက္ခပြင်းလာရင် ဥပမာ-သပိတ်မှောက်တာ၊ ဆန္ဒပြတာစတာတွေဖြစ်လာရင် အစောကအပေါ်ယံဖော်ပြချက်တွေကိုစွန့်ပြီး၊ တကယ့်သူတို့ရဲ့ ပြည်သူနဲ့ အလုပ်သမား လူတန်းစားကို ဆန့်ကျင်ဘဲ့၊ ပါတီကိုဆန့်ကျင်တဲ့လက္ခဏာဟာ ဘွားဘွားကြီး ပေါ်လာတာပဲ ဆိုတာ မြင်တယ်။ ဥပမာဆိုရင် သူတို့နဲ့အလုပ်ရုံစက်ရုံတွေက အလုပ်သမားသပိတ်တွေဖြိုခွဲတာ အလုပ်သမားတွေကို ဖိနှိပ်တာ သွေးခွဲတာ ပါတီကိုပင်လျှင်ဆန့်ကျင်ဝန့်တာ ပြန်ပြီးထိပ်တိုက်ရင်ဆိုင်ဝန့်တဲ့ သတ္တိရှိတယ်ဆိုတာမြင်လာခဲ့တယ်။ ဒါဟာမိဘနဲ့ ဆွေမျိုးတွေရဲ့ မပြောင်းလဲနိုင်တဲ့ ဖောက်ပြန်တဲ့ရန်ဖက် လက္ခဏာပဲ။

သူတို့ရဲ့ ဒီလိုပါတီ ဆန့်ကျင်တဲ့ လက္ခဏာအရပဲ ကျနော်ဟာ ပါတီရပ်တည်မှု ခိုင်ခိုင်မြဲမြဲနဲ့ သူတို့ကိုရန်သူအဖြစ် ရပ်တည်လာခဲ့ရင် သူတို့အကျိုးစီးပွား ထိခိုက်လာရင် ကျနော့်ကိုတောင် ရင်သွေးဖြစ်ပေမဲ့ သတ်ပစ်တာမျိုးဖြစ်နိုင်တယ်။ လက်တွေ့မှာ ဦးလေးနဲ့ညီကိုဖမ်းပေးခဲ့တယ်။ ကျွန်တော့်ကိုလဲ လက်နက်ချဖို့ စေ့စပ်ခဲ့တယ်။

ဒါကြောင့် ကျနော့်အနေနဲ့လဲ ပါတီနဲ့ တော်လှန်ရေးအခြေအနေကတောင်းဆိုလာရင်၊ သူတို့ကိုသတ်ဖို့ဝန်မလေးဘူး။ ရန်သူလူတန်းစားဖြစ်တဲ့ ကျနော့်မိဘတွေနဲ့ ဆွေမျိုးတွေကို ချေမှုန်းပစ်ဖို့ အဆင်သင့်ဘဲဆိုတာ တင်ပြလိုတယ်။”

ဤသို့ပင် ရဲဘော်ယွန်းကျော်သည် လက်သီးလက်မောင်းတန်း၍ စိတ်အားတက်ကြွစွာပင် အကျယ်တဝင့်တင်ပြ၍သွားလေသည်။

ထိုစဉ်၌ လက်ခုတ်သြဘာသံများကိုသာ ထပ်၍ထပ်၍ပေးနေကြ၏။ ဆူညံ၍ပင်နေလေသည်။

ထိုအခါတွင် တော်လှန်သောတပ်နီလူငယ် အဖွဲ့ဝင်ဖြစ်သော ဖိုးတူးသည် မတ်တတ်ရပ်၍၊ အသံကုန်ပင်ကြွေးကြော်လိုက်လေသည်။

+ “ရဲဘော်ထွန်းကျော်လို ရန်-ငါမျဉ်းကိုဖြတ်ကြ။
+ ရန်သူကို ရန်သူလိုမြင်ကြ။
+ ဥက္ကဋ္ဌကြီးသခင်သန်းထွန်း ကျန်းမာပါစေ....”

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဥက္ကဋ္ဌကြီး သခင်သန်းထွန်းသည် ဖိုးတူးကိုကြည့်၍ပြုံးနေ၏။ ရှင်ပြနေ၏။ ခေါင်းကိုလည်းငြိမ့်၍ငြိမ့်၍ လုပ်နေလေသည်။

ထို့နောက် ရဲဘော်ထွန်းရှိန်သည် "ရဲဘော်ကျော်ထွန်း ပါတီသိမ်းသွင်းရေးနှင့်ပတ်သက်၍ စခန်းကလပ်စည်းကော်မတီ၏ သဘောထားနှင့် အဆိုပြုချက်" ကိုတင်ပြလေသည်။

ဗဟိုစခန်းပါတီ ကော်မတီ၏ သဘောထားနှင့် အဆိုပြုချက်ကို ရဲဘော်မြမောင် (ရဲဘော်တင်ထွန်း - ရန်ကုန်တက္ကသိုလ်တပ်ဦးခေါင်းဆောင်) နှင့် ရဲဘော်ထွန်းမြင့်(ရဲဘော်ခင်ရွှေ)အမှုထမ်းပေါင်းစုံအဖွဲ့ချုပ်မှ အလေးအနက်ပင် ထောက်ခံသွားကြလေသည်။

အမှန်စင်စစ်အားဖြင့် ဗဟိုစခန်းပါတီကော်မတီ၏ "သဘောထားနှင့်အဆိုပြုချက်"ဆိုသည်ကို သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့၏ သဘောထားလမ်းညွှန်မှုအရ ရေးသားရခြင်းဖြစ်၏။ ထို့နောက်မှ ရဲဘော်ထွန်းရှိန်သည် ယင်းတင်ပြချက်ကို "စံပြပါတီဝင်သိမ်းသွင်းရေးလှုပ်ရှားမှု"တွင် ဖတ်ကြား၍ တင်ပြလေသည်။

ရဲဘော်ထွန်းကျော် ပါတီဝင်သိမ်းသွင်းရေးနှင့်
ပတ်သက်၍
စခန်းကလပ်စည်းကော်မတီ၏သဘောထားနှင့်အဆိုပြုချက်။

ပါတီခေါင်းဆောင်ကြီးများ၊ ဒေသပါတီ ခေါင်းဆောင် များနဲ့ ရဲဘော်တို့၊ဒီနေ့ဒီအခမ်းအနားဟာရဲဘော်ကျော်ထွန်းအဖို့ပြောရင်၊မိမိဘဝတသက်တာမှာမကြုံဖူးတဲ့ ချမ်းမြေ့သာယာဆုံးကျက်သရေမင်္ဂလာအပေါင်းနဲ့ အပြည့်စုံဆုံး နေ့ထူးနေ့မြတ်ကြီးတခုဖြစ်ပေလိမ့်မယ်။ မိမိရဲ့နှလုံးသားထဲမှာ ထာဝစဉ် ကိန်းအောင်းစွဲမြဲနေမဲ့ အထူးမြတ်ဆုံးဘဝရဲ့သမိုင်းမှတ်တိုင် အခမ်းအနားတခုလဲဖြစ်ပေလိမ့်မယ်။ ဒါဟာအလွန်ပဲသဘာဝကျပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီနေ့ဒီအခမ်းအနားမှာ ရဲဘော်ကျော်ထွန်းအနေနဲ့ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်းက အလေး အနက် ညွှန်ပြခဲ့ဖူးတဲ့ "လောကမှာအလွန်မွန်မြတ်ဆုံးဖြစ်တဲ့ ကွန်မြူနစ်ပါတီဝင်ဂုဏ်ပုဒ်"ကို အောင်မြင်စွာဆွတ်ခူးနိုင်မှာမို့လို့ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းကျော်(ခ)မောင်စိုးဝင်း၏ လက်ရေးမူ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ကျော်ထွန်းအနေနဲ့ ဒီလိုဂုဏ်ရောင်အပြောင်ဆုံးနဲ့မင်္ဂလာအရှိဆုံး ကွန်မြူနစ်ပါတီဝင်ဆိုတဲ့ ဘဝသစ်ကိုကူးပြောင်း ခံယူရတာဟာ ဗမာပြည် ကွန်မြူနစ်ပါတီအနေနဲ့ ၆၄-လမ်းစဉ်ရဲ့ စစ်နိုင်ရေးအာဏာသိမ်းရေးဆိုတဲ့ တော်လှန်စစ် အောင်တံခွန်ကို ထွန်းပြောင်စွာလွှင့်ထူနေတဲ့အချိန်မှာဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ တခုတည်းသောအောင်ပွဲခံမဲ့ နိုင်ငံရေးခေါင်းဆောင်ပါတီဖြစ်ကြောင်း တခုတည်းသော မာ့က်စ် လီနင်ဝါဒ ပါတီဖြစ်ကြောင်း။ နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေး စတဲ့ အောင်ပွဲများက အထင်အရှား သာဓကဆောင်နေတဲ့အချိန်မှာလဲဖြစ်တယ်၊ တချိန်ထဲမှာ ပါတီထဲမှာ ပြင်းပြင်းထန်ထန်ဖြစ်နေတဲ့ အတွေးအခေါ် ၂-ရပ် တိုက်ပွဲနဲ့ လမ်းစဉ် ၂-ရပ် တိုက်ပွဲမှာလဲ မာ့က်စ်လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်နဲ့ မာ့က်စ်လီနင်ဝါဒလမ်းစဉ်က အချောင်သမား အတွေးအခေါ် အထူးသဖြင့် ပြန်ပြင်ရေးအတွေးအခေါ်နဲ့ ပြန်ပြင်ရေးလမ်းစဉ်ပေါ်မှာ အောင်ပွဲတွေ တပွဲပြီးတပွဲ ခံယူနေတဲ့ ကာလမှာ ဖြစ်ပါတယ်။ ဒီနေ့ဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗိုလ်ရှိဗစ် ပီသရေးကို ဦးတည်ပြီး တည်ဆောက်ရေးကို ကြိုးပမ်းလုပ်ဆောင်နေတဲ့ ကာလဖြစ်ပါတယ်။

ဒါကြောင့် ရဲဘော်ကျော်ထွန်းအနေနဲ့ မိမိဘဝ တ သက် တာ ရဲ့ အကြီးမားဆုံး အလှည့်အပြောင်းဖြစ်တဲ့ ကွန်မြူနစ်ပါတီဝင်ဘဝကိုခံယူတဲ့အခါမှာ မျက်မှောက်ကာလရဲ့ အရေးကြီးဆုံးသမိုင်း တာဝန်တွေဖြစ်တဲ့ တော်လှန်စစ်အောင်တံခွန်ကို မြင့်မားသထက် မြင့်မားအောင်လွှင့်ထူရေး၊ မာ့က်စ်လီနင်ဝါဒနဲ့ မော်စီတုံးအတွေးအခေါ် အောင်တံခွန်ကို အဆက်မပြတ် မြှင့်တင်ရေး၊ ဗမာပြည် ကွန်မြူနစ်ပါတီကို ဗိုလ်ရှိဗစ် ပီသသထက် ပီသအောင် မ ဖြစ် မ နေ တည် ဆောက် ရေး ဆိုတဲ့ ကြီးမြတ်တဲ့သမိုင်းတာဝန်တွေကို အကောင်းဆုံး ထမ်းဆောင်ဖို့ အလိုအပ်ဆုံးအချိန်မှာ ကွန်မြူနစ်ပါတီဝင်ဆိုတဲ့ ဘဝသစ်ကို ခံယူရခြင်းဖြစ်ပါတယ်။ ”

(၄) ရဲဘော်ထွန်းကျော်၏ သစ္စာအဓိဋ္ဌာန်။

နောက်ဆုံးတွင် ရဲဘော်ထွန်းကျော်သည် ပစ္စည်းမဲ့အလံတော်ကို အလေးနီပြုလျက် ဤသို့ပြတ်သားသော သစ္စာ အဓိဋ္ဌာန်ကို အလေး အနက်ပင် ပြုလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းကျော်(ခ) မောင်စိုးဝင်း၏ လက်ရေးမူ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဗမာပြည် ကွန်မြူနစ် ပါတီ ဗဟို စခန်းတွင် ကျင်းပသော "စံပြပါတီဝင် သိမ်းသွင်းရေး လှုပ်ရှားမှု" နှင့် သစ္စာ ပြုသော ရဲဘော်ထွန်းကျော်(ခ)မောင်စိုးဝင်း၏အဓိဋ္ဌာန်ပြုချက် မူရင်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

" အစိုးဝန်ပြုချက် "

၁။ ကျွန်တော်ဟာ အသက်နဲ့ကိုယ်ခန္ဓာ တည်ရှိနေသရွေ့ ပါတီတော်လှန်ရေးနဲ့ ပြည်သူလူထု အကျိုးစီးပွားပေါ် ရပ်တည်ပြီး ရန်သူမှန်သမျှကို တိုက်ပွဲဆင်သွားမယ်၊ ဒီနေ့ ပြည်သူ့ဒီမိုကရေစီစနစ်သာမက ဆိုရှယ်လစ်စနစ် ကွန်မြူနစ်စနစ်အထိ ပါတီပြည်သူနဲ့အတူ ချီတက်တိုက်ခိုက်သွားမယ်။

၂။ ဒီလိုချီတက်နိုင်ဖို့အတွက် ကျွန်တော်ဟာရန်သူလူတန်းစားဖြစ်တဲ့ မိဘဆွေမျိုးတွေရဲ့ ဩဇာဂယက်မှန်သမျှ အဆုံးတိုင် တိုက်သွားမယ်၊ တော်လှန်ရေးရဲ့ရန်သူ၊ ပါတီရဲ့ရန်သူ၊ ကျွန်တော်ရဲ့ရန်သူတွေအဖြစ် ကျွန်တော့မိဘနဲ့ဆွေမျိုးတွေကို ပြတ်ပြတ်သားသား စည်းခြားတယ်၊ စစ်ကြေညာတယ်။ ဒါသာမက ပါတီနဲ့တော်လှန်ရေးကတောင်းဆိုရင် ရန်သူလူတန်းစားဖြစ်တဲ့ မိဘနဲ့ဆွေမျိုးတွေကိုလဲသတ်ရဲတယ်။ သတ်ဖို့လဲ အဆင်သင့်ဖြစ်တယ်။

၃။ ကျနော်ရဲ့ ခနရှင်ပေါက်စ အရေခွံကို ကုန်စင်အောင် ခွာချမယ်။ ပစ္စည်းမဲ့ လူတန်းစားရဲ့ ရပ်တည်မှု အမြင် နည်းနာတွေ ခိုင်မာသထက် ခိုင်မာအောင် တည်ဆောက်သွားမယ်။

အလုပ်သမား လယ်သမားဘာဝ ခံယူရေးအတွက် မဖြစ်မနေ ကြိုးစားသွားမယ်။ သူတို့ဆီက နှိမ့်နှိမ့်ချချလေ့လာ ပညာယူသွားမယ်။

လူထုအမြင် လူတန်းစားအမြင် လူထုလမ်းစဉ် လူတန်းစား လမ်းစဉ်ကို အမြဲကိုင်စွဲသွားမယ်။

၄။ ကွန်မြူနစ်ပါတီဝင်ဆိုတဲ့ လောကမှာ အမွန်မြတ်ဆုံး ဂုဏ်ရောင် အပြောင်ဆုံး ဂုဏ်ပုဒ်ရဲ့ သန့်စင်မွန်မြတ်မှုကိုအသက်ပေးကာကွယ်သွားမယ်။

ကွန်မြူနစ်ပါတီဝင်ကောင်း တယောက်ဖြစ်ဖို့ လက်နက်ကိုင်တိုက်ပွဲ လူတန်းစား တိုက်ပွဲနဲ့ ထုတ်လုပ်ရေး တိုက်ပွဲတွေထဲမှာ ဆက်လက် လေ့ကျင့်သွားမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မာ့က်စ်လီနင်ဝါဒ ရပ်တည်မှုခိုင်မာသထက် ခိုင်မာအောင် ပါတီတွင်း တိုက်ပွဲထဲမှာ မာ့က်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်နဲ့ ပြန်ပြင်ရေးတိုက်ပွဲ ၆၄-၆၅-၆၆ နဲ့ ၅၅-တိုက်ပွဲထဲမှာ အပြတ်သားဆုံးပါဝင်ပြီး လေ့ကျင့်သွားမယ်။

၅။ ပါတီကပေးတဲ့ တာဝန်ကို ဘယ်နေရာ ဘယ်ဒေသဖြစ်ဖြစ် သွားရောက် ထမ်းဆောင်မယ်။ တာဝန်ကျရာအရပ်မှာ ပါတီရဲ့ခေါင်းဆောင်မှုကို လုံးဝခံယူ၊လူထုကို ပြတ်ပြတ်သားသား မှီခိုပြီး ရန်သူတွေကို နေဝင်း စစ်အာဏာရှင်အစိုးရကို တိုက်ခိုက်သွားမယ်။

ပါတီပေါ်မှာထာဝရသစ္စာရှိမယ်။တော်လှန်ရေးအပေါ်မှာ ထာဝရသစ္စာရှိမယ်။ပြည်သူ့အပေါ်မှာ ထာဝရသစ္စာရှိမယ်။ကျဆုံးသွားကြတဲ့ ရဲဘော်တွေကိုထာဝရသစ္စာရှိသွားမယ်။ကြီးမြတ်တဲ့ကွန်မြူနစ်အရေးတော်ပုံကြီးနဲ့ ပြည်သူတွေအတွက် ကျနော့်အသက်ကို ပေးလှူသွားပါမယ်။

ရဲဘော်တို့....

ကျနော့်ဘဝထွက်ရပ်လမ်းကို ညွှန်ပြခဲ့တာဟာ ပါတီ ဖြစ်တယ်၊ မနရှင်လူတန်းစားရဲ့ ကိုယ်စားလှယ်အဖြစ်ကနေ ပြည် သူ့ ဖက် သား တယောက်ဖြစ်အောင် လူဆိုးဟယောက်အဖြစ်မှ လူကောင်းတယောက်ဖြစ်လာအောင် ပညာပေးခဲ့တာ လေ့ကျင့်မွေးမြူပေးခဲ့တာဟာ ပါတီပဲဖြစ်တယ်၊ ဒါကြောင့် ပါတီဟာကျနော့်မိဘ ပါတီတွင်းဘဝဟာ ကျနော့်ဘဝလို့ ကျနော်ခံယူတယ်။

ဇူလိုင်(၇)ရက်တုံးက ရန်သူနေဝင်းက ကျောင်းသား ၁၀၀-ကျော်ကိုသတ်ပြီး ခေါးကိုခေါးချင်း၊လှံကိုလှံချင်းလို့ စစ်ကျေညာခဲ့တယ်၊ အဲဒီတုံးက ထွက်ရပ်လမ်းမှန် မတွေ့သေးတဲ့ကျနော်ဟာ ဒေါသဖြစ်ရုံ နာကြည်းရုံ မှန်းတီးရုံကလွဲလို့ မတတ်နိုင်ခဲ့ဘူး၊ ဒါပေမဲ့ ဒီနေ့ ကျနော့်ခြေအနေဟာ လုံးဝပြောင်းလဲခဲ့ပြီ၊ ထွက်လမ်းမှန်ကိုတွေ့ပြီ။ ဒါကြောင့် နေဝင်းစစ်အစိုးရရဲ့ စစ်ကျေညာတာကို လက်ခံတယ်၊ မကြောက်ဘူး ဒါသာမက ပါတီရဲ့ခေါင်းဆောင်မှုကို လုံးဝခံယူပြီး လက်နက်ကိုင်တော်လှန်ရေးထဲမှာ ပြက်သားစွာပါဝင်သွားမယ်၊ ကျဆုံးသွားကြတဲ့ ရဲဘော်တွေနဲ့ ပြည်သူတွေအတွက် သွေးကြွေးဆပ်သွားမယ်၊ နေဝင်းစစ်တပ်ကို လက်စားချေသွားမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နေဝင်းစစ် အာဏာရှင်စနစ်ကို နောက်ဆုံး အောင်ပွဲခံသည်အထိ အသက်ပေးလှူတိုက်ပွဲဝင်သွားမယ်။

"နေဝင်းစစ်အာဏာရှင်စနစ် မုချကျဆုံးရမည်"

"ငါတို့တော်လှန်ရေး မုချအောင်ရမည်"

"ဥက္ကဋ္ဌကြီးသခင်သန်းထွန်း သက်တော်ရာကျော်ရှည်ပါစေ"

"ဗဟိုကော်မတီရဲဘော်များ သက်တော်ရာကျော်ရှည်ပါစေ"

"ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ"

"မဟာမော်စီတုန်းအတွေးအခေါ် အဓွန့်ရှည်ပါစေ"

ဤသို့ပင် ရဲဘော်ထွန်းကျော်သည် ပစ္စည်းမဲ့ အလံတော်၏ ရွှေမှောက်၌ အလွန်တက်ကြွသောအမူအရာဖြင့် သစ္စာအဓိဋ္ဌာန်ကိုပြု၍ သွားလေသည်။

" ရဲဘော်ထွန်းကျော်ရဲ့ လမ်းကြောင်းကို လိုက်ကြ လိုက်ကြ "

ဗဟိုဌာနချုပ်စခန်းသည် ကြွေးကြော်သံများဖြင့် ပွဲတင်ထပ်၍ နေလေသည်။

ဥက္ကဋ္ဌကြီး သခင်သန်းထွန်းသည် ရဲဘော်ထွန်းကျော်ထံသို့ ပြေး၍သွားလေ၏။ ရဲဘော်ထွန်းကျော်နှင့် ပါးချင်းကပ်၍ ထားလိုက်လေသည်။

ထို့နောက်တွင် သခင်ချစ်၊ သခင်ဇင်၊ ရဲဘော်အောင်ကြီး၊ သခင်ပု၊ ရဲဘော်ထွန်းရှိန်၊ ရဲဘော်မျိုးတင့် စသည်တို့သည် ရဲဘော်ထွန်းကျော်အား ဖက်ရမ်း၍ နမ်းရှုံ့ကြလေသည်။

ထိုအချိန်တွင် ရဲဘော်ထွန်းကျော်၏ မျက်လုံးအစုံမှ မျက်ရည်တို့သည် ပါးပြင်သို့ စီးဆင်း၍ နေလေတော့သည်။

"ရဲဘော်ထွန်းကျော်လမ်းကြောင်းကို လိုက်ကြ လိုက်ကြ"

"ရဲဘော်ထွန်းကျော်လမ်းကြောင်းကို လိုက်ကြ လိုက်ကြ"

× × ×

၉

ဒုတိယပတ် ဗဟိုမဲ့ကဲစ် လီနင်ဝါဒကျောင်း

(၁) ကျောင်း၏ရည်ရွယ်ချက်။

၁၉၆၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆)ရက်နေ့တွင် ဖြစ်လေသည်။ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ် ကွင်းစမ်းစခန်းတွင် ပဲခူးရိုးမကိုင်းမှ ငါးခရိုင်၏ ပါတီခေါင်းဆောင်များနှင့် စစ်ရေးတာဝန်ခံများသည်လည်း အစုံအညီပင် ရောက်ရှိ၍နေကြပြီဖြစ်သည်။

ထို့ကြောင့် ဒုတိယပတ် ဗဟိုမဲ့ကဲစ်ဝါဒ၊ လီနင်ဝါဒ ကျောင်းကို ၁၉၆၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့၊ နံနက် ၇း၃၀ နာရီတွင် ဖွင့်လှစ်လိုက်၏။ သခင်သန်းထွန်းသည် ကျောင်းဖွင့် မိန့်ခွန်းကို ၁၁း၃၀ နာရီအထိ ပြောကြားလေသည်။

ဒုတိယပတ် ဗဟိုမဲ့ကဲစ် လီနင်ဝါဒကျောင်းသို့ တက်ရောက်ကြသူများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ **တောင်ငူခရိုင်။**

(၁) ဗိုလ်မင်းမောင် (ခရိုင်ပါတီအတွင်းရေးမှူး)
(၂) ဗိုလ်မင်းဒင် (ခရိုင်စစ်ရေးတာဝန်ခံ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ရဲဘော်ပင်းအောင် (ခရိုင်မြေယာတာဝန်ခံ)
(၄) ဗိုလ်သောင်း (ဖြူးမြို့နယ် ပါတီအတွင်းရေးမှူး)

၂။ ပဲခူးခရိုင်။

(၁) ရဲဘော်ထွန်းကြိုင် (တိုင်းကော်မတီ)
(ခရိုင်ပါတီအတွင်းရေးမှူး)
(၂) ဗိုလ်စောအောင် (ခရိုင်စစ်ရေးတာဝန်ခံ)
(၃) ရဲဘော်ဘကျော် (ခရိုင်ကော်မတီ)
(၄) ရဲဘော်လှမြင့် (ပဲနွယ်ကုန်းမြို့နယ်၊
ပါတီအတွင်းရေးမှူး)

၃။ သာယာဝတီခရိုင်။

(၁) ဗိုလ်ထွန်းလင်း (ခရိုင်စစ်ရေးတာဝန်ခံ)
(၂) ရဲဘော်စံထွန်း (ခရိုင်မြေယာတာဝန်ခံ)
(၃) ရဲဘော်မြစိုး (စိန်သိန်းမြို့နယ် စည်းရုံးရေးမှူး)
(မှတ်ချက်။ စိန်သိန်းမြို့နယ် ဆိုသည်မှာ ကြို့ပင်ကောက်၊ ဇီးကုန်းမြို့နယ် အနောက်ခြမ်းနှင့် ရောဝတီမြစ် အရှေ့ခြမ်းကို ဆိုလိုသည်။ စာရေးသူ။)
(၄) ရဲဘော်သောင်းရွှေ (နတ္တလင်းမြို့နယ် ကော်မတီ)
(၅) ဗိုလ်ကျော်စိုး (နတ္တလင်းမြို့နယ် ပါတီအတွင်းရေးမှူး)
(၆) ရဲဘော်စံဝင်း (ဇီးကုန်းမြို့နယ် ကော်မတီ)
(၇) ရဲဘော် မောင်စု (ဇီးကုန်းမြို့နယ် ပါတီ အတွင်းရေးမှူး)

၄။ ပြည်ခရိုင်။

(၁) ဗိုလ်ငြိမ်း (ခရိုင်စစ်ရေးတာဝန်ခံ)
(၂) ရဲဘော်ရွှေ (ခရိုင်ကော်မတီ)
(၃) ရဲဘော်ချစ်စရာ (သဲကုန်းမြို့နယ် ပါတီအတွင်းရေးမှူး)

၅။ သရက်ခရိုင်။

(၁) ဗိုလ်နေဝင်း (ခရိုင်ပါတီ အတွင်းရေးမှူး)

(၂) ရဲဘော်မြင့်နိုင် (ခရိုင်ကော်မတီ)

၆။ ချင်းဦးစီးအဖွဲ့။

(၁) ဆလိုင်းစံအောင် (ချင်းဦးစီးအဖွဲ့-ဥက္ကဋ္ဌ)

(၂) ဆလိုင်းဗိုလ်ကျော်လှ (ချင်းဦးစီးအဖွဲ့-စစ်ရေးတာဝန်ခံ)

၇။ ဗဟိုဌာနချုပ်စခန်း။

(၁) ရဲဘော်မြမောင် (ခေါ်) တင်ထွန်း။

(၂) ရဲဘော်ဘသန်း (ခေါ်) သိန်းထွန်း။

(၃) ရဲဘော်ဘိုးသာ (ခေါ်) ကျော်ခင်။

(၄) ရဲဘော်အေးမောင် (ခေါ်) လှဆောင်။

(၅) ရဲဘော်ညိုဝင်း (ခေါ်) ဖေသန်း။

(၆) ရဲဘော်ထွန်းမြင့် (ခေါ်) ခင်ရွှေ။

(၇) ရဲဘော်ဘအောင် (ခေါ်) ကျော်လွင်။

(၈) ရဲဘော်ငြိမ်းမောင်။

(၉) ရဲဘော်ဒေါစောရီ (ခေါ်) မရင်ရင်။

၈။ ပဲခူးရိုးမတိုင်း။

(၁) ရဲဘော်အောင်မြင့် (ဆေးမှူး)

(၂) ရဲဘော်တင်ဝင်း (ပဲခူးရိုးမစည်းရုံးရေးအဖွဲ့အတွင်းရေးမှူး)

ဤသည်တို့မှာ ဒုတိယပတ် ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်းသို့ တက်ရောက်ကြရသူများပင်ဖြစ်လေသည်။

ဒုတိယပတ် ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်း၏ ကျောင်းဆရာအဖွဲ့မှာလည်း ပထမပတ်ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်း၏ ကျောင်းဆရာအဖွဲ့ပင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁) ရဲဘော်မျိုးတင့် (အဘိဓမ္မာဘာသာရပ်)
(၂) ရဲဘော်ရှိန် (ဘောဂဗေဒဘာသာရပ်)
(၃) ရဲဘော်စိုးဝင်း (ပါတီတည်ဆောက်ရေးဘာသာရပ်)
(၄) ဗိုလ်ထွန်းငြိမ်း (စစ်ရေးဘာသာရပ်)

စသည်တို့ပင်ဖြစ်ကြလေသည်။

သခင်သန်းထွန်းသည် ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒ ကျောင်း၏ ရည်ရွယ်ချက်ကို ဤသို့ပင်အလေးအနက် ဖော်ထုတ်၍ ညွှန်ပြသွားလေသည်။

"နောက်ဆုံး ပြောချင်တာက။....

ပစ္စည်းမဲ့လူတန်းစားခေါင်းဆောင်တဲ့ တော်လှန်စစ်ဟာ ဗမာပြည် လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ် ဖို့ဖြစ်တယ်။

ဒီတော်လှန်စစ်ဟာ ကျွန်တော်တို့ကိုလဲ ပြောင်းလဲနေတာဖြစ်တယ်။

ဒီတော်လှန်စစ်အတွင်းမှာ ကျွန်တော်တို့ကိုယ်ကို ပြောင်းလဲရမယ်။

ကျွန်တော်တို့ကိုယ်ကို အသိရှိရှိနဲ့ပြောင်းလဲရမယ်။

ကျွန်တော်တို့ရဲ့ဘဝ ကျွန်တော်တို့ရဲ့အတွေးအခေါ်ကို ပြောင်းလဲပစ်ရမယ်။

ပထမဦးဆုံး ကျွန်တော်တို့ရဲ့အတွေးအခေါ်ကို ပြောင်းလဲရမယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို အသစ်တဖန် လေ့လာကြစို့။

ကျွန်တော်တို့ရဲ့ အတွေးအခေါ်ကို လှည့်ပြောင်းနိုင်ရင် ကျွန်တော်တို့ရဲ့ဘဝကိုလှည့်ပြောင်းနိုင်ရင် တော်လှန်စစ်နဲ့ ဗမာပြည် လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်နိုင်တယ်။ ကမ္ဘာလောကကြီးကို ပြောင်းလဲပစ်နိုင်တယ်။

ဒါကြောင့် ကျွန်တော်တို့ကိုယ်ကို ပြောင်းလဲရေးဆန္ဒရှိဖို့၊ ဆန္ဒပွားများဖို့၊ ပြောင်းလဲနိုင်တယ်ဆိုတာ ယုံကြည်ဖို့၊ ပြောင်းလဲဖို့လဲကြိုးပမ်းအားထုတ်ဖို့ဖြစ်တယ်။"

(ဒုတိယပတ်ဗဟိုမာ့က်စ်၊ လီနင်ဝါဒကျောင်းတွင်ပြောကြားသော၊ သခင်သန်းထွန်း၏ ကျောင်းဖွင့်မိန့်ခွန်းမှရင်း စာမျက်နှာ-၄၉ မှ)

ဤသည်မှာ ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ ရည်ရွယ်ချက်ပင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၆-ခု နှစ်ဦးတွင်ဖွင့်လှစ်သော ဒုတိယပတ် ဗဟိုမာ့က်စ်လီနင် ဝါဒကျောင်း
သင်တန်းသားများ

နောက်တန်း (ဝဲမှ)— ဦးထွန်းကြိုင်၊ ဦးကဲ၊ စောအောင်၊ ကျော်လှ၊ အောင်မြင့်၊ ထွန်းမြင့်၊ မင်းမောင်၊ ဗိုလ်နေဝင်း၊ မင်းအောင်၊ မောင်ညို၊ သခင်သန်းထွန်း၊ မြင့်နိုင်၊ သခင်ချစ်၊ ဗိုလ်သောင်း၊ လှမြင့်၊ ဗိုလ်ငြိမ်း၊ စိုးဝင်း၊ ဗိုလ်မင်းဒင်၊

ရှေ့တန်း (ဝဲမှ) — ကိုသက်၊ ဘကျော်၊ စံအောင်၊ ဘအောင်၊ ဘိုးခင်၊ ငြိမ်းမောင်၊ ကျော်ခင်၊ တင်ဝင်း၊ တင်ထွန်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ရန်ကုန်တက္ကသိုလ်ကျောင်းသားများ။

"ဗမာပြည်ရဲ့ အလုပ်သမားလှုပ်ရှားမှုနဲ့ ကျောင်းသား လှုပ်ရှားမှုဆိုတာဟာ ခွဲလို့မရဘူး၊ ဗမာပြည်ကျောင်းသားလှုပ်ရှားမှုသမိုင်းကိုပြောရင် ဗမာပြည် အလုပ်သမားလှုပ်ရှားမှုသမိုင်းကိုပြောတာနဲ့အတူတူပဲ၊ဗမာပြည်ကပညာတတ် အတော်များများဟာ လူထုနဲ့ဆက်သွယ်ရာမှာ တပ်ဦးအခန်းက ပါခဲ့တယ်ဆို တာတွေ့နိုင်တယ်။

ဥပမာ-ဗိုလ်အောင်ကျော်လို့ ဖော်ပြလိုက်ရင် ကျောင်းသားခေါင်းဆောင် တဦးအဖြစ်နဲ့သက်သက်ကြည့်လို့မရဘူး၊ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးမှာ ထိပ် ဆုံးကတိုက်ပွဲဝင်ခဲ့တာပဲ၊ ဒါဟာအလုပ်သမားတိုက်ပွဲတွေကိုပဲ ကိုယ်စားပြုတာ ပဲလို့ ပြောနိုင်တယ်။

တနည်းပြောရင် ဗမာပြည်ရဲ့ ကျောင်းသားလှုပ်ရှားမှုတွေဟာ အလုပ်သမား လှုပ်ရှားမှုတွေရဲ့ ပေါင်းကူးတံတားဖြစ်တယ်လို့လဲ ပြောနိုင်တယ်။

ကနေ့ဗမာပြည်ရဲ့ ကျောင်းသားလှုပ်ရှားမှုဟာ အရှိန်အမြင့်ဆုံး ဖြစ်နေ တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ လက် နက်ကိုင်တိုက်ပွဲထဲမှာ နေ့စဉ်နဲ့အမျှ အင်အားနဲ့ ပါဝင်လာနေကြလို့ပဲ။

ဒါကြောင့်မို့ ကျောင်းသားလှုပ်ရှားမှုတခုကို တော်လှန်သလား မတော် လှန်ဘူးလား ဆိုတာဟာ လက်နက်ကိုင်တိုက်ပွဲထဲမှ ပါသလား မပါဘူးလား ဆိုတာနဲ့ တိုင်းတာရမယ်။

အထူးသဖြင့် ဗမာပြည်မှာ ကျောင်းသားတွေဟာ တော်လှန်တဲ့အခန်းက ပါနေကြတယ်ဆိုတာ တွေ့ရမယ်၊ ပြီးတော့ ပညာတတ်တွေကို မစည်းရုံးနိုင်တဲ့ ပါတီဟာ တော်လှန်ရေးကိုလဲခေါင်းဆောင်နိုင်မှာမဟုတ်ဘူးလို့ လီနင်ကသင် ကြားခဲ့တယ်၊ ဒါကိုလေးနက်ကြဖို့လိုမယ်။

အခု ဗဟိုစခန်းကိုရောက်နေကြတဲ့ ကျောင်းသားခေါင်းဆောင်တွေ ဖြစ်တဲ့ ရဲဘော်တို့ကိုလဲ ပါတီဗဟိုကော်မတီအနေနဲ့ ဂုဏ်ပြုပါတယ်၊ အလှိုက်လှဲဆုံးနဲ့ လဲ ခရီးဦးကြိုပြုပါတယ်။"

(၁၉၆၄-ခုနှစ်၊ ဇွန်ဘာလ (၂၀) ရက်နေ့တွင် ဗဟိုစခန်းသို့ ရောက်ရှိလာ သော ရန်ကုန်တက္ကသိုလ် ကျောင်းသားခေါင်းဆောင်များအား ပြောကြား သည့် သခင်သန်းထွန်း၏ နှုတ်ခွန်းဆက်မိန့်ခွန်းမှ)

သခင်သန်းထွန်းသည် ဗဟိုစခန်းသို့ရောက်ရှိလာသော ရန်ကုန်တက္ကသိုလ် ကျောင်းသားများအား ဤသို့သောနှုတ်ခွန်းဆက်မိန့်ခွန်းကို အကျယ်တဝင့်ပင် ပြောကြားခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒုတိယပတ် ဗဟိုမာ့က်စ် လီနင် ဝါဒကျောင်းသည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ သမိုင်းအလှည့်အပြောင်းအတွက် အာမခံချက်ဖြစ်သည့် ကျောင်းဖြစ်သည်ဟု ရဲဘော်အောင်ကြီးက ပြောခဲ့လေသည်။

ထို့ကြောင့် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ ပဲခူးရိုးမတိုင်းတွင် ရှိသော (၅) ခရိုင်မှ ခရိုင်ခေါင်းဆောင်များအပြင် ရန်ကုန် တက္ကသိုလ်မှ တောခိုလာကြသော ကျောင်းသား ခေါင်းဆောင်များကိုပါ ကက်ဒရေးလုပ်စေရန်အတွက် ဆုံးဖြတ်လိုက်၏။ ၎င်းအတွက်လည်း အထူးအစီအစဉ်များဖြင့် မြစ်ဝကျွန်းပေါ်တိုင်းမှ တဆင့် ခေါ်ယူခဲ့ရလေသည်။

ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ အထူးတက်ရောက်ကြရသည့် ရန်ကုန်တက္ကသိုလ် ကျောင်းသားခေါင်းဆောင်များနှင့်အမှုထမ်းတို့မှာ အောက်ပါအတိုင်းဖြစ်လေသည်။

(၁) ရဲဘော်မြမောင် (ရဲဘော် တင်ထွန်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ အထွေထွေအတွင်းရေးမှူး)

(၂) ရဲဘော်ဖေသန်း (ရဲဘော်ညိုဝင်း၊ ရန်ကုန် တက္ကသိုလ်ကျောင်းသားတပ်ဦးဥက္ကဋ္ဌ)

(၃) ရဲဘော်ဘိုးသာ (ရဲဘော်ကျော်ခင်၊ ရန်ကုန်တက္ကသိုလ်ကျောင်းသား တပ်ဦးခေါင်းဆောင်)

(၄) ရဲဘော်ဘသန်း (ရဲဘော် သိန်းထွန်း၊ ရန်ကုန် တက္ကသိုလ်ကျောင်းသား တပ်ဦးခေါင်းဆောင်)

(၅) ရဲဘော်အေးမောင် (ရဲဘော်လှဆောင်၊ မန္တလေးဆေးတက္ကသိုလ်ကျောင်းသား တပ်ဦးခေါင်းဆောင်)

(၆) ရဲဘော်ထွန်းမြင့် (ရဲဘော်ခင်မွေ၊ အမှုထမ်း ပေါင်းစုခေါင်းဆောင်)

(၇) ရဲဘော်ဘအောင် (ရဲဘော်ကျော်လွင်၊ မီးရထားအမှုထမ်း)

အထက်တွင်ဖော်ပြထားသည့် ရန်ကုန်တက္ကသိုလ်မှတောခိုလာသည့်ကျောင်းသားခေါင်းဆောင်များနှင့် အမှုထမ်းမှတောခိုလာသူများသည် ၁၉၆၃-ခုနှစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟို ဌာနချုပ်၏ ညွှန်ကြားချက်အရ တောခိုရှိလာရသူများ ဖြစ်လေသည်။

(၃) ကျောင်း၏ဘာသာရပ်များ။

ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ ဘာသာရပ်များသည် လည်း ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းတွင် သင်ကြားခဲ့သော ဘာသာရပ်များအတိုင်းပင် ဖြစ်လေသည်။

သို့ရာတွင် ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ ဟောပြော ချက်များတွင်မူ ငြိမ်းချမ်းရေးနှင့်ပတ်သက်သော သဘောထားများကိုလည်း သင်ကြားပို့ချခဲ့သည်။ ထို့ပြင် ဗမာပြည်တွင် ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း တွေ့ဆုံဆွေးနွေး၍ တည်ဆောက်ရန်လိုသည်။ တချိန်တည်းတွင် စစ်နိုင်ရေး၊ အာဏာသိမ်းရေးအတွက် စစ်ရေးကိုလည်း ဗဟိုပြုရမည်ဟူ၍ အစွန်းနှစ်ဖက်ကို သင်ကြားပို့ချကြ၏။ယင်းအစွန်းနှစ်ဖက်ကိုပင် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီ တုန်းအတွေးအခေါ်တို့ကိုကိုးကား၍ သင်ကြားပို့ချခဲ့ခြင်းဖြစ်လေသည်။

ဒုတိယပတ် ဗဟိုမာ့က်စ်ဝါဒ၊ လီနင်ဝါဒကျောင်းတွင်မူ စစ်တပ်လက်ဝါး ကြီးအုပ် ပြူရိုကရက်အရင်းရှင်အစိုးရကို **"အပြုတ်တိုက်ရမည်"**ဟု အတိအလင်း ဖော်ထုတ်လာလေသည်။

"အရာရာအောင်မြင်ရေးအတွက်....

စစ်အနိုင်တိုက်ရေး၊ အာဏာသိမ်းရေးသည်ပထမ။

စစ်အနိုင်တိုက်ရေး၊ အာဏာသိမ်းရေးသည်ဒုတိယ။

စစ်အနိုင်တိုက်ရေး၊ အာဏာသိမ်းရေးသည် တတိယ"

ဟူ၍ ဖြစ်လေသည်။

ထိုနောက်တွင် **"ယနေ့ဗမာပြည်၏ အခြေအနေအရ ဗမာပြည်ကွန်မြူနစ်ပါတီ တွင်း၌ ပြည်တွင်းငြိမ်းချမ်းရေး စကားပြောသူသည် သစ္စာဖောက်ဖြစ်ရမည်"** ဟူ၍ပင် သင်ကြားပို့ချ၍လာလေတော့သည်။

အမှန်စင်စစ်အားဖြင့် ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း သည် ပထမပတ်ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ အဆက်အဖြစ်ဖြင့် ဖွင့် လှစ်ခြင်းမဟုတ်ပေ။ ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသည် ၁၉၆၅-ခု

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နှစ် ပေါလစ်ဗြူရိုအဖွဲ့အစည်းအဝေး၏ "အပြုတ်တိုက်ရေးလမ်းစဉ်" ကို အကောင်အထည်ဖော်ရေးအတွက် "အပြုတ်တိုက်ရေးကျောရိုးကေဒါများ" ကိုစနစ်တကျမွေးမြူခြင်းဖြစ်၏။ ထို့ပြင် ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းတွင်ရှိသော ပြည်တွင်းငြိမ်းချမ်းရေးလိုလားသူများကို တိုက်ခိုက်ချေမှုန်းရန်အတွက် အားသစ်ကျောရိုးများကို စုစည်းလိုက်ခြင်းပင်ဖြစ်လေသည်။

ထို့ကြောင့် ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းတွင်မူ ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၌ သင်ကြားပို့ချခဲ့သော ဟောပြောချက်များကို အခြေခံခြင်းမပြုတော့ချေ။ အထူးသဖြင့် တရုပ်ပြည် ပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေး၏ရှေ့ဆောင်မှုကို ခံယူသည်ဟုဆိုကာ မူလသဘောတရားရေးဆိုင်ရာအခြေခံများ၊ အတွေးအခေါ်များကို လုံးဝပစ်ပယ်လိုက်သည်။

ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းတွင် လူရှောချီ၊ မာရှယ်ဟို့လုံ၊ လိုရွှေ့ချင်တို့၏အတွေးအခေါ်များကိုသာ မော်စီတုန်း၏မဟာအတွေးအခေါ်များအဖြစ်ဖြင့် အလေးအနက်ပင်ပို့ချကြ၏။ သို့ရာတွင် ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒ ကျောင်းတွင်မူ မော်စီတုန်းအတွေးအခေါ်ကို "တိုင်ထူလိုက်ရင် အရိပ်ပေါ်သလို" လေ့လာကြရမည်ဟု ဆိုကြသည်။ ယခင် သင်ကြားပို့ချခဲ့ကြသည့် အတွေးအခေါ်များသည် "အရိပ်မပေါ်၍အလွန်ဖောက်ပြန်သည်" ဟုလည်းဆိုကြပြန်၏။ ထို့ကြောင့် ယခုဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းအတွင်း၌ လက်တွေ့တည်ဆောက်ရေး၊ တနည်းအားဖြင့် "အတွေးအခေါ်ပြုပြင်ရေးလှုပ်ရှားမှု" "မိမိကိုယ်ကို ဆန်းစစ်ရေးလှုပ်ရှားမှု" တို့ကိုသာ ဘာသာရပ်တိုင်းတွင် အစုများခွဲ၍ ပြုလုပ်ကြရလေသည်။

ဤသို့ဖြင့် အစုများကို သက်ဆိုင်ရာခရိုင်အလိုက်၊ ဌာနအလိုက် စုစည်းစေခဲ့၏။ ထို့နောက်တွင် "အတွေးအခေါ် ပြုပြင်ရေးလှုပ်ရှားမှု" ဆိုသည်ကို ပြုလုပ်ကြရလေသည်။

ယင်းလှုပ်ရှားမှုတွင်အဓိကအားဖြင့် မိမိတို့၏ဦးနှောက်အတွင်းမှ ပြန်လည်ပြင်ဆင်ရေးဝါဒ၊ တနည်းအားဖြင့် ပြည်တွင်းငြိမ်းချမ်းရေး အတွေးအခေါ်ကို အလေးအနက်ဆန်းစစ်ကြရခြင်း ဖြစ်လေသည်။

ဤလှုပ်ရှားမှုကို "ဆန်ရင်းနာနာဖွတ်လှုပ်ရှားမှု" ဟူ၍လည်း ခေါ်၏။ တနည်းအားဖြင့် "ကိုယ့်ပေါင်ကိုယ်နာနာထောင်းရသည့် လှုပ်ရှားမှု" ဟူ၍လည်း ခေါ်ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက်တွင်မှ အထက်အဖွဲ့အစည်းအားလည်းကောင်း၊ ဗဟိုကော်မတီတဦးစီအားလည်းကောင်း အပြင်းအထန် ဝေဖန်စေလေသည်။

၁၉၆၆-ခုနှစ်၊ ဩဂုတ်လတွင်ဖြစ်လေသည်။

ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းတွင် ၃-မျိုး ဆန့်ကျင်ရေးလှုပ်ရှားမှုကို ပြုလုပ်လေသည်။

၃-မျိုး ဆန့်ကျင်ရေး လှုပ်ရှားမှုဆိုသည်မှာ။ –

(က) နိုင်ငံရေးအရ လက်ျာအချောင်ဝါဒ ဆန့်ကျင်ရေး။

(ခ) စည်းရုံးရေးအရ လွတ်လွတ်လပ်လပ်ဝါဒ (လစ်ဘရယ်ဝါဒ)နှင့် ဂိုဏ်းဂဏဝါဒဆန့်ကျင်ရေး။

(ဂ) လုပ်ဟန်မှာ တဗိုလ်တမင်းဝါဒနဲ့ ပြူရိုကရေစီဝါဒ ဆန့်ကျင်ရေး စသည်တို့ဖြစ်သည်။

ဤ (၃) မျိုး ဆန့်ကျင်ရေးလှုပ်ရှားမှုကိုပင်–

"ဗမာပြည်ကွန်မြူနစ်ပါတီကို ဗိုလ်ရှီဗစ် ပီသအောင်လုပ်ရေးလှုပ်ရှားမှု" ဟူ၍ ခေါ်တွင်လေသည်။

ဤလှုပ်ရှားမှု၌ အဆင့်နှစ်ဆင့်ကိုခွဲထား၏။ ပထမအဆင့်မှာ သက်ဆိုင်ရာ ခရိုင်ပါတီအဖွဲ့အစည်းများကို အခြေခံ၍ မိမိကိုယ်ကိုဝေဖန်ရေးနှင့် ဝေဖန်ရေးကို လုပ်ရခြင်းဖြစ်၏။ တနည်းအားဖြင့် မိမိ၌ရှိသမျှ အပြစ်အနာအဆာ များကို အိတ်သွန် ဖာမှောက် ဖော်ထုတ်၍ ဝန်ခံရခြင်းပင်ဖြစ်လေသည်။

ထို့နောက်တွင် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းမှ ကျောင်းသားတဦးစီအား တောင်းဆိုသည်မှာ ဓနရှင် ပေါက်စ၊ တော်လှန်ရေး သမားနှင့် ပစ္စည်းမဲ့ တော်လှန်ရေး သမားတို့၏ အကြား၌ရှိသော စည်းကို ပြတ်သားစွာ ခွဲခြားစေလေသည်။

ဤလှုပ်ရှားမှု၏ ပထမအဆင့်တွင် ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒ ကျောင်းသို့ တက်ရောက်နေကြသော ရန်ကုန်တက္ကသိုလ်မှ တောခိုလာကြသည့် ကျောင်းသားခေါင်းဆောင် များနှင့် အမှုထမ်းမှ တောခိုလာကြသူ အချို့ကို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လည်း''မြေအောက်အထူးလျှို့ဝှက်အဖွဲ့''ဟူ၍ သီးခြားဖွဲ့စည်းပေးထား၏။ ယင်းအဖွဲ့ကိုမူ ဗဟိုဌာနချုပ်မှ ပေါလစ်ဗြူရိုသူကြီး သခင်ချစ်မှတက်ရောက်၍ ကြီးကြပ်လေသည်။

ယင်း''မြေ အောက်အထူးလျှို့ဝှက်အဖွဲ့''တွင် ပါဝင်ဆွေးနွေးကြသူများသည်လည်း ဤလှုပ်ရှားမှုတွင် အတက်ကြွဆုံး ပါဝင် လှုပ်ရှားသူများ ဖြစ်ကြလေသည်။

''ကျွန်တော်ဟာ ဖျာပုံခရိုင်က အင်းသူကြီးအဆက်အနွယ်ပဲ။ ကျွန်တော်တို့ မိသားစုဟာ အင်းအလုပ်သမားတွေနဲ့ လယ်သမားတွေကို အကြီးဆုံး သွေးစုတ်တဲ့မြေရှင်အကြီးစားဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်ဟာ ရန်ကုန်တက္ကသိုလ်ကိုလဲရောက်လာတော့ ကျွန်တော့်ရဲ့ အတွေးအခေါ်ဟာ သွေးစုတ်တဲ့မြေရှင်လူတန်းစားအတွေးအခေါ်နဲ့ ဓနရှင်ပေါက်စ ပညာတတ်တို့ရဲ့ယိုယွင်းဖောက်ပြန်တဲ့အတွေးအခေါ်နှစ်ရပ်ဟာ တပူးတပေါင်းတည်းအဖြစ်နဲ့ ကျွန်တော့ရဲ့ခေါင်းထဲမှာ စွဲကပ်ခဲ့ပါတယ်။ တကယ်ကတော့ ကျွန်တော့ကိုယ်ကို မညာမတာဖော်ထုတ်ရမယ်ဆိုရင်တော့ ကျွန်တော်ဟာ တိုးတက်တဲ့ကျောင်းသားလှုပ်ရှားမှုမှာ ရှေ့တန်းက ပါဝင်လှုပ်ရှားလာတာကိုက ကျွန်တော်ရဲ့ကိုယ်ကျိုးအတွက် ထင်ပေါ်မှုရဖို့ နာမည်ကြီးဖို့အတွက် အဓိကဖြစ်ခဲ့ပါတယ်။ တနည်းပြောရရင်တော့ ဓနရှင်ပေါက်စတော်လှန်ရေးသမားတို့ရဲ့အမြင်နဲ့ရပ်တည်မှုအရသာလုပ်ခဲ့တာဖြစ်ပါတယ်။

နောက်ပြီးတော့ ကျွန်တော်ဟာ ဘယ်လောက်ထိအောင် ဓနရှင်ပေါက်စ တော်လှန်ရေးသမားအဖြစ်နဲ့ မနေ့တနေ့ကအထိ၊ စိတ်ကူးယဉ်ခဲ့သလဲဆိုတာကို ဖော်ထုတ်ဝန်ခံလိုပါတယ်။

ကျွန်တော်ဟာ ကျောင်းသား လှုပ်ရှားမှုတခုနဲ့ ပဲခူးမြို့ကိုရောက်သွားတယ်။ ပဲခူးမြို့မှာရှေ့နေတယောက်ရဲ့သမီးဖြစ်တဲ့ ကျောင်းသူတဦးကိုတွေ့ရတယ်။ အဲဒီကျောင်းသူဟာ စာမေးပွဲအကြိမ်ကြိမ်ကျပြီးတော့နေတဲ့သူပဲ။ ပြီးတော့သူဟာပဒေသဆုင်အိမ်ထောင်ရေး အတွေးအခေါ်တွေကို အတင်းရိုက်သွင်းနေတဲ့ တိုင်းရင်းမေဂျာနယ်တို့၊ ဟုဝတီဂျာနယ်တို့မှာကဗျာဆရာ၊ ဝတ္ထုရေးဆရာပေါ့၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဲဒီလောက် စိတ်ကူးယဉ်တဲ့မိန်းခလေးကို ကျွန်တော်ဟာ အရူးအမူး ပဲချစ်ခဲ့မိတယ်။

ယခုဒီလှုပ်ရှားမှုအထိပါပဲ။ဒီလှုပ်ရှားမှုမှာဓနရှင်ပေါက်စတော်လှန် ရေးသမားနဲ့ ပစ္စည်းမဲ့ တော်လှန်ရေးရဲ့ရန်-ငါစည်းကို ပြတ်ပြတ်သား သား တားလိုက်တဲ့အခါ ငါဘာကောင်လဲ.... ဆိုတာ လေး နက် လာ ပါတယ်၊ မြင်လာပါတယ်။

လူတန်းစားဘဝမမှန်တဲ့ အဲဒီကဗျာဆရာမကိုလဲ ကျွန်တော့်အနေနဲ့ လူတန်းစားရန်သူအဖြစ်နဲ့ ပြတ်သားလာပါတယ်။ ကျွန်တော်ရဲ့ ချစ် ခြင်းမေတ္တာဆိုတာဟာ ဓနရှင်ပေါက်စ တော်လှန်ရေး သမားတဦးရဲ့ ချစ်ခြင်းမေတ္တာနဲ့ အရူး အမူး စွဲလမ်းမှုသက်သက်သာ ဖြစ်ခဲ့ပါတယ်။

ကျွန်တော့် အနေနဲ့ အခုဒီလှုပ်ရှားမှုကို ပါဝင်ရတဲ့ အတွက် ကျွန် တော့ ဘဝမှာ ကြိတ်မှိတ်ပြီး ခံခဲ့ရတဲ့ ဝေဒနာကြီးက လုံးဝပျောက်သွား ပြီဖြစ်ပါတယ်။

ဒီလှုပ်ရှားမှုကနေပြီးတော့ဥက္ကဋ္ဌကြီးသခင်သန်းထွန်းခေါင်းဆောင် တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီကို ဗိုလ်ရှီဗစ်ပါတီပီသအောင် ကျွန်တော့် အသက်နဲ့ အတူတည်ဆောက်သွားပါ့မယ်။”

ဤသည်မှာ ရဲဘော်မြမောင်၏ မိမိကိုယ်ကို ဝေဖန် ဆန်းစစ်ချက်ဖြစ်၏။ ရဲဘော်မြမောင်သည် ရဲဘော်တင်ထွန်းဖြစ်၏။ ရဲဘော်တင်ထွန်းသည် ဖျာပုံမြို့မှ ဖြစ်ပြီး ၁၉၅၃-ခုနှစ်နောက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိလာခဲ့သူဖြစ် ၏။ ရန်ကုန် တက္ကသိုလ်တွင် လျှို့ဝှက် ဖွဲ့စည်းထားသော “**မြေအောက် ကွန်မြူ နစ်ကလပ်စည်း**”တွင် ပါဝင်ခဲ့၏။ ၁၉၅၆-ခုနှစ် နောက်ပိုင်းတွင် ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂ အဖွဲ့ချုပ်တွင် ပါဝင်ခဲ့ပြီးနောက် ၁၉၆၄-ခုနှစ် ဇန်နဝါရီလတွင် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ တောခိုလာခဲ့သူ ဖြစ်ပေသည်။

ထို့နောက်တွင် ရဲဘော်ထွန်းမြင့်(ခေါ်) ရဲဘော်ခင်ရွှေကလည်း ဤသို့ပင် မိမိကိုယ်ကို ဆန်းစစ်၍သွားလေသည်။

“ကျွန်တော်ဟာ ၁၉၅၀-ခုနှစ်လောက်ကစပြီးတော့ မြောင်းမြမြို့ ကျောင်းသားလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့တယ်။ အဲဒီကတဲက ကွန်မြူနစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီနဲ့အဆက်ရခဲ့တယ်။ အဲဒီတုန်းကကျွန်တော်ကွန်မြူနစ်လုပ်ချင်တာဟာကွန်မြူနစ်ဝါဒကိုနားလည်ဖို့မဟုတ်ပါဘူး။ကွန်မြူနစ်ဆိုတာ လူထုလူဆန်းတွေလို့ နားလည်ပြီး စမ်းကြည့်ချင်တာနဲ့ ပါခဲ့တာ ဖြစ်ပါတယ်။ နောက်ပိုင်းကျတော့ တဖြည်းဖြည်း ကျောင်းသား လှုပ်ရှားမှုတွေမှာ ခေါင်းဆောင် ဖြစ်လာတော့၊ ငါ-တယ်ဟုတ်ပါလားလို့ ထင်လာတယ်။ အဲဒီနောက် အဖမ်းခံ ရ တယ်။ နောက်တော့-၃-၄-ကြိမ်လောက်ထပ်ထပ်အဖမ်းခံလာရတယ်။ အဲဒီလိုဖြစ်လာတော့ကျွန်တော့်ကိုယ်ကို သူရဲကောင်းကြီးလို့ ထင်လာတယ်။

အဲဒီအချိန်မှာ ကွန်မြူနစ်ဝါဒတွေကိုလဲ အတော်လေ့လာနေပါပြီ။ ဒါပေမဲ့ သူများအထင်ကြီးအောင် လေ့လာတာပဲဖြစ်တယ် ဆိုတာ အခုလှုပ်ရှားမှုအတွင်းမှာမှ ပိုပြီးလေးနက်လာပါတယ်။

နောက်ပြီးတော့ ၁၉၆၀-ခုနှစ်မှာ ကျွန်တော်ထောင်ကလွတ်လာပါတယ်။ အဲဒီအချိန်မှာ ရန်ကုန်ပါတီတာဝန်ခံတွေဖြစ်တဲ့ သစ္စာဖောက်တင်မြနဲ့ ယခုဗဟိုဌာနချုပ်ရုံးအုပ် ကိုဘာခက်တို့က ကျွန်တော့်ကို အလုပ်သမားလှုပ်ရှားမှုအတွက် တာဝန်ပေးပါတယ်။ ဒါပေမဲ့ ကျွန်တော်က အလုပ်သမားဆိုရင် အထင်သေးခဲ့တယ်။ ငါ့ကိုအလုပ်သမားလှုပ်ရှားမှုမှာ တာဝန်ပေးတာဟာ စော်ကားတာပဲဆိုပြီး အပြင်းအထန်ဖြစ်ခဲ့တယ်။ တကယ်ကျတော့ အဲဒီတုန်းက ကျွန်တော်ရဲ့အတွေးအခေါ်ဟာ ဘယ်လောက်ထိအောင် ဖောက်ပြန်တယ်ဆိုတာ အခုလှုပ်ရှားမှုမှာမှ နက်နက်ရှိုင်းရှိုင်းမြင်လာပါတယ်။

နောက်ပြီးတော့ ကျွန်တော်ဟာ ကျွန်တော့ဇနီးနဲ့ ကျွန်တော့်သမီးလေးတွေအပေါ်မှာ အလွန်ကို သံယောဇဉ်ကြီးတယ်။ အထူးသဖြင့် ကျွန်တော့်ရဲ့သမီးကြီးကို သိပ်ကိုချစ်တယ်။ တခါတလေ အမှတ်ရလွန်းလို့ မျက်ရည်ကျတဲ့အထိတောင်ဖြစ်ရတယ်။

တကယ်ကတော့ ကျွန်တော် အဲဒီလိုအိမ်ထောင်အပေါ်မှာ သံယောဇဉ်ကြီးတာဟာ မနုရှင်ပေါက်စ တော်လှန်ရေးသမားဘဝကို ခံယူနေတယ်ဆိုတာ အလွန်ကိုထင်ရှားတယ်။

အခုတော့ဒီလှုပ်ရှားမှုကနေပြီးကျွန်တော့်အနေနဲ့ပစ္စည်းမဲ့တော်လှန်ရေးသမားကောင်းတဦးဖြစ်အောင် ကျွန်တော့်ကိုယ်ကို အစွမ်းကုန်ပြု

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စုဝေးမှုသွားမယ်ဆိုတာကို ဦးကြင်ကြီးနဲ့တကွ ပါတီခေါင်းဆောင်တွေကို အလေးအနက်ကတိပေးအပ်ပါတယ်။"

ဤသို့ဖြင့် ရဲဘော်ထွန်းမြင့်သည် ဦးကြင်ကြီးသခင်သန်းထွန်းနှင့် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းဆရာများ၏ ရှေ့မှောက်တွင် မနရှင်ပေါက်စ တော်လှန်ရေးသမားဘဝအတွေးအခေါ်များကို နှိုက်နှိုက်ချွတ်ချွတ် ဆန်းစစ်၍ တင်ပြသွားလေသည်။

ရဲဘော်မြမောင်(ရဲဘော်တင်ထွန်း)ရဲဘော်ထွန်းမြင့်(ရဲဘော်ခင်ရွှေ)တို့ကဲ့သို့ပင် ရဲဘော်ဘိုးသာ (ရဲဘော်ကျော်ခင်) ရဲဘော်ဘသန်း (ရဲဘော်သိန်းထွန်း)ရဲဘော်အေးမောင် (ရဲဘော်လှဆောင်)တို့ကလည်း၊ထိုသို့ပင် မိမိတို့ကိုယ်ကို အလေးအနက်ဆန်းစစ်၍ တင်ပြသွားကြလေသည်။

ဤလှုပ်ရှားမှု၏ ဒုတိယအဆင့်သည်"ဗမာပြည် ကွန်မြူနစ်ပါတီကို ဗိုလ်ရှိဗစ်ပါတီပီသအောင်တည်ဆောက်ရေး"ပင် ဖြစ်လေသည်။

ဤလှုပ်ရှားမှုတွင် တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ပါတီတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်သဘောတရားများကို အခြေခံထားခြင်းဖြစ်၏။ မော်စီတုန်း၏အတွေးအခေါ်ကို လမ်းညွှန်မှုအဖြစ် သတ်မှတ်ထားလေသည်။

အထူးသဖြင့် ဤလှုပ်ရှားမှုတွင် အသက်ပါသည့် မဟာမော်စီတုန်းအတွေးအခေါ်ကို လက်တွေ့ပညာပေးသည့်အနေဖြင့် သခင်သန်းထွန်းနှင့်ရဲဘော်အောင်ကြီးတို့သည်၊ ၁၉၅၅ - ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမှ ချမှတ်ထားသည့် "ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လမ်းစဉ်"ကိုဦးတည်တိုက်ခိုက်၍ ထိုးနှက်စေလေသည်။

ယင်း လှုပ်ရှားမှုတွင် အဓိကအားဖြင့် ထိုးနှက်တိုက်ခိုက်ခြင်း ခံရသူမှာ ရဲဘော်ဘတင်(ဂိုရှယ်) ပင်ဖြစ်၏။ "ပြန်လည်ပြင်ဆင်ရေးသမား၊ ငြိမ်းချမ်းရေးသမား၊ တော်လှန်စစ်ဆန့်ကျင်ရေးသမား"ဟူ၍ ဖြစ်လေသည်။

ထို့နောက်တွင် ဗဟိုကော်မတီအဘွင်းမှ ကြားသမားများ တွေဝေ၍နေသူများကို ဆန့်ကျင်တိုက်ခိုက်စေလေသည်။ ယင်းသို့တိုက်ခိုက်စေခြင်းမှာ ရဲဘော်ဌေးနှင့် အခြားသောတွေဝေနေသည့်၊ တိုင်းကော်မတီများနှင့်ခရိုင်ကော်မတီများကို ပြတ်သားလာစေရန်အတွက်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သို့ဖြစ်၍ ပါတီတွင်းမှ ပြန်လည်ပြင်ဆင်ရေးဝါဒသမားများနှင့် အလယ်ဗဟိုဝါဒသမားများကို တိုက်ခိုက်ချေမှုန်းပစ်ရေးအတွက် "ပါတီတွင်းတိုက်ပွဲ"ကို တဆင့်တိုးမြှင့်တင်ရန် သခင်သန်းထွန်းသည် ဤသို့သော လမ်းညွှန်မှုသဘောထားကို ချမှတ်၍ ပေးလိုက်လေတော့သည်။

"ကျနော်တို့ပါတီကို မိုလ်ရှီဗစ်ပီသအောင် လုပ်ဖို့ဆိုရင် ပါတီတွင်းမင်ရှီဗစ်အငုတ်ကို အမြစ်ပြတ်အောင် တိုက်ပစ်ရေးပဲ၊ ဒါဟာ အတွေးအခေါ်နယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ စစ်ရေးနယ်ပယ်၊ စည်းရုံးရေးနယ်ပယ် အဖက်ဖက်မှာဖော်ပြတဲ့၊ ပြန်လည်ပြင်ဆင်ရေးဝါဒကို အဓိကဦးတည်တိုက်ရေးပါပဲ။

ဒီနေရာမှာ တခုသတိပေးချင်ပါတယ်။ ဒီကနေ့ နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုအတွင်းမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကတဖက်ပြန်လည်ပြင်ဆင်ရေးဝါဒက တဖက်တိုက်ပွဲ ပြင်းထန်နေချိန်မှာ "ကြားဝါဒ အလယ်ဗဟိုဝါဒ" အနွယ်တရပ်ဟာ ပေါ်ပေါက်နေတယ်။ ဒီကြားဝါဒ အလယ်ဗဟိုဝါဒဟာ မာ့က်စ်ဝါဒ လီနင်ဝါဒနဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒ အမှန်နဲ့အမှားကြားမှာ ဘယ်ဖက်မှ မလိုက်ဖူးဆိုတဲ့ ဝါဒဖြစ်တယ်။ ဒီဝါဒဟာ တကယ်ဖောက်ပြန်တယ်။ ပြန်လည်ပြင်ဆင်ရေးဝါဒကို အင်မတန် ကောက်ကျစ် စဉ်းလဲတဲ့နည်းနဲ့ အားပေးထောက်ခံနေတာဖြစ်တယ်။

ကျနော်တို့ပါတီရဲ့ သမိုင်းတလျှောက်လုံးမှာလဲ ကြားဝါဒ အလယ်ဗဟိုဝါဒဟာ မာ့က်စ်ဝါဒ လီနင်ဝါဒနဲ့ ဆန့်ကျင်ဖက် ပြန်လည် ပြင်ဆင်ရေးဝါဒကို ကောက်ကျစ်စဉ်းလဲတဲ့နည်းနဲ့ အားပေးခဲ့တာဖြစ်တယ်။ ဒါ့ကြောင့် ကျနော်တို့ဟာ ပြန်လည်ပြင်ဆင်ရေးဝါဒကို အဓိကဦးတည်တိုက်ခိုက်ရင်း ကြားဝါဒ အလယ်ဗဟိုဝါဒကို အလစ်မပေးပဲ တိုက်သွားဖို့လိုပါတယ်။ .

ကျနော်တို့ပါတီကို ဗိုလ်ရှီဗစ်ပီသအောင် တည်ဆောက်ဖို့ဆိုရင် ပါတီတွင်းတိုက်ပွဲကို တဆင့်တိုးမြှင့်သွားရပါ့မယ်၊

ပါတီတွင်းတိုက်ပွဲဟာ ပါတီဖွံ့ဖြိုးတိုးတက်ရေး တရားဖြစ်တယ်။ ဒီကနေ့ ပါတီတွင်းမှာ မာ့က်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်က အခြေခံအားဖြင့် အောင်ပွဲရတာဟာ ပါတီတွင်းတိုက်ပွဲရဲ့ အကျိုးသက်ရောက်မှုဖြစ်တယ်။

ဒါပေမဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ရဲ့ ဆန့်ကျင်ဖက်ဟာ အင်အားကြီးဆဲဖြစ်တယ်။ ဒါကြောင့် ပါတီတွင်းတိုက်ပွဲကို တဆင့်မြှင့်တင်ဖို့လိုတယ်။"

(ပါတီကို ဗိုလ်ရှီဗစ်ပီသအောင်တည်ရေး လှုပ်ရှားမှုတွင်
သခင်သန်းထွန်း၏ မိန့်ခွန်းမှူရင်း စာမျက်နှာ ၄၅-၄၆-မှ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်းသည် ဆက်လက်၍လည်း ဤသို့ပြောလေသည်။

"ကနေ့ပါတီတွင်းမှာ ပြန်လည်ပြင်ဆင်ရေးဝါဒနဲ့ မော်စီတုန်း အတွေး အခေါ်ဟာ သူသေ-ငါရှင်တိုက်ပွဲကို မစဲ့စပ်တမ်း တိုက်နေကြတယ်။ ဒီမှာ ငါ့ရပ်တည်ချက်က ဘာလဲဆိုတာကို ပြကြဖို့လိုတယ်။ ဟိုလိုလို-ဒီလိုလိုနဲ့ နေ လို့မဖြစ်ဘူး။"နင်တန်-နင်တန်ပုဂံကွဲ"ဆိုပြီး စေ့စပ်လို့လဲမဖြစ်ဘူး။ နောက် ပြီးတော့ မိမိတို့ရဲ့ အယူအဆကို ရပ်တည်တဲ့နေရာမှာ"တို့ဘုရားက မယားဖက် ခပ်ပါပါ"ဆိုတာ မျိုးနဲ့ရပ်တည်လို့လဲ မဖြစ်ဘူး။ပြတ်သားဖို့ အထူးလိုတယ်။"

ဤသည်တို့မှာ သခင်သန်းထွန်း၏ ပါတီတွင်းတိုက်ပွဲနှင့် ပတ်သက်သော လမ်းညွှန်မှုများနှင့် သြဝါဒများပင်ဖြစ်လေသည်။

ထို့ကြောင့် သခင်သန်းထွန်း၏ ယင်းသြဝါဒများအရပင် ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒ ကျောင်းတွင်ပြုလုပ်သော "ဗမာပြည်ကွန်မြူနစ် ပါတီအား၊ ဗိုလ်ရှီဗစ်ပါတီပီသရေး လှုပ်ရှားမှု" သည်၊ ကွန်မြူနစ်ပါတီတွင်း၌ ဖြစ်ပွားနေသော၊ အယူဝါဒရေးတိုက်ပွဲနှင့် အတွေးအခေါ်တိုက်ပွဲ၏ အရှိန်ကို ပို၍ပို၍ တဆင့်တိုး မြင့်မားလာစေတော့သည်။

ထိုသို့ ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒ ကျောင်းတွင် လှုပ်ရှားမှု များကို တခုပြီးတခုဆက်တိုက်ပင် ပြုလုပ်လေသည်။ ယင်းသို့လှုပ်ရှားမှုများကို ပြုလုပ်နေသော်လည်း ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းသည် စခန်းတခု တည်းတွင် အခြေစိုက်၍နေရသည် မဟုတ်ချေ၊ စစ်ဆင်ရေး အခြေအနေများ ကြောင့် ထိုမှဤမှ ပြောင်းရွှေ့၍ လှုပ်ရှားနေကြရခြင်းဖြစ်၏။ အချို့သော စခန်းတွင် ၂-လခန့်နေရ၏။ အချို့နေရာတွင် ၁၅-ရက်ခန့်နေရ၏။ အချို့သော နေရာတွင်မူ ၇-ရက်ခန့်သာနေရ၏။ ထို့ကြောင့် ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းသည် တတိယ လှုပ်ရှားမှု လုပ်သည့်အချိန်ထိ၊ စခန်းနေရာ ပေါင်း ၁၂-နေရာကို လှည့်လည်ပြောင်းရွှေ့၍ နေခဲ့ကြရလေသည်။

ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ တတိယ လှုပ်ရှားမှုသည်၊ **"တပ်မတော်တည်ဆောက်ရေး ၃-မျိုးဆန့်ကျင်ရေး လှုပ်ရှားမှု"** ပင်ဖြစ် လေသည်။

(၃) မျိုးဆန့်ကျင်ရေးဆိုသည်မှာ ဤသို့ဖြစ်လေသည်။

(က) တော်လှန်စစ်ဖျက်သိမ်းရေးကို ဆန့်ကျင်ရေး။

(ခ) ဓနရှင်စစ်ရေးသက်သက်အမြင်ကို ဆန့်ကျင်ရေး။

(ဂ) သမရိုးကျဝါဒဆန့်ကျင်ရေး။

တို့ဖြစ်လေသည်။

ဤတတိယလှုပ်ရှားမှုတွင်လည်း ဒုတိယလှုပ်ရှားမှုကဲ့သို့ သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းလိုက်ပင် အခြေခံ၍ဖွဲ့စည်း၏။ ထိုသို့ဖွဲ့စည်းပြီးနောက် ဓနရှင်စစ်ရေးအတွေးအခေါ်နှင့်ပတ်သက်၍ တဦးစီပင်အလေးအနက် ဝေဖန်စိစစ်ကြရလေသည်။

ဗိုလ်နေဝင်းသည် သရက်ခရိုင်အစုတွင်ပါဝင်ရ၏။ သရက်ခရိုင်၏စစ်ရေးတာဝန်ခံလည်းဖြစ်၏။ ထိုအစုတွင်ကြီးကြပ်သူမှာ သခင်သန်းထွန်းဖြစ်၏။ ဗိုလ်နေဝင်းသည် ၁၉၄၉ - ခုနှစ်တွင် သာယာဝတီမြို့၌ အခြေစိုက်ထားသောအမှတ် (၂၁) ပြည်ထောင်စု စစ်ရဲတပ်မှ တောခိုလာခဲ့သူဖြစ်၏။ ထို့ကြောင့် ဓနရှင်စစ်ရေးအတွေးအခေါ်ကို အလေးအနက်ပင် ဝေဖန်စိစစ်စေလေသည်။

ပထမပိုင်းတွင် ဗိုလ်နေဝင်းသည် "ကျွန်တော့်မှာ ဓနရှင်စစ်ရေး အတွေးအခေါ်မရှိပါဘူး။ ကျွန်တော်အနေနဲ့ ကိုယ်ကျိုးအားလုံးကိုစွန့်ပြီး တော်လှန်ရေးလုပ်လာတာ အနှစ် (၂၀) တောင်ရှိပါပြီ။ ဓနရှင်စစ်ရေး အတွေးအခေါ်ဖြစ်တဲ့ သေရမှာကြောက်တဲ့အတွေးအခေါ်လဲ ကျွန်တော့်မှာမရှိပါဘူး" ဟူ၍ ဆန်းစစ်လေသည်။

သို့သော်လည်း သခင်သန်းထွန်းနှင့် ဗိုလ်ထွန်းငြိမ်းတို့သည် ဗိုလ်နေဝင်းအား "လှုပ်ရှားမှု၏အတွေးအခေါ်" တွင် နက်ရှိုင်းမှု မရှိသည့်အတွက် ဤသို့အပေါ်ယံကျနေခြင်းဖြစ်သည်ဟူ၍ အပြင်းအထန်ဝေဖန်ကြလေသည်။

ထို့နောက် ဗိုလ်နေဝင်းသည် ဤသို့ပင်အလေးအနက် ဆန်းစစ်၍ တင်ပြသွားရလေသည်။

"ကျွန်တော်ဟာ ဓနရှင်ကြေးစားတပ်က လာသူတယောက် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်မှာ ဓနရှင်စစ်ရေး အတွေး အခေါ်ဟာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အစိုင်လိုက် အခဲလိုက်ရှိနေပါတယ်။ ဒါကိုကျွန်တော့် ဒီလှုပ်ရှားမှုမှာ အလေးအနက်မြင်လာပါတယ်။

ပြီးတော့ ကျွန်တော့်မှာ ရန်သူကို မတိုက်ရဲတဲ့ မသေရဲတဲ့ ခနရှင်စစ်ရေးအတွေး အခေါ်လဲရှိပါနေတယ်။ တနည်းပြောရရင်တော့ ကျွန်တော်ဟာသေရမှာကြောက်တဲ့ ခနရှင်ကိုယ်ကျိုးကြည့်ဝါဒသမားဖြစ်ခဲ့ပါတယ်"

ဤသို့ဗိုလ်နေဝင်းသည် ဆန်းစစ်၍တင်ပြသွား၏။ ယင်းသို့ဆန်းစစ်ရင်းပင် မိမိအစိုင်လိုက်အခဲလိုက် စွဲကပ်နေသော၊ ခနရှင်စစ်ရေး အတွေးအခေါ်ကို နာကျည်းလွန်း၍ ဝမ်းနည်းသည်ဟုဆိုကာ ဗိုလ်နေဝင်းသည် မျက်ရည်များပင် စီးကျ၍နေလေသည်။

ထို့နောက် သခင်ချစ်ကိုယ်တိုင် ကြီးကြပ်ရသော "မြေအောက် အထူးလျှို့ဝှက်အဖွဲ့" တွင် ပါဝင်ရသည့် ရဲဘော်အေးမောင် (ရဲဘော်လှဆောင်) ကလည်းတော်လှန်စစ် အတွေးအခေါ်ကို နက်နက်ရှိုင်းရှိုင်း သဘောပေါက်လက်ခံသည်ဟုဆိုကာ ဤသို့ပင်တင်ပြလေသည်။

"ကျွန်တော်ဟာ အခုလှုပ်ရှားမှုကို ပါဝင်ရတဲ့အတွက် တော်လှန်စစ်ရဲ့ တပ်သားကောင်းတဦး လုံးဝဖြစ်လာပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် မညှာမတာပဲ ဆန်းစစ်ပါတော့မယ်။

ပထမလှုပ်ရှားမှုနဲ့ ဒုတိယလှုပ်ရှားမှုတွေတုန်းကရော အခုလှုပ်ရှားမှုရဲ့ အစပိုင်းမှာရော ကျွန်တော့်ကိုယ်ကို အလေးအနက် ဆန်းစစ်ခဲ့တယ် ဆိုတာတွေဟာ တခုမှအမှန်တွေ မဟုတ်ပါဘူး။ အဲဒီလို ကျွန်တော် ဆန်းစစ်ခဲ့တာက ကျွန်တော့်ကို တခြားရဲဘော်တွေကအထင်ကြီးလာအောင်လို့ မဟုတ်တာတွေကို အဟုတ်လုပ်ပြီးတော့ ကျွန်တော် တင်ပြခဲ့တာဖြစ်ပါတယ်။ "

ဤသို့ပင် ရဲဘော်အေးမောင်သည် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်၍ တင်ပြသွားလေသည်။

နောက်ဆုံးတွင် သခင်သန်းထွန်းသည် ဒုတိယပတ် ဗဟိုမာ့က်စ်၊ လီနင်ဝါဒကျောင်း၏တတိယလှုပ်ရှားမှုဖြစ်သည့်"တပ်မဘော်တည်ထောက်ရေး(၃)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မျိုးဆန့်ကျင်ရေးလှုပ်ရှားမှု"တွင် ဤသို့သော မကြောက်တရား (၅)ခုကိုဖော်ထုတ်နိုင်ခဲ့သည်ဟု နိဂုံးချုပ်၍ထားလေသည်။

"ဒီလှုပ်ရှားမှုမှာ မကြောက်တရား (၅)ခုကို ဖော်ထုတ်ခဲ့တယ်။

(၁) ရန်သူကိုမကြောက်ဖို့။

(၂) မှားယွင်းတဲ့ အတွေး အခေါ် တွေကို ရင်ဆိုင်တိုက်ရမှာ မကြောက်ဖို့။

(၃) တော်လှန်ရေးကို ခေါင်းဆောင်ဖို့ မကြောက်ဖို့။

(၄) အခက်အခဲကို မကြောက်ဖို့။

(၅) အောင်ပွဲကို လုယူဖို့ မကြောက်ဖို့။

ဒီမကြောက်တရား (၅)ခုကို ဒီလှုပ်ရှားမှုအတွင်းမှာ အခိုင်အမာ စိုက်ထူနိုင်ခဲ့တယ်။ "

(သခင်သန်းထွန်း၏ ဒုတိယပတ် ကျောင်းဆင်းမိန့်ခွန်း စာမျက်နှာ ၃၉-မှ)

(၄) ပါတီတွင်း သဘောတရားရေး တိုက်ပွဲများ။

၁၉၆၆ - ခုနှစ် မေလတွင် ဖြစ်လေသည်။

ဒုတိယပတ် ဗဟိုမဟာကဝိစ် လီနင်ဝါဒကျောင်း၌ အဘိဓမ္မာ ဘာသာရပ်ကို ဟောပြောချက် ပို့ချရာတွင် ရဲဘော်မျိုးတင့်သည် နိုင်ငံတော် အာဏာနှင့် ပတ်သက်၍ ဤသို့ပို့ချလေသည်။

"လောကတွင် နိုင်ငံတော်အာဏာသည် အမျိုးအစားအားဖြင့် နှစ်မျိုးသာရှိသည်။ အရင်းရှင် အာဏာရှင်စနစ်နှင့် ပစ္စည်းမဲ့ အာဏာရှင်စနစ်ဟူ၍ နှစ်မျိုးတည်းသာရှိသည်။

ဤသည်မှာမာ့က်စ်၊လီနင်၊စတာလင်၊ မော်စီတုန်း အတွေးအခေါ်၏ အခြေခံနှင့် အနှစ်သာရဖြစ်သည်။

ထို့ကြောင့်ယနေ့လက်ရှိ ဗမာပြည်တွင် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးက ထူထောင်ရမည့် အာဏာသည် –

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အနှစ်သာရအားဖြင့် ပစ္စည်းမဲ့ အာဏာရှင်စနစ်ကိုသာ ထူထောင်ရမည်ဖြစ်သည်။"

ဟူ၍ဖြစ်လေသည်။

အမှန်အားဖြင့် ရဲဘော်မျိုးတင့်သည် ဒုတိယပတ် ဗဟိုမဲ့ကော်စ် လီနင်ဝါဒကျောင်းတွင် ဤကဲ့သို့ "နိုင်ငံတော်အာဏာ" ပြဿနာကို ဖော်ထုတ်လာခြင်းသည် ဗဟိုမဲ့ကော်စ် လီနင်ဝါဒကျောင်း၌ သဘောတရားရေးရာ တိုက်ပွဲကို ဖော်ထုတ်လိုက်ခြင်း ဖြစ်၏။ တနည်းအားဖြင့် ပေါလစ်ဗျူရိုအဖွဲ့နှင့် ဗဟိုကော်မတီအား ဦးတည်တိုက်ခိုက်ရန် အတွက် "စစ်ခေါ်သံ"ကို ပေးလိုက်ခြင်းဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ၁၉၅၅ - ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်အာဏာနှင့်ပတ်သက်၍ ဤသို့ဆုံးဖြတ်ခဲ့လေသည်။

"ဗမာပြည် အမျိုးသား ဒီမိုကရေစီ တော်လှန်ရေးက ထူထောင်ရမည့် နိုင်ငံတော် အာဏာသည် ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်မှုအောက်၌ လူတန်းစား (၄)ရပ်၏ ပူးတွဲ အာဏာရှင် စနစ်သာ ဖြစ်ကြောင်း။"

(မှတ်ချက်။ လူတန်းစား (၄)ရပ်၏ ပူးတွဲအာဏာရှင်စနစ် ဆိုသည်မှာ၊ အလုပ်သမားလူတန်းစားက ခေါင်းဆောင်ပြီး အလုပ်သမား၊ လယ်သမား မဟာမိတ်အဖွဲ့အပေါ်အခြေခံသည့် ဓနရှင်ပေါက်စများ၊ အမျိုးသားဓနရှင်များကိုဆိုလိုပါသည်။ စာရေးသူ။)

ထိုအာဏာသည် အနှစ်သာရအားဖြင့် ပစ္စည်းမဲ့ အာဏာရှင်မဟုတ်ကြောင်း။ ထို့ကြောင့် ယနေ့အခြေခံ ဒေသများတွင်ရှိသည့် အာဏာသည်လည်း အနှစ်သာရ အားဖြင့် ပစ္စည်းမဲ့ အာဏာရှင် မဟုတ်ကြောင်း။"

(၅၅-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးမှ နိုင်ငံတော်အာဏာနှင့် ပတ်သက်သော ဆုံးဖြတ်ချက်မှ)

ဤသည်မှာ ၁၉၅၅-ခုနှစ်တွင် နိုင်ငံတော်အာဏာနှင့် ပတ်သက်သည့် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ပင် ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းဆုံးဖြတ်ချက်သည် ၁၉၆၆-ခုနှစ်၊ မေလအထိပင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ဆုံးဖြတ်ချက်ဖြစ်၏။ တနည်းဆိုရသော် ပါတီ၏တရားဝင်ဆုံးဖြတ်ချက်ဖြစ်လေသည်။

အမှန်စင်စစ်အားဖြင့် ဗဟိုကော်မတီအစည်းအဝေးမှ တညီတညွတ်တည်း ချမှတ်ထားသည့် မော်က်စ်ဝါဒ၊ လီနင်ဝါဒ၏ အခြေခံမူဆိုင်ရာ ဆုံးဖြတ်ချက် တရပ်ကို ပေါလစ်ဗျူရိုအဖွဲ့မှငင်း၊ ကျောင်းဆရာအဖွဲ့မှငင်း သို့မဟုတ် ဗဟိုကော်မတီအစည်းအဝေးက အခွင့်အာဏာကို ပေးအပ်ထားခြင်းမရှိသည့်မည်သည့်သော အဖွဲ့အစည်းကမှ ပယ်ဖျက်နိုင်ခွင့် ပြင်ဆင်နိုင်ခွင့် မရှိချေ။

ယခုကဲ့သို့ ရဲဘော်မျိုးတင့်သည် ဗဟိုကော်မတီဆုံးဖြတ်ချက်ကို ကျော်လွန်၍ သင်ကြားပို့ချလိုက်သည့်အတွက် ဗဟိုမော်က်စ် လီနင်ဝါဒကျောင်း အတွင်း၌လည်းကောင်း၊ ဗဟိုကော်မတီအတွင်း၌လည်းကောင်း၊ အကြီးအကျယ်ဂယက်ရိုက်၍သွား၏။ ဗဟို႒ာနချုပ်အတွင်း၌လည်းထို့အတူပင်ဖြစ်လေသည်။

ထိုအချိန်တွင် ဒုတိယပတ် ဗဟိုမော်က်စ် လီနင်ဝါဒကျောင်းသားများနှင့် ကျောင်းဆရာအဖွဲ့သည် ၁၉၅၅-ခုနှစ် ဗဟိုကော်မတီမှ ချမှတ်ထားသည့် နိုင်ငံတော်အာဏာနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ချက်ခြင်း ပယ်ဖျက်ရန်ပင် အပြင်းအထန်တောင်းဆို၍ နေကြလေသည်။

ဗဟိုမော်က်စ် လီနင်ဝါဒကျောင်းတွင် "**၅၅-ခုနှစ် နိုင်ငံတော်အာဏာ ပယ်ဖျက်ရေး လှုပ်ရှားမှု**"ကို ပြုလုပ်ရန်အတွက် သခင်သန်းထွန်း ရဲဘော်အောင်ကြီးနှင့် ကျောင်းဆရာအဖွဲ့သည် စီစဉ်စိုင်းပြင်းကြလေသည်။

ယင်းလှုပ်ရှားမှုသို့ ဒုတိယပတ်ဗဟိုမော်က်စ် လီနင်ဝါဒ ကျောင်းသားများသာ ပါဝင်ဆွေးနွေးစေရန် သတ်မှတ်ထားလေသည်။

သို့သော် ဗဟို႒ာနချုပ်စခန်းပါတီကော်မတီကလည်း တက်ရောက်၍ ဆွေးနွေးခွင့်ကိုတောင်းဆိုကြ၏။ ထို့ကြောင့် တက်ရောက် ဆွေးနွေးခွင့်ကို ပြုလိုက်လေသည်။

၁၉၆၆-ခုနှစ်၊ မေလ(၃)ရက်နေ့တွင် ဒုတိယပတ်၊ ဗဟိုမော်က်စ် လီနင်ဝါဒကျောင်းတွင် "**၅၅-ခုနှစ် နိုင်ငံတော်အာဏာ ပယ်ဖျက်ရေး လှုပ်ရှားမှု**" အစည်းအဝေးကိုကျင်းပလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လှုပ်ရှားမှုကို စလျှင်စခြင်းပင် ၁၉၅၅-ခုနှစ်၊ နိုင်ငံတော်အာဏာနှင့် ပတ်သက်သောဆုံးဖြတ်ချက်ကို ချက်ခြင်းပယ်ဖျက်ပေးရန်အတွက် ကျောင်းဆရာအဖွဲ့ကလည်း တရုပ်ပြည်တွင် လေ့လာသင်ကြား ခဲ့ကြရသည်များ အရလည်းကောင်း၊ မာ့က်စ်ဝါဒ လီနင်ဝါဒနှင့် မဟာမော်စီတုန်းအတွေးအခေါ် စာအုပ်များအရလည်းကောင်း၊ အမျိုးမျိုးသောအကြောင်းပြချက်များဖြင့် အပြင်းအထန်ပင်ဆန့်ကျင်တိုက်ခိုက်ကြလေသည်။

ထို့ပြင် ကျောင်းဆရာအဖွဲ့သည် ၁၉၅၅-ခုနှစ် ဗဟိုကော်မတီဆုံးဖြတ်ချက်များကို ဖက်ပေါင်းစုံမှ တိုက်ခိုက်ချေမှုန်းရန်အတွက် ကျောင်းသားများမှတဆင့် ဆန့်ကျင်တိုက်ခိုက်စေလေသည်။

ယင်းလှုပ်ရှားမှုတွင် တက်ရောက်ဆွေးနွေးကြသူများမှာ (၅၀)ခန့် ရှိလေသည်။

ယင်းအစည်းအဝေးကို ဗဟိုဌာနချုပ်မှ ပေါလစ်ဗျူရိုအဖွဲ့ဝင်များနှင့် ဗဟိုကော်မတီများကိုလည်း မတက်မနေရ (လေ့လာသူများအဖြစ်) တက်စေခဲ့လေသည်။

ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းဆရာအဖွဲ့၏ အာဏာပြဿနာနှင့်ပတ်သက်သော သဘောတရားရေးခံယူချက်များကို သင်ကြားပို့ချခြင်းနှင့် တင်ပြချက်များကို လုံးဝဆန့်ကျင်ကန့်ကွက်သူများမှာ ရဲဘော်ဘခက်နှင့် ရဲဘော်အောင်မြင့်တို့နှစ်ဦးသာ ရှိလေသည်။

အထူးသဖြင့် ရဲဘော်ဘခက်သည်၊ ကျောင်းဆရာအဖွဲ့အား သဘောတရားရေးအရလည်းကောင်း၊ ကွန်မြူနစ်ပါတီ၏ စည်းရုံးရေးမူများအား ချိုးဖောက်ခြင်းကိုလည်းကောင်း၊ အပြင်းအထန်ပင်ဆန့်ကျင်ကန့်ကွက်လေသည်။

ရဲဘော်ဘခက်သည် ဤသို့ပင်တင်ပြလေသည်။

"ကျွန်တော့်အနေနဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို လေ့လာ ရသလောက်နားလည်ခဲ့တာကတော့နိုင်ငံတော်အာဏာဟာ(၃)မျိုးရှိတယ်လို့ပဲ နားလည်ခဲ့တယ်။ အထူးသဖြင့် အဲဒါကိုဂရုတစိုက် လေ့လာလေ ပိုပြီးထင်ရှားလေပဲ

ကျောင်းဆရာအဖွဲ့က လီနင်ရဲ့ "အစိုးရနဲ့တော်လှန်ရေး" ကျမ်းထဲက " အရင်းရှင်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးမှာ၊ နိုင်ငံ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရေးသဏ္ဌာန်များ အလွန်အမင်း အမျိုးမျိုးအဖုံဖုံဖြစ်နေမှုနှင့် ကြွယ်ဝမှုပေါ်ပေါက်လိမ့်မယ်။ သို့သော် အနှစ်သာရအားဖြင့် မုချပင် တခုတည်းသာဖြစ်ပေသည်။ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်ပင်ဖြစ်ပေသည်''ဆိုတာကို အသေကိုင်ပြီးတော့၊ လောကမှာအာဏာနှစ်မျိုးပဲရှိတယ်ဆိုပြီး ပြောလာတာဖြစ်တယ်။

တကယ်လီနင်ပြောထားတာက အရင်းရှင် စနစ်မှ ကွန်မြူနစ် စနစ်သို့ကူးပြောင်းရေးအတွက်သာ ပြောတာဖြစ်တယ်။ အခုအဆင့်မှာရှိနေတဲ့ ဗမာပြည်လို တိုင်းပြည်အတွက် ရည်ညွှန်းတာ မဟုတ်ဖူး။

အမှန်တကယ်ကတော့ နိုင်ငံတော်အာဏာဟာ အမျိုးအစားအားဖြင့် (၃) မျိုးရှိတယ်ဆိုတာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို အလေးအနက်လေ့လာသူတိုင်း တွေ့ရမှာဖြစ်တယ်။

အဲဒီနိုင်ငံတော်အာဏာ(၃)မျိုးကတော့....

(၁) မနရှင် အာဏာရှင် စနစ်အောက်မှာရှိတဲ့ သမတနိုင်ငံတွေရဲ့ အာဏာဖြစ်တယ်။

(၂) ပစ္စည်းမဲ့ အာဏာရှင် စနစ်အောက်မှာရှိတဲ့ သမတနိုင်ငံတွေရဲ့ အာဏာဖြစ်တယ်။

(၃) တော်လှန်တဲ့ လူတန်းစားတွေရဲ့ ပူးတွဲအာဏာရှင်စနစ်အောက်မှာရှိတဲ့ သမတနိုင်ငံတွေရဲ့ အာဏာပဲဖြစ်တယ်။

ဒါနဲ့ပတ်သက်လို့ မော်စီတုန်းရဲ့ ''ဒီမိုကရေစီသစ်''ဆိုတဲ့ စာအုပ်မှာ အတိအကျ ဖော်ပြထားတယ်။

အဲဒါကို မော်စီတုန်းလက်ရွေးစဉ် အင်္ဂလိပ်ဘာသာ အတွဲ-၂-စာမျက်နှာ-၃၅၀-မှာ ဖော်ပြထားတယ်။

နောက်ပြီးတော့ လီနင်က ဒီလိုပြောထားတယ်။

> ''အခုဟာက ကရင်စကီ အာဏာရှိစဉ်တုံးက ရေးသားခဲ့တယ်ဆိုတာကို ကျေးဇူးပြုပြီး အမှတ်အသားပြုထားပါ။ အခုနေရာမယ်၊ ကျွန်ုပ်တို့ အနေနှင့် ပစ္စည်းမဲ့ အာဏာရှင် စနစ်အကြောင်း ဆိုရှယ်လစ် စနစ်အကြောင်းကို ဆွေးနွေးနေတာ မဟုတ်ပါဘူး။ ကျွန်ုပ်တို့က တော်လှန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တဲ့ ဒီမိုကရေစီ အစိုးရနဲ့ ပတ်သက်ပြီး ဆွေးနွေးနေခြင်းသာ ဖြစ်ပါတယ်"။

(လီနင်-လက်ရွေးစဉ် အင်္ဂလိပ်ဘာသာ-အတွဲ-၇-စာမျက်နှာ-၃၆၇)

ဘယ်လိုပဲဖြစ်ဖြစ် လောကမှာ နိုင်ငံတော် အာဏာဟာ (၃)မျိုး ရှိတယ်ဆိုတာ အလွန်ပဲထင်ရှားတယ်။

ကျွန်တော့အနေနဲ့ ကျောင်းဆရာအဖွဲ့ကို တောင်းဆိုချင်တာက မာ့က်စ်တို့၊ လီနင်တို့ရေးတာပဲဖြစ်ဖြစ်၊ တခြားကွန်မြူနစ် ခေါင်းဆောင်တွေ ရေးတာပဲဖြစ်ဖြစ်၊ လောကမှာ နိုင်ငံတော်အာဏာဟာ နှစ်မျိုးပဲရှိတယ်လို့ အတိအကျရေးသားတာရှိရင် ရှာပေးကြစေလိုပါတယ်။

အခု ကျောင်းဆရာအဖွဲ့က နိုင်ငံတော်အာဏာဟာ ၂-မျိုးပဲရှိတယ်လို့ ဖော်ထုတ်လာတာဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လုပ်ငန်းစဉ်လမ်းစဉ်ချမှတ်ရာမှာ ဘယ်လိုမှကို အမှန်ရမှာမဟုတ်ဘူး။ ဒါနဲ့ပြောင်းပြန်ပဲ၊ မာ့က်စ်ဝါဒ၊ လီနင်ဝါဒမဟုတ်တဲ့ သဘောတရားကို မာ့က်စ်ဝါဒ၊ လီနင်ဝါဒလို့ အတင်းပြောလာတာဟာ တကယ်တော့ ခင်ဗျားတို့ဟာ ဗမာပြည်မှာ အလွန်အကျွံတွေလုပ်ကြဖို့အတွက် လမ်းခင်းကြတာသာ ဖြစ်ပါတယ်။ ဒါကိုခင်ဗျားတို့ အတင်းဆက်ပြီးလုပ်ကြတယ်ဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီဟာ မကြာခင်မှာ ပျက်စီးတော့မှာမုချဖြစ်တယ်။ ဒါကိုတော့ အထူးလေးနက်စေချင်တယ်။

ဒါကြောင့်မို့ ၁၉၅၅-ခုနှစ်၊ ဗဟိုကော်မတီက ဆုံးဖြတ်ထားတဲ့ အတိုင်းပဲ ဆက်ထားသင့်တယ်၊ ဒါမှပါတီရဲ့ နည်းပရိယာယ် လမ်းစဉ်တွေဟာ မှန်ကန်မှာဖြစ်တယ်၊ တခြားချွတ်ယွင်းတာတွေ ရှိရင်တော့ ပြင်ဖို့လိုပါတယ်။

ဒါကတော့ သဘောတရားရေးပိုင်းက ကျွန်တော် တချို့ကိုပဲ ပြောတာဖြစ်ပါတယ်။ ပြောစရာတွေတော့ အများကြီးပါ။

ကျွန်တော့အနေနဲ့ ဆွေးနွေးပွဲမှာလဲ လီနင်ရဲ့ "**နည်းပရိယာယ်နှစ်သွယ်**"ကျမ်း၊ စတာလင်ရဲ့ "**လီနင်ဝါဒပြဿနာများ**"ကျမ်းနဲ့ "**ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ ရာဇဝင် အကျဉ်းချုပ်**" တို့ထဲက၊ ကောက်နုတ်ချက်တွေနဲ့လဲ အတိအကျကိုးကားပြီးတော့ ပြခဲ့ပြီးဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ထပ် အချိန်ရသေးရင်လဲ ကျွန်တော်ထပ်ပြီး ဆွေးနွေးပါဦးမယ်၊ ကိုးကားချက်တွေနဲ့ တင်ပြစရာတွေလဲ အများကြီးပါ။

အခု နောက်တခုဆက်ပြီး အလေးအနက် တင်ပြချင်တာကတော့ ကျွန်တော်တို့အနေနဲ့ လီနင်ရဲ့ စည်းရုံးရေးမူတွေကို ထိန်းသိမ်းရေး ပြဿနာပါပဲ။

ကနေ့....ကျွန်တော်တို့ပါတီမှာ အာဏာအပိုင်ဆုံး အဖွဲ့အစည်းကတော့ ဗဟိုကော်မတီစုံညီ အစည်းအဝေးပဲ၊ ပါတီကွန်ဂရက်ဆိုတာကတော့ လုပ်ဘို့မစဉ်းစားခဲ့တာ ကြာပါပြီ။ ဒါကြောင့်မို့ ဗဟိုကော်မတီစုံညီ အစည်းအဝေးက ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်ကို အခုလို တရားမဝင်တဲ့ လုပ်နည်းလုပ်ဟန်တွေနဲ့ လုံးလုံးကိုပယ်ဖျက်ဖို့ မလုပ်သင့်ပါဘူး။ တကယ်ကျတော့ အခု ခင်ဗျားတို့ လုပ်နေကြတာတွေဟာ ဂိုဏ်းကြီးတွေကို ပြောင်ဖွဲ့ပြီးတော့ လုပ်နေတာနဲ့တူတယ်။ ဒါကိုတော့ ခင်ဗျားတို့ လေးနက်စေလိုပါတယ်။ တကယ်လို့ ဒီအတိုင်းသာ ဆက်လုပ်သွားကြရင်တော့ ကွန်မြူနစ်ပါတီရဲ့ ကံကြမ္မာဟာ အလွန်ကို ရင်လေးစရာကောင်းမှာပါပဲ။ ဒါကိုတော့ ကျွန်တော်ဟာ ရိုးသားတဲ့ကွန်မြူနစ်တယောက်အနေနဲ့ အလေးအနက် တင်ပြခြင်းဖြစ်ပါတယ်။”

ဤသည်မှာ ဒုတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းတွင် “၅၅ - ခုနှစ် နိုင်ငံတော် အာဏာပယ်ဖျက်ရေး လှုပ်ရှားမှု”၌ ရဲဘော်ဘခက်၏ တင်ပြချက်ပင် ဖြစ်လေသည်။

ထိုသို့ ရဲဘော်ဘခက်တင်ပြပြီးနောက် ကျောင်းဆရာအဖွဲ့သည် အလွန်ပင် မခံမရပ်နိုင်ဖြစ်ကြ၏။ ထို့ကြောင့် ရဲဘော်ဘခက်အား ချက်ခြင်းပင် ပုဒ်မ အမျိုးမျိုးကိုတပ်၍ ဆန့်ကျင်တိုက်ခိုက်ကြလေတော့သည်။

၁၉၆၆-ခုနှစ် မေလ(၁၀)ရက်နေ့နံနက် (၈)နာရီတွင် ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် ပေါလစ်ဗြူရိုအဖွဲ့၏ အစည်းအဝေးကိုလည်း ကျင်းပ၏။ ယင်းအစည်းအဝေးသို့ တက်ရောက် သူ များ မှာ (၁) သခင်သန်းထွန်း (၂) ရဲဘော်ဌေး (၃) သခင်ချစ် (၄) ရဲဘော်ဘတင် (၅) ရဲဘော်အောင်ကြီး (၆) ရဲဘော်မြ (၇) ဗိုလ်ရန်အောင် (၈)သခင်ပု တို့ဖြစ်ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(မှတ်ချက်။ ရဲဘော်မြမှာ ပေါလစ်ဗြူရိုအဖွဲ့ အစည်းအဝေးသို့ နှစ်ရက်မျှသာ တက်ရောက်ရပြီး သခင်သန်းထွန်းတို့၏ တာဝန်ပေးချက်အရ တောင်ငူခရိုင်သို့ ခရီးထွက်ခဲ့ရပါသည်။ ။စာရေးသူ)

သခင်သန်းထွန်းသည် ပေါလစ်ဗြူရိုအဖွဲ့၏ အစည်းအဝေးတွင် အရေးကြီးသော စာတမ်းတစောင်ကို တင်ပြလေသည်။

သခင်သန်းထွန်း၏ စာတမ်းမှာ "၅၅-အာဏာ ဆုံးဖြတ်ချက်ကို အမြန်ဆုံးနဲ့ ချက်ခြင်းဖျက်ပစ်ဖို့လိုသည်"ဟူသော စာတမ်းဖြစ်၏။ သခင်သန်းထွန်း၏ စာတမ်းတွင် ဤသို့ဖော်ပြထားလေသည်။

"၅၅-ခုနှစ် နိုင်ငံတော်အာဏာနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ဟာ

(က) မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို ဆန့်ကျင်တယ်။

မော်စီတုန်းအတွေးအခေါ်ကိုဆန့်ကျင်တယ်။

ကမ္ဘာတဝှမ်းလုံးက အဓိနှိပ်ခံပြည်သူများနဲ့ အဓိနှိပ်ခံလူမျိုးများ လိုက်ရမဲ့ မဟာအောက်တိုဘာ တော်လှန်ရေးလမ်းကြောင်းကို ဆန့်ကျင်တယ်။

တရုတ်ပြည်တော်လှန်ရေး အတွေ့အကြုံကို ငြင်းပယ်ထားတယ်။

ပြန်လည်ပြင်ဆင်ရေးဝါဒဖြစ်တယ်။

ပါတီရဲ့ မာ့က်စ်ဝါဒ၊လီနင်ဝါဒလက္ခဏာကို ဖျက်ဆီးထားတယ်။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်တို့နဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒရဲ့ ဆန့်ကျင်ဖက်ဖြစ်တဲ့ ပြန်လည်ပြင်ဆင်ရေး ဝါဒဟာ ပါတီတွင်းမှာတခဏတာမျှ အတူတကွတည်ရှိရေးဟာမဖြစ်နိုင်ဘူး။

(ခ) မာ့က်စ်ဝါဒ၊ လီနင်ဝါဒ လမ်းစဉ်ဖြစ်တဲ့ ၆၄-ခုနှစ် စစ်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ်နဲ့ ဆန့်ကျင်ဖက်ဖြစ်တယ်။

၆၄-ခုနှစ်လမ်းစဉ်ရဲ့ တိုးတက်မှုအတွက် အတားအဆီးဖြစ်လာတယ်။

၅၅-ခုနှစ်ဆုံးဖြတ်ချက် တနေ့တရက်တရားဝင်တည်ရှိနေခြင်းဟာ ဗဟိုကော်မတီရဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒလက္ခဏာကို တနေ့တရက် ထိပါးနေခြင်းဖြစ်တယ်။ ဒီဆုံးဖြတ်ချက်ကို တနေ့စောပြီးဖျက်နိုင်ရင် တနေ့စောပြီး ဗဟိုကော်မတီရဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒလက္ခဏာဟာပြန်ပေါ်လာမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအတွက်ကြောင့် ပေါလစ်မြူရိုကတာဝန်ယူပြီး၊ ဗဟိုကော်မတီရဲ့ ၅၅-ခုနှစ် နိုင်ငံတော်အာဏာနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်တယ်။"

(ပေါလစ်ဗျူရိုအဖွဲ့ အစည်းအဝေးတွင် သခင်သန်းထွန်းတင်ပြသည့် "ပစ္စည်းမဲ့လူတန်းစာအာဏာရှင်စနစ်ရဲ့အနှစ်သာရ" မူရင်းစာမျက်နှာ ၅၀ မှ)

၁၉၆၆ - ခုနှစ်၊ မေလတွင်ပင် ပေါလစ်ဗျူရို အဖွဲ့သည် သခင်သန်းထွန်း၏ "၅၅ - ခုနှစ် နိုင်ငံတော် အာဏာဆုံးဖြတ်ချက်ကို အမြန်ဆုံးနဲ့ ချက်ခြင်းပယ်ဖျက်ပစ်ဖို့လိုသည်" ဟူသော အဆိုပြုချက်ကို ပေါလစ်ဗျူရိုအဖွဲ့သည် လက်ခံ၍ အတည်ပြုလိုက်၏။ ထိုအချိန်မှစ၍ သခင်သန်းထွန်းတို့သည် ယင်းဆုံးဖြတ်ချက်အား "**၁၉၆၆-ခုနှစ်၏ တော်လှန်သောဆုံးဖြတ်ချက်**" ဟူ၍ ခေါ်တွင် စေလေတော့သည်။

ယင်းဆုံးဖြတ်ချက်ကို ပေါလစ်ဗျူရိုအဖွဲ့တွင် ရဲဘော်ဘတင်တဦးတည်းသာလျှင် သဘောတရားရေးအရ၊ စည်းရုံးရေးအရ၊ ဖက်ပေါင်းစုံမှ အပြင်းအထန်ပင် ဆန့်ကျင်၍ ကန့်ကွက်ခဲ့လေသည်။

ရဲဘော်ဘတင် (ဂိုရှယ်)သည်၊ ပေါလစ်ဗျူရိုအဖွဲ့၏ အစည်း အဝေးတွင် "**နိုင်ငံတော် အာဏာနဲ့ ပတ်သက်တဲ့ ဥက္ကဋ္ဌရဲ့ စာတမ်းအပေါ် ဝေဖန်ချက်အချို့**" ဟူ၍ တင်ပြလေသည်။

ရဲဘော်ဘတင်သည် တင်ပြချက်အား (၂)ပိုင်းခွဲခြားထား၏။

ပထမပိုင်းသည် သဘောတရားရေးဆိုင်ရာ အပိုင်းဖြစ်၏။ ဒုတိယပိုင်းမှာမူ စည်းရုံးရေးဆိုင်ရာ အပိုင်းဖြစ်လေသည်။

ရဲဘော်ဘတင်သည် ဤသို့ပင် အစပြု၍ တင်ပြလေသည်။

"**ရဲဘော်တို့**

ဒီအစည်းအဝေးမှာ အပိုင်းနှစ်ပိုင်းကို တင်ပြပါမယ်။ ပထမအပိုင်းက နိုင်ငံရေး အပိုင်းဖြစ်ပြီး ဒုတိယအပိုင်းက စည်းရုံးရေးအပိုင်းနဲ့ပတ်သက်တာ ဖြစ်ပါတယ်။ ဒါတွေကိုမပြောခင် နိဒါန်းနဲ့နဲပေါ့လေ။ ပထမဦးဆုံး အထူးသဖြင့်ဥက္ကဋ္ဌကို တိုက်တွန်းချင်တာရှိပါတယ်။ ကျွန်တော့်ရဲ့တင်ပြချက်ကို ဘယ်လိုပြန်ပြီး ချေပမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ မဟုတ်ပဲ၊ ဖြစ်နိုင်လို့ရှိရင် အမှန်တရားရှာမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ နားထောင်စေချင်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ငွေး၏လက်မှတ်

(ဗဟိုကော်မတီဝင်များ)

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုကော်မတီ

၁၁/၇၇ နှစ်ဗဟိုကော်မတီ၊ နိုင်ငံတော်အာဏာနှင့်ပတ်သက်သော
ဆုံးဖြတ်ချက်အပေါ်၊ ပေါလစ်ဗျူရိုအဖွဲ့၏
ဆုံးဖြတ်ချက်။
(၁၉၇၇/[illegible])

၁၉၇၇ ခုနှစ် မေလ ပေါလစ်ဗျူရို [illegible] အစည်းအဝေး၌၊ ရဲဘော်သခင်ဇင်၊ ရဲဘော်ချစ်၊ ရဲဘော်ငွေး၊ ရဲဘော်အောင်မြင့်တို့ တက်ရောက်သည်။

ဗဟိုကော်မတီကျန် များဖြစ်သော၊ ရဲဘော်အောင်ကြီး၊ ရဲဘော်ပု၊ ရဲဘော်ရန်အောင်၊ ရဲဘော်မြတို့လည်း တက်ရောက်သည်။

"၁၁/၇၇ နှစ်၊ ဗဟိုကော်မတီ၊ နိုင်ငံတော်အာဏာနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို၊ [illegible] ဖြစ်သော၊ ဗဟိုကော်မတီ [illegible]" [illegible]

ပေါလစ်ဗျူရိုအစည်းအဝေး၊ [illegible] ဗဟိုကော်မတီ [illegible]

ဤဆုံးဖြတ်ချက်ကို သဘောတူသူ ပေါလစ်ဗျူရိုအဖွဲ့ဝင်များမှာ--
(၁) ရဲဘော်သခင်ဇင်၊
(၂) ရဲဘော်ချစ်၊
(၃) ရဲဘော်ငွေး၊ ..... တို့ဖြစ်သည်။

ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ရဲဘော်အောင်မြင့်၊ ဤဆုံးဖြတ်ချက်ကို၊ [illegible]

ဤဆုံးဖြတ်ချက်ကို သဘောတူသော-ဗဟိုကော်မတီဝင်များမှာ--
(၁) ရဲဘော်အောင်ကြီး၊
(၂) ရဲဘော်ပု၊
(၃) ရဲဘော်ရန်အောင်၊
(၄) ရဲဘော်မြ-
.... တို့ဖြစ်သည်။

ဗဟိုကော်မတီအဖွဲ့ဝင်များသို့၊

[illegible]
ဗဟိုကော်မတီ

....

၁၉၇၇-ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေး၌ ဆုံးဖြတ်ထားသော နိုင်ငံတော်အာဏာနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ပယ်ဖျက်သည့် ပေါလစ်ဗျူရိုအဖွဲ့(နိုင်ငံရေး ဦးဆောင်အဖွဲ့)၏ဆုံးဖြတ်ချက်ကို ဗဟိုကော်မီတီ အတွင်းရေးမှူး ရဲဘော်ငွေး လက်မှတ်ရေးထိုးထားခြင်းဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နိုင်ငံတော်အာဏာနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌရဲ့တင်ပြချက်ထဲက ပေါ်ထွက်လာတဲ့၊ ဥက္ကဋ္ဌရဲ့ မာ့က်စ်လီနင်ဝါဒအပေါ် ရပ်တည်ချက်အားလုံးကို တနည်း၊ သမိုင်းရေး ရုပ်ဝါဒအပေါ် ရပ်တည်ချက် အနုပဋိလောမ ရုပ်ဝါဒအပေါ် ရပ်တည်ချက် တော်လှန်ရေးနဲ့ ပတ်သက်တဲ့ မာ့က်စ်လီနင်ဝါဒရဲ့ သင်ကြားချက် များအပေါ် ရပ်တည်ချက် နိုင်ငံတော်အာဏာနဲ့ပတ်သက်တဲ့ မာ့က်စ်လီနင်ဝါဒရဲ့ သင်ကြားချက်အပေါ် ရပ်တည်ချက်နဲ့ ဗမာပြည် တော်လှန်ရေးနဲ့ ပတ်သက်တဲ့ ရပ်တည်ချက်ဆိုတာတွေ အားလုံးကို ဒီအစည်းအဝေးမယ် တခုစီ အသေးစိတ်ဝေဖန်ဖို့ မရည်ရွယ်ဖူး။ ယေဘုယျသဘောလောက်ပဲ ပြောပါမယ်။ ဒါကိုတော့ လာမဲ့ဗဟိုကော်မတီ အစည်းအဝေးကျမှပဲ စုံစုံလင်လင် တင်ပြဆွေးနွေးဖို့ ရည်ရွယ်ထားပါတယ်။

နိုင်ငံတော်အာဏာနဲ့ပတ်သက်လို့ ဥက္ကဋ္ဌရဲ့ ရပ်တည်ချက် အားလုံးကိုဘဲ ဒီအစည်းအဝေးမှာ အသေးစိတ်ဝေဖန်ဖို့ မရည်ရွယ်ဖူး။ ယေဘုယျအားဖြင့် တချို့ကိုပဲပြောပါမယ်။ အကြောင်းကတော့ လွန်ခဲ့တဲ့ အနှစ် (၂၀) နီးပါးမယ်၊ ဒီနိုင်ငံတော် အာဏာကိစ္စနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌရဲ့ အကြောင်းပြချက်တွေဟာ ထပ်တူဖြစ်တယ်။ အခုစာတမ်းမှာလဲ အကြောင်းပြချက်အသစ်ဆိုလို့ ဘာတခုမှမရှိလို့ပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့) အစည်းအဝေးမှာ ဆုံးဖြတ်ရမဲ့ပြဿနာအဖြစ် တင်လာတာဖြစ်တော့ နဲနဲတော့ ပြောရမှာပေါ့လေ။

ဒါပေမဲ့လာမဲ့ ဗဟိုကော်မတီ အစည်းအဝေးအတွက် ပြင်ဆင်တာဖြစ်တဲ့အနေနဲ့ ဥက္ကဋ္ဌစာတမ်းကိုရော ဗဟိုပါတီကျောင်းက ကျောင်းဆရာတွေ ကျောင်းသားတွေ ဖော်ထုတ်ကြတဲ့ ပြဿနာတွေကိုရော ဒီပြဿနာအားလုံးကို တခုစီ အသေးစိတ်ဝေဖန်ပြီး ဗဟိုကော်မတီအဖွဲ့ဝင်များဆီကို ကြိုတင် တင်ပြထားဖို့ ရည်ရွယ်ထားပါတယ်။ ဒါကိုပြင်ဆင်ပြီးတဲ့အခါကျမှပဲ ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့)မှ တဆင့်တင်ပြပါမယ်။

("နိုင်ငံတော်အာဏာနဲ့ ပတ်သက်တဲ့ ဥက္ကဋ္ဌရဲ့စာတမ်းအပေါ် ဝေဖန်ချက်အချို့"ရဲဘော်ဘတင်၏ တင်ပြချက်မူရင်း စာမျက်နှာ ၁-၂ မှ)။

" ယခုဆက်လက်ပြီး ဥက္ကဋ္ဌရဲ့ အခြားအကြောင်းပြချက်အချို့ကို ယေဘုယျအားဖြင့် ဆန်းစစ်ဝေဖန်တင်ပြသွားပါမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လူတန်းစားလေးရပ်ရဲ့ပူးတွဲအာဏာရှင် စနစ်ဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်ရဲ့ သဏ္ဍာန်သာ ဖြစ်တယ်" ဆိုတဲ့မိမိရဲ့ရပ်တည်ချက်ကို တရုပ်ပြည်တော်လှန်ရေးရဲ့ လက်တွေ့အရ သက်သေထူဖို့အတွက် ဥက္ကဋ္ဌက လူရှောချီရဲ့အစီရင်ခံစာကို ကိုးကားထားပါတယ်။

ဒီအစီရင်ခံစာအရ ဥက္ကဋ္ဌက တရုပ်ပြည်မယ် ထူထောင်ခဲ့တဲ့ ပြည်သူ့သမတနိုင်ငံဟာ ၄၉-ခုနှစ်ကတည်းက ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်သဏ္ဍာန်ဖြင့် အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင် စနစ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီသဘောထားဟာ လုံးဝမှားကြောင်းကို နောက်မှပဲရှင်းပြပါမယ်။ ယခုတော့ ဥက္ကဋ္ဌပြောသလိုပဲ ထားကြပါဦးစို့။

လူရှောချီ အစီရင်ခံစာမှ ဥက္ကဋ္ဌရဲ့ ကိုးကားချက်အရပင် ၄၉-ခုနှစ်နောက်မှာ တရုပ်ပြည်မယ် ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်ဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ရဲ့ သဏ္ဍာန်တခု ဖြစ်ခဲ့တယ်ဆိုရင်၊ ၄၉-ခုနှစ်မတိုင်မီက "**တော်လှန်သော အခြေခံဒေသများမှာရှိခဲ့တဲ့ ပြည်သူ့ ဒီမိုကရေစီ အာဏာရှင် စနစ်**" (လူရှောချီ အစီရင်ခံစာ စာမျက်နှာ ၅၀) သဏ္ဍာန်ဟာ အနှစ်သာရအားဖြင့် ဘယ်လူတန်းစားများ သို့မဟုတ် လူတန်းစားရဲ့ အာဏာရှင်စနစ်ဖြစ်ခဲ့သလဲ။ လူရှောချီရဲ့ အစီရင်ခံစာအရ အဲဒီတုန်းက နိုင်ငံတော် အာဏာဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့ အာဏာရှင် စနစ် မဖြစ်ခဲ့ဘူး ဆိုတာကတော့ သေချာပါတယ် (၄၉-ခုနှစ်နောက်မှသာ အနှစ်သာရ အားဖြင့် ပစ္စည်းမဲ့ အာဏာရှင် စနစ်ဖြစ်ခဲ့တဲ့အတွက်) ထိုစဉ်က အာဏာကို ကွန်မြူနစ်ပါတီက တိုက်ရိုက် ခေါင်းဆောင်ခဲ့တဲ့အတွက် ဒီအာဏာရှင်စနစ်ဟာ ဘယ်နည်းနဲ့မှ ဓနရှင် အာဏာရှင် စနစ်လဲ မဖြစ်နိုင်ဘူး။အဲဒီတော့ ပစ္စည်းမဲ့ အာဏာရှင် စနစ်လဲ မဟုတ်တဲ့ ဓနရှင်အာဏာရှင်စနစ်လဲမဟုတ်တဲ့ အာဏာရှင် စနစ်ဟာ တတိယ အမျိုးအစားအာဏာရှင်စနစ် တနည်း တော်လှန်သော လူတန်းစားများရဲ့ ပူးတွဲအာဏာရှင်မှလွဲလို့ ဘာအာဏာရှင် စနစ်ဖြစ်နိုင်ဦးမှာလဲလို့။

ဒါကြောင့် တရုပ်ပြည် တော်လှန်ရေးရဲ့ လက်တွေ့ အတွေ့ အကြုံအရ "တော်လှန်သော လူတန်းစားများရဲ့ ပူးကွဲ အာဏာရှင် စနစ်မရှိနိုင်ဘူး၊ ဒါဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင် စနစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲ့ သဏ္ဍာန်သာဖြစ်တယ်"ဆိုတဲ့ ဥက္ကဋ္ဌရဲ့ ရပ်တည်ချက်ဟာ လုံးဝမှားတယ်ဆိုတာ ထင်ရှားနေပြီ မဟုတ်ပါလား။

တဖန် ဒီအတွေ့အကြုံထဲကပဲ ရှင်းလာတာက ကွန်မြူနစ်ပါတီခေါင်းဆောင်ပီး ထူထောင်တဲ့ နိုင်ငံရေး အာဏာရဲ့ သဏ္ဍာန်ဟာ ကျွန်တော်တို့လို တိုင်းပြည်မျိုးမယ် တော်လှန်ရေးရဲ့ အဆင့်နှစ်ခုလုံးမှာ ထပ်တူဖြစ်တယ် (တနည်း နှစ်ဆင့်လုံးမယ်၊ ပြည်သူ့ ဒီမိုကရေစီ အာဏာရှင်စနစ် သဏ္ဍာန်သာဖြစ်တယ်) ဒါပေမဲ့ တော်လှန်ရေးအဆင့် နှစ်ခုမှာ ထူထောင်မဲ့ အာဏာရဲ့ လူတန်းစား အနှစ်သာရကျတော့အခြေခံအားဖြင့် ကွာခြားတယ်။ (တနည်းအာဏာဟာ ပထမ အဆင့်မယ် အနှစ်သာရအားဖြင့် တော်လှန်သော လူတန်းစားများရဲ့ ပူးတွဲအာဏာရှင်စနစ်ဖြစ်ပီး ဒုတိယ အဆင့်မယ် ပစ္စည်းမဲ့ အာဏာရှင် စနစ်ဖြစ်တယ်) ဆိုတာပါပဲ။

ကျွန်တော်တို့ ပါတီ ဥက္ကဋ္ဌရဲ့ "သဘောတရား" ကတော့ တော်လှန်ရေးရဲ့ အဆင့် နှစ်ခုလုံးမှာ ထူထောင်မဲ့ အာဏာရဲ့ အနှစ်သာရဟာ ထပ်တူဖြစ်တယ်။ (တနည်း နှစ်ဆင့်လုံးမှာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့ အာဏာရှင်စနစ်ဖြစ်တယ်) ဒါပေမဲ့ နိုင်ငံတော် အာဏာရဲ့ ဖွဲ့စည်းပုံ သဏ္ဍာန်မှာ ကွာခြားတယ်ဆိုတာပဲ။ ဒါဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့ တိုက်ရိုက်ပြောင်းပြန် ရပ်တည်ချက်ပဲဖြစ်တယ်ဆိုတာ ထင်ရှားနေပြီမဟုတ်လား။

ယခုဥက္ကဋ္ဌရဲ့ အတိအကျ သဘောထားကို ဆက်လက်ပီး ရှင်းသွားပါမယ်။

ဥက္ကဋ္ဌက လူရှောချီရဲ့ အစီရင်ခံစာကို ကိုင်စွဲပြီးတော့ အမျိုးသားဒီမိုကရေစီ တော်လှန်ရေးမှာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့ အာဏာရှင် စနစ် ထူထောင်ရမယ်ဆိုတာကို သက်သေထူဖို့ ကျိုးစားနေတယ်။

ဒါဟာ အချိုးအနှိုး ကြိုးပမ်းချက် တရပ်သာ ဖြစ်တယ်ဆိုတာကို ပြောချင်ပါတယ်။

ပထမ အချက်အနေနဲ့ ပြောချင်တာကကနေ့တိုင် တရုပ်ပြည်ပါတီရဲ့ ဘယ်ခေါင်းဆောင်ကမှ ၄၉-ခုနှစ်က ထူထောင်ခဲ့တဲ့ တရုပ်ပြည်သူ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သမတ နိုင်ငံတော်ဟာ အဲဒီတုံးက အနှစ်သာရအားဖြင့် ပစ္စည်းမဲ့ အာဏာရှင် စနစ်ဖြစ်ခဲ့တယ်လို့ မကျေညာခဲ့ဘူး။ကမ္ဘာပေါ်ရှိတခြားဘယ် မာ့က်စ်ဝါဒ၊ လီနင်ဝါဒသမားကမှလဲ ဒီလိုပြောဘူးတာမရှိဘူး။ ဒါဟာ ကျွန်တော်တို့ ပါတီ ဥက္ကဋ္ဌနဲ့ သူတို့ကိုးကွယ်တဲ့ လူတစုရဲ့ တည်ထွင်ချက်သာဖြစ်တယ်ဆိုတာပဲ။

(အထက်ပါ ရဲဘော်ဘတင်၏ တင်ပြချက်မှုရင်း စာမျက်နှာ-၁၃-၁၄-မှ)၊

ဆက်လက်၍ပင် ရဲဘော်ဘတင်သည် သခင်သန်းထွန်း၏ ရပ်တည်ချက်များကို ဝေဖန်သွားလေသည်။

''ဥက္ကဋ္ဌရဲ့ ဒီရပ်တည်ချက်ဟာ ဓနရှင် ဒီမိုကရေစီ တော်လှန်ရေးနဲ့ ဆိုရှယ်လစ်တော်လှန်ရေးဆိုတဲ့ အခြေခံအားဖြင့် ခြားနားတဲ့တော်လှန်ရေးနှစ်ခုနဲ့ ဒီတော်လှန်ရေးနှစ်ခုက ထူထောင်တဲ့မှုအားဖြင့် ခြားနားတဲ့ အာဏာရှင်စနစ်နှစ်ခုကို အတိအကျအားဖြင့် ဗမာ့တော်လှန်ရေးရဲ့ အခြေခံအားဖြင့် ခြားနားတဲ့အဆင့်နှစ်ဆင့်ကို ရောထွေးပစ်ပြီး တော်လှန်ရေးနှစ်ခုစလုံးကို ဖျက်ဆီးတဲ့ အထူးသဖြင့် လက်ငင်းအဆင့် နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေး၊ တော်လှန်ရေးကို လုံးဝဖျက်ဆီးတဲ့ ထရော့စကီရဲ့ ''အမြဲတမ်းတော်လှန်ရေး''ဆိုတဲ့ တန်ပြန်တော်လှန်ရေး ရပ်တည်ချက်သာဖြစ်တယ်။

ဒါဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို လက်ဝဲအချောင်သမား ဝါဒအသွင်နဲ့ ဖျက်ဆီးတာဖြစ်ပါတယ်။

တိကျတဲ့ လူတန်းစား(၄)ရပ်ရဲ့ ပူးတွဲအာဏာရှင်စနစ်ဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့ အာဏာရှင်စနစ် ဖြစ်တယ်ဆိုတာ ကတော့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို လက်ျာအချောင်သမားအသွင်နဲ့ ဖျက်ဆီးတာဖြစ်ပါတယ်။ ဘာပြုလို့လဲ မာ့က်စ်ဝါဒ၊လီနင်ဝါဒအရ ပစ္စည်းမဲ့ အာဏာရှင်စနစ်ဆိုတာဟာ ပစ္စည်းမဲ့လူတန်းစားတဦးထဲရဲ့ အာဏာရှင်စနစ်သာဖြစ်တယ်။ ပစ္စည်းမဲ့လူတန်းစားက တခြားဘယ်လူတန်းစားနဲ့မှ အာဏာကိုခွဲဝေမယူတဲ့ လူတန်းစားအာဏာရှင်စနစ် (တနည်း''အခြားအခြားသော လူတန်းစားတွေနဲ့ အာဏာ ခွဲဝေမယူတဲ့၊ အာဏာကို ခွဲဝေမယူနိုင်တဲ့'' အာဏာရှင်စနစ် လီနင်)သာ ဖြစ်တယ်။ ဒါကြောင့် တိကျတဲ့ လူတန်းစား(၄)ရပ်က အမျိုးသားဒီမိုကရေစီ တော်လှန်ရေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မယ် အာဏာကို ခွဲဝေယူပြီး ပူးတွဲအာဏာရှင်စနစ် ကျင့်သုံးတာကို ပစ္စည်းမဲ့ အာဏာရှင်စနစ်ဖြစ်တယ်လို့ ပြောတာဟာ သစ္စာဖောက် ကောက်စကီရဲ့ လကျ်ာ အချောင်သမားဝါဒနဲ့ ထပ်တူ ဖြစ်ပါတယ်။ တနည်း အောက်တိုဘာ တော်လှန်ရေးမတိုင်မီ ကရင်စကီလက်ထက် က စင်ပြိုင်ရှိခဲ့တဲ့အလုပ်သမား၊ လယ်သမား ပူးတွဲအာဏာရှင် စနစ်ကို ကောက်စကီက ဆိုရှယ်လစ် (ဝါ) ပစ္စည်းမဲ့အာဏာရှင်စနစ်လို့ ပြော တာနဲ့ထပ်တူဖြစ်နေတယ်) ဒါဟာ ဆိုရှယ်လစ်တော်လှန်ရေး အဖြစ် ပြောင်းလဲတော်လှန်ပြီး ပစ္စည်းမဲ့ အာဏာရှင်စနစ် ထူထောင်ရမယ် ဆိုတဲ့ ပါတီရဲ့အနာဂါတ် မြှော်မှန်းချက်ကို အခုကတည်းက ကြိုတင် ပြီး ဖျက်ဆီးတာပဲ ဖြစ်တယ်ဆိုတဲ့ အကြောင်းတွေကြောင့်ပါပဲ။

ဒီအကြောင်းတွေကြောင့် "အမျိုးသားဒီမိုကရေစီတော်လှန်ရေး မယ်၊ လူတန်းစား(၄)ရပ်ရဲ့ပူးတွဲအာဏာရှင်စနစ်ဟာ အနှစ်သာရအား ဖြင့် ပစ္စည်းမဲ့ အာဏာရှင်စနစ်ဖြစ်တယ်"ဆိုတဲ့ ဥက္ကဋ္ဌရဲ့ရပ်တည်ချက် ဟာ သစ္စာဖောက်ထရော်စကီရဲ့ "အမြဲတမ်းတော်လှန်ရေး"ဆိုတဲ့ လက်ဝဲအချောင်းသမားဝါဒနဲ့ သစ္စာဖောက်ကောက်စကီရဲ့ လကျ်ာအ ချောင်သမားဝါဒတို့ကို တပေါင်းထဲ ပေါင်းထားတဲ့ အဆိုးဝါးဆုံး ရောကြော်အချောင်သမားဝါဒသာလျှင်ဖြစ်ပါတယ်။

ဒါဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို လကျ်ာလက်ဝဲနှစ်ဖက်က တပြိုင် ထဲ ပြန်လည်ပြင်ဆင်တာသာဖြစ်ပါတယ်။

ဒီအာဏာပြဿနာဟာ တော်လှန်ရေးရဲ့ လက္ခဏာချက်နဲ့ ပတ် သက်တာဖြစ်တော့၊ ဒီအခြေခံပြဿနာမှာ တွေဝေနေမှုဟာ မုချပင် လက်တွေ့နိုင်ငံရေးမှာ အစဉ်တစိုက်လကျ်ာ လက်ဝဲအမှားများကိုချည်း ကျူးလွန်စေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌက ကနေ့တိုင် မိမိရဲ့ ဒီဖောက်ပြန်တဲ့ရပ်တည်ချက်ကို ဆက် လက်ပြီး စွဲကိုင်ထားခြင်းဖြင့်၊ မာ့က်စ်လီနင်ဝါဒကို လုံးဝစွန့်ပစ်နေ ခြင်းသာဖြစ်ပါတယ်။

ဒါကြောင့် သဘာဝကျစွာပဲ မိမိရဲ့ ဒီတန်ပြန်တော်လှန်ရေး ရပ် တည်ချက်ကို အထောက်အကူပြုမဲ့ မာ့က်စ်၊ အိန်ဂယ်လ်၊ လီနင်၊ စတာ လင်၊ မော်စီတုန်းတို့ရဲ့ ရေးသားချက်ထဲမှ စာကြောင်းတကြောင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သို့မဟုတ်၊ စကားစု တစုကိုမျှ ကိုးကားမပြနိုင်တဲ့အဆုံးမှာ ဥက္ကဋ္ဌက ကွန်မြူနစ်သိက္ခာကို ဆန့်ကျင်ပြီး အလွန်ကောက်ကျစ်စဉ်းလဲတဲ့၊ လိမ်ညာတဲ့နည်းကို အသုံးပြုလာတာဖြစ်တယ်၊ တနည်းအားဖြင့်ပြောရရင် ဥက္ကဋ္ဌရဲ့အယူဝါဒရေးနဲ့ နိုင်ငံရေးခေါင်းပါးမှုကို ဖုံးကွယ်ဖို့သာလျှင် ကွန်မြူနစ်ရိုးသားမှုကို စွန့်ပစ်ပြီး အခုလို လိမ်ညာလှည့်စားတဲ့ နည်းကို ကျင့်သုံးလာတာဖြစ်ပါတယ်။

လီနင်ရဲ့ အခိုင်အမာစကားလုံးနဲ့ စကားစုများကိုပြောင်းပြီး၊ မိမိရဲ့ စကားစုနဲ့ စကားလုံးတွေကို လီနင်ရဲ့စကားစုနဲ့ စကားလုံးလို့ဆိုပြီး၊ ဖော်ပြတာမျိုး၊ လီနင်ရဲ့ တိုက်ရိုက်ပြောဆိုမှုကို လှည့်စားပြီး သရုပ်ဖျက်တာမျိုး၊ မော်စီတုန်းရဲ့ ရေးသားချက်ထဲမှာမပါတဲ့ မိမိရဲ့စကားလုံးတွေကို ထည့်ထားပြီး မော်စီတုန်းရဲ့စကားစု စကားလုံးတွေလို့ ဖော်ပြတာမျိုး၊ မော်စီတုန်းရဲ့ ရေးသားချက်ကို တရုပ်ဘာသာမှ တိုက်ရိုက် ဗမာလိုဘာသာပြန်တယ်ဆိုပြီး လိမ်တာမျိုး သက်ဆိုင်တဲ့ စာပိုဒ်တွေကို မကိုးကားပဲ မဆိုင်တဲ့စာပိုဒ်တွေကို ကိုးကားပြီး၊ ရဲဘော်မော်ရဲ့သဘောထားမဟုတ်တာကို ရဲဘော်မော်ရဲ့ သဘောထားဆိုပြီး ဖော်ပြတာမျိုး စတဲ့ညစ်ပတ်တဲ့ လိမ်ညာတဲ့နည်းမျိုးစုံကို အသုံးပြုလာတာ ဖြစ်ပါတယ်။

(အထက်ပါ ရဲဘော်ဘတင်၏တင်ပြချက်မူရင်း စာမျက်နှာ ၃၃-၃၄ မှ)

ရဲဘော်ဘတင်သည် စည်းရုံးရေးနှင့်ပတ်သက်သည့်အပိုင်းတွင် ဤသို့ပင်တင်ပြသွားလေသည်။

"အခုဆက်လက်ပီး စည်းရုံးရေးပိုင်းနဲ့ပတ်သက်ပီး၊ ခပ်တိုတိုပဲပြောသွားပါမယ်။

ပထမအချက်အနေနဲ့ ကျွန်တော်ပြောချင်တာက ဥက္ကဋ္ဌရဲ့တင်ပြချက်မှာ"၅၅-ဆုံးဖြတ်ချက်ကို အမြန်ဆုံးနဲ့ ချက်ချင်းဖျက်ပစ်ဖို့" (စာတမ်းစာမျက်နှာ-၂၀)လို့ ပေါလစ်ဗျူရိုအဖွဲ့ကိုတောင်းဆိုထားတာနဲ့ပတ်သက်ပီးဖြစ်တယ်။ ရက်ပိုင်းအနည်းငယ်လောက်က အရင်တခါ ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့) အစည်းအဝေးမှာ ဆုံးဖြတ်ခဲ့တာက "၅၅-ဆုံးဖြတ်ချက်အပေါ် ပါတီကျောင်းကဆရာတွေနဲ့ ကျောင်းသားတွေ ပြောကြတာတွေကို လက်ခံထားမယ်။ကိုဇင်လာတော့ ပြည့်စုံတဲ့ ပီဘီ(ပေါလစ်ဗျူရို)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဖွဲ့အစည်းအဝေးမယ်၊ ဒါကိုစဉ်းစားပီး၊ ပီဘီ(ပေါလစ်ပြူရိုအဖွဲ့)ဆုံး ဖြတ်ချက်ကို ဗဟိုကော်မတီကို တင်ပြမယ်။ ဗဟိုကော်မတီ ကသာ ဒီဆုံးဖြတ်ချက်အပေါ် ထပ်မံဆုံးဖြတ်မယ်" ဆိုတာပဲ။ အခုတော့ ဉက္ကဋ္ဌက ချက်ချင်း ၅၅-ဆုံးဖြတ်ချက်ကို ဖျက်ပစ်ပီး အောက်ခြေကို ချပြဖို့ဆိုပီးတော့ တောင်းဆိုလာတာဖြစ်တယ်။

ဉက္ကဋ္ဌက အခုလိုတောင်းဆိုလာတာဟာ၊ ပေါလစ်ပြူရိုအဖွဲ့ဝင် နှစ်ယောက်က ဒီတခါတော့ ဉက္ကဋ္ဌကို ကြိမ်းသေထောက်ခံမယ်ဆိုတာ သိထားလို့ပဲ။

ဉက္ကဋ္ဌက လွန်ခဲ့တဲ့တနှစ်လုံးမယ်၊ ဒီဆုံးဖြတ်ချက်ပြင်ဖို့ ပီဘီ (ပေါလစ်ပြူရိုအဖွဲ့)မှာ တီးခေါက်ကြည့်ခဲ့တယ်။ ဒါပေမဲ့ အများစုကထောက်ခံမှုပုံမပေါ်တော့ ပြန်ပြန်ဆုတ်သွားတယ်။ (ပထမပတ်ပါတီကျောင်းတုံးက ဒါကြောင့်ပဲ၊ ဒီပြဿနာကို ပြဿနာအဖြစ် ဆွေးနွေးဖို့တောင်၊ ပီဘီ(ပေါလစ်ပြူရိုအဖွဲ့)မှာ တင်မပြခဲ့ဘူး။) ပါတီကျောင်းမှာတော့ ဉက္ကဋ္ဌရဲ့ ညွှန်ကြားချက်အရ ကျောင်းဆရာတွေက တောက်လျှောက်နာမည်မတပ်ပဲ ၅၅-ဆုံးဖြတ်ချက်ကိုဆန့်ကျင်ပီး သင်တန်းပေးခဲ့တယ်။ ဒီတခါတော့ ကျောင်းဆရာတွေနဲ့ ကျောင်းတခုလုံးရဲ့ ထောက်ခံမှုကို ယူပီး ဉက္ကဋ္ဌက ပိုင်ပိုင်နိုင်နိုင်လုပ်လာတယ်။

ကျောင်းဆရာတွေမှတဆင့် ဉက္ကဋ္ဌက တိုက်ရိုက်သော်လည်းကောင်း၊ ဉက္ကဋ္ဌကို ထောက်ခံတဲ့ ဗဟိုကော်မတီအဖွဲ့ဝင်များမှ တဆင့်သော်လည်းကောင်း၊ ဒီတပတ် ဗဟိုပါတီကျောင်းမှာ ၅၅-ဆုံးဖြတ်ချက်ကို အဖက်ဖက်က တိုက်ခိုက်ပီး ကျောင်းသားတွေကို ကြိုတင်လှုံ့ဆော်သွားတယ်။ ကျောင်းသားတွေက ၅၅-ဆုံးဖြတ်ချက်ကို ဆန့်ကျင်ပီး ပြန်ပြောကြတာတွေကို ဉက္ကဋ္ဌမှအပ ကျန်ဌာနချုပ်ရှိ တာဝန်ခံတွေအားလုံးက သွားနားထောင်ကြတယ်။

အဲဒီပဏာမ ပြင်ဆင်မှုပြီးသွားတော့မှ ၅၅- ဆုံးဖြတ်ချက် ဆိုပီး ကိုဌေးရေးထားတာကို (ဒါကို ယေဘုယျအားဖြင့် ကျနော်သဘောတူပါတယ်) ကိုဌေးက ကျောင်းမှာဖတ်ပြတယ်။ဒါကို "ပီဘီ (ပေါလစ်ပြူရိုအဖွဲ့)က ပြန်စဉ်းစားမယ်"ဆိုပြီးတော့ ကျောင်းသားတွေကို လမ်းကြောင်းပေးထားတယ်။ အဲဒီတော့ ကျောင်းဆရာတွေ ကျောင်းသားတွေက ၅၅-ဆုံးဖြတ်ချက်ကိုရော၊ အဲဒီဆုံးဖြတ်ချက်ကို ဆုံးဖြတ်ခဲ့တဲ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၅၅-ဗဟိုကော်မတီကိုပါ ရစရာမရှိအောင် ပုတ်ခတ်ပြောဆိုကြတာကို ဥက္ကဋ္ဌမှအပ ကျန်ဌာနချုပ်တာဝန်ခံတွေအားလုံးက သွားနားထောင်ရတယ်။

ပြန်ပြောကြတဲ့အခါမယ် ကျောင်းဆရာ ကိုမျိုးတင့်က "၅၅-ဆုံးဖြတ်ချက်ဟာ ဆိုဘိုလက်ဖ် သဘောတရားအပေါ်အခြေခံခဲ့တယ်။ အခု ၅၅-ဆုံးဖြတ်ချက်မှာတော့ ဒါကို ဘာပြုလို့ ဖော်မပြသလဲ" လို့ မေးတယ်။ ကိုမျိုးတင့်က ဒီ"သတင်း"ကို ဘယ်ကရသလဲဆိုတာကို လူတိုင်းက နားလည်နိုင်ပါတယ်။

ကျောင်းဆရာ ကျောင်းသားတွေရဲ့ ဒီပြင်းထန်တဲ့ ဖိအားပေးမှုကြောင့် ဗိုဘီ(ပေါလစ်ဗြူရိုအဖွဲ့ဝင်) နှစ်ယောက်ရဲ့ တွေဝေမှုဟာ မှချတည်ငြိမ်သွားမှာပဲလို့ ဒီဌတွက်ပြီး ဥက္ကဋ္ဌက အခုလို "၅၅-ဆုံးဖြတ်ချက်ကို အမြန်ဆုံးနဲ့ ချက်ချင်းဖျက်ပြစ်ဖို့" ဆိုပြီး တောင်းဆိုလာတာဖြစ်တယ်။

ဥက္ကဋ္ဌရဲ့ ဒီလုပ်ပုံလုပ်နည်းရဲ့ နိုင်ငံရေးအဓိပ္ပာယ်နဲ့ ပတ်သက်လို့လာမဲ့ ဗဟိုကော်မတီ အစည်းအဝေးကျမှပဲ ပြောပါမယ်။ အခုတော့ ဥက္ကဋ္ဌရဲ့ ဒီလုပ်ပုံလုပ်နည်းဟာ ကွန်မြူနစ် လုပ်ပုံလုပ်နည်း မဟုတ်ဘူးဆိုတာလောက်ပဲ ပြောထားချင်ပါသေးတယ်။

"ပါတီနဲ့တော်လှန်ရေးကို အကြီးအကျယ် ဆုံးရှုံးမှုရှိနေတဲ့ ကြားက" ဆိုတာနဲ့ ပတ်သက်လို့ကတော့ ၅၅-ခုနှစ်၊ နောက်ပိုင်းကစပြီး ကနေ့တိုင်ပါတီရဲ့ ကြီးမားတဲ့ နိုင်ငံရေး အမှားတွေနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌရဲ့ အဓိက တာဝန်ရှိမှုကို ရှောင်ထွက်ဖို့ ကြိုးပမ်းချက်သာ ဖြစ်တယ်ဆိုတာကိုပဲ ပြောချင်ပါတယ်။ ဒါကိုထင်ရှားအောင် ကျွန်တော်မေးခွန်းတခု မေးပါရစေ။ ဥက္ကဋ္ဌက ၅၅-ရဲ့ နိုင်ငံတော်နဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကို လက်လဲမခံဖူး။ ကနေ့တိုင် ဒါကိုစည်းကမ်းအရပင် ကိုယ်စားပြုပြီး ပါတီတွင်းမယ် ရှင်းလဲရှင်းမပြခဲ့ဖူး။ တချိန်ထဲမယ် ၅၅-နောက်ပိုင်းကစပြီး ၆၂-ခုနှစ်အထိ ပါတီရဲ့ ကြီးမားတဲ့ အမှားအားလုံးကို ဥက္ကဋ္ဌက တိုက်ရိုက် ခေါင်းဆောင်ခဲ့တယ်။ ဒါပေမဲ့ပိုဘီ (ပေါလစ်ဗြူရိုအဖွဲ့)မယ် ၅၅-ဆုံးဖြတ်ချက်ကို သက်ဝင်ယုံကြည်တဲ့ ပုဂ္ဂိုလ်ကတော့ ဥက္ကဋ္ဌရဲ့ ဒီအမှားအားလုံးကို ဆန့်ကျင် တိုက်ခိုက်ခဲ့တယ်။ ဒါဟာ အချက်အလက်အရ ဟုတ်မဟုတ် ၆၂-ခုနှစ်၊ ဗဟို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကော်မတီက ဒါကိုဟုတ်တယ်ဆိုပြီး မှတ်တမ်းတင်ထားပြီး ဖြစ်တဲ့အတွက် ဘယ်သူကမှငြင်းလို့မရဘူး။ အဲဒီတော့ ၅၅-ကစပြီး ၆၂-ခုနှစ်အထိ ပါတီရဲ့ရောမဆုံးရှုံးနစ်နာမှုတွေဟာ ၅၅-ရဲ့ နိုင်ငံတော်အာဏာနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကြောင့် ဖြစ်တယ်ဆိုတာဟာ ယုတ္တိတန်သလား။ စိုးစဉ်းမျှပင် ယုတ္တိမတန်ပါဖူး။ ဒါကြောင့် ဥက္ကဋ္ဌက ပါတီရဲ့အမှားများအတွက် မိမိရဲ့တာဝန်ရှိမှုကို လိမ်ညာလှည့်စားပြီး ၅၅-ဆုံးဖြတ်ချက်အပေါ် ပုံချနေတာသာဖြစ်တယ်လို့ ပြောတာဖြစ်ပါတယ်။

ပါတီကျောင်းမယ်"ပေါလစ်ဗျူရိုအဖွဲ့ရဲ့ ရှေ့ဆောင်ခဏ်းက တောက်ပြောင်တယ်။ ဗဟိုကော်မတီကတော့ သိပ်ညံ့ဖျင်းတယ်"ဆိုတဲ့သဘောကိုပြောကြတာရှိတယ်။ ဒါဟာဘာကို ပြသလဲဆိုရင် ပါတီတွင်းအဖြစ်အပျက်တွေနဲ့ (၁၃)နှစ်တိုင် ကင်းကွာခဲ့တဲ့ ကျောင်းဆရာတွေနဲ့ ကျောင်းဆရာတွေမှတဆင့် ကော်မတီတွင်း အဖြစ်အပျက်တွေကိုမသိသေးတဲ့ ကျောင်းသားတွေကို ဥက္ကဋ္ဌကလှည့်စားနိုင်ပြီးဖြစ်တယ်ဆိုတာပါပဲ၊ ဒါပေမဲ့ ဒါဟာ ယာယီသာဖြစ်တယ်။ အမှန်တရားကို ရေရှည်မှာ ဖုံးကွယ်ထားလို့မရနိုင်ဘူးဆိုတာကို ကျွန်တော်ရဲဘော်သဖွယ် သတိပေးပါရစေခင်ဗျား။

"ယခုလဲကျွန်တော်စိန်ခေါ်ပါတယ်။ ၅၅-ဆုံးဖြတ်ချက်ကိုစွဲကိုင်ဖို့ ပါတီကျောင်းမှာ ကျွန်တော့်ကို တိုက်ပွဲဆင်ခွင့်ပေးပါ။ ၉၀-ရာနိုင်နှုန်းက ၅၅-ဆုံးဖြတ်ချက်ကို မုချလက်ခံမယ်ဆိုတာဟာ ကြိမ်းသေပါပဲ။ ဒါပေမဲ့ခင်ဗျားတို့ကတော့ ဒါကိုလုပ်ရဲတဲ့လူစားမျိုးတွေ မဟုတ်ပါဖူး။

ဘယ်လိုပဲဖြစ်ဖြစ် ပီဘီ(ပေါလစ်ဗျူရိုအဖွဲ့)အနေနဲ့ ဗဟိုကော်မတီရဲ့ တရားဝင်ဆုံးဖြတ်ချက်တရပ်ကို ပါတီဝင်ထုအား ရှင်းပြခွင့်မပေးတာ ပါတီရဲ့ တရားဝင်ဆုံးဖြတ်ချက်အတွက် တိုက်ပွဲဆင်ခွင့် မပေးတာဟာ ပါတီစိတ်ဓာတ်ကတော့ လုံးဝမဟုတ်ပါဘူး။ အခြားတဖက်ကကြည့်ရင် ဗဟိုကော်မတီရဲ့ တရားဝင်ဆုံးဖြတ်ချက်တရပ်ကို ဥက္ကဋ္ဌနဲ့သူ့ကို ထောက်ခံတဲ့ ဗဟိုကော်မတီအစုဟာ အလွန်ကလိမ်ကျတဲ့နည်းတွေနဲ့ ပါတီအောက်ခြေကိုပါ စည်းရုံးပြီး တိုက်ဖျက်တာဖြစ်ပါတယ်။

၅၅-ဗဟိုကော်မတီ ဆုံးဖြတ်ချက်ဆိုပြီး ရေးထားတာကို ဖတ်ပြရုံမဟုတ်ပဲ၊ ဒါကိုရှင်းပြဖို့ ကိုဌေးကို ကျွန်တော် ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့) အစည်းအဝေးမှာရော အပြင်မှာရော တိုက်တွန်းခဲ့တယ်။ ဒါပေမဲ့ ကိုဌေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

က ဒါကိုမလုပ်ဘူး။ ကျောင်းဆရာတွေ ကျောင်းသားတွေက ဗဟို ကော်မတီဆုံးဖြတ်ချက်ကိုရော ဗဟိုကော်မတီကိုပါ ဆဲဆိုပုတ်ခတ်လာတဲ့ အခါမယ် တခွန်းမှ ပီဘီ (ပေါလစ်ဗြူရိုအဖွဲ့) ကပြန်မချေပဖူး။ ၅၅ ဆုံးဖြတ်ချက်ကိုရော ဗဟိုကော်မတီကိုပါ နဲနဲကလေးမှ မကာကွယ်ဘူး။ ဆန့်ကျင်စွာဘဲ ကိုဌေးက သူတို့ပြောကြတာနဲ့ ပတ်သက်ပီး ချီးကျူး ခဏ်းဖွင့်ခဲ့တယ်။ အဲဒါပြီးတော့ အခုဥက္ကဋ္ဌက ပါတီဝင်ထုကလက်မခံလို့ ဆိုတဲ့အကြောင်းပြချက်နဲ့ ၅၅-ဆုံးဖြတ်ချက်ကို ချက်ချင်း ဖျက်ပစ်ဖို့ ပီဘီ (ပေါလစ်ဗြူရိုအဖွဲ့) ကို တောင်းဆိုလာတယ်။

ဒါတွေကိုကြည့်တော့ ဥက္ကဋ္ဌနဲ့သူ့ကိုထောက်ခံတဲ့ ဗဟိုကော်မတီ တစုရဲ့ဒီလုပ်ပုံလုပ်နည်းဟာ စစ်မှန်တဲ့ပါတီတွင်း အယူဝါဒရေးတိုက်ပွဲ ဆင်နိုင်ရေးအတွက် မဟုတ်ပါဖူး။ ဒါဟာအလွန်ညစ်ပတ်တဲ့ ကလိမ်ကျ တဲ့နည်းနဲ့ လူတစုက မိမိတို့ရဲ့မှားယွင်းတဲ့ အယူအဆကို ပါတီပေါ်လစီ မှာ အပေါ်စီးရအောင် လုပ်တဲ့နည်းသာဖြစ်ပါတယ်။

(အထက်ပါ ရဲဘော်ဘတင်၏တင်ပြချက် မူရင်းစာမျက်နှာ ၃၄၊ ၃၅၊ ၃၆၊ မှ)

ယခုဆက်လက်၍ စည်းရုံးရေးပိုင်း၏ နိဂုံးချုပ်တွင် ဤသို့တင်ပြထားလေ သည်။

"ဥက္ကဋ္ဌအနေနဲ့ မိမိရဲ့လိမ်ညာလှည့်စားမှုနဲ့ ကွန်မြူနစ်မဆန်တဲ့ နည်း အမျိုးမျိုးနဲ့ ပါတီတွင်းအချို့အင်အားကို ဖိအားဖန်တီးပီး ဖိအား ပေးမှုတို့အရ လက်ရှိပီဘီ (ပေါလစ်ဗြူရိုအဖွဲ့) အစည်းအဝေးမှာ အနိုင် ရတာဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ဒါဟာ ယာယီသာဖြစ်မယ်။ ဗဟိုကော် မတီကရော ပါတီဝင်ထုကပါ ရေရှည်မှာတော့ ဒါကိုသည်းခံမှာမဟုတ် ပါဖူး။ ပါဘီဝင်ထုက မမြင်လာမချင်း၊ ဒီဆုံးဖြတ်ချက်ကြောင့် မလွဲသာ ပဲ ပါတီကဆုံးရှုံးနစ်နာမှုကို ခံရမှာဖြစ်ဘယ်။ ဒါပေမဲ့ပါတီဝင်ထုက အမှန်တရားကို မြင်လာတဲ့နေ့ကျရင် ဥက္ကဋ္ဌကိုယ်တိုင် ပါတီဝင်ထုရဲ့ဒဏ် ခတ်ခြင်းခံရမှာ မုချပဲ။

ဒါကြောင့် မိမိရဲ့စာတမ်းကို ရုပ်သိမ်းပါလို့ ဥက္ကဋ္ဌကို တိုက်တွန်း အပ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်တော်တို့ တဟွေဟာ ရိုးရိုးသားသား ပြောရရင် ဘယ်သူမှ မာ့က်စ်ဝါဒ လီနင်ဝါဒကို တကယ်အားဖြင့် မပိုင်ပါဖူး။ မာ့က်စ်၊ အိန်ဂဲလ်စ်၊ လီနင်၊ စတာလင်တို့ရဲ့ ရေးသားချက်တွေကို ဖတ်ပြီး ကိုယ်နားလယ်သလိုသာ အဓိပ္ပာယ်ကောက်ကြတယ်။ ကျွန်တော်တို့ရဲ့ အဓိပ္ပာယ်ကောက်ချက်တွေဟာ နေရာတိုင်းမယ်မှန်တယ်လို့ ဒို့ဌမပြောနိုင်ပါဖူး။ ယခုဒီအာဏာပြဿနာမယ် "အမျိုးသားဒီမိုကရေစီ တော်လှန်ရေးက ထူထောင်မဲ့အာဏာဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ဖြစ်တယ်။ လူတန်းစားလေးရပ်ရဲ့ ပူးတွဲအာဏာရှင်စနစ်ဟာ ပစ္စည်းမဲ့အာဏာရှင်စနစ်ရဲ့ ဖွဲ့စည်းပုံသဏ္ဌာန်သာ ဖြစ်တယ်ဆိုတဲ့ဥက္ကဋ္ဌရဲ့ ရပ်တည်ချက်ကို မာ့က်စ်ဝါဒ လီနင်ဝါဒ စာပေတွေထဲက စာကြောင်းတကြောင်း ကိုးကားပြီးတောင် သက်သေထူမပြနိုင်ဘူး။ ကနေ့ကမ္ဘာရဲ့ တကဲ့မာ့က်စ်ဝါဒ လီနင်ဝါဒ ခေါင်းဆောင်ဖြစ်တဲ့ ရဲဘော်မော်ကတော့ **"လူတန်းစားလေးရပ်ရဲ့ ပူးတွဲအာဏာရှင်စနစ်ဟာ မနေရှင်အာဏာရှင်စနစ်လဲမဟုတ်၊ ပစ္စည်းမဲ့ အာဏာရှင်စနစ်လဲမဟုတ်၊ ဒါဟာ တတိယအမျိုးအစားဖြစ်တယ်"**လို့ အတိအကျ ရေးထားပါတယ်။ အဲဒီတော့ ရဲဘော်မော်ရဲ့ အတွေးအခေါ်ဟာ ဒီခေတ်ရဲ့ မာ့က်စ်ဝါဒ လီနင်ဝါဒဖြစ်တယ်လို့ တကယ်သာ လက်ခံတယ်ဆိုရင် ရဲဘော်မော်ရဲ့ တိုက်ရိုက်ရေးသားချက်ကို ဘာပြုလို့လက်မခံသလဲ။ ဘာပြုလို့ရဲဘော်မော်ရဲ့ အတွေးအခေါ်ကို နည်းမျိုးစုံနဲ့ ဖျက်ဆီးဖို့ ကြိုးစားနေသလဲ။ ဒါကြောင့် ဥက္ကဋ္ဌကို တိုက်တွန်းချင်တာက ရဲဘော်မော်ရဲ့ကျမ်းတွေကို အလေးအနက်လေ့လာပြီး ဒီအာဏာပြဿနာနဲ့ ပတ်သက်လို့ ရဲဘော်မော်ရဲ့အတွေးအခေါ်ကို လက်ခံနိုင်အောင်ကြိုးစားစမ်းပါလို့။

နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ပီဘီ(ပေါလစ်ပြူရိုအဖွဲ့)နှင့် စီစီ(ဗဟိုကော်မတီ)တွင်း ပြဿနာပဲ။ ကျွန်တော်တို့ပီဘီ (ပေါလစ်ပြူရိုအဖွဲ့)ကို ကျွန်တော်တို့ရဲ့ လုပ်ရပ်တွေကြောင့် စီစီက သိပ်ပြီး မယုံကြည်ဘူး။ ဒါကြောင့် ပီဘီ (ပေါလစ်ပြူရိုအဖွဲ့)ရဲ့ အာဏာကို မကျင့်သုံးနိုင်အောင် ၆၂-စီစီ (ဗဟိုကော်မတီ)က တားဆီးပိတ်ပင်ခဲ့တယ်။ ၆၄-စီစီ (ဗဟိုကော်မတီ)က ပီဘီ (ပေါလစ်ပြူရိုအဖွဲ့) စီစီ (ဗဟိုကော်မတီ)ဆက်ဆံရေးကောင်းအောင် မူတွေကို ချမှတ်ခဲ့တယ်။ ယခုဥက္ကဋ္ဌက ၅၅-ဆုံးဖြတ်ချက်ကို ပေါလစ်ပြူရိုက တာဝန်ယူပြီး ချက်ချင်း ဖျက်ပစ်ဖို့ တောင်းဆိုနေတာဟာ ၆၄-စီစီ (ဗဟိုကော်မတီ) ရဲ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆုံးဖြတ်ချက်ကို အတိအလင်း ဖောက်ဖျက်ဖို့ တောင်းဆိုနေတာသာ ဖြစ်တယ်။ ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့)က ဒါကို တကယ်သာ ဆုံးဖြတ်ရင် ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့)စီစီ (ဗဟိုကော်မတီ)တွင်း ဆက်ဆံရေးဟာ အရင်ကထက် များစွာပိုပြီး ဆိုးဆိုးဝါးဝါးဖြစ်လာမှာမုချပဲ။ဒါကြောင့် မိမိရဲ့ တောင်းဆိုချက်ကို ရုပ်သိမ်းပါလို့ အခုနောက်ဆုံး ဥက္ကဋ္ဌကို တိုက်တွန်းအပ်ပါတယ်။”

(အထက်ပါ ရဲဘော်ဘတင်၏ တင်ပြချက်မူရင်း စာမျက်နှာ ၃၇-၃၈ မှ)

၁၉၆၆-ခုနှစ် မေလ (၁၀)ရက်နေ့တွင် ပေါလစ်ဗျူရိုအဖွဲ့သည် ၅၅-ခုနှစ် နိုင်ငံတော် အာဏာဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည့် နောက်တွင် ရဲဘော်ဘတင်က ဤသို့ဆက်လက်၍ တင်ပြလေသည်။

ရောကြော် အချောင်သမားဝါဒရဲ့ ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့) ဆုံးဖြတ်ချက်

ဥက္ကဋ္ဌရဲ့ မာ့က်စ်ဝါဒ လီနင်ဝါဒ ဆန့်ကျင်တဲ့ ပါတီဆန့်ကျင်တဲ့ စာတမ်းဟာ ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့)မှာ အများစုမဲနဲ့ အနိုင်ရရှိသွားပြီ ဖြစ်တယ်။ ထရော့စကီရဲ့ လက်ဝဲအချောင်သမားဝါဒနဲ့ ကောက်စကီးရဲ့ လကျ်ာအချောင်သမားဝါဒကို တပူးတပေါင်းတည်း ပေါင်းထားတဲ့ ဥက္ကဋ္ဌရဲ့ အဲဒီ အဆိုးဝါးဆုံး ရောကြော် အချောင်သမား ဝါဒဟာ ပါတီပေါ်လစီမှာ တရားဝင်အဖြစ် အပေါ်စီးရရှိပြီး ဖြစ်တယ်။

ကျွန်တော်ရဲ့ခံစားရချက်ကို ပြောရရင်ဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ အသုဘ အခမ်းအနားကို တက်နေသလို ခံစားရတယ်။

(“ပေါလစ်ဗျူရိုအဖွဲ့နှင့် ဗဟိုကော်မတီအဖွဲ့ဝင် ရဲဘော်များ ပြောကြားချက် အပေါ် မြေကြားချက်” ရဲဘော်ဘတင်၏ တင်ပြချက်မူရင်း စာမျက်နှာ-၁ မှ)

ထို့နောက်တွင် ရဲဘော်ဘတင်သည် ပေါလစ်ဗျူရိုအဖွဲ့ဝင်များနှင့် ဗဟိုကော်မတီ အဖွဲ့ဝင်တဦးစီနှင့် ပတ်သက်၍လည်း ဤသို့ပင် တင်ပြသွားလေသည်။

“သခင်ချစ်ရဲ့ ရပ်တည်ချက်”

အခုဆက်လက်ပြီး သခင်ချစ်ရဲ့ ချေပချက်ကို ကြည့်ရအောင် မနေ့က ဗိုလ်ရန်အောင် ပြောပြီးနောက် သခင်ချစ်က အခုလိုပြောပါတယ်။

“ကျွန်တော်သာ ရဲဘော်ဘတင် ဖြစ်တယ်ဆိုရင် ဗိုလ်ရန်အောင်ရဲ့ ပြောကြားချက်ကို နားထောင်ပြီး ပြန်စဉ်းစားမှာပဲ” ဆိုတာပဲ။ ဗိုလ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်အောင်ရဲ့ဟောပြောချက်ဟာ သည်းခြေကြိုက် ဖြစ်လို့ပေါ့လေ။ ဒါပေမဲ့ ဒီနေရာမှာတော့ သခင်ချစ် ပြောတာကို ကျွန်တော်တပိုင်း သဘောတူပါတယ်။ သခင်ချစ်နဲ့ ကျွန်တော်ဟာ မတူဖူးဆိုတာကို ပြောတာဖြစ်တယ်။ အကြောင်းနှစ်ကြောင်းကြောင့် ဖြစ်တယ်။

(၁) ၁၉၃၉-ခုနှစ်မယ်၊ တတိယ ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်ရဲ့ လုပ်ငန်းစဉ်အပေါ် အခြေခံပြီး ချမှတ်ထားတဲ့ ကျွန်တော်တို့ပါတီရဲ့ အနိမ့်ဆင့်နဲ့ အမြင့်ဆင့် အခြေခံလုပ်ငန်းစဉ်ကို ကျွန်တော်သက်ဝင် ယုံကြည်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်ရဲ့ ယုံကြည်ချက်ဟာ ၂၆ - နှစ်ကြာပြီ ဖြစ်တယ်။ သခင်ချစ်က ပါတီရဲ့အနိမ့်ဆင့်နဲ့အမြင့်ဆင့် အခြေခံလုပ်ငန်းစဉ်ကို သိလဲမသိခဲ့ဘူး။ ဖတ်လဲမဖတ်ဖူးဘူး။

(၂) လွန်ခဲ့တဲ့အနှစ်(၂၀)နီးပါး ကျွန်တော်ရဲ့ယုံကြည်ချက်ကိုကာကွယ်ဖို့အတွက် ပြင်းထန်တဲ့ပါတီတွင်းတိုက်ပွဲမှာပါခဲ့ရတယ်။ ၄၈ - ခုနှစ်တုံးကတော့ ဗိုဘီ(ပေါလစ်ဗျူရို)အဖွဲ့မယ်၊ ကျွန်တော်ရှုံးခဲ့ရတယ်။ ဒါပေမဲ့ ၅၅ - ဗဟိုကော်မတီအစည်းအဝေးတုံးကတခါ၊ ၅၆ - ခုနှစ် စိန်ဝင်းဂိုဏ်းနဲ့ တိုက်ပွဲတုံးကတခါ၊ နှစ်ကြိမ်တိုင်တိုင် အလွန်ကိုပြင်းထန်တဲ့ တိုက်ပွဲကြားထဲက ကျွန်တော်ရဲ့ ယုံကြည်ချက်ကို ခုခံကာကွယ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ရဲ့ယုံကြည်ချက်ဟာ ပိုပြီးခိုင်မာလာတာဖြစ်တယ်။ သခင်ချစ်အနေနဲ့ကျတော့ ၅၅-တုံးက နောက်ဆုံး ၅၅-ဆုံးဖြတ်ချက်ကို လက်ခံခဲ့တာဖြစ်ပေမဲ့ မိမိရပ်တည်ခဲ့တဲ့ ရပ်တည်ချက်ကို ခုခံကာကွယ်ဖို့ တိုက်ပွဲမဆင်ခဲ့ရဖူး။

ဒါကြောင့် ဒီဆုံးဖြတ်ချက်အပေါ် ယုံကြည်ချက်ကလဲမခိုင်မာခဲ့ဖူး။ ဒါကြောင့်လဲ အခုလိုအလွယ်တကူ မိမိရဲ့အခြေခံရပ်တည်ချက်ကို စွန့်ပစ်တာဖြစ်တယ်။

ဗိုလ်ရန်အောင်က ကျွန်တော့်ကို “**ပတ်ကားပြန်လည်ပြင်ဆင်ရေးဝါဒသမား**”လို့ စွပ်စွဲသွားတာ“ပြင်လို့မလွယ်ဘူး” လို့ ကောက်ချက်ချတာတွေတော့ရှိတယ်။

စိန်ဝင်းဂိုဏ်းက ကျွန်တော့်ကို သေနတ်နဲ့ ပစ်သတ်ဖို့တောင် ခြိမ်းခြောက်ခဲ့တာပဲ။ အဲဒါနဲ့တောင် ကျွန်တော်ကအခြေခံမူကိုလျှော့မပေးခဲ့ဖူးဆိုရင်၊ အခုဗိုလ်ရန်အောင်ဆဲရုံနဲ့ အခြေခံမူကို ကျွန်တော်စွန့်ပစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရမလား၊ ဆဲတာမကလို့ ကျွန်တော့်ကို သတ်ပစ်တောင်မှ ကျွန်တော် ရဲ့ ယုံကြည်ချက်ကို မစွန့်ပစ်နိုင်ဖူး။ ဒီနေရာမှာကတော့ သခင်ချစ်နဲ့ တကယ်ပဲ ကွာပါတယ်။"

(အထက်ပါ ရဲဘော်ဘတင်၏ တင်ပြချက်မူရင်းစာမျက်နှာ ၂-၃-မှ)။

ဆက်လက်၍ ရဲဘော်ဘတင်သည် ရဲဘော်ဌေးနှင့်ပတ်သက်၍လည်း ဤသို့ တင်ပြလေသည်။

ရဲဘော်ဌေးရဲ့ရပ်တည်ချက်။

တကယ်ကတော့၊ရဲဘော်ဌေးနဲ့ပတ်သက်ပြီး ကျွန်တော်သိပ်ပြီးပြော ချင်စိတ်မရှိဖူး။ မန္တလေး ပီဘီ (ပေါလစ်ဗျူရိုအဖွဲ့)အစည်းအဝေးမှာ အပြုတ်တိုက်ရေးနဲ့ပတ်သက်လို့ ပထမအတော်လေးခုခံပြီး နောက်ဆုံး အညံ့ခံအရှုံးပေးလိုက်တယ်။ ဒါနဲ့အပြုတ်တိုက်ရေးဆုံးဖြတ်ချက်ကျပြီး တဲ့နောက်၊ ကနေ့တိုင် ရဲဘော်ဌေးဟာ သနားစရာကောင်းတဲ့ လူတ ယောက် ဖြစ်လာတယ်။ အဲဒီကပြီးတော့ သူ့မှာ ရပ် တည် ချက် ရယ်လို့ ဘာတခုမှ မရှိတော့ဖူးလို့ ခံစားရတယ်။ အဲ ဒီ ကထဲက စပြီးအရေးကြီးတဲ့ ပြဿနာတိုင်းလိုလိုမှာ သူဟာ ထရော့စကီဝါဒနဲ့ မာ့က်စ်ဝါဒ လီနင်ဝါဒအကြား တောက်လျှောက် တွေဝေခဲ့တာကိုပဲ တွေ့ရတယ်။ ကျွန်တော် ကိုဌေးကို ဂျပန်တော်လှန်ရေး ကထဲက သိခဲ့ တယ်။ ကနေ့လို သနားစရာအနေအထားမျိုး တခါမှ မတွေ့မိဖူးဘူး။ ဒါကြောင့် သူနဲ့ပတ်သက်လို့ သိပ်ပြီးပြောချင်စိတ် မရှိတာပဲ။

ဒီအစည်းအဝေးမှာ သူရဲ့ "ရပ်တည်ချက်" ဆိုတာဟာ ဘာလဲ။ အတိုချုပ်ပြောရရင် သူ့အနေနဲ့ "၅၅-တုန်းက နိုင်ငံတော်နဲ့အာဏာရှင် စနစ် (၃) မျိုးရှိတာမရှိတာကို အဓိကထား စဉ်းစားခဲ့တာ မဟုတ်ဖူး။ တချို့ပုဂ္ဂိုလ်တွေက ဒါကိုအဓိကထားပြီး စဉ်းစားခဲ့တာတော့ ဟုတ် တယ်။ ကျွန်တော့်အနေနဲ့ ဒီမိုကရေစီ တော်လှန်ရေး အောင်ပွဲရဖို့ လွှတ်တော်မှာ ကွန်မြူနစ်ကိုယ်စားလှယ် (၉၀)ရာခိုင်နှုန်း ရှိတောင်မှ ပစ္စည်းမဲ့အာဏာရှင်စနစ် မဟုတ်နိုင်ဖူး။ နောက်ပြီးတော့ စတာလင် ပြောတဲ့ ဒီမိုကရေစီ တော်လှန်ရေးနဲ့ ဆိုရှယ်လစ် တော်လှန်ရေးမယ် ကွန်မြူနစ်ခေါင်းဆောင်မှုဟာ အနှစ်သာရ မတူဖူး ဆိုတာကို သိရတဲ့ အတွက် အမျိုးသားဒီမိုကရေစီ တော်လှန်ရေးက ထူထောင်မဲ့အာဏာ ဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့ အာဏာရှင်စနစ် မဟုတ်ဖူးလို့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရပ်တည်ခဲ့တယ်။ ဒီအယူအဆတွေဟာ မမှန်ဖူးလို့ အခုမြင်လာတယ်။ ဒါပေမဲ့ စတာလင်ကို ပြန်ဖတ်ပြီးမှပဲ သက်ဝင်ယုံကြည်အောင် လုပ်ရဦးမယ်။ ဒါကတော့ မိမိဖာသာ လုပ်ရမဲ့ကိစ္စပါ၊ အဲဒါတွေအပြင် ဒီမိုကရေစီ တော်လှန်ရေးဟာ ဆိုရှယ်လစ် တော်လှန်ရေးကို ဘယ်လိုကူး ပြောင်းသလဲဆိုတာနဲ့ ပတ်သက်လို့လဲ မရှင်းဖူး။ ဒါတွေကြောင့် အခုတော့ ဥက္ကဋ္ဌရဲ့စာတမ်းကို ကျွန်တော် သဘောတူပါတယ်" ဆိုတဲ့ သဘော၊သူတင်ပြသွားတာကို ကျွန်တော်နားလည်လိုက်တာဖြစ်တယ်။

ကျွန်တော် ရဲဘော်ဌေးကိုမေးချင်ပါတယ်။ လီနင်ရဲ့ရေးသားချက်ဖြစ်တဲ့ 'လွှတ်တော်မှာ (၉၀)ရာခိုင်နှုန်း အမတ်ရှိတောင်မှ ပစ္စည်းမဲ့ ဆိုရှယ်လစ် အာဏာရှင်စနစ်ဖြစ်မှာ မဟုတ်ဖူး"ဆိုတာနဲ့ စတာလင်ရဲ့ ရေးသားချက်ဖြစ်တဲ့ "**ဒီမိုကရေစီတော်လှန်ရေးနဲ့ ဆိုရှယ်လစ်တော်လှန်ရေးမယ် ပစ္စည်းမဲ့လူတန်းစားရဲ့ ခေါင်းဆောင်မှုဟာ အနှစ်သာရအားဖြင့် ကွာခြားတယ်**"ဆိုတာတွေ ဘာကြောင့်မှားတယ်လို့ မြင်လာပါသလဲ။ နောက်ပြီးတော့လီနင်၊ စတာလင်ကို ပြန်မဖတ်ပဲနဲ့ မိမိရဲ့ ခံယူချက်မှားတယ်လို့ ယူဆတာဟာ ကွန်မြူနစ်တယောက်အနေနဲ့ လုပ်သင့်သလား။

တခါ ဗမာပြည်ဒီမိုကရေစီတော်လှန်ရေးမှဆိုရှယ်လစ် တော်လှန်ရေးကို ကူးပြောင်းမှုနဲ့ပတ်သက်လို့ ဘယ်လိုကူးပြောင်းမယ်၊ ဘယ်အချိန်ကူးပြောင်းမယ်။ ကူး ပြောင်း ရေး ကာလဘယ်လောက်ကြာမယ်ဆိုတာတွေကို ကျွန်တော်ကလဲ အတိအကျမပြောတတ်ဖူး။ ဘယ်သူကမှလဲ ဒါကိုကြိုတင်ပီး အတိအကျမခန့်မှန်းနိုင်ပါဖူး။ ဒါပေမဲ့ပြဿနာက ရဲဘော်မော် သင်ကြားသလို ဒီမိုကရေစီသစ်တော်လှန်ရေးက ပစ္စည်းမဲ့ ဆိုရှယ်လစ်တော်လှန်ရေးအဖြစ် ပြောင်းလဲတော်လှန်ပြီး၊ ပစ္စည်းမဲ့အာဏာရှင်စနစ် မထူထောင်မီကြားမှာ ပစ္စည်းမဲ့လူတန်းစားခေါင်းဆောင်တဲ့ လူတန်းစားလေးရပ် ပူးတွဲအာဏာရှင်စနစ် လက်အောက်ဒီမိုကရေစီသစ် နိုင်ငံတော်တရပ်ရဲ့ ကိုယ်ပိုင်ကြားကာလတခုရှိရေးလား၊ နို့မို့ရင် ထရော့စကီရဲ့ရပ်တည်ချက်အတိုင်း၊ တော်လှန်ရေးနှစ်ခုလုံးကို ရောထွေးပြီး "**တချက်ထဲနဲ့လုပ်ရေး**" လားဆိုတာပဲ၊ ဗမာ့တော်လှန်ရေးရဲ့ ဒီအခြေခံ အကျဆုံးမူအပေါ် ကနေ့ကိုဌေးက တွေဝေ လာ တာဖြစ်တယ်။ တနည်းပြောရရင် မော်က်စ်ဝါဒ၊ လီနင်ဝါဒနဲ့ ထရော့စကီဝါဒအကြား တွေဝေလာတယ်ဆိုတာကို ထင်ရှားစွာတွေ့နိုင်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြောခဲ့တဲ့အချက်နှစ်ချက်ကိုကြည့်ရင် ရဲဘော်ဌေးမှာ ပြတ်သားတဲ့ ရပ်တည်ချက်ရယ်လို့ ဘာတခုမှမရှိဘူးဆိုတာ ထင်ရှားမနေပေဘူးလား၊ ခင်ဗျားဟာ အခုဥက္ကဋ္ဌကို ထောက်ခံနေတာဟာ၊ ပါတီအကျိုး၊ တော်လှန်ရေး အကျိုးအတွက်မဟုတ်ပဲ၊ အစုအကျိုးဆက်သက်အတွက်သာ ထောက်ခံနေတယ်ဆိုတာ မထင်ရှားပေဘူးလား ခင်ဗျား။

ရဲဘော်ဌေးနဲ့ပတ်သက်ပြီး ကျွန်တော်ပြောချင်တာ ဒါလောက်ပါဘဲ။

အခုကျွန်တော်ဖော်ပြခဲ့ကဲ့ သခင်ချစ်နဲ့ ရဲဘော်ဌေးတို့ရဲ့ "ရပ်တည်ချက်"ဆိုတာတွေဟာ တကယ်ကတော့ ကွန်မြူနစ်ရပ်တည်ချက်မဟုတ်ပါဘူး။ သူတို့ကဥက္ကဋ္ဌနဲ့တကွ ကိုအောင်ကြီးတို့ကဖန်တီးခဲ့တဲ့ အောက်ခြေရဲ့ဖိအားတွေကို ကြောက်လန့်ပြီးတော့ တော်လှန်ရေးရဲ့ အခြေခံ အကျဆုံးမှုကိုစွန့်ပြီး၊ လက်မြှောက်အညံ့ခံလိုက်တာဖြစ်တယ်ဆိုတာ အလွန်ပဲရှင်းပါတယ်။ အဲတာတွေကိုကြည့်တော့ ပီဘီ(ပေါလစ်ဗြူရိုအဖွဲ့) အစည်းအဝေးမှာ ကျွန်တော်နိုင်ငံရေးအရ၊ အယူဝါဒရေးအရ ရှုံးနိမ့်သွားတာမဟုတ်ဘူးဆိုတာ အလွန်ထင်ရှားပါတယ်"

(အထက်ပါ ရဲဘော်ဘတင်၏ တင်ပြချက်မှုရင်း စာမျက်နှာ ၄၊ ၅ မှ)

ထိုနောက် ရဲဘော်ဘတင်သည် ရဲဘော်အောင်ကြီးနှင့် ပတ်သက်၍လည်း ဤသို့တင်ပြသွားလေသည်။

ရဲဘော်အောင်ကြီးရဲ့ ရပ်တည်ချက်။

ရဲဘော်အောင်ကြီးက "ရဲဘော်ဘတင်ဟာ ၄၇-ခုနှစ်တုံးကလဲ၊ ၄၇-အပြောင်းအလဲဟာ သေနင်္ဂဗျူဟာ ပြောင်းလဲချက်ဖြစ်တယ်လို့ ရပ်တည်ခဲ့တယ်။ ရေရှည်စစ်သဘောတရားကိုလဲ ဆန့်ကျင်ခဲ့တယ်။ ဒါတွေကဘာပြသလဲဆိုရင် သူ့ရဲ့မာ့က်စ်ဝါဒ၊ လီနင်ဝါဒအပေါ် နားလည်မှုဟာ တတ်ယောင်ကားဆန်တယ်။

စာအုပ်ကြီးဝါဒဆန်တယ်၊ အခုလဲသူဟာ ဒီအတိုင်းပဲ ဒါကြောင့် ပြန်စဉ်းစားပါ" လို့ ပြောသွားပါတယ်။

၄၇-ခုနှစ်တုံးက ကျွန်တော်ရဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ နားလည်မှုဟာ အကောင်အထည်မဲ့ ဖြစ်ခဲ့တဲ့အတွက်၊ ကျွန်တော်ဟာ ၄၇-ခုနှစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိုးက၊ အယူအဆအနေနဲ့ ကြီးကြီးမားမား လွဲချော်ပြီးဖြစ်ခဲ့တာ အမှန်ပဲ၊ ဒီအတွက်ပါတီက ကျွန်တော်ကို ကြီးလေးတဲ့ အပြစ်ပေးဖူး တာလဲအမှန်ပဲ၊ ဒါကြောင့် ဒီနေရာမှာ ရဲတော်အောင်ကြီး ပြောတာကို ကျွန်တော် ကန့်ကွက်စရာမလိုပါဘူး။ ဒါပေမဲ့ အခုလဲ ရဲဘော်ဘတင် ဟာ ဒီအတိုင်းပဲ" ဆိုတာကိုတော့ သဘောမတူနိုင်ဖူး။ ဘာပြုလို့လဲ၊ တခါသေဘူး ပျဉ်ဘိုးနားလည်ဆိုတာကြောင့် တကြောင်း၊ ဒုတိယ အကြောင်းကတော့ ၁၉-နှစ်တိုင်၊ ပြည်သူတို့ရဲ့ လက်နက်ကိုင်တိုက်ပွဲ ထဲမှာ ကျွန်တော် ကိုယ်ထိလက်ရောက်ပါခဲ့ပြီး၊ ကြီးမားတဲ့အတွေ့အကြုံ ရရှိလာတယ်ဆိုတာပဲ၊ တတိယအကြောင်းကတော့ အထူးသဖြင့် လွန်ခဲ့ တဲ့ ၁၁-နှစ်အတွင်းမယ်၊ ကျွန်တော်ဟာဆက်တိုက်ဆိုသလိုပဲ အလွန်နက် ရှိုင်းတဲ့ ပါတီတွင်းအယူဝါဒရေးနဲ့ နိုင်ငံရေးတိုက်ပွဲကို ဖြတ်သန်းခဲ့ရ တာဖြစ်တယ်။ ဒါကြောင့် ၄၇-ခုနှစ်က ရဲဘော်ဘတင်နဲ့ ၆၆-ခုနှစ် ရဲဘော်ဘတင်ဟာ မတူနိုင်ဖူးလို့ ပြောတာဖြစ်ပါတယ်။

ကျွန်တော်တို့အတိတ်က အဖြစ်အပျက်တွေထဲက သင်ခန်းစာက ဘာလဲ၊ မနရှင်ပေါက်စပညာတတ်တယောက်ဟာ မာ့က်စ်ဝါဒလီနင် ဝါဒစာပေတွေကို ဘယ်လောက်ပဲဖတ်ဖတ်၊ ကိုယ့်တိုင်းပြည်တော်လှန် ရေးရဲ့ လက်တွေ့နဲ့ ကြာရှည်ကင်းကွာနေရင် (ကျွန်တော် ဂျပန် ဆန့် ကျင်ရေးကာလမှာ (၃) နှစ် နိုင်ငံခြားရောက်နေခဲ့တယ်) နိုင်ငံရေးအရ ရင့်ကျက်တဲ့ တော်လှန်ရေး သမားတယောက်ဖြစ်လာဖို့ မလွယ်ကူဖူး။ တနေ့ကျရင် နိုင်ငံရေး အယူဝါဒရေးမှာ ဂျွမ်းထိုးဖို့များတယ် ဆိုတာ ပဲ။ ၄၇—ခုနှစ် မတိုင်မီ ကျွန်တော့ကိုလဲ ကျွန်တော်လေပန်းတာ တော် လို့ဆိုရမှာပေါ့လေ ရဲဘော်တွေကသိပ်ပြီး အထင်ကြီးခဲ့ကြတယ်။ ဒါ ပေမဲ့ ၄၇-ခုနှစ်မှာ ကျွန်တော် အယူအဆအမှားကို ပီဘီ(ပေါလစ်ပြူရို အဖွဲ့) စီစီ (ဗဟိုကော်မတီ)မယ် တင်ပြတော့ အကုန်လုံးက ကျွန်တော့ ကို စွန့်ပစ်ခဲ့တာပဲ။ ဒီအတွေ့အကြုံထဲက လေးနက်တဲ့ သင်ခန်းစာယူဖို့ ရဲဘော်အောင်ကြီးကို တိုက်တွန်းအပ်ပါတယ်။

ရဲဘော်အောင်ကြီးရဲ့ "သဘောတရား" ကတော့ အမျိုးသား ဒီမို ကရေစီတော်လှန်ရေးမှာ ထူထောင်မဲ့အာဏာဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ်သာ ဖြစ်တယ်ဆိုတာကို ပါတီတွင်း၌သာပြောရ မယ်။ ပါတီအပြင်ပမှာတော့ ဒီမိုကရေစီပူးတွဲအာဏာရှင်စနစ်ပဲ ပြောရ မယ်။ အာဏာရပြီးနောက် အခြေအနေရင့်မှည့်လာမှသာ ပါတီအပြင်ပ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မှာ ပစ္စည်းမဲ့အာဏာရှင်စနစ် အနှစ်သာရလို့ ဖော်ထုတ် ပြောရမယ်''ဆို တာပါပဲ။

ဒါရဲ့ အဓိပ္ပာယ်ကဘာလဲ တော်လှန်ရေးအောင်ပြီး၊ အခြေအနေ ရင့်မှည့်မလာမချင်း၊ လက်ရှိတော်လှန်ရေးက ထူထောင်မဲ့အာဏာရဲ့လူတန်းစားအနှစ်သာရနဲ့ပတ်သက်လို့ ပြည်သူလူထုကိုပညာပေး မစည်းရုံးရဖူး ဆိုတော့ ဒါရဲ့ အဓိပ္ပာယ်ဟာ တော်လှန်ရေးကို ပြည်သူလူထုက လုပ်ဖို့ မဟုတ်ဖူး။ ပါတီဝင်တစုကသာလုပ်ဖို့ ဖြစ်တယ်ဆိုတာပဲ။ ဒီနေရာမှာ ရဲဘော်အောင်ကြီးရဲ့ အကောင်အထည်မဲ့ စာအုပ်ကြီးဝါဒ လက်တွေ့ အတွေ့အကြုံမရှိတဲ့ လူထုဆန့်ကျင်ရေးပညာတတ်ဝိညာဉ်ဟာ ပေါလောကြီးပေါ်ထွက်လာပါတယ်။ ရဲဘော်ကြီး မော်ကတော့ ပါတီကိုစတင် တည်ဆောက်ကတည်းက အမျိုးသား ဒီမိုကရေစီတော်လှန်ရေးမှာ ထူထောင်မဲ့အာဏာဟာ ဓနရှင်အာဏာရှင်စနစ်လဲမဟုတ်။ ပစ္စည်းမဲ့အာဏာရှင်စနစ်လဲမဟုတ်။ ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်မှုအောက် လူတန်းစား (၄) ရပ်ရဲ့ ပူးတွဲအာဏာရှင်စနစ်သာ ဖြစ်တယ်ဆိုပြီး တောက်လျှောက် ပါတီဝင်ထုနဲ့ လူထုကို ပညာပေး စည်းရုံးခဲ့တယ်။ ဒါကြောင့်မို့လို့လဲ နောက်ဆုံးအောင်ပွဲရခဲ့တာ ဖြစ်တယ်။ ရဲဘော် အောင်ကြီးရဲ့ ''သဘောတရား'' ကိုသာ ကျွန်တော်တို့က လက်ခံရမယ် ဆိုရင် ဒီကနေ့ကစပြီး တော်လှန်ရေးကို အဆုံးသတ်ဖို့ပဲရှိပါတော့တယ်။

အခြားတဖက်က ကြည့်ရင် လူထုကို အသိမပေးရဖူးဆိုတဲ့ ဒီအကြောင်းပြချက်ဟာ ရဲဘော်အောင်ကြီးရဲ့ ''သဘောတရား''တွေအားလုံးမှာ လုံးဝအခြေအမြစ်မရှိကြောင်း ဒါတွေဟာ စကားစုကိုင်စွဲပြီး၊ လေပန်းတာသက်သက်သာဖြစ်ကြောင်းဆိုတာကို ထင်ရှားစေပါတယ်။

ရဲဘော်အောင်ကြီးရဲ့ ''သဘောတရား'' ဆိုတာတွေကို ချုပ်လိုက်ရင် လွန်ခဲ့တဲ့ (၁၀-၁၁) လလောက်က ပေါ်လစ်ဗျူရိုအစည်းအဝေးတခုမယ်၊ ရဲဘော်အောင်ကြီးက ''ကျုပ် မော်စကိုရောက်စဉ်က လီနင်ဂရက် မြို့စီယံ မှာ စတာလင်လက်ထက်က ဥရောပကွန်မြူနစ်ပါတီများရဲ့ ''ဆယ်မီနာ''တခုရဲ့ မှတ်တမ်းကို ဖတ်ခဲ့ရတယ်။ ဒီထဲမယ်အာဏာရှင် စနစ်(၂)မျိုးပဲရှိတယ်လို့ ဖော်ထားတယ်''ဆိုပြီး ပြောခဲ့တယ်။ အခုတခါ ကိုယ်ပြောခဲ့တာကိုမေ့ပြီး မော်စကိုရောက်စဉ်က ဂျာနယ်တခုမှာ ဖတ်ခဲ့ရတယ်လို့ ပြောလာပြန်တယ်။ ဒါတွေနဲ့ပတ်သက်လို့ အချက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အလက်အဖြစ် လက်ဆုပ်လက်ကိုင်မပြနိုင်ပဲ သူ့စကားကို ကျွန်တော် မယုံကြည်နိုင်ဘူးဆိုပြီး၊ ဒါကိုကျွန်တော်က ဖွင့်ချတိုက်ခိုက်တော့ အခု တမျိုးပြောလာပြန်တယ်။ အဲဒါကတော့ "၄၀-ခုနှစ်က ပါတီဆုံးဖြတ် ချက်ကို ကျုပ်က တရုပ်ပြည် ဗဟိုကော်မတီကို တင်ပြတော့ သူတို့က ဘာမှ ကန့်ကွက်ပြီး မပြောခဲ့ဖူး။ ဒါကြောင့် အနှစ်သာရ အားဖြင့် ပစ္စည်းမဲ့ အာဏာရှင်စနစ်ဖြစ်တယ်ဆိုတာ မှန်တယ်" ဆိုတာပဲ။ "တရုပ် ခေါင်းဆောင်တွေက ဘာမှပြန်မပြောလို့ ဒါကိုမှန်တယ်ဆိုပြီး ကောက် ချက်ချလို့မရနိုင်ကြောင်း" ဆိုတာကိုပြန်တိုက်တော့ အခုနောက်ဆုံး တရုပ်ကျောင်းဆရာတွေကပြောလို့ဆိုပြီး ပြောလာတာဖြစ်ပါတယ်။

ရဲဘော်အောင်ကြီးဟာ ဗဟိုကော်မတီ အဖွဲ့ဝင်တယောက်ဖြစ်လို့ သူ့ကိုယုံကြည်ဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ဒါပေမဲ့ မာ့က်စ်ဝါဒ လီနင်ဝါဒအပေါ်မှာ သ စ္စာ ရှိ ဖို့ သက်ဝင်ယုံကြည်ဖို့ ပိုကြီးတဲ့ တာ ဝန်ရှိပါတယ်။ လီနင်ရဲ့ရေးသားချက် အပေါ် အခြေခံပြီး ရဲဘော် မော်က အမျိုးသား ဒီမိုကရေစီ တော်လှန်ရေးမှာ ထူထောင်ရမဲ့ အာ ဏာဟာ မနရှင် အာဏာရှင် စနစ်လဲမဟုတ်၊ ပစ္စည်းမဲ့ အာဏာရှင်စနစ် လဲမဟုတ်။ ဒါဟာ ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်မှုအောက် လူ တန်းစား (၄) ရပ်ရဲ့ ပူးတွဲ အာဏာရှင် စနစ်ဆိုတဲ့ တတိယ အမျိုး အစားသာဖြစ်တယ်ဆိုပြီး အတိအလင်းရေးသားတာကို လေ့လာလို့ ရတယ်။ ဒါကြောင့် ရဲဘော်အောင်ကြီးရဲ့ "**သဘောတရား**"ဆိုတာ တွေဟာ မူသာဝါဒ ဖြီးလုံးလိမ်လုံး သက်သက်သာ ဖြစ်တယ်လို့ ကျွန် တော် မလွဲသာဘဲ ကောက်ချက်ချမှတ်ရတာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ (၁၁)လလောက်က အဲဒီပြောခဲ့တဲ့ ပေါလစ်ဗျူရို အစည်း အဝေးမှာပဲ ကျွန်တော်က ရဲဘော်အောင်ကြီးကို စိမ်ခေါ်ခဲ့တယ်။ "မာ့က်စ်၊အိန်ဂဲလ်၊လီနင်၊စတာလင်မော်စီတုန်းတို့ရဲ့ ရေးသားချက်တွေ ထဲက မနရှင်ဒီမိုကရေစီတော်လှန်ရေး၊ တနည်း၊ အမျိုးသား ဒီမိုကရေစီ တော်လှန်ရေးမှာ ထူထောင်ရမဲ့ အာဏာဟာ အနှစ်သာရ အားဖြင့် ပစ္စည်းမဲ့ အာဏာရှင်စနစ်ဖြစ်တယ်။ သို့မဟုတ် "**ဒီမိုကရေစီ အာဏာ ရှင်စနစ်**"ဆိုတာဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ် ဖြစ်တယ်ဆိုဘာတွေကိုစာကြောင်းတကြောင်း၊ စကားစုတစုစကားလုံး တလုံးကို တိုက်ရိုက်ကိုးကားပြီး သက်သေထူပြစမ်းပါ၊ ပြနိုင်တယ်ဆိုရင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်တော် ချက်ချင်း လက်မြှောက်ပါမယ်'' ဆိုတာပဲ။ ကနေ့တိုင် ရဲဘော်အောင်ကြီးက ဒါကို သက်သေ ထူမပြနိုင်ဖူး။

ယခုနောက်ဆုံး ရဲဘော်အောင်ကြီးကို ကျွန်တော် တိုက်တွန်းချင်တာ နောက်တခုလဲရှိသေးတယ်။ အဲဒါက ၄၉-ခုနှစ်၊ ဇန္နဝါရီလမှာ ဗဟိုကော်မတီ အစည်းအဝေးကိုလာတက်ရင်း ပျဉ်းမနားမှာ ကျွန်တော်နဲ့ အတူတူ အိပ်ယာချင်းယှဉ်ပြီး အိပ်ခဲ့ရတယ်။ အဲဒီတုန်းက ရဲဘော်အောင်ကြီးက ကိုယ်ရေးကိုယ်တာအကြောင်းတွေ ပြောရင်း သူဟာ ''ပညာရှင်တယောက်ရဲ့ ရိုးသားမှုကိုတော့ ဘယ်တော့မှ လက်မလွှတ်ဖူး''ဆိုပြီး ကျွန်တော့်ကိုပြောဖူးတယ်။ ဒီနောက်မှာ သူနဲ့ကျွန်တော် ကွဲသွားခဲ့တာဟာ ၆၃-ခုနှစ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကာလမှာမှ ပြန်တွေ့ရတယ်။ ဒီ(၁၃)နှစ်ကြားကာလမှာ ရဲဘော်အောင်ကြီးနဲ့ပတ်သက်လို့ရှိရင် သူပြောခဲ့တဲ့ ခုနကစကားကိုပဲ အမြဲတမ်း ကျွန်တော်သတိရခဲ့တယ်။ ဒါကြောင့်ပဲ သူပြန်လာတော့ မြော်လင့်ချက်ကြီးစွာနဲ့ သူ့ကို လိုက်လိုက်လှဲလှဲ ခရီးဦးကြိုပြုခဲ့တယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၂-နှစ်ခွဲကျော် ၃-နှစ် အတောအတွင်းမယ် ၄၉-ခုနှစ်တုံးက သူ့ကိုယ်နဲ့ပတ်သက်ပြီး ပြောခဲ့တဲ့ဟာမဟုတ်တော့ဖူးလို့ တဖြေးဖြေးမြင်လာတော့ ကျွန်တော် အကြီးအကျယ် မှိုင်းကျတ်လာတာ ဖြစ်သွားတယ်။ ဒါကြောင့်ရဲဘော်အောင်ကြီးအနေနဲ့ ကိုယ်ရဲ့တခါကပြောခဲ့တဲ့စကားကို ပြန်ပြီးအမှတ်ရပါလို့ ပြောချင်ပါတယ်။

(အထက်ပါ ရဲဘော်ဘတင်၏ တင်ပြချက်မူရင်း
စာမျက်နှာ ဂ-မှ-၁ဂ)

ရဲဘော်ဘတင်သည် ဗိုလ်ရန်အောင်နှင့်ပတ်သက်၍လည်း ဤသို့ပင် တင်ပြလေသည်။

ရဲဘော်ရန်အောင်ရဲ့ ရပ်တည်ချက်။

ဗိုလ်ရန်အောင်ရဲ့ ရပ်တည်ချက်နဲ့ပတ်သက်လို့ အချို့အဝက်ကို ယခင် သခင်ချစ်ကို ဖြေကြားရာမှာ ပြောပြီးဖြစ်တာမို့ အခုထပ်မံပြီးတော့ အချို့အဝက်ကိုသာ ပြောသွားပါမယ်။

ဗိုလ်ရန်အောင်ဟာ ဒီပီဘီ (ပေါလစ်ဗြူရိုအဖွဲ့) အစည်းအဝေးမယ်ကြီးမားတဲ့အကျိုးပြုချက် ပြုခဲ့တယ်လို့ ပြောချင်ပါတယ်။ အခု ပီဘီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ပေါလစ်ဗြူရိုအဖွဲ့) အများစုက လက်ခံထားတဲ့ သခင်သန်းထွန်းရဲ့ "**သဘောတရား**"တွေကို ဗိုလ်ရန်အောင်အနေနဲ့ အကောင်းဆုံး သရုပ်ဖော်ပြနိုင်တာ မို့လို့ပါပဲ။

အမှန်မှာဗိုလ်ရန်အောင်က "**သန်းထွန်းဝါဒ**"ကို သခင်သန်းထွန်းထက်တောင် ပိုပြီးတိကျစွာ သရုပ်ဖော်ပြနိုင်လို့ပါပဲ။

ဒါတွေက ဘာတွေလဲ။

ပထမအားဖြင့် ဗိုလ်ရန်အောင်က "ဗမာပြည်ဟာ မနရှင် အာဏာရှင်စနစ်လက်အောက် တိုင်းပြည် ဖြစ်တယ်။ ဒါကြောင့် ဗမာပြည်တော်လှန်ရေးဟာ အရင်းရှင်စနစ်က ကွန်မြူနစ်စနစ်ကို ကူးပြောင်းရေးဘောင်အတွင်းမှာပါတယ်"ဆိုပြီး ဗမာပြည်တော်လှန်ရေးရဲ့အရင်းခံ လက္ခဏာချက်ကို ဖော်ပြသွားတယ်။ ဒါရဲ့အဓိပ္ပာယ်ကတော့ ကနေ့အဆင့် ဗမာ့တော်လှန်ရေးရဲ့ လက္ခဏာချက်ဟာ နယ်ချဲ့ဆန့်ကျင်ရေး ပဒေသရာဇ် ဆန့်ကျင်ရေး တနည်း မနရှင်ဒီမိုကရေစီ လက္ခဏာချက် မဟုတ်တော့ဖူး။ ဗမာပြည်အာဏာရ မနရှင်အစိုးရများ အထူးသဖြင့် ဗိုလ်နေဝင်းအစိုးရက ဗမာပြည်ရဲ့ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်းကို တော်လှန်ပြောင်းလဲပြီးဖြစ်တယ်။ ဒါကြောင့် မနရှင်ဒီမိုကရေစီတော်လှန်ရေးဟာ လုံးဝကုန်ဆုံးပြီး ဆိုရှယ်လစ်တော်လှန်ရေး တနည်း အရင်းရှင်စနစ်တိုက်ဖျက်ရေး တော်လှန်ရေးကို ကူးပြောင်းနေပြီ ဖြစ်တယ်ဆိုတာပဲ။ "**သန်းထွန်းဝါဒ**"ရဲ့ အနှစ်သာရက လဲ ဒါပါပဲ။

ဒုတိယအားဖြင့် ဗိုလ်ရန်အောင်က "ဦးစိန္ဒာနဲ့ ပြည်သူ့ရဲဘော်တို့ဟာ ၁၀-နှစ်တိုင် ပစ္စည်းမဲ့ တော်လှန်ရေးကိုလုပ်ပြီး ထွက်သွားခဲ့တယ်။ အခုကျွန်တော်တို့က ပစ္စည်းမဲ့တော်လှန်ရေးကို ဆက်ပြီး လုပ်နေတာဖြစ်တယ်"လို့ ပြောသွားပါတယ်။ ဒါရဲ့အဓိပ္ပာယ်ကတော့ လက်တွေ့အရလဲ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဗမာပြည်ရဲ့ လက်ရှိအဆင့်တော်လှန်ရေးမယ် ပစ္စည်းမဲ့ဆိုရှယ်လစ် တော်လှန်ရေးလုပ်နေတာသာဖြစ်တယ်။ တနည်း မနရှင်ဒီမိုကရေစီတော်လှန်ရေးကို ဖြတ်ကျော်ပီး ပစ္စည်းမဲ့ဆိုရှယ်လစ်တော်လှန်ရေးကို လုပ်နေတာသာဖြစ်တယ်ဆိုတာပါပဲ။ ပီဘီ(ပေါလစ်ဗြူရိုအဖွဲ့)အများစုကလဲ ဒါကို ပြောင်မပြောဝံ့ပေမဲ့ "**သန်းထွန်းဝါဒ**"ရဲ့ အနှစ်သာရက ဒါပါပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တတိယအားဖြင့် ဗိုလ်ရန်အောင်အနေနဲ့ "ဗမာပြည် အခြေအနေမှာ အလုပ်သမားလူတန်းစားက ခေါင်းဆောင်ရမယ်ဆိုပြီး ဖော်ထုတ်ရုံနဲ့ မလုံလောက်ဘူး။ အလုပ်သမားလူတန်းစားက အာဏာသိမ်းရမယ်ဆိုတာကို လူထုထဲမှာ ပြောင်ဖော်ထုတ်ရမယ်"လို့ ပြောသွားပါတယ်။ ဒါရဲ့အဓိပ္ပာယ်ကတော့ "နယ်ချဲ့ပဒေသရာဇ်စနစ် ကျဆုံးရမယ်၊ အလုပ်သမားအစိုးရ ထူထောင်ရမယ်"ဆိုတဲ့ ကြွေးကြော်သံကို ဖော်ထုတ်ဖို့ပဲ။ ဒါဟာ ဗမာ့တော်လှန်ရေးရဲ့ အရင်းခံအားဖြင့် ခြားနားတဲ့ အဆင့်နှစ်ဆင့်ကို လုံးဝရောထွေးပစ်တဲ့ ထရော့စကီရဲ့ "ဇာစနစ် ကျဆုံးရမယ်၊ အလုပ်သမားအစိုးရ ထူထောင်ရမယ်"ဆိုတဲ့ တန်ပြန်တော်လှန်ရေးဝါဒနဲ့ ထပ်တူဖြစ်တယ်။ **"သန်းထွန်းဝါဒ"**ရဲ့ အနှစ်သာရကလဲ ဒါပါပဲ။

စတုတ္ထအားဖြင့် ဗိုလ်ရန်အောင်အနေနဲ့ "၁၉၁၇ - ခုနှစ်၊အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးအပြီး၊ တိုင်းပြည်တိုင်းရဲ့ တော်လှန်ရေးဟာ ကမ္ဘာ့ ဆိုရှယ်လစ်တော်လှန်ရေး သေနင်္ဂဗျူဟာရဲ့ အစိတ်အပိုင်းဖြစ်တဲ့အတွက် တိုင်းပြည်တိုင်းရဲ့ တော်လှန်ရေးဟာလဲ ပစ္စည်းမဲ့တော်လှန်ရေးဖြစ်ပြီး၊ ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို ထူထောင်ဖို့ဖြစ်တယ်။ ဒီမိုကရေစီတော်လှန်ရေးအဆင့်နဲ့ ဆိုရှယ်လစ်တော်လှန်ရေး အဆင့်ဆိုတာတွေဟာ ဒီပစ္စည်းမဲ့တော်လှန်ရေး သေနင်္ဂဗျူဟာ လက်အောက်မယ်၊ နည်းပရိယာယ်အဆင့်တွေသာ ဖြစ်ပါတယ်"လို့ ပြောသွားပါတယ်။ ဒါရဲ့အဓိပ္ပါယ်ကတော့ မနေရှင်တော်လှန်ရေးနဲ့ ပစ္စည်းမဲ့ တော်လှန်ရေး (ဝါ)ဆိုရှယ်လစ်တော်လှန်ရေးတွေဟာ အရင်းခံအားဖြင့် အတူတူဖြစ်တယ်။ နည်းပရိယာယ်အရသာ ကွာခြားတယ်ဆိုတာပဲ။ ဒါကြောင့်လဲ သူက ဗမာပြည်အမျိုးသား ဒီမိုကရေစီ တော်လှန်ရေးကို ပစ္စည်းမဲ့တော်လှန်ရေးလို့ ပြောခဲ့တာ ဖြစ်တယ်။ (ဒုတိယအချက်မှာ ရှင်းပြီးဖြစ်တဲ့အတိုင်း) ဒါဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒရဲ့ "**အဆင့်ဆင့်တော်လှန်ရေး**"သဘောတရားကို ပြောင်ပယ်ချတာဖြစ်တယ်။ "**သန်းထွန်းဝါဒ**"ရဲ့ အနှစ်သာရကလဲ ဒါပါပဲ။

ပဉ္စမအားဖြင့် ဗိုလ်ရန်အောင်အနေနဲ့ "လီနင်ဝါဒအရ၊ လူတန်းစားလူ့အဖွဲ့အစည်းတိုင်းမယ်၊ ကေန်မုချ လူတန်းစားတရပ်ထဲရဲ့ အာဏာရှင်စနစ်သာရှိရမယ်။ ဒါကြောင့် ကမ္ဘာမှာ အာဏာရှင်စနစ် နှစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မျိုးပဲ့ရှိတယ်။ သုံးမျိုးမရှိနိုင်၊ ဗမာပြည်အစိုးရက ဓနရှင်အာဏာရှင်စနစ်ရဲ့အစိုးရသာဖြစ်တဲ့အတွက် ဗမာပြည် တော်လှန်ရေးဟာ ပစ္စည်းမဲ့တော်လှန်ရေးဖြစ်ပြီး၊ ထူထောင်ရမဲ့အာဏာဟာလဲ ပစ္စည်းမဲ့အာဏာရှင်စနစ်သာဖြစ်ရမယ်”ဆိုပြီးပြောသွားပါတယ်။ ဒါရဲ့အဓိပ္ပါယ်ကတော့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ကနေ့ဗိုလ်နေဝင်းအစိုးရကိုလက်နက်ကိုင်ဆန့်ကျင်ရာမှာ ပြည်ပကနယ်ချဲ့စနစ်နဲ့ ပြည်တွင်းပဒေသရာဇ်စနစ် ဆန့်ကျင်ရေး တော်လှန်ရေးကိုလုံးဝပြီးဆုံးစေရေးအတွက်မဟုတ်ပဲ၊ အောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေးရဲ့ နမူနာအတိုင်း၊ ဆိုရှယ်လစ်တော်လှန်ရေးဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ် ထူထောင်ပြီး၊ အရင်းရှင်စနစ်ကိုအဓိကဦးတည်တိုက်ဖျက်ရင်း ပဒေသရာဇ် ဆန့်ကျင်ရေး တော်လှန်ရေးရဲ့တာဝန်ကိုလဲ လုံးဝပြီးဆုံးစေရေး၊ တနည်း နယ်ချဲ့ရှုရှားတိုင်းပြည်မယ် တော်လှန်ရေးနဲ့ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည်မယ် တော်လှန်ရေးကိုမခွဲခြားရေးပဲ့ဖြစ်ပါတယ်၊ “သန်းထွန်းဝါဒ”ရဲ့အနှစ်သာရကလဲ ဒါပါပဲ။

ဆင့်မအားဖြင့် ဗိုလ်ရန်အောင်က လီနင်ဝါဒကျမ်းထဲကရော အခြားကျမ်းအချို့ထဲကရော မသက်ဆိုင်တဲ့ စာပိုဒ်အမြောက်အမြားကိုကိုးကားပြီး “အလုပ်သမား လယ်သမား ပူးတွဲအာဏာရှင်စနစ်တို့ လူတန်းစားလေးရပ်ရဲ့ ပူးတွဲအာဏာရှင်စနစ်တို့ဟာ စင်စစ်မယ် ပစ္စည်းမဲ့အာဏာရှင်စနစ်ရဲ့ သဏ္ဍာန်သာဖြစ်တယ်” လို့ပြောသွားပါတယ်။ ဒါရဲ့အဓိပ္ပါယ်ကတော့ ၁၉၁၇-ခုနှစ်၊ အောက်တိုဘာလ တော်လှန်ရေးမတိုင်မီက ဆိုဗီယက်အာဏာဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ်သာဖြစ်ခဲ့တယ်။ ၄၉-ခုနှစ်၊ တရုပ်ပြည်သူ့သမတနိုင်ငံမထူထောင်မီ တော်လှန်တဲ့အခြေခံဒေသတွေမယ်ရှိခဲ့တဲ့ အာဏာဟာလဲ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ်သာဖြစ်ခဲ့တယ် ဆိုတာပဲ။ ဒါဟာလီနင်ကတိုက်ရိုက်ပြောခဲ့တဲ့ “ဆိုရှယ်လစ်အာဏာရှင်စနစ်မဟုတ်ပဲ၊ ဒီမိုကရေစီ အာဏာရှင်စနစ်သာ ဖြစ်တယ်” ဆိုတာနဲ့ လူရှောချီရဲ့ အစီရင်ခံစာမှာဖော်ထားတဲ့“တရုပ်ပြည်သူ့သမတနိုင်ငံထူထောင်ပြီး နောက်ပိုင်းမယ် အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ဖြစ်လာတယ်”ဆိုတာတွေကို တိုက်ရိုက် ဆန့်ကျင်နေတာဖြစ်တယ်။ အမှန်မှာ ဒါဟာ သစ္စာဖောက် ထရော်စကီရဲ့ “လက်ဝဲ” အချောင်သမားရပ်တည်ချက်ဖြစ်တဲ့“ဓနရှင်တော်လှန်ရေးမှာ၊ ပစ္စည်းမဲ့အာဏာရှင်စနစ်ထူထောင်ရမယ်”ဆိုတာနဲ့သစ္စာဖောက် ကောက်စကီရဲ့လကျာအ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အချောင်သမားရပ်တည်ချက်ဖြစ်တဲ့ " အောက်တိုဘာတော်လှန်ရေး မတိုင်မီက ဆိုဗီယက်အာဏာတွေဟာလဲ ပစ္စည်းမဲ့အာဏာရှင်စနစ်သာ ဖြစ်ခဲ့တယ်" ဆိုတာတွေကိုတပေါင်းတည်းပေါင်းထားတဲ့ အဆိုးဝါးဆုံး ရောကြော် အချောင်သမားဝါဒသာဖြစ်တယ်။ "သန်းထွန်းဝါဒ" ရဲ့ အနှစ်သာရကလဲဒါပါပဲ။

သတ္တမအားဖြင့် ဗိုလ်ရန်အောင်က "ကူးပြောင်းရေးကာလရဲ့ ပူးတွဲ အာဏာရှင်စနစ်ဝါဒ ကျဆုံးပါစေ" ဆိုတဲ့ ကြွေးကြော်သံနဲ့ နိဂုံးချုပ် သွားပါတယ်။ ဒါရဲ့အဓိပ္ပါယ်ကတော့ မာ့က်စ်ဝါဒရဲ့ "တော်လှန်ရေး ရဲ့ ကူးပြောင်းမှု" သဘောတရားကိုလည်းကောင်း၊ ကူးပြောင်းရေး ကာလမှာ အလုပ်သမား လယ်သမားများရဲ့ ဒီမိုကရေစီအာဏာရှင်စ နစ်လို့ ဖော်ထုတ်ခဲ့တဲ့လီနင်ဝါဒကိုလည်းကောင်း၊ကူးပြောင်းရေးကာလ မှာ လူတန်းစား(၄)ရပ်ရဲ့ ပူးတွဲအာဏာရှင် စနစ်ဆိုပြီး ဖော်ထုတ်ခဲ့တဲ့ ရဲဘော် မော်စီတုန်းရဲ့အတွေး အခေါ်တွေကိုလည်းကောင်း၊ ကျဆုံး ပါစေဆိုတာပဲ၊ စင်စစ်မယ် ဒါဟာမာ့က်စ်ဝါဒ လီနင်ဝါဒ ကျဆုံးပါစေ၊ မော်စီတုန်း အတွေးအခေါ် ကျဆုံးပါစေဆိုတဲ့ ကြွေးကြော်သံပဲဖြစ်ပါ တယ်။ "သန်းထွန်းဝါဒ" ရဲ့ အနှစ်သာရဟာလဲဒါပါပဲ။

ဗိုလ်ရန်အောင်ဟာ "သန်းထွန်းဝါဒ" ရဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါ ဒနဲ့ မော်စီတုန်း အတွေးအခေါ်ကို ဖျက်ဆီးတဲ့တနည်း ဗမာ့တော် လှန်ရေးကို လုံးဝဖျက်ဆီးတဲ့ သရုပ်ကိုအကောင်းဆုံး ဖော်ထုတ်နိုင် တဲ့အတွက် သူ့ကိုကျွန်တော်အများကြီး ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဗိုလ်ရန်အောင်ရဲ့အခြားရပ်တည်ချက်များနဲ့ ပတ်သက်လို့ သူ့အ ရင်ရဲဘော်များကို ဖြေကြားရင်းပြောပြီး ဖြစ်တာမို့ထပ်မံမဖြေကြား တော့ပါ။

(၅) အခြေခံလုပ်ငန်း စည်းမျဉ်း ဥပဒေ အစည်းအဝေးနှင့် ပါတီ ကွန်ဂရက် အခွင့်အာဏာ

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် စခန်းသည် ပြည်ခရိုင်၊ ပေါက် ခေါင်းမြို့နယ်၏ တောင်ဘက် အစွန်ဆုံးနှင့် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် ၏ မြောက်ဖက် အစွန်ဆုံးဖြစ်သော ကွင်းသာချောင်းကျေး၌ စခန်းချထား၏။ ယင်း ဗဟိုဌာနချုပ်စခန်းအား လဲပင်စခန်းဟူ၍ ခေါ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုလဲပင် ဗဟိုဌာနချုပ်စခန်း တွင် ဒုတိယပတ် ဗဟိုမဲ့ကင်စ် လီနင် ဝါဒ ကျောင်းသည်လည်း ရှိနေလေသည်။

ထို့ကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် စခန်းတွင် လူပေါင်း (၁၀၀) ခန့်ပင် စုဝေး၍နေကြလေသည်။

၁၉၆၇ - ခုနှစ် မတ်လ (၂၉)ရက်နေ့၏ နံနက် ၇း၃၀ - နာရီတွင် ဖြစ်လေ သည်။

ဤအချိန်၌ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ''အခြေခံ လုပ်ငန်းစဉ်နှင့် စည်း မျဉ်းဥပဒေ'' နှင့်ပတ်သက်သည့် အစည်းအဝေးကို ကျင်းပခြင်းဖြစ်လေသည်။

အခြေခံ လုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေနှင့် ပတ်သက်သော အစည်း အ ဝေးသို့ဒုတိယပတ် ဗဟိုမဲ့ကင်စ် လီနင်ဝါဒကျောင်းမှ ကျောင်းဆရာအဖွဲ့ နှင့် ကျောင်းသားများ တိုင်းကော်မတီများ၊ ဗဟိုဌာနချုပ်စခန်းပါတီ ကော် မတီများသာ တက်ရောက်ရန်အတွက် သတ်မှတ်၍ထားလေသည်။

ဗဟိုဌာနချုပ်စခန်း ပါတီကော်မတီတွင်....

(၁) ရဲဘော်ထွန်းရှိန် (ရဲဘော်ဖေငြိမ်း)
(၂) ရဲဘော်ဘခက်
(၃) ဗိုလ်တင်မောင် (ဗိုလ်သိန်းထွန်း)
(၄) ရဲဘော်ညာဏ်ကျော် (ရဲဘော်ညိုအောင်)
တို့ပါဝင်ကြလေသည်။

ထို့ကြောင့် ယင်းအစည်းအဝေးသို့ တက်ရောက်ခွင့်ရသူများမှာ (၅၀) ခန့် သာရှိလေသည်။

အခြေခံလုပ်ငန်းစဉ် စည်းမျဉ်းဥပဒေနှင့် ပတ်သက်သော အစည်း အဝေး တွင် သဘာပတိမှာ သခင်သန်းထွန်း ဖြစ်၏။ အခမ်းအနားမှူးမှာမူ ရဲဘော် ထွန်းရှိန် (ရဲဘော်ဖေငြိမ်း) ဖြစ်ပေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ၏ အခြေခံ လုပ်ငန်းစဉ် စည်းမျဉ်း ဥပဒေနှင့် ပတ်သက်သော အစည်းအဝေးတွင်အစည်းအဝေးဖွင့်မိန့်ခွန်းကို ဗဟိုကော်မတီ ဥက္ကဋ္ဌ သခင်သန်းထွန်းမှ ဤသို့ပြောကြားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"အခြေခံလုပ်ငန်းစဉ် စည်းမျဉ်းဥပဒေနဲ့ ပတ်သက်တဲ့ ဒီဆွေးနွေးပွဲမှ အပိုင်း (၃) ပိုင်းကိုပြောမယ်။

အခု ဒီအစည်းအဝေးရဲ့ လက္ခဏာကိုပြောချင်တယ်။ ဒီဆွေးနွေးပွဲကို တက်ရောက်ဆွေးနွေးဖို့ သတ်မှတ်ထားတာက ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း ကျောင်းသားရဲဘော်တွေ ကျောင်းဆရာတွေ စခန်းကော်မတီ ရဲဘော်တွေ ဒီလို သုံးမျိုးကို သတ်မှတ်ထားတယ်။

အစည်းအဝေးရဲ့သဘော ဘယ်လိုရှိတယ်ဆိုတာကို သိဖို့လိုတယ်။ အစည်းအဝေးရဲ့ သဘောဟာ လေ့လာရေးသက်သက် ဆွေးနွေးပွဲ မဟုတ်ဘူး။ အလုပ်လုပ်ဖို့ အစည်းအဝေးဖြစ်တယ်။ တနည်းပြောရင် စည်းရုံးရေး လက္ခဏာရှိတဲ့ အစည်းအဝေးဖြစ်တယ်။ တခြား-တနည်းနဲ့ ပြောရရင် ပါတီ အစည်းအဝေး ဖြစ်တယ်။

ပြီးခဲ့တဲ့ကျောင်းမှာ တနှစ်လုံးလုံး အတွေးအခေါ် တည်ဆောက်ပြီး ဆွေးနွေး တင်ပြကြတယ်။ ကိုယ်တိုင်လေ့ကျင့်မွေးမြူရေး လက္ခဏာလဲဆောင်ခဲ့တယ်။ အခုဒီမှာဆွေးနွေးနေတဲ့ ဆွေးနွေးပွဲက ပါတီတခုလုံးရဲ့ လက္ခဏာ ပါတီ တခုလုံးရဲ့ လက္ခဏာတွေမှာ ဘာဖြစ်သင့်တယ်ဆိုတာတွေကို တိတိကျကျသဘောထားဆန္ဒတွေကို ပေးကြရမှာဖြစ်တယ်။ ပြီးခဲ့တဲ့လေ့လာရေး ဆွေးနွေးပွဲတွေနဲ့ လုံးဝမတူဘူး။ ဒါမျဉ်းခွဲလိုက်တာဖြစ်တယ်။

ဒီပါတီ အစည်းအဝေးရဲ့ လေးနက်တဲ့ အတိုင်းအတာ ဘယ်လောက်ရှိသလဲ ဆိုတာပြောချင်တယ်။ လေးနက်မှုနဲ့ပတ်သက်ရင် **အခုအစည်းအဝေးဟာ ကွန်မြူနစ်ပါတီရဲ့ပါတီကွန်ဂရက် လက္ခဏာကိုဆောင်တဲ့ အစည်းအဝေး လို့ပြောနိုင်တယ်။**

နောက်တခုကိုပြောမယ်။ ဒီကနေ့ပါတီ တရပ်လုံး အတွင်းမှာ အတွေး အခေါ်နှစ်ရပ် လမ်းစဉ်နှစ်ရပ်တိုက်ပွဲဟာ ပြင်းပြင်းထန်ထန် ဖြစ်နေတယ်လို့ ပြောခဲ့ပြီးပြီ၊ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ်ကတဖက် ပြန်လည် ပြင်ဆင်ရေးဝါဒကတဖက် တိုက်ပွဲဖြစ်နေတယ်။ တနည်း အားဖြင့် ပြောရင် ပစ္စည်းမဲ့ လူတန်းစား အတွေးအခေါ်ကတဖက်၊ ဓနရှင်လူတန်းစား အတွေး အခေါ်က တဖက် တိုက်ပွဲ အပြင်းအထန် ဖြစ်နေတယ်။ ဒီအစည်းအဝေးတက်သူတွေဟာ မိမိဘယ်ဖက်က ရပ်တည်ရမယ်ဆိုတာကို ပိုင်းဖြတ်ရမယ်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ပေါ်က ရပ်တည်ပြီး ပြန်လည်ပြင်ဆင်ရေး ဝါဒကို တိုက်ခိုက်ချေမှုန်းပစ်ဖို့ တာဝန်ရှိနေတယ်ဆိုတာ မြင်ဖို့လိုတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခြေခံလုပ်ငန်းစဉ်နဲ့ စည်းမျဉ်းကို လေ့လာရင်း ရဲဘော်တွေရဲ့ခေါင်းထဲမှာ ဒီလိုပေါ်နိုင်တယ်။ တနှစ်လုံးငါတို့ကျောင်းမှာ သင်ခဲ့တာတွေပဲ။ ထောက်ခံလိုက်ရင်ပြီးတာပဲလို့ ပေါ်နိုင်တယ်။ ထောက်ခံရုံနဲ့ မလုံလောက်ဘူး။ အခုဒီကျောင်းမှာရရှိတဲ့ အတွေးအခေါ်ဆိုတာဟာ တနှစ်ကျော်လုံးပန်းတိုက်ခိုက်ပြီးမှ တစုံရလာတာဖြစ်တယ်။

ရဲဘော်တို့အခု ဒီဆွေးနွေးပွဲမှာ ပြန်လည်ပြင်ဆင်ရေး အတွေးအခေါ်ကို တွေ့လာရင် ရန်သူ့အတွေးအခေါ်အဖြစ်နဲ့ မညှာမတာ မစေ့စပ်တမ်း ပြတ်ပြတ်သားသားတိုက်ရမယ်။ ရန်ဖက်အဖြစ် ပြတ်ပြတ်သားသား တိုက်ရမယ်။ နောက်တခုက ကျွန်တော်တို့ရဲ့ စာတမ်းတွေဟာမာ့က်စ်ဝါဒ၊ လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်နဲ့ ကိုက်ညီတယ်ဆိုရင် ပါတီတရပ်လုံးမှာအောင်ပွဲခံနိုင်အောင် ရဲဘော်တို့ဟာ ဆက်လက်ပြီးတော့ အစွမ်းကုန် တိုက်သွားဖို့ အထူးလေးနက်ကြဖို့လိုတယ်။

အခုဆွေးနွေးကြမှာက ပါတီရဲ့သေရေးရှင်ရေး ပြဿနာကို ဆွေးနွေးကြရမှာဖြစ်တယ်၊ ဒါကြောင့် ရဲဘော်တွေအနေနဲ့ မိမိတို့ရဲ့ခံယူချက်နဲ့ အယူအဆတွေကို ပွင့်ပွင့်လင်းလင်းပဲ တင်ပြဆွေးနွေးသွားကြဖို့ အလွန်ပဲအရေးကြီးတယ်ဆိုတာပဲပြောချင်တယ်။

ရဲဘော်တို့ ပွင့်ပွင့်လင်းလင်းပဲ တင်ပြဆွေးနွေးကြပါ။''

(အခြေခံလုပ်ငန်းစဉ် စည်းမျဉ်းဥပဒေနှင့် ပတ်သက်သော အစည်းအဝေး၌ သခင်သန်းထွန်း၏ အစည်းအဝေးဖွင့်မိန့်ခွန်းမှ)။

ဤသို့ပင် သခင်သန်းထွန်းသည် အခြေခံလုပ်ငန်းစဉ် အခြေခံစည်းမျဉ်းဥပဒေနှင့်ပတ်သက်သော အစည်းအဝေးဖွင့် မိန့်ခွန်းကို အကျယ်တဝင့် ပြောကြားသွားလေသည်။

ထိုနောက်တွင် ရဲဘော်အောင်ကြီးသည် ပေါလစ်ဗျူရိုအဖွဲ့ကို ကိုယ်စားပြု၍ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေကိုအသေးစိတ်ပင် တင်ပြသွားလေသည်။

၁၉၆၇-ခုနှစ်၊ ဧပြီလ(၂)ရက်နေ့တွင် ရဲဘော်အောင်ကြီးတင်ပြသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ အခြေခံလုပ်ငန်းစဉ် စည်းမျဉ်းဥပဒေ (မူကြမ်း)ကို ဗဟိုမဒ္ဒက်စ် လီနင်ဝါဒကျောင်း ကျောင်းဆရာအဖွဲ့နှင့် ကျောင်းသားများသည် ထောက်ခံ၍ ဆွေးနွေးသွားကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်း အခြေခံလုပ်ငန်းစဉ် စည်းမျဉ်းဥပဒေကို ထောက်ခံ ဆွေးနွေးရာတွင် **"အလိုက်လှဲတကာ့အလိုက်လှဲဆုံး"** **"အပျော်ရွှင်တကာ့အပျော်ရွှင်ဆုံး"** **"အပြတ်သားတကာ့အပြတ်သားဆုံး"** စသည် စသည်ဖြင့် အတက်ကြွဆုံးသော အမူအရာများဖြင့် အားရပါးရပင်ထောက်ခံ၍ သွားကြလေသည်။

ထို့နောက်တွင် ဗဟိုဌာနချုပ်စခန်း ကော်မတီ၏ ထောက်ခံဆွေးနွေးရမည့်နေ့နှင့် အချိန်သို့ရောက်၍ လာလေသည်။

၁၉၆၇-ခုနှစ်၊ ဧပြီလ (၄) ရက်နေ့ နေ့လည်တွင်ဖြစ်၏။ ရဲဘော်ဘခက်သည် ဗဟိုဌာနချုပ်စခန်းကော်မတီအတွင်းရေးမှူးဖြစ်သော ရဲဘော်ထွန်းရှိန်(ရဲဘော်ပေငြိမ်း)မှ တဆင့် ရဲဘော်အောင်ကြီး တင်ပြသော အခြေခံ လုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေကို အခြေခံအားဖြင့် ဆန့်ကျင် ကန့်ကွက်ကြောင်းကို သခင်သန်းထွန်းအား တင်ပြလိုက်လေသည်။

ထို့ကြောင့် ဗဟိုဌာနချုပ်စခန်းသည် အထူးပင်လှုပ်ရှား၍ သွားလေတော့သည်။

အခြေခံလုပ်ငန်းစဉ် စည်းမျဉ်းဥပဒေနှင့် ပတ်သက်သော အစည်းအဝေး၏ အခြေအနေသည်လည်း လုံးဝပင်ပြောင်းလဲ၍သွားလေသည်။

ထိုအချိန်မှစ၍ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် အခြေခံလုပ်ငန်းစဉ်အစည်းအဝေး၌ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ပယ်ဖျက်လိုက်ကြတော့သည်။

ယင်းအစည်းအဝေးသို့ ဗဟိုဌာနချုပ်အတွင်း၌ရှိသော လူငယ်လေးများ အမျိုးသမီးလေးများနှင့် ကင်းတပ်သားများပါ တက်ကြရတော့၏။ ထို့ပြင် ကရင်ဆင်ဆွဲရွာမှ ဗဟိုဌာနချုပ်စခန်းသို့ ရောက်ရှိနေသော ကရင်လူငယ်လေးများ၊ ကရင်အမျိုးသမီးလေးများပါတက်ရောက်စေတော့၏။ အသက်(၅)နှစ်သားလေးသာရှိသော **"ဖညက်ကလေး"** ကိုပင် တက်စေလေသည်။

၁၉၆၇-ခုနှစ်၊ ဧပြီလ (၄) ရက်နေ့ညတွင်ဖြစ်သည်။

ဗဟိုဌာနချုပ်စခန်း ပါတီကော်မတီအဖွဲ့ဝင်ဖြစ်သော ဗိုလ်တင်မောင် (ဗိုလ်သိန်းထွန်း) သည်၊ ဗဟိုဌာနချုပ်ပါတီကော်မတီအဖွဲ့၏ ကိုယ်စား အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေကို အလေးအနက်ထောက်ခံ၍ တင်ပြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုသို့ ဗိုလ်တင်မောင်မှ ထောက်ခံ၍ တင်ပြဆွေးနွေးနေစဉ်တွင် ဗဟိုစခန်းမှ တပ်နီလူငယ်လေးများသည် တက်ကြွစွာထောက်ခံသောကြွေးကြော်သံများကို မကြာခဏပင်ကြွေးကြော်၍ နေကြလေသည်။

"၅၅-ပြန်ပြင်ရေးသမားတွေကို .... ထုတ်ပစ်-ထုတ်ပစ်"

"ငြိမ်းချမ်းရေးသမားတွေကို .... ထုတ်ပစ်-ထုတ်ပစ်"

"တော်လှန်စစ်တံခွန်ကို .... လွှင့်ထူကြ-လွှင့်ထူကြ"

ဤသည်တို့မှာ ဗဟိုဌာနချုပ်စခန်း၏ပတ်ဝန်းကျင်တခုလုံးတွင် ပဲ့တင်ထပ်၍ နေသည့် ကြွေးကြော်သံများပင်တည်း။

ထိုအခါတွင် အစည်းအဝေးသို့ တက်ရောက်နေသော ရဲဘော်ဒွေး သည် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့၏ လှုပ်ရှားမှုအား အစီအစဉ်ဖြင့် ဖန်တီးနေခြင်းကို အထူးပင် မကြေမနပ်ဖြစ်နေ၏။

ရဲဘော်ဒွေး၏ မျက်နှာတွင်မူ ဒေါသထွက်ခြင်း၊ ဝမ်းနည်းခြင်းတို့ ဖြင့်သာ ဖုံးလွှမ်း၍နေလေသည်။

ဗိုလ်တင်မောင်သည် ပို၍ပို၍တက်ကြွသော အမူအရာများနှင့် ဆက်လက်၍ တင်ပြနေလေသည်။

ထို့နောက် ဗိုလ်တင်မောင်၏ ထောက်ခံတင်ပြချက်သည် ည(၁၀) နာရီတွင် အဆုံးသတ်၍သွားလေသည်။

ထိုအခါတွင် တပ်နီလူငယ်လေးများနှင့် အမျိုးသမီးလေးများသည် ဗိုလ်တင်မောင်အား ပွေ့ချီမြှောက်ယူ၍၊ ကြွေးကြော်သံများကို ထပ်ကာထပ်ကာပင် ကြွေးကြော်၍ နေကြလေတော့သည်။

ညသည်လည်း နက်၍လာပြီဖြစ်၏။ တပ်နီလူငယ်များ နှင့် အမျိုးသမီးလေးများ၏ ကြွေးကြော်သံများသည်လည်း ပို၍ ဆူညံလာလေသည်။

ထိုအချိန်တွင် ဗိုလ်ရန်အောင်သည်၊ ငှက်ဖျားတက်၍နေ၏။ အစည်းအဝေးပင် တက်ရောက်ခြင်းမပြုနိုင်ချေ။ မီးတုတ်များကိုကိုင်၍ ကြွေးကြော်နေသော လူငယ်များ၊ အမျိုးသမီးများကိုတွေ့ရ၍ အလွန်ပင်အံ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြနေ၏။ ထို့ကြောင့် ဗိုလ်ရန်အောင်သည်၊ ရဲဘော်ဌေးရှိရာသို့ သွား၍ အခြေအနေများကိုမေးလေသည်။

ဗိုလ်ရန်အောင်သည် ရဲဘော်ဌေးထံမှ အခြေအနေများကို သိရသောအခါတွင် အလွန်ပင်ဒေါသထွက်နေ၏။ မခံမရပ်နိုင်ဖြစ်နေ၏။ ထိုကြောင့် သခင်ဇင်ထံသို့သွား၍ ဤသို့မူမမှန်သောလှုပ်ရှားမှုကို ချက်ခြင်းတားဆီးပေးရန်အတွက် တင်ပြလေသည်။

ရဲဘော်ဌေးသည်လည်း ပါတီတွင်း ဒီမိုကရေစီခြိမ်းခြောက်နေသော ဤလှုပ်ရှားမှုနှင့် ပတ်သက်၍ ပေါလစ်ဗျူရိုအဖွဲ့အစည်းအဝေးကို ချက်ခြင်းခေါ်ယူပေးရန်အတွက် ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်းထံသို့ တရားဝင်စာဖြင့်ရေး၍ တောင်းဆိုလိုက်လေသည်။

၁၉၆၇-ခုနှစ် ဧပြီလ(၅)ရက်နေ့ နံနက် ၇း၃၀ နာရီတွင်ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ အခြေခံလုပ်ငန်းစဉ် စည်းမျဉ်းဥပဒေနှင့်ပတ်သက်သော အစည်းအဝေးကို ဆက်လက်၍ ကျင်းပလေသည်။

အစည်းအဝေးဖွင့်လှစ်ကြောင်းကို သဘာပတိ သခင်သန်းထွန်းက ကြေညာလိုက်လေသည်။

ထိုအခါတွင် ဗိုလ်ရန်အောင်သည် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အတူတကွ ထိုင်နေရာမှ ရုတ်တရက်မတ်တတ်ရပ်လိုက်ပြီးနောက် သခင်သန်းထွန်းအား စကားပြောခွင့်တောင်းလိုက်သည်။

အစည်းအဝေးသို့ တက်ရောက်နေကြသော၊ ရဲဘော်အားလုံးသည် ဗိုလ်ရန်အောင်အား စူးစိုက်၍ကြည့်နေကြ၏။ အလွန်လည်း အံ့အားသင့်၍သွားကြလေသည်။

"အခုအစည်းအဝေးဟာ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ အခြေခံလုပ်ငန်းစဉ်နဲ့ စည်းမျဉ်းဥပဒေကို ဆွေးနွေးကြတဲ့ အစည်းအဝေးဖြစ်ပါတယ်။ ပါတီရဲ့ သေရေးရှင်ရေး အစည်း အဝေးဖြစ်ပါတယ်။ ဒီအစည်းအဝေးကို တက်ရောက်ရေးနဲ့ ပတ်သက်ပြီး ဗဟိုကော်မတီရဲ့ သတ်မှတ်ချက်က ပါတီရဲ့ အဆင့်မြင့်တဲ့ ကေဒါတွေသာတက်ဖို့ သတ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မှတ်ထားပါတယ်။ အခု အဲဒီသတ်မှတ်ချက်တွေကို ဖျက်ချင်သလို ဖျက်ကြပြီးတော့ လူငယ်လေးတွေ ကောင်မလေးတွေကို အခုလို ရုတ်တရက် စီစဉ်ပြီး အတက်ခိုင်းလိုက်တာဟာ မသန့်ရှင်းတဲ့ ရည်ရွယ်ချက်ပါပါတယ်။

အထူးသဖြင့် ဒီအစည်းအဝေးမှာ ရဲဘော်ဘခက်ဟာ သူ့ရဲ့အတွေးအခေါ်နဲ့ ရပ်တည်မှုကို သူယုံကြည်တဲ့ အတိုင်း တင်ပြသွားမှာ ဖြစ်တယ်။ ဒါကတော့ သူ့အယူအဆနဲ့ သူပဲ။ ဒါကိုကျွန်တော်တို့ကြိုက်တာ မကြိုက်တာ လက်ခံနိုင်တာ မခံနိုင်တာကတပိုင်းဖြစ်မယ်။

ဒါပေမဲ့ ရဲဘော်ဘခက်ကလဲ ကွန်မြူနစ်ပါတီဝင် တယောက်ဖြစ်တော့ ကွန်မြူနစ်ပါတီရဲ့အရေးကို သူ့အရေးလို့ ယူဆပြီးပြောမဲ့ရဲဘော်လို့ ကျွန်တော်တော့ယုံကြည်တယ်။

ကျွန်တော်တို့နဲ့ တူတာမတူတာထား....သူ့ အယူ အဆကိုတော့ သူလွတ်လွတ်လပ်လပ်ပဲ တင်ပြပြီး ဆွေးနွေးစေသင့်တယ်။

အခုတော့ ခင်ဗျားတို့ လုပ်နေကြတာက ရဲဘော်ဘခက်ကို ဝိုင်းပြီး အင်အားနဲ့ အကြပ်ကိုင်ဖို့ လက်တွေ့လုပ်နေကြတယ်။ ဒါဟာလုံးလုံး မတရားဘူးလို့ ကျွန်တော်ယူဆတယ်။

ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ကျွန်တော်လဲ အချောင်သမား ဝါဒအားလုံးကို ခါးခါးသီးသီးပဲ မုန်းတည်းပါတယ်။ ဆန့်လဲ ဆန့်ကျင်ပါတယ်။ ကျွန်တော်ဟာ ပါတီရဲ့ အကျိုးကိုပဲ ဦးထိပ်ထားပါတယ်။

ဒါကြောင့်မို့ အခုလုပ်နေတဲ့ အစည်းအဝေးဟာ မသန့်ရှင်းဘူးလို့ ကျွန်တော် ယုံကြည်တဲ့အတွက် ဒီအစည်းအဝေးကို ကျွန်တော် မတက်တော့ပါဘူး။ အခုချက်ချင်းပဲ ကျွန်တော် ဒီအစည်းအဝေးအတွင်းက ထွက်ခွာသွားပါတော့မယ်။

ကျွန်တော်ဟာလဲ ပြန်လည်ပြင်ဆင်ရေးဝါဒကိုမမုန်းလို့ မနာကြည်းလို့ မဟုတ်ပါဘူး။အခုဒီမှာရှိကြတဲ့ ရဲဘော်တွေထက် မလျော့ပါဘူး။ ပိုချင်သာပိုမှာဖြစ်တယ်။ မသန့်ရှင်းတဲ့ ရည်ရွယ်ချက်ကြောင့်သာ အခု

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လို ကျွန်တော် အစည်းအဝေးကို ကန့်ကွက်ပြီး ထွက်သွားတာ ဖြစ်ပါတယ်။

ကျွန်တော်အခုလိုလုပ်လိုက်တာဟာ၊ နယ်ကလာကြတဲ့ ကိုယ်စားလှယ်တွေကို မလေးစားလို့မဟုတ်ပါဘူး ရဲဘော်တို့အားလုံးကိုတော့ ကျွန်တော်လေးစားပါတယ်။”

ဤသို့ပင် ဗိုလ်ရန်အောင်သည်ပြော၍ အစည်းအဝေးမှ ထွက်ခွာသွားလေတော့သည်။ ဗိုလ်ရန်အောင်၏အသံသည်တုန်၍နေ၏။ တခါတခါတွင် စကားလုံးကိုပင် ပီပီသသဖြစ်အောင်ကြိုးစား၍ပြောနေရ၏။ ဗိုလ်ရန်အောင်၏ မျက်နှာသည်လည်း အထူးပင် ဒေါသရောင်လွှမ်း၍ နီရဲနေလေသည်။

သခင်သန်းထွန်းသည် ရဲဘော်ဘခက်အား ဤသို့ညွှန်ကြားလိုက်သည်။

“ရဲဘော်ဘခက် တင်ပြစရာရှိတာကိုတင်ပြပါ”

ထိုအခါတွင် ရဲဘော်ဘခက်သည် ဤသို့ပင် တင်ပြလေသည်။

“ကျွန်တော် အခုတင်ပြဆွေးနွေးမှာက ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သေရေးရှင်ရေးဖြစ်တဲ့ အခြေခံလုပ်ငန်းစဉ်စည်းမျဉ်းဥပဒေနဲ့ ပတ်သက်တဲ့ ကျွန်တော်ရဲ့ခံယူချက်နဲ့ယုံကြည်ချက်ကို ဆွေးနွေးမှာဖြစ်ပါတယ်။

ဗဟိုကော်မတီဥက္ကဋ္ဌကလဲ အခု အစည်းအဝေးဟာ ကွန်ဂရက်လက္ခဏာဆောင်တဲ့အတွက် မိမိတို့ရဲ့ခံယူချက်သဘောထားတွေကို အပွင့်လင်းဆုံးတင်ပြကြဖို့ အလေးအနက် ပြောထားပါတယ်။ အဲဒီကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်အရ ကျွန်တော်တင်ပြသွားပါမယ်။

ဒီမှာ ကျွန်တော်တင်ပြတဲ့အခါမှာ အပိုင်းကြီး(၅)ပိုင်းကို တင်ပြသွားမှာဖြစ်ပါတယ်။

ပထမအပိုင်း ကတော့ အခြေခံလုပ်ငန်းစဉ်စည်းမျဉ်း ဥပဒေနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့ခံယူချက်နဲ့ ဗမာပြည်ရဲ့ အခြေခံရန်သူပြဿနာဖြစ်ပါတယ်။

ဒုတိယအပိုင်းကတော့ နိုင်ငံတော်အာဏာနဲ့ပက်သက်တဲ့ပြဿနာဖြစ်ပါတယ်၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တတိယပိုင်း ကတော့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ နည်းပရိယာယ် လမ်းစဉ်ဟာ ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ်ဖြစ်ရမယ်။

စတုတ္ထပိုင်း ကတော့ လီနင်ပုံစံ စည်းရုံးရေးမှုတွေအရ ပါတီတွင်း တိုက်ပွဲကိုဆင်နွှဲရေး အခြားဆန့်ကျင်ဖက် အမိပ္ပါယ်နဲ့ပြောရမယ် ဆိုရင် ပီကင်းပြန်တွေရဲ့ ပါတီတွင်းဂိုဏ်းအုပ်စုတွေဖွဲ့ပြီး၊ ဗဟိုကော်မတီကိုဖြိုခွဲ နေတာနဲ့ ပါတီတွင်းအချင်းချင်း ဂိုဏ်းခွဲနေတာတွေနဲ့ ပတ်သက်လို့ ချက်ခြင်းရပ်စဲပေးဖို့နဲ့ အထူးသဖြင့် အခုအစည်းအဝေးမှာ ပီကင်းပြန် ဗဟိုကော်မတီဖြစ်တဲ့ ရဲဘော်အောင်ကြီးရဲ့ ပါတီတွင်း ဂိုဏ်းခွဲရေးနဲ့ ခြိမ်းချောက်ရေးသဘောထားတွေကို ပြန်လည်ရုပ်သိမ်းဖို့လိုတယ်ဆိုတာ တွေ ဖြစ်ပါတယ်။

ပဉ္စမအပိုင်း ကတော့ ၁၉၆၄-ခုနှစ်က ဆုံးဖြတ်ထားတဲ့အတိုင်း ၁၉၆၇-ခုနှစ်မှာ ဗဟိုကော်မတီအစည်းအဝေးကိုလည်း မဖြစ်မနေလုပ် ပေးဖို့နဲ့ ကျွန်တော့်ရဲ့အခုတင်ပြချက်ကို တပါတီလုံးကို ဖြန့်ချိပေးဖို့ တို့ဖြစ်ပါတယ်။

ထိုသို့ အချုပ်အားဖြင့် ပလ္လင်ခံပြီးနောက် ရဲဘော်ဘခက်သည် ဤသို့တင်ပြ၍ ဆွေးနွေးခဲ့လေသည်။

"ကျွန်တော့်အနေနဲ့ ရဲဘော်အောင်ကြီး တင်ပြတဲ့ အခြေခံလုပ်ငန်းစဉ်နဲ့ စည်းမျဉ်းဥပဒေကို အလေးအနက်စဉ်းစားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအခြေခံလုပ်ငန်းစဉ်နဲ့ စည်းမျဉ်းဥပဒေဟာ ကနေ့ဗမာပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေနဲ့ လုံးဝမကိုက်ညီတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ဟာ တာဝန်သိတဲ့ ရိုးသားတဲ့ကွန်မြူနစ်တယောက် အနေနဲ့ အခြေခံအားဖြင့်ကန့်ကွက်ပါတယ်။ မထောက်ခံနိုင်ပါဘူး။

နောက်ပြီးတော့ ဗမာပြည်မှာအခြေခံရန်သူကြီးဟာ (၃)ဦးရှိတယ် ဆိုတာလဲ လုံးဝမဟုတ်ဘူး။ နယ်ချဲ့စနစ်နဲ့ ပဒေသရာဇ်ဆိုတာပဲ ရှိပါတယ်။ ဆိုလိုတာကတော့ ရန်သူကြီး(၂)ဦးပဲရှိတယ်။

ဒီမှာ အရေးကြီးဆုံးကတော့ ကနေ့ဗမာပြည်မှာ အုပ်စိုးနေတဲ့ တော်လှန်ရေးကောင်စီနဲ့ ပတ်သက်တဲ့ သဘောထားပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တကယ်ကတော့ တော်လှန်ရေးကောင်စီဟာ ဗမာပြည်မှာ နယ်ချဲ့ဆန့်ကျင်တဲ့ ပဒေသရာဇ် ဆန့်ကျင်တဲ့ အစိုးရဖြစ်ဘယ်ဆိုတာ အချက်အလက်တွေအရ ပြောနိုင်တယ်။ ကျွန်တော်ရှင်းလဲ ရှင်းပြနိုင်ပါတယ်။

ဒီမှာ အထင်ရှားဆုံးကတော့ ၁၉၆၄-ခုနှစ် နှစ်ဦးတုံးက ချောင်အင်လေး ဗမာပြည်ကို လာတယ်။ အဲဒီတုံးကပဲ ချောင်အင်လေးက ဗမာပြည်နဲ့ ပတ်သက်ပြီးတော့ မိန့်ခွန်းတခုကို ဒီလိုပြောတယ်။ အဲဒီမိန့်ခွန်းအပြည့်အစုံကို ကျွန်တော် ဖတ်ပြပါမယ်။

"ဦးကျော်ငြိမ်းနေဝင်းနဲ့ ဦးကျော်ငြိမ်းကတော် ခင်ဗျား"

(မှတ်ချက်။ ။ထိုစဉ်က ရဲဘော်ဘခက်သည် ချောင်အင်လေး၏ မိန့်ခွန်းအပြည့်အစုံကို အစည်းအဝေးတွင်ဖတ်၍ တင်ပြသွားပါသည်။
စာရေးသူ)

ရဲဘော်ဘခက်သည် ယင်းမိန့်ခွန်းအား ဖတ်ကြားနေစဉ်တွင် ရဲဘော်ထွန်းကျော် (မောင်စိုးဝင်း လူထုဦးလှ-ဒေါ်အမာ၏သား)က ဤသို့ကြွေးကြော်လေသည်။

"ရဲဘော်တို့....ခွေးကောင်ဘခက်ဟာ ဖက်ဆစ်ကောင်ကို ဦးကျော်ငြိမ်းလို့ ခေါ်နေပြီ။ ဘခက်ကို ပါတီထဲကထုတ်ပစ် သတ်ပစ်။" ထိုအချိန်တွင် အစည်းအဝေးတခုလုံးသည် ဆူညံ၍နေလေသည်။

ရဲဘော်ဘခက်ကိုလည်း အစည်းအဝေးတွင် ဆက်လက်၍ စကားပြောခွင့်မပြုတော့ရန်-ဝိုင်းဝန်း၍ တောင်းဆိုနေကြပေသည်။

ယင်းသို့ဖြင့် ရဲဘော်ဘခက်သည် ဗဟိုမော်ကွန်းစ် လီနင်ဝါဒ ကျောင်းသားအားလုံးနှင့် ဗဟိုဌာနချုပ်တခုလုံးမှ ရဲဘော်အားလုံး၏ အပြင်းအထန်ရှုတ်ချကန့်ကွက်နေသည့် ကြားမှပင် မိမိ၏ အယူအဆများနှင့် ယုံကြည်ချက်များကို အခိုင်အမာပင် ဆက်လက်၍ တင်ပြသွားလေသည်။

ယင်းအစည်းအဝေးတွင် ရဲဘော်ဘခက်သည် အခြေခံလုပ်ငန်းစဉ် လမ်းစဉ်နှင့် ပတ်သက်၍ ဝေဖန်ချက်ကို (၆)နာရီကျော်ကြာမျှပင် တင်ပြဆွေးနွေး၍ သွားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုသို့ ရဲဘော်ဘခက်၏ တင်ပြချက်ပြီးဆုံးသွားသောအခါတွင် ဗဟိုစခန်းမှ တပ်နီလူငယ်လေးများနှင့် အမျိုးသမီးလေးများသည် ရဲဘော်ဘခက်အား အပြင်းအထန် ရှုတ်ချ၍ ဂိုင်းဝန်းကြွေးကြော် ဆန္ဒပြကြလေသည်။

၁၉၆၇-ခုနှစ် ဧပြီလ (၆)ရက်နေ့တွင်မူ သခင်သန်းထွန်းနှင့် ပဲဘော်အောင်ကြီးတို့သည် ရဲဘော်ဘခက်အား ဦးတည်တိုက်ခိုက်ရန်အတွက် အထူးအစီအစဉ်တရပ်ကို ချမှတ်၍ "ဘခက်ဆန့်ကျင်ရေး လှုပ်ရှားမှု"ကို ပြုလုပ်လေသည်။

ထို့နောက်တွင် ရဲဘော်ဘခက်အား ဆန့်ကျင်တိုက်ခိုက်ရန်အတွက် ခရိုင်အသီးသီးမှ ကိုယ်စားလှယ်များကိုလည်း ရွေးချယ်လိုက်ကြသည်။

ဒုတိယပတ် ဗဟိုမော်က်စ် လီနင်ဝါဒကျောင်း ကျောင်းဆရာအဖွဲ့၏ ကိုယ်စား ဗိုလ်ထွန်းငြိမ်းက ရဲဘော်ဘခက်အား ဤသို့ ဆန့်ကျင်တိုက်ခိုက်လေသည်။

"မနေ့က ဘခက်တင်ပြသွားတာတွေဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အစည်းအဝေးမှာ တင်ပြသွားတာတွေလို့ ကျုပ်တို့မယူဆဘူး။

ရန်ကုန်မြို့တော်မှာရှိတဲ့ အဖောက်ပြန်ဆုံးနေဝင်းရဲ့ အစည်းအဝေးခန်းမကြီးထဲမှာ နေဝင်းနဲ့ နေဝင်းမိန်းမကို အစွမ်းကုန် ချီးကျူးခန်းဖွင့်သွားတာနဲ့တူတယ်။ တနည်းပြောရင် နေဝင်းကေရာဇ် ဘုရင်မင်းနဲ့ နေဝင်းရဲ့မိဖုရားခေါင်ကြီးအတွက် ရွှေနားတော်သွင်း ချင်းကို တင်သွင်းနေတာနဲ့အတူတူပဲ။

ဘခက်က ပါတီဥက္ကဋ္ဌနဲ့ ပီကင်းပြန်တွေကိုတော့ ဂိုဏ်းအုပ်စုသမားတွေ ပါတီဖျက်ဆီးရေးသမားတွေလို့ စွပ်စွဲသွားတယ်။

ဒါဟာ ရိုးရိုးအယူအဆပြဿနာ သက်သက်မဟုတ်တော့ဘူး။ လူတန်းစားရပ်တည်မှုပြဿနာဖြစ်တယ်။

ဒီအတိုင်း ငါတို့ကြည့်နေလို့မဖြစ်ဘူး။

တကယ်က ဘခက်ဟာနေဝင်းမလုပ်နိုင်တဲ့ ပါတီတွင်းက နေဝင်းကိုယ်စားလှယ်ပဲ။

ဒါတော့ အားလုံးအသိပဲ။ ကျုပ်တို့ဒါကိုခွင့်မလွှတ်နိုင်ဘူး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရှေ့မှာလုပ်သင့်လုပ်ထိုက်တာတွေကို ဆက်ပြီးလုပ်သွားရမယ်။

ဘခက်ရဲ့နောက်မှာရှိတဲ့လူတွေကိုလဲ ဖော်ထုတ်ကြရမယ်။ အတင်းဆွဲထုတ်ကြရမယ်''

ယင်းသို့ ဗိုလ်ထွန်းငြိမ်း ပြောပြီးသော အခါတွင် တပ်နီလူငယ်များနှင့် အမျိုးသမီးလေးများသည်ရဲဘော်ဘခက်အား ရှုတ်ချသည့်ကြွေးကြော်သံများကိုဆက်လက်၍ ကြွေးကြော်နေကြသည်။

ထို့နောက်တွင် သရက်ခရိုင်မှ ဗိုလ်နေဝင်း၊ ပြည်ခရိုင်မှ ဗိုလ်ငြိမ်း၊ သာယာဝတီခရိုင်မှ ဗိုလ်စိန်မင်း၊ တောင်ငူခရိုင်မှ ဗိုလ်မင်းမောင်၊ ပဲခူးခရိုင်မှ ရဲဘော်သက် စသည်စသည်တို့သည် ထိုနေ့တနေ့လုံးပင် ရဲဘော်ဘခက်အား အလွန်ရင့်သီးသော စကားလုံးများဖြင့် ဆန့်ကျင်၍တိုက်ခိုက်ကြလေသည်။

ဗဟိုဌာနချုပ်စခန်းတခုလုံးတွင် တပ်နီလူငယ်လေးများနှင့် အမျိုးသမီးလေးများ၏ ကြွေးကြော်သံများဖြင့်သာ ဖုံးလွှမ်း၍နေလေတော့သည်။

''ဘခက်ကို ပါတီကော်မတီကထုတ်ပစ်''

''တို့ဥက္ကဋ္ဌကြီးကို စော်ကားတဲ့ ဘခက်ကိုထုတ်ပစ်''

''ဗဟိုစခန်းကထုတ်ပစ်''

''၅၅-ပြန်ပြင်ရေး ဗဟိုကော်မတီတွေထုတ်ပစ်''

ဤသည်တို့မှာ ဗဟိုဌာနချုပ်တွင် နေ့ညမဟူ ပင်ကြွေးကြော်၍ နေကြသော ကြွေးကြော်သံများပေတည်း။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၀

ပါတီတွင်းလှုပ်ရှားမှုကြီး

(၁) ဧပြီလ(၂၇)ရက်နေ့။

၁၉၆၇ ·ခုနှစ် ဧပြီလ (၂၇) ရက်နေ့ည၏ သန်းခေါင်ကျော်တွင် ဖြစ်၏။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် တလှုပ်လှုပ်တရွရွဖြစ်နေ၏။ တပ်နီလူငယ်လေးများသည် သေနတ်ကိုယ်စီဖြင့် ဗဟိုဌာနချုပ် စခန်းအတွင်းတွင် လှည့်လည်၍ နေကြသည်။လှုပ်ရှား၍နေကြသည်။အိပ်စက်ခြင်းပင်မပြုကြတော့ချေ။ မိုးစင်စင်ပင် လင်းလေတော့သည်။

အချိန်သည် နံနက် (၇) နာရီတွင်ဖြစ်လေသည်။

သခင်ချစ်သည် ရဲဘော်ဘတင်အား အစည်းအဝေးထိုင်ရန်အတွက် လာ၍ခေါ်သွား၏။ ရဲဘော်ဌေးသည်လည်း အစည်းအဝေးထိုင်မည့် သခင်သန်းထွန်း၏ ကွပ်ပစ်တဲသို့ ရောက်နေလေသည်။

ယင်းပေါလစ်ဗျူရို အဖွဲ့အစည်းအဝေးသို့ တက်ရောက်သည့် ပေါလစ်ဗျူရို အဖွဲ့ဝင်များမှာ—

(၁) သခင်သန်းထွန်း

(၂) သခင်ဇင်

(၃) သခင်ချစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) ရဲဘော်ဘတင် (ဂုရှယ်)

(၅) ရဲဘော်ငွေး....တို့ဖြစ်ကြ၏။

ဗဟိုကော်မတီအဖွဲ့ဝင်များမှာမူ ---

(၁) ရဲဘော်အောင်ကြီး

(၂) သခင်ပု

(၃) ဗိုလ်ရန်အောင်... တို့ဖြစ်ကြလေသည်။

ထိုအချိန်တွင် တပ်နီလူငယ်လေးများနှင့် ကင်းတပ်သားအချို့သည် သခင်သန်းထွန်း၏ တဲပတ်ဝန်းကျင်တွင် နှစ်ယောက်တတွဲ၊ သုံးယောက်တတွဲဖြင့် သေနတ်ကိုယ်စီကိုင်၍ နေရာယူထားကြ၏။ တပ်နီလူငယ်ဖိုးတူးသည် စတင်းဂန်း သေနတ်ကို အသင့်ကိုင်ထား၏။ အမျိုးသမီးလေး ခင်လေးမြင့်သည်လည်း၊ ကာဘိုင်သေနတ်ကို အသင့်ကိုင်၍ ဝါးရုံဘေးတွင် နေရာယူထားလေသည်။

သခင်သန်းထွန်းသည် ပေါလစ်ဗျူရိုအဖွဲ့ အစည်းအဝေးကို စလျှင်စခြင်းပင် "ဧပြီလ(၂၇)ရက်နေ့" ပေါလစ်ဗျူရိုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေညာလိုက်လေသည်။

ယင်းသို့ သခင်သန်းထွန်းမှ ကြေငြာပြီးနောက်တွင် ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့မှာလည်း၊ ဧပြီလ ၂၇-ရက်နေ့ ဆုံးဖြတ်ချက်နှင့် ပတ်သက်သည့် မိမိတို့၏ခံယူချက်နှင့် သဘောထားများကို ဤသို့ပြန်ကြားကြလေသည်။

ပိန်။

လမ်းစဉ်တွေကို ဆန့်ကျင်တယ်ဆိုတာကို သဘောတူတယ်။

ဗဟိုကျောင်းကို ဆန့်ကျင်တယ်ဆိုတာကို ပြောချင်တယ်။ တရုပ်ပြန်တွေက မာ့က်စ်လီနင်ဝါဒ သဘောတရားကို ပြောစေကာမူ လမ်းစဉ်ဆိုင်ရာကို ကာကွယ်ပြောနေရတယ်၊ဒါကိုဆန့်ကျင်တာမဟုတ်။

ဒါကြောင့် ဗဟိုကျောင်းကိုလဲမဆန့်ကျင်၊ မာ့က်စ်လီနင်ဝါဒ သင်တာကိုလဲမဆန့်ကျင်၊ ပိမိဗဟိုကျောင်းနဲ့ ဆန့်ကျင်တယ်ဆိုတာ အချက်အလက်အနေနဲ့မမှန်၊ တခြားအချက်အလက်မှန်ကန်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ချစ်၏လက်ရေးမူ



၁၉၆၇-ခုနှစ် ဧပြီလ(၂၇)ရက်နေ့တွင် "စိန် ပိန် ခက်" တို့အား အရေးယူသည့် ပေါလစ်ဗျူရို အစည်း အဝေးတွင် ရဲဘော်ဌေး(စိန်)ရဲဘော်ဘတင်(ပိန်)တို့၏ခံယူချက်ကိုသခင်ချစ် ရေးထားသည့်မူရင်း မှတ်တမ်းဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မိမိကို ခေါင်းမာ တဲ့ပြုန်ပြင်ရေးသမားလို့ သတ်မှတ်တာ ပီဘီ (ပေါလစ်ဗြူရိုအဖွဲ့ဝင်) အများစုက သတ်မှတ်လိုက်တော့ ဘယ်လိုမှ မတတ်နိုင်တော့။

မိမိကိုယ်မိမိ ခေါင်းမာတဲ့ပြုန်ပြင်ရေးသမားလို့ မခံယူ။

မာ့က်စ်လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ် ဆန့်ကျင်တယ်လို့ မယူဆ၊ မာ့က်စ်လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ် ဆန့်ကျင်တဲ့ ပြုန်ပြင်ရေးအယူအဆ ကာယကံမြောက် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ မိမိအနေနဲ့ ယခုတိုင် (convince) မဖြစ်။

အခုတိုက်ပွဲရဲ့ သဘောသဘာဝဟာ ဘာလဲ၊ အယူဝါဒရေးအရ တိုက်ပွဲလား၊ နိုင်ငံရေးတိုက်ပွဲလား၊ ရန်ဖက်တိုက်ပွဲလား၊ ထပ်ခါတလဲလဲမေး။

ဒါကိုအတိအကျ ဦးချစ်ထွန်းက....

(မှတ်ချက်။ ဦးချစ်ထွန်းမှာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ သခင်ဇင်ဖြစ်ပါသည်။ စာရေးသူ)

အခုမှ ၅၅-ဟာ ပြုန်ပြင်ရေးဝါဒလို့မချရသေး၊ ခုချက်ချင်းမသတ်မှတ်သေးလို့၊ တောင်ငူကိုပြေ။

မိမိနားလည် တိုက်ခဲ့တာ အယူဝါဒရေးရာတိုက်ပွဲ၊ နိုင်ငံရေးအရ တိုက်ပွဲ တိုက်ပွဲဆင်နိုင်တယ်ဆိုတဲ့ အသိနဲ့တိုက်ခဲ့။

အယူအဆဆိုတာ ဖိနှိပ်လို့ချေမှုန်းလို့မရ၊ တသက်လုံး အချောင်သမားလည်းမလုပ်နိုင်၊ ရိုးသားလက်မခံနိုင်၊ မမြင်တဲ့သူဖြစ်။

ရဲဘော်တို့ပြောသလို ပြုန်ပြင်ရေးတစုံ ဖြစ်ချင်ဖြစ်နေမယ်။ ဒါပေမဲ့ စိတ်ထဲမှာ ပြုန်ပြင်ရေးဝါဒဖြစ်တယ်လို့ မမြင်သေး၊ ခေါင်းမာစွာနဲ့ တိုက်ခဲ့၊ ပြုန်ပြင်ရေးသမားတွေဟာ ပါတီကို တော်လှန်ရေးကို ဆန့်ကျင်တာတော့အမှန်ပဲ။ မိမိအပြောမှား အဆိုမှားတွေလဲရှိခဲ့ တချို့ အလွန်ဖောက်ပြန်တဲ့ ပြောဆိုမှုတွေလဲရှိနိုင်၊ ဒါအပြင် ဂိုဏ်းဖွဲ့ပြီး ပါတီကိုဆန့်ကျင်ဖို့၊ ဖျက်စီးဖို့ကို သေသည့်တိုင်အောင် မလုပ်ဘူး။

ပါတီဆန့်ကျင်ရေးလုပ်တာဟာ ဂိုဏ်းဖွဲ့ပြီး ပါတီကိုဆန့်ကျင်တာ ရန်သူနဲ့ ဆက်သွယ်တာဖြစ် မိမိ လုပ်မှာ မဟုတ် ကွန်မြူနစ် သစ္စာဆို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတယ်။ စိန်နဲ့လဲဂိုဏ်းမလုပ်ဘူး။ ဘခက်နဲ့လဲ အခြေခံနိုင်ငံရေး သူနဲ့မတူ။

အခုအံ့ထိယုံကြည်တာအယူဝါဒရေးတိုက်ပွဲပဲ။

ပေါလစ်ဗြူရိုက ဗဟိုကော်မတီကထုတ်ပစ်တာ အခြေခံကလပ်စည်းမှာကြီးကြပ်မယ်ဆိုတာကို အစွမ်းကုန်လုပ်သွားဖို့ပါပဲ။

စိန်။

ကျွန်တော်နဲ့ပတ်သက်တဲ့ ဆုံးဖြတ်တာမှာ ၅၅-လမ်းစဉ်ကို ခေါင်းမာစွာ ဆုတ်ကိုင်ထားတာ ပြန်ပြင်ရေးဝါဒသမားလို့ သတ်မှတ်တာ အကျယ်မပြောလို။

ပေါလစ်ဗြူရို ဆုံးဖြတ်ချက်နဲ့အတူ ၅၅-လမ်းစဉ်အချို့ ဆုံးဖြတ်ချက်မှန်တယ်လို့ယူဆတာ နည်းပရိယာယ်အညွှန်းတွေကိုမတူခဲ့။

ခေါင်းမာစွာ ဆုတ် ကိုင် ထား တယ်ဆိုတာကိုမပြောလို၊ အာဏာပြဿနာပြန်စဉ်းစားတဲ့အခါ သဘောထားတွေ ပြောင်း သွား တယ်။ သဘောမပေါက်သေးရင် လက်မခံနိုင်သေး။ လိမ်ညာပြီးမလုပ်ချင်၊ မှားရင်မှန်တာပညာပေးရင်လက်ခံဖို့အသင့်လို့ ပြောခဲ့။

ဒါဟာ ပါတီတွင်းတိုက်ပွဲ သန့်ရှင်းအောင် ပါတီအကျိုးအတွက် ပြောတာဖြစ်၊ သဘောမပေါက်သေးတာကို သဘောပေါက်အောင်ရှင်းဖို့၊ ရောရောင်မလိုက်ဖို့လို့ပြောတာ ဒါဟာသန့်ရှင်းတဲ့ အလုပ်ပါတီကို လိမ်ညာပြီး သက်သာရာရအောင်လုပ်တာမဟုတ်။

· သဘောမပေါက်လို့ မစွန့်သေးတာကိုပါတီဆန့်ကျင်ရေးလို့ ပြောရင်မမှန်။ ဘယ်တော့မှပါတီဆန့်ကျင်တာမလုပ်ခဲ့၊ ပါတီလမ်းစဉ်အရ ရန်သူကို စေ့စပ်တာမှအပ ရန်သူကိုအညွှံခံဒူးထောက်ဖို့ ဘယ်ခါမှ လုပ်မှာမဟုတ်။

စည်းကမ်းချိုးဖောက်မှုမရှိခဲ့၊ ဂိုဏ်းလဲမလုပ်ခဲ့၊ ပါတီကိုသစ္စာဖောက်ပြီး ဂိုဏ်းဖွဲ့တာ ဘယ်အခါမှမလုပ်။ ရန်သူကိုဒူး ထောက်တာကိုလဲ၊ ဘယ်တော့မှလုပ်မှာမဟုတ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စည်းကမ်းကြောင့်မဟုတ်ပဲ အတွေးအခေါ်တိုက်ပွဲကြောင့် အရေးယူတယ်လို့နားလည်၊ ပါတီကဘယ်နေရာထားထား၊ ပါတီကိုပုံအပ်ပြီး ကလပ်စည်းထိန်းချုပ်မှုအောက်မှာ ပြန်လည်စိစစ်တာလုပ်ပါမယ်။

သဘောမပေါက်ရင် အတင်းလုပ်လို့မရ မရှင်းတာတွေရှင်းပေးပြီး အကူအညီပေးစေလိုပါတယ်။

ဆုံးဖြတ်တာကို နာခံပီး အလုပ်လုပ်ဖို့ပဲ။

ပေါလစ်ဗျူရိုနှင့် ဗဟိုကော်မတီနေရာကြီးတွေနဲ့မတန် သင့်တော်တဲ့နေရာမှာ ထားပြီးပြင်ပါလို့ ယခင်ကပြောပြီး ပါတီရဲ့အကျိုးရှိတာကို လုပ်သွားမယ်။

ထွန်းလှိုင်၊

ဥက္ကဋ္ဌ တင်ပြတာထောက်ခံ။

အချို့အချက်အလက်ရှင်းဖို့လို ထောက်ကွက်ပြောတာမဟုတ်။

မိမိ ၆၅-၆၆ နိုင်ငံခြားရေးတို့ကို ထောက်ခံခဲ့၊ မိမိယဉ်ကျေးမှု ဆုံးဖြတ်ချက်ကို ကန့်ကွက်ဆဲ၊ ဒါကို မိမိ ဖတ်ပြီးမှ ပြောပါရစေ။ ဒါဟာ မိမိကိုအပြစ်ပေးမှာ ကြောက်လို့မဟုတ်။

စည်းရုံးရေး မိမိကဲခဲ့၊ နိုင်ငံရေးအယူအဆတူရင် စည်းရုံးရေးအရ ဖြေရှင်းနိုင်။ လာမဲ့ဗဟိုကော်မတီအထိ ရန်ဖက်အဖြစ် မသတ်မှတ်သင့်သေး။ ခေါင်းမာဂိုဏ်းလို့မသတ်မှတ်သင့်သေးလို့ယူဆဆဲ။ ဒါကြောင့် ယဉ်ကျေးမှု တော်လှန်ရေး ဆုံးဖြတ်ချက်ကို ပြန်ရေးပြီးမှ အဖြေပေးလို”

(မှတ်ချက်။ ။ထွန်းလှိုင်ဆိုသူမှာ ဦးဗိုင် (ဗိုလ်ရန်အောင်) ဖြစ်ပါသည်။ စာရေးသူ။)

(၁၉၆၇-ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့ နောက်ဆုံးပေါလစ်ဗျူရိုအစည်းအဝေးမှ သခင်ချစ်၏ မှတ်တန်း မူရင်းမှ)

ထိုအချိန်တွင် ဗဟိုဌာနချုပ်စခန်းမှ ပါတီကော်မတီအဖွဲ့ဝင်ဖြစ်သော ရဲဘော်ဘခက်အားလည်း ပါတီကော်မတီ အစည်းအဝေး ထိုင်ရန်အတွက် ရဲဘော်ထွန်းရှိန် (ရဲဘော်ပေငြိမ်း) သည် လာရောက်ခေါ်ယူ၏။ ရဲဘော်ထွန်းရှိန်နှင့်အတူ ရဲဘော်ထွန်းကျော် (မောင်စိုးဝင်း၊ လူထုဒေါ်အမာ၏သား) သည် တော်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ချစ်၏လက်ရေးမူ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



၁၉၆၇-ခုနှစ် ဧပြီလ (၂၇) ရက်နေ့တွင် ရဲဘော်ငွေး၊ ရဲဘော်ဘတင်၊ ရဲဘော်ဘခက် "ဝိန် ပိန် ခက်" တို့အား အရေးယူသည့် ပေါလစ်ဗြူရို အစည်း အဝေးမှ သခင်ချစ်၏ မူရင်းမှတ်တမ်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မိဂန်းသေနတ်ကို အသင့်ကိုင်ဆောင်၍ ပါလာ၏။ ထို့ပြင် ရဲဘော်တင်ဟန် (အောင်သိန်းနိုင်) သည်လည်း ကာဘိုင်သေနတ်ကို အသင့်ချိန်ရွယ်လျက်ပင် ပါလာလေသည်။

ရဲဘော်ညာဏ်ကျော် (ရဲဘော်ညိုအောင်)၏ တဲတွင် ပါတီကော်မတီအစည်းအဝေးကို ထိုင်ကြ၏။ ယင်းအစည်းအဝေးတွင် ဗဟိုဌာနချုပ်စခန်း ပါတီကော်မတီအဖွဲ့ဝင်များဖြစ်သော –

(၁) ရဲဘော်ထွန်းရှိန်။
(၂) ရဲဘော်ညာဏ်ကျော်။
(၃) ပိုလ်တင်မောင်
(၄) ရဲဘော်ဘခက် .... တို့တက်ရောက်ကြလေသည်။

ယင်းအစည်းအဝေးတွင် ရဲဘော်ထွန်းရှိန်သည် ဤသို့ပြောလေသည်။

ကနေ့ကစပြီးတော့ ဗဟိုစခန်းပါတီကော်မတီကို အာဏာ သိမ်းလိုက်ပြီဖြစ်တယ်။ ဒီအချိန်ကစပြီးတော့တော်လှန်တဲ့နိုင်ငံရေးဦးဆောင်အဖွဲ့နဲ့တော်လှန်တဲ့ ပါတီကော်မတီကို ဖွဲ့စည်းလိုက်တယ်။ အပြည့်အစုံတော့ မကြာခင်မှာ တော်လှန်တဲ့ဥက္ကဋ္ဌကြီးက လူထုအစည်း အဝေးကြီးမှာကျေညာမှာဖြစ်တယ်။

အခုတော့ ဒီမှာချုပ်ပြီးပြောချင်တာက

(၁) ဘခက်ဟာ ပြန်ပြင်ရေးသမားဖြစ်တယ်။
(၂) ဘခက်ကို ဗဟိုရုံးအုပ်အဖြစ်က ထုတ်ပစ်လိုက်တယ်။
(၃) စခန်းပါတီ ကော်မတီက ထုတ်ပစ်လိုက်တယ်။
(၄) ကာဘိုင်သေနတ်လဲ သိမ်းလိုက်တယ်။
(၅) ဘခက်ဟာ တော်လှန်တဲ့ စခန်းပါတီကော်မတီရဲ့ ကြီးကြပ်မှုအောက်မှာ နေရမယ်။

ရဲဘော်ထွန်းရှိန်သည် ထိုမျှသာပြောလေသည်။

ထို့နောက်တွင် စခန်းလုံးကျွတ် အစည်းအဝေးသို့ သွားကြ လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းဗဟို ဌာနချုပ်စခန်း၏ အစည်း အဝေးတွင် ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ဒုတိယပတ်ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း၊ ကျောင်းဆရာအဖွဲ့နှင့်ကျောင်းသားများ၊ တပ်နီလူငယ်များ၊ လူငယ်အမျိုးသမီးများ အစုံအညီပင် တက်ရောက်၍နေကြလေသည်။

ထိုအစည်းအဝေးသို့ ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက် တို့ကိုလည်း တက်ရောက်စေ၏။ ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့အား တပ်နီလူငယ်နှစ်ဦးနှင့် ကင်းတပ်မှ တဦးသည် လက်နက်အပြည့်အစုံနှင့်ကပ်၍ စောင့်နေ၏။ ရဲဘော်ဘခက်ကိုလည်း ရဲဘော်ထွန်းကျော် (မောင်စိုးဝင်း၊ လူထုဒေါ်အမာ၏သား) နှင့် မောင်မောင် (ခေါ်) ညီညီလေး၊ (သခင်သန်းထွန်း၏သား) တို့မှ စောင့်ကြပ်၍ ထားကြလေသည်။

ရဲဘော်ထွန်းရှိန်သည် အစည်းအဝေး ဖွင့်လှစ်လိုက်ကြောင်းကို ကြေညာလိုက်လေသည်။

ထိုအခါ သခင်သန်းထွန်းသည် "ကနေ့ပါတီထဲမှာ သမိုင်းဝင်တော်လှန်ရေးကြီးကို ဆင်နွှဲလိုက်ပြီ"ဟု ကြေညာလိုက်ပြီးနောက် အောက်ဖော်ပြပါမိန့်ခွန်းကိုပြောကြားလေသည်။

> "ကျွန်တော်ဒီနေရာမှာ တော်လှန်တဲ့ မာ့က်စ်လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ပေါ် အခြေခံတဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ကြေညာပြီး ပြောသွားမယ်။
>
> မကြာသေးခင်က ကေဒါပေါင်းစုံ အစည်းအဝေး လုပ်ခဲ့တယ်။ ၆၄-ဗဟိုကော်မတီကဆုံးဖြတ်ခဲ့တဲ့ ဗဟိုကော်မတီတိုးချဲ့ရေး အစီအစဉ်ကို နိုင်ငံရေးဦးဆောင်အဖွဲ့က တင်ပြတယ်။ ဒီအခါမှာ ကေဒါပေါင်းစုံက လက်မခံနိုင်ဘူးလို့ တင်ပြကြတယ်။ အတိအကျအားဖြင့် ပြန်လည်ပြင်ဆင်ရေး သမားတွေလို့ ရဲဘော်တိုင်းက နားလည်နေတဲ့ ဦးပိန် (ဘတင်)နဲ့ ဦးစိန်(ဌေး)ကို ပါတီကထုတ်ပစ်ရမယ်လို့ တောင်းဆိုကြတယ်။ ဒီကနေ့နံနက်ပိုင်းမှာပဲ နိုင်ငံရေးဦးဆောင်အဖွဲ့အနေနဲ့ တော်လှန်တဲ့မာ့က်စ်လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်အပေါ် အခြေစိုက်ပြီး အရေးကြီးတဲ့ဆုံးဖြတ်ချက်တခုကို ချခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သေရေးရှင်ရေး အရေးကြီးတဲ့ ဆုံးဖြတ်ချက်သမိုင်းမှာ အရေးကြီးတဲ့ သမိုင်းတွင်မဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။

ဒီဆုံးဖြတ်ချက်ကိုမကျေညာမီ နိုင်ငံရေးဦးဆောင်အဖွဲ့ရဲ့ အရင်းခံစိတ်ဓာတ်ကို တိတိလင်းလင်းပြောချင်တယ်။ ဒါကဘာလဲဆိုရင် တော်လှန်တဲ့နိုင်ငံရေးဦးဆောင်အဖွဲ့အနေနဲ့ ဆိုရင် ပြန်လည်ပြင်ဆင်ရေးဝါဒကို အပြီးတိုင်ချေမှုန်းပစ်မယ်။ မာ့က်စ်လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်အပေါ်မှာ အခိုင်အမာရပ်တည်သွားမယ်။ ဘယ်လောက်အန္တရာယ်ရှိရှိ၊ ဘယ်လောက်အခက်အခဲရှိရှိ၊ ဘယ်လိုအန္တရာယ်နဲ့ ရင်ဆိုင်ရရင်ဆိုင်ရ နည်းတာ များတာ ပဓာနမထားပဲ ဘယ်လိုအန္တရာယ်မဆို တိုက်ခိုက်သွားမယ်ဆိုတဲ့ စိတ်ဓာတ်ပဲဖြစ်တယ်။

ဒီဆုံးဖြတ်ချက်ကို အခုဖတ်ပြမယ်။

ပြန်လည်ပြင်ဆင်ရေးသမား ထိပ်သီးများကို ဗဟိုကော်မတီအဖွဲ့မှ ထုတ်ပစ်ခြင်းနှင့် ပတ်သက်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်

ဦးပိန်(ဘတင်)။

၆၄-လမ်းစဉ်သည် ၅၅-လမ်းစဉ်၏ အဓိကသော့ချက်များကို ရိုက်ချိုးခဲ့သည်။ ဒါကို ဦးပိန် (ဘတင်) ဆန့်ကျင်ခဲ့သည်။

၆၅-ဇွန်လ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။

၆၆-မေလ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။

အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေကို ဆန့်ကျင်ခဲ့သည်။

ဗမာပြည် ပြန်လည်ပြင်ဆင်ရေးဝါဒကို တိုက်ဖျက်ချေမှုန်းရန် ဖြစ်သော ၆၇-တရုပ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးနဲ့ ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပညာပေးရေးဖြစ်သော ဗဟိုကျောင်းတည်ရှိရေးကို အစဉ်တစိုက် ဆန့်ကျင်ခဲ့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၅၅-လမ်းစဉ်သည် ပြန်လည်ပြင်ဆင်ရေးဝါဒ တစုံဖြစ်သည်ဆိုသော ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။

ပြန်လည်ပြင်ဆင်ရေး တစုံဖြစ်သော ၅၅-လမ်းစဉ်ကို ဦးပိန် (ဘတင်)သည် ခေါင်းမာစွာ ဆုပ်ကိုင်ထားသည်။

ဘယ်လောက်တန်ဘိုးပေးရပေးရ ၅၅-ကို ကာကွယ်သွားမည်ဟု ကျေညာထားပြီးဖြစ်သည်။

ဦးပိန်(ဘတင်)သည် ခေါင်းမာသော ပြန်လည်ပြင်ဆင်ရေးသမား ဖြစ်သည်။

ဦးပိန် (ဘတင်)သည် ပါတီဆန့်ကျင်ရေး တော်လှန်ရေး ဖျက်ဆီးရေး ပြန်လည်ပြင်ဆင်ရေးသမားဖြစ်သည်။

ဦးပိန် (ဘတင်)အား ပါတီမှ ထုတ်ပစ်သင့်သည်။

လာမည့် ဗဟိုကော်မတီ အစည်းအဝေးတွင် ပြန်လည်ပြင်ဆင်ရေး ဝါဒကို အပြီးအပြတ် ရှင်းလင်းပြစ်နိုင်ရန်အတွက် ပထမခြေလှမ်း အဖြစ်ဖြင့် ဦးပိန်(ဘတင်)အား ဗဟိုကော်မတီမှ ထုတ်ပစ်လိုက်သည်။ ဗဟိုကော်မတီ အဖွဲ့ဝင်တဦး၏ အခွင့်အရေးနှင့် အခွင့်အာဏာများကို ပြန်လည်သိမ်းယူလိုက်သည်။

ဦးပိန် (ဘတင်)အား လက်ငင်းအားဖြင့် ပါတီတွင်း ဆက်လက်ထားသေးစေကာမူ ၎င်း၏ အဓိကတာဝန်မှာ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ရန်နှင့် ၎င်း၏လှုပ်ရှားမှုများကို သက်ဆိုင်ရာ ပါတီအခြေခံအဖွဲ့အစည်းက ကြီးကြပ်ထားရန်ဖြစ်သည်။

ဤသို့ဆုံးဖြတ်ခြင်းမှာ (ဦးပိန် ဘတင်) အား အသက်ညာဆုံးနှင့် နောက်ဆုံးအခွင့်အရေးပေးခြင်းဖြစ်သည်။

အကယ်၍ ဦးပိန် (ဘတင်) သည် ပြန်လည်ပြင်ဆင်ရေး ဝါဒကို ဆက်လက်စွဲကိုင်ထားပါက လာမည့်ဗဟိုကော်မတီ အစည်းအဝေးတွင် ဦးပိန်(ဘတင်)အား အပြီးအပိုင်ထုတ်ပစ်သွားမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဘခက်

သူသည် ၆၄-လမ်းစဉ်ချပြစဉ်က ဆန့်ကျင်ခဲ့သည်။

၆၅-ကိုဆန့်ကျင်ခဲ့သည်။

၆၆-ကိုဆန့်ကျင်ခဲ့သည်။

ပါတီအသိမြှင့်တင်ရေး လှုပ်ရှားမှုကို စိန်ဝင်းဂိုဏ်း လှုပ်ရှားမှုကဲ့သို့ ဂိုဏ်းခွဲရေးလှုပ်ရှားမှုဟု ဆိုခဲ့သည်။

အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေကို ဆန့်ကျင်ခဲ့သည်။

ဥက္ကဋ္ဌနှင့် ပေါလစ်ဗျူရို၏ ဆောင်ရွက်ချက်များကို ပါတီဆန့်ကျင်ရေး ဂိုဏ်းခွဲရေးလှုပ်ရှားမှုဟု ဆိုခဲ့သည်။

နေဝင်းကို မိတ်ဆွေလိုသဘောထားပြီး ဥက္ကဋ္ဌနှင့် ပေါလစ်ဗျူရိုကိုရန်လို ရန်ထောင်ခဲ့သည်။

၅၅-လမ်းစဉ်ကိုခေါင်းမာစွာ ဆုပ်ကိုင်ထားရုံမကပြန်လည်အသက် သွင်းရန် နည်းမျိုးစုံနဲ့ ကြိုးစားခဲ့သည်။

ဗဟိုခေါင်းဆောင် အဖွဲ့အစည်းတွင် မပါစေကာမူ အရေးပါသော ပြန်လည် ပြင်ဆင်ရေးသမားဖြစ်သည်။

(၁) ၎င်းအား ဗဟိုရုံးအုပ်အဖြစ်မှ ဖယ်ရှားရန်။

(၂) ၎င်းထံမှ သေနတ်သိမ်းယူရန်။

(၃) စခန်းပါတီ ကော်မတီအဖြစ်မှ ဖြုတ်ချပစ်ရန်။

(၄) ၎င်းအား အချိန် အကန့်အသတ် တခုအတွင်း ပါတီတွင်း၌ ကြီးကြပ်ထားရန် အကယ်၍သူသည် ပြန်လည်ပြင်ဆင်ရေး ဝါဒကို ဆက်လက် ဆုပ်ကိုင်ထားပါက ၎င်း အ ချိန် လွန် မြောက်က ပါတီမှ ထုတ်ပစ်ရန်။

ဒီဆုံးဖြတ်ချက်ဟာ တော်လှန်တဲ့ မာ့က်စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ် အပေါ် အခြေခံတဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် (၃)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဦး (သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်)ရဲ့ တလုံးတစည်းတည်း ချမှတ်တဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။ ဒီဆုံးဖြတ်ချက်ဟာ ဗဟိုဌာနချုပ်ရှိ ဗဟိုကော်မတီ (၃)ဦး (ရဲဘော်အောင်ကြီး၊ သခင်ပု၊ ဗိုလ်ရန်အောင်) ရဲ့ ထောက်ခံမှုရှိတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။

ဒီဆုံးဖြတ်ချက်ဟာ ပြန်လည်ပြင်ဆင်ရေး ဝါဒအပေါ်မှာ အနိုင်ယူလိုက်တဲ့ မာ့က်စ်ဝါဒ လီနင်ဝါဒ အတွေးအခေါ်ရဲ့ သမိုင်းဝင်အောင်ပွဲလဲဖြစ်တယ်။ ..၆၄-နောက်ပိုင်းမှာ တခုပြီးတခု ရိုက်ချိုးလာခဲ့တယ်။ ပါတီကို ပြန်ပြင်ရေး ဝါဒဘောင်ထဲမှာ ချုပ်နှောင်ထားတာတွေကို တခုပြီးတခု ရိုက်ချိုးဖျက်ဆီးလာခဲ့တယ်။

အခုဦးပိန် (ဘတင်)နဲ့ ဦးစိန်(ဌေး)ကို ဖြုတ်ချလိုက်တယ်။ ၄၈-ခုကတဲက ရဲဘော်သံဒိုင် (ဘတင်)ကို ဖြုတ်ချလို့ အောင်ပွဲတွေရခဲ့သလို အခုလဲ အောင်ပွဲတွေရမယ်လို့ အာမခံလိုက်တယ်။

၄၈-ခုနှစ်က ကျနော်နဲ့ ရဲဘော်ဘသိန်းတင်ဟာ ၂-ဦးတည်း ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ပြီး အခြားဗဟိုကော်မတီတွေကို သိမ်းသွင်းခဲ့တယ်။ လူထုကို သိမ်းသွင်းပြီး ချီတက်ခဲ့တယ်။ အခု-၆၇-ခုနှစ် မှာ လဲ ကျွန်တော် ရဲဘော်သခင်ဇင်၊ ရဲဘော်သခင်ချစ်၊ ဒီ(၃)ဦးဟာ ၄၈-ခုတုံးက လို တလုံးတစည်းတည်း ရပ်တည်ပြီး ၄၈-ခုကလို အခြား ဗဟိုကော်မတီ ရဲဘော်တွေနဲ့ စည်းလုံးညီညွတ်ပြီး တော်လှန်ရေးကို ရဲရဲတင်းတင်း ရှေ့ဆောင်သွားမယ်။

အခုဆိုရင် ပြန်လည်ပြင်ဆင်ရေးဝါဒီ ထိပ်သီးတွေရဲ့ ခေါင်းကို ရိုက်ခွဲပြီးပြီ။ ဒါဟာနည်း ပရိယာယ် တိုက်ပွဲသက်သက် မဟုတ်ဘူး။ သေနင်္ဂဗျူဟာ သဘောဆောင်တဲ့တိုက်ပွဲဖြစ်တယ်။ ပြန်လည် ပြင်ဆင်ရေးဝါဒကိုထိုးနှက်ဖို့ အထွေထွေထိုးစစ်ကြီးကိုစ လိုက်တာဖြစ်တယ်။"

သခင်သန်းထွန်းသည် ဤသို့နိဂုံးချုပ်လိုက်လေသည်။

"၅၅-ပြန်လည်စစ်ဆင်ရေးသမားတွေကို ထုတ်ပစ်၊ ထုတ်ပစ်။

ငြိမ်းချမ်းရေးသမားတွေကို သတ်ပစ်၊ သတ်ပစ်။

ဗမာပြည် လူရှော့ချီ ငပိန်ကို သတ်ပစ်၊ သတ်ပစ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဗမာပြည် တင်ရှောင်ပင် ငစိန်ကို သတ်ပစ်၊ သတ်ပစ်။"
"နေဝင်း နောက်လိုက် ခွေးဘခက်ကို သတ်ပစ်၊ သတ်ပစ်"

ဤသည်မှာ သခင်သန်းထွန်း၏ နိဂုံးချုပ် မိန့်ခွန်းအပြီးတွင် ရဲဘော်နိုင် (ဖိုးတူး - ရဲဘော်ငွေး၏သားငယ်)က ချက်ချင်းပင်မတ်တတ်ရပ်၍ ကြွေးကြော် လိုက်ခြင်းဖြစ်၏။ ဖိုးတူး၏ကြွေးကြော်သံကို အစည်းအဝေးသို့ တက်ရောက်နေ သူများကလည်း နောက်မှလိုက်ပြီး အသံကုန်ကြွေးကြော်ကြရ၏။ အစည်း အဝေး၏ အခမ်းအနားမှူးဖြစ်သော ရဲဘော်ထွန်းရှိန် (ရဲဘော်ဖေငြိမ်း) သည် ရဲဘော်ဘတင်၊ ရဲဘော်ငွေး၊ ရဲဘော်ဘခက်တို့အား ဖိုးတူးကြွေးကြော်၍ပေး နေသော ကြွေးကြော်သံများကို လိုက်၍ကြွေးကြော်စေ၏။ ထို့ကြောင့် ရဲဘော် ဘတင်(ဂိုရှယ်)ရဲဘော်ငွေး၊ရဲဘော်ဘခက်တို့သည်လည်း ထိုကြွေးကြော်သံများ ကိုလိုက်၍ အော်ဟစ်နေကြရလေသည်။

ယင်းသို့ဖြင့် ၁၉၆၇ - ခုနှစ်၊ဧပြီလ(၂၇)ရက်နေ့တွင် ရဲဘော်ဘတင်(ဂိုရှယ်) ရဲဘော်ငွေး၊ ရဲဘော်ဘခက်တို့အား အရေးယူသည့် အစည်းအဝေးတွင် သခင် သန်းထွန်းသည် အောက်တွင်ဖော်ပြထားသည့်ခေါင်းစဉ်းဖြင့် ဗမာပြည်ကွန်မြူ နစ်ပါတီ၏သမိုင်းဝင်မိန့်ခွန်းကိုပြောကြား၍ သွားလေသည်။

> "ပြန်လည်ပြင်ဆင်ရေး ထိပ်သီးနှစ်ဦးကို ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့မှ ထုတ်ပစ်ကြောင်း ကျေညာသည့် တော်လှန်သော ကေဒါများ၊ တော်လှန်သောတပ်မတော်သားများ၊ ကွန်မြူနစ်လူငယ် များ၊ အမျိုးသမီးများအစည်းအဝေးတွင်ပြောကြားသည့် ဗဟိုကော် မတီဥက္ကဋ္ဌသခင်သန်းထွန်း၏ မိန့်ခွန်း"....

ဟူ၍ဖြစ်လေသည်။

ထိုသို့ သခင်သန်းထွန်း၏မိန့်ခွန်းအပြီးတွင် ဒုတိယပတ်၊ ဗဟိုမာ့က်စ်လီနင် ဝါဒကျောင်း၊ ကျောင်းဆရာအဖွဲ့၊ ခရိုင်များ၏ ကိုယ်စားလှယ်များ၊ ဗဟိုဌာန ချုပ်မှ ပါတီကော်မတီ ကိုယ်စားလှယ်၊ တပ်နီလူငယ် ကိုယ်စားလှယ်၊ ဗဟို ကင်းတပ် ကိုယ်စားလှယ်စသည့် အသီးသီးသောကိုယ်စားလှယ်များသည် –

"**တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့**"၏ ဆုံးဖြတ်ချက်ကို အလေးအနက် ထောက်ခံကြောင်းကို တဦးပြီးတဦးပင် ဤသို့တင်ပြကြလေသည်။

ဒုတိယပတ် ဗဟိုမော်ကွန်စလီနင်ဝါဒကျောင်း၊ ကျောင်းဆရာအဖွဲ့၏ကိုယ်စား အဖြစ်ဖြင့် ဗိုလ်တွန်းငြိမ်းမှ ပထမဆုံးပြောကြားလေသည်။

"အခု တော်လှန်တဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ဟာ ပါတီတွင်းမှာရှိတဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒကို အထွေထွေထိုးစစ်ကြီး စပြီးတော့ ဆင်လိုက်တာဖြစ်တယ်။ စိန်-ဝိန် ဘခက်တို့ကို အဆုံးတိုင် တိုက်ခိုက်ချေမှုန်းသွားရမယ်။ ဒီတိုက်ပွဲမှာ ကျုပ်ရဲ့ခန္ဓာကိုယ်နဲ့အသက် ကိုပါ ပါတီဥက္ကဋ္ဌနဲ့ တော်လှန်ရေးဦးဆောင်အဖွဲ့ကို ပေးအပ်ပါတယ်။

အခုဆိုရင် တိုက်ပွဲအတွင်းက စိန်-ဝိန်-ဘခက် တို့ရဲ့ ပင်ကိုယ် လက္ခဏာဟာ လုံ ဝပြောင်းလဲသွားလိမ့်မယ်။

"စည်း" ကတော့ ၆၄-ဒီဇင်ဘာမှာ ဆက်လက်ပြီးတော့ ၅၅-ကို ဆုတ်ကိုင်နေသလား။ ၆၅-ပေါလစ်ဗျူရိုအဖွဲ့ ဆုံးဖြတ်ချက်နဲ့ ၆၆-အာဏာပြဿနာ ဆုံးဖြတ်ချက်၊ ၆၇-ခုနှစ် အခြေခံ လုပ်ငန်းစဉ်နဲ့ စည်းမျဉ်းဥပဒေ ဆုံးဖြတ်ချက်တွေကို လက်ခံသလား၊လက်မခံဘူးလား ဆိုတာပဲ။

"စံ" တွေကတော့။

(၁) နေဝင်းအပေါ်သဘောထား။

(၂) ငြိမ်းချမ်းရေးလား၊ စစ်အနိုင်တိုက်ရေး အာဏာသိမ်း ရေးလား။

(၃) အာဏာ ၃-ခုလား၊ ၂-ခုလား။

(၄) ယဉ်ကျေးမှု တော်လှန်ရေးပေါ် သဘောထား။

(၅) ဗဟိုခေါ်က်စ် လီနင်ဝါဒကျောင်းနဲ့ တရုပ်ပြန်တွေအပေါ် သဘောထား။

(၆) ဆင်းရဲအခြေခံမလား၊ ချမ်းသာအခြေခံမလား။

(၇) ပါတီရဲ့အခြေခံလုပ်ငန်းစဉ်ကို ဆန့်ကျင်သလား၊ မဆန့် ကျင်ဘူးလား။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(မှတ်ချက်။ ။ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်တွင်"၆၄-သည်စည်း" "၅၅-သည်စံ" ဟူသည့် အသုံးအနှုန်းကို ၁၉၆၅-ခုနှစ် နောက်ပိုင်းတွင် သခင်သန်းထွန်းကိုယ်ဘိုင် အကျယ် အပြန့် သုံးစွဲလာခြင်းဖြစ်သည်။

အမှန်စင်စစ်အားဖြင့် ယင်း"စည်းနှင့်စံ"ဟူသော ဝေါဟာရကို ပထမဦးဆုံးအသုံးပြု၍ ပြောဆိုသူမှာ ရဲဘော် ထွန်းရှိန် (ရဲဘော်ဖေငြိမ်း) ဖြစ်သည်။ ရဲဘော်ထွန်းရှိန်ကလည်း တရုပ်ဝေါဟာရကို တိုက်ရိုက်အသုံးချလိုက်ခြင်း ဖြစ်သည်။

တရုပ် ဘာသာတွင် "ရှင်" သည် မြန်မာ ဘာသာ၌ "စည်း" ဖြစ်သည် "တင်" သည် မြန်မာဘာသာ၌ "စံ" ဖြစ်သည်။ ထို့ကြောင့် တရုပ်ဘာသာ "ရှင်" နှင့် "တင်" သည် မြန်မာဘာသာတွင် "စည်း" နှင့် "စံ" ဟူ၍ သုံးစွဲလာခြင်း ဖြစ်ပါသည်။ စာရေးသူ။)

ဘတင် ကပြောတယ်။ သူ့တသက်တာရဲ့ တာဝန်က သန်းထွန်းဝါဒကို အလေးပေးတိုက်သွားဖို့ပဲလို့ ပြောခဲ့တယ်။

တကယ်ကတော့ သန်းထွန်းဝါဒဆိုတာဟာ ဘာလဲ။ ၄၇-ခုနှစ် တော်လှန်ရေးလမ်းစဉ်နဲ့ ၆၄-တော်လှန်ရေး လမ်းစဉ်ပဲ။ မဟာမော်စီတုန်းရဲ့အတွေးအခေါ်ပဲ မဟုတ်လား။

တရုပ်ပြန်များဟာ သန်းထွန်းဂိုဏ်းပဲ၊ တရုပ်နောက်လိုက်များပဲ။

တရုပ်ပြန်တွေကိုကြောက်တာ၊ မုန်းတာဟာပြန်ပြင်ရေးဖြစ်တယ်။

တရုပ်ပြန်တွေကို မကြောက်တာဟာ စစ်နိုင်ရေး၊ အာဏာ သိမ်းရေး လမ်းစဉ်သမားတွေပဲ။

တရုပ်ပြန်တွေကို ချီးကျူးပြီး ငြိမ်းချမ်းရေး အသံထွက်နေရင်လဲ ဘာစွာဖောက်ပဲဖြစ်တယ်၊ ခေါင်းမာတာဖြစ်တယ်။

စိန် ဟာ အလယ်ဗဟိုဝါဒသမားဖြစ်တယ်။ အလွန်ကောက်ကျစ်တယ်၊ (ဗမာပြည် တင်ရှောင်ပင်ဖြစ်တယ်)။

ဘခက် ကတော့၊ သူ့ဆရာ နှစ်ယောက်ရဲ့ ပရိယာယ်ကို စုစည်းဖော်ပြနိုင်တဲ့သူ ဖြစ်တယ်။ ဗမာပြည်ရဲ့ ရှယ်လီယာပင်ပဲဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဲဒီပြန်လည် ပြင်ဆင်ရေးသမား(၃)ကောင်ဟာ ဗမာပြည် အနာဂတ်ရဲ့ လူရှောချီ၊ တင်ရှောင်ပင်နဲ့ ရှယ်လီယာပင်တို့ ဖြစ်ကြတယ်။ ခင်ဗျားတို့ လမ်းနှစ်လမ်းကို ရွေးရမယ်။

တလမ်းကတော့ ပီကင်းလမ်းပဲ။ ပီကင်းလမ်းဆိုတာ ပါတီကို လက်နက်ချတဲ့ လမ်းပဲ။

တလမ်းကတော့ တီယန်စင်လမ်းပဲ၊ တီယန်စင်လမ်းဆိုတာ လုံးဝအပြီး ချေမှုန်းပစ်တာခံရမဲ့လမ်းပဲ။ ကြိုက်တဲ့လမ်းကို ရွေးကြဖို့ပဲဖြစ်တယ်။

(မှတ်ချက်။ ဗိုလ်ထွန်းငြိမ်း ပြောသည့် " လူရှောချီ " မှာ၊ တရုပ်ပြည်သူ့သမတနိုင်ငံတော် "ဥက္ကဋ္ဌကြီး" ဖြစ်သည်။

"တင်ရှောင်ပင်" မှာ တရုပ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး ဖြစ်သည်။ "ရှယ်လီယာပင်" မှာ ဆိုဗီယက် ယူနီယံကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဖြစ်ပါသည်။

"တီယန်စင်လမ်း" ဆိုသည်မှာ၊ တီယန်စင်မြို့ တွင်တရုပ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်က ချန်ကေရှိတ်၏ တပ်များကို လက်နက်မချသည့်အတွက် ချေမှုန်းခဲ့ခြင်းကို ဆိုလိုပါသည်။

"ပီကင်းလမ်း" ဆိုသည်မှာ ပီကင်းမြို့တွင် ချန်ကေရှိတ်တပ်များကို လက်နက်ချနိုင်းပြီး ပီကင်းမြို့အား သိမ်းခဲ့ခြင်းကို ဆိုလိုပါသည်။ စာရေးသူ)

ဗိုလ်ထွန်းငြိမ်းသည် လက်နှစ်ချောင်းကိုထောင်၍ ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့ကို မေးနေသည်။ ဗိုလ်ထွန်းငြိမ်း၏ အသံသည် မာကြောနေ၏။ တင်းမာနေ၏။ ခြိမ်းချောက်သည့် အသံပင်ဖြစ်လေသည်။

ဖိုးတူးသည် ချက်ခြင်းပင် လက်သီးလက်မောင်းတန်းပြီး အသံကုန်အော်၍ ကြွေးကြော်လေသည်။

"ဧပြီလ (၂၇)ရက် ဆုံးဖြတ်ချက်ကို ထောက်ခံတယ်၊ ပြန်လည်ပြင်ဆင်ရေး တစုံဟာ ၅၅ - ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိန်-ဗိန်-ဘခက်ဟာ သစ္စာဖောက်။

မဟာမော်စီတုန်း အတွေးအခေါ်ကို စွဲကိုင်ခဲ့ထဲ့တော်လှန်တဲ့ ဗဟိုကော်မတီတွေ ကျန်းမာပါစေ၊ သက်တော်ရာကျော်ရှည်ပါစေ။

တော်လှန်တဲ့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း သက်တော်ရှည်ပါစေ။

စသည်တို့ဖြစ်လေသည်။

ထို့နောက်တွင် မြစ်ဖျားဒေသမှ တိုင်းကော်မတီအဖွဲ့ဝင်ဖြစ်သော ရဲဘော်တင်ဦး(မြင်းခြံမှ ရဲဘော်လှမောင်)သည် အစည်းအဝေးပရိသတ်အတွင်းမှ ပြေးထွက်လာပြီး၊ ခြေထောက်ကို ဘယ်ညာပေါက်၍ သီချင်းကိုဒေါနှင့် မောနှင့် ဆိုတော့သည်။ "ပြန်ပြင်ရေးကို အပြုတ်တိုက်မည် ငြိမ်းချမ်းရေးသမားတွေကို သတ်ရမည်။ သတ်ပစ်ရမည်။ ငါတို့....ညီညီ" ဟူ၍ ဖြစ်လေသည်။

ယင်းသို့ ရဲဘော်တင်ဦးသည် သီချင်းဆိုနေချိန်တွင် သခင်သန်းထွန်းသည် တပ်နီလူငယ်လေးများနှင့်အတူ အလွန်တက်ကြွသော အမူအရာနှင့် လက်ခုပ်ဩဘာကို ရဲဘော်တင်ဦး၏ခြေချနှင့်အညီ လိုက်၍တီးပေးနေ၏။ အချို့သော တပ်နီလူငယ်လေးများမှာမူ လက်ခေါက်မှုတ်၍ပင်နေကြလေသည်။

ရဲဘော်တင်ဦးသည် ဧပြီလ (၂၇) ရက်ဆုံးဖြတ်ချက်ကို အကြွင်းမဲ့နှင့် လုံးဝ ပင်ထောက်ခံကြောင်းကို ဆက်လက်၍ အော်ကြီး ဟစ်ကြီးတင်ပြလေသည်။

"အခုတော်လှန်တဲ့ ဒီသမိုင်းဝင် ဆုံးဖြတ်ချက်ဟာ တပြည်လုံးမှာ တော်လှန်ရေး အုံကြွပေါက်ကွဲမှုတွေဖြစ်လာမှာ သေချာတယ်။ ကနေ့ ဒီဆုံးဖြတ်ချက်ကို ဒီနေရာမှာ ချလိုက်တာဟာ လောင်စာတွေထဲကို မီးပွားကလေးချလိုက်တာဖြစ်ဘယ်။ ဒီမီးပွားကလေးဟာ တောမီးကြီး ဖြစ်လာမှာလဲသေချာတယ်။ မြစ်ဖျားဒေသတိုင်းမှာလဲ ဒီတောမီးကြီး မှချပပ်ပျံ့နှံ့စေရမယ်။

ပါတီထဲက ပြည်တွင်းငြိမ်းချမ်းရေးသမားတွေကို တကောင်တမြီးမှ မကျန်အောင် သုတ်သင်ပစ်သွားမယ်ဆိုတာကို ကျွန်တော်ရဲရဲကြီး ကတိ ပေးခဲ့ချင်ပါတယ်"

ထိုအချိန်တွင် တပ်နီလူငယ်လေးများသည် တဦးပြီးတဦးပင် ထ၍ထ၍ ကြွေးကြော်သံများကို အော်ဟစ်ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ငပိန်ကြီးကို ထုတ်ပစ်၊ သတ်ပစ်"

"ကုလားကြီး ငပိန်ကို သတ်-သတ်"

"ငစိန်ကို သတ်-သတ်"

"ဘခက်ကို သတ်-သတ်"

"ဥက္ကဋ္ဌကြီး သခင်သန်းထွန်း ကျန်းမာပါစေ - သက်တော် ရာကျော် ရှည်ပါစေ"

ထို့နောက်တွင် ပဲခူးရိုးမတိုင်း ကော်မတီ ဖြစ်သော ရဲဘော်သက် ကလည်း ဤသို့ပင် အတက်ကြွဆုံး ထောက်ခံ၍သွားလေသည်။

"ရဲဘော်တို့၊ ကနေ့ပါတီမှာရှိနေတဲ့၊ ပြန်လည်ပြင်ဆင်ရေး ဝါဒနဲ့ ပြည်တွင်းငြိမ်းချမ်းရေးသမားတွေကို အပြီးတိုင်ရှင်းလင်း သုတ်သင်ဖို့ တာဝန်ဟာကျန်သေးတယ်။ ဒီတာဝန်ကိုကျွန်တော်တို့ဆက်ပြီး ယူရဦးမယ်။ ဒီမှာအခက်အခဲတွေ အတားအဆီးတွေရှိနိုင်သေးတယ်။ ဘာပဲ ဖြစ်ဖြစ်၊ ကျွန်တော်တို့ဟာ မိုးကိုတက်ပြီး ဒူးနဲ့တိုက်ခဲ့လူတွေဖြစ်တယ်။ အခု ဦးပိုန်၊ ဦးစိန်နဲ့ ဘခက်တို့ကို နောက်ဆုံးထိ ချေမှုန်းမဲ့တာဝန်ကို ကျွန်တော်တို့ဆက်လက်ယူပါမယ်။"

ယင်းသို့ ရဲဘော်သက်မှာထောက်ခံ၍ တင်ပြပြီးသောအခါတွင်လည်း တပ်နီ လူငယ်လေးများသည် ကြွေးကြော်သံများကို အော်ဟစ်၍နေကြလေသည်။

ဆက်လက်၍ ရဲဘော်မြမောင် (ရဲဘော်တင်ထွန်း၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားတပ်ဦးခေါင်းဆောင်) သည် ရန်သူ့ဒေသတွင် ထမ်းဆောင်နေကြသည့် ရဲဘော်များ၏ကိုယ်စားလှယ်အဖြစ်ဖြင့် ဤသို့ထောက်ခံ၍သွားလေသည်။

"အခုပြန်လည်ပြင်ဆင်ရေးဝါဒီထိပ်သီးတွေကို ဗဟိုကော်မတီထဲက ထုတ်ပစ်တာ လုံးဝမှန်တယ်။

ဒီလူတွေဟာ သစ္စာဖောက်တွေဖြစ်တယ်။ ကျွန်တော်တို့ပါတီဟာ ပြည်တွင်းငြိမ်းချမ်းရေးသမားတွေ စုဝေးရာ သစ္စာဖောက်ပါတီမဟုတ်ဘူး။ ဒီသစ္စာဖောက် (၃) ကောင်ရဲ့ မျက်နှာတွေကို မြင်နေရတာဟာ အမင်္ဂလာကောင်တွေကို မြင်နေရသလိုပဲ။ အခုတော်လှန်တဲ့ ဥက္ကဋ္ဌကြီးနဲ့ တော်လှန်တဲ့ ခေါင်းဆောင်ကြီးတွေရဲ့ မျက်နှာတွေကို မြင်နေရတာဟာ

ကျွန်တော့် တသက်တာမှာ ဘယ်အခါတုံးကမှ မတွေ့ရ၊ မမြင်ရဘူးတဲ့ မင်္ဂလာရှိတဲ့မျက်နှာတွေကို မြင်တွေ့နေရလို့ အလွန်ကိုမင်္ဂလာရှိလှပါတယ်။ ကျွန်တော့်တသက်တာမှာ မင်္ဂလာအရှိဆုံးကိုတွေ့ရတာဖြစ်တယ်။

ကျွန်တော်တို့ပါတီထဲက ပြည်တွင်းငြိမ်းချမ်းရေးသမားသစ္စာဖောက် (၃)ကောင်ကို အပြီးအပိုင် ချေမှုန်းသွားဖို့ ကျွန်တော်တို့မှာ တာဝန်ရှိသေးတယ်ဆိုတာလဲ ပြောချင်ပါတယ်။”

သရက်ခရိုင် ကိုယ်စားလှယ်အဖွဲ့၏ကိုယ်စား၊ သရက်ခရိုင်ပါတီအတွင်းရေးမှူးဖြစ်သော ဗိုလ်နေဝင်းကလည်း ဤသို့ပင် ရဲရဲတောက်ထောက်ခံ၍ တင်ပြသွားလေသည်။

“အခုကျွန်တော်တို့ရဲ့ ရှေ့မှောက်မှာ ရောက်နေတဲ့ငပိန်၊ ငစိန်၊ ဘခက်(၃)ကောင်ဟာ၊ ပါတီရဲ့သစ္စာဖောက်တွေဖြစ်တယ်။ ဒီကောင်တွေဟာ သူတို့ရဲ့သစ္စာဖောက်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးသဘောထားကို မစွန့်လွှတ်ကြဖူး။

အခု ဒီသစ္စာဖောက်(၃)ကောင်ကို ကြည့်ကြပါရဲဘော်တို့။....

သူတို့မျက်နှာတွေက ပြုံးမလိုရယ်မလိုလုပ်နေတယ်။ ဒီလိုလုပ်နေကြတာဟာ အခုထိ ဒီသစ္စာဖောက်တွေဟာ ပါတီကိုမျက်နှာပြောင်တိုက်နေကြတုံးပဲ၊ ဒီသစ္စာဖောက် (၃) ကောင်ဖြစ်တဲ့ ငပိန်၊ ငစိန်နဲ့ နေဝင်းနောက်လိုက် ခွေးဘခက်တို့ကို မြန်မြန်သတ်ပစ်ဖို့ လိုတယ်။

သူတို့ကိုထားတာဟာ ပါတီမှာဆန်ကုန်တယ်။

အခုဆိုရင် သစ္စာဖောက်ငွေးကိုလဲ တော်လှန်တဲ့အမျိုးသမီးဖြစ်တဲ့ ရဲဘော်မရင်ရင်က လင်ယောကျ်ားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းကို ကျေညာလိုက်တယ်လို့ သိရတယ်။ ဒါကလဲမင်္ဂလာသတင်းပဲ၊ ငြိမ်းချမ်းရေးသမား သစ္စာဖောက်ကို စွန့်လွှတ်တာဟာလဲ တော်လှန်ရေးလုပ်တာပဲ၊ အခုနောက်ဆုံးတောင်းဆိုချင်တာက တော်လှန်တဲ့ဥက္ကဋ္ဌကြီးတို့အနေနဲ့ ဒီသစ္စာဖောက်(၃)ကောင်ကို အမြန်ဆုံးချေမှုန်းပစ်ပါလို့ လေးလေးနက်နက်တောင်းဆိုပါတယ်။”

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(မှတ်ချက်။ ။ဗိုလ်နေဝင်းသည်ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့်ရဲဘော်ဘခက်တို့အား အလွန်ရိုင်းစိုင်းသော အသုံးအနှုန်းများဖြင့် လက်ညှိုးတငေါက်ငေါက် ထိုး၍စွဲချက်တင်နေသည်။ ထိုအချိန်တွင် ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့် ရဲဘော်ဘခက်တို့သည် ဗိုလ်နေဝင်း၏ အလွန်ရန်လို၍ ဟန်ပိုသည့်အမူ အရာကိုကြည့်ပြီး မပြုံးပဲမနေနိုင်၍ ပြုံးလျက်ကြည့်နေကြသည်။၎င်းသည် ကိုဗိုလ်နေဝင်းကအလွန်ဒေါသထွက်၍ ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့်ရဲ ဘော်ဘခက်တို့အား ပြုံးရယ်ခြင်း မပြုရန်အတွက် ဟန့်တားလိုက်ပါ သည်။ စာရေးသူ)

ထို့နောက် တောင်ငူခရိုင်ပါတီ အတွင်းရေးမှူး ဗိုလ်မင်းမောင်ကလည်း ဤသို့အပြတ်သားဆုံးပင် ထောက်ခံ၍ တင်ပြသွားလေသည်။

"ကနေ့ တော်လှန်တဲ့ဆုံးဖြတ်ချက်မှာ ပြည်တွင်း ငြိမ်းချမ်းရေး သစ္စာဖောက်တွေရဲ့ခေါင်းကို အပြီးရိုက်ခဲ့လိုက်တာဖြစ်တယ်။ ဒီသစ္စာ ဖောက်(၃)ကောင်ဟာလဲ ရှေ့ဆက်ပြီးတော့ ခေါင်းမာ သွားမဲ့အ ကောင်တွေ ဖြစ်တယ်။ ဒါကြောင့် ဒီ(၃)ကောင်ကို အရှင်မထားဖို့ နောက်ဆုံးတောင်းဆိုချင်ပါတယ်"

ထို့နောက်တွင်လည်း ခရိုင်ကိုယ်စားလှယ် အသီးသီးသည် ဆက်၍ဆက်၍ အပြတ်သားတကာ့ အပြတ်သားဆုံးသော စကားလုံးများဖြင့် ထောက်ခံတင် ပြ၍ သွားကြလေသည်။

ဗဟိုဌာနချုပ်ပါတီ ကော်မတီ၏ ကိုယ်စားအဖြစ်ဖြင့် ဗိုလ်တင်မောင် (ခေါ်)ဗိုလ်သိန်းထွန်း၊ ပြည်ခရိုင်ပါတီ၏ ကိုယ်စားအဖြစ်ဖြင့် ဗိုလ်ငြိမ်း၊ ချင်း ဦးစီးအဖွဲ့၏ကိုယ်စားအဖြစ်ဖြင့် ဆလိုင်းစံအောင်၊သာယာဝတီခရိုင်၏ကိုယ်စား အဖြစ်ဖြင့် ဗိုလ်စိန်မင်းတို့သည် ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့် ရဲဘော်ဘခက် တို့အား အဆိုးတကာ့ အဆိုးဆုံးသော စွဲချက်များဖြင့် တင်ပြ၍ ထောက်ခံ သွားကြလေသည်။

၁၉၆၇-ခုနှစ်၊ ဧပြီလ(၂၇)ရက်နေ့အစည်းအဝေးတွင်နောက်ဆုံးထောက် ခံသူများအဖြစ်ဖြင့် ဗဟိုကင်းတပ်၏ကိုယ်စား ရဲဘော်ထွန်းကျော် (မောင်စိုး ဝင်း လူထုဦးလှ-ဒေါ်အမာ၏သား)နှင့် ဗဟိုဌာနချုပ်စခန်းမှ တော်လှန်သော တပ်နီလူငယ်အဖွဲ့၏ကိုယ်စား မောင်ခင်ကျော် (တက်တိုး-ပြည်ခရိုင် ပါတီအ တွင်းရေးမှူး ရဲဘော်လှကြည်၏ မွေးစားသား)တို့မှ ထောက်ခံတင်ပြ၍သွားကြ လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗဟိုဌာနချုပ်ကင်းတပ်၏ကိုယ်စား ရဲဘော်ထွန်းကျော် (မောင်စိုးဝင်း) သည် ဤသို့ထောက်ခံတင်ပြလေသည်။

"ကနေ့ တော်လှန်တဲ့ဥက္ကဋ္ဌကြီးနဲ့ တော်လှန်တဲ့ ခေါင်းဆောင်တွေရဲ့ တော်လှန်တဲ့သမိုင်းဝင် ဆုံးဖြတ်ချက်ကို အခုလိုထောက်ခံရလို့ အလွန်ကို အားရရွှင်လန်းဖြစ်ရတယ်။

ဒီပြည်တွင်းငြိမ်ချမ်းရေးသမား သစ္စာဖောက်(၃)ကောင်ဟာ ကျွန်တော်တို့ရဲ့ တော်လှန်တဲ့ ဥက္ကဋ္ဌကြီးကို အမြဲတန်းဆန့်ကျင်ခဲ့တဲ့ သစ္စာဖောက်တွေဖြစ်တယ်။ တော်လှန်တဲ့ ဥက္ကဋ္ဌကြီးကို ဆန့်ကျင်တာဟာ တော်လှန်ရေးကို ဆန့်ကျင်တာဖြစ်တယ်။

အခုဒီသစ္စာဖောက် (၃)ကောင်ကို ကော်မတီထဲကဖြုတ်ရုံနဲ့ မလုံလောက်သေးဘူး၊ နောက်တဆင့်တက်ရမယ်။ထုတ်ရမယ်။သတ်ရမယ်။

ဒီသစ္စာဖောက် (၃)ကောင်ကို သုတ်သင်ချေမှုန်းဖို့အတွက် ကျွန်တော်တို့ ဗဟိုကင်းတပ်က လုံးဝတာဝန်ယူသွားမယ် ဆိုတာကို ဗဟိုကင်းတပ်ရဲ့ကိုယ်စား အလေးအနက် တောင်းဆိုပါတယ်။

အမြန်ဆုံးလဲ သုတ်သင်ချေမှုန်းဖို့ တော်လှန်တဲ့ဥက္ကဋ္ဌကြီးနဲ့ တော်လှန်တဲ့ ခေါင်းဆောင်ကြီးတွေကို အလေးအနက် တောင်းဆိုပါတယ်"

ရဲဘော်ထွန်းကျော်သည် အလွန်ပင်တက်ကြွနေ၏။ စကားပြော နေလျက်ပင် ခုန်လိုက်ပေါက်လိုက် လုပ်နေ၏။ တခါတရံတွင် ကိုင်ထားသည့် "**နေ့စဉ်စတင်း**" သေနတ်ကို မြှောက်လျက်မြှောက်လျက်ဖြင့် အသံကုန်အော်၍ဟစ်၍ ပြောနေ၏။ ရဲဘော်ထွန်းကျော်သည် နောက်ဆုံးတွင် ဘယ်လက်မှ သေနတ်ကို မြှောက်လျက် ညာဘက်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ လက်သီးလက်မောင်းတန်းကာ ဤသို့ပင် ကြွေးကြော်သွားလေသည်။

"ငပိန်ကိုထုတ်ပစ်-သတ်ပစ်"

"ငစိန်ကိုထုတ်ပစ်-သတ်ပစ်"

"ဘခက်ကိုထုတ်ပစ်-သတ်ပစ်"

"ပြည်တွင်းငြိမ်းချမ်းရေးသမားတွေကို ထုတ်ပစ်-သတ်ပစ်"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"တော်လှန်တဲ့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း သက်တော်ရာကျော်ရှည် ပါစေ"

"ကမ္ဘာ့ ခေါင်းဆောင်ကြီး မဟာမော်စီတုန်း သက်တော် ရာကျော် ရှည်ပါစေ"

ဤသည်တို့မှာ ရဲဘော်ထွန်းကျော် (မောင်စိုးဝင်း)၏ တခဲနက်သော နိဂုံးချုပ် ကြွေးကြော်သံများပင်တည်း။

နောက်ဆုံးအားဖြင့် ဗဟိုဌာနချုပ်မှ တပ်နီလူငယ်များကိုယ်စား ရဲဘော်ခင်ကျော်သည် ဤသို့ပင်ထောက်ခံ၍ တင်ပြသွားလေသည်။

"ပြန်လည်ပြင်ဆင်ရေး သမားတွေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးသမားတွေကို ချေမှုန်းတဲ့တိုက်ပွဲမှာ ကျွန်တော်တို့ဟာ ရှေ့တန်းကပါဝင်ခွင့်ရခဲ့တဲ့အတွက် အူလှိုက်အသဲလှိုက် ဝမ်းသာနေကြပါတယ်။ အခုဆိုရင် သစ္စာဖောက်(၃)ကောင်ကို ကျွန်တော်တို့ ဖမ်းမိထားပြီဖြစ်တယ်။

ဒီ(၃)ကောင်စလုံးကို မလွတ်ဖို့ ကျွန်တော်တို့တော်လှန်တဲ့ တပ်နီလူငယ်တွေက လုံးပဟာဝန်ယူပါတယ်။ နောက်ပြီးတော့ ဒီသစ္စာဖောက်တွေကို ချေမှုန်းသုတ်သင်တဲ့အခါမှာ ကျွန်တော်တို့ တော်လှန်တဲ့တပ်နီလူငယ်တွေကိုပဲ တာဝန်ပေးပါ။ ရှေ့တန်းကတာဝန်ယူကြမယ်။

ကနေ့ဟာ သမိုင်းဝင်နေ့ဖြစ်ပါတယ်။ သမိုင်းဝင်နေ့အတွက် တော်လှန်တဲ့ဥက္ကဋ္ဌကြီးကို ကနေ့မှထုတ်ဝေတဲ့ တော်လှန်တဲ့ တပ်နီလူငယ်တွေရဲ့ ကြွေးကြော်သံဖြစ်တဲ့ "**အားသစ်**" ဂျာနယ်ကို တော်လှန်တဲ့ လက်ဆောင်နီအဖြစ်နဲ့ ပေးအပ်ပါတယ်။"

ဗဟိုဌာနချုပ်စခန်းမှ တပ်နီလူငယ် ခေါင်းဆောင်ဖြစ်သော ရဲဘော်ခင်ကျော်သည် သခင်သန်းထွန်းရှိရာ စင်မြင့်သို့သွား၏။ သခင်သန်းထွန်းသည် စင်မြင့်မှမတ်တတ်ထ၍ ရဲဘော်ခင်ကျော်မှပေးအပ်သည့် "**အားသစ်**" စာစောင်ကိုလက်ခံယူလိုက်၏။ ထို့နောက်သခင်သန်းထွန်းသည် "**အားသစ်**" စာစောင်ကို ဝှေ့ရမ်းလျက် "**အားသစ်**" "**အားသစ်**" ဟူ၍ ကြွေးကြော်နေလေသည်။

ထို့နောက်တွင် တော်လှန်သောဗဟိုစခန်း၌ တော်လှန်သော တပ်နီလူငယ်အဖွဲ့ခေါင်းဆောင်များဖြစ်သော ရဲဘော် ထွန်းရှိန်၊ ရဲဘော် ထွန်းကျော်နှင့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

“တော်လှန်သောအဇာတသတ်” ဖိုးတုးရေးဆွဲသော “အားသစ်”



၁၉၆၇-ခုနှစ် ဧပြီလ(၂၇)ရက်နေ့တွင် “ဇိန် ဗိန် ခက်” တို့အား အရေးယူသည့်အစည်းအဝေး၌သခင်သန်းထွန်းကိုဂုဏ်ပြုသည့် တပ်နီလူငယ်တို့၏ လက်ဆောင်နီဖြစ်သော “အားသစ်” ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်တင်ဟန်တို့သည် "လှံစွပ်နီ" အမည်ဖြင့် နံရံကပ် သတင်းစာတစောင်ကို လည်း ချက်ခြင်းထုတ်ဝေလိုက်ကြလေသည်။

ယင်း "လှံစွပ်နီ" ၏ ကြွေးကြော်သံမှာ ဤသို့တည်း။
"ပြည်တွင်းငြိမ်းချမ်းရေးသမားများကို ထိုးမည့်လှံစွပ်နီ"

"သစ္စာဖောက် အဖေကိုထိုးမည့် လှံစွပ်နီ"

"သစ္စာဖောက်ချစ်သူကိုထိုးမည့် လှံစွပ်နီ"....စသည်တို့ ဖြစ်လေသည်။

၁၉၆၇-ခုနှစ်၊ ဧပြီလ(၂၇)ရက်နေ့ ၁၂း၃၀-နာရီတွင်ဖြစ် လေသည်။

"အခုတော်လှန်တဲ့ သမိုင်းဝင်အစည်းအဝေးကြီး ပြီးဆုံးပါပြီ"ဟု ရဲဘော် ထွန်းရှိန်က ကြေညာလိုက်လေသည်။

ထိုအခါချက်ခြင်းပင် အစည်းအဝေးသို့ တက်ရောက်နေသူ အားလုံးသည် စုဝေးလျက် ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့် ရဲဘော်ဘခက်တို့အား ဝိုင်းထားပြီး လျှင် ကြွေးကြော်သံများကို အသံကုန်ဟစ်အော်၍နေကြလေသည်။

ထို့နောက်.... သခင်သန်းထွန်းတို့သည် ဖမ်းဆီးထားသော ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့် ရဲဘော်ဘခက်တို့အား တဦးလျှင် (၃) ဦးစီဖြင့် စောင့်ကြပ် လျက် သတ်မှတ်ထားသည့် နေရာများသို့ ခေါ်ဆောင်၍ သွားကြလေတော့ သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် အော်သံ ဟစ်သံများ ဖြင့် ဆူညံ၍နေ၏။ ပွက်လောရိုက်၍နေ၏။ အော်ဟစ် ကြွေးကြော်နေသော အသံများသာလျှင် လွှမ်းမိုး၍နေလေတော့သည်။

"ပြည်တွင်းငြိမ်းချမ်းရေးသမားတွေကို ထုတ်....ထုတ် သတ်....သတ်....သတ် ....သတ်" ဟူ၍တည်း။

(၂) ဝိန် ပိန် ခက်။

ပိန်ဆိုသည်မှာ ဦးပိန် (ခေါ်) ရဲဘော်ဘတင်(ဂိုရှယ်)ဖြစ်၍ ဝိန်မှာ ဦးဝိန် (ခေါ်) ရဲဘော်ငွေးဖြစ်၏။ ခက်မှာမူ ရဲဘော်ဘခက်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ၁၉၆၇-ခုနှစ် ဧပြီလ(၂၇) ရက်နေ့တွင် ရဲဘော်ဘတင် ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့အား ဖမ်းဆီးချုပ်နှောင်ခဲ့၏။ ယင်းသို့ ဖမ်းဆီးချုပ်နှောင်ပြီးနောက်တွင် ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့အား အပြက်ဖက်မှ ဩဇာချရန်အတွက် အစီအစဉ်များကို စနစ်တကျ ရေးဆွဲ၍ ချမှတ်ကြလေသည်။

အထူးသဖြင့် ရဲဘော်ဘတင် ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့၏ သမိုင်းအစဉ်အလာများကို ဖျက်ဆီးပစ်ရန်အတွက် လူသစ်များကို ပညာပေးရန် စီစဉ်၏။ ထို့ကြောင့် သခင်သန်းထွန်းသည် **"ပြန်လည်ပြင်ဆင်ရေးသမား ထိပ်သီးများနှင့်ပတ်သက်၍ ရှင်းလင်းချက်"** ဆိုသည်ကို ပြုလုပ်၏။ ယင်းရှင်းလင်းချက်တွင် သခင်သန်းထွန်းသည် ရဲဘော်ဘတင် ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့၏ သမိုင်းကြောင်းများကို ဖော်ထုတ်၍ တင်ပြ၏။ ထို့ကြောင့် တော်လှန်သော တပ်နီလူငယ်လေးများသည် ဦးစိန် (ရဲဘော်ဌေး) ဦးပိန် (ရဲဘော်ဘတင်) ရဲဘော်ဘခက်တို့နှင့် ပတ်သက်သော သခင်သန်းထွန်း၏ ရှင်းလင်းချက်များကို သာ လေ့လာ၍ လက်စွဲအဖြစ် ကိုင်စွဲထားကြလေသည်။

× × ×

"ဦးပိန်(ဘတင်)အကြောင်း။

သူဟာ ကွန်မြူနစ်ပါတီကို မထူထောင်မီက လူသတ်ဂိုဏ်း အဖွဲ့ဝင်ဖြစ်တယ်။ အယူဝါဒအရဆိုရင် မနရှင်ပေါက်စ မင်းမဲ့ဝါဒသမားဖြစ်တယ်။

၃၉-ခုမှာ ပါတီထူထောင်တော့ သူပါလာတယ်။ ဇာစ်မြစ်ကို နားလည်ဖို့က ပါတီထူထောင်တော့ အိန္ဒိယပါတီ အင်္ဂလိပ်ပါတီအကူအညီနဲ့ တည်ဆောက်ခဲ့တာဖြစ်တယ်။ ဒီပါတီတွေဟာ ဒီကနေ့ ပြန်လည်ပြင်ဆင်ရေးပါတီတွေဖြစ်နေပြီး အိန္ဒိယပါတီမှာ သူကဘုရားလောက် ကိုးကွယ်သူကတော့ (အဒီကာရီ) ဆိုတာပဲ။ အခု ပြန်လည် ပြင်ဆင်ရေးသမား သစ္စာဖောက်တယောက်ပဲ။ အဲဒါကသူ့ရဲ့ ဘုရားဖြစ်တယ်။

၃၉-ခု ပါတီထောင်ပြီးတဲ့နောက် ၄၂-ခုမှာ ဂျပန်ဝင်လာတယ်။ ဂျပန်ဝင်လာတဲ့ အခါမှာ ဦးပိန်ဟာ အိန္ဒိယပြည်ကို ထွက်ပြေးတယ်။ တကယ်က ဂျပန်နဲ့ ပူးပေါင်းတဲ့လမ်းစဉ်ကို ခေါင်းဆောင်တာက အောင်ဆန်းပဲ။ အဲဒီလို ဗမာပြည်သူတွေဟာ ဂျပန်နယ်ချဲ့အောက်မှ ဖြစ်နေစဉ် နည်းအမျိုးမျိုးနဲ့ ပြည်သူတွေနဲ့ အတူ ပြန်တိုက်ရမဲ့အစား

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အိန္ဒိယကို ထွက်ပြေးတယ်။ ၄၇-ခုကျမှ ပြန်လာတယ်။ သေရေးရှင်ရေး အကြပ်အတည်းနဲ့ ရင်ဆိုင်နေစဉ်မှာ ပြည်သူတွေကို စွန့်ခွာသွားတာ ဖြစ်တယ်။

ဂျပန်တော်လှန်ရေးအတွင်း အိန္ဒိယရောက်နေတဲ့ လူတွေပြန်လာကြ တယ်။ ဂျီရှီတို့နဲ့ အဆက်အသွယ်ရတယ်။ ဂျီရှီတို့က ပါတီကေဒါတွေ ကိုဘရောက်ဒါ ဝါဒကျမ်းတွေကို သင်ပေးတယ်။ လမ်းညွှန်က ဂျပန် တော်လှန်ရေးပြီးရင် လက်နက်ကိုင် တိုက်စရာမလို ဘူး။ ပြန်လည်ထူ ထောင်ရေးလုပ်ကြဆိုပြီး သင်ပေးတယ်။သိန်းဖေလဲပါတယ်။ ဦးပိန်လဲ ပါတယ်၊ အဲဒီလူစုတွေပြန်လာကြတယ်။ အဲဒီကေဒါတွေဟာ ဘရောက် ဒါဝါဒနဲ့ ကြီးပြင်းလာကြတယ်။

နောက်တခုက ဒီမှာပဲပြောပြီးဖြစ်တယ်။ ပါတီက ဘရောက်ဒါ ဝါဒ လက်ခံတာမှားတယ်။ ကန္နီစာချုပ်ချုပ်တယ်။ ကျွန်တော်တို့တပ် တွေကို အင်္ဂလိပ် စစ်တပ်အောက်ကိုသွင်းတယ်။ ဒါတွေဟာ တော် လှန်ရေးကိုဖျက်ဆီးတာ ဖြစ်ဘယ်။ ၄၈-ခုမှာ ပါတီဟာ လက်နက်ကိုင် တိုက်ပွဲကို ခေါင်းဆောင်ခဲ့တယ်။

၄၅-က ဘရောက်ဒါဝါဒ လက်ခံတာ ကန္နီစာချုပ်ချုပ်တာ မှား တယ်။ ဒီဟာနဲ့ တဆက်တည်း ၄၅-ခုက၊ ၄၈-ခု အထိ အင်္ဂလိပ်ရဲ့ ဥပဒေတွင်းမှာ တရားဝင်ပါတီ အဖြစ်ရှိနေတာဟာ မှန်သလား၊ မှား သလား ပြန်စီစစ်ရမယ်။ ဒါဟာမှားတယ်။ တရားဝင်တည်ရှိခွင့် ရတာ ဟာလက်နက်ကိုင်တော်လှန်ရေးကို စွန့်ပြီး ဥပဒေတွင်းဝင်လို့ ရခဲ့တာ ဖြစ်တယ်။ ဘရောက်ဒါဝါဒဟာမှား တယ်။ကန္နီစာချုပ်ဟာမှားတယ်။ ဥပဒေတွင်းဝင်တာတော့ မှန်တယ်ဆိုတာ မဟုတ်ဘူး။ တဆက်တည်းပဲ ခွဲလို့မရဘူး။

၄၅-ခုနှစ်က လက်နက်ကိုင်တော်လှန်ရေးကို ဆက်တိုက်လုပ်ရင် နိုင် နိုင်တယ်။ ဗီယက် နမ် က ကျွန်တော်တို့ထက် နောက်ကျတယ်။ အဲဒီ ဥပဒေတွင်းကာလဟာ ကျွန်တော်တို့ ပါတီရဲ့ သမိုင်းမှာ အမဲစက်ထင် တဲ့သမိုင်းပဲ။

တလောက ဒီကိစ္စဆွေးနွေးတော့ ဦးပိန်က **"ဒီကာလမှာ တရား ဝင်ပါတီဖြစ်လာတာကိုက အောင်ပွဲခံတာ"** လို့ သုံးသပ်တယ်။ အဲဒီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တရားဝင်ပါတီဆိုတာ လက်နက်ကိုင် တော်လှန်ရေးကို စွန့်ပြီးမှရတာ ဖြစ်တယ်။ ဒီတော့သူ့အယူအဆက လက်နက်ကိုင်တော်လှန်ရေးစွန့်ပီး ဥပဒေတွင်း တည်ရှိခွင့်ယူတာ မှန်တယ်ဆိုတာပဲ။ ဒါက-၅၅-နဲ့တဆက်တည်း ဖြစ်တယ်။ ၄၅-တုံးက လက်နက်ကိုင် တော်လှန်ရေးကိုစွန့်ပီး၊ တရားဝင် တည်ရှိခွင့်နဲ့ ဆိုင်းဘုတ်တွေတင်တာမှ အောင်ပွဲခံတယ်လို့ သူက သုံးသပ်တယ်။ ဒါကြောင့်လဲ ၅၅-လမ်းစဉ်ဟာ မှန်တယ်လို့ ပြောနေတာဖြစ်တယ်။ ဒါက ဦးပိန်ရဲ့ အခြေခံအမြင်ဖြစ်တယ်။

၄၇-ခုမှာ "သံဒိုင်ဝါဒ" ပေါ်တယ်။ လမ်းစဉ်သဘောအရ ပြောရင် ပါတီတရပ်လုံးက လက်နက်ကိုင်တော်လှန်ရေး လုပ်လာတော့ လက်နက်ကိုင်တော်လှန်ရေးကို တားဆီးတာပဲ။ ဥပဒေထဲက မထွက်ရေးလို့ဆိုတယ်။ မှတ်မိကြမယ်၊ အစိုးရကပါတီသာဖမ်းတာ သမဂ္ဂတွေကို ဖမ်းတာမဟုတ်ဘူးလို့ ဦးပိန်ကဖော်ထုတ်တယ်။

၄၉-ခု ဖေဖော်ဝါရီလမှာ ဥပဒေတွင်းကို ပြန်ဝင်ရေးလို့ တင်ပြခဲ့ပြန်တယ်။ တော်လှန်ရေးမလုပ်ခင်က တော်လှန်ရေးမလုပ်ရေး လုပ်လာတော့ဖျက်သိမ်းရေး၊ ဒီတော့ ၄၉-ခု ဖေဖော်ဝါရီက ဦးပိန်ကို ဗဟိုကော်မတီကထုတ်ပစ်လိုက်တယ်။ ဒီလိုထုတ်ပစ်လိုက်တာဟာမှန်တယ်။

နောက် ၄၉-ခုရောက်တော့ ဦးပိန်ဟာ ဗဟိုကော်မတီမဟုတ်တော့ဘူး။ ဒါပေမဲ့ ၅၁-ခုမှာ ဗဟိုကော်မတီ ပြန်ဖြစ်လာတယ်။ ၅၁-ခုမှာ ဘာကြောင့် ဗဟိုကော်မတီပြန်ဖြစ်သလဲ၊ နိုင်ငံရေးအကြောင်းက ငြိမ်းချမ်းရေးညွန့်ပေါင်း အစိုးရလမ်းစဉ် ဖြစ်တယ်။ ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ်ကို တော်လှန်တဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ အနေနဲ့ သုံးသပ်တာက ရန်သူ မနေရှင် လူတန်းစားနဲ့ ပူးပေါင်းရေးဖြစ်တယ်။ ဖောက်ပြန်တဲ့လမ်းစဉ်ဖြစ်တယ်လို့သဘောထားတယ်၊ ၄၅-တုံးက လက်နက်ကိုင်တော်လှန်ရေးကိုစွန့်ပြီး ဥပဒေအတွင်းဝင်တာဟာ၊ တော်လှန်ရေးရဲ့ အောင်ပွဲလို့ ဦးပိန်ကသုံးသပ်တယ်။ ၅၁-လမ်းစဉ်ကို ဒီလိုသုံးသပ်ပြန်တယ်။ ၅၁-ခုနှစ် လမ်းစဉ်အရ ပြည်တွင်းစစ်ရပ်စဲရေး လုပ်တာဟာ မှန်တယ်လို့ သုံးသပ်ပြန်တယ်။ လုပ်ခဲ့တဲ့လူတွေက မှားတယ်လို့ သုံးသပ်တယ်။ လုပ်တုံးကမပါတဲ့သူက မှန်တယ်လို့လုပ်ပြန်တယ်၊ ဒီလိုလုပ်မှ သူကသူ့လမ်းစဉ်က ဆက်လို့ရမှာကိုး။ ဘရောက်ဒါဝါဒရယ်၊ သံဒိုင်ဝါဒရယ်၊ ၅၁-ရယ်၊ ၅၅-ရယ်၊ ဦးပိန်ရယ်တို့ကို တဆက်တည်း ဆက်လို့ရတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၅၅-အပေါ် သဘောထားကတော့ အထူးပြောစရာမလိုတော့ဘူး၊ လက်နက်ချလမ်းစဉ်ပဲ၊ လက်နက်ကိုင်တော်လှန်ရေးကိုဖျက်ပြီး၊ ဥပဒေတွင်းဝင်ရေးပဲ၊ ဒါကိုဦးပိန်က ဒီကနေ့အထိ မှန်တယ်လို့ ယုံကြည်တယ်။

ဒါတွေကိုကြည့်လိုက်ရင် ဦးပိန်ကိုချီးကျူးရမယ်၊ ဖြောင့်ဖြောင့်မတ်မတ် တဖြောင့်တည်း သွားနေတယ်။ ပါတီထောင်ကတည်းက သူ့အတွေးအခေါ်ဟာ တဖြောင့်တည်းပဲ။

(ပြန်လည်ပြင်ဆင်ရေးသမားနှင့် ပတ်သက်၍ ရှင်းလင်းချက် သခင်သန်းထွန်း၏ မိန့်ခွန်းမှူရင်း၊ စာမျက်နှာ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇ မှ)

ဤသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်လူကြီး ရဲဘော်ဘတင်(ဂိုရှယ်)၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ ဗဟိုကော်မတီဥက္ကဋ္ဌသခင်သန်းထွန်း၏ ရှင်းလင်းချက်ပင်ဖြစ်လေသည်။

(မှတ်ချက်။ ။သခင်သန်းထွန်းသည် ရဲဘော်ဘတင်၏ သမိုင်းဆိုင်ရာအခန်းနှင့်ပတ်သက်၍လည်း ဤသို့ပင် အလေးအနက် ဖော်ထုတ်ခဲ့ဘူးလေသည်။

"၁၉၆၄-ခုနှစ် ဩဂုတ်လ (၁၅) ရက်နေ့ ဗမာပြည်ကွန်မြူနစ်ပါတီသက်တမ်း (၂၅) နှစ်မြောက်နေ့တွင် ဗဟိုကော်မတီဥက္ကဋ္ဌသခင်သန်းထွန်းပြောကြားသောမိန့်ခွန်း။"... တွင်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်လူကြီးရဲဘော်ဘတင် (ဂိုရှယ်) နှင့်ပတ်သက်၍ အောက်ပါအတိုင်းပင် ဂုဏ်ပြု၍ ဖော်ထုတ်ထားလေသည်။

"ဗမာပြည်ကွန်မြူနစ်ပါတီကို ခေါင်းဆောင် စတင်ဖွဲ့စည်းရာမှာ ပါဝင်သူတွေဟာ သခင်အောင်ဆန်း၊ ရဲဘော်ဗဟိန်း၊ သခင်စိုး၊ ရဲဘော်ဘတင်၊ သခင်လှဖေ (ဗိုလ်လက်ျာ) တို့ဖြစ်ကြတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ ဗမာပြည်မှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို ကျယ်ပြန့်စွာစတင်ဖြန့်ချိသူတွေဖြစ်တယ်။ ဒါကိုစုစည်းပြီး ကွန်မြူနစ်ပါတီကို ဖွဲ့စည်းခဲ့သူတွေဖြစ်တယ်၊ ဒီပုဂ္ဂိုလ်ကြီးတွေက ဗမာပြည်တော်လှန်ရေးရဲ့ ဒီသမိုင်းရေးအခန်းကို ကျွန်တော်တို့ အလေးအနက်ပြုရမှာပဲ၊ ဒီပုဂ္ဂိုလ်တွေထဲက သခင်အောင်ဆန်းနဲ့ သခင်လှဖေ (ဗိုလ်လက်ျာ) တို့ဟာ နောက်ပိုင်းမှာ ဆန့်ကျင်ဖက်ကို ကူးပြောင်းသွားကြတယ်၊ သခင်စိုးကတော့ ပါတီကခွဲထွက်သွားခဲ့တယ်၊ ရဲဘော်ဗဟိန်းကတော့ ပါတီတာဝန်ထမ်းဆောင်ရင်းကျဆုံးခဲ့တယ်၊ ရဲဘော်ဘတင်တယောက်သာ ပါတီထဲမှာကျန်ရှိပြီး၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီခေါင်းဆောင်တယောက်အဖြစ်နဲ့တာဝန်ယူလျက်ရှိတယ်၊ ဟို ၂၅ နှစ်တုံးက ပါတီတည်ဆောက်ရာမှာလဲပါ၊ တဦးထဲကျန်တဲ့သူအဖြစ် ဒီကနေ့အထိ ပါတီထဲမှာကျန်ရှိပြီး၊ ပါတီရဲ့တာဝန်ကို ၂၅ နှစ်လုံးလုံး ထမ်းဆောင်ခဲ့တဲ့ ဒီကနေ့ပါတီရဲ့ ဗဟိုခေါင်းဆောင်အဖွဲ့မှာပါဝင်နေတဲ့ ရဲဘော်ဘတင်ဟာ ပါတီရဲ့သက်တမ်း (၂၅) နှစ်ပြည့်မြောက်တဲ့ ဒီအထိမ်းအမှတ်အခမ်းအနားမှာ ကျွန်တော်တို့နဲ့အတူတကွ ပါဝင်ဆင်နွှဲတာဟာ ဒီကနေ့အခမ်းအနား တက်ရောက်သူတွေအဖို့ရော၊ ပါတီတရပ်လုံးအဖို့ရော၊ ဂုဏ်ယူစရာ၊ ဝမ်းသာစရာ၊ အားတတ်စရာကိစ္စကြီး တခုဖြစ်တယ်။''

''၁၉၆၄-ခုနှစ် ဩဂုတ်လ (၁၅) ရက်နေ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ သက်တမ်း (၂၅) မြောက်နေ့တွင် ဗဟိုကော်မတီ ဥက္ကဋ္ဌသခင်သန်း ထွန်းပြောကြားသည့်မိန့်ခွန်း''မှထုတ်နှုတ်၍ ဖော်ပြလိုက်ပါသည်။
စာရေးသူ)

× × ×

ဦးစိန်(ငွေး)

''၅၁- ခုနှစ်တုံးက ကျွန်တော်တို့ပါတီ ဗဟိုကော်မတီက ငြိမ်းချမ်းရေးညွန့်ပေါင်း အစိုးရလမ်းစဉ်ကို ချမှတ်ခဲ့တယ်။ ဒီချမှတ်မှုနဲ့ ပတ်သက်ပြီး သခင်သန်းမြိုင်အနေနဲ့ တောက်လျှောက် ပြောတာက သူနဲ့ ကိုငွေး ပူးတွဲတိုက်ပွဲဆင်လို့ ငြိမ်းချမ်းရေး ညွန့်ပေါင်း အစိုးရလမ်းစဉ် အောင်ပွဲခံတယ်လို့ ပြောတယ်။ ၅၁ - ခုနှစ်တုံးက သူတို့ ၂ - ဦးပူးတွဲပြီး နိုင်ငံရေးသဘောထားတွေ တင်ပြခဲ့တာဖြစ်တယ်။

၅၅ - နဲ့ပတ်သက်တဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ရဲ့ ဆုံးဖြတ် ချက်မှာ ၅၅ - ဟာ ပစ္စည်းမဲ့တော်လှန်ရေးနဲ့ ပစ္စည်းမဲ့ အာဏာရှင် စနစ်ကို ဆန့်ကျင်တယ်လို့ ကျွန်တော်တို့ ပြောထားတာရှိတယ်။ တော်လှန်စစ်ဖျက်သိမ်းရေးဟာ သူရဲ့အနှစ်သာဘောပဲ။ တော်လှန်စစ် ဖျက်ပီးရင် အနှစ်ကငြိမ်းချမ်းစွာ အာဏာသိမ်းရေးပဲ။

၅၅ - ရဲ့ မူလ ဖော်ပြချက်ကတော့ ရှုပ်ရှုပ် ထွေးထွေး ပါတယ်။ လက်နက်ကိုင် တော်လှန်ရေးမယုံကြည်ရင် အဖတ်သည်မရတဲ့ အချောင်သမားလို့လဲ ဒီဆုံးဖြတ်ချက်မှာပါတယ်။ ဒီပဋိပက္ခကိုရှင်းသွားအောင် ၅၇ - ခု မိုးကုတ် အစည်းအဝေးက လုပ်ခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လက်နက်ကိုင် အာဏာသိမ်းရေးဟာ ယေဘုယျတရားဆိုတဲ့ လီနင်ရဲ့တရားဟာ ခေတ်မမှီတော့ဘူးလို့ မိုးကုတ်က ဆုံးဖြတ်တယ်။ နောက်တခုက ပြည်တွင်းစစ် ရပ်စဲပြီးတဲ့နောက် ငြိမ်းချမ်းစွာ အာဏာသိမ်းရေး အလားအလာလဲ ရှိတယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။

တကယ်ကဒီဆုံးဖြတ်ချက်ဟာအသစ်ဆုံးဖြတ်ချက်တော့မဟုတ်ဘူး။ ၅၅ - ဆုံးဖြတ်ချက်ရဲ့ အဆက်ပဲ။ ဒီဆုံးဖြတ်ချက်ကို ထူထောင်တာက တော့ ဦးစိန်ဖြစ်တယ်။

၅၅ - နဲ့ပတ်သက်ပီး အခြေအနေတခုလုံးကို နားလည်ဖို့ပဲ၊ တင်းပြည့်ကျပ်ပြည့် ပြန်လည်ပြင်ဆင်ရေး တစုံဖြစ်တယ်။ ၄၈ - ခု တော်လှန်ရေးလမ်းစဉ်တခုလုံးကို ဖျက်သိမ်းလိုက်တာဖြစ်တယ်။ သဘာဝကျစွာဘဲ နိုင်ငံရေးလမ်းစဉ်နဲ့ လူပုဂ္ဂိုလ်တွေဟာ ကင်းကွာလို့မရဘူး။

တိတိကျကျပြောရင် ပါတီခေါင်းဆောင် အဖွဲ့အစည်းမှာ ၄၈-ခု၊ တော်လှန်ရေး လမ်းစဉ်ပေါ် ရပ်တည်သူတွေဟာ ၅၁ - ခုကစပြီး ဩဇာရော ဂုဏ်သိက္ခာပါ ကျသွားတယ်။ ၄၈ - ခု တော်လှန်ရေးကို ဆန့်ကျင်သူတွေက ၅၁ - ခုကစပြီး အထူးသဖြင့် ၅၅ - နောက်ပိုင်းမှာ ဩဇာနဲ့ ဂုဏ်သိက္ခာတွေ တက်လာတယ်။ လူပုဂ္ဂိုလ်အနေနဲ့ပြောရင် ၅၅ နောက်ပိုင်းမှာ ဦးပိန်တို့ ဦးစိန်တို့ဟာ တန်ခိုးကြီးတာပဲ။

၅၅ - တုံးက အခြေအနေကိုပြောချင်တယ်။

သစ္စာဖောက် အောင်သူက အဆိုတခုတင်သွင်းတယ်။ သခင်သန်းထွန်းကို ဥက္ကဋ္ဌအဖြစ်က ဖြုတ်ချရမယ်လို့ အဆိုတခု တင်သွင်းတယ်။ အဆိုအနေနဲ့ထောက်ခံမဲ့လူတယောက်မှမရှိဘူး။အဆိုကတော့ မအောင်မြင်ဘူး။ ဥက္ကဋ္ဌဖြုတ်ချရေးသာ မအောင်မြင်တာ နိုင်ငံရေး ဦးဆောင်အဖွဲ့ကို ပြောင်းလွဲပစ်ရေး ဆိုတာတော့ တော်တော်ပြင်းထန်တဲ့ တိုက်ပွဲဖြစ်တယ်။

ဒီအချိန်က ရန်သူကလဲ ကျွန်တော်တို့ကိုတိုက်ဖို့ သေနင်္ဂဗျူဟာနည်းပရိယာယ်ချမှတ်ထားတာရှိတယ်။ အောင်ကြီးတို့ မောင်မောင်တို့က ၄၈-ခုနောက်ပိုင်း သူတို့တွေ့ရှိချက်အရ ချတဲ့သင်ခန်းစာအတိုင်း အောင်ကြီး၊ မောင်မောင်၊ ဘဆွေ၊ ကျော်ငြိမ်းတို့က ပါတီကို ဂျပန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်ရေးကတည်းက တောက်လျှောက်တိုက်တယ်။ လူပုဂ္ဂိုလ်အနေနဲ့ ကျွန်တော့်ကိုတိုက်တယ်။ သခင်သန်းထွန်းလောက် ဆိုးယုတ်ညစ်ပတ်တဲ့လူ၊ လောကမှာမရှိဘူးလို့တိုက်တယ်။ ဒါပေမဲ့ ၄၈ တော်လှန်ရေးဖြစ်ပြီးတဲ့နောက် ဘဆွေ၊ ကျော်ငြိမ်း၊ အောင်ကြီးတို့က နည်းပရိယာယ်တမျိုးပြောင်းတယ်။ သူတို့ရဲ့တိုက်ခိုက်ရေး နည်းပရိယာယ်ပြောင်းလာတယ်။ သခင်သန်းထွန်းဟာ ပါတီနဲ့လူထုထဲမှာ ဩဇာကြီးတယ်။ ဒါကြောင့် သူ့ကို တိုက်ရိုက်မတိုက်နဲ့ သခင်သန်းထွန်းရဲ့ ဘေးကလူတွေကို အဓိကထိုးနှက်၊ ဘေးကလူတွေပြုတ်မှ သခင်သန်းထွန်းကိုထိုးနှက်လို့ ဒီလိုဆိုရှယ်လစ်တွေကချမှတ်ထားတယ်။

အဲဒီလိုပဲပါတီတွင်းမှာလဲ သခင်သန်းထွန်းကိုအရင်တိုက်ရေးမဟုတ်ပဲ၊ သခင်သန်းထွန်းရဲ့အလိုတော်ရိတွေကို အရင်တိုက်ရေးလို့ဆိုတယ်။ သခင်သန်းထွန်းဖြုတ်ချရေးကတော့တမဲဘဲ။ ဒါပေမဲ့သခင်သန်းထွန်းကိုဝိုင်းရံထားတဲ့ လူတွေကိုထိုးနှက်ရေးကတော့ အပြင်းထန်ဆုံးပဲ။ အဓိကထိုးနှက်ခံရတာကတော့ သခင်တင်ထွန်းပဲဖြစ်တယ်။

နိုင်ငံရေး ဦးဆောင်အဖွဲ့ကိုဖြုတ်ပစ်ရေး၊ ပြောင်းပစ်ရေးက(၇)မဲ၊ ဒီအတိုင်းဖြစ်ရေးက (၆)မဲပဲ၊ ကျွန်တော်က ဖြုတ်ရေးလဲလက်မခံနိုင်ဘူး၊ ပြောင်းရေးလဲ လက်မခံနိုင်ဘူးလို့တင်းခံတယ်။ ဒါပေမဲ့ ကျွန်တော်က စေ့စပ်တယ်။ ခင်ဗျားတို့နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တယောက် တိုးချင်တိုး၊ ကိုဘတင်ကို တိုးချင်တိုးလို့ စေ့စပ်တယ်။

အောင်သူက သူ့ရဲ့ အဓိကရည်ရွယ်ချက်ဟာ သခင်သန်းထွန်းဖြုတ်ချရေးဖြစ်တယ်။ ဒီအစည်းအဝေးရဲ့ အနေအထားအရ သခင်သန်းထွန်း ဖြုတ်ချရေးလုပ်လို့မရဘူး။ သခင်သန်းထွန်းမှ မပြုတ်ရင်မထူးဘူး။ ဒါကြောင့် နိုင်ငံရေးဦးဆောင်အဖွဲ့ကိုမဖြုတ်ရေးဆိုပြီး၊ မဲပြောင်းပေးတယ်၊ သစ္စာဖောက်အောင် သူက မဲပြောင်းပေးလိုက်တဲ့အတွက် နိုင်ငံရေးဦးဆောင်အဖွဲ့တည်ရေးက (၇)မဲ ဖြစ်သွားတယ်။

ကိုတင်ထွန်းကိုဖြုတ်ချရေး မအောင်မြင်ပေမဲ့ ကိုတင်ထွန်းကို အတွင်းရေးမှူးက ဖြုတ်ရေး၊ ဦးစိန်ကိုအတွင်းရေးမှူးအဖြစ် ထားရမယ်လို့ တချို့က တင်ပြကြတယ်။

ဒါကိုကျွန်တော်တို့က သဘောမတူတော့ သခင်တင်ထွန်းပဲ ဆက်ဖြစ်တယ်။ ဒါက ၅၅-ရဲ့အခြေအနေပဲ။

ဦးစိန်ကိုတွေ့ရတာက ၆၃-ခုအချိန်ကတက်ကြတယ်။ ၆၄-နောက်ပိုင်းမှာမတက်ကြတော့ဘူး။ တခုတွေ့ရမှာက ၅၅-ကျမှအခုလိုပြန်လည်ပြင်ဆင်ရေးလမ်းစဉ်တရပ်နဲ့ ရွှေတန်းကပေါ်လာတာမဟုတ်ဘူး။ ၅၁-ကတည်းက အချောင်ဝါဒ လမ်းစဉ်တရပ်နဲ့ ရွှေတန်းကပေါ်လာတာဖြစ်တယ်။ ၅၁-ခု ကတည်းက အချောင်သမားလမ်းစဉ် ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်တရပ်နဲ့ ကျွန်တော်တို့ပါတီမှာ ချမှတ်နိုင်ဖို့ စွမ်းရည်သတ္တိနဲ့ စောစောကတည်းက ပြည့်စုံသူတယောက်ဖြစ်တယ်။ ခရုရှော့ဖ်တို့က ၅၆-ခုကျမှချမှတ်နိုင်တယ်။ဦးစိန်တို့က ၅၁-ခုလောက်ကတည်းကချမှတ်နိုင်တယ်။ ဗိုလ်ငြိမ်းက ကျွန်တော်တို့ပါတီရဲ့ အချောင်သမားဝါဒလမ်းစဉ်ဟာ ခရုရှော့ဖ်ထက် စီနီယာဖြစ်တယ်။ ဝါကြီးတယ်လို့ပြောတယ်၊ ၂၀-ကြိမ်မြောက်ထက်တောင် စောတာကိုး။

နောက်ဆုံးကိစ္စတခုကို ပြောမယ်။ ဒီဆွေးနွေးပွဲတွေမှာ အခြေခံလုပ်ငန်းစဉ်ကို တင်ပြခဲ့တယ်။ အားလုံးက သဘောတူကြတယ်။ ဘခက်တယောက်သာသဘောမတူဘူး။ အားလုံးကဝိုင်းတိုက်ကြတယ်။ဒီတော့ ဦးစိန်က လာပြီးဆွေးနွေးတယ်။ ဆွေးနွေးပွဲနိဂုံးချုပ်မှာ ဒီလိုပါစေချင်တယ်။ ရဲဘော်တွေတင်ပြတာ ဝေဖန်တာ ရဲရဲတင်းတင်းဝေဖန်ကြတယ်။ ဒါဟာအင်မတန်ကောင်းတယ်ဆိုတဲ့ အကြောင်းထည့်ဖို့၊ နောက်တခုက ဆန့်ကျင်ဖက်က ရဲရဲတင်ပြတာလဲကောင်းတယ်ဆိုတာ ထည့်ဖို့လာပြောတယ်။ အဓိပ္ပါယ်ကတော့ ဘခက်ရဲ့ ပြန်လည်ပြင်ဆင်ရပ်တည်မှုကို ချီးကျူးဂုဏ်ပြုဖို့ဖြစ်တယ်။ဒီတော့ကျွန်တော်က....ဟာ.... ဒါကတော့မဖြစ်နိုင်ဘူးဗျလို့ ပြောလိုက်ရတယ်။

ဦးပိန်နဲ့ ဦးစိန်ဟာ အခြေခံအနှစ်သာရတူကြပေမဲ့ မတူတာတွေလဲရှိတယ်။ ဦးပိန်ကတော့ သူကပါးစပ်ကဖွာတဲ့လူဖြစ်တယ်။ ဒီတော့တခုခုဖြစ်ပီဆိုရင် ကားကားကြီးမိနေတယ်။ ထိကနဲဆိုရင် ကွဲတာပဲ။ နောက်ဆုံးအစည်းအဝေးမှာ ဦးစိန်က ဦးပိန်ကိုအပြစ်တင်တယ်။ ဒီလူကြီးဟာ သိပ်တဦးချင်းဆန်တယ်။ ဟိုပြော ဒီပြော သူ့ပါးစပ်သူမ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိန်းဘူး။ လူတွေအကုန်ရှောက်ပီး မကျေမနပ်ဖြစ်စေတယ်၊ နောက် ဘခက်ဆိုတဲ့ အကောင်ကလဲအတော်မိုက်တယ်။ ဒါလောက်လေထုပြင်း ထန်နေတဲ့အထဲမှာပြောင်တက်ရပ်တယ်။ တော်တော်မိုက်တဲ့ အကောင် လို့ဆိုတယ်။

ဒီတော့ သူ့နည်းက ဦးပိန်လိုဟောင်ဖွာဟောင်ဖွာမလုပ်နဲ့ ဘခက် လိုလေထုကိုလဲမဆန်နဲ့ သူ့နည်းကဒါပဲ။

(မြန်လည်ပြင်ဆင်ရေးသမားများနှင့် ပတ်သက်၍ ရှင်းလင်းချက်
သခင်သန်းထွန်း၏ မိန့်ခွန်းမှ)

ဤသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး ရဲဘော် ဌေး၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ ဗဟိုကော်မတီ ဥက္ကဋ္ဌသခင်သန်းထွန်း၏ ရှင်းလင်းချက်ပင်ဖြစ်လေသည်။

(မှတ်ချက်။ ။သခင်သန်းထွန်းသည် ရဲဘော်ဌေးနှင့်ပတ်သက်၍လည်း ၁၉၆၃-ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ် ကြီးနေဝင်းထံသို့ ရေးသည့်စာတွင် ဤသို့ဖော်ပြထားသည်။

"ပဏာမကိုယ်စားလှယ်အဖွဲ့မှာပါတဲ့ လူ (၆) ယောက်အကြောင်း တော့ နဲနဲပြောချင်ပါတယ်။

ကိုဌေးကတော့ ကျွန်တော်တို့ပါတီထဲမှာ ထက်ထက်မြက်မြက်ရှိပီး ပြေပြေပစ်ပစ် လုပ်တတ်တဲ့ ရဲဘော်ဖြစ်ပါတယ်။ တွေ့တဲ့အခါကျရင် တော့ အကဲဖြတ်နိုင်ပါလိမ့်မယ်"ဟူ၍ဖော်ပြခဲ့၏။

ထို့ပြင် သခင်သန်းထွန်းသည် ရဲဘော်ဌေးနှင့် ပတ်သက်၍ နိုင်ငံ ရေးဦးဆောင်အဖွဲ့ အတွင်းတွင် "အလွန်ထက်မြက်သူ" "လုပ်နိုင်း ရည်အရှိဆုံးသူ" ဟူ၍ အစဉ်အမြဲအသိအမှတ်ပြု၍ ဖော်ထုတ်ခဲ့သည်။

သို့ဖြစ်၍ ၁၉၅၂-ခုနှစ်တွင် တောတွင်း၌ အလံနီ ကွန်မြူနစ်ပါတီ ပြည်သူ့ရဲဘော်ပါတီနှင့် ဗမာပြည် ကွန်မြူနစ်ပါတီတို့ စုပေါင်းဖွဲ့စည်း ထားသည့် "သုံးပါတီသဘာပတိအဖွဲ့" ၏အတွင်းရေးမှူးတာဝန်ကို ပေးအပ်ခဲ့ပါသည်။ စာရေးသူ)

× × ×

"ဘခက်"

ဘခက်ဟာ ရွှေဘိုနယ် ဆိပ်ခွန်ရွာက မြေရှင် ဆိုရှယ်လစ်သူကြီးသား ဖြစ်တယ်။ ၁၉၄၉-ခုနှစ်မှာ ယခုလက်နက်ချ ချမ်းအေးနဲ့ လက်နက်ချ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျောင်းသားတွေကြောင့် ပါတီထဲရောက်လာခဲ့တာ ဖြစ်တယ်။ ပါတီ ဗဟိုမှာ ဥက္ကဋ္ဌဆန့်ကျင်ရေးလုပ်ရင်း အခုလက်နက်ချတဲ့ ဒလထွန်းစိန်ရဲ့ တပည့်ဖြစ်ခဲ့တယ်။ ၁၉၆၀-ခုနှစ် ရန်ကုန် မြေအောက်ပါတီမှာ ယခု လက်နက်ချ တင်မြ ရဲထွဋ်တို့နဲ့အတူ ပါတီဆန့်ကျင်ရေး လုပ်ခဲ့တယ်။ (မှတ်ချက်။ ။၁၉၆၀-ခုနှစ်တွင် ရန်ကုန်မြို့ ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်သော သခင်တင်မြ၊ ဗိုလ်ရဲထွဋ်၊ ရဲဘော်စိုးသန်းတို့နှင့် အတူ ရဲဘော်ဘခက်သည် ဗဟိုဌာနချုပ်၏ ညွှန်ကြားချက်အရ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဩဝါဒဖြစ်သည့် "သူမနာကိုယ်မနာငြိမ်းချမ်းရေး" ကို လက်တွေ့လိုက်နာ၍ အကောင်အထည် ဖော်ခဲ့ကြခြင်းကိုဆိုလိုပါသည်။ ထိုစဉ်က ဗိုလ်ရဲထွဋ်နှင့် ရဲဘော်စိုးသန်းတို့သည် ဗဟိုဌာနချုပ်သို့သွားရန်အတွက် ရန်ကုန်မြို့ ခေတ္တဝင်ရောက်တည်းခိုနေသူများ ဖြစ်ပါသည်။ စာရေးသူ)

"နေဝင်း ဖက်ဆစ်အစိုးရကို ပါတီက အဓိကရန်သူထားပြီး တိုက်နေတာကို လုံးဝမှားတယ်။ နေဝင်းကို မိတ်ဆွေအဖြစ် သဘောထားရမယ်လို့ သူကယူဆတယ်။ သူ့အယူအဆကို သတ်တဲ့တိုင်အောင် ဆုတ်ကိုင်ထားမယ်လို့ပြောတယ်။"

(ပြန်လည်ပြင်ဆင်ရေး သမားများနှင့် ပတ်သက်၍ ရှင်းလင်းချက် သခင်သန်းထွန်း၏ မိန့်ခွန်းမှတ်တမ်းမှ)

[မှတ်ချက်။ ။သခင်သန်းထွန်းတို့သည် ရဲဘော်ဘခက်၏ အစဉ်အလာများနှင့် ပတ်သက်၍လည်း ဤသို့ဖော်ထုတ်ခဲ့ကြဘူးပေသည်။

၁၉၆၀-ခုနှစ် နိုဝင်ဘာလ ၆-ရက်နေ့ညတွင်ရန်ကုန်မြို့မြေအောက် တာဝန်ခံများဖြစ်သော သခင်တင်မြနှင့် ရဲဘော်ဘခက်တို့သည်၊ အဖမ်းခံရသည်။ ရဲဘော်ဘခက်သည် ပထမအကြိမ်တွင် အဖမ်းခံရပြီးမှ ရှန်းကန်ထွက်ပြေး၍ လွတ်မြောက်ခဲ့သည်။ ထိုနေ့ညတွင်ပင် ဒုတိယအကြိမ်ထပ်ပြီးအဖမ်းခံရပြန်သည်။ ထိုအကြိမ်တွင်လည်း ရှန်းကန်ထွက်ပြေးသဖြင့် စတင်းဂန်းသေနတ်နှင့် အနီးကပ်၍ ပစ်ခတ်ခြင်းကိုခံရပြီး လွတ်မြောက်ခဲ့ပါသည်။ ထို့ကြောင့် ရန်ကုန်တွင်ရှိသော မြေအောက်လုပ်ငန်းအချို့ကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။

သို့ဖြစ်၍ ရဲဘော်ဘခက်သည် ဗဟိုဌာနချုပ်သို့ ပြန်ရောက်သော အခါတွင် သခင်သန်းထွန်းနှင့် ပေါလစ်ဗျူရိုအဖွဲ့မှ ရဲဘော်ဘခက်အား ချီးကျူးဂုဏ်ပြုသည့် ဆုံးဖြတ်ချက်ကိုလည်း ဤသို့ပင်ချမှတ်ခဲ့ဘူးလေသည်။

"၁၉၆၁-ခုနှစ်၊ ဖေဖော်ဝါရီလ ပေါလစ်ဗျူရို ဆုံးဖြတ်ချက်"

"ရဲဘော်မောင်အောင် (ရဲဘော်ဘခက်) သည် ရန်သူနှင့် ရင်ဆိုင်ရာတွင် ရန်သူ၏ဖမ်းဆီးခြင်းကို မည်သည့်နည်းနှင့်မျှမခံဟူသော ကွန်မြူ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နစ်ကောင်းတို့၏ ဘာမထိစိတ်ဓာတ်ကို ရန်ကုန်မြို့လယ်ခေါင်တွင်ပင် ပြသခဲ့သည်။

ထို့ပြင် ဗဟိုဌာနချုပ်ကို ဖြစ်သည့်နည်းဖြင့် အရောက်လာပြီး အရေးကြီးသော မြေအောက်လုပ်ငန်းများကို အချိန်မှီ အစီရင်ခံနိုင်ခဲ့သည်။

ထို့ကြောင့် ရဲဘော်မောင်အောင်သည် ကွန်မြူနစ်ပါတီတွင်းမှ စံပြကွန်မြူနစ်ကောင်းတဦးဖြစ်ကြောင်းကို ပေါလစ်ဗျူရိုအဖွဲ့မှ အသိအမှတ်ပြုသည်။"

(၁၉၆၁-ခုနှစ် ဖေဖော်ဝါရီလတွင် တောင်ငူခရိုင် တောင်ငူမြို့နယ် နတ်သကျင်စခန်း၌ ကျင်းပသော ပေါလစ်ဗျူရို အစည်းအဝေး ဆုံးဖြတ်ချက်မှ)။ စာရေးသူ]

(၃) "တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့"၏အကျဉ်းသမားများ။

ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့သည် ၁၉၆၇-ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့တွင် တော်လှန်သော ပေါလစ်ဗျူရိုအဖွဲ့၏ ဖမ်းဆီးချုပ်နှောင်ခြင်းကိုခံကြရလေသည်။

ထိုသို့ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံကြရပြီး နောက်တွင် ရဲဘော်ဘတင် ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့အား တဦး နှင့် တဦးကို လုံးဝဆက်သွယ်ခွင့် မပြုတော့ပေ။ ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့အား ဝါးရုံပင်အောက်တနေရာတွင်ထား၏။ ရဲဘော်ဘခက်ကိုမူ သီးခြားဝါးရုံပင်အောက်တနေရာတွင်ခွဲထားလေသည်။

၁၉၆၇-ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့နောက်ပိုင်းမှစ၍ ဗဟိုဌာနချုပ်စခန်းတွင် "တော်လှန်သော" ဟူသည့် ဝေါဟာရသည် အထူးပင်ခေတ်စား၍ လာလေသည်။

"တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့" "တော်လှန်သောဗဟိုကော်မတီ" "တော်လှန်သောပါတီကော်မတီ" "တော်လှန်သောပါတီဗဟို" "တော်လှန်သောကျောင်း" "တော်လှန်သောရုံးအုပ်" "တော်လှန်သောရုံး" "တော်လှန်သောတပ်နီလူငယ်" "တော်လှန်သောအဇာတသတ်" "တော်လှန်သောရိက္ခာရုံ"....စသည် စသည်တို့ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့်ရဲဘော်ဘခက်တို့အား တော်လှန်သောတပ်နီလူငယ်များနှင့် တော်လှန်သောဗဟိုကင်းတပ်မှ အထူးတာဝန်ယူ၍စောင့်ကြပ်ရ၏။ ကင်းတတွဲလျှင်နှစ်ဦးမှ သုံးဦးပါဝင်ရ၏။ ကိုင်ဆောင်ကြရသည့် လက်နက်များမှာမူ မောင်းပြန်သေနတ်များသာ ဖြစ်လေသည်။

၁၉၆၇-ခုနှစ်၊ မေလ (၁) ရက်နေ့တွင် ဖြစ်သည်။

ဤနေ့သည် ကမ္ဘာ့အလုပ်သမားနေ့ဖြစ်၏။ ထို့ကြောင့် ဤနေ့တွင် ကမ္ဘာ့အလုပ်သမားနေ့ အစည်းအဝေးနှင့် **"စိန်၊ ပိန်၊ ဘခက်ချေမှုန်းရေး အစည်းအဝေး"**တို့ကို တပူးတပေါင်းတည်းပင် ပြုလုပ်လေသည်။

ဤအစည်းအဝေးတွင် တော်လှန်သော ဗဟိုကော်မတီ အတွင်းရေးမှူး သခင်ချစ်မှ မိန့်ခွန်းပြောကြားသည်။

"ဒီနေ့ဟာ မင်္ဂလာနှစ်ထပ်ကွမ်းနေ့ ဖြစ်တယ်။ ကမ္ဘာ့အလုပ်သမားနေ့နဲ့ ပါတီတွင်းက ပြန်လည်ပြင်ဆင်ရေးသမားတွေကို ချေမှုန်းဖို့ပြင်ဆင်တဲ့ အစည်းအဝေးကို ပူးပေါင်းပြီးကျင်းပရလို့ ဖြစ်တယ်။

အခုဆိုရင် ကျွန်တော်တို့ဟာ ပါတီတွင်းက ပြန်လည်ပြင်ဆင်ရေးသမားတွေကို ဖမ်းမိထားပြီဖြစ်တယ်။ အခုလိုပြန်လည် ပြင်ဆင်ရေးသမားတွေကို လက်ပူးလက်ကြပ် ဖမ်းမိနိုင်တာဟာ အဓိကအားဖြင့် တော်လှန်တဲ့တပ်နီလူငယ်တွေကြောင့်ဖြစ်တယ်။

ကျွန်တော်တို့လဲ သမိုင်းဝင်တဲ့ ဧပြီလ(၂၇)ရက်နေ့ကစပြီး အဘိုးကြီးတွေမဟုတ်တော့ဘူး။

တော်လှန်တဲ့ နုပျိုတဲ့ တော်လှန်တဲ့တပ်သားတွေ ပြန်ဖြစ်နေပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့သွေးတွေဟာ နုပျိုတဲ့ တော်လှန်တဲ့ တပ်နီလူငယ်တွေရဲ့သွေးတွေနဲ့ အသစ်တဖန် ထပ်မံပြီး သွန်းလောင်းခံရလို့ဖြစ်တယ်။

အခု ကျွန်တော်တို့လက်ထဲမှာ ဖမ်းမိထားတဲ့ ပြန်လည်ပြင်ဆင်ရေးသမား၊ ပြည်တွင်းငြိမ်းချမ်းရေးသမား သစ္စာဖောက်တွေကို အစီအစဉ်ရှိတဲ့ခြေလှမ်းတွေအတိုင်း တလှမ်းပြီးတလှမ်း လုပ်သွားဖို့လိုတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီမှာ တော်လှန်တဲ့ရဲဘော်တွေအနေနဲ့ အထူးသတိပြုကြရမှာက တော့ ကျွန်တော်တို့ဖမ်းမိထားတဲ့ ပြည်တွင်းငြိမ်းချမ်းရေးသမားသစ္စာ ဖောက်တွေကို အရင့်အရင် သူတို့ရဲ့နောင်တော် သစ္စာဖောက်တွေဖြစ် တဲ့ တင်မြ၊ ရဲထွန်း၊ ချမ်းအေး၊ စိန်တင်၊ သာဒိုးတို့လို သူတို့အလိုလို ရန်သူဆီကိုသွားတာမျိုး ကျွန်တော်တို့ခွင့်မပြုနိုင်တော့ဘူး။ ဒါကတော့ ကျွန်တော်တို့အလေးအနက်ထားရမဲ့ ကျွန်တော်တို့ရဲ့သဘောထားဖြစ် တယ်။”

ဤသို့ပင် သခင်ချစ်သည် တော်လှန်သော နုပျိုသော တပ်နီလူငယ်တဦးကဲ့သို့ အလွန်တက်ကြွသည့်အမူအရာများဖြင့် မိန့်ခွန်းပြောကြား၍သွားလေသည်။

ထိုအခါတွင် တော်လှန်သောတပ်နီလူငယ်များသည် သခင်ချစ်၏ တော် လှန်သောမိန့်ခွန်းအား ထောက်ခံသည့်အနေဖြင့် ကြွေးကြော်သံများကို မရပ် မနားပင် ဟစ်အော်၍ ကြွေးကြော်နေကြလေသည်။

ထိုအစည်းအဝေးတွင် သခင်ချစ်၏မိန့်ခွန်းကို ရဲဘော်ဘတင်၊ ရဲဘော်ငွေး နှင့် ရဲဘော်ဘခက်တို့ကိုလည်း တက်ရောက်နားထောင်စေ၏။ အစောင့်အကြပ် များကိုမူ ပို၍တင်းကြပ်စွာချထားလေသည်။

ဤမေလ(၁)ရက်နေ့ညတွင်မူ ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့် ရဲဘော်ဘခက် တို့အား သေဒဏ်ပေးရန်အတွက် လှုံ့ဆော်သည့် တော်လှန်သောအစည်းအဝေး တရပ်ကို ကျင်းပလေသည်။

ထိုအစည်းအဝေးတွင် ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့် ရဲဘော်ဘခက်တို့ အားလည်း အထူးအစီအစဉ်ဖြင့် တက်ရောက်စေလေသည်။

ဤအစည်းအဝေးတွင် တော်လှန်သောတပ်နီလူငယ်များ၏ကိုယ်စား ရဲဘော် ထွန်းကျော် (မောင်စိုးဝင်း၊ လူထုဦးလှ-ဒေါ်အမာ၏သား)မှ ပထမဦးဆုံးပင် စကားပြောရသည်။

“ငါဒီအစည်းအဝေးမှာ စကားရှည်ရှည် မပြောတော့ဘူး။ ငြိမ်း ချမ်းရေးသမားတွေဖြစ်တဲ့ သစ္စာဖောက် (၃)ကောင်ရဲ့မျက်နှာကို ငါ တို့ကြာကြာမကြည့်ချင်ဘူး။ ဒီအစည်းအဝေးမှာ လူငယ်ထုရဲ့ကိုယ်စား တော်လှန်တဲ့ ဥက္ကဋ္ဌကြီးရဲ့ရှေ့မှာ ငါတို့တောင်းဆိုပါတယ်။ သစ္စာ ဖောက် (၃)ကောင်ဖြစ်တဲ့ ငွေး၊ ဘတင်၊ ခက်တို့ကို အမြန်ဆုံး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သေဒဏ်ပေးပါ။ အမြန်ဆုံးသတ်လေကောင်းလေပဲ။ သူတို့ကိုသေဒဏ်ပေးရင် ငါကိုယ်တိုင် ငါ့လက်နဲ့ လည်ပင်းကိုလှီးပြီး သတ်ခွင့်ပြုပါလို့ အလေးအနက်တောင်းဆိုပါတယ်။"

ထိုသို့ ရဲဘော်ထွန်းကျော်မှ ပြောသွား၏။ ရဲဘော်ထွန်းကျော်သည် ယင်းသို့ပြောရင်းပင် အလွန်ဒေါသထွက်၍ နေလေသည်။

ထို့နောက်တွင် ရဲဘော်ငွေး၏ သားငယ်ဖြစ်သော မောင်နိုင်(ခေါ်)မောင်ချစ်(ဖိုးတူး)ကလည်း ယခုကဲ့သို့ မင်္ဂလာရှိသောအစည်းအဝေးတွင် အထူးအခွင့်အရေးပေးသည့်အနေနှင့် စကားပြောခွင့်ပေးရန် သခင်သန်းထွန်းတို့အား ခွင့်တောင်းဆိုလေသည်။

"ငွေးဟာ ငါ့အဖေမဟုတ်ဘူး။ ငြိမ်းချမ်းရေးသမား သစ္စာဖောက်ပဲ။ ဒီသစ္စာဖောက်(၃)ကောင်ကို အမြန်ဆုံး သေဒဏ်ပေးပါ။ ဒီမှာ အထူးတောင်းဆိုချင်တာက သစ္စာဖောက် ငွေးကိုသတ်တဲ့အခါမှာ ငွေးရဲ့လည်ပင်းကို ငါကိုယ်တိုင် ငါ့လက်နဲ့လှီးပြီး သတ်ချင်ပါတယ်။ ငါ့ကိုသတ်ခွင့်ပြုကြပါ။ မသေမချင်း ငါသတ်ပါ့မယ်။ ဒီနေရာကနေပြီးတော့ ငါ့ကိုလဲ တော်လှန်သော အဇာတသတ်ဘွဲ့ကို ပေးကြပါလို့ တော်လှန်သော ဥက္ကဋ္ဌကြီးရှေ့မှာ အပြင်းအထန်ဆုံး တောင်းဆိုပါတယ်။"

ဤအစည်းအဝေးတွင် ဖိုးတူးက ဤသို့ သခင်သန်းထွန်းအား ပြတ်ပြတ်သားသားတောင်းဆိုလိုက်သောအခါတွင် အစည်းအဝေးသို့ တက်ရောက်နေသူများသည် အလွန်တက်ကြွသည့် အမူအရာများဖြင့် လက်ခုပ်သြဘာများကိုတီး၍ ကောင်းချီးထောပနာ ပြုကြလေသည်။

ရဲဘော်ငွေးသည် ဖိုးတူးမှ သခင်သန်းထွန်းထံသို့ စကားပြောခွင့်တောင်းနေသည့်အခါတွင် ပြုံး၍ပင် ဖိုးတူးအားကြည့်နေ၏။ ရဲဘော်ငွေးသည် အချစ်ဆုံးသော သားငယ်ဖြစ်သည့် ဖိုးတူးစကားပြောနေသည်ကို စိုက်၍နားထောင်နေရင်းပင် ရဲဘော်ငွေး၏မျက်နှာတွင် အလွန်ပင်ဝမ်းနည်းယူကြုံးမရဖြစ်နေ၏။ တဖြည်းဖြည်း ရဲဘော်ငွေးသည် အချစ်မြတ်နိုးဆုံးသော သားငယ်ဖိုးတူးအား နှလုံးသားမှ ယိုစီးသော မေတ္တာဖြင့် ဖြူစင်၍ ကြင်နာလှသော မိဘတို၏ ချစ်ခြင်းမေတ္တာဖြင့် စူးစူးစိုက်စိုက်ပင် ကြည့်နေ၏။ မျက်တောင်ပင် မခတ်တော့ချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုနောက် ရဲဘော်ငွေး၏ မျက်လုံးအစုံမှ မျက်ရည်ပေါက်တို့သည်တပေါက်ချင်း တပေါက်ချင်းပင် ယိုစီး၍ ကျဆင်းနေလေတော့သည်။

ထိုသို့ရဲဘော်ငွေးသည် မချိတင်ကဲ ယူကြုံးမရဖြစ်နေစဉ်တွင် အသက်-၁၄-နှစ်သာရှိသေးသည့် တော်လှန်သော တပ်နီလူငယ် အဖွဲ့ဝင်ဖြစ်သည့် အမြင့် (ခေါ်) မစန်းဝင်းသည် ဤသို့ကြွေးကြော်လိုက်သည်။

"ငွေးကို သတ်ပစ်-သတ်ပစ်"

ဆက်လက်၍ ရဲဘော်ဘတင်နှင့် ပတ်သက်၍ တော်လှန်သော တပ်နီအမျိုးသမီးအဖွဲ့ဝင်ဖြစ်သည့် ရဲဘော်မခင်ပုကလည်း ဤသို့ပင်တင်ပြ၍ တောင်းဆိုလေသည်။

"ဟော့....ငပိန်နင်က ငါတို့ သာယာဝတီခရိုင် အမျိုးသမီးတွေ ဘဝဟစ်တိုင် လှုပ်ရှားမှုမှာ ရန်သူကို နာကျည်းကြလွန်းလို့ ပေါက်ကွဲတာကို နင်က လင်တရူးတွေ၊ တဏှာကြောထသူတွေလို့ ပြောတယ်မဟုတ်လား။ နင့်ကို-ငါတို့ကိုယ်တိုင်သတ်မယ်။ မကျေဘူး။ နင့်ကို သေနတ်နဲ့ လဲမပစ်ဘူး။ ဓားနဲ့လဲ မခုတ်ဘူး။ ငါတို့စီးထားတဲ့ ဘိနပ်တွေနဲ့ ကို အသေရိုက်သတ်မယ်။"

(မှတ်ချက်။ ။ရဲဘော်မခင်ပုသည် ရဲဘော်ဘတင်အား"နင်က-လင်တရူးတွေ-တဏှာကြော ထသူတွေလို့ ပြောတယ် မဟုတ်လား"ဟု စွဲချက်တင်သွားသည်။ အမှန်အားဖြင့် ရဲဘော်ဘတင်သည် ရဲဘော်မခင်ပု ပြောသော အသုံးအနှုန်းနှင့် ပြောခဲ့ခြင်း မဟုတ်ပါ။ "အလွန် အကျွံတွေဖြစ်ပြီး တော့ (Hysteria ဟစ်တီးရီးယား)ဖြစ်ကုန်တာ ဖြစ်နိုင်တယ်"ဟူ၍ ပြောခဲ့သည်။

ယင်းကို သခင်သန်းထွန်းက"ဦးဝိန်အင်္ဂလိပ်လိုပြောတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ဟာ ဗမာလိုဆိုရင် လင်တရူးတွေ-တဏှာကြောထသူတွေလို့ ပြောလိုက်တာဖြစ်တယ်။"ဟူ၍ ဘာသာပြန်ပေးလိုက်ခြင်းဖြစ်ပါသည်။ စာရေးသူ)

ထိုသို့ပင် အခြား အခြားသော တပ်နီလူငယ်များနှင့် အမျိုးသမီးများကလည်း မိမိတို့၏ တောင်းဆိုချက်များကို အလေးအနက်ပင် တင်ပြ၍ တောင်းဆိုသွားကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၇-ခုနှစ် မေလ (၁၅) ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ၏ တော်လှန်သော နိုင်ငံရေးဦးဆောင် အဖွဲ့သည် **"တရုပ်ပြည် မဟာပစ္စည်းမဲ့ ယဉ်ကျေးမှုတော်လှန်ရေးကြီးနှင့် ပတ်သက်သည့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေး ဦးဆောင် အဖွဲ့၏ ဆုံးဖြတ်ချက်"**ဆိုသည်ကို ထုတ်ပြန်လိုက်လေသည်။

အမှန်စင်စစ်အားဖြင့် ယင်းနိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ၁၉၆၇-ခုနှစ်၊ မတ်လအတွင်း၌ပင် ဆုံးဖြတ်၍ထုတ်ပြန်ရန်ဖြစ်၏။ သို့သော်လည်း ယင်း ဆုံးဖြတ်ချက်တွင် အဓိကအားဖြင့် ဖော်ပြထားသည့်များကို ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ဗိုလ်ရန်အောင်တို့သည် အပြင်းအထန်ပင် ဝေဖန်ဆန့်ကျင်ကြ၏။ ထို့ကြောင့် ယင်းဆုံးဖြတ်ချက်မှာ နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အဖြစ်ဖြင့် ထုတ်ပြန်ကျေညာခြင်းကို မပြုနိုင်ခဲ့ခြင်းဖြစ်လေသည်။

သို့သော်လည်း ဗမာပြည် ကွန်မြူနစ်ပါတီ၏ တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့အား တာဝန်အသီးသီးမှ ထုတ်ပစ်ပြီး ဖမ်းဆီးအရေးယူထားသည့် အချိန်တွင် ယင်းဆုံးဖြတ်ချက်ကို **"နိုင်ငံရေးဦးဆောင်အဖွဲ့၏ဆုံးဖြတ်ချက်"**အဖြစ်ဖြင့် ထုတ်ပြန်လိုက်ခြင်းဖြစ်၏။ ယင်းသို့ထုတ်ပြန်သည့်အခါတွင်လည်း ထုတ်ပြန်သည့်နေ့စွဲကို**"မေဖေါ်ဝါရီလ"** ဟူ၍ ဖော်ပြထားလေသည်။

ယင်း **"တရုပ်ပြည် မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီးနှင့် ပတ်သက်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်"** တွင် ဤသို့ဖော်ပြထားလေသည်။

> "မော်စီတုန်းအတွေးအခေါ်သည် ဗမာပြည် တော်လှန်ရေးတွင် လုပ်ငန်းအရပ်ရပ်၏ ရှေ့ဆောင်လမ်းညွှန်တရားဖြစ်သည်။ အထူးသဖြင့် ရဲဘော်မော်စီတုန်း၏ ပစ္စည်းမဲ့ပါတီ တည်ဆောက်ရေး ပစ္စည်းမဲ့ တပ်မတော် တည်ဆောက်ရေးတရား ပြည်သူ့စစ် သဘောတရားတို့သည် ဗမာပြည်တော်လှန်ရေး အောင်ပွဲခံရေးအတွက် မီးရှူးတန်ဆောင်ဖြစ်သည်။
>
> မော်စီတုန်းအတွေးအခေါ်ကို ဆန့်ကျင်ခြင်းသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို ဆန့်ကျင်ခြင်းဖြစ်သည်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ လက်ခံ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သည်ဟုဆိုပြီး မော်စီတုန်းအတွေးအခေါ်ကို ငြင်းဆန်လျှင် အချောင်သမားဝါဒဖြစ်သည်။ ပြန်လည်ပြင်ဆင်ရေးဝါဒဖြစ်သည်။

ပစ္စည်းမဲ့တော်လှန်ရေးသမားတယောက်အဖို့လည်းကောင်း၊ပစ္စည်းမဲ့တော်လှန်ရေး အရေးတော်ပုံကို အမွေဆက်ခံမည့် သူတယောက် အဖို့လည်းကောင်း၊ ပထမဦးဆုံးနှင့် အခြေခံအကျဆုံး လိုအပ်ချက်သည် မော်စီတုန်း အတွေးအခေါ်ကို လေ့လာရေး စွဲစွဲမြဲမြဲဆုပ်ကိုင်ထားရေး မော်စီတုန်းအတွေးအခေါ်အတိုင်း သစ္စာရှိရှိအလုပ်လုပ်ရေးဖြစ်သည်။

မော်စီတုန်းအတွေးအခေါ် ဆန့်ကျင်သူမှန်သမျှကို ငါတို့သည်ပြတ်ပြတ်သားသားဆန့်ကျင်ရမည်။ တိုက်ခိုက်ရမည်။ အပြုတ်တိုက်ရမည်။

ပြန်လည် ပြင်ဆင်ရေးဝါဒကို တိုက်ဖျက်ချေမှုန်းရာတွင် ရန်ဖက်ပဋိပက္ခကိုဖြေရှင်းနေသည်ဟူသောအမြင်ကို အခြေခံရမည့် ပြန်လည်ပြင်ဆင်ရေးဝါဒကို ပြည်သူတွင်း ပဋိပက္ခဖြေရှင်းရေးအမြင်အရ၊ ရှင်း၍မဖြစ်၊မာ့က်စ်ဝါဒ၊လီနင်ဝါဒပါတီတရပ်အတွင်း ပါတီတွင်းကိုက်ပွဲအမြင်အရဖြေရှင်းရန်မဟုတ်။ ပြန်လည်ပြင်ဆင်ရေးဝါဒသည် ပါတီတွင်း လုံးဝမရှိရသောအရာဖြစ်သည်။ ပြန်လည်ပြင်ဆင်ရေးဝါဒ သမားတယောက်သည် ပါတီတွင်း လျှိုဝင်နေသော ဓနရှင်လူတန်းစားကိုယ်စားလှယ်သာဖြစ်သည်။

(အထက်ပါ၊ နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်မှ)။

ပဲခူးရိုးမအနောက်ခြမ်းဒေသ၏တန်ခူး၊ကဆုန်နေသည်ခြစ်ခြစ်တောက်ပူပြင်းလှသည်။ အရိပ်အာဝါသဟူ၍မရှိချေ။ သစ်ပင်၊ ဝါးရုံတို့၌လည်း သစ်ရွက်၊ဝါးရွက်များအားလုံး မြေခကြွေကျချိန်ဖြစ်၏။အရာရာသည် ခြောက်သွေ့နေသည်။ တောမီးလောင်ထားသဖြင့်လည်း မီးလောင်ပြင်ဖြစ်နေလေသည်။

ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့် ရဲဘော်ဘခက်တို့အား ချုပ်နှောင်ထားသည့် နေရာများတွင် အမိုးအကာများမရှိပေ။ လွင်တီးခေါင်ခေါင် ဖြစ်နေသည်။ တနည်းအားဖြင့် ယင်းသို့ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့်ရဲဘော်ဘခက်တို့အား ချုပ်နှောင်ထားခြင်းမှာ တရားခံများကို နေပူလှမ်း၍ညှဉ်းပန်းခြင်းပင် ဖြစ်လေသည်။

တခါတရံတွင် တနေကုန်သည်အထိ သောက်ရေပင် မတိုက်ကြတော့ပေ။ ထမင်းကိုလည်း အချိန်မှန်မှန်မကျွေးကြတော့။ ကျွေးသည့်အခါတွင်လည်း ဝဝ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လင်လင်မဟုတ်ချေ။ ထမင်းစားနေသည့်အချိန်တွင်လည်း ဆဲဆိုနေကြသည်။ ကြိမ်းမောင်းနေကြသည်။ အမျိုးမျိုးလည်း ကျိန်ဆဲ၍နေကြလေသည်။

တော်လှန်သော တပ်နီလူငယ်ကလေးများနှင့် တော်လှန်သော အမျိုးသမီးများသည် ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့၏ အကျဉ်းစခန်းနေရာများသို့လာ၍ အချို့ကတံတွေးနှင့်ထွေး၍ သွားကြသည်။ အချို့ကမူ ဆဲဆိုကြသည်။

× × ×

၁၉၆၇- ခုနှစ်၊ မေလ(၇)ရက်နေ့တွင်ဖြစ်သည်။

ရဲဘော်ဌေးသည် အပြင်းဖျားတော့၏။ အစားအသောက်ပင်မစားနိုင်တော့ချေ။ မည်သူတဦးတယောက်မျှ လာရောက်ကြည့်ရှုမည့်သူလည်းမရှိတော့။

သို့သော်လည်း တော်လှန်သော နိုင်ငံရေးဦးဆောင် အဖွဲ့ဝင်များသည် ရဲဘော်ဌေးအားဖျား၍ အလိုလိုသေဆုံးသွားမည်ကို လွန်စွာပင် ပူပန်နေသည်။ အအာယ်ကြောင့်ဆိုသော် မိမိတို့ကိုယ်တိုင်မသတ်ရပဲနှင့် သေဆုံးသွားမည်ကို စိုးရိမ်မိကြ၍ဖြစ်လေသည်။

ထို့ကြောင့် တခါတရံတွင် ဗဟိုစခန်းပါတီကော်မတီ အတွင်းရေးမှူးနှင့် ဆေးတာဝန်ခံဖြစ်သော ရဲဘော်ထွန်းရှိန် (ရဲဘော်ဖေငြိမ်း)သည် ရဲဘော်ဌေးအား အသက်မသေစေရန်အတွက် ဆေးကု၍ပေးလေသည်။

ရဲဘော်ဌေး၏အဖျားသည် အတော်နှင့် ပြန်၍မကျတော့ပေ။ ထိုအခါတွင် ရဲဘော်ဌေးသည် မိမိ၏ အချစ်ဆုံးသားငယ်ဖြစ်သော ဖိုးတူးအား အလွန်ပင် မြင်လို တွေ့လိုဖြစ်နေ၏။ ပြင်းပြနေ၏။ သို့ဖြစ်၍ ဖိုးတူးအား တွေ့ခွင့်ပေးပါရန်ကို ရဲဘော်ထွန်းရှိန်မှတဆင့် တင်ပြ၏။ ရဲဘော်ထွန်းရှိန်သည် ဖိုးတူးအား တွေ့ခွင့်ပေးလိုက်လေသည်။

သို့သော်လည်း ဖိုးတူးသည် "သစ္စာဖောက်အကောင်ကို မတွေ့ချင်၊ မမြင်ချင်"ဟု ခါးခါးသီးသီးပင် ငြင်းဆန်လိုက်သည်။ ထို့ပြင် ဤသို့လည်း ဆက်၍ ပြောလေသည်။

> "ဒီအကောင်က သတ်ရမဲ့အကောင်ပဲ၊ မသာလောင်းပဲ၊ ဒီမသာလောင်းကို ခင်ဗျားတို့ ဆေးလဲမတိုက်နဲ့၊ ကော်ဖီလဲမတိုက်နဲ့၊ အလကား လူထုပစ္စည်း၊ ပါတီပစ္စည်းပဲကုန်တာပဲ။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဖိုးတူးသည် ထိုသို့ပြော၍ ရဲဘော်ဌေး၏ အကျဉ်းစခန်းအနားသို့ပင် သွားလာခြင်းမပြုတော့ချေ။ အလွန်မတတ်သာလွန်းမှသာလျှင် ဖြတ်သွား၏။ သို့ရာတွင် ရဲဘော်ဌေးကိုမူ ငဲ့စောင်း၍ပင်မကြည့်ချေ။

ဖိုးတူးသည် ရဲဘော်ထွန်းရှိန်၏ညွှန်ကြားချက်အရသာ ရဲ ဘော် ဌေး အား ကင်းစောင့်တာဝန်ကို ယူလေသည်။

ထို အ ချိန် တွင် ရဲဘော်ဘတင်၏ကျန်းမာရေးသည်လည်း ပို၍ဆိုးဝါးလာသည်။ ပင်ကိုယ်ကျန်းမာရေးမကောင်းသော ရဲဘော်ဘတင်သည် အိပ်ရာထက်တွင် ဖုန်းဖုန်းလဲတော့သည်။ ရဲဘော် ဘတင်၏ အခြေခံကျန်းမာရေးမှာ အလွန်ပင်ချို့တဲ့လေသည်။

ထို့ကြောင့်ပင် ရဲဘော်ဘတင်သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့မှ ဖမ်းဆီးချုပ်နှောင်ခြင်းကိုမခံရမီ (၁၅) ရက်ခန့်၌ သူ၏ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ဥက္ကဋ္ဌ သခင်သန်းထွန်းထံသို့ ကိုယ်တိုင်စာရေး၍ ဤသို့တင်ပြထားလေသည်။

“ဦးသောင်းခင်များ။”

ကျွန်တော့်ရဲ့အံသွားများက ဒုက္ခပေးနေတာကြာပါပြီ။ အခုထိ ပေပြီးခံခဲ့တယ်။ ဒါပေမဲ့ မခံနိုင်တော့တဲ့အခြေအနေကို ဆိုက်ရောက်လာပါတယ်။

၂-ဖက်စလုံးမှာ အံသွားများက နှဲ့နေတာဖြစ်တော့ ဘယ်လိုအစာမှ စားလို့မရတာဖြစ်နေတယ်။ ဆန်ပြုတ်နဲ့ ထန်းလျက်တောင် ကိုက်စားလို့မရတာဖြစ်နေတယ်။ နဂိုက ဗိုက်နာရောဂါနဲ့ အခုလို အစားစားလို့မရတော့ နေ့တိုင်း ခေါက်ချုပ်၊ ဗိုက်နာတာဖြစ်နေပါတယ်။ ဒီလိုနဲ့ ဆက်သွားလို့မရဘူးထင်ပါတယ်။

ချက်ခြင်းသွားရောဂါကုလိုပါတယ်။ ကျွန်တော်ထင်တာကတော့ အံသွားတွေနုတ်ပြီး သွားအတုစိုက်ရမှာပဲ။ (ရေစီးကမ်းပြို) ဖြစ်နေသလားတော့ မပြောတတ်ပါ၊ ပြီတော့မထွက်ဘူး၊ ဒါပေမဲ့ ဘယ်လိုအစာမှ ဝါးစားလို့မရဘူးဖြစ်နေပါတယ်။

ကိုလှကြည်က စီစဉ်နိုင်တယ်လို့ ပြောဘူးတယ်။ သူ့ညီသွားစိုက်ဆရာလုပ်နေတယ်လို့လဲ ကြားဘူးတယ်၊ ဒါ ဟုတ်မဟုတ်တော့ အတိ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

[illegible]

[illegible] [redacted] [illegible]

[illegible]

[redacted] [illegible]

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

သခင်သန်းထွန်းကို ရဲဘော်ဘတင်မှ ပေးစာဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အကျ မသိပါ။ ဘယ်လိုပဲဖြစ်ဖြစ် အပြင်ကအကူမရတောင် မတတ်သာရင် ကိုလှကြည်ကိုယ်တိုင်လဲတမျိုးတမည် စီစဉ်လို့ရနိုင်မယ်ထင်ပါတယ်။

ကိုအောင်မြင့်နဲ့ တိုင်ပင်ကြည့်တော့ သူတို့ကဘယ်လိုမှ မတတ်နိုင်ဘူးလို့ပြောပါတယ်၊ ဦးဖေငြိမ်းကိုလဲ တင်ပြဘူးပါတယ်၊ သူကဘာမျှ ပြန်မပြောပါ။

ဝေဒနာက အပြင်းအထန်ခံစားနေရတာဖြစ်တော့ ပိုပိုပြီးဆိုးဆိုး ဝါးဝါးဖြစ်မလာခင် သွားကုသင့်တယ်လို့ တင်ပြအပ်ပါတယ် ကျေးဇူးပြုပြီး ဒီကိစ္စကိုချက်ခြင်း အရေးယူဆောင်ရွက်ဖို့ တင်ပြအပ်ပါတယ်။

အလေးနှိုဖြင့်
မြခင်
၁၂-၄

စာကြွင်း

ပေါင်နာ၊ ခါးနာ လုံးဝမပျောက်သေးပေမဲ့၊ ကျောပိုးအိတ်နှင့် အခြားအထုပ်များကို အရပ်သားကြီး တယောက်ယောက်ရဲ့ အကူနဲ့ပဲ ဖြစ်ဖြစ်ယူသွားရင် ဖြေးဖြေးလျှောက်သွားနိုင်မယ်လို့ထင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အနာခံပြီးပဲသွားရမှာပဲလို့ စိတ်ပိုင်းဖြတ်ထားပါတယ်။

မြခင်

(မှတ်ချက်။ ။ဦးသောင်းမှာ သခင်သန်းထွန်း၏ လျှို့ဝှက်နာမည်ဖြစ်ပါသည်။ ကိုလှကြည်မှာ ပြည်ခရိုင် အတွင်းရေးမှူးဖြစ်ပါသည်။ ကိုအောင်မြင့်မှာ သခင်သန်းထွန်းနှမ၊ မမြဝင်း၏ ခင်ပွန်းဖြစ်ပါသည်။ ဦးဖေငြိမ်းမှာ ရဲဘော်ထွန်းရှိန်ဖြစ်ပါသည်။ စာရေးသူ)

ယင်းသို့ဖြင့် ရဲဘော်ဘတင်သည် သခင်သန်းထွန်းထံသို့ ဆေးကုသခွင့်ပြုရေးကို တင်ပြထား၏။ သို့ရာတွင် သခင်သန်းထွန်း တို့သည် မည်သည့်အစီအစဉ်ကိုမျှ ပြုလုပ်၍မပေးခဲ့ကြချေ။

သို့ဖြစ်၍ တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့၏ အကျဉ်းသမားဖြစ်နေသော ရဲဘော်ဘတင်၏ ကျန်းမာရေးအခြေအနေသည် ပို၍ပို၍သာ ဆိုးဝါးပြင်းထန်လျက် နေလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်တွင် ဗဟိုစခန်း၌တွဲဖက်ဆေးတာဝန်ခံမှာ ရဲဘော်တင်ဟန်(ခေါ်) သာဓမောင် (အောင်သိန်းနိုင်)ဖြစ်သည်။ ရဲဘော်တင်ဟန်သည် ရဲဘော်ဘတင်နှင့်ပတ်သက်၍ ဤသို့ပြောလေသည်။

> "ဒီကုလားကောင်ကြီးဟာ ခဏခဏပဲ နေမကောင်း ဖြစ်နေတော့တာပဲ။ ဒီကောင်ကြီးကို သတ်ရင်လဲ မြန်မြန်သတ်ပစ်လိုက်မှ ဖြစ်တော့မယ်။ အလကားနေရင်း ဆေးတိုက်နေရသေးတယ်။ ဘယ်တုံးကမှ ကောင်းတဲ့ကောင်ကြီးမဟုတ်ဘူး ဆန်ကုန်မြေလေးကြီးပဲ။"

ဤသို့ ရဲဘော်တင်ဟန်သည် ပြော၍ ဆေးဝါးကုသခြင်းပင်မပြုတော့ချေ။

× × ×

၁၉၆၇-ခုနှစ်၊ မေလ(၂၄)ရက်နေ့ည (၇)နာရီတွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် ဗိုးပတ်သံများဖြင့် ဆူညံ၍နေလေသည်။

အကြောင်းမှာ ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းကြီးကို အောင်မြင်စွာပြီးဆုံးခဲ့သဖြင့် ကျောင်းဆင်းပွဲ အတွက် မီးပုံပွဲကို ကျင်းပနေခြင်းဖြစ်လေသည်။

အမှန်စင်စစ်အားဖြင့် ယင်းကျောင်းဆင်းပွဲကိုပင် ပြန်လည် ပြင်ဆင်ရေးဝါဒအပေါ် "**အထွေထွေထိုးစစ်ကြီး၏အောင်ပွဲ**" ဟူ၍လည်း ခေါ်ဆိုကြလေသည်။

ဤအောင်ပွဲသို့ ဗဟိုစခန်းအနီး၌ရှိသော ကရင်ဆင်ဆွဲရွာမှကရင်အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးလူငယ်များကိုပါ တက်ရောက်စေခဲ့သည်။

ယင်းမီးပုံပွဲ၏ အစီ အစဉ် အားလုံးသည် ရဲဘော်ဘတင် ရဲဘော်ငွေးနှင့် ရဲဘော်ဘခက်တို့အား အဓိကဦးတည်၍ တိုက်ခိုက်ထားခြင်းဖြစ်၏။ ဤမီးပုံပွဲတွင် ရဲဘော်ဘတင် ရဲဘော်ငွေးနှင့် ရဲဘော်ဘခက်တို့ကိုလည်း တင်းကြပ်သော အစောင့် အရှောက်များဖြင့် မတက်မနေရပင်တက်စေ၏။ ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့မှာမူ....မကျန်းမမာဖြစ်နေလျက်နှင့်ပင် တက်နေ ကြ ရ ခြင်း ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကရင်ဆင်ဆွဲရွာမှ ကရင်အမျိုးသမီးများ

ကရင်ဆင်ဆွဲရွာမှ ကရင် အမျိုးသမီးများသည် ဗဟိုစခန်း၌ ပြုလုပ်သော မီးပုံပွဲသို့ တက်ရောက်ရန်အတွက် ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ကရင် အမျိုးသမီးများနှင့်အတူ ပါဝင်ရပ်နေသူ များမှာ တပ်နီအမျိုးသမီးများဖြစ်သော မအေးငြိမ်း၊ ခင်လေး မြင့်နှင့် အမြင့် တို့ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းရှိန် (ရဲဘော်ဖေငြိမ်း)သည် ထိုမီးပုံပွဲ၏ အခမ်း အနားမှူး အဖြစ်ဖြင့် ဆောင်ရွက်လေသည်။

ရဲဘော်ထွန်းရှိန်သည် မီးပုံပွဲကို စလျှင်စခြင်းပင် တော်လှန်သော တပ်နီ လူငယ်များနှင့်အတူ အပြန် အလှန်ပင် အောက်ပါ သံချပ်တို့ကို သီဆိုကြွေး ကြော်၍ ပြေးထွက်လာကြလေသည်။

ပြန်ပြင်ရေးကဖန်တီးပေး....ခနရှင်ထံကျွန်ခံရေး။
စိန်-ဒိန်-ခက်တို့ လုပ်ကြံစည်....ပါတီကိုပင် ကြိုးစင်တင်ဖော့။
ဗမာပြည်ကလူရှောချီ....ခေါင်းမထူနိုင်ဒီ အနိုင်တိုက်ထား။
ဗမာပြည်က တင်ရှောင်ပင်း....တော်လှန်စစ်ကို ဖျက်နေခြင်း။
"ချီ"သော"ပင်း"သောနားမလည် .. ဆန့်ကျင်လာရင် တွယ်ရမယ်ဗျ။
ဒိန်သော စိန်သောနားမလည်....ဆန့်ကျင်လာရင်တွယ်ရမယ်ဗျ။

× × ×

ခနရှင်ထံမေတ္တာရပ်လို့....ပါတီကိုလဲဖျက်တတ်ပေ။
အာဏာသုံးမျိုး ကလဖန်တိုးလို့....ကိုယ့်ဖဲကိုယ်ချိုးညစ်ပတ်နေ။
၆၄ -ကို ဆန့်ကျင်ထားလို့....၅၅ - ကို ဖက်တွယ်သလေ။
အဲဒါက ဒိန်၊ စိန်ဝါဒ...."အ" မဂ်လာတွေ၊

ယင်းသို့ ရဲဘော်ထွန်းရှိန် ခေါင်းဆောင်သည့် တော်လှန်သော တပ်နီလူ ငယ်များသည် သံချပ်များကို အော်ဟစ်၍ သီဆိုလာကြသည်။

ထိုအချိန်တွင် ရဲဘော်ထွန်းကျော် (မောင်စိုးဝင်း) နှင့် ရဲဘော် ကျော်ခန့် (ဘိုးထင် ရန်ကုန်ခရိုင်လုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ)တို့ ခေါင်း ဆောင်သည့် တော်လှန်သော တပ်နီလူငယ်များသည်လည်း အိုးစည်သံများကို အော်ဟစ်သီဆို၍ ထွက်လာကြသည်။ ဖိုးတူးမှာမူ တပင်တိုင်မင်းသားသဏ္ဌာန် ကို ဝတ်ဆင်ပြီး ရှေ့ဆုံးမှကွေးနေအောင်က၍ ထွက်လာလေသည်။

"....ဒိန်ရယ်....စိန်ရယ်....နောက်လိုက်ခွေး ဘခက်လေးနဲ့ ပြန်ပြင်ရေး ရယ် တူစုံကာတလီ ကျုပ်တို့ပါတီ၊ တော်လှန်စစ်ကို မတော်လှန် "ညစ်" လို့ "ဖျက်" ပစ်ချင်သည်။ နိုင်ရမည်၊ နိုင်ရမည်၊ မုချနိုင်ရမည်။ လူမျိုးစုံစွာနော် ဗျာ.... ရှေ့ရှည်စစ်မို့ အာဏာနီခေတ်သို့ရည်.... ဒို့တော်လှန်ရေးရဲ သွေး နီနီ ဇွဲသတ္တိပြောင်စေမည်...."။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(မှတ်ချက်။ ။အထက်ပါမီးပုံပွဲတွင်....သီဆိုကြသည့် သံချပ်များနှင့် အိုးစည်သံများကို ရဲဘော်ထွန်းရှိန် (ရဲဘော်ဖေဦးမိုး)၊ ရဲဘော်ကျော်ခန့် (ဘိုးထင်)၊ ရဲဘော်ထွန်းကျော် (မောင်စိုးဝင်း) တို့မှ ကိုယ်တိုင် စုပေါင်း၍ ရေးစပ်ကြခြင်းဖြစ်ပါသည်။

နောက်ဆုံးသီဆိုကြသည့် အိုးစည်သံကိုမူ အဆိုတော် "မြကေသီ" သီဆိုထားသည့် "**ရွှေအိုးစည်**" သီချင်းအလိုက်ကို စပ်ဆို၍ထားခြင်း ဖြစ်ပါသည်။ **စာရေးသူ**)

ဖိုးတုးသည် အထက်ပါအိုးစည်သီချင်းကို ဆို၍ဆို၍ မမောမပန်း မနားတန်းပင် ခုန်ပေါက်၍ ကနေ၏။ ထိုနောက် ဖိုးတုးနှင့်အတူ ရဲဘော်ထွန်းကျော်ကလည်း "**သစ္စာဖောက် (၃)ကောင် သုတ်သင်ရေး အောင်ပွဲသို့**"ဟု ဆိုကာ၊ အကျယ်တဝင့် ရှင်းလင်းပြပြီး အတက်ကြွဆုံးပင် ဟန်ပါပါ မူပြည့်ပြည့်ဖြင့် က, နေပြန်လေသည်။

ထိုသို့ ရဲဘော်ထွန်းကျော် (မောင်စိုးဝင်း လူထုဦးလှ-ဒေါ်အမာ၏သား) ကွေးနေအောင် ကနေသည်ကို သခင်သန်းထွန်းသည် အလွန်နှစ်ချိုက်၍ လက်ခုပ်ပင် လိုက်တီးပေးနေသည်။ ထိုနောက် အနားတွင်ရှိနေသော ရဲဘော်အောင်ကြီးအား ဤသို့ပြောလိုက်လေသည်။

"ကျုပ်တို့ဆီမှာလဲ **ပြည်သူချစ်သော အနုပညာသည်တယောက်** ထပ်ပြီးတိုးနေပြီဗျ" ဟူ၍ ဖြစ်လေသည်။

ထို့နောက်တွင် မီးပုံပွဲ၌ ရဲဘော်ဘတင် ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့ကို အမြန်ဆုံး သုတ်သင်ချေမှုန်းပစ်ရေးကိုသာ ဇာတ်လမ်းဖွဲ့ထားသည့် ပြဇာတ်တိုများ၊ ဟာသများ၊ ယိမ်းများကိုလည်း တခုပြီးတခုပင်ထွက်၍ထွက်၍ ကပြသွားကြလေသည်။

ဤသို့ဖြင့် ယင်းမီးပုံပွဲ၏ နောက်ဆုံးအစီအစဉ်သည် "**တော်လှန်သော ရွှေအ၏ တောင်းဆိုချက်**" ပင် ဖြစ်လေသည်။

"**တော်လှန်သော ရွှေအ၏ တောင်းဆိုချက်**" ဆိုသည်ကား ဤသို့တည်း။

တော်လှန်သော ရွှေအသည် ဝူး....ဝူး....ဝူး....ဝါး....ဝါး....ဝါး....ဖြင့် လက်သီး လက်မောင်းကိုတန်း၍ ထွက်လာသည်။ ရွှေအ၏နောက်တွင် ရဲကြီးဆိုသူနှင့် ခင်ကြီးဆိုသူနှစ်ဦး ပါလာသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခင်ကြီးမှာ ရွှေအလုပ်ပြသည့် အမူအရာများကို မေးရသူဖြစ်သည်။ ခင်ကြီး မေးသည်များကို ရဲကြီးကဖြေဆိုရသည်။

"ဟော့...ရဲကြီး အခု ရွှေအကဘာပြောလာတာလဲကွ"ဟု ခင်ကြီးက ရဲကြီးကို မေးလိုက်သည်။

"အခု သစ္စာဖောက်(၃)ကောင်ကို ဖမ်းထားတဲ့ အောင်ပွဲအခမ်းအနားကို ချီတက်မလို့တဲ့ကွ"...ဟု ရဲကြီးကဖြေသည်။

ထိုအချိန်တွင် ရွှေအသည်...ရဲဘော်ဘတင် ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့ ထိုင်နေသည့်နေရာကို လက်ညှိုးထိုး၍ ဝူး...ဝူး...ဝါး...ဝါး အော်လေသည်။

"ရဲကြီးရေ...အခု ရွှေအပြောတာ ဘာလဲကွ"...ဟု ခင်ကြီးက ရဲကြီးကို မေးလိုက်သည်။

"အခုဖမ်းမိထားတဲ့ သစ္စာဖောက် (၃) ကောင် အကြောင်းကို ရွှေအက ကောင်းကောင်းသိတယ်တဲ့ကွ"...ဟု ရဲကြီးကဖြေသည်။

ထိုအခါတွင် ရွှေအသည် ဝူး...ဝူး...ဝါး...ဝါးဖြင့် အော်၍ လူတယောက် ဖမ်းလျှောက်ပုံ အရပ်ရှည်ပုံ နှာခေါင်းချွန်ပုံ အကြောဆွဲပြပုံတို့ကို အမူအရာ များဖြင့် လုပ်ပြနေသည်။

"ဟော့...ရဲကြီးရ ပြောစမ်းပါအုန်းကွ ရွှေအက ဘာတွေ ပြောနေပြန်တာ ပဲဟွ"...ဟု ခင်ကြီးက မေးပြန်သည်။

"ဟိုကုလားကောင်ကြီး ဘတင်ကို ပြောနေတာကွ။ အဲဒီကောင်ကြီးဟာ အသက်လုံး ဘယ်တုံးကမှ ကောင်းတဲ့ ကုလားကြီး မဟုတ်ဘူးတဲ့။ တလျှောက် လုံး ကိုယ်ကျိုးပဲရှာနေတဲ့ သစ္စာဖောက်ကြီးတဲ့ကွ။ တိုတော်လှန်တဲ့ အမျိုးသမီး များကိုလဲ ဟင်တရှူးတွေ တဏှာကြောထသူတွေလို့ ပြောတာလဲ ဒီကုလားကြီးပဲ တဲ့ကွ"...ဟု ရဲကြီးက ဖြေလေသည်။

ထိုအခါတွင် ရွှေအသည် ဝူး...ဝူး.. ဝါး...ဝါးဖြင့် အော်၍ လူတယောက် ခပ်ပုပု ခပ်ဝဝပုံ မျက်နှာပြဲပြဲ မျက်လုံးပြူးပြူးပုံတို့ကို အမူအရာများဖြင့် လုပ်ပြ နေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ရဲကြီးရ ပြောစမ်းပါအုန်းကွ။ အခု ရွှေအက ဘာတွေများထပ်ပြီးတော့ ပြောနေပြန်တာလဲကွ" ဟု ခင်ကြီးကမေးလိုက်သည်။

"အော အော ရွှေအပြောတာက ဒီလိုကွ ဟိုကွာ၊ လူလိမ်လူညာ ငွေး အကြောင်းပါကွာ အဲဒီငွေးဆိုတဲ့အကောင်က သိပ်ခကောက်ကျစ်တဲ့အကောင် မှန်းသူကောင်းကောင်းသိတယ်တဲ့ကွ။ ဒီကောင်က ကုလားပြည်သွားပြီးတော့ ရန်သူကို ဒူးထောက်တဲ့ ဘရောက်ဒါဝါဒကို ယူခဲ့တယ်ဆိုပဲ။နောက်ပြီးတော့ တို့တော်လှန်တဲ့ ဥက္ကဋ္ဌကြီးကိုလဲ နောက်ကျောခားနဲ့ထိုးဖို့အမြဲတန်းလုပ်တယ်တဲ့ကွ၊ ဒီငွေး ဆိုတဲ့အကောင်ဟာ တို့ပါတီထဲမှာ လျှိုဝှက်ပြီးဝင်နေတဲ့နေဝင်းရဲ့သူလျှို အတွင်းသစ္စာဖောက်လုပ်နေတဲ့အကောင်တဲ့ကွ".... ဟု ရဲကြီးကဖြေလိုက်သည်။

ထိုအခါတွင် ရွှေအသည် ဝူး....ဝူး.... ဝါး....ဝါး....ဖြင့်အော်၍ ဆံပင်စုတ်ဖွားဖွားပုံ လမ်းလျှောက်လျှင် မြန်မြန်လျှောက်တတ်သည့်ပုံ စာအုပ်ကြီးများကို ဖတ်နေသည့်ပုံ ဂျီသရီးသေနတ်ကိုင်ထားသည့် စစ်သားတယောက်၏ နောက်သို့ လိုက်နေသည့်ခွေးလေးပုံစသည်တို့ကို အမူအရာများဖြင့်လုပ်ပြနေပြန်သည်။

"ဟေး ရဲကြီး ရွှေအကဘာတွေပြောနေပြန်တုံးကွ ပြောစမ်းပါအုန်း" ဟု ခင်ကြီးကမေးလိုက်သည်။

"ဟာ အခု ရွှေအပြောနေတာက ဟိုဘခက်ဆိုတဲ့ အငယ်ဆုံးသစ္စာဖောက် ခွေးကောင်အကြောင်းပေါ့ကွ။ အဲဒီ ဘခက်ဆိုတဲ့အကောင်က စာအုပ်ကြီးတွေကိုမှ ရွေးဖတ်ပြီးတော့ သူ့ကိုသူ အဟုတ်ကြီးထင်နေတဲ့ အကောင်ကွ၊ ဒီကောင်ကစာအုပ်ကြီးသမားကွ၊ ပြီးတော့ တနေ့ကလဲ အစည်းအဝေးမှာ တို့တော်လှန်တဲ့တို့အချစ်မြတ်နိုးဆုံးဖြစ်တဲ့ဥက္ကဋ္ဌကြီးကိုလဲ အမျိုးမျိုးပုတ်ခတ်ပြီးဆဲသွားတယ်တဲ့ကွ၊ ဒီကောင် သိပ်လူပါးဝတဲ့ ခွေးကောင်ပဲကွ၊ တကယ်ကျတော့ အဲဒီကောင်ဟာ သူ့ပထွေး နေဝင်းရဲ့ အစွယ်ပေါက်စ နောက်လိုက်ခွေးပါကွာ၊ ဒီကောင်ကနေဝင်းကို အဖေလိုသဘောထားနေတာတဲ့ကွ၊ ဒီဘခက်ဆိုတဲ့ အကောင်ကို တို့ပိုပြီးတော့ သတိဝိရိယထားရမယ်လို့ပဲပြောသွားတယ်ကွ၊ အဲဒီခွေးကောင်ကို တို့လက်ထဲက ဘယ်လိုနည်းနဲ့မှ လွတ်ထွက်မသွားအောင်လုပ်ရမယ်လို့လဲ ပြောတယ်ကွ"ဟုရဲကြီးကဖြေလိုက်လေသည်။

ဆက်လက်၍ရွှေအသည် ဝူးဝူး-ဝါးဝါးဖြင့် အော်၍ ရဲဘော်ဘတင်၊ ရဲဘော်ငွေးနှင့် ရဲဘော်ဘခက်တို့အနားသို့ ကပ်လာသည်။ ထို့နောက် ဒေါသတကြီးဖြင့် လက်(၃)ချောင်း ထောင်ပြလိုက်ပြီးနောက် ဆောင့်ဆောင့် ထိုင်ချလိုက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သည်။အခင်းကြီးသွားနေသည့်ပုံ၊ ပါးစပ်ကိုလက်နှင့်တို့၍ အစာကြွေးနေသည့်ပုံ ကလေးလေးပုံ စသည်တို့ကို အမူအရာများဖြင့် လုပ်ပြနေသည်။

"ဟ-ခင်ကြီးရေ-ရွှေအကပြောနေပြန်ပြီကွ။ဟိုသစ္စာဖောက်(၃)ကောင်ဖြစ်တဲ့ ဘတင်၊ငွေး၊ခေက်တို့ဟာ လူတွေမဟုတ်ကြဘူးတဲ့ကွ၊သူတို့က ငြိမ်းချမ်းရေးလိုချင်ကြသတဲ့၊ ဒါကြောင့်မို့ တိုတော်လှန်တဲ့ ဥက္ကဋ္ဌကြီးက ဒီလိုပြောတယ်တဲ့ကွ။ ကရင်ဆင်ဆွဲရွာက ဖညက်ဆိုတဲ့ (၅) နှစ်သားလေးက နေဝင်းကို အပြုတ်တိုက်မယ်လို့ ပြောတယ်တဲ့ကွ။ ငြိမ်းချမ်းရေးသမားဆိုရင် သူ့ရန်သူလို့တောင် ကျေညာသတဲ့ကွ။ ဒါကြောင့်မို့အခု-ဟိုသစ္စာဖောက်(၃)ကောင်ကို ကရင်ဆင်ဆွဲရွာက အသက်(၅)နှစ်သား ကရင်လေး "**ဖညက်**" ယိုထားတဲ့ချီးကို ကျွေးရမယ်တဲ့ကွ။အခုကိုစားခိုင်းရမယ်တဲ့ကွ...."ဟု ရဲကြီးသည် ခင်ကြီးကိုရှင်းပြနေသည်။

ယိုအချိန်တွင် တော်လှန်သော ရွှေအသည် ဝူး-ဝူး-ဝူး-ဝါး-ဝါး-ဝါး ဖြင့် အသံကုန်အော်ဟစ်၍ ငိုနေလေတော့သည်။ မျက်ရည်များပင် သုတ်နေသည်။ ဝမ်းနည်းလွန်း၍ မြေကြီးပေါ်သို့လည်း လှဲချလိုက်သည်။

ဤသို့ရုတ်တရက် ရွှေအသည် ရှိုက်ကြီးတငင် ငိုလိုက်သဖြင့် ရဲကြီးနှင့်ခင်ကြီးတို့သည် အလွန်ပင်အံ့အားသင့်သွားကြသည်။

ထို့ကြောင့် ရွှေအကို အမျိုးမျိုးဖြောင့်ဖျ၍ချော့ကြသည်၊ မရ။ ဆက်၍သာ ရှိုက်ကြီးတငင်ငိုနေသည်။

"ရဲကြီး၄ရရွှေအကို သေသေချာချာ **မေးစမ်းပါအုန်းကွာ**။ ဘာဖြစ်လို့ ဒါလောက်ထိအောင် ဝမ်းနည်းပန်းနည်းငိုကြီးချက်မနဲ့ ဖြစ်နေရတာလဲလို့...." ဟု ခင်ကြီးက မေးလိုက်သည်။

"ဟုတ်ပြီ-ဟုတ်ပြီ....ခင်ကြီးရ ရွှေအပြောတာက ဒီလိုကွ။ အခုသူ့ရှေ့မှာ ရှိနေတဲ့ သစ္စာဖောက် (၃)ကောင် အကြောင်းကို ပြောရင်းပြောရင်းနဲ့ သိတ်ဒေါသထွက်လာတယ်တဲ့ကွ။"

ဒီကောင် (၃) ကောင် အကြောင်းကိုပြောလို့ မကုန်နိုင်တော့ဘူးတဲ့။ ဒါကြောင့်မို့ ဒီကောင် (၃)ကောင်ကို လုံးလုံးမကြည့်ချင် တော့ဘူးလို့ ပြောနေပြီကွ။ ဒါပေမဲ့ တော်လှန်တဲ့ ဥက္ကဋ္ဌကြီးနဲ့ တော်လှန်တဲ့ ခေါင်းဆောင်ကြီးတွေက ဒီ ခွေးကောင် (၃)ကောင်ကို အခုသတ်ဖို့ မဆုံးဖြတ်ရသေးလို့ ရွှေအက ဝမ်းနည်းယူကြုံးမရ ဖြစ်ပြီးငိုနေတာတဲ့ကွ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဖညက်

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစခန်းသို့ ရောက်ရှိနေသော ကရင်ဆင်ဆွဲရွာမှ "ဖညက်" ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ပြီးတော့လဲ ရှေ့အက သူ့တောင်းဆိုချက်ကိုလဲ တော်လှန်တဲ့ ဥက္ကဋ္ဌကြီးနဲ့ တော်လှန်တဲ့ ခေါင်းဆောင်ကြီးတွေ တော်လှန်တဲ့ နယ်ခေါင်း ဆောင်ကြီးတွေကိုလဲ အသဲလှိုက်အူလှိုက် တောင်းဆိုပေးပါတဲ့ကွ။ ငါ့ကို အတင်းပြောခိုင်းနေတယ်ကွ။

အဲဒါကတော့ သစ္စာဖောက် (၃) ကောင်ဖြစ်တဲ့၊ ဘတင်၊ငွေးနဲ့ ခေက်တို့ကို အမြန်ဆုံးနဲ့ ချက်ခြင်းသတ်ပစ်ပါ။ သတ်ပစ်ပါ၊ သတ်ပစ်ပါတဲ့ကွ။

ဒါကတော့ တော်လှန်တဲ့ ရှေ့အရဲ့ နောက်ဆုံး တောင်းဆိုချက်ပဲတဲ့ကွာ။

နောက်ဆုံးတွင် ဗဟိုစခန်း မီးပုံပွဲအခမ်းအနား နိဂုံးချုပ်၌ တော်လှန်သောရှေ့အသည် ရှေ့ဆုံးမှ လက်သီးလက်မောင်းတန်း၍ ဝူးဝူးဝူး ဝါးဝါးဝါးဖြင့် အသံကုန်အော်၍ ကြွေးကြော်နေလေသည်။

ရှေ့အ၏ နောက်မှ ရဲကြီး၊ ခင်ကြီးနှင့် တော်လှန်သော တပ်နီ လူငယ်လေးများသည် ကြွေးကြော်သံများကို အသံကုန် ဟစ်ကြွေးလျက် လိုက်ပါနေကြသည်။

"ဘတင်ကိုသတ်ပစ်၊ သတ်ပစ်"

"ငွေးကိုသတ်ပစ်၊ သတ်ပစ်"

"ဘခက်ကိုသတ်ပစ်၊ သတ်ပစ်"

ဤသို့ဖြင့်အောင်ပွဲခံသော ဗဟိုစခန်း၏ မီးပုံပွဲအခမ်းအနားကို **"တော်လှန်သောရှေ့အ၏ တောင်းဆိုချက်"**ဖြင့် အဆုံးသတ်လိုက် လေတော့သည်။

(၄) စိန်-ပိန်-ခက် စွဲချက်တင်တိုက်ပွဲ။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ ဆင်သေချောင်းဖျားတွင် စခန်းချ၍ထားလေသည်။

ထိုအချိန်တွင် ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့သည် ပို၍တင်းကြပ်သောအစောင့်များ၏ ကြီးကြပ်မှုအောက်တွင် နေကြရသည်။ တော်လှန်သော တပ်နီလူငယ်လေးများ၏ အမျိုးမျိုးသောနှိပ်ကွပ်မှုနှင့် ညင်းဆဲခြင်းများကိုလည်း အချိန်နှင့်အမျှပင်ခံ၍နေကြရလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အထူးသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်း၌ တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များနှင့် တော်လှန်သော တပ်နီလူငယ်လေးများသည် လွန်မင်းစွာပင် ဒေါသထွက်၍ နေကြသည်။

အဘယ်ကြောင့်ဆိုသော် ၁၉၆၇-ခုနှစ်၊ ဇွန်လ(၆)ရက် နေ့ညတွင် ရဲဘော်ဘခက်ထွက်ပြေးလွတ်မြောက် သွားသောကြောင့်ဖြစ်လေသည်။

ထို့ကြောင့် ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့အား ပို၍သံကြီးမဲကြီးဖြစ်နေကြ၏။ အထူးပင်မခံမရပ်နိုင်ဖြစ်နေကြ၏။ သို့ဖြစ်၍ တော်လှန်သော တပ်နီလူငယ်အဖွဲ့ဝင်များသည် ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့အား အမြန်ဆုံးနှင့်ချက်ခြင်း သေဒဏ်ပေးရန်အတွက် အပြင်းအထန်ပင်ဆန္ဒပြ၍ တောင်းဆိုနေကြလေသည်။

၁၉၆၇-ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့တွင် ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် **"စိန်-ပိန်ပြန်လည်ပြင်ဆင်ရေးဂိုဏ်း ဆန့်ကျင်ရေးတိုက်ပွဲ"** သဘာပတိ အဖွဲ့နှင့် ဦးစီးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်လေသည်။

သဘာပတိအဖွဲ့တွင်ပါဝင်ကြသူများမှာ အောက်ပါအတိုင်းဖြစ်လေသည်။

(၁)	သခင်ဇင်	....	ဥက္ကဋ္ဌ
(၂)	သခင်ချစ်	....	အဖွဲ့ဝင်
(၃)	သခင်ပု	....	အဖွဲ့ဝင်

ဦးစီးအဖွဲ့တွင် ပါဝင်ကြသူများမှာလည်း ဤသို့ဖြစ်လေသည်။

(၁) ရဲဘော်ထွန်းရှိန်(ရဲဘော်ဖေငြိမ်း) အတွင်းရေးမှူး။
(၂) ရဲဘော်ညာဏ်ကျော်(ရဲဘော်ညိုအောင်)
(၃) ဗိုလ်တင်မောင်(ဗိုလ်သိန်းထွန်း)
(၄) ရဲဘော်ညို
(၅) ရဲဘော်ရှိန်
(၆) ရဲဘော်ငွေးညွန့်(ရဲဘော်အေးလွင်)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၇) ရဲဘော်ထွန်းရီ (ရဲဘော်ထွန်းသာ)
(၈) ရဲဘော်ထွန်းမြင့် (ရဲဘော်ခင်ရွှေ)
(၉) ရဲဘော်မြမောင် (ရဲဘော်တင်ထွန်း)

ထို့ပြင် "စိန်၊ ပိန် ပြန်လည်ပြင်ဆင်ရေးဂိုဏ်းဆန့်ကျင်ရေးတိုက်ပွဲ"၏ "မှတ်တမ်းကော်မတီ"ကိုလည်း အောက်ပါအတိုင်းပင် ဖွဲ့စည်းလိုက်လေသည်။

(၁) ရဲဘော်ကျော်ခင် (ရဲဘော်ဘိုးသာ)
(၂) ရဲဘော်ထွန်းကျော် (မောင်စိုးဝင်း လူထုဦးလှ-ဒေါ်အမာ၏သား)
(၃) ရဲဘော်တင်ဟန် (အောင်သိန်းနိုင်)

စသည်တို့ ဖြစ်ကြလေသည်။

ဤသို့ဖြင့် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့သည် "စိန်၊ ပိန် ပြန်လည်ပြင်ဆင်ရေးဂိုဏ်းဆန့်ကျင်ရေးတိုက်ပွဲ"၏ "သဘာပတိအဖွဲ့" နှင့် "တိုက်ပွဲဦးစီးအဖွဲ့" "မှတ်တမ်းကော်မတီ" စသည်တို့ကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာလိုက်လေသည်။

ယင်းသို့ ကြေညာပြီးနောက် တိုက်ပွဲဦးစီးအဖွဲ့၏ အတွင်းရေးမှူးဖြစ်သော ရဲဘော်ထွန်းရှိန် (ရဲဘော်ဖေငြိမ်း) သည် အသင့်ရေးရှိလာသော တိုက်ပွဲဦးစီးအဖွဲ့၏ သဘောထားနှင့် စွဲချက်များကို ဤသို့ပင်တင်ပြသွားလေသည်။

"ပြန်ပြင်ရေးသမားတွေဟာ အထူးသဖြင့် စိန်-ပိန်တို့ဟာ(၁၆)နှစ်လုံးလုံး ပါတီဖျက်ဆီးရေး တော်လှန်ရေးဖျက်ဆီးရေးတွေကို လုပ်ခဲ့ကြတယ်။ ပါတီကရဲဘော်တွေ အမြောက်အမြားကျဆုံးခဲ့ရတယ်။ ပါတီက ရဲဘော်တွေ အမြောက်အမြား ရန်သူ့ထံ လက်နက်ချ အညံ့ခံစေခဲ့တယ်။ ပါတီဟာပြိုကွဲခဲ့တယ်။ ပါတီပျက်စီးဖို့ တဲတဲလေးကျန်တော့တဲ့ အထိဖြစ်ခဲ့တယ်။

ပါတီရဲ့တပ်တွေ အလုံးလိုက်အခဲလိုက် ပြိုကျခဲ့တယ်။ ထောင်နဲ့ချီပြီး လက်နက်ချစေခဲ့တယ်။ တိုက်နေတဲ့မိမိရဲ့တပ်တွေဟာ လက်ချိုးရေရလောက်တဲ့ ဘဝရောက်အောင်လုပ်ခဲ့တယ်။ တပ်မတော်သားတွေရဲ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျဆုံးတဲ့ အသက်နဲ့ သွေးတွေဟာ သမိုင်းမှတ်တမ်းတင်လို့ မဆုံးနိုင်ဘူး။

သူတို့ဒီနေ့ထိ အသက်နဲ့လဲပြီး ဆုပ်ကိုင်ထားတဲ့ ၅၅ လမ်းစဉ်ဟာ ပါတီကိုအသေသတ်မဲ့ တပ်မတော်ကို အသေသတ်မဲ့ ပြည်သူလူထုကို အသေသတ်မဲ့လမ်းစဉ်ဖြစ်တယ်။

ဦးစိန်၊ဦးပိန်တို့ဟာ တပါတီလုံးလက်နက်ချဖို့၊ တော်လှန်ရေးတရပ်လုံး ရန်သူ့ထံအညွှံခံအရှုံးပေးဖို့၊ ပါတီခေါင်းဆောင်တွေ၊ ပါတီဝင်တွေ တပ်မတော်သားတွေ၊ ပြည်သူတွေရဲ့အသက်တွေ စတေးခံရဖို့ ဒီနေ့ထိ ကြိုးပမ်းပြီး အမှားကိုခေါင်းမာစွာဆုပ်ကိုင်ထားသူတွေဖြစ်တယ်။

ပါတီထဲမှာရောက်နေတဲ့ ခနရှင်လူတန်းစားကိုယ်စားလှယ်နဲ့ ဗိုလ်နေဝင်းကိုယ်စားလှယ် ဖြစ်တဲ့အတွက် သူ့ရဲ့ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ အတွေးအခေါ်နိုင်ငံရေးနဲ့ လမ်းစဉ်ပေါ်လစီတွေကို ဆက်လက်ဆုပ်ကိုင်ထားတာဖြစ်တယ်။

ဒါကြောင့်....

+ ပါတီထဲမှာ လုံးဝမရှိသင့်ဘူး။

+ စခန်းထဲမှာလဲ လုံးဝမရှိသင့်ဘူး။

+ တော်လှန်ရေးထဲမှာလုံးဝမရှိသင့်ဘူး။

+ ရန်သူ့ထံသစ္စာဖောက်အဖြစ်နဲ့သွားတာလဲခွင့်မပြုသင့်ဘူး။ ,

ဒီလိုဆိုရင် ပါတီထဲက လုံးဝထုတ်ပစ်ပီး၊ နောက်ဆုံးပါတီနဲ့ တော်လှန်ရေးရဲ့ သစ္စာဖောက်မျှားအဖြစ် ချေမှုန်းသုတ်သင်ရေးသာဖြစ်သင့်ပါတယ်။

ဘခက်၊ သာလှကိုတော့ တွေ့ရာသင်းချိုင်း ခေါးမဆိုင်းပဲ မဖြစ်မနေ သတ်ရမဲ့သေဒဏ်ပေးထားတဲ့ ရာဇဝတ်ကောင်ဖြစ်ကြောင်း ဆုံးဖြတ်ထားသင့်ပါတယ်။

("စိန်၊ ပိန်ပြန့်လည်ပြင်ဆင်ရေးဂိုဏ်းအပေါ်၊ တိုက်ပွဲ ဦးဆောင်အဖွဲ့၏ သဘောထားနှင့်စွဲချက်များ"...မှ)။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်း တိုက်ပွဲဦးစီးအဖွဲ့၏ သဘောထားနှင့် စွဲချက်များကို ရဲဘော်ထွန်းရှိန်သည် ဒေါသတကြီးဖြင့်တင်ပြသွား၏။

ဤသို့ သဘောထားနှင့်စွဲချက်များကိုတင်ပြပြီးနောက် "ဝိန်၊ ပိန်ပြန်လည်ပြင်ဆင်ရေးဂိုဏ်း ဆန့်ကျင်ရေးလှုပ်ရှားမှု" တွင် လက်တွေ့လိုက်နာကြရမည့် ပေါ်လစီနှင့်နည်းနာများကို တိုက်ပွဲသဘာပတိအဖွဲ့နှင့် တိုက်ပွဲဦးစီးအဖွဲ့က ချမှတ်ပေးလေသည်။

ယင်း တိုက်ပွဲလှုပ်ရှားမှုတခုလုံးကို တိုက်ရိုက် ဦးစီးရှေ့ဆောင်သူမှာ သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန် (ရဲဘော်ဖေငြိမ်း) တို့ဖြစ်ကြလေသည်။

၁၉၆၇-ခုနှစ် ဇွန်လ(၁၀)ရက်နေ့မှဇွန်လ(၁၅)ရက်နေ့အထိ၊ တိုက်ပွဲဦးစီးအဖွဲ့သည် "ဝိန်-ပိန်ပြန်လည်ပြင်ဆင်ရေးဂိုဏ်း ဆန့်ကျင်ရေးတိုက်ပွဲ၏ ပြင်ဆင်ရေးလှုံ့ဆော်မှုကာလ"အဖြစ်ဖြင့် သတ်မှတ်၍ ညွှန်ကြားစီစဉ်ထားလေသည်။

ဤပြင်ဆင်ရေးလှုံ့ဆော်မှုကာလအတွင်းတွင်မှတ်တမ်းကော်မတီအဖြစ်ဖြင့် တိုက်ရိုက် တာဝန်ပေးခြင်းခံထားရသော ရဲဘော်ဖိုးသာ (ရဲဘော်ကျော်ခင်) ရဲဘော်ထွန်းကျော်(မောင်စိုးဝင်း) ရဲဘော်တင်ဟန်(အောင်သိန်းနိုင်)တို့သည် ရဲဘော်ဘတင် ရဲဘော်ငွေးတို့နှင့်ပတ်သက်သော စွဲဆိုချက်များကို စခန်းအတွင်းတွင် အထူးအစီအစဉ်ဖြင့်ဝါဒ ဖြန့်ချိကြရ၏။ နံရံကပ်ထုတ်ခြင်း၊ ပိုစတာများကိုကပ်ကြ၏။ တော်လှန်သော တပ်နီလူငယ်လေး များကို ရှေ့ဆောင်၍ ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့အားကြိုးများနှင့် တုပ်နှောင်ဖမ်းဆီးထားရာသို့သွား၍လည်း **"သစ္စာဖောက်တွေကိုသတ်ပစ်သတ်ပစ်" "နေဝင်းသူလျှိုတွေကိုသတ်ပစ် သတ်ပစ်"** ဟူ၍၊ ကြွေးကြော်ကြ၏။ အချို့ကလည်း အလွန်ရင့်သီးလှသော စကားလုံးများဖြင့် ဆဲရေးတိုင်းထွာကြသည်။

အထူးသဖြင့် တိုက်ပွဲဦးစီးအဖွဲ့နှင့် မှတ်တမ်းကော်မတီသည် ယင်းတိုက်ပွဲကို တိုက်ရိုက် ဦးစီးရှေ့ဆောင်ရာဘွင် ပီကင်းရေဒီယိုမှ အသံလွှင့်ပေးနေသည့် တရုပ်တပ်နီလူငယ်များ၏ လှုပ်ရှားမှုအတိုင်းပင် စီစဉ်ကြသည်။ လှုပ်ရှားကြသည်။

ထို့ကြောင့်ပင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့သည် ဗဟိုစခန်းမှ တော်လှန်သော တပ်နီလူငယ်များအား ပီကင်းရေဒီယိုမှအ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သံလွင့်နေသည့် အစီအစဉ်နှင့် ညွန်ကြားချက်များအတိုင်းပြုလုပ်ရန် အထူးပင် ပညာပေးထားကြလေသည်။

၁၉၆၇-ခုနှစ် ဇွန်လ(၁၅)ရက်နေ့တွင် '' စိန်-ပိန်ပြန်လည်ပြင်ဆင်ရေးဂိုဏ်း ဆန့်ကျင်ရေးတိုက်ပွဲ''၏စွဲချက်တင်တိုက်ပွဲကို စတင်၍ဆင်နွှဲကြသည်။

ယင်း စိန်-ပိန် သုတ်သင်ရေး စွဲချက်တင် လှုပ်ရှားမှု၏ အစီအစဉ်တွင်လည်း အမျိုးအစားအားဖြင့်(၄)မျိုးကို ခွဲခြားထားလေသည်။

ပထမအမျိုးအစားတွင်ပါဝင်ကြသည့်သူများမှာ။ ...

(၁)	ရဲဘော်ထွန်းရီ	(ဗဟိုဌာနချုပ်ရုံးလုပ်သား)
(၂)	ရဲဘော်မြမောင်	(ရဲဘော်တင်ထွန်း၊ ရန်ကုန်တက္ကသိုလ် တပ်ဦးကျောင်းသားခေါင်းဆောင်)
(၃)	ရဲဘော်တင်အေး	(ဗဟိုဌာနချုပ်ရုံးလုပ်သား)
(၄)	ရဲဘော်သစ်လွင်	(ဗဟိုဆက်သွယ်ရေးဌာန)
(၅)	ရဲဘော်ထွန်းကျော်	(မောင်စိုးဝင်း၊ လူထုဦးလှ၊ ဒေါ်အမာ၏သား)
(၆)	ဖိုးတူး	(ရဲဘော်ငွေး၏သားငယ်)
(၇)	ရဲဘော်ညာဏ်ကျော်	(ဗဟိုဌာနချုပ်စခန်းမှူး၊ပီကင်းပြန်)

၎င်းပထမအမျိုးအစားမှာ အဓိကစွဲချက်တင်ရမည့် သူများကို အထူးရွေးချယ်ထားခြင်းဖြစ်သည်။

ဒုတိယအမျိုးအစားတွင်ပါဝင်ကြသည့် သူများမှာ။

(၁)	ဗိုလ်ရန်အောင်	(ဗဟိုကော်မတီ)
(၂)	ရဲဘော်အောင်ကြီး	(ဗဟိုကော်မတီ- ပီကင်းပြန်)
(၃)	သခင်ချစ်	(နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်)
(၄)	သခင်ဇင်	(နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်)
(၅)	သခင်ပု	(ဗဟိုကော်မတီ- ပီကင်းပြန်)
(၆)	သခင်သန်းထွန်း	(ဗဟိုကော်မတီ ဥက္ကဋ္ဌ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တတိယအမျိုးအစားတွင် ပါဝင်ကြသည့်သူများမှာ။

(၁) ဗိုလ်တင်မောင် (ဗဟိုကင်း တပ်မှူး)

(၂) ဗိုလ်တင့်ဆန်း(အောင်သိန်းလွင်)(မဒညတ ဗဟို)

(၃) ရဲဘော်သန်းမောင် (ဗဟိုဌာနချုပ် ရိုးလုပ်သား)

(၄) ရဲဘော်ငွေးညွန့် (ဗဟိုဆက်သွယ်ရေးဌာန)

(၅) ရဲဘော်ဖေငြိမ်း (ဗဟို စခန်း ပါတီ ကော်မတီ အတွင်းရေးမှူး ပီကင်းပြန်)

(၆) ရဲဘော်ထွန်းမြင့် (ဗဟိုဌာနချုပ် မြေအောက် လျှို့ဝှက်ရေးဌာန)

(၇) ရဲဘော်သိန်း (ဗဟို ကင်းတပ်သား)

(၈) ရဲဘော် ခင်လေးမြင့် (တောင်ငူခရိုင်)

စတုတ္ထအမျိုးအစားတွင် ပါဝင်ကြသည့် သူများမှာ။

(၁) ရဲဘော်ဖိုးငွေး (တပ်နီလူငယ် အဖွဲ့ကိုယ်စား)

(၂) ရဲဘော် မခင်ပု (တပ်နီအမျိုးသမီးအဖွဲ့ကိုယ်စား)

(၃) ရဲဘော် ထွန်းလှိုင် (ဗဟို ကင်းတပ်ဖွဲ့ ကိုယ်စား)

(၄) ရဲဘော်ရှိန်
(၅) ရဲဘော်ညို } (ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း ဆရာအဖွဲ့ကိုယ်စား ပီကင်းပြန်)

ယင်းသို့ဖြင့် တိုက်ပွဲဦးစီးအဖွဲ့သည် ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့အား အမြန်ဆုံး သတ်ဖြတ်နိုင်ရန်အတွက် စွဲချက်တင်လုပ်ရှားမှုကို ကြိုတင်၍ စီစဉ်ထားသည့်အတိုင်း ပြုလုပ်ကြလေတော့သည်။

ဤအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်း တွင် ရဲဘော် (၄၀) ခန့်သာရှိသည်။ ထိုအထဲတွင် တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီး များသာ အများစုဖြစ်လေသည်။

ဤ"**စိန်-မိန် ပြန်လည်ပြင်ဆင်ရေး ဂိုဏ်းဆန့်ကျင်ရေးတိုက်ပွဲ**"၏ စွဲချက်တင် တိုက်ပွဲတွင် သဘာပတိဖြစ်သော သခင်ဇင်က ဤသို့ မိန့်ခွန်းပြောကြားလေ သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဘခက် သတင်းစာရှင်းလင်းပွဲမှာ သူပြောတဲ့စကားတွေဟာ စိန်ပိန်တို့ အယူအဆဆိုတာ ပေါလောပေါ်နေရုံမကဘူး၊ ရန်သူကို အကူ တောင်းတယ်ဆိုတာလဲ ထင်ရှားတယ်။ ဒါတွေကြောင့် သူတို့နဲ့ ပတ်သက်ရင် အယင်ဆုံးဖြတ်ချက်တွေနဲ့ မလုံလောက်တော့ဘူး။ တဆင့် တက်ပြီး အပြီးအပိုင်စာရင်းရှင်းရတော့မယ်လို့ ယူဆတယ်။ ဒီအတွက် လူထုတိုက်ပွဲဆင်ပြီး စာရင်းရှင်းပွဲလုပ်တာဖြစ်တယ်။ အခု စိန်-ပိန် ပြန်လည် ပြင်ဆင်ရေးဂိုဏ်းဆန့်ကျင်ရေးတိုက်ပွဲ စတင်ဖွင့်လှစ်လိုက်ပါပြီ။

ရဲဘော်တွေအနေနဲ့ ဒီစိန်-ပိန်ပြန်လည် ပြင်ဆင်ရေးဂိုဏ်းရဲ့၊

(၁) ဉက္ကဋ္ဌအမှူးပြုတဲ့ ဗဟိုကော်မတီကို ဆန့်ကျင်တဲ့ ဂိုဏ်း အုပ်စု လုပ်ရှားမှု။

(၂) ရန်သူရဲ့ လုပ်ငန်းစဉ် လမ်းစဉ်ဆိုင်ရာ သဘောထားများ ကို ဝါဒဖြန့်ချိ အလှချယ်ကာကွယ်မှု။

(၃) ပါတီရဲ့ အခြေခံလုပ်ငန်းစဉ် လမ်းစဉ်နဲ့ နိုင်ငံရေးစည်း ရုံးရေး ဆုံးဖြတ်ချက်တွေကို ဖျက်ဆီးမှု၊ နှောင့်နှေး အောင် ကပျက်ယပျက်လုပ်မှု၊ ဒါတွေကို ရဲဘော်တွေ က တဦးချင်း စွဲချက်တင်သွားမှာဖြစ်တယ်။

ရဲဘော်တို့ စွဲချက်တင်စရာရှိတာတွေ တင်ကြပါ။"

("စိန်-ပိန်ပြန်လည်ပြင်ဆင်ရေး ဂိုဏ်းဆန့်ကျင်ရေးတိုက်ပွဲ" သဘာပတိမိန့်ခွန်းမှ)

ဤသို့ သခင်ဇင်သည် သဘာပတိမိန့်ခွန်းကို ပြောကြားပြီးသောအခါတွင် ရဲဘော်တင်ဟန် (အောင်သိန်းနိုင်)က "ပေိန်-စေိန်ကို သတ်မလား မသတ်ဘူး လား ရဲဘော်တို့" .... ဟု ကြွေးကြော်လိုက်သည်။ ထိုအခါတွင် တပ်နီလူငယ် အားလုံးသည် "သတ်မယ်....သတ်မယ် အခုသတ်မယ်"ဟု ဝိုင်း၍ ကြွေးကြော် ကြလေသည်။

ထို့နောက်တွင် တိုက်ပွဲဦးစီးကော်မတီ၏ အစီအစဉ်အရ စွဲချက်တင် တိုက်ပွဲကို ဆက်လက်၍ ပြုလုပ်လေသည်။

"ခု-ကျွန်တော်တို့ရှေ့မှာရှိနေတဲ့ ဒီသစ္စာဖောက် နှစ်ယောက်ဟာ ရဲဘော်တွေရဲ့စွဲချက်တင်တိုက်ပွဲဝင်မှုကြောင့် ခေါင်းတွေငုံ့နေပေမဲ့ အတွင်းကကြိတ်ပြီး ပါတီကိုကြိုးစင်တင်ဖို့ ကြံစီမံသူတွေဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မနေ့ကသတင်းစာရှင်းလင်းပွဲမှာ ဘခက်ကနေဝင်းရဲ့တော်လှန်ရေးကောင်စီသဘောတရားနဲ့ လမ်းစဉ်ကို လက်ခံတယ်လို့ပြောတယ်။ပြီးခဲ့တဲ့ မတ်လတုံးက ပါတီအခြေခံလုပ်ငန်းစဉ် ဆွေးနွေးပွဲမှာလဲ စိန် ပိန် ဂိုဏ်းသား ဘခက်ဟာ သူ့အဖေနေဝင်းကို ချီးကျူးခန်း ဖွင့်ခဲ့တယ်။ ဒါတွေကို ဘယ်သူတွေက သင်ပေးခဲ့သလဲ။ ဘယ်သူတွေရဲ့ အတွေးအခေါ်လမ်းညွှန်မှုနဲ့ ဘခက်လုပ်ခဲ့သလဲ။ ဒါဟာ သစ္စာဖောက်ထိပ်သီးနှစ်ဦးရဲ့ သင်ကြားချက်နဲ့အတွေးအခေါ်လမ်းညွှန်မှုနဲ့လုပ်ခဲ့တာပဲ။

ဒီလုပ်ရပ်တွေကို ဒီနေ့ကျွန်တော်တို့ သည်းမခံနိုင်တော့ဘူး။ စိန်၊ ပိန်ဂိုဏ်းနဲ့ စိန်၊ ပိန်ဝါဒဖြစ်တဲ့ ၅၅-လမ်းစဉ်ဟာ ဗမာပြည်မှာ ပစ္စည်းမဲ့အာဏာရှင်စနစ်ထူထောင်နေတာကို တားဆီးနေတယ်။ ၅၅-လမ်းစဉ်ကို ချေမှုန်းပစ်တာနဲ့အတူ၊ ဒီ စိန်၊ ပိန် သစ္စာဖောက်ဂိုဏ်းကိုလဲ ချေမှုန်းပစ်ရမယ်။

၆၄-ခုနှစ်၊ မတ်လမှာ နေဝင်းက တပြည်လုံးက ကုန်သွယ်ရေးလုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းပြီး၊စီးပွားရေးလက်ဝါးကြီးအုပ်မှုကို နံပါတ်ကုန်လုပ်တယ်။ ဒါကို ရေဒီယိုကကြေညာပြီး၊ မကြာခင်မှာပဲ ဦးပိန်ကျွန်တော့်ဆီကို လာတယ်။ ခင်ဗျားဘယ်လို သဘောရသလဲလို့ မေးတယ်။

ဦးပိန်က ဒါဟာ နေဝင်းက ဓနရှင်ကြီးတွေကိုတိုက်တာဖြစ်တယ်။ နိုင်ငံခြားသား တရုပ်၊ ကုလား၊ အရင်းရှင်တွေကို တိုက်တာဖြစ်တယ်။ တဖြည်းဖြည်းတော့ မှောင်ခိုဈေး ပျောက်မှာ ဖြစ်တယ်။ ဒါတိုးတက်တယ်လို့ အငြင်းမဆယ်နိုင်ပဲဆိုတယ်။

အဲဒီတုံးက ဘခက်ကလဲ အတော်ပြင်းပြင်းထန်ထန်ပဲ။ နေဝင်းလုပ်တာတိုးတက်တယ်၊ ထောက်ခံရမယ်လို့ဆိုတယ်။ စခန်းထဲမှာလဲ ဒါကို ဝါဒဖြန့်တယ်။

ဦးပိန်-ဘခက်တို့ရဲ့ အတွေးအခေါ်နဲ့ လုပ်ရပ်ကဘာလဲ။ နေဝင်းကို အလှချယ်ရေး၊ နေဝင်းနဲ့ပေါင်းရေး၊ သူတို့ရဲ့ခွေးကတက်ကနေ နေဝင်းကို အလုပ်အကျွေးပြုရေး လမ်းစဉ်ကို ပါတီထဲမှာထူထောင်ဖို့ လှုပ်ရှားတာပဲမဟုတ်လား။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဘခက်ကလဲ ဒီအတိုင်းပဲ၊ ရန်သူ့ဒေသလုပ်ငန်းလုပ်ရာမှာ ရန်သူ့ဒေသကလာတဲ့ ရဲဘော်တယောက်ကို သွားဆွေးနွေးရင် ဗိုလ်နေဝင်းတို့ရဲ့ မဆလမှိုင်း၊ လူထုတွေထဲမှာ ဘယ်လောက်ဝင်တယ်၊ အဲ့ဒီလို သတင်းမျိုးကိုရှာပြီးယူတယ်။ တော်လှန်တဲ့ လူထုတိုက်ပွဲတွေ နေဝင်းဆန့်ကျင်တဲ့ တိုက်ပွဲတွေ သိပ်မယူဘူး။ အဖမ်းအဆီးတွေ ရှိရင်တော့ ဘခက်စခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး သတင်းဆိုးတွေကို ရှုတ်ရှုတ်သဲသဲဖြစ်အောင် ဖြန့်တော့တာပဲ။ တော်လှန်ရေးတက်တယ်ဆိုပီး၊ ခုထိလဲ ပုန်းနေရတုံးပဲလား။ ဒါတွေဝါဒဖြန့်တယ်။

ဒီပစ်ချက်လောက်နဲ့ပဲ ခင်ဗျားတို့ဟာ တော်လှန်ရေးသစ္စာဖောက်တွေအဖြစ်နဲ့ သေဒဏ်ခံဖို့သင့်တယ်။

ဒီလိုသစ္စာဖောက်တွေကို ဒီလိုကြီးမြတ်တဲ့ပါတီ၊ ဂုဏ်ရောင်ပြောင်တဲ့တော်လှန်ရေး၊ ကြီးမြတ်တဲ့ပြည်သူများရဲ့တိုင်းပြည်မှာ မရှိသင့်တော့ဘူး။ ဒီကမ္ဘာမြေပြင်ပေါ်မှာလဲ မရှိသင့်တော့ဘူး။ သဘာပတိအဖွဲ့ဝင်ခေါင်းဆောင်များနဲ့၊ ရဲဘော်တို့။

ကျွန်တော် စိန်-ပိန်ဂိုဏ်းကိုစွဲချက်တင်ရင်း ဒီတော်လှန်တဲ့ လူထုတရားခွင်မှာ တောင်းဆိုလိုတာက ဒီသစ္စာဖောက် မကောင်းဆိုးဝါး နှစ်ကောင်ကို

ပထမအချက်	....	သေဒဏ်ပေးဖို့။
ဒုတိယအချက်	....	သေဒဏ်ပေးဖို့။
တတိယအချက်	....	သေဒဏ်ပေးဖို့။

အလေးအနက်တောင်းဆိုပါတယ်။

(စိန်၊ ပိန်ပြန်လည်ပြင်ဆင်ရေးဂိုဏ်း ဆန့်ကျင်ရေးတိုက်ပွဲတွင် ရဲဘော်မြမောင်၏ တင်ပြချက်မှ)

ဤသည်မှာ ရဲဘော်မြမောင် (ရဲဘော်တင်ထွန်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ၊ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး)၏ စွဲချက်နှင့် တောင်းဆိုချက်ဖြစ်သည်။ ရဲဘော်မြမောင်သည် အပြင်းအထန်ဒေါသထွက်နေသောအမူအရာဖြင့် အော်ဟစ်၍တောင်းဆိုသွားလေသည်။

ထို့နောက်တွင် ရဲဘော်ထွန်းကျော်(မောင်စိုးဝင်း၊ လူထုဦးလှ-ဒေါ်အမာ၏သား)ကလည်း ဤသို့တောင်းဆို၍သွားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ငစိန်-ငပိန်တို့ဟာ ကွန်မြူနစ်ပါတီအတွက်ရော၊ ကမ္ဘာနဲ့ ဗမာအတွက်ပါ အကြီးဆုံးရန်သူတွေဖြစ်တယ်။ အကြီးဆုံး သစ္စာဖောက်တွေဖြစ်တယ်။ ဒါတွေကြောင့် အမြန်ဆုံးသတ်ပစ်ဖို့ တောင်းဆိုပါတယ်။"

ဆက်လက်၍ ခင်လေးမြင့်ကလည်း ဤသို့ပင်စွဲချက်တင်၍ တောင်းဆိုသွားလေသည်။

"ငါတို့ ဟာ ဒီစခန်းကိုရောက်ပြီး ပါတီရဲ့ တစုံတရာပညာပေးမှုကြောင့် ၅၅-လမ်းစဉ်ရဲ့ ဆိုးကျိုးတွေ၊ ၅၅-လမ်းစဉ်အောက်မှာ ငါတို့ခံစားရချက် ဘဝအသိတွေကြောင့် ပြန်ပြင်ရေးတိုက်ပွဲမှာ ပြတ်ပြတ်သားသား ပါဝင်တိုက်ခိုက်ခဲ့တယ်။ ဒီအခါမှာ နင် တို့ က ဘာပြောခဲ့သလဲ၊ ငပိန်ပြန်စဉ်းစားစမ်း။

"ဒီကောင်မလေးတွေဟာ မနေ့ တနေ့ကမှ ရောက်လာတာ ဖြစ်တယ်။ ဘာမှသိလို့ မဟုတ်ဘူး။ လူပုဂ္ဂိုလ်တဦးတယောက်ကမြှောက်ပေးလို့ဖြစ်တယ်" လို့ ပြောခဲ့တယ် မဟုတ်လားဟင်-

ဒါဟာ မနေရှင်လူတန်းစားရဲ့ အတွေးအခေါ် ကြည့်မြင်နည်းမဟုတ်လို့ ဘာလဲ။ မနေရှင်လူတန်းစားဟာ ဒီလိုပဲမြှောက်ပင့်စည်းရုံးပြီး ကိုယ်လိုရာဆွဲခိုင်း အသုံးချတယ် မဟုတ်လား။ ဒီအချက်က နင်တို့ ဘာကောင်တွေလဲဆိုတာ ရှင်းနေတယ်။ နင်တို့ဟာ မနေရှင် လူတန်းစားကိုခွေးကတက်က အလုပ်အကျွေးပြုနေသူတွေဖြစ်တယ်။ ငါတို့အမျိုးသမီးသမဂ္ဂကို ဖျက်ဆီးခဲ့တာ နင်တို့ဖြစ်တယ်လို့ စွဲချက်တင်တယ်။ ဘယ်နှယ်လဲ ငြင်းချင်သေးသလား။ ပီစီဂျီ သူရဲကောင်းကြီးရဲ့၊ဒါဟာအမျိုးသမီးထုရဲ့ကိုယ်စား စွဲချက်တင်တာဖြစ်တယ်။

ငပိန်-ငစိန် နင်တို့ကို ချေးစာရင်း သွေးစာရင်း ရှင်းရမယ်။ ဒါကြောင့် ဒီနှစ်ကောင်ကိုမြန်မြန်သေဒဏ်ပေးပါလို့ တောင်းဆိုပါတယ်။

တော်လှန်တဲ့သဘာပတိအဖွဲ့ကို တောင်းဆိုချင်တာက ဒီနှစ်ကောင်ကို သတ်ရာမှာ ကျမတို့လဲ တကောင်ကိုသတ်ပါရစေလို့ တောင်းဆိုရင်း နိဂုံးချုပ်လိုက်ပါတယ်။"

ဟူ၍ စွဲချက်တင်လျက် အလေးအနက်ပင် တောင်းဆို၍သွားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခင်လေးမြင့်(ခ)မဝင်းမြင့်

ဗမာပြည် ကွန်မြူနစ်ပါတီဗဟိုစခန်းမှ ခင်လေးမြင့်(ခ)မဝင်းမြင့် ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် တဆင့်တက်၍ စွဲချက်တင်သူမှာ တော်လှန်သော တပ်နီ လူငယ် ရဲဘော် ဖိုးဌေး (မောင်လှဌေး) ဖြစ်သည်။ ရဲဘော်ဖိုးဌေးသည် ဗမာပြည် တော်လှန်သော တပ်နီလူငယ်တွေရဲကိုယ်စား အနိုင်နိုင်ငံကွန်မြူနစ် လူငယ်တွေရဲ ကိုယ်စား ကျဆုံးသွားတဲ့ ရဲဘော်ကြီးမှုကာဂျီရဲ ကိုယ်စားဟုဆိုကာ ဤသို့ပင် စွဲ ချက်တင်၍ တောင်းဆိုသွားလေသည်။

"ငစိန်ကို စွဲချက်တင်မယ်။

ငစိန်

မင်းတို့ဂိုဏ်းဟာ တရုပ်ပြည်မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန် ရေးကို ဆန့်ကျင်တယ်။ ဒါဟာ မော်စီတုန်း အတွေးအခေါ်ကို ဆန့် ကျင်တာဖြစ်တယ်။

ဥက္ကဋ္ဌကြီး သခင်သန်းထွန်း ခေါင်းဆောင်နေတဲ ဗမာပြည်ပစ္စည်းမဲ့ တော်လှန်ရေးကို ဆန့်ကျင်တာဖြစ်တယ်။

မင်းတို့ဟာ ပါတီဗဟိုရုံးကို မာ့က်စ်လီနင်ဝါဒရုံးအဖြစ် ကနေ ပြန် ပြင်ရေးရုံးဖြစ်အောင် လုပ်နေသူတွေဖြစ်တယ်။

ရုံးမှာရှိတဲ့ တော်လှန်တဲ့ ကေဒါတွေနဲ့ တော်လှန်တဲ့ လူငယ်မျိုးဆက် တွေကို မင်းတို့ရဲစကားတွေကို အသေနာခံခိုင်းကြတယ်။

ဘခက်ကရုံးအုပ်ဖြစ်ပေမဲ့ ဗဟိုရုံးကိုတကယ်ချုပ်ကိုင်တာ ငစိန်ဖြစ် တယ်။ ငစိန်ဟာရုံးကိုအတွေးအခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေး အရ မတည်ဆောက်ပေးရုံမကဘူး။ ပြန်ပြင်ရေးရုံးဖြစ်အောင်ကို တမင် လုပ်ခဲ့တယ်၊ ငစိန်ဟာ ရုံးကို ပြန်ပြင်ရေးခံကတုတ် ဖြစ်အောင်လုပ် တယ်။

ငစိန်

မင်းဟာ မင်းတို့ဂိုဏ်းရဲ့ ခြေလက်ဖြစ်တဲ့ ဘခက်ကို ရုံးအာဏာတွေ အကုန်ပေးထားတယ်မဟုတ်လား။

ဘခက်နဲ့ပတ်သက်ပြီး ပြောချင်သေးတယ်၊ ဘခက်ဟာ ဆိုရင် ပါတီရဲ့အသက်သွေးကြောဖြစ်တဲ့ အာဏာဆုံးဖြတ်ချက် ရှင်းတမ်းကို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စာကူးစက်နဲ့မလှိမ့်ပဲ၊ စတိုထဲမှာချောင်ထိုးထားတယ်။ ဒါတွေ မင်း လုပ်တာမဟုတ်ဘူးလား။ မင်းအကြံအစည် ပါတယ်မဟုတ်လား ငစိန်။

"မင်းတို့ တော်လှန်ရေး သမားကောင်း ဖြစ်ဖို့ဆိုရင် စာကြိုးစား ရမယ်။ အတတ်ပညာကြိုးစားရမယ်လို့ ဘခက်က တို့ကိုပြောတယ်။ အတွေးအခေါ်ရပ်တည်မှု ကောင်းအောင် တခါမှမပြောဘူး၊ တို့ကို ကွန်မြူနစ်ကောင်း ဖြစ်ရေးမဟုတ်ပဲ၊ အတတ်ပညာသမားတွေ ဖြစ် အောင်လုပ်တယ်။

ဧပြီလ ၂၇-ရက်နေ့ ဆုံးဖြတ်ချက်မကျခင်မှာ ဘခက်က တို့ကို "တော်လှန်ရေး သမားတွေ ဖြစ်ဖို့ဆိုရင် ဟိုစပ်စပ်၊ ဒီစပ်စပ်မလုပ် ရဘူး" ဆိုပြီးပြောတယ်။ ဒါဟာ ပါတီသစ္စာဖောက်တွေကို ဖော်ထုတ် တဲ့လှုပ်ရှားမှုပဲ၊ တို့မပါနဲ့လို့ ပြောတာပဲဖြစ်တယ်၊ ဒါတွေဟာ မင်း တို့လက်ချက်တွေပဲ ငစိန်ရ။

ငပိန်

"ကောင်လေးတွေရှေ့မှာ စကားသိပ်မပြောနဲ့၊ ကောင်ကလေးတွေ က တွေ့ကရာတွေရှောက်ပြောနေတယ်၊ ဒါကို ကော်မတီနဲ့ ဟိုလူတွေ က အတည်ယူနေတယ်"လို့ မင်း ဦးပိုင်ကိုပြောခဲ့တယ်။

ငပိန်ဟာ ကျုပ်ကို သူ့ဂိုဏ်းသားဖြစ်အောင် မြှောက်ထိုးပင့်ကော် လုပ်တာရှိသေးတယ်။

မင်းမှတ်မိသေးသလား ငပိန်၊ မင်းက ငါ့အမေကို တွေ့ချင်တယ်။ တွေ့တဲ့အခါ ဘယ်လောက်တော်တယ် ဆိုတာ ပြောပြမယ်လို့ မြှောက် ပင့်ပြီး မင်းစည်းရုံးတာလေ။

ဒါတင်မကသေးဘူး၊ "မင်း တော်အောင်ကြိုးစား၊ တော်ရင် ငါ့ သမီးနဲ့ပေးစားမယ်"ဆိုပြီး ငါ့ကိုပြောတယ်၊ဒီလောက်အထိသိမ်ဖျင်းတဲ့ နည်းတွေသုံးပြီး လူငယ်တွေကိုစည်းရုံးတယ်။

သဘာပတိအဖွဲ့ခင်ဗျား။

ဒါတွေကိုချုပ်ရင် ငစိန်၊ ငပိန်တို့ဂိုဏ်းဟာ အကြီးဆုံးပါတီ ဖျက် ဆီးရေးသမားတွေ၊တော်လှန်ရေး ဖျက်ဆီးရေးသမားတွေ၊ ဂိုဏ်းခွဲရေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သမားတွေ ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် သူတို့ကိုသေဒဏ်ပေးဖို့ တောင်းဆိုပါတယ်။ ဒီလိုသေဒဏ်ပေးတဲ့အခါ ကျနော်တို့လိုလူငယ်တွေက တာဝန်ယူပါရစေဆိုတာ တင်ပြလိုပါတယ်။

စိန်၊ ပေါ်

မင်းတို့ဂိုဏ်းတခုလုံးကို ငါတို့အနေနဲ့မြေကြီးထဲပို့မှာဖြစ်တယ်။ မင်းတို့ကို မြေကြီးထဲမပို့ခင် တို့မှာချင်တာက မင်းတို့ဂိုဏ်း တခုလုံးကို သာမြေကြီးထဲ ပို့မှာမဟုတ်ဘူး။ ရှေ့မှာလဲ မင်းတို့လို ကောင်မျိုးတွေပေါ်လာရင် အချိန်မရွေးမင်းတို့သွားမဲ့လမ်းကိုပို့မယ်။ ဒါတင်မကသေးဘူး။ မင်းတို့အချစ်ဆုံးဖြစ်တဲ့ မင်းတို့အဖေ နေဝင်းနဲ့တကွ နေဝင်း စနစ်တခုလုံးကိုလဲ မင်းတို့သွားတဲ့လမ်းကို တို့ပါတီကပို့မယ်။

ဒါကြောင့် မင်းတို့နေဝင်းကို ဆီးကြိုနှုတ်ဆက် ဂုဏ်ပြုချီးကျူးပွဲလုပ်ဖို့၊ မင်းတို့နှစ်ယောက်က မြေကြီးထဲကနေ အရင်ပြင်ဆင် ထားလိုက်ပေတော့လို့ လူငယ်များကိုယ်စား မှာကြားလိုက်တယ်။”

ဤသို့ ရဲဘော်ဖိုးဌေးသည် တော်လှန်သော တပ်နီလူငယ်များ ကိုယ်စား၊ ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့အား စွဲချက်တင်၍ တောင်းဆို သွားလေသည်။

ထို့ပြင် ဗဟိုကော်မတီအဖွဲ့ဝင် ဗိုလ်ရန်အောင်ကလည်း ဤသို့ပင် စွဲချက်တင်၍ တောင်းဆိုသွားလေသည်။

“စိန်၊ ပိန်တို့က နေဝင်းကိုမိတ်ဆွေလို့ ပြောတယ်။ တိုင်း (၃) မှခရိုင် ကော်မတီ ၂၀ - ကျော်၊ ရဲဘော် ၃၀၀ - ကျော် ခေါင်းဖြတ်ခံခဲ့ရတယ်။ တပ်အင်အား (၁၀၀၀) နီးပါး ပြုတ်ခဲ့ရတယ်။ ရွာတွေဟာဆိုလဲ ရွာလုံးကျွတ် အကြိမ်ကြိမ်ပဲ၊ မီးရှို့သတ်ဖြတ် မုဒိမ်းကျင့် ခံခဲ့ရတယ်။ ဒီရာဇဝင်ကြွေးကို ဆပ်ရမယ်။ ဒါအတွက် စိန်၊ ပိန်ဟာ သွေးစာရင်း ရှင်းရမယ်။

စိန်၊ ပိန်ခင်ဗျားတို့ ဘယ်လမ်းလိုက်မလဲ။

ကျနော့်အနေနဲ့ ပြန်လည်ပြင်ဆင်ရေး တိုက်ပွဲဦးစီး ကော်မတီရဲ့ တောင်းဆိုချက်ကို လုံးဝသဘောတူတယ်။ ကမ္ဘာကြီးဟာ လည်နေတယ်၊ ပြောင်းလဲနေတယ်၊ ပြန်လည်ပြင်ဆင်ရေး သမားတွေကတော့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဖိုးငွေး (ခ) လှငွေး

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်းမှ တပ်နီလူငယ်ဖြစ်သော ဖိုးငွေး (ခ) လှငွေး ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မပြောင်းလဲဘူး၊ ရပ်နေတယ်၊ ရာဇဝင်ဘီးကြီးကိုတားဆီးနေကြတယ်။ အနုပဋိလောမ တရားက (ပြောင်းလဲနေတဲ့ရုပ်နဲ့အညီ) အမှီ မလိုက်နိုင်သူတွေဟာ ပျက်စီးကျဆုံးရမယ်လို့ သင်ကြားထားပါတယ်။ ဒီက နေ့ နိုင်ငံတကာနဲ့ ပြည်တွင်းလူတန်းစားတိုက်ပွဲ ပြင်းထန်လာလို့ နေရာ ပြင်ယူလာနေကြတယ်။

ဒါကြောင့် ဒီပြန်လည်ပြင်ဆင်ရေးသမားနှစ်ကောင်ဟာ နိုင်ငံရေး အရ ပြန်လည်သတိရလိမ့်မယ်။ ပြန်ပြင်လာလိမ့်မယ်။ လက်နက်မချဘူး လို့ မှိုင်းမမိသင့် ဘယ်လမ်းလဲဆိုတာကတော့ မြေကြီးထဲ ပို့လိုက်ဖို့ လမ်းပါပဲ။"

ထို့သို့ပင် ဗိုလ်ရန်အောင်သည် လက်သီးလက်မောင်းတန်းလျက် စွဲချက် တင်၍တောင်းဆိုသွားလေသည်။

ထို့နောက်တွင် ရဲဘော်ထွန်းမြင့် (ရဲဘော်ခင်ရွှေ) ကလည်း ဤသို့ပင်စွဲ ချက်တင်၍သွားလေသည်။

" ဦးစိန်နဲ့ပတ်သက်တဲ့စွဲချက်

၆၃ - ဆွေးနွေးပွဲ ကာလမှာ ဦးစိန်ဟာ ပါတီပဏာမ ကိုယ်စား လှယ်အဖွဲ့ရဲ့ခေါင်းဆောင်အဖြစ် ရန်ကုန်ကိုရောက်လာခဲ့တယ်။ ဒါဟာ ပါတီရဲ့တာဝန်ပေးချက်အရဖြစ်ပေမဲ့ အဲဒီကာလတုံးက ဦးစိန်ရဲ့လှုပ် ရှားမှုများဟာ အခုအခါမှာ ဟင်းလင်းပေါ်နေပြီးဖြစ်တဲ့ ပြန်ပြင် ရေးခေါင်းမာဂိုဏ်းရဲ့အနှစ်သာရနှင့် လုံးဝဆက်စပ်နေတာကိုတွေ့မြင်ရ ပါတယ်။

ဘခက်ကိုလဲ လက်နက်ချ သစ္စာဖောက်ပြန်ပြင်ရေးသမား အရင်း ရှင်လူတန်းစားရဲ့ကိုယ်စားလှယ် နေဝင်းရဲ့နောက်လိုက်ခွေးလို့သတ်မှတ် ကြတယ်။

ဆွေးနွေးပွဲကာလတုံးက ခင်ဗျားနဲ့တပည့်ကျော် ခုသစ္စာဖောက် ဘခက်လုပ်ပုံတွေလဲရှိပါသေးတယ်။ ပဏာမကိုယ်စားလှယ်အဖွဲ့နဲ့ မြေ အောက်ပါတီဆက်သွယ်ရေးလုပ်ငန်းကိစ္စလေ၊ ခင်ဗျားပြန်ပြီးမှတ်မိနိုင် ပါတယ်။ ခင်ဗျားတို့ဂိုဏ်းဟာ နေဝင်းတို့အပေါ် အရင်းရှင်လူတန်း စားအပေါ် ဘယ်လောက်အထင်ကြီးနေသလဲ၊ ပူးပေါင်းဖို့အတွက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

''ငစိန်၊ ငပိန်၊ ဘခက်တို့ကို အမြန်ဆုံးသတ်ပါ''

ဗိုလ်ရန်အောင်(ယာဘက် အစွန်ထောင့်)သည် ရဲဘော်ငွေး ရဲဘော်ဘတင်၊ ရဲဘော်ဘခက် တို့အား အမြန်ဆုံးသေဒဏ်ပေးရန်အတွက် တပ်နီလူငယ်လေးများနှင့်အတူ ကြွေးကြော်တောင်းဆိုနေခြင်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဘယ်လောက်မျှော်ခေါ်နေသလဲ။ ငြိမ်းချမ်းရေး စိတ်ကူးယဉ်မှုကြီးနေကြသလဲလို့။

ဘခက်ဆက်သွယ်ရေးလုပ်နေတဲ့နေရာဟာ ရန်သူရဲ့စုံထောက်တွေသိနေလို့ အဲဒီနေရာကိုမသုံးသင့်တဲ့အကြောင်း ကျုပ်တို့မြေအောက်ရဲဘော်တွေအတွက်အန္တရာယ်ကြီးကြောင်း ငြိမ်းချမ်းရေးအတွက် စေ့စပ်ဆွေးနွေးပွဲဟာ အာမခံချက်မရှိတဲ့အတွက် လျှို့ဝှက်မှုကိုအလေးထားဖို့ ကျုပ်တို့အကြိမ်ကြိမ်ပဲ သတိပေးခဲ့တယ်။ ဒါကိုဘခက်ကမလိုက်နာခဲ့ဘူး။

၆၄ - မှာဗဟိုရောက်လာတော့ ဘခက်က ကျုပ်တို့ကိုကြိမ်းမောင်းသေးတယ်။

ဒါရဲ့ဖော်ပြချက်ကဘာလဲ၊ ခင်ဗျားတို့ဟာ ရန်သူကိုမိတ်ဆွေထင်နေတာမဟုတ်လား၊ ငြိမ်းချမ်းရေးကြိမ်းသေရမယ်။ နေဝင်းနဲ့ပေါင်းရမယ်လို့ခင်ဗျားတို့ယူဆပြီး၊ ပါတီရဲ့မြေအောက်စည်းကမ်းတွေကိုဖောက်ဖျက်ခဲ့တာမဟုတ်လား။ ခင်ဗျားတို့ဒီလိုလုပ်တဲ့အတွက် ဆွေးနွေးပွဲပျက်တဲ့အခါမှာ ကျုပ်တို့မြေအောက်ရဲဘော်တွေဟာ ရန်သူအဖမ်းခံရတာပဲမဟုတ်လား။

နောက်အချက်ကတော့ ဦးပိန်ဟာ အခုထက်ထိခေါင်းမာနေသေးတာကို ပုံပေါ်စေတဲ့အချက်ပဲ၊ သူတို့ကိုဗဟိုကော်မတီက ဖြုတ်ချထားပြီး မေလအတွင်းတနေ့မှာ သူနဲ့ကျနော်စကားပြောမိသေးတယ်။ မြို့ပေါ်က လူထုတွေဆန္ဒကို့ဆိုတာဘူးပဲရတော့ကြောင်း၊ လူတွေထမင်းတော်၍ သေကုန်တဲ့အကြောင်း၊ ကျနော်ပြောပြတော့ သူကကျနော်ပြောတာကိုမယုံဘူး။ဗမာပြည်မှာထမင်းတော်တာကို သူလက်မခံဘူး ။နေဝင်းအစိုးရဟာ လူထုကိုဒီလိုလုပ်မယ်လို့သူမယူဆဘူး။

ဒါကဘာလဲ နေဝင်းရဲ့ လုပ်ရပ်တွေဟာ ပြည်သူတွေအတွက် ဆိုးကျိုးကိုသာဖြစ်စေတာကို ဦးပိန်မယုံတာပဲ၊ လူထုတွေရဲ့ တကဲ့ရုပ်ဘဝကို အကောင်အထည်ရှိရှိ တွေ့နေပါလျက်နဲ့ ပြန်ပြင်ရေးသမားတွေက အရင်းရှင်တွေဖက်က ကာကွယ်တာပဲ၊ ဗဟိုကော်မတီက ချထားတဲ့အထိ ခေါင်းမာနေသေးတာပဲ၊ ထမင်းတော် အောင်လုပ်တဲ့ နေဝင်းအစိုးရကို လူတွေကရန်သူအဖြစ် ပြတ်ပြတ်သားသား ထင်မြင်ကြပေမဲ့၊ ပြန်ပြင်ရေး ထိပ်သီးတွေက ခေါင်းမာနေတုန်းပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဦးပိန်တို့လိုခေါင်းမာပြန်ပြင်ရေးသမားတွေကို နေဝင်းယိုပဲတန်းတူထားပြီး၊ ချေမှုန်းပစ်ရုံမှတပါး၊ တခြားလမ်းမရှိပါဘူး။

ဘခက်အကြောင်း လယ်သမားတွေကမေးကြတယ်။ ဘခက်ဆိုတာဘယ်လိုကောင်ဖြစ်တယ်ဆိုတာ၊ ကျုပ်တို့က ရှင်းပြတော့ ဆင်းရဲသားလယ်သမားတွေကဒီကောင်မျိုး ဘာကြောင့်စောစောကမသတ်သလဲလို့ပြောတယ်။ ခင်ဗျားတို့နှစ်ယောက်က ဘခက်ရဲ့ဆရာပဲ။ ခင်ဗျားတို့အကြောင်း လယ်သမားတွေသာသိရင် သူတို့ကိုယ်တိုင် သတ်ချင်လာလိမ့်မယ်။ တောင်ပေါ်သားလူမျိုးစုတွေက ဘခက်လိုကောင်မျိုး ပါတီထဲမှာရှိသေးရင် မြန်မြန်သတ်ပစ်ပါလို့ လာပြောနေကြပြီ။ မြို့ပေါ်ကကျောင်းသားအမှုထမ်းတွေကလဲ စိန်-ပိန်တို့ကို အမြန်သတ်ပစ်ဖို့တောင်းဆိုနေတယ်။ ဒါကြောင့် ခင်ဗျားတို့နှစ်ယောက်ကို ကျုပ်စွဲချက်တင်တာဟာ ကျုပ်တယောက်ထဲရဲ့ဆန္ဒမဟုတ်ဘူး ပြည်သူ့ဆန္ဒပဲ။

ရဲဘော်သဘာပတိအဖွဲ့ဝင်များခင်ဗျား။ ကျနော်တို့ပါတီနဲ့ တော်လှန်ရေးအကျိုးကိုထောက်ထားပြီး ခု ကျနော်တို့ရှေ့မှာရှိနေတဲ့ ပြန်ပြင်ရေးထိပ်သီးနှစ်ယောက်ကိုရော၊ ဘခက်နဲ့ သာလှတို့လို ဂိုဏ်းဝင်တွေကိုပါ သေဒဏ်ပေးဖို့တောင်းဆိုပါတယ်။

ကျနော့်တောင်းဆိုချက် အောင်မြင်မယ်လို့လဲ ယုံကြည်ပါတယ်။

(စိန်၊ ပိန်ပြန် လည်ပြင်ဆင်ရေးဂိုဏ်း ဆန့်ကျင်ရေးတိုက်ပွဲမှ ရဲဘော်ထွန်းမြင့်၏စွဲချက်မှ)

ဆက်လက်၍ ပဲခူးရိုးမဘိုင်း၊ စစ်ရေးတာဝန်ခံဖြစ်သော ဗိုလ်ဘုန်းကျော်ကလည်း ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့ကို သတ်ပစ်ရန်အတွက် ဤသို့ပင်တောင်းဆိုထားလေသည်။

စိန်- ပိန်- ဘခက်တို့ဟာ ဂိုဏ်းဖြစ်တယ်

သူတို့ဟာ တရားဝင်ဖွဲ့စရာမလိုဘူး။

သူတို့ရဲ့ အခြေခံအယူအဆတွေတူတယ်။ သူတို့ တရားဝင်ရထားတဲ့အနေအထားဟာ အထူးဂိုဏ်းဖွဲ့စရာမလိုဘူး။ တယောက်က အတွင်းရေးမှူး၊ တယောက်က အရေးပါတဲ့ ပီဘီ(ပေါလစ်ဗျူရိုအဖွဲ့ဝင်)လူကြီး၊ တယောက်က နယ်ကိုညွှန်ကြားချက်ထုတ်ခွင့်ရတဲ့ ရုံးအုပ်ကြီး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သူတို့ရဲ့ ကောက်ကျစ်တဲ့ဆက်သွယ်မှုကြောင့် ဆက်သွယ်မှုတွေဟာ ရဲဘော်တွေစွပ်စွဲတဲ့အတိုင်း မှုချတည်ရှိတယ်လို့ ကျနော်ယုံကြည်တယ်။

သူတို့ဟာ ၆၄-လမ်းစဉ်ကိုရုပ်သိမ်းပြီး၊ ၅၅-သစ္စာဖောက်လမ်းစဉ် ပြန်ရောက်ဖို့အစီအစဉ်နဲ့ နေ့မနား၊ ညမနား ကြိုးပမ်းရာမှာ စုစုဝေးဝေးကြိုးပမ်းကြတယ်။တဆက်ထဲ မာ့က်စ် လီနင် မော်ဂိုဏ်းသားတွေရဲ့ ခေါင်းဆောင်ဥက္ကဋ္ဌကို လုပ်ကြံဖယ်ရှားဖို့ အစဉ်တစိုက် လုံးပန်းခဲ့၊ လုံးပန်းဆဲဖြစ်၊ ပါတီနဲ့ တော်လှန်ရေးကို ဖျက်ဆီးကြတယ်။

နောက်ဆုံးအထိလဲ သူတို့ရဲ့ရန်သူ သူလျှိုဒလံ အတွေးအခေါ်နဲ့ လုပ်ငန်းကို မစွန့်ရှိမက သူတို့က စတင်စစ်ကျေညာသူဖြစ်တယ်။

သူ တို့ ကို အ ရေး ယူ ပြီး အာဏာသိမ်းလိုက်တာ လုံးဝသဘာဝကျတယ်။ ဒါဟာ ပါတီတွင်းတော်လှန်ရေးတရပ်ကို စတင်တာဖြစ်တယ်။ အလေးအနက်ကြီးဆိုတယ်။

မျက်မှောက်ကမ္ဘာ့အခြေအနေဟာ လူတန်းစားတိုက်ပွဲတွေ၊ နယ်ချဲ့ဂိုဏ်းသားနဲ့ အဖိနှိပ်ခံပြည်သူတို့ရဲ့တိုက်ပွဲတွေ ပြင်းထန်သလို၊ ပြန်ပြင်ရေးနဲ့ မာ့က်စ် လီနင် မော်အတွေးအခေါ်တိုက်ပွဲဟာ အထွဋ်အထိပ်ရောက်နေတယ်။ ပြည်တွင်းမှာ လူတန်းစားတိုက်ပွဲ အပြင်းထန်ဆုံးအချိန် နေဝင်းနဲ့ တော်လှန်ရေးတိုက်ပွဲ သူသေကိုယ်သေအဆင့် ဝင်လာတဲ့အချိန်မှာ ပါတီတွင်း ပြန်ပြင်ရေးသမားတွေဟာ နေဝင်းဖက်ရပ်ပြီး ၆၄-လမ်းစဉ်အား ကိုယ်စားပြုသူဥက္ကဋ္ဌကြီးကို ပြောင်တိုက်လာချိန်ဖြစ်တယ်။

ဒီအခြေအနေမှာ ပါတီဟာရဲရင့်ရမယ်၊ ပြန်ပြင်ရေးအပေါ် မျဉ်းပြတ်ရမယ်။

ဘခက်ဟာ ထိန်းထားရာက လွတ်သွားတယ်။ သူဟာဖခင် နေဝင်းထံသွားပြီး အလုပ်အကျွေးပြုတယ်။ စိန်-ပိန်တို့လွတ်ဖို့ ကြိုးပမ်းခဲ့တယ်။

ဒါဟာ စိန်-ပိန်ဂိုဏ်းက တဆင့်တိုးလိုက်တဲ့ခြေလှမ်းဖြစ်တယ်။

စိန်-ပိန်တို့ဟာ ရန်သူတွေဘဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီထဲလုံးဝမထားရဘူး။
ပြည်သူတွင်းလုံးဝမထားရဘူး။
ရန်သူ့ထံလုံးဝအရောက်မခံရဘူး။

ဒါကြောင့် သူတို့ကို သတ်ပစ်ဖို့တောင်းဆိုတယ်။

စိန်-ပိန်ဂိုဏ်းအရေးတော်ပုံမှာ အတက်ကြွဆုံး ပါဝင်ကြတဲ့စခန်းရှိ တော်လှန်သော လူငယ်အမျိုးသမီး ရုံးသားနဲ့တကွ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့တို့ရဲ့ လုပ်ဆောင်မှုအားလုံး ဆုံးဖြတ်ချက်အားလုံး လုံးဝထောက်ခံပါတယ်။ တော်လှန်သောရဲဘော်များနဲ့အတူ ရပ်သွားမယ်လို့ ကျွန်တော်ပိုင်းဖြတ်ပြီးဖြစ်တယ်။

(စိန်-ပိန်ခေါင်းမာဂိုဏ်းအား အဆုံးတိုင်အရေးယူရန်
ရဲဘော်ဘုန်းကျော်၏ တင်ပြချက်လက်ရေးမူမှ)

ထို့နောက်တွင် စွဲချက်တင် တိုက်ပွဲအစီအစဉ်၌ စွဲချက်တင်ရမည့်သူမှာ ရဲဘော်ဌေး၏ သားငယ်ဖြစ်သော ဖိုးတူးပင်ဖြစ်လေသည်။

ဖိုးတူးသည် ဖခင်ဖြစ်သော ရဲဘော်ဌေးအား ကိုယ်တိုင်စွဲချက်တင်ရမည်ဖြစ်၍ အလွန်ပင်ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။ ဂုဏ်ယူ၍နေ၏။ တက်ကြွသော အမူအရာဖြင့် စွဲချက်တင်ရမည့်နေရာသို့ သွက်လက်သော ခြေလှမ်းများဖြင့် လှမ်း၍ထွက်လာလေသည်။

ရဲဘော်ဌေးသည် ရီဝေသောမျက်လုံးအစုံဖြင့် အလွန်ချစ်မြတ်နိုးလှသော သားငယ်အား မျက်တောင်မခတ်ကြည့်၍ နေလေသည်။

ဖိုးတူးသည် ရဲဘော်ဌေးနှင့် ဒေါ်ရင်ရင်တို့၏ ဒုတိယမြောက်သားဖြစ်၏။ ၁၉၅၀-ခုနှစ်တွင် အထက်ဗမာပြည် "မသုံးလုံးဒေသ"၌ မွေးဖွားခဲ့၏။ ဖိုးတူးသည် ဖခင်ဖြစ်သော ရဲဘော်ဌေးအား အလွန်ပင်ချစ်ခင်လေသည်။

၁၉၅၆ - ခုနှစ်နောက်ပိုင်းတွင် တောတွင်း ဗမာကွန်မြူနစ်ပါတီ၌ အကြပ်အတည်းများမှာ အလွန်ကြီးမားလာ၍ ဖိုးတူးအား ပခုက္ကူခရိုင်ရေစကြိုမြို့တွင် နေထိုင်သော ဒေါ်ရင်ရင်၏ဖခင်ထံသို့ ပို့လိုက်၏။ ရေစကြိုမြို့ အစိုးရအထက်တန်းကျောင်းတွင်ပင် ကျောင်းတက်၍နေခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ဘုန်းကျော်၏လက်ရေးမူ



ပဲခူးရှိုးမတိုင်းစစ်ရေးတာဝန်ခံ ဗိုလ်ဘုန်းကျော်၏"ဝိန် ဝိန်ခက်" တို့အား သေဒဏ်ပေးရန် တောင်းဆိုချက်မူရင်း လက်ရေးမူဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၅-ခုနှစ် ဧပြီလ ဒုတိယပတ်တွင်ဖြစ်၏။ ရဲဘော်ဌေးသည် ဇနီးဒေါ်ရင်ရင်နှင့်သားကြီးဖိုးပြူး၊ သားငယ်ဖိုးတူးတို့အား ဗမာပြည်ကွန်မြူနစ်ပါတီ အတွင်းတွင် လေ့ကျင့်မွေးမြူရန်အတွက် အထူးအစီအစဉ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်၏။ တနည်းအားဖြင့် "ကွန်မြူနစ်မိသားစု" ကို တည်ဆောက်ရန် ဖြစ်လေသည်။

အထူးသဖြင့် ရဲဘော်ဌေးသည် သားကြီးဖိုးပြူးနှင့် သားငယ်ဖိုးတူးတို့ကို **"ကွန်မြူနစ်မျိုးဆက်"** လူငယ်များအဖြစ် မွေးမြူရန်ပင်ဖြစ်လေသည်။

ထို့ကြောင့်ပင် ရဲဘော်ဌေးသည် သားကြီးဖိုးပြူးနှင့် သားငယ်ဖိုးတူးတို့အား အစစအရာရာတွင် လေ့ကျင့်မွေးမြူပညာပေးရန်အတွက် ရဲဘော်အောင်ကြီး၊ ရဲဘော်ထွန်းရှိန်နှင့် ဗိုလ်ထွန်းငြိမ်းတို့အား လုံးဝပင်အပ်နှံ၍ ထားခဲ့လေသည်။

ဤသို့ဖြင့် ဖိုးတူးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ မျိုးဆက်လူငယ်တဦးဖြစ်လာလေတော့သည်။

"အခုနေဝင်းရဲ့ သူလျှိုဂိုဏ်းကို စွဲချက်တင်မယ်။ ဂိုဏ်းချုပ်ဖြစ်တဲ့ ဦးစိန်ကို စွဲချက်တင်ရင်း ဂိုဏ်းတခုလုံးကို ပုံဖော်နိုင်တယ်လို့ ယုံကြည်တယ်။

ဦးစိန်ဟာ အကောက်ကျစ်ဆုံးဂိုဏ်းခွဲရေးသမားဖြစ်တယ်။

ဦးစိန်။

ခင်ဗျားကို သားအဖအဖြစ်နဲ့စကားမပြောဘူး။ ခင်ဗျားဟာ ပါတီကိုဖျက်ဆီးတဲ့ နေဝင်းကိုယ်စားလှယ်ဖြစ်တယ်။ ကျုပ်ကတော်လှန်ရေးသမားဖြစ်တယ်။ အခု ခင်ဗျားကို စွဲချက်တင်မှာဟာ သေဒဏ်ပေးဖို့ စွဲချက်တင်မှာဖြစ်တယ်။ ခင်ဗျားတို့ဟာ ပါတီကိုသေကြောင်းကြံတဲ့ နေဝင်းရဲ့ ပဉ္စမံဂိုဏ်းသားတွေဖြစ်လို့ သေဒဏ်ပေးဖို့စွဲချက်တင်မှာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

“ငွေးကိုသတ်ပစ်၊ သတ်ပစ်”

ဖိုးတူးသည် မိမိ၏ဖခင်ဖြစ်သော ရဲဘော်ငွေး အား အမြန်ဆုံးသေဒဏ် ပေးရန်အတွက် ကြွေးကြော် တောင်းဆိုနေခြင်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီထဲမှာ ဦးစိန်ဟာ ပါတီကိုအတွင်းကဖျက်ဆီးဖို့ တော်လှန်ရေးကို အတွင်းကဖျက်ဆီးဖို့ ဂိုဏ်းစုပြီး လုပ်ဆောင်နေသူ ဖြစ်တယ်။ ဒီဂိုဏ်းကို ထက်ထက်မြက်မြက် ကျွမ်းကျွမ်းကျင်ကျင် ခေါင်းဆောင်စီမံသူဟာ ဦးစိန်ဖြစ်တယ်။

ဒါတွေလုပ်နိုင်ဖို့ အနေအထားသူ့မှာရှိတယ်။ ပါတီရဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ပါတီဗဟိုကော်မတီ အတွင်းရေးမှူးဆိုတဲ့ အခွင့်အာဏာကို ကျင်ကျင်လည်လည်အသုံးချပြီး ကောက်ကျစ်စွာနဲ့ ရဲဘော်တွေကိုမှိုင်းသွင်းထားတယ်။ ဒီလိုနဲ့ကျွမ်းကျွမ်းကျင်ကျင်နဲ့ ပိပိရိရိ ဂိုဏ်းခွဲနေတယ်။ ဦးပိန်ကတော့ အတုံးလိုက်အတစ်လိုက်လုပ်လို့ သူလုပ်သမျှဟာ ဗူးပေါ်သလိုပေါ်နေတယ်။

အစတုန်းကတော့ ဦးစိန်ဟာ ဘာကောင်လဲဆိုတာကို ကျနော်မသိခဲ့ဘူး။ မာက်စ်လီနင်ဝါဒအရေကိုခြုံ၊ ၆၄-အရေကို ခြုံထားတော့ပသိရဘူး။

အခုပြန်လည်ပြင်ဆင်ရေးသမား ဖြစ်တယ်ဆိုတာကို သိလာတော့ကျနော်ပြန်စဉ်းစားကြည့်တယ်။

ခင်ဗျားတို့(၁၆) နှစ် လုပ်ခဲ့တာကို မပြောဘူး။ ကျနော်မြင်လာတဲ့အချိန်ကစပြောမယ်။

ခင်ဗျားဟာ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ဗဟိုကော်မတီအတွင်းရေးမှူးဆိုတဲ့ အခွင့်အာဏာကိုသုံးပြီး ဘခက်ရဲ့ရုံးအုပ် အခွင့်အာဏာကိုသုံးပြီး မာက်စ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို ဆန့်ကျင်ဖို့ ခင်ဗျားတို့လိုချင်တဲ့ ရုပ်ဝတ္ထု အချက်အလက်တွေ စုဆောင်းတယ်။ ဒီနည်းတွေသုံးပြီး ခင်ဗျားတို့ ပြန်လည်ပြင်ဆင်ရေးသမားတွေ အချင်းချင်းကောက်ကျစ်တဲ့ ကြံရွယ်ချက်တွေနဲ့ လှေလာမှုတွေ လုပ်ကြတယ်။

စိန်-ပိန်ဂိုဏ်း လူပေါ်လူဇော်လုပ်နည်းနဲ့ ခင်ဗျားလူစုတယ်။

နိုင်ငံရေးအရ ပါတီနည်းအရ ဆက်ဆံမှုဖြစ်အောင် ပါတီကကျုပ်ကိုလေ့ကျင့်ပေးတယ်။ ခင်ဗျားက သားအဖဆက်ဆံရေးနဲ့ အစားထိုးခဲ့တယ်။ မနရှင်မိသားစုဆက်ဆံရေးမျိုးဖြစ်အောင် ခင်ဗျားလုပ်ခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါဟာကျုပ်ကို ဘခက်လို ပါတီဆန့်ကျင်ရေး သမားတယောက် ဖြစ်အောင် ရည်ရွယ်လုပ်ဆောင်တာပဲဖြစ်တယ်။ ခင်ဗျားကျုပ်ကို ဖျက်ဆီးတာဖြစ်တယ်။

ရဲဘော်တင်ဟန်ကိုလဲ မနေ့ရှင်စည်းရုံးရေး လုပ်ဟန်တွေနဲ့ ခင်ဗျား စည်းရုံးတယ်။ ရဲဘော်ကျော်ထွန်း၊ ရဲဘော်ချစ်ညို၊ ရဲဘော်မင်းနွယ်တို့ကိုလဲ ဒီနည်းတွေသုံးပြီး စိန်၊ ပိုန်ဂိုဏ်း ကြီးထွားရေးအတွက် စည်းရုံးခဲ့တယ်။

(မှတ်ချက်။ ။ရဲဘော်တင်ဟန်မှာ အောင်သိန်းနိုင်ဖြစ်သည်။ ရဲဘော် ကျော်ထွန်းမှာ မောင်စိုးဝင်းဖြစ်သည်။ ရဲဘော်ချစ်ညိုမှာ ရဲဘော်အောင်သူ (မန္တလေး တက္ကသိုလ် မြင်းခြံဇာတိ) ဖြစ်သည်။ ရဲဘော်မင်းနွယ်မှာ မောင်သက် (ဗ-က-သ များအဖွဲ့ချုပ်ဥက္ကဋ္ဌ)ဖြစ်ပါသည်၊ မောင်သက်မှာ ၁၉၆၆-ခုနှစ်၊ ဇူလိုင်လ ၁၄-ရက်နေ့တွင် အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားပါသည်။ စာရေးသူ)

"ခင်ဗျားရဲ့ လှုပ်ရှားမှုပုံမပေါ်အောင် တော်လှန်တဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တွေနဲ့ ခင်ဗျားသဏ္ဍာန်အရ ဆက်ဆံရေး ကောင်းမွန်အောင်လုပ်ခဲ့တယ် မဟုတ်လား။

"ခင်ဗျားဟာ ပါတီဖျက်သိမ်းရေးသမား၊ တော်လှန်ရေးဖျက်ဆီးရေးသမားဖြစ်တယ်ဆိုတာကို လဲပင်စခန်းမှာ ထင်ထင်ရှားရှားမြင်လာရတယ်။ အဲဒီမှာတော့ ခင်ဗျားဇာတိကို ဖုံးကွယ်လို့ မရတော့ဘူး။ ဂိုဏ်းဂဏလုပ်ဟန်တွေကို ခင်ဗျား ပိုပြောင်ပြောင် မြောက်မြောက်လုပ်လာတယ်။

ခင်ဗျားဟာ မာ့က်စ် လီနင်ဝါဒ ခေါင်းဆောင်တွေကို ရန်သူလို သဘောထားလာတယ်၊ ကျောခိုင်းလာတယ်။

ခင်ဗျား အဓိကဆက်ဆံသူတွေဟာ ခေါင်းမာပြန်လည်ပြင်ဆင်ရေး သမားတွေဖြစ်လာတယ်။ အဲဒီမှာ ဦးပိန်နဲ့ခင်ဗျား ဆက်ဆံရေးဟာ အထူးခြားဆုံးဖြစ်တယ်။

၅၅-ဆုံးဖြတ်ချက်တိုက်ပွဲ ပြင်းထန်လာတဲ့အခါ ခင်ဗျားဟာ ဦးပိန်နဲ့ပိုပြီး ပလူးပလဲဆက်ဆံလာတယ်။ အရင်က ဦးပိန်ခါးနာလို့ ခင်ဗျား ဘယ်နှစ်ခါသွားမေးဘူးသလဲ၊ တိုက်ပွဲပြင်းထန်လာမှ ဦးပိန်ခါးနာတာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကိုအကြောင်းပြုပြီး ခင်ဗျား ခဏခဏသွားတယ်။ နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးထဲမှာ ဘယ်လိုတိုက်ဖို့ဆိုတာကို ခင်ဗျားတို့ ချိတ်ဆက်လုပ်ကြတယ် မဟုတ်လား။

ပုဂ္ဂိုလ်အရ ဦးပိုင်ကိုခင်ဗျား အရဆွဲထားတယ်မဟုတ်လား။

ဒီအချိန်မှာ ကျုပ်ရှင်းလာပါပြီ၊ ခင်ဗျားဟာ ကျုပ်ထင်ခဲ့သလို ၆၄-၆၅-၆၆-၆၇ ဖက်က ရပ်တည်တဲ့လူတယောက် မဟုတ်ဘူး။ ခင်ဗျားဟာ ပြန်လည်ပြင်ဆင်ရေးသမားဖြစ်တယ်။ ရဲဘော်ကျော်ထွန်း ပါတီဝင် သိမ်းသွင်းရေးလုပ်ပြီးတဲ့ အချိန်မှာ ဒီအချက်ဟာပေါ်ကဲ့လာတယ်။

၆၄-၆၅-၆၆-၆၇ ဖက်က ရပ်တည်ရင် ၅၅-ကို တိုက်ရင် ဘယ်သူပဲဖြစ်ဖြစ် ခင်ဗျားလမ်းခွဲတယ်။ ရန်သူ လို သဘော ထား တယ် ဆို တာ ဗူးပေါ်သလို ပေါ်ခဲ့ပြီးပြီ။

ပြန်လည်ပြင်ဆင်ရေးကို ပြတ်ပြတ်သားသား တိုက်တဲ့လူငယ်တွေနဲ့ ခင်ဗျားလမ်းခွဲတယ်။ ဒါတင်မကဘူး ခင် ဗျား သား ဖြစ် တဲ့ ကျုပ်ကို တောင် မာ့က်စ်လီနင်ဝါဒ မော်စီတုန်း အ တွေး အ ခေါ် ဖက် က ရပ်တည်လို့ ခင်ဗျားစကားမပြောနိုင်ဖြစ်တယ်။

ရဲဘော်မြင့်ထူး၊ ရဲဘော်တင်ဟန်၊ ရဲဘော်ကျော်ထွန်းတို့ကိုလဲ ခင်ဗျားဆက်ဆံဖို့ တန့်သွားတယ်။

ခေါင်းမာတဲ့မျိုးတူ ပြန်လည်ပြင်ဆင်ရေးသမားချင်းတော့ ဆက်ဆံရေး ပိုများလာတယ်။ ဒါဟာ ခင်ဗျားရပ်တည်မှု ဘာလဲဆိုတာ ဗူးပေါ်သလို ပေါ်လာတာပဲ မဟုတ်လား။

ခင်ဗျားဟာ ၅၅-ကိုထိရင် ဆတ်ဆတ်ထိမခံဘူး၊ ဘခက်ကိုထိရင်ဆတ်ဆတ်ထိမခံဘူး။ ရဲဘော်သိန်းထွန်းက ၅၅-ကိုတိုက်တယ်။ ၅၅-ကို စွဲကိုင်ထားတဲ့ ဘခက်ကိုတိုက်တယ်၊ ဒီအတွက် လူငယ်တွေက ထောက်ခံတာကို အကြီးအကျယ် ခင်ဗျားဆန့်ကျင်တယ်။

ခင်ဗျားဟာ ဘခက်ကို အမြဲတမ်းကာကွယ်ပေးတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ခင်ကျော်နဲ့ ကျုပ်က ဘခက်မဟုတ်တာ လုပ်နေတာတွေ ပါတီဆန့်ကျင်ရေးဝါဒ ဖြန့်နေတာတွေကို ခင်ဗျားကို တင်ပြတယ်။ ပါတီထဲမှာ ကိုယ့်အတွေးအခေါ် အယူအဆကို တင်ပြခွင့်ရှိတယ်။ သူ့ကို တိုက်မယ်ဆိုရင် အချိန်ပေးရမယ်ဆိုပြီး အဲဒီတုံးက ခင်ဗျား ပြန်ပြောခဲ့တယ်။ ဒါဟာ ဘခက်နဲ့ ပြန်လည်ပြင်ဆင်ရေးကို အကာကွယ်ပေးတာမဟုတ်ရင် ဘာလဲ။ ဒါဟာ လိမ်ညာ ကောက်ကျစ်တဲ့ နည်းနဲ့ ကာကွယ်တာမဟုတ်ဘူးလား။ ကျုပ်တို့ပါတီထဲမှာ ပြန်လည်ပြင်ဆင်ရေး အတွေးအခေါ် အယူဝါဒကို ထိန်းသိမ်းထားခွင့် တင်ပြခွင့်ဝါဒ ဖြန့်ခွင့်မရှိဘူး။ မရှိရဘူး။ ကျုပ်တို့ပါတီဟာ ကွန်မြူနစ်ပါတီဖြစ်တယ်။ ပါတီဖျက်မယ့်သူကို ပါတီဖျက်နိုင်ဖို့ အချိန်မပေးနိုင်ဘူး။

ဒါကြောင့် ခင်ဗျားဟာ ခေါင်းမာတဲ့ ပြန်လည်ပြင်ဆင်ရေးသမား ထိပ်သီးတယောက်ဖြစ်တယ်။

အကြီးဆုံး ဂိုဏ်းခွဲရေးသမားလည်းဖြစ်တယ်။ ဒါဟာ ခင်ဗျားရဲ့ အကြီးဆုံးပြစ်မှုပဲ။ ပါတီကို ဖြိုခွဲဖို့အတွက် နေ့ဝင်းမလုပ်နိုင်တဲ့ အလုပ်တွေကို ခင်ဗျားလုပ်နေတယ်။ ပါတီကို အတွင်းကနေဝင်ပြီး ဖြိုခွဲနေတယ်။ ခင်ဗျားဟာ နေ့ဝင်းရဲ့လက်ရုံး ပါတီသစ္စာဖောက်ဖြစ်တယ်။

ခင်ဗျားပြောဘူးတယ်။

၅၅-အပေါ်၊ လူငယ်လုပ်ရှားမှုအပေါ်ခင်ဗျားရဲ့သဘောထားကို ကျုပ်တို့ကမေးတယ်၊ အဲဒီတုန်းကခင်ဗျားက "မင်းတို့ငါ့ကို လူငယ်တွေ ရှေ့မှာရော၊ စခန်းသားထုရှေ့မှာရော ဝေဖန်နိုင်တယ်၊ အတွင်းရေးမှူးအဖြစ်က ဖြုတ်ချင်ဖြုတ်ပစ်နိုင်တယ်၊ မကျေနပ်သေးရင် သတ်နိုင်တယ်"လို့ပြောတယ်၊ ဒါပေမဲ့ မှားယွင်းတဲ့ခင်ဗျားရဲ့ ရပ်တည်မှုကိုတော့ ပြင်မယ်လို့မပြောခဲ့ပါလား။

ဒါဟာ မင်းတို့ပြောချင်သလိုပြော၊ လုပ်ချင်သလိုလုပ်၊ ငါကတော့ ငါ့ရပ်တည်မှုနဲ့ငါပဲလို့ ဆိုချင်တာပဲမဟုတ်လား။

ဒါဟာ ၅၅-ကိုတိုက်နေကြတဲ့လူငယ်တွေ၊ စခန်းသားထုနဲ့ တော်လှန်တဲ့နိုင်ငံရေးဦးဆောင်အဖွဲ့ကို စစ်ကျေညာတာပဲမဟုတ်လား"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့် ချုပ်လိုက်မယ်ဆိုရင် –

ဦးစိန်ဟာ နေဝင်းရဲ့ပါတီဖြိုခွဲရေးပေါ်လစီကို ပါတီထဲလာပြီး ရှေ့တန်းကနေ ကျွမ်းကျွမ်းကျင်ကျင် အကောင်အထည်ဖော်သူဖြစ်တယ်၊ နေဝင်းရဲ့အားကိုးရတဲ့လက်ရုံးဖြစ်တယ်။

ပါတီဖျက်သိမ်းရေး၊ တော်လှန်ရေးဆန့်ကျင်ရေး၊ ထိပ်သီးပြန်လည်ပြင်ဆင်ရေးဝါဒသမားဖြစ်တယ်။

ပြန်လည်ပြင်ဆင်ရေးဝါဒဖြစ်တဲ့ ၅၅-ကို အသက်ပေးကာကွယ်မယ်ဆိုတဲ့ ခေါင်းမာပြန်ပြင်ရေးထိပ်သီးဖြစ်တယ်။

ဦးစိန်၊ ဦးပိန်

ခင်ဗျားတို့ကိုဖမ်းမိထားတာဟာ နေဝင်းရဲ့ကိုယ်စားလှယ်ကို ဖမ်းမိထားတာဖြစ်တယ်၊ ခင်ဗျားနဲ့ပတ်သက်ပြီး ကျုပ်အဖို့ သုံ့ပန်းပေါ်လစီမရှိဘူး။

ခင်ဗျားတို့ကို သတ်ပစ်ရမယ်။

ဦးစိန် ခင်ဗျားကို အဖေလိုသဘောမထားဘူးလို့ ပြောပြီးပြီ၊ ရန်သူလိုသဘောထားတယ်။ ခင်ဗျားကို ကျုပ်ကိုယ်တိုင် လည်လှီးမယ်။

သဘာပတီအဖွဲ့ခင်ဗျား။

သူတို့ဟာ နေဝင်းစိတ်ကြိုက် ဗမာပြည်ကွန်မြူနစ်ပါတီထဲ လာပြီး ပါတီနဲ့ပြည်သူကို ကြိုးစင်တင်ဖို့ အကြံယုတ်နဲ့ လုပ်ဆောင်နေကြသူတွေ ဖြစ်ပါတယ်၊ သူတို့ဟာ ပါတီထဲမှာပဲရှိရှိ၊ ပါတီပမှာပဲရှိရှိ သူတို့ရည်ရွယ်ချက်ဟာ ပါတီနဲ့တော်လှန်ရေးကို ဖျက်ဆီးဖို့ပဲ ဖြစ်တယ်၊ ဒါကို တခါက်နဲ့သာလှတို့ကပြခဲ့ပါပြီ၊ ဒါကြောင့် သေဒဏ်ပေးဖို့ တောင်းဆိုပါတယ်။

သူတို့ကို သေဒဏ်ပေးတဲ့အခါမှာ ကျနော့ကိုတာဝန်ပေးဖို့တောင်းဆိုပါတယ်၊ အထူးသဖြင့် ပြန်လည်ပြင်ဆင်ရေးဂိုဏ်းကို ကျွမ်းကျွမ်းကျင်ကျင် ခေါင်းဆောင်နေတဲ့ဦးစိန်ကို သတ်တဲ့အခါမှာ ကျနော့ကိုတာဝန်ပေးဖို့ တောင်းဆိုပါတယ်။”

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ဖြင့် ဖိုးတူးသည် မိမိ၏ဖခင်ဖြစ်သော ရဲဘော်ဌေး၏မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုး၍ "ခင်ဗျားကို ကျုပ်ကိုယ်တိုင် လည်လှီးသတ်မယ်" ဟု နောက်ဆုံးတွင် ဒေါနှင့်မာန်နှင့်အော်ဟစ်၍ စွဲချက်တင်သွားလေသည်။

(၅) ရဲဘော်ဌေးနှင့် ရဲဘော်ဘတင်တို့၏ နောက်ဆုံးနေ့။

၁၉၆၇-ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့၊ နေ့လယ်(၁၂)နာရီတွင်ဖြစ်သည်။

သာယာဝတီခရိုင်၊ နတ္တလင်းမြို့နယ်၊ တောင်ညိုဒေသ၊ ဆင်သေချောင်းဖျားတွင် ယာယီစခန်းချထားသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် ဆဲသံ၊ ကြိမ်းမောင်းသံ၊ ရိုက်နှက်သံများဖြင့် ဆူညံ၍နေလေသည်။

ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့အား လက်ပြန်ကြိုးများဖြင့် အထပ်ထပ်တုပ်ထား၏။ ခြေတောက် တဖက်တချက်တွင်လည်း ကျွဲချည်ကြိုးများဖြင့် ချည်တုပ်၍ထားလေသည်။

ယင်းသို့ နှောင်ကြိုးအမျိုးမျိုးဖြင့် ချည်တုပ်လျက်ရှိသော ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့သည် **"စိန်-ပိန်ပြန်လည်ပြင်ဆင်ရေးဂိုဏ်း ချေမှုန်းရေးတိုက်ပွဲ"** သဘာပတိ၏ရှေ့တွင် မောင်းပြန်လက်နက်များကိုကိုင်ဆောင်ထားသည့် ရဲဘော်များခြံရံပြီး မလှုပ်မယှက်ထိုင်နေကြရ၏။ ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့၏ ဦးခေါင်းတို့သည်လည်း ပေါက်ကွဲပြီးသွေးစများဖြင့် ပေကျံ၍နေလေသည်။

ရဲဘော်ဘတင်သည် ကာကီအင်္ကျီလက်ရှည်ကိုဝတ်ထား၏။ လုံချည်မှာအညိုအကွက်စိတ်စိတ်အဆင်ဖြစ်၏။ ရဲဘော်ဌေးမှာမူ သူ့ဇနီး ဒေါ်ရင်ရင်(ခေါ်) ဒေါ်စောရီကိုယ်တိုင် ချုပ်ပေးထားသော ပင်နီကြမ်းအင်္ကျီလက်ရှည်ကို ဝတ်ထား၏။ လုံချည်မှာ ယောလုံချည်ဖြစ်၏။ ယောလုံချည်မှာ သစ်သစ်လွင်လွင်မဟုတ်ချေ။ တပတ်နွမ်းပင်ဖြစ်လေသည်။

သခင်သန်းထွန်းသည် သောက်ပြီးဖြစ်သောဆေးတန်မှဆေးကျန်များကို မိမိလက်ထဲသို့ခါထုတ်ရင်း တလှုပ်လှုပ်ဘရွရွဖြင့် အသင့်ဖြစ်နေကြသော တော်လှန်သည့်တပ်နီလူငယ်လေးများနှင့် အမျိုးသမီးများအား စူးစူးစိုက်စိုက်ကြည့်၍နေလေသည်။

ထိုအချိန်တွင် **"စိန်-ပိန် ပြန်လည်ပြင်ဆင်ရေးဂိုဏ်း ဆန့်ကျင်ရေးတိုက်ပွဲ"** သဘာပတိဖြစ်သော သခင်ဇင်သည်လည်း ရဲဘော်ဘတင်၊ ရဲဘော်ဌေးတို့နှင့် ပတ်သက်သော နောက်ဆုံးစီရင်ချက်ကို ချမှတ်ရန်အသင့်ဖြစ်နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် တိတ်ဆိတ်ငြိမ်သက်၍ နေလေသည်။

ထိုအချိန်တွင် ရဲဘော်ဒွေးသည် နာကျည်းခံပြင်းလှသော ခံစားရချက်ဖြင့် ဤသို့ပြောလိုက်လေသည်။

> "ကျုပ်တို့ကတော့ ဘယ်အကောင်တွေကိုမှ အားမကိုးဘူး။ တရုပ်ဆရာကြီးတွေကိုလဲ အားမကိုးဘူး။ ကျုပ်တို့ယုံကြည်ချက်နဲ့ ကျုပ်တို့ပဲ"။

ထိုအခါတွင် သခင်သန်းထွန်း၏ အနီးတွင်ထိုင်နေသော ရဲဘော်ထွန်းကျော် သည် ရုတ်တရက်ထလိုက်ပြီး "စေနိဟာ တို့ဥက္ကဋ္ဌကြီးကိုလဲ စော်ကားတယ်၊ တို့အချစ်မြတ်နိုးဆုံး မဟာဥက္ကဋ္ဌကြီးကိုလဲ စော်ကားတယ်၊ ဒီကောင်ကိုရိုက်ကြ သတ်ကြ" ဟူ၍ အော်ဟစ်ပြီး ရဲဘော်ဒွေး၏မျက်နှာကို လက်သီးနှင့်ဝင်၍ ထိုး တော့၏။ တော်လှန်သောတပ်နီလူငယ် ဖိုးတူး (ရဲဘော်ဒွေး၏ သားငယ်) နှင့် အခြားသော တပ်နီလူငယ်လေးများသည် ရဲဘော်ဒွေးအား ဝိုင်း၍ရိုက်ပုတ် ထိုးနှက်ကြ၏။ ရဲဘော်ဒွေး၏ခေါင်းမှ သွေးတို့သည် ဖြာ၍ထွက်လာတော့၏။ ရဲဘော်ဒွေး၏ မျက်နှာပြင်တခုလုံးတွင်လည်းသွေးများဖြ င့်ရဲရဲနီနေတော့သည်။ နဖူး၊ ပါးချိတ်နှင့်နှုတ်ခမ်းတို့မှာ ချက်ချင်းပင် ဖူးယောင်လာတော့၏။ ပင်နီ အင်္ကျီမှာမူ သွေးတို့ဖြင့် နီနီရဲ၍ နေလေတော့သည်။

တချိန်တည်းတွင် တော်လှန်သော ဗဟိုကင်းတပ် တပ်စိတ်မှူး ရဲဘော် သောင်းစိန်ကလည်း "ဟော့ကုလားကြီး ငပိန်ကလဲ စေနိလိုပဲ တို့မဟာဥက္ကဋ္ဌကြီး တွေကိုစော်ကားတဲ့ အကောင်ပဲ ရိုက်ကြ သတ်ကြ" ဟူ၍ လှမ်းဆော်လိုက်ပြီး ဗဟိုကင်းတပ်မှ ရဲဘော်စိုးဝင်း၊ မောင်မောင် (ညီညီလေး၊ သခင်သန်းထွန်း၏ သား) တို့နှင့်အတူ ဝင်ရောက်ပြီး ရိုက်ပုတ်ထိုးနှက်ကြ၏။ ထို့ကြောင့် ရဲဘော် ဘတင်၏ တကိုယ်လုံးမှာလည်း သွေးများဖြင့် ချင်းချင်း နီလျက်ရှိလေတော့ သည်။

ထို့နောက်တွင် ဗဟိုစခန်းမှ ရိက္ခာမှူးရဲဘော်သိန်း (ခေါ်) ရဲဘော်မောင် ကြည်သည် ရဲဘော်ဘတင်နှင့် ရဲဘော်ဒွေးတို့အား ဒေါသတကြီးနှင့် စွဲချက် တင်၍ နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဌေး(ခ)ဦးစိန်

ဗမာပြည်ကွန်မြူပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး ရဲဘော်ဌေး(ခ)ဦးစိန်ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်တွင် ရဲဘော်ငွေး၏ သားငယ် ဖိုးတူးသည် အလှန်ဒေါသထွက်နေသောအမူအရာဖြင့် ရုတ်တရက် ပြေးထွက်လာပြီး ရဲဘော်ငွေး၏ နားရင်းကို လက်သီးဖြင့် တအားထိုးလိုက်၏။ ထို့ပြင် ရဲဘော်ငွေး၏ မျက်နှာပြင်ကိုလည်း လက်ဝါးဖြင့် တအားလွှဲ၍ ရိုက်လိုက်၏။ ရဲဘော်ငွေး၏ နှာခေါင်းမှ သွေးတို့သည် တလိမ့်လိမ့် ယိုစီး၍ကျနေတော့သည်။

ဖိုးတူးသည် ထိုမျှဖြင့် အားမရသေး၍ ရဲဘော်ငွေး၏ ဦးခေါင်းအား ဝါးရင်းတုတ်ဖြင့် တအားကုန်လွှဲ၍ ရိုက်လိုက်ပြန်၏။ ရဲဘော်ငွေးသည် မိမိ၏ သားငယ် ဖိုးတူး၏ လက်ချက်ဖြင့် မြေကြီးပေါ်သို့ ထိုးလဲကျ၍သွားတော့၏။

"သစ္စာဖောက်ငွေးကို ငါကိုယ်တိုင်သတ်မယ်၊ ငါကိုယ်တိုင် လည်လှီးမယ်"

ဟူ၍ ဖိုးတူးသည် အော်ဟစ်၍ နေလေသည်။

ထိုအခါတွင် ရဲဘော်ဘတင်က-

"ခင်ဗျားတို့ ကျုပ်တို့ကို တခါထဲသာသတ်ပစ်လိုက်ကြပါ ဒီလိုတော့ ညှဥ်းဆဲမနေကြပါနဲ့"

ဟူ၍ ပြောလိုက်သည်။

"အေး မင်းတို့ကို မကြာမီမှာ သတ်ပစ်တော့မယ်၊ ဒါပေမဲ့ မင်းတို့ မသေခင် စွဲချက်တင်စရာရှိတာတွေကို ဆက်ပြီးတော့ စွဲချက်တင်ရဦးမယ်၊ မင်းတို့ကို မသတ်မှာတော့မဟုတ်ဘူး"

ဤသို့ သဘာပတိ သခင်ဇင်က ရဲဘော်ဘတင်အား ပြန်ကြားလိုက်လေသည်။

ရဲဘော်ငွေးမှာမူ အချစ်ဆုံးအမြတ်နိုးဆုံးသောသားငယ် ဖိုးတူး၏ လက်ချက်ကြောင့် သတိရတချက် မရတချက်ဖြစ်နေလေသည်။

ယင်းသို့ ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့အား တော်လှန်သော တပ်နီလူငယ်များမှ ဝင်ရောက်ထိုးကြိတ်ရိုက်နှက်နေ၍ ရုတ်ရုတ်သဲသဲ ဗရုတ်ဗရက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဖြစ်နေချိန်တွင် သခင်သန်းထွန်းသည် ဗဟိုကင်းတပ်မှူး ဗိုလ်တင်မောင် (ဗိုလ်သိန်းထွန်း) အားခေါ်၍ ဤသို့ညွှန်ကြားလိုက်လေသည်။

"အခုသစ္စာဖောက်တွေကို ချက်ခြင်းသေမသွားစေနဲ့၊ စီရင်ချက်မချရသေးခင်မှာ သေသွားတာမျိုးမဖြစ်သင့်ဘူး၊ ဒါပေမဲ့ အခုလို လူငယ်တွေက တော်လှန်တဲ့အသိစိတ်ဓာတ်နဲ့ ပေါက်ကွဲကြတာဟာ ကောင်းတယ်၊ တရားတယ်၊ ဒါဟာ ပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေးရဲ့ တော်လှန်တဲ့စိတ်ဓာတ်တွေကို ဖော်ပြကြတာဖြစ်တယ်။"

သခင်သန်းထွန်းက ညွှန်ကြားချက်ပေးလိုက်ပြီးနောက် **"စိန်-ပိန် ပြန်လည်ပြင်ဆင်ရေးဂိုဏ်း ချေမှုန်းရေးတိုက်ပွဲ"** သဘာပတိ သခင်ဇင်က ဤသို့သောစီရင်ချက်ကို ချလိုက်လေသည်။

"အခုအချိန်ကစပြီးတော့ ပြန်လည်ပြင်ဆင်ရေးသမားတွေ ပြည်တွင်းငြိမ်းချမ်းရေးသမားတွေ သစ္စာဖောက်တွေဖြစ်တဲ့ စိန်-ပိန်တို့ဟာ —

+ ပါတီထဲမှာလဲ လုံးဝမရှိရဘူး၊
+ စခန်းထဲမှာလဲ လုံးဝမရှိရဘူး၊
+ တော်လှန်ရေးထဲမှာလဲ လုံးဝမရှိရဘူး၊
+ ရန်သူ့ထံသစ္စာဖောက်အဖြစ်နဲ့ သွားတာလဲခွင့်မပြုရဘူး။

ဒါတွေကြောင့် —

ပါတီထဲက လုံးဝထုတ်ပစ်လိုက်တယ်၊ နောက်ဆုံးပါတီနဲ့ တော်လှန်ရေးရဲ့သစ္စာဖေါက်များအဖြစ် ဒီနေ့ (၁၈-၆-၆၇) ရက်နေ့ (၂) နာရီအတွင်းမှာ လုံးဝချေမှုန်းသုတ်သင်ပစ်ရမယ်။

နောက်ပြီးတော့ ဘခက်နဲ့ သာလှတို့လဲတွေ့ရာသင်းချိုင်းဓားမဆိုင်းပဲ မဖြစ်မနေသတ်ရမဲ့ သေဒဏ်ပေးထားတဲ့ ရာဇဝတ်ကောင်တွေအဖြစ် ဆုံးဖြတ်လိုက်တယ်။"

ဤသို့ သခင်ဇင်မှစီရင်ချက်ကို ချပြီးလျှင် ပြီးခြင်းပင်၊ တိုက်ပွဲဦးစီးကော်မတီ အတွင်းရေးမှူးဖြစ်သော ရဲဘော်ထွန်းရှိန် (ရဲဘော်ဖေငြိမ်း)မှကြိုတင်၍ သတ်မှတ်ပေးထားသော ဗဟိုကင်းတပ်မှူး ဗိုလ်တင်မောင်(ခေါ်)ဗိုလ်သိန်းထွန်းနှင့် ဗိုလ်တင့်ဆန်း (အောင်သိန်းလွင်၊ ဗိုလ်ရန်အောင်၏ ယောက်ဖ)တို့ တိုက်ရိုက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဘတင်(ခ)ဂိုရှယ်(ခ)ဦးပိန်

ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင် ရဲဘော်ဘတင် (ခ) ဂိုရှယ် (ခ) ဦးပိန်ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဦးဆောင်သည့် တော်လှန်သောတပ်နီလူငယ်အမျိုးသမီးများမှာ ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့အား အတင်းပင်ဝင်ရောက်၍ ဆွဲထုတ်ကြလေတော့သည်။

ထိုနောက်တွင် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့မှ အထူးတာဝန်ပေးအပ်ခြင်းခံရသော **"စိန်-ဗိန် သုတ်သင်ရေးအဖွဲ့"** သည် ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့အား လက်ပြန်ကြိုးကို အထပ်ထပ်တုပ်၍ လည်ပင်းကိုလည်း ကြိုးများဖြင့် ရစ်ပတ်ထားလိုက်တော့၏။ ထို့နောက်တွင်မှ ကျွဲရိုင်း၊ နွားရိုင်းများကဲ့သို့ ကြိုးစများကိုဆွဲ၍ ခေါ်ဆောင်သွားကြလေသည်။

ယင်း**"စိန်-ဗိန် သုတ်သင်ရေးအဖွဲ့"** ၏ ခေါင်းဆောင်မှာ ဗိုလ်တင်မောင် (ခေါ်)ဗိုလ်သိန်းထွန်းဖြစ်၏။ တော်လှန်သောတပ်နီလူငယ်များနှင့် တော်လှန်သောအမျိုးသမီးများ ကိုယ်စားလှယ်မှာ ရဲဘော်ရဲညွန့်(ခေါ်)မောင်ညွန့်ဖြစ်၏။ တော်လှန်သော ဗဟိုကင်းတပ်၏ကိုယ်စားလှယ်မှာမူ ရဲဘော်သောင်းစိန်ဖြစ်လေသည်။

ထိုအဖွဲ့သည် ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့အား အသင့်တူးထားသောတွင်းများရှိရာသို့ဆွဲခေါ်သွားကြ၏။

ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့သည် အသင့်တူးထားသည့် တွင်းများသို့ရောက်လျှင်ရောက်ခြင်းပင် ဤသို့ကြွေးကြော်ကြလေသည်။

ရဲဘော်ဘတင် "နိုင်ငံတကာ့လူမျိုးစုံချစ်ကြည်ရေး" (အင်တာနေရှင်နယ်) သီချင်းကို စတင်၍ သီဆိုလိုက်တော့သည်။

ထို့အတူ၊ ရဲဘော်ငွေးကလည်း **"ဗမာပြည်ကွန်မြူနစ်ပါတီအစွန့်ရှည်ပါစေ"** ဟုကြွေးကြော်လိုက်ပြန်သည်။

ထိုအချိန်တွင် ဗိုလ်တင်မောင်နှင့်အဖွဲ့သည် ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့၏ ရင်အုံအား ဓားမြှောင်များဖြင့် ထိုးစိုက်လိုက်ကြ၏။ ထပ်ကာဆင့်ကာတအားကုန်ထိုးစိုက်လိုက်ကြသည်။

ထို့ကြောင့် ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့၏ နှလုံးသားမှ ချင်းချင်းနီသောသွေးတို့သည်ပန်းထွက်လာ၏။ အတောမသတ်ပင် ယိုစီးကျဆင်းလာ၏။ ချင်းချင်းနီသော သွေးအိုင်များအတွင်းဝယ်၊ ရဲဘော်ဘတင်နှင့် ရဲဘော်ငွေးတို့၏ ခန္ဓာကိုယ်များမှာမလှုပ်မယှက် ငြိမ်သက်၍သွားလေတော့သည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ပြည်သူ့အာဏာ"



ရဲဘော်ဌေး၊ ရဲဘော်ဘတင် တို့အား လုပ်ကြံသတ်ဖြတ်ပြီး
နောက် တ-က-သ ဥက္ကဋ္ဌရဲဘော် ဗဆွေလေး ရေးဆွဲသော
"ပြည်သူ့အာဏာ" ဂျာနယ်ဖြစ်ပါသည်။

၁၁

ဖြုတ် ထုတ် သတ် မဟာစိမံကိန်း

(၁) စိန်၊ ပိန်၊ အငုတ်အတက်သုတ်သင်ရေးလှုပ်ရှားမှု။

ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ်သည်၊ မော်နိုင်စစ်ဆင်ရေးဝင်လာသဖြင့် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ ညဏ်လည်ရွာနားမှ တောင်ဘက်သို့ ရွှေပြောင်းလာရသောအချိန်တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ်တောင်ညိုဒေသ ဝါးနက်ချောင်းဖျားတွင် ယာယီစခန်းချ၍နေလေသည်။

ယင်း ဗဟိုဌာနချုပ်စခန်းတွင် ပဲခူးရိုးမတိုင်း အတွင်းရေးမှူး ရဲဘော်တင်ဦး(ခေါ်) ရဲဘော်မြ အနောက်မြောက်ပိုင်းအတွင်းရေးမှူး ရဲဘော်ထွန်းမောင် (ခေါ်) ရဲဘော်ဦးလှ (ခေါ်) ဒေါက်တာနတ်နှင့် အနောက်မြောက်တိုင်းသို့သွားရောက် တာဝန်ယူခဲ့သော ဗဟိုအလုပ်အဖွဲ့ခေါင်းဆောင် ဗိုလ်ဇေယျတို့လည်းရောက်ရှိနေကြလေသည်။

ထိုသို့ ဗဟိုကော်မတီအဖွဲ့ဝင်များသည် ဗဟိုဌာနချုပ်စခန်းသို့ရောက်ရှိနေကြသော်လည်း ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့အကြောင်းကို မည်သူတဦးကမျှပြောကြားခြင်းမပြုကြချေ။ မေးလာသူမှန်သမျှကို " **လုံခြုံစိတ်ချရတဲ့နေရာကိုပို့ထားတယ်။**"ဟူ၍သာစခန်းသားတိုင်းက ပြောဆိုကြရသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၇-ခုနှစ်၊ ဩဂုတ်လ(၁၀)ရက်နေ့တွင်ဖြစ်သည်။

ဗဟိုဌာနချုပ်တွင်ရှိသော နိုင်ငံရေးဦးဆောင်အဖွဲ့၏ ကိုယ်စားအဖြစ်ဖြင့် သခင်သန်းထွန်း၊ သခင်ဇင်နှင့် ရဲဘော်အောင်ကြီးတို့သည်၊ ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့အား "လုံခြုံစိတ်ချရတဲ့နေရာကိုပို့ထားတယ်" ဟူသော လုံခြုံစိတ်ချရသည့်နေရာအကြောင်းကိုရှင်းလင်းပြကြလေသည်။

"စိန်-ပိန်တို့ဟာ ခေါင်းမာတဲ့ ပြန်လည်ပြင်ဆင်ရေးသမားတွေဖြစ်တယ်။ ပြည်တွင်းငြိမ်းရေးသမားတွေဖြစ်တယ်။

ဒါကြောင့်မို့ သူတို့ကိုအရေးယူလိုက်တယ်။ အရေးယူလိုက်တယ်ဆိုတာသေဒဏ်ပေးလိုက်တာဖြစ်တယ်။"

ထိုသို့ သခင်သန်းထွန်းက ပြောလိုက်သောအခါတွင် ဗိုလ်ဇေယျ ရဲဘော်မြနှင့် ရဲဘော်ထွန်းမောင်တို့သည် မြှော်လင့်မထားသည်ကို ရုတ်တရက်ကြားလိုက်ရသဖြင့် အလွန်ပင် စိတ်ထိခိုက်၍သွားကြသည်။

ထိုအချိန်တွင် ရဲဘော်ထွန်းမောင်(ဦးလှ)၏ မျက်လုံးအစုံမှမျက်ရည်တို့သည်ယိုစီး၍ကျဆင်းတော့၏။ အစည်းအဝေးသို့ တက်ရောက်နေသူအားလုံးသည်လည်းတိတ်ဆိတ်၍နေကြသည်။

ဤသို့သောအခြေအနေတွင် သခင်သန်းထွန်းက **"ခင်ဗျားတို့လဲအချိန်ယူစဉ်းစားပြီးတော့မှ သဘောထားပေးပါ"** ဟူ၍ပြောလျက် အစည်းအဝေးကို နိဂုံးချုပ်လိုက်လေသည်။

အမှန်စင်စစ်အားဖြင့် ယင်းအစည်းအဝေးမှာ ဗဟိုကော်မတီများသာ တက်ရောက်သည့် အစည်းအဝေးဖြစ်သည်။ သို့သော်လည်း ညနေ (၆)နာရီခန့်တွင် ဗဟိုဌာနချုပ်စခန်းမှ တော်လှန်သော တပ်နီလူငယ်လေးများသည် ရဲဘော်မြနှင့် ရဲဘော်ထွန်းမောင်(ဦးလှ)တို့၏ နေထိုင်ရာသို့သွား၍ ကြွေးကြော်ကြလေသည်။

"ဦးလှမျက်ရည်ကျရတာ ဘာသဘောလဲ"

"ပြန်ပြင်ရေးသမားတွေကို မပြတ်ဘူးလား"

"၅၅-ဗဟိုကော်မတီတွေဖြုတ်ပစ်"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"၅၅-ဗဟိုကော်မတီတွေဟာ ငြိမ်းချမ်းရေးသမား သစ္စာဖောက်တွေဖြစ်တယ်"
"၅၅-ဗဟိုကော်မတီတွေကို ဖြုတ်ထုတ်သတ်ရမယ်"

ဤသည်တို့မှာ တော်လှန်သော တပ်နီလူငယ်တို့၏ ကြွေးကြော်သံများပင် ဖြစ်သည်။

ယင်းသို့ တော်လှန်သော တပ်နီလူငယ်လေးများ၏ ကြွေးကြော်သံများဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် **"စိန်-ပိန် အငုတ်အတက်သုတ်သင်ရေးလှုပ်ရှားမှု"**ကို အစပြုလိုက်ခြင်းဖြစ်လေသည်။

သို့သော်လည်း ထိုလှုပ်ရှားမှုကို ဆက်တိုက်ပြုလုပ်နိုင်ခြင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် မေ်နိုင်စစ်ဆင်ရေးကြောင့် ဗဟိုဌာနချုပ်စခန်းသည် တည်ငြိမ်မှုမရှိပေ၊ ရွှေ့ပြောင်းလှုပ်ရှား၍သာ နေကြရလေသည်။

၁၉၆၇-ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ပြည်ခရိုင်ပေါင်းတည်မြို့နယ် ရွှေလေးဒေသ ရှော့ကွင်းရွာ၏ အရှေ့ဖက်တမိုင်ခန့်အကွာ လေးဆယ်ချောင်း၏ လက်တက် သစ်လှမြောင်ဖျားတွင် စခန်းချလျက် ထားလေသည်။

နံနက် ၈း၃၀-နာရီတွင်ဖြစ်၏၊ ဗဟိုစခန်းပါတီကော်မတီ အတွင်းရေးမှူးဖြစ်သော ရဲဘော်ညိုအောင် (ရဲဘော်ဥာဏ်ကျော် ပီကင်းပြန်)သည် ဗဟိုစခန်းတွင် ပြုလုပ်သော အစည်းအဝေး၌ အခမ်းအနားမှူးအဖြစ် ဤသို့ ကျေညာလိုက်လေသည်။

> "ဒီနေ့ အစည်းအဝေးဟာ စိန်-ပိန်အငုတ်အတက်တွေကို သုတ်သင်ရေးအတွက် လူထုတိုက်ပွဲကိုဆင်နွှဲဖို့ဖြစ်တယ်။
>
> ဒီတိုက်ပွဲဟာ ပဲခူးရိုးမတိုင်းက ဗဟိုကော်မတီ ဦးမြ၊ အနောက်မြောက်တိုင်းက ဗဟိုကော်မတီ ဦးလှနဲ့ အားလုံးသိကြပြီးဖြစ်တဲ့ ဦးပိုင်တို့ကို အဓိကထားပြီး ဝေဖန်ရေးထိုက်ပွဲ ဆင်နွှဲဖို့ဖြစ်တယ်။
>
> တော်လှန်တဲ့ တပ်နီလူငယ်တွေနဲ့ တော်လှန်တဲ့ အမျိုးသမီးတွေဟာ ဒီတိုက်ပွဲမှာ အတက်ကြွဆုံး ပါဝင်လိမ့်မယ်လို့ တော်လှန်တဲ့ပါတီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကော်မတီက ယုံကြည်ထားပြီး ဖြစ်တယ်၊ ပါဝင်ကြဖို့လဲ တောင်းဆိုတယ်။

ရဲဘော်တို့ဟာ ရဲငါးရဲနဲ့ ရဲသုံးရဲစိတ်ဓာတ်တွေအရ တိုက်ပွဲဆင်သွားကြပါလို့ အလေးအနက် တောင်းဆိုတယ်။"

ယင်းသို့ အခမ်းအနားမှူး ရဲဘော်ညိုအောင်မှ ကျေညာလိုက်သောအခါတွင် တော်လှန်သောတပ်နီလူငယ်များဖြစ်သော မော်စီကို(ခေါ်)မောင်ကျော်သန်း ဇော်တုန (ခေါ်) မောင်မြအေး၊ စောညာထူး (ခေါ်) မောင်တင်လှနှင့် ရဲဘော်ခင်ကျော် (ခေါ်) မောင်တက်တိုးတို့သည် ဝေဖန်ရေးတိုက်ပွဲ ဆင်နွှဲရန်အတွက် အလုအယက်ပင် တင်ပြကြသည်။

ထို့အတူပင် တော်လှန်သော အမျိုးသမီးလေးများဖြစ်သည့် မစန်းဝင်း (ခေါ်) အမြင့်၊ မဝင်းမြင့် (ခေါ်) ခင်လေးမြင့်၊ မသိန်းကြည် (ခေါ်) မတင်ငွေး၊ မခင်ပု(ခေါ်) မလှကြည်တို့သည်လည်း တော်လှန်သော တပ်နီလူငယ်များနှင့် အပြိုင်အဆိုင်ပင် ဖြစ်နေကြလေသည်။

ပဲခူးရိုးမတိုင်းမှ အတွင်းရေးမှူးဖြစ်သော ရဲဘော်တင်ဦး(ခေါ်) ရဲဘော်မြဇော်စိစစ်ချက်ကို ဗဟိုဆက်သွယ်ရေး ဌာနမှ ရဲဘော်အောင်ခ့က ဤသို့ပင် ဝေဖန်တိုက်ပွဲဆင်လေသည်။

"ဦးမြ ခင်ဗျားဟာ ဘတင်၊ ငွေးတို့ရဲ့ နောက်လိုက်အဖြစ်နဲ့ မိမိဘယ်အခန်းက ပါခဲ့သလဲဆိုတာကို ခင်ဗျားအနေနဲ့ အလေးအနက် ဆန်းစစ်ဖို့ လိုနေသေးတယ်။

၆၂-ခုနှစ် ဗဟိုကော်မတီ အစည်းအဝေးက ဥက္ကဋ္ဌကြီးကိုဖြုတ်ချရေးမှာ ခင်ဗျားဟာ ကြားကရပ်နေခဲ့တယ်။ ဒါနဲ့ ပတ်သက်လို့ အတွေးအခေါ်အရပါ ဆန်းစစ်ဖို့လိုတယ်။

ခင်ဗျားဟာ ဥက္ကဋ္ဌကြီးကိုဆန့်ကျင်တဲ့အတွေးအခေါ်ရှိတယ်။ ဒါကို အတွေးအခေါ်အရ အမြစ်ကပါတူးပြီး ဆန်းစစ်ဖို့လိုတယ်။ ခင်ဗျားစကားပြောညှပ်ဖျင်းနေတာဟာ ခင်ဗျားရဲ့ခေါင်းထဲမှာ ရှိနေတဲ့ အတွေးအခေါ်အမှားတွေကြောင့်ဖြစ်တယ်။

ရဲဘော်အောင်ခ၏လက်ရေးမူ



ပဲခူးရိုးမတိုင်း အတွင်းရေးမှူး ဦးတင်ဦး (ခ) ရဲဘော်မြ အပေါ် ရဲဘော် အောင်ခ၏ စွဲချက် မူရင်းလက်ရေး မူဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြီးတော့ ခင်ဗျားအနေနဲ့ အတန်းအစားမှန်တဲ့ ခင်ဗျားရဲ့ ဇနီးသည်ကိုလဲ အတွေးအခေါ်အရ ခင်ဗျားပဲဖျက်ဆီးခဲ့တယ်။

ခင်ဗျားဟာ ထိုးစစ်တွေမှာလဲ ဘတင်-ငွေးတို့ရဲ့ ဂိုဏ်းဝင်ဖြစ်လို့ ထွက်ပြေးတာပဲ။

ကေဒါလှေကျင့်မွေးမြူရေးတွေနဲ့ ပတ်သက်လို့လဲ ဆန်းစစ်မှုမှာ လေးနက်ဖို့လိုသေးတယ်။

အခုဆန်းစစ်ရာမှာလဲ အချက်အလက်အသစ်တွေကိုရှာဖွေပြီး ဆန်းစစ်တာကို မတွေ့ရသေးဘူး၊ အားမရသေးဘူး။

မိမိခေါင်းထဲရှိနေတဲ့ ၅၅-နဲ့ စိန်-ပိန် နောက်လိုက်ဖြစ်ခဲ့ရတာတွေ ပါဝင်လှုပ်ရှားခဲ့ရတာတွေကိုအတွေးအခေါ်ဇာစ်မြစ်ကနေပြီးတူးဖော်ဖွင့်ချဖော်ထုတ်ဖို့လိုတယ်လို့ မြင်တယ်။

ဦးတင်ဦးတို့ကို ဗဟိုကော်မတီလိုသဘောမထားနိုင်ဘူး၊ တရားခံလိုပဲသဘောထားတယ်၊ ခင်ဗျားတို့ကို ရန်ဖက်အဖြစ်သဘောထားတယ်၊ အားရလောက်အောင်ပြင်မှ နောက်လိုက်ပဲထားနိုင်မယ်။

ခင်ဗျားဟာ သာလှထိုးစစ်မှာ ပဲနွယ်ကုန်းမြို့နယ်အထိ ထွက်ပြေးတာဟာ ၅၅-အတွေးအခေါ်ကြောင့် ဖြစ်တယ်ဆိုတာကိုလဲ အလေးအနက်ဆန်းစစ်ဖို့လိုတယ်။”

ဤသို့ပင် ရဲဘော်အောင်ခသည် ပဲခူးရိုးမတိုင်းအတွင်းရေးမှူး ရဲဘော်တင်ဦး (ခေါ်) ရဲဘော်မြအား ဝေဖန်တိုက်ပွဲဆင်သွားလေတော့သည်။

ထို့နောက် ရဲဘော်အောင်ခသည် အနောက်မြောက်တိုင်း အတွင်းရေးမှူး ရဲဘော်ထွန်းမောင် (ခေါ်) ဦးလှ (ခေါ်) ဒေါက်တာနတ်၏ စီစစ်ချက်ကိုလည်း ဤသို့ပင်ဝေဖန်တိုက်ပွဲဆင်ပြန်လေသည်။

“ဦးလှဟာ ရဲဘော်တွေရဲ့ဝေဖန်ရေးကို လိမ်မာပါးနပ်စွာနဲ့ လှိုးလွှဲသွားတယ်လို့ ခံစားရတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သူ့အတွေးအခေါ်ကိုဆန်းစစ်ပြီး ဖော်ထုတ်သွားတာမှာလဲ အနှစ်သာရပါတာမတွေ့ရဘူး။

၅၅-ကိုဆန့်ကျင်တယ်ဆိုပေမဲ့ မိမိခေါင်းထဲမှာရှိနေတဲ့ ၅၅-ကိုတော့ ဖော်ထုတ်ပြီးဝန်ခံတာမတွေ့ရဘူး။

နောက်ပြီးတော့လဲ တရုပ်ပြည်ပြန်တွေကို ဆန့်ကျင်တာတွေနဲ့ ပတ်သက်တဲ့ကိစ္စကိုလဲ ပြောင်ပြောင်ပဲငြင်းပယ်ထားတာကိုတွေ့ရတယ်။

ဦးလှက ၆၄-လမ်းစဉ်ကို အောက်ခြေကိုချရာမှာလဲ တကဲ့ထုထယ် အစိုင်အခဲနဲ့ ၆၂-လမ်းစဉ်လို မဖြစ်ဘူးလို့ပြောတယ်၊ ဒါပြောတာဟာ အတွေးအခေါ်ပါတယ်၊ အဲဒီအတွေးအခေါ်ကို ဖော်ထုတ်မသွားဘူး၊ အလံနီနဲ့ တပါတီဖြစ်ရေးကိစ္စကိုလဲ မှားယွင်းတယ်ဆိုတာရဲ့ လေးနက်မှုကို ဝန်ခံမသွားဘူး။

ဒီမှာ ၅၅-နဲ့ စိန်-ပိန်ဂိုဏ်းအပေါ်လဲ အလေးအနက် ဖွင့်ချဖို့လိုသေးတယ်လို့မြင်တယ်၊ အခုစပြီးတော့ ဆန်းစစ်တာဟာ ကောင်းမွန်တဲ့ အစပြုချက်လို့မြင်တယ်၊ သို့သော်လေးနက်မှုကတော့ လိုသေးတယ်၊ အားမရသေးဘူး၊ အတွေးအခေါ်ဇာစ်မြစ်တွေကိုပါဖော်ထုတ်ဖို့လိုသေးတယ်။

ဗဟိုဝိုင်းရုံးရေး စိတ်ဓာတ်ခေါင်းပါးတဲ့ ကိစ္စကိုလဲ အတွေးအခေါ်အရ ဆန်းစစ်မှု မပါသေးဘူးလို့ ခံစားရတယ်။

၆၄-လမ်းစဉ်ကို ချပြရာမှာလဲ ကျယ်ကျယ်ပြန့်ပြန့်ချမပြဘူး၊ ဒါကိုလဲငြင်းသွားတယ်လို့ ခံစားရတယ်။

ဘခက် အသံလွှင့်တဲ့အပေါ်မှာ ရန်-ငါမျဉ်းမပြတ်လို့ အမြင်မှာ မပြတ်တာ ဖြစ်လာတယ်။

၆၃-ကတော့ ပိန်နဲ့ကွဲတယ်လို့ပြောတယ်။ ဒါပေမဲ့ဘခက် အသံလွှင့်တော့ ပိန်တို့ဖက်က ရပ်ခဲ့တယ်။ ဒါရဲ့ အတွေး အခေါ်တွေကိုပါ အလေးအနက်ဆန်းစစ်ဖို့ လိုသေးတယ်လို့မြင်တယ်။

အလံနီနဲ့တပါတီဖြစ်ရေးဟာ မှောက်ပြန်တယ်ဆိုတာလဲ မရှင်းဘူး၊ ဒါနဲ့ပတ်သက်တဲ့ သဘောထားကိုသိလိုတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဦးလှုဟာ ၅၅-လမ်းစဉ်ကို ရှေ့ကနေပြီးတော့ ခေါင်းဆောင်ခဲ့သူ ဖြစ်တယ်၊ ဒီအပေါ်မှာလဲ ဆန်းစစ်မှုလိုသေးတယ်။

နောက်ပြီးတော့ ဦးလှုဟာ စိန်-ပိန်ကို အရေးယူလိုက်တာနဲ့ ပတ်သက်ပြီး ငိုတဲ့ပြဿနာကိုလဲ အတွေးအခေါ်ပါအောင် ဆန်းစစ်မသွားသေးဘူး။

ဦးလှုက ဆန်းစစ်မှုမှာ လှည့်ပြောင်းမယ်လို့တော့ ပြောသွားတယ်၊ ဒါပေမဲ့ ဒါကို သံသယရှိသေးတယ်၊ အခုတော့ ဆန်းစစ်မှုမှာ မြှော်လင့်ထားသလောက် ထွက်မလာသေးဘူး၊ အားမရသေးဘူး။

ပုဂ္ဂိုလ်ခင်ရင် တရားမင်လို့စကားပုံရှိတယ်၊ ဒါကို အလေးအနက်ဆန်းစစ်ဖို့လိုတယ်။

ဦးလှုက ဦးပိန်နဲ့ အတွေးအခေါ်မတူဘူးလို့လဲ ပြောသွားတယ်၊ တကယ်က တွေးခေါ်မှုမတူရင် သံယောဇဉ်ရှိစရာမလိုဘူး၊ ဆန်းစစ်မှုမှာလဲ အချက်အလက် အသစ်ကိုရှာဖွေပြီး ဆန်းစစ်တာမတွေ့ရဘူး။

အခု ဦးလှုအနေနဲ့ ဝေဖန်ရေးကို ခံယူတဲ့နေရာမှာ တချို့ကိုရှောင်တိမ်းပြီး ဝေ့လယ်လယ်လုပ်နေတာကိုတွေ့ရတယ်။

မိမိတိုင်းအတွင်းမှာရှိတဲ့ ကေဒါအားလုံးရဲ့ ဝေဖန်မှုကိုလဲ တောင်းခံဖို့လိုတယ်။

ဦးလှုနဲ့ ဦးမြတို့ကို ဗဟိုကော်မတီအဖြစ်သဘောမထားဘူး၊ တရားခံလိုသဘောထားတယ်၊ ရန်ဖက်အဖြစ်နဲ့ ဖြေရှင်းရမဲ့လူတွေလို့ သဘောထားတယ်၊ ခင်ဗျားတို့နှစ်ဦးစလုံးဟာ ပြန်ပြင်ရေးနွံတွင်းက မထွက်နိုင်သေးဘူးလို့မြင်တယ်။

ခင်ဗျားတို့ရဲ့ ဆန်းစစ်မှုတွေဟာ ပညာသားပါပြီးတော့ အနှစ်သာရမပါဘူး၊ ခင်ဗျားတို့အနေနဲ့ ၅၅ နဲ့ စိန်-ပိန်ဂိုဏ်းသားအဖြစ်နဲ့ ခင်ဗျားတို့ ကပြခဲ့ကြတာတွေကို အကုန်အစင်ဖွင့်ပြကြဖို့လိုတယ်။

ခင်ဗျားတို့ဟာ ရဲဘော်တွေရဲ့ဝေဖန်မှုကို ဒူးနှံ့ ခြေနှံ့လုပ်ပြီး ရင်ဆိုင်လာတာဟာ မထေမဲ့မြင်ပြုလုပ်တဲ့သဘောပဲ၊ ဒါကို ပြောင်းပြန်လှန်ပြီးပစ်ဖို့လိုတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခုလောလောဆယ်တော့ ခင်ဗျားတို့ကို ပါတီတွင်းဖြစ်စဉ်ကရှိနေသေးတဲ့ ရဲဘော်တွေလိုပဲသဘောထားအုံးမယ်။"

ဤသည်မှာ ရဲဘော်ထွန်းမောင်(ခေါ်) ဦးလှ(ခေါ်)ဒေါက်တာနတ်နှင့် ပတ်သက်၍ ရဲဘော်အောင်ခ၏ ဝေဖန်တိုက်ပွဲဆင်ချက်များပင်ဖြစ်လေသည်။

အမှန်စင်စစ်အားဖြင့် ရဲဘော်အောင်ခ၏ ဝေဖန်ချက်များသည် တော်လှန်သော တပ်နီလူငယ်များနှင့် တော်လှန်သော အမျိုးသမီးများ၏ သဘောထားကို စုစည်း၍ ဖော်ပြလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် လူငယ်လေးများနှင့် အမျိုးသမီးလေးများ၏ စွဲချက်များသည် ပို၍ပြင်းထန်ကြမ်းတမ်းသော အသုံးအနှုန်းများဖြင့် တိုက်ခိုက်စွဲချက်တင်သွားကြလေသည်။

တချိန်တည်းတွင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ၁၉၆၇-ခုနှစ် ဇူလိုင်လ (၁၅) ရက်နေ့စွဲဖြင့် ခရိုင်အသီးသီးနှင့် မြို့နယ်အသီးသီးသို့လည်း ဗဟိုဌာနချုပ်မှ တိုက်ရိုက်ဆက်သွယ်သည်။ ယင်းသို့ဆက်သွယ်ရာတွင် ဗဟိုဌာနချုပ်သည် တိုင်းအသီးသီးတွင် တာဝန်ယူနေကြသော ဗဟိုကော်မတီလူကြီးများမှတဆင့် ဆက်သွယ်သည်မဟုတ်ပေ။ အချို့သောဗဟိုကော်မတီလူကြီးများကိုမူ အသိပင်မပေးချေ။

ထို့ပြင် ခရိုင်ကော်မတီ မြို့နယ်ကော်မတီ တဦးစီသို့ပင် သခင်သန်းထွန်း ကိုယ်တိုင်လက်မှတ်ထိုး၍ စာများကို ရေးသားပေးပို့ခဲ့လေသည်။

ပဲခူးရိုးမတိုင်းအတွင်းရှိ ခရိုင်များ၊ မြို့နယ်များကို (လူပုဂ္ဂိုလ် တဦးချင်းက အစ) သခင်သန်းထွန်းတို့က တိုက်ရိုက်ခေါင်းဆောင်ကာ တိုင်းကော်မတီကို ဘေးဖယ်ထားခဲ့သည်မှာမူ ကြာခဲ့ပြီဖြစ်သည်။

အထူးသဖြင့် ရဲဘော် စိုးသန်း ခေါင်းဆောင်သော မြစ်ဝကျွန်းပေါ်တိုင်း၊ ရဲဘော်ထွန်းစိန် (ဦးဘာကယ်) ခေါင်းဆောင်သော တနင်္သာရီတိုင်း၊ ရဲဘော်ထွန်းမောင်(ဦးလှ)ခေါင်းဆောင်သောအနောက်မြောက်တိုင်း ရဲဘော်ကျော်မြ ခေါင်းဆောင်သောရခိုင်တိုင်း၊ ဗိုလ်မျိုးမြင့်နှင့် ရဲဘော်တုတ်တို့ ခေါင်းဆောင်သော မြစ်ဖျားဒေသ တိုင်းများ၌ရှိသော ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီများကို သခင်သန်းထွန်း ကိုယ်တိုင်ပင် တိုက်ရိုက်ဆက်သွယ်၍ ဦးစီးရွှေဆောင်နေလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"မကြာသေးမီက စိန်၊ ပိန် (ငွေး၊ ဘတင်) ပြန်လည်ပြင်ဆင်ရေး ဂိုဏ်းကို ချေမှုန်းလိုက်ခြင်းသည် ငါတို့ပါတီ၏ သမိုင်းဝင်အောင်ပွဲတခု ဖြစ်သည်၊ တော်လှန်ရေးတရပ်ဖြစ်သည်။

ရဲဘော်မော်စီတုန်းခေါင်းဆောင်သော တရုပ်ပြည်သူ သန်းပေါင်း (ခုနစ်ရာ)ကလူရှေ့ချိုတို့ဖန်တီးခဲ့သော အတားအဆီးများကို ဖယ်ရှားကာ ဗမာပြည် လက်နက်ကိုင်တော်လှန်ရေးကို အထင်အရှားထောက်ခံလိုက်ခြင်းသည် ဗမာပြည်သူတို့၏ ရောမအောင်ပွဲကြီးဖြစ်သည်။

ရှေ့အဖို့တွင်လည်း အောင်ပွဲကြီးများ ရမည်မှာသေချာသည်။

ငါတို့ကိုယ်ကို ငါတို့ အမိကအားကိုးပြီး ရဲရဲတိုက်ပွဲဝင်ပါက ကေန်မုချအောင်ရမည်။

* မော်က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်အဝွန့်ရှည်ပါစေ။
* ပြန်လည်ပြင်ဆင်ရေးဝါဒကို အပြီးတိုင် တိုက်ဖျက်ချေမှုန်းကြစို့။
* နေဝင်းအစိုးရကို အပြတ်တိုက်ကြစို့။
* ပြည်သူ့ဒီမိုကရေစီအစိုးရ တည်ထောင်ကြစို့။
* ပြည်သူ့လက်နက်ကိုင်တော်လှန်ရေး အနှစ်(၂၀)မြောက်နေ့နဲ့ ပါတီ အနှစ်(၃၀)မြောက်နေ့ကို သမိုင်းဝင်အောင်ပွဲများနဲ့ ကြိုဆိုကြစို့။

သန်း ထွန်း
ဥက္ကဋ္ဌ
ဗဟိုကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

၁၃၂၉-ခု၊ ဝါဆိုလဆန်း(၉)ရက်
၁၉၆၇-ခု၊ ဇူလိုင်လ(၁၅)ရက်

× × ×

ဤသို့ပင် သခင်သန်းထွန်းသည် ခရိုင် အသီးသီးနှင့် မြို့နယ် အသီးသီးသို့ ကိုယ်တိုင်လက်မှတ်ရေးထိုး၍ ပေးပို့ခဲ့လေသည်။

ထို့ပြင် ယင်းပေးစာများကို ဗဟိုဌာနချုပ်မှ တော်လှန်သောတပ်နီလူငယ်များနှင့် တော်လှန်သောအမျိုးသမီးများကိုလည်း "စိန်-ပိန် အငုတ် အတက် သုတ်သင်ရေး လှုပ်ရှားမှု" အတွင်းတွင်ပင် လေ့လာစေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်း၏လက်မှတ်



ဒေသအသီးသီးသို့ သခင်သန်းထွန်းကိုယ်တိုင် လက်မှတ်ရေး ထိုး၍ ပေးသော ပေးစာဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုနည်းအတူပင် သခင်သန်းထွန်းသည် "မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး အနှစ်(၅၀)မြောက်နေ့ မိန့်ခွန်း ဆွေးနွေးပွဲ နိဂုံးချုပ်"အစည်းအဝေးတွင် ပြောကြားသည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အတွေးအခေါ်နှင့် သဘောထားလမ်းညွှန်များကိုလည်း "စိန်-ပိန်-အငတ်-အတက် သုတ်သင်ရေးလှုပ်ရှားမှု" အတွင်းတွင် တော်လှန်သောတပ်နီလူငယ်များအား အကျယ်အပြန့်ပင် ပို့ချ၍သင်ကြားလေသည်။

"ဥပမာ ခုဆိုရင်ဖက်ဆစ်နေဝင်းတို့က ဒီလိုတိုက်နေတယ်၊ ကွန်မြူနစ်ပါတီဟာ တရုပ်ပြည်ပါတီရဲ့နောက်လိုက်၊ တရုပ်ပြည်ပါတီရဲ့ ဗမာပြည်ဌာနခွဲဆိုပြီး ဒီလိုတိုက်နေတယ်၊ ဒီလိုဆဲကြတယ်၊ ဒါက ရုတ်တရက်နားမလည်ရင် ဒါက ခနရှင်အမျိုးသားရေးဝါဒနဲ့ လှုံ့ဆော်ပြီးလုပ်တာဖြစ်တယ်၊ ဗမာပြည် ကွန်မြူနစ်ပါတီဆိုတာ ဗမာပြည်နဲ့သာဆိုင်ရမယ်။ တရုပ်ပြည်နဲ့ မဆိုင်ဘူးလို့ သူတို့က ဒီလိုလာတာကိုး။ ရဲဘော်တို့လဲ တလောကရေဒီယိုက ကြားလိုက်မယ်၊ လက်နက်ချ စောလင်းတို့၊ ဘတုတ်တို့က ကျွန်တော်တို့ပါတီကို တရုပ်ပြည်ပါတီရဲ့နောက်လိုက်ပေါ့လေ၊ တရုပ်ပြည်ပါတီက ခိုင်းတိုင်းလုပ်နေတယ်ပေါ့လေ၊ ဒါက ဗမာစိတ်ပေါ်လာအောင် လှုံ့ဆော်ပြီး တရုပ်မုန်းတီးရေးကနေပြီး တိုက်တာဖြစ်တယ်၊ တကယ်ကျတော့ ကျွန်တော်တို့က ဒီလိုလက်ခံထားတာ ဖြစ်တယ်၊ တနေ့က ကျွန်တော် ပြောတဲ့အထဲမှာလဲပါတယ်၊ ကျွန်တော်တို့ အတွေးအခေါ်ဟာဘာလဲ၊ ကျွန်တော်တို့ရဲ့အတွေးအခေါ်ဟာ မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ဖြစ်တယ်၊ ဒါကအတွေးအခေါ် နံပါက်(၂)က ကမ္ဘာ့တော်လှန်ရေးဌာနချုပ်ဟာ ဘာလဲ တရုပ်ပြည်ဖြစ်တယ်၊ နံပါတ်(၃)က ကမ္ဘာ့တော်လှန်ရေးရဲ့ရှေ့ဆောင်ပါတီဟာ တရုပ်ပြည်ကွန်မြူနစ်ပါတီ၊ နံပါတ်(၄)က ကမ္ဘာ့ ပစ္စည်းမဲ့ခေါင်းဆောင် ကမ္ဘာ့တော်လှန်သူတွေရဲ့ခေါင်းဆောင်ဟာဘယ်သူလဲ၊ ရဲဘော်မော်စီတုန်း ဖြစ်တယ်လို့ ပြောတယ်။

ဒါက ပစ္စည်းမဲ့လူမျိုးစုံ ချစ်ကြည်ရေးဝါဒအရ၊ တော်လှန်ရေးဝါဒအရ၊ ဒီအတိုင်းပဲဖြစ်တယ်၊ ဒီအတိုင်းလဲမှန်တယ်။ ဒီကနေ့ ကမ္ဘာမှာတော်လှန်ရေး လုပ်ချင်ရင် မော်စီတုန်း အတွေးအခေါ်ကို ဆုပ်ကိုင်ထားရမယ်၊ တော်လှန်ရေးမှာက ဌာနချုပ်ရှိရမယ်၊ ကမ္ဘာ့တော်လှန်ရေးရဲ့ဌာနချုပ်ဟာ တရုပ်ပြည်ပဲ၊ ဌာနချုပ်ပါမက ပါတီဆိုရင်လဲ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရွှေဆောင်ပါတီဟာတရုပ်ပြည်ကွန်မြူနစ်ပါတီပဲ၊ လူပုဂ္ဂိုလ်အရလဲရဲဘော် မော်စီတုန်းပဲ၊ အဲဒီတော့ ဒါက တရုပ်နောက်လိုက်တာနဲ့ မဆိုင်ဘူး၊ ပစ္စည်းမဲ့ လူမျိုးစုံ ချစ်ကြည်ရေးဝါဒအရလဲ ဖြစ်တယ်၊ ဗမာပြည်ရဲ့ အကျိုးကိုလိုလားတဲ့ ပြည်ချစ်ဝါဒလဲဖြစ်တယ်။

ဒါကခုမှ ကျွန်တော်တို့ပါတီကို ပြောတာမဟုတ်ဘူး၊ ရဲဘော်စတာလင်ရှိတုံးကလဲ ကျွန်တော်တို့ပါတီကို ရုရှားနောက်လိုက်တွေလို့ ပြောကြတာပဲ၊ အမှန်က ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့မှာ ဘာမှ ထိခိုက်စရာမရှိဘူး။ ဒါဟာ မှန်တယ်ဆိုတဲ့ ရပ်တည်ချက်နဲ့ ခနရှင်အမျိုးသားဝါဒကို တိုက်ခိုက်သွားရမယ်၊ တိုက်ခိုက်ဖို့ရာလိုတယ်၊ ဒါတွေက မဟုတ်တာလို့ ဆော်တာဖြစ်တယ်၊ ရဲဘော်တို့ စဉ်းစားကြည့်ပါ။ ဗမာပြည်မှာ ဘာသာရေး ယုံကြည်တဲ့ လူတွေ အပိုင်း ကြည့် ဗမာပြည် မှာ အကြမ်းအားဖြင့် ဘာသာရေးယုံကြည်တဲ့ လူတွေဟာ ဗုဒ္ဓဘာသာရှိတယ်၊ ခရစ်ယာန်ဘာသာရှိတယ်၊ ဟိန္ဒူဘာသာရှိတယ်၊ မူစလင်ဘာသာရှိတယ်၊ ခရစ်ယာန်တို့ ဟိန္ဒူတို့ မူစလင်တို့ကတော့ ထားပေါ့လေ၊ ဗမာပြည်မှာက ဗုဒ္ဓဘာသာကအများစုဖြစ်တယ်။ ဒီတော့ ဗုဒ္ဓဘာသာဆိုတာ ဘယ်ကလာသလဲ အိန္ဒိယကလာတာ ဂေါတမဗုဒ္ဓဆိုတာ ဘာလဲ အမှန်က ကုလားကြီးဖြစ်တယ်၊ ကျွန်တော်တို့ကျတော့ တကယ်စစ်မှန်တဲ့ မာ့က်စ် လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် ကိုင်စွဲထားတာကို တရုပ်နောက်လိုက်လို့ ပြောတယ်။ ဒီလိုဆိုရင် ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့လူတွေဟာ ကုလားနောက်လိုက်တွေပဲ။”

(မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး အနှစ် (၅၀) မြောက်နေ့ မိန့်ခွန်းဆွေးနွေးပွဲတွင် သခင်သန်းထွန်း၏ နိဂုံးချုပ် မိန့်ခွန်း)။

ဤသည်မှာ ၁၉၆၇-ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် သခင်သန်းထွန်းပြောကြားသော မိန့်ခွန်းပင်ဖြစ်လေသည်။

(မှတ်ချက်။ ။၁၉၆၇-ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် ဗဟိုဌာနချုပ်၌ ပြုလုပ်သော မဟာအောက်တိုဟာ ဆိုရှယ်လစ်တော်လှန်ရေးအနှစ် (၅၀) မြောက်နေ့ သခင်သန်းထွန်း၏ မိန့်ခွန်းဆွေးနွေးပွဲ တွင် သခင်သန်းထွန်း၏ နိဂုံးချုပ်မိန့်ခွန်းကို ဗဟိုဌာနချုပ်မှ မြေအောက်လှုံ့ဆော်ရေးဌာနတာဝန်ခံ ရဲဘော်ထွန်းမြင့် (ရဲဘော်ခင်ရွှေ) က အသံဖမ်းစက်ဖြင့် ဖမ်းယူထားပြီး ယင်းကို သူ၏လက်ရေးဖြင့် ရေးသားထားသည့် အပြည့်အစုံ မိန့်ခွန်းမှဖြစ်ပါသည်။ စာရေးသူ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းမြင့်(ခ)ခင်ရွှေ၏လက်ရေးမှူ

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့သို့ဖြင့် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့တို့သည် "စိန်-ပိန် အငုတ်အတက်သုတ်သင်ရေး လှုပ်ရှားမှု" ကို အထူးအစီအစဉ်ဖြင့် ပြုလုပ်၍ နေလေသည်။

ဤသို့ "စိန်-ပိန်အငုတ်အတက်သုတ်သင်ရေးလှုပ်ရှားမှု" အတွင်းတွင်လည်း အငြင်းပွားမှုများပေါ်ပေါက်လာ၏။ "ဘယ်ဟာကို အငုတ်ခေါ်မလဲ ဘယ်ဟာကို အတက်ခေါ်မလဲ အငုတ်ဖြစ်ဖြစ် အတက်ဖြစ်ဖြစ် ရှင်းပစ်ရမှာပဲ"။ပီကင်းပြန် ရဲဘော်များကမူ"အငုတ်နှင့်အတက်"ကိုခွဲခြား၍ ပြန်လည်ပြင်ဆင်ရေး သမားနဲ့ ပြန်လည်ပြင်ဆင်ရေး အတွေးအခေါ်ရှိသူကို ခွဲခြားကျင့်သုံးသင့်တယ်။ ပြန်လည်ပြင်ဆင်ရေး အတွေးအခေါ်ရှိသူကတော့ ပြန်လည်ပြုပြင်နိုင်စရာ ရှိသေးတယ်။ ပြန်လည် ပြင်ဆင်ရေးသမားဆိုရင်တော့ ခေါင်းမာပြီး ပြန်ပြုပြင်နိုင်ဖို့ မရှိတော့ဘူး" စသည့် အသံစုံထွက်လာတော့သည်။

ပီကင်းပြန်အချို့ကမူ ပြန်ပြင်ရေးအတွေးအခေါ်ရှိသူများကို လူထု၏ ဝေဖန်ရေးတိုက်ပွဲဆင်ပြီး ကယ်တင်ရဦးမည် ဖြစ်သော်လည်း ပြန်ပြင်ရေးသမားများကိုမူ ခေါင်းမာနေပြီဖြစ်သဖြင့် ကယ်၍ရနိုင်ဘွယ်ရာမရှိ ချေမှုန်းပစ်မှသာ ဖြစ်မည်ဟူ၍ တင်ပြလာကြလေသည်။

ထို့ကြောင့်ပင် သခင်သန်းထွန်းသည် ၁၉၆၇-ခုနှစ် နိုဝင်ဘာလ(၂၀)ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်း၌ ကျင်းပသော "ဘတင်ငွေးသုတ်သင်ရေးတိုက်ပွဲနှင့် ပတ်သက်သော နိဂုံးချုပ်" မိန့်ခွန်းကို ပြောကြားလေသည်။

> "ပြန်လည်ပြင်ဆင်ရေးသမား ပြည်တွင်းငြိမ်းချမ်းရေး သမားတွေဖြစ်တဲ့ ပါတီတွင်း သူလျှိုသစ္စာဖောက် ငစိန်-ငပိန်တို့နဲ့ ပတ်သက်လို့တော့ အကျယ်တဝင့် ရှင်းပြခဲ့ပြီးဖြစ်တယ်။ ဒီမှာဆက်ပြီးတော့ ရှင်းမပြတော့ဘူး။ ဒီမှာအရေးအကြီးဆုံးရှင်းပြဖို့ လိုတဲ့သဘောထားကတော့ "စိန်-ပိန် အငုတ်အတက် သုတ်သင်ရေးလှုပ်ရှားမှု"နဲ့ ပတ်သက်တာကိုပဲ အရေးတကြီးရှင်းပြချင်တယ်။
>
> ကျွန်တော်တို့ ကွန်မြူနစ်တွေဟာ အဓိကနဲ့အရံကို မှန်မှန် ကန်ကန် ခွဲခြားတတ်ကြဖို့လိုတယ်။ အခုလှုပ်ရှားမှုမှာလဲ အဓိကနဲ့အရံကို ခွဲခြားဖို့ သိပ်အရေးကြီးတယ်။ ဒါကို တနည်းပြောရင်တော့ ပစ်ကွင်းရှိရှိ မြှားကိုပစ်တတ်ဖို့ ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခု "စိန်-ပိန် အငုတ် အတက် သုတ်သင်ရေးလှုပ်ရှားမှု" ရဲ့ ပစ်ကွင်းဟာ ငပိုင်ကြီးပဲဖြစ်သင့်တယ်။သူက ခေါင်းမာတဲ့ပြန်ပြင်ရေးသမားဖြစ်တယ်။ ဦးလှတို့ ဦးမြတို့ကိုတော့ စိန်-ပိန်ရဲ့ အတက်တွေ၊ပြန်လည်ပြင်ဆင်ရေး အတွေးအခေါ်ရှိသူတွေအဖြစ်နဲ့ပဲ သဘောထားဖို့လိုသေးတယ်။

ဒီပြန်လည်ပြင်ဆင်ရေး အတွေးအခေါ် ရှိသူတွေဟာ မပြင်နိုင်ပဲ ခေါင်းမာတဲ့ ပြန်လည်ပြင်ဆင်ရေးသမား ဖြစ်လာတဲ့အခါကျမှ ကျွန်တော်တို့ဟာ ပစ်ကွင်းရှိရှိ မြှားကိုဆက်ပြီးပစ်တတ်ဖို့ပဲ လိုတော့တယ်။

အခုအချိန်ကစပြီးတော့"စိန်-ပိန်အငုတ်သုတ်သင်ရေးလှုပ်ရှားမှု"ကို မူလအစီအစဉ်အတိုင်းဆက်လက်ပြီး အကောင်အထည် ဖော်သွားမှာဖြစ်တယ်။

စိန်-ပိန်ရဲ့ အငုတ်ကြီးကတော့ ငပိုင်ကြီးပဲဖြစ်တယ်။

တော်လှန်တဲ့တပ်နီလူငယ်တွေ တော်လှန်တဲ့ကေဒါတွေဟာ ရဲငါးရဲ စိတ်ဓာတ်နဲ့ ရဲသုံးရဲစိတ်ဓာတ်ကို အခြေခံပြီးတော့ ငပိုင်ကြီးကို စွဲချက်တင်သွားကြဖို့လိုတယ်။"

ထိုသို့ သခင်သန်းထွန်းသည် "စိန်-ပိန်အငုတ်အတက် သုတ်သင်ရေးလှုပ်ရှားမှု"၏ လမ်းညွှန်ပေါ်လစီကို ရှင်းလင်းပြတ်သားစွာပင် ဖော်ထုတ်၍ ညွှန်ကြားသွားလေသည်။

ထိုအခါတွင် တော်လှန်သောတပ်နီလူငယ်လေးများသည် အလွန်တက်ကြွသော အမူအရာများဖြင့် ကြွေးကြော်သံများကို အော်ဟစ်၍နေကြသည်။

"၅၅ - ဗဟိုကော်မတီတွေကို ထုတ်ပစ်၊ သတ်ပစ်။"

"ပြည်တွင်း ငြိမ်းချမ်းရေးသမားတွေကို ထုတ်ပစ်၊ သတ်ပစ်။"

"ငပိုင်ကြီးကို ထုတ်ပစ်၊ သတ်ပစ်။"

"ဥက္ကဋ္ဌကြီး သခင်သန်းထွန်း သက်တော်ရာကျော်ရှည်ပါစေ၊ ရာကျော်ရှည်ပါစေ။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ဗိုလ်ရန်အောင် သို့မဟုတ် ဦးပိုင်။

၁၉၆၇-ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ဗိုလ်ရန်အောင်အား "**စိန်-ပိန်အငုတ်အတက်သုတ်သင်ရေး လှုပ်ရှားမှု**"၏ အဓိက ထိုးနှက် ချေမှုန်းရာ အဖြစ် သတ်မှတ်လိုက်လေသည်။

ယင်းသို့ သတ်မှတ်လိုက်ပြီးနောက် ဗိုလ်ရန်အောင်အား ဖမ်းဆီး၍ ချုပ်နှောင်ထားလိုက်လေတော့သည်။

ထိုအချိန်တွင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ဗိုလ်ရန်အောင်၏ နိုင်ငံရေး သဘောထားများကို တော်လှန်သော တပ်နီလူငယ်များအား နည်းမျိုးစုံဖြင့် ရှင်းလင်းကြသည်။ တင်ပြကြသည်။

ယင်းသို့ သခင်သန်းထွန်းတို့၏ ရှင်းလင်းတင်ပြချက်များကို ကြားသိရလျှင် တပ်နီလူငယ်များသည် ဗိုလ်ရန်အောင်အပေါ်တွင် အလွန်ပင် ဒေါသထွက်ကြ၏။ သစ္စာဖောက်ကြီးဟုဆိုကာ ကြိုးနှင့် အထပ်ထပ် ချည်နှောင်ထားသော ဗိုလ်ရန်အောင်အား ခြေသောက်နှင့်ကန်ကြ၏။ တံတွေးဖြင့်ထွေးကြလေသည်။

"ငပိုင်ကြီးဟာ၊ ၆၄-လမ်းစဉ်ကို ဆန့်ကျင်တယ်။
၅၅-ပြည်တွင်းငြိမ်းချမ်းရေး သမားကြီးဖြစ်တယ်။
သစ္စာဖောက်တဲ့ အာဏာသုံးမျိုး သမားကြီးဖြစ်တယ်။
စိန်-ပိန်ဂိုဏ်းဝင်ဖြစ်တယ်။ စိန်-ပိန်တို့ထက်တောင် ပိုဆိုးသေးတယ်။"

ဤသို့သော စွဲချက်များကိုတင်၍ ဗိုလ်ရန်အောင်အပေါ် အလွန်ပင် အခဲမကြေဖြစ်နေကြ၏။ နေ့စဉ်နှင့်အမျှ သတ်ချင်ဖြတ်ချင် ဖြစ်နေကြလေသည်။

အမှန်စင်စစ်အားဖြင့် ဗဟိုဌာနချုပ် စခန်းတွင်ရှိသော တော်လှန်သော တပ်နီ လူငယ်လေးများနှင့်တော်လှန်သောကေဒါများသည် ဗိုလ်ရန်အောင်၏ တကယ့်နိုင်ငံရေး ရပ်တည်ချက်ကို မည်သူမျှ မသိရှိကြချေ။

ထိုအချိန်တွင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့်တော်လှန်သောနိုင်ငံရေး ဦးဆောင်အဖွဲ့သည် ဗိုလ်ရန်အောင်၏နောက်ဆုံးတကယ့်နိုင်ငံရေး အယူအဆ ရပ်တည်ချက်နှင့် ယုံကြည်ချက်တို့ကို လုံးဝပင်ဖုံးကွယ်၍ ထားကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ရန်အောင် (ခ) ဦးပိုင်

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်ဗိုလ်ရန်အောင် (ခ) ဦးပိုင် ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ကြောင့်ပင် ဗိုလ်ရန်အောင်၏ နောက်ဆုံး တကဲ့နိုင်ငံရေး အယူအဆ ရပ်တည်ချက်နှင့် ယုံကြည်ချက်တို့ကို ဗိုလ်ရန်အောင် ကိုယ်တိုင်ပင် ရေးသား၍ နိုင်ငံရေး ဦးဆောင်အဖွဲ့သို့ တင်ပြထားသည့်....

"ပစ္စည်းမဲ့အာဏာရှင်စနစ်လော ပူးတွဲအာဏာရှင်စနစ်လော"

"အာဏာပြဿနာနှင့် ပတ်သက်၍ ၁၃-၅-၆၆ ဗိုဟ် (ပေါလစ်ဗြူရိုအဖွဲ့) အစည်းအဝေးတွင် ရဲဘော်ဗိုလ်ရန်အောင်၏ တင်ပြချက်"

စာတမ်းကြီးကိုမူ တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့၏ "ထိပ်တန်းလျှို့ဝှက်ချက်" အဖြစ်ဖြင့် တော်လှန်သော ဗဟိုဌာနချုပ်ရုံးအုပ် ရဲဘော်ညိုကိုယ်တိုင်ပင် အထူးလျှို့ဝှက်စွာထိန်းသိမ်း၍ထားခဲ့လေသည်။

ဗိုလ်ရန်အောင်၏ တင်ပြချက်မှာ ဤသို့ဖြစ်လေသည်။

"ပစ္စည်းမဲ့အာဏာရှင်စနစ်လော"

"ပူးတွဲအာဏာရှင်စနစ်လော"

"အာဏာပြဿနာနှင့်ပတ်သက်၍ ၁၃-၅-၆၆ ဗိုဟ်(ပေါလစ်ဗြူရိုအဖွဲ့) အစည်းအဝေးတွင် ဗိုလ်ရန်အောင်၏ တင်ပြချက်။

ကျွန်တော့်တင်ပြချက်ကို အောက်ပါခေါင်းစဉ်အရတင်ပြသွားပါမယ်။

(၁) နိဒါန်း။

(၂) ၅၅-အာဏာဆုံးဖြတ်ချက်ကိုချေပခြင်း။

(က) နိုင်ငံတော်ပြဿနာနှင့် ပူးတွဲအာဏာရှင်စနစ်ပြဿနာ

(ခ) တော်လှန်ရေးအဆင့်ပြဿနာ။

(ဂ) လက်တွေ့နှင့်မှတ်ကျောက်တင်ခြင်း။

(ဃ) ၅၅-လမ်းစဉ်နှင့်ဆက်စပ်၍သုံးသပ်ခြင်း။

(င) သဘောတရား တိုက်ပွဲ၏အနုပဋိလောမနည်းနာ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခန်း (၁) အခုနိဒါန်းကိုစပြောပါမယ်။

(က) ကျွန်တော့်သဘောထားအတိုချုပ်ကိုပြောရရင် ဥက္ကဋ္ဌတင်ပြချက် စာတမ်းကို ကျွန်တော်လုံးဝထောက်ခံပါတယ်။

လုံးဝဆိုတာကတော့ အာဏာနှစ်မျိုးဆိုတာကိုရော ၅၅-ဆုံးဖြတ်ချက်ကိုချက်ခြင်း ရုပ်သိမ်းပစ်ဖို့ဆိုတာပဲဖြစ်တယ်။

ဒီသဘောတရားတိုက်ပွဲမှာ အမှန်အမှား ပထမ စည်းခြားပြီးတဲ့နောက်ဒီသဘောတရားတိုက်ပွဲအကြောင်းဖြစ်စဉ်ကိုပြောလိုပါတယ်။

ဒီအာဏာပြဿနာတိုက်ပွဲဟာ ကျွန်တော့်အဖို့ကတော့ အသစ်အဆန်း မဟုတ်ပါဘူး၊ ၁၉၅၅-ခုနှစ်ကထဲကပဲ (၁၂)နှစ်တိုင် တိုက်ခဲ့ရတဲ့တိုက်ပွဲဖြစ်ပါတယ်။

ဒီတော့ ၅၅-အာဏာပြဿနာနဲ့ ဆက်စပ်နေတဲ့ ၅၅-တုံးက ကျွန်တော်ရဲ့ တိုက်ပွဲတခုလုံး ပုံသဏ္ဌာန်ကို နဲနဲမိတ်ဆက်ပေးထားချင်ပါတယ်။ ဒါမှသာ(၅၅)အာဏာပြဿနာနဲ့ ဆက်စပ်နေတဲ့တိုက်ပွဲ တခုလုံးရဲ့ပုံသဏ္ဌာန်ကိုမြင်ထားနိုင်ပါလိမ့်မယ်။

၅၅ - လမ်းစဉ် မထွက်လာမီ ၅၅ - ဗဟိုကော်မတီမှာ တက်ရောက်စကားပြောခွင့်တောင်းပြီး ပါတီထဲက လက်ျာအချောင် သမားတွေရဲ့ အန္တရာယ်ကို သတိထားကြဖို့ တင်ပြအကြံပေးခဲ့ပါတယ်။

၅၅ - လမ်းစဉ် ထွက်လာလာချင်းပဲ။

(၁) အာဏာ ၂ - မျိုးဖြစ်ရမယ်၊ ၅၅ - အာဏာ ဆုံးဖြတ်ချက်ရုပ်သိမ်းရမယ်။

(၂) ဥပဒေတွင်းဝင်ရေး ဆုံးဖြတ်ချက်ကို ပြန်လည် ရုပ်သိမ်းရမယ်။

ဆိုပြီး တောင်းဆိုတိုက်ပွဲ ဝင်ခဲ့ပါတယ်။

လမ်းစဉ် အစီရင်ခံပွဲမှာ ဒီတိုက်ပွဲဟာပိုပြီး အသေးစိတ်လာပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၅၅ - နိုင်ငံရေးလမ်းစဉ်ရဲ့ နိုင်ငံရေးလွတ်လပ်မှုကို လိုအပ်တာထက် ပိုကားချဲ့တာ။

ဓနရှင်ပါလီမန်နဲ့ ဓနရှင် ဒီမိုကရေစီ အလှချယ်တာ။

တော်လှန်ရေးကျဆင်းမှု လူထုထောက်ခံမှုကို လျှော့တွက်ရင်း လက်နက်ကိုင် တိုက်ပွဲ ရုပ်ဝတ္ထု အခြေအနေ မရှိတော့ သလောက် ဖော်တာ။

ကျဆင်းရတာဟာ ရုပ်ဝတ္ထုကြောင့် အဓိကလို့ ပုံချ အပစ်ဖို့ ခဲ့တာ။

ပြောက်ကျားစစ်နဲ့ မဖြစ်တော့လို့ ဥပဒေတွင်း ကူးပြောင်းဖို့ ဆိုတာ။

ဥပဒေတွင်း ဦးတည်ရေး အတိုက်အခံ အဖြစ်နေရေးဆိုတာ။

ငြိမ်းချမ်းရေး ကြွေးကြော်သံကို လက်တွေ့ အကောင် အထည် ဖော်ဖို့၊ ဥပဒေတွင်း ဝင်ရေးအတွက်ဆိုတာ။

လက်နက်ကိုင် တိုက်ပွဲအဓိကမဟုတ်၊ အင်တူအားတူဆိုတာ။

အလံနီနဲ့ ညီညွတ်မှ အောင်ပွဲခံမယ်၊ သော့ချက်ဆိုတာ။

လူမျိုးစုပေါ်လစီမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မကြွေးကြော်ပဲ တန်းတူရေးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး ဆိုတာ။

ရေရှည်စစ်ကို ဖျက်သိမ်းဖို့လုပ်ခဲ့တာ။

စစ်ရဲ့ရည်ရွယ်ချက်ဟာ ငြိမ်းချမ်းရေးရဖို့ အကြပ်ကိုင်ဖို့ဆိုတာ။

ဓနရှင် အစိုးရရဲ့ ပြုပြင်ရေး လုပ်ငန်းတွေကို ပိုတွက်ခဲ့တာ တွေကို အပြင်းအထန် တိုက်ခိုက်ရင်း လက်မခံခဲ့ပါ။

တချိန်ထဲမှာဘဲ။

ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသား လွတ်လပ်ရေး၊ အလံ (၃) လက်ကိုင်ဆွဲတာ၊ တိုက်ပွဲ (၂) ရပ် ပေါင်းစပ်တာ၊ ငြိမ်းချမ်းရေးကို ဝါဒဖြန့်ချိရေး သဘောနဲ့ လွတ်လပ်ရေးနဲ့ ဒီမိုကရေစီ အတိုင်းအတာအရ ရှိတာတွေကို တစုံတရာသဘောနဲ့ လက်ခံခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃)လ စဉ်းစားဖို့ အချိန်တောင်း ခွင့်ယူခဲ့ပြီး၊ အကြိမ်(၂၀) မြောက် ကွန်ဂရက်အစီရင်ခံစာကို အထပ်ထပ်ဖတ်ရင်း ကိုယ်တဦး ထဲမကြိုက်ပေမဲ့ နိုင်ငံတကာလူမျိုးစုံ စိတ်ဓာတ်နဲ့ကိုယ့်ကိုယ်ကိုဆုံးမပြီး "ငါမကြိုက်ပေမဲ့လက်ခံပြီးလုပ်ကြည့်ဦးမယ် "လို့ သဘောထားနဲ့ဆက် လက်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ လမ်းစဉ်ကိုလက်ခံရင်း လုပ်ရင်း ကိုင်ရင်း ပဲ၊ တစုံတရာ လက်ျာကျခဲ့မှု၊ ငြိမ်းချမ်းရေးစိတ်ကူးယဉ်မှုကတော့ ဝင်ခဲ့ပါတယ်။ ဒါ ကို ဗဟိုကော်မတီကျမှပဲ၊ ကိုယ့်ကိုကိုယ် ဝေဖန်ရေးလုပ်ပြီး တင်ပြပါ မယ်။

ယခင်ဦးနု ဖဆပလအစိုးရကလဲ၊ ၁၉၅၂-ခုနှစ်ကစပြီး "ပြည်တော် သာဆိုရှယ်လစ်နိုင်ငံ " တည်ထောင်ဖို့ စီမံကိန်းကြီးတွေနဲ့ လိမ်ခဲ့ပါ တယ်။ ဒါပျက်သွားပြီးနောက် ဗိုလ်နေဝင်း စစ်တပ်ပြုရိုကရက်ခေနရှင် အစိုးရကလဲ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုပြီး "**မဆလဆိုရှယ်လစ်**"နဲ့အ သစ်တဖန်မှိုင်းတိုက် လိမ်လည်နေပါတယ်။ မာ့က်စ်ဝါဒသမားအမည်ခံ တွေ၊ လက်ဝဲသမားဆိုသူတွေဟာ အခု"**ခွေးကတက်မှာ အလျှားမှောက် ပြီး၊ စစ်ဘိနပ်ကို လျှာနဲ့လျက်နေကြပါပြီ။**"

ဒီနေ့နိုင်ငံတကာက၊ ခရုးရှော့ဖ်၊ တီးတိုး၊ တိုဂလီယာတီတို့ ရယ်။

ပြည်တွင်းက သိန်းဖေ၊ ချမ်းအေး၊ သခင်ချစ်မောင်၊ ဘငြိမ်း၊ သိန်းတန်၊ ချစ်လှိုင်၊ တင်မြ....စတဲ့ ဥပဒေတွင်းက ပြန်ပြင် ရေးသမားတွေ ပါတီသစ္စာဖောက်တွေရယ်။

ပါတီထဲမှာ ကွန်မြူနစ်ဝါဒ အလံနီကြီးကိုရွှီထားပြီး အလံနီ ကြီးကိုဆန့်ကျင်တဲ့တတိယလမ်းဝါဒသမားတွေရယ်၊ သူတို့အား လုံးဟာ ဝန်ရိုးတန်းတခုထဲမှာရပ်တည်နေကြတယ်။ ဒီ(၃)မျိုး မှာ အရေးအကြီးဆုံး တိုက်ပွဲဝင်ရမှာကတော့၊ ပါတီထဲကအလံ နီကြီးကို ရွှီထားတဲ့ အချောင်သမားတွေပါပဲ။ နေဝင်းရဲ့မဆလ ဆိုရှယ်လစ်အတုနဲ့ တကယ့်မာ့က်စ်ဝါဒ ဆိုရှယ်လစ်အစစ်ကိုလဲ စည်းခြားပစ်ရပါလိမ့်မယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခနရှင်လူတန်းစားအစိုးရကလွန်းထိုးသလိုပြုပြင်ရေးတွေကိုတချပြီး တခုလုပ်ပြနေလို့ ပါတီထဲကပြုပြင်ရေးသမားတွေဟာ "အူမြူး ဂျိုကြွ" ကြတာဟာမဆန်းပါဘူး။ တချိန်ထဲမှာ ပြည်တွင်း(၁၈)နှစ် လက်နက်ကိုင် တိုက်ပွဲဟာ အလွန် ပြင်းထန်လာရင်း အရှေ့တောင်အာရှမှာ အမေရိကန်ရဲ့ ဗီယက်နမ်စစ်ကလဲ တနေ့တခြားပိုမိုတင်းကြပ် ပြင်းထန် လာနေတဲ့သမိုင်းကွေ့ကို ရောက်လာနေတယ်။

ဒီတတိယလမ်းကို ၅၅-ဆုံးဖြတ်ချက်အရ လက်တွေ့ဗမာပြည်မှာ စမ်းသပ်ခဲ့ပါတယ်။ "**အာဏာသိမ်းရေး ဥပဒေတွင်းဝင်ရေးအတိုက်အခံ (ခွေးကတက်က)နေရေး**" ခနရှင်နဲ့ပူးပေါင်းရေးလမ်းပဲ ပါလီမံလမ်း လဲဖြစ်တယ်။

ဒါကို ပြည်သူ့ရဲဘော်ရခိုင် ဦးစိန္ဒာ၊ မွန်အောင်ထွန်းတို့က လုပ်ပြခဲ့ ကြပြီးပါပြီ။ ရလာဒ်ကတော့ သူတို့အားလုံးပျက်စီးကျဆုံးခဲ့ကြတာက တော့လက်တွေ့ပါပဲ၊(၁၂)နှစ်ကြာခဲ့တဲ့ ဒီရုပ်ဝတ္ထုဟာ လွန်စွာပဲခေါင်း မာလှပါတယ်။ ဒီသွေးနဲ့ရင်းခဲ့ရတဲ့ သင်ခန်းစာကို ဘာကြောင့် ငြင်း နေကြတာလဲ။ အသေအလဲ တိုက်နေရတဲ့ မျက်မှောက် တော်လှန်စစ် ဘဝကို ဘာကြောင့် မေ့ချင်ရတာလဲ။

ချုပ်ရင် ၅၅-အာဏာ ဆုံးဖြတ်ချက်ဟာ တတိယ လမ်းတရားထူ ထောင်ရင်း၊

> လက်နက်ကိုင်တိုက်ပွဲကို ဖျက်သိမ်းဖို့၊ ဥပဒေတွင်းဝင်ဖို့၊
>
> ခနရှင်အစိုးရကိုမတိုက်ဖို့၊ ဖြုတ်မချဖို့၊ အာဏာမသိမ်းဖို့၊
>
> အဆုံးတိုင်ကုန်စင်ပြတ်သားအောင် ဆက်လက် မတော်လှန်ဖို့ပဲ ဖြစ်ပါတယ်၊ ဒီတတိယလမ်းအမြင်ဟာ ဖောက်ပြန်လှပါတယ်။

ဗမာ့ပုံစံနဲ့ပေါ်ခဲ့တဲ့ ပြန်ပြင်ရေးဝါဒဟာ ခေတ်မှီရုံသာမက ခရုး ရှော့ဖ်တို့ထက် ဝါရင့်ပါတယ်။ ၁၉၄၅-ခု၊ ဘရောက်ဒါကထဲက တဆက် ထဲ ၄၇-၄၈-၅၁ စတဲ့ တော်လှန်ရေးရဲ့ကွေ့တိုင်းမှာ တရစ်စီပေါ်လာ ရင်း ၅၅-ခုနှစ်မှာ ခရုးရှော့ဖ်နဲ့ (၂၀)ကြိမ်မြောက် အကူအညီရပြီး သရဖူဆောင်းခဲ့၊ အတောင်အလက်စုံလင်ခဲ့တာပဲ ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီနေရာမှာ ၅၅-အာဏာအယူအဆဟာ ပြည်တွင်းမှာသာမက နိုင်ငံတကာပြန်ပြင်ရေးအယူအဆတွေနဲ့လဲ ဆက်နေတာတွေ့ရပါတယ်။

၅၇-၅၈-၅၉ လောက်အထိ၊ ဗမာပြည်တော်လှန်ရေးမှာ အမှောင်ထုကြီးကျပြီး၊ ကြီးမားလှတဲ့ အံ့မခန်းလိလိ စွန့်လွှတ်ဆုံးရှုံးခဲ့ရမှုတွေနဲ့တန်ဘိုးပေးဆပ်ခဲ့ရပါတယ်။ ဒီတော်လှန်ရေး(၁၈)နှစ်ကျော် ကြာညောင်းခဲ့တာ မတိုးတက်ရတာဟာလဲ၊ ဒီပြန်ပြင်ရေး အတွေးအခေါ်ကြောင့်ပဲဖြစ်ပါတယ်။ ဒီအချောင်သမားဝါဒကို တောထုတ်မပစ်ပဲ၊ ပြတ်ပြတ်တောက်တောက်တိုက်မပစ်ဘဲ၊ တော်လှန်ရေးဟာ သဘာဝကျစွာ ရှေ့သို့မတိုးတက်နိုင်ပါ။

၅၅-အာဏာဆုံးဖြတ်ချက်ဟာ ရပ်တည်ရေးအမှား ဆိုရုံနဲ့မပြီးသေးပါဘူး။ တခါတရံ ရပ်တည်မှုလွတ်တဲ့အမှားမျိုး (ဥပမာ—၁၉၄၆-မှာ သိန်းဖေကို ဘုရင်ခံ အမှုဆောင်အဖွဲ့ထဲဝင်ခိုင်းခြင်း) မျိုးလဲ မဟုတ်ပါဘူး။ တချိန်ထဲမှာ သူချည်းသက်သက်ကွက်ကြည့်လို့လဲမဖြစ်ပါဘူး။ တဆက်ထဲမှာပဲ မာ့က်စ်လီနင်ဝါဒရဲ့ "အခြေခံအရင်းအမြစ်၊ အရင်းခံအကျဆုံး"တရားကိုစွန့်တာနိုင်ငံတကာပြန်ပြင်ရေးနဲ့ ခေတ်ပြိုင်ဗမာပြည်မှာပေါ်ပေါက်နေတာနဲ့လဲ ဆက်စပ်ကြည့်ရပါမယ်။ ဒီအာဏာ(၃) မျိုးဆုံးဖြတ်ချက်ကို ပန္နက်ရိုက်ပြီး ၅၅-လမ်းစဉ် ပေါ်လာတာဖြစ်ပါတယ်။ ၅၅-လမ်းစဉ်ဟာ ပစ္စည်းမဲ့လူတန်းစားပါတီနဲ့ ပစ္စည်းမဲ့တော်လှန်ရေးကိုစွန့်ပြီး "တိုက်ပွဲအသွင်ကူးပြောင်းရေး" ဆိုရင်း (၂)ချက်နဲ့ လက်နက်အပ်အညှံ့ခံအလင်းဝင်ရေးဆိုတဲ့ အမှားအထိလဲ ဖြစ်ပေါ်ခဲ့ရပါတယ်။ ၅၅-ဆုံးဖြတ်ချက်တွေအားလုံးရဲ့ ခေါင်ချုပ်ဟာ အာဏာပြဿနာပဲလို့ ဥက္ကဋ္ဌစာတမ်းမှာဖော်ပြထားပါတယ်။

နောက်ပြီး၊ ဘရောက်ဒါဝါဒတုံးကလို (၂-နှစ်) ငြိမ်းချမ်းရေးညွန့်ပေါင်း အစိုးရတုံးကလို ၄-၅နှစ်မျှသာ ဖြစ်ပေါ်ခဲ့တာမဟုတ်ပဲ အစဉ်တစိုက်တည်း (၁၂)နှစ်လုံးလုံး ပါတီရဲ့တရားဝင်ပေါ်လစီလဲဖြစ်ခဲ့ပါတယ်။ လက်နက်ကိုင်တိုက်ပွဲ(၁၈)နှစ်မှာ(၁၂)နှစ်လုံးလုံး အချိန်ကာလကြာညောင်းစွာ ပေါ်ပေါက်ခဲ့ပြီး အလွန်ကြီးမားလှတဲ့ဆုံးရှုံးမှုတွေနဲ့ တန်ဘိုးပေးခဲ့ရပါတယ်။ ဗမာပြည်တော်လှန်ရေး ဒီလောက်ကြာရှည်ရတာ ခါးသီးစွာအလူးအလိမ့် ခံစားခဲ့ရတာတွေ လို့ အပ်တာထက်ပိုပြီး ဆုံးရှုံးခဲ့ရတာတွေဟာ ဒီပြန်ပြင်ရေးဝါဒကြောင့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါပဲ။ ပြည်သူ့ရဲဘော်ပါတီဟာ ဒီပြန်ပြင်ရေးဝါဒကို လက်ခံကျင့်သုံးမိလို့ ကျဆုံးပျက်စီးသွားခဲ့ရပါတယ်။

ဘရောက်ဒါဝါဒတုံးကရော ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ်တုံးကပါ၊ ပြန်ပြင်ရေးအမှား ဖြစ်ပေါ်ခဲ့ပေမဲ့ ပစ္စည်းမဲ့ လူတန်းစားပါတီအခန်း၊ ပစ္စည်းမဲ့အာဏာရှင်စနစ် အခန်းကို တရားဝင်စွန့်လွှတ်တာမရှိခဲ့ပါဘူး။ အင်္ဂလိပ်နယ်ချဲ့ကိုလက်နက်ကိုင်ပြီး ဆက်မတော်လှန်ဖို့နဲ့ အုပ်စိုးသူဓနရှင်အစိုးရနဲ့စေ့စပ်ပူးပေါင်းဖို့ဆိုတဲ့ အကြမ်းဖက်တော်လှန်ရေးအခန်းကို စွန့်လွှတ်ခဲ့တာပဲ ဖြစ်ပါတယ်။ ၅၅-လမ်းစဉ်ကျမှ မာ့က်စ်ဝါဒရဲ့ အရင်းခံအကျဆုံးဖြစ်တဲ့ ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို တရားဝင်စွန့်ခဲ့တာဖြစ်တယ်။ ဒါတင်မက၊ ၅၅-အာဏာသုံးဖြတ်ချက်နဲ့ ၅၅-နည်းပရိယာယ်လမ်းစဉ်ဟာ အတောင်အလက် စုံစုံလင်လင်နဲ့ပေါ်ပေါက်ခဲ့ပြီး၊ ပစ္စည်းမဲ့(အကြမ်းဖက်)ကိုပါ စွန့်လွှတ်ခဲ့တဲ့အတွက် ပြန်ပြင်ရေးဝါဒ(တစုံ)ဖြစ်လာပါတယ်။

နောက်ပြီး ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ်ဟာ ပြည်တွင်းသဘောသက်သက်ဖြစ်ခဲ့တယ်။ ဘရောက်ဒါဝါဒဟာလဲ အိန္ဒိယနဲ့ဗမာပြည်၊ ကမ္ဘာ့ပါတီတချို့မှာသာ ဝင်ရောက်ခဲ့တာ ဖြစ်တယ်။ အခုနှစ်ဆယ်ရာစုရဲ့ (၆၀)နဲ့(၇၀)ဆယ်စုခေတ် ခရုးရှော့ဖ်ဝါဒကတော့ ဆိုဗီယက်ယူနီယံနဲ့ ကမ္ဘာ့ဆိုရှယ်လစ်စခန်းကြီး (တရုပ်ပြည်နဲ့ အယ်လ်ဘေးနီးယားမပါ)သာမက၊ ကမ္ဘာ့ကွန်မြူနစ်ပါတီအများစုမှာ ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ခဲ့တာလဲ ဖြစ်လို့ အန္တရာယ်ဟာ အလွန်ကြီးလှပါတယ်။ ခရုးရှော့ဖ်ဝါဒဟာ ဗမာပြည်တော်လှန်ရေးကိုလဲ ဂယက်ရိုက်ခဲ့ပါတယ်၊ အတောင်အလက်စုံအောင်လဲဖြစ်စေခဲ့တယ်။

ဒါပေမဲ့ ခရုးရှော့ဖ်ဝါဒမပေါ်ခင်ကထဲက ဗမာပြည်မှာ ပြန်ပြင်ရေးဝါဒဟာ ပေါ်ပေါက်နေပြီဖြစ်လို့ အတွင်းခံအကြောင်းတရားဟာ အဓိကအကြောင်း ဖြစ်ခဲ့တယ်၊ (၄၅)ဘရောက်ဒါ (၄၈) သိန်းတန်၊ အောင်မင်း၊ ညွန့်အောင်ဝါဒ (၅၁)ငြိမ်းချမ်းရေး ညွန့်ပေါင်း အစိုးရလမ်းစဉ်နဲ့ (၅၅) ငြိမ်းချမ်းရေး၊ ဥပဒေတွင်း ဝင်ရေးလမ်းစဉ်အထိ တနွယ်ငင်တစင်ပါသလို၊အဆက်အစပ်ရှိစွာတစတစရင့်မှည့်လာပြီး၊ ကာလရှည်ကြာစွာ ပေါ်ခဲ့တာဖြစ်တယ်။ အခု ထူးခြားတာကတော့ ဒီပြည်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွင်းပြန်ပြင်ရေးဝါဒဟာ နိုင်ငံတကာ ပြန်ပြင်ရေးဝါဒကြီးနဲ့ဆက်စပ်နေတဲ့အချက်ပါပဲ။

နိုင်ငံတကာ ပြန်ပြင်ရေးဝါဒနဲ့ စံချိန်မှီမှီ၊ ခေတ်မှီမှီ ပေါ်လာခဲ့တဲ့ ဗမာ့ပုံစံ ပြန်ပြင်ရေးဝါဒတစ်ခုအဖြစ် သဘောထားမှဖြစ်မယ်။ ဒီပြန်ပြင်ရေးဝါဒကို အမြစ်ပါနှုတ်မပစ်နိုင်ပဲ၊ အပြတ်တိုက်မပစ်နိုင်ပဲ ဗမာပြည်တော်လှန်ရေးဟာ သဘာဝကျကျ ရှေ့သို့ တိုးတက် ဖြစ်ပေါ်မလာနိုင်ပါဘူး။

ဒီဗမာ့ပုံစံ ပြန်ပြင်ရေးဝါဒကို မတိုက်နိုင်ရင် တော်လှန်ရေးဟာ အောင်ပွဲမခံနိုင်ရုံသာမက ပါတီရဲ့ လက္ခဏာဟာလဲ လျော့ကျ ပျက်စီးသွားမဲ့အန္တရာယ်ကြီးနဲ့လဲ ရင်ဆိုင်နေရပါပြီ။ (၁၈)နှစ် လက်နက်ကိုင်တော်လှန်ရေးကြီးဟာ မရှုမလှ ကျဆုံး ပျက်စီးတော့မဲ့ အန္တရာယ်နဲ့လဲ ရင်ဆိုင်ခဲ့ရပါပြီ။ ကျွန်တော်တို့ဟာ (၁၂)နှစ် လုံးလုံး အသေအလဲ လက်နက်ကိုင်တိုက်ခဲ့ရငမဲ့ အခု ကိုယ့်ဘဝကို ပြန်ဆန်းစစ်လိုက်တော့ မာ့က်စ် ဝါဒသမား၊ တော်လှန်ရေးသမား မဟုတ်ပဲ၊ ပြုပြင်ရေးသမားတယောက်ဖြစ်နေတာ၊ ဖိုးသူတော် ဖြစ်မှန်းမသိ ဖြစ်နေတာကို တွေ့မြင်လာရပါတယ်။ ဒါဟာ အလွန်ကြက်သီးမွေးညှင်းထစရာဖြစ်ရပ်ပါပဲ၊ အလွန်ပဲတုံလှုပ်မိပါတယ်။

ဒီတော့ ဒီ ၅၅ - အာဏာအမှားကြီးကို ပြတ်ပြတ်တောက်တောက် စွန့်ပစ်ရဲရပါလိမ့်မယ်။ လမ်းခွဲပစ်ရမယ်၊ ပိုင်းပိုင်း ဖြတ်ဖြတ်ကြီး ပြုပြင်ကြမှ တာဝန်ကျေလိမ့်မယ်။

ဒီအမှားကို ဘယ်လိုပြင်မလဲ ခပ်တိုတိုပဲပြောထားချင်ပါတယ်။
ရပ်တည်မှုဆိုင်ရာကို ရှေးဦးစွာပြင်ရမယ်။

ဒီအမှားကိုပြင်ဖို့ဆိုရင် ခေါင်းဆောင်တွေအနေနဲ့ ရပ်တည်မှုကို မှန်ကန်အောင် ပထမလုပ်ဖို့လိုအပ်တယ်။ (ရပ်တည်မှုကို မပြင်ပဲဘာမှ လုပ်မရပါ)။

ကိုယ့်ကိုကိုယ်ဝေဖန်ရေးလေးလေးနက်နက်လုပ်ရမယ်။

ဒီဗမာ့ပုံစံပြန်ပြင်ရေးဝါဒကို အပြုတ်တိုက်ပစ်ရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခြေခံတရားတွေကို အခိုင်အခန့်ပြန်လည် ထူထောင်ရမယ်။

မာ့က်စ်ဝါဒကိုအသစ်တဖန် ပြန်လည်လေ့လာရမယ်။

ပေါ်ပင်တွေထက် အခြေခံကျမ်းတွေ မူတွေကို အလေးအနက် ပြန်လည်လေ့လာရမယ်။

အနုပဋိလောမရုပ်ဝါဒကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေး ကျင့်သုံးရမယ်။

လူတန်းစားအသိကို မြင့်မားလာစေပြီး လူတန်းစားရပ်တည်မှုကို ခိုင်ခန့်လာစေရမယ်။

ဒီလို မာ့က်စ်ဝါဒ အခြေခံတရားတွေ ပိုင်နိုင်ပြီး ပစ္စည်းမဲ့ လူတန်းစားရပ်တည်မှု ခိုင်ခန့်လာရုံနဲ့ မပြီးသေးပါဘူး။

နည်းနာဆိုင်ရာ မှာလဲ မှန်ဖို့လိုပါတယ်။

လူထုလမ်းစဉ်လုပ်ဟန်တရပ်ကိုပါတီတရပ်လုံးလေ့ကျင့်ပိုသွင်းပေးဖို့လိုအပ်ပါတယ်၊ အခုလိုအမိန့်ပေး လုပ်ဟန်နဲ့တော့ မဖြစ်တော့ပါ၊ အစီအစဉ်နဲ့ စနစ်ကျတဲ့ လှုပ်ရှားမှုနဲ့လုပ်သွားရမယ်။

လူထုလမ်းစဉ် လုပ်ဟန်တရပ်မရှိပဲ သဘောတရားနဲ့ လက်တွေ့ပေါင်းစပ်ရေးဟာ မဖြစ်နိုင်ပါဘူး။

လက်တွေ့မှသဘောတရား သဘောတရားမှတဖန်လက်တွေ့သို့ဆိုတဲ့စက်ဝိုင်းမလည်ပတ်ပဲနဲ့ ခေါင်းဆောင်မှု အခန်းဟာ တာဝန်မကျေနိုင်ပါဘူး၊ အာဏာကိစ္စမှာမှန်ရုံနဲ့လဲ မလုံလောက်သေးပါဘူး (လက်တွေ့သဘောတရား၊ ထပ်မံလက်တွေ့) ဆိုတဲ့ စက်ဝိုင်းဟာ အဆက်မပြတ် လည်ပတ်နေရပါမယ်။

မာ့က်စ်ဝါဒသဘောတရား မြှားနဲ့ဗမာပြည်စက်ကွင်းကိုပစ်လို့ထိမှန်မှသာ အသက်ပါတဲ့အတွေးအခေါ် ဗမာမာ့က်စ်ဝါဒဟာ ရှင်သန်ကြီးထွားလာနိုင်မှာ ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တဆက်ထဲ ပီဘီ(ပေါလစ်ပြူရိုအဖွဲ့)ကို ဝေဖန်လိုပါတယ်။

၅၅-တုံးက ရဲဘော်ချစ်နဲ့ ဌေးတို့ဟာ မူလက အာဏာ (၂)မျိုး ဖက်ရပ်တည်တိုက်ရင်း (၆)လလောက် အပြင်းအထန် တိုက်ပြီး ကြိတ်ချေပြီးမှ ရဲဘော်ဘတင်တို့ရဲ့ (၃)မျိုးဆိုတဲ့အယူအဆကိုပြောင်း လဲလက်ခံကြတာဖြစ်တယ်။

အခုစားပွဲပေါ်မှာလဲ(၃-မျိုး)ဖက်ကနေ ၂-မျိုးဖက်ကို ပြောင်း လဲ ရပ်တည်ခဲ့တာတွေ့ရပါတယ်။

အရင်တုံးကလဲ ၆၂-ဗဟိုကော်မတီအထိ လက်နက်ကိုင် တိုက်ပွဲ အဓိကမဟုတ်၊ အလံနီနဲ့သော့ချက်မှန်တယ်လို့ ခေါင်းမာမာရပ်ခဲ့ကြ ရာက (၆၃)မှာ တရုပ်ပြည်ပြန်ရဲဘော်တွေက ဒါမဟုတ်ဘူး ဆိုရော လွယ်လွယ်နဲ့ပဲ ကိုယ့်အယူအဆကိုစွန့်ပြီး ပြောင်းလဲ သွားခဲ့ကြဘူး ပါတယ်။

ဒီတော့အခုအာဏာ (၃)မျိုးဖက်က (၂)မျိုးဖက်ကို ပြောင်းလဲ ရပ်တည်လာကြတာကို ကျွန်တော့အနေနဲ့ ခိုင်မာတယ်လို့ မခံယူနိုင် သေးပါဘူး၊ နောက်ထပ် ပြင်းပြင်းထန်ထန်လာမဲ့ ဗဟိုကော်မတီမှာ တိုက်ရင်လဲထပ်မပြောင်းလဲဘူးလို့ အာမခံချက်မရှိသေးဘူးလို့ မြင်ပါ တယ်၊ အပေါ်ယံကျနေဆဲပဲ၊ လေးနက် နက်ရှိုင်းမှုလိုနေသေးတယ်။

အခုပြောင်းလဲလာတာကိုပင် ခိုင်မြဲရဲ့လားလို့ မေးချင်ပါတယ်။

အခြားတဖက်မှာလဲ အမှန်တရားကို မြင်လာတာနဲ့ ရဲရဲပြုပြင် ရပ်တည်လာကြတာဟာကောင်းတယ်၊ ဒီသတ္တိနဲ့ပွင့်လင်းမှုကို ချီးကျူး ပါတယ်။ ဒါပေမဲ့ သာဓု(၂)ကြိမ်ပဲ ခေါ်နိုင်ပါသေးတယ်၊ တကြိမ် တော့ စောင့်ကြည့်ပါရစေဦး။

နောက်ရဲဘော်ဘတင်ကို ဝေဖန်ကူညီ လိုပါတယ်၊ ရဲဘော်ဘတင် အနေနဲ့ ကိုယ့်ယုံကြည်ချက်ကို ခိုင်ခိုင်မြဲမြဲ ရပ်တည်ရဲတာ တသမတ်ထဲ ဆုတ်ကိုင်လာတာ တိုက်ရဲတဲ့သတ္တိကို ချီးကျူးပါတယ်၊ အာဏာ (၃)မျိုး အယူအဆကို စတင်ခဲ့သူပီသုကာလဲ ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခြားတဖက်မှာ ရဲဘော်ဘတင်ဟာ လူတန်းစားဗိုင်ရော၊ ပါတီနဲ့ တော်လှန်ရေးဘဝ တွင်းမှာပါ လက်တွေ့နဲ့ လူထုနဲ့ ကင်းကွာပြီး စာအုပ်ကြီးကို ပိုအားကိုးရင်း တရားသေဖြစ်တာ၊ လက်ျာကျတာ တွေဟာ အမှတ်တမဲ့မဟုတ်ပဲ သမိုင်းတလျှောက်လုံး ဖြစ်ခဲ့တယ်၊ တော်လှန်ရေးရဲ့ သေရေးရှင်ရေး ကွေ့တကွေ့ ဖြစ်တဲ့ (၄၈) ခုနှစ်မှာ လက်နက်ကိုင်တိုက်ပွဲကို ဆန့်ကျင်ခဲ့တယ်၊ ဒီနေ့လို ပါတီနဲ့တော်လှန်ရေးရဲ့ သေရေးရှင်ရေးသမိုင်းတွေမှာလဲ ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို တဖန်ထပ်ပြီး ပစ်ပယ်တိုက်ခိုက်လာတယ်။

– (၄၈)ခုနှစ်က ပစ္စည်းမဲ့တော်လှန်ရေး။

– အခု ၆၆-ခုမှာ ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို ဆန့်ကျင်လာတယ်....ဆိုတော့ အတောင်အလက်စုံလင်တဲ့ ပြန်ပြင်ရေးသမားတဦးဖြစ်နေပီလို့ ပြောချင်ပါတယ်။

လွန်ခဲ့တဲ့(၁၈)နှစ်တုံးက လက်နက်ကိုင် အကြမ်းဖက်တော်လှန်ရေး အပေါ်မှာ တွေဝေမပြတ်ခဲ့တာအခု(၁၈)နှစ်ကြာပြီးမှ ပစ္စည်းမဲ့ အာဏာရှင်စနစ်နဲ့ အာဏာသိမ်းရေး ပြဿနာအပေါ်မှာ တွေဝေမပြတ်သေးတာကိုကြည့်ရင် ရဲဘော်ဘတင်ဟာ။....

“သံမဏိလို တွေဂေနေသလား”လို့ မေးချင်ပါတယ်။

ကျွန်တော့ အမြင်ကတော့ ရဲဘော်ဘတင်ဟာ ပြန်လည်ပြီး ကိုယ့်ကိုယ်ကို ပြုစုပျိုးထောင်ဖို့ ပြုပြင်ဖို့ အလားအလာ အလွန်နည်းသွားပြီလို့ မြင်ပါတယ်။ ရဲဘော်ဘတင်မှာ ပြုပြင်ရေးအမြင်ဟာ အရိုးစွဲနေပြီလို့ ဝေဖန်လိုပါတယ် ဒီအာဏာအမြင်ဟာ သူပါတီဝင်စကထဲက တလျှောက်လုံး ခံယူခဲ့တယ်ဆိုတော့ တော်တော်ခိုင်မာ အရိုးစွဲနေတဲ့ အမှားပဲ။

အခု ဉက္ကဋ္ဌနဲ့ ပတ်သက်လို့ ဝေဖန်လိုပါတယ်။

ဉက္ကဋ္ဌဟာ ပြန်ပြင်ရေးကိုတော့ အတွေးအခေါ်အရ တိုက်နေပေမဲ့ ဇာတ်မြစ်တူးပြီး နက်နက်ရှိုင်းရှိုင်းတိုက်ဖို့လိုသေးတယ်။မိမိကိုယ်ကိုပြုပြင်ဖို့ ကြိုးစားနေတာကောင်းပါတယ်။ သတိရှိစွာနဲ့ ကျွန်တော်စောင့်ပြီး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကြည့်ရှုနေဆဲပါပဲ (၄၀)ခုနှစ်က ဥက္ကဋ္ဌဟာ လက်နက်ကိုင် တော်လှန်ရေး အလံကို ရဲရဲလွှင့်ခဲ့တယ်၊ အခုလဲ ပစ္စည်းမဲ့အာဏာရှင်စနစ် အလံကို တောက်လျှောက်ကိုင်စွဲခဲ့တာဟာ တောက်ပြောင်မှုလို့ ကျွန်တော် မြင်တယ်။

ပီဘီ (ပေါလစ်ဗျူရို) တခုလုံးအပေါ် ဝေဖန်ချက်ကတော့....

ပီဘီ (ပေါလစ်ဗျူရို) ရဲဘော်တွေဟာ ပြန်ပြင်ရေးကို တိုက်လိုနေကြတာကောင်းပါတယ်။

ဒါပေမဲ့ ပီဘီ (ပေါလစ်ဗျူရို) တဖွဲ့လုံးအနေနဲ့ မာ့က်စ် လီနင်ဝါဒ တကယ်လွှမ်းနေပြီလို့တော့ ယူဆလို့မဖြစ်သေးဘူး။

ပေါ်ပင်ဝါဒများ လွှမ်းနေသလားလို့ သံသယရှိတယ်။ ယောယိမ်းလိုက်ဘာသားယိမ်းလိုက် လုပ်နေသလား၊ လေတိုက်ရာယိမ်းနေသလားလို့ သံသယရှိပါတယ်။

ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးသဘောအရ ရန်သူကိုအထင်ကြီးတဲ့အမြင်ကို တိုက်ပေမဲ့ အချောင်သမားဝါဒရဲ့ အမြစ်ကို မတူးနိုင်သေးပါဘူး။ ပါတီတရပ်လုံးမရှာမီ ပီဘီ(ပေါလစ်ဗျူရိုအဖွဲ့) ဗဟိုကော်မတီရဲ့ အချောင်သမားဝါဒ ဇာစ်မြစ်ကို ပဋ္ဌမဦးစွာ ရှာသင့်တယ်။ အခုအထိတော့ ဇာစ်မြစ်ကို မဆုပ်ကိုင်မိသေးပါဘူး။

ဒီတော့ လကျာ်ကိုတိုက်ရင်း လက်ဝဲမရောက်ဘူးလို့ မပြောနိုင်ဘူး အာမခံချက် မရှိသေးပါဘူး။ ဒီအန္တရာယ်လဲရှိနေသေးတာပဲ။

အခုအထိ လက်ဝဲဝါဒဟာ အဓိကနေရာ အခန်းမှာတော့ မရှိသေးပါဘူး။

ဒီမှာစဉ်းစားဖို့ မေးချင်ပါတယ်။

သမိုင်းရဲ့ အရေးကြီးတဲ့ကွေ့တိုင်းမှာ ဘာကြောင့် လကျာ်-လက်ဝဲမှားသလဲ။ အထူးသဖြင့် ဘာကြောင့် လကျာ်အသွင်လွှမ်းခဲ့သလဲ။

ဒီလကျာ် အမှားဟာ ဘာကြောင့်ရပ်တည်မှုပါလွတ်တဲ့ ပြန်ပြင်ရေး ဝါဒအထိ ရောက်ခဲ့ရသလဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအမှားဟာ ဘာကြောင့် (၁၂) နှစ်တိုင် ကာလကြာညောင်းစွာ လွှမ်းနေခဲ့ရသလဲ ဒီ(၁၂) နှစ်သာမကပဲ၊ အနှစ် (၂၀) ကျော်က ဘရောက်ဒါဝါဒနဲ့ ဘယ်လိုဆက်စပ်နေသလဲ။

ဘာကြောင့် ကိုယ့်အစွမ်း အစနဲ့ စတင်ပြီး အမှားကို မပြုပြင်နိုင်ခဲ့သလဲ။

ဒီမှာ လူပုဂ္ဂိုလ်တဦးစီရဲ့ တာဝန်ရှိမှုဟာ ဘယ်အနေ အထားမှာရှိသလဲ။ လူဖယ်လိုက်ရုံနဲ့ "အာလုံးကောင်းပါတယ်ခင်ဗျား"ဖြစ်လာရောလား။ ဘယ်လိုပြုပြင်ကြမလဲ။

အခုအထိ ပီဘီ(ပေါလစ်ဗျူရိုအဖွဲ့)တွေ အမှားပြင်နေမှုဟာ အလွန်တိမ်လှပါသေးတယ်။ အပေါ်ယံကျနေဆဲပဲဆိုတာ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ကြည့်ကြပေါ့။

ဥက္ကဋ္ဌက(၆၅)ခုနှစ်ကစပြီး လက်သီးလက်မောင်းတန်းပြီး လကျာ်အချောင်သမားဝါဒ(ရန်သူအထင်ကြီးမှု)ကိုတိုက်ရင်း"ဒို့ရခဲ့တဲ့မာ့က်စ်ဝါဒဟာ မိမစစ် ဘမစစ်လို့"တခြားကို ပုံချသွားပါတယ်။

၅၅-လမ်းစဉ် ထွက်လာတုံးကလဲ။

အောက်ခြေက အထက်ကိုမတိုက် အကူအညီလဲမပေးကြဘူး၊ ဒီလမ်းစဉ်ဟာ ဒို့အစွမ်းနဲ့ရတာ။

တော်လှန်ရေးကျရတာဟာ အဓိက အကြောင်းကတော့ ရုပ်ဝတ္ထုကြောင့်ပဲ၊ ခေါင်းဆောင်မှု ဘယ်လောက်မှန်မှန် ကျကိုကျရမှာ ပဲလို့ ဒီပီဘီ (ပေါလစ်ဗျူရို)တွေပါးစပ်က ထွက်ခဲ့ဘူးပါတယ်။

အမှားဟာ ရုပ်ကြောင့်အဓိကမဟုတ်၊ မိမစစ်ဘမစစ် တရားတခြားကရလို့လဲ မဟုတ်ပါဘူး၊ ပါတီပေါ်ကထဲက ဂျွန်စတက်ချီစာအုပ်ရှိသလို ကွန်မြူနစ် ကျေညာစာတမ်း၊ ကွန်မြူနစ်ပါတီသမိုင်း အရင်းကျမ်းဆိုတာတွေ ဗမာပြည်မှာ မူရင်းကျမ်းတွေရှိနေတာပဲ။

နောက်တခုကလဲ ၆၄-ဗဟိုကော်မတီက တရုပ်ပြည်၊ အယ်လ်ဘေးနီးယားညီအစ်ကိုပါတီများက ကရူးရှော့ဖ်ဝါဒကိုပြောင်တိုက်လာတာ မြင်ရတော့မှ—

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"တိုလဲကရူးရှော့ဖ်ဝါဒကိုရှုံ့ချတယ်"လို့ လေတိုက်ရာလိုက်ပီးအလံ စိမ်းပြခဲ့ပါတယ်။ ဒါပေမဲ့ ၆၄-ဗဟိုကော်မတီဟာ ပြည်တွင်းပြန်ပြင် ရေးကို တိုက်လဲမတိုက်၊ မြင်လဲမမြင်ခဲ့ပါ။ ပြည်ပပြန်ပြင်ရေးကို ဝတ် ကျေတန်းကျေ အပေါ်ယံကသာတိုက်ခဲ့ပါတယ်။ ရောက်သမျှဘေးဒဏ် ပုဏ္ဏားခံဆိုပီး ကရူးရှော့ဖ်ကိုပုံချခဲ့ပါတယ်။

ကရူးရှော့ဖ်ကို ပုံချလွှဲချရင်း ၆၄-ဗဟိုကော်မတီဟာ မိမိရဲ့ပြန်ပြင် ရေးကိုဖုံးအုပ်ဖို့ ကြိုးစားခဲ့တာပေါ့ပဲ။

ရဲဘော်ချစ်က ၅၅-တုံးက အမှားဟာ ပုဂ္ဂိုလ်ဆိုင်ရာအကြောင်း ထက် ရုပ်ဝတ္ထုကို အဓိကပုံချသွားတာကို ကျွန်တော်သဘောမတူနိုင် ပါ။

ရဲဘော်ငွေးက သူ့ကိုယ်သူပြန်ဆန်းစစ်ဖို့ ကြိုးစားနေတယ်ဆိုတာ ကောင်းပါတယ်။ အခုသဘောတရား တိုက်ပွဲအထိ ပီဘီ (ပေါလစ်ဗြူရို) တွေ တိုက်ပုံပြောပုံအကဲဖြတ်ရတာကတော့ဘာမှလေးလေးပင်ပင်မရှိကြ ဘူး။ အယူဝါဒကိုထူထောင်ပြီးလဲမတိုက်နိုင်ကြရုံမက၊ တဖက်ကိုချေပရာ မှာလဲ အပြတ်အသတ်မတိုက်နိုင်ကြတာတွေ့ရပါတယ်။ သဘောတရား တိုက်ပွဲနဲ့မတူပဲ၊ ကိုယ်စီအမြင်တင်ပြမှုလောက်ပဲဖြစ်နေတယ်။

ပီဘီ(ပေါလစ်ဗြူရို)တဖွဲ့လုံးမှာ ဒီနေ့ပြန်ပြင်ရေးလွှမ်းမိုးနေဆဲပဲလို့ တော့ မဆိုလိုပါဘူး။ အရင် ၁၂-နှစ်က ပြန်ပြင်ရေးအထိ ဖြစ်ခဲ့မှားခဲ့ရ တာတွေဟာ ရပ်တည်မှုအမှားသက်သက်ဖြစ်ခဲ့ပေမဲ့ ပြန်လည်ပြုပြင်လို့ မရတော့ဘူးလို့ မဆိုလိုပါ။ ဒီမှာ မာ့က်စ်လီနင်ဝါဒကို သိမြင်မှုဆိုင်ရာ အမှားသဘော ပြန်လည်ပြုပြင်လို့လဲ ရနိုင်သေးတယ်ဆိုတဲ့ သဘော အကောင်းမြင်ဝါဒတော့ ကျွန်တော်ထားရှိဆဲ အကဲခတ်ဆဲပါပဲ။

ပီဘီ(ပေါလစ်ဗြူရို) အတွင်းမှာ ၁၅-နှစ်ခန့် ပြုပြင်ရေးအမြင်က [illegible]ခဲ့ရတဲ့ အရောင်တောက်ပွန်တဲ့အမြင်ဟာ နေရာယူစဘော့ပြုလာပါ ပြီ၊ဒါပေမဲ့ ပီဘီ(ပေါလစ်ဗြူရို)မှာ သေချာတာ တခုတော့ရှိတယ်။ အဲဒါကတော့ ပီဘီ(ပေါလစ်ဗြူရို)ဟာ ဒီနေ့အထိ ပြုပြင်ရေးအမြင်၊ နေရှင်ပြုပြင်ရေးအတွေးအခေါ်ဟာ အစိုင်အခဲကြီးနဲ့ ကျန်ရှိနေဆဲဖြစ် တယ်။ (အရိုးလဲရင့်နေပြီဆိုတာပေါ့ပဲ၊ ပြင်မရတော့လို့တော့ မဆိုလို သေး)။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခြားတဖက်ကလဲပီဘီ (ပေါလစ်ဗျူရို) အများစုဟာ ကိုယ့်ကိုယ်ကိုပြန်လည်ပြုပြင်ဖို့ ကြိုးစားနေတာဟာလဲကောင်းတဲ့လက္ခဏာပါပဲ။

ပြန်ပြင်ရေး အချောင်သမားဝါဒကို တိုက်သလောက်၊ ပီဘီ (ပေါလစ်ဗျူရို) မှာ ဂုဏ်သိက္ခာ တိုးတက်လာနေပါတယ်။

အရင် ၅၅-တုံးက အောက်ခြေတွေက ဘာကြောင့် ထောင်းလမောင်းကျေအောင် ဒီလမ်းစဉ်ကို တိုက်ခဲ့ကြသလဲ (ဒီမှာအုပ်စုရဲ့စည်းရုံးရေး အမှားက သပ်သပ်ဘဲ) ဘာကြောင့် ပီဘီ (ပေါလစ်ဗျူရို) စီစီ (ဗဟိုကော်မတီ) ဩဇာကျခဲ့သလဲ၊ ပါတီတရပ်လုံး ဘာကြောင့် ဖရိုဖရဲဖြစ်ခဲ့ရသလဲ၊ အဖြေမှန်ရှာရင်ရပါတယ်၊ အောက်ခြေထုကိုပုံမချပါနဲ့။

ပီဘီ (ပေါလစ်ဗျူရို) ဟာ လေးလေးနက်နက် ကိုယ့်အခန်းကို စဉ်းစားပြီး တာဝန်ရှိရှိ အဖြေရှာစေလိုပါတယ်။

ပီဘီ (ပေါလစ်ဗျူရို)မှာ အထူးခြားဆုံးကတော့ လက်တွေ့နဲ့ ကင်းကွာနေတဲ့ အချက်ပဲ၊ တော်လှန်ရေးမတိုင်မီ အနည်းအကျဉ်း လောက်တော့ အပေါ်ယံသဘော လူထုအတွေ့အကြုံတော့ ရှိခဲ့ကြဘယ်၊ ဒါပေမဲ့ လက်နက်ကိုင် တော်လှန်ရေးအတွင်း ဒီနေ့အထိ အောက်ခြေဘဝ လူထုဘဝ၊ လက်တွေ့နဲ့ ကင်းကွာနေဆဲပဲ။

ဒီနေ့အထိ ပါတီမှာ လူထုလမ်းစဉ် လုပ်ဟန်မရှိသေး (အခုတော့ စမ်းသပ်ကွက်တချို့နဲ့တော့ စနေပါပြီ)

မော်စီလီနင်ဝါဒ ပြန်လည်လေ့လာရုံနဲ့မပြီး မော်စီဝါဒ အစစ်နဲ့အတု ခွဲနိုင်ရုံနဲ့မပြီးသေးဘူး၊ တကယ်မော်စီဝါဒအစစ်က စာအုပ်ထဲမှာ မရှိပါ၊ ပြန်ဖတ်ရုံနဲ့လဲ မရနိုင်၊ တကယ်မော်စီဝါဒ ဆိုတာ မော်စီဝါဒ သဘောတရားမြားနဲ့ ဗမာ့ပြည် လက်တွေ့ ရုပ်အခြေအနေ ပစ်ကွင်း ပေါင်းစပ်မှုသာ အသက်ဝင်လှုပ်ရှားပြီး "ထိမှန်နိုင်၊ စစ်မှန်လာနိုင်" တယ်၊ မော်စီဝါဒ ပြန်လည်လေ့လာရုံနဲ့မပြီး ဗမာ့လက်တွေ့ရုပ်နဲ့ပေါင်းစပ်တဲ့အသက်ဝင်နေတဲ့၊ ဗမာ့မော်စီဝါဒနဲ့ လူထုလမ်းစဉ်လုပ်ဟန်လိုအပ်နေပါတယ်၊ ဒါမှ အမှားတွေကို ရှောင်နိုင်မဲ့ တကယ့်လမ်းပဲ၊ စာအုပ်ပြန်ဖတ်ရုံ လေ့လာရုံနဲ့ မရှောင်နိုင်ပါ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကတော့ အကြံပေး တင်ပြဝေဖန်ချက် အတိုချုပ်ပါပဲ၊ တခုလုံး ခြုံရင် ရဲဘော် လူရှောချိပြောသလို ကျွန်တော်တို့ဟာ စည်းရုံးရေး အရ ကွန်မြူနစ် ဖြစ်နေကြပြီ။

အတွေးအခေါ်အရ ကွန်မြူနစ် မဖြစ်ကြသေးဘူး၊ ပီဘီ (ပေါ လစ်ဗျူရို)ဟာ လူတန်းစားအသိစိတ်ဓာတ် နက်ရှိုင်းမှု လိုအပ်နေသေး တယ်လို့ ကျွန်တော်မြင်နေပါတယ်။

လက်တွေ့သာဓကထုတ်ပြရရင် ဒီနေ့တော်လှန်ရေးထဲက ရဲဘော်တွေ ပါတီထဲမှာ အလတ်ပိုင်း ခေါင်းဆောင်တွေပါ တပ်ထိုးသမား ဓနရှင် ပေါက်စ တော်လှန်ရေးသမားအမြင် လွှမ်းနေတာ၊ လူတန်းစား အသိ စိတ်ဓာတ်နိမ့်ကျပြီး အလွန်ပင်ကွန်မြူနစ်မဆန်တဲ့ အခွင့်အရေးအမြင် ကိုယ်ကျိုးထိပ်တင်၊ ထုံထုံထိုင်းထိုင်းဖြစ်နေတဲ့ နေ့စဉ်ဘဝမှာ လွှမ်းမိုးနေ တဲ့ စေ့စပ်ရေး ပြုပြင်ရေးအမြင်ဆိုးဟာ ဘယ်သူ့ဆီက ဆင်းသက်လာ ပါသလဲ၊ ဒီဓနရှင်ပြုပြင်ရေးအမြင်၊ စေ့စပ်ရေး၊ ပူးပေါင်းရေးမှိုင်းတွေ ကို ပါတီထဲမှာ ဘယ်သူဝါဒဖြန့်ခဲ့ကြသလဲ။

ဒီအမြင်လွှမ်းနေစေတဲ့ တရားခံတွေဟာ၊ ပီဘီ(ပေါလစ်ဗျူရို)နဲ့စီစီ (ဗဟိုကော်မတီ)ပါပဲ၊ ဒါကိုလေးလေးနက်နက် စဉ်းစားကြပါလို့ တင် ပြပါတယ်၊ အာဏာပြဿနာမှာ ဒို့အနိုင်ရလိုက်လို့ ပါတီထဲမှာရော၊ ပီဘီ(ပေါလစ်ဗျူရို)မှာပါ၊ မာ့က်စ်လီနင်ဝါဒ လွှမ်းမိုးလာပြီလို့ တော့ မခံယူကြစေလိုပါ။

ဒါကြောင့် ပစ္စည်းမဲ့တော်လှန်ရေး၊ လက်နက်ကိုင်တိုက်ပွဲအလံကို လွှင့်ထူနိုင်ရုံမက၊ ဒီနေ့ အာဏာသိမ်းရေးဆိုတဲ့အလံတော်ကိုပါ ပိုမိုမြင့် မားစွာလွှင့်ထူဖို့ ဒီသမိုင်းကွေ့ ရုပ်ဝတ္ထုကတောင်းဆိုနေပါပြီ။

၁၀-နှစ်လဲကြာလာပြီဖြစ်တဲ့ လက်နက်ကိုင်တိုက်ပွဲကြီးကို အာဏာ သိမ်းရေးအမြင်နဲ့ သရုပ်ဆောင်းပေးရပါလိမ့်မယ်၊ ဒါမှကွန်မြူနစ် မာ့က်စ်ဝါဒသမား၊ ပီသပြီး တော်လှန်ရေးကို ရှေ့ဆောင်နိုင်လိမ့်မယ်။

အာဏာသိမ်းရေး စစ်အနိုင်တိုက်ရေး ဆုံးခန်းတိုင်အောင် တော် လှန်ရေးကို ကုန်စင်ပြတ်သားစွာအဆုံးအထိ ဆက်လက်ဆင်နွှဲရမဲ့အမြင် ကို ထူထောင်ရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအာဏာဆုံးဖြတ်ချက်ကိုတိုက်ရင်း အတောင်အလက်စုံလင်နေတဲ့ ဗမာ့ပုံစံပြန်ပြင်ရေးဝါဒကို တစုံလုံးကိုင်ပြီး၊ အတွေးအခေါ်အရ တိုက်ပွဲဆင်ဖို့လိုအပ်တယ်။

ဒီလိုတိုက်ရင်း သဘောတရားတိုက်ပွဲကို ပါတီတရပ်လုံးမှာဖွင့်ပေး၊ ကျယ်ကျယ်ပြန့်ပြန့်လဲ ပညာပေးလှုပ်ရှားမှုဖော်ရင်း မာ့က်စ်လီနင်မော်စီတုန်းဝါဒရဲ့ အခြေခံတရားတွေကို၊ အခိုင်အမာထူထောင်ပေးရမယ်။

မာ့က်စ်ဝါဒအခြေခံတရားတွေကို ဘယ်သူမှကိုင်မလှုပ်နိုင်အောင် ခိုင်ခိုင်မာမာပန္နက်ပြန်ချရမယ်။

ဒီအခြေခံတရားတွေ မူတွေ မခိုင်မာဘဲ တော်လှန်ရေးအောင်ပွဲရဖို့ အာမခံချက်မရှိပါဘူး။

ပါတီတရပ်လုံးမှာ ကိုယ်ရေးစီးပွားရေး ငြိမ်းချမ်းရေး ပြုပြင်ရေး အတွေးအခေါ်ကို အမြစ်ပြုတ်အောင် ထိုးစစ်ဆင်တိုက်ခိုက်ရင်း တော်လှန်တဲ့အာဏာသိမ်းတဲ့ မာ့က်စ် လီနင် မော်စီတုန်းဝါဒ အတွေးအခေါ်ကို ထူထောင်ရမှာဖြစ်ပါတယ်။

ဒါကြောင့် ၆၅-အကြမ်းဖက် လက်နက်ကိုင်တိုက်ပွဲ အလံတော်၊ တော်လှန်စစ် အလံတော်ကို ဆက်လက်လွှင့်ထူရင်း၊

အခုလဲ အာဏာသိမ်းရေးနဲ့ပစ္စည်းမဲ့ အာဏာရှင်စနစ် အလံတော်ကို တဆင့်တက်ပြီး ပိုမိုမြင့်မားစွာ လွှင့်ထူရမယ်။

ဒါဟာ ဒီနေ့သမိုင်းကွေ့ ရုပ်အလှည့်အပြောင်းရဲ့ တောင်းဆိုချက်ပဲ ဖြစ်ပါတယ်။

ဒါကို ခေါင်းဆောင်မှု အခန်းကဖြည့်ဆည်းရပါမယ်။

ရဲဘော်တို့။

၅၅-ဗဟို ဗကော်မတီစုံညီက ဆုံးဖြတ်ချက် ချထားတဲ့ အရေးကြီးတဲ့ အခြေခံတရားဆိုင်ရာ ပြဿနာတခုကို ပီဘီ (ပေါလစ်ဗျူရို) က စီစီ(ဗဟိုကော်မတီ) ကို မတင်ဘဲ ဖျက်ပစ်တာဟာ စည်းရုံးရေးဖက်က ကြည့်ရင် မမှန်ပါဘူး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါပေမဲ့ဒီတရား အမှားကြီးကို လက်ရှိရုပ်ဝတ္ထုတရား ၆၄-၆၅ လမ်းစဉ်များကပါ ဆန့်ကျင်နေကြပါတယ်။ ဒီတရားကြီးဟာ ပါတီထဲမှာ တနှေးကြာကြာသလောက် ပါတီလက္ခဏာကိုရော တော်လှန်ရေးကိုရော အန္တရာယ်ဖြစ်နေစေပါတယ်။

ဒါကြောင့် တခြားဖက်တဖက် မူဖက်က ကြည့်ရင်လဲ မာ့က်စ်လီနင် မော်စီတုန်း အခြေခံတရားကြီးတခုဟာ ပါတီရဲ့ သာမန် စည်းရုံးရေး စည်းမျဉ်းတွေနဲ့ ချုပ်နှောင်ထားတာဟာ မမှန်ဘူး။ ပါတီရော လူထုပါအကျိုးမရှိဘူး။

ဒါကြောင့် ပီဘီ (ပေါလစ်ဗြူရို) အဆိုပြုတဲ့ ချက်ခြင်းရုပ်သိမ်းပစ်ဘို့ ဆိုတာကို ကျွန်တော် ထောက်ခံရတာပါပဲ။

ကျွန်တော်တို့ဟာ မာ့က်စ်-လီနင်-မော်ဝါဒအတွက် အသက်ရှင်နေကြတာဖြစ်ပါတယ်။ ဒါကြောင့် မာ့က်စ်-လီနင်-မော်ဝါဒကို အသက်နဲ့လဲပြီး ကာကွယ်ရမှာပါပဲ။

ရဲဘော်တို့။

အာဏာအမှားဟာ ရပ်တည်မှုအမှားဖြစ်ပါတယ်။ ဒီတိုက်ပွဲဟာ မာ့က်စ်-လီနင်-မော်ဝါဒနဲ့ ပြန်ပြင်ရေးတိုက်ပွဲလဲဖြစ်ပြီး သမိုင်းဝင်တဲ့ တိုက်ပွဲ သေရေးရှင်ရေးတိုက်ပွဲလဲ ဖြစ်နေပါတယ်။ လျှော့မပေး မစေ့စပ်ပဲ သူသေ ကိုယ်သေတိုက်ပွဲ ဖြစ်ပါတယ်။

၅၅-အာဏာဆုံးဖြတ်ချက်က....

အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်မဟုတ်၊ လူတန်းစားမှ ားရဲ့ ပူးတွဲ အာဏာရှင်စနစ်ပဲဆိုရင် လက်ငင်းဆင်နွှဲနေတဲ့ စစ်ပွဲဟာ အာဏာသိမ်းဖို့မဟုတ်၊ လက်နက်ကိုင်တိုက်ပွဲ (စွန့်ပြီး) က ဥပဒေတွင်း ဒီမိုကရေစီ တိုက်ပွဲသဏ္ဍာန်တို့ ကူးပြောင်းရမယ်လို့ပြောရင်း ဗိုလ်ရဲထွဋ်ပေးစာအထိ အညံ့ခံအလင်းဝင်ရေးကို ဖြစ်ပေါ်စေခဲ့တယ်။ ဗိုလ်ရဲထွဋ်ပေးစာ မှားတယ်လို့ ၆၂-ခုနှစ်ကဆုံးဖြတ်ခဲ့ပေမဲ့ စေ့စပ်ရေး၊ ပူးပေါင်းရေး၊ ပြုပြင်ရေး အတွေးအခေါ်ဟာ အစိုင်အခဲနဲ့ ကျန်ရှိနေတုံးပါပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါတင်မကဘူး၊ ဒီအတွေးအခေါ်ဟာ ၁၂-နှစ်တိုင်တိုင် လက်နက်ကိုင်တိုက်ပွဲကို ခါးကနေဆွဲထားခဲ့တယ်။ကြီး မားစွာ ဆုံးရှုံးနစ်နာစေခဲ့တယ်။ ပါတီနဲ့တော်လှန်ရေးကို အမှောင်ထုကြီး လွှမ်းမိုးစေခဲ့တယ်။

ဒီနေ့လဲ တော်လှန်ရေးကို တစ္ဆေခြောက်သလို နေ့၊ နာရီ၊ မိနစ်၊ စက္ကန့်နဲ့အမျှ ခြိမ်းခြောက်နှောက်ယှက်နေဆဲပဲဖြစ်ပါတယ်။

ဒါကြောင့် ဒီအာဏာဆုံးဖြတ်ချက်ကို ပယ်ဖျက်ရုံသာမက လက်နက်ကိုင်တိုက်ပွဲကို အာဏာသိမ်းရေးအထိ တိုးချဲ့ရဲရမယ်။

လက်နက်ကိုင် တော်လှန်ရေးကို တပွဲတိုး မဟုတ်ပဲ ဆက်လက်ပြီး အဆုံးတိုင် ကုန်စင်ပြတ်သားအောင် ပိုင်းပိုင်းဖြတ်ဖြတ် ဆင်နွှဲရဲရမယ်။

လက်နက်ကိုင် အကြမ်းဖက် တော်လှန်ရေး အလံတော်ကိုသာမက ပစ္စည်းမဲ့အာဏာရှင်စနစ် အလံတော်ကြီးကိုလဲ ဒီနေ့သမိုင်းကွေ့မှာ ရဲရဲကြီး(တဆင့်မြှင့်ပြီး)လွှင့်ထူရဲရမယ်။

ဒါမှသာ မာ့က်စ်ဝါဒသမားနဲ့ ပြန်ပြင်ရေး အချောင်သမားကို ပြတ်ပြတ်စည်းခြား နိုင်မှာဖြစ်တယ်။

လက်ရှိ လက်နက်ကိုင်တိုက်ပွဲကို အာဏာသိမ်းရေးအထိ တိုးချဲ့ရဲသူသာလျှင် တကယ့် မာ့က်စ်ဝါဒသမားပါပဲ။

၁၉၄၈-ခုနှစ်တုံးက အတွေ့အကြုံကတော့—

ရန်သူအပေါ်မှာ ပြတ်သားသလောက်၊

လက်နက်ကိုင်တိုက်ပွဲပေါ်မှာ ပြတ်သားသလောက်၊

အာဏာသိမ်းရေးအမြင်ပေါ်မှာပြတ်သားသလောက် တိုက်ရင်းတိုက်ရင်း ဝေါကနဲ တိုးတက်လာခဲ့တာပဲ။ ဒီနေ့ဆိုရင် ရုပ်ဝတ္ထုဖက်က တာဝန်ကြွေနေပါပြီ။ တော်လှန်ရေးဟာ တက်စပြုနေပါပြီ။

၁၈ - နှစ် လက်နက်ကိုင်တိုက်ပွဲရဲ့ အရေးကြီးလှတဲ့ သမိုင်းကွေ့တကွေ့မှာ ဆိုက်ရောက်နေပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီမှာပြဿနာကခေါင်းဆောင်မှုပြဿနာပါပဲ။

ခေါင်းဆောင်မှုက သမိုင်းရုပ်ဝတ္ထုက တောင်းဆိုနေသလို တကယ်ပဲလှည့်ပြောင်းမလား၊ မလှည့်ပြောင်းဘူးလားမေးနေပါပြီ။

ရုပ်ဝတ္ထုရာဇဝင်သမိုင်း ဘီးကြီးက တားဆီးနေတဲ့ အချောင်သမားတွေကို စေ့စေ့ညက်ညက် ခြေမှုန်းပစ်မှာကတော့ "မုချတရားပါပဲ။"

ဗမာပြည်ပြန်ပြင်ရေးသမားတွေဟာ အထီးထီးချည်းမဟုတ်ပါ။ နိုင်ငံတကာပြန်ပြင်ရေးသမားတွေနဲ့လဲဆက်စပ်နေပါတယ်။

ဒီနေ့နိုင်ငံတကာအခြေအနေ အထူးသဖြင့် အရှေ့တောင်အာရှ အခြေအနေနဲ့ ပြည်တွင်းရုပ်အခြေအနေမှာ လူတန်းစားတိုက်ပွဲနဲ့စစ်ရေးတိုက်ပွဲဟာ အထူးထက်မြက် ပြင်းထန်လာနေပါတယ်။

ရန်သူနေဝင်းအစိုးရကို ပြည်တွင်းပြည်ပ ပြန်ပြင်ရေးသမားတွေက ပြောင်ပဲ ချီးကျူးအားပေးနေကြပါတယ်။

မဆလဆိုရှယ်လစ်အတုနဲ့ မှိုင်းတိုက်နေပါတယ်။

၁၀-နှစ်လက်နက်ကိုင်တိုက်ခဲ့ရတဲ့ ဗမာပြည်ရဲ့ အဓိကပဋိပက္ခဟာ အမြင့်ဆုံး အထက်မြက်ဆုံး အဆင့်တခုထဲကို ဝင်ရောက်လာနေပါတယ်။

ဒီလိုအခြေအနေမှာ ပြည်တွင်းလူတန်းစားတိုက်ပွဲဟာ ပါတီကိုပြန်လည်ရိုက်ခတ်လာရင်း ပြန်ပြင်ရေးအန္တရာယ်ပေါ်လာရတာပဲ။ သမိုင်းရဲ့အဆင့်တခုမှာ ပြန်ပြင်ရေးပေါ်လာတာ သဘာဝကျလှပါတယ်။

ဒါပေမဲ့ လီနင်တို့ခေတ်ကလို ဒီနေ့မော်စီတုန်းခေတ် ကာလမှာလဲ ပြန်ပြင်ရေးသမားတွေဟာ ကျဆုံးရမှာကတော့ မုချတရားပဲ ရှောင်လို့မရပါဘူး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီတော့ မာ့က်စ်လီနင်မော်စီတုန်းဝါဒသမားတွေ ပြည်ပရော ပြည်တွင်းမှာပါ မုချအောင်ပွဲခံရမှာ သေချာပါတယ်။

ဒါကြောင့်"ဒီတိုက်ပွဲကြီး"မှာ ကွန်မြူနစ်ကောင်းတွေ ဖြစ်ချင်ရင် တက်တက်ကြွကြွပါဝင်ရမယ်။

လမ်းစဉ်နှစ်ရပ်တိုက်ပွဲ"မာ့က်စ်ဝါဒနဲ့ အချောင်သမားပြန်ပြင်ရေးဝါဒတိုက်ပွဲ"မှာ မှန်ကန်တဲ့ လူတန်းစားဝါဒကို ကာကွယ်ရမယ်။

မာ့က်စ် လီနင် မော်စီတုန်းဝါဒ မုချနိုင်ရမယ်။

ပြန်ပြင်ရေးဝါဒ မုချကျဆုံးရမယ်။

ဒါဟာသမိုင်းရဲ့မုချတရားဘဲ။

ကမ္ဘာ့ပြန်ပြင်ရေးသမားတွေကျဆုံးပါစေ။

ဗမာပုံစံပြန်ပြင်ရေးဖြစ်တဲ့ ပူးတွဲအာဏာရှင်ဝါဒနဲ့ တတိယကြားလမ်းဝါဒသမားတွေကျဆုံးပါစေ။

မာ့က်စ် လီနင် စတာလင် မော်စီတုန်းဝါဒ အစွန့်ရှည်ပါစေ။

(၁၃-၅-၆၆)

× × ×

ဤသည်မှာ ၁၉၆၆-ခုနှစ် မေလ (၁၃)ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် ဗိုလ်ရန်အောင်၏ "၅၅-ခုနှစ် နိုင်ငံတော် အာဏာနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ပေါလစ်ဗြူရိုမှ အမြန်ဆုံး နှင့် ချက်ခြင်း ပယ်ဖျက်ရန် ဗဟိုကော်မတီ ဥက္ကဋ္ဌသခင်သန်းထွန်း၏ အဆိုပြုချက်"ကို အကြွင်းမဲ့နှင့် လုံးဝထောက်ခံသည့် ထောက်ခံချက်ဖြစ်လေသည်။

ဤသို့ပင် ဗိုလ်ရန်အောင်သည် ၁၉၅၅-ခုနှစ် ဗဟိုကော်မတီ ဆုံးဖြတ်ချက်များကို နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးအတွင်းတွင် ဆန့်ကျင်တိုက်ဖျက်ရာ၌ အတက်ကြွဆုံး ရှေ့တန်းအကျဆုံး ပါဝင်ခဲ့လေသည်။ ထို့ပြင် သခင်သန်းထွန်း၏ ၅၅-ခုနှစ် လမ်းစဉ်နှင့်ပတ်သက်သော အဆိုပြုချက်အားလုံးကိုလည်း ခြွင်းချက်မရှိပင် ထောက်ခံခဲ့လေသည်။

ဗိုလ်ရန်အောင်သည် သံလျင်ရေနံမြေ အလုပ်သမားခေါင်းဆောင် သခင်လှမြိုင်ဖြစ်၏။ ၁၉၃၉-ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီအား စတင်ထူထောင်သည့် အချိန်မှစ၍ ဗမာပြည်ကွန်မြူနစ်ပါတီဝင်ဖြစ်ခဲ့၏။ ၁၉၄၀-ခုနှစ်တွင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ရန်အောင်နှင့်ချစ်ဇနီး

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖွဲ့ဝင် ဗိုလ်ရန်အောင်နှင့် ဇနီး ဒေါ်လှိုင်လှိုင် ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမျိုးသားလွတ်မြောက်ရေးအတွက် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဆုံးဖြတ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဟိုင်နန်ကျွန်းသို့ စစ်ပညာများ သင်ယူရန် ထွက်ခွာခဲ့သည်။

၁၉၄၉-ခုနှစ် ဖေဖော်ဝါရီလတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖွဲ့ဝင်ဖြစ်ခဲ့၏။ ၁၉၅၁-ခုနှစ်တွင် ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပေးခဲ့ရ၏။ ၁၉၅၅-ခုနှစ်တွင် အရံဗဟို ကော်မတီအဖွဲ့ဝင် ဖြစ်လာပြန်၏။ ၁၉၆၄-ခုနှစ်တွင် အရံဗဟိုကော်မတီအဖွဲ့ဝင်အဖြစ်မှ ဗဟို ကော်မတီ အဖွဲ့ဝင် အပြည့်ဖြစ်ခဲ့သည်။

(၃) ဗိုလ်ရန်အောင်အပေါ်စွဲချက်များ။

ဗိုလ်ရန်အောင်သည် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် ဖမ်းဆီးချုပ်နှောင်ထားခြင်းကို ခံနေရလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရွှေလေးဒေသ ရေဦးကွင်းရွာ၏ အရှေ့တမိုင်ခန့်ကွာသော လေးဆယ်ချောင်း၏ လက်တက်ဖြစ်သည့် သစ်လှမြောင်၏ အဖျားဝ၌ စခန်းချ၍ထားလေသည်။

ဗိုလ်ရန်အောင်အား ဝါးရုံပင်တွင်ကပ်ပြီး လက်ပြန်ကြိုးတုပ်၍ထားလေ၏။ ထို့နောက်တွင် ဗဟိုကင်းတပ် တပ်မှူးဗိုလ်တင်မောင်(ခေါ်)ဗိုလ်သိန်းထွန်းက စိတ်မချရဟုဆိုကာ ဗိုလ်ရန်အောင်၏ ခြေထောက် နှစ်ချောင်းကို တချောင်းနှင့်တချောင်း တတောင်ခန့်ခွာ၍ ကြိုးဖြင့်ကပ်၍ချီ၏။ ထို့ပြင် နှစ်တောင်ခန့်ရှည်သော ပျဉ်းကတိုးသား တချောင်းကိုလည်း ခြေထောက်နှစ်ချောင်းအကြားတွင် လျှိုထားပြီး ခါးတွင်ကြိုးနှင့်တွဲ၍ထား၏။ ကျွဲရိုင်း နွားရိုင်းများကို သွားလာလှုပ်ရှားခြင်း မပြုနိုင်စေရန် ချည်တုပ်သည်ကဲ့သို့ တုပ်နှောင်၍ ထားလေသည်။

ထို့ကြောင့်ပင် ဗိုလ်ရန်အောင်သည် အခင်းကြီး-အခင်းငယ် သွားသည့်အခါ၌ ဇလွန်ပင်ပန်းခဲယဉ်းစွာဖြင့် လှုပ်ရှား၍သွားလာနေရ၏။ လက်တကမ်းတွင်ထားသော သောက်ရေကိုပင် ကိုယ်တိုင်ယူငင်၍ မသောက်နိုင်ချေ။

ဗိုလ်ရန်အောင်သည် ၁၉၆၇-ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက်နေ့တွင် တော်လှန်သောတပ်နီ လူငယ်များ၏ နည်းမျိုးစုံဖြင့် စော်ကား ညှဉ်းပန်းခြင်းများကို ခံနိုင်စွမ်းမရှိတော့သည့် အတွက် အက်စ်ပရင် ချွေးထုတ်ဆေးလုံး (၃၃) လုံးကိုသောက်၍သေကြောင်းကြံစည်ခဲ့၏။ သို့ရာတွင် အောင်မြင်ခြင်းမရှိခဲ့ချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းသို့ ဗိုလ်ရန်အောင် အနေနှင့် မိမိကိုယ်ကို သတ်သေရန် ကြိုးစားခြင်းသည် ပါတီကို အကြီးဆုံးနှင့် အဆိုးဝါးဆုံး အံတု ခြင်းပင် ဖြစ်သည်ဟုထပ်၍ စွဲချက်တင်လာကြပြန်လေသည်။

ထို့ကြောင့်ပင် ဗိုလ်ရန်အောင်သည် ပို၍ ပို၍ တင်းကြပ်သော အစောင့်အရှောက်များနှင့် ကြိုးအထပ်ထပ်ဖြင့် ချည်နှောင်ခြင်းကို ခံရတော့သည်။

၁၉၆၇-ခုနှစ် နိုဝင်ဘာလ (၂) ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ဗိုလ်ရန်အောင်အား ခေါ်ယူ၍ စစ်ဆေးကြ၏။ **"ပါတီတွင်း အာဏာသိမ်းရေးနှင့် ရန်သူ သူလျှိုလုပ်သည်"** ဟူသော ပြောင့်ချက်ကိုလည်း ပေးစေလေသည်။

၁၉၆၇-ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့တွင်ဖြစ်၏။ တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ဗိုလ်ရန်အောင်အား အ ချက် (၃) ချက် ပါ သော တောင်းဆိုချက် (၃) ချက်ကို တောင်းဆိုလိုက်၏။ ထို့ပြင် ဗိုလ် ရန် အောင် အနေနှင့် ပါတီအား **"အကြွင်းမဲ့လက်နက်ချရမည်"** ဟူ၍လည်း အပြင်းအထန် တောင်းဆိုလိုက်လေသည်။

တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ တောင်းဆိုချက် (၃) ချက်မှာ။....

"ရန်အောင်သည်....

(၁) ငွေး၊ ဘတင်ဂိုဏ်း၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး အကြံအစည်များကို လုံးဝဥဿုံ ဖော်ကောင်လုပ်ရမည်။

(၂) ငွေး၊ ဘတင်ဂိုဏ်း၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေးများကို မိမိကဘယ်လိုလုပ်ခဲ့ပြီး ဘယ်လိုမိမိက ကြံစည်ခဲ့သည်ကို ဖြောင့်ချက်ပေးရမည်။

(၃) မိမိသည် ဘယ်လိုအပစ်ဒဏ်ကို ထိုက်သင့်သည်ကို မိမိကိုယ်ကို စီရင်ချက်ချရမည်။"

ဤသို့...တော်လှန်သော၊ နိုင်ငံရေးဦးဆောင်အဖွဲ့က ဗိုလ်ရန်အောင်အား တောင်းဆိုခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၇-ခုနှစ် ဒီဇင်ဘာလ(၁၀)ရက်နေ့ နံနက်(၈)နာရီတွင် ဖြစ်လေသည်။

ဗိုလ်ရန်အောင်အား "ငွေး၊ ဘတင်ဂိုဏ်း၏ မော်ကောင်လုပ်ရမည်"ဟု ဆိုကာ လူထုအစည်းအဝေးတွင် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့နှင့် ဗဟိုစခန်းပါတီကော်မတီအတွင်းရေးမှူး ရဲဘော်ညိုအောင် (ရဲဘော်ဥာဏ်ကျော်ပီကင်းပြန်)တို့မှ စစ်ဆေးကြလေသည်။

မေး။ ခင်ဗျား စိန်၊ပိန်တို့နဲ့ ဘာတွေတိုင်ပင်ကြတယ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်ကြတယ်ဆိုတာ ပြောစမ်းပါ။

ဖြေ။ အများအားဖြင့် ကျွန်တော်ကသွားပြီး မဆွေးနွေးပါ၊ သူတို့ကလာဆွေးနွေးပါတယ်။ ပြောဆိုကြတာတွေကတော့ ပြောရိုးပြောစဉ် ဗဟိုကော်မတီချင်း ဆွေးနွေးကြတာတွေသာဖြစ်ပါတယ်၊ ကျနေဘ်နဲ့ ကွဲလွဲတာတွေလဲရှိပါတယ်။

ပိန်ကတည်ဆောက်ရေးစခန်းမှာ (သာယာဝတီခရိုင်တည်ဆောက်ရေးစခန်း)လာမဲ့ ဗဟိုကော်မတီအစည်းအဝေးမှာ ဘယ်သူနိုင်မလဲလို့ မေးတော့ ကျနေဘ်က ၆၄-သမားတွေနိုင်မှာပေါ့ဆိုတော့ ပိန်ကမဲတွက်ပြတယ်၊ ပိန်၊စိန်၊စိုးသန်း၊တုတ်သူတို့လူ။ ဆန့်ကျင်ဖက် ကတော့ နိုင်ငံရေးဦးဆောင်အဖွဲ့က (၃)ယောက်နဲ့ တာရှပ်ပြန်တွေဖြစ်တယ်။

သူက ပွဲတော်ကြီးတော့ ကြည့်ကြသေးတာပေါ့လို့ ပြောတယ်။

မေး။ ခင်းဗျားဘာဖြစ်လို့ ဦးပိန်ကိုပြန်ပြီးအစီရင်ခံနေရတာလဲ။ဘာတွေအစီရင်ခံခဲ့သလဲ။

ဖြေ။ ငပိန်နေမကောင်းလို့ အစည်းအဝေးကိုမတက်နိုင်ဘူး။ဒီအတွက်သူ့ကိုပြန်ပြောဖို့မှာတဲ့အတွက် ပြန်ပြောပြတာပဲဖြစ်တယ်။

မေး။ "ဒီအစည်းအဝေးမှာ ကျုပ်တက်နေရင်၊ ကျုပ်ကိုကျုပ် လိပ်ပြာမသန့်ဘူး။ ဒီအစည်းအဝေးဟာ မတရားဘူး။ ဒါကြောင့် ဒီအစည်းအဝေးကို ကန့်ကွက်တယ်"လို့ အော်ပြောပြီး၊အစည်းအဝေးကို သပိတ်မှောက်ပြီး ထွက်သွားခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ကျုပ် ၅၅-လမ်းစဉ်ကို တလျှောက်လုံးတိုက်ခဲ့တဲ့လူ၊ ဒါပေမဲ့ ဒီအစည်းအဝေးကို ကျုပ်ကန့်ကွက်တယ်"လို့ အစည်းအဝေးပွဲကထွက်ပြီး လမ်းကနေပြီး အော်ပြောသွားသေးတယ်။

နောက်ပြီးတော့၊ အစည်းအဝေးကထွက်သွားပြီး လမ်းမှာ ရဲဘော်တယောက်ဆီက သေနတ်ကိုလိမ်တောင်းပြီး သေနတ်နဲ့ အဆင်သင့်နေခဲ့တယ်မဟုတ်လား။ အဲဒါ ဘာဖြစ်လို့လဲ။

ဖြေ။ ကိုယ့်ကိုထိရင်ချမယ်။ ချပြီးရင် ကိုယ့်ကိုကိုယ်သတ်သေမယ်လို့ ပိုင်းဖြတ်ပြီးလုပ်တာပဲ။

မေး။ "စိန်၊ ပိန်တို့ကိုချုပ်ထားတုံး ရဲဘော်တင်ဟန်က ငစိန်ရဲ့ဆွယ်တာအင်္ကျီအနီကိုဝတ်ထားပြီး၊ ခင်ဗျားအနားကို လာတဲ့အခါမှာ ရဲဘော်တင်ဟန်ကို "ဟင်-ကိုစိန်"လို့ ဝမ်းသာအားရပြောပြောသလဲခေါ်တယ်မဟုတ်လား။

ဒါကိုက ခင်ဗျား ငစိန်တို့ကို လွှတ်စေချင်တာ မဟုတ်လား။"

ဖြေ။ မဟုတ်ပါဘူး။

ထိုအခါတွင်"ရဲဘော်တင်ဟန် (အောင်သိန်းနိုင်)က ကျွန်တော့်ကို ငပိုင်ကိုယ်တိုင်ပြောတာပါ"ဟုပြောလိုက်မှ ဗိုလ်ရန်အောင်က "အဲဒီလိုခေါ်လိုက်မိတာဖြစ်ချင်ဖြစ်နိုင်ပါတယ်"ဟု ဖြေဆိုလိုက်သည်)။

မေး။ ပြည်ခရိုင်ကို ခရီးသွားခါနီးမှာ ခင်ဗျားကို ဦးပိန်က မှာကြားနေတာတွေ့ရတယ်။ အင်္ဂလိပ်လိုလဲပါတယ်။ ဦးပိန်ကခင်ဗျားကို ဘာတွေမှာနေတာလဲ။

ဖြေ။ ဘာမှမှာတာမဟုတ်ပါဘူး။ ဝါတာပရူမှာတာသာဖြစ်ပါတယ်။

မေး။ ခင်ဗျား ပြည်ခရိုင်ကပြန်ရောက်တော့ ဘခက်ကို ဘာတွေပြန်ပြီး အစီရင်ခံတာလဲ။

ဖြေ။ အခြေအနေတွေကို အစီရင်ခံတာ သက်သက်ပါပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရှုံးအုပ်ဖြစ်တဲ့အတွက် အစီရင်ခံတဲ့ သဘောပါပဲ။

မေး။ ခင်ဗျား ပြည်ခရိုင်မှာ နေစဉ်တုံးက ထွန်းလှိုင်ဆိုတဲ့ နာမည်နဲ့ ဟသ်ာတခရိုင် ပဒေသာမြို့နယ် ခေါင်းဆောင်တွေဆီကို ဘာတွေရေးသလဲ။

ဖြေ။ ရိုးရိုးအခြေအနေတွေကို ရှင်းပြတာမျိုးပဲ ရေးတာဖြစ်ပါတယ်။

ဤသည်တို့မှာဗိုလ်ရန်အောင်၏ ဖြေကြားချက်များသာ ဖြစ်လေသည်၊ ဗိုလ်ရန်အောင်သည်ထိုထက်ပို၍ ဖြေကြားခြင်းမရှိချေ၊ ထို့ကြောင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့နှင့် တော်လှန်သော တပ်နီ လူငယ်တို့သည် ဗိုလ်ရန်အောင်အား အလွန်ပင် ဒေါသထွက်ကြသည်။ ထို့ကြောင့် အမြန်ဆုံး ဖြုတ်၊ ထုတ်၊ သတ်ရန် ကြွေးကြော်၍ တောင်းဆိုနေကြလေသည်။

× × ×

၁၉၆၇-ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်နေ့တွင်ဖြစ်သည်။

ဗိုလ်ရန်အောင်သည် "မိမိအနေနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့အား စိန် - ပိန်ဂိုဏ်းနှင့်ပတ်သက်၍ ဖြောင့်ချက်ပေးပါမည်"ဟုတင်ပြလိုက်လေသည်။

ထို့ကြောင့်ပင် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် လူထုအစည်းအဝေးကို ပြုလုပ်ပေးလေသည်။ ဗိုလ်ရန်အောင်သည် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့မှ ပြုလုပ်ပေးသောလူထု အစည်းအဝေးတွင် အသင့်ရေးထားသော စိန် - ပိန်ဂိုဏ်းနှင့် ပတ်သက်သော ဖြောင့်ချက်နှင့် မိမိအတွက် စီရင်ချက်ကို အောက်ပါအတိုင်း ဖတ်ကြား၍ တင်ပြလေတော့သည်။

"ဥက္ကဋ္ဌကြီးနှင့် (R. P. B) များခင်ဗျား။"

မနေ့ကအထိ ကျွန်တော်တင်ပြချက်တွင် စိန် - ပိန် တို့၏ ရန်သူနှင့် ဆက်သွယ်နေမှုနှင့်တိကျသော အာဏာသိမ်း လုပ်ကြံရေး အစီအစဉ်ကို ကျွန်တော်မသိကြောင်း ပြောဆိုခဲ့ပါတယ်။

ဒီလိုပြောတာဟာ ခေါင်းမာနေတာမဟုတ်ပါ။ တကယ်ပဲ ဟိုစဉ်က ကျွန်တော် မရိပ်မိခဲ့၊ တိုက်ရိုး တိုက်စဉ် ပါတီတွင်းတိုက်ပွဲ လုပ်နေတာပဲလို့ ခါတိုင်းလိုပဲ ထင်မြင်နေခဲ့ပါတယ်၊ သူတို့ရဲ့ ခြေလှမ်းကို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဥက္ကဋ္ဌကြီးနှင့် တော်လှန်သော ပီဘီလို မမြင်ခဲ့ပါ၊ စိန်-ပိန် အရေးယူပြီး ၄-၅ ရက်အကြာ ကျောင်းမှာ ဥက္ကဋ္ဌကြီးက စင်ပြိုင် ဌာနချုပ်နှစ်ခုဖြစ်နေကြောင်း ပြန်ပြင်ရေးတွေ လက်ထဲကပါတီ၊ စစ်တပ်၊ နိုင်ငံရေးအာဏာသိမ်းတဲ့ ပါတီတွင်း တော်လှန်ရေး ဖြစ်တယ်ဆိုမှပဲ အော်.... ဒီကောင်တွေ အကြံအစီက ဒီလိုကိုးလို့ မြင်လာခဲ့ပါတယ်။

စိန်-ပိန်မလုပ်ရဲတဲ့အလုပ် သပိတ်မှောက် သေနတ်ဆွဲ လုပ်ဝံ့ခဲ့သူကသူ့မှာ အားကိုး အကြံအစည်ကြီးတခုခုရှိရမှာပဲလို့ ရဲဘော်အများတွက်နေတာ သဘာဝကျလှပါတယ်။ ဒါပေမဲ့ ကျွန်တော် ဟိုစဉ်ကပင်ဘာအစီအစဉ် ဘာကြိုတင်ပြင်ဆင်မှုမှုလဲမရှိပဲ၊ ငါကြွားသမားပဲ၊ ၅၅ တိုက်နေတဲ့ မာ့က်စ် လီနင် မော်စီ တုန်း ဝါဒ သမားပဲ၊ ငါအချောင်သမားပြန်ပြင်ရေးမဟုတ်ဘူးဆိုတဲ့ အမြင်နဲ့ အချောင်သမားချင်း ညစ်ကုန်ကြပြီး ပါတီထဲရှုပ်ကုန်တော့မယ်၊ ဗဟိုကော်မတီမစောင့်ပဲ ရန်ဖက်စ့မချသင့်ဆိုပြီး တဦးချင်းစွပ်လုပ်ခဲ့တာ အမှန်ပါပဲ။

စိန်-ပိန်တို့ရဲ့ ယုတ်မာပက်စက်တဲ့ ဒီအကြံအစည်ကို ဟိုတုံးက သိခဲ့ပါရက်သားနဲ့ အခုမှ ဖွင့်ပြောလိုက်ရင် ငါ့အပြစ်များ ပိုကြီး သွားမလားဆိုတဲ့ သဘောထားမရှိပါ။ ရှိရင်သိရင် အကုန်အံချ ပါတီကိုပုံအပ်မှာပါပဲ။ ဒါက ကျွန်တော်မသေမီ နောက်ဆုံးသဘောထားပါပဲ။

ဒါပေမဲ့ ရဲဘော်တွေက မယုံဘူးဆိုရင်လဲ ကျွန်တော် ဘာမှမတတ်နိုင်တော့ပါ။ နောင် ပေါ်ပေါက်လာမဲ့ သမိုင်းအတွက် လက်တွေ့ကပဲ အခိုင်အမာ သက်သေထူပါလိမ့်မယ်။

ဒီလိုတင်ပြခဲ့တာဟာ ကျွန်တော့် အပြစ်ကိုပေါ့စေလိုလို့ မဟုတ်ပါ။

စိန်-ပိန်ဂိုဏ်းဝင်ဖြစ်တယ်ဆိုရုံနဲ့ သေဒဏ်ထိုက်တန်နေပြီ နောက်ပိုင်းစိန်-ပိန်ရဲ့မျိုးဆက်တွေ ဆက်ခံရင်း ဂိုဏ်းတပ်လုပ်ဖို့ ကြိုးစားခဲ့တာကြောင့် နှစ်ထပ်ကွမ်းသေဒဏ်ပင် ထိုက်တန်နေပြီ၊ စိန်-ပိန်ထက် အပြစ်ပိုကြီးသူ အန္တရာယ်ပိုကြီးသူ သစ္စာဖောက်အဖြစ် မြင်ခဲ့ပါပြီ။

ဒါကြောင့်လဲ အယူခံထိုက်တဲ့ အကောင်မဟုတ်တော့ဘူးလို့ ပိုင်းဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။

အစလေးနိုမြင့်
ရန်အောင်
၁၁-၁၂-၆၇

ဗိုလ်ရန်အောင်၏လက်ရေးမူ





ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ဗိုလ်ရန်-အောင်မှ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦး-ဆောင်အဖွဲ့သို့ တင်ပြချက်ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းသို့ဖြင့် ဗိုလ်ရန်အောင်သည် မိမိကိုယ်တိုင် ရေးထားသည့်စာကို ဖတ်ကြား၍ တင်ပြပြီးနောက် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့၏ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း၏လက်သို့ ရဲဘော်ညိုအောင်မှတဆင့် ပေးအပ်လိုက်လေတော့သည်။

ထိုအခါတွင် ဗိုလ်ရန်အောင်၏ ဖြောင့်ချက်နှင့် မိမိကိုယ်ကို စီရင်ချက်နှင့် ပတ်သက်၍ တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ဤသို့ပင် သဘောထားပေးလိုက်လေသည်။

"အခု ရန်အောင်တင်ပြသွားတဲ့ တင်ပြချက်တွေဟာ စိန်၊ ပိန်ဂိုဏ်းကို ဆက်လက်ကာကွယ်နေတာပဲဖြစ်တယ်။ ပြီးတော့ သူ့ရဲ့ကြီးလေးတဲ့ အပြစ်တွေကိုဖုံးကွယ်ပြီး သူ့မှာဘာအပြစ်မှမရှိဘူးလို့လဲ ဆင်ခြေကန်တာဖြစ်တယ်။ ဒါ့အပြင် သူ့ကိုအခုသေဒဏ်ပေးပါလို့ တောင်းတာကလဲ၊ အပြစ်မရှိသူတယောက်ကို ပါတီက မတရားလုပ်ကြံ သတ်ဖြတ်ပစ်တယ်ဆိုတာမျိုးဖြစ်အောင် စွပ်စွဲဖို့ဖြစ်တယ်။ လူသတ်ပါတီဖြစ်အောင် လုပ်တာဖြစ်တယ်။

နောက်ပြီးတော့ ပါတီကိုလုပ်ကြံရေးပါတီ၊ ပစ္စည်းမဲ့လူတန်းစားပါတီကို လူသတ်သမားတွေရဲ့ပါတီဖြစ်အောင် ခေရှင်လူတန်းစားတွေရဲ့ လေသံအတိုင်း ဟုတ်မဟုတ်တွေ ဖြစ်အောင်လဲ စွပ်စွဲသွားတာဖြစ်တယ်။"

ဤသည်မှာ သခင်သန်းထွန်း၏ ပြောကြားချက်ပင်ဖြစ်သည်။

ထို့နောက်တွင် တော်လှန်သောတပ်နီလူငယ်လေးများသည် ဗိုလ်ရန်အောင်အား ဝိုင်းဝန်း၍ ဆဲဆိုကြိမ်းမောင်းနေကြတော့သည်။ ဖြုတ်-ထုတ်-သတ် ကြွေးကြော်သံများကိုလည်း အဆက်မပြတ်ပင် ကြွေးကြော်၍ တောင်းဆိုနေကြလေသည်။

၁၉၆၇-ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်နေ့တွင်ဖြစ်၏သည်။

တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့သည် ဗဟိုဌာနချုပ်စခန်းတွင် လူထုအစည်းအဝေးကို ပြုလုပ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းလူထုအစည်းအဝေးတွင် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ ကိုယ်စား ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် ဆုံးဖြတ်ချက်တရပ်ကို ဖတ်ကြားလေတော့သည်။

× × ×

ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး ပြန်လည်ပြင်ဆင်ရေးဂိုဏ်း-စိန်-ပိန်ဂိုဏ်းဝင် ရန်အောင်နှင့်ပတ်သက်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်

၁။ ရန်အောင်သည် ပါတီဆန့်ကျင်ရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးဂိုဏ်း၊ စိန်-ပိန်ဂိုဏ်းဝင်တယောက် ဖြစ်ခဲ့သည်။

စိန်-ပိန်ဂိုဏ်း၏ ရည်ရွယ်ချက်မှာ စစ်နိုင်ရေး အာဏာသိမ်းရေး လမ်းစဉ်ဖြစ်သည့် ၆၄-လမ်းစဉ်ကိုတိုက်ဖျက်ရေး၊ တော်လှန်စစ်ဖျက်ဆီးရေး၊ ခနရှင်လူတန်းစားထံကျွန်ခံရေးဖြစ်သည့် ၅၅-လမ်းစဉ်ကို ပြန်လည်အသက်သွင်းရေး၊ ပါတီဗဟုကော်မတီတွင်း ပါတီဆန့်ကျင်ရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးဂိုဏ်းက အကြွင်းမဲ့အာဏာသိမ်းရေးဖြစ်သည်။

ရန်အောင်သည် ၆၄-ခုနှစ်နောက်ပိုင်းမှစ၍ စိန်-ပိန်ဂိုဏ်း၏ ပါတီဆန့်ကျင်ရေး တန်ပြန်တော်လှန်ရေးလုပ်ငန်းများကို တက်တက်ကြွကြွလုပ်ခဲ့သည်။

၂။ ရန်အောင်သည် ၆၄-လမ်းစဉ်ကိုဆန့်ကျင်ရာတွင် နှစ်နည်းနှစ်လမ်း သုံးခဲ့သည်။

(က) ၆၄-လမ်းစဉ်ကျမှပါတီသည်လှည့်ပြောင်းသည်မဟုတ် ၆၂-ကတည်းကပါတီသည်လှည့်ပြောင်းခဲ့ပြီဟု ကြွေးကြော်ကာ ၆၄–လမ်းစဉ်ကို ၆၂-ဗဟိုကော်မတီဆုံးဖြတ်ချက်ဖြင့် ရင်ဆိုင်ခဲ့သည်။ ၆၂-လမ်းစဉ်သည် တော်လှန်ဆောင်သော စကားလုံးများဖြင့် တော်လှန်စစ်ဖျက်သိမ်းရေး ရန်သူထံကျွန်ခံရေးလမ်းစဉ်ဖြစ်သည့် ၅၅-လမ်းစဉ်ကို မွမ်းမံထားခြင်းဖြစ်သည်။ အမှန်စစ်အားဖြင့် ရန်အောင်သည် ၆၄-လမ်းစဉ်ကို ၅၅-လမ်းစဉ်ဖြင့်ယှဉ်ပြိုင်တိုက်ခိုက်နေခြင်းသာဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ခ) ပါတီသည် ၆၄-တုံးက မလှည့်ပြောင်းခဲ့ ၆၅-နိုင်ငံရေးဦးဆောင်အဖွဲ့ဆုံးဖြတ်ချက်ကိုအမှမ်းတင်သလိုလိုနှင့် ၆၄-စစ်နိုင်ရေး အာဏာသိမ်းရေးလမ်းစဉ်ကို သရုပ်ဖျက်နေခြင်းဖြစ်သည်။

၃။ ၆၆-ခုနှစ်၊ နိုင်ငံရေးဦးဆောင်အဖွဲ့က အာဏာနှင့်ပတ်သက်သော ဆုံးဖြတ်ချက်မချမီက ရန်အောင်သည် အာဏာရှင်စနစ်(၃)မျိုးအတွက် အတိအလင်းရပ်တည်ခဲ့သည်။ ။ဒါသာလျှင်မာ့က်စ်ဝါဒ လီနင်ဝါဒ ဟုအခိုင်အမာဆိုခဲ့သည်။ အာဏာရှင်စနစ်နှစ်မျိုးရပ်တည်သူများကို ပါတီစည်းကမ်းဖောက်ဖျက်သည်ဟုစွပ်စွဲကာ အရေးယူရန်လုံးပန်းခဲ့သည်။

အာဏာရှင်စနစ်နှစ်မျိုးသာရှိသည်၊ ဤသဘောတရားအရ ပါတီ၏လုပ်ငန်းများကိုလမ်းညွှန်သွားရမည်ဟု ၆၆-ခုနှစ်၊ မေလတွင် နိုင်ငံရေးဦးဆောင်အဖွဲ့ကဆုံးဖြတ်ချက်မချနိုင်အောင် ရန်အောင်သည် နည်းမျိုးစုံဖြင့်ဟန့်တားနှောက်ယှက်ခဲ့သည်။

ပါတီကေဒါ ရဲဘော်များစုကြီးက အာဏာရှင်စနစ်သုံးမျိုး သဘောတရားနှင့်လမ်းညွှန်ကိုလက်မခံ၊ ငြင်းဆန်ခုခံပယ်လှန်လာသည့်အခါမှ ဗဟိုကော်မတီအများစုက နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ထောက်ခံလာမှနိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ထောက်ခံသည်ဟု ဆန္ဒမဲပေးလာသည်။

ရန်အောင်၏ နှစ်ဖက်မျက်နှာရှိသောလျှာ နှစ်ခွသမားပြန်လည်ပြင်ဆင်ရေးသမားဇာတိရုပ်ကို ဤအချက်ကဘွားဘွားပေါ်ပေသည်။

၄။ ရန်အောင်သည် ဗမာပြည်ကွန်မြူနစ်ပါတီအတွင်း၌ သားစဉ်မြေးဆက်တလျှောက်လုံး ပြန်လည်ပြင်ဆင်ရေး ဝါဒမပေါ်စေရဟူသော အဓိဋ္ဌာန်ဖြင့်ချမှတ်ထားသော ဗမာပြည်ပြန်လည်ပြင်ဆင်ရေး ဝါဒတိုက်ဖျက်ရေး မဟာလုပ်ငန်းစဉ်ဖြစ်သည့် တရုပ်ပြည်မဟာ ပစ္စည်းမဲ့ယဉ်ကျေးမှု တော်လှန်ရေးနှင့်ပတ်သက်သည့် နိုင်ငံရေးဦးဆောင်အဖွဲ့ဆုံးဖြတ်ချက်ကိုဆန့်ကျင်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်ကိုဆွေးနွေးစဉ်က ရန်အောင်သည် ရဲဘော်မော်စီတုန်းနှင့် တရုပ်ပြည်ကွန်မြူနစ်ပါတီကို ရိုင်းရိုင်းပြပြရမ်းရမ်းကားကား စော်ကားခဲ့သည်။ ဤကဲ့သို့ရမ်းကားမှုကို စိန်-ပိန် ဂိုဏ်းထိပ်သီးများဖြစ်သော ဌေး-ဘတင်တို့ပင်မလုပ်ဝံ့ခဲ့ပေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၅။ ရန်အောင်သည် ၅၅- လမ်းစဉ်ကို ဆန့်ကျင်ရေးသမားအဖြစ် မိမိကိုယ်ကိုသိဒ္ဓိတင်သည်။ တကယ်အားဖြင့် ရန်အောင်သည် ၅၅-လမ်းစဉ်ကိုအကောင်အထည်ဖော်ရန် လုံးပန်းခဲ့သည်။ ထင်ရှားသည်မှာ ၅၈-ခုနှစ်က စစ်ကိုင်းခရိုင်တွင်ရှိစဉ် ရန်သူစစ်တပ်နဲ့ဆက်သွယ်ပြီး ပါတီကိုလက်နက်ချစေရန် ရန်အောင်က ကြံစည်သည်ကို ပါတီဥက္ကဋ္ဌကိုယ်တိုင် တားမြစ်ခဲ့ရသည်။

(မှတ်ချက်။ ။၁၉၅၈-ခုနှစ်၊ နိဝင်ဘာလတွင် သခင်သန်းထွန်းနှင့် ဗိုလ်ရန်အောင်တို့သည် စစ်ကိုင်းခရိုင်တွင် နေထိုင်ခဲ့ကြသည်။ ထိုစဉ်က သခင်သန်းထွန်းသည် ကွန်မြူနစ်ပါတီ၏ ပြည်တွင်းငြိမ်းချမ်းရေး သဘောထားကို စစ်ကိုင်းခရိုင်တွင်ရှိသော တပ်မဟာ(၁)မှ တပ်မဟာမှူး ဗိုလ်မှူးကြီး သောင်းကြည်ထံသို့ ဗိုလ်ရန်အောင်အားလွှတ်၍ ဆွေးနွေးစေရန် စီစဉ်ခဲ့သည်။ သို့ရာတွင် သခင်သန်းထွန်းမှာ ဝဲခူးရိုးမသို့ ခရီးထွက်ရတော့မည်ဖြစ်၍ ထိုအစီအစဉ်မှာ ပျက်ခဲ့ရပါသည်။ ။စာရေးသူ)

ပါတီတွင်း၌ ၅၅-လမ်းစဉ်ကို ဆန့်ကျင်ဖက်ပြုလာခြင်းများကို ရန်အောင်သည် ပါတီ စည်းကမ်းဖောက်သည်ဟုဆိုကာ နှိပ်ကွပ်ခဲ့သည်။

၅၅-လမ်းစဉ်ကို လုံးဝဥဿုံ ချေမှုန်းပစ်ရမည်ဟု ပါတီဥက္ကဋ္ဌက နိုင်ငံရေးဦးဆောင်အဖွဲ့တွင် တင်လာသည့်အခါ ဥက္ကဋ္ဌအဆိုပြုချက်ကို ပယ်ချရမည်ဟု ရန်အောင်က အခိုင်အမာ စာနှင့်တောင်းဆိုလာသည်။ ၅၅-လမ်းစဉ်၏ အပြုပိုင်းဆိုသည်များပါသော နည်းပရိယာယ်လမ်းစဉ်တရပ် ချမှတ်ရမည်ဟု ဆိုလာသည်။

ဌေး- ဘတင်တို့က ၅၅-လမ်းစဉ်ကို ပြောင်ကာကွယ်သည်။ ရန်အောင်က ၅၅-လမ်းစဉ်ကို ဆန့်ကျင်ဟန်ဆောင်ကာ ဥက္ကဋ္ဌကိုဆန့်ကျင်ပြီး ၅၅-လမ်းစဉ်ကို ကောက်ကျစ်စဉ်းလဲသည့်နည်းဖြင့် ကာကွယ်ခဲ့သည်။

ဥက္ကဋ္ဌနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင်များ၊ တော်လှန်သော ဗဟိုကော်မတီအဖွဲ့ဝင်များက တင်ပြသော မာက်စ်ဝါဒ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်အရ ဝါဒလမ်းစဉ်များကို စိန်-ပိန် ဂိုဏ်းကဆန့်ကျင်ရာတွင် သုံးဖက်သုံးတန်မှ ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

ဘတင်ကအစဉ်သဖြင့် လကျ်ာဘက်မှတိုက်ခိုက်သည်။ ရန်အောင်က အနှစ်သာရအားဖြင့် လကျ်ာဖြစ်သော လက်ဝဲလေသံများဖြင့် တိုက်သည်။ ဌေးက အလယ်ဗဟိုမှတိုက်သည်။ ဥက္ကဋ္ဌ၏ ၅၅-လမ်းစဉ်အား လုံးဝဥဿုံဖျက်ပစ်ရေး အဆိုကို ဤနည်းအတိုင်း သုံးဖက်သုံးတန်မှစစ်မျက်နှာဖြန့်ပြီး တိုက်ခဲ့ကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၅၅-လမ်းစဉ်ကို လုံးဝဥဿုံချေဖျက်သည့်ဆုံးဖြတ်ချက်ကိုနိုင်ငံရေးဦးဆောင်အဖွဲ့က ချမှတ်လာသည့်အခါမှ ယင်းဆုံးဖြတ်ချက်ကို ထောက်ခံသည်ဟု ရန်အောင်က ဆိုလာပြန်သည်။

ရန်အောင်၏ ပြန်လည်ပြင်ဆင်ရေး နှစ်ဖက်မျက်နှာ လျှာနှစ်ခွ လက္ခဏာကို ထပ်မံထင်ရှားစေသည်။

၆။ ယင်းဆွေးနွေးပွဲတွင် ဘတင်က "သန်းထွန်းဝါဒ အပြုတ်တိုက်ရေး" ကြွေးကြော်ခဲ့သည်။ ရန်အောင်က "သိန်းသန်းဝါဒ ရန်ရှင်းဝါဒအပြုတ်တိုက်ရေး" ကြွေးကြော်ခဲ့သည်။

ရန်အောင်ပြောသော "ရန်ရှင်းဝါဒ" ဆိုသည်မှာ သခင်ဘသိန်းတင်ကို ဆိုလိုသည်။

(မှတ်ချက်။ ။သခင်ဘသိန်းတင်သည် "ရန်ရှင်း" ဟူသော အမည်နှင့် တရုပ်ပြည်မှ ဗမာပြည်သို့ ဗမာပြည်ကွန်မြူနစ်ပါတီအတွက် အခြေခံလုပ်ငန်းစဉ်နှင့် "ပြည်တွင်းစစ် ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေး လမ်းစဉ်"ကို ကြိုးမဲ့ကြေးနန်းဖြင့် ပို့ပေးခဲ့သည်။ ယင်း "ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ်" ကို ၁၉၅၅-ခုနှစ် ဗဟိုကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်အဖြစ် သတ်မှတ်လိုက်သောကြောင့် "၅၅-ခုနှစ် လမ်းစဉ်" ဟု ခေါ်တွင်ကြသည်။

ဗိုလ်ရန်အောင်သည် သခင်ဘသိန်းတင်တို့ထံမှ ပေးပို့သည့် ၅၅-ခုနှစ်လမ်းစဉ်ကို ထိုစဉ်က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သူဖြစ်ပါသည်။

ထို့ကြောင့် ၅၅-လမ်းစဉ်ဖြစ်သည့် "ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ်" ကို အသေးစိတ်ရေးဆွဲ၍ ကြိုးမဲ့ကြေးနန်းဖြင့် ပေးပို့သည့် သခင်ဘသိန်းတင် (ခေါ်) ရန်ရှင်းအား "ရန်ရှင်းဝါဒ"ဟူ၍ ဗိုလ်ရန်အောင်က အမည်တတ်လိုက်ခြင်း ဖြစ်ပါသည်။

စာရေးသူ)

သိန်းသန်းဝါဒ ဆိုရာ၌ သိန်းဆိုသည်မှာ ပါတီသစ္စာဖောက် တော်လှန်ရေးဖျက်ဆီးရေးသမား သိန်းဖေကိုဆိုလိုသည်။ သန်းဆိုသည်မှာ ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းကိုဆိုလိုသည်။ "သိန်းသန်း" ဆိုသော စကားလုံးမှာ လွန်ခဲ့သော အနှစ် နှစ်ဆယ်ကျော်ကတည်းက အလံနီပါတီက ဗမာပြည်ကွန်မြူနစ်ပါတီကို ဆန့်ကျင်ရာတွင် ထိပ်ဆုံးက သုံးသော စကားလုံးဖြစ်သည်။ ယနေ့အခြေအနေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွင် အလံနီပါတီသည်ပင် သိန်းဖေနှင့် ပါတီ ဥက္ကဋ္ဌသခင်သန်းထွန်းကိုတတွဲထဲကိုတွဲ၍ မသုံးခဲ့တော့ပေ။ ရန်အောင်က ပါတီသစ္စာဖောက် သိန်းဖေနှင့်ပါတီဥက္ကဋ္ဌကိုတတွဲထဲတွဲ၍ ထားခြင်းဖြင့် ရန်အောင်၏ အတွင်းအကျဆုံး အတွေးအခေါ်နှင့် ရပ်တည်မှုဖြစ်သော ပါတီဆန့်ကျင်ရေး တော်လှန်ရေး ဖျက်ဆီးရေး ရပ်တည်မှုကို လုံးဝမပြင်းသာအောင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ဤဆွေးနွေးပွဲတွင် ရန်အောင်သည် ၅၅-လမ်းစဉ်ကို ကာကွယ်သော ဘတင်အား သူ့ရဲကောင်းအဖြစ် အမွှမ်းတင်ခဲ့သည်။

ရန်အောင်နှင့် ဘတင်တို့သည် စိတ်ခတ်တခုတည်း လေသံတခုတည်း တကြိတ်တည်း တဥာဏ်တည်း ပါတီကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြောင်း ထင်ရှားသည်။

စိန်-ပိန်ဂိုဏ်း၏ အစီအစဉ်အတိုင်း ရန်အောင်သည် ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းကို ဆက်တိုက်ဆန့်ကျင်ခဲ့သည်။

သာလှထိုးစစ်အတွင်းက ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းကို ဖျက်ပစ်ရန် စိန်-ပိန်ဂိုဏ်းက ကြိုးစားရာတွင် ရန်အောင်သည် တက်တက်ကြွကြွပါခဲ့သည်။

ပါတီတည်ဆောက်ရေး နိဂုံးချုပ် ဆွေးနွေးပွဲတွင် ကျောင်းသားများက ၅၅-လမ်းစဉ်ကို ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်အဖြစ် ဝေဖန်ခြင်းကို ရန်အောင်သည် မခံမရပ်နိုင်ဒေါသဖြစ်ကာ ကျောင်းသားထုတရပ်လုံးကို စိမ်ခေါ်ခဲ့သည်။

နောက်ပိုင်း၌ကျောင်းသားထုက ၅၅-လမ်းစဉ်ကို ဆန့်ကျင်လာခြင်း စိန်-ပိန်ဂိုဏ်းလှုပ်ရှားမှုကို ဆန့်ကျင်လာခြင်းတို့ကို နှိပ်ကွပ်ပြစ်ရန် ရန်အောင်သည် ကြိုးစားခဲ့သည်။

"ဥက္ကဋ္ဌက တရုပ်ပြည်ပြန်တွေကို ဘုရားစင်ပေါ်တင်ပြီး ကိုးကွယ်နေတယ်၊ တို့လူဟောင်းတွေ အနှိမ်ခံနေရတယ်" စသည်ဖြင့် ရန်အောင်သည် တိုးတိုးတမျိုး ကျယ်ကျယ်တဖုံအစဉ်တစိုက် သွားပုတ်လေလွင့်ပြောဆိုခဲ့သည်။

မာ့က်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ပေါ်တွင် ရပ်တည်နေသော ပါတီဗဟိုနှင့် ပါတီဗဟိုကိုဝန်းရံနေသော မာ့က်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်အတွက် အခိုင်အမာတိုက်ပွဲဆင်နေသော ပါတီကေဒါများကို ဆန့်ကျင်နေခြင်းဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဥက္ကဋ္ဌနှင့် နိုင်ငံရေးဦးဆောင် အဖွဲ့သည် ၅၅ သမားများ" ဟူ၍၎င်း "ဥက္ကဋ္ဌကတော့ မာ့က်စ်ဝါဒ လီနင်ဝါဒသမား၊ တခြားနိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်များက အချောင်သမား"ဟူ၍၎င်း နိုင်ငံရေးဦးဆောင်အဖွဲ့က ၅၅-လမ်းစဉ်၏ မဏ္ဍိုင်များကို တခုပီးတခုရိုက်ချိုးနေခြင်းများကို "နိုင်ငံရေးဦးဆောင်အဖွဲ့ဟာ ဗဟိုကော်မတီ ဆုံးဖြတ်ချက်တွေ ဖောက်ဖျက်နေပြီ"ဟူ၍၎င်း ရန်အောင်သည် မာ့က်စ်ဝါဒ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အတွက် ရပ်ဘည်နေသော ပါတီဥက္ကဋ္ဌနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်နေသည်။

ရန်အောင်သည် စိန်-ပိုန်ဂိုဏ်း၏ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည် ပြင်ဆင်ရေး လမ်းစဉ်အတိုင်း ဥက္ကဋ္ဌနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့အကြောင်း အမနာပပြောခြင်း၊ သွေးထိုး လှုံ့ဆော်ခြင်းတို့ဖြင့် ဗဟိုကော်မတီအတွင်း၌ ဂိုဏ်းခွဲရေးလုပ်ငန်းများကိုလုပ်ခဲ့သည်။

ဗဟိုနှင့်နီးစပ်သော ဒေသပါတီအဖွဲ့အစည်းအတွင်းမှ တစုံတရာ အားနည်းသော ကေဒါများကို ဆက်သွယ်ဖမ်းစားပြီး၊ ပါတီဆန့်ကျင်ရေး၊ တော်လှန်ရေးဖျက်ဆီးရေးအတွက် ကြိုးစားခဲ့သည်။

ဗဟိုစခန်းရှိလူငယ်များကို ချဉ်းကပ်ကာ ပြန်လည်ပြင်ဆင်ရေးမျိုးစေ့ချရန် ပြန်လည်ပြင်ဆင်ရေးမျိုးဆက်မွေးမြူရန် စီစဉ်ခဲ့သည်။

၆၆-ခုနှစ်ကုန် သာလှထိုးစစ်အတွင်းက "ထိုးစစ်ကိုထိုးစစ်နှင့်ရင်ဆိုင်ရမည်" ဟူသောပါတီဥက္ကဋ္ဌ၏ပစ္စည်းမဲ့တော်လှန်ရေး၊ စစ်ရေးလမ်းညွှန်ကို ရန်အောင်သည် တိုက်ရိုက်ဆန့်ကျင်ခဲ့သည်။ ၎င်း၏ခုနရှင်စစ်ရေးလမ်းစဉ်တနည်းအားဖြင့် ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်ကို လူထုအလယ်တွင် အတိအလင်းတင်ပြခဲ့သည်။

ပါတီကော်မတီအားဖြင့် တပ်တွင်း၌ ပါတီ၏အကြွင်းမဲ့နှင့်တိုက်ရိုက်ခေါင်းဆောင်ရမည်ဟူသော မော်စီတုန်းမူကို ရန်အောင်က ပြောင်ပြောင်ပယ်ထားသည်။

"ဥက္ကဋ္ဌဟာ တပ်ကိုင်တိုက်ဘူးတာမဟုတ်ဘူး" ဟု အော်ကျယ် ဟစ်ကျယ် ဆက်တိုက်ပြောခြင်းအားဖြင့် ၁၉-နှစ်တိုင်တိုင် ဆင်နွှဲနေသော တော်လှန်စစ်တွင် ပါတီက ခေါင်းဆောင်နေသည်ဟူသော ဗမာပြည်တော်လှန်စစ်သမိုင်းကို လည်းကောင်း၊ တော်လှန်စစ်ကိုပါတီက ခေါင်းဆောင်ရမည်ဟူသော မော်စီတုန်းတရားကိုလည်းကောင်း၊ ရန်အောင်သည် အတိအလင်းငြင်းပယ်ထားသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စိန်-ပိန်ဂိုဏ်း၏ ပါတီဆန့်ကျင်ရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်ကို ရန်အောင်က စစ်ရေးဖက်တွင် အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။

၆၇-ခုနှစ်၊ အခြေခံလုပ်ငန်းစဉ် ဆွေးနွေးပွဲတွင် စိန်-ပိန်ဂိုဏ်း၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်အရ ဘခက်က အစည်းအဝေးအတွင်းမှ အခြေခံလုပ်ငန်းစဉ်ကို အတိုက်အခံလုပ်ခဲ့သည်။

ရန်အောင်က အစည်းအဝေးကို သပိတ်မှောက်ခြင်းအားဖြင့် အခြေခံလုပ်ငန်းစဉ်အား ဆန့်ကျင်ကြောင်း ဆန္ဒပြခဲ့သည်။ စိန်-ပိန်ဂိုဏ်းထိပ်သီးဌေး၏ ညွှန်ကြားချက်အရလုပ်ခြင်းဖြစ်သည်။ စိန်-ပိန်ဂိုဏ်းထိပ်သီးများ ဖြစ်သောဌေး-ဘတင်တို့မလုပ်ဝံ့သော အလုပ်ကိုလုပ်ခြင်းဖြစ်သည်။

မော့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို ကိုယ်စားပြုသော ပါတီခေါင်းဆောင်များနှင့် ပါတီဝင်ထုကို လက်နက်ဖြင့်အန္တရာယ်ပြုရန်အကြံအစည်ဖြင့် ရန်အောင်သည် ကင်းရဲဘော်တယောက်ထံမှ သေနတ်တလက်ကို လိမ်လည်တောင်းယူထားပြီး လက်နက်ဖြင့်အသင့်နေခဲ့သည်။

ခရုရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစား လူတန်းစားနှစ်ရပ် တိုက်ပွဲတွင် လက်နက်ကို ပထမကိုင်သူမှာ ခရုရှင်လူတန်းစားဖြစ်ကြောင်း လီနင်က သင်ကြားခဲ့သည့်အတိုင်း ရန်အောင်သည် ၎င်း၏ ခရုရှင် လူတန်းစား လက္ခဏာကို ဤဖြစ်ရပ်က အတိအလင်း ဖော်ပြသည်။

၆၇-ခုနှစ်-နှစ်ဦး စိန်-ပိန်ဆန့်ကျင်ရေး ပြန်လည် ပြင်ဆင်ရေး ဆန့်ကျင်ရေး တော်လှန်သော လူထုအုံကြွမှုကို နည်းမျိုးစုံဖြင့် နှိပ်ကွပ်ချေမှုန်းရန် ရန်အောင်သည် စိန်-ပိန်ဂိုဏ်း၏ အလိုအတိုင်း အားထုတ်ခဲ့သည်။

ဤဖြစ်ရပ်များအရ ရန်အောင်သည် စိန်-ပိန်ဂိုဏ်း ပါတီဖျက်ဆီးရေး တော်လှန်ရေး ဖျက်ဆီးရေး ပြန်လည်ပြင်ဆင်ရေး ဂိုဏ်းဝင်ဖြစ်ကြောင်း ထင်ရှားသည်။ စိန်-ပိန်ဂိုဏ်း၏ ပါတီဖျက်ဆီးရေး တော်လှန်ရေး ဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေး၊ အလုပ်များကို အတက်ကြွဆုံး လုပ်ခဲ့ကြောင်း ထင်ရှားသည်။ စိန်-ပိန်ဂိုဏ်း၏ လူမိုက်ဗိုလ်အဖြစ် လုပ်ခဲ့ကြောင်း ထင်ရှားသည်။

စိန်-ပိန်ဂိုဏ်းကသာ ပါတီတွင်း အကြွင်းမဲ့ အာဏာရလာပါက ရန်အောင်အား စိန်-ပိန်ဂိုဏ်း၏ စစ်ရေးတာဝန်ခံအဖြစ် ရာထားကြောင်း တွေ့ရသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သို့စေကာမူ၊ ၆၇-ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့က စိန်-ပိန်ဂိုဏ်း ဗဟိုဌာနချုပ်ကို မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် အင်အားစုများက ဖြိုခွင်းလိုက်စဉ်က ဌေးနှင့် ဘတင်ကိုသာ အရေးယူခဲ့ပြီး ရန်အောင်ကို အရေးမယူခဲ့ပေ။

ဤကဲ့သို့ အရေးမယူခဲ့ခြင်းမှာ ပါတီအနေနှင့် ရန်အောင်၏ ပြစ်မှုများကို ခွင့်လွှတ်လိုက်ခြင်း မဟုတ်ပေ။ ရန်အောင်၏ ပြစ်မှုများကို မည်သည့် ပုဂ္ဂိုလ် မည်သည့် ပါတီအဖွဲ့အစည်းကမှလည်း ခွင့်လွှတ်ပိုင်ခွင့်မရှိပေ။

ရန်သူကို ဖြိုခွဲပစ်ရေး၊ ရန်သူကို တဦးစီခွဲခြားပြီး ချေမှုန်း ပစ် ရေးဟူ သော မော်စီတုန်းစစ်ရေး နည်းပရိယာယ် အညွှန်းအရ ဌေးနှင့် ဘတင်အား အဓိက ဦးတည်တိုက်ခိုက်ရင်း ရန်အောင်အား ယာယီထုတ်ထားခြင်း ဖြစ်ပေသည်။

သို့ရာတွင် ရန်အောင်သည် ၎င်း၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေး၊ ဝါဒလမ်းစဉ်ကို ပါတီသို့ လက်နက်ချခြင်း မပြုခဲ့။

ရန်အောင်သည် ဌေး-ဘတင်တို့အား စွဲချက်တင် လူထုပိုက်ပွဲဆင်စဉ်က မဟုတ်မဟတ်တွေပြောပြီး စွဲချက်မတင်နိုင်၊ မိမိ၏ဂိုဏ်းသရေအထိမခံနိုင်ဟုဆိုပြီး သစ္စာရှိသော စိန်-ပိန်ဂိုဏ်းဝင်ပီပီ၊ ဌေး-ဘတင်တို့အား စွဲချက်တင်ရေးကို ငြင်းဆန်ခဲ့သည်။

မနေသာ၍ စွဲချက်တင်တိုက်ပွဲတွင် ပြောဆိုလာသည့်အခါတွင် ရန်အောင်သည် ဌေး-ဘတင်ကို ကာကွယ်ခဲ့သည်။

ဌေး-ဘတင်တို့ကို ပါတီက ရှင်းလင်းပြီးနောက် ရန်အောင်သည် စိန်-ပိန်ဂိုဏ်း၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေး အလုပ်များကို ကောက်ကျစ်စဉ်းလဲစွာ ဆက်လက်လုပ်ခဲ့သည်။

အသစ်ရောက်လာသော ဗဟိုကော်မတီများအကြားဝယ် ဥက္ကဋ္ဌနှင့်နိုင်ငံရေး ဦးဆောင်အဖွဲ့ကိုဆန့်ကျင်သော ဂိုဏ်းခွဲရေးအလုပ်များ လုပ်ခဲ့သည်။ စိန်-ပိန်ဂိုဏ်း မျိုးစေ့များ ကြဲရန်ကြိုးစားခဲ့သည်။

စိန်-ပိန်ဂိုဏ်း ကိုယ်စား ပြန့်ကျဲနေသော ပြန်လည်ပြင်ဆင်ရေး အင်အားစုများကိုစုရုံးပြီး ပစ္စည်းမဲ့လူတန်းစားပါတီကို အသစ်တဖန်တိုက်ခိုက်ရန်အတွက် နိုင်ငံရေးအနှံ့ခံခြင်းများ ပြုလုပ်ခဲ့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လာမည့် ဗဟိုကော်မတီ အစည်းအဝေးတွင် စိန်-ပိန်ဂိုဏ်း အဆက်အနွယ်များအား ပြန်လည်ရရှိရေးအတွက် နိုင်ငံရေးဦးဆောင်အဖွဲ့၏ စစ်ရေးလမ်းစဉ်ကို ယှဉ်ပြိုင်တိုက်ခိုက်ရန် ၎င်း၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေး၊ စစ်ရေးလမ်းစဉ်ကိုထူထောင်ရန် ကြိုးစားနေသည်။

ဘတင်ကို အမှမ်းတင်ပြီး သိန်းသန်းဝါဒ အပြုတ်တိုက်ရေး၊ ရန်ရှင်းဝါဒ အပြုတ်တိုက်ရေး ကြွေးကြော်သံဖြင့် ၆၄-လမ်းစဉ်ကိုဆန့်ကျင်သော ၅၅-လမ်းစဉ်ကို အသက်ပြန်သွင်းဖို့လုပ်သော ၎င်း၏လမ်းစဉ်ကို တခြား ဗဟိုကော်မတီများက လက်ခံလာအောင် ကြိုးစားခဲ့သည်။

လွန်ခဲ့သော သာလှ ထိုးစစ်အတွင်းက ပွင့်ကျသွားသော ၎င်း၏ ရပ်တည်မှုဖြစ်သည့် တော်လှန်စစ်ကို ပါတီကခေါင်းဆောင်သည်ဟူသော သဘောတရားနှင့် ၁၉-နှစ် တော်လှန်စစ်သမိုင်းကို ပယ်သည့်ရပ်တည်မှုကို ရန်အောင်သည် ယခုနှစ် ထိုးစစ်အတွင်းချီတက်ရေး နိဂုံးချုပ်ဆွေးနွေးရာ၌ ထပ်မံ ဖော်ပြလာသည်။ ရန်သူ့ထိုးစစ်ကြောင့် ပါတီတွင်း ဖြစ်ပေါ်လာသော တစုံတရာသော အခက်အခဲကို ချက်ယူပြီး ရန်အောင်၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး ပြန်လည်ပြင်ဆင်ရေးဝါဒက ခေါင်းထောင်လာခြင်းဖြစ်သည်။

စိန်-ပိန်ဂိုဏ်းတိုက်ဖျက်ရေး နိဂုံးချုပ်ဆွေးနွေးရာတွင် ရန်အောင်သည် ၎င်း၏ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ပြန်လည်ပြင်ဆင်ရေးရပ်တည်မှုကို ဘယ်လိုကောက်ကျစ်စဉ်းလဲမှုနဲ့မှ မဖုံးနိုင်မကွယ်နိုင်ဖြစ်လာသည်။

နိဂုံးချုပ်စာတမ်းကို ပြောင်ဆန့်ကျင်လာသည်။ မိမိကိုယ်ကိုတလျောက်လုံး ၅၅-ဆန့်ကျင်ရေးဖြစ်သလို ဟန်ဆောင်ကာ ဥက္ကဋ္ဌနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့ကို ဆန့်ကျင်လာသည်။ စခန်းပါတီကော်မတီကို ရန်ရှာလာသည်။ စခန်းတွင်းမှာ တော်လှန်သောကေဒါများ၊ တော်လှန်သောလူငယ်များ၊ တော်လှန်သော အမျိုးသမီးများကို ရန်ဖက်လုပ်လာသည်။

နိုဝင်ဘာလ ၂၅ ရက်နေ့က ဗဟိုကော်မတီနိုင်ငံရေးဦးဆောင်အဖွဲ့အားတင်ပြလိုသည်ဟု ရန်အောင်က တင်ပြသည်။ နိုင်ငံရေးဦးဆောင်အဖွဲ့က တင်ပြခွင့်ပြုခဲ့သည်။ ၎င်း၏တင်ပြချက်အချုပ်မှာ စိန်-ပိန်တို့သည်ရန်သူနှင့် ဆက်မဆက်သူမသိ၊ သူတော့မဆက်ဟုပြောခဲ့သည်။ အနှစ်သဘောမှာ စိန်-ပိန်ကိုကာကွယ်ပြီး သူ့ကိုယ်သူလွတ်အောင်ရှန်းခဲ့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နိုဝင်ဘာလ(၂၆)ရက်နေ့တွင် နိုင်ငံရေးဦးဆောင်အဖွဲ့က ရန်အောင်အား ဤသို့ပြန်ပြောခဲ့သည်။

"စိန်-ပိန်ဂိုဏ်းက ရန်သူနှင့် ဆက်မဆက်ဆိုသည်မှာ အချက်အလက်တခုသာဖြစ်သည်။ စိန်-ပိန်ဂိုဏ်း၏အလုပ်သည် ပါတီဖျက်ဆီးရေး တော်လှန်ရေးဖျက်ဆီးရေးဖြစ်သည်။ ရန်အောင်သည် ပါတီကို အကြွင်းမဲ့လက်နက်ချရမည်။

(၁) စိန်-ပိန်ဂိုဏ်း၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး ပြန်လည်ပြင်ဆင်ရေးအကြံအစည်များကို လုံးဝ ဥဿုံဖော်ကောင်လုပ်ရမည်။

(၂) စိန်-ပိန်ဂိုဏ်း၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေးအလုပ်များကို မိမိကဘယ်လိုလုပ်ခဲ့ပြီး၊ ဘယ်လို မိမိကြံစည်ခဲ့သည်ကို ဖြောင့်ချက်ပေးရမည်။

(၃) မိမိသည် ဘယ်လို အပြစ်ဒဏ်ကို ထိုက်သင့်သည်ဟု မိမိကိုယ်ကို စီရင်ချက်ချရမည်။

ရန်အောင်သည် ပါတီအား လက်နက်ချရန် လုံးဝငြင်းဆန်ခဲ့သည်။

နောက်တနေ့တွင် ရန်အောင်သည် မိမိကိုယ်ကို သတ်သေရန် ကြိုးစားခဲ့သည်။

ပါတီထဲရောက်နေသော ဓနရှင်ကိုယ်စားလှယ်တယောက်သည် ပါတီဝင်ထု၏ ဝိုင်းရံတိုက်ခိုက်မှုကြောင့် ပြေးမလွတ်တော့ပြီဟု သိသည့်အခါတွင် မိမိကိုယ်ကိုသတ်သေဖို့လုပ်ခြင်းသည် ပါတီအား အကြီးဆုံး အံတုခြင်းဖြစ်သည်။ ထိုအခါကပင် ရန်အောင်က မိမိလက်နက်ချခြင်း လုံးဝမလုပ်ဟု ပါတီအား အဖြေပေးခဲ့ပြီးဖြစ်ပေသည်။

မိမိကိုယ်ကိုသတ်ရန်ကြိုးစားမှုနှင့်ပင် သူ့အားဗဟိုကော်မတီမှ ဖြုတ်ပစ်ဖို့ ပါတီဝင်အဖြစ်မှ ထုတ်ပစ်ဖို့ထိုက်တန်နေပေပြီ။

မိမိကိုယ်ကိုသတ်သေရန် မအောင်မြင်သည့်အခါ ပါတီကသူ့အားသတ်ရန် စီစဉ်ပြီးဖြစ်ကြောင်း ပါတီကိုမဟုတ်မတရား စွပ်စွဲချက်တခု လုပ်လာပြန်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၀-၁၂-၆၇-ရက်က လူထုအဖွည်းအဝေးတွင် ရန်အောင်က စိန်-ပိန် ဂိုဏ်းနှင့် ပတ်သက်၍ ဖော်ကောင်လည်းမလုပ်၊ မိမိ၏ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေး၊ အလုပ်များနှင့် ပတ်သက်၍ ဖြောင့်ချက်လည်းမပေးပဲ မိမိသည်ပါတီကို အကြွင်းမဲ့လက်နက်ချပါသည် မိမိအား သေဒဏ်ပေးပါပြောလာသည်။

၎င်း၏ ပြောဆိုချက်များမှာ စိန်-ပိန် ဂိုဏ်းကိုဆက်လက်ကာကွယ်ခြင်း သူ၏ကြီးလေးသော အပြစ်များကို ဖုံးကွယ်ကာ သူ့၌အပြစ်မရှိဟု ဆင်ခြေကန်ခြင်း သူကသေဒဏ်ပေးပါဟုတောင်းဆိုခြင်းဖြင့် အပြစ်မရှိသောလူတယောက်ကို ပါတီက မတရားသတ်ဖြစ်သလို ဖြစ်အောင် ပါတီကိုလုပ်ကြံခြင်း ပစ္စည်းမဲ့ လူတန်းစား ပါတီအား လူသတ်သမားများ၏ ပါတီအဖြစ် ခနရှင်လူတန်းစား လေသံအတိုင်းမဟုတ်မဟပ်စွပ်စွဲခြင်းသာဖြစ်သည်။

ရန်အောင်သည် ပါတီဖျက်ဆီးရေး တော်လှန်ရေးဖျက်ဆီးရေး ပြန်လည်ပြင်ဆင်ရေးသမား ဖြစ်သည်ဟု နိုင်ငံရေးဦးဆောင်အဖွဲ့ကအတည်ပြု သတ်မှတ်ခြင်းမှာ ပါတီအားယခုလက်နက်ချသဖြင့် သတ်မှတ်လိုက်ခြင်းမဟုတ်ပေ။

ရန်အောင်သည် ပါတီဖျက်ဆီးရေး တော်လှန်ရေးဖျက်ဆီးရေး ပြန်လည်ပြင်ဆင်ရေး ဂိုဏ်းခွဲရေးသမားဖြစ်သည်ကို ရန်အောင်၏ သမိုင်းကပြဌာန်းခဲ့ပြီးဖြစ်သည်။

ရန်အောင်သည် သူ့ကိုယ်သူ ပစ္စည်းမဲ့လူတန်းစားဟု ကြွားဝါလေ့ရှိသည်။ ရန်အောင်သည် ၁၉၄၀-ခုနှစ် လောက်ကတည်းက ဂျပန်ဖက်ဆစ်စစ်ဗိုလ်ဖြစ်ခဲ့သည်၊ လူတန်းစားပျက်နေရှင်လူတန်းစား၏ ကိုယ်စားလှယ်ဘဝကို ထိုအခါကတည်းကရောက်ခဲ့သည်။

ရန်အောင်သည် ဘတင်တို့ကဲ့သို့ ပါတီတည်ထောင်စကတည်းက ပါခဲ့သည်ဟုကြွားလေ့ရှိသည်။ ဘတင်သည် ၃၉-ခုနှစ်လောက်ကတည်းက ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ စတင်လုပ်ခဲ့သည်။ ရန်အောင်သည် ဗမာပြည်ကွန်မြူနစ်လှုပ်ရှားမှုအတွင်း ဘတင်တို့က ပြန်လည်ပြင်ဆင်ရေးမျိုးစေ့ချရာတွင် ပါဝင်ကူညီခဲ့သူဖြစ်သည်။

ပါတီနှင့် ပတ်သက်သော ရန်အောင်၏ ရပ်တည်မှုသည် ပါတီဆန့်ကျင်ရေးရပ်တည်မှုဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ အလံနီက ခွဲထွက်ရာတွင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်အောင်ပါဝင်သော အလုပ်သမားသမဂ္ဂသည် ကြွားနေခဲ့သည်ဟု ရန်အောင်ကဆိုသည်။ အလုပ်သမားသမဂ္ဂကို ၄၇-ခုနှစ် လက်နက်ကိုင်တော်လှန်ရေး မစမီက စိန်-ပိန်ဂိုဏ်းထိပ်သီး ဘတင်ကအုပ်စီးထားခဲ့သည်။ ကြွား ဝါဒဟု ရန်အောင်ပြောသော အလုပ်သမားသမဂ္ဂဝါဒမှာ အမှန်စင်စစ်အားဖြင့် ဘတင်ကိုယ်စားပြုသော အလံနီဖက်ပင်းသည့် ဗမာပြည်ကွန်မြူနစ်ပါတီကို ဆန့်ကျင်သည့်ရပ်တည်မှုဖြစ်သည်။ ပါတီဆန့်ကျင်ရေးရပ်တည်မှုသာဖြစ်သည်။

ပါတီထောင်ကတည်းက ယနေ့အထိ ပါတီ၏သမိုင်းစဉ် တလျှောက်လုံးပေါ်ပေါက်သမျှ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးဂိုဏ်းမှန်သမျှအားလုံးတွင် ရန်အောင်သည် တက်တက်ကြွကြွပါဝင်ခဲ့သည်။

(က) ရန်အောင် ပထမဦးဆုံးပါဝင်သော ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးဂိုဏ်းမှာ ပါတီသမိုင်းတွင် ပထမဦးဆုံးပေါ်ပေါက်သည့် ၄၀-ခုနှစ်က အောင်ဆန်းဂိုဏ်းဖြစ်သည်။

ပါတီဗဟိုခေါင်းဆောင်အဖွဲ့အစည်းသည် ရန်အောင်အားခွဲထုတ်ကာကယ်တင်ခဲ့သည်။ ပါတီထဲပြန်သွင်းခဲ့သည်။

(ခ) ရန်အောင်သည် ၄၇-ခုနှစ်က သာယာဝတီထောင်တွင် ရန်သူ၏ညှဉ်းပန်းမှုကိုမခံနိုင်သဖြင့် ရန်သူထံလက်နက်ချပြီး ရန်သူဖဆပလ ဆိုရှယ်လစ်အစိုးရနှင့်ပူးပေါင်းပြီး သိန်းတန်၊ အောင်မင်းဂိုဏ်းဝင်အဖြစ် ပါတီဖျက်ဆီးရေး တော်လှန်ရေးဖျက်ဆီးရေး လုပ်ခဲ့သည်။

(မှတ်ချက်။ ။"ရန်အောင်ဟာ ပါတီထဲမှာ တလျှောက်လုံး အဆင်းရဲခံခဲ့တာတွေ၊ သာယာဝတီထောင်ထဲမှာ ညှဉ်းပန်းနှိပ်စက်ခံခဲ့တာတွေဟာ ကွန်မြူနစ်ပါတီအတွင်းမှာ တန်ပြန်တော်လှန်ရေးလုပ်ငန်းတွေ၊ သစ္စာဖောက်လုပ်ငန်းတွေ၊ သူလျှိုလုပ်ငန်းတွေကို အစီအစဉ်နဲ့လုပ်နိုင်အောင် အရင်းအနှီးအဖြစ် စုဆောင်းခဲ့တာ ဖြစ်တယ်။" ဟူ၍ သခင်သန်းထွန်းနှင့်သခင်ဇင်တို့က ပါတီဝင်ထုအားရှင်းလင်းပြကြသည်။ စာရေးသူ)

ပါတီဗဟိုသည် ရန်အောင်အား သိန်းတန်၊ အောင်မင်းတို့နှင့် ခွဲထုတ်ကာကယ်တင်ခဲ့သည်။ ပါတီထဲ ပြန်သွင်းခဲ့သည် ထိုမျှမက အထက်ဗမာပြည် တပ်မှူးကြီး၊ ဗဟိုကော်မတီ ဗိုလ်ချုပ်အဆင့်အတန်း၊ တပ်မကြီး (၁) တပ်မှူးကြီး၊ ပြည်သူ့တပ်မတော် ဒုစစ်သေနာပတိ စသည်ဖြင့် ၎င်းနှင့် လုံးဝ မထိုက်တန်သော တာဝန်အဆင့်များကို ချီးမြှင့်မြှောက်စားခဲ့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ဂ) ၅၁-ခုနှစ်တွင် ပါတီဗဟိုကော်မတီ အဖြစ်မှ အထုတ်ခံရပြီး နောက် ရန်အောင်သည် စိန်ဝင်းဂိုဏ်းနှင့်အတူ လှုပ်ရှားပြီး ပါတီဖျက်ဆီးရေး တော်လှန်ရေး ဖျက်ဆီးရေးများ လုပ်ခဲ့သည်။

ပါတီပမှ ပါတီကိုဆန့်ကျင်နေသော အလံနီနှင့်ပေါင်းပြီး ပါတီကိုဆန့်ကျင်ခဲ့သည်။

ပါတီဗဟိုသည် ရန်အောင်အား စိန်ဝင်းဂိုဏ်းမှ ခွဲထုတ်ကာ ကယ်တင်ခဲ့သည်။ ၅၅-ခုနှစ်တွင် ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်ခဲ့သည်။

(ဃ) ၆၄-ခုနှစ်နောက်ပိုင်းတွင် ရန်အောင်သည် စိန်-ပိန် ဂိုဏ်းဝင် အဖြစ် ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေး ဂိုဏ်းခွဲရေး လုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ခဲ့သည်။

ဤအကြိမ်တွင်လည်း ပါတီဗဟိုက ရန်အောင်ကို စိန်-ပိန်ဂိုဏ်းမှ ခွဲထုတ်ပြီး ရန်အောင်အား ကယ်တင်ခဲ့သည်။

(င) ရန်အောင်သည် စိန်-ပိန်တို့အား သုတ်သင်ပြီးနောက် တဦးချင်း အနေနှင့် စိန်-ပိန်ဂိုဏ်း၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေး ဂိုဏ်းခွဲရေးအလုပ်ကို ဆက်လုပ်သည်။

ပါတီဗဟိုက ရန်အောင်အား လက်နက်ချရန် တောင်းဆိုခြင်းမှာ ရန်အောင်အား နောက်ဆုံးအကြိမ် ထွက်ပေါက်ပေးခြင်း ဖြစ်သည်။

ရန်အောင်၏ သမိုင်းကို ကြည့်လျှင် ရန်အောင်သည် ခွေးမြီးကောက်ကျည်တောက်စွပ် သကဲ့သို့ ပါတီ၏ ကြပ်မတ်မှုအောက်တွင် ငုတ်လျှိုးနေစေကာမူ ၎င်း၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေး၊ ဂိုဏ်းခွဲရေး မနေရှင် လူတန်းစားကိုယ်စားလှယ်၏ ပကတိ လက္ခဏာသည် ဘယ်အခါမှ မပြောင်းလဲခဲ့ပေ။

ပါတီသမိုင်းတလျှောက်လုံးတွင် အလှည့်အပြောင်း လုပ်တိုင်း ရန်အောင်သည်ပါတီဆန့်ကျင်ရေး တော်လှန်ရေးဆန့်ကျင်ရေးဖက်ကအစဉ်အမြဲရပ်သည်။

သို့ပါလျှက် ပါတီဗဟိုက ရန်အောင်ကို ထပ်တလဲလဲ ကယ်တင်ခဲ့သည်။ သို့ကယ်တင်စေကာမူ ရန်အောင်သည် ၎င်း၏ ဖောက်ပြန်သော ပကတိလက္ခဏာကို ဘယ်အခါကမှ မပြောင်းလဲခဲ့။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဘယ်လိုမှ ကယ်တင်လို့မရသူဖြစ်ကြောင်း သမိုင်းကပြခဲ့သည်။

ဤကဲ့သို့ ရန်အောင်က ထပ်တလဲလဲဖောက်ခြင်းနှင့် ဘယ်လိုမှကယ်တင်လို့ မရခြင်းမှာ သူ၏လူတန်းစားလက္ခဏာအရ ဖြစ်သည်။

ရန်အောင်သည် ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး လုပ်ငန်းများလုပ်ရာတွင် ကောက်ကျစ်စဉ်းလဲသော နည်းမျိုးစုံကို အသုံးပြုခဲ့သည်။

ရန်သူအစိုးရ၏ အနှိပ်စက်အညှဉ်းဆဲခံရသူ သူရဲကောင်းဟန်ဆောင်သည်။ အမှန်စင်စစ်အားဖြင့် ရန်သူနှိပ်စက်သည့်အခါ လက်နက်ချခဲ့သူဖြစ်သည်။

ရောဂါသည်လိုလို ဟန်ဆောင်သည်။သူ့အပေါ် ကျင်နာစာနာလာအောင် လုပ်ခြင်းဖြစ်သည်။

အများက အရှုံးအပေါ်လိုထင်အောင်လုပ်သည်။ သူလုပ်ချင်တာ လုပ်ခွင့်ရအောင် လုပ်နေခြင်းသာဖြစ်သည်။

အခွင့်အာဏာမဲ့ပြီး အနှိမ်ခံနေရသူလို ဟန်ဆောင်သည်။ အခွင့်အရေး တန်းတူမှုအတွက် တိုက်ပွဲဝင် သူရဲကောင်း ဟန်ဆောင်သည်။ အမှန်စင်စစ် အားဖြင့် သူသည် အခွင့်ထူးကို ထူးထူးခြားခြား ခံယူသူဖြစ်သည်။

အိန္ဒြေမဆည်နိုင်ဘဲ နေရာရရေး အားထုတ်သူ ကိုယ်ကျိုးရှာ ရမ္မက်ကြီးသူ ဖြစ်သည်။

ရန်အောင်၏ ပြန်လည်ပြင်ဆင်ရေးဝါဒသည်။ ကိုယ်ကျိုးကြည့် ရမ္မက်ကြီးမှုနှင့် ပြန်လည်ပြင်ဆင်ရေးဝါဒ ပေါင်းစပ်ထားခြင်းဖြစ်သည်။

ချုပ်လိုက်ပါမူကား ရန်အောင်သည် မည်သည့်အခါကမှ မာ့က်စ်ဝါဒ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်သမားမဟုတ်ခဲ့၊ တော်လှန်ရေးသမားမဟုတ်ခဲ့၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးသမားဂိုဏ်းခွဲရေးသမား တလျှောက်လုံးဖြစ်ခဲ့သည်။ နှစ်ဖက်မျက်နှာရှိသော လျှာနှစ်ခွသမား ပြန်လည်ပြင်ဆင်ရေးသမားဖြစ်သည် ကိုယ်ကျိုးကြည့် ရမ္မက်ကြီးသော ပြန်လည်ပြင်ဆင်ရေးသမား ဖြစ်သည်။

ဤသို့သော အခြေအနေကြောင့် ရန်အောင်သည်....

စိန်ပိန်ဂိုဏ်း ပါတီဖျက်ဆီးရေး တော်လှန်ရေး ဖျက်ဆီးရေး ပြန်လည်ပြင်ဆင်ရေးဂိုဏ်း၏ ခေါင်းမာတယောက် ဖြစ်ကြောင်း။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စိန်-ပိန်တို့အား သုတ်သင်ပြီးသည့်နောက်၌ စိန်-ပိန်ဂိုဏ်း၏ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးအလုပ်များကို ဆက်လက်လုပ်နေကြောင်း၊ ပြန့်ကြဲနေသော ပြန်လည်ပြင်ဆင်ရေးအင်အားစုများကို အသစ်တဖန်ပြန်လည်စုရုံးကာ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးဗဟိုဌာနချုပ် ခေနရှင်လူတန်းစားဌာနချုပ်အသစ်တခု ပြန်လည်ဖွင့်ရန် ကြိုးစားနေကြောင်း။

ပါတီက လက်နက်ချရန်တောင်းဆိုသည်ကို လုံးဝငြင်းဆန်ကြောင်း။

လက်နက်လဲမချ၊ မင်းတို့အသတ်လဲမခံ၊ ငါ့ကိုယ်ကိုသာသတ်မည်ဟု ပါတီကို အပြင်း အထန်ဆုံးနှင့် နောက်ဆုံး ခုခံအံတုကြောင်း၊ ကိုယ့်ကိုယ်ကိုသတ်သေ၍ မသေ သည့်အခါ ပါတီကိုပင် လူသတ်သမားပါတီဖြစ်အောင် မဟုတ်မတရား စွပ်စွဲကြောင်း။

ထင်ရှားခြင်းမက ထင်ရှားနေပြီဖြစ်သည့်အတွက် နိုင်ငံရေးဦးဆောင်အဖွဲ့သည် တော်လှန်သော ဗဟိုကော်မတီများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ကော်မတီအဆင့်အသီးသီးမှ တော်လှန်သောကေဒါများ၊ တော်လှန်သောပါတီဝင်များ၊ တော်လှန်သောတပ်မတော်သားများ၊ တော်လှန်သောလူငယ်များ၊ တော်လှန်သော အမျိုးသမီးများ၏ ပြင်းပြထက်သန်သော ဆန္ဒနှင့်အညီ–

ရန်အောင်အား။

(က) ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ်မှ ဖြုတ်ပစ်လိုက်သည်။

(ခ) ဗမာပြည်ကွန်မြူနစ်ပါတီ အဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်လိုက်သည်။

ရန်အောင်၏ပြစ်မှုများသည် ပါတီတွင်း အတွေးအခေါ်အမှား၊ နိုင်ငံရေးအမှား၊ စည်းရုံးရေးအမှား၊ လုပ်ဟန်အမှား သက်သက်မဟုတ်ပေ။

ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး အလုပ်များဖြစ်သည်။

ရန်အောင်အား ပါတီစည်းကမ်းအရ အရေးယူအပြစ်ပေးရုံမက ပစ္စည်းမဲ့ အစိုးရအာဏာ၏ တော်လှန်ရေးဥပဒေအရလည်း အပြစ်ပေးရမည်။

ယနေ့ပါတီသည် ကျေးလက်တောရွာပိုင်းတွင် အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ဖြစ်သော ပြည်သူ့ဒီမိုကရေစီအာဏာရှင် စနစ်ကိုကျင့်သုံးနေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သို့အတွက် ရန်အောင်အား ပါတီဖျက်ဆီးရေး တော်လှန်ရေး ဖျက်ဆီးရေး ပြန်လည်ပြင်ဆင်ရေး ပြစ်မှုများဖြင့် တော်လှန်ရေး ဥပဒေအရ အရေးယူရန် အောက်ပါအတိုင်း လိုအပ်သောအဖွဲ့အစည်းများကို ဖွဲ့စည်းလိုက်သည်။

(၁) စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့။

(၁) ရဲဘော် သခင်ချစ် (အဖွဲ့ဥက္ကဋ္ဌ)
(၂) ရဲဘော် ဗိုလ်ဇေယျ
(၃) ရဲဘော် သက်
(၄) ရဲဘော် ထွန်းရီ
(၅) ရဲဘော် စိုးဝင်း
(၆) ရဲဘော် ထွန်းမြင့်
(၇) ရဲဘော် ခင်ကျော်

ဤအဖွဲ့၏တာဝန်မှာ ရန်အောင်၏ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေး အလုပ်များနှင့် ပတ်သက်၍ အချက်အလက်များကို စစ်ဆေးဖော်ထုတ်ရန်ဖြစ်သည်။

(၂) စခွဲချက်တင် လူထုတိုက်ပွဲဦးစီးကော်မတီ။

သီးခြားမဖွဲ့တော့။

စခန်းကော်မတီကပင် လူထုတိုက်ပွဲဦးစီးကော်မတီ အဖြစ်ဆောင်ရွက်သွားရန်။

စခန်းပါတီကော်မတီအဖွဲ့ဝင်များမှာ—

(၁) ရဲဘော် ညိုအောင် (အတွင်းရေးမှူး)
(၂) ရဲဘော် ဗိုတ်တင်မောင်
(၃) ရဲဘော် သက်
(၄) ရဲဘော် ညို
(၅) ရဲဘော် ချစ်ဝေ
(၆) ရဲဘော် ထွန်းရီ
(၇) ရဲဘော် သောင်းရွှေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) စွဲချက်တင် လူထုတိုက်ပွဲ သဘာပတိအဖွဲ့။
(၁) ရဲဘော် သခင်ဇင် (သဘာပတိ)
(၂) ရဲဘော် သခင်ချစ်
(၃) ရဲဘော် သခင်ပု

ဤအဖွဲ့၏ တာဝန်မှာ ရန်အောင်အပေါ် လူထု၏စွဲချက်များကို ကြားနာပြီးနောက် လိုအပ်သောစီရင်ချက် ချမှတ်ရန်ဖြစ်သည်။

၁၉၆၇-၃၊ ဒီဇင်ဘာလ ၁၅-ရက်။

× × ×

ယင်းသို့ဖြင့် သခင်သန်းထွန်းသည် ဗိုလ်ရန်အောင်နှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ဖတ်ကြား၍ ပြလိုက်လေသည်။

ထိုအခါတွင်တော်လှန်သောတပ်နီလူငယ် လေးများ၊တော်လှန်သော အမျိုးသမီးလေးများသည် ကြွေးကြော်သံများကို အသံကုန်အော်ဟစ်ကြလေသည်။

"ငွေး၊ ဘတင်ဂိုဏ်းဝင် ရန်အောင်ကို သတ်ပစ်-သတ်ပစ်"

"ဖက်ဆစ်စစ်ဗိုလ်ရန်အောင်ကို သတ်ပစ်-သတ်ပစ်"

"ကိုယ်ကျိုးရမက်ကြီးတဲ့ ရန်အောင်ကို သတ်ပစ်-သတ်ပစ်"

"တိုင်းပြည်သစ္စာဖောက် အောင်ဆန်းရဲ့ နောက်လိုက် ရန်အောင်ကို သတ်ပစ်-သတ်ပစ်"

"အရှုးပါးကြီးရန်အောင်ကို သတ်ပစ်-သတ်ပစ်"

ဤသည်တို့မှာ ဗိုလ်ရန်အောင်ကို သတ်ပစ်ရန်အတွက် တောင်းဆိုသည့် ကြွေးကြော်သံများပေတည်း။

၁၉၆၇-ခုနှစ်၊ ဒီဇင်ဘာလ ၁၅-ရက်နေ့တွင် ဗိုလ်ရန်အောင်အား ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီ အဖွဲ့ဝင်အဖြစ်မှရင်း၊ ပါတီဝင်အဖြစ်မှရင်း၊ လုံးဝပင် ထုတ်ပစ်လိုက်လေတော့သည်။

သို့သော်လည်း ဗိုလ်ရန်အောင်အား ချက်ခြင်းမူ သေဒဏ်မပေးသေးချေ။ အဘယ်ကြောင့်ဆိုသော် ဗဟိုဌာနချုပ်အတွင်းတွင် အကျယ်အပြန့် စွဲချက်တင်တိုက်ပွဲကို ဆက်လက်၍ ဆင်နွှဲရန်အတွက် ဖြစ်လေသည်။

ထို့ကြောင့်ပင် ဗိုလ်ရန်အောင်အား ဗိုလ်တင့်ဆန်း (အောင်သိန်းလွင်)က စွဲချက်တင်လေသည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(က) ရဲဘော်တင့်ဆန်း၏ စိန်-ပိန် ပြန်ပြင်ရေးထိပ်သီးဂိုဏ်းဝင် ရန်အောင်အားစွဲချက်

စိန်-ပိန် ပြန်ပြင်ရေးဂိုဏ်းဝင် ထိပ်သီး ရန်အောင်၏ တော်လှန်ရေးဖျက်ဆီးရေး၊ ပါတီဖျက်ဆီးရေး၊ ပြန်ပြင်ရေးရပ်တည်မှုအတွေးအခေါ်လုပ်ရပ်များကို စွဲချက်တင်ပါမယ်။

ရန်အောင်နှင့်ပတ်သက်၍....

(၁) ၎င်းသည် စိန် - ပိန် ပြန်ပြင်ရေးထိပ်သီး ဂိုဏ်းဝင်ဖြစ်ကြောင်း။

(၂) ပါတီထဲစရောက်သည့်မှ ယနေ့ထိ ၎င်း၏ခနရှင် ရပ်တည်မှုနှင့် ပြန်ပြင်ရေးသမား ဖြစ်ခဲ့ခြင်း။

(၃) ၎င်း၏တန်ပြန်တော်လှန်ရေး လုပ်ရပ်များပေါ် စွဲချက်ခေါင်းစဉ် (၃)ခုဖြင့် တင်ပြပါမယ်။

(၁) ရန်အောင်သည် စိန်-ပိန်ပြန်ပြင်ရေး ထိပ်သီးဂိုဏ်းဝင်ဖြစ်ပါတယ်။

ကျနော့်အနေနဲ့ ဗဟိုစခန်းသို့ ၆၇-ခုနှစ်၊ မတ်လတွင် ရောက်ပြီး စိန်-ပိန်ခေါင်းမာ ပြန်ပြင်ရေးဂိုဏ်းအရေးယူတဲ့ လှုပ်ရှားမှုတွင်ပါဝင်ရပါတယ်။

ရန်အောင်သည် ၎င်းအချိန်တွင် ၅၅-လမ်းစဉ်ကို တသမတ်ထည်းဆန့်ကျင်သော မျက်နှာဖုံးစွပ်ပြီး၊ ၅၅-၆၄ သူသေ-ကိုယ်ရှင်တိုက်ပွဲတွင် ၆၄-လမ်းစဉ်ကို အလဲထိုးပြီး ၅၅-လမ်းစဉ်အသက်သွင်းရေးအတွက် စိန်-ပိန်ရပ်တည်မှုနဲ့ထပ်တူ အသေအလဲ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ပါတယ်။

ကျနော့်အနေနဲ့ လမ်းစဉ် ၂-ရပ်တိုက်ပွဲတွင် မာက်စ်လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ဖြစ်သည့် ၆၄-စစ်အနိုင်တိုက်ရေး၊ အာဏာသိမ်းရေး လမ်းစဉ်ဖက်ကရပ်နိုင်ရန်နှင့် ပြန်ပြင်ရေးဂိုဏ်းအတွင်းမှဆွဲထုတ်ကယ်တင်နိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်။

ကျနော်နဲ့ဆွေးနွေးစဉ်တွင် ၎င်းသည် ၆၄-လမ်းစဉ်ကို လက်ခံသူဖြစ်သည်။ ၅၅-ကို ဆန့်ကျင်သူဖြစ်သည်ဆိုပြီး၊ စိန်-ပိန်တို့နှင့် လူပုဂ္ဂိုလ်အရရော၊ လှုပ်ရှားမှုအရပါ ဆက်သွယ်မှုရှိရုံမက ဥက္ကဋ္ဌ၏ ၅၅-လမ်းစဉ်နဲ့ ပတ်သက်သော ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်တင့်ဆန်း(ခ)ဦးလွင်(ခ)အောင်သိန်းလွင်၏ လက်ရေးမူ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဗိုလ်ရန်အောင် (ခ) ဦးဗိုင်အား ပါတီ၏ သစ္စာဖောက်အဖြစ်သေဒဏ်ပေးရန်အတွက် ဗိုလ်ရန်အောင်၏ ယောက်ဖ ဗိုလ်တင့်ဆန်း (ခ) အောင်သိန်းလွင်၏ တောင်းဆိုချက်မူရင်း လက်ရေးမူဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သူသာလျှင် ၅၅ - ကိုဆန့်ကျင်ရာမှာ အရှည်ဆုံး၊ ရက်အကြာဆုံး စကားပြောသူဖြစ်ကြောင်း၊ ဥက္ကဋ္ဌနှင့် နိုင်ငံရေး ဦးဆောင်အဖွဲ့သာ ၅၅-သမားများဖြစ်ကြောင်းပြောပြီး ဥက္ကဋ္ဌ၏ ၅၅-နဲ့ပတ်သက်သော ဆုံးဖြတ်ချက်ကိုဆန့်ကျင်ခဲ့ပါသည်။ ဥက္ကဋ္ဌနှင့်တကွမာ့က်စ်လီနင်ဝါဒဖက်က ရပ်သောသူများအား ရန်သူလိုသဘောထားပြီး စိန်-ပိန်-ဘခက်တို့နှင့်သာ ဆက်ဆံမှု၊ ဆက်သွယ်မှုအရ လုံးနေပါတယ်။ ၎င်းပြင် လမ်းစဉ် ၂-ရပ် သေရေး-ရှင်ရေးတိုက်ပွဲတွင် ပုံခူးခရိုင်ဖက် တိုင်းဖက်သွားလိုကြောင်းများပြောပါသည်။

* ၎င်းအမိပွါယ်မှာ ၎င်းတို့ဂိုဏ်း လုပ်ငန်းကို နယ်မှာသွားလုပ်ဖို့ကလွဲ၍ ဘာမှမဖြစ်နိုင်ပါ။

* ၎င်းတိုက်ပွဲပြင်းနေချိန်တွင် မင်းက ပါတီသမိုင်းမသိဘူး။ တကယ်က ပြန်ပြင်ရေးသမား ၅၅-သမားတွေဟာ နိုင်ငံရေးဦးဆောင်အဖွဲ့ဖြစ်တယ်ပြောပြီး ၎င်းပြုမှု၊ လှုပ်ရှားမှုက စိန်-ပိန်နဲ့အတူ ဥက္ကဋ္ဌကို အဓိက ဆန့်ကျင်ခဲ့ပါသည်။

၎င်းတိုက်ပွဲဖြစ်စဉ်တွင် ပြောင်အကျဆုံး၊ ၎င်း၏ရပ်တည်မှုမှာ ၅၅-လမ်းစဉ်ကို စွဲချက်တင်နေသော တော်လှန်သောတပ်မတော်သားထု၊ ကေဒါစုံအစည်းအဝေးတွင် သပိတ်မှောက်စေ့ကား ဆန့်ကျင်ပြခြင်းဖြင့် စိန်-ပိန်တို့ထက် ခေါင်းမာကြောင်း၊ ရဲရင့်ကြောင်းပြခဲ့ပါတယ်၊ ၎င်းနေ့မှာပင် ကင်းရဲဘော်ထံမှ စတင်းတောင်းထားခြင်းမှာ မာ့က်စ်လီနင်ဝါဒဖက်မှ ရပ်တည်သူများကို ရန်သူအဖြစ် လက်နက်ဖြင့်ပင် ဖြေရှင်းမည့်သဘောထားကို ပြသခဲ့ပါသည်။

ပီဘီအစည်းအဝေးတွင် ဘာတွေဆန့်ကျင်တိုက်ခိုက်သည် မသိရသော်လဲ စည်းဝေးပြင်ပတွင် ၎င်း၏ပြုမူလှုပ်ရှားမှုမှာ စိန်-ပိန်-ခက်တို့နဲ့ တလုံးတစည်းထဲဖြစ်ပါသည်။

ဤအချက်များကို ကြည့်ခြင်းဖြင့် ၎င်း၏ဆန့်ကျင်မှုမှာ စည်းရုံးရေးအရ လုပ်နည်းလုပ်ဟန်အရ သဘောမတူ၍မဟုတ်ပဲ၊ ၎င်း၏နိုင်ငံရေးအတွေးအခေါ် အနှစ်သဘောမှာ ၆၄-လမ်းစဉ်ကို အမြဲအသုံးပြုဆန့်ကျင် ၅၅-ကို အသေအလဲကာကွယ်ပြီး၊ စိန်-ပိန်တို့နဲ့အတူ လုံးပန်းတိုက်ခိုက်သည့် ခေါင်းမာဂိုဏ်းဝင်ပင်ဖြစ်ပါတယ်။

၅၅-ဆန့်ကျင်ရေးမျက်နှာဖုံးနှင့် ၅၅-အသက်သွင်းရေး နည်းမျိုးစုံခုခံသူ ခေါင်းမာဂိုဏ်းဝင်ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ရန်အောင်သည် ပါတီထဲ စရောက်သည့်နေ့မှ ယနေ့ထိ မာ့က်စ်လီနင်ဝါဒသမား ကွန်မြူနစ်တယောက်မဟုတ်၊ ပါတီထဲမှ ခနရှင်ကိုယ်စားလှယ်နှင့် ပြန်ပြင်ရေးသစ္စာဖောက်ဖြစ်သည်။

ရန်အောင်ကို ကျွန်တော့်အနေနှင့် မူလကကွန်မြူနစ်ခေါင်းဆောင် အလုပ်သမားခေါင်းဆောင်တယောက်အဖြစ် လေးစားချစ်ခင်မှုရှိခဲ့ပါတယ်၊ မိမိ၏သွေးချင်းယောက်ဖထဲတွင် ရင်းနှီးမှုယုံကြည်မှုအရှိဆုံး ဖြစ်ခဲ့ပါတယ်။

ယနေ့ ကျွန်တော်၏ဂစ်မှန်သော မာ့က်စ်လီနင်ဝါဒ လူတန်းစားရပ်တည်မှု၊ လူတန်းစားအမြင်နှင့်ကြည့်သောအခါ ရန်အောင်သည် ပါတီသမိုင်းတွင် ဂိုဏ်းခွဲမှု၊ သစ္စာဖောက်မှုတိုင်း ၎င်းမပါသည်ဟူ၍မရှိပါ၊ ၎င်းမှာပါတီသမိုင်းတွင် ပထမဆုံးသစ္စာဖောက်သည့်အောင်ဆန်းဂိုဏ်းမှအစသိန်းတန်၊အောင်မင်းဂိုဏ်း၊ စိန်ဝင်းဂိုဏ်းအလယ်၊ စိန်-ပိန် ဂိုဏ်းအဆုံးဆက်တိုက် ဂိုဏ်းခွဲရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ ခနရှင်ကိုယ်စားလှယ် ပြန်ပြင်ရေးသမားတယောက်ဖြစ်ကြောင်း တွေ့ရပါတယ်။

ကျွန်တော်ထိတွေ့ရသမျှ ၎င်း၏ကွန်မြူနစ်အနံ့အသက် ကွန်မြူနစ်ရပ်တည်မှု မှုပုံများကိုဖော်ပြပါမယ်။

၁၉၄၅-၄၆ တုံးက ကျနော်နဲ့အတူ ကျနော့်သူငယ်ချင်း သိန်းရွှေဆိုသူ တယောက်ရှိပါတယ်၊ ၎င်းကကွန်မြူနစ်ပါတီဝင်ပြီး အလုပ်သမားသမဂ္ဂလုပ်ငန်းများလုပ်ချင်၍ ၎င်းအား ပြောရာ ကျနော်တို့ကို ပညာဆက်သင်ဖို့ ကျောင်းနေဖို့ပဲ တိုက်တွန်းပါတယ်၊ တကယ်က ကွန်မြူနစ်ပါတီအတွက် ကွန်မြူနစ်အရေးတော်ပုံအတွက် အရင်းနှီးဆုံးနေရသည့် သူများဖြစ်လင့်ကစား၊ တခါမှမစည်းရုံးဘူးပါ၊ ကွန်မြူနစ်လုပ်လိုသည့်ဆန္ဒကိုပင် တားဆီးခဲ့ဘူးပါတယ်။

၎င်းနောက် ၄၈-ခုနှစ် ပါတီတောခိုရာ ကျနော့်အနေနှင့် လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ ရည်ရွယ်ချက်ဆန္ဒရှိသည့်အလျောက် ၎င်းထောင်မှထွက်စဉ်တောခိုဖို့လိုက်မယ်ပြောရာ၊ ပညာဆက်သင်ဖို့၊ ကျောင်းသားလောကမှာပင်လုပ်ဖို့ ဖြောင်းဖြပြောဆိုပါတယ်၊ ၎င်းမှာ ရန်အောင်အနေနှင့် ထိုစဉ်ထဲက လက်နက်ကိုင် တော်လှန်ရေးကို ပြတ်ပြတ်သားသားမလုပ်လိုသည့် တော်လှန်ရေးဖျက်ဆီးရေးသဘောထားပင်ဖြစ်ပါတယ်။

၎င်းအနေနှင့် တော်လှန်ရေးလုပ်နေပြီး လက်နက်ကိုင်တပ်၏ ဒု-သေနာပတိနေရာအဆင့်ရခဲ့သူဖြစ်သော်လည်း ၎င်း၏တကယ့်အတွေးအခေါ်နှင့်လုပ်ရပ်မှာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်ရေးသမားမဟုတ်ပါ၊ အချောင်သမား ရာထူးသမားသာဖြစ်ပါတယ်၊ ဒါကတော့ ကျနော့်အား ၅၂-ခုမှစ၍ ၎င်း၏နားတွင်ထားလိုခြင်း၊ ယခုနောက်ဆုံးအထိ လဲပင်နားကစခန်းတွင် တပ်မှာတာဝန်ယူလိုသည်ပြောခြင်းကို မနှစ်သက်နိုင်ခြင်းများက ၎င်း၏အရိုးစွဲသော လက်ျာအချောင်ဝါဒ ပြန်ပြင်ရေးသမား အတွေးအခေါ် ဖော်ပြချက်များပင်ဖြစ်ပါတယ်။

၎င်းပြင် ရန်အောင်၏လူတန်းစားရပ်တည်မှု၊ လူတန်းစားအမြင်မရှိ၊ ကွန်မြူနစ်အရေခြုံမှုမှာ ဆွေမျိုးသားချင်း အိမ်ထောင်နှင့်ပတ်သက်၍ ရန်-ငါမပြတ်ပင်ဖြစ်ပါသည်။

၅၂-ခုနှစ် မေလ ဗဟိုထိုးစစ်တွင် သေသွားသော ၎င်း၏ယောက်ဖ ညွန့်ဝင်းမောင်နှင့်ပတ်သက်၍ ရန်သူဖောက်ပြန်ရေးဟုမမြင်ပဲ၊ လူတော်လူကောင်း ညီတယောက်အဖြစ်မြင်ခြင်း။

၎င်းမှာ ၅၃-မဏ္ဍပ်ကိုင်း၊ ကူတော်ငနစ်၌ ညွန့်ဝင်းမောင်နာရီကို အမှတ်တရအဖြစ်တောင်းခြင်းစသည့် ရန်သူမိတ်ဆွေမပြတ်ခြင်း၊ ထိုအချိန်က ကျနော့်ဖခင်မှာ ကျနော့်အား ပြန်ခေါ်ရန်လာသည်ကို ကျနော်နဲ့တကွ သက်ဆိုင်ရာ အားအစီရင်မခံခြင်းများရှိပါသည်။

အိမ်ထောင်နှင့် ပတ်သက်၍ မပြတ်ခြင်း၊ ၆၄ – ခုနှစ်လမ်းစဉ်ကျပြီး ၆၅-ဇန္နဝါရီလဆန်းတွင် ကျနော့်အနေနှင့် ၎င်း၏ အိမ်ထောင်နဲ့ ပတ်သက်ပြီး ပြတ်သားတဲ့ သဘောထား ထားရှိဖို့၊ မိမိမျက်နှာမထောက်ဖို့၊ ခေါ်နိုင်ခေါ် မခေါ်နိုင်က လက်နက်ချသူအဖြစ် ပြတ်ပြတ်စဲစဲဖြစ်ဖို့ပြောရာ ယနေ့အချိန်အထိ ကွန်မြူနစ်များထားရှိအပ်သည့်စည်းကို မခွဲခြားနိုင်ပါ။ ၎င်း၏ရပ်တည်မှုအရပင် သားသမီးများခေါ်ရေး ကျနော်တို့ တောင်းဆိုသော်လဲ အကြောင်းအမျိုးမျိုးဖြင့် မခေါ်ရေးပင် ဖြစ်ခဲ့ပါတယ်။

ရန်အောင်အနေနှင့် ၎င်း၏ လူတန်းစားဗီဇကို အလုပ်သမားလူတန်းစားအဖြစ် အမြဲကြွားဝါပြောပြီး ၎င်းတကယ် ဂုဏ်ယူမှု ကြွားဝါမှုမှာ ဆွေမျိုးသားချင်း၏ မြေရှင် ဓနရှင်ဗီဇပင် ဖြစ်ပါတယ်။ ဆင်းရဲသော ဆွေမျိုးစကားမပြောပဲ ချမ်းသာသောဆွေမျိုးကိုသာ အမွှန်းတင်လိုသူဖြစ်ပါတယ်။

ဤသို့သော ဖော်ပြချက်များကပင် ၎င်းအနေနှင့် ဓနရှင် မြေရှင်ရပ်တည်မှုနဲ့ ဗီဇမစွန့်လွှတ်နိုင်ကြောင်း ခိုင်မာကြောင်းပြသနေပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်အောင်အနေနှင့် ခနရှင်ကိုယ်စားလှယ် ပါတီတွင်းက ရန်သူမလုပ်နိုင်သော ပါတီဆန့်ကျင်ရေး၊ တော်လှန်ရေးဖျက်ဆီးရေးလုပ်ငန်းများကို ကျနေ့ဘ် အနေနှင့် ၅၂-ခုနှစ်က စတင်ထိတွေ့ခဲ့ရပါတယ်၊ ဒါကတော့ ၅၂-ခုနှစ် ရမည်သင်း၊ သံပုရာခုံ၊ ဆတ္တိုးပေါက်ရွာနေစဉ် အောက်ချေပါတီဝင်ထု၊ တပ်သားထုကို စည်းရုံးပြီး ဥက္ကဋ္ဌထိုးနှက်ရေး ဩဇာချရေးများ တသမတ်ထဲ စလုပ်ပါတယ်။

ပါတီ၏ စည်းရုံးရေး စည်းကမ်းစောင့်ထိန်းမှုမရှိပဲ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှု ဖျက်ဆီးသောပါတီဆန့်ကျင်ရေး၊ ဥက္ကဋ္ဌဆန့်ကျင်ရေးသမား ဖြစ်ခဲ့ပါတယ်။

၅၃-ခုနှစ် ကူတော်နေစဉ်ကလဲ ၎င်း၏နေရာ အဆင့်ရခရေး တဦးချင်းဝါဒ လောဘရမ္မက်ကြီးမှုအရ ပါတီတွင်း ကိုယ်ကျိုးအခြေခံပေါ်က တိုက်ပွဲဆင်ခဲ့ပါတယ်၊ တဆက်ထဲတွင် တိုင်း ၃-ဖက်ရောက်သွားပြီး စိန်ဝင်းဂိုဏ်းနှင့် ပူးပေါင်း ဂိုဏ်းခွဲရေး၊ ပါတီဆန့်ကျင်ရေး လုပ်ခဲ့သူဖြစ်ပါတယ်။

ဒါကြောင့် ရန်အောင်၏ပါတီသမိုင်း တောက်လျှောက်တွင် ခနရှင်ရပ်တည်မှု ပြန်ပြင်ရေးသမားအဖြစ် ပါတီတွင်း နှစ်ပေါင်းများစွာခိုလှုံပြီး အတွင်းကနေ ခနရှင်သူလျှိုအဖြစ် ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ခနရှင်ထံ ကျွန်ခံရေးကို တက်တက်ကြွကြွ အဆက်မပြတ်လုပ်ခဲ့သူဖြစ်ပါတယ်။

ရန်အောင်၏ တန်ပြန်တော်လှန်ရေး လုပ်ရပ်များပေါ် စွဲချက်။

ရန်အောင်သည် သမိုင်းနဲ့ချီပြီး ပြန်ပြင်ရေးသမား ဖြစ်ခဲ့သော်လည်း ပါတီအနေနှင့် အကြိမ်ကြိမ်ကယ်တင်မှုကြောင့် ပါတီသမိုင်းတွင် အလှည့်အပြောင်း၊ ဖြစ်တိုင်း ဂိတ်ကျော်ခဲ့ရုံမက ပါတီတပ်အဆင့်နေရာများပင် ရရှိခဲ့ပါတယ်။

၆၄-စစ်နိုင်ရေး အာဏာသိမ်းရေး လမ်းစဉ်ဖြစ်သော မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်က ၅၅-ပြန်ပြင်ရေးလမ်းစဉ်ကိုတစုံအဖြစ် ပယ်လှန်သည့် အလှည့်အပြောင်းတွင် ၎င်း၏ခနရှင် ပြန်ပြင်ရေးရပ်တည်မှုမှာ စိန်-ပိန်ထိပ်သီးခေါင်းမာဂိုဏ်းဝင်အဖြစ် ရင့်မှည့်လာပါတယ်၊ အတက်ကြွဆုံး၊ အရဲရင့်ဆုံး၊ ပြန်ပြင်ရေး ဗိုလ်ချုပ်ကြီးအဖြစ် ရှေ့တန်းရောက်ခဲ့ပါတယ်၊ ၎င်းမှာပါတီကို နိုင်ငံရေးအတွေးအခေါ်နယ်ပယ်က စည်းရုံးရေးနယ်ပယ်ထိ ဆန့်ကျင်တိုက်ခိုက်လာသော တန်ပြန်တော်လှန်ရေးဂိုဏ်း လူပ်ရှားမှုပင်ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ငြိ (၂၇) စိန်-ပိန် အရေးယူသည့် ဆုံးဖြတ်ချက်တွင် သူ့အားအရေးမယူခဲ့သော်လဲ ၎င်းအနေနှင့် စိန်-ပိန် တရားဝင်မလုပ်နိုင်တော့သည့် အလုပ်များ ဆက်လက်လုပ်ခဲ့ပါတယ်။

၎င်းမှာ စိန်-ပိန်ဂိုဏ်းအား စွဲချက်တင်တိုက်ခိုက်စဉ်က ကျနော့်အနေနှင့် စိန်-ပိန်ဂိုဏ်းမှ ထွက်နိုင်စေရန် စွဲချက်တင်ဖို့ ဆွေးနွေးခဲ့ပါတယ်၊ ရန်အောင်က စိန်-ပိန်ပေါ် မမှန်တာတွေစွဲချက်မတင်လို့။ ၎င်း၏ဂိုဏ်းသိက္ခာကို ထိန်းရမယ် ပြောပြီး စိန်-ပိန်ကို ကာကွယ်ခဲ့ပါတယ်။

ပါတီကစိန်-ပိန်အား မတရားသဖြင့် လုပ်ကြံစွဲချက်တင်သလို စိန်-ပိန်ဖက် ကတရားလိုလုပ်ပါတယ်။

စိန်-ပိန်အား စွဲချက်တင်သည်အထိ ၎င်းအနေနှင့် ပါတီကိုလှည့်စားသော်လဲ ၎င်း၏ပြန်ပြင်ရေးအရိုးစွဲမှု၊ ခေါင်းမာမှုမှာ စိန်-ပိန်မလုပ်နိုင်တော့သည့် အလုပ်များကိုဆက်ပြီး ပါတီဆန့်ကျင်ရေး၊ ဥက္ကဋ္ဌဆန့်ကျင်ရေး၊ တော်လှန်ရေးဖျက်ဆီးရေးများ ဆက်လုပ်လာပါတယ်။

ဒါကတော့ စိန်-ပိန်အရေးယူပြီးနောက် ၎င်းအနေနဲ့ လန်းဆန်းရှင်ပြလာမှု မရှိပဲ ၎င်း၏ စစ်ရေးလမ်းစဉ်ကိုသာ အာရုံစိုက် နေခြင်း၊ အမှန်မှာ ၎င်း၏ ၅၅-ခနေရှင်စစ်ရေးလမ်းစဉ်နှင့် ၆၄-မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို ယှဉ်ပြိုင်တိုက်ခြင်းပင် ဖြစ်ပါတယ်။

နောက်ဆုံး စိန်-ပိန်အရေးယူသည့် နိဂုံးချုပ်နှင့် မော်နိုင်ထိုးစစ်ကို ထိုးစစ်နဲ့ ရိုက်ချိုးရေးလှုပ်ရှားမှုတွင် ၎င်းအနေနှင့် ဆန့်ကျင်လာမှုကို မထိတွေ့ရသော်လဲ ၎င်းအားနိုင်ငံရေးဦးဆောင်အဖွဲ့မှ ပါတီအား ပုံအပ်ဖို့၊ လက်နက်ချဖို့ ထွက်လမ်းပေးချိန်တွင် ကျနော်နဲ့တွေ့ဆွေးနွေးခဲ့ပါတယ်။

၎င်းနေ့မှာပင် ရန်အောင်အနေနှင့် အဆိပ်သောက်သေကြောင်း ကြံတာကို တွေ့ရပါတယ်၊ ၎င်းမှာ ပါတီကို လက်နက်မချလိုကြောင်း နောက်ဆုံးထိပါတီကိုအံတု ခုခံခြင်းလုပ်ပါတယ်၊ ၎င်းအနေနှင့် ပါတီက အကြပ်ကိုင်လို့ ပြဿနာကို သူ့နည်းနှင့်သူ ဖြေရှင်းမည့် မာန်မာနဖြင့် ခုခံခြင်းပင်ဖြစ်ပါတယ်။

နောက်ဆုံး အချိန်အထိ ပါတီကိုပုံအပ်မယ်၊ လက်နက်ချမယ် ပြောပြီး တကယ်က ၎င်း၏ တန်ပြန်တော်လှန်ရေး၊ ၎င်းဂိုဏ်း၏ အာဏာသိမ်းရေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လုပ်ရပ် စိန်-ပိန်ဂိုဏ်း၏ အကြံအစည် လုပ်ရပ်ကို ဖုံးကွယ်ခြင်း ၎င်းအနေနှင့် တကယ် လက်နက်မချလိုပဲ ငါကိုတော့ ပါတီက သတ်မှာပါ သူဘယ်လို ပြော ပြော ယုံမှာ မဟုတ်ဟု ပြောခြင်းဖြင့် ပါတီက မတရားလုပ်၍ သေဒဏ်ပေးခံရ သယောင်၊ သမိုင်းက တနေ့ပြသလိမ့်မယ် စသည်များပြောခြင်းဖြင့် နောက်ဆုံး ထိ အံတုနေသူ ၎င်းတို့၏တန်ပြန်တော်လှန်ရေး အကြံအစည်ဆိုးကို ပါတီအား ပုံမအပ်၊ လက်နက်မချသည့် ခေါင်းမာထိပ်သီးပင်ဖြစ်ပါတယ်။

သို့အတွက် စိန်-ပိန်ထိပ်သီး ဂိုဏ်းဝင် ရန်အောင်အား ပြည်သူ့တရားခုံရုံးမှ တော်လှန်ရေး ဖျက်ဆီးရေး၊ ပါတီဆန့်ကျင်ရေး၊ တန်ပြန်တော်လှန်ရေးသမား ဖြစ်သည့်အတွက် သေဒဏ်အပြစ်ပေးဖို့ တောင်းဆိုပါတယ်။

ကျနော်အနေနှင့် ပါတီတော်လှန်ရေးနဲ့ ပြည်သူများ သေရေး ရှင်ရေး အကျိုးအတွက် ပြန်ပြင်ရေး ခေါင်းမာဂိုဏ်းဝင် ရန်အောင်အား စိန်-ပိန်နဲ့ အတူ မြေမြှုပ်သင်္ဂြိုဟ်ဖို့တောင်းဆိုပါတယ်။

တင့်ဆန်း
၁၂-၁၂-၆၇

× × ×

ဗိုလ်တင့်ဆန်း(ခေါ်)အောင်သိန်းလွင်မှာ ဗိုလ်ရန်အောင်၏ဇနီး ဒေါ်လှိုင် လှိုင်၏ မောင်အငယ်ဆုံးဖြစ်၏။ ဗိုလ်ရန်အောင်သည် အောင်သိန်းလွင်အား အလွန်ပင်ချစ်၏၊ ခင်၏။ အောင်သိန်းလွင်ကို နာမည်ပင် ခေါ်ဆိုခြင်းမပြုချေ။ "ညီလေး"ဟုသာခေါ်၏။ ဗိုလ်ရန်အောင်သည် "ညီလေး"အတွက်မူ အစစ အရာရာပင် အနစ်နာခံသူဖြစ်လေသည်။

ဗိုလ်ရန်အောင်သည် အချစ်ဆုံး "ညီလေး" အောင်သိန်းလွင်၏ စွဲချက် ကို နားထောင်လျက် မချိတင်ကဲဖြစ်နေ၏။ ပြေမဆည်နိုင်ဖြစ်နေ၏။ ခေါင်း ကိုမူ တဆတ်ဆတ်ငြိမ့်နေ၏။ ဗိုလ်ရန်အောင်၏ မျက်လုံးအစုံမှ မျက်ရည်တို့သည် တားမရ ဆီးမရဖြစ်နေ၏။ ထို့ကြောင့်ပင် ဗိုလ်ရန်အောင်၏ မျက်ရည်တို့သည် ပါးပြင်သို့ လိမ့်၍လိမ့်၍ ယိုဆင်းနေတော့၏။ ပါးပြင်မှ မျက်ရည်တို့ကို သုတ်ယူ ၍ပင် ပစ်နိုင်ခြင်းမရှိချေ။ ခေါင်းကိုသာ သွက်သွက်ခါရမ်း၍ နေရတော့၏။ အဘယ်ကြောင့်ဆိုသော် ကြိုးအထပ်ထပ်ဖြင့် တုပ်ချီ ထားသော ကြောင့် ဖြစ် လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆက်လက်၍ ဗိုလ်ရန်အောင်တူဖြစ်သော ရဲဘော်တင်ဟန်(ခေါ်)ရဲဘော် သာမောင်(အောင်သိန်းနိုင်)ကလည်း ဤသို့ပင်စွဲချက်တင်၍ တောင်းဆိုသွားလေသည်။

(ခ) "ရန်အောင်ဟာ ပါတီထဲမှာ အထဲကဝင်ဖျက်ဆီးနေတဲ့ ပါတီကိုခနရှင် လမ်းလိုက်အောင်လုပ်နေတဲ့ ခနရှင်ကိုယ်စားလှယ်တဦးဖြစ်တယ်။"

ရန်အောင်ဟာ အုပ်စိုးတဲ့ ခနရှင်လူတန်းစားရဲ့ ဖောက်ပြန်တဲ့ စစ်တပ်က တော်လှန်ရေး ဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေးသမား စစ်ဗိုလ်လို သူ့ရဲ့ ကောင်းလို့ယူဆတယ်။

ကျွန်တော် အဖြစ်အပျက်တခုကိုတင်ပြမယ်။

ပြီးခဲ့တဲ့(၁၀)နှစ်ကျော်က ရန်သူ့တပ်တစုနဲ့ ကျွန်တော်တို့ ပြည်သူ့တပ်မတော်တိုက်ပွဲဖြစ်ပြီး ရန်သူ့တပ်က ညွန့်ဝင်းမောင်ဆိုတဲ့ ဗိုလ်တယောက်ကျသွားတယ်၊ အဲဒီဗိုလ်ကိုရန်သူက သူရဲကောင်းအဖြစ်ချီးကျူးပြီး ရေဒီယိုတွေက သဘင်းစာတွေက အကြီးအကျယ်ဝါဒဖြန့်တယ်။

အဲဒီညွှန့်ဝင်းမောင်ဆိုတာ ခုရဲဘော်ဗိုလ်တင့်ဆန်းနဲ့ ကျွန်တော်တို့ရဲ့အမျိုးဖြစ်တယ်။

ရန်အောင်ရဲ့ယောက်ဖလဲဖြစ်တယ်။

ရန်အောင်ဟာသူ့ယောက်ဖက ပါတီကိုလက်နက်ကိုင်ပြီးလိုက်တိုက်၊ တော်လှန်ရေးကို ကာယကံမြောက်ဖျက်ဆီးနေတဲ့ ဆိုရှယ်လစ်ထိပ်သီး တော်လှန်ရေးဖျက်ဆီးရေးသမား ရန်သူ့စစ်တပ်က ညွန့်ဝင်းမောင်ကို ဘယ်လိုသဘောထားခဲ့သလဲ၊ သူ့ရဲကောင်းလိုသဘောထားခဲ့တယ်၊ ဖောက်ပြန်တဲ့ညွန့်ဝင်းမောင်ဟာ ပြည်သူ့တပ်မတော်နဲ့ တိုက်ပွဲဖြစ်ပြီး သေသွားတဲ့အခါမှာ သူဟာ ညွန့်ဝင်းမောင်ရဲ့ သူရသတ္တိကိုချီးကျူးပြီး သူ့အိမ်က ကလေးတွေတောင် ညွန့်ဝင်းမောင်လိုလူမျိုးဖြစ်အောင် မွေးမြူဖို့ပြောခဲ့တယ်။

အုပ်စိုးတဲ့ခနရှင်လူတန်းစားရဲ့ သူရဲကောင်းညွန့်ဝင်းမောင်ဟာ သူ့သူရဲကောင်းဖြစ်နေတယ်၊ ဒီတော့ သူ့ရဲ့ရပ်တည်မှုဟာ ဘာရပ်တည်မှုလဲ၊ ခနရှင်ရပ်တည်မှုမဟုတ်ပါလား၊ သူဟာသူကိုယ်တိုင်တန်ပြန်တော်လှန်ရေးသမားဖြစ်ရုံမက သူ့ရဲ့ကလေးများကိုပါ တန်ပြန်တော်လှန်ရေးမျိုးဆက်ဖြစ်ဖို့ အဲဒီကထည်းက ရည်မှန်းချက်ရှိတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်တခုကတော့ ကျွန်တော်နဲ့ပတ်သက်တာပဲ။

ကျွန်တော်ဟာ ရန်သူ့ဒေသမှာရှိစဉ်က ကျွန်တော်တို့အိမ်က အိမ်ဖော်အမျိုးသမီးတယောက်ကို ဖျက်ဆီးခဲ့တယ်။ ဒါဟာ မနေရှင်လူတန်းစားရဲ့ပုပ်သိုးမှုဖြစ်တယ်။

ဒါကို ရဲဘော်စောမင်း(ဇေလတ်)ကဖွင့်ချပြီး ပါတီကိုပုံအပ်ဖို့ ကျွန်တော့ကို တောင်းဆိုတဲ့အခါမှာ ကျွန်တော်ကလဲ ပါတီကိုပုံအပ်ဖို့ ပြင်တဲ့အခါမှာ ရန်အောင်က ဘယ်လိုပြောသလဲဆိုတော့။

"မင်း ဒါတွေပြောလို့ မဖြစ်ဘူးထင်တယ်"လို့ပြောခဲ့တယ်၊ ဒီမှာရပ်တည်မှုနှစ်ခုဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်၊ ရန်အောင်ရဲ့ ရပ်တည်မှုက မနေရှင်အကျင့်စရိုက်ဆိုးကို ဖုံးကွယ်ဖို့ လူငယ်တွေကိုဖျက်ဆီးဖို့လုပ်တဲ့ ရပ်တည်မှုဖြစ်တယ်၊ ဒါဟာ မနေရှင် လူနေမှုစနစ်ကို ကာကွယ်တာပဲ မဟုတ်လား ပါတီကိုဆန့်ကျင်တဲ့ မနေရှင်ကိုယ်စားလှယ်ရဲ့ ရပ်တည်မှုမဟုတ်လား။

ရန်အောင်ဟာ သူ့ကိုယ်သူ အလုပ်သမားလူတန်းစားလို့ အမြဲကြွားဝါလေ့ရှိတယ်၊ သူ့မှာ ပစ္စည်းမဲ့ လူတန်းစား ရပ်တည်မှု၊ ဘယ်တုံးကမှ မရှိဘူး၊ ခင်ဗျားရဲ့ သမိုင်းကြောင်းကိုပဲ ကြည့်ကြည့်၊ ခုပြောတဲ့ အချက်တွေကိုပဲ ကြည့်ကြည့် ရှင်းနေတယ်၊ သူဟာ လူတန်းစားပျက်ဖြစ်တယ်။

ပါတီကိုအတွင်းကဖျက်ဆီးဖို့ လျှိုဝင်နေတဲ့ မနေရှင်ကိုယ်စားလှယ်ပဲဖြစ်တယ် ဒီအတွက် ရန်အောင်ကို ကျွန်တော်စွဲချက်တင်တယ်။

ဒီလို စိန်- ပိန်ဂိုဏ်းလှုပ်ရှားမှုပြင်းထန်ပြီး ပြန်လည် ပြင်ဆင်ရေး တိုက်ပွဲဟာ ပြင်းထန်လေတော့ ရန်အောင်ရဲ့ ပြန်လည်ပြင်ဆင်ရေး ရပ်တည်မှု ကလဲ ပွင့်ကျလာတဲ့အခါမှာ ကျွန်တော်က "ကျုပ်တို့အမျိုးထဲမှာ ပြန်လည်ပြင်ဆင်ရေးသမား မပေါ်စေချင်ဘူး" လို့ပြောတော့ ရန်အောင်က "ငါတော်လှန်ရေးလုပ်လာတာ ၁၇-နှစ်၁၈-နှစ်ရှိပြီ၊ ဖြစ်ချင်ရာဖြစ် ထင်ချင်တာထင်မထူးဘူး" ပြောတယ်။

ဒီသူ့ရဲ့ရပ်တည်မှုကလဲ မနေရှင်လမ်း ပြန်လည်ပြင်ဆင်ရေးလမ်းကိုလိုက်ဖို့ စိန်ပိန်ဂိုဏ်းထဲမှာ စိတ်ဒုန်းဒုန်းချပြီး ပါဖို့ရပ်တည်တာပဲ၊ ပိုင်းဖြတ်မှုရှိတဲ့ အလွန်ခေါင်းမာတဲ့ ပြန်လည်ပြင်ဆင်ရေးသမားရပ်တည်မှုပဲ။

ဒီအချက်တွေအရ ရှင်းနေတာကတော့ ရန်အောင်ဟာ စိန်- ပိန်နဲ့ နိုင်ငံရေး ရပ်တည်မှု မတူဘူး၊ ကျုပ်က သီးခြားလို့ ဘယ်လိုပြောပြော သူဟာ စိန်-ပိန် ဂိုဏ်းသား စစ်စစ်၊ ဂိုဏ်းခွဲရေးသမားစစ်စစ်၊ ပြန်လည်ပြင်ဆင်ရေးသမား စစ်စစ်ဖြစ်တယ်၊ ဘာငြင်းနိုင်မလဲ။

ရန်အောင်ဟာ စိန်- ပိန်ဂိုဏ်းသားပီသစွာပဲ၊ စိန်-ပိန်ဂိုဏ်းကို အစဉ်တစိုက် သစ္စာရှိတယ်၊ ကာကွယ်တယ်။

"စိန်- ပိန်ကို စွဲချက်တင်စဉ်က "ငါမဟုတ်မဟာပ်တွေ မပြောချင်ဘူး၊ ငါ့ ဂုဏ်သိက္ခာကို အထိခိုက် မခံနိုင်ဘူး၊ ငါ့သိက္ခာကို ထိပါးစေမဲ့ စွဲချက်မျိုး ငါ မတင်နိုင်ဘူး" လို့ ကျွန်တော့ကို ဒီလိုပြောခဲ့တယ်။ ရန်အောင်ဟာ ဘယ် လောက်ပြောင်ကျသလဲ၊ အဲဒီလို စိန်-ပိန်ကိုကာကွယ်တယ်၊ သစ္စာရှိတယ်။

နောက် အခုနိုဝင်ဘာလ ၂၇-ရက်နေ့မှာ ရန်အောင်က ဗိုလ်တင့်ဆန်းကိုရော ကျွန်တော့ကိုပါပြောတယ်။

"ငါ့ကို ပိဘီက ဂိုဏ်းအကြောင်းဖော်ကောင်လုပ်ခိုင်းနေတယ်၊ ငါလဲဘာမှ မသိဘူး၊ စိန်-ပိန် ရန်သူနဲ့ဆက်မဆက် ငါမသိဘူး"လို့ ပြောတယ်။

ဒါက ရန်အောင်ဟာ ပြောင် တိ တိ လင်းလင်းပဲ ဖုံးကွယ်တယ်၊ အဲဒီလို စိန်- ပိန်ကို ကာကွယ်တယ်။

နောက်ပြီးတော့ ရန်အောင်ဟာ နိုဝင်ဘာလ ၂၇-ရက် နောက်ပိုင်းမှာ ကျွန်တော့်ကိုလျှို့ဝှက်ပြီး တိတ်တိတ် စာတစောင်ပေးတယ်၊ အဲဒီစာကတော့ "ငါ့ကိုသတ်ဖို့ တွင်းတူးပြီးပြီ၊ ငါသစ္စာဖောက် အဖြစ်နဲ့တော့ မသေချင်ဘူး၊ တနေ့တော့ အမှန်ကိုသိလိမ့်မယ်၊ အဲဒီအခါမှာ ငါ့ကို သစ္စာဖောက်စာရင်းက ပယ်ဖျက်ပေးပါ" ဆိုပြီးပါတယ်။

ဒါကဘာလဲ ပစ္စည်းမဲ့ တော်လှန်ရေးလမ်းစဉ်က အောင်ပွဲ ခံနေသမျှတော့ သူဟာသစ္စာဖောက်ပဲ၊ ပြန်လည်ပြင်ဆင်ရေး လမ်းစဉ်က အနိုင်ရရင်တော့ ရန်အောင်ဟာသစ္စာဖောက်စာရင်းက ပျက်မှာပေါ့၊ ကျွန်တော့ကို ရန်အောင် က သစ္စာဖောက် စာရင်းက ပယ်ဖျက်ပေးပါဆိုတာက မင်းငါ့လမ်းစဉ်ကို အောင်မြင်အောင်ဆက်တိုက်၊ သားစဉ်မြေးဆက် ဆက်တိုက်လို့ ခိုင်းတာပဲ၊ သူတို့ရဲ့ ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်အောင်မှ သူ့ကိုသစ္စာဖောက် စာရင်းက ဖျက်၊ သူရဲကောင်းအဖြစ်မြှောက်စား၊ ဂျပန်ပြန် ဗိုလ်ချုပ်ရန်အောင်ကျောက် ရုပ်စိုက်၊ ကျောက်သားပကတိမှာကမ္ပည်းထိုး၊ ဒါပဲမဟုတ်လား။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်အောင်ဟာ တန်ပြန်တော်လှန်ရေး မျိုးဆက်မွေးပြီး ပါတီကို သားစဉ်မြေးဆက်အထိတိုက်ဖို့ ကမ္ဘာမကျေစိတ်ဆိုးဖြတ်ချက်ရှိသူပဲ၊ တန်ပြန်တော်လှန်ရေးအရိုးရင့်သူပဲ။

ဒါတွေကြောင့် ရန်အောင်ဟာ (၁၀)ကြိမ်မက သေဒဏ်ခံသင့်တယ်။ ကျွန်တော်ရဲ့စွဲချက်ကိုချုပ်လိုက်ရင်....

(၁) ပါတီကို အတွင်းကဖျက်ဆီးဖို့ ငုတ်လျှိုးဝင်ရောက်နေတဲ့ ခနရှင်ကိုယ်စားလှယ်ဖြစ်တယ်။

(၂) ပါတီ ဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ ဂိုဏ်းခွဲရေး သမားနဲ့ စိန်- ပိန်ဂိုဏ်း ဌာနချုပ်ဂိုဏ်းဝင်ဖြစ်တယ်။

(၃) ၅၅-ဆန့်ကျင်ရေးအလံထူပြီး ၅၅-ကိုအသေအလဲရပ်ခံကာကွယ်သူ၊ ၆၄-အလံထူပြီး၊ ၆၄-ဖျက်ဆီးတဲ့၊ ယုတ်မာကောက်ကျစ်တဲ့၊ နှစ်ဖက်မျက်နှာ ခေါင်းမာ ပြန်လည် ပြင်ဆင်ရေးသမား ဖြစ်တယ်။

(၄) ပါတီကို အတွင်းကနေပြီး စစ်ရေးနည်းအရ ဖျက်ဆီးဖို့ကြိုးစားတဲ့ ခနရှင် စစ်ရေးကိုယ်စားလှယ် နေဝင်းရဲ့ စစ်ရေးကိုယ်စားလှယ် ဖြစ်တယ်။

(၅) တဦးချင်းကိုယ်ကျိုးရမှက်ကြီးသူဖြစ်တယ်။

(၆) ပါတီဖျက်ဆီးရေး၊တော်လှန်ရေးဖျက်ဆီးရေး၊တန်ပြန်တော်လှန်ရေး၊ စိန် ပိန်ပြန်လည်ပြင်ဆင်ရေးဂိုဏ်းကို ကာကွယ်သူ၊ ဆက်ခံသူ၊ တဆင့်တိုးမျိုးဆက် မွေးဖို့ကြိုးပမ်းသူ၊ ပါတီအာဏာကို လုပ်ကြံရေး၊ တန်ပြန်တော်လှန်ရေးသမား ဖြစ်တယ်ဆိုတာတွေရမှာဖြစ်တယ်။

ရန်အောင်ရဲ့ ဒီပြစ်မှုများအတွက် ကျွန်တော် ဒီပြည်သူ့တရားခွင်မှာ စွဲချက်တင်လိုက်ပါတယ်။

"ကျွန်တော့်ရဲ့တောင်းဆိုချက်။"

လေးစားအပ်တဲ့ သဘာပတိအဖွဲ့ဝင်များ၊ စွဲချက်တင် လူထုတိုက်ပွဲ အစည်းအဝေးကို တက်ရောက်ကြတဲ့ ရဲဘော်များခင်ဗျား"

ဒီတန်ပြန်တော်လှန်ရေးသမားရန်အောင်ရဲ့ ပါတီနဲ့တော်လှန်ရေးဖျက်ဆီးရေး၊ ပြည်သူ့သတ်ဖြတ်ရေး၊ တန်ပြန်တော်လှန်ရေးလုပ်ဆောင်မှု ပြစ်မှုများဟာမိုးမြေမက ကြီးမားလှပါတယ်။

ဒါကြောင့် ဒီတရားခံ ငရန်အောင်အတွက် ဆိုရင် သေဒဏ်အပြစ်သာ **အထိုက်တန်ဆုံး၊ အထိုက်တန်ဆုံး၊ အထိုက်တန်ဆုံးဖြစ်ပါတယ်။**

ဒါကြောင့် ဒီတရားခံ ငရန်အောင်ကို အမြန်ဆုံးသုတ်သင်ရှင်းလင်းပစ်လိုက်တာဟာ **အကောင်းဆုံး၊ အကောင်းဆုံး၊ အကောင်းဆုံးဖြစ်ပါတယ်"**

× × ×

ဤသည်မှာ ဗိုလ်ရန်အောင်၏တူဖြစ်သော ရဲဘော်တင်ဟန်(ခေါ်)ရဲဘော်သာမောင်(အောင်သိန်းနိုင်)၏ စွဲချက်နှင့် တောင်းဆိုချက်ပင်ဖြစ်လေသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် သခင်ပု(ခေါ်)ဦးထွန်းဝေသည် ဗိုလ်ရန်အောင်အား ဤသို့ပင်စွဲချက်တင်၍သွားလေသည်။

(ဂ) သခင်ပု၏ ရန်အောင်(ပိုင်)အားစွဲချက်များ။

"ကျွန်တော်နဲ့ရန်အောင်ရဲ့ဆက်ဆံမှု"

ပါတီဝင်ချင်း၊ ဗဟိုကော်မတီချင်းဆိုပေမဲ့ လူပုဂ္ဂိုလ်အနေနဲ့ ရင်းရင်းနှီးနှီးနီးကပ်စွာ ပေါင်းသင်းဆက်ဆံခဲ့ဘူးတာမရှိခဲ့ဘူး။

နိုင်ငံရေးအရလဲ နှစ်ဦးချင်းတခါမှမဆွေးနွေးဘူးခဲ့၊ အစည်းအဝေးများမှာသာ ဆုံရ၊ ကြုံရ၊ ငြင်းခုံကြရတာဖြစ်တယ်၊ ၅၁-ဗဟိုကော်မတီအစည်းအဝေးမှာငြိမ်းချမ်းရေးညှိနှိုင်းပေါင်းအစိုးရလမ်းစဉ်တော့ သူတက်တက်ကြွကြွထောက်ခံတယ်၊ ဗဟိုကော်မတီမှ သူ့ကိုဖြုတ်တာတော့ အရှုံးအမှုးဆန့်ကျင်တယ်။

၆၃-တွေ့ဆုံဆွေးနွေးရေးစခန်းမှာ အခွင့်ထူးခံတာလွန်လွန်း (ပစ္စည်းများသီးခြားဝယ်ခိုင်း၊ ကော်ဖီတောင်းသောက်၊ နာရီတောင်းပြန်မပေး၊ သူများအတွက် ကလောင်များပေးမပေးမသိ၊အခြားပစ္စည်းများယူသွား။)ဆွေးနွေးပွဲမှာပေါ်တာ နောက်မှပြောပါမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၆၄-ဗဟိုကော်မတီအစည်းအဝေးအပြီး၊ သူသရက်က ပြန်ရောက်မှ တစခန်းထဲ နေရတယ်၊ အစည်းအဝေးတွေ အတူတက်ရလို့ တိုက်ရိုက်တွေ့သိရတာရှိတယ်၊ အယင်က သူ့ အကြောင်း တွေ တဆင့် စကား ကြား ဘူး တာ တော့ အများပဲ၊ မပြောတော့ဘူး။

အခုလဲ သိပြီးကြတာတွေထပ်မပြောတော့ဘူး။

အတွင်းပိုင်းဆွေးနွေးပွဲများမှ မသိကြသေးတာတွေကိုပဲပြောမယ်။

အဲဒါလဲ အများစုဟာ ဖြုတ်-ထုတ် ဆုံးဖြတ်ချက်မှာ ပါပြီးပဲ။ ဒါကိုအခြားဖက်က တင်ပြမှာဖြစ်တယ်။

ဦးပိုင်ဟာ စိန်-ပိန် ဂိုဏ်းဝင်ပဲ။

စိန်-ပိန် ဂိုဏ်းရဲ့ တတိယခေါင်းဆောင်ဖြစ်။ စိန်(ပါတီ)ပိန်(မြေယာ)ပိုင်(စစ်ရေး)တာဝန်ခွဲဝေပြီးပဲ။

စိန်နဲ့ပိန်က တာဝန်လက်ရှိဖြစ်တယ်၊ အာဏာလက်ရှိဖြစ်လို့ အာဏာအသုံးပြုပြီး တော်လှန်ရေးလုပ်ငန်းတွေကို နှောက်ယှက်ဖျက်ဆီးနေတယ်။

ပိုင်ကတာဝန်မဲ့နေတယ်၊ အာဏာတပိုင်းတစသာဖြစ်နေလို့ တာဝန်နဲ့အာဏာရရေးအတွက် ရှေ့တန်းထွက်တိုက်တာပဲ။

အစည်းအဝေးတိုင်းမှာ ဥက္ကဋ္ဌကဖြစ်စေ၊ အခြားတဦးဦးကဖြစ်စေ တင်ပြသမျှပြဿနာတွေကို သူတို့သုံးဦးဟာ သုံးဖက်သုံးတန်က ဝိုင်းညှပ်ပြီး တိုက်ဖျက်ဖို့ကြိုးပမ်းကြတာချည်းပဲ။

ပိန်ကတင်ပြချက်ကို လကျ်ာဘက်သို့ ရောက်လာအောင် ပြင်ဆင်လာဖို့ပြောင်တင်ပြလိုက်တယ်။

ပိုင်က ပိန်ရဲ့ယာကိုမတိုက်ပဲ၊ မူလတင်ပြတာကိုယာကျသလိုလိုစွပ်စွဲပြီး လက်ဝဲလေသံတွေနဲ့ မီးရှူးမီးပန်းတွေလွှတ်လျက် အစွန်းတဖက်ကို ရောက်အောင်ရှောက်တွန်းတာမျိုးဖြစ်တယ်။

(ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအဆင့်ရဲ့ မြေယာလုပ်ငန်းစဉ်မှာ ဆိုရှယ်လစ်အစို့အညှောင့်ပါတဲ့ အပြန်အလှန်ကူညီရေးအဖွဲ့ထည့်ထားရာမှ ဆိုရှယ်လစ်တော်လှန်ရေးမှာလုပ်ရမဲ့ ဆိုရှယ်လစ်လက္ခဏာဆောင်တဲ့ သမဝါယမကိုထည့်ဖို့တွန်းပို့တာမျိုး)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စိန်က အခြားသူများပြောကြတာရော သူ့ဂိုဏ်းဝင်နှစ်ဦးပြောတာနဲ့ပါ ပေါင်းစပ်ပြီး အလယ်အလတ်စေ့စပ်တဲ့သဘောနဲ့ စာမျိုးတင်ပြတယ်။ တကယ်က သူတို့ သုံးဦးလုံးဟာ တင်ပြချက်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်လုပ်ပြီး ပျက်စီးသွားဖို့၊ ပုံပျက်သွားဖို့၊ ပယ်ဖျက်ပစ်ဖို့ ဂိုင်းဝန်းကြိုးပမ်းကြတာချည်းပဲ။

နောက်ဆုံးမှာ မတတ်နိုင် မရတော့တဲ့အခါ ပိန်ကိုသာ ချန်ထားခဲ့ပြီး စိန်နဲ့ပိုင်က မလွဲသာလို့ ထောက်ခံပါတယ်လို့ ရောချလိုက်ကြတာချည်းပဲ၊ ဗဟိုကော်မတီကျမှ ပြန်တိုက်ကြမယ်လို့ ရည်ရွယ်ကြတာပဲ၊ ၆၂-တုံးကလို ပြန်ဖြစ်လိမ့်အုံးမယ်လို့ ထင်ကြဟန်တူတယ်။

ပိုင်က ပိန်ဟာ ပါတီစထောင်သူဖြစ်တယ်၊ ပါတီဝင်ဖြစ်တာ သူနဲ့တနှစ်သာကွာတယ်၊ သူ့ဆရာပဲလို့ အစည်းအဝေးတွေမှာ ကြိမ်ဖန်များစွာ တရားဝင်ပြောကယ်။

ကျန်တဲ့သူတွေဟာ သူတို့နောက်မှ ပါတီထဲရောက်ကြတာလို့ စွပ်စွဲတာပဲ။

သူကိုယ်တိုင် စကထည်းက ဂျပန်ကိုထွက်ပြေးတယ်၊ ဂျပန်စစ်ဗိုလ်လုပ်တယ်၊ ဖက်ဆစ်အဖြစ်နဲ့ ပါတီကို သစ္စာဖောက်ခဲ့ပြီးသူဖြစ်တယ်။ (၄၀-ခုနှစ်) သူ့ဆရာ ပိန်ကလဲ စကထည်းက ဒိန္နိယထွက်ပြေး၊ ၄၉-မှာ အဖြုတ်ခံရတယ်၊ ၆၇-မှာ သုတ်သင်ပစ်ရသူဖြစ်တယ်။

သူ့ဆရာပိန်က လူရှောချီဟာ သူ့ဆရာ၊ သူ့အဖေ၊ သူ့ဘုရားတဲ့။

လူရှောချီကိုယ်တိုင်ဟာ တရုပ်ကရူးရှော့ဖ်ဖြစ်နေတော့ သူတို့အားလုံးဟာ ဘာတွေလဲ ပိုင်က စိန်နဲ့သူဟာ ယခင်ကထည်းက အလွန်ရင်းနှီးသတဲ့။

နောက်ဆုံးညနေအထိ ရေအတူသွားခပ်တယ်၊ တတွဲတွဲနဲ့ ရင်းရင်းနှီးနှီး ရှိကြတာတွေ့ရတယ်။

အထက်ဗမာပြည်မှာ သန်းမြိုင်၊ စိန်-ပိုင်တို့ဟာ အတူတကွ ကာလကြာမြင့်စွာ ပူးတွဲလုပ်ခဲ့ကြတာတွေတော့ မှတ်မိတယ်။

ရှေးယခင်ကတော့ မသိဘူး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တရုပ်ပြည် ယဉ်ကျေးမှု တော်လှန်ရေး ဆုံးဖြတ်ချက်မှာ ဦးပိုင်ဘာလဲ(၆၇-လဲပင်စခန်း)

တရုပ်ပါတီကိုပင် ဆန့်ကျင်ပြီး ရှိင်းစိုင်းရမ်းကားစွာ စော်ကား ပြောဆိုတယ်။

ရဲဘော်မော်စီတုန်းတို့ပါ တိုက်သူဖြစ်တယ်၊ ပီကင်း အသံလွှင့်ချက်ကိုလဲ ကန့်ကွက်တယ်၊ ဆုံးဖြတ်ချက်စာတမ်းတခုလုံးကို သဘောမတူသူဖြစ်တယ်။ စိန်-ပိန်တို့ပင် တရုပ်ပြည်ဆိုင်ရာကို မကန့်ကွက်၊ ဗမာပြည်ပါတီဆိုင်ရာသာ ကန့်ကွက်ကြတယ်။

သူကစိန် ပိန်တို့မပြောရဲတာကိုပင်ပြော၊ စိန်-ပိန်တို့ထက်ဆိုးတယ်၊ အဲဒီတုံးက သူကိုယ်တိုင်ပြောတာကိုမှတ်ထားတာ၊ နောက်မှာဖတ်ပြမယ်။

တန်ဘိုးဘယ်လောက်ပေးရ ပေးရလို့ပဲ၊ စိန် - ပိန်တို့လိုပဲ အဲဒီတုံးက ပိုင်က ကြုံးဝါးခဲ့တယ်။

ဧပြီလ ၂၇-ရက်နေ့ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌက ဗဟိုကော်မတီအားလုံး ရှေ့မှာ ကျေညာတဲ့အခါမှာ ပိုင်ကယဉ်ကျေးမှု တော်လှန်ရေးဆုံးဖြတ်ချက်ပါ ရန်ဖက်ဆိုတာမှတပါး ကျန်တာတွေကိုလက်ခံပါတယ်လို့ပြောလာတယ်။

နောက်အားလုံးလက်ခံပါပြီလို့ ဥက္ကဋ္ဌအား တိတ်တိတ်သွားပြောကြောင်း တဆင့်သိရတယ်။

တကယ်က ယနေ့ထိ လက်မခံသေးဘူး၊ (ကျိတ်ဝိုင်းသာ လုပ်လိုတယ်၊ လူထုလမ်းစဉ်မယုံဘူး လူထုတိုက်ပွဲမကြိုက်၊ လူထုကိုအထင်သေး၊ လူထုအားရန်သူလို သဘောထားတယ်။)

တရုပ်ပြန်ဆန့်ကျင်ရေး။

တဦးချင်းသာမက အားလုံးကိုပါ ဆန့်ကျင်တာ တရားဝင်ရော ဘေးမှာပါ ကြိမ်ဖန်များစွာ ထပ်ပြန်တလဲပြောင်ဘဲပြောနေတယ်။

ကျောင်းသင်တန်းမှူးတွေကို ဆရာကလေးတွေလို့သူခေါ်နေတာဟာတဖက်က လှောင်သရော်ခေါ်တာဖြစ်ပြီး၊ တဖက်လည်းတွဲ ဆရာကြီးများလဲရှိသေးလို့ဆိုတာပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ထွန်းငြိမ်းကို ငါဗိုလ်ချုပ်ကွ၊ ဒု-သေနာပတိကွလို့ ပိုင်ကကြိမ်းမောင်း ပြီးတဲ့နေ့မှာ ဦးပိန်က ထွန်းငြိမ်းကအရေးမကြီးပါဘူး၊ အခြားအရေးကြီးသူ တွေရှိသေးတယ်လို့ ပိုင်ကို နှစ်ဦးချင်းနားချတာကထင်ရှားတယ်။

ကျွန်တော်က ၆၆-ဘူးစင်စခန်းအစည်းအဝေးတခုမှာ ပိုင်ရဲ့ တရုပ်ပြန်ဆန့် ကျင်တာနဲ့ပတ်သက်လို့ တဦးချင်းမမှန်ရင် ထောက်ပြသင့်တယ်၊ တရုပ်ပြန် တွေလို့ အားလုံး သိမ်းကြုံးပြောရင်းနဲ့ ရဲဘော် မော်စီတုန်းကိုပါ ဆန့်ကျင်ရာ ရောက်လိမ့်မယ်လို့ သတိပေးခဲ့တယ်။

အဲဒီသတိပေးတဲ့အတိုင်းပဲ တရုပ်ပြည်ယဉ်ကျေးမှု တော်လှန်ရေးဆွေးနွေး တော့ ပိုင်က မော်စီတုန်းမကိုင်တွယ်တတ်လို့ သွေးထွက်သံယိုအထိဖြစ်လာတာ ပဲလို့ စော်ကားတဲ့အထိဖြစ်တာပဲ။

၅၅-ဆွေးနွေးစဉ်က ရန်ရှင်း(သခင်ဘသိန်းတင်)ခေါင်းဆောင်တဲ့ အဝေး ရောက်ဗဟိုကော်မတီတွေကို ကြိုးစင်တင်ရမယ်လို့ ဘေးမှာစိန်ကို ပြောတာ ကြားရတယ်။

သပိတ်မှောက်ထွက်လာပြီးလို့ သူ့အထုပ်ကြီးပြေကျလာမှ တရုပ်ပြန်နဲ့ ပတ်သက်တဲ့သဘောထား ပြင်ဖို့လိုလာတယ်။ ဦးလှအောင် (ကိုအောင်ကြီး) ကိစ္စမရှိဘူး။ အထူးသဖြင့် ဦးထွန်းဝေကြီး(သခင်ပု)နဲ့ ပြဿနာရှိတယ်တဲ့။

ဘခက်ထွက်ပြေးတဲ့ည(လဲပင်စခန်းမှ) ဗဟိုကော်မတီများ ဆွေးနွေးကြတဲ့ အခါ အချက်အလက် မခိုင်လုံ မသေချာပဲ မသတ်သင့်လို့ ဦးပိုင်က ပြောခဲ့ တယ်။

ဆင်သေရွာနားရောက်တော့ ဘခက့်လက်နက်ချကြောင်း သိရတဲ့အခါကျမှ စိန်-ပိန်ကို ချက်ခြင်းသတ်ပစ်ဖို့ ပြောလာပြန်တယ်။ ရန်သူနဲ့ဆက်တဲ့ အချက်အ လက်သေချာမှ သတ်သင့်လို့ဆိုခဲ့ရာမှ ဖွင့်မချပဲ ချက်ခြင်းသတ်ပစ်ဖို့ ပြောလာ ပြန်တာဟာ အဓိပ္ပါယ်ရှိတယ်။

ဘခက်ထွက်ပြေးတဲ့ညက ဆွေးနွေးကြရာမှာ အရေးကြီးလာပြီ။ နယ်တွေ ကို အမြန်ရှင်းပြသင့်တယ်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ကို လွှတ်ဖို့လိုတယ်။ တော်လှန်တဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များ မသွားသင့်။ ဦးလှအောင် (ကို အောင်ကြီး)မကျန်းမာဘူး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဦးထွန်းဝေ(သခင်ပု) အလုပ်ရှိနေတယ်။ ကျွန်တော့်ကို တာဝန်ပေးရင် သွားမယ်လို့တင်ပြတယ်။

ဘယ်သူက ဘာမှပြန်မပြောလို့ ဘယ်လိုမှ မဖြစ်ခဲ့ဘူး။

ဒါဟာ ဘာအဓိပ္ပါယ်လဲ။

ထွက်ပြေးဖို့လား၊ ဂိုဏ်းထပ်စုဖို့လား။

ဗဟိုအသစ်ထပ်ထောင်ဖို့လား။

ဦးပိုင်ဟာ ပြန်ပြင်ရေးသမား ခေါင်းမာထိပ်သီးပဲ။

တဦးချင်းဝါဒသမား၊ သူ့ကိုယ်သူ အလွန်အကျွံအထင်ကြီး၊ ကိုယ်ကျိုးဖက်ရမှုကြီးသူဖြစ်တယ်။

နာမည်ကြီးချင်၊ ကျော်ကြားချင်၊ ချီးမွမ်းခံချင်သူဖြစ်တယ်။ အစည်းအဝေး တိုင်းလိုလိုမှာ အခုပြောတာအသစ်ပဲ။ မှတ်တမ်းတင်ထားဖို့ဆိုတာမျိုး မကြာခဏပြောတယ်။

သူ ထပ်ပြန်တလဲပြောနေလို့ အသစ်ကြားရတာမဟုတ်။ မှတ်တမ်းလဲ သူ့ဆရာစိန်က အမြဲရေးတင်နေတာပဲ။

ကျမ်းပြုလိုတာက ကြိမ်ဖန်များစွာပဲ လမ်းစဉ်ကိုလဲ ဥက္ကဋ္ဌနဲ့စင်ပြိုင်တင်ဖို့ ကြိုးပမ်းခဲ့တာ ၅၁-လောက်က ပျဉ်းမနား ဘုရားတောင် ပိုတက် နေကြာစခန်း မှာကထဲက တွေ့ခဲ့ရတယ်။ အခုမှ ဒါမျိုးလုပ်တာမဟုတ်ဘူး။

အခုလို အခြေအနေအထိ ဖြစ်ခဲ့ပါလျက် သူ့ကိုယ်သူ ဆန်းစစ်ချက်တော့ မရေးပဲ စစ်ရေးကျမ်းကြီးပြုစုနေတယ်။

အင်္ဂလိပ်စကားကလဲ အလွန်ပြောတယ်။ ကောလိပ်ကျောင်းသားက အရှုံးပေးရမလောက်ဖြစ်တယ်။ ဗမာလိုပြောရင် အင်္ဂလိပ်လိုဘာသာပြန်ပြီးမှ နားလည်သတဲ့။ ၆၄-လမ်းစဉ်ကို အင်္ဂလိပ်လိုဘာသာပြန်ပြီးမှ သူနားလည်တာဖြစ်တယ်။

သခင်ဘသိန်းတင်ရဲ့ ဗမာလိုမိန့်ခွန်းကို အင်္ဂလိပ်လိုအသံလွှင့်တာ နားထောင်ရတာ အလွန်ကောင်းဆိုပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဦးပိုင်ဟာ ပါတီထဲလက်နက်ချသူမဟုတ်။

ဟိုနေ့က သူပြောတာဟာ ပါတီကို တရားခံဖြစ်အောင် ပြန်စွပ်စွဲတာပဲ။

မြွေးဦးကိုလှည့်ပစ်ဖို့ ပစ်ကွင်းကို ပြောင်းပစ်ဖို့ တရားလိုနဲ့ တရားခံပြောင်းပြန်ဖြစ်အောင် လုပ်ပစ်ဖို့ပဲ။

ပြန်ပြင်ရေးနည်း ၅၅-နည်း ကရှုးရှော့ဖ်နည်း လူရှောချီနည်း ဦးပိန်နည်းပဲ။

စိန်-ပိန်-ပိုင်တို့ လုပ်တာတွေမှန်သမျှဟာ ရန်သူအကျိုးရှိဖို့ချည်းပဲ။

ပါတီရဲ့ တော်လှန်ရေးလုပ်ငန်းမှန်သမျှကို နည်းမျိုးစုံနဲ့ နှောက်ယှက် ဖျက်ဆီးဖို့ပဲ။

ရန်သူထံ တပါတီလုံးလက်နက်ချ အညံ့ခံခိုင်းဖို့ပဲ။

အဲဒါကြောင့် ဦးပိုင်ဟာလဲ သူ့ဂိုဏ်းဝင် စိန်-ပိန် တို့သွားတဲ့ လမ်းအတိုင်း ပို့လိုက်တာဟာ ပြန်ပြင်ရေးတိုက်ပွဲပေါ်လစီနဲ့ ကိုက်ညီတယ်။

သခင်ပု (ထွန်းဝေ)

× × ×

ဤသည်မှာ သခင်ပု (ဦးထွန်းဝေ) ၏ ဗိုလ်ရန်အောင်နှင့် ပတ်သက်သော စွဲချက်များပင်ဖြစ်သည်။

ထိုသို့ သခင်ပုအနေနှင့် ဗိုလ်ရန်အောင်အား ဒေါ်နှင့်မာန်နှင့် စွဲချက်တင်နေသည်ကို ဗိုလ်ဇေယျသည် ပီတိဖြစ်နေသည်။ ထို့ကြောင့် ဗိုလ်ဇေယျသည် အောက်ပါ လေးချိုးကို ချက်ခြင်းပင်ကောက်ခါငင်ကာ ရေး၍ တော်လှန်သော ဥက္ကဋ္ဌသခင်သန်းထွန်းသို့ ပေးအပ်လိုက်လေသည်။

> "လင်းအားကြီး အထူးရွှန်းဝေစွာ စွဲချက် တင် နေ တာ က တော့ မင်းသားကြီး ဦးထွန်းဝေပါတဲ့ဗျ။
>
> တခဲနက်တဲ့ သူ့အာဘော် (အိုဗျာ) ပွဲပွက်အောင်ပ စွဲမက်စရာတဲ့ ခုအခါနော်။ သူ့ခမြာ အကျော်အမော်ဇာနည်မျိုးပေမို့ ပါတီအကျိုး ထိရင်လ သီးရင့်လျှင် သီးရင့်စေတော့ မီးပွင့်အောင်ကွဲ ဆော်မဟော့နော်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ပု(ခ)ဦးထွန်းဝေ၏လက်ရေးမူ

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

+ [illegible]

၁၀။ [illegible]

= [illegible]

= [illegible]

= [illegible]

= [illegible]

= [illegible]

= [illegible]

= [illegible]

[illegible]

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အယူချော် မသူတော် စိန်-ပိန် ပိုင်အလေ ခွေးတိရစ္ဆာန်များကို လ ဂိန်-ဂိန် အိုင်စေ ဘေးပိတ်ကန်လို့ ထားယုံနဲ့ မအေးပြီမို့ ပထဝီမြေ အလွှာသုသာန်မှာ မြှုပ်နှံရစေဖို့ အရေး ကိုလ အ ဟုတ်တော်လှန် အကြမ်းဆုံးလွှတ်တင်ကာ မှောက်လှန်ပစ်တဲ့အောင် နှုတ်အာဘန်တန် စခန်းလုံး ကျွတ် အဝင်အပါ ထောက်ခံလို့ ပစ်ကြသလိုပ။

နောက်တဖန် တရစ်ကမ္ဘာအထိ ချဲ့ထွင်ကာတန္နန်း အသွင်အဝေး ပါသိမ့်သိမ့် ဟီးတဲ့အောင် အရောက်အလျင် အမြန်မလစ် သဘာပတိ အဖွဲ့ဝင်ခင်ဗျာ အဆုံးစီရင်ပေးပါတော့လို့ တခြိမ်းခြိမ်းတီးလိုက်ကြပါ စို့ ဒို့ဗုံကြီးရယ်တဲ့ အိုးစည်သံ။....

ဆိုးသည့်အမှန် အာဂ အယုတ်ညစ် အကြံကြီး ရယ်နဲ့ ဌာန ချုပ် အသစ်ဖန်တီးဖို့တဲ့ဗျ လုပ်လာပြန်။ သူ့ မာန်ထောင်ကာ နှံချင်သေး သတဲ့ဗျ ခုရန်အောင်ဟာလဲ ပြန်ပြင်ရေးပါပဲ။ အူမစင်အပုတ် လူယုတ် ဒလန်ကို ကျူပင်ခုတ် ကျူငုတ်မကျန်စေလို ခုဆုတ်ကာဖြင့် မဆိုင်းတဲ့ အောင် ကဲ....သူ့ခုတ်ကာပိုင်း”

× × ×

ဤသည်မှာ .... ဗိုလ်ဇေယျကိုယ်တိုင် စပ်ဆိုထားသော ဗိုလ်ရန်အောင်နှင့် ပတ်သက်သည့် တော်လှန်သော လေးချိုးကြီးပင်ဖြစ်လေသည်။

ထို့နောက်တွင် ဗိုလ်ဇေယျကလည်း ဗိုလ်ရန်အောင်အား ဤသို့ပင်စွဲချက် တင်၍ တောင်းဆိုသွားလေသည်။

(ဃ) “စိန်-ပိန်ဂိုဏ်းဝင် ခေါင်းမာ ပြန်လည်ပြင်ဆင်ရေး
သမား ပါတီဖျက်ဆီးရေး တော်လှန်ရေး ဖျက်ဆီး
ရေးသမား ရန်အောင်အား ဗိုလ်ဇေယျ၏စွဲချက်”

သဘာပတိအဖွဲ့ဝင်များခင်ဗျား။

ရန်အောင်နှင့်ပတ်သက်၍ စွဲချက်တင်ပါမယ်၊ ရန်အောင်ဟာ ရင့်ကျက်တဲ့ ပြန်လည်ပြင်ဆင်ရေးသမားတယောက်ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ဇေယျ၏"တော်လှန်သောလေးချိုးကြီး"

(ဗိုလ်ဇေယျ၏လက်ရေးမူ)



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်အောင်ဟာ ပါတီဖျက်ဆီးရေး တော်လှန်ရေးဖျက်ဆီးရေးပြန်လည်ပြင်ဆင်ရေး၊ ငွေး-ဘာတင် (စိန်-ပိန်) ဂိုဏ်းရဲ့ ခေါင်းမာဂိုဏ်းသားထိပ်သီးတဦးဖြစ်ပါတယ်။

ရန်အောင်ဟာ ပြန်လည်ပြင်ဆင်ရေး ငွေး-ဘာတင်ဂိုဏ်းရဲ့ ဖောက်ပြန်တဲ့နိုင်ငံရေးရည်ရွယ်ချက်ဖြစ်တဲ့ ၎င်းကိုယ်တိုင်ရဲ့ နိုင်ငံရေးရည်ရွယ်ချက်လဲဖြစ်တဲ့ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေးကို သမိုင်းနဲ့ချီပြီး ပြောင်ပြောင်တင်းတင်း တက်တက်ကြွကြွ လုပ်ခဲ့တဲ့ အဖျက်သမား တန်ပြန်တော်လှန်ရေးသမားတယောက်လဲ ဖြစ်ပါတယ်။

ရန်အောင်ဟာ ၎င်းရဲ့ဖောက်ပြန်တဲ့နိုင်ငံရေး ရည်ရွယ်ချက် အထမြောက်ရေးအတွက် ပါတီရဲ့ခေါင်းဆောင်မှုနဲ့ အာဏာကိုအပိုင်စီး လုယူရန် အစဉ်တစိုက်တသမတ်တည်း ကြံစည်ကြိုးပမ်းလုပ်ဆောင်ခဲ့တဲ့ အကြံသမားတယောက်၊ ဓနရှင်လူတန်းစားကိုယ်စားလှယ်တယောက်၊ ပါတီအထဲသို့ ကြာမြင့်စွာကထဲကခိုးဝင်နေတဲ့ ဓနရှင်လူတန်းစားရဲ့ သူလျှိုတယောက်ဖြစ်ပါတယ်။

ထို့ကြောင့် ရန်အောင်အား ကြီးမြတ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ရန်သူ၊ ဗမာ့ပစ္စည်းမဲ့လူတန်းစားရဲ့ရန်သူ၊ ဗမာပြည်သူတို့ရဲ့ရန်သူဖြစ်ကြောင်း။

ကမ္ဘာ့ပစ္စည်းမဲ့လူတန်းစားရဲ့ရန်သူ ကမ္ဘာ့တော်လှန်တဲ့ပြည်သူများရဲ့ရန်သူဖြစ်ကြောင်း။

ဗမာနဲ့ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးရဲ့ ရန်သူ ဖြစ်ကြောင်းကို စွဲချက်တင်လိုက်ပါတယ်။

ဒီစွဲချက်လုံးဝနဲ့ အကြွင်းမဲ့မှန်ကန်ကြောင်း၊ ပါတီဗဟိုကော်မတီနိုင်ငံရေးဦးဆောင်အဖွဲ့ရဲ့ ထိတွေ့ဖော်ထုတ်ချက်များနဲ့ ရဲဘော်အသီးသီးရဲ့ ကိုယ်တိုင်ထိတွေ့ခံစားရတဲ့ အခိုင်အမာအချက်အလက်များကို ထပ်လောင်းပြီး တင်ပြသွားမှာဖြစ်ပါတယ်။

ရန်အောင်ဟာဦးဏှောက်မကောင်းတဲ့လူမဟုတ်။

ရှေးဦးစွာ အရေးကြီးတဲ့ အချက်တချက်ကို ရှင်းလင်းဖို့လိုပါတယ်၊ယခင်က ရန်အောင်ဟာ....

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁) အူကြောင်ကြောင်လူ၊ ကျပ်မပြည့်တဲ့လူ၊ဦးနှောက်မကောင်းတဲ့ လူတယောက်လို တချို့ကထင်နေကြပါတယ်။

(၂) မြော်မှန်းချက်ကြီးတဲ့လူ၊အဆင့်နေရာတပ်မက်တဲ့လူ၊ ကိုယ်ကျိုး တွက်ကိန်း ကြီးမားတဲ့ လူတယောက်လို့လဲ ကြားသိ ထိတွေ့ နားလည်ရပါတယ်။ မြော်မှန်းချက် ကြီးတယ်၊ အဆင့်နေရာ တပ်မက်တယ်၊ ကိုယ်ကျိုးရမှုက် ကြီးတယ် ဆိုတာကတော့ မှန်တယ်။သူ့ရဲ့ဘဝတလျှောက်လုံး ဖော်ပြခဲ့တဲ့အတွက် ဒီအချက် ဟာ ထင်ရှားပြီးဖြစ်တယ်၊ အထူးပြောစရာမလိုပါ။

ဒါပေမဲ့ အူကြောင်ကြောင်လူ၊ ဦးနှောက် မကောင်းတဲ့ လူတော့မဟုတ်ပါဘူး။

ဒါဟာ ရန်အောင်ရဲ့ စဉ်းစားတွေးခေါ်မှု၊ ကြံစည်မှုနဲ့ လှုပ်ရှားမှုများကဖော်ပြပြီးဖြစ်ပါတယ်။ ရင့်ကျက် ကျင်လည်တဲ့ ခေါင်းမာတဲ့ ပြန်လည်ပြင်ဆင်ရေးသမား တယောက် ပီပီ ပါတီဆန့်ကျင်ရေး၊ တော်လှန်ရေး ဖျက်ဆီးရေးဖြစ်တဲ့ဖောက် ပြန်တဲ့ လုပ်ရပ်တွေကို တသမတ်တည်း သမိုင်းနဲ့ချီပြီး လုပ်ခဲ့ တဲ့ သာဓကတွေက ထင်ရှားစေခဲ့ပြီး ဖြစ်ပါတယ်။

ဒီဖောက်ပြန်တဲ့ လုပ်ရပ်များကိုကြည့်လျှင် ရန်အောင်ဟာ အကြံအစည်အပြည့်နဲ့ ရည်ရွယ်ချက်ရှိရှိ၊ စီမံကိန်းရှိရှိ၊ ခြေလှမ်း ရှိရှိနဲ့ အခြေအနေအမျိုးမျိုးအောက်မှာ မီးစင်ကြည့်ပြီး ကျင် ကျင် လည်လည် ပြောင်ပြောင် တင်းတင်း တသမတ်တည်း လုပ်ခဲ့ပုံကို အထင်အရှား တွေ့ရပါတယ်။

ဒါကြောင့် ရန်အောင်ဟာ အူမကြောင်ပါဘူး၊ အူမှာ အကြောင်မပါပါဘူး၊ တဆင်ထဲတသွေးထဲပဲဖြစ်ပါတယ်၊ အဲဒီ အဆင်အသွေးကတော့ ပိန်းပိတ် မိုက်မှောင်နေတဲ့ အမဲရောင် အနက်ရောင်ပဲ ဖြစ်ပါတယ်။

အဲဒါကတော့ သွေးစုတ်သူလူတန်းစားများရဲ့ အမှောင်အင်အားစုကိုသစ္စာ ရှိရှိ ကိုယ်စားပြုနေတဲ့ ယုတ်မာညစ်ငြမ်း စုတ်ပဲ့တဲ့ ဖောက်ပြန်မှုပါပဲ။

ဦးနှောက်လဲကောင်းပါတယ်။ မှတ်ဉာဏ်လဲကောင်းပါတယ်။ ဓနရှင် လူတန်းစား အကျိုးအတွက် အကြံကြီးတွေ ပြောင်ပြောင်တင်းတင်း ကြံနိုင်၊ကျင်လည်တဲ့ ကောက်ကျစ်တဲ့နည်းတွေ သုံးနိုင်၊ ဟိုသမိုင်း-ဒီသမိုင်းတွေရေး၊ ဟိုကျမ်း ဒီကျမ်းတွေပြုစု၊လမ်းစဉ်တွေ စင်ပြိုင်တင်၊ စီမံကိန်းတွေချ၊ သုံးသပ်ချက်တွေလုပ် ဒါတွေဟာ ဦးနှောက် မကောင်းပဲ မှတ်ဉာဏ်မကောင်းပဲ မလုပ်နိုင်ပါဘူး။

ခုဒီတိုက်ပွဲမှာ သေရေးရှင်ရေး ပြဿနာတွေဖော်ထုတ်၊ ရန်အောင်ရဲ့ကျူးလွန်ခဲ့တဲ့ သစ္စာဖောက်မှု ရာဇဝတ်မှုကြီးတွေ ဖော်ထုတ်လာကာမှ ဖြေဌ်ချက်ပေးရန် တောင်းဆိုလာကာမှ မမှတ်မိသယောင် မေ့နေသယောင် လုပ်လာတာဟာ ရိုးရိုးမဟုတ်ပါဘူး။

၎င်းရဲ့ အကြံအစည်တွေနဲ့ ဖောက်ပြန်တဲ့ လုပ်ရပ်တွေကို ပါတီနဲ့ လူထုကလက်ဆုပ် လက်ကိုင်မိထားတဲ့ အခြေအနေအောက်မှာ ပြောင်ငြင်း ပြောင်ကာကွယ်တဲ့ ခေါင်းမာမှုသာဖြစ်ပါတယ်။ အခြားဘာမှ မဟုတ်ပါဘူး။ ၎င်းရဲ့ဖောက်ပြန်တဲ့ ရပ်တည်မှုကို မစွန့်တဲ့ ဓနရှင်လူတန်းစား အကျိုးကို သစ္စာရှိတဲ့ ဖော်ပြချက်သာဖြစ်ပါတယ်။ တခြားဘာမှ မဖြစ်နိုင်ပါဘူး။

ရန်အောင်ဟာ အူကြောင်ကြောင်လူ ဦးနှောက် မကောင်းတဲ့လူ မှတ်ဉာဏ်မကောင်းတဲ့လူ မဟုတ်ဘူးဆိုတာ ရှင်းနေပါတယ်။

ဒါပေမဲ့ ရှုံးတာတော့ အမှန်ပါပဲ။

ဘယ်လိုရှုံးတာလဲ-ဘယ်မှာရှုံးတာလဲ။

အဲဒါကတော့....

ပထမ—အာဏာရှုံးတာဖြစ်ပါတယ်၊ အခွင့်နေရာ အာဏာရမှုကြီးတဲ့ ၎င်းရှုံးထမှုပါပဲ။

ဒုတိယ—၎င်းရဲ့ နိုင်ငံရေး ရည်ရွယ်ချက်ဖြစ်တဲ့ ပါတီဖျက်ဆီးရေး၊တော်လှန်ရေး ဖျက်ဆီးရေး၊ အ ကောင် အ ထည် ဖော် နိုင် ရေး အတွက် ဂမူးရှူးထိုး မဖုံးနိုင်၊ မကွယ်နိုင်၊ အရှုံး အမူး တိုက်ခိုက်တဲ့ အရှုံးထမှုကို ဆိုလိုပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တတိယ -ဖြစ်ဘဲ့ နောက်တရှုးကတော့။... မာ့က်စ်လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ် လက်နက်တပ်ဆင်ထားတဲ့ ရင့်ကျက်ထက်မြက်တဲ့ ကြီးမြတ်တဲ့ ပါတီကိုအုံတုတိုက်ခိုက်တာ လေ့ကျင့်သားရ သံခဲတင်ထားတဲ့ တော်လှန်တဲ့ခေါင်းဆောင်တွေ တော်လှန်တဲ့ ပါတီဝင်တွေ၊ တော်လှန်တဲ့တပ်မတော်သားတွေ၊ တော်လှန်တဲ့ လူငယ်တွေ တော်လှန်တဲ့အမျိုးသမီးတွေကို ရင်ဆိုင်ရန်ပြုတာ ပြည်သူတို့နဲ့ သမိုင်းရဲ့တော်လှန်ရေး ရထားဘီးကို နောက်ပြန်လှိမ့်စေဖို့ အားထုတ်တာတို့ဟာ ခနရှင်လူတန်းစားရဲ့ စိတ်ကူးယဉ်ခြင်း ဖြစ်ပါတယ်။ ခနရှင်လူတန်းစား သူလျှိုရန်အောင်ရဲ့ အရှူးထခြင်းပဲဖြစ်ပါတယ်။

ဖက်ဆစ်ရန်အောင်။

ရန်အောင်ရဲ့ ဇာတိရုပ်ပုံပေါ်အောင် အတိတ်ဖော်လိုပါသေးတယ်။ အဲဒါကတော့—

(၁) ရန်အောင်ဟာ ဂျပန်ပြည် ဖက်ဆစ်တွေထံမှ စစ်ပညာ သင်ယူခဲ့ဘူးပါတယ်။ ဖက်ဆစ်စစ်ပညာကို တက်တက်ကြွကြွ သင်ခဲ့သူဖြစ်တယ်။

ဖက်ဆစ် စစ်ရေးကို အားလဲကျသူတယောက် ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအချိန်ကစပြီး စစ်ပါရဂူကြီးတယောက် ဖြစ်လိုတဲ့ရည်မှန်းချက်နဲ့ စတင်ကြိုးပမ်းခဲ့သူဖြစ်ပါတယ်။ နေထိုင်ဝတ်စားပုံကအစ ဖက်ဆစ်ကို အားကျပါတယ်။ ဂျပန်ဖက်ဆစ်အုပ်စိုးခဲ့တဲ့ကာလ တလျှောက်လုံးမှာ ဖက်ဆစ်ဂျပန်နဲ့ မတူတူအောင် ထူးထူးခြားခြားလုံးပန်းပြီး ဆင်ယင်ထုံးဖွဲ့မှုတွေ လုပ်ခဲ့သူဖြစ်ပါတယ်။ ယုတ်စွအဆုံး ဂျပန်ဖက်ဆစ်တွေနဲ့တူသထက်တူအောင် မုတ်ဆိတ်ကျင်စွယ်တွေ ထားခဲ့ပါသေးတယ်။ မုတ်ဆိတ်ရန်အောင်ဟူ၍ပင် ဖက်ဆစ်ဂျပန်ခေတ်မှာ ခေါ်ဝေါ်သမုတ်ကြပါတယ်။

၁၉၄၀-ခုနှစ် လက်နက်ကိုင် တော်လှန်ရေး စတင်ပြီး သမိုင်းဟာ ပြောင်းလဲလာခဲ့ပေမဲ့ ရန်အောင်ဟာ ဖက်ဆစ်ဓလေ့ ဖက်ဆစ်အကျင့်တွေကို မစွန့်နိုင်ပါဘူး။ တော်လှန်ရေးကာလထဲ ရောက်သည်အထိ ပစ္စည်းမဲ့တပ်မတော်ထဲမှာ ဖက်ဆစ်ဆက်ဆံရေးကို ဆက်လက်ကျင့်သုံး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တုံးပါဘဲ။ အောက်ခြေ တပ်မှူးတွေ တပ်မတော်သားတွေကို ဆဲဆိုရိုက်နှက်ကန်ကျောက် လုပ်တဲ့နေရာမှာ ကျော်ကြားတုံးပါဘဲ။

ဂျပန်ခေတ်က ရခိုင်ပြည် ဘူးသီးတောင် မောင်းတောဒေသမှာ ဖြစ်ပွားတဲ့ကိစ္စကိုစွဲချက်တင်ပါမယ်။

ကုလား ရခိုင် အမျိုးသားအဓိကရုဏ်းဖြစ်နေချိန်မှာ ရန်အောင်နဲ့ ၎င်းရဲ့တပ်ဟာ ထိုဒေသကို ရောက်သွားခဲ့ပါတယ်၊ လူမျိုးရေးအဓိကရုဏ်းကိုတားဆီးရေး၊ အဓိကရုဏ်းမဖြစ်ရေးကို မလုပ်ရုံမကပို၍ပြင်းထန်ဆိုးဝါးစေခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ရန်အောင်ရဲ့ တပ်ဆုတ်ခွာချိန်မှာ လိုက်လိုသူတွေ အကြမ်းဖက်မှုကြောင့် အသက်ပေါင်းများစွာ ရေနစ်သေးဆုံးခဲ့ရပါတယ်။

ဒါဟာ ရန်အောင်ရဲ့ ဖက်ဆစ်ရာဇဝတ်ပစ်မှုတခုပါပဲ။

သုံးနှစ်သုံးမိုး ဂျပန်ဖက်ဆစ်အုပ်စိုးခဲ့ပြီးနောက် ၁၉၄၅-ခုနှစ်၊ ဗမာပြည်သူတို့ဟာ လက်နက်စွဲကိုင်ထကြွ တိုက်ခိုက်ခဲ့ပါတယ်၊ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးလက်နက်ကိုင်စစ်ပွဲကြီးဆင်နွှဲခဲ့ပါတယ်။

အခဲမကျေတဲ့ ဗမာပြည်သူတွေဟာ ဂျပန်ဖက်ဆစ်ခားပြ မုဒိမ်းလူသတ်ကောင်များကို သတ္တိပြောင်စွာ တိုက်ခိုက်ဂလဲ စားချေခဲ့ကြပါတယ်။

ဒါပေမဲ့ "မိုလ်ချုပ်ကြီး" ဆိုတဲ့ရန်အောင်ဟာ ပြည်သူတွေကိုပစ်ပြီး ထွက်ပြေးတိမ်းရှောင်ပြီး တောကြီးမျက်မဲထဲမှာ တယောက်တည်း ပုန်းအောင်းနေခဲ့တာဖြစ်ပါတယ်။

(ဂျပန်ဖက်ဆစ်ဆိုလို့ သူ့တသက်မှာ တကောင်တမြီးကိုမှ ဒါးနဲ့လဲမခုတ်သေနတ်နဲ့လဲမတိုက် သတ်လဲမသတ် ဂလဲ့စားလဲ မချေခဲ့ပါဘူး။

ရန်အောင်ဟာ သူကိုယ်တိုင်က ပါတီအပေါ် ပြည်သူအပေါ် ရက်စက်ကြမ်းကြုတ်ပေမဲ့ သူကိုယ်တိုင်သေရမှာတော့ အလွန်ငကြောက်တဲ့ လူကြောက်ကြီးတယောက် ဖြစ်ပါတယ်။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မြေကိုက်မှာကြောက်လို့ လမ်းမသွားရဲ၊ တောင့်တောင့်တင်းတင်း မပါပဲ ခရီးမထွက်ရဲ၊ စစ်ရေးအခြေအနေပြင်းထန်လာရင် မနေရဲဘူး ဆိုတာတွေကြားရပါတယ်။

ဂျပန်ဆန့်ကျင်ရေး ခေတ်မှာလဲပဲ အထက်ကပြောခဲ့သလို ဂျပန်ဖက် ဆစ်ခေတ်တခေတ်လုံး သူမွေးထားတဲ့ နာမည်ကျော် မုတ်ဆိတ်ကျင် ဆွယ်တွေကို အဆုံးခံအပြောင်ရိပ်ပြီး လူရုပ်ဖျောက်ကာ ထွက်ပြေး ပုန်းအောင်းခဲ့တယ်။

သူများတွေက တခြိမ့်ခြိမ့်ဂျပန်ဖက်ဆစ်တပ်တွေကို တိုက်ခိုက်ဂလဲ့ စားချေကြလို့မို့ ရန်အောင်ကိုလဲ ပွဲတော်ကြီးထဲမှာ ပါနိုင်အောင် သူပုန်းနေတဲ့ပုန်းကျင်းထဲက ဆွဲထုတ်ခဲ့ပြီး ဂျပန်ဖက်ဆစ်တပ်တွေကို တိုက်ခိုက်စေခဲ့ပါတယ်၊ ဂျပန်ဖက်ဆစ်တပ်တွေကို တိုက်ဖို့လွှတ်လိုက် ခါမှပဲ ဂျပန်တပ်နဲ့တွေ့တော့ တိုက်ရမဲ့အစားထွက်ပြေးလာပါတယ်။

ဒါဟာ "ဗိုလ်ချုပ်ကြီး"ရန်အောင်ရဲ့ ဘိမသေနအဖြစ် ဗိုလ်ကြောက်ကြီး အဖြစ်ကို အလွယ်နဲ့သိနိုင်ပါတယ်။

ကျွန်တော်ဟာ ရန်အောင်နဲ့ လူချင်းသိခဲ့တာကြာပါပြီ။ ဒါပေမဲ့ နိုင်ငံရေး အရ ဆက်ဆံမှုအလွန်နဲ့ပါတယ်။ အထူးသဖြင့် ဒီ ၃-လလို့ပဲ ပြောရပါမယ်။ ဒီ ၃-လထိတွေ့မှုနဲ့ပဲ သူဘာကောင်ဆိုတာ သိလောက်အောင် ဖြစ်ရတာဟာသူ့ရဲ့ ဖောက်ပြန်တဲ့လှုပ်ရှားမှုဟာ ဘယ်လောက် ကြီးမားပြောင်တင်းပြီး သွေးရူး သွေးတမ်းဖြစ်တယ်ဆိုတာ အလွယ်တကူမြင်နိုင်ပါတယ်။

ပါတီရဲ့အကြွင်းမဲ့ခေါင်းဆောင်မှုကို အာမခံစေတဲ့ ပါတီကော်မတီစနစ်ကို ရှုပ်ထွေးတယ်လို့ နားလည်တယ်။

အောက်ခြေကေဒါ တပ်မတော်သား လူငယ်တွေကိုနိုင် တန်းတူမထား ထိပ်ပုတ် ခေါင်းပုတ်နဲ့ မိမိခိုင်းဖတ် စေဖတ်ကလေးတွေလိုသဘောထားတယ်။

ငါက ပါတီစထောင်ကထဲကပါခဲ့သူ၊ ငါကတောက်လျှောက် ဗဟိုကော်မတီ ငါက ဗိုလ်ချုပ်ဟူ၍ အဆင့်အတန်းကိုသာ မြင်နေရှိသာမက အဟောင်းကိုသာ ခင်တွယ်နေပြီး သစ်လွင်တိုးတက်တော်လှန်တဲ့ အင်အားတွေကို ဖိနှိပ်ဖျက်ဆီး နေတာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အစရှိသည့်အပြင် အယူအဆများဟာ ရန်အောင်ရဲ့ အယူအဆများဖြစ်ပါတယ်။

ဒီရန်အောင်ရဲ့ပြန်လည်ပြင်ဆင်ရေး အယူအဆတွေဟာ သူ့ရဲ့ပြန်လည်ပြင်ဆင်ရေး အဘိဓမ္မာကိုဖော်ပြပါတယ်။

ဒါဟာခေနရှင်လူတန်းစားရဲ့ ကမ္ဘာ့အမြင်သွေးစုတ်သူလူတန်းစားရဲ့ လူတန်းစားအဘိဓမ္မာဖြစ်ပါတယ်။

ခုခေတ်ပြန်လည်ပြင်ဆင်ရေးသမားတို့ရဲ့ တော်လှန်ရေးဆန့်ကျင်ရေး အဘိဓမ္မာ ရန်အောင်ရဲ့ တော်လှန်ရေး ဆန့်ကျင်ရေး အဘိဓမ္မာဖြစ်ပါတယ်။

တောင်းဆိုချက်။

ဒီလို ရန်အောင်ရဲ့ ခွင့်မလွှတ်နိုင်တဲ့ တန်ပြန်တော်လှန်ရေး ပြစ်မှုများကြောင့်၊

ရန်အောင်ဟာ ကြီးမြတ်တဲ့ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ရန်သူ။

ရန်အောင်ဟာ ဗမာ့ပစ္စည်းမဲ့လူတန်းစားရဲ့ရန်သူ။

ရန်အောင်ဟာ ဗမာ့ပြည်သူတို့ရဲ့ရန်သူဖြစ်တယ်။

ရန်အောင်ဟာ ကမ္ဘာ့ပစ္စည်းမဲ့လူတန်းစားရဲ့ရန်သူ။

ရန်အောင်ဟာ ကမ္ဘာ့တော်လှန်တဲ့ပြည်သူများရဲ့ ရန်သူဖြစ်တယ်။

ရန်အောင်ဟာ ဗမာနဲ့ ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေးရဲ့ ရန်သူ ဖြစ်သဖြင့် ပါတီဟာ ဗိုလ်ရှီဗစ်ပါတီပီသစွာ တော်လှန်ရေးကို ထက်မြက်စွာ ဦးဆောင်နိုင်ရန်အတွက်....

စစ်အနိုင်တိုက်ပြီး အာဏာသိမ်းနိုင်ရန်အတွက်၊

ပြည်သူလူထုအား ကျွန်ဘဝကလွတ်မြောက်စေရန်အတွက်၊

ကွန်မြူနစ်အရေးတော်ပုံအတွက်၊

မာ့က်စ်လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်အောင်ပွဲ တခုပြီးတခု ရနိုင်ရေးအတွက်၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ဇေယျ၏စွဲချက်လက်ရေးမူ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြန်ပြင်ရေးသမား၊ ငွေး-ဘတင် ဂိုဏ်းသား၊ ခနရှင်လူတန်းစားသူလျို၊ တန်ပြန်တော်လှန်ရေးသမား ရန်အောင်ကို သေဒဏ်ပေးရန် သဘာပတိအဖွဲ့အား အလေးအနက် တင်ပြတောင်းဆိုလိုက်ပါတယ်။”

(ဗိုလ်ရန်အောင်အပေါ် ဗိုလ်ဇေယျ၏စွဲချက် လက်ရေးမူရင်းမှ)

× × ×

ဗိုလ်ရန်အောင်သည် ဗိုလ်ဇေယျ၏စွဲချက်နှင့် တောင်းဆိုချက်ကို အလေးအနက် စူးစူးစိုက်စိုက်ပင်နားထောင်နေ၏။ ဗိုလ်ရန်အောင်သည် ဗိုလ်ဇေယျအားကြည့်၍ အလွန်ပင် စိတ်မချမ်းမသာဖြစ်နေ၏။ ဗိုလ်ရန်အောင်၏ခံစားရချက်ကို ဗိုလ်ရန်အောင်၏မျက်လုံးအစုံမှသာသိရှိခွင့်ရရှိတော့၏။ ခန္ဓာကိုယ်မှာမူ လှုပ်ရှား၍မရချေ။ ခြေနှင့်လက်တို့၌ ကြိုးအထပ်ထပ်ဖြင့် တုပ်နှောင်ထား၍ ဖြစ်လေသည်။

ထို့နောက်တွင် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သော သခင်ဇင်ကလည်း ဗိုလ်ရန်အောင်အား ဤသို့ပင် စွဲချက်တင်၍သွားလေသည်။

(င) ရန်အောင်အပေါ် သခင်ဇင်၏စွဲချက်။

“စခန်းပါတီဝင်တယောက်အနေနဲ့သာ စွဲချက်တင်မှာဖြစ်တယ်။

“ရန်အောင်ကိုပါတီကထုတ်ပစ်လိုက်တယ်”ဆိုတဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ပါ ရန်အောင်အပေါ် စွဲဆိုထားမှုများကိုလဲ ကျွန်တော့်စွဲချက် အဲဖြစ်ပါ သဘောထားစေလိုပါတယ်။

အဲဒီနိုင်ငံရေး ဦးဆောင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်မှာဆိုရင် သမိုင်းနဲ့ချီပြီး၊ ရန်အောင်ကျူးလွန်ခဲ့တဲ့ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးပြစ်မှုကြီးတွေ စုံစုံလင်လင်ပါပါတယ်။

နောက်ပြီး ရဲဘော်ချစ် (သခင်ချစ်)ရဲ့ စွဲချက်မှာဆိုရင်လဲ ၆၄-လမ်းစဉ်ကို ဆန့်ကျင်တဲ့ရန်အောင်ရဲ့ ၅၅-နိုင်ငံရေး၊ စစ်ရေးလမ်းစဉ်ဆိုင်ရာ သဘောထားအမြင်များကို ကွင်းကွင်းကွက်ကွက်ဖော်ပြထားပြီးလဲဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဲဒါကိုလဲ ကျွန်တော်ထောက်ခံပါတယ်။

ဒါကြောင့် ကျနော့်အနေနဲ့ စွဲချက်တခုသာ တင်မှာဖြစ်တယ်။ အဲဒီစွဲချက်ကတော့....

ရန်အောင်ဟာ သူ့ရဲပြောဆိုပြုမူလှုပ်ရှားမှုများအရ၊

မျက်နှာနှစ်ဖက် လျှာနှစ်ခွ အပြင်ဖဲသုံးချပ်သမား။

ပါတီနဲ့ တော်လှန်ရေးကို ဖျက်ဆီးတဲ့ စိန်-ပိန်ဂိုဏ်းဝင်။

စိန်-ပိန်တို့ထက် ကောက်ကျစ်စဉ်းလဲတဲ့ ပြန်ပြင်ရေးသမား ဖြစ်တယ်ဆိုတာပဲဖြစ်တယ်။

စိန်-ပိန်တို့ထက်ပင် လိမ်ညာကောက်ကျစ်တဲ့ ပြန်ပြင်ရေးသမားဖြစ်ကြောင်း ထင်ရှားလှပါတယ်။

ရန်အောင်ဟာ အသိရေချိန်နိမ့်လို့ ရည်ရွယ်ချက်မဲ့လုပ်မိ မှားသူမဟုတ်ပါဘူး။

ကျနော်အပါအဝင် ရဲဘော် တော်တော် များများ က ထင် ကြ သ လို ဦး နှောက်မကောင်းသူ လူပေါကြီးလဲမဟုတ်ပါဘူး။

ရန်အောင်ဟာ....ရည်ရွယ်ချက်ရှိရှိ ခြေလှမ်းရှိရှိ ပါတီထဲမှာ မာ့က်စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ် သမားများကို ပါတီအာဏာ စစ် တပ် အာ ဏာ မှ ဖယ်ရှားပြီး....

၅၅-ပြန်ပြင်ရေးသမားများက ပါတီ စစ်တပ်အာဏာအားလုံး သိမ်းပိုက်ဖို့ အပတ်တကုတ် ကြိုးစားအားထုတ်လာခဲ့သူသာ ဖြစ်တယ်လို့ ကျနော်လုံးဝ ယုံကြည်ကြောင်း တင်ပြအပ်ပါတယ်။"

(ဗိုလ်ရန်အောင်အပေါ် သခင်ဇင်၏ စွဲချက်လက်ရေးမူရင်းမှ)

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ဇင်၏ လက်ရေးမူ

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်မှာ သခင်ဇင်၏ ဗိုလ်ရန်အောင်အပေါ် စွဲချက်ပင်ဖြစ်လေသည်။

နောက်ဆုံးတွင် သခင်သန်းထွန်းသည်။ "**ရန်အောင်ချေမှုန်းရေး တိုက်ပွဲ အမိကသမ်ဏ်းစာ**"ဟု ဆိုကာ ဗိုလ်ရန်အောင်အား ဤသို့ပင် စွဲချက်တင်၍ သွားလေသည်။

(စ) ရန်အောင်ချေမှုန်းရေး တိုက်ပွဲ၏ အမိကသမ်ဏ်းစာ။

"ရန်အောင်ဟာ ပစ္စည်းမဲ့လူတန်းစား ပါတီအတွင်းမှာ ခိုးဝင်နေတဲ့ ပုန်းလျှိုနေတဲ့ ဓနရှင်လူတန်းစား ကိုယ်စားလှယ်ဖြစ်ကြောင်း သမိုင်းက အထင်အရှားပြခဲ့ပြီ။ ရန်အောင်ရဲ့ သစ္စာဖောက်သမိုင်းကို အကျဉ်းချုပ်ပြီး နိုင်ငံရေးဦးဆောင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက် အခန်း ၃-မှာ ဖော်ပြထားတယ်။

ရန်အောင်ဟာ ပစ္စည်းမဲ့လူတန်းစား ပါတီထဲကို ခိုးဝင်လာတဲ့ ဓနရှင် လူတန်းစားရဲ့ ကိုယ်စားလှယ် ဖြစ်တယ်လို့ ပြောတာဟာ သိပ္ပံနည်း ကျအောင် မာ့က်စ်ဝါဒ ဝေါဟာရနဲ့ ပြောတာဖြစ်တယ်။

တကယ်ကတော့ ရန်အောင်ဟာ ဓနရှင်လူတန်းစား ကိုယ်စားလှယ် အဖြစ်နဲ့ တိတ်တိတ်ပုန်း ဝင်လာတာမဟုတ်ဘူး၊ အိမ်ရှေ့က ပြောင်ဝင် လာတာဖြစ်တယ်၊ ၄၈ - ခုနှစ်တုံးက နေဝင်းနဲ့ အောင်ကြီးတို့က ဦးနုရဲ့သဘော တူညီချက်နဲ့ ရန်အောင်ကို သာယာဝတီထောင်က ထုတ်ပြီး ပါတီနဲ့ တော်လှန်ရေး ဖျက်ဆီးဖို့ ပြောင်လွှတ်လိုက်တာ ဖြစ်တယ်။ ရန်အောင်လဲ ရန်ကုန်က ပျဉ်းမနားအထိ နေဝင်း အောင်ကြီးတို့ရဲ့ ကားစီးပြီး တောထဲကို ပြောင်ဝင်လာတာဖြစ်တယ်။

ရန်အောင်နဲ့ ရဲထွဋ်ဟာ တနေ့ကျ ငါ့ဆီကို ပြန်လာလိမ့်မယ်လို့ နေဝင်းက ၅၇-ခုနှစ်လောက်တုံးကပြောဘူးတယ်၊နေဝင်းမျှော်လင့်တာဟာ အဓိပ္ပာယ် မရှိတာမဟုတ်ဘူး။

၄၈-ခုနှစ်တုံးက နေဝင်းက လွှတ်လိုက်တဲ့ ရဲထွဋ်ဟာ ၆၃-ခုနှစ်မှာ နေဝင်းဆီပြန်သွားခဲ့တယ်။

ရန်အောင်ကတော့ ၆၇ - ခုနှစ် ကုန်ခါနီးအထိ ကျွန်တော်တို့ အထဲမှာ ရှိနေသေးတာပေါ့။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါပေမဲ့ ကျွန်တော်တို့ဟာ ရန်အောင်ကို နေဝင်းဆီ ပြန်ခွင့် မပေးနိုင်ဘူး။

ရန်အောင်ကို သုတ်သင်ရှင်းလင်းတာဟာ ဘာကိုပြသလဲ။

ဓနရှင် လူတန်းစားရဲ့ ကိုယ်စားလှယ်၊ ပြန်လည်ပြင်ဆင်ရေး သမား တကောင်တမြီးကိုမှ သူ့ဆရာ၊ သူ့သခင် ဓနရှင် လူတန်းစားဆီကို ပြန်ခွင့်မပေးဘူးဆိုတဲ့ ပစ္စည်းမဲ့ လူတန်းစားရဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်ကို ပြလိုက်တယ်။

ပစ္စည်းမဲ့ လူတန်းစားဟာ ရန်အောင်ရဲ့ ပြဿနာကို လက်ဦးမှုရှိရှိ ဖြေရှင်းလိုက်တာဖြစ်တယ်။

ရန်အောင် ပြဿနာဟာ သမိုင်းက မဖြေရှင်းနိုင်ခဲ့တဲ့ ပြဿနာဖြစ်တယ်။

၅၁-ခုနှစ်နောက်ပိုင်းမှာ တော်လှန်ရေး လက်နက်ကိုင်တပ်က တပ်မှူးတပ်သား တော်တော်များများဟာ ဗဟိုကော်မတီရဲ့ ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရလမ်းစဉ်ကို ဆန့်ကျင်ရာက တချို့က ဗဟိုကော်မတီကို အယုံအကြည် မရှိဖြစ်လာကြတယ်။

ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရလမ်းစဉ်ဟာ အချောင်သမားဝါဒလမ်းစဉ်ဖြစ်တယ်။ ဒါကြောင့် အဲဒီတုံးကတပ်မှူးတပ်သား တော်တော်များများရဲ့ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရ လမ်းစဉ်ဆန့်ကျင်မှုဟာ မှန်ကန်တယ် တရားတယ်။

ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရ လမ်းစဉ်ကို တက်တက်ကြွကြွ ထောက်ခံထားတဲ့ ရန်အောင်ဟာ ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ်ကိုဆန့်ကျင်တဲ့ ကေဒါတွေ တပ်မှူးတွေ တပ်သားတွေအကြားမှာ ဗဟိုကော်မတီ ဆန့်ကျင်ရေးတွေလျှောက်လုပ်တယ်။

ရန်အောင်ဟာ အချောင်သမားဝါဒလမ်းစဉ်ကို လက်ခံထားပြီး သူ့ရဲ့ကိုယ်ကြိုးအတွက် ဗဟိုကော်မတီ ဆန့်ကျင်ရေး လျှောက်လုပ်နေတာသာဖြစ်ဘယ်။ သူဟာငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ်လက်ခံထားတာကိုဖုံးကွယ်ထားပြီး၊ ဗဟိုကော်မတီရဲ့ အနိုမ်ခံထားရသူ ဟန်ဆောင်ပြီး အောက်ခြေရဲ့ ကြင်နာမှုရအောင် ကြိုးစားခဲ့တယ်။

အဲဒီတုံးကသူဟာ "ဒိမိုကရေစီ ချန်ပီယံကြီး" ဆိုတဲ့ ဂုဏ်ပုဒ်ကိုတောင် မြိန်ရေရှက်ရေခံယူခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၅၅-ခုနှစ်ကျတော့ ရန်အောင်ဟာ ဗဟိုကော်မတီအဖွဲ့ဝင်ပြန်ဖြစ်လာတယ်။ အဲဒီအခါကစပြီး ဗဟိုကော်မတီရဲ့ ဆုံးဖြတ်ချက်မှန်သမျှ မှော်ကစ်ဝါဒ လီနင်ဝါဒ ဖြစ်တယ်လို့ လုပ်လာတယ်။ ၅၅-လမ်းစဉ်ဟာ ဗမာပြည်ရဲ့ မော်ကစ်ဝါဒလီနင်ဝါဒလို့ ကြွေးကြော်လာတယ်။ ၅၅-လမ်းစဉ်ကိုဆန့်ကျင်တာမှန်သမျှ နှိပ်ကွပ်ရမယ်လို့ ကြွေးကြော်လာတယ်။ ဒီတခါကျတော့ သူဟာပြူရိုကရေစီရဲ့ ချန်ပီယံကြီးဖြစ်လာတော့တယ်။

သတင်းစာတွေမှာပါတဲ့ ဆေးကြော်ငြာထဲကလူလို ဆေးမစားမီနဲ့ ဆေးစားပြီးပုံဆိုတာလိုပဲ။ ရန်အောင် ဗဟိုကော်မတီကပြုတ်နေတုံးပုံနဲ့ ဗဟိုကော်မတီပြန်ဖြစ်ပြီးပုံကတော့ ပြောင်းပြန်ပဲ။

ရန်အောင်ဟာ ဘယ်လောက်မူမဲ့တယ်၊ ကိုယ်ကျိုး ကိုယ့်နေရာက သူ့အဖို့ အစစအရာရာဆုံးဖြတ်နေတယ်ဆိုတာ ထင်ရှားတယ်။

ရန်အောင်ကို အရူးလို့တချို့ကပြောကြပေမဲ့ ရန်အောင်ဟာ တကယ်မရူးပါဘူး။ ဒါပေမဲ့ ရူးကာ သုံးခုရှိတယ်။

တစ်က....အာဏာရူးတာ။

နှစ်က ....ပါတီကို အရူးအမူး တိုက်ခိုက်တာ။

သုံးက ....သမိုင်းလှည်းဘီးကို နောက်ပြန်လှည့်ဖို့၊ အရူးအမူးလုပ်တာလို့၊ ရဲဘော်ဗိုလ်ဇေယျက ပြောသွားတယ်။ ဒါဟာမှန်တယ်၊ ရန်အောင်ဒီအတိုင်းရူးတာပဲ။

ရန်အောင်ရဲ့အခြေခံရပ်တည်မှုဟာ။ ပါတီဆန့်ကျင်ရေး တော်လှန်ရေးဖျက်ဆီးရေးဖြစ်တယ်။

ရန်အောင်ဟာ အလံနီသခင်စိုးရဲ့ တပည့်အရင်းဖြစ်တယ် သူရဲ့အလံနီသခင်စိုးအတွေးအခေါ်ကိုဖုံးကွယ်ထားတယ်။

ရန်အောင်ဟာ ဥက္ကဋ္ဌ ဆန့်ကျင်ရေးတလျှောက်လုံး လုပ်ခဲ့တယ်။ ဒါဟာ လူပုဂ္ဂိုလ်ဆန့်ကျင်ရေးမဟုတ်ဘူး။ ဥက္ကဋ္ဌကိုယ်စားပြုတဲ့ နိုင်ငံရေးကိုဆန့်ကျင်နေတာဖြစ်တယ်။ပါတီဆန့်ကျင်ရေး တော်လှန်ရေးဖျက်ဆီးရေးကိုဘော်ပြတာဖြစ်တယ်။ သိန်းသန်းဝါဒအပြုတ်တိုက်ရေးလို့ သူကြွေးကျော်လာတာကိုက

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အလံနီနဲ့လုံးဝအတူတူဘဲဆိုတာ ထင်ရှားတယ်၊ ခင်ဗျားတို့ ကြောင်လက်သဲမ လုပ်နဲ့လို့ အစည်းအဝေးတခုမှာ ရန်အောင်ကပြောတယ်၊ အမှတ်မဲ့ဆိုရင် ဂရုစိုက်မိမှာမဟုတ်ဘူး။ ရန်အောင်က နိုင်ငံရေးအဓိပ္ပါယ်နဲ့ပြောတာဖြစ်တယ်။

ကြောင်လက်သဲဆိုတာ ဂျပန်တော်လှန်ရေးတုံးက၊ ကျွန်တော်သုံးတဲ့လျှို့ဝှက်နာမည်တခုဖြစ်တယ်။

ရန်အောင်ဟာ ဂျပန်တော်လှန်ရေးတုံးက ပါတီက ခေါင်းဆောင်ခဲ့တာကို ဆန့်ကျင်တဲ့အတွေးအခေါ်က ဒီစကားလုံးကို ပြောတာဖြစ်တယ်။

ရန်အောင်ဟာ ဥက္ကဋ္ဌဆန့်ကျင်ရေးကို အရင်းခံအားဖြင့် ရပ်တည်တဲ့အပြင် တလျှောက်လုံးလုပ်ခဲ့ပေမဲ့ အချို့အခြေအနေမှာ ဥက္ကဋ္ဌကိုးကွယ်ရေးမျက်နှာဖုံးကို ကောက်ကောက်ကျစ်ကျစ် စဉ်းစဉ်းလဲလဲတပ်တတ်တယ်။

၅၁-ခုနှစ်တုံးက ပါတီရဲ့အရှိန်ကြီးမားနေတုံးက ရန်အောင်က စစ်ရေးစာတမ်းတခုရေးပြီး၊ ပါတီကိုတင်ပြခဲ့တယ်၊ အဲဒီစာတမ်းထိပ်စီးမှာ ငါ၏ဘုရားသခင်၊ ငါ၏ဖခင်ကြီး၊ ငါ၏ခေါင်းဆောင်ကြီး၊ ငါ၏ဆရာကြီး ဥက္ကဋ္ဌကြီးသခင်သန်းထွန်းသို့''တဲ့။

နောက်တော့ သိမ်းသန်းဝါဒ အပြုတ်တိုက်ဖို့ လုပ်လာပြန်တယ်။

အခုနောက်ဆုံးသူ့ကိုပါတီကမိမိရရကိုင်လာတဲ့အခါကျတော့''ဥက္ကဋ္ဌသခင်သန်းထွန်းရဲ့အကြွင်းမဲ့အာဏာပိုင်မှုအတွက် အစွမ်းကုန်တိုက်ပွဲဝင်ကြ'' ဆိုတဲ့ခေါင်းစီးနဲ့ စာတမ်းတခုရေးပါတယ်။ ဒီကြွေးကြော်သံမျိုး ဒီကာလမှာထုတ်တာ ရန်အောင်ဟာ ပထမဦးဆုံးလူပဲ။ သူ့ကြွေးကြော်သံက ကျွန်တော်ရော၊ ပါတီပါချောက်ကျအောင်ချောက်တွန်းတာဖြစ်တယ်။

သူဟာ ဥက္ကဋ္ဌဆန့်ကျင်ရေးသမားမဟုတ်ဘူးဆိုတာကို လူတွေကမြင်လာအောင်ပြောင်လှည့်စားတာဖြစ်တယ်။

× × ×

ရန်အောင်ကိုသုတ်သင်ချေမှုန်းခြင်းရဲ့ နိုင်ငံရေးအဓိပ္ပါယ်

၁၉-နှစ်မြောက်တော်လှန်ရေးနေ့တုံးက အနှစ် နှစ်ဆယ်မြောက် တော်လှန်ရေးနေ့ကို သမိုင်းဝင်အောင်ပွဲတွေနဲ့ကြိုဆိုကြဖို့လို့ပြောခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁) ရဲဘော်မော်စီတုန်းဟာ ကမ္ဘာ့ပစ္စည်းမဲ့ ခေါင်းဆောင် ဖြစ်တယ်။ မော်စီတုန်းအတွေးအခေါ်ဟာ ဒီခေတ် မာ့က်စ်ဝါဒ လီနင်ဝါဒရဲ့ အထွဋ်အထိပ်ဖြစ်တယ်။ နယ်ချဲ့စနစ် လုံးဝပြိုကွဲပျက်စီးနေတဲ့ခေတ်၊ ဆိုရှယ်လစ်ဝါဒ ကွန်မြူနစ်ဝါဒ ကမ္ဘာနဲ့အဝှမ်း အောင်ပွဲခံတဲ့ ခေတ်ရဲ့မာ့က်စ်ဝါဒ လီနင်ဝါဒ ဖြစ်တယ်လို့ ဗဟိုကော်မတီ နိုင်ငံရေး ဦးဆောင်အဖွဲ့က ဆုံးဖြတ် ကျေညာလိုက်ခြင်းဟာ သမိုင်းဝင်အောင်ပွဲဖြစ်တယ်။

၅၅-ပြန်လည်ပြင်ဆင်ရေးဝါဒလမ်းစဉ်ကို အကြွင်းမဲ့ တိုက်ဖျက်လိုက်ခြင်းဟာ မာ့က်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ရဲ့ သမိုင်းဝင်အောင်ပွဲဖြစ်တယ်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အခြေခံလုပ်ငန်းစဉ်ဟာ ဗမာပြည်ရဲ့ မာ့က်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ဖြစ်တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ၂၇-နှစ်သမိုင်းရဲ့ သမိုင်းဝင်အောင်ပွဲဖြစ်တယ်။

စိန်-ပိန်ဂိုဏ်းကို ချေမှုန်းလိုက်ခြင်းဟာ သမိုင်းဝင်အောင်ပွဲဖြစ်တယ်။ ခနရှင်လူတန်းစားရဲ့ ဗဟိုဌာနချုပ်ကိုဖြိုခွင်းလိုက်ခြင်းဖြစ်တယ်။ တော်လှန်ရေးဖြစ်တယ်။

စိန်-ပိန်ဂိုဏ်းကို ချေမှုန်းတာရဲ့ ထူးခြားချက်ပြောင်ကျတဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒကိုရော၊ အလယ်ဗဟိုဝါဒအရေခြုံထားတဲ့ ကောက်ကျစ်စဉ်းလဲတဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒကိုရော၊ ဝါပြိုင်တည်းချေမှုန်းလိုက်ခြင်းဖြစ်တယ်။

ပြန်လည်ပြင်ဆင်ရေးဂိုဏ်းကို ချေမှုန်းရာမှာ ပါတီတာဝန်ခံနေရာက ဖြုတ်ရုံ ပါတီဝင်အဖြစ်က ထုတ်ရုံသာမက၊ ဗမာပြည်တော်လှန်စစ် အခြေအနေရဲ့ တောင်းဆိုချက်အရ သတ်ရမယ်ဆိုတဲ့ တရားကိုပါ ရရှိခဲ့တယ်။

ရန်အောင်ကိုချေမှုန်းတာဟာ ပိုမိုကောက်ကျစ်စဉ်းလဲတဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒကို ချေမှုန်းလိုက်ခြင်းဖြစ်တယ်။

စိန်- ပိန်တို့ လမ်းစဉ်က တော်လှန်စစ်ဖျက်ဆီးရေး၊ ရန်သူ့ထံ ကျွန်ခံရေး၊ ပြောင်ကျကျ လုပ်တဲ့လမ်းစဉ်ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်အောင်က ၅၅- ဆန့်ကျင်ရေးအလံကိုထူပြီး ၅၅-ကို ကာကွယ်တယ်၊ ၆၄- အလံကိုထူပြီး ၆၄- ကိုဆန့်ကျင်တယ်၊ ဒါကြောင့် ရန်အောင်ဟာ စိန်-ပိန် ထက်ပိုပြီး ကောက်ကျစ်စဉ်းလဲတယ်။

ရန်အောင်လမ်းစဉ်ဟာ ပစ္စည်းမဲ့ စစ်ရေးလမ်းစဉ် အရေခြုံထားတဲ့ ခံနရှင် စစ်ရေးလမ်းစဉ်ဖြစ်တယ်။

ရန်အောင်ဟာ လက်နက်ချ နည်းပရိယာယ်ကို ကျင့်သုံးပြီး ပါတီနဲ့တော်လှန်ရေးကို ပိုကောက်ကျစ်စွာတိုက်လာသူဖြစ်တယ်။

"ဥက္ကဋ္ဌရဲ့ အကြွင်းမဲ့ အာဏာပိုင်ရေးအတွက် အစွမ်းကုန် တိုက်ပွဲဝင်လော့" လို့ဟန်ဆောင်ကြွေးကြော်ပြီး ဥက္ကဋ္ဌဆန့်ကျင်ရေးကို ဖုံးကွယ်နေသူ၊ ဆက်လက်လုပ်နေသူဖြစ်တယ်။

ပိုမိုကောက်ကျစ်စဉ်းလဲတဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒသမား၊ ရန်အောင်ကို ချေမှုန်းလိုက်ခြင်းဟာ ပါတီရဲ့နောက်တခုသောအောင်ပွဲဖြစ်တယ်။

စိန်-ပိန်ဂိုဏ်းကို ချေမှုန်းတဲ့အခါမှာ တော်လှန်တဲ့လူထု (လူငယ်တွေ၊ အမျိုးသမီးတွေ)ဟာ အဓိက တွန်းအားအဖြစ် ပါခဲ့သလို ရန်အောင်ကို ချေမှုန်းတဲ့အခါမှာလဲ တော်လှန်တဲ့လူထုဟာ အဓိကတွန်းအားအဖြစ် ပါခဲ့တယ်။

အထူးသဖြင့် လက်နက်ကိုင် တော်လှန်ရေး ဒုတိယမျိုးဆက်ရဲ့ အခန်းကို အလေးအနက် ဂရုပြုရမယ်။

ရန်သူကကျွန်တော်တို့နဲ့ပတ်သက်ပြီး သုံးမျိုးဝါဒဖြန့်နေတယ်။

တစ်က ကွန်မြူနစ်ပါတီဟာ ပျက်စီးနေပြီတဲ့။

နှစ်က သခင်သန်းထွန်းဟာ တရုပ်ပြည်ပြန်တွေရဲ့ ကြိုးဆွဲတိုင်း ကနေရသူဖြစ်တယ်တဲ့။

သုံးက ဒီကနေ့ပါတီမှာ သတ်ချင်ဖြတ်ချင်တဲ့ မိုက်ရူးရဲ လူငယ်ကလေးတွေ တွင်ကျယ်နေတယ်တဲ့။

ဆန့်ကျင်ဖက်က ပြောတာဖြစ်ပေမဲ့ တကယ်ဖြစ်နေတာ ဖြစ်သင့်တာကို မြင်တယ်လို့ပဲပြောရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နံပါတ်တစ်အချက် ရန်သူကတော့ ကွန်မြူနစ်ပါတီဟာ သူ့တို့အကြိုက် လုပ်စေချင်တာပဲ၊ ၅၅-ပြန်လည်ပြင်ဆင်ရေးဝါဒနဲ့ တည်ဆောက်ထားတဲ့ပါတီဟာ ရန်သူ့အကြိုက် လုပ်နေတဲ့ပါတီပဲ၊ ၆၄-လမ်းစဉ်ချပြီးတဲ့နောက် ၅၅-နဲ့ တည်ဆောက်ထားတဲ့ပါတီဟာ ပျက်စီးသွားပြီ၊ မပျက်စီးသေးရင်လဲ ပျက်စီးအောင် ဖျက်ပစ်ရမှာပဲ၊ ကျွန်တော်တို့ တည်ဆောက်ရမှာက ၆၄- စစ်နိုင်ရေး အာဏာသိမ်းရေး လမ်းစဉ်အရ ကွန်မြူနစ်ပါတီဖြစ်တယ်။

နံပါတ်နှစ်ကတော့ တရုပ်ပြည်ပြန်ဆိုတာကတော့ လူတွေကိုပြောတာဖြစ်တယ်၊ တရားသဘောအရပြောရင် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို ပြောတာဖြစ်တယ်။

ဥက္ကဋ္ဌသခင်သန်းထွန်းဟာ မာ့က်စ်ဝါဒ-လီနင်ဝါဒ-မော်စီတုန်းအတွေး အခေါ်လမ်းညွှန်အတိုင်းလုပ်နေတယ်ဆိုတာ ပါတီအဖွဲ့ဗမာပြည်အဖွဲ့ ကမ္ဘာ့အဖွဲ့ကောင်းတဲ့ကိစ္စဖြစ်တယ်၊ ဒီအတိုင်းလဲဖြစ်ရမှာပဲ။

တတိယအချက်ကတော့ ဒီကနေ့လူငယ်တွေ အမျိုးသမီးတွေ တပ်မတော်သားတွေဆိုတဲ့ တော်လှန်တဲ့လူထုတွေဟာ တော်လှန်ရေးတိုးတက်မှုရဲ့ အဓိကတွန်းအားတွေဖြစ်တယ်စိန်-ပိန်ဂိုဏ်း ချေမှုန်းရေးမှာဖြစ်ဖြစ် ရန်အောင်ချေမှုန်းရေးမှာဖြစ်ဖြစ် လက်တွေ့ပြခဲ့ပြီ။

သတ်ချင် ဖြတ်ချင်တယ်လို့ရန်သူကဆိုတော့ ပြန်လည်ပြင်ဆင်ရေးသမားတွေကို သတ်ချင် ဖြတ်ချင်တယ်ဆိုတာဟာ အင်မတန်အားရစရာကောင်းတဲ့ကိစ္စဖြစ်တယ်။

ကျွန်တော်တို့အနေနဲ့တော့ တော်လှန်တဲ့လူထုရဲ့အားကိုကြီး ထွားသည်ထက် ကြီးထွားအောင်လုပ်သွားရမှာဖြစ်တယ်။

ရန်အောင်ချေမှုန်းရေး တိုက်ပွဲ့ရဲ့ အဓိကသင်ခန်းစာဟာ ဒါပဲဖြစ်တယ်။”

(“ရန်အောင်ချေမှုန်းရေးတိုက်ပွဲ အဓိကသင့်ခန်းစာ”
ဗဟိုကော်မတီ ဥက္ကဋ္ဌ သခင်သန်းထွန်းမိန့်ခွန်းမှုရင်းမှ)

× × ×

ဤသည်မှာ....ဗိုလ်ရန်အောင်နှင့် ပတ်သက်သည့် သခင်သန်းထွန်း၏ စွဲချက်များပင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ဆ) ဗိုလ်ရန်အောင်အပေါ် ရဲဘော်စောမင်း၏ စွဲချက်

ထို့နောက်တွင် ဗိုလ်ရန်အောင်အား နောက်ဆုံးစွဲချက်တင်သူမှာ ဗိုလ်ရန်အောင်၏သားလတ် ဇေလတ်(ခေါ်)ရဲဘော်စောမင်းဖြစ်သည်။

ဗိုလ်ရန်အောင်သည် သားသမီး(၆)ဦးအနက်မှ အကြီးဆုံးသောသား(၃)ဦးတွင် သားလတ်ဖြစ်သော ဇေလတ်အား အလွန်ပင်ချစ်ခင်၏။ ဇေလတ်၏အမည်မှာ"မျိုးရန်အောင်"ဖြစ်လေသည်။

ဇေလတ်သည် ပဲခူးရိုးမတိုင်းတပ်တွင် ပီးကင်းပြန်များဖြစ်သော ဗိုလ်ထွန်းငြိမ်းနှင့် ရဲဘော်အောင်ငြိမ်း (ရဲဘော်အောင်သိန်း)တို့၏ အထူးလေ့ကျင့်ပညာပေးမှုကြောင့် မိမိ၏ဖခင်ဖြစ်သော ဗိုလ်ရန်အောင်အား ရန်သူအဖြစ်ကျေညာခဲ့သည်မှာ ကြာပြီဖြစ်သည်။

ယခုမူ ဇေလတ်(ခေါ်)ရဲဘော် စောမင်းသည် မိမိ၏ဖခင် ဗိုလ်ရန်အောင်အား စာဖြင့်ရေး၍ နောက်ဆုံးစွဲချက်ကို တင်လိုက်လေသည်။

× × ×

"ဦးပိုင်။

ခင်ဗျားဆီကိုကျုပ်စာမရေးဘူးလို့ဆုံးဖြတ်ထားပေမဲ့ အခုရေးလိုက်ဦးမယ်။ ကျုပ်ခင်ဗျားနဲ့ခွဲကတည်းက ကျုပ်ရဲ့အတွေ့အကြုံတွေ အတွေးအခေါ်ဖြတ်သန်းမှုတွေမပြတ်ရေးပြီး အစီရင်ခံခဲ့တယ်။ ကျုပ်ကခင်ဗျားကို ဖအေလိုရော ခေါင်းဆောင်တယောက်လိုရော သဘောထားပီးရေးခဲ့တယ်။ ဒါပေမဲ့ခင်ဗျားကပြန်ရေးတော့ တကြောင်းနှစ်ကြောင်းပဲ။ အိမ်မာကြောင်း သာကြောင်းပဲ။ ကျုပ်က ခင်ဗျားမအားလို့ရယ်လို့ ထင်ခဲ့တယ်။ တကယ်ကတော့ ခင်ဗျားဟာ ပြန်ပြင်ရေးခေါင်းမာဂိုဏ်းသားဖြစ်လို့ဆိုတာ ကျုပ်ဒီဖက် ရောက်မှသိတယ်။

ခင်ဗျားဟာနောက်ပိုင်း အိမ်ထောင်ပေါ်ရော ကျုပ်အပေါ်ရော သဘောထားဟာ အလွန်ဖောက်ပြန်တယ်။ ကျုပ်ကိုတကယ်က ခင်ဗျားဟာကွန်မြူနစ်မျိုးဆက်ဖြစ်ဖို့ အမွေပေးဖို့တာဝန်ရှိတယ်။ ဒါပေမဲ့ခင်ဗျားဟာ မပေးလိုဘူး။ အိမ်ထောင်ဆိုလဲ ခေါ်ဖို့ သဘောထား မရှိဘူး၊ အဆက်ရလို့ သတင်းပေးတဲ့လူတောင် ခင်ဗျားကရန်လိုဒေါ်ပွ ဖြစ်သေးတယ်။ ခင်ဗျားဟာ ကျုပ်အပေါ်မှာလဲပြတ်တယ်၊ ပါတီအပေါ်မှာလဲ ပြတ်တယ်၊ နေဝင်းဆီ လက်နက်ချပြီး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခင်ဗျားမိန်မ လက်နက်ချနဲ့အတူပျော်ဖို့ ဆုံးဖြတ်ချက်ရှိတဲ့လူဆိုတာ ခင်ဗျား အတွေးအခေါ် လုပ်ရပ်တွေကြည့်ရင် တွေ့နိုင်တယ်။ ကျုပ်တော့ ခင်ဗျားအား ကိုးပီးနောက်ပိုင်းနဲ့ ပတ်သက်လို့ စိတ်ချနေတယ်။ ခင်ဗျားက ကျုပ်ကိုတောင် လှည့်ပတ်ထားသေးတယ်။ ခင်ဗျားဟာ တော်လှန်ရေး စကတည်းက တော်လှန် ရေးကို ဖျက်ဆီးဖို့၊ ပါတီကိုဖျက်ဆီးဖို့ တော်လှန်ရေးရဲ့ ဥသျှောင်ဖြစ်တဲ့ဉက္ကဋ္ဌ ကိုဖြုတ်ချဖို့ တောက်လျှောက် လုံးပန်းခဲ့တယ်။ စိန်-ပိန်ရဲ့ ခေါင်းမာဂိုဏ်း သားဖြစ်တယ်။ ပြန်ပြင်ရေးထိပ်သီးဖြစ်တယ်။ ၅၅-ကို ဆန့်ကျင်တယ်ဆိုပြီး ၆၄-အရေခြုံထားတဲ့ အလွန်ကောက်ကျစ်စဉ်းလဲတဲ့ ပြန်ပြင်ရေး သမားဖြစ် တယ်။

ခင်ဗျားဟာ ကျုပ်အပေါ်မှာလဲပြတ်တယ်။ ပါတီနဲ့ တော်လှန်ရေး အ ပေါ်မှာလဲပြတ်တယ်။ ကျုပ်ကလဲ ခင်ဗျားရော၊ ခင်ဗျားဆရာတွေအပေါ်မှာ ရောပြတ်တယ်။ လူတန်းစားတိုက်ပွဲမှာ ဆွေမျိုးမရှိဘူး။ ဖအေဖြစ်ဖြစ်၊ သား ဖြစ်ဖြစ် ချရမှာပဲ။ ခင်ဗျားဟာကျုပ်ကိုမွေးပေးလိုက်ပေမဲ့ ကျုပ်ဘဝကိုဖန်တီး တာ လူထုပဲ၊ ပါတီပဲ။ ကျုပ်ရဲ့အနာဂါတ်ဟာ ပါတီနဲ့ပြည်သူက ဖန်တီးပေး မှာပဲ။ ခင်ဗျားမဖန်တီးနိုင်ဘူး၊ ပါတီနဲ့ပြည်သူဟာ ကျုပ်အဖေနဲ့အမေပဲ။ ပါတီနဲ့ပြည်သူ ဆန့်ကျင်တဲ့လူဆိုရင် ကျုပ်အနေနဲ့ ဖအေဖြစ်ဖြစ်၊ သားဖြစ်ဖြစ်၊ ညီအစ်ကိုဖြစ်ဖြစ်၊ ပြတ်ပြတ်ချမှာပဲ။ အခု ခင်ဗျားပြန်ပြင်ရေးထိပ်သီးဆိုတာ သိတော့ ကျုပ်ကိုယ်တိုင်လာနိုင်ရင် လာတောင်သတ်ချင်တယ်။

သာမောင်ကို ကျုပ်အရင် ကမ္ဘာမကြေရန်သူလို သဘောထားတယ်။ အခု သာမောင်ဟာ စိန်-ပိန်ဂိုဏ်းကိုဆန့်ကျင်သူ ပြန်ပြင်ရေးကို ပြတ်ပြတ်သားသား တိုက်တဲ့လူ၊ မာ့က်စ်လီနင်၊ မော်စီတုန်းအတွေးအခေါ်သမား ဖြစ်တဲ့အတွက် ကျုပ်ရာသက်ပန်ပေါင်းရမဲ့မိတ်ဆွေလို့ဆုံးဖြတ်လိုက်ပီ။

ဒီစာဟာ ခင်ဗျားအတွက် ကျုပ်ရဲ့နောက်ဆုံးစာပဲ။

ခင်ဗျားရဲ့ရန်သူ

ရဲဘော်စောမင်း

(''ရန်အောင်အပေါ် ရဲဘော်စောမင်း၏ဒွဲချက်''မှုရင်းမှ)။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ရန်အောင်၏မိသားစု

ဗိုလ်ရန်အောင်နှင့် ချစ်ဇနီး ဒေါ်လှိုင်လှိုင်တို့၏ မိသားစုဖြစ်ပါသည်။ လက်ဝဲ အစွန်ဆုံးမှ ရပ်နေသူမှာ ဇေလတ်(ခ)စောမင်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) ဗိုလ်ရန်အောင်၏ နောက်ဆုံးနေ့။

ပဲခူးရိုးမ၏ ဆောင်းသည် အေးလွန်း၏၊ ချမ်းလွန်း၏၊ ခိုက်ခိုက်ပင် တုန်၍နေလေသည်။

ဗိုလ်ရန်အောင်၏ ကိုယ်ပေါ်တွင် လွှာချင်းစောင်ပါးလေး တထည်သာ ရှိ၏။ အင်္ကျီ လုံချည်တို့မှာမူ စုတ်ပြဲ၍နေလေသည်။

ထို့ကြောင့် ဗိုလ်ရန်အောင်သည် ပဲခူးရိုးမဆောင်း၏ အအေး အချမ်းဒဏ်ကို အလူးအလိမ့် ခံစားနေရရှာတော့၏၊ မည်သူမျှပင် ကြည့်ရှုခြင်း မရှိကြချေ။ ဗိုလ်ရန်အောင်အား စွဲချက်တင်ခါနီးမှသာ ဝါးရုံကိုကျောကပ်ပြီး ကြိုးဖြင့်တုပ်နှောင်၍ ထိုင်စေတော့သည်။

ထိုအချိန်တွင် ဗိုလ်ရန်အောင်အားစောင့်ကြပ်နေကြသည့် တော်လှန်သော တပ်နီ လူငယ်လေးများကလည်း အမျိုးမျိုး ကြိမ်းမောင်း ဆဲဆိုနေကြ၏။ ဗိုလ်ရန်အောင်အား တံတွေးများနှင့်ပင် ထွေး၍နေကြလေသည်။

''ဒီသစ္စာဖောက် သူလျှိုမသာကောင်ကြီး မြန်မြန်သေတာ ကောင်းတယ်။ သူ့ရုပ်ကြီးကိုက ကျက်သရေမရှိဘူး၊ မသေခင်က ပုတ်စော်နံနေတဲ့ ဟာကြီး'' ဟူ၍ ပြောဆိုနေကြသည်။

ဗိုလ်ရန်အောင်သည် ထမင်းမစားနိုင်ခဲ့သည်မှာ တပတ်ခန့်ပင်ရှိခဲ့ပြီဖြစ်၏။ ရေကိုပင် တောင်း၍သောက်ရမှန်း မသိတော့ချေ။

ညအချိန်တွင်လည်း ဗိုလ်ရန်အောင်သည် အဖျားသွေးကြောင့် ကယောင်ကတန်းအော်သည်။

''သတ်ရင်လဲ မြန်မြန်သတ်ကြပါ၊ ရေပေးပါ၊ ငါတော့သေပါပြီ'' စသည်ဖြင့်လည်း အော်ဟစ်၍နေရှာလေသည်။

ထိုအခါတွင် တော်လှန်သော တပ်နီလူငယ်ကလေးများက ''ဟေ့ ကောင်ကြီး ဘာအော်နေတာလဲ၊ တိတ်၊ ထပ်အော်ရင် သေနတ်နဲ့ ပစ်လိုက်မယ်၊ ခွေးကောင်ကြီး'' ဟု အော်၍ ကြိမ်းဝါးလိုက်သဖြင့် ဗိုလ်ရန်အောင်၏ အသံသည် ငြိမ်၍သွားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ရန်အောင်၏ ငှက်ဖျားသည်တနေ့တခြားပင် ပို၍ပို၍သာဆိုးဝါးလာတော့၏၊ ကျင်ကြီး ကျင်ငယ်စွန့်သည်ကိုပင် မသိတော့ချေ။

ဗိုလ်ရန်အောင်၏ ခန္ဓာကိုယ် တခုလုံးတွင်လည်း ကျင်ကြီး ကျင်ငယ်များဖြင့်သာ ပေကျံနေလေတော့သည်။

၁၉၆၇-ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ဖြစ်လေသည်။

ဗိုလ်ရန်အောင်၏ ဦးခေါင်းသည် ဝါးရုံပင်ရင်းတွင် စိုက်၍ကျနေတော့၏။ ထိုအခါတွင် ဗဟိုကင်းတပ် တပ်မှူးဗိုလ်သိန်းထွန်း (ခေါ်) ဗိုလ်တင်မောင်သည် ဗိုလ်ရန်အောင်အား လာရောက် အကဲခတ်ပြီးနောက် ချက်ခြင်းပင် ရဲဘော်ထွန်းမောင် (ခေါ်) ဦးလှ (ဒေါက်တာနတ်)အား ဗိုလ်ရန်အောင်၏ အသက် (၁၂) နာရီအတွင်း ထွက်မသွားစေရန်အတွက် လိုအပ်သည့် ဆေးဝါးကုသခြင်းများကို ပြုလုပ်စေရန်လည်း ညွှန်ကြားလိုက်လေသည်။

ထို့နောက်တွင် ဗိုလ်တင်မောင်(ခေါ်)ဗိုလ်သိန်းထွန်းသည် "ရန်အောင်ချေမှုန်းရေးစွဲချက်တင် လူထုတိုက်ပွဲ ဦးစီးကော်မတီ"၏ ကိုယ်စား အဖြစ်ဖြင့် "ရန်အောင်ချေမှုန်းရေး စွဲချက်တင်လူထုတိုက်ပွဲ သဘာပတိအဖွဲ့"သို့ ဤသို့ပင် အရေးတကြီး တင်ပြလိုက်လေတော့သည်။

× × ×

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုကော်မတီ
စိန်-ပိန် ဂိုဏ်းဝင် ရန်အောင်အား
စွဲချက်တင်မည့် လူထုတိုက်ပွဲ အစီအစဉ်ကို ပြုပြင်ခြင်း
ခုံသဘာပတိအဖွဲ့သို့ တိုက်ပွဲဦးစီးကော်မတီ ၏တင်ပြချက်

ခုံသဘာပတိအဖွဲ့ သဘာပတိ ခင်ဗျား။

ရန်အောင်ဟာ နိုဝင်ဘာလ(၂၆)ရက်နေ့မှာ နိုင်ငံရေး ဦးဆောင်အဖွဲ့က သူ့ကို လက်နက်ချခိုင်းစဉ်က "သေကြောင်းကြံခြင်း" ဖြင့် ပါတီကို အံတုခဲ့ပါတယ်၊ တဖန် ဒီဇင်ဘာလ(၁၅)ရက်နေ့မှာ နိုင်ငံရေးဦးဆောင်အဖွဲ့က သူ့အား ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ပြန်လည်ပြင်ဆင်ရေး ပြစ်မှုများ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အရ ပါတီကထုတ်ပစ်ပြီး တော်လှန်တဲ့တရားဥပဒေအရ ဆက်လက်အရေးယူဖို့ ဆုံးဖြတ်စဉ်ကလဲ ကြိုးနှင့်တုပ်ထားတာတောင် ဟန်အမူအရာနဲ့ မထေမဲ့မြင်ပြုကာ ခုခံခဲ့ပါသေးတယ်။

ထိုမျှမက စွဲချက်တင် လူထုတိုက်ပွဲဆင်ရန် ပြင်ဆင်လာရင်ပဲ ရန်အောင်ဟာ အဲဒီအချိန်ကစပြီး ကနေ့အထိဖြစ်နိုင်တဲ့နည်းများနဲ့ ပါတီကိုအံတုခဲ့ပါတယ်၊ ဥပမာ ပထမအစာငတ်ခံခြင်း၊ နောက်သေကြောင်းကြံဖို့မုတ်ဆိတ်ရိတ်လိုသည်ဆိုပြီး ဘလိပ်တောင်းခြင်း၊ နောက်ဆုံးအအေးမိပြီး အဖျားရောဂါနဲ့ သေစေဖို့ ဆောင်းတွင်းဖြစ်ရက်နဲ့ စောင်မခြုံ အင်္ကျီလှပ်ကာ လုံချည်ပင်မဝတ်ပဲ နေခြင်း စတာတွေပဲဖြစ်ပါတယ်။

အခုအခါ ရန်အောင်ဟာ နမိုးနီးယားရောဂါ ရနေရုံမက ရောဂါမှာလဲ ကျွမ်းနေပြီဖြစ်ပါတယ်။ လိုအပ်တဲ့ဆေးများနဲ့ ကုစားထားလို့သာ အသက်ရှင်နေသေးတာဖြစ်ပါတယ်။ ဒါကြောင့်စွဲချက်တင်တိုက်ပွဲကို မူလအစီအစဉ်အတိုင်း ဆင်နွှဲသွားဖို့မဖြစ်တော့ဟုထင်ပါတယ်။

မူလအစီအစဉ်အရဆိုရင် စွဲချက်တင်တာပင် ၂-ရက်မျှကြာပါဦးမယ်။ စီရင်ချက်ချဖို့ဆိုရင် ထို့ထက်မကကြာပါဦးမယ်။ အခုဆိုရင် စစ်ဆေးရေးကော်မတီနဲ့ အရေးကြီးတဲ့ စွဲချက်တင်မဲ့လူတချို့အပါအဝင် ရဲဘော် ၇-ဦးစွဲချက်တင်ပြီးသွားပါပြီ။ တင်ပြီးစွဲချက်များနဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ပါစွဲချက်များနဲ့ပင် စီရင်ချက်ချနိုင်တဲ့ အခြေအနေရှိနေပြီလို့ တိုက်ပွဲဦးစီးကော်မတီကယူဆပါတယ်။

ဒါကြောင့် သဘာပတိအဖွဲ့က အခုပင် စီရင်ချက်ချမှတ်ပါရန် တိုက်ပွဲဦးစီးကော်မတီကိုယ်စား တင်ပြအပ်ပါတယ်။ စီရင်ချက်ချပြီးသည့်တိုင် မူလအစီအစဉ်ပါ ကျန်ရှိတဲ့စွဲချက်တင်မဲ့ ရဲဘော်များကိုတော့ ဆက်လက်စွဲချက်တင်တိုက်ပွဲဆင်သွားစေမှာဖြစ်ပါတယ်။

(ပုံ) ခိုလ်တင်မောင်
တိုက်ပွဲဦးစီးကော်မတီကိုယ်စား
၁၉၆၇-ဒီဇင်ဘာလ ၂၆-ရက်။

× × ×

ဗိုလ်ရန်အောင်အား ချက်ခြင်းသေဒဏ်ပေးရန်အတွက် တိုက်ပွဲဦးစီးကော်မတီ၏ တောင်းဆိုချက်။

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အချိန်မှာ ညနေ (၅)နာရီတွင်ဖြစ်သည်။

ပဲခူးရိုးမသည် မှောင်ရီရှိနေလေတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် အထူးပင်လှုပ်ရှား၍ နေ၏။ ဟိုမှဤမှလူးလားနေကြ၏။ ခေါက်တုန့်ခေါက်ပြန်ဖြစ်နေကြသည်။

အချို့မှာ ထမင်းစားနေဆဲ၊ ထမင်းပုဂံများကို တဝက်တပျက်ဖြင့်ထားခဲ့ကြရ၏။ အချို့မှာမူ မီးလှုံရန်အတွက် ပျဉ်းကတိုးတုံးများကို ထမ်းနေရာမှ ထင်းတုံးများကို မီးပုံနေရာသို့ပင် ယူနိုင်ခြင်းမရှိကြချေ။

ယင်းသို့ဖြစ်နေသည်မှာ ဗဟိုစခန်းပါတီကော်မတီအတွင်းရေးမှူး ရဲဘော်ညိုအောင်(ရဲဘော်ဥာဏ်ကျော်)နှင့်တော်လှန်သောရုံးအုပ် ရဲဘော်ညို(ပီကင်းပြန်)တို့မှ အရေးပေါ် လူထုအစည်းအဝေးကို ရုတ်တရက် ခေါ်ယူလိုက်ခြင်းကြောင့်ဖြစ်လေသည်။

ဤလူထုအစည်းအဝေးကိုလည်း အသက်ငင်နေသော ဗိုလ်ရန်အောင်အား ကြိုးဖြင့် အထပ်ထပ် တုပ်နှောင်ထားသည့် ဝါးရုံပင်အနီးတွင်ပင် ကျင်းပခြင်းဖြစ်သည်။

ရဲဘော်ညိုသည် လူထုအစည်းအဝေးကို ဖွင့်လျှင်ဖွင့်ခြင်းပင် ဤသို့ပဏာမမိန့်ခွန်းကိုပြောကြားလေသည်။

"ခု ရန်အောင်ရဲ့ ရောဂါအခြေအနေဟာ သိပ်ဆိုးနေပြီဖြစ်တယ်။ အခု ရန်အောင်ကို ရဲဘော်တို့မြင်တဲ့အတိုင်းပဲ ကျွန်တော်တို့ အနေနဲ့ ရန်အောင်စွဲချက်တင်တိုက်ပွဲကို နောက်မှပြီးဆုံးအောင် ဆက်လုပ်ကြရမှာဖြစ်တယ်။ အခုတော့ ရန်အောင်ဟာ နမိုးနီးယား ရောဂါကြောင့် အသက်ထွက်ခါနီးဖြစ်နေပြီ။

ဒါကြောင့်မို့ ကျွန်တော်တို့ ပစ္စည်းမဲ့တော်လှန်ရေး သမားတွေဟာ ရန်အောင်လိုသစ္စာဖောက် လောက်ကောင်တကောင်ဟာ သူ့အလိုလို သေသွားတာမျိုးကို ဘယ်လိုနည်းနဲ့မှမဖြစ်သင့်ဘူး။ ကျွန်တော်တို့ဟာ ခွင့်လဲမပြုရဘူး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ရန်အောင်နှင့်ချစ်သမီးများ

ဗိုလ်ရန်အောင်နှင့် ချစ်သမီးများဖြစ်သော အေးကြာငြိမ်း (ခ) အေးအေးနှင့် ဝင်းမွန်တို့ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ရန်အောင်၏လည်မျိုကို ခြေဖြင့်နင်း၍သတ်သူ

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစခန်းမှ တပ်နီအမျိုးသမီးဖြစ်သော တောင်ငူခရိုင်မှ အမြင့်(ခ)မစန်းဝင်း ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့် သစ္စာဖောက် ရန်အောင်ကိုအချိန်မှီသတ်ပစ်ကြရမယ်.... ရဲဘော်တို့"

ထိုအခါတွင် တော်လှန်သော တပ်နီလူငယ်လေးများနှင့် တော်လှန်သော အမျိုးသမီးလေးများသည် ဤသို့ကြွေးကြော်နေကြလေသည်။

"သစ္စာဖောက် ရန်အောင်ကြီးကို သတ်မယ်-သတ်မယ်-အခုသတ်မယ်"ဟူ၍ ဖြစ်သည်။

ယင်းသို့တော်လှန်သော တပ်နီလူငယ်များ၏ ကြွေးကြော်သံများအကြား တွင် "ရန်အောင်ချေမှုန်းရေးတိုက်ပွဲ" သဘာပတိ သခင်ဇင်က ဗိုလ်ရန်အောင် နှင့်ပတ်သက်သော စီရင်ချက်ကို ဤသို့ပင်ဖတ်ကြားလိုက်လေသည်။

"စိန်-ပိန် ဂိုဏ်းဝင်ပြန်လည်ပြင်ဆင်ရေးသမား၊

တန်ပြန်တော်လှန်ရေးသမား၊

နေဝင်းရဲ့ သူလျှိုသစ္စာဖောက်၊

အာဏာရှူး၊ တဏှာရူး၊

ဦးပိုင် (ခေါ်) ရန်အောင်အား သဘာပတိအဖွဲ့က သေဒဏ်ပေးလိုက်တယ်။"

တော်လှန်သော တပ်နီလူငယ်လေးများသည် သတိလစ်၍ အသက်ငင်နေသော ဗိုလ်ရန်အောင်အနားသို့ကပ်၍ ကြွေးကြော်နေကြသည်။

"သစ္စာဖောက်ရန်အောင်ကို သတ်ပစ်-သတ်ပစ်"

"တဏှာရူး ရန်အောင်ကို သတ်ပစ်-သတ်ပစ်"

"ပြန်ပြင်ရေးသမား ရန်အောင်ကို သတ်ပစ်-သတ်ပစ်"

စသည်တို့ဖြစ်လေသည်။

× × ×

ဗိုလ်ရန်အောင်သည် သဘာပတိ သခင်ဇင်၏ စီရင်ချက်ကိုလည်းကောင်း၊ တော်လှန်သောတပ်နီလူငယ်လေးများ၏ ကြွေးကြော်သံများကိုလည်းကောင်း၊ ကြားနိုင်လိမ့်မည်မထင်ချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ရန်အောင်သည် လူရုပ်ပင်မပီတော့သည့် ပါးရဲ့ကြီးဖြင့် မျက်ဖြူကြီးများ လန်၍နေလေတော့သည်။

ထိုအချိန်တွင် ပဲခူးရိုးမတိုင်း ကော်မတီ ရဲဘော်သက်နှင့် တော်လှန်သော တပ်နီလူငယ်လေးများဖြစ်သည့် ရဲဘော်ခင်ကျော်(မောင်မြိုင်)၊ ရဲဘော်သိန်းဟန်၊ မော်စီကို(မောင်ကျော်သန်း)၊ ရဲဘော်မြင့်အောင်(မောင်ထွားရှိန်) နှင့် ခင်လေးမြင့်(မဝင်းမြင့်)၊ အမြင့်(မစန်းဝင်း)၊ မခင်ပု (မလှကြည်) တို့သည် သတိလစ်၍အသက်ငင်နေသော ဗိုလ်ရန်အောင်အား သူ၏ပလပ်စတစ်အိပ်ယာခင်းဖြင့် ရစ်ပတ်တုပ်နှောင်ကြပြီး စခန်းအပြင်ဖက်သို့ ထုတ်၍ သွားကြလေသည်။

ထို့နောက် ဗဟိုစခန်း၏မြောက်ဖက်အစွန်တွင်ရှိသော တောင်ကျောပေါ်သို့ ရောက်သောအခါ၌ဗိုလ်ရန်အောင်အားပစ်ချလိုက်ပြီးနောက် ဗိုလ်ရန်အောင်၏ မျက်နှာပေါ်သို့ တော်လှန်သော တပ်နီလူငယ်များနှင့် အမျိုးသမီးလေးများသည် တံတွေးများဖြင့် ဝိုင်း၍ထွေးကြ၏၊ တံတွေးများဖြင့် စို့ရွှဲ၍သာနေတော့သည်။

ထို့ပြင် ဗိုလ်ရန်အောင်၏လည်မျိုကို တော်လှန်သော တပ်နီလူငယ် အမျိုးသမီးလေး မမြင့်(မစန်းဝင်း)ကလည်း ခြေထောက်ဖြင့်စုံနင်းလျက် ခုန်၍ခုန်၍ နင်းသတ်နေတော့သည်။

ထိုအချိန်တွင် ဝါးရင်းတုတ်များကိုအသင့်ကိုင်ဆောင်ထားကြသော တပ်နီလူငယ်လေးများ ကလည်း **"ရန်အောင်ကို သတ်ပစ်-သတ်ပစ်"** ဟူသော ကြွေးကြော်သံများကို အော်ဟစ်လျက် ဝိုင်း၍ရိုက်နှက်ကြတော့သည်။

ဗိုလ်ရန်အောင်သည် တပ်နီလူငယ်လေးများ၏ တုတ်ချက်များ အောက်တွင် မရှုမလှ မချိမဆန့်ပင် အသက်ထွက်၍ သွားလေတော့သည်။

× × ×

NYI SAY
MYANMAR EBOOK CREATOR

အလုပ်သမား + လယ်သမား

လူမျိုးစုများသွေးစည်းရေး

မြရာပင်စာပေ